WWW.DHAMMARANSI.COM



လယ်တီပဏ္ဍိတ

# ဆရာဦးမောင်ကြီး

စာပေါင်းချုပ်

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

(ပထမတွဲ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့

၁၉၉၆

*COLLECTED WORKS*

*OF*

# *LEDI PANDITA U MAUNG GYI*

VOL-1

Published By

Myanmar Writers and Journalists

Association

Yangon, Myanmar

1996.

WWW.DHAMMARANSI.COM

**စာမူခွင့်ပြုချက်အမှတ်** ၅၉၆/၉၄(၁၀)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၄၁/၉၆(၁)

**အဖုံးပန်းချီ**
စံတိုး

**အုပ်ရေ**
၂၀၀၀

**ထုတ်ဝေသည့်ကာလ**
၁၉၉၆-ခု၊ မေလ (ပထမအကြိမ်)

**တန်ဖိုး**
[redacted]-ကျပ်

**ထုတ်ဝေသူ**
ဦးမျိုးသန့်(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
ယာယီထုတ်ဝေခွင့်အမှတ် (၃၇၅၂)
၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဒေါ်တင်တင်ဌေး (၀၅၂၄၀)
သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

**ဖြန့်ချိရေး**
ဝါမိုးအောင်စာပေ
အမှတ်-၅၀၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

# လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေါင်းချုပ်

## ပထမတွဲ

**မာတိကာ**


စာမျက်နှာ

* မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အမှာစာ — မောင်ဆုရှင်(ဥက္ကဋ္ဌ)
* အမှာစကား — ပါရဂူ
* ဥယျောဇဉ် — ကျော်အောင်

၁။ ကဗျာ

* မင်္ဂလာစည်တော်သံ — ၁
* စာထောင့်လေးချိုးကြီး — ၂
* နှုတ်ခွန်းဆက် လေးချိုးကလေး — ၃
* ချစ်သမျှကိုအလိုက် သံဝေဂပတ်ပျိုး — ၃
* မော်မစုံ ဆောင်းဘွဲ့ဘောလယ် — ၄
* မိုးဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ် — ၄
* မိန်းမမြတ်တေးထပ် — ၅
* ရွှေတိဂုံစေတီတော်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ် — ၆
* သံဝေဂရတုပိုဒ်စုံ — ၇
* တပင်ရွှေထီး ကေတုမတီနန်းသိမ်း ရှစ်လုံးဘွဲ့ကဗျာ — ၈
* သတိပေးရှစ်လုံးဘွဲ့ကဗျာ — ၈

၂။ ဆောင်းပါး

* စိတ်ဓာတ်မှုရင်းအကြောင်း — ၉
* နိယာမငါးပါး — ၁၄
* ဗုဒ္ဓဘာသာနှင့် သဒ္ဒါတရားအကြောင်း — ၂၀
* မြန်မာပြည်နှင့် ကျောက်စာများအကြောင်း — ၂၇

WWW.DHAMMARANSI.COM

စာမျက်နှာ

၃။ ဝတ္ထုတို

* အမျိုးနှင့်စည်းစိမ် ၄၀
* အကျွေ့နှင့်အကောက် ၆၅
* အချစ်နှင့်တံလှပ် ၈၅
* အလင်းနှင့်အမှောင် ၁၀၇
* အမျိုးနှင့်မေတ္တာ ၁၂၁
* ရေလယ်နှင့်ဆိပ်ကမ်း ၁၆၁

၄။ ဝတ္ထုရှည်

သကုဏ္ဍလဝတ္ထု ၁၇၆

WWW.DHAMMARANSI.COM

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏
# အမှာစာ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ထင်ရှားသော ခေတ်ပေါ်မြန်မာစာရေးဆရာကြီးများ၏ လက်ရာစာပေများကို စုဆောင်း၍ ကျမ်းတွဲများအဖြစ် ထုတ်ဝေရန် စိတ်ကူးကို ၁၉၉၃–ခုနှစ်ကပင် စတင်၍ အကောင်အထည်ဖော်ရန် စီစဉ်လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ခဲ့စဉ်က စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဥက္ကဋ္ဌဟောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးညွန့် (ထီလာစစ်သူ)က ကမကထ ပြုလုပ်ခဲ့ပါသည်။

ထိုအားထုတ်မှု အစီအစဉ်အရ ဆရာဇော်ဂျီစာပေါင်းချုပ်၊ ဆရာပီမိုးနင်း စာပေါင်းချုပ်၊ မဟာဆွေ စာပေါင်းချုပ်တို့ကို ထုတ်ဝေခဲ့ပြီး၍ ယခု လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေါင်းချုပ်စာစဉ်အဖြစ် ထွက်ပေါ်လာသော စာအုပ်ဖြစ်ပါသည်။ အလားတူပင် မော်ပီဆရာသိန်း စာပေါင်းချုပ်၊ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏စာပေါင်းချုပ် အစရှိသည်တို့ကိုလည်း အဖွဲ့၏အစီအစဉ်ဖြင့် ဆက်လက်ထုတ်ဝေရန် လျာထားဆောင်ရွက်လျက် ရှိပါသည်။

ဆရာကြီး၊ ဆရာမကြီးတို့၏ လက်ရာစာပေါင်းချုပ်များကို ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်သစ်ပိုင်းတွင် မြန်မာစာပေအကျိုးကို ဆောင်ခဲ့သော ပုဂ္ဂိုလ်ကြီးတို့၏ ကြွင်းကျန်သင့်သော လက်ရာများကို တစ်စုတစ်စည်းတည်း ရှိစေရန်နှင့် သူတို့ခေတ်ကို မမီလိုက်သော စာပေလေ့လာဖတ်ရှုသူများ၊ စာပေလမ်းကြောင်း ကောက်လိုသူများအဖို့ အသင့် ပြန်လည်ကိုးကား ဖော်ထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

ဤရည်ရွယ်ချက်ဖြင့် စာအုပ်စာပေ သိုမှီးစုဆောင်းမှုနှင့် နီးစပ်ကြသော၊ စာပေလက်ရာများနှင့် ကျွမ်းနီးကြသော စာပေပညာရှင်နှင့် စာကြည့်တိုက်မှူးများအား အဖွဲ့ငယ်များဖွဲ့၍ ဆိုင်ရာဆိုင်ရာ စာပေများ စုဆောင်းကြရန် တာဝန်ပေးအပ်ရပါသည်။ စုဆောင်းရရှိသော စာပေလက်ရာများကို ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာအုပ် စသည်ဖြင့် အုပ်တွဲအလိုက် ရသစုံအောင် ပေါင်းစပ်ဖွဲ့စည်း၍ ပေးပါရန်လည်း မေတ္တာရပ်ခံရပါသည်။ ဖတ်ရှုသူတို့ ရသစုံ ခံစားရစေရန် ရည်ရွယ်ပါသည်။ ဆက်လက် ထုတ်ဝေသွားမည့်အုပ်တွဲများတွင်လည်း အလားတူ အစီအစဉ်များဖြင့် ဖော်ပြသွားပါမည်။

ပြုစုထုတ်ဝေသော စာပေါင်းချုပ်များ အုပ်တွဲစုံသောအခါ စာပေ သုတေသီတို့ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန်အကျိုးငှာ ကျမ်းညွှန်းစာရင်းကို ထည့်သွင်းပေးသွားရန် ရည်ရွယ်ပါသည်။

ဤစာပေါင်းချုပ် ထုတ်ဝေရေးအစီအစဉ်မျိုးမှာ မြန်မာနိုင်ငံတွင် အစဉ်အလာ နည်းပါးသေးသော လုပ်ငန်းဖြစ်၍ စာပေလောကအကျိုး၊ စာဖတ်ပရိသတ်အကျိုးကို ရည်စူးလျက် အားထုတ်ကောင်းသော စာပေလုပ်ငန်းတစ်ရပ်အဖြစ် အဖွဲ့က ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤအားထုတ်မှု၌ ဝိုင်းဝန်းကြသော စာစုသူများ၊ ထုတ်ဝေပေးသူများ၊ စာကြည့်တိုက်မှူးများ၊ သရုပ်ဖော် ပညာရှင်များနှင့် စာအုပ်ဖြစ်အောင် အကူအညီ၊ အကြံဉာဏ်ပြုသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းလည်း အဖွဲ့ကိုယ်စား ပြောကြားလိုပါ

WWW.DHAMMARANSI.COM

သည်။ ယခုစာတွဲတွင် စာရွေးအဖွဲ့အား ကူညီ၍ ဆရာကြီး၏စာများကို ရွေးချယ်စိစစ်၍ အမှာရေးပေးသော ဆရာပါရဂူအား ကျေးဇူးတင်ရှိကြောင်း သီးခြား ဖော်ပြလိုပါသည်။

သမိုင်းကြောင်းရှည်လျားသော မြန်မာစာပေကို နောင်လာမည့် နှစ်ကာလများအတွက် အစဉ်အလာ၊ အစီအစဉ်မပျက် ဆက်လက်ထွန်းကားစေရန် တံတားခင်းပေးသော ဤကြိုးစားမှုကို စာပေချစ်မြတ်နိုးသူ တိုင်းက အားပေးကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

မျိုးသန့်(မောင်ဆုရှင်)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့

WWW.DHAMMARANSI.COM

# ဥဒေယျာဇဉ်

လယ်တီပဏ္ဍိတဦးမောင်ကြီး၏စာစုတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ကဗျာတို့ပါဝင်သည်။ ဝတ္ထုရှည်မှာ မြန်မာ့အလင်းမဂ္ဂဇင်းတွင် ရေးခဲ့သည့် သကုဏ္ဏလဝတ္ထုဖြစ်သည်။ ဝတ္ထုတိုများမှာ ထိုခေတ်က အမျိုးသားရေးကို ထင်ဟပ်သည့် ဝတ္ထုများ ဖြစ်သည်။ ကဗျာများမှာ ဆရာရေးခဲ့သည့် မဉ္ဇရီများ ဝတ္ထုများမှ ထုတ်နုတ်ထားသည့် ကဗျာများဖြစ်သည်။ သကုဏ္ဏလမှာ သက္ကတ ဂန္ထဝင်စာပေတွင် ထင်ရှားကျော်ကြားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ကဗျာဆရာနှင့် ပြဇာတ်ဆရာအကျော်အမော် ကာလိဒါသ (ခရစ် ၅–ရာစုခန့်)၏ လက်ရာဖြစ်သည်။ ချစ်သူတို့ ကွဲကွာရပုံ၊ နောင်အခါ ပြန်လည် ပေါင်းဆုံရပုံတို့ကို ရေးဖွဲ့သည့် ဘဝအမော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ဆရာသည် သက္ကတကို ကျွမ်းကျင်သူဖြစ်ရာ နိုင်နင်းစွာ မြန်မာမှုပြုထားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဆရာသည် ရဟန်းသုံးဝါရသည့် မန္တလေးမြို့၊ ဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံသို့ သွား၍ သသ်ကရိုက်(သက္ကတ)ဘာသာ သင်ကြားသည်။ ထိုစဉ်က ဝိသုဒ္ဓါရုံဆရာတော်ကြီးက ဦးပဏ္ဍိတ(ဆရာ၏ရဟန်းဘွဲ့)အား လယ်တီတိုက်မှလာသူ ဖြစ်သောကြောင့် လည်းကောင်း၊ လယ်တီဆရာတော်၏တပည့်ရင်း ဖြစ်သောကြောင့်လည်းကောင်း လယ်တီပဏ္ဍိတဟုခေါ်သည်။ ထိုအခါမှစ၍ လယ်တီပဏ္ဍိတဟု အမည်တွင်လေသည်။

ဆရာ့ဘဝမှာ အတည်တကျမရှိ။ ၇–နှစ်သားအရွယ်တွင် ညောင်ဖြူပင်ရွာ၊ မရန်းပင်ကျောင်း၌ ပညာသင်ကြားသည်။ ၉–နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ် ရောက်သည်။ မကြာမီ မိခင်ဒေါ်ထပ် ကွယ်လွန်သဖြင့် လူဝတ်လဲကာ ဖခင်အိုကြီးနှင့်အတူနေထိုင်ခဲ့သည်။ ၁၃–နှစ်သားအရွယ်တွင် ဖခင် ဦးရောက် ကွယ်လွန်သဖြင့် လောကအလယ်တွင် ညှိုးငယ်စွာ ကျန်ရစ်ခဲ့သည်။ သာမဏေဝတ်လိုက်၊ လူထွက်လိုက်နှင့် ပြောင်းလဲနေခဲ့ရာ ၁၈–နှစ်အရွယ်တွင် စတုတ္ထအကြိမ် သာမဏေဝတ်ပြီး မုံရွာမြို့ လယ်တီဆရာတော်ဘုရားထံ ရောက်သွားသည်။ လယ်တီဆရာတော်ဘုရားကိုယ်တိုင် ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားပေးသည်။ ဆရာတော် ချီးကျူးရလောက်အောင် ထူးချွန်ခဲ့သည်။ မကြာမီ လယ်တီတိုက်ကြီးတွင် စာချပုဂ္ဂိုလ်ဖြစ်လာသည်။ ငယ်စဉ်ကပင် လောကနီတိချိုး၊ ဓမ္မနီတိချိုးများကို သင်ကြားခဲ့ရသဖြင့် ကဗျာအရာတွင် ကျော်စောခဲ့ရသည်။ ထို့နောက် ဝိသုဒ္ဓါရုံဆရာတော်ထံ သသ်ကရိုက်ဘာသာ သင်ကြားသည်။ ရဟန်း၅–ဝါအရတွင် ပါဠိပိဋကတ်နှင့် သသ်ကရိုက်ဘာသာဆိုင်ရာတို့တွင် ပညာရှိတစ်ဦးဟု ချီးကျူးခံရလောက်အောင် ပညာစုံသည်။ ထိုအချိန်တွင် ပစ္စယမဉ္ဇရီ၊ ဝိဓိမဉ္ဇရီ၊ ပရမတ္ထသံခိပ်ဋီကာနှင့် ပါဠိအဘိဓာန် စသည်တို့ကို ရေးသည်။ ပါဠိအဘိဓာန်မှာ အစောဆုံး ပါဠိမြန်မာအဘိဓာန် ဖြစ်သည်။ လိုရင်းတိုရှင်း ဖော်ပြသည်။ ထွက်စပင် ထင်ရှားသည်။ ပါဠိသင်ကြားသူတို့ လက်သုံးဖြစ်သည်။

လယ်တီပဏ္ဍိတသည် အသက် ၃၀၊ ရဟန်း ၉–ဝါအရတွင် သာသနာ့ဘောင်မှ ထွက်ခဲ့ရာ ငယ်မည် မောင်သန့်စင် မဟုတ်တော့ဘဲ ဦးမောင်ကြီး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးအဖြစ် လူသိများသည်။ လူထွက်စဉ် လယ်တီဆရာတော်က စိတ်ဆိုးသဖြင့် တောင်ဝှေးနှင့်လိုက်၍ရိုက်ခဲ့သည်ဟု ကြားခဲ့ရဖူးသည်။ လယ်တီဆရာတော် လက်သပ်မွေးထားသည့် တပည့်ဖြစ်လေရာ စိတ်ဆိုးမည်ဆိုလည်း စိတ်ဆိုးစရာပင်။ ထို့နောက် ပျဉ်းမနားသူ မမကြီးနှင့် လက်ထပ်သည်။ ပျဉ်းမနားတွင် သုံးနှစ်ခန့်နေပြီး မန္တလေးတွင် တစ်နှစ်ခန့် နေကာ ၁၉၁၁ တွင် ရန်ကုန်သို့ ရောက်လာပြီး မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်သည်။

WWW.DHAMMARANSI.COM

မြန်မာ့အလင်းမဂ္ဂဇင်း ပျက်သည်တွင် ပညာ့အလင်းမဂ္ဂဇင်းသို့ ရောက်သည်။ သန်းသန်းဝတ္ထုနှင့် ဝတ္ထုတို များ ရေးသည်။ မြန်မာ့အလင်းတွင် ရှိစဉ် ရေးသည့် မောင်သောကဝတ္ထုမှာ ပထမဆုံးဝတ္ထု ဖြစ်သည်။ သကုဏ္ဏာလနှင့် ခင်မြင့်ကြီးတို့ကို မြန်မာ့အလင်းတွင် ရှိစဉ် ရေးသည်။ ၁၉၂၃ တွင် ဒဂုန်မဂ္ဂဇင်းသို့ ရောက်သွားသည်။ ဒဂုန်ကို ဆယ်နှစ်ခန့်ဦးစီးပြီး အယ်ဒီတာလုပ်ခဲ့သည်။ ထို့ပြင် နတ်ရှင်နောင်၊ ဗညား နွဲ့၊ တပင်ရွှေထီး စသည့် ရာဇဝင်ဝတ္ထုကြီးများ ရေးသည်။ စာအုပ်ပေါင်း ၄၀၀ခန့် ရေးခဲ့သည်။ စာ အရေးနိုင်ဆုံးပုဂ္ဂိုလ်များတွင် တစ်ယောက်ပါဝင်သည်။ ၁၉၄၃-တွင် ရန်ကုန်တက္ကသိုလ်က မဟာဝိဇ္ဇာဘွဲ့ အပ်နှင်းသည်။

ဝတ္ထုတိုများတွင် အမျိုးသားရေးဝတ္ထုတိုအဖွဲ့ များစွာပါဝင်သည်။ စီးပွားရေး လူမျိုးခြားလက်ထဲ ရောက်နေသည်ကို မြန်မာတို့ ဦးစီးရန် လှုံ့ဆော်သည်။ (ပိမိုးနင်းလည်း လှုံ့ဆော်ခဲ့ဖူးသည်။) ယခု ဖော်ပြထားသည့် ကဗျာများမှာ လေးချိုး၊ ဒွေးချိုး၊ ဘောလယ်၊ ရစ်ဆယ်ပေါ်ထေးထပ်၊ ရတုပိုဒ်စုံ စသဖြင့် ကဗျာအဖွဲ့စုံအောင် စုစည်းတင်ပြထားသည်။

မုံရွာနယ် ဘုတလင်သား စာရေးဆရာ သိန်းဖေ(မြင့်) စည်းရုံးသဖြင့် ဆရာသည် တို့ဗမာအစည်းအရုံး မော်လမြိုင်ညီလာခံတွင် တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့သည်။ လူကိုယ်တိုင်ကား မတက်ရောက်နိုင်။ ထို အချိန်တွင် မကျန်းမမာဖြစ်ကာ အိပ်ရာထဲ လဲနေသည်။ သဝဏ်လွှာပေးပို့၍ သခင်ဦးမောင်ကြီးအဖြစ် ခံယူသည်။ မော်လမြိုင်ညီလာခံက ဆရာ့အား သခင်ကိုယ်တော်မှိုင်း၊ ထိပ်တင်ကိုယ်တော်ကြီး စသည်တို့နှင့်အတူ နာယကအရာ ချီးမြှောက်လေသည်။

ဝတ္ထုများအနက် တပင်ရွှေထီးမှာ လူကြိုက်များသည်။ နယ်ချဲ့လူမျိုးခြားလက်အောက် ရောက်နေသော မြန်မာတို့ကို ဇာတိသွေးဇာတိမာန် တက်ကြွအောင် လှုံ့ဆော်သည်။ ရေးသားဟန်မှာ ကာလပေါ်ဝတ္ထုခေတ် တွင် ရေးသော်လည်း ထီးဟန်နန်းဟန် ထီးနန်းသံပါသည်။ နန်းတွင်းဝတ္ထုကြီးများစွာတို့၏ ကဗျာလင်္ကာများ၊ စကားပြေခန်းများတွင် ကာရန် နဘေထပ်များဖြင့် ရေးသားခဲ့သည်။ အားလုံး လေးတွဲရှိပြီး ပထမ၊ ဒုတိယ၊ တတိယတွဲတို့ကို ဒဂုန်ပုံနှိပ်တိုက်က လည်းကောင်း၊ စတုတ္ထတွဲကို ဝိဇယပုံနှိပ်တိုက်ကလည်းကောင်း ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

မြန်မာသက္ကရာဇ် ၈၉၂မှ ၉၁၂အထိ တောင်ငူထီးနန်းကို စိုးစံခဲ့သည့် တပင်ရွှေထီးအကြောင်းကို ဖွားတော်မူစက စ၍ နတ်ရွာစံခန်းအထိ ရေးခဲ့သည်။ သို့သော်လည်း တပင်ရွှေထီး နတ်ရွာစံပြီးနောက် ရှင်ရဲထွတ်သည် တောင်ငူထီးနန်းကို ဆက်လက် ထိန်းသိမ်းပုံ၊ မြန်မာတို့ ဂုဏ်သရေကို ဆောင်ရွက်ပုံ၊ တောင်ငူရှိတက်သောအခန်းအထိ ရေးဖွဲ့သည်။

သူတော်ကောင်းတို့ မနှစ်ခြိုက်သည့် သေရည်သေရက် မသောက်စားရန်၊ ရှင်ရဲထွတ်ကဲ့သို့ အမျိုး ကျက်သရေရှိအောင် ဆောင်ရွက်ခြင်းတည်းဟူသော ဝံသာနုရက္ခိတတရား အမြဲ လက်ကိုင်ထားပါဟု ဆော်ဩခဲ့သည်။

"နေမီးအသွင်၊ တန်ခိုးရှင်ဟု၊ တပင်ထီးရွှေ၊ ထွတ်သောင်ကေမှု၊ ရေမြေဘုံနိမ့်၊ ငလျင်လှိမ့်မျှ၊ သိမ့်သိမ့်ကြေညာ၊ ဘုန်းတေဇာဖြင့်၊ ဇေယျာထွတ်ထား၊ အောင်ဖန်များက၊ တက်ကြွားရာဇ၊ မာန်မာနဖြင့်၊ လောကတစ်ခွင်၊ မြေအပြင်ဝယ်၊ ငါ့ပြင်မရှိ၊ ထင်မှားဘိ၍၊ အဓိကလွန်၊ မာန်စွယ် ချွန်လျက်၊ တံခွန်မောက်မောက်၊ စွင့်စွင့်ဆောက်သော်၊ မြောက်မြောက်မှားမှား သေသောက်စား၍၊ တရားမဲ့ခိုက်၊ မိတ်ဆွေမိုက်နှင့်၊ နှစ်ခြိုက်ခင်မင်၊ အကျွမ်းဝင်ပြီး၊ အမြင်ဖောက်ပြား၊ ကျင့်ကြံများ၍၊

WWW.DHAMMARANSI.COM

တရားယွင်းပျက်၊ ထိုအချက်ကြောင့်၊ အသက်ဆုံးလေ၊ ဖြစ်ရချေရှင့်၊ သက်သေထင်ရှား၊ ဝတ္ထု
သွားကို၊ ဉာဏ်အားစက္ခု၊ ထင်စွာရှု၍၊ နယပဒေ၊ လိုက်သောထွေဖြင့်၊ သေရည်ယစ်မူး၊ သောက်
စားကြူးနှင့်၊ ယှဉ်ပူးမိတ်ဆိုး၊ ထိုနှစ်မျိုးကို၊ ကြိုးကြိုးစားစား၊ ကြဉ်ဖယ်ထား၍၊ တရားမယွင်း၊
ကျင့်ဖြောင့်စင်းသည်၊ မှောင်ကွင်းပြောင်ပစေတကား"

ဟူ၍ ဝတ္ထုအဆုံးတွင် လယ်တီပဏ္ဍိတဦးမောင်ကြီးက သူ့အာဘော်ကို ထုတ်ဖော်ခဲ့လေသည်။

**ကျော်အောင်**

လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်ဖြစ်မြောက်ရေးအတွက် ဦးကျော်အောင် (အဖွဲ့ခေါင်းဆောင်)၊ ဦးလှိုင်ဝင်း(တက္ကသိုလ်မောင်သုလှိုင်) ဌာနခွဲမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဒေါ်စုစု (လက်ထောက်စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၊ ဒေါ်ခင်လေးစိုး(လက်ထောက်စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၊ ဦးရာဇာစိုးညွန့် (အနုပညာဦးစီးဌာန)တို့ ပါဝင်သောအဖွဲ့မှ စာစုစာရင်းများ စုဆောင်းရှာဖွေခြင်း၊ တည်းဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

WWW.DHAMMARANSI.COM

# ပါရဂူ၏အမှာစကား

ယခုခေတ် စာဖတ်ပရိသတ်သည် ရှေးခေတ်စာရေးဆရာကြီးများ၏ စာပေလက်ရာများနှင့် အလှမ်းဝေးနေကြသည်။ ရှေးခေတ် စာရေးဆရာကြီးများ၏ စာအုပ်များကို ယခုခေတ်တွင် ပြန်လည် ထုတ်ဝေလေ့ မရှိကြသဖြင့် ယခုခေတ် စာဖတ်ပရိသတ်သည် ရှေးခေတ်စာရေးဆရာကြီးများ၏ စာအုပ်များကို လက်လှမ်းမမီ ဖြစ်နေကြသည်။ ယခုခေတ် စာရေးဆရာများကဲ့သို့ပင် ရှေးခေတ်စာရေးဆရာကြီးများလည်း လုံးချင်းစာအုပ်များကို ရေးသားခဲ့ကြသည်သာမကဘဲ ထိုခေတ်က ထုတ်ဝေခဲ့သော စာနယ်ဇင်းများတွင်လည်း စာများ ရေးသားခဲ့ကြသည်။ ယင်းကဲ့သို့ ထိုခေတ် စာနယ်ဇင်းများတွင် ရေးသားခဲ့သော ရှေးခေတ် စာရေးဆရာကြီးများ၏ စာပေလက်ရာများနှင့်ကား ရှေးခေတ် စာနယ်ဇင်းအဟောင်းများကို ရှာမရတော့ပြီဖြစ်၍ ပို၍ပင် အလှမ်းဝေးနေသည်။

ယင်းအခက်အခဲကို 'စာပေနှင့်စာနယ်ဇင်းအဖွဲ့'က ဖြေရှင်းပေးလိုက်သည်။ 'စာပေနှင့်စာနယ်ဇင်း အဖွဲ့'၏ အစီအစဉ်ဖြင့် ရှေးခေတ် စာရေးဆရာတစ်ဦးစီ၏ စာပေပေါင်းချုပ်များကို ထုတ်ဝေနေသည်။ 'ပီမိုးနင်း စာပေါင်းချုပ်'၊ 'ဇော်ဂျီ စာပေါင်းချုပ်'၊ 'မဟာဆွေစာပေါင်းချုပ်' စာအုပ်များကို ထုတ်ဝေပြီးပြီ။ ကွယ်လွန်သူ စာရေးဆရာတစ်ဦးစီ၏ စာပေလက်ရာများကို ယခုကဲ့သို့ တစ်ပေါင်းတည်း တစ်စုတည်း ဖတ်ရှုလေ့လာခွင့် ရရှိခြင်းသည် ယနေ့ မြန်မာစာပေလောကအတွက် အထူး ကျေနပ်အားရဖွယ်ပင် ဖြစ်သည်။ 'စာပေါင်းချုပ်'စာအုပ်များ တွင်ကျယ်စွာ ရောင်းချရသည်ကို ထောက်ရှုခြင်းအားဖြင့် ယခင် မိမိတို့နှင့် အလှမ်းဝေးကွာပြီး ယခု'စာပေနှင့်စာနယ်ဇင်းအဖွဲ့'၏ ကြိုးပမ်းချက်ကြောင့် မိမိတို့၏ လက်တစ်ကမ်းသို့ ရောက်လာသော ရှေးခေတ်စာရေးဆရာကြီးများ၏ စာပေလက်ရာများကို ယခုခေတ် ပရိသတ်များ စိတ်ပါဝင်စားစွာ ဖတ်ကြသည်ဆိုသည့်အချက်မှာ သိသာထင်ရှားနေသည်။

ယခု 'စာပေနှင့်စာနယ်ဇင်းအဖွဲ့'၏ စတုတ္ထ ကြိုးပမ်းချက်အနေဖြင့် 'လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး စာပေါင်းချုပ်' စာအုပ် ထွက်လာပြန်ပြီ။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ၂၀ရာစုအစောပိုင်းလောက်က ပေါ်ထွန်းခဲ့သော နာမည်ကျော် ခေတ်ဟောင်း စာရေးဆရာ၊ စာပေပညာရှင်တစ်ဦး ဖြစ်သည်။ ဆရာကြီးသည် စာပေ၀တ္ထု ရတုကဗျာများကို အမြောက်အမြား ရေးသားခဲ့သည်။ သို့သော်လည်း ဆရာကြီး၏ စာအုပ်များသည် နှစ်ပေါင်းများစွာ ကြာညောင်းသွားခဲ့ပြီဖြစ်၍ ယခုခေတ် စာဖတ်ပရိသတ်နှင့် အလှမ်းဝေးကွာသည်ထက် ဝေးကွာနေကြပြီ။ ထို့ပြင် ဆရာကြီးသည် စာနယ်ဇင်းခေတ်ဦးလောက်ကပင် စာနယ်ဇင်းများတွင် စာရေးသည်ဖြစ်၍ ထိုခေတ်က စာနယ်ဇင်းများတွင် ဆရာကြီး ရေးသားခဲ့သော စာများကို ယခုခေတ် လူများ ဖတ်ဖူးဖို့ဝေးစွ၊ ကြားဖူးပင် ကြားဖူးကြတော့မည် မဟုတ်ပေ။ ယင်းစာများကို ရှေးဟောင်း စာနယ်ဇင်းများတွင် ခြေရာကောက်ဖို့ပင် ခဲခဲယဉ်းယဉ်း ဖြစ်နေသည်။ ယခု ဤစာပေါင်းချုပ်တွင် စာကြည့်တိုက်များ၌ ခဲခဲယဉ်းယဉ်း ထိန်းသိမ်းထားသော စာရွက်များ ဆွေးမြေ့နေပြီဖြစ်သည့် ရှေးခေတ်စာနယ်ဇင်းများမှ ဆရာကြီး၏ စာပေလက်ရာများ ရွေးချယ်ထုတ်နုတ်ပြီး ဖော်ပြထားသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ စာပေလက်ရာများထဲတွင် ဝတ္ထုလည်းပါသည်။ ဆရာဦးမောင်ကြီး၏ ဝတ္ထုများမှာ မှိုင်းဝေဝေ၊ မောင်သောက အိပ်မက်ခန်း၊ သကုဏ္ဍလ၊ ခင်မြင့်ကြီး(ငါးတွဲ)၊ သန်းသန်း(၄-တွဲ)၊ တင်တင်မြ(၃-တွဲ၊ တတိယတွဲကို ဒဂုန်ဦးထွန်းမြင့် ရေး)၊ နတ်ရှင်နောင်(၂-တွဲ)၊ တပင်ရွှေထီး (၄-တွဲ)၊ ရွှေပြည်ကြီး (၂-တွဲ)၊ ဗညားနွဲ့၊ ပန်ထွာမင်းသမီး စသည်တို့ဖြစ်ကြသည်။

WWW.DHAMMARANSI.COM

ဆရာဦးမောင်ကြီး၏ ဝတ္ထုများအနက် ခင်မြင့်ကြီး၊ သန်းသန်း၊ တင်တင်မြတို့သည် ကာလပေါ် ဝတ္ထုများဖြစ်သည်။ သူ့ခေတ်သူ့အခါက လူနေမှုစနစ် ထင်ဟပ်နေသော အချစ်ဝတ္ထုများဖြစ်၍ ထိုအချိန်က အထူးခေတ်စားသော ဝတ္ထုများ ဖြစ်သည်။ ဝတ္ထုထဲတွင် ဇာတ်ဆောင်များသည် ထိုခေတ်က လူလတ်တန်းစားအလွှာနှင့် အထက်တန်းစားအလွှာကို ကိုယ်စားပြုနေကြသူများဖြစ်၍ ဆရာဦးမောင်ကြီး၏ ဝတ္ထုများတွင် ထိုခေတ် လူလတ်တန်းစားအလွှာနှင့် အထက်တန်းအလွှာတို့၏သရုပ်သကန်သည် ပီပီသသ ပေါ်လွင်နေသည်။ သို့သော်လည်း ဆရာဦးမောင်ကြီး၏ကာလပေါ်ဝတ္ထုများထဲတွင် ထိုခေတ်က လူတန်းစားတိုက်ပွဲနှင့် အလုပ်သမား၊ လယ်သမားဘဝကိုမူ ရှာကြည့်၍မရပေ။

ဆရာဦးမောင်ကြီး၏ဝတ္ထုများသည် ထိုခေတ်စာဖတ်ပရိသတ်အကြား၌ ကျော်ကြားထင်ရှားရုံမျှသာမက ကာလပေါ်ဝတ္ထု ခေတ်ဦးလောက်က ထွက်ပေါ်လာသည့် ဝတ္ထုများ ဖြစ်သည့်အပြင် အရည်အသွေး အဆင့်အတန်းမီ ဝတ္ထုများဖြစ်၍ နောင်းခေတ် ဝတ္ထုရေးဆရာ၊ စာရေးဆရာများအပေါ်တွင်လည်း၊ ဩဇာလွှမ်းမိုးမှု ရှိနေသည်။ သို့သော်လည်း ခေတ်အမြင်၊ လူတန်းစားအမြင်ဖြင့် ကြည့်လျှင်မူ ဆရာဦးမောင်ကြီး၏ကာလပေါ်ဝတ္ထုများသည် ခေတ်နောက်ကျကျန်ခဲ့ကြလေပြီ။ ထိုခေတ်ကို ရောင်ပြန်ဟပ်ထားသော ဝတ္ထုများဖြစ်၍ ထိုခေတ်တွင် ကျန်ခဲ့သည်မှာ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်။ သို့ရာတွင် ယင်းသို့ ခေတ်နောက်ကျန်ခဲ့ပြီဖြစ်သည့် အကြောင်းတစ်ခုတည်းနှင့် ဝတ္ထု၏ စာပေတန်ဖိုး ယုတ်လျော့သွားပြီဟု မဆိုနိုင်ပေ။

*၃ စာပေအကဲဖြတ်ရာ၌ သမိုင်းအမြင်ရှိဖို့ အရေးကြီးသည်။ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို သုံးသပ်သည်ဆိုလျှင် အကယ်၍ ထိုဝတ္ထု သို့မဟုတ် ထိုကဗျာသည် လွန်ခဲ့သည့်အတိတ်ခေတ်က ပေါ်ပေါက်ခဲ့သည့် ဝတ္ထု သို့မဟုတ် ကဗျာဖြစ်ပါက ထိုခေတ် လူ့အဖွဲ့အစည်း ပရိဝုဏ်ထဲ ဝင်ကြည့်ပြီး သုံးသပ်ရမည်။ သမိုင်းမျက်မှန် မတပ်ဘဲ စာပေကို အကဲဖြတ်လျှင် တိကျမှန်ကန်မှု မရှိနိုင်ပေ။

ဆရာဦးမောင်ကြီးသည် 'နတ်ရှင်နောင်'၊ 'တပင်ရွှေထီး' စသော သမိုင်းနောက်ခံ ရာဇဝင်ဝတ္ထုကြီးများကိုလည်း ရေးသားခဲ့သည်။ သမိုင်းနောက်ခံ ရာဇဝင်ဝတ္ထုသမိုင်း၌ မစ္စတာ မောင်မှိုင်း၏ 'မမ္မစေတီ' သည် ဗွေဆော်ဦးဖြစ်သော်လည်း 'မမ္မစေတီ' သည် ဝတ္ထုတစ်ပိုင်း၊ ပြဇာတ်တစ်ပိုင်းလို ဖြစ်နေ၍ ဆရာဦးမောင်ကြီးကိုသာလျှင် သမိုင်းနောက်ခံ ရာဇဝင်ဝတ္ထု၏အာဒိကမ္မိကဟု ဆိုနိုင်သည်။

ဤစာပေါင်းချုပ်၌ ဆရာဦးမောင်ကြီး၏ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ဖော်ပြထားရာ ဝတ္ထုအနေဖြင့် ဆရာဦးမောင်ကြီး၏ 'သကုဏ္တလဝတ္ထု' ကို ရွေးချယ်ထားသည်။

သက္ကတစာပေ၌ 'ရာမာယဏ' နှင့် 'မဟာဘာရတ' အမည်ရှိ မဟာကဗျာကျမ်းကြီးနှစ်ကျမ်းရှိသည်။ 'မဟာဘာရတ' မဟာကဗျာကျမ်းကြီးတွင် 'သျှကုန္တလာ' ဇာတ်လမ်းပါသည်။ ယင်းဇာတ်လမ်းကိုယူ၍ စာဆိုတော်ကြီး ကာလီဒါသက သက္ကတဘာသာဖြင့်ပင် 'သျှကုန္တလာ' ပြဇာတ်ကို ရေးသည်။ ယင်းပြဇာတ်သည် ရှေးဟောင်း ကမ္ဘာ့စာပေသမိုင်းဝင် ကမ္ဘာကျော် ပြဇာတ်ဖြစ်သည်။ ဆရာဦးမောင်ကြီးက ယင်းပြဇာတ်၏ ဇာတ်လမ်းကိုယူ၍ 'သကုဏ္တလ' အမည်ဖြင့် ဝတ္ထုရေးသည်။

ယခင်က မြန်မာစာပေလောက၌ သက္ကတဘာသာ ဩဇာလွှမ်းမိုးသော ဝတ္ထုများ မထင်မရှား ရှိခဲ့ဖူးသည်မှာ မှန်သည်။ သို့သော်လည်း သက္ကတဝတ္ထု သို့မဟုတ် ပြဇာတ်ကို ထင်ထင်ရှားရှားမှီး၍ သို့မဟုတ် ဘာသာပြန်၍ ရေးသော ဝတ္ထုများအနက် ဆရာဦးမောင်ကြီး၏ 'သကုဏ္တလ' ဝတ္ထုသည် အဦးဆုံးဝတ္ထုဖြစ်ဖို့ရှိသည်။ ဆရာဦးမောင်ကြီးကိုယ်တိုင်ကလည်း သူ၏ 'သကုဏ္တလ' ဝတ္ထုနိဒါန်း၌ ဤသို့ ရေးသားဖော်ပြထားသည်။

WWW.DHAMMARANSI.COM

"––ထို သကုဏ္ဍလ နာဋကသည် ကာလီဒါသ ဆရာကြီး ရေးသားပြီးစီးသည်မှစ၍ ယခုထက်တိုင်အောင် အိန္ဒိယနိုင်ငံတွင် အကောင်းဆုံးဖြစ်သော နာဋက ဟူ၍ သမုတ်လျက်ရှိနေကြရာ အင်္ဂလိပ်စာရေးဆရာကြီးများကလည်း ထိုသကုဏ္ဍလ နာဋကကို အင်္ဂလိပ်ဘာသာအားဖြင့် ပြန်ဆိုရေးသားကြကုန်၏။ ထိုကဲ့သို့ အိန္ဒိယနိုင်ငံနှင့် ဥရောပတိုက်များမှာ ထင်ရှားကျော်စော ပညာရှိတိုင်း အံ့သြရသော သကုဏ္ဍလ နာဋကသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းဘာသာဖြင့် ရေးသားစီရင်ပြီး မရှိလေသည်နှင့် မြန်မာအမျိုးသားတို့ ဖတ်ရှုရလေအောင် ရည်ဆောင် သဘောထားရင်းရှိသည့်အတိုင်း သသ်ကရိုက်ဘာသာမှ မြန်မာပြန်ဆိုခြင်းဖြစ်သည်––"

ဆရာဦးမောင်ကြီးသည် ကာလီဒါသ၏ 'သျှကုန္တလာ'ပြဇာတ်ကို တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်း မဟုတ်ပေ။ မိုး၍၊ ဇာတ်လမ်းကိုယူ၍ သူ၏ရေးနည်းရေးဟန်အတိုင်း ကဗျာလင်္ကာများဖြင့် ဝေဝေဆာဆာ ရေးသားထားခြင်း ဖြစ်သည်။ 'သကုဏ္ဍလ'ဝတ္ထုကို ပုံနှိပ်ထုတ်ဝေခြင်းမှာ ၁၉၁၃–ခုနှစ်ကဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်း ၈၃–နှစ်ရှိသွားပြီ။ ကျွန်တော်တို့ပင် 'သကုဏ္ဍလ'ဝတ္ထုကို ယခုမှ ဖတ်ဖူးသည်။ 'သကုဏ္ဍလ'ဝတ္ထုကို မြန်မာ့ရုပ်ရှင် အသံတိတ်ခေတ်၌ မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင် ရိုက်သည်။ ဒါရိုက်တာမှာ ဦးညီပုဖြစ်သည်။

ဆရာဦးမောင်ကြီးသည် ဝတ္ထုရှည်များကို ရေးသကဲ့သို့ပင် ဝတ္ထုတိုများကိုလည်း ရေးခဲ့သည်။ ရှေးခေတ်က ယခုခေတ်ကဲ့သို့ စာရေးဆရာတစ်ဦး၏ဝတ္ထုတိုများကို စုစည်းလျက် 'ဝတ္ထုတိုပေါင်းချုပ်' အနေမျိုးဖြင့် ပုံနှိပ်ထုတ်ဝေလေ့မရှိ၍ ဆရာဦးမောင်ကြီး၏ ဝတ္ထုတိုများသည်လည်း ရှေးခေတ် စာနယ်ဇင်းများ၏ စာမျက်နှာများထဲက အပြင်ဘက်ထွက်ခွင့်မရရှိခဲ့ပေ။ ထို့ကြောင့် ဆရာဦးမောင်ကြီး၏ ဝတ္ထုတိုများသည် သူ၏ဝတ္ထုရှည်များထက်ပင် စာဖတ်ပရိသတ်နှင့်အလှမ်းဝေးကွာနေခဲ့သည်။ နှောင်းခေတ်လူများထဲက ဆရာဦးမောင်ကြီး၏ဝတ္ထုတိုများကို ဖတ်ဖူးသူ အတော်ပင် ရှားနေပြီ။

ဤစာပေါင်းချုပ်၏ဝတ္ထုတိုကဏ္ဍ၌ ဆရာဦးမောင်ကြီး၏ဝတ္ထုတို၆–ပုဒ်ကိုလည်း ရွေးချယ် တင်ပြထားသည်။ ယင်းတို့မှာ–

၁။ 'အမျိုးနှင့်စည်းစိမ်' (ပညာ့အလင်းမဂ္ဂဇင်း–၁၉၁၈၊ မေလ)

၂။ 'အကျွေ့နှင့်အကောက်' (ပညာ့အလင်းမဂ္ဂဇင်း–၁၉၁၈၊ မတ်လ)

၃။ 'အချစ်နှင့်တံလှပ်' (ပညာ့အလင်းမဂ္ဂဇင်း–၁၉၁၈၊ ဇန်နဝါရီလ)

၄။ 'အလင်းနှင့်အမှောင်' (ပညာ့အလင်းမဂ္ဂဇင်း–၁၉၁၇၊ နိုဝင်ဘာလ)

၅။ 'အမျိုးနှင့်မေတ္တာ' (ပညာ့အလင်းမဂ္ဂဇင်း၊ ၁၉၁၈၊ စက်တင်ဘာလ)

၆။ 'ရေလယ်နှင့်ဆိပ်ကမ်း' (ပညာ့အလင်းမဂ္ဂဇင်း၊ ၁၉၁၈၊ အောက်တိုဘာလ)

ဤစာပေါင်းချုပ်၌ပါသော ဆရာဦးမောင်ကြီး၏ဝတ္ထုတို ၆–ပုဒ်သည် ယခုခေတ်အမြင်နှင့်ကြည့်လျှင် ရှေးရေးနည်းရေးဟန်ဖြင့် ရေးသားထားသော ဝတ္ထုများဖြစ်သော်လည်း ထိုခေတ်က လူမှုရေးနှင့် စီးပွားရေး အခြေအနေများ ထင်ဟပ်နေသည်ကို တွေ့ရသည်။ တချို့ဝတ္ထုတိုများမှာ မျိုးချစ်စိတ်၊ အမျိုးသားစိတ် ထက်သန်စေသည်။ ထူးခြားသည်မှာ စာရေးဆရာသည် သူ၏ဝတ္ထုတိုများ၌ ဇာတ်ဆောင်များ၏ စရိုက်ကို ပီပီ ပြင်ပြင် ခြယ်မှုန်းပြထားသည်ကို တွေ့ရသည်။

ဤစာပေါင်းချုပ်၏ဆောင်းပါးကဏ္ဍ၌ ဆရာဦးမောင်ကြီး၏ရှေးခေတ်စာနယ်ဇင်းများတွင် ရေးသားခဲ့သော ဆောင်းပါး(၄)ပုဒ်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ယင်းတို့မှာ–

၁။ 'စိတ်ဓာတ်မှုရင်းအကြောင်း' (၁၂၈၉၊ နယုန်- လယ်တီတရားသတင်းစာ)

၂။ 'နိယာမငါးပါး' (၁၂၈၈၊ တပို့တွဲ- လယ်တီတရားသတင်းစာ)

၃။ 'ဗုဒ္ဓဘာသာနှင့် သဒ္ဓါတရားအကြောင်း' (၁၂၈၈၊ တပေါင်း- လယ်တီတရားသတင်းစာ)

၄။ 'မြန်မာပြည်နှင့် ကျောက်စာများအကြောင်း' (၁၃၂၅၊ ဩဂုတ်- ဒဂုန်မဂ္ဂဇင်း)

ဆရာဦးမောင်ကြီးသည် 'မြန်မာ့အလင်း'မဂ္ဂဇင်း၊ 'ပညာ့အလင်း'မဂ္ဂဇင်း၊ 'ဒဂုန်'မဂ္ဂဇင်း၊ 'လယ်တီတရားသတင်းစာ'တို့၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းမဂ္ဂဇင်းများ၌ ထိုစဉ်က ဆရာဦးမောင်ကြီး ရေးခဲ့သော ခေါင်းကြီးပိုင်းများသည်လည်းကောင်း၊ သီးသန့်အခန်းကဏ္ဍ၌ ရေးသော ဆောင်းပါးများသည်လည်းကောင်း အဖိုးမဖြတ်နိုင်သော ဆောင်းပါးများ ဖြစ်သည်။ ယင်းဆောင်းပါး ရာပေါင်းများစွာထဲက လူမှုရေး၊ ဘာသာရေး၊ စာပေနှင့် ပတ်သက်သော ဆောင်းပါး (၄)ပုဒ်ကို ဤစာပေါင်းချုပ်၌ ထုတ်နုတ်တင်ပြထားသည်။

ဤစာပေါင်းချုပ်၌ ကဗျာကဏ္ဍလည်းပါသည်။

ဆရာဦးမောင်ကြီးသည် ကဗျာပုဒ်အရေအတွက်ပေါင်း ရာနှင့် ထောင်နှင့်ချီပြီး ရေးဖွဲ့သွားခဲ့သော ရှေးခေတ် ကဗျာဆရာကြီးတစ်ဦးဖြစ်သည်။ ၁၉၆၂-ခုနှစ်၌ ပညာ့အလင်းပြစာအုပ်တိုက်က ဆရာဦးမောင်ကြီး၏ ကဗျာအဖွဲ့များထဲက ကဗျာ ၉၅-ပုဒ်ကို စုဆောင်းပြီးလျှင် 'ကဗျာ့မဥ္ဇရီ'အမည်ဖြင့် ကဗျာပေါင်းချုပ်စာအုပ်တစ်အုပ် ထုတ်ဝေထားသည်။ ဤစာပေါင်းချုပ် ကဗျာကဏ္ဍ၌ 'ကဗျာ့မဥ္ဇရီ'စာအုပ်ထဲက ကဗျာ(၁၀)ပုဒ်ကို ထုတ်နုတ်ဖော်ပြထားသည်။ ယင်းကဗျာအဖွဲ့ပုံစံများမှာ- စည်တော်သံ၊ လေးချိုးကြီး၊ လေးချိုးကလေး၊ သံဝေဂပတ်ပျိုး၊ ဘောလယ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ ရတုပိုဒ်စုံတို့ ဖြစ်ကြသည်။

'လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးစာပေါင်းချုပ်'ထွက်ပေါ်လာခြင်းမှာ 'စာပေနှင့်စာနယ်ဇင်းအဖွဲ့'၏ ရှေးဟောင်းစာပေရတနာသိုက်တစ်သိုက်ကို စတုတ္ထအကြိမ်တူးဖော်လိုက်ခြင်းပင် ဖြစ်သည်။ 'စာပေနှင့်စာနယ်ဇင်းအဖွဲ့'သည် လည်းကောင်း၊ အဖွဲ့က တာဝန်ပေးအပ်သော စာရွေးချယ်ရေးအဖွဲ့သည် လည်းကောင်း၊ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသော 'ဝါမိုးအောင်စာပေ'သည် လည်းကောင်း ဤ'စာပေါင်းချုပ်' အတွက် ကျေးဇူးအထူးတင်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

**ပါရဂူ**

၂၀-၂-၉၆

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM



၁၂၈၁-ခု၊ တပေါင်းလဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့
မင်းလှမြို့မှ ရန်ကုန်မြို့သို့ ကြွလာတော်မူသော
ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးနှင့် လယ်တီဆရာတော်ဘုရားကြီး
အရှင်နှစ်ပါးတို့ ဘုန်းတော်ဘွဲ့

## မင်္ဂလာ စည်တော်သံ

၁။ သာသနာ ရောင်ဝါထွန်းပါဘိ၊ တောင်ညာကျွန်းငယ်တဲ့ ဇမ္ဗူဒီ။ ပြည်နိဗ္ဗာန် လျင်မြန်ကူးမယ်၊ ထူးတဲ့ မြန်ပြည်(လေ့)။ ဘုန်းမန်လည်၊ လယ်တီမြတ် ရှင်နှစ်ပါး။ နေနှစ်ဆူ လနှစ်ဝန်းလို၊ ထွန်းတဲ့ဘုရား။

၂။ လနှစ်ဆူ-နေနှစ်စင်းလိုပ၊ ထွေထွေလင်းပါတဲ့ တေဇာရောင်။ မြို့ရန်ကုန် ပြည်တော်ကြီးမှာ၊ ညီးထိန်လက်ပြောင်(လေ့)။ မြင်းမိုရ်တောင်၊ ညီနောင်ငဲ့ပုံနှုန်း။ မြတ်မန်လည် လယ်တီ ဖျားငယ်၊ များသိ ပြည်လုံး။

၃။ ကရုဏာ ထွေထွေပွားပါလို့၊ ဝေနေများကိုတဲ့ သနားညှာ။ အနယ်နယ် ဒေစာလှဲ့တယ်၊ ကြီးတဲ့ မေတ္တာ(လေ့)။ မြိုက်ရသာ၊ သစ္စာ မြတ်ရေချမ်း။ အေးမြစေ မြန်တရီး၊ မိုးကဲ့သို့ ဖျန်း။

၄။ ရှေးကုသိုလ် ပရံပရငယ်တို့၊ ထမ္ဘက ကြုံလို့နော်။ နှစ်ပါးစုံ မထေရ္ဘူးကို၊ ဖူးမြင်ခွင့်ပေါ်(လေ့)။ အကျိုးကို မျှော်၊ နှိုးဆော်ငဲ့ မိတ်အများ။ စေတနာ သဒ္ဓါပန်းကို၊ လန်းဆင့်ဆင့်ပွား။

၅။ ဝဲ-လက်ယာသမ္မာရှိပါတဲ့၊ ရှင်သာရိ(ငယ်တဲ့)ပုတ္တရာ။ မောဂ္ဂလာန် ရှင်နှစ်ပါးလို၊ များစိတ်ထင်ကာ(လေ့)။ ရှိပန်ထွာ၊ လိုရာပ ဆုတောင်း ။ ဤစိတ္တံ မှန်သမျှကို၊ လုံးဝပြည့်ကြောင်း။

ကဗျာ့မဥ္ဇရီ

WWW.DHAMMARANSI.COM



## စာထောင့် လေးချိုးကြီး

ဂမုန်းအင်ပမာ နုရှာတဲ့ အသားဟာမို့ အဆုံးကြင်စရာ ကရုဏာထားသင့်ပါရဲ့၊ သမုဒ္ဒာ တပါးငယ်က စိန်ရတီပမာ၊ ပြဒ္ဒါဘမရာဘွား, စုကညာတစ်ပါး, အညှ အခရာ များပါတဲ့– သင်္ဂီရတနာ ။ ။

သြော် ...မျက်တောင်ကော့ကလေးရယ်နှင့်၊ မက်အောင်ချော့ ချော့ပြီး၊ ရက်ယောင်နှင့် ကမျော့ရှာတဲ့ အခရာ အပလီနှင့်၊ အမရာ မဒီ သမ္မုလတို့လိုပ၊ စံတူမျှစရာ ပါရမီအဟုန်နှင့်၊ ဇာကတီဖုံ, သိကြား ကမ္ဗလာ အခင်းဆီက၊ စကဝါ သရဖီ အင်္ဂ တပါး ကညာယမင်းငယ်၏၊ လျှာဝစီအဆုံမှာ ပျားသကာ ဆင်းတော့မလို၊ သင်းပေါ့ မာလာပါကိုလေ၊ (သန်းသန်းရယ်) ညှင်းပျော့ဝါစာ။ ။

သြော်... နုတော့မှ နုတတ်လေခြင်း၊ ဥပပ္ပါသန္ဓေမို့လို့၊ ကန်ရေ ကြည်ကြည် ကြာပင်မှာ ဖွားရော့ထင့်၊ စံဆွေမဒီ အာသကာ် အလားကဲ့သို့၊ အရွယ်ဆပါလျှင်၊ စပယ်မြ ရတနာ အသားပေပ၊ တကယ်လှရှာတယ် မယ်ပဘာ မခြားပေဘူး၊ အလယ်နဘော့အဇင္ဍါမှာ ကြယ်လရတနာ သွားသလိုမို့၊ အရပ်ခါတ်နှစ်ဆိုင်ကို အဟုတ်အဟတ် ပြိုင်လျက် ထားသလိုပ၊ ကုမုဒ် နဝရတ်လှိုင် နွဲ့တပါးကိုဖြင့် မတုမဘက်သာ၊ ဇမ္ဗူလကျာမှာဖြင့် ဓမ္မတာအထုံများ၊ အနုအခက်တွေ ဖြာပါတဲ့ စကဝါင် အသား၊ သူ့ထက်သာတာဖြင့် ကာမဘုံမှာ ရှား၊အညှ အမြွက် ခရာဏာကတော့လဲ သကာမခုံပျား။ ။

သြော်...သည်သင်းကလေး မက်မိတာကြောင့်၊ ရည်ရင်းလဲ မရှက်နိုင်ဘု၊ လည်ပင်း အထက်မှာ စံပယ်တင်နှင့်၊ မရယ်မရွှင် ညှို့အမူနှင့် ပြုံးတတ်သူရဲ့၊ တကယ်ပင် ပျို့လူချုံး လှပါပေါ့၊ သဇင်ပန်းခက်ရွှေ အလယ်ညှာကို– တမင်သရမ်းပြီး လက်တွေ နယ်ကာ မှုံးသလိုပ၊ ကွေကွင်းရှာသူရယ် နေညှင်း စကဝါကုံးကဲ့သို့၊ ပြုံးပြုံးကြီးနှင့် တပိုက်တပွေ့ ချောတဲ့သူမို့၊ (အမယ်မင်း)နုံးနုံးပြီး အရှိုက်ခွေလို့ မောလှချေရဲ့၊ သြော်...ဒုက္ခ တေ ဘုမ္မက တဏှာ သမုဒယော ဘဝေးဟာမို့၊ ကျုပ်က ဆွေးစမြို့ပြန်တယ် ကညာအနုအချောကို တွေးတွေးပြီး မအေးရနိုင်ဘဲ၊ ကလေးနှမငယ်က တရေးရေး ခဏခဏ အဆွေးဆွဆွနေတာမို့၊ (သန်းသန်းရယ်) ငေးတတကြီး မှိုင်၍ နေရပါတကား။

ကဗျာ့မဥ္ဇရီ

WWW.DHAMMARANSI.COM



## နှုတ်ခွန်းဆက် လေးချိုးကလေး

မခွဲချင် မနေသာတဲ့ အကြောင်းဟာမို့၊ အမြိုင် အရှေ့ကြာကြာ မပေါင်းရပါကလား၊ (ဆရာလေးရယ်) ရေဇလာချောင်းမှာတဲ့ သေလိုက်ချင်။ ။

ဩော်... နှစ်ကိုယ်ဖြင့် ဝေးကြပေါ့၊ကျမ–တင်ပိုနှင့် ဆွေးလှချေရဲ့၊ ဟိုရှေးသံသရာက၊ ကံနှစ်ဖြာ ဘယ်ဆုတောင်းပါလိမ့်၊ စုပေါင်းကာ အတူတူပေါ့၊ မငြူစူ တယောက်တယောက် အကျိုးကိုဖြင့်၊ သည်ပိုးကာ ကူညီလို့ ဖြေ့ခဲ့တယ်ရှင်... တွေ့စကခင် ။ ။

မလိမ်ပေါင် အမှန်စကားပါဘဲ၊ ပုသိမ်တောင် ပြန်မသွားချင်ဘူး၊ ကံတရားကိုတော့ အသဲနာကျင်၊ မခွဲမခွာချင်ဘူး တမြို့ကိုအသွား၊ (သိရိလေးရယ်) အမြဲထာဝစဉ်ပေါ့ နှစ်ကိုယ့် တစ်ကိုယ် မခြား။ ။

မှာခဲ့ပါတလေလေ့၊ စာနဲ့ မကြာကြာပေါ့၊ မာမာသာသာရှိတဲ့ အကြောင်းကိုဖြင့်၊ စုပေါင်းကာ ကိုယ်တိုင်ရေးပါလို့၊ ပေးဘို့ရန် ဆရာမမေ့ပါနှင့်၊ ယနေ့ပင် သွေ့ခွာရမှာမို့၊ ကာယ ဝစီကံနှင့်၊ မသဒီရန် စိတ်လွန်ကျူးပါတဲ့၊ တင်ဘူးလျှင် ထိုအပြစ်ကိုတော့၊ ချစ်ရင်း စေတနာသန်လို့၊ ကျေပါရန် သုံးကြိမ်ကန်တော့ပါရဲ့၊ အားလျှော့ကာ မနေခဲ့ပါနှင့်၊ မှာသင့်တာ တွေကို–စာနှင့် မကြာမကြာ ခွေလို့ ထဲ့မယ်ဘုရာ့...၊အမယ်မင်း...အချိန်မတဲ့လို့ ရုတ်တရက် ခွာကာ သွားရပေါ့၊ (ဆရာလေးရယ်) ပုသိမ်အနွဲ့၏ နှုတ်ဆက်လွှာပါဘုရား။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

**တောအထပ်ထပ် တောင်အရပ်ရပ် မြောင်လျှိုမလပ် ထွက်ရပ်စခန်းကိုသာ မျှော်မှန်း တောင့်တလျက်ရှိသော တပည့် မောင်ပန်းမောင်အတွက် အချက်ကျစွာ ရေးသားပေးသော**

## ချစ်သမျှကို အလိုက် သံဝေဂ ပတ်ပျိုး

ဒုက္ခသစ္စာ၊ မဟာမြင်းမိုရ် ရှုံးရတော့လေး။ သမုဒယသစ္စာ၊ ကမ္ဘာသင်္ချေ ဆုံးနိုင်ဘူလေး။ ဘယ်မန္တလေတော့နိုင်၊ အိုခြင်း သေခြင်း မြိုပိုင်ပိုင်။ ဆဲ့နှစ်ဆိုင် စက်ပြိုင် ဆုံလည်နွှားလိုပလေး။ မထွက်နိုင်၊ ဇက်ကိုင်စုံညီ ထားနိုင်ပေ့လေး။ ဘဝဆက်ကယ်က၊ အနမတဂ်စေ့ရေ၊ ရှည်ပါဘိ ခုတိုင်လေ။ သည်အခြေ၊ ခိုင်လေခိုင်လှငြား၊ မူရင်းမူရင်းနှစ်ပါး။ ပျက်မပြား၊ အိုနာသေ ဆက်တိုင်းဝယ်သွား။ မနားလေ ရှိစေကြောင်း၊ ခါခါလှည့်–ဇာတိပြောင်း၊ သေပြန် ရှင်ပြန်၊ တပြောင်းတည့် တပြန်ပြန်။ ။အတန်တန် ရှင်သေ ရှင်သေ၊ ဖြစ်မြဲရယ်တဲ့ ဖြစ်မြဲမှန်မသွေ။ ဖြစ်နေလို့ မကုန် မကုန်၊ ပျက်နေလို့ မကုန်မကုန်၊ ဖြစ်မကုန် ပျက်မကုန်၊ နိမ့်တုံ မြင့်တုံ ဘဝပေါင်းငယ်၊ ပေါင်းငယ်အစုံ။ ။ သုံးဘုံထောင် အတွင်းလေတည့်မှ ခြေကျဉ်း ဆယ်စင်း ခတ်တော်မူ။ ဘယ်မရုန်းနိုင်တော့သာ၊ တဖေမှာ ချည်ရှော့ရဲ၊ ဖြေခဲလှ လွတ်နိုင်ပါ။

ကဗျာ့မဥ္ဇရီ

WWW.DHAMMARANSI.COM



ဟောမန္တရတု နှင်းဥဝေလျှံ လေပြန်ဆော်သွေး လွန်စွာချမ်းအေးသော ဆောင်းဥတုရာသီမို့ ဇာကတိ စက်ရာဘေးဆီက မျက်နှာကလေး မြင်လိုက်သလိုနှင့် ဘဝင်လှိုက်ဖို လေပြည်ခပြန်တော့ ဖြေဆည်မရ တကိုယ်တည်းမို့ အပျိုကြီးတို့ အပျင်းပြေဆိုလေ့ရှိသော

## ဖော်မစုံ ဆောင်းညှို့ ဘောလယ်

၁။ ငွေနှင်း ဝေလျှံ-ဝေလျှံ၊ လေ-လေပြန်သွင်းပါငို့၊ ဟော- ဟောမန်တွင်းဟာမို့၊ စက်ယင်းပွေ။ ယုယနွဲ့ကာ-ဖဲဇာအုံးမှာလေ... ဘုန်း သိပ်လှဲ့ဖေ။

၂။ မြတ်လေးဆီ ဖျန်းပါတဲ့၊ တိုက်ခန်းဘွေ၊ ပိုက်စမ်းလေဖျင့်သူတပါး၊ နွဲ့မူစကားရယ်နှင့် မေမွှြက်သော်။ သားမွေးညဥ့်ရုံ၊ တူခြုံထွေးတယ်လေ... မေးမေ့လို့ပျော်။

၃။ မြင်လာစမ်းပါလှဲ့၊ ဆောင်ခန်းပေါ်၊ ယောင်ယမ်းခေါ်ပါလို့၊ ပွေပွေဆွေး၊ လေ-လေပြေသွေးပြန်တော့၊ ကိုယ်ရေးကြုံ။ ငွေနှင်းဝတ်ရည်၊ ဆွတ်ကြည်ဖျန်းတယ်လေး... ချမ်းစိမ့်လို့တုန်။

၄။ ဟော-ဟောမန်လွှဲပါပေါ့၊ နွဲ့ခွင့်မကြုံ၊ ဖဲညဥ့်ရုံကိုလ၊ ဆင်ခြုံလွှမ်း၊ သဥ်ဖုံကွန်းမှာလ၊ လွှမ်းစိတ်ဖြာ။ ဖော်ကွေသူ ဖန်ဖန် ဆွေးအောင်လေ-အေးတတ်ပေရာ။

•••••••••••••••••••••••

## မိုးညှို့ ဂစ်ဆယ်ပေါ် တေးထပ်

တိမ်ပြာ-မိလ္လာ-စိန်ဇာတန့်၊ ချိန်ခါဝသန့်- သည်အခါ၊ သိင်္ဂါပြတန့် ကတီပါလို့၊ ကလီကမာ ညိုရောင်တန်း။ လေပင့်ချွေထင့်-ကြွေချင့်-ချင်ငယ်၊ ဝေဟင့်တခွင်-ညိုမည်း မှောင်လို့သန်း။ စိန်သားတောင်ထွင့် မဟူရာလို့၊ မူကာ-ယူကာ-ပျံ့ငှာဆန်း။ ဖြူပြာတူစွာ ရှုကာပန်းနှင့်၊ သူဇာနတ်နန်းဘုံတခွင်။ နဝရတ်ရောင်ခြည်ထွက်ပျံ့ကွန့်၊ သက်တန်အညွှန့်- ရစ်ဝိုင်းဖြာလို့ဆင်။ ခိုးရိုန့်-ဖြိုးလိမ့်-မိုးတိမ့်တခွင်မှာ၊ ဂျိုးဂျိမ့်သံငင် ထံတျာရင့်လို့၊ လမ္ဘရာထင့်- ခြိမ့်သံ့နစ်ခါတောင်၊ သိမ်းနဲ့ ဝဋ္ဋာဘောင်။ သီတာ မြှောင်စမ်း, ဂီဝါရောင်လျှမ်း, နီလာတောင်တန်း ညိုလဲ့မှောင်သလို၊ ပြုံမဲ့အရောင်- ရစ်ဝိုင်းဆင်လို့လေး။

ကဗျာ့မဥ္ဇရီ

WWW.DHAMMARANSI.COM



**"ကျမ်းဂန်များ၌ လာသော မိန်းမမြတ်တို့၏ လက္ခဏာများ"**
**အဆင်းလှခြင်း၊ အတွေ့ကောင်းခြင်း၊ ကိုယ်အငွေ့ကောင်းခြင်း၊ အနံ့ကောင်းခြင်း၊**
**အိပ်ရာမှ ရှေးဦးစွာ ထခြင်း၊ နောက်ချန်၍ အိပ်စားခြင်း၊**
**အမှုရှိတိုင်း၊ ပန်ဆိုမြွက်ကြားခြင်း၊ လင်ယောကျာ်း နှစ်သက်ဖွယ်ကိုသာ ကျင့်ခြင်း၊**
**မိမိလင်မှတစ်ပါး အခြားသောယောကျာ်းတို့၌ စိတ်မှ မပြစ်မှားခြင်း၊**
**ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊ ပြုံးခြင်း ရှေးရှိသော စကားကို ဆိုခြင်း၊**
**ဤသို့ ကိုယ်အမူအရာ ကောင်းခြင်းလက္ခဏာ၊ နှုတ်အမူအရာ ကောင်းခြင်းလက္ခဏာ**
**ရှိသော မိန်းမမြတ်တို့နှင့် စပ်လျဉ်း၍ ရေးသားသော ကျမ်းဂန်လာ**

## မိန်းမမြတ် ဘောဓိ

လှရုပ်သွင် ဆန်းမူလ၊ စန်းရူပ မြတ်စွာ၊ ငွမ်းတူလ ဖသာ၊ နတ်ကညာ အသွေး။ နွေဂိမ္ဘ အငွေ့ခံလျှင်၊ ရေ့သဏ္ဍာန် ချမ်းမြလို့အေး။ ဟေမန္တပြောင်းအလာ၊ ဆောင်းအခါ ကိုယ်နွေး။ ကောင်းသာမာ ဂုဏ်သူဌေးဟာမို့၊ ကြုံသေးက မက်ရန်။ လင့်အရင် အစောထပါလို့၊ သဘောကျ ကျင့်တတ်လေပြန်။ ။ အိပ်စားမှု နောက်ချန်တယ်၊ ကြောက်ဟန်လို ထံပါးက၊ ပန်ကြားလျက် ပြုံးလေ့ဝါစာ၊ သုံး၍သာယာ။ လင့်ပြင်ဖြင့် မကြည့်ရာသည်၊ ဘရိယာ ခေါင်ဆုံးပလေး။ ။

ကဗျာ့မဥ္စရီ

WWW.DHAMMARANSI.COM



ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာမြေအပြင်မှာ
ပြိုင်ယှဉ်ဘက်မရအောင်အလွန်တရာ ကြီးကျယ်လေသည်၊
ကမ္ဘာလှည့်လည်လာကြသည့် နိုင်ငံခြားလူအမျိုးမျိုးတို့က
တန်ခိုးကြီးသော စေတီတော်မြတ်ကြီးကို ဖူးမြင်ရသည့်အခါ
အလွန်တရာ အံ့သြကြသည်၊ လူ့ပြည်တွင်မက နတ် ပြည် ဗြဟ္မာ့ပြည်များ၌
ရှိတော်မူကြသည့် စူဠာမဏိစေတီ ဒုဿစေတီတို့ကဲ့သို့
သံ့,ဂုံ့,ပ,မ,ကမ္ဘာ့သရဖူ ဘုရားရှင် လေးဆူတို့၏ မွေသရီ စေတီ ပုထိုး
တန်ခိုးတော်အရှင် ဖြစ်၍ သုံးဆယ့်တစ်တိုက်အငှမှာ မကိုင်ရှိအဆူဆူတို့၏
ဦးညွှတ်ဝပ်တွားရာ ဖြစ်ကြောင်း ဖွဲ့နွဲ့ချီးကျူး၍ အထူး ရေးသည့်

## ရွှေတိဂုံစေတီတော် ဘုရားရှင်ညွှဲ့

## ရှစ်ဆယ်ပေါ်တေးထပ်

တိမ်စစ်ဗျူဟာသေနင်္၊ ဝေဟင်္ဂမ– လိမ်ရှုပ်ဆင်၊ မြေပြင် ပဝရ သိင်္ဂုတ်တခွင်မှာ၊ စိန်မုတ် ဒရင် ရောင်ဝါလျှမ်း။ စုလစ်မွန်းချွန့် ပြာသာဒ်ဆောင်မှာ၊ နဝရတ် အရောင် ထိန်ညီးလျှံလို့သန်း။ သံ့,ဂုံ, ပ,မ, လေးပွင့်စာငယ်၊ ရေးစဥ့်အလာ–ခရာတန်း။ ကြွေးရင့်မဟာဗြဟ္မာနန်းက၊ ဝဠာနခမ်း သိမ့်သိမ့်ခုန်။ ဒုဿစေတီ, စူဠာတမျှ၊ ထူပါဝရ– မြတ်ဘုရား ရွှေတိဂုံ။ ပူဇာရဟာ မြေကြီးတုန်အောင်၊ ရေမီးအစုံ–တောက်ပြောင်ပွင့်လို့၊ ခြောက်ရောင်သခင့် ဖြာကွန့် နေမတူ၊ ညာကျွန့် ဘွေဇမ္ဗူ။ ရွှေသားတောင်ထွတ်–မြေက ပြူသလို၊ ဒေဝမရူ–ရှိဦးဆင်လို့လေး။ ဘုံသုံး ဆယ့်တစ်တိုက်အငှမှာ၊ မကိုင်ရှိဆူဆူ ဝပ်လျှိုးရာပလေး။

ကဗျာ့မဥ္ဇရီ

WWW.DHAMMARANSI.COM



## သံပေါဂ ရတုပိုဒ်စုံ

၁။ **ချစ်ခြင်းပီယာ။** ။မိုးတောက်ဖြာမူ၊ ဇျာပါသောက၊ အခိုးထ၍၊ ကာမအာရုံ၊အမှိုက်ပုံဟု၊ တောချုံတောင်ကုံး၊ လေတိုက်တုန်းဝယ်၊ ဟုန်းဟုန်းငြိစွဲ၊ တောက်လျှံကဲသို့၊ ဒြိမ့်သဲဆူညံ၊ လောကခံဝယ်၊ အာရမ္မဏ၊ ဖြားယောင်ပြသား၊ ရူပပုံသွင်၊ အမွှန်းတင်နှင့်၊ အပြင်ပန်းစု၊ ချစ်စိတ်လုသော်၊ ဝတ္ထုငါးဆင့်၊ တဏှာပွင့်က၊ ကောင်းကင့်လောင်မီး၊ တောက်မပြီးသို့၊ တားဆီးမရ၊ အဇ္ဈတ္တနှင့်၊ ပြင်ပနှစ်ဖက်၊ မီးလျှံရှက်သည်။ **ချစ်စက်ဝိုင်းကာ လည်တော့၏။**

၂။ **မြစ်မင်းသီတာ။** ။ပုံပမာတည့်၊ ကာမောဃကြီး၊ လှိုင်းဒီးဒီးဖြင့် စီးတသွန်သွန်၊ ခြောက်စင်းပြွန်နှင့်၊ တံခွန်ရေကျ၊ ဝဲပွက်ထသော်၊ တရော့ရှစ်စင်း၊ မြစ်ခပင်းလည်း၊ ထန်ပြင်းကိုယ်စီ၊ ယက်ပန်းချီလျက်၊ ထိုဉာဏ်နံ့ပြား၊ စီးဆင်းငြားက၊ ရေသားရေသူ၊ ပမာတူဖြင့်၊ နတ်လူ တင်းကြမ်း၊ နပွကမ်းတို့၊ ပြုံးပြွမ်းပြည့်သိပ်၊ ငါးနှင့် လိပ်တို့၊ ဝိပွကိဏ်စုံ၊ ပျော်မြူးခုံလျက်၊ အာရုံလိုက်စား၊ ရှည်မျော်ပါး၍၊ ပြန့်ပွား စဉ်ဆက်၊ ဆင်းရဲ စက်သည်။ ။**နှစ်သက်တိုင်းသာ စည်တော့၏။**

၃။ **ရှစ်စင်းညီစွာ။** ။ဖြူဝန်းကာသည့်၊ သောတာပတ္တိ၊ အစရှိသား၊ အရိယာဝင်၊ မဂ်ပလ္လင်သို့၊ လက်တင်ငြိမ့်လေး၊ မစံသေးမူ၊ ညစ်ကြေးတဏှာ၊ လက်အောက်မှာလျှင်၊ ပညာမလင်း၊ အမှန်ကင်းလျက်၊ လက်တွင်း သူ့ကျွန်၊ အာဏာဝန်ကို မလွန်နိုင်ငြား၊ ဖောက်ပြန်အားကြောင့်၊ အမှားကိုပင်၊ အမှန်ထင်၍၊ ပြင်ပြင်ဆင်းရဲ၊ ဒုက္ခခဲကို၊ ဉာဏ်ဘဲချမ်းသာ၊ မြိန်ရှက်စွာဟု၊ သာယာနှစ်လို၊ လင်းတအိုသို့၊ ထိုထိုဝတ္ထု၊ အပုပ်စုတွင်၊ မြုပ်လုနီးနီး၊ ဘေးဖိစီးလည်း၊ မငြီးငွေ့ရက်၊ လွန်စုံမက်သည်။ **ယစ်လျက် ရိုင်းတာ ရှည်တော့၏။**

ကဗျာ့မဠ္ဌရိ

WWW.DHAMMARANSI.COM



"တပင်ရွှေထီး ကေတုမတီရွှေနန်းကို
သိမ်းမြန်း စိုးစံတော်မူကြောင်း
ရှစ်လုံးဘွဲ့"

## "မြန်မာကဗျာ"

၁။ သီဟကြငှန်း–ရွှေနန်းမဏ္ဍိုင်၊
ရှစ်ဆိုင်ဖြူထီး–ထူပြီးအပြိုင်၊
ဘွေသဖန်းနှင့် ရေဖျန်းချိန်တိုင်၊
ရာဇာဓိ–သာကီထွင့်ဖူးခိုင်။
၂။ ဘုန်းကံဆော်နှိုး–တန်ခိုးလျှံထိန်၊
ထူးမကြံဘဲ–တောက်မြဲအရှိန်၊
မကိုင့်ဆောင်းလို့–ရိုက်ညောင်းရာဇိန်၊
ကုသိုလ်ပေး–အရေးရောက်ဖို့ချိန်။

ကဗျာ့မဥ္စရီ

## သတိပေးရှစ်လုံးဘွဲ့ကဗျာ၊

(က) မှောက်မှားပျက်စီး ချိန်နည်းလေသော်။
ကံကြမ္မာဆိုး–အနှိုးအဆော်
မြင်မှောက်မှားလို့–ဖောက်ပြားတိမ်းချော်
ဉာဏ်ညွှန့်တုံး–မှောင်ဖုံးခံရနော်။
(ခ) ကောင်းစေလိုငြား–ညွှန်ကြားလုံးစုံ။
အကျိုးလိုလား–စကားမယုံ။
ပျက်စီးဘို့ရေး–ဆောင်သွေးလေတုံ။
နှစ်ချိုက်အား–လိုက်စားလေတဲ့ပုံ။
(ဂ) ရေးကံအဟောင်း–ပျက်ကြောင်းတိုက်ဆိုင်
ကယ်မ,လိုငြား–နတ်များမပိုင်။
တိမ်းချော်ချွတ်လို့–ညွတ်ညွတ်ယိုင်ယိုင်။
ကံဖန်တီး–ပျက်စီးရာသို့တိုင်။

ကဗျာ့မဥ္စရီ

WWW.DHAMMARANSI.COM

# စိတ်ဓာတ်မူရင်းအကြောင်း

**အာရမ္မဏဝိဇာနန လက္ခဏံစိတ္တံ။**

**စိတ္တံ**- စိတ်သည်၊ **အာရမ္မဏဝိဇာနန လက္ခဏံ**-အာရုံကို သိခြင်း လက္ခဏာရှိ၏။ ဤသို့ ဆိုသော သဘောအလိုအားဖြင့် စိတ်ဓာတ်သည် အမြဲပင် အာရုံကို သိ၍ နေသည်။ အာရုံနှင့် မကင်းဟူ၍ ဆိုလိုသည်။

**ပဘဿရမိဒံ ဘိက္ခဝေစိတ္တံ။**

**ဘိက္ခဝေ**- ချစ်သား ရဟန်းတို့၊ **ဣဒံစိတ္တံ**- ဤစိတ်ဓာတ်သည်၊ **ပဘဿရံ**-ပြိုးပြိုးပြက်ပြက်၊ တလက်လက် ထိန်လင်း၍ နေ၏။ ဤပါဠိတော် အလိုအားဖြင့် စိတ်ဓာတ်၏ မူရင်းသဘောသည် ပြိုးပြိုးပြက်ပြက် အရောင်ထွက်၍ နေသည်ဟု ဆိုလိုသည်။ ထိုစိတ်ဓာတ်ကို ပဏ္ဍရ-ဟူ၍ ဆိုပြန်သောကြောင့် ဖြူစင်၍ နေသည်ဟူ၍လည်း မှတ်ယူအပ်ပေသည်။

**ဖန္ဒနံ စပလံ စိတ္တံ၊**

**ဒုရက္ခံ ဒုန္နိ ဝါရယံ၊**

**ဘိက္ခဝေ**- ချစ်သားရဟန်းတို့၊ **စိတ္တံ**- စိတ်ဓာတ်သည်၊ **ဖန္ဒနံ**- တဖိမ့်ဖိမ့် တုန်၍ နေ၏။ **စပလံ**- တလှုပ်လှုပ် တလှက်လှက်နှင့်၊ ယောက်ယက်ဆန်ခတ်၊ တဖျတ်ဖျတ် လျှပ်ပေါ်၍ နေ၏၊ **စိတ္တံ**- စိတ်ဓာတ်သည်၊ **ဒုရက္ခံ**-တည်ငြိမ်အောင် စောင့်ရှောက် ခြင်းငှာ လွန်စွာ ခဲယဉ်းလှ၏၊ **ဒုန္နိဝါရယံ**- တားမြစ်၍ ဆုံးမခြင်းငှာလည်း လွန်စွာ ခဲယဉ်းလှ၏။

ဤပါဠိတော် အလိုအားဖြင့် စိတ်သည် အလွန် တုန်လှုပ် ချောက်ချား၏။ စောင့်ရှောက်ခြင်းငှာ တားမြစ် ဆုံးမခြင်းငှာ လွန်စွာ ခဲယဉ်းသည်ဟု ဆိုလို၏။

ထို့ပြင်လည်း စိတ်သည် လွန်စွာ ဆန်းကြယ်၏။အလွန်ဆန်းကြယ်သော ဆေးရောင်စုံကားကြီးနှင့် တူ၏။ စိတ်သည် နှလုံးတည်းဟူသော လိုဏ်ဂူအတွင်း၌ အောင်းနေသော်လည်း အစဉ်မပြတ် အဝေးသို့ ထွက်၍ ကျက်စားလေ့ ရှိ၏။ စိတ်သည် မကောင်းမှု၌ ပျော်ပိုက်လေ့ ရှိ၏။ စိတ်သည် လောကကြီးကို ဖန်ဆင်း တည်ထောင်၍ နေ၏။ ဤသို့ စသောအားဖြင့် စိတ်နှင့် စပ်လျဉ်း၍ ဟောကြားအပ်သော ပါဠိတော်အချက်တို့သည် လွန်စွာပင် များလှပေသည်။

နာမ်ခန္ဓာလေးပါး ရှိရာတွင် ဝိညာဏက္ခန္ဓာဟုဆိုအပ်သော စိတ်သည် ကြွင်းသော ခန္ဓာသုံးပါးတို့ကို အုပ်စိုး၍နေသော နာမ်ဘုရင်ကြီးတစ်ဆူလည်း ဖြစ်တော်မူသည်။ ထိုစိတ်ဓာတ်ကို ယဉ်ကျေးအောင် မဆုံးမနိုင်လျှင် အနမတဂ္ဂသံသရာ၌ များစွာသော အကျိုးမဲ့တို့ကို ဖြစ်ပွားစေ၏။ စိတ်ကို ယဉ်ကျေးစွာ ဆုံးမနိုင်ပါလျှင် ကြီးကျယ်သော အကျိုးတို့ကို ထွန်းကားစေနိုင်သည်။

ဆုံးမခြင်းတကာတို့တွင် မိမိစိတ်ကို နိုင်အောင် ဆုံးမခြင်းကို အမြတ်ဆုံးဟူ၍ ဆိုသည်။ ဆုံးမခြင်းအားဖြင့် ယဉ်ကျေးသည်၏ အဖြစ်သို့ စိတ်ဓာတ် ရောက်သွားပါလျှင် ချမ်းသာအမျိုးမျိုးကို ပြီးစီးစေ၍ သိဒ္ဓိအလုံးစုံ အကုန်ပေါက်လေတော့သည် ဟူ၍ ရှင်တော်ဘုရား ဟောကြား ဆုံးမတော်မူသည်။

WWW.DHAMMARANSI.COM



**စိတ္တဿ ဒမထော သာဓု၊**
**စိတ္တံ ဒန္တံ သုခါဝဟံ။ ။**

**ဘိက္ခဝေ**– ချစ်သား ရဟန်းတို့၊ **စိတ္တဿ**– စိတ်ဟုခေါ်အပ်သော နာမ်ဓာတ်အလုံးကို၊ **ဒမထော**– အညစ်အကြေး အခိုးအငွေ့ကင်း၍ ယဉ်ကျေးခြင်းသို့ ရောက်အောင် ဆုံးမခြင်းသည်၊ **သာဓု**– အကောင်းဆုံး အမြတ်ဆုံးပေတည်း။ **စိတ္တံ**–စိတ်ဓာတ်သည်၊ **ဒန္တံ** – ပြော့ပြော့ပျောင်းပျောင်းနှင့်၊ ကောင်းကောင်းကြီး ယဉ်ကျေးလေသည်ရှိသော်၊ **သုခါဝဟံ**– အမျိုးစုံသိဒ္ဓိ ပေါက်၍၊ ချမ်းသာ အဆင့်ဆင့်သို့ ရောက်အောင် ရွက်ဆောင်နိုင်လေတော့သတည်း။

စိတ်ဓာတ်သည် ဖြူဖြူစင်စင် ပြိုးပြိုး ပြက်ပြက်ရှိ၏–ဟူ၍ ဟောတော်မူခြင်းမှာ အကုသိုလ်စေတသိက် အညစ်အကြေးတို့နှင့် တွဲယှဉ်ခြင်းမရှိဘဲ သမ္ပယုတ္တ ဓမ္မ လွတ်ကင်း၍ ရှင်းရှင်းလင်းလင်း စိတ်ဓာတ်တခုတည်း၏ သဘောကို ဟောတော်မူလိုရင်း ဖြစ်ပေသည်။ ထိုစကား မှန်၏။ စိတ်ဓာတ်သဘောသက်သက်မှာ လွန်စွာ ဖြူစင်၍ ပြိုးပြိုး ပြက်ပြက် ရှိသည်။

စိတ်သည် လှုပ်ရှား၏။ မငြိမ်သက် ဆိုသည်မှာလည်း ဥဒ္ဓစ္စ စသောတရားတို့နှင့် တွဲဖက်၊ မငြိမ်မသက် တလှုပ်လှုပ် တလှက်လှက် ဖြစ်ပုံကိုရည်၍ ဟောတော်မူလိုရင်းဖြစ်ပေသည်။ စိတ်ဓာတ် သက်သက်မှာ လှုပ်လှက်ခြင်းသဘော မရှိပေ။

စိတ်သည် အလွန် ဆန်းကြယ်၏–ဟူ၍ ဟောတော်မူရာ၌ ဘယ်အာရုံမဆို ယူနိုင်သည် တစ်ကြောင်း၊ "ဝိညာဏ ပစ္စယာနာမရူပံ" ဟူသော ပဋိစ္စသမုပ္ပါဒ် သဘောအတိုင်း စိတ်ဓာတ်သည် ရုပ်အမျိုးမျိုး, နာမ်အမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သည် တကြောင်း၊ ဤအကြောင်းများကြောင့် စိတ်သည် ဆန်းကြယ်၏–ဟူ၍ ရှင်တော်ဘုရား မိန့်ကြားတော်မူပေသည်။

စိတ်၏ဆန်းကြယ်မှုကြောင့် သုံးဆယ့်တစ်ဘုံသော လောကကြီးအတွင်း သတ္တဝါ အဆန်းတကြယ်တွေ မရေမတွက်နိုင်အောင် များပြား၍ နေလေသည်။ သုံးဆယ့်တစ်ဘုံလုံး၌ ဆန်းကြယ်ပုံတွေကို ထားပါဦး။ မနုဿဘူမိခေါ်သော လူတို့၏ နေရာ ကမ္ဘာမြေကြီးပေါ်၌ သတ္တဝါတို့၏ ဆန်းကြယ်ပုံတွေကို ဒိဋ္ဌတွေ့မြင်ခြင်းအားဖြင့် ဆင်ခြင်ခဲ့ပါလျှင် အံ့သြဘွယ် မဆုံးနိုင်အောင်ပင် ဖြစ်ကြပေလိမ့်မည်။

စိတ်၏ ဆန်းကြယ်မှုကြောင့် သတ္တဝါတို့၏ သဏ္ဌာန်၊ စေတနာကံမျိုးတွေ အထူးထူး အထွေထွေ ဆန်းကြယ်ကြသည်။ ကံဆန်းကြယ်မှုကြောင့် ထိုကံ၏ အကျိုးဝိပါက်တို့လည်း မရေမတွက်နိုင်အောင် ဆန်းကြယ်ကြလေ၏။ ဆန်းကြယ်မှုတွေ မဆုံးနိုင်အောင် ရှိတော့သည်။ ဤအချက်ကို ရည်၍ ရှင်တော်မြတ်ဘုရားကြီးက စိတ်ဓာတ်ကို အလွန် ဆန်းကြယ်လှ၏ ဟူ၍ မိန့်ဆိုတော်မူခဲ့ခြင်း ဖြစ်ပေသတည်း။

စိတ်ဓာတ်သည် မကောင်းမှု၌သာ မွေ့လျော်တတ်၏ဟူ၍ ဟောကြားတော်မူခြင်းမှာ အလွန်များပြားလှသော ပုထုဇဉ်သတ္တဝါ အနန္တတို့၏သဏ္ဌာန်၌ ရှိသော စိတ်ဓာတ်အလေ့ကို ရည်၍ ဟောတော်မူခြင်းဖြစ်သည် ဟူ၍ မှတ်ယူထိုက်ပေသည်။ ပုထုဇဉ်သတ္တဝါတို့သည် များသောအားဖြင့်တက်လမ်းကို မကြဲဘဲ နိမ့်ကျသော လမ်းကိုသာ ကြဲလေ့ရှိကြသည်။ ဆန်လမ်းကို မကြဲ စုန်လမ်းကိုကြဲသည်။ ပေါ်လမ်းကို မကြဲ မြုပ်လမ်းကို ကြဲသည်၊ အကောင်းဘက်ကို မကြဲ အဆိုးဘက်ကို ကြဲသည် ဟူ၍လည်း ဆိုထိုက်ပေသည်။

အရိယာပုဂ္ဂိုလ် ဆိုသည်မှာလည်း ပုထုဇဉ်ဘဝမှ ပြောင်းလဲ၍ လာကြသော ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။ မူရင်းပကတိအားဖြင့် အရိယာပုဂ္ဂိုလ် ဖြစ်လာသည် ဟူ၍ မရှိချေ။ ပုထုဇဉ် သတ္တဝါဦးရေနှင့် နှိုင်းစာပါလျှင် အရိယာပုဂ္ဂိုလ်ဦးရေသည် မပြောစလောက် အလွန်နည်းပါးလှသည်။

စိတ်ဓာတ်သည် ပုထုဇဉ်တို့၏ စရိုက်အလေ့အလာအတိုင်း မကောင်းသောဘက်၌သာ သက်ဝင်စူးစိုက်၍ နေ၏။ အကုသိုလ် စေတသိက်တွေနှင့်သာ

WWW.DHAMMARANSI.COM



များစွာ တွဲယှဉ်၍ နေရသောကြောင့် အကုသိုလ်မှုတို့၌သာ များစွာ ပျော်ပိုက်လေ့ ရှိသည်။ မကောင်းမှု၌ မွေ့လျော်သော စိတ်ဓာတ်မှာလည်း အညစ်အကြေးပေါင်းများစွာ အလိမ်းလိမ်း အကပ်ကပ် ထူထပ်လျက် ရှိလေ၏။ ထိုအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်အောင် ဘာဝနာကိစ္စဖြင့် ဆေးကြောနိုင်ပါလျှင် စင်ကြယ်၍ ပြိုးပြိုးပြက်သော စိတ်ဓာတ်ကို ရလေသည်။ ထိုအခါ ပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေတော့သတည်း။

ဓမ္မပဒ ပါဠိတော်ကြီး၌ ရွှေကို စင်ကြယ်သည်ထက် စင်ကြယ်အောင် ဖိုဖြင့် ထိုး၍ အညစ်အကြေး ချွတ်သောနည်းကို ရှင်တော်ဘုရား ဟောကြားတော်မူသည်။ ထိုနည်းအတိုင်း မိမိတို့သန္တာန်၌ ရှိသော စိတ်ဓာတ်ကိုလည်း စင်ကြယ်သည်ထက် စင်ကြယ်အောင် အစင်ကြယ်ဆုံးဘဝသို့ ရောက်အောင် ကြိုးစားသင့်ကြပေသည်။

အညစ်အကြေး အလုံးစုံတို့မှ အကုန်ကင်းဝေးသော ရွှေစင်သင်္ဂီနိက်သည် ပြော့ပြော့ ပျောင်းပျောင်း အရောင်ကောင်းစွာနှင့် ပန်းတိမ်ဆရာ၏ ပြုလိုသမျှကို လွယ်ကူစွာ ဖြစ်စေနိုင်ဘိသည့်အလား အညစ်အကြေး မရှိ။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်၍ နေသော စိတ်ဓာတ်သည်လည်း ထိုစိတ်ကို လက်ကိုင်ပြုရသော ပုဂ္ဂိုလ်၏ အလိုသို့ လိုက်ပါလျှင် စေခိုင်းရာ ကိစ္စအမျိုးမျိုးကို ပြီးစီးလေအောင် ရွက်ဆောင်နိုင်လေသည်။ ဤကဲ့သို့ စိတ်မျိုးကို အစိုးရသောအခါ လောကီသိဒ္ဓိ ၊လောကုတ္တရာသိဒ္ဓိ အလုံးစုံကို အကုန် ပြီးစီးစေနိုင်တော့သတည်း။

စိတ်သည် အဘာဝိတစိတ်၊ ဘာဝိတစိတ်အားဖြင့် နှစ်ပါး အပြား ရှိသည်။ ထိုနှစ်ပါးတို့တွင် တစုံတခုသော ကမ္မဋ္ဌာန်းဘာဝနာနည်းလမ်းတို့ဖြင့် အလုပ်ခွင်သို့ မသွင်းဘဲ (အလေ့ အကျင့် မပြုဘဲ) မိမွေးတိုင်း, ဘမွေးတိုင်း ထားအပ်သော စိတ်ကို "အဘာဝိတ"စိတ်ဟု ဆိုသည်။ ထိုစိတ်မျိုးမှာ တစ်စုံတစ်ရာ အညစ်အကြေး ကင်းစင်ခြင်း မရှိဘဲ အညစ်အကြေးပေါင်း များစွာတို့ဖြင့် ထူထပ် လူးလဲ၍ နေသည်။ အများတကာတို့၏ စိတ်မျိုးပေတည်း။

တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းဘာဝနာ နည်းလမ်းအားဖြင့် အလုပ်ခွင်သို့ သွတ်သွင်းကာ အလေ့အကျင့် ထားအပ်သော စိတ်မျိုးကို "ဘာဝိတ စိတ်ဟူ၍ ဆိုအပ်သည်။ ထိုစိတ်မျိုးမှာ အညစ်အကြေး ပါး၍ နေ၏။ စိတ်ကို ဘာဝနာကိစ္စဖြင့် လေ့ကျင့်ဖန် များလတ်သော် အညစ်အကြေး အလုံးစုံအကုန် ကင်းဝေးပြီးလျှင် အရိယာအဖြစ်သို့ ဝင်ရောက်လေတော့သည်။

ဘာဝိတ,စိတ်မျိုးမှာ သမာဓိ အုပ်စိုးလျက် ရှိ၏။ ထားလိုသော အာရုံ၌ ထားရှိခြင်းငှာ စွမ်းနိုင်၏။ လှုပ်ရှားခြင်း မရှိ၊ အသမ္ဘိန္နဓာတ်အဖြစ်သို့ ရောက်သော သံနှင့် ပြဒါးတို့သည် မီးဟူသော ဘေးရန်ကြောင့် လှုပ်ရှားခြင်း မရှိသကဲ့သို့ သမာဓိအုပ်စိုးလျက် ရှိသော စိတ်များသည်လည်း အာရုံအမျိုးမျိုးတည်း ဟူသော ဘေးရန်ကြောင့် လှုပ်ရှားခြင်း မရှိတော့ပြီ။

ဘာဝိတ, အဖြစ်သို့ ရောက်အောင် မိမိတို့စိတ်ကို လေ့ကျင့်နိုင်သော ပုဂ္ဂိုလ်တို့သည် အခြားသာမန်ပုဂ္ဂိုလ်များနှင့် မတူဘဲ ဣန္ဒြေကြီးမားခြင်း၊ စိတ်နေစိတ်ထား ခိုင်ခံ့ခြင်း၊ စိတ်ဖြင့် ကြံစည်ရာတို့၌ လွယ်ကူစွာပြီးစီးခြင်း စသော တန်ခိုး ဣဒ္ဓိပါဒ် အမျိုးမျိုးတို့နှင့် ပြည့်စုံလေ၏။

**ဣဒ္ဓိဝိဓ**– တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း၊ **ပရစိတ္တ ဝိဇာနန**–သူတစ်ပါးတို့၏ စိတ် အကြံအစည်ကို သိနိုင်ခြင်း၊ ဤသို့ စသော အဘိညာဉ်တန်ခိုးများသည် စိတ်ကို အထူး နိုင်နင်းအောင် လေ့ကျင့်ခြင်း အလုပ်မှ ဖြစ်ပေါ်လာသော တန်ခိုး ဖြစ်ပေသည်။ လောက၌ ဆေးတန်ခိုး, အင်းတန်ခိုး,ဓာတ်လုံးတန်ခိုး မှစ၍ တန်ခိုးဣဒ္ဓိပါဒ်ပေါင်း များစွာ ရှိကြလေရာ ထိုရှိရှိသမျှသော တန်ခိုး ဟူသမျှသည် စိတ်တန်ခိုး အစွမ်းကို မီအောင် လိုက်နိုင်သော တန်ခိုးဟူ၍ တစ်စုံတစ်ခုမျှ မရှိနိုင်ချေ။ ထို့ကြောင့် တန်ခိုး

WWW.DHAMMARANSI.COM



အမျိုးမျိုးကို အလိုရှိကြပါလျှင် မိမိ၏စိတ်ဓာတ်ကို ယဉ်ကျေးခြင်းသို့ ရောက်အောင် ဂရုတစိုက် လေ့ကျင့်သင့်ကြပေသတည်း။

စိတ်ကို ယဉ်ကျေးအောင် စိတ်ကို မိမိအလိုသို့ လိုက်ပါအောင် လေ့ကျင့်မှုဟု ဆိုအပ်သော ဘာဝနာ အလုပ်မျိုးသည် သမာဓိဘာဝနာ, ပညာဘာဝနာ, အားဖြင့် နှစ်ပါးရှိပြန်သည်။ ထိုနှစ်ပါးတို့တွင် သမာဓိကို လက်နက်ပြု၍ စိတ်ကို ယဉ်ကျေးသိမ်မွေ့စွာနှင့် အလိုသို့ လိုက်အောင် လေ့ကျင့်မှုကို သမာဓိဘာဝနာ ခေါ်သည်။ ပညာကို လက်နက်ပြု၍ စိတ်ကို ယဉ်ကျေးသိမ်မွေ့စွာနှင့် အလိုသို့ လိုက်အောင် လေ့ကျင့်မှုကို ပညာဘာဝနာခေါ်သည်။

အချုပ်အားဖြင့်ဆိုသော် သမထနည်းလမ်းအားဖြင့် လေ့ကျင့်မှုကို သမာဓိဘာဝနာ ခေါ်၏။ ဝိပဿနာနည်းလမ်းအားဖြင့် လေ့ကျင့်မှုကို ပညာဘာဝနာ ခေါ်၏ ဟူ၍ မှတ်ယူရာသည်။ သမာဓိဘာဝနာကိစ္စဖြင့် စိတ်ဓာတ် ယဉ်ကျေးသည်ရှိသော် တန်ခိုးအမျိုးမျိုးနှင့် ပြည့်စုံလေ၏။ ပညာဘာဝနာကိစ္စဖြင့် စိတ်ဓာတ်ယဉ်ကျေးသည် ရှိသော် အနမတဂ္ဂ သံသရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့ တစ်ရံတစ်ခါမျှ မမြင်စဘူးသော ဉာဏ်အမြင်အထူးတို့နှင့် ပြည့်စုံလေ၏။ မဂ်ကိစ္စ ဖိုလ်ကိစ္စ ပြီးစီး၍ နိဗ္ဗာန်ကိုပင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး မြင်နိုင်လေတော့သည်။

ထိုဘာဝနာနှစ်မျိုးတို့တွင် သမာဓိဘာဝနာသည် လောကီလမ်း ဖြစ်၍ အောက်တန်းကျသည်ဟု ဆိုရ၏။ သံသရာဝဋ် ကျွတ်လွတ်စေနိုင်သည် မဟုတ်ချေ။ သို့ရာတွင် ထိုသမာဓိဘာဝနာကို အခြေခံပြု၍ ဝိပဿနာလမ်းသို့ တက်ရောက်ပြီးလျှင် တစ်ဆင့် ကြိုးစားပြန်သည် ရှိသော် ပညာဘာဝနာလမ်းသို့ ပေါက်ရောက်နိုင်ပြန်၏။ သမာဓိဘာဝနာလမ်းကို ပညာဘာဝနာ၏ အခြေခံ မူလကြီးဟူ၍ ကျမ်းဂန်တို့၌ ပြဆိုတော်မူကြသည်။

**သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။**

**ဘိက္ခဝေ**– ချစ်သားတို့၊ **သမာဟိတော**– သမာဓိသဘောဖြင့် တည်ကြည်သော စိတ်ရှိသောသူသည်၊ **ယထာဘူတံ**– ဟုတ်မှန်သော အတိုင်း **ပဇာနာတိ**– အသိဉာဏ် ပေါ်ပေါက်နိုင်၏။ ဤကဲ့သို့ ဟောကြားတော်မူအပ်သည်ကို ထောက်ထား ဆင်ခြင်ခြင်းအားဖြင့် သမာဓိသည် ပညာ၏ အခြေခံ ဖြစ်ကြောင်းကို ကောင်းစွာ သိနိုင်ပေသည်။ ထို့ကြောင့် သမာဓိဘာဝနာဟု ဆိုအပ်သော သမထ နည်းလမ်းများကိုလည်း လက်လွှတ်၍ မထားဘဲ ကြိုးစား၍ လိုက်သင့်ကြပေသည်။

ယဉ်ကျေးသော စိတ်ဓာတ်သည် ချမ်းသာအမျိုးမျိုး ရရှိအောင် ရွက်ဆောင်နိုင်၏ဟူ၍ ဟောတော်မူသော အချက်မှာ လွန်စွာမှ မှန်ကန်လှပေသည်။ လူတို့၏ သန္တာန်၌ရှိသော စိတ်ဓာတ်သည် သမာဓိ ဘာဝနာကိစ္စဖြင့် ယဉ်ကျေးခဲ့ပါလျှင် လောကီရေးနှင့် စပ်ဆိုင်သော တန်ခိုးအဖုံဖုံ ပြီးစေလျက် လောကီချမ်းသာ အမျိုးမျိုးတို့ကို ဆောင်ရွက်နိုင်သည်။

ပညာဘာဝနာကိစ္စဖြင့် ယဉ်ကျေးခဲ့ပါလျှင် အလုံးစုံသော ရုပ်နာမ်ခန္ဓာတို့၌ မမြဲမှု ဟူသော အနိစ္စအချက်ကို နက်နက်နဲနဲကြီး မြင်နိုင်၏။ ဆင်းရဲမှု ဟူသော ဒုက္ခအချက်ကို နက်နက်နဲနဲကြီး မြင်နိုင်၏။ အစိုးမရ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ဟူသော အနတ္တ အချက်ကို နက်နက်နဲနဲကြီး မြင်နိုင်၏။ ထိုသို့ မြင်ပါလျှင် အရိယာစခန်းသို့ ပေါက်ရောက်လေတော့သတည်း။

ဥပမာအားဖြင့် ဆိုသော် နွားကို ယဉ်ကျေးအောင် ဆုံးမထားလျှင် ထိုနွားသည် နွားနှင့်ဆိုင်သော ကိစ္စအရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ပြီးလျှင် ထိုက်သည်အားလျော်စွာ အကျိုးဖြစ်ပွားစေ၏။ ထို့ပြင်

WWW.DHAMMARANSI.COM



မြင်းကို ယဉ်ကျေးအောင် ဆုံးမလျှင်၊ ဆင်ကို ယဉ်ကျေးအောင် ဆုံးမလျှင် ထိုမြင်း၊ ဆင်တို့သည် မိမိတို့နှင့်ဆိုင်ရာကိစ္စတို့ကို ဆောင်ရွက်ပြီးလျှင် ထိုက်သည်အားလျော်စွာ အကျိုး ထွန်းကားအောင် ရွက်ဆောင်လိမ့်မည်။ ထို့ပြင် ရိုင်းသေးသော လူတစ်မျိုးကို ယဉ်ကျေးအောင် ဆုံးမထားလျှင် ယဉ်ကျေးနပ်နော၍ လာသောအခါ ဆိုင်ရာကိစ္စများကို အကျိုး ထွန်းကားအောင် ရွက်ဆောင်၍ လာလိမ့်မည်။

ထိုနည်းတူစွာ စိတ်ဓာတ်ကို အညစ်အကြေးကင်းရှင်းစွာနှင့် ယဉ်ကျေးအောင် ဆုံးမထားပါလျှင် စိတ်၏ အစွမ်းသတ္တိနှင့် ဆိုင်သမျှ လောကီကျိုး၊ လောကုတ္တရာကျိုးကိစ္စ အမျိုးမျိုးတို့ကို ရွက်ဆောင်လိမ့်မည်။ ယဉ်ကျေးကြီး ယဉ်ကျေးသော စိတ်ဓာတ်၏အစွမ်းသတ္တိသည် နိဗ္ဗာန်သို့တိုင်အောင် ရွက်ဆောင်နိုင်လေသတည်း။

စိတ်နှင့်ဆိုင်သော အကြောင်းအရာ သဘောသတ္တိတွေကို ရေးသားဖော်ပြခဲ့ခြင်းမှာ အခြားကြောင့်မဟုတ်ပေ။ ယခုခေတ်အခါ စိတ်ကို ယဉ်ကျေးအောင် ဆုံးမကြောင်းဖြစ်သော နည်းပေါင်းများစွာတို့နှင့် ပြည့်စုံသော ဗုဒ္ဓသာသနာတော်ခေတ်ကြီး ထွန်းကားဆဲအခါ ထိုသာသနာတော်အရိပ်ကို ခိုလှုံ၍ လူဖြစ်လာကြသောအတိုင်း သာသနာတော် အရှိန်အငွေ့နှင့် တွေ့ကြုံးနပ်ကြလေအောင် သမာဓိ ဘာဝနာကိစ္စမျိုးဖြင့်ဖြစ်စေ၊ ပညာ ဘာဝနာ ကိစ္စမျိုးဖြင့် ဖြစ်စေ၊ မိမိတို့၏စိတ်ဓာတ်ကို ယဉ်ကျေးနိုင်သော လမ်းရှိသမျှ ယဉ်ကျေးလေအောင် အစွမ်းသတ္တိနှင့် တန်ခိုးရှိနိုင်သောအတိုင်း ရှိကြစေရန်၊ အညစ်အကြေး ကင်းနိုင်သမျှကင်း၍ ထွန်းလင်း တောက်ပနိုင်သမျှ တောက်ပကြစေရန် စိတ်ဆုံးမမှုအလုပ်၊ စိတ်လေ့ကျင့်မှု အလုပ်များကို အားထုတ်စေလိုသော ဆန္ဒမျိုးနှင့် ရေးသားရခြင်း ဖြစ်ပေသတည်း။

**လယ်တီတရားသတင်းစာ၊**
**ပဉ္စမတွဲ၊ အမှတ်–၁၂၊**
**၁၂၈၉–ခု၊ နယုန်လ။ (၁၉၂၈–ခု)**

WWW.DHAMMARANSI.COM

# နိယာမငါးပါး

## တရားအချုပ်ကို ပြဆိုချက်

အမြဲဖြစ်ပေါ်နေလေ့ရှိသော သဘောမျိုးကို **နိယာမ**ဟု ဆိုသည်။

ထိုနိယာမတရားသည် (၁) ဥတုနိယာမ (၂) ဗီဇနိယာမ (၃) ကမ္မနိယာမ (၄)စိတ္တနိယာမ (၅) ဓမ္မနိယာမအားဖြင့် ငါးပါးအပြားရှိ၏။ ။

## ဥတုနိယာမ–သဘောအချုပ်

ဥတုသဘောအတိုင်း မချွတ်မယွင်း အမြဲဖြစ်လေ့ရှိသည်ကို ဥတုနိယာမ ဆိုသည်။ အေးမှု **သီတ**သဘော၊ ပူမှု **ဥဏှ**သဘော ဤသဘောနှစ်မျိုးကိုပင် **ဥတု**ဟု ဆိုသည်။ တရားကိုယ် ကောက်ယူခဲ့ပါလျှင် တေဇောဓာတ်ကို ကောက်ယူရ၏။

ထိုဥတုသည် အသက်ရှိသော သတ္တဝါတို့၏ သန္တာန်၌ရှိသော အဇ္ဈတ္တဥတု၊ အသက်မရှိသော ရေ၊မြေ၊တော၊တောင်၊သစ်ပင်၊သမုဒ္ဒရာ စသည်တို့၌ ဖြစ်သော ဗဟိဒ္ဓဥတုအားဖြင့် နှစ်မျိုးရှိလေသည်။ (အဇ္ဈတ္တ၊ ဗဟိဒ္ဓအားဖြင့် ကွဲပြားသော်လည်း ဥတုမူရင်းသဘောမှာအတူတူပင် ဖြစ်သည်။) အဇ္ဈတ္တဥတုများသည် ဗဟိဒ္ဓဥတုဓာတ်များကို လွန်ဆန်ခြင်းငှာ မတတ်နိုင်ကြကုန်။

ဥတုနိယာမအားဖြင့် အမြဲ ဖြစ်ပျက်နေပုံကို ဆိုသော် ဤကမ္ဘာလောကကြီး၌ အပျက်ကြီး နှစ်မျိုး အဖြစ်ကြီး နှစ်မျိုးရှိ၏။ ထိုလေးမျိုးကို ကမ္ဘာနှင့်ဆိုင်သော ကပ်ကြီးလေးပါးဟူ၍ ခေါ်ဆိုရလေသည်။

(က) သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ် အပျက်ကြီး နှစ်မျိုး၊

(ခ) ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် အဖြစ်ကြီး နှစ်မျိုး၊

ထိုလေးမျိုးတို့တွင် တည်ရှိ၍နေသော ကမ္ဘာကြီးသည် အဆုံးစွန် ပျက်စီးတော့မည့် အနေအားဖြင့် ဦးစွာ စ၍ ပျက်စီး မီးလောင်သည်က အစပြုပြီးလျှင် တော၊တောင်၊ရေ၊မြေ၊သမုဒ္ဒရာ အစရှိသော ကမ္ဘာအဆောက်အဦးကြီးတွေ အလုံးစုံ ပြုန်းတီးကုန်သည့်တိုင်အောင်(ဟင်းလင်းအပြင် ကောင်းကင်ကြီး ဖြစ်နေသည့်တိုင်အောင်)ပျက်စီးနေမှုကို **သံဝဋ္ဋကပ်** ခေါ်သည်။ (ပျက်ဆဲ ဆိုလို၏။)

ပျက်စီးပြီးသော အတိုင်း ဟင်းလင်းအပြင်အားဖြင့် ကြာရှည်လေးမြင့်စွာ တည်နေမှုကို **သံဝဋ္ဋဋ္ဌာယီကပ်** ခေါ်သည်။ ဤကား ကမ္ဘာကြီးနှင့်ဆိုင်သော အပျက်ကြီးနှစ်မျိုးပေတည်း။

တစ်ဖန် ကမ္ဘာသစ်တည်လာလျှင် ကမ္ဘာပြုမိုးရွာသည်ကအစပြု၍ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊နေ၊လ၊နက္ခတ်တာရာ ကမ္ဘာအဆောက်အဦးကြီးတွင် စုံလင်သည့်တိုင်အောင် ဖြစ်ပေါ်နေမှုကို **ဝိဝဋ္ဋကပ်** ခေါ်သည်။ (ကမ္ဘာဖြစ်ဆဲ၊ ကမ္ဘာ တည်ထောင်ဆဲ) ဆိုလို၏။

ကမ္ဘာအဆောက်အဦးကြီးတွေ ပြည့်စုံစွာနှင့် ကမ္ဘာမပျက်မခြင်း ရှည်ကြာလေးမြင့်စွာ တည်နေမှုကို သံဝဋ္ဋဋ္ဌာယီအခိုက်ကြီး ဖြစ်လေ၏။ ဤကား အဖြစ်ကြီးနှစ်မျိုးပေတည်း။

ဤကဲ့သို့ လွန်စွာ ကြီးကျယ်လှသောကမ္ဘာကြီး၏ ဖြစ်တုံး၊ ပျက်တုံး၊ အစုန်၊အဆန် စက်လှည့်၍နေရခြင်းသည်ကား အခြားကြောင့် မဟုတ်။ တေဇောဓာတ်တည်းဟူသော ဥတု နိယာမ၏ အစွမ်းကြောင့်သာလျှင် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောအားဖြင့် စက်လှည့်နေရခြင်း ဖြစ်ချေသည်။ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်၏ တန်ခိုးအာဏာကြောင့် ဤကဲ့သို့ စက်လှည့်နေခြင်း မဟုတ်ချေ။ ဥတုနိယာမ၏ အစွမ်းသည် ဤမျှလောက် ကြီးကျယ်၏။

WWW.DHAMMARANSI.COM



ထို့ပြင် ဝိဝဋ္ဋဋ္ဌာယီကပ်ကြီးအတွင်း၌ လူတို့၏အသက်တမ်း ဆုတ်တုံ၊ တက်တုံ၊ နိမ့်တုံ၊ မြင့်တုံ စက်လှည့်၍ နေသော စက်မျိုးတွေလည်း ရှိပေသေးသည်။ ထိုကပ်ကို **အန္တရကပ်**ဟု ခေါ်၏။ အသက်တမ်း တိုးတက်သောကပ်ကို **အာယုဝဍ္ဎနကပ်**ခေါ်၏။ အသက်တမ်းဆုတ်ယုတ်သောကပ်ကို **အာယုဟာယနကပ်** ခေါ်၏။ ထိုသို့ အန္တရကပ်တွေ ဖြစ်၍နေခြင်းသည်လည်း ကမ္ဘာပေါ်၌ တည်ရှိသော ဥတုဓာတ်၏ အစွမ်းကြောင့်ပင် ဖြစ်လေသည်။ သတ္တဝါတို့၏ ကံစွမ်းကြောင့်ဟု မဆိုလင့်၊ နှိုင်းချိန်ရန်မှာ ဘုန်းကံအကြီးဆုံးဟုဆိုရသော ရှင်တော်ဘုရားတို့ပင် သော်လည်း အာယုဟာယနကပ်၌ ဖြစ်ပေါ်တော်မူကြပါလျှင် ထိုဖြစ်ရာ အသက်တမ်းကပ် အတိုင်းသာ တည်နေတော်မူနိုင်ကြသည်။ ဘုန်းကံတော် ကြီးမားသဖြင့် အလွန်အကျူး အာယုကပ်ကို ကျော်လွန်၍ တည်တော်မမူနိုင်ကြကုန်။ ဤအချက်များကို စဉ်းစား နှိုင်းချိန်ကြပါကုန်။

လူတို့၏အသက်သည် ရုပ်ခန္ဓာပေါ်၌ တည်၍ နေ၏။ ရုပ်ခန္ဓာ ခိုင်လျှင် အသက်လည်း ရှည်ကြာစွာ တည်ခိုင်နိုင်၏။ ရုပ်ခန္ဓာမခိုင်လျှင် ရှည်ကြာစွာ မတည်နိုင်။ လူတို့၏ ရုပ်ခန္ဓာသည် များသောအားဖြင့် ဥတုနှင့်အာဟာရကို မှီ၍နေရ၏။ အစာအာဟာရဆိုသည်မှာလည်း ဥတုကိုပင် အမှီပြု၍ ဖြစ်ရ၏။ ထို့ကြောင့် အန္တရကပ်ဟု ဆိုအပ်သော အသက်တမ်းသည် ဥတုကြောင့်သာ ပြောင်းလဲ စက်လှည့်နေရခြင်းဖြစ်သည်ဟူ၍ ပြဆိုခဲ့ပေသတည်း။

ထို့ပြင် ကမ္ဘာလောကကြီး အတွင်း၌ ဆောင်း၊ နွေ၊မိုး အားဖြင့် ဥတုသုံးပါး ရှိလေသည်။ ဆောင်းအခါ လောကကြီးသည် နှင်းကျ၍ အေးမြ၏။ **သီတ** လွန်ကဲ၏။ နွေအခါ ခြောက်ခမ်းစွာနှင့် ပူပြင်း၏။ **ဥဏှ** လွန်ကဲ၏။ မိုးအခါ မိုးရွာ၍ **အာပေါ** လွန်ကဲ၏။ ထိုကဲ့သို့ တစ်နှစ် တစ်နှစ် အတွင်းမှာ ဥတုသုံးပါး စက်လှည့် ဖြစ်ပွား၍ နေရခြင်းသည်လည်း ဥတုနိယာမအစွမ်းကြောင့်ပင် ဖြစ်လေသည်။

ဗဟိဒ္ဓအပြင်ဓာတ်က အေးမြလျှင် လူတို့လည်း ချမ်းအေးကြကုန်၏။ အပြင်ဓာတ်က ပူလျှင် လူတို့လည်း အိုက်ပူကြကုန်၏။ ဥတုချင်းချင်း သဘောတူ၍ နေသောကြောင့် အတွင်းနှင့်အပြင် အညီအညွတ် လိုက်လျောစွာ ဖြစ်နေကြရလေသည်။

အသက်ရှိသော သူတို့သာလျှင် ဥတုနိယာမ ဓာတ်အားလျော်စွာ ဖြစ်နေကြသည် မဟုတ်ကုန်။ အသက်မရှိသော သစ်ပင်အပေါင်း တို့သည်လည်း ထိုနည်းတူစွာ ဥတုနိယာမ သဘောအတိုင်း လိုက်နာ၍ နေကြရကုန်ကြ၏။

**ဥပမာ။** တပေါင်းလတွင်း၌ ပွင့်လေ့ သီးလေ့ ရှိသော သစ်ပင်တို့သည် အခြားလတို့၌ သီးပွင့်ခြင်းကိစ္စကို မဆောင်ရွက်ကြကုန်ဘဲ တပေါင်းလအတွင်း၌သာ သီးပွင့်ခြင်းကိစ္စကို ဆောင်ရွက်ကြလေသည်။ ထိုနည်းတူစွာ တနှစ်အတွင်း၌ လပေါင်း ၁၂-လ ရှိရာ ထိုလနှင့် သက်ဆိုင်သော ရာသီဥတုဓာတ် အားလျော်စွာ ပွင့်ကြ သီးကြသော သစ်ပင်တို့သည်လည်း များစွာပင် ရှိကြလေကုန်သည်။

မိမိတို့ ဓာတ်ကြိုက်နှင့်ဆိုင်သော ရာသီဥတုသို့ ရောက်ခဲ့ပါလျှင် မည်သည့် အရပ်ဌာနမှာပင် ရှိစေကာမူ တိုင်ပင် ညှိနှိုင်း၍ ထားသည့်အလား၊ တပြိုင်နက် ပွင့်ကြ သီးကြကုန်၏။

**ဥပမာ။** တန်ခူးလ၌ ပိတောက်ပန်းပွင့်သည်ဆိုလျှင် ဘယ်အရပ်မှာမဆို တညီတညွတ် ပွင့်ကြလေကုန်သည်။ သီးသော သစ်ပင်မျိုးတို့သည်လည်း ထိုနည်းတူစွာ သူ့ရာသီနှင့် ကြုံလာလျှင် တပြိုင်နက် သီးကြလေကုန်၏။ ကမ္ဘာလောက၌ ဥတုဓာတ်သဘောကို အသက်မရှိသော သစ်ပင်တို့က လူတို့ထက်ပင် သာလွန်၍ သိကြကုန်သေး၏။

ဤသို့ဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ်၊ ဥတုနိယာမ အစွမ်းကြောင့်ပင် ဖြစ်ရလေသတည်း။ ဤကဲ့သို့ အမြွက်မျှ ပြဆိုသော စကားရပ်ကို ဆင်ခြင်ပြီးလျှင် မိမိတို့ဉာဏ်မြင်သမျှ ချဲ့ထွင်၍ ဥတုနိယာမ သဘောများကို စဉ်းစားသင့်ကြပေသတည်း။

WWW.DHAMMARANSI.COM



## ဗီဇနိယာမ–သဘောအချုပ်

မူလမျိုးစေ့ သဘောအတိုင်း ချွတ်မယွင်း ဖြစ်လေ့ရှိသော သဘောမျိုးကို **ဗီဇနိယာမ** ဆိုသည်။ ထိုဗီဇသည် အစေ့မျိုးဖြစ်သော ဗီဇ–ဗီဇတစ်မျိုး၊ အညွန့်မျိုးဖြစ်သော အဂ္ဂဗီဇတစ်မျိုး၊ အဆစ်မျိုး ဖြစ်သော ပဗ္ဗဗီဇတစ်မျိုး၊ အမြစ်မျိုးဖြစ်သော မူလဗီဇတစ်မျိုး၊ အသီးမျိုး ဖြစ်သော ဖလဗီဇ တစ်မျိုး၊ အပင် အကိုင်းခက်မျိုး ဖြစ်သော ခန္ဓဗီဇတစ်မျိုးဟူ၍ ခြောက်မျိုး ရှိလေသည်။ အစေ့ကို စိုက်ရသောမျိုး၊ အညွန့်ကိုစိုက် ရသောမျိုး၊ အဆစ်ကိုစိုက်ရသောမျိုး၊ အမြစ်အဥကို စိုက်ရသောမျိုး၊ အသီးကို စိုက်ရသော မျိုး၊ အပင်ကို စိုက်ရသောမျိုး ဟူ၍ ဆိုလို၏။

ဗီဇနိယာမ သဘောအားဖြင့် သရက်မျိုးစေ့ ကိုစိုက်လျှင် သရက်ပင်ပေါက်၍ သရက်သီး သီးလိမ့်မည်။ အခြားဇာတ်မတူသော အသီးမျိုး သီးလိမ့်မည် မဟုတ်၊ ထိုသရက်သီးမျိုးမှ တဖန် ဆက်လက်၍ သရက်ပင်တွေ ပေါက်လတ္တံ့၊ မျိုးမပြတ်နိုင်တော့ပြီ။ ထိုနည်းတူစွာ စပါးမျိုးကို စိုက်ပျိုးလျှင် စပါးပင် ပေါက်၍ စပါးနှံ ထွက်လိမ့်မည်။ စံပယ်ပင်ကို စိုက်လျှင် စံပယ်ပင်ပေါက်၍ စံပယ်ပန်းပွင့်လိမ့်မည်။ ဤသို့အားဖြင့် ဗီဇနိယာမ၏ သဘောမျိုးဆက်လွယ် ပုံတွေကို ဉာဏ်ကျယ်သမျှ ဆင်ခြင်ကြည့်ရှုကြပါကုန်။

မူလမျိုးရင်းတူစွာ အပင်ပေါက်၍ ဇာတ် အားလျော်စွာ ပွင့်မှု သီးမှုတွေ ဖြစ်ပေါ်၍လာသည်မှာ ဗီဇနိယာမ၏ အစွမ်းကြောင့်ပင်တည်း။ ထိုဗီဇနိယာမ သဘောမျိုးကို မည်သည့်ပုဂ္ဂိုလ်မျှ ပြုလုပ်စီရင်သည် မဟုတ်၊ ထိုသဘောမျိုးကိုလည်း မည်သည့် ပုဂ္ဂိုလ်မျှ မတားမြစ်နိုင်ချေ။ မိမိသဘောအတိုင်းသာ မိမိကိုယ်ကို ဆောင်ရွက် လုပ်ကိုင်သည်ဟု ဆိုသော ဓာတ်သတ္တိမျိုးပေတည်း။

အကယ်၍ ဗီဇနိယာမ သဘောမျိုးက စောင့်ရှောက်ခြင်း မရှိဘူးဆိုပါလျှင် စိုက်ပျိုးရင်းမျိုးနှင့် မတူဘဲ ပေါက်ချင်ရာ ပေါက်၊ ပွင့်ချင်ရာ ပွင့်၊ သီးချင်ရာ သီး အနေမျိုးဖြင့် ကမောက်ကမ ဖြစ်၍ ကုန်ကြတော့မည်။ သစ်ပင်တို့၌ စည်းကမ်းမရှိခြင်း သဘောမျိုးတွေ ပေါ်ပေါက်ကုန်လိမ့်မည်။ ထိုအခါ သစ်ပင်တို့၏ အရသာများလည်း ဖရိုဖရဲ ကမောက်ကမ ဖြစ်ပြီးလျှင် ဆေးဘက်ဝင်သော အခြေမျိုးမှ ဆုတ်ယုတ် ကုန်ကြရာ၏။ ဤသည်ကား ဗီဇနိယာမနှင့် စပ်လျဉ်း၍ အမြွက်မျှ ပြဆိုအပ်သော စကားရပ်ပေတည်း။

## ကမ္မနိယာမ–သဘောအချုပ်

မူလ ပြုရင်းကံအတိုင်း တူသောအမျိုးကို ဖြစ်ပေါ်ခြင်း သဘောမျိုးကို ကမ္မနိယာမဆို၏။ သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်ကံ အကုသိုလ်ကံ အားဖြင့် ကံနှစ်မျိုး ရှိလေသည်။ စေတနာတည်းဟူသော ကံဓာတ်ကို ကံဟူ၍ ခေါ်ဆိုရသည်။ ကုသိုလ်ကံသည် အပြစ်မရှိသော ကောင်းကျိုးကို ဖြစ်စေလိမ့်မည်။ အကုသိုလ်ကံသည် အပြစ်မကင်းသော မကောင်းကျိုးကို ဖြစ်စေလိမ့်မည်။ မှားယွင်းရသော ကမောက်ကမ သဘောမျိုးဖြင့် ကုသိုလ်ကံသည် မကောင်းကျိုးကို ဖြစ်ပေါ်စေလိမ့်မည် မဟုတ်။ အကုသိုလ်ကံသည် ကောင်းကျိုးကို ဖြစ်ပေါ်စေလိမ့်မည် မဟုတ်။ ထိုကဲ့သို့သော သဘောမျိုးကိုပင် ကမ္မနိယာမဟူ၍ ခေါ်ဆိုရလေသည်။

အကုသိုလ်ကံသည် အကုသလဝိပါက်ကို ဖြစ်စေ၏။ **ကာမဝစရ–** ကုသိုလ်ကံသည် ကာမဘုံနှင့်ဆိုင်သော ကုသလဝိပါက်များကိုဖြစ်စေ၏။ **ရူပါဝစရ–** ကုသိုလ်ကံသည် ရူပဘုံ၌ ရူပါဝစရဝိပါက်များကို ဖြစ်စေ၏။ **အရူပါဝစရ–** ကုသိုလ်ကံသည် အရူပဘုံ၌ အရူပဝစရ ဝိပါက်များကို ဖြစ်စေ၏။ **မဂ်**တည်းဟူသော ကုသိုလ်ကံများသည် **ဖိုလ်**တည်းဟူသော အကျိုးဝိပါက်ကို ဖြစ်စေ၏။ ဤနိယာမ သဘောမျိုးကို မည်သည့်ပုဂ္ဂိုလ်မှ ဖန်ဆင်းစီရင်၍ ထားသည်မဟုတ်။ ကံ၏အကျိုးများကို ကမောက်ကမ မဖြစ်အောင် မည်သည့်ပုဂ္ဂိုလ်မျှ မစွမ်းနိုင်။

WWW.DHAMMARANSI.COM



ကံနှင့်ထိုက်တန်အောင် ဆိုင်ရာဆိုင်ဘုံများလည်းရှိကြသေး၏။ အကုသိုလ်ကံကြောင့် အပါယ်လေးဘုံတို့၌ ဖြစ်ရ၏။ ကာမာဝစရ ကုသိုလ်ကံကြောင့်၊ ကာမသုဂတိ ၇-ဘုံတို့၌ ဖြစ်ရ၏။ ရူပါဝစရကံကြောင့် ရူပ ၁၅-ဘုံတို့၌ ဖြစ်ရ၏။ အရူပါဝစရ ကုသိုလ်ကံကြောင့် အရူပလေးဘုံတို့၌ ဖြစ်၏။ မဂ်ကုသိုလ်၏ အကျိုးပေးရာ၌မူကား ဘုံဌာန အသီးအခြား မရှိတော့ချေ။

**ကမ္မံသတ္တေ ဝိဘဇတိ။**

**ကမ္မံ**- ကံသည်၊ **သတ္တေ**- သတ္တဝါအပေါင်းတို့ကို၊ **ဝိဘဇတိ**- ယုတ်ညံ့ ကောင်းဆိုး အမျိုးမျိုးဖြစ်အောင် ဝေဖန်၍နေ၏။ ဤကဲ့သို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အတိုင်း သတ္တဝါအမျိုးမျိုး အစားစား ဖြစ်၍ နေသည်မှာ မိမိတို့ပြုလုပ်သော ကံကြောင့်သာလျှင် ဖြစ်ရလေသည်။ မည်သည့်ပုဂ္ဂိုလ်ကမှ စီရင်ပြုလုပ် ဖန်တီးထားသည် မဟုတ်ချေ။

ပဋ္ဌာန်းပစ္စည်းတို့တွင် **ကမ္မပစ္စည်း**နှင့် **ဝိပါက** ပစ္စည်းနှစ်မျိုးသည် ကမ္မနိယာမ သဘောနှင့် သက်ဆိုင်၏။ ဤကား ကမ္မနိယာမနှင့် စပ်လျဉ်း၍ ပြဆိုအပ်သော စကားရပ် အမြွက်ပေတည်း။

## စိတ္တနိယာမ-သဘောအချုပ်

ကမောက်ကမ, မဖြစ်စေဘဲ သူ့အစီအစဉ်အတိုင်း စိတ်တို့၏ မပြတ်မလတ် ဖြစ်နေပုံသဘောမျိုးကို **စိတ္တနိယာမ**ဆိုသည်။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ နာမ်တရားတို့၏ အစဉ်မပြတ် အမြဲဖြစ်နေပုံ အလေ့ဟူ၍ ဆိုလို၏။ သတ္တဝါတို့၏ သန္တာန်၌ စိတ်လျှင် အကြီးအမှူးရှိသော နာမ်တရားတို့သည် ဥပါဒ်၊ဋီ၊ဘင် အစီအစဉ်အားဖြင့် မြစ်ရေအလျဉ်ကဲ့သို့ အစဉ်တစိုက် ဖြစ်၍နေကြသည်။ ထိုသို့ဖြစ်ကြရာ၌ စိတ်တခု၏နောက်၌ တစ်ခုသောစိတ်က အမှတ်မထင် ဝင်မိဝင်ရာ ဝင်ရောက်၍ မဖြစ်နိုင်။ စိတ်တို့၏ အလေ့အလာ မမွတာ နိယာမသဘော အတိုင်းသာလျှင် ဖြစ်ရသည်။

အဘိဓမ္မာကျမ်းဂန်တို့၌ ဝိထိချရိုး အစဉ်တို့သည် ရှိကြကုန်၏။ ထိုဝိထိစဉ်များသည် စိတ္တနိယာမ သဘောအတိုင်း ပြဆိုထားအပ်သော အချက်ကြီးများ ဖြစ်ကြလေသည်။ ပဋ္ဌာန်းပစ္စည်းတို့၌ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ အာသေဝန ပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း တို့သည် ဤစိတ္တနိယာမနှင့် လုံးလုံး သက်ဆိုင်သော ပစ္စည်းများ ဖြစ်ကြလေသည်။

ဝိထိစဉ်အားဖြင့် စိတ္တနိယာမ သဘောကို အမြွက်မျှပြဆိုရပါလျှင် စက္ခုဒွါရ အတိမဟန္တာရုံ ဝိထိတစ်ခု၌ ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်၏နောက်၌ စက္ခုဝိညာဏ် စိတ်သာဖြစ်ရမည်။ အခြားစိတ်များ မဖြစ်နိုင်။ စက္ခုဝိညာဏ် စိတ်၏ နောက်၌ သမ္ပဋိစ္ဆိုင်း စိတ်သာ ဖြစ်ရမည်။ ထိုစိတ်၏ နောက်၌ သန္တီရဏစိတ်သာ ဖြစ်ရမည်။ ထိုစိတ်နောက်၌ ရုဋ္ဌောစိတ်သာ ဖြစ်ရမည်။ ထိုစိတ်၏နောက်၌ ပဌမဇောစိတ်သာ ဖြစ်ရမည်။ ပဌမဇောနောက် သတ္တမဇောစိတ်တိုင်အောင် သဘောတူသော ဇောစိတ်တို့သာ ဖြစ်ရမည်။ အခြားစိတ်များ မဖြစ်နိုင်။ ဤသို့စသည်ဖြင့် သူ့ကိစ္စ၊ သူ့ဌာန အစဉ်အတိုင်းသာ မချွတ်မယွင်း မတိမ်းစောင်းဖြစ်ရသည်။ ကမောက်ကမ သဘောအားဖြင့် မဖြစ်နိုင်။

မိုရာအားဖြင့်လည်း စက္ခုဝိညာဏ် စိတ်သည် စက္ခုဝတ္ထုကိုသာ မှီ၍ ဖြစ်ပြီးလျှင် ရူပါရုံကို မြင်ခြင်းကိစ္စကိုသာ ဆောင်ရွက်ရမည်။ အခြားဝတ္ထုကို မှီ၍ ကြားခြင်းစသော ကိစ္စများကို မရွက်ဆောင်နိုင်၊ ဤသို့ စသည်ဖြင့် မှီရာအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့် လည်းကောင်း၊ ကိစ္စအားဖြင့် လည်းကောင်း စိတ္တနိယာမ မမြဲပုံကို အဘိဓမ္မာ ဉာဏ်ဖြင့် ဆင်ခြင်ကြရာ၏။

စိတ်သည် အာရုံကိုသိနိုင်၏၊ စိတ်သည် လွှန်စွာဆန်းကြယ်၏ ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အတိုင်း အာရုံကို သိ

WWW.DHAMMARANSI.COM



ခြင်း အဆန်းတစ်ကြယ်ဖြစ်ခြင်း သဘောများသည်လည်း စိတ္တနိယာမ ဓာတ်အစွမ်းပင်တည်း။ စိတ်၏ ဆန်းကြယ်မှုကြောင့် အမှတ်သည် ဆန်းကြယ်ခြင်း၊ ဝေဒနာ ဆန်းကြယ်ခြင်း၊ တဏှာ ဆန်းကြယ်ခြင်း စသောအားဖြင့် စေတသိက်တို့၏ ဆန်းကြယ်ပုံများကိုလည်း ဉာဏ်သွားတိုင်း ဆင်ခြင်သင့်ကြပေသည်။ ဤစိတ်ဓာတ်နိယာမသဘောသည် နာမ်ဓာတ်တို့၏ ပကတိသဘောမျိုးပင် ဖြစ်သည်။ မည်သည့်ပုဂ္ဂိုလ်မျှ ဖန်ဆင်းထားရသည်လည်း မဟုတ်။ ထိုနိယာမသဘောကို မည်သည့်ပုဂ္ဂိုလ်မျှ မတားမြစ်နိုင်။ ဤကား စိတ္တနိယာမနှင့်စပ်၍ ပြဆိုအပ်သော စကားရပ် အမြွက် ပေတည်း။

## ဓမ္မနိယာမ–သဘောအချုပ်

ရုပ် နာမ်တရားတို့၏ ဆိုင်ရာ ဆိုင်ရာ သဘော ဓမ္မတာအတိုင်း ကမောက်ကမ မဖြစ်စေဘဲ အကျိုးအကြောင်း ဆက်လက်ဖြစ်ပွားမှု သဘောကို **ဓမ္မနိယာမ**ဆိုသည်။ ဓမ္မဟူသောပုဒ်ကို ဝိဂြိုဟ်ဆိုသည်ရှိသော် **အတ္တနောသဘာဝံ ဓာရေတီတိ ဓမ္မော။ အတ္တနော**–မိမိ၏ သဘာဝသဘောတရားကို၊ **ဓာရေတိ**–ဆောင်တတ်၏။ **ဣတိတသ္မာ**– ထို့ကြောင့်၊ **ဓမ္မော**– ဓမ္မမည်၏။ ဤသို့ပင် ဝိဂြိုဟ်ပြုရသည်။ မည်သူ့အလိုကိုမျှ မလိုက်၊ မည်သူ၏ စီရင်ခြင်းကိုမျှ မခံ၊ မိမိသဘော ဓမ္မတာအတိုင်း ဖြစ်တတ်သောကြောင့် **ဓမ္မ**ဟူ၍ ဆိုသည်။

**ဥပမာ။ ပထဝီ**ဓာတ်သည် ခက်မာခြင်း သဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ **အာပေါ**ဓာတ်သည် ဖွဲ့စည်းသော သဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ **တေဇော**ဓာတ်သည် ပူအေးလောင်မြိုက်ခြင်း သဘောကို ကိုယ်ပိုင်ကိစ္စ အဖြစ်ဖြင့် ဆောင်ရွက်၏။ **ဝါယော**ဓာတ်သည် လှုပ်ရှားထကြွထောက်ခံခြင်းသဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ ဤသို့စသောအားဖြင့် ရုပ်တရားတို့၌ ကိုယ်ပိုင်ကိစ္စ အသီးအသီး ရှိကြသည်။ ထိုဆိုင်ရာကိစ္စတို့ကို အသီးအသီး ဆောင်ရွက်နေမှု သဘောကြီးသည် ဓမ္မနိယာမ သဘောပင်တည်း။

ရုပ်တရားတို့သည် အချင်းချင်း စုဝေးကြကုန်လျက် အဋ္ဌကလာပ်မှစ၍ ကလာပ်ပေါင်းများစွာ ဖြစ်လာလေ့ ရှိကြသည်။ ထိုကလာပ်တို့သည် အမှုန်အမွှားမှ စ၍ များစွာ ပေါင်းစုမိသောအခါ ရေ မြေ တော တောင်မှစ၍ အထည် ဒြပ် သဏ္ဌာန်ပေါင်းများစွာ ဖြစ်၍ လာကြလေသည်။ ဤကဲ့သို့ ဖြစ်မှုသဘောသည်လည်း ရုပ်တရားတို့၏ ဓမ္မနိယာမ သဘော အစွမ်းပင်တည်း။

နာမ်တရားတို့ကို ဆိုသော် **ဖဿ**သည် တွေ့ထိခြင်းသဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ **ဝေဒနာ**သည် ခံစားခြင်းသဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ **သညာ**သည် မှတ်သားခြင်းသဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်သည်။ **စိတ်**သည် အာရုံသိမှုသဘောကို ကိုယ်ပိုင် ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ **လောဘ**သည် သာယာတပ်မက်မှုသဘောကို ကိုယ်ပိုင် ကိစ္စဖြင့် ဆောင်ရွက်၏။ **ပညာ**သည် အမှန်သိမှုသဘောကို ကိုယ်ပိုင်ကိစ္စအဖြစ်ဖြင့် ဆောင်ရွက်၏။ ဤသို့စသောအားဖြင့် နာမ်တရားတို့၌ ကိုယ်ပိုင်ကိစ္စ အသီးအသီး ရှိကြသည်။ ထိုဆိုင်ရာကိစ္စတို့ကို အသီးအသီး ဆောင်ရွက်နေမှုသဘောကြီးသည် ဓမ္မနိယာမသဘောပင်တည်း။

ထိုနာမ်တရားတို့သည် သမ္ပယုတ္တ ပစ္စည်းသဘောအားဖြင့် အချင်းချင်း ယှဉ်တွဲကာ အတူတကွ ဖြစ်ပေါ်လေ့ ရှိကြသည်။ ထိုသို့ အတူတကွ ဖြစ်ပေါ်သော နာမ်တရားစုကို **နာမ်ကလာပ်**ဟူ၍ ခေါ်သည်။ ထိုနာမ်ကလာပ်တို့သည် အာရုံနှင့် ကင်း၍ မဖြစ်နိုင်ကုန် အာရုံတည်းဟူသော စွဲလမ်းရာ ရှိမှသာလျှင် ဖြစ်နိုင်ကြကုန်သည်။ ပဉ္စဝေါကာရဘုံတို့၌ ထိုနာမ်တရားတို့သည် မှီရာ ကင်း၍ မဖြစ်နိုင်ကြကုန်။ မှီရာ ရှိမှသာလျှင် ဖြစ်နိုင်ကြကုန်သည်။ ဖြစ်ပြီးလျှင်လည်း ပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

WWW.DHAMMARANSI.COM



အရှည်သဖြင့် တည်နေခြင်းငှါ မစွမ်းနိုင်ကြကုန်။ ယခု ပြဆိုအပ်ခဲ့ပြီးသော သဘောများသည်လည်း **နာမ်ဓာတ်တို့၏** ဓမ္မနိယာမသဘောများပင် ဖြစ်လေ **သည်။**

အကြောင်းကို စွဲ၍ ဖြစ်ပေါ်မှုသဘောကို ပြဆိုရသည်ရှိသော် **စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ။ စက္ခုံစ–** စက္ခုပသာဒကိုလည်းကောင်း၊ **ရူပေစ–** ရူပါရုံတို့ကိုလည်းကောင်း၊ **ပဋိစ္စ–** အစွဲပြု၍၊ **စက္ခု ဝိညာဏံ–** စက္ခုဝိညာဏ်စိတ်သည် ဥပ္ပဇ္ဇတိ ဖြစ်ပေါ်၏ ဤပါဠိတော်၌ စက္ခုဝိညာဏ်ဖြစ်ပေါ်ရာတွင် အကြောင်းမဲ့ ဖြစ်ပေါ်နိုင်သည် မဟုတ်။ မှီရာတည်းဟူသော အကြောင်း၊ အာရုံတည်းဟူသော အကြောင်း ဤအကြောင်းများကို အစွဲပြု၍ ဖြစ်ပေါ်လာရသည်။

စက္ခုပသာဒသည် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ရူပါရုံသည် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ စက္ခုဝိညာဏ်၊ စိတ်နှင့် ယှဉ်သော စေတသိက် ခုနစ်ပါးတို့သည် သဟဇာတ အညမည သမ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုကြသည်။ ဤသို့ စသောအားဖြင့် ရုပ်နာမ်တရားတို့၏ အကျိုးအကြောင်း ဆက်လက် ဖြစ်ပွားပုံသဘောများသည်လည်း ဓမ္မနိယာမသဘော မျိုးပင် ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်။ ဤသို့စသော ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် အကျိုးအကြောင်း ဆက်လက် ဖြစ်ပွားမှုသည်လည်း ဓမ္မနိယာမ သဘောမျိုးပင် ဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုသော် ပဋ္ဌာန်းဒေသနာတော်ကြီးသည် ဓမ္မနိယာမသဘောကို အနုစိတ်အားဖြင့် ဟောတော်မူအပ်သော ဒေသနာတော်ကြီးဖြစ်ပေသည်။ ပဋ္ဌာန်းနည်းအားဖြင့် ပစ္စည်းပစ္စယုပ္ပန် **တို့၏** အကျိုးအကြောင်း ဆက်လက် ဖြစ်ပွားပုံသဘောတွေကို သေချာ စေ့စုံစွာ မြင်ခဲ့ပါလျှင် ဓမ္မနိယာမ အလင်းဉာဏ် သန်သန်ကြီး ပေါ်ပေါက်နိုင်လေသည်။

ဤဓမ္မနိယာမသဘောများကို အဘယ်ပုဂ္ဂိုလ်မှ စီရင် ဖန်တီး၍ ထားသည်မဟုတ်။ ဤဓမ္မနိယာမ သဘောကို အဘယ်ပုဂ္ဂိုလ်မှ ကမောက်ကမ ဖြစ်အောင် ဆီးတား နှောင့်ယှက်နိုင်သော အစွမ်း မရှိ။ သူ့သဘာဝ၊ သူ့သဘောအလျောက် ကမောက်ကမ မဖြစ်ဘဲ အစီအစဉ် အဆင့် သင့်လျော်စွာ ဖြစ်ပေါ်နေသော တရားမျိုးတို့ကိုသာ ဖြစ်ပေသည်။ ဤကား ဓမ္မနိယာမနှင့်စပ်၍ ပြဆိုအပ်သော စကားရပ် အမြွက်ပေတည်း။ ။

ဗုဒ္ဓသာသနာတော်၌ ဤနိယာမတရားကြီးငါးပါးကို ကိုယ်စီကိုယ်င သိရှိကြရန် ဗုဒ္ဓဘာသာဝင်လူရှင်တိုင်းပင် လွန်စွာ အရေးကြီးလှပေသည်။ ဤနိယာမတရားအချက်ကို အချိုးကျကျ သိမြင်ကြပါလျှင် အကြောင်းမရှိဟူသော **အဟေတုက ဒိဋ္ဌိ၊** ထာဝရမြဲသည်ဟူသော **သဿတ ဒိဋ္ဌိ၊** ပြတ်သွားသည်ဟူသော **ဥစ္ဆေဒဒိဋ္ဌိ၊** ကုသိုလ်၊ အကုသိုလ်မှုတို့၏ အကျိုးမရှိဟူသော **နတ္ထိက ဒိဋ္ဌိ** ဤအယူဝါဒဆိုးကြီးများကိုလည်း ပယ်ရှားနိုင်သည်။ ဘာသာ တစ်ပါးတို့ဖြင့် တုန်လှုပ် ချော်ချွတ်ချားခြင်း မရှိတော့ပြီ။

ထိုမျှသာ မဟုတ်သေး။ နိယာမတရားအချက်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်နိုင်ပါလျှင် **အနတ္တဝိဇ္ဇာ**ခေါ်သော သာသနာအလင်းဉာဏ်ကြီး ပေါက်ရောက်လာပြီးလျှင် **သက္ကာယဒိဋ္ဌိ** မှောင်လုံးမှောင်ခဲ ဖြိုခွင်း ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာမှာ လွန်စွာ အရေးကြီးလှသော နိယာမ တရားအချက်ကို ဘာက်ဝင် ထိုးထွင်းကာ ဉာဏ်အလင်း ပေါက်ရောက်အောင် ကြံဆောင်ကြိုးစားကြကုန်ရာသတည်း။

**လယ်တီတရား သတင်းစာ၊**
**ပထမတွဲ၊ အမှတ်(၈)၊**
**၁၂၈၈–ခု၊ တပို့တွဲလ၊**

WWW.DHAMMARANSI.COM

# ဗုဒ္ဓဘာသာနှင့် သဒ္ဓါတရားအကြောင်း

**သဒ္ဓဟတီတိသဒ္ဓါ။**

**သဒ္ဓဟတိ–** စူးစိုက် သက်ဝင်ကာ ယုံကြည်တတ်၏။ **ဣတိတသ္မာ–** ထို့ကြောင့်၊ **သဒ္ဓါ–** သဒ္ဓါမည်၏။ သက်ဝင်ယုံကြည်တတ်သောကြောင့် သဒ္ဓါဟုခေါ်သည်။ သောဘဏ စေတသိက်တို့တွင် လက်မွန်ရှေးဦး၌ တည်သော သဒ္ဓါ စေတသိက်ကို ရ၏။ ထိုသဒ္ဓါတရားသည် ဗုဒ္ဓသာသနာတော်၌ ကုသိုလ်တရားတို့၏ အုတ်မြစ်ချ မူလ 'မတည်' တရားကြီးဖြစ်လေသည်။ ထို့ကြောင့် သံယုတ် အဋ္ဌကထာ၌ သာစသဗ္ဗကုသလာနံ မူလ ဘူတာ ဟူ၍ မိန့်ဆိုတော်မူသည်။ **သာစ**–ထိုသဒ္ဓါတရားသည်သာလျှင်၊ **သဗ္ဗကုသလာနံ–** အလုံးစုံသော ကုသိုလ်တရားတို့၏၊ **မူလဘူတာ–** အမြတ်အရင်းဖြစ်၏။

ရေသောက်မြစ်ရှိမှ သစ်ပင်တို့သည် ထက်သန်စွာ ကြီးပွားနိုင်သကဲ့သို့ ထိုနည်းတူစွာ သဒ္ဓါတရားတည်းဟူသော ရေသောက်မြစ် ကြီးကျယ်ခိုင်ခံ့ပါမှ သာသနာတော်၌ ကုသိုလ်တရား တိုးပွားကြီးကျယ်နိုင်သည်။ ထို့ကြောင့် သာသနာတော်မှာ သဒ္ဓါတရားသည် လိုရင်းအကျဆုံး ဖြစ်သည်ဟူ၍ ဆိုထိုက်ပေသည်။

**သဒ္ဓါတရား၏သဘောလေးချက်**

(၁) သဒ္ဓါသည် ကြည်လင်ခြင်း၊ ယုံကြည်ခြင်း သဘောရှိ၏။

(၂) ကြည်ညိုရာသို့ ပြေးဝင် စူးစိုက်ခြင်း ကိစ္စရှိ၏။

(၃) မညစ်နွမ်းခြင်း အကျိုး ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အမှန်ကြည်ညို ယုံကြည်ထိုက်သော တရားလျှင် အကြောင်း ပဒဋ္ဌာန်ရှိ၏။

ဗုဒ္ဓသာသနာတော်ကြီးကို ကြည်ညို ခိုလှုံကြခြင်း အကြောင်းရင်း ရှာသော် သဒ္ဓါတရားသာလျှင် ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေသည်။ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း သဒ္ဓါတရား မရှိခဲ့ပါလျှင် ဗုဒ္ဓသာသနာတော် အတွင်းသို့ ဝင်ရောက်၍ ခိုလှုံနိုင်ကြမည် မဟုတ်ပေ။

သဒ္ဓါတရားအစစ်အမှန် ရှိပါမှလည်း ဗုဒ္ဓဘာသာ အစစ်အမှန် ဖြစ်နိုင်သည်။ အများတကာတို့ ကြည်ညိုခြင်းကြောင့် မိမိလည်း ပါဝင် ကြည်ညိုသည်ဟု ဆိုလျှင် အလွန် ခိုင်မြဲ တည်တံ့သော ဗုဒ္ဓဘာသာအစစ် ဟူ၍ မရှိနိုင်။ ဗုဒ္ဓဘာသာ စာရင်းတွင် အသွင်းခံရရုံမျှသာ ဖြစ်ပေလိမ့်မည်။

**သဒ္ဓါတရား၏အကြောင်းရင်း**

ပဒဋ္ဌာန်ကို အဋ္ဌကထာဆရာကြီးတို့ ပြဆိုတော်မူရာတွင် သဒ္ဓဟိတဗ္ဗဓမ္မပဒဋ္ဌာနာဟု ဆိုသောကြောင့် ကြည်ညိုသင့် ကြည်ညိုထိုက်၊ ယုံကြည်သင့် ယုံကြည်ထိုက်သော တရားကို အစွဲပြု၍ သဒ္ဓါတရား ဖြစ်ပေါ်နိုင်သည်။ တကယ့်ကြည်ညိုဖွယ် မဟုတ်။ တကယ့် ယုံကြည်ဖွယ် မဟုတ်သော အရာတို့၌ ကြည်ညိုယုံကြည်၍ နေပြန်လျှင်လည်း တကယ့်သဒ္ဓါတရား အစစ်ဟူ၍ မဆိုထိုက်ချေ။

**တကယ့် ယုံကြည်ဖွယ်နှင့်**
**တကယ့် ကြည်ညိုဖွယ်**

တကယ့်တကယ်ယုံကြည်ဖွယ်၊ ကြည်ညိုဖွယ် ဆိုသည်မှာ၊ အဘယ်တရားများ ဖြစ်ပါသနည်းဟု ဆိုလျှင် ဘုရား၊ တရား၊ သံဃာ ဤရတနာသုံးပါးပင် ဖြစ်လေသည်။ အဘယ်ကြောင့် ရတနာသုံးပါးကို

WWW.DHAMMARANSI.COM



တကယ့် ယုံကြည်ဖွယ်၊ တကယ့် ကြည်ညိုဖွယ်ဖြစ်ပါသနည်းဟု မေးရန် ရှိပေသေးသည်။ ကဲ့ရဲ့ဖွယ် အပြစ်မရှိဘဲ ကြည်ညိုဖွယ် ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံသောကြောင့် ရတနာသုံးပါးကို **သဒ္ဓာဟိတဝတ္ထုဓမ္မ**– ကြည်ညိုသင့် ကြည်ညိုထိုက်၊ ယုံကြည်သင့် ယုံကြည်ထိုက်သော တရားကိုယ်သုံးပါး ဟူ၍ ခေါ်ဆိုရပေသည်။ ကြည်ညိုထိုက် ယုံကြည်ထိုက်ရိုး အစစ်ဖြစ်ခဲ့ပါလျှင် မျက်နှာလွှဲကာ မနေသင့်။ ယုံကြည်အားထား ကြည်ညို မြတ်နိုးမှုကို ပြုကြရမည်။ ယုံကြည် အားထားရာ၊ မှီခိုကိုးကွယ်ရာကို "သရဏ" ဟူ၍ ဆိုသည်။ ထိုသရဏသို့ ဆည်းကပ်ခြင်းကို "သရဏ ဂမန" ခေါ်သည်။ (သရဏဂုံ ဆိုလို၏။)

ကိုးကွယ် မှီခိုရာဖြစ်သော သရဏမျိုးရှိသည်။ ကိုးကွယ် မှီခိုထိုက်သော ဂုဏ်နှင့် ပြည့်စုံရပေသည်။ ရတနာသုံးပါးတို့၌ အဘယ်သို့သောဂုဏ်များနှင့် ပြည့်စုံပါသနည်း။

ဘုရားရတနာတည်းဟူသော သရဏာ၌ ရှိရှိသမျှသော ဂုဏ်တော်တွေကို တွက်ရေ သိမ်းကြုံး၍ ပြရပါလျှင် အနန္တ အပ္ပမေယျဖြစ်၍ ဆုံးနိုင်တော့မည် မဟုတ်ချေ။ အချုပ်အားဖြင့် ဘုရားရတနာ၌ ဂုဏ်တော်၉–ပါးရှိပေသည်။ ထိုဂုဏ်တော်များသည်ကား အရဟံ အစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်များ ဖြစ်ပေသည်။ (ဂုဏ်တော်ဖွင့်တွေ များပြားစွာ ရှိလေပြီဖြစ်သောကြောင့် ဤနေရာ၌ အထူးရေးသား ဖော်ပြရန် မလိုတော့ချေ။)

ထိုဂုဏ်တော် ၉–ပါးတို့တွင် တစ်ပါးပါးကို ဖြစ်စေ၊ ဂုဏ်တော် ၉–ပါးလုံးကို ဖြစ်စေ၊ ထိထိမိမိ သက်ဝင်စူးစိုက်သောအားဖြင့် ဆင်ခြင်နိုင်သောအခါ ဗုဒ္ဓါနုဿတိဘာဝနာ စင်ကြယ်စွာ ဖြစ်ပေါ်လာလေ၏။ ဗုဒ္ဓါနုဿတိဘာဝနာ ထက်သန်လေလေ ဘုရားရတနာ၌ တကယ်အမှန် ကြည်ညိုထိုက်ပုံသဘောမျိုးတွေ၊ တကယ်အမှန် ယုံကြည်ထိုက်ပုံသဘောမျိုးတွေ နေဝန်းလဝန်းအသွင်၊ အထင်အရှားပေါ်၍ လာလေလေ ဖြစ်တော့သည်။

ထိုအခါ မြတ်စွာဘုရား၌ ကြည်ညိုယုံကြည်သော သဒ္ဓါတရားတို့သည် ဆီးတား ပိတ်ပင်၍မရနိုင်အောင် ဖြစ်ပွား၍ လာလေသည်။ သဒ္ဓါတရားဖြစ်ပွား၍ လာလျှင် ဘုရားမှတစ်ပါး အားကိုးရာမရှိဟူသော စိတ်ဖြင့် ဗုဒ္ဓသရဏဂုဏ်ကို ခံယူ ဆောက်တည် ဆည်းကပ်လေ့လာသည်။ ဘယ်သူပင် ဖျက်သော်လည်း မပျက်နိုင်ပြီ။

ထိုနည်းတူစွာ သွက္ခာတတာ အစရှိသော ဂုဏ်တော်ခြောက်ပါးသည် တရားရတနာ၏ ဂုဏ်တော် အချုပ်များ ဖြစ်ပေသည်။ ထိုဂုဏ်တော်ခြောက်ပါးတို့တွင် တစ်ပါးပါးကို ဖြစ်စေ၊ ခြောက်ပါးလုံးကို ဖြစ်စေ၊ ထိထိမိမိ သက်ဝင် စူးစိုက်သောအားဖြင့် ဆင်ခြင်နိုင်သောအခါ ဓမ္မာနုဿတိ ဘာဝနာ ထက်သန်လေလေ တရားရတနာ၌ တကယ်အမှန် ကြည်ညိုထိုက်ပုံ သဘောမျိုးတွေ၊ တကယ်အမှန် ယုံကြည်ထိုက်ပုံ သဘောမျိုးတွေ အထင်အရှား ပေါ်လာလေတော့သည်။ ထိုအခါ တရားရတနာ သဒ္ဓါဇောတို့သည် အတောမသတ်အောင် ဖြစ်ပေါ်၍ လာလေ၏။ ဟရားတော်မှတစ်ပါး အားကိုးရာ မရှိသောစိတ်မျိုးတွေ ဖြစ်ပေါ်၍ လာလေ၏။ ထိုအခါ ဘယ်သူပင် တားဆီး နှိပ်ကွပ်သော်လည်း မပျက်နိုင်ဘဲ ခိုင်မြဲသော ဓမ္မသရဏဂုံကို ယုံယုံ ကြည်ကြည်ကြီး ဆောက်တည် ဆည်းကပ်လေတော့သည်။

ထို့အတူ သုပ္ပဋိပန္နောတာ အစရှိသော ဂုဏ်တော်ကိုးပါးသည် သံဃာရတနာ၏ဂုဏ်တော် အချုပ်များ ဖြစ်ပေသည်။ ထိုဂုဏ်တော်ကိုးပါးတို့တွင် တစ်ပါးပါးကို ဖြစ်စေ၊ ကိုးပါးလုံးကို ဖြစ်စေ၊ ထိထိမိမိ သက်ဝင် စူးစိုက်သောအားဖြင့် ဆင်ခြင်နိုင်သောအခါ သံဃာနုဿတိ ဘာဝနာ စင်ကြယ်စွာ ဖြစ်ပေါ်လာလေ၏။ သံဃာနုဿတိဘာဝနာ ထက်သန်လေလေ သံဃာရတနာ၌ တကယ်အမှန် ကြည်ညိုထိုက်ပုံ သဘောမျိုးတွေ၊ တကယ်အမှန် ယုံကြည်ထိုက်ပုံ သဘောမျိုးတွေ အထင်အရှား ဖြစ်ပေါ်တော့သည်။ ထိုအခါ သံဃာရတနာ၌ သဒ္ဓါဇောတို့သည် အတော

WWW.DHAMMARANSI.COM



မသတ်နိုင်အောင် ဖြစ်ပေါ်၍ လာလေ၏။ သဃ်ာတော်မှ တစ်ပါး အားကိုး မှီခိုရာ မရှိဟူသော စိတ်မျိုးတွေ ဖြစ်ပေါ်၍ လာလေ၏။ ထိုအခါ ဘယ်သူပင် တားဆီးကန့်ကွက်သော်လည်း မပျက်နိုင်ဘဲ ခိုင်မြဲသော သဃ်ာသရဏဂုံကို ယုံယုံကြည်ကြည်ကြီး ဆောက်တည် ဆည်းကပ်လေတော့သည်။

ဤသရဏဂုံသဘောများသည်လည်း သဒ္ဓါတရား၏ ဆိုင်ရာ အလုပ်များ ဖြစ်ပေသည်။ "သရဏဂုံ ကိုယ်လုံးထုံ့"ဆိုသော စကားအတိုင်း ရတနာသုံးပါးအား ကိုယ်နှင့် အသက်ကို အပ်နှင်းလေသော အခါ ဘုရား၌ ယုံမှားခြင်း၊ တရား၌ ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်းမှစ၍ ယုံမှားခြင်းရှစ်ပါးတို့သည် စင်ကြယ်သန့်ရှင်းခြင်းသို့ ရောက်လေ၏။ ဝိစိကိစ္ဆာတည်းဟူသော သမုဒ္ဒရာကြီးကို ကူးမြောက်ခြင်းကိစ္စ ပြီးစီးလေ၏။ ထိုကဲ့သို့ သရဏဂုံ ကိုယ်လုံးထုံသော ပုဂ္ဂိုလ်များကို ယောကျ်ားဖြစ်လျှင် 'ဥပါသက'၊မိန်းမ ဖြစ်လျှင် 'ဥပါသိကာ' ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးရတော့သည်။ ကမ္ဘာပေါ်၌ လူ ဖြစ်လာပါသော်လည်း သရဏဂုံမတည်ဆောက်သော လူများကို 'ဥပါသက' ဟူသောစကားဖြင့် ခေါ်ဆို သုံးစွဲခြင်းငှာ မထိုက်ကုန်။ ဗုဒ္ဓသာသနာအတွင်းမှာ တည်၍ သရဏဂုံ ခိုင်မြဲသောသူများကိုမှ 'ဥပါသက'ဂုဏ်ထူးဖြင့် ချီးကျူးခေါ်ဝေါ်သင့်ကြောင်းများကိုလည်း ကောင်းစွာ သတိမူသင့်ကြပေသည်။

ဗုဒ္ဓသာသနာတော်ကြီး၌ သရဏဂုံ ဆောက်တည်မှုသည် လွန်စွာ အရေးကြီးလှ၏။ ဗုဒ္ဓဘာသာ၏ မူရင်းပဌမ အုတ်မြစ်ချ အခြေခံကြီး ဖြစ်လေသည်။ သောတာပန်ဖြစ်ကြောင်းဟု ဆိုအပ်သော သောတာပတ္တိယင်္ဂတရားတို့၌လည်း သရဏဂုံသုံးပါးသည် ထင်ရှားစွာ ပါနေ၍၏။ သရဏဂုံလက်ကိုင် အမြဲရှိပါမှ ထိုသူကို ဗုဒ္ဓဘာသာဟုခေါ်ဆိုရလေသည်။ ဤကဲ့သို့ သရဏဂုံ ဆောက်တည်မှုက အရေးကြီးလှသောကြောင့် သီလခံယူ ဆောက်တည်ရာ၌ ဖြစ်စေ၊ အလှူဒါနပြုလုပ်ရာ၌ ဖြစ်စေ ရှေးဦးစွာ သရဏဂုံ ဆောက်တည်ခြင်း အလေ့များကို ရှင်တော်ဘုရား၏ လက်ထက်တော်ကစ၍ သာသနာတစ်ခွင်လုံး အရိုးအစဉ် ပြုလုပ်၍ ထားတော်မူခဲ့ကြပေသတည်း။

သရဏဂုံ လက်ကိုင်ရှိ၍ ဥပါသကဂုဏ်ကို ခံယူကြကုန်သော ပုဂ္ဂိုလ်တို့သည် သရဏဂုံ၏ ဆိုင်ရာဖြစ်သော သဒ္ဓါတရားတို့ကို ပွားများသည်ထက် ပွားများ ထက်သန်သည်ထက် ထက်သန်စေခြင်း အကျိုးငှါ ဂုဏ်တော်များကို အထူးသဖြင့် ပွားများဆင်ခြင်သင့်ကြပေသည်။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ဘာဝနာများသည် သရဏဂုံ ခိုင်မြဲသည်ထက် ခိုင်မြဲကြောင်းများ ဖြစ်ပေသည်။

ရတနာသုံးပါး၏ ဂုဏ်တော်များကို ထိထိခိုက်ခိုက် မသိခဲ့ပါလျှင် ထိုသူ၏ သရဏဂုံကို ခိုင်မြဲလှပြီ မပျက်တော့ပြီဟု ကေန်မုချ ဝန်ခံခြင်းငှါ ခဲယဉ်းပေလိမ့်မည်။ အကြောင်းမူကား ရတနာသုံးပါး ဂုဏ်ကျေးဇူး နက်နက်နဲနဲ ထိထိခိုက်ခိုက် မသိ၍ သဒ္ဓါတရား စင်ကြယ်စွာ မဖြစ်နိုင်သောကြောင့်တည်း။ ကျောက်မြေပြင်၌ နက်စွာတူး၍ စိုက်အပ်သော ကျောက်တိုင်ကြီးပမာ ရတနာသုံးပါး ဂုဏ်တို့၌ သက်ဝင်ရှုစိုက်သော သဒ္ဓါကို **အဝေစ္စ ပသာဒ သဒ္ဓါ** ခေါ်သည်။ မြင့်မိုရ်တောင်ကြီးသည် မလှုပ်ရှားဘဲ တည်တံ့သကဲ့သို့ ရတနာသုံးပါးဂုဏ်၌ မလှုပ်မရှား ကြည်ညိုယုံကြည်သော သဒ္ဓါကို **အစလ–သဒ္ဓါ** ခေါ်သည်။ ထိုသဒ္ဓါတရားနှစ်မျိုးနှင့် ပြည့်စုံပါမှ သို့လော သို့လော တွေးတော ယုံမှားမရှိဘဲ အဓိပတိ သရဏဂုံ ဖြစ်နိုင်ပေမည်။ ဤသဘောများကို နက်နဲစွာ စဉ်းစား ဆင်ခြင်ကြကုန်ရာ၏။

သရဏဂုံ ခိုင်မြဲစွာ ရှိသောသူသည် သာသနာရေးနှင့် သက်ဆိုင်သော အရာတို့၌ ဆင်ခြေကန်မှုတွေ၊ ကြေးတွက်မှုတွေ၊ သို့လောသို့လော တွေးတော ယုံမှားမှုတွေ မရှိဘဲ အဖုအထစ်မရှိ ချောချောမောမော လိုက်လျောနိုင်သည်။ တကယ့် သဒ္ဓါတရားနှင့် တကယ့်သရဏဂုံမျိုး မရှိခဲ့ပါလျှင် ဘာသာတစ်ပါးတည်းဟူသော လေမုန်တိုင်းကြောင့်

WWW.DHAMMARANSI.COM



ယိမ်းယိုင် လှုပ်ရှားတတ်သည်။ သာသနာရေး ဆိုင်ရာတွင် စိတ်နေစိတ်ထား မချောမောနိုင်ဘဲ အဖုအထစ်တွေ ဖြတ်တွေ ရှိနေတတ်သည်။ ဆင်ခြေကန်လုံးတွေကို တွေးမိတတ်သည်။ သာသနာရေးနှင့် ကြေးတွက်တတ်သည်။ သို့လော သို့လော တွေးတောယုံမှားမှုတွေ ဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော အပြစ်ဒေါသမျိုးတွေ ချောမောသည့်တိုင်အောင် သဒ္ဓါတရား ထက်ထက် သန်သန်နှင့် သရဏဂုံဉာဏ်ကြီးအောင် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အပေါင်းတို့သည် မိမိကိုယ်ကို မိမိတို့ကိုယ်တိုင် ပြုပြင်ကာ အချောတိုက်သင့်ကြပေသတည်း။

မြေသြဇာကောင်း၍ ချောင်း၊ မြောင်းအဆင်သင့်သော ဌာန လယ်မြေ ကွင်းကောင်းကြီး တစ်ခုတည်ဆောက်ပြီး လက်ကိုင်အသင့် ရှိနေခဲ့ပါလျှင် မိမိ အလိုရှိသောမျိုးတို့ကို စိုက်ပျိုး၍ အသီးအနှံအမျိုးမျိုးကို ရစေနိုင်ဘိသကဲ့သို့ ဗုဒ္ဓသာသနာတွင် ဥပါသကဂုဏ်နှင့် ပြည့်စုံစွာ သဒ္ဓါ စူးစိုက်သော သရဏဂုံသိုက်ကြီး ရှိနေပါလျှင် ကုသိုလ် အမျိုးမျိုးတို့ကို စိုက်ပျိုးချင်တိုင်း စိုက်ပျိုး၍ လူချမ်းသာနတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု ဆိုအပ်သော အောက်ကျသည့် လောကီချမ်းသာတို့နှင့်တကွ အရဟတ္တဖိုလ်တိုင်အောင် ချမ်းသာသော အထက်တန်းစားများကိုလည်း ခံစား ရရှိနိုင်ကြောင်းကို ကောင်းစွာ ယုံကြည်သင့်ကြလေသည်။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် သုတ္တနိပါတ်ပါဠိတော်ကြီးများ၌ သဒ္ဓါတရားကို မျိုးစေ့နှင့်တူသည်ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူသည်။ သံယုတ်အဋ္ဌကထာ ဆရာကြီးက သဒ္ဓါတရား၏ မျိုးစေ့နှင့်တူပုံကို ဥပမာနှင့်တကွ ဤကဲ့သို့ ဖွင့်ပြတော်မူသည်။

ယထာစတံသုဘူမိယံ ပတိဋ္ဌဟိတွာ၊ မူလကံ့ရ ပဏ္ဏနာဠကဏ္ဍပ္ပသဝေဟိ ဝုဒ္ဓိံ ဝိရုဠိံ ဝေပုလ္လံ ပတ္တာ။ ခီရံဇနေတွာ အနေကသာလိ ဖလဘရိတံ သာလိသီသံ နိပ္ဖါဒေတိ ဧဝမေသာစိတ္တသန္တာနေ ပတိဋ္ဌ ဟိတွာ၊ ဆဟိဝိသုဒ္ဓီဟိဝုဒ္ဓိံ ဝိရုဠိံ ဝေပုလ္လံ ပတ္တာ ဉာဏဒဿနဝိသုဒ္ဓိံ ခီရံဇနေတွာ။ အနေကပ္ပဋိ သမ္ဘိဒါဘိညာဘရိကံ အရဟတ္တဖလံသမ္ပါဒေတိ၊ တေနဝယတ္တမ သဒ္ဓါဝီဇန္တိ ဟတ္တဖလံ သမ္ပါဒေတိ၊ တေနဝုတ္တံ သဒ္ဓါဗီဇန္တိ။ ။

**သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ**

**အနက်ကား။** ။ **ယထာစ**–ဥပမာ တစ်နည်းသော်ကား၊ **တံ**– ထိုသလေးမျိုးစေ့သည်၊ **သုဘူမိယံ**– ကောင်းသော လယ်မြေ၌၊ **ပတိဋ္ဌဟိတွာ**– တည်၍၊ **မူလကံ့ရ ပဏ္ဏနာဠကဏ္ဍပ္ပသဝေဟိ**– အမြစ် အညွန့် အရွက် အရိုး အဆစ် အဖုံးတို့ဖြင့်၊ **ဝုဒ္ဓိံ**– ကြီးပွားခြင်းသို့၊ **ဝိရုဠိံ**– စည်ပင်ခြင်းသို့၊ **ဝေပုလ္လံ**– ပြန့်ပြောခြင်းသို့၊**ပတ္တာ**–ရောက်၍၊**ခီရံ**–သလေးနို့ရေကို၊ **ဇနေတွာ**– ဖြစ်စေ၍၊ **အနေကသာလိ ဖလဘရိတံ**–များလှစွာသော သလေးစပါးသီးတို့ကို ဆောင်သော၊ **သာလိသီသံ**–သလေးနှံကို၊ **နိပ္ဖါဒေတိ**–ဖြစ်ပွားစေ၏။ **ဧဝံ**– ဤသို့ အတူသာလျှင်၊ **ဧသာ**– ထိုသဒ္ဓါတရားသည်၊ **စိတ္တသန္တာနေ**– စိတ်အစဉ်၌၊ **ပတိဋ္ဌဟိတွာ**– တည်၍၊ **ဆဟိဝိသုဒ္ဓီဟိ**– အောက်တမ်း၌ တည်သော ဝိသုဒ္ဓိ ခြောက်ပါးတို့ဖြင့်၊ **ဝုဒ္ဓိံ**–ကြီးပွားခြင်းသို့၊ **ဝိရုဠိံ**– စည်ပင်ခြင်းသို့၊ **ဝေပုလ္လံ**– ပြန့်ပြောခြင်းသို့၊ **ပတ္တာ**– ရောက်၍၊ **ဉာဏဒဿန ဝိသုဒ္ဓိခီရံ**– မဂ်ဉာဏ်ဟု ဆိုအပ်သော ဉာဏဒဿန ဝိသုဒ္ဓိနို့ရေကို ၊ **ဇနေတွာ**– ဖြစ်စေ၍၊ **အနေကပ္ပဋိသမ္ဘိဒါဘိညာဘရိတံ**– များလှစွာသော၊ **ပဋိသမ္ဘိဒါ**– အဘိညာဉ်တို့ကို ဆောင်သော၊ **အရဟတ္တဖလံ**–အရဟတ္တဖိုလ်ကို၊ **နိပ္ဖါဒေတိ**– ဖြစ်စေ၏။ **တေန**– ထို့ကြောင့်၊ **ဘဂဝတာ**– ရွှေဘုန်းတော်ကြီးလှသော မြတ်စွာဘုရားသည်၊ **သဒ္ဓါဗီဇန္တိ** – သဒ္ဓါ မျိုးစေ့ဟူ၍၊**ဝုတ္တံ**–ဟောကြားတော်မူအပ်ပေသတည်း။

ဤအဋ္ဌကထာစကားကို ထောက်ထား ဆင်ခြင်ခြင်းအားဖြင့် သဒ္ဓါမျိုးစေ့သည် ဝိသုဒ္ဓိခရီးအစဉ်အတိုင်း ကြီးပွား၍ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ် တိုင်အောင် ကြီးပွားနိုင်ကြောင်းကို ကောင်းစွာ ထင်ရှား ယုံမှားမရှိ သိအပ်ပေသတည်း။

WWW.DHAMMARANSI.COM



ထို့ပြင်တစ်ပါး ရှင်တော်ဘုရားသည် အင္ဂုဝက သုတ္တန်၌ သဒ္ဓါသည် ယောကျ်ားကောင်းတို့၏ ဥစ္စာ့ရတနာအမြတ်ဆုံး ဖြစ်ကြောင်းကိုလည်း တိုက်ရိုက်ကြီး ဟောကြားတော်မူခဲ့ပြန်ပေသည်။

**သဒ္ဓီဓဝိတ္တံ ပုရိသဿ သေဋ္ဌံ**

**ဣဓ**–ဤလောက၌၊ **သဒ္ဓါ**– ရတနာလုံးစုံ၌ သရဏဂုံ အစစ်သို့ဆိုက်အောင် ဦးခိုက်ကြည်ညိုသော သဒ္ဓါတရားသည်၊ **ပုရိသဿ**– ယောကျ်ားမြတ်၏၊ **သေဋ္ဌံ**–အမြတ်ဆုံးသော၊**ဝိတ္တံ**–ဥစ္စာရတနာ အစစ်ကြီး ပေတည်း။

ရတနာကောင်း – ရတနာမှန် ရှိသော သူသည် မျက်နှာပွင့်လန်း၊ ဘုန်းကန်–ကြီးမားခြင်းမှစ၍ သိဒ္ဓိအမျိုးမျိုးကို ရွက်ဆောင်နိုင်ဘိသကဲ့သို့ ထိုနည်းတူစွာ သဒ္ဓါရတနာကို လက်ကိုင်ထားသော သူတို့သည်လည်း လောကီကျက်သရေ၊လောကုတ္တရာ ကျက်သရေတို့ဖြင့် အထွေထွေ ကြီးပွား၍ ထွန်းကားမြင့်မြတ် ချမ်းသာခာတ် ရှိနိုင်သည်ဟူ၍ အထက် ပါဠိတော်၏ အဓိပ္ပာယ်ကို အကျယ်အားဖြင့် ဉာဏ်သွားသင့်ပေသည်။

သဒ္ဓါတရားသည် စကြာမင်းကြီး၏ မြရတနာကြီးနှင့်တူကြောင်းကိုလည်း အဋ္ဌကထာဆရာကြီးတို့ မိန့်ဆိုတော်မူသော အချက်များလည်း ရှိပေသေးသည်။ သဒ္ဓါနှင့် စပ်ဆိုင်၍ ဟောတော်မူအပ်သော ပါဠိတော်ကြီးတွေ ဖွင့်ပြသော အဋ္ဌကထာ စကားတွေကို ထုတ်ပြန်နေလျှင် မဆုံးနိုင်ရှိမည်ကြောင့် လိုရင်းအချက်ကိုသာ ဖော်ပြရတော့သည်။

သာသနာတော်၌ သဒ္ဓါတရားသည် အရေးကြီးလှ၏။ ထိုသဒ္ဓါကြောင့် တကယ့် သရဏဂုံ အစစ်ကြီး ဖြစ်ရ၏။ သဒ္ဓါကို လက်ကိုင်ထားလျှင် အများဆုံးသော အကျိုးကို ဆောင်နိုင်၏။ လူတို့ သန္တာန်မှာ သဒ္ဓါအရေးကြီးလှ၏။ ဤသဘောများကို ရှင်တော်ဘုရားက သိတော်မူစေလိုသောကြောင့် တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌ ညီတော် အာနန္ဒာအား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အချက်ကို အောက်၌ ပါရှိသောအတိုင်း ထုတ်ဆောင်၍ ပြလိုက်ပါသည်။

ယေအာနန္ဒ အနုကမ္ပေယျာထ၊ ယေစ သောတဗ္ဗံ မညေယျုံ၊ မိတ္တာဝါမစ္စာဝါ၊ ဉာတိဝါ သလောဟိတာဝါ၊ တေဝေါ အာနန္ဒ တီသုဌာနေသု သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌပေတဗ္ဗာ။ ကတမေသု တီသု။ ။ ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမာဒပေတဗ္ဗာ, နိဝေသေတဗ္ဗာ ပတိဋ္ဌပေတဗ္ဗာ။ ဓမ္မေအဝေစ္စ ပသာဒေန သမာဒ ပေတဗ္ဗာ, နိဝေသေတဗ္ဗာ, ပတိဋ္ဌပေတဗ္ဗာ။ သံဃေအဝေစ္စ ပသာဒေန သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌပေတဗ္ဗာ။ ။

**တိကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်ကြီး**

**အနက်ကား။** ။ **အာနန္ဒ**– ချစ်သား–အာနန္ဒာ၊ **ယေမိတ္တာဝါ**– အကြင်မိတ်ဆွေတို့ကိုလည်းကောင်း၊ **ယေမစ္စာဝါ**– အကြင် ချစ်ကျွမ်းဝင်သောသူတို့ကိုလည်းကောင်း၊ **ယေဉာတိဝါ**– အကြင်သားချင်းဆွေမျိုးတို့ကို လည်းကောင်း၊ **ယေသလောဟိတာဝါ**– အကြင်သွေးစပ်သော သူတို့ကို လည်းကောင်း၊ **အနုကမ္ပေယျာထ**– သနားကြကုန်သည်ဖြစ်ငြားအံ့။ **ယေစ**– အကြင်သူတို့သည်လည်း၊ **သောတဗ္ဗံ**– ဆုံးမသောစကားကို နားထောင်သင့် နားထောင်ထိုက်သည်ဟူ၍၊ **မညေယျုံ**– မှတ်ထင်ကြကုန်သည် ဖြစ်အံ့။ **အာနန္ဒ**– ချစ်သား အာနန္ဒာ၊ **တေ**– ထိုသူအပေါင်းတို့ကို၊ **ဝေါ**–သင်တို့သည်၊ **တီသုဌာနေသု**– ဌာနကြီးသုံးပါးတို့၌၊ **သမာဒပေတဗ္ဗာ**– ဆောက်တည်စေကုန်၏။ **နိဝေသေတဗ္ဗာ**–ဆောင်သွင်းအပ်ကုန်၏။ **ပတိဋ္ဌပေတဗ္ဗာ**– တည်စေအပ်ကုန်၏။ **ကတမေသု တီသု**– အဘယ်သုံးဌာနတို့၌ နည်းမူကား၊ **ဗုဒ္ဓေ**– မြတ်စွာဘုရား၌၊ **အဝေစ္စပသာဒေန**– မတုန်မလှုပ် သက်ဝင်ယုံကြည်မှုဖြင့်၊ **သမာဒပေတဗ္ဗာ**– ဆောက်တည်စေအပ်ကုန်၏။ **နိဝေသေတဗ္ဗာ**– တည်စေအပ်ကုန်၏။ **ဓမ္မေ**–တရားတော်မြတ်၌၊ **အဝေစ္စပသာဒေန**– မတုန်မလှုပ် သက်ဝင်ယုံကြည်မှုဖြင့်၊ **သမာဒပေတဗ္ဗာ**– ဆောက်တည်စေအပ်ကုန်၏။**နိဝေသေတဗ္ဗာ**–ဆောင်

WWW.DHAMMARANSI.COM



ယူ သိမ်းသွင်းအပ်ကုန်၏။ **ပတိဋ္ဌပေတဗ္ဗာ–** တည်စေအပ်ကုန်၏။ **သံဃေ–** သံဃာတော်မြတ် အပေါင်း၌၊ **အဝေစ္စပသာဒေန–** မတုန်မလှုပ် သက်ဝင် ယုံကြည်မှုဖြင့်၊ **သမာဒပေတဗ္ဗာ–** ဆောက်တည် စေကုန်၏။ **နိဝေသေတဗ္ဗာ–** ဆောင်ယူ သိမ်းသွင်း အပ်ကုန်၏။ **ပတိဋ္ဌပေတဗ္ဗာ–** တည်စေအပ်ကုန်၏။

အထက်၌ ဖော်ပြခဲ့သော ပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ မိမိနှင့် ချစ်ခင်သော မိတ်ဆွေများ၊ ဆွေမျိုးသားချင်း အရင်းအခြာများ၊ သွေးနီးစပ်သောသူများ၊ ပြောသောစကားကို နားထောင်မည့်သူများ၊ ဤကဲ့သို့သော သူများကို မြတ်စွာဘုရား၌ သဒ္ဓါတရားဖြင့် သက်ဝင်ကြည်ညိုအောင်၊ တရားတော်မြတ်၌ သဒ္ဓါတရားဖြင့် သက်ဝင် ယုံကြည်အောင်၊ သံဃာတော်များ၌ သဒ္ဓါတရားဖြင့် သက်ဝင်ယုံကြည်အောင် ယူဆောင် သိမ်းသွင်းကြရမည်။ ဤကဲ့သို့ ဆိုလိုရင်း အဓိပ္ပာယ် ဖြစ်ပေသည်။

ရှင်တော်ဘုရားသည် ဤ ပါဠိတော်မြတ်ဖြင့် သာသနာတော်အတွင်း၌ လိုရင်း အရေးအကြီးဆုံးဖြစ်သော သဒ္ဓါတရား အချက် မိန့်ဆိုညွှန်ကြားတော်မူခြင်း ဖြစ်ပေသည်။ အရင်းမူလ ဗီဇမျိုးစေ့သဖွယ်ဖြစ်သော သဒ္ဓါတရားကို လက်ကိုင်ထားရှိကြပါလျှင် ကုသိုလ်အမျိုးမျိုး ပွားတိုး စည်ပင်စည်းစိမ်ကျက်သရေ အထွေထွေသော ချမ်းသာများကို ခံစားရရှိနိုင်သည်ဟု အောက်၌ ပြဆိုခဲ့ပြီးသော အတိုင်း သိကြကုန်ရာ၏။

ထိုမှတစ်ပါး သာသနာတော်အတွင်း၌သဒ္ဓါတရားသာလျှင် အရင်းမူလ ဖြစ်ကြောင်းကို ကောင်းမွန် ထင်ရှားစွာ သိကြစိမ့်သောငှါ ပါဠိတော်ကြီးတစ်ပုဒ်ကို ထုတ်ဆောင်၍ ပြပါဦးမည်။

သဒ္ဓါဇာတော ဥပသင်္ကမတိ၊ ဥပသင်္ကမန္တော ပယိရုပါသတိ။ ပယိရုပါသန္တော၊ သောတံ ဩဒဟတိ၊ ဩဟိတသောတော ဓမ္မံသုဏာတိ၊ သုတွာ ဓမ္မံဓာရေတိ၊ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခတိ၊ အတ္ထံ ဥပ ပရိက္ခန္တော ဓမ္မာနိဇ္ဈာနံခမန္တိ၊ ဓမ္မာနိဇ္ဈာနက္ခန္တိယာ သတိဆန္ဒော ဇာယတိ ဆန္ဒဇာတော ဥဿဟတိ၊ ဥဿဟိတွာ တုလယတိ၊ တုလယိတွာ ပဒဟတိ၊ ပဟိတတ္တော သမာနောကာယေန စေဝ၊ ပရမဓမ္မံသစ္ဆိကရောတိ၊ ပညာယစ နံ အတိဝိဇ္ဈ ပဿတိ။

**အနက်ကား။ ။ သဒ္ဓါဇာတော–** သဒ္ဓါတရားဖြစ်ပွားသောသူသည်၊ **ဥပသင်္ကမန္တော–** စတင်၍ ဆည်းကပ်သည်ရှိသော်၊ **ပယိရုပါသတိ–** အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန် ဆည်းကပ်၏။ **ပယိရုပသန္တော–** အဖန်ဖန် ဆည်းကပ်သည်ရှိသော်၊ **သောတံ ဩဒတိ–**နားစိုက်၍ထောင်၏။**ဩဟိတ သောတော–** နားစိုက်၍ ထောင်သောသူသည်၊ **ဓမ္မံ–** တရားကို **သုဏာတိ–** ကြားနာရ၏။ **သုတွာ–** ကြားရ နာရသည်ရှိသော်၊ **ဓမ္မံ–** တရားကို၊ **ဓာရေတိ–** မှတ်သားဆောင်ရွက်၏။ **ဓာတာနံ**–မှတ်သား ဆောင်ရွက်အပ်ကုန်သော၊ **ဓမ္မာနံ–** တရားတို့၏၊ **အတ္ထံ–** အနက်သဘောကို၊ **ဥပပရိက္ခတိ–** စူးစမ်း ဆင်ခြင်၏။ **အတ္ထံ**–အနက်ကို၊ **ဥပပရိက္ခန္တော–** စူးစမ်း ဆင်ခြင်သည်ရှိသော်၊ **ဓမ္မာ**–တရားတို့သည်၊ **နိဇ္ဈာနံ–** စိမ်းစိမ်းရှုခံခြင်းသို့၊ **ခမန္တိ–** ခံကုန်၏။ **ဓမ္မနိဇ္ဈာနက္ခန္တိယာ–** တရားတို့၏ အရှုခံမှုသည်၊ **သတိ–** ဖြစ်သည်ရှိသော် **ဆန္ဒော**–အားထုတ် ကြိုးစားလိုသော ဆန္ဒသည် **ဇာယတိ–** ဖြစ်ပေါ်လာ၏။ **ဆန္ဒဇာတော–** ဆန္ဒဖြစ်ပေါ်လာသည်ရှိသော်၊ **ဥဿဟတိ–** အကယ်တမ်း အားထုတ် ကြိုးစား၏၊ **ဥဿဟိတွာ–** အားထုတ်ကြိုးစားသည် ရှိသော်၊ **တုလယတိ–** နှိုင်းချိန်၏။ **တုလယိတွာ–** နှိုင်းချိန်ပြီးသည် ရှိသော်၊ **ပဇဟတိ–** သာယာမှုကို ပယ်စွန့်၏။ **ပဟိတတ္တော–** စွန့်အပ်သော ကိုယ်စိတ်ရှိသည်၊**သမာနော–** ဖြစ်သည်ရှိသော်၊ **ကာယေနစေဝ–** ကိုယ်တိုင် ဒိဋ္ဌအားဖြင့်လည်း၊ **ပရမဓမ္မံ**–အမြတ်ဆုံးသောတရားကို၊ **သစ္ဆိကရောတိ–** မျက်မှောက်ပြုနိုင်၏။ **ပညာယစ–** အသိဉာဏ်ပညာ

WWW.DHAMMARANSI.COM



ဖြင့်လည်း၊ **နံ့–** ထိုတရားကို၊ **အတိဝိဗ္ဗူ–** ထိအောင် **ဖောက်ထွင်း၍၊ ပဿတိ–** အလင်းမြင်နိုင်၏။ ။

ယူခု ထုတ်ပြပြီးသော ပါဠိတော်ကြီးသည် သဒ္ဒါတရားကို မူရင်းထား၍ ကုသိုလ်အမျိုးမျိုး အဆင့်ဆင့် တိုးတက်ကြောင်းကို ကောင်းမွန် ထင်ရှား စွာ ညွှန်ကြားသော ပါဠိတော်ကြီး ဖြစ်ပေသည်။ ဆိုလိုရင်းအဓိပ္ပာယ်မှာ သဒ္ဓါတရား ဖြစ်ပွားမှ ရတနာ သုံးပါးကို စတင် ဆည်းကပ်နိုင်သည်။ ဆည်းကပ်ရင်း လက်စရှိပါမှ အကြိမ်ကြိမ် အဖန်ဖန် ဆည်းကပ်မှ နားထောင်နိုင်သည်။ နားထောင်ပါမှ တရားကို နာခွင့်ရသည်။ တရားကို ကြားနာရမှ မှတ်မိနိုင်သည်။ မှတ်မိပါက တရားတို့၏ သဘောကို စူးစမ်းနိုင်မည်။ စူးစမ်းပါမှ၊ တရားတို့က အရှုခံမည်။ တရားတို့က အရှုခံမှ အားထုတ်ကြိုးစားလိုသော ဆန္ဒ ဖြစ်ပေါ် နိုင်သည်။ ဆန္ဒဖြစ်ပေါ်မှ နှိုင်းချိန်နိုင်သည်။ နှိုင်းချိန် ပါမှ သာယာစွဲလမ်းမှုတွေကို ပယ်နိုင်သည်။ သာယာမှုတွေကို စွန့်လွှတ်နိုင်ပါမှ မွန်မြတ်သော တရားထူးကို ကိုယ်တိုင် ဒိဋ္ဌ တွေ့ရှိနိုင်သည်။ ပညာ ဖြင့်လည်း ထိုးထွင်း၍ မြင်နိုင်သည်ဟူ၍ ဆိုလိုရင်း ဖြစ်ပေသည်။ အဓိပ္ပာယ်သွားမှာ အလွန် ထင်ရှား လှပေ၏။

မူရင်းကစ၍ အချက်ပေါင်း များစွာ တို့ဖြင့် ပြဆိုခဲ့သော သဘောယုတ္တိတွေကို ဆင်ခြင် စဉ်းစား ကုန်ကြပြီးလျှင်၊ ဗုဒ္ဓသာသနာတော်ကြီး အတွင်းမှာ၊ သဒ္ဓါတရားသာလျှင် လိုရင်း ပဓာနမူရင်း'မ တည်' ဖြစ်ကြောင်းကို ကောင်းစွာ သိသင့်ကြပေသည်။

ထိုကဲ့သို့ မှန်သောအတိုင်း သိမြင်ကြပြီး လျှင် ရှင်တော်ဘုရား၏ အလိုတော်ကျအတိုင်း ဖြစ်ကြရလေအောင် မိမိတို့သန္တာန်အတွင်းမှာ သဒ္ဓါ တရားကို ထွားထွားကျိုင်းကျိုင်းကြီး ဖြစ်အောင် ထူထောင် မွေးမြူကြပါကုန်။ သူတစ်ပါးတို့အား လည်း သဒ္ဓါတရားဖြစ်ပွားကြလေအောင် သွေးဆောင် သိမ်းသွင်းကြပါကုန်။

**လယ်တီတရား သတင်းစာ၊**
**ပထမတွဲ၊ အမှတ်–၉၊**
**၁၂၈၈–ခု၊ တပေါင်းလ**

WWW.DHAMMARANSI.COM

# မြန်မာပြည်နှင့် ကျောက်စာများအကြောင်း

"ကျောက်စာ" ဆိုသည်မှာ ခိုင်မာသော ကျောက်ပြားထက်၌ ရေးသားအပ်သော ကမ္ဘည်း အက္ခရာများကိုပင် ဆိုလိုရင်းဖြစ်ပေသည်။ ယဉ်ကျေးသော လူမျိုးတို့သည် နောင်လာနောက်သားတို့၏ အကျိုးငှါ ရှည်ကြာစွာ တည်တံ့ရန် ဖြစ်သော "ကျောက်စာ"များကို ရေးသားလေ့ ရှိကြကုန်၏။

ရှေးရှေးအခါတို့၌ပင် ကျောက်စာရေးသားခြင်း အလေ့အကျင့်များ ထွန်းကားလျက်ရှိသဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာများတွင် ကျောက်စာနှင့် ဥပမာများ နှိုင်း၍ ဟောကြားတော်မူသော အချက်များကို တွေ့ရှိရလေသည်။

စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌ "ပါသဏလေခူပမ" ပုဂ္ဂိုလ်ဟူ၍ ကျောက်စာနှင့်တူသော ပုဂ္ဂိုလ်မျိုး တစ်မျိုး ရှိကြောင်းကို ဟောကြားတော်မူခဲ့ပေသည်။

ကျောက်စာနှင့်တူသော ပုဂ္ဂိုလ်ဆိုသည်မှာ လွန်စွာ ခိုင်မြဲသော သတိသညာနှင့် ပြည့်စုံ၍ တစ်ခါကြားလျှင် အရှည်သဖြင့် စွဲမြဲစွာနှင့် "မှတ်ဉာဏ်ကောင်းသော" ပုဂ္ဂိုလ်မျိုးကို ကျောက်စာနှင့်တူသော ပုဂ္ဂိုလ်မျိုး ဟူ၍ ဆိုလိုပေသည်။

အစာခိုင်မာသော ကျောက်ပြားထက်၌ ရေးထွင်းအပ်သော အက္ခရာတို့သည် ပေစာ၊ မင်စာ၊ ပုရပိုက်စာ၊ သစ်စေးစာ၊ ရွှေစာ တို့ကဲ့သို့ လွယ်ကူစွာနှင့် ပျက်နိုင်ကြသည်မဟုတ်ဘဲ ခိုင်မြဲစွာနှင့် အရှည်အကြာ တည်တံ့သော အလေ့ရှိကြလေသည်။

ရှေးရှေးက ရေးသား၍ ထားခဲ့ကြသော ကျောက်စာများကို နောက်သားနောင်လာတို့ တွေ့ရှိကြရ၊ ရှေးခေတ်ကာလ၌ လူတို့အခြေအနေများ၊ လူတို့၏ အလုပ်အကိုင်အကြံအစည်များ ၊ လူတို့၏ ပြောဆိုချက်များ၊ လူတို့၏ အသုံးအဆောင်များမှစ၍ ရှေးရာဇဝင်များကို စဉ်းစား နှိုင်းချိန်နိုင်သော "ဗဟုသုတ" များကို တိုးပွား စေနိုင်ကြကုန်၏။

အလွန် ဟောင်းသော ပညာမျိုးကိုလည်း ကျောက်စာတို့၌ ရရှိတတ်ကုန်၏။ ရာဇဝင် ပညာကိုမူကား သာ၍ပင် အထောက်အပံ့ ပြုတတ်ကြကုန်သည်။

ကျောက်စာမှတစ်ပါး ရွှေပြားငွေပြား၌ ရေးသောစာ၊ ကြေးပြား ကြေးပုရပိုက်တို့၌ ရေးသောစာများကိုလည်း ရေးသားလေ့ရှိကြကုန်၏။

သုတ္တနိပါတ် အဋ္ဌကထာ၌ အာဠာဝက ဘီလူး၏ ဗိမာန်တွင် ကဿပမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာဂါထာများကို ရွှေပြား၌ ရေးသား၍ ထားကြောင်း၊ ထိုရွှေပြား အက္ခရာ ရေးဟောင်းစာတို့ကို အကြောင်းပြု၍ အာဠာဝက ဘီလူးသည် ဂေါတမမြတ်စွာဘုရားအား ပုစ္ဆာမေးမြန်းနိုင်ကြောင်းကို ပြဆိုလျက်ရှိလေသည်။

ထို့ပြင် ပါရာဇိကဏ်အဋ္ဌကထာ၌ ရာဇဂြိုလ်ပြည်ရှင်- ဘုရင်အဇာတသတ်မင်းသည် ရှင် မဟာကဿပ ကိုယ်တော်ကြီးနှင့် တိုင်ပင်၍ ဓာတ်တော်များကို စက်ယန္တရား အမျိုးမျိုးတို့ဖြင့် ဌာပနာ၍ ထားရာ ထိုဌာပနာတိုက်၌ ရွှေပြားအက္ခရာ ရေးသား၍ ထားကြောင်းများကို ပြဆိုလျက် ရှိလေသည်။

ထိုနည်းနိဿယကို နမူနာပြု၍ မြန်မာဘုရင် အစဉ်အဆက်တို့၌ စေတီ ပုထိုး တည်ကြသော အခါ ကြီးကျယ် ဆန်းပြားစွာသော ဌာပနာတိုက်တို့၌

WWW.DHAMMARANSI.COM



ရွှေပြား ငွေပြား အက္ခရာရေးသားသော စာများကို ထည့်သွင်းလေ့ရှိသည်။

အိန္ဒိယနိုင်ငံကြီးသည် ကမ္ဘာပေါ်တွင် စောစော စီးစီး ယဉ်ကျေးခဲ့သော နိုင်ငံကြီးတစ်ခု ဖြစ်သော အတိုင်း ကျောက်စာရေးသားခြင်း အလေ့ကို ရှေးရှေး အစဉ်အဆက်ကပင် ပြုလုပ်လေ့ရှိကြကုန်၏။ ထို နည်းတူစွာ အာဖရိကတိုက် အီဂျစ်နိုင်ငံသည်လည်း စောစောစီးစီးကပင် ယဉ်ကျေးစွာနှင့် တခမ်းတနား ကြီးပွားခဲ့သော နိုင်ငံကြီးတစ်ခု ဖြစ်ခဲ့ဖူးသောကြောင့် ကျောက်ဖြင့် ပြီးသော အဆောက်အဦးကြီးများနှင့် ကျောက်များကို စာရေးသားခဲ့ကြကုန်၏။ ထိုအီဂျစ် နိုင်ငံ၌ လွန်စွာ ကြီးကျယ်သော (သီလာမယ) ကျောက်သား အဆောက်အဦးကြီးများသည် ထင်ရှား စွာ ရှိကြကုန်သေး၏။ ထိုနည်းတူစွာ အိန္ဒိယနိုင်ငံ နှင့် သီဟိုဠ်ကျွန်းတို့မှာလည်း ကျောက်ဖြင့် ပြီးသော အဆောက်အဦးဟောင်းကြီးတို့လည်း ထင်ရှားစွာ ရှိကြလေကုန်သေးသည်။

ကျောက်စာ ရေးသားခြင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားထင်ရှား ရှိတော်မူစဉ်အခါ၊ သက္က ပညာသုတ္တန်ကို ဟောတော်မူရာဖြစ်သော "ဣန္ဒ သာလ"ကျောက်ဂူကြီးအတွင်း၌ ဟောကြားတော် မူအပ်သော သက္ကပညာသုတ္တန်များကို ကျောက်စာ ထုထွင်း ရေးသားလျက် ရှိခဲ့ဖူးကြောင်းကို အိန္ဒိယ နိုင်ငံစာဟောင်းတို့၌ ပြဆိုလျက်ရှိသည်ကို တွေ့ရဖူး ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း (နှစ်ရာ) ကျော်လွန်သောအခါ မဟာ ကေရာဇ်ကြီးဟူ၍ ထင်ရှားကျော်စော၍ ယခု ထက် တိုင် ဂုဏ်ရနံ့တို့ဖြင့် ကြိုင်လှိုင်လျက်ရှိသော ဓမ္မာ သောကမင်းကြီးသည်ကား ကျောက်စာအရေးအသား တို့ကို အများဆုံး ဆိုရမည်လောက် ပြုလုပ် ဆောင် ရွက်သော မင်းတစ်ပါးဖြစ်ပေသည်။ သို့ရာတွင် ပိဋကတ်တော်သုံးပုံကို ကျောက်ထက် အက္ခရာတင် ထားသည်ဟူ၍ ရာဇဝင်တို့၌ အဆိုမရှိချေ။

ထိုဓမ္မာသောက မင်းတရားကြီးသည် ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာတော်ကို သူမတူတန် အောင် အထက်သန်ဆုံးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုသော ပုဂ္ဂိုလ်ကြီးဖြစ်လေရာ ပိဋကတ်တော် သုံးဖြာကို တတိယ သင်္ဂါယနာတင်ခြင်း ကိစ္စကြီး ကိုလည်း ဆောင်ရွက်တော်မူလေသည်။

မိမိစိုးပိုင်ရာဌာနတို့၌ မြို့တိုင်းမြို့တိုင်းမှာ ကျောက်စာတိုင်ကြီးများကို စိုက်ထားလေသည်။ ထိုကျောက်စာတိုင်တို့၌ ရေးသားသော စာတို့မှာ ဗုဒ္ဓသာသနာကို လိုက်နာကြရမည့် အကြောင်းအရာ များနှင့် အချို့သော တရားတော်များကိုလည်း ရေး သားထားလေသည်။ ထိုမင်းတရားကြီးသည် ဗုဒ္ဓ သာသနာတော်တွင် မိမိအာဏာဖြင့် အမွှမ်းတင်၍ ပြုစုလေရာ တိုင်းသူပြည်သား လူများအပေါင်းတို့ သည် ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်ကြသည်သာများ ကြလေ၏။

ထိုဓမ္မာသောကမင်းတရားကြီး ရေးသား စိုက်ထူအပ်သော ကျောက်စာတိုင်ကြီးအချို့တို့သည် အိန္ဒိယနိုင်ငံ အချို့မြို့ရွာ ဒေသတို့၌ ယခုတိုင်ပင် ရှိကြကုန်သေး၏။ ယခုအခါ အင်္ဂလိပ်အစိုးရတို့က ကျောက်စာဌာန လုပ်ငန်းကြီးတစ်ခုကို ဖွင့်လှစ်၍ အိန္ဒိယတိုင်းကြီးအတွင်း၌ ရှာဖွေစိစစ်ကြရာ ဓမ္မာ သောက မင်းတရားကြီး၏ ကျောက်စာများကိုပင် တွေ့ရှိကြရလေသည်။

ထိုဓမ္မာသောကမင်းတရားကြီး၏ ဂုဏ် ကျေးဇူးသတင်းသည် ဤမြန်မာနိုင်ငံတော်အတွင်း ၌လည်း တသင်းသင်း ပျံ့နှံ့လျက် ရှိခဲ့ရာ စေတီ တော်အပေါင်း "ရှစ်သောင်းလေးထောင်" တည်ထား ရာတွင် မြန်မာနိုင်ငံတော်ထက်ဝန်းကျင်မှာ စေတီ များကို တည်ထားတော်မူကြောင်းနှင့် မည်သည့် စေတီတော်သည် ဓမ္မာသောကမင်းတရားကြီး၏ ကုသိုလ်တော် ဖြစ်ကြောင်းများကိုလည်း မြန်မာနိုင်ငံ တော် တစ်လွှားမှာ အထင်အရှား ပြောကြားလျက် ရှိကြလေသည်။

WWW.DHAMMARANSI.COM



ရှေးရှေးအခါက ကြီးကျယ်သော အဆောက်အဦးကြီးများကို ပြုလုပ် တည်ထောင်ကြရာတွင် အရှည်ခိုင်ခံ့ရန်ဖြစ်သော ကျောက်တို့ဖြင့်သာလျှင် ပြုလုပ် တည်ထောင်လေ့ ရှိကြကုန်၏။ သီဟိုဠ်ကျွန်း၌ ဆောက်လုပ်သော "လောဟပါသာဒ" ခေါ်သော အဆောက်အဦးကြီးမှာ ကျောက်တို့ဖြင့်ပြုလုပ်၍ အမိုးကိုကား ကြေးနီပြားတို့ဖြင့် မိုးထားလေသည်။ ကျောက်တိုင်ဟောင်းများကို ယခုတိုင်အောင် တွေ့မြင်နိုင်ကြသေး၏။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်တွင် ထင်ရှားကျော်စောလျက်ရှိသော "ဖိုးဝန်းတောင်"၌ ရှေးရှေးက ပြုလုပ်ထားခဲ့ကြသော ကျောက်ဂူကြီးများ ကျောက်သား ဆင်းတုကြီးများလည်း ယခုတိုင် အထင်အရှား ရှိကြကုန်သည်။

ထိုကျောက်သားဖြင့် ပြီးသော အဆောက်အဦးကြီးများသည် လူ့ပြည်လောက၌ ကမ္ဘာကျက်သရေကြီးတွေ ဖြစ်၍ နောင်လာနောက်သားအမျိုးသား အမျိုးသမီးတို့အား စိတ်နေစိတ်ထား ကြီးမားခြင်းနှင့် အစဉ်းစားဉာဏ် ကျယ်ပွင့်ခြင်းကို ထွန်းကားစေနိုင်ကြလေသည်။

အိန္ဒိယတိုင်းကြီးမှာ ကျောက်သားဖြင့်ပြီးသော အဆောက်အဦးတို့နှင့် ကျောက်စာတို့သည် လွန်စွာ များပြားခဲ့ပါသော်လည်း ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ဘက်ဖြစ်သော လူတစ်မျိုးမျိုး ဝင်ရောက်အုပ်စိုး၍ ဘုန်းတန်ခိုး အာဏာကို ပြလျက် မိမိတို့နှင့် ဆန့်ကျင်သော ဘာသာအဆောက်အဦးတို့ကို ဖြိုဖျက်ကြလေသဖြင့် ကျောက်သား အဆောက်အဦးပေါင်းများစွာနှင့် ကျောက်စာပေါင်းများစွာတို့ ပျက်စီးကြရလေသည်။

ထိုသို့ ပျက်စီး ရခြင်းမှာ လူ့ပြည်လောက၊ ကမ္ဘာ့ကျက်သရေကြီးတွေကို ဖျက်ဆီးသဖြင့် အလွန့်အလွန်ပင် နစ်နာလှပေသည်။

ကျွန်ုပ်တို့ မြန်မာပြည်မှာ ကျောက်စာထုထွင်း ရေးသား စိုက်ထူခြင်းကိစ္စကိုလည်း များစွာပြုလုပ်လေ့ ရှိကြကုန်၏။ ကျောက်စာ ရေးသားစိုက်ထူခြင်းလုပ်ငန်းမှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အောက်တန်းကျသည် မဟုတ်ချေ။ ဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံကြီး ဖြစ်သောကြောင့် စေတီ၊ ပုထိုး၊ ဂူကျောင်း မှစ၍ သာသနာရေးနှင့်စပ်ဆိုင်သော ကျောက်စာတို့သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ လွန်စွာပင် များပြားလှပေသည်။

မြန်မာနိုင်ငံ ကျောက်စာလုပ်ငန်းကြီးနှင့် စပ်လျဉ်း၍ စဉ်းစား ဆင်ခြင်သည် ရှိသော် မြန်မာရာဇဝင်၌ ရှေးကျသော တကောင်း ထွန်းကားစဉ် သရေခေတ္တရာ ထွန်းကားစဉ်အခါတို့၌ ကျောက်စာလုပ်ငန်းကို များစွာ အရေးပြုခဲ့ဟန် မတူချေ။ အကြောင်းမူကား ထိုခေတ်အခါတို့က ရေးသားခဲ့သော ကျောက်စာများကို မတွေ့ရသောကြောင့် တည်း။

ထိုသို့ ကျောက်စာကို မတွေ့ရသော်လည်း "စဉ့်ကွင်း"ခေါ်သော စာမျိုးများကိုမူကား တွေ့ရှိရလေသည်။

"စဉ့်ကွင်း"ဆိုသည်မှာ အုတ်ကြွပ်ပြားများကဲ့သို့ မြေကို အပြားပြုလုပ်၍ မီးဖုတ်ထားသော ဝတ္ထုမျိုးဖြစ်ပေသည်။ အချို့မှာ စဉ့်ရည် သုတ်လျက်ရှိကြ၏။ ထိုစာမျိုးများကို တကောင်းမြို့ဟောင်းမှ တွေ့ရှိရလေသည်။ အချို့စာများမှာ ဘုရားဆင်းတု ပလ္လင်တော်၌ ရေးသားလျက် ရှိကြ၏။ တကောင်းခေတ်အခါ ဘုရားရုပ်တုများကို ပြဆိုခဲ့သော နည်းအတိုင်း မြေပြားပေါ်၌ ထုကြပြီးလျှင် စာတမ်းရေးသား၍ မီးဖုတ်ထားတတ်ကြလေသည်။ ထိုနည်းတူစွာ ငါးရာငါးဆယ် ဇာတ်ရုပ်များကိုလည်း မီးဖုတ်သောမြေပြားဖြင့် ပြုလုပ်လေ့ရှိကြသည်။ ထိုဝတ္ထုမျိုးကို "စဉ့်ကွင်း"ဟူ၍ ခေါ်စမှတ်ရှိကြ၏။

ထိုစဉ့်ကွင်းမျိုးသည် အိုးများကဲ့သို့ မီးဖြင့်ကျက်စွာ ဖုတ်အပ်ပြီး ဖြစ်သောကြောင့် ဆွေးမြေ့ခြင်း မရှိနိုင်ဘဲ ရှည်ကြာစွာ ခံကြလေသည်။ မြေကြီးအတွင်း မည်မျှလောက် နစ်မြုပ်၍ နေသော်လည်း

WWW.DHAMMARANSI.COM



မပျက်စီးနိုင်ချေ။ ထိုစဉ့်ကွင်းစာမျိုးကိုလည်း ကျောက်စာကဲ့သို့ပင် ရှေးဟောင်းပညာရှိတွေ စုံစမ်းရေး၌ အသုံးဝင်ကြလေသည်။

ရှေးအလွန်ကျသော တကောင်းနယ်မှ ရရှိသည့် "စဉ့်ကွင်း"စာတို့၌ အသုံးပြုသော အက္ခရာများမှာ၊ သင်္ကရိုက်ဘာသာနှင့် နာဂရီ အက္ခရာများကို တွေ့ရှိရလေသည်။ ထိုဘာသာ ထိုအက္ခရာများသည် အိန္ဒိယနိုင်ငံသားတို့ လက်သုံးဖြစ်သောကြောင့် မြန်မာရာဇဝင်တို့၌ ရေးသားသောအတိုင်း မြန်မာလူမျိုးတို့သည် အိန္ဒိယနိုင်ငံသာကီဝင်မျိုးမှ ဆင်းသက်သည်ဟူသော စကားမှာ များစွာ ယုတ္တိရှိလှပေ၏။

ထို့နောက် ပုဂံမြို့ ကောင်းစား ထွန်းကားလာသော ခေတ်သို့ရောက်လေသော် မြန်မာပြည်တွင် လက်မှု ပညာများလည်း ရှေးကထက် ထွန်းကား၍ ကြီးမားသော အဆောက်အဦးကြီးများနှင့် ကျောက်စာရေးသား စိုက်ထူခြင်း အလေ့များ တိုးပွား၍ လာလေသည်။ ပုဂံမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုပါလျှင် လွန်စွာ ကြီးကျယ် ခမ်းနားသော ဗုဒ္ဓဘာသာ အဆောက်အဦးများကို မြင်နိုင်ကြပေလိမ့်မည်။ အာနန္ဒာဘုရားမှ စ၍ ခိုင်ခံ့ ထူးဆန်းလှစွာသော အဆောက်အဦးကြီးများသည် ယခုအခါ ကမ္ဘာ၏ အံ့ဩဖွယ် စာရင်းတွင် ပါဝင်ကြ၍ ရှေးဟောင်းပညာကို စုံစမ်းလေ့ရှိသော နိုင်ငံခြားသားတို့သည် ထို အဆောက်အဦးများရှိရာသို့ သွားရောက် ကြည့်ရှုကြရလေသည်။

သရေခေတ္တရာမြို့ ကောင်းစားစဉ်အခါ ထိုကဲ့သို့ လက်မှုပညာများ ထွန်းကားခြင်း မရှိသေးဘဲ ထိုနောက် များမကြာမီအတွင်း ပုဂံမြို့ ကောင်းစားစဉ် အခိုက်တွင်မှ ဒီရေတက်သည့် အလား လက်မှုပညာများ ကြီးပွား၍ လာခြင်း အကြောင်းကို ဆင်ခြင်လျှင် ထိုစဉ်အခါ မြန်မာပြည်သည် အိန္ဒိယ တိုင်းကြီးနှင့် ရွှေလမ်း ငွေလမ်း ဖောက်လျက် ဆက်သွယ်ခြင်း အထူး တိုးပွား၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကူးအသန်း များပြားဟန် ရှိသည်။

ထို့ပြင်လည်း ပုဂံပြည်၌ စိုးစံကြသော ပျူစောထီး၊ အနော်ရထာ၊ အလောင်းစည်သူ၊ ကျန်စစ်သားမှစ၍ ဘုန်းတန်ခိုး ကြီးမားသော မင်းဧကရာဇ်တို့ စိုးစံတော်မူကြရာ မင်းတို့၏ ဘုန်းကြောင့် နိုင်ငံတကာမှ များစွာ ပေါက်လာကြဟန်ရှိသည်။ ဤကဲ့သို့ နိုင်ငံအမျိုးမျိုးနှင့် ဆက်သွယ်ရခြင်းကြောင့် မြန်မာပြည်မှာ လျင်မြန်စွာ လက်မှုပညာများ တိုးပွားလာဟန် ရှိသည်ဟု တွေးဆရန် ရှိပေသည်။

ပုဂံမြို့ ကောင်းစားစဉ်အခိုက်မှာ အိန္ဒိယတိုင်းနှင့် သီဟိုဠ်ကျွန်းတို့မှာလည်း များစွာ ကြီးပွားသော အခိုက်အခါ ဖြစ်ပေ၏။ ဗုဒ္ဓသာသနာတော်လည်း ပုဂံမြို့ ကောင်းစားစဉ်အခိုက်မှာ အခြေကျကျ နည်းနယ မှန်ကန်စွာနှင့် ထွန်းကား၍ လာခဲ့ရာ ပိဋကတ်ကျမ်းဂန်များလည်း ထိုအခါတွင်မှ ပြည့်စုံစွာ ဆိုက်ရောက်လာပေ၏။

မြန်မာပြည်မှာ ပိဋကတ်တော်များ စုံလင်စွာ မရောက်မီအတွင်း တိုင်းရင်းနွယ်လာဖြစ်သော မြန်မာဘာသာနှင့် သင်္ကရိုက် ဘာသာများကို တွဲဖက်၍ အသုံးပြုကြဟန် တူလေသည်။

ပိဋကတ်သုံးပုံ အပြည့်အစုံရောက်လာသည့် အခါကစ၍ သင်္ကရိုက်ဘာသာများကိုသာ များစွာ အသုံးမပြုကြတော့ဘဲ မာဂဓဘာသာ ခေါ်သော ပါဠိကိုသာ လေ့လာကြလေသည်။

ပုဂံမြို့ ကောင်းစား၍ သာသနာတော် ထွန်းကားစဉ်အခါ ပါဠိဘာသာကို များစွာ တတ်ကျွမ်းကြကြောင်းကို ယခုတိုင်အောင်ပင် အစဉ်အဆက် ပြောဆိုကြကုန်၏။ ထိုခေတ်အခါက ရေးသားခဲ့သော "သဒ္ဒနီတိ"ကျမ်းသည် လွန်စွာ ကျယ်ဝန်းသည်ပြင် ပါဠိဘာသာကို အခြေမူလပြုရန် ထိုက်တန်ကောင်းမွန်သော ကျမ်းကြီးတစ်ခု ဖြစ်ပေသည်။ ထိုစဉ်အခါက "သဒ္ဒါငယ်"ခေါ်သော ကျမ်းတို့လည်း များစွာပင် ပြုစီရင်ကြကုန်၏။

WWW.DHAMMARANSI.COM



ပါဠိဘာသာ ဂါထာဗန္ဓတို့ဖြင့် ရေးသားအပ်သော ကျောက်စာများကိုလည်း ထိုပုဂံမြို့ဟောင်း၌ပင် တွေ့ရှိကြရကုန်၏။

ယခုတွေ့ရှိကြရသော ရေးဟောင်း ကျောက်စာများအနက် သက္ကရာဇ် ၇၀၀–ကျော် (လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ကျော်)က ရေးထွင်း စိုက်ထူခဲ့သော ကျောက်စာများကိုပင် မြန်မာပြည်၌ အဟောင်းဆုံးသော ကျောက်စာဟူ၍ အမှတ်အသား ပြုကြရလေသည်။ အကြောင်းမူကား ထိုထက် ရေးကျသော ကျောက်စာများကို မတွေ့ကြရသောကြောင့်တည်း။

ရေးဟောင်းဖြစ်သော ကျောက်စာများကို ဖတ်ရှုသောအခါ ထိုစဉ်ခေတ်အခါအသုံးပြုကြရသော မြန်မာစကား၏ အခြေအနေများကို စဉ်းစားထောက်ဆ၍ သိနိုင်ကြကုန်၏။

ထိုကျောက်စာတို့၌ အသုံးပြုသော မြန်မာစကားတို့ကို စဉ်းစားဆင်ခြင်လိုက်သောအခါ ထိုခေတ်အခါ၌ မြန်မာစကားသည် ကျယ်ကျယ် ပြန့်ပြန့် ကွန့်ကွန့်မြူးမြူးမရှိဘဲ ကျဉ်းမြောင်း ရှားပါးသော စကားဖြစ်ကြောင်းကို သိရှိရလေသည်။ (ထိုခေတ်အခါ မြန်မာစကားသည် ကြီးပွားခြင်း မရှိသေးဟူ၍ ဆိုလိုသည်။)

ထိုကျောက်စာတို့၌ စကားအသုံးအနှုန်းများလည်း လွန်စွာ တိုတောင်း၍ ထစ်ထစ်ငေါ့ငေါ့နှင့် ပြေပြေပြစ်ပြစ် ပြန့်ပြန့် ပြူးပြူး မရှိကြောင်းမှာ ကောင်းစွာ ထင်ရှားလှပေသည်။

(ထိုကျောက်စာများကို ဥဒါဟရဏ် ထုတ်ဆောင်၍ ပြနေလျှင် ကျယ်မည်စိုး၍ သဘောအချုပ်ကိုသာ ပြဆိုရတော့သည်။ ရေးဟောင်းကျောက်စာတို့ကို တွေ့ရှိ ဖတ်ကြည့်ဖူးကြပါလျှင် ပြဆိုခဲ့သည်နှင့် ညီညွတ်ကြောင်းကို ထင်ရှားစွာ သိရပါလိမ့်မည်။)

ထိုကျောက်စာတို့၌ ရေးသားပုံ အက္ခရာပုံသဏ္ဌာန်များလည်း ယခုခေတ်အခါမှာကဲ့သို့ များစွာ အချိုးကျခြင်း မရှိဘဲ ရေးသားသောအခါ အချိန်ကြာမြင့်စွာ ရေးသားရမည်ဖြစ်သော အက္ခရာများကို တွေ့ရှိရလေသည်။

ထိုကဲ့သို့ ဘာသာစကား ဝါကျသွားတို့၏ မပြေပြစ် မပြန့်ပြူးခြင်း၊ အက္ခရာပုံသဏ္ဌာန်တို့၏ အချိုးအစား မကျခြင်းများကိုလည်း အပြစ်ဆိုထိုက်သည် မဟုတ်ချေ။ ထိုခေတ်ထိုအခါမှာ ထိုကဲ့သို့သော အသုံးအနှုန်းများကို အသုံးပြုလျက် ရှိကြသောကြောင့် ထိုကဲ့သို့ ရေးသားတော်မူကြသည်ဟူ၍ သာလျှင် ဆင်ခြင်ထိုက်ပေသည်။

လိုရင်းမှာမူကား ထိုရေးဟောင်းကျောက်စာများ ရှိကြပေသောကြောင့် ရာဇဝင်ပညာနှင့် ရေးဟောင်း ရှာဖွေရေးပညာများကို တိုးပွားစေနိုင်သော အခြေခံကြီးကို ရရှိခြင်း အကျိုးသာလျှင် ပဓာနဖြစ်ချေသည်။

ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ရေးသားအပ်သော ကျောက်စာတို့မှ တစ်ပါး ပျူစာ၊ မွန်စာတို့ဖြင့် ရေးသားအပ်သော ကျောက်စာများကိုလည်း တွေ့ရှိရကုန်သေး၏။

မွန်ကျောက်စာများကို မွန်လူမျိုးများ အစဉ်အလာအားဖြင့် ရှိကြသေးသောကြောင့် အဓိပ္ပာယ်ကျနစွာ သိရှိအောင် ဖတ်ရှုခြင်းငှါ ခဲယဉ်းမည်မဟုတ်ချေ။ ပျူစာများကိုမူကား ယခုအခါ အဓိပ္ပာယ်ကျနစွာ သိရှိရန်အတွက် ဖတ်နိုင်သော သူတို့သည်ကား လွန်စွာမှ ရှားပါးလျက် ရှိလေသည်။ အကြောင်းကိုဆိုတော့ ပုဂံမြို့ မထွန်းကားမီ သရေခေတ္တရာထွန်းကားစဉ် အချိန်လောက်က ပျူလူမျိုးများ ထွန်းကားကြ၏။ ပုဂံပြည် ထွန်းကားသည်ကစ၍ ပျူလူမျိုးတို့မှာ တဖြည်းဖြည်း တိမ်ကော၍ သွားလေရာ ယခုခေတ်အခါ၌မူကား ပျူလူမျိုးများကို တွေ့နိုင်ကြတော့သည် မဟုတ်ချေ။

လူမျိုးတိမ်ကော၍ သွားပါလျှင် ထိုလူမျိုးတို့၏ ဘာသာစကားလည်း တိမ်ကောလေစမြဲ ဖြစ်၍ ပျူအက္ခရာ၊ ပျူဘာသာဖြင့် ရေးသားထားသော ကျောက်စာများ ရှိစေကာမူ အဓိပ္ပာယ် ကျနစွာ

WWW.DHAMMARANSI.COM



သိရှိအောင် ဖတ်ကြားနိုင်မည့်သူ မရှိသဖြင့် အဟော သိကံကဲ့သို့ပင် ဖြစ်ရလေတော့သည်။ ကျောက်စာ ဌာနဘက်တွင် အလွန် ကျွမ်းကျင်သော သူတို့ဖြစ်ပါမူကား နှိုင်းချိန် စဉ်းစားဖွယ် အမျိုးမျိုးတို့ဖြင့် စူးစူးစိုက်စိုက် ကြံစည်၍ ဖတ်ပါလျှင် ဖြစ်နိုင်ဖွယ်ရာ အကြောင်း ရှိပေလိမ့်မည်ဟူ၍ ထင်မြင်သင့်ပေသည်။

ပုဂံမြို့ ကောင်းစားစဉ်အခါ ဘုရားကျောက်စာ၊ ဂူကျောက်စာ၊ ကျောင်းကျောက်စာများကို ရေးသားလေ့ ရှိကြသော်လည်း ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်သည်ဟူ၍ လည်းကောင်း ပညာရှိပုဂ္ဂိုလ်ကြီး တစ်ပါးပါး၏ ရေးသားသော ကျမ်းစာများကို ကျောက်ထက် အက္ခရာတင်သည် ဟူ၍ လည်းကောင်း မကြားမသိ မတွေ့ မရှိရပေ။

အိန္ဒိယတိုင်းနှင့် အီဂျစ်ပြည်တို့၌ ဘုန်းတန်ခိုးကြီးမားသော မင်းဧကရာဇ်တို့၏ သချိုင်း အဆောက်အဦးကြီးများကို တခမ်းတနား၊ အခိုင်အခံ့ တည်ဆောက်၍ ကျောက်စာ ရေးသား ထားလေ့ရှိကြသကဲ့သို့ ကျွန်ုပ်တို့ မြန်မာပြည်မှာ ထိုကဲ့သို့သော အလေ့အလာများကို ပြုလုပ် ရွက်ဆောင်လေ့ မရှိခဲ့ကြသည်မှာ ရာဇဝင်ပညာနှင့် ဆင်ခြင်ပါလျှင် နစ်နာ ဆုံးရှုံးသော အချက်ကြီးတစ်ခု ဖြစ်ချေ၏။ ပုဂံမြို့ ကောင်းစားစဉ်က ကျောက်စာ ရေးထွင်းသော ကျောက်ချပ် ကျောက်ပြားများလည်း ယခုအခါ အသုံးပြုလေ့ ရှိကြသော စကျင်တောင်မှ ထွက်သည့် ကျောက်ဖြူမျိုးမဟုတ်ဘဲ အသားမာသော သာမန် ကျောက်ပြားများသာ ဖြစ်ကြလေသည်။ ယခုအခါ အသုံးပြုလျက်ရှိကြသော ကျောက်ဖြူပြားကြီးများသည်ကျောက်ထက်အက္ခရာတင်ရန်အလွန်တင့်တယ်လျောက်ပတ်သော ကျောက် အမိုးတန်မျိုး ဖြစ်ကြလေသည်။ ထိုခေတ်၊ ထိုအခါက စကျင်တောင်မှ ကျောက်ဖြူမျိုး ရနိုင်ကြောင်းကို ရှာဖွေစုံစမ်း၍ သိရှိကြလေဟန် လက္ခဏာမတူချေ။

အချို့သော ရှေးကျောက်စာဟောင်းများသည် စတုရန်း လေးမြှောင့်ကျောက်တိုင်ကြီးများ ဖြစ်၍ မျက်နှာလေးဘက်တို့၌ အက္ခရာရေးသားလျက် ရှိကြလေသည်။ ထိုကျောက်စာတိုင်ကြီးမျိုးကို ယခုတိုင်အောင် ပုဂံရွှေစည်းခုံ စေတီတော်ကြီး အတွင်း၌ တွေ့မြင်နိုင်ကြပါသေး၏။

ပုဂံမြို့၌ ထီးနန်းသုဉ်းပြီးနောက် ရတနာပူရ အင်းဝ နေပြည်တော်ကြီး ထွန်းကားလာသောအခါ မြန်မာဘာသာများသည် ရှေးကထက်ပင် ပြန့်ပြန့်ပြူးပြူး ထူးထူးခြားခြား တိုးတက်၍ လာခဲ့လေ၏။ မြန်မာဘာသာဘက် ဆိုင်ရာ၌ လိမ္မာထူးချွန်သော ပညာရှိ ပုဂ္ဂိုလ်များလည်း တိုးပွားထွန်းကား၍ လာကြလေသည်။

ထိုခေတ်အခါ ကျောက်စာရေးသား စိုက်ထူခြင်းများကို ရှေးကထက်ပင် အလေးတမူ အရေးယူ၍လာခဲ့သည်ဖြစ်ရာ စေတီ၊ ဂူ ကျောင်း များစွာတို့ကို တည်ထားရာ၌ ကျောက်စာပေါင်း များစွာတို့ကိုလည်း ရေးသား စိုက်ထူလေ့ ရှိကြသည်။ အင်းဝမြို့ ကောင်းစားစဉ်က ရေးသားစိုက်ထူသော ကျောက်စာများသည် အကြောင်းအရာ စုံလင်စွာ ထည့်သွင်း၍ ရေးသားလေ့ ရှိသောကြောင့် ထိုကျောက်စာများသည် မြန်မာရာဇဝင်ကျမ်းကို ရေးသားကြရာ များစွာသော အထောက်အပင့်ကို ရသဖြင့် အကိုး ခက်ခဲ ရှုပ်ထွေးသောအရာတို့၌ ထိုကျောက်စာများကိုပင် အကိုး အကား ပြုလုပ်ကြရလေသည်။

ဖန်နန်းရှင်လက်ထက် မှန်နန်းရာဇဝင်တော်ကြီးကို ပညာရှိအများတို့ စုပေါင်းညှိနှိုင်း၍ ရေးသားကြရာတွင် ထိုကျောက်စာတို့မှ အကိုးအကား ပေါင်းများစွာတို့ကို ယူ၍ ရေးသားရကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးကို ကြည့်ရှု၍ သွားပါလျှင် များစွာထင်ရှားပေလတ္တံ့။

ထိုအင်းဝ ကောင်းစားစဉ်၌ ရေးသားကြသော ကျောက်စာစကား အသွားအလာများသည် ပုဂံမြို့ ကောင်းစားစဉ်က ရေးသားကြသော ကျောက်

WWW.DHAMMARANSI.COM



စာစကားတို့ထက် ဝါကျအနေအထား စကား အစီအစဉ်မှ စ၍ သာလွန် ကောင်းမြတ်ကြောင်းကို ကျောက်စာအချင်းချင်း နှိုင်းယှဉ်၍ ကြည့်ရှုခြင်းအားဖြင့် သိရလေသည်။ အင်းဝ ကောင်းစားစဉ်က ကျောက်စာထုထွင်းရန် အသုံးပြုသော ကျောက်ချပ် ကျောက်ပြားမှာမူကား ပုဂံခေတ် ကောင်းစားစဉ်က အသုံးပြုကြသော ကျောက်ချပ်ပြားတို့နှင့် များစွာ မခြားနားလှချေ။ စကျင်တောင်မှ ကျောက်ဖြူကို ထိုခေတ်အခါကလည်း သတိမူမိကြဟန် မတူသေး။

ရတနာပူရ အင်းဝမြို့တော် ကောင်းစားသောခေတ်နှင့် တစ်ပြိုင်တည်း ဟံသာဝတီခေါ်သော ပဲခူးမြို့ကြီးသည်လည်း ထွန်းကားကြီးပွား၍ လာလေသည်။ သို့ရာတွင် ဓမ္မစေတီမင်းမှ တစ်ပါး အခြားသော မွန်ဘုရင်တို့သည် ကျောက်စာရေးသား စိုက်ထူခြင်းအမှုကို များစွာ ဂရုမစိုက်ကြကုန်။

ဟံသာဝတီပြည်၌ ရာဇာဓိရာဇ်မင်းသည် လွန်စွာ တန်ခိုးကြီးသော မင်းဖြစ်လေသည်။ သို့ရာတွင် ထိုမင်း ထုထွင်းစိုက်ထူခဲ့သော ကျောက်စာများကို အထူးတလည် မတွေ့ရချေ။ ထိုမင်းသည်ကား ဘုန်းတန်ခိုး ကြီးမားပါသော်လည်း သာသနာရေးကို များစွာ အလေးပြုဟန် မရှိသည့်ပြင် စာပေ ပရိယတ္တိ အရာမှာ ဝါသနာ အထုံစွဲဟန်မတူချေ။ ထိုရာဇာဓိရာဇ် ကုသိုလ်တော်ဖြစ်သော စေတီများကိုလည်း မကြားမသိရဘူးချေ။

ထို့နောက် ဟံသာဝတီမှာ **"ဓမ္မစေတီ"** မည်သော မွန်မင်းတစ်ပါး အုပ်စိုးလေ၏။ ထိုမင်းသည် ငယ်ရွယ်စဉ် ရှင်သာမဏေအဖြစ်နှင့် အင်းဝမြို့တော်သို့ တက်၍ စာပေပရိယတ္တိ သင်ကြားလာသူ ဖြစ်သောကြောင့် ပရိယတ္တိ ကျမ်းဂန်ကို တတ်ကျွမ်းလိမ္မာသူ ဘုရင်တစ်ပါး ဖြစ်သည့်ပြင် သာသနာတော်ကို ကြည်ညို ပြုစုသော မင်း ဖြစ်ပေသည်။

ဓမ္မစေတီမင်းသည် ကုသိုလ် ပုညများကို ပြုလုပ်လေ့ရှိသည့်ပြင် သာသနာတော်၌ အရေးကြီးလှသော သိမ်တော်ကြီး တစ်ခုကိုလည်း တခမ်းတနား သမုတ်တော်မူလေသည်။ ယခုအခါ တိုင်အောင် ထင်ရှားလျက်ရှိသော ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးသည် ထိုမင်း သမုတ်တော်မူခဲ့သော သိမ်တော်ကြီး ဖြစ်ပေသည်။

သိမ်တော်သမုတ်ခြင်း အကြောင်းအရာတို့နှင့်တကွ တခမ်းတနား ရေးသားသော ကျောက်စာတိုင်များကိုလည်း ထိုကလျာဏီသိမ်တော်၌ စိုက်ထားတော်မူသည်။ ကလျာဏီ ကျောက်စာ၌ ရေးသားရသော ဘာသာမှာ ပါဠိ ဘာသာ ဖြစ်၍ လွန်စွာ ထင်ရှား ကျော်စောလေ၏။ ကလျာဏီကျောက်စာကိုလည်း များစွာ အကိုးအကား ပြုလုပ်ကြရကုန်၏။

ဓမ္မစေတီမင်းသည် ပိဋကတ်ကျမ်းဂန်များမှ တစ်ပါး အင်းအိုင် မန္တရားများကိုလည်း ဝါသနာ ထုံတော်မူသည့် အတိုင်း ကျောက်ချပ်တို့၌ အင်းအိုင် မန္တာန်များကို ရေးသားပြီးလျှင် စိုက်ထူတော်မူလေ၏။

ထို့ပြင် ခေါင်းလောင်းတော်ကြီးများကို သွန်းလုပ်တော်မူ၍ ထိုခေါင်းလောင်းတော်များ၌ အင်းအိုင် မန္တာန်တို့ကိုလည်း ရေးသား ထုထွင်းတော်မူစေ၏။ ရွှေတိဂုံစေတီတော် ရင်ပြင်၌ ရှေးအခါ ဓမ္မစေတီမင်း သွန်းလုပ်လှူဒါန်းခဲ့သော ခေါင်းလောင်းတော်ကြီး တစ်ခု ရှိဖူးလေသည်။

သို့ရှိဖူးသော်လည်း ထိုခေါင်းလောင်းတော်ကြီးကို မြန်မာနိုင်ငံ ပျက်စီး လှုပ်ရှားသောအခိုက်တွင် ဗုဒ္ဓသာသနာကို မကြည်ညိုသော လူမျိုးတို့က ကုန်းတော် ရင်ပြင်မှ ချ၍ ဒီဆိုင်ခေါ်သော ဒေါပုံမြစ်ထဲမှာ ချလိုက်သဖြင့် ထိုခေါင်းလောင်းတော်ကြီး နစ်မြုပ် ပျက်စီးရလေသည်ဟူ၍ အစဉ်အားဖြင့် ပြောကြားကြသည့် စကားများကို ကြားသိရဖူးပေသည်။

အိန္ဒိယနိုင်ငံ မြန်မာနိုင်ငံတော်တို့၌ ဗုဒ္ဓသာသနာနှင့် သက်ဆိုင်သော ရှေးဟောင်း အဆောက်အဦးပေါင်းများတို့သည် သာသနာကို မကြည်ညိုသောသူတို့၏ ဖျက်ဆီးခြင်းကြောင့် ပျက်စီးကြရလေသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

WWW.DHAMMARANSI.COM



အင်းဝမြို့တော် ကောင်းစား ထွန်းကားစဉ်အခါ မြန်မာပညာရှိတွေ ထွန်းကားကြသည့် အနက်၊ သျှင်မဟာသီဝံသ၊ သျှင်မဟာရဋ္ဌ၊ သျှင် ဥတ္တမကျော်၊ သျှင်အဂ္ဂသမာဓိတို့သည် ယခု တိုင်အောင် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူကြသည်။ ထိုပုဂ္ဂိုလ်တို့ ရေးသားအပ်သော မြန်မာ ကဗျာများကိုလည်း တစ်နိုင်ငံလုံး လက်သုံးပြုကြ၍ မှုထားကြရကုန်သည်။

သျှင်သီလဝံသ၊ သျှင်မဟာရဋ္ဌသာရတို့ ရေးသားသော ကျောက်စာများလည်း ယခုတိုင်အောင်ပင် ထင်ရှားရှိကြကုန်၏။

အင်းဝမြို့တော် ကောင်းစားစဉ်အခါ ကျောက်စာများ ရေးသားခြင်းလုပ်ငန်း ကြီးပွားလာသော်လည်း ပိဋကတ်ကျမ်းဂန်များကို ကျောက်စာ ရေးသား စိုက်ထူထားကြခြင်း အမှုကို ပြုလုပ်ခြင်း မရှိကြကုန်။

အင်းဝနိုင်ငံတော်ကြီး ပျက်စီး ဆိတ်သုဉ်း၍ အလောင်းမင်းတရားကြီးလျှင် လက်မွန်ရှိသော ကုန်းဘောင်မင်းဆက် ထွန်းတက် ကြီးပွား၍ လာသောအခါ၊ ပါဠိဘာသာ၊ မြန်မာဘာသာတို့၌ ပညာရှိဟူ၍ သမုတ်ထိုက်သောပုဂ္ဂိုလ်ကြီးများလည်း အထူးသဖြင့် ထွန်းကားပွားစီးလျက်ပင် ရှိကြကုန်သည်။

ကျောက်စာ ရေးသားစိုက်ထူခြင်းအလေ့မှာ ရေးကထက်ပင် တိုးတက်၍ ထွန်းကားလေ၏။

အထူးဝိသေသအားဖြင့် ကုန်းဘောင်မင်းဆက်၌ ဆဋ္ဌမမြောက် ဖြစ်တော်မူသော ဘိုးတော်မင်းတရားကြီး လက်ထက်အခါ မင်း၏ ဘုန်းတန်ခိုးကြီးမားခြင်း၊ ပညာရှိတို့၏ ထွန်းကားခြင်းသည် အထွဋ်အဆုံးသို့ တိုင်အောင် ကြီးပွားလေသည်။

ဘိုးတော်မင်းတရားကြီးသည် အမရပူရနေပြည်တော်ကြီးကို တည်ထောင် ဖန်ဆင်းတော်မူပြီးလျှင် အနိုင်ငံငံဟို၌ မိမိဘုန်းတန်ခိုးရောင်ကို ပြောင်ပြောင် တောက်စေလျက် စိုးအုပ်တော်မူလေသည်။ ဗုဒ္ဓသာသနာကိုလည်း ပြုစုစောင့်ရှောက်တော်မူလေသည်။

ကျောက်စာလုပ်ငန်းနှင့် ပတ်သက်၍ ထိုဘိုးတော်မင်းတရားကြီး ဆောင်ရွက်တော်မူသည်မှာ နိုင်ငံတော်ဝန်းကျင်တို့၌ ရှေးရှေးမင်းတို့လက်ထက်က စိုက်ထူထားခဲ့သော ဘုရား ကျောက်စာ၊ ဂူ ကျောက်စာ၊ ကျောင်းကျောက်စာ၊ ကန်ကျောက်စာ အများတို့ ပျက်ပြားယိုယွင်း ရှိသည်များကို ရှေး မူရင်းအတိုင်း ရေးသားစေပြီးလျှင် ကျောက်စာအသစ်ကို စိုက်ထူတော်မူစေသည်။ ရှေးကျောက်စာဟောင်းတို့ကိုလည်း နေပြည်တော် အမရပူရမြို့တော်သို့ ဆောင်ယူစေပြီးလျှင် မဟာမြတ်မုနိဘုရား အရံတွင်းမှာ တစ်ပေါင်းတည်း စု၍ ထားတော်မူ၏။

ဘိုးတော်မင်းတရားကြီး လက်ထက်တော်က စု၍ထားသော ရှေးကျောက်စာဟောင်းများသည် ယခုအခါ မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး မဟာရံအတွင်းမှာ ထင်ရှားစွာ ရှိကြကုန်သည် ဖြစ်၏။ ကြည့်ရှုလိုသူများ သွားရောက်၍ အလွယ်တကူ ကြည့်ရှုနိုင်ကြပေသည်။

(မှတ်ချက်။ ။ ဆိုခဲ့ပြီးသော ကျောက်စာများသည် မဟာမြတ်မုနိဘုရားကြီး တောင်စောင်းတန်း အနောက်ဘက်တွင် ရှိလေသည်။)

မိတ္ထိလာကန်တော်ကြီး ကျောက်စာမှစ၍ ဘိုးတော်မင်းတရားကြီး ရေးသား စိုက်ထူတော်မူခဲ့သော ကျောက်စာတို့လည်း များစွာပင် ရှိကြကုန်၏။

ထို့နောက် ဘိုးတော်ဘုရား၏ မြေးတော်ဖြစ်သော စစ်ကိုင်းမင်း၊ ဘကြီးတော်ဖန်နန်းရှင်ဟူ၍ ထင်ရှားသော မင်းတရားကြီး စိုးစတော် မူသောအခါ ဘိုးတော်မင်းတရားကြီး လက်ထက်တော်က ဆက်နွယ်လျက် ရှိသော အချို့ပညာရှိ ပုဂ္ဂိုလ်များလည်း ထွန်းကားလျက် ရှိတော်မူကြလေသည်။

မောင်းထောင် သာသနာပိုင် (ထို့နောက် မဟာဓမ္မ သင်္ကြံ) တွင်းသင်းတိုက်ဝန် မဟာစည်သူ၊

WWW.DHAMMARANSI.COM



ဆရာတော် ဦးဖုမ်၊ မုံရွေးဆရာတော် အသျှင်အာဒိစ္စရံသီ၊ ဒုတိယနဝဒေး ဤပုဂ္ဂိုလ်ကြီးများသည် ထိုလက်ထက်အခါ လွန်စွာ ထွန်းကားသော ပညာရှိပုဂ္ဂိုလ်ကျော်ကြီးများ ဖြစ်တော်မူကြပေသည်။

ဘကြီးတော်လက်ထက်၌ ကျောက်စာရေးသား စိုက်ထူခြင်းအလေ့မှာ များစွာပင် ထွန်းကားလေ၏။ ကျောက်စာတို့၌ ရေးသားသော စကားအသုံးအနှုန်းတို့လည်း များစွာပင် ခံ့ညားကြလေသည်။ အထက်၌ ပြဆိုခဲ့ပြီးသော ပညာရှိ ပုဂ္ဂိုလ်ကြီးတို့သည် ကျောက်စာသံပိုင်း ရေးသားရာတွင် များစွာ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူကြပေသည်။

မဟာဝိဇယရံသီစေတီတော်ကြီးကျောက်စာ၊ မဟာသကျသီဟ ကျောက်စာ၊ မုံရွေးရွာ လေးကျွန်းရန်အောင်ဘုရား ကျောက်စာ၊ မောင်းထောင်ရွာ ကွမ်းတောင်ဘုရား ကျောက်စာ၊ ဤကျောက်စာအရေးအသားတို့ကို တွေ့မြင် ဖတ်ရှုကြရပါလျှင် ထိုခေတ်အခါတို့၌ ကျောက်စာအရေးအသား စကားအသုံးအနှုန်း မည်မျှလောက် ခံ့ညားကြောင်းကို ကောင်းစွာ သိနိုင်ကြပေလိမ့်မည်။

ဘိုးတော်ဘုရားလက်ထက် ဘကြီးတော်ဘုရားလက်ထက်တော်အခါက ကျောက်စာရေးသားပုံများသည် စကား အသုံးအနှုန်းမှစ၍ အခံ့ညားဆုံး အကျနဆုံးဟူ၍ဆိုလျှင် လွဲနိုင်မည်ဟူ၍ မထင်မိချေ။

ထိုခေတ်၌ ကျောက်စာ ရေးသားပုံ နည်းစနစ်သည် ရှေးဦးပထမ မာဂဓဘာသာဖြင့် ပဏာမဂါထာ၊ အာသီသဂါထာများကို ရေး၍ အလယ်၌ မြန်မာဘာသာစကားတို့ကို ခံ့ညားစွာ ရေးသားလေသည်။ အဆုံးသတ်၌မူကား မြန်မာကဗျာ၊ လေးလုံးစပ် သံပိုင်းလင်္ကာဖြင့် အဆုံးသတ်လေသည်။

ကျောက်စာအဆုံး၌ နိဂုံးချုပ်သော ကဗျာကို "သံပိုင်းလင်္ကာ"ဟူ၍ ခေါ်စမှတ်ရှိလေသည်။

ဘကြီးတော်လက်ထက်အခါ မြန်မာနိုင်ငံမှာ သာ ကျောက်စာရေးသား စိုက်ထူသော အလုပ်ကို ပြုလုပ်သည် မဟုတ်သေး။ နိုင်ငံတစ်ပါးတို့၌ သွားရောက်၍ ကျောက်စာ စိုက်ထူခြင်းအမှုကို ပြုလုပ်တော်မူစေသေးသည်။

အကြောင်းသော်ကား ဘကြီးတော်ဘုရားလက်ထက်တွင် မဇ္ဈိမဒေသ မဟာဗောဓိသို့ အရှူတော်များနှင့်တကွ စေလွှတ်၍ ကျောက်စာ စိုက်ထူတော်မူစေကြောင်းကို ထိုကျောက်စာမှုနှင့် တကွ ကုန်းဘောင်ရာဇဝင်တွင် အထင်အရှား ရှိသောကြောင့်တည်း။

ကုန်းဘောင်မင်းဆက် ထွန်းကားလာသောအခါ ရှေးရှေးကျောက်စာတို့ကဲ့သို့ မဟုတ်ဘဲ စကျင်တောင်မှ ဖြူစင်မာကျောသော ကျောက်ဖြူပြားတို့ကို အသုံးပြုရသဖြင့် ကျောက်ပြားနှင့် ကျောက်အက္ခရာတို့သည် သာလွန် ကောင်းမွန်ခြင်းသို့ ရောက်လေ၏။

စကျင်တောင်မှ ကျောက်ဖြူ အဖိုးထိုက်တန်များကို များစွာ တူးဖော်၍ အသုံးပြုခြင်းသည်ကား ကုန်းဘောင်မင်းဆက်သို့ ရောက်မှ အသုံးပြုရခြင်းဖြစ်သည်ဟု ဆိုသင့်ပေသည်။ ထိုစကျင်တောင်မှ အဖိုးထိုက်တန်သော ကျောက်ဖြူများကို အသုံးပြုကြသောအခါမှသာလျှင် ဤမြန်မာနိုင်ငံတော်မှာ ကျောက်ဖြူရုပ်ပွားတော်ကြီးများလည်း ထွန်းကား၍ လာတော်မူကြလေသည်။ ပုဂံဆက်၊ အင်းဝဆက်တို့၌ ထိုကဲ့သို့သော ကျောက်ဖြူရုပ်ပွားကြီးမျိုး မရှိစဘူးကုန်။

ကုန်းဘောင်ဒသမ ဆယ်ဆင့်မြောက် ဖြစ်တော်မူသော ပဉ္စမသင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီးလက်ထက်တော်သို့ ရောက်သောအခါ ကျောက်စာလုပ်ငန်းသည် အထွတ်အစွန်းသို့ တိုင်အောင် ကြီးပွားထွန်းကားခြင်းသို့ ရောက်လေသည်။

အကြောင်းကိုဆိုသော် မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓသာသနာကို အထူးအလွန် ကြည်ညိုစွာ ဓမ္မာသောကမင်းတရားကြီးပမာ သာသနာ့ဒါယကာဟူသော ဘွဲ့ထူးကို ခံယူတော်မူလိုရင်း ရှိသောအတိုင်း ရတနာပုံမည်သော မန္တလေးမြို့တော်သစ်ကြီးကို

WWW.DHAMMARANSI.COM



ဆိုခဲ့ပြီးသောစကားအစဉ်ဖြင့် မြန်မာရာဇဝင်တစ်လျှောက်လုံးကို ချုံး၍ ကျောက်စာလုပ်ငန်းနှင့် ဆိုင်ရာဖြစ်သော လိုရင်းအချက်ကြီးများကို စဉ်းစားဆင်ခြင်ကြရန် အချုပ်အားဖြင့် ပြဆိုခဲ့သော စကားရပ်ကို ဤတွင် အပြီးသတ်လိုက်ရတော့သည်။

## မြန်မာဘုရင်များ ဆိတ်သုဉ်းတော်မူကြသည့်နောက် ကျောက်စာလုပ်ငန်း အခြေအနေ

သာသနာ့ဒါယကာ မြန်မာဘုရင်တို့ ဆိတ်သုဉ်းတော်မူကြသည့်နောက် မြန်မာနိုင်ငံတော် အလုံးကို အင်္ဂလိပ်အစိုးရတို့ အုပ်စိုးသောအခါ မြန်မာနိုင်ငံတော်ကြီးမှာ ရှေးဟောင်းကျောက်စာတွေ လွန်စွာ များပြားကြောင်းကို သိကြသဖြင့် အင်္ဂလိပ်အစိုးရတို့က ကျောက်စာဌာနကို ဖွင့်လှစ်ကြပြီးလျှင် ကျောက်စာဝန်၊ ကျောက်စာ စာရေးမှစ၍ ခန့်ထားကြလေသည်။

ထိုကျောက်စာဌာနမှ ရှေးဟောင်း ကျောက်စာတို့ကို ရှာဖွေစုံစမ်းပြီးလျှင် အမှတ်အသား ပြုလုပ်ကြရကုန်၏။ ရှေးဟောင်းကျောက်စာများကို စုပေါင်း၍ စာအုပ်ကြီးများကိုလည်း ရိုက်နှိပ်ကြကုန်၏။ ထိုကျောက်စာ စာအုပ်ကြီးများသည် ယခုအခါ အထင်အရှား ရှိကြလေသည်။ ထိုစာအုပ်ကြီးများကို ကြည့်ရှုပါလျှင် မြန်မာနိုင်ငံ၌ ရှိသော ကျောက်စာအမျိုးမျိုးတို့ကို မည်သည့် အရပ်ဌာနသို့မျှ မသွားမရောက်ရဘဲ အလွယ်တကူ ကြည့်ရှုနိုင်သော အခွင့်ကို ရှိနိုင်ကြပေသည်။

သို့ရာတွင် မြန်မာပြည်၌ ရှိသမျှ တွေ့သမျှသော ကျောက်စာဟူသမျှတို့ကို အလုံးစုံ ပုံနှိပ်ခြင်းကိစ္စ မပြီးသေးချေ။ အင်္ဂလိပ်အစိုးရတို့သည် လက်စရှိရင်းဖြစ်သော အလုပ်ကို ဆက်လက်၍ တွေ့တွေ့သမျှသော ကျောက်စာများကို စာအုပ်အဖြစ်သို့ ရောက်အောင် ရွက်ဆောင်သင့်ပေသတည်း။

တည်တောင်တော်မူ ပြီးလျှင် ရှေးရှေး မြန်မာမင်းအများတို့ တစ်ပါးပါးမျှ ပြုလုပ် ဆောင်ရွက်လေ့မရှိခဲ့ဖူးသော ပိဋကတ်တော်သုံးဖြာကို သင်္ဂါယနာတင်ခြင်းတည်းဟူသော ပွဲတော်မြတ်ကြီးကိုလည်း ငါးကြိမ်မြောက် အမှတ်ဖြင့် ကျင်းပ ပြုလုပ်တော်မူလေသည်။

သင်္ဂါယနာတင်ရုံမျှမကသေးဘဲ ပိဋကတ်တော် သုံးပုံတို့ကို ကျောက်ထက်အက္ခရာ တင်ထား၍ ရေးသားတော်မူစေပြီးလျှင် ကုသိုလ်တော်၊ လောကမာရဇိန်စေတီတော်ကြီးအတွင်း၌ ကျမ်းစဉ်အတိုင်း စိုက်ထူ၍ ဂူအဆောင်ဆောင်တော်တို့ဖြင့် တည်ထားတော်မူလေသည်။ ထိုပိဋကတ်တော် ကျောက်စာများလည်း ယခုအခါတိုင်အောင် အထင်အရှား ရှိတော်မူကြကုန်၏။

ဗုဒ္ဓသာသနာ ထွန်းကားရာ နိုင်ငံတစ်ခွင်၌ ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်ထား၍ ရေးသားစိုက်ထူသောအလုပ်မှာ ပဥ္စမ သင်္ဂါယနာတင်ဘုရင် မင်းတုန်းမင်းတရားကြီး တစ်ပါးသာလျှင် ရှိတော်မူသဖြင့် ကမ္ဘာ့ရာဇဝင်တွင် ထိုမင်းတရားကြီး ဂုဏ်သတင်းသည် ထွန်းလင်းလျက် ရှိပေသည်။

ဘုရားဟော ပါဠိတော်များကိုသာ ကျောက်ထက် အက္ခရာ တင်ထားခဲ့၍ အဋ္ဌကထာကျမ်းများကို ကျောက်ထက်အက္ခရာ တင်တော်မမူခဲ့သည်မှာ နောင်လာနောက်သားတို့ ပြုဖို့ရန် ကိစ္စတစ်ခုကို ချန်ခြွင်းတော်မူသကဲ့သို့ ဖြစ်လေသည်။မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်ကျောက်စာတို့မှတစ်ပါး မဟာနန္ဒာကန် ကျောက်စာမှစ၍ ကျောက်စာပေါင်းများစွာတို့ကိုလည်း ရေးသား စိုက်ထူတော်မူလေသည်။ ဤအချက်များကို ထောက်ထား ဆင်ခြင်ပါလျှင် ဘုရင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါ မြန်မာပြည်မှာ ကျောက်စာလုပ်ငန်းသည် အကြီးကျယ်ဆုံး၊ အထွန်းကားဆုံးဟူ၍ ဆိုထိုက်ပေသတည်း။

WWW.DHAMMARANSI.COM



## ရှေးရှေးကျောက်စာတို့၌ ရေးသားလေ့ ရှိသော အချက်များ

ရှေးဟောင်းကျောက်စာတို့၌ ရေးသားလေ့ ရှိသော အချက်များမှာ ဘုရား၊ ဂူ၊ ကျောင်း တည်ထားရာ၌ ထိုဘုရား၊ ဂူ၊ ကျောင်းတို့ကို လှူဒါန်းသော ဝတ္တကံမြေများကိုလည်း အပိုင်းအခြား သတ်မှတ်၍ ကျောက်စာများတွင် ရေးသားထားလေ့ ရှိကြသည်။ ထို့ပြင်လည်း "ကျွန်းသီးတော်" ခေါ်သော ဘုရားကိုလှူသည့် ကျွန်စာရင်း၊ ကျောင်းလှူသည့် ကျွန်စာရင်းများကိုလည်း မျိုးရိုးဇာတိ၊ နေ့နံအမည်နှင့်တကွ၊ ကျောက်စာတို့၌ ရေးသားထားလေ့ ရှိကြသည်။ ထို့ပြင် ကျိန်စာများကိုလည်း ရေးသားထားလေ့ ရှိကြသည်။ ကျောက်စာတို့၌ ရေးသားထားရှိသော အချို့ကျိန်စာတို့သည် ကျမ်းကျိန်စာမျိုးကဲ့သို့ ကြောက်လန့်ဖွယ်ရာကြီးများ ဖြစ်ကြကုန်သည်။

ထိုမှတစ်ပါးလည်း စေတီတော်ကြီးများကို တည်ထားရာ ထိုစေတီတော်ကြီး၌ ဌာပနာ သွင်းနှံသော အဖိုးတန် ရတနာပစ္စည်းများကိုလည်း ဘုရားကျောက်စာတို့၌ ရေးသားထားလေ့ ရှိကြသည်။ သို့ဖြစ်လေသောကြောင့် အချို့ကျောက်စာများသည် နောင်အခါ သိုက်ဆရာတို့ကို လမ်းညွှန်သော သိုက်စာကြီးများသဖွယ် ဖြစ်ကုန်ကြလေသည်။ သိုက် လိုက်ကြသည့်အတွက် ဖောက်ဖျက်ခြင်း ခံရသော စေတီတော်ဟောင်းကြီးများလည်း မြန်မာနိုင်ငံတော် တစ်ခွင်မှာ များစွာပင် ရှိကြလေကုန်သည်။

## ကျောက်စာတို့၏ ဝိပတ္တိကပ်ဆိုက်ပုံများ

အိန္ဒိယနိုင်ငံကြီးတွင် ဗုဒ္ဓသာသနာကို ကြည်ညိုခြင်းမရှိသော လူမျိုးတို့ လွှမ်းမိုးသောအခါ ဗုဒ္ဓဘာသာ အဆောက်အဦးပေါင်း များစွာ၊ ဟိန္ဒူဘာသာ အဆောက်အဦးပေါင်းများစွာ၊ ဂျိန်းဘာသာ အဆောက်အဦးပေါင်းများစွာတို့ ဖျက်ဆီးဖူးသကဲ့သို့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးမှာ သက္ကရာဇ်-၈၈၈-ခုနှစ်တွင် ဗုဒ္ဓသာသနာကို မကြည်ညိုသော ရှမ်းသိုဟန်ဘွား ဝင်ရောက်အုပ်စိုးသောအခါ ဗုဒ္ဓသာသနာတော် အဆောက်အဦးပေါင်းများစွာတို့ကို ဖျက်ဆီးလေသည်။ ထိုအခါ အထက် မြန်မာနိုင်ငံမှာ များစွာ ပျက်စီးကြလေ၏။ ထို ဖျက်ဆီးရာတွင် ကျောက်စာများလည်း ပါဝင် ပျက်စီးရလေသည်။

အောက်မြန်မာပြည်တွင် သန်လျင်မြို့၌ ငစင်ကာခေါ်သော နိုင်ငံခြားသား လူတစ်ဦး ဝင်၍ အုပ်စိုးစဉ်အခါ ဗုဒ္ဓသာသနာ အဆောက်အဦး ဖြစ်သော စေတီပုထိုးများကို ဖောက်ဖျက်၍ ရွှေ ငွေ ဘဏ္ဍာ၊ ဌာပနာပစ္စည်းတို့ကို သိမ်းယူပြီးလျှင် အချို့ကျောက်စာများကိုလည်း ဖျက်ဆီးလေ၏။ ထိုအခါ ဟံသာဝတီမှာ ရှေးဟောင်းကျောက်စာတို့လည်း ပျက်စီးခြင်းသို့ ရောက်ဖူးလေသည်။

ထို့နောက် ညောင်ရမ်းဆက်၊ ဟံသာဝတီပါ မင်းတရား လက်ထက်၊ ကသဲလူမျိုးများ မြန်မာပြည်တွင်းသို့ အတင်းဝင်ရောက် စစ်ကိုင်းမြို့သို့ တိုင်အောင် တိုက်ဖျက်ကြလေရာ အချို့သော ဗုဒ္ဓဘာသာ အဆောက်အဦးတို့နှင့်တကွ ကျောက်စာတို့ကိုလည်း ဖျက်စီးကြဖူးလေသည်။ ထို့နောက် တစ်ဖန်သက္ကရာဇ် ၁၁၁၄-ခုနှစ် မွန်နှင့် မြန်မာတို့ စစ်ကြီးဖြစ်ကြရာ မွန်တို့က အနိုင်ရသဖြင့် အင်းဝမြို့ တစ်လျှောက်၊ စစ်ကိုင်းမြို့တစ်လျှောက်၌ ရှိသော အချို့ ကျောက်စာများကို ဖျက်ဆီးကြလေသည်။ ဤကဲ့သို့ ကျောက်စာများကို ပျက်ပြားပုံအကြောင်းကို မုံရွေး ဆရာတော်ဘုရား ရေးသားတော်မူသော "စေတီယဝံသကထာကျမ်း" ၌ တွေ့ရှိရလေသည်။

ထိုမှတစ်ပါးလည်း အချို့အချို့ ကျောက်စာတို့၌ ဘုရားကျွန်၊ ကျောင်းကျွန် လှူဒါန်းသောစာရင်းများ ပါရှိနေသဖြင့် ထိုကျွန်မျိုးရိုးနှင့် မကင်းသူတို့က ကျွန်ဘဝမှ လွတ်လိုသော စေတနာဖြင့် အချို့ကျောက်စာများကို တိတ်တဆိတ် ဖျက်ဆီးကြသော အချက်များလည်း ပါရှိလေသေးသည်။

ကျောက်စာတို့မှာလည်း ဝိပတ္တိစက်ကြီးနှင့် မကင်းနိုင်ကြဘဲ ရှိကြသောကြောင့် စိတ်စေတနာ မကောင်းသောသူတို့၏ လက်နက်ဖြင့် ပျက်စီး

WWW.DHAMMARANSI.COM



တိမ်ကောကြရသည်များကိုလည်း စဉ်းစားမိတိုင်း ဝမ်းနည်းဖွယ်ရာကြီး ဖြစ်ချေသည်။

မြန်မာပြည်မှာ ရှေးမင်းအစဉ်အဆက် မှူးမတ်အစဉ်အဆက်တို့ ရေးသားစိုက်ထူထားခဲ့သမျှသော ကျောက်စာတွေသာ အလုံးစုံ ရှိခဲ့မည်ဆိုပါလျှင် မြို့ရွာ ဒေသအနှံ့အပြား ကျောက်စာတိုင်များဖြင့် တခမ်းတနား တင့်တယ်မည် မချွတ်ပင်တည်း။ ထိုပြင်လည်း ရှေးဟောင်းစုံစမ်းရေးပညာနှင့် ရာဇဝင်ပညာလည်း ယခုအခြေအနေထက်ပင် အခြေခိုင်ခိုင်နှင့် တိုးပွားမည် ဖြစ်သတည်း။

## အင်္ဂလိပ် အစိုးရသော ခေတ်၌ ကျောက်စာလုပ်ငန်း အခြေအနေ

အင်္ဂလိပ်အစိုးရများမှာ ဗုဒ္ဓသာသနာကို ကြည်ညိုသည်ဟု ဝန်ခံကြသော အစိုးရများ မဟုတ်သောကြောင့် ဂူကျောင်း၊ ဘုရား၊ တည်ထား၍ ကျောက်စာ ရေးသားစိုက်ထူခြင်းအမှုကို ပြုလုပ်ကြလိမ့်မည်ဟူ၍ မျှော်လင့်ရန် မရှိတော့ချေ။

ကုသိုလ် ပုညကို ပြုလုပ်တည်ထောင်ကြရာတို့၌ ကျောက်စာ ရေးသား စိုက်ထူထားခြင်းသည် မြန်မာနိုင်ငံ၏ အလေ့ဝါသနာရိုးကြီး ဖြစ်သောအတိုင်း ယခုခေတ်ကာလသို့ တိုင်အောင် ကျောက်စာ ရေးသား ထုထွင်း စိုက်ထူခြင်း ကိစ္စများ တိမ်ကောသည် မဟုတ်ချေ။ ကြီးကျယ်ခမ်းနားသော ကုသိုလ်အဆောက်အဦးများကို ပြုလုပ်ကြပါလျှင် ကျောက်စာရေးသားစိုက်ထူ၍ ထားခြင်းတည်းဟူသော ကိစ္စကို ဆောင်ရွက်သင့်ပေ၏။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းအားဖြင့် နောင်လာနောက်သားတို့အား ထိုကျောက်စာများသည် ရှေးဟောင်းပညာတွင် ပါဝင်၍ အသုံးကျစမြဲ ဖြစ်ပေသည်။ နောင်လာ နောက်သားတို့သည် ရှေးဟောင်း ကျောက်စာများကို တွေ့ရှိ ဆင်ခြင်ခြင်းအားဖြင့် ရှေးခေတ်အခါတို့၌ နိုင်ငံ၏ စရိုက်နှင့် လူတို့၏သဘောကို သိမြင်နိုင်ခြင်း အကျိုး ရှိပေသည်။ ထို့ကြောင့် ကျောက်စာ ရေးသားစိုက်ထူခြင်း အလေ့ကို ပြုသင့်ကြပေသည်ဟု တိုက်တွန်းရခြင်း ဖြစ်ပေသတည်း။

## ရသေ့ကြီးဦးခန္တီ၏ ကျောက်စာလုပ်ငန်းများ

သာသနာ့ဒါယကာ မြန်မာဘုရင်တို့ မရှိသည့်နောက် သက္ကရာဇ် ၁၂၆၀ ကျော်လောက်ကစ၍ မြန်မာပြည်မှာ ဦးခန္တီဟုခေါ်သော ရသေ့ကြီး တစ်ပါး ထွန်းကား၍ လာခဲ့လေသည်။ ထိုရသေ့ကြီးသည် ရမည်သင်း "ရွှေမြင်ထင်"တောင်မှ အစပြု၍ စေတီပုထိုး စသော သာသနာ့ အဆောက်အဦးများကို တည်ထောင်၍ လာခဲ့ရာ မန္တလေးမြို့အနီး မန္တလေးတောင်ကြီးကို ရောက်၍ သာသနာ့ အဆောက်အဦးများကို အကြီးအကျယ် တည်ထောင်သောအခါ များစွာ ကျော်စော ထင်ရှားခြင်းသို့ ရောက်လေသည်။

ဦးခန္တီသည် စေတီ စောင်းတန်း စသော အဆောက်အဦးတို့မှတစ်ပါး ကျောက်စာများကို ပြုလုပ် တည်ထောင်ပေသည်မှာ လွန်စွာ ကျေးဇူးတင်ဖွယ် ကောင်းလှပေသည်။

မန္တလေးတောင်ခြေရင်းရှိ စန္ဒာမုနိ ဘုရားပရဝုဏ်အတွင်း၌ အဋ္ဌကထာကျမ်းဂန်များကို ရသေ့ကြီး ဦးခန္တီက ကျောက်စာရေးသား၍ စိုက်ထူထားလေသည်မှာ ထိုအရပ်ဌာနသို့ ရောက်ရှိသော သူတိုင်းပင် တွေ့မြင်နိုင်ကြမည် ဖြစ်ပေသည်။ အဋ္ဌကထာကျမ်းများကို ကျောက်စာထုထွင်းခြင်းမှာ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားက နောင်လာနောက်သားတို့အတွက် ချန်ထားခဲ့သော ကိစ္စတော်ကြီးများကို ရွက်ဆောင်သည် ဟူ၍ပင် ဆိုထိုက်တော့သည်။ ယခုအခါ မန္တလေးရွှေမြို့ကော်ကြီးမှာ အဋ္ဌကထာနှင့်တကွသော ပိဋကတ်တော်သုံးပုံသည် အပြည့်အစုံ ကျောက်စာရေးသား၍ စိုက်ထူထားခြင်း ကိစ္စပြီးစီးလေပြီ။

ထို့ပြင်လည်း မိတ္ထီလာမြို့ ပဲခူးမြို့တို့၌လည်း ပိဋကတ်တော်ဆိုင်ရာ ကျောက်စာများကို

WWW.DHAMMARANSI.COM



ရေးသားစိုက်ထူကြသည့်ပြင် ရန်ကုန်မြို့ ကျိုက္ကဆံစေတီတော်ကြီးအနီးတွင်လည်း ဝိနည်းငါးကျမ်းပါဠိတော်များကို ကျောက်စာရေးသား စိုက်ထူလျက်ရှိလေပြီ။

**မုံရွာလယ်တီ ကျောက်စာလုပ်ငန်းကြီး**
**"အက္ခရာသွင်း ကျောက်စာတွင်း"**

ဟူသော မှတ်တမ်းစကားအရ သက္ကရာဇ် ၁၂၈၆–ခုနှစ် တပို့တွဲလတွင် အစပြု၍ မုံရွာမြို့ လယ်တီတိုက်ကြီးအတွင်း၌ ကျောက်စာ ပြတိုက်ကြီးနှင့်တစ်ကွ ကျောက်စာပေါင်းများစွာတို့ကိုလည်း ယခုအခါ ထုထွင်းဆဲ ရှိလေပြီ။

အကြောင်းကို ဆိုလိုသော် ကမ္ဘာတစ်ဝန်းလုံး၌ သီလ သမာဓိ ပညာ သိက္ခာသုံးပါးတည်းဟူသော ဂုဏ်တော်ရန့်တို့ဖြင့် တပျံ့ပျံ့ သင်းကြိုင်သော သာသနာ့မဏ္ဍိုင် ပုဂ္ဂိုလ်ကြီး တစ်ပါး ဖြစ်တော်မူသည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် လယ်တီတိုက်ကြီးကို တည်ထောင်တော်မူ၍ သာသနာတော် ကြီးပွားရေးကိစ္စ၊ ရဟန်းသာမဏေတို့အား စာပေပရိယတ္တိ သင်ကြားပို့ချခြင်း ကိစ္စ၊ နိုင်ငံရှိသူ ရှင်လူအပေါင်းတို့အား နက်နဲသော အဘိဓမ္မာတရားတို့ကို ဟောကြားခြင်းကိစ္စ၊ ပါဠိမြန်မာကျမ်းပေါင်းများစွာတို့ကို ရေးသားခြင်း ကိစ္စ၊ ဤကိစ္စကြီးများကို အပြီးတိုင် ဆောင်ရွက်တော်မူပြီးလျှင် သက္ကရာဇ် ၁၂၈၅–ခု ပထမ ဝါဆိုလပြည့်နေ့တွင် ပျံလွန်တော်မူကြောင်းကို လူရှင် အပေါင်းတို့ သိပြီးပင် ဖြစ်ကြပေသည်။

ထိုသို့ ပျံလွန်တော်မူရာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို ပျောက်ပျက် တိမ်ကောခြင်းမရှိစေဘဲ အရှည်သဖြင့် တည်တံ့စေရန် ရည်သန်ကြပြီးလျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကျမ်းစာတို့ကို ကျောက်ထက် အက္ခရာ တင်ထားကိုးကွယ်ကြရန်အတွက် ရဟန်းတပည့် လူတပည့် အပေါင်းတို့ ညီညွတ်စွာ စည်းဝေးတိုင်ပင်ကြပြီးသော် **"လယ်တီ ကျောက်စာ အသင်းကြီး"**ကို တည်ထောင်တော်မူကြလေသည်။

**ဒဂုန်မဂ္ဂဇင်း**
**ပဥ္စမတွဲ၊ အမှတ်(၆)၊**
**၁၉၂၅–ခု၊ ဩဂုတ်လ၊**

WWW.DHAMMARANSI.COM

# အမျိုးနှင့်စည်းစိမ်

## NATION AND LUXURY

*တထိန်ထိန် ရောင်လျှပ်တဲ့၊ ကြောင်နဝရတ်ဖြာစီ။ ဆောင်ပြာသာဒ် ကြာကတီငယ်၊ နာရဏီ တိုက်ခန်း။ စိန်ကွန့်၍ အလှဆင်သည်၊ မြခတင် ချူးကြာကြွဆန်း။ ပတ္တမြား လေပန်ကာ၊ ခြွေရံမှာ တစ်သန်း။ ဝေဃန္တာကြငှန်းနှင့်၊ စံမြန်းရပါစေ။ ဓာတ်မတူ ဟိုတခြားကိုဖြင့်၊ ပျိုတစ်ပါး လွဲလို့ ရှောင်သွေ။ စည်းစိမ်နှင့် ရတနာတွေကို၊ အဆာပြေ မစုံမက်ပါဘူး။ ဂုဏ်တက်ဖို့ လမ်းပြခဲ့မှာ စမ်းကြလှဲ့ပါ။ မျိုးတူချင်း ညွန်ပြလာလျှင်၊ ဝန်ချကာ ချစ်အုံးမယ်ရှင့်လေး။ ။*

စိန်ကုန်သည်ကြီး ဦးဖန်၏သမီး မခင်တင်သည် အထက်ပါတေးထပ်ကို တွေးတော စဉ်းစားကာ ရွတ်ဆိုပြီးလျှင် "သြော် ယခုလောကမှာ ခုနက အကဲရောက်ပြီး စိန်ထွန်းတောက်တဲ့ ကာလမို့ ရုပ်လှလှ အမျိုးမှန် ကညာချော အဖိုးတန်ကလေးတွေ'အိုးတန်ဆန်ခတ်'ကယ်လို့ သဘောမထားဘဲ စိန်တွေနှင့် ကြွားရအောင် ဒင်္ဂါးနှင့်စည်းစိမ်ကို မက်တာကြောင့် လူမျိုးကွဲဘက်ကို လိုက်သွားပြီး အကြိုက်မှားကြတာ တွေကို မြင်ပြန်တော့ အင်မတန် ရွံစရာ ကောင်းတာပဲ။ ကျွန်မသဘောထားမှာတော့ တခြား လူမျိုးကွဲကို ကြိုက်စမ်းပါ။ တကယ်လို့ ကြိုက်ခဲ့လျှင် တပြောင်ပြောင် တလျှပ်လျှပ် အရောင်တွေ ဟပ်နေတဲ့ ရွှေပြာသာဒ် ကြီးအလယ်မှာ စိန်ခြယ်တဲ့ မြခတင်နှင့် ဖလ်ယေဉ်ဒန်းလွဲ၍ အနည်းနည်း ဖျော်ဖြေလျက် ခြွေရွှေပေါင်း တစ်သန်း ရံပြီးလျှင် ပျော်စံပါစေမယ် ဆိုသော်လဲ စိတ်မပါရုံမက နည်းနည်းမျှ စောင်းလို့ မကြည့်ချင်ရိုးမှန်ပါရဲ့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စရိုက်နှင့် အတိုက်အခံ ဆန့်ကျင်ဘက်ဖြစ်တဲ့ အလေ့ဝါဒီကိုဖြင့် ထွီစရာ ကြီးလို့ ထင်တာပါပဲ။ ကိုယ့်မြန်မာအမျိုးသားဆိုတော့ ပစ္စည်းပင် မကြွယ်ဌေးသော်လဲ ကုသိုလ်စိတ် တကယ် မွေးနိုင်လို့ အပါယ်ဘေးဆိုတာ အလွယ်ကလေးနှင့် လွတ်ကင်းနိုင်ပါတယ်။ ဒါကြောင့် ဘာသာကွဲ အမျိုးခြား တို့ကို ကိုးစားချင်တဲ့စိတ်မပါတဲ့ပြင် အနိဋ္ဌာရုံကြီး မမှန်ပါတကားဟု အမျိုးကွဲဆိုတဲ့ အသံကို ကြားရလျှင် ရန်စကား ထင်နေတာပါပဲ။ သည်လိုစက်ဆုပ်တဲ့သူကိုမှ ပူစရာအရေးကပ်နေမလား။ အတွေးရ ကြပ်လိုက် တာက လွန်လို့။ ဟို ဘီ–အေ ကိုတင်မောင်ကလဲ သူ့အကြံ အောင်မလိုလို။ မချိုမခါးနှင့် စကားကိုလဲ သေသေ ချာချာ မပြော။ လူကလဲ ခပ်ချောချောမို့ စောင့်ရသူဖြင့် မောနေပေါ့။ အဟောသိကံများ ဖြစ်သွားမလားမသိ။ ကိုတင်မောင် အကြံနှောင်းမှဖြင့် ကံမကောင်းတဲ့ ခင်တင်မှာ မိခင် ကြိုးဆွဲတိုင်း ကရဲတော့မှာ ထင်ပါရဲ့။ မေမေ့သဘောကဖြင့် သမီးချောကလေးကို ငွေနှင့် ရောင်းစားချင်သလိုလို ဖြစ်နေတယ်။ ဖေဖေကဖြင့် စိတ်ခိုင်ပါရဲ့။ သို့ပေတဲ့ မေမေ့ကိုတော့ မနိုင်ဘူး။ ဘာစင်ဆိုသလား၊ ဟာရှင် ဆိုသလား။ သူဌေးသားကလေး တစ်ကောင်နှင့် အတင်းလျှောင်ပြီး မေမေက ပေးစားချင်တဲ့ လက္ခဏာ ရှိတယ်။ ငွေမျက်နှာ ကြီးလွန်းလို့။ သမီးကို လူမျိုးကွဲနှင့် ပေးစားဖို့ ကြံစည်တာ အသည်းနာပါရဲ့။ သို့ရာတွင် 'မာတာ ပိတု ဂုဏော အနန္တော' ရယ်လို့ ဟောခဲ့တဲ့တရားကို တွေးပြီး အသာကလေး မသိချင်ယောင်ဆောင်နေရတာပဲ။ မတရား သွေးဆောင် တာမို့ နားမထောင်သော်လည်း ငရဲမကြီးနိုင်ပါဘူး။ တစ်နည်းနည်းနှင့် ကိုယ်လွတ်ရန်းပြီး မဆုံးရှုံးအောင် ကြံစည်ရမှာပဲ။"

ဟု စဉ်းစားပြီးလျှင် စာတစ်စောင်ရေး၍ မောင်တင်မောင်ထံသို့ ပေးလိုက်လေ၏။

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

ဘီ–အေ မောင်တင်မောင်သည် နေ့လယ် ကျောင်းအားချိန်တွင် ခင်တင်ကို လွမ်းဆွတ်လှသည်။ တစ်ကိုယ်တည်း ဘားနဒ်ပိဋကတ်တိုက်ထဲမှာ ရုပ်ပုံသတင်းစာကို ကြည့်ရှုနေရင်း ဆင်ခြင် စဉ်းစားသည်မှာ

"ဩော်–မခင်တင်၊ မခင်တင်၊ အယဉ်နှင့် အလှမတော့ ဘုရင်မကလေးမို့ မြင်မြင်သမျှ ငေးပြီး နှလုံးသွေး အခဲဖြစ်အောင် သဲသဲမဲမဲ ချစ်စရာကောင်းတဲ့ ရုပ်ပေပဲ။ အလိမ္မာမှာတော့ ဝတီ သာနတ်များက မှတ်သားလို့ စာရင်းယူလောက်ပေတယ်။ သူတစ်ယောက်အတွက်နှင့် အချစ်စိတ် နှောင့်ယှက်ပြီး ကတောက် ကတက် ဖြစ်မလိုနေပေါ့။ သူ့အတွက် စိတ်မအေးလို့ စာမေးပွဲ'ဖေး'တာလဲ နှစ်ခါရှိပြီ။ ယခုနှစ်လဲ စာမေးပွဲ နီးလာပြန်ပါပကော။ သူငယ်ချင်း သဘောမျှသော်လဲ လောကဆိုတာ တယ်ခက်တာကလား။ မိဘနှစ်ပါး စလုံးကပဲ မျက်ကြိုးနေတဲ့ ရန်စနက်ကြောင့် မာန်တက်ကာ ဂုဏ်ပြိုင်ပြီး မပေးစားနိုင်ဘူးလို့ ငြင်းနေကြတယ်။ ကလေးချင်း ဖြစ်ပျက်လို့ အချစ် ဆက်လက်နေတဲ့ အတွင်းမှာ လူကြီးမင်းများ ဝင်ပြီး စီရင်ချက်ချတာလဲ သဘောမကျပါဘူးဗျာ။ တယ်ခက်တာကိုး။ အချစ်ချင်း ညီမျှ၍ ပီယစာတ် နှစ်ကိုယ်ဖြူပါလျက်နှင့် အလိုတူ မပေါင်းသင်းရတာလဲ အကြောင်းမကောင်းတဲ့ ဝဋ်ဒုက္ခပဲ ထင်ပါရဲ့။ ဟိုတစ်နေ့ နှစ်ကိုယ်တွေ့တုန်းက 'မခင်တင်ရယ်၊ မင်းမိဘ ကျုပ်မိဘ နှစ်ဦးနှစ်ဝ သဘောကွဲလို့ မင်းနှင့်ကျုပ် လွဲသွားမှာ စိုးရိမ်ပါတယ်။ ကမ္ဘာသကာ ဘာပဲဖြစ်ဖြစ် ထင်သလို နှစ်ကြစို့ရဲ့၊ အချစ်စိတ်နှင့် အရဲစွန့်ပြီး မကြောက်မရွံ့ ထွက်ပြေးကြ ရအောင်'လို့ ပြောတော့–

မခင်တင်က "အို ကိုတင်မောင်ကလဲ၊ ထွက်ပြေးရအောင်တော့ မပြောပါနှင့်။ သဘောယုတ်တဲ့ မိန်းကလေးများ အကျင့်တွေပါ။ တစ်ခါခါတော့ အခွင့်သာကောင်းပါရဲ့။ သံပရာနှင့် စိန်ကို ပေးလျှင် အသာကလေး မျိုဝံ့ပါတယ်။ နှစ်ကိုယ်တူ ထွက်ပြေးမှုဖြင့် အရှက်ဘေးကပ်တိုက်ပြီး သေမှာကို ကျွန်မ သာလို့ကြောက်တယ်" လို့ ပြောရှာတယ်။ သူ့သဘောထားပုံလဲ အမျိုးဂုဏ် စောင့်ရှောက်လို့ ဖြောင့်မတ် တည်ကြည်တဲ့ အမျိုးသမီးကလေးပဲလို့ ချီးမွမ်းထိုက်ပေတာပဲ..."

ဤသို့ တွေးတောနေစဉ် စာပို့ကုလားတစ်ယောက် ဝင်လာပြီး မောင်တင်မောင်သို့ စာတစ်စောင် ပေးရာ ၎င်းစာကို အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

**ကိုတင်မောင်**

ကျွန်မဖြင့် အကြံရခက်နေပြီ၊ အဖြစ်အပျက်ကို အရှက်မငဲ့ဘဲ ဖွင့်ပြောရမှာပဲ။ မေမေက ရွှေငွေဓနကို မက်ပြီး သူဌေးကြီးရဲ့သားအထွေး ကုလားကလေးနှင့် နားချတော့မလိုလို ဖြစ်နေပါပြီ။ ကျွန်မ ကို ကယ်ပါဦး၊ ဘယ်လိုနည်းနှင့် လူမျိုးကွဲဘေးကြီးက ထွက်ရမလဲ၊ ဝမ်းနည်းနည်းနှင့် ဤစာကို ရေးလိုက် ရပါတယ်၊ ကျွန်မအကြံပေးလိုတာတစ်ခုမှာ သန်ဘက်ခါတနင်္ဂနွေနေ့မှာ ဖေဖေက စစ်သည်တော်စုဆောင်း ရာ ကော်မတီပါလို့ အစည်းအဝေး သွားပါလိမ့်မည်။ မေမေကလဲ နို့စို့ကလေးအသင်း လူကြီးတစ်ဦးဖြစ်လို့ ဂျူဗလီသို့ အစည်းအဝေး သွားရပါလိမ့်မယ်။ မောင်ကလေးများလဲ အလယ်သွားနေကျမို့ နေ့လယ်နာရီပြန် တစ်ချက်လောက်မှာ လူပြတ်ပါတယ်။ ကျွန်မနှင့်တွေ့ရအောင် ခေတ္တလောက် လာဖြစ်အောင် လာခဲ့ပါရှင့်။

မောင်တင်မောင်သည် စာရွက်ကို ကိုင်၍ အတန်ကလေး ငေးမှိုင်ပြီးလျှင်

"အင်း၊ သူ့အမေကဖြင့် ငွေစ အတော်စုံမက်တဲ့ဟာကြီးပဲ။ သမီးချောကို ဈေးလျှော့အောင် ကြံစည်ရက်ပါ့ မုန်းပေ့။ လူမျိုးကွဲသားမက်နှင့် ဘာသာပျက်တဲ့ မြေးကလေးတွေကို လိုချင်လို့ ထင်ပါရဲ့။ ကောင်မကလေးလဲ ထွက်မပြေးဘူးလို့ ငြင်းနေတာ။ အတင်းအကြပ် အပူကပ်လာ၍ သူတတ်သမျှ

WWW.DHAMMARANSI.COM



ကြံစည်လို့ ဉာဏ်နီထုတ်ပြီး အပတ်ကို ထွက်ပြေးဖို့ မှာတာ ထင်တယ်။ သန်ဘက်ခါဖြင့် သူမှာတဲ့အတိုင်း အရဲစွန့်ပြီး သွားရဦးမှာပဲ"

ဟု ကြံစည်ပြီးလျှင် နာရီစေ့သည်နှင့် မောင်တင်မောင်လည်း ကျောင်းသို့ တက်လေ၏။

နောက်တစ်နေ့ ခင်တင်၏အဖ စိန်ကုန်သည်ကြီး ဦးဖန်သည် ကိစ္စတစ်ခုနှင့် အိမ်မှ ထွက်သွားစဉ်အခါ အဝတ်နက်ကလေးတစ်ခုကို ခေါင်းမှာအုပ်၍ အသက်ငါးဆယ်ကျော်ခန့်ရှိ အဒေါ်ကြီးတစ်ယောက် အိမ်သို့ ပေါက်လာရာ ခင်တင်၏ မိခင်ဖြစ်သူ မစိန်မှုန်က ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုပြီးလျှင်...

"အို ခါလာဘီကြီးပါကလား။ ကျွန်မ မျှော်နေတာ တစ်နာရီသာသာ ရှိသွားပြီ"

ဟု ပြုံးပြုံးရွှင်ရွှင် ပြောဆိုရာ

"သူ့တိုက်ကို ခေတ္တဝင်နေရလို့ ချိန်းထားတဲ့အချိန်ကို မရောက်နိုင်တာပါ။ မဂိုလမ်းက ပလီကြီးကိုလဲ ဝင်ခဲ့ရသေးတယ်။ ညှော်သည်တွေလဲ အိမ်မှာ ရှုပ်လို့။ မက္ကာ၊ မဒီနာက ပြန်လာကြတဲ့ ဟာဂျီဆရာကြီးများကိုလဲ ယနေ့ည 'ကိုရမ်' ဖတ်ဖို့ ပင့်ဖိတ်ထားတဲ့ ကိစ္စအတွက်လဲ လုံးပန်းရတာ တစ်မျိုးပဲ"

ဟု ပြောလေရာ မစိန်မှုန်က

"နေရာကျမှလဲပြောပါ၊ ကျွန်မ သတင်းတစ်ခု ကြားတာကတော့ ကလကတ္တားက သူဌေးကြီး သမီး အမိနာဘီဘီနှင့် နေကာရှာဒီ ပြုရန် မဟာရွှေပေးတော့မယ်ဆို မဟုတ်လား။ သူ့တိုက် ဝင်သွားတော့ ဘယ်လိုများ ပြောလိုက်သေးသလဲ။"

(ဘီ) ဘယ်ကစကားကိုမှ မယုံနှင့်။ အကုန်လုံး ဖွင့်ပြောပြီးပါ၊ သူဌေးသားဆိုတော့ သည်လို မျက်နှာများကြတာမျိုးပဲ။ မြန်မာနှင့် တယ်မခြားလှပါဘူး။ ငွေများ၍ အသွင်လှမှဖြင့် မြင်သမျှတွေက ဝိုင်းပြီး တိုင်းတုန်အောင် မျက်နှာ ပွင့်လန်းတာမျိုးပါပဲ။

(မှုန်) ခါလာက မကြာမကြာ လာပြောလို့ ကျွန်မ သဘောလဲ ကျတတ ဖြစ်နေပါတယ်။ စင်စစ် မောင်ဟာရှင်က မေတ္တာရှိတာ ဟုတ်ရဲ့လား။

(ဘီ) အို ခါလာနှင့် ပေါင်းလာကြတာ ဘယ်လောက်ကြာပလဲ။ တစ်ခါဖူးမှ ခါလာက ညာတာ ပါတာ ပြောဖူးတာများ ရှိရဲ့လား။ မောင်ဟာရှင်ကလေးမှာ ကန်တော်ကြီး လှေပွဲတွင် စွဲလောက်အောင် မြင်ကတည်းက မခင်တင် သွင်ပုလဲနှင့် မကြင်ဘဲ အချိန်ကုန်လျှင် စိန်ပုံပေါ်မှာ မစံစားဘဲ ဘုရားခေါ်ရာကို လိုက်တော့မယ်လို့ ပြောနေတာပဲ။ သနားစရာ တဖွဖွ ပူဆာပြီး ခါလာကြီး အကြံမနေးပါနှင့်။ ဆလံပေးပါရဲ့၊ ဆလံပေးပါရဲ့လို့ ငိုမဲ့မဲ့ ပြောနေရှာပါတယ်။ မောင်ဟာရှင်အတွက်တော့ စိတ်ချပါ။ မခင်တင်ကို အကုန်အစင် စကားပြ၍ နားချလို့ပြီးပလား။ သမီးရင်ကသာ လိုရင်း ဖြစ်နေပါတယ်။

(မှုန်) အမေက ညွှန်ပြလျှင် ကျွန်မ ဘယ်သူ့ကိုမှ မငြင်းပါဘူးလို့ သမီးက ဝန်ခံချက် ပေးထားပြီးပါ။ စိုးရိမ်စရာ မရှိပါဘူး။ ကျွန်မ ထိတ်လန့်တာတစ်ခုကတော့ မဟာမေဒင်တရားနှင့် မယားလေးယောက် ထိမ်းမြားနိုင်တယ်ဆိုလို့ မောင်ဟာရှင်က ဖောက်ပြားပြီး နောက်မယားတွေ သုံးကောင်ပြုံး ယူမှဖြင့် ကျွန်မသမီး စိတ်ပူနေမှာကို စိုးရိမ်ပါတယ်။

(ဘီ) မယားကို ခင်မှဖြင့် တခြားကို မမြင်ပါဘူး။ မဟာမေဒင် တရားရှိသော်လဲ လူတိုင်းပဲ မယား လေးယောက် ထားတယ် မထင်ပါနှင့်။ မခင်တင်နှင့် ထိမ်းမြားလျှင် မယားငယ် ဘယ်တော့မှ မယူဘူး။ ခိုဒါအရှင် စူးစေရဲ့လို့ သူကျိန်ရှာပါတယ်။ သို့ရာတွင် စဉ်းစားစရာတစ်ခုကတော့ မဟာမေဒင် ကုလားနှင့် လက်ထပ်ခြင်းသဘော ပိုင်အောင် ကုလားဇာတ်ကိုဝင်လျှင် အကောင်းဆုံးပဲ။

WWW.DHAMMARANSI.COM



(ခပ်ပြုံးပြုံး ပြောသည်။) မစိန်မှုန်က ခပ်ငေးငေး စဉ်းစားပြီး "အင်း ဟုတ်ကဲ့၊ သည်အမှုကဖြင့် ခပ်ကြပ်ကြပ် ဖြစ်နေတာပဲ။ မခင်တင်ကိုရလျှင် ကျွန်မတို့ ဗုဒ္ဓဘာသာဘက်သို့ သူဝင်မယ်လို့ မပြောဘူးလား။"

(ဘ်) တယ်ခက်တာကလား။ ခါလာတို့ ဘာသာက အလွန် ခိုင်မြဲပါတယ်။ မောင်ဟာရှင်က မခင်တင် အတွက်နှင့် ဘာသာပြောင်းချင်ပေတယ် ဆိုပါဦးတော့ သူ့မိဘနှစ်ဖြာက မဏ္ဍာကို ကူးပြီး ဟာဂျီ ဘွဲ့ထူးခံကြလို့ အင်မတန် ခဲယဉ်းလိမ့်မယ် ထင်တယ်။ လူကြီးများ မျက်ခွက်ကို ရက်ရက်စက်စက် လုပ်နိုင်မယ်တော့ မထင်ဘူး။ သို့ရာတွင် သည်လိုပါ။ 'စိတ်သာရှင်စော ဘုရားဟော'ရယ်လို့ ပြောကြတယ် မဟုတ်လား။ စိတ်မပါလျှင် ပြီးရောပ။ ငရဲကြီးမယ် မထင်ပါဘူး။ မင်္ဂလာဆောင် ထမြောက်အောင် မဟာမေဒင်ဘာသာကို ဝင်လိုက်တာပ။ 'နောင်ခါလာ နောင်ခါချေး'ဆိုသလို ပေါင်းသင်းကြတဲ့အခါမှာ လိမ္မာသလို ကိုယ့်ဘာသာသို့ ပါအောင် ဆွဲတာပ။ မယားကို ချစ်မှဖြင့် ဘာသာကို ပစ်တတ်ပါရဲ့။ မယားက အဆွဲကောင်းလျှင် ဘုရားလောင်းတောင် ဒရွတ်ဒရွတ် ပါ တယ်ဆို မဟုတ်လား။ ညည်းတို့ တရား အရှိသားပဲ။

(မှုန်) ယခု ခါလာပြောပုံ နေရာကျပါပဲ။ ဘယ်ဘာသာပဲဖြစ်ဖြစ်။ 'စိတ်ထားတတ်လျှင်မြတ်' တာပါပဲ။ ကျွန်မ နေရာကျအောင် စီမံနားချလိုက်ပါမယ်၊ အိမ်ကလူကြီးကပေမယ့် တစ်ရှူးထိုးကြီး ခါလာ ရဲ့။ သူ့ပြောရမှာက သမီးကို နားချရတာထက် ခက်သေးတယ်။ အရာရာမှာ ကျွန်မ ဩဇာကြီး ပါပဲ။ သည်အရာကိုတော့ မပြောဖူးသေးဘူး။ တစ်ရှူးထိုးဆိုတာလဲ ကောက်ရိုးမီးလို ဟုန်းခနဲ ထပြီး ဖြုန်းခနဲ ကျသွားတာပါ။ တစ်ညလောက် နူးရလျှင် တစ်ရှူးထိုး ဆရာကြီး ပျော့ကျသွားမှာပဲ။

ဤသို့ တိုးတိုးတိတိ ပြောဆိုကြသောစကားကို ခင်တင်ကြားသောအခါ အလွန်တရာ ထိတ်လန့် ခြင်း ဖြစ်သည်နှင့်

"မနက်က မျက်ခမ်းလှုပ်တာ၊ ယခုစကားကို ကြားရတာနှင့် ကျိန်းကျေပါစေတော့။ သူစိမ်း နှိပ်စက်တာထက် ရက်စက်သော မိဘများ နှိပ်စက်တာက သာလွန်၍ ဒဏ်ပြင်းပါကလား"ဟု စဉ်းစားပြီး နားစိုက်၍ ထောင်နေပြန်လေ၏။

အတန်ကြာလျှင် ခါလာဘီက ချိန်းထားခဲ့သောအတိုင်း မောင်ဟာရှင်သည် ဆင်ယင် ဝတ်စားပြီးလျှင် မော်တော်ကားနှင့် အိမ်ဝသို့ ဆိုက်ရောက်လာလေ၏။ ခါလာဘီက လက်တို့ပြီး

"ဟော၊ ဟိုမှာ သူဌေးကလေး လာတယ်။ နေရာပြင်စမ်းပါ"

ဟု ကပျာကယာ ပြောဆိုပြီးလျှင် ကုလားထိုင်များကို ကောင်းမွန်စွာ ပြင်ဆင်လေ၏။

ဟာရှင်သည် ရွှေမျက်မှန်နှင့် မြလက်စွပ်ကြီးတစ်ကွင်းကို ဝတ်ဆင်ပြီးလျှင် အိမ်ပေါ်သို့ တက် လာရာ ခါလာဘီက

"မျှော်နေရတာ အတန်ကြာသွားပြီ။ မောင့်အတင်းကို ပြောနေလိုက်ကြတာ။ လမ်းမှာ မော်တော်ကားချင်း မတိုက်ခဲ့ဘူးလား"ဟု ရယ်မောပြောဆိုသောအခါ ဟာရှင်က

"ခါလာတို့ အတင်းပြောပေမယ့် အတွင်းသဘော မေတ္တာရှိပြီးမို့ တစ်စုံတစ်ရာ ဘေးမထိဘဲ ယခု ရောက်လာတာပ။ အလုပ်တိုက်မှာ စာရင်းရှင်းရတာက တစ်ဖက်၊ မြင်းခြံစက်က ဝါဂွမ်းထုပ် တွေရောက်တဲ့ပြင် ပခုက္ကူက ပဲဖြူကလေး သင်္ဘောဆိုက်၊ ဘဏ်တိုက်မှာ ငွေသွင်းစရာက တစ်တန်၊ အင်္ဂလန်က ကုန်တွေပို့၊ ပါရစ်မြို့က ကုန်တွေလာ၊ အို အလွန်ရှုပ်ပါတယ် ခင်ဗျား။ တစ်ခါတစ်ခါ ခေါင်းထဲကကိုက်ပြီး ကိုယ့် အလုပ်တိုက်ကိုတောင် ပြန်မကြည့်ချင်အောင် ဖြစ်သွားတာပဲ။ ပါပါကလဲ ကျွန်တော့်ကို အကုန်လွှဲထားလို့ လူတစ်ယောက်တည်းမှာကိုယ်တစ်ထောင် ခွဲရမလိုလို ဖြစ်နေပြီ"

WWW.DHAMMARANSI.COM



ဟု ခပ်ပြုံးပြုံးပြောလျှင် မစိန်မှုန်က သူ့သမီးကို ပြချင်သောကြောင့်

"မခင်တင်ရေ၊ ဆေးလိပ်များ ယူခဲ့ပါ။ ခပ်မြန်မြန်ကွဲ့ သမီး"

ဟု ခေါ်လိုက်သောအခါ မိခင်၏ဩဇာကို မလွန်ဆန်ချင်သောကြောင့် ခင်တင်သည် ဆေးပြင်းလိပ်နှင့် စီးကရက်များကို ငွေသေတ္တာကလေးနှင့် ထည့်၍ စားပွဲပေါ်မှာ လာချပြီး အခန်းထဲသို့ ပြန်ဝင်သွားလေ၏။

ခင်တင် ထွက်လာသောအခါ ဟာရှင်၏ မျက်စိသည် ကျီးကန်းလူမိသကဲ့သို့ ခပ်ရဲရဲ ကုလားကြည့်ကြည့်ပြီး မိမိကြွေမှာကို မဆယ်နိုင်ဘဲ ရှိလေ၏။ မစိန်မှုန်က သူ့သမီးကို ကြည့်လေလေ 'မိပဟုံ၊ မိပဟုံ' စိတ်ထဲက သဘောကျလေလေ ဖြစ်သောကြောင့်

"သမီးရေ၊ စပျစ်သီးနှင့် နှင်းသီးတွေ ရှိတယ် မဟုတ်လား။ ထုတ်ခဲ့ပါဦးကွယ်။ ဟောသည် အဘိုင်ကလေးကို ကျွေးရအောင်"

ဟု ထပ်မံ ခေါ်ပြန်ရာ ခင်တင်သည် ချိုချဉ်သစ်သီးများကို ကောင်းမွန်စွာ ပြင်၍ ဟာရှင် အနားမှာ လာ၍ ချပြန်လေ၏။ ခါလာဘီက

"ညှော်သည်လာတဲ့အခါ ညှော်ခံစမ်းပါဦး မခင်တင်ရဲ့။ ကုလားမလဲ မဟုတ်ဘဲနှင့် အိမ်တွင်းပုန်းလုပ်မနေစမ်းပါနှင့်"ဟု ခင်တင် လက်ကို ဆွဲ၍ပြောရာ

"ကျွန်မလဲ ဗမာထဲက အိမ်တွင်းပုန်းမကလေး တစ်ယောက်ပါပဲ"

ဆိုပြီး အခန်းထဲသို့ ဝင်သွားပြန်လေ၏။

ဟာရှင်သည် ခင်တင်ကို ခပ်နီးနီးမြင်ရသောအခါ အဆင်းအင်္ဂါ၊ လက္ခဏာသဏ္ဌာန် မဂိုခပ်ဆန်ဆန်နှာတံခပ်ပေါ်ပေါ်ကလေးမို့ ရှေးကထက် သဘောကျပြီး 'ကုလားမ သူဌေးသမီးထက် သွေးကြီးစရာကောင်းတဲ့ ဗမာအပျိုကလေးပဲ'ဟုစိတ်ထဲက တွေးပြီး ခပ်ငေးငေး ကြိုက်စိတ်တွေ ပေါ်၍နေလေ၏။ ထို့နောက် အတန်ကြာ စကားပြောဆိုပြီးလျှင်

"ဖေဖေကြီး ဘယ်ကို ကြွတော်မူပါသလဲ"

ဟု မေးရာ မစိန်မှုန်က

"ကိစ္စတစ်ခုနှင့် ထွက်သွားပါတယ်။ တော်တော်နှင့် မလာသေးပါဘူး"

ဟု ပြန်ပြောလျှင် ဟာရှင်က လက်ပတ်ရွှေနာရီကို ကြည့်ပြီး

"ကျွန်တော် ကိစ္စ ရှိပါသေးတယ်။ ကြာကြာကြီး နေချင်တာပါပဲ။ ခါလာဘီကိုသာ သဘောရှိရာ ပြောပါတော့။ ကျွန်တော့်သဘောကို သိတယ်မဟုတ်လား"

ဆို၍ အိမ်ပေါ်က ဆင်းသွားလေ၏။ လှေကားရင်းသို့ ရောက်သောအခါ ခါလာဘီကို ခေါ်၍ သူ ဝတ်လာသော မြလက်စွပ်တစ်ခုနှင့် အသင့်ယူလာသော စိန်လည်ကပ်တစ်ကုံး၊ စိန်လက်ကောက်တစ်ရံကို ခါလာဘီလက်သို့ ထည့်ပြီးလျှင်

"နေရာကျအောင်သာ လျှော်ပါတော့။ ကျွန်တော်ဖြင့် ရူးမလို ဖြစ်လို့ ပြန်တော့မယ်"ဆို၍ ခပ်တိုတို စာကလေး ရေးပေးပြီးလျှင် မောင်ဟာရှင် ပြန်သွားလေ၏။ ခါလာဘီက ပေးခဲ့သော ပစ္စည်းများကို စားပွဲပေါ်မှာချ၍ မြန်မာလို ရေးပေးခဲ့သောစာကို မစိန်မှုန်လက်သို့ ထည့်သောအခါ မစိန်မှုန့်က အောက်ပါအတိုင်း စာကို ဖတ်လေ၏။

WWW.DHAMMARANSI.COM



**မေမေကြီး**

တစ်နေ့က ရောင်းဖို့ရန် ဖေဖေကြီး ယူသွားတဲ့ စိန်ရတီ ၃၀၀-ကျော်ကို မရောင်းရသေးလျှင် အလို ရှိသော လက်ဝတ်လက်စားများ လုပ်၍ ပေးလိုက်ပါ။ ရောင်းပြီး ဖြစ်ခဲ့လျှင် ငွေနှင့် အလိုရှိရာ ဝယ်၍ ပေးလိုက်ပါ။ သည့်ပြင် အလိုရှိတာကိုလဲ ခါလာဘီကို မှာလိုက်ပါ။

**ဟာရှင်**

ဤစာကို တွေ့မြင်သောအခါ 'ရယ်ချင်တုန်းမှာ ပြုံးအောင်ကလိ' သလို အင်မတိ အင်မတန် နှလုံးထဲမှာ ပြုံးပွဲကြီးခံသကဲ့သို့ ဖြစ်နေသည်နှင့် လောဘဇောအလုံးတက် စိန်ရွှေကို မြင်ပြန်တော့ အင်မတန် မက်သောကြောင့် အရှက်အကြောက်ကို သတိမထား။ အမျိုးသားသော၊ ဘုရားသော၊ သာသနာသော၊ ဘာသာသော ဘယ်ဟာကိုမျှ ဂရုမစိုက်။ စိန်ရွှေငွေ အစိမ်းတိုက်သောကြောင့် 'ရောယိမ်းလိုက်၊ ဘသား ယိမ်းလိုက်' ဆိုသလို ကုလားဘက်သို့ စိတ်တွေ ယိမ်း၍ ပါသွားလေရာ

"ခါလာကြီးရယ်၊ ဘာဘာညာညာ မပြောပါနှင့်တော့။ ကျွန်မသဘောအတိုင်း အိမ်ကဟာကြီးနှင့် သမီးကို ကြိုးဆွဲလိုက်ပါမယ်"ဟု ပြောရာ ခါလာဘီက

"ဆွဲတိုင်း ကမယ့် အရုပ်ဖြင့် အဟုတ်အကျိုးခံစားရမှာပဲ။ သို့ရာတွင် ညည်းတို့ဗမာသွေးက ဘာလေး ညာလေးနှင့်။ ဟိုလေ ဟားလား အပုံကြီး များလား များရဲ့။ ကုလားနှင့် အဖက်မတန်လို့ မဆက်ဆံချင်ဘူး ပြောလား ပြောတတ်ရဲ့၊ မိစ္ဆာဒိဋ္ဌိ လူမျိုးပဲ အဖိုးမတန်ဘူး ထင်လား ထင်ရဲ့။ အင်မတန် ဇီဇာကြောင်တာတွေ များပါတယ်။ ကုလားပေတယ်လို့ သိကြားမင်းလို စောင်မနိုင်ပါတယ်။ 'ဘုရား၊ သိကြား၊ ကုလား၊ ပြဒါး' သည်လေးပါးဟာ လွန်စွာ တန်ခိုးကြီးကြောင်းကို နောင်ခါတော့ သိပါလိမ့်မယ်"

ဟု ထည်ထည်ဝါဝါ စကားသုံးပြီး အခန့်လုံးကြီးနှင့် လှိုင်းလိုက်သောအခါ အပိုင်းခံချင်၍ နေသော မစိန်မှုန်က ကုလားကို လွမ်း၍နေသောကြောင့်

"ကဲကဲ ဘယ်သူပဲ ဖျက်ဖျက် မပျက်စေရပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မ တစ်ခါတည်း နှစ်လိုက်မယ်။ ဗမာတွေ သပိတ်မှောက်လျှင် အေးအေးကလေး ကုလားထဲ ရောက်ဖို့ပါပဲ။ ကျွန်မ ဘယ်သူ့ကိုမှ မထောက် ဘူး၊ ဘာ ကြောက်စရာရှိသလဲ၊ နောက်ခါတော့ သိပါလိမ့်မယ်။ ကျွန်မလဲ တော်တော် ပြတ်တောင်းတဲ့ ကောင်မပါပဲ။ မင်္ဂလာဆောင်ဖို့သာ ကြံပါတော့။ ဧကန်ကျွန်မတို့က မလွဲပါဘူး"

ဟု နတ်ပူးသကဲ့သို့ အလောတကြီး ပြောလေ၏။

ခါလာဘီက ဟာရှင်ပေးထားခဲ့သော စိန်လည်ကပ်နှင့် စိန်လက်ကောက်များကို မစိန်မှုန် လက် သို့ ပေးပြီး မြလက်စွပ်ကြီးကို ကိုင်၍

"မခင်တင်ကို ခေါ်လိုက်စမ်းပါ။ ခါလာကိုယ်တိုင် သည်လက်စွပ်ကို ဝတ်ပေးခဲ့ချင်ပါတယ်။ တစ်ခါတည်း လက်ထပ်လက်စွပ်လဲခြင်းကိစ္စ ပြီးရောပ"

ဟု ပြောရာ မစိန်မှုန်က ဝမ်းသာအားရနှင့်

"ခင်တင်ရေ၊ ခဏ ထွက်ခဲ့စမ်းပါဦး"

ဟု ခေါ်လိုက်သောအခါ လျှင်မြန်စွာ မထွက်လာသည်နှင့်

"ညည်းက ဘာမြော်မြင်လို့ သွေးကြွနေသလဲ။ ဟင်းနော် လူစော်မနံခင်က မိဘကို ခွာရာ တိုင်းသလား"

ဟု ရိုင်းတိုင်းတိုင်း ထန်တန်တန် မောင်းမဲသောအသံနှင့် စိန်မာန်တက်ပြီး ဟိန်းလိုက်သောအခါ မခင်တင် သူ့ခမျာမှာ စိတ်ထဲက မပါသော်လည်း အလိမ္မာ ဉာဏ်ဆင်၍ ရွှင်လှသော မျက်နှာပန်းနှင့်

WWW.DHAMMARANSI.COM



"မေမေကလဲ ကျွန်မ ပန်းထိုးရာက ခြေကျဉ်လို့ မထဘဲ နေးနေတာပါ။ ခါလာကြီးက စိတ်ဆိုးတယ် ထင်ပါမယ်။ ခင်တင်ကို ဒါလောက် မအော်ပါနှင့်။ မေမေ့စကားကို ဘယ်တော့ ကျွန်မ ပယ်ရှားဖူးသလဲ"ဟု ပြုံး၍ ပြောရှာလေ၏။

ခါလာဘီက

"သည်ကို လာခဲ့စမ်းပါ။ (ခင်တင်၏လက်ကို ဆွဲပြီး) အမယ်လေး၊ လက်ကလေးတွေက နူးညံ့လိုက်တာ။ အများကြီး ချမ်းသာလိမ့်မယ်။ ခိုဒါအရှင်က အင်မတန်လှအောင် ဖန်ဆင်းတော်မူထားတာပါကလား။ အို ဒန်းမဆိုးဘဲနှင့် လက်သည်းကလေးတွေက ရဲလို့။ ပုလဲအဆင်း မျက်လုံးကြီးက ဝင်းသနင့် မျက်ကွင်းညိုကလေးဟာ နဂိုက ပါလာတာဘဲ။ နှာတံကလေး ကြွကြွမို့ ကုလားမကလေး မဟုတ်ဘူးလို့ မငြင်းနိုင်အောင် မျက်တောင်ကော့ကလေးနှင့်ပါကလား၊ က တူမချောကလေး ဟောသည် မြလက်စွပ်ကို ဝတ်လိုက်စမ်းပါ။ အလွန် မင်္ဂလာရှိပါတယ်"

ဟု ပြောဆို ချီးမွမ်းပြီး မြလက်စွပ်ကြီးကို ဝတ်ဆင်၍ ပေးလေ၏။

ခင်တင်ကလည်း တစ်စုံတစ်ရာမျှ မပြောဘဲ သဘောကျလေဟန်နှင့် "အဖိုးတန် လာဘ်ကြီးကို ကျွန်မ ရတာပဲ"

ဟု ပြောဆို ပြုံးရယ်၍ နေလေ၏။

ခါလာဘီက "သန်ဘက်ခါလောက် တစ်ခေါက်လျှောက်ခဲ့ဦးမယ်။ သည်တော့ အစစ သေချာပါစေ"

ဟု ပြောဆိုပြီးလျှင် အိမ်မှ ဆင်းသွားလေ၏။

ဦးဖန်လည်း အိမ်သို့ ပြန်လာရာ အိမ်အထွက်တွင် ခါလာဘီနှင့်တွေ့သဖြင့် အမှတ်တမဲ့ ကြည့်လိုက်ပြီးလျှင် အိမ်ပေါ်သို့ ရောက်သောအခါ

"ထွက်သွားတဲ့ မိန်းမကြီးဟာ ဘယ်ကလဲ၊ သူ့မျက်နှာကို မကြာမကြာ မြင်ဖူးတယ်လို့ ထင်ပါတယ်" ဟု မေးလျှင်

"အို ရှင် မမှတ်မိဘူးလား။ သူဌေးဟူစိန်ရဲ့ အရီး ခါလာဘီကြီးလေ"

ဟု ပြောရာ အနည်းငယ် မှိုင်၍ တွေးပြီးလျှင်

"ခါလာဆိုတာ ကုလားမကြီး မဟုတ်လား။ မင်းတို့ကုလားတွေကို အရောမဝင်နှင့်။ ပေါက်ပေါက်ရှာရှာ ဘာဖြစ်လို့ အိမ်ကို သူ လာရသလဲ"

ဟု မောင်းမဲ့၍ ပြောသောအခါ မစိန်မှုန်က

"ရှင် ယနေ့ဘာဖြစ်လာသလဲ။ ဟင်း လူများကို မောင်းမဲလို့ ရှင်လဲကုလားနဲ့ ကင်းနိုင်လို့လား။ ယခု စိန်ကုန်များကို လက်ကားကြီး လုပ်ပြီး ရောင်းနိုင်တာ ရှင့်အမျိုးတွေက လာပြီး စောင် မ, လို့လား။ ကုလားကျေးဇူးလဲ မကင်းသေးဘဲနှင့် ထမင်းသခင် ဟင်းသခင်တွေကို ကျေးဇူးမတင်ဘူး"ဟု ကုလားစိတ်သန်သောကြောင့် ခပ်ထန်ထန် မျက်စောင်းထိုး၍ ပြောလေ၏။

(ဖန်) အင်း မင်းတို့မိန်းမတွေအကျင့်ဟာ အောက်ပင့် ခွပ်ဖော်ရတာပဲ၊ ဘာမသိ ညာမသိ မထိတထိ မခံချင်အောင် ပြောလား ပြောတတ်ရဲ့။ သဘောတစ်ဆိတ်လောက် မကျလျှင် ဒေါသကို တံခွန်ထူပြီး နှုတ်ခမ်းစူလား စူတတ်ရဲ့။ မပြောလောက်တဲ့ အချက်ကလေးနှင့် မျက်နှာပေး တင်းမာပြီး မြင်ပြင်းစရာ လုပ်လား လုပ်တတ်ရဲ့။ မဟုတ်မဟတ်တဲ့ အလော်မာအိုးတွေမို့ ကော်ပြီးတော့... တကတဲ ငါ ဆဲချင်တော့တာပဲ ဟု

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

"မိန်းမကို မနိုင်တာလဲ အဟုတ် ပြောရမှာဖြင့် ဒုက္ခော ဆင်းရဲကြီး တစ်မျိုးပဲ "ခပ်ညည်းညည်း ပြောဆိုပြီး မျက်နှာချိုး တစ်မျိုးပြောင်း၍

"အကျိုးအကြောင်းကလေးကို ခပ်အေးအေးပြောစမ်းပါ။ မင်းခါလာကြီးဟာ ဘာကိစ္စနှင့် လာတာလဲ။"

(မှုန်)"ထန်မလားလို့ စောင့်နေတာ။ သူကောင့်သားကြီးက ပြော့ခဲ့လို့သာ နည်းနည်းများ မာန် လိုက်ရင် ဟောသည်မှာကြည့်စမ်း၊ ရှင့်ကို နံမယ်လို့ ကိုင်ထားတဲ့ တုတ်ကြီး"ဟု မျက်စောင်းထိုး၍ ပြောပြီးလျှင်

"ခါလာဘီ လာတာ တခြားဟာ ဟုတ်ရိုးလား။ တစ်နေ့က ကျွန်မ ငှားလာတဲ့ စိန်တွေကို လာပြီး တောင်းတာ။ သည့်အပြင် သူ့မှာ ကိစ္စတစ်ခုလဲပါသေးတယ်။ ယခုပြောလျှင် ရှင်သဘောကျမှာ မဟုတ်ဘူး။ ညအိပ်ရာဝင်မှ ပြောမယ်။ ဟောပ်ိုမှာတော့ ကာဖီ ဖျော်ထားတယ်၊ သွားသောက်ချေ။"

ဦးဖန်က "ကျောက်ခဲကို ပျော့အောင် လုပ်နိုင်စရာရှိသော်လဲ မင့်ရင်ထဲမှာရှိတဲ့စိတ်ကိုဖြင့် ဘယ်သူမှ ပျော့အောင် တတ်နိုင်မယ် မထင်ပါဘူး"ဟု ညည်းတွားပြီး "သမီးရေ၊ သမီးရေ" ဟု ခေါ်လိုက်သောအခါ ခင်တင်သည် မရွှင်သော မျက်နှာနှင့် အခန်းထဲက ထွက်လာလေ၏။

(ဖန်)"ငါ့သမီးမျက်နှာ ညှိုးလှပါကလား။ ချောင်းဆိုး နှာစေးဖြစ်သလား။"

ခင်တင်က အကြောင်းကို ပြောပြမည်ရှိရာ မိခင်က မျက်စောင်းထိုးလိုက်သောကြောင့် မိခင် တန်ခိုး ကို လန့်သည်နှင့် "နေကောင်းပါရဲ့ ဖေဖေ၊ အိပ်ရာက ထခါစမို့ မျက်နှာ မှိုင်းတိုင်းတိုင်း ဖြစ်နေပါတယ်" ဟု ပြန်ပြောလေ၏။

ထိုနေ့ညနေစောင်းတွင် မစိန်မှုန်သည် သမီးနှင့် ရွှေတိဂုံဘုရားကြီးသို့ သွားကြပြီးလျှင် လူရှင်း သော တန်ဆောင်းတစ်ခုမှာ ထိုင်၍ သမီးကို တိုင်ပင်နားချသည်မှာ–

"သမီးချော မခင်တင် မောင်ဟာရှင်ကို မြင်တယ်မဟုတ်လား။

(တင်) မြင်ပါတယ်။ စိန်ဝယ်လာတဲ့ ကုလား မဟုတ်လား။

(မှုန်) စိန်ဝယ် မဟုတ်ဘူး။ သူတို့အိမ်မှာ စိန်တွေ ငါးတင်းသားလောက် ရှိတယ်။ သူဌေးသား ကလေး အေရဲ့။ ကုလားပေတဲ့ အသားဖြူဖြူမို့ လူပုံကလေးက ချစ်စရာ မကောင်းဘူးလား။"

(တင်) ကုလားမမျက်စိနဲ့ ကြည့်လျှင်ဖြင့် လှပါလိမ့်မယ်။ ကျွန်မ မျက်စိနဲ့ ကြည့်လို့မရဘူး။ လဒ တစ်မျိုး၊ ကုလားတစ်မျိုး၊ ကုလားအုပ်တစ်မျိုး။ အရုပ်ဆိုးပြီး အမျိုးမျိုး ရွံစရာကောင်းတယ်လို့ ထင်တာပဲ။

(မှုန်) မင်းလဲ မင်းအဖေလို ဝွတိုက်ဦးမယ့် သမီးပါပဲ။ ယခု လောကကြီးဖြစ်နေပုံကို မင်းတို့ နား မလည်သေးဘူး။ အမျိုး, ဘာသာနှင့် သာသနာသော၊ ပညာသော ဘယ်လိုပဲ ပြောပြော ငွေပေါ်ပြီး စည်းစိမ်ကြီးတာလောက် အဖိုးမတန်ဘူး။ ပညာနှင့် အမျိုးဟာ ဘာတန်ခိုး ရှိသလဲ သူဌေး၏ လက်အောက်မှာ အလကားပျောက်ကုန်တာတွေပါ။ ဒါ့ကြောင့် ငါ့သမီး ရှီးတီးရားတား သူများ ပြောတိုင်း မယောင်နှင့်။ ဗမာကောင်ကလေးတွေဟာ ကလေကလွင့်နှင့် အကျင့်ခပ်ဆိုးဆိုး ကလေးတွေသာ များတယ်။ သားမယားရယ်လို့ သဘောကြီးကြီး ထားပြီး အားကြိုးမာန်တက် လုပ်ကိုင် ကျွေးမွေးချင်တာ မရှိဘူး။ ဒါကြောင့် မခင်တင်ကို မောင်ဟာရှင်နှင့် . . .

WWW.DHAMMARANSI.COM



(ခင်တင်က စကားကိုဖြတ်၍) "အိုမေမေကလဲ ဘုရားပေါ်မှာ မတော်တာတွေကို မသွန်သင်ပါနှင့်။ ကိုယ်စောင့်နတ်များ သိရင် ရှက်စရာကြီးပါ။ မိစ္ဆာလူမျိုးကို အဖိုးတန်စာရင်းထဲမှာ မသွင်းစမ်းပါနှင့်။ စည်းစိမ်ဆိုတာ တစ်ခဏပါ။ ကိုယ့်ဘဝ ဆုံးရှုံးပြီး တစ်သံသရာလုံး လူမွေးလူတောင် မပေါက်မှာကို ထောက်ပါဦး။ ကြောက်စရာကြီးပါရှင်။ ခင်တင်ကို မသနားလို့ နှစ်တာလား။ မချစ်လို့ သည်စကားကို ပြောရက်တာပဲ"ဟု မျက်ရည် ယိုစီး၍ ရှိုက်ကြီးငင်ကြီး ပြောရှာလေ၏။

(မှုန်) ညည်းက စိတ်ကြီး မဝင်တန်ရာ ဝင်နေပြန်ပါပြီ။ ရည်းစားအားကိုးနှင့် သည်စကားမျိုး ပြောတာလား။ အမေ့စကားကို နားထောင်မယ်ဆို။ အလို မငိုတန်ရာမှာ ငိုလို့ ယခုမှဖြင့် မငြင်းနှင့်တော့။ မြင်ပြင်းကတ်တော့။ ငါက . . .ဟင်း။ စိတ်မရှည်ဘူးနော်။ ဘယ်တော့ မော်ကြည့်ရဲသလဲ။ ယခုမှ မိန်းမသွက်လုပ်ပြီး နှုတ်သီးက ခရာတာတာနှင့် ဘာလေးညာလေး လုန်၍ ပြောချင်သလား။ မင့်အဖေတောင် ပြားရတယ်၊ အလကား နော့တော့တော့မလုပ်နှင့်။

(တင်) မတော်ပါဘူး မေမေ။ ကုလားကို ပေးရအောင် ကျွန်မကို မွေးထားသလား။ ကိုယ့်ရင်သွေးကို သနားပါ။ မိစ္ဆာဒိဋ္ဌိကို သားမက်ဖမ်းပြီး မရှက်တမ်း ပြိုင်ဖို့ ကြံတာလား။ အမှန်ပါပဲ။ စည်းစိမ် ခံဖို့ အတွက်နှင့် ကုလားကို မစုံမက်ဘူး။ ကျွန်မအသက်ကို ယခု အသေသတ်လိုက်ပါတော့။

(မှုန်) အလဲ့ ကဲတက်လာပြန်ပါပြီ။ မင်းတို့ သားအဖနှစ်ယောက် ငါးခြောက်ကင်သလို ကျပ်တင်ပြီး ညှဥ်းဆဲရမလိုလို ဖြစ်နေပြီ။ ဘယ်နည်းနှင့်မှ ငြင်းလို့ မရ။ နေ့လယ်က လာသည့် ခါလာကြီး ကို အပြီးအစီး ပြောလိုက်ရုံမက ပေးသမျှ စရန် မြ,စိန်,ရွှေ, အဖိုးတန်တို့ကို တစ်ခါတည်း လက်ခံလိုက်ပြီ။ လိမ္မာဟန်နှင့် အမိုက်မကလေး လက်နှင့်ရေး ခြေနှင့်ဖျက် မင့်အမေ မျက်ခွက် ကို ပက်ခနဲ တံတွေးနှင့် ထွေးဖို့ ကြံသလား။

(တင်) စဉ်းစားပါ မေမေ၊ ဂုဏ်ကျက်သရေနှင့် လူလုပ်ကြရတာပါ။ ဘယ်လိုပင် စည်းစိမ်များ သော်လည်း ကုလားကြိုက်တဲ့ မြန်မာမကို ဘယ်လူက ချီးမွမ်းမတုံး။ မြင်သမျှ လူတိုင်းက ရိုင်းပြတဲ့အမျိုးဟု မေးထိုးပြီး ကဲ့ရဲ့ကြမယ် မဟုတ်လား။ စဉ်းစားပါမေမေ၊ ကျက်သရေ အညွန့်တုံးအောင် မနှိပ်စက်ပါနှင့်။

ဤသို့သမီးက အတင်းငြင်းဆန်နေသောအခါ မစိန်မှုန်က 'အကြမ်းတိုက်လို့ ရမှာမဟုတ်ဘူး။ 'အမှုမှုကို အနုနှင့်သာအောင်စေရာ'ဆိုတဲ့အတိုင်း သမီးကလေးပျော့အောင် ခပ်ချော့ချော့နှူးဦးမှ တော်မည်' ဟု စဉ်းစားပြီးလျှင်

"မိဘဆိုတာ သားသမီးတို့အပေါ်မှာ 'ဆင်စီးလို့ မြင်းရံ'တာကိုတာ မြင်ချင်ပါတယ်။ 'လက်ထိပ်နှင့် ပုလိပ်ရံ'တာကို မြင်ချင်ပါ့မလား။ ယခုကာလက ငွေရှိမှထင်ပေါ် စိန်ရှိမှ မြင်မျှော်လို့ စင်တော်က ကောက်ပါတယ်။ ဘယ့်ကလောက် ရုပ်ရည်ချောချော အပြော ဘယ်လိုချိုချို အလိမ္မာ ပိုချင်ပိုလိုက်ဦး။ ငွေဆိုတဲ့ မန်းနီး နိမ်းမှဖြင့် စခန်းကြီး ကိန်းတွေ့မယ်လို့ မထင်နှင့်။ အင်မတန် ခက်သကွဲ့ သမီးရဲ့။ အမျိုးကို ခင်ပေတယ်လို့ စည်းစိမ်ရှင်ခံမှ ခံရတာ။ ဘာသာဆိုတာလဲ အရေးမကြီးပါဘူး။ တွေးပြီး မထိတ်ပါနှင့်။ စိတ်တစ်ခု ဖြူလျှင်ဖြင့် သူတော်ကောင်းဖြစ်နိုင်ပါတယ်။ ခနဆိုတာ အစစသိဒ္ဓိမြောက်နိုင်တာကလား။ အလျှူ အတန်းနှင့် ပေးကမ်းစွန့်ကြဲတဲ့ အရာမှာလဲ အသပြာချုပ်နေလို့။ အထုပ်ရှိလျှင် သုဒ္ဓိ-၇-ပါး လမ်းပေါက် နိုင်ပါတယ် သမီးရယ်၊ အလိမ္မာသားနှင့်။ အလကားအယူသန်ပြီး အပူပန်ကြီး မနေပါနှင့်။ ကိုယ့်ခရီးကို ကိုယ်သွားဖို့ အရေးကြီးစမ်းပါ"ဟု ခပ်ချော့ချော့ ပြောသောအခါ

WWW.DHAMMARANSI.COM



ခင်တင်က ‘မရ ရအောင် အမှန်သွေးဆောင်တော့မှာပဲ။ နောင်ခါမှ ထင်သလို ကြံမယ်။ ရန်မဖြစ်အောင် အလိုလိုက်ဦးမှပဲ’ဟု စဉ်းစားပြီး မျက်နှာထား ခပ်ပြုံးပြုံးနှင့်

“အဆုံးတွေးလိုက်တော့ နှစ်ခြိုက်စရာပဲ မေမေရေ့၊ ကုလားကို သွေးဆောင်၍ ကိုယ့်ဘက်သို့ ပါအောင်ဆွဲပြီး ဘာသာကွဲကို ချွတ်နိုင်လျှင် လွတ်ပြီး ချီးမွမ်းကြမှာဘဲ။ အဲဒါမှ မိန်းမလူစွမ်းကောင်း ခေါ်ရတယ် မေမေရဲ့ ကျွန်မ အကြံရပြီ။ ကိုဟာရှင်နှင့် ထိမ်မြားပြီး ပလိမ်းစကားတွေနှင့် သူ့ကိုချော့လျှင် ကုလားကလေး ပျော့ရောပ။ သည်တော့ ကျွန်မက ကိုဟာရှင်ရယ်၊ ခင်တင်ကို တကယ်ချစ်ရင် ရှင့်အနွယ်ကို ပစ်ပါလို့ တထေ့ထေ့ ဆွလျှင် တနေ့နေ့ကျတော့ ပါပါလိမ့်မယ်။ ကုလားများဟာ မယားစကားကို အလွန် နားထောင်သတဲ့။ သည်အရေးအောင်မှဖြင့် လူ့ဘောင်မှာ ကျွန်မ နာမည်ကြီးဦးမှာပဲ။ ကဲ၊ မေမေ့စကားကို နားထောင်ပါတော့မယ်။ နေ့လယ်က ကျွန်မ ကြည့်စမ်းတော့ ဂျဝမ်းချွတ် ကုလားကလေးဟာ ချစ်စရာ အကောင်းသားပဲ။ နှာခေါင်းပေါ်ကလေးနဲ့”

ဟု ပြုံး၍ပြောလျှင် မစိန်မှုန်က

“အဲသည်လို လိမ္မာပါမှပ၊ အစက သည်လိုမပြောဘူး၊ စကားကြောရှည်အောင် အမေကို ဆွနေရသေးတယ်။ ငါ့သမီးကလဲ အလှအယဉ်၊ မောင်ဟာရှင်ကလဲ မွတ်တားဝါးလားမို့ ချွတ်ကရားတွေ မွေးမှဖြင့် အချောကလေးတွေ ဖြစ်နေမှာပဲ။ ချစ်စရာ ဘယ်လောက်ကောင်းမယ်လို့ ကပြားဆိုတာ အလှထားပြီး ကြည့်ရအောင် ချောတာမျိုးပဲ”

(ခင်တင်) ကျွန်မအရေးနှင့်ဖြင့် စိတ်အေးတော်မူပါတော့။ သို့ရာတွင် ဖေဖေက ဖျက်မှဖြင့် အခက်တစ်ခု ကြုံစရာ မရှိပေဘူးလား မေမေ။

(မှုန်) အို မင်းအဖေ အထုံအအကိုတော့ ဥုံဖွလို့မန်းလိုက်လျှင် ကမန်းကတန်းနှင့် ဖြန်းခနဲ ကြက်သီးထပြီး ‘ရှင်မ သဘောရှိတော်မူတဲ့အတိုင်းပါလို့’လိုက်နာရမှာပါ။ မင်းဖခင်အတွက်ကြောင့် ငဲ့ကွက်စရာ မရှိပါဘူး။

(ခင်တင်) မိကျောင်းမင်းကို ရေကင်းပြတယ်လို့လဲ သဘောထားတော်မမူပါနှင့်။ မေမေ့စကားကို ကျွန်မနားထောင်ပါပြီ။ ကျွန်မတောင်းပန်တာကိုလဲ လိုက်နာတော်မူစေချင်ပါတယ်။

(ဘာကိုပြောချင်လို့လဲ။)

သည်လိုပါ။ ဖေဖေ့အပေါ်မှာ အာဏာကုန်လွှတ်ပြီး မရမ်းပါနှင့်။ အကြမ်းကို လက်လျှော့စမ်းပါ။ ဘုရားဆုပန်တဲ့ မင်းယောကျ်ားကို မိန်းမများက နိုင်ဖို့လဲ မသင့်ပါ။ ဖေဖေဟာ ရိုးရိုးနေတတ်ရှာပါတယ်။

(မှုန်) မင်းအဖေ့ဓာတ်ကြောကို အကုန် ဖွင့်မပြောချင်ပါဘူး။ ကုတ်တုတ်တုတ်နှင့် ရွက်အုပ်သီး ပလီတဲ့ အညှီအိုးကြီးပါ။ မေမေက နှိမ်လွန်းလို့၊ မနှိမ်ဘဲ လွှတ်လိုက်ရင် ဖွတ်ဒရွတ် သူ ထင်ရာလုပ်မယ့် ဘူတာကြီးပဲ။ ကဲ– သမီးစကားကိုလဲ နားထောင်ရတာပ။ ယနေ့ကစ၍ ထင်သမျှမရိုင်း၊ အာဏာကို ဆိုင်းပြီး သုံးပိုင်းတစ်ပိုင်းလောက် မေမေ လက်လျှော့ပါတော့မယ်။

ဆို၍ အချိန်ကုန်သည်နှင့် အိမ်သို့ ပြန်လာကြလေ၏။

ထိုည အိပ်ရာဝင်ကြသောအခါ မစိန်မှုန်က သဘောကျအောင် ဦးဖန်ကို လိုမ့်ပြီး နားစိမ့်အောင် နှုးသည်မှာ “နေ့လယ်က ခါလာကြီး လာတာကို ရှင်သိချင်တယ် မဟုတ်လား။”

လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

(ဖန်) အင်း- ပြောစမ်းပါဦး။ ဘာကိစ္စနှင့် သူလာတာလဲ။

(မှုန်) မသိုင်းမဝိုင်းပါရစေနှင့်။ မှန်တဲ့အတိုင်း ပြောမယ်။ ဟာရင်ဆိုတဲ့ သူဌေးသားကို သိတယ် မဟုတ်လား။

(ဖန်) သြော် သိတယ် သိတယ်၊ တို့အပေါ်မှာ အတော်ကြည့်ရှုတဲ့ သူဌေးကြီး မူလာဘိုင်ရဲ့ သားကလေး မဟုတ်လား၊ အကြီးအကျယ် ကျုပ်တို့ စိန်အရောင်းအဝယ် လုပ်နိုင်တာ မူလာဘိုင်၏ ကျေးဇူးပေပဲ၊ သူ ဘာဖြစ်ရှာသလဲ။

(မှုန်) ဘာမှမဖြစ်ပါဘူး။ ကျေးဇူးရှင်ဆိုတော့ ကျေးဇူးတင်ရပေမယ်။ မောင်ဟာရင်က ခင်တင်ကို လိုချင်...

ဦးဖန်သည် စကားမဆုံးခင် မျက်နှာချင်းဆိုင်ရာက တစ်ဖက်သို့ လှည့်သွားပြီး သက်ပင့်ကြီး ရှိုက်ရှု၍ ကြဲတော်မူပုံကဖြင့်။..."မလုပ်ရင်လဲ အရှင်း၊ လုပ်ရင်လဲ ကမြင်းဆိုတာလို နက်နက်နဲနဲကြီး ရှိပါပေရဲ့။ ထွီ- ဘုရားသွား ကျောင်းတက်ပြီး ကုလားကို သမက်ဖမ်းချင်တာ။ ဘုရားတကာ နွားသတ်တာထက် ဆိုးနေပေါ့။ အကျိုးနည်းလို့ တကတည်းမှုဘဲ"...ဟု မကြိတ်မခဲနိုင်သော အသံနှင့် ပြောရာ ကျောင်းအမ မစိန်မှုန်က-

"ရှင့်ကို လူမှတ်လို့ တိုင်ပင်တာ။ တန်ပါရှင်။ အဖက်လုပ်ပြီး စကားမပြောချင်ပါဘူး။ သမီးဆိုတာ အမေ ပိုင်တာမျိုးပါ။ ကိုယ်အကျိုးရှိ ပြီးရော။ ဘာပဲဖြစ်ဖြစ်။ ထင်သလို လုပ်မယ်။ ရှင်လဲ သဘောမကျလျှင် ယနေ့ည ကွာသွားပါ"

ဆိုပြီး ခုတင်ပေါ်မှ ဆင်း၍ မီးတဝင်းဝင်းနှင့် ဆေးပေါ့လိပ်ကြီးကို သောက်ရင်း အကြောင်တိုက်လျက် ထိုင်နေလေ၏။

ဦဖန်သည် အတန်ကြာ အောင့်နေပြီးမှ တကယ့်အရေးနှင့် သွေးကြီး၍ မနေနိုင်ရှာသောကြောင့် ခုတင်ပေါ်မှ ဆင်းလာပြီးလျှင် "အချက်ထဲ ရောက်မှဖြင့် မင်း မျက်နှာကဲ မထောက်ဘူး။ ဒါလောက်လဲ ဈေးမကိုင်ပါနှင့် ဆိုင်ကြီးရင်ရယ်။ အင်မတန်မှ...တကယ့်ကို စိတ်ဆိုးစရာ လုပ်တတ်တယ်။ နေစမ်းပါဦး။ ယခုတင်က အိပ်ချင်တာနှင့် မေးသွားလို့ မောင်ဟာရင်ကလေးအကြောင်းကို ပြောတာ နားမလည်ပါဘူး။ ပြောစမ်းပါဦး။"

မစိန်မှုန်က လက်နှင့်ဖယ်၍ "တယ်ပြီး ရှင်ဟာလေ... မပြောချင်ပါဘူး။ ကိုယ့်နေရာ ကိုယ် အိပ်ပြီး ပုတီးစိပ်နေပါ။ အို-လာမချော့ပါနှင့်။ ဘာကမျော့တာလဲ။ ဘယ်တော့မှ ရှင်ကို မတိုင်ပင်တော့ဘူး။"

(ဖန်) ပြောစမ်းပါဦး။ နားမလည်လိုက်လို့ပါ။

မစိန်မှုန်က ဦးဖန်၏ ဓာတ်ကြောတွေကို သိသောကြောင့် "ရှင့်သမီး ခင်တင်ကို ဟာရင်နှင့် မင်္ဂလာဆောင်မလို့ တော့"ဟု ခပ်ပြတ်ပြတ် ပြောလိုက်သောအခါ ဦးဖန်က

"အို ငါက အထင်မှားသွားတာကိုးကွဲ့။ ဂေါ်ရင်ဂျီနှင့် ဆိုသလားလို့။ မင်းပြီးရင် ပြီးနိုင်တယ်။ သမီးဟာ ငါနှင့် ဘာဆိုင်သလဲ၊ ကဲ သဘောတူပါရဲ့၊ လာပါ"ဆိုပြီး သက်ကြားကြီးက အာမဘန္ဓေ ခံလိုက်ရလေ၏။

ထိုညအခါ ခင်တင်မှာလည်း အိပ်၍ မပျော်နိုင်ဘဲ 'သြော် အမေ အမေ စိန် ရွှေ ငွေ ရမက်ကဲ လောဘဇောဇက်ရဲလို့ အရှက်ကွဲမှာတောင် မမြင်နိုင်အောင် ရှိနေပေါ့။ ကုလားဘေး ကပ်ဆိုက်မှဖြင့် ပတ်တိုက်၍ ဘီလူးထွက်တာလို သွက်ချာတောလည်အောင် ယုတ်ကန်းပြီး မဟုတ်တဲ့လမ်းတွေကို လိုက်ရတော့မှာပဲ။ သြော်-ကမ္ဘာသကာ ကံသာ မူလ။ လူမတတ်သော်လည်း နတ်ကဖြင့် မ-ကောင်းပါရဲ့။ ကိုတင်မောင်

WWW.DHAMMARANSI.COM



အချစ်ပန်းကဖြင့် ယခုလိုဖြစ်မှန်းကို မသိရှာပေဘူး။ နက်ဖြန်ခါ သူလာဖို့ စာရေးထားတာပဲ။ မျက်နှာချင်း ဆုံတော့မှ စကားကုန်ပြောရတော့မယ်'ဟုစဉ်းစားပြီး ကုလားဘေး သင့်မှာကို လန့်သောကြောင့် မသိုးမသန့် စိတ်မှာထင်၍ လိပ်ပြာစင်လုမတတ် တဖျပ်ဖျပ် ရင်ခုန်၍ နေရှာလေ၏။

နောက်တစ်နေ့ ဘီ–အေ မောင်တင်မောင်သည် ရည်းစားမခင်တင် မှာထားသောအချိန်တွင် တိတ်တဆိတ် သွားရောက်၍ နောက်ဖေးတံခါးပေါက်က ဝင်လေရာ မခင်တင်ကလည်း မျှော်၍နေသည်နှင့် အခန့်သင့် တွေ့လေ၏။ ခင်တင်က မောင်တင်မောင်ကို မြင်လျှင်မြင်ချင်း လက်ကိုင်ပဝါနှင့် မျက်နှာကို အုပ်ပြီး

"ကျွန်မကို မကယ်လျှင် အပါယ်ကောင်ကြီးလက်ထဲသို့ ရောက်ရတော့မှာ" ဆို၍ ငိုရှာလေ၏။

မောင်တင်မောင်သည် ဝမ်းနည်းစွာ ငို၍နေသော ခင်တင်ကိုမြင်ရာ မေတ္တာရှိဟောင်းတွင် ကရုဏာ ထပ်လောင်းလာသည်နှင့် ခင်တင်၏လက်ကို အသာကိုင်ပြီးလျှင် လက်တစ်ဖက်နှင့် ကျောကို သပ်၍

"တိတ်ပါကွယ်။ ဘာကြောင့် သည်လောက် အားငယ်ရတာလဲ။ ကျုပ် အရှိသားပဲ။ မင်းအကြောင်းကို ပြောပြစမ်းပါ"ဟု ချော့မော့ ယုယကာ မေးမြန်းလေ၏။ ခင်တင်က

"နှမကလေးအပေါ်မှာဖြင့် လော်မာတယ်လို့ အလွဲမတွေးပါနှင့်။ အကဲကလေးကိုလဲ မောင်သိပြီးပါ။ အမယ်လေး ပြောရမှာတောင် ကျွန်မရှက်နေတာပဲ"ဟု သနားစရာ ပြောလျှင်

မောင်တင်မောင်က (ဘယ်လိုဖြစ်တာလဲဟု စိတ်ထဲကတွေးပြီး) "မခင်တင်အပေါ်မှာ လော်မာတယ်လို့ အထင်မလွဲပါဘူး၊ မင်းအစ်ကို သိပြီးသားပဲ၊ ကဲကွယ် ပြောပါ။ ဘာရှက်စရာရှိသလဲ"ချော့ရာ

ခင်တင်က "ဟာရှင်ဆိုတဲ့ ကုလားနှင့် ကျွန်မကို ပေးစားဖို့ မေမေက အတင်းနှိပ်စက်ပြီး ကြံနေပါတယ်။ ကိုတင်မောင် ကယ်တင်မှ ဟာရှင်ဆိုတဲ့ ကုလားဘေးမှ လွတ်တော့မှာပဲ"

ဟု အသံတုန်တုန်နှင့် ရှိုက်ရင်း ပြောသည်။

မောင်တင်မောင်က လက်ကိုကိုင်၍ ငေးနေပြီးမှ "မင်းအမေ့အကဲကို နည်းနည်းတော့ ရိပ်မိပါရဲ့။ ငွေမက်လို့ အသရေဖျက်ဖို့ ကြံတာပါကလား။ ကိုယ့်ရင်သွေးကိုမှ မသနားပဲကိုးနော်"ဟု ခပ်ညည်းညည်း ပြောပြီးမှ

"ကဲ မင်းက ဘယ်လို ကြံစည်စေချင်သလဲ။ နှမအတွက်နှင့် မောင့်အသက်ကို စွန့်ရဲပါတယ်"ဟု ခင်တင်၏ ထိပ်ဆံကလေးတွေကို သပ်ရင်း ပြောသည်။

(ခင်တင်) ယခုအချိန်ကစပြီး ကျွန်မကိုယ်ကို မောင့်လက်သို့ အပိုင်လွှဲပါပြီ။ မောင်ပိုင်နက် ပစ္စည်းစာရင်းထဲမှာ သွင်းလိုက်ပါတော့။

(မောင်) အပိုင်လွှဲတော့ ဘယ်လိုလုပ်ရမှာလဲ။ (ပြုံး၍ ပြောသည်။)

(ခင်တင်) တိုတိုပြောရမှာဖြင့် ခပ်မြန်မြန် ကျွန်မကို ခိုးစေချင်တာပါပဲ။

(မောင်တင်မောင်)က ရုတ်တရက် စိုက်၍ငေးသွားပြီးလျှင်

"အရှင်ကတော့ အသက်ကိုစွန့်မယ်။ ခိုးရာသို့ မလိုက်ဝံ့ဘူးလို့ ပြောတယ်မဟုတ်လား"ဟု မေးရာ

"သည်တုန်းကတော့ ယခုလို ဖြစ်လိမ့်မယ်လို့မှ မထင်ဘဲကိုး။ ပြောမိတာ လွှဲပါစေတော့။ ယခုပဲ ထွက်ပြေးကြစို့ရဲ့"

WWW.DHAMMARANSI.COM



(မောင်တင်မောင်မှာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားပြီး)

"သည်လောက်လဲ မမြန်ပါနှင့်။ ဘာကိုမှ မကြံရသေးဘူး။ ယခု စာမေးပွဲလဲ နီးလှပြီ။ ကျောင်းပိတ်တုန်းက လိုက်ခဲ့ပါလို့ တောင်းပန်တော့ မင်း စကားတစ်ခွန်းမျှ အကြောင်းမပြန်ဘူး။ သည်တုန်းက ပြေးရလျှင် 'ကလေးတောင်...'"

(ခင်တင်က ကြားဖြတ်၍) "အို သည်လိုပူနေရာမှာ ကြားစကားတွေ ပြောမနေပါနှင့်။ အမြန် မခိုးဘူး–ခိုးရဲ့ဆိုတာကိုသာ ပြောပါ။"

ဤသို့ ခင်တင်က ပူဆာသောအခါ မောင်တင်မောင်၏စိတ်သည် သူချစ်တဲ့ရည်းစားကို ကုလားရမည့် အရေးကြောင့် ရှေးကထက် စိုးရိမ်ပြီး အချစ်မေတ္တာ တိုးတက်စွာနှင့် ကရုဏာ ထပ်မံ ဖြစ်လာသော်လည်း စာမေးပွဲကလည်းနီး၊ ပစ္စည်းလည်း သူ့လက်ထဲမှာ မရှိ။ မိဘကလည်း စိတ်မတူသောကြောင့် သံပူခဲကြီးကို ရင်ထဲမှာ လျောင်၍ထားသည့်အသွင် ရှေ့ကိုးနောက်ငင် ဖြစ်ပြီး မကြံတတ်အောင် ဗျာသင့်၍ နေပြီးမှ အကြောင်းပြ၍ ပြောဆိုသည်မှာ–

"မခင်တင်၊ ရင်ကို ခွဲပြီး မောင့်အသည်းဟာ အမဲနုပ်တုံးကြီးလို ဖြစ်နေတာကို ပြချင်ပါတယ်။ အခက်ထဲမှာ အခဲကြုံနေပေါ့။ (ချော်–တောက်တောက်) မင်းကို စွဲလွန်းလို့ စာမေးပွဲနှစ်ကြိမ်လဲ 'ဖေး'ခဲ့ပြီ။ ရှက်လဲ ရှက်ပါရဲ့ မချွေတင်။ ဘီ–အေ ကလဲ မအောင်မြင်သေးလို့ အင်မတန်ကြပ်နေတာပဲ။ ယခုနှစ် ခဲရလျှင် စာမေးပွဲအောင်တော့မှာ အမှန်ပဲ။ ရက် နည်းနည်းဆိုင်းလို့ မရဘူးလား"ဟု (ညည်းညည်း ညူညူ ပြောရာ) ခင်တင်က–

"မောင်မောင်၊ နှမကလေးအပေါ်မှာ ကမ္ဘာလုံးကြီးလောက်မကအောင် ချစ်တယ်ဆို။ ယခုတော့ ဘီ–အေ ပညာကလေးလောက်မှ ကျွန်မကို မချစ်တော့ဘူးလား။ အချစ်ဆိုတာ ဘယ်အရာနှင့်မှ မတူအောင် အဖိုးတန်တယ်ဆို မဟုတ်လား။ ချစ်ဦးက အကြံနှေးလျှင် ကုလားဘေးသင့်တော့မှာပဲ မောင်မောင်ရဲ့"

ဟု ကန့်ကလျ ငိုပြီး မောင်တင်မောင်ရင်ခွင်ထဲကို ခေါင်းလှဲ၍ ချလိုက်လေ၏။

မောင်တင်မောင်မှာ ကရုဏာရော၊ မေတ္တာရော ဒလဟောစီးသွန်၍ ရေတံခွန်ကျသလို ဖြစ်လာသောကြောင့်

"ကဲ မခင်ကင်၊ မအောင်မြင်လျှင် ရှိပေစေတော့။ ဘီ–အေ,သော၊ ဘီ–အက်,သော လောကမှာ ဘာဂရုစိုက်ရမလဲ။ ကြိုက်သူနှင့် တွဲရလျှင် အချစ်စာမေးပွဲကြီး အောင်တာပါပဲ။ ကဲ ယခုပဲ လိုက်ခဲ့ပေတော့"

ဟု အားရဝမ်းသာ ပြောလျှင် ခင်တင်က ပြုံးပြီး

"အဲ သည်လိုမှ ယောက်ျားပီသတယ်။ မောင်က သည်လိုအားပေးတော့ နှမကလေးကလဲ ဝတ္တရား ကုန်အောင် ကြံပါမယ်။ ဘီ–အေ စာမေးပွဲကလေးကို အရေးကြီးမနေပါနှင့်။ ရှင့်မိဘက သဘောမတူလို့ ပူပြီးနေသလား။ မစိမ်ရိုးပါနှင့်၊ သိန်တန်ခိုး မငယ်စေရပါဘူး။ အလွယ်ကလေးနှင့် ကျွန်မက မောင်ကို ဘီလပ်သို့ ပို့ပါမယ်။ မောင် ဘီလပ်သွားတဲ့အခါ ကျွန်မလဲ အတူပါရောပ။ ပူစရာမရှိဘူး မှတ်ပါတော့။ တတ်နိုင်သမျှ ကျွန်မ ကိုယ်ပိုင် ပစ္စည်းကို များများကြီး ယူခဲ့ပါ့မယ်။ ကျွန်မ အခွင့်သာ၍ စာရေးလိုက်တဲ့အခါ မပျက်မကွက် လာခဲ့ပါတော့။ ယနေ့လဲ ပြေးဖို့ မဟုတ်သေးပါဘူး"ဟု ပြုံး၍ ပြောရာ မောင်တင်မောင်က

"ယခုလို ပြောလိုက်တာ အလွန်ဝမ်းသာပါတယ်။ ကြံစရာ ရှိသမျှကိုလဲ ကိစ္စ ချောမောအောင် မောင်မောင် စီမံလိုက်ပါမယ်။ နှမစာရေးတဲ့အခါ ဆက်ဆက်ကြီး လာမယ်လို့သာ မှတ်လိုက်ပါတော့။"

WWW.DHAMMARANSI.COM



ဤသို့ပြောဆိုနေကြရာ အချိန် အတန်ကြာသွားသည်နှင့် မိဘများနှင့် တွေ့မှာစိုးသောကြောင့် မောင်တင်မောင်က မခွဲနိုင်အောင် ချစ်သဖြင့် ခပ်ညုစ်ညုစ် လက်ကိုဆွဲပြီး "ကဲ– မောင်မောင်သွားဦးမယ်" ဆို၍ ထွက်ခဲ့လေ၏။

ခင်တင်၏အမိက အထိကရ သွေးတက်၍ စကားမဖျက်ဘဲ ကုလားသမက် ရမှာမြင်လို့ ခင်တင်ကို အမျိုးမျိုး မြှောက်စား၍ နေလေ၏။

ကုလားက စရန်ပေးထားခဲ့သော စိန်လည်ကပ်၊ စိန်လက်ကောက်များနှင့်တကွ စိန်ရတီသုံးရာဖိုးကိုလည်း စိန်ကြိုး၊ စိန်ဘီး၊ စိန်ကြယ်သီးမှစ၍ အလုံးစုံပြုလုပ်ပြီးလျှင် တစ်ကိုယ်လုံး ထိန်ထိန်ပြောင်၍ စိန်တောင်ကြီးဖြစ်အောင် ဝတ်ဆင်၍ ပေးလေ၏။ အဖဖြစ်သူ ဦးဖန်မှာ မယားအတွက်နှင့် ကုလားသမက် ဖမ်းရမည်ကို အနည်းငယ်မျှ သဘောမကျသော်လည်း မိန်းမသြဇာကို မလွန်ဆန်နိုင်သောကြောင့် အိမ်ထဲက မထွက်ဘဲ အရှက်ပွဲခံ၍ နေရှာလေ၏။

'ဟန်ဆောင်မှ အကြံအောင်သည်' ဆိုသောစကားအတိုင်း ခင်တင်မှာလဲ မိမိ အကြံမအောင်ခင် ဟန်ဆောင်ကာ ပရိယာယ်ဆင်၍ ရွှင်ရွှင်ပြုံးပြုံးနှင့် ကိုယ်လုံးပေါ်မှန်ကို အရိပ်ကြည့်လျက် ဣတ္ထိယဉာဏ် အပွေနှင့် သူ့အမေကို နှဲ့ပြီး လှည့်ချင်တိုင်းလှည့်၍နေရာ အမေလုပ်သူကလည်း အဟုတ်ကြီး မှတ်ထင်၍ ခင်တင်အလိုကို လိုက်ပြီး ကြိုက်သလို ဦးစားပေး၍ နေလေ၏။ ခင်တင်က

"မေမေ၊ 'စေ့စေ့တွေးတွေး၊ ရေးရေးမြင်' ဆိုတာလို သေသေချာချာတွေးတော့ ဟိုကုလားကလေးနှင့် ရလျှင် လိုသမျှ ရှိန်းပြီး၍ ကိန်းကြီးကြီးစံစားရတော့မှာပဲ။ အမျိုးသော၊ ဘာသာသော ပါးစပ်က ဘယ်လိုပင် ပြောပြော ငွေပေါတာလောက် အဖိုးမတန်ပါဘူး။ စည်းစိမ်ခံရတာ လောကမှာ အမြတ်ဆုံးပါပဲ။ ကဲ့ရဲ့တဲ့ ပါးစပ်များကို ဒင်္ဂါးနှင့် သိပ်လိုက်ရင် ကဲ့ရဲ့သံ တိတ်ပြီး တံခါးပိတ်တာထက် လုံပါသေးရဲ့"ဟု ပြောဆိုသောအခါ အမေကြီးက သဘောကျသည်နှင့်

"မင်းပြောတဲ့အတိုင်း အကုန်မှန်တယ်။ ဂုဏ်ခံသူတွေကို ရွှေငွေနှင့် ခြောက်မှဖြင့် ဒူးထောက်ပြီး ရှိခိုးတာမျိုးပါပဲ။ မောင်ဟာရှင်နှင့် နေရာကျလို့ ဆွေမျိုးက သပိတ်မှောက်ပေစေ။ အမေမကြောက်ဘူး။ ကုလားအောက်ကို ဝင်ပြီး မဟာမေဒင်ဇာတ် သွင်းလိုက်မယ်။"

ဤသို့ ပြောဆိုနေစဉ် ခါလာဘီ ဝင်ရောက်လာသည်နှင့် ခင်တင်သည် အခန်းထဲသို့ ဝင်သွားလေ၏။

(ဘီ) နားချပြီးပလား။

(မှန်) အလုံးစုံ နားချပြီးပါပြီ။ သမီးက လိမ္မာလို့ တစ်ကြိမ်တစ်ခါတည်းနှင့် သဘောကျ သွားတာပါပဲ ခါလာရဲ့။ ချွတ်ကရားကို လမ်းဖြောင့်ဖြောင့် သွားပါစေ။

(ဘီ) သူ့အတွက် မစိုးရိမ်ပါနှင့်။ ခါလာကိုယ်တိုင် မခင်တင်ကို မေးချင်သေးတယ်။

မစိန်မှန်က ခေါ်လိုက်သဖြင့် ကြည်လင်သော မျက်နှာဖြင့် ခင်တင် အခန်းထဲက ထွက်လာပြီး ခါလာကြီးနှင့် စကားပြောကြလေ၏။

(ဘီ) ခင်တင် မင်းမေမေ စီမံတာကို သိပြီး မဟုတ်လား။

(ခင်) ကျွန်မ သိပြီးပါပြီ။

(ဘီ) သဘောကျတယ် မဟုတ်လား။

(ခင်) မေမေက သဘောညီလျှင် ဂေါ်ရင်ဂျီတောင် ကျွန်မ မငြင်းပါဘူး။ ခါလာဘီ ပြောတာကတော့ အချောတကာရဲ့ ခေါင်ဖျား။ သူဌေးသား ဖြစ်နေတာပဲ။ ကျွန်မ မချစ်ဘူးဆိုလို့ ယုံစရာ ရှိရဲ့လား။

WWW.DHAMMARANSI.COM



(ဘီ) အို၊ တယ်လိမ္မာပါကလား။ မင်းရုပ်သွင်များနှင့် သဘောထားကို ဆရလျှင် ကုလားဘဝက ဝင်စားလာတယ်လို့ ထင်တာပါပဲ။ ဟာရှင်နှင့်လက်ထက်လျှင် ကုလားဇာတ်အသွင်း ခံနိုင်ပါ့မလား။

(ခင်တင်) မခံနိုင်လျှင် အလကားကုလားကို ကျွန်မ ကြိုက်ချင်ပါ့မလား။ ခါလာရဲ့သားလဲ မလာပါဘဲကလား။

(ဘီ) နက်ဖြန်ခါ လာပါလိမ့်မယ်။ ဘာမှာချင်လို့လဲ။

(ခင်တင်) သူက ပေးလို့ ကျွန်မ လုံလောက်အောင် ဝတ်ဆင်ဖို့ စိန်တွေဖြင့် ပြည့်စုံပါပြီ။ သို့ပေတဲ့ ယခုကာလ မြခေတ် ထနေပြန်တယ်ရှင့်။ ဒါကြောင့် တစ်ဆင်စာလောက် မြရတနာတွေကို ကျွန်မ လိုချင်တယ်။ ကိုဟာရှင်က ခင်တင်ကို ချစ်တာဖြင့် မြစစ်တန်ဆာတွေ ယူခဲ့ပါလို့ မှာလိုက်ကြောင်း ပြောပါရှင့်။

(ဘီ) သူတို့မှာ သူဌေးကပဲ၊ မပေးနိုင်ဘဲ နေပမလား။ စိတ်ချထားပါ။ ခါလာဘီတို့များ စပ်ကြားက လှော်ရလျှင် ရှင်ဘုရင်ကတော်တောင် ဖြစ်နိုင်ပါသေးတယ်။ ကဲ၊ ဒါဖြင့် ခါလာ သွားဦးမယ်။ နက်ဖြန်ခါ မောင်ဟာရှင်လာတော့ မှာတာတွေ ပြည့်စုံပါလိမ့်မယ်" ပြောပြီး ခါလာကြီး ပြန်သွားလေ၏။

ခင်တင်နှင့် တွေ့ရပြီးသောအခါ မောင်တင်မောင်မှာလည်း စာကိုမှ ကောင်းစွာ မကြည့်ရှုနိုင်ဘဲ တမှိုင်မှိုင် တထွေထွေနှင့် မနေတတ် မထိုင်တတ် ရှိလေ၏။

(လူတို့၏ဓမ္မတာသည် မိမိ ချစ်ခင်သောသူအပေါ်မှာ သူတကာ မချစ်လျှင် သာမညထင်၍ များစွာ ဂရုမစိုက်သော်လည်း သူတစ်ပါး ကြားကဝင်၍ ချစ်ခင်သည်ဆိုလျှင် အထင်အမြင် တိုးပွား၍ အချစ်အား ကြီးကြီးနှင့် ဂရုစိုက်၍ မပြီးနိုင်အောင် ရှိတတ်လေသည်။)

မောင်တင်မောင်၏ဖခင် စစ်ကဲကြီး ဦးမင်းမောင်က သား၏အမူအရာကို မြင်သောအခါ

"တင်မောင်၊ သည်အကောင် ဘာရောဂါစွဲနေသလဲ။စာမေးပွဲလဲ နီးလာပြီမဟုတ်လား၊ မင်းအတွက်နှင့် စာမေးပွဲ ပျက်တိုင်း ကျောင်းဆက်၍ ထားရတာ ငွေများ ဘယ်လောက် ဖြန်းတီးပြီ ထင်သလဲ။ ယခုနှစ် မအောင်လျှင် နောင်နှစ်ခါ ကျောင်းမတက်နှင့်။ အသက်မွေးဖို့ မင်းအလုပ်ရှာရလိမ့်မယ်။ ငါလဲ ပင်စင် လစာကလေးနှင့် မင်းတို့ကို မွေးလာရတာ။ ဘယ်လောက်ကြာပလဲ"ဟု ပြောရာ မောင်တင်မောင်က

'မပြောလျှင်မပြီး၊ မတီးလျှင်မမြည်'ဆိုသော စကားအတိုင်း အဖြစ်အပျက်ကို ပြောတော့မယ်။ သဘောမကျ ရှိပေစေတော့ ကြံပြီး စစ်ကဲကြီးနားမှာ ရိုသေစွာထိုင်၍

"ဖေဖေ"

"ဘာလဲ"

(ရှုံတဲတဲနှင့်) "ကျွန်တော် စာမေးပွဲနှစ်ကြိမ် 'ဖေး'ခဲ့တာ စိတ်မအေးလို့ပါခင်ဗျာ။ မနှစ်က ကျွန်တော် ပြောဖူးတဲ့ ခင်တင်ကို မရလျှင် ကျွန်တော် သေရတော့မှာပဲ။ ဖေဖေတို့ လက်ထပ်မပေးလျှင် ကျွန်တော်တို့ ထွက်ပြေးတော့မှာပဲ ဖေဖေရဲ့"ဟု ငိုမဲ့မဲ့နှင့် ပြောရာ စစ်ကဲကြီးက ဒေါထပြီး

"ပြောမပြနှင့်။ ငါ သဘောမကျဘူး။ မနှစ်ကလဲ မင်း တစ်ခါပြောဖူးတယ်။ ရုပ်ချောတဲ့ ခင်တင်ကိုတော့ သနားပါရဲ့။ သင်းအမေ မိရုပ်တေးကို တဲတွေးလို ငါရွံတဲ့ပြင် အလွန် မယားသြဇာခံတဲ့ မောင်ဖန်ဆိုတာလဲ ငါနှင့် မတည့်ဘူး။ တိုင်းရေး ပြည်ရေးနှင့် အစည်းအဝေး အသင်းကစပြီး အချင်းချင်း သဘောကွဲလာတယ်။ မောင်ဖန်ဟာလဲ ငါနှင့် တစ်ဝမ်းကွဲ ညီအစ်ကိုပဲ။ သူများနှင့်ကျလျှင်ဖြင့် တယ် မာနကြီးတဲ့

WWW.DHAMMARANSI.COM



အကောင်။ သူ့မယားကိုဖြင့် တုံးအောက်က ဖားလို ဝပ်ပြားထိုးပြီး ဩဇာခံရတယ်။ သည်အကြောင်းကိုဖြင့် မပြောနှင့်။ မင်းသဘောရှိရာ ခင်တင်ပါလျှင် ငါ့အိမ်ကို မလာနှင့်"ဟုခပ်ထန်ထန် မောင်းမဲရာ တင်မောင်က ရိရိသေသေနှင့်

ဖေဖေ လူကြီးချင်း မတည့်တဲ့အရေးကြောင့် ကလေးတွေကို မီးမကူးပါစေနှင့်။ 'မိကျောင်းမင်းရေကင်းပြ' ဆိုသလိုလဲ အထင်မလွဲပါနှင့်။ တိုင်းပြည်ကြီးပွားရေးနှင့် အသင်းအစည်းအဝေး လုပ်ကြရာ လူကြီးချင်းမတည့်ဘူး ဆိုတာလဲ ရှက်စရာကောင်းပါတယ်။ တိုင်းပြည်၏ မျက်နှာဖုံးဖြစ်တဲ့ လူကြီးချင်းက စပြီး 'ခေါင်ကမိုးမလုံ' ဆိုတာလို ကွဲကွဲပြားပြား ဂုဏ်ပြိုင်လျှင် ဘယ်မှာ ကြီးပွားနိုင်ပါ့မလဲ ဖေဖေ

ဟု ပြောရာ စစ်ကဲကြီးက

အလို 'အဖထက် သားတစ်လကြီး'လူမျိုးနှင့် တွေ့နေပြန်ပါပြီ။ ဘီ–အေ သင်ရလို့ စိတ်ကြီးဝင်ပြီး ဖခင်ကို အထင်သေးသွားပါလား။ မင်းစကားကို နားထောင်ရဦးမပလေ

ဟု ပြောလေ၏။ တင်မောင်က

ဖေဖေ၊ ကျွန်တော့်အရေးကို တွေးတွေးဆဆ နားထောင်တော်မူပါ၊ ယခုအခါ မခင်တင်မှာ အလွန်တရာ ကြပ်၍ နေရှာပါတယ်။ သူ့အမေ မစိန်မှုန်က သမီးကုန်ကူးမယ်လို့ ကုလားကို နှူးပြီး၊ မဂိုလမ်းက ဟာရှင်ဆိုတဲ့ သူဌေးသားနှင့် မကြာမီ ထိမ်းမြားတော့မလိုလို ဖြစ်နေပါတယ်။ ခင်တင်ဟာလဲ ဖေဖေ့တူမပါပဲ၊ ကုလားနှင့် ကြိုက်မှဖြင့် တစ်မျိုးလုံး ထိခိုက်ကုန်တော့မှာပဲ။ ဒါကြောင့် ကျွန်တော်က ကုလားနှင့် မဆက်နွယ်ရအောင် ကယ်ဆယ်မယ်လို့ မှန်းနေတာပါ။ နှစ်ဝမ်းကွဲနှမကလေးကို ကုလားဘေး သင့်မှာ မခံချင်ဘူး ဖေဖေရဲ့။ ဒါကြောင့် ကျွန်တော်လဲ စာမေးပွဲ ဘယ်လိုပင်နီးနီး ဝမ်းထဲက အပူမီးကြောင့် လူကြီးကို မထောက်ထားနိုင်ပဲ ဖောက်ပြားတဲ့အတွက်နှင့် စာမကျက်နိုင်အောင် ရှိနေပါတယ်။ ကျွန်တော့်သဘောအတိုင်း အခွင့်ပေးလျှင် ယခုနှစ် စာမေးပွဲအောင်ဖို့ ဝန်ခံရဲပါတယ် ဖေဖေ။

(စစ်ကဲကြီး)

မင်းစာမေးပွဲ မအောင်ချင်နေ။ အသက်ပဲ သေသေ။ ဟိုအကောင်တွေနှင့် ငါ မဆက်ဆံချင်ဘူး။ မင်းဟာနှင့် မင်း ကျောင်းနေရင်း ကမြင်းတာကပဲ။ ယခု ဆင်းချင်ဆင်းသွား။ အလကား သားကို အရေးလုပ်လို့။

(တင်မောင်)

စဉ်းစားပါဖေဖေ။ ကလေးတွေစပ်ကြားမှာ ကားရားကားရားနှင့် ဖေဖေဝင်ဖို့ မကောင်းပါဘူး။ ဖေဖေလဲ ငယ်ရာကကြီးလို့ အနည်းနည်းတွေကို သိပြီးဖြစ်ပါတယ်။ ချစ်မိမှဖြင့် ခွာလို့ မရဘူး ဖေဖေရဲ့။ မိဘက သဘောမတူလို့ ချစ်သူနှင့် ကွဲရလျှင် ဆင်းရဲ သမုဒ္ဒရာကြီးထဲကို ကျပါရော။ ချစ်သူနှင့် နှစ်ကိုယ်တွေ့ပြီး အလိုပြည့်ရမယ် ဆိုလျှင်ဖြင့် (မရှိမသေ ပြောတာလဲ မဟုတ်ပါဘူး။ ဦးတင် ကန်တော့ပါရဲ့) အလွန်တရာ စည်းစိမ်တိုးပြီး အမျိုးမျိုး ချမ်းသာမယ်လို့ ထင်ရတာပါပဲ။ ပိယေဟိ ဝိပ္ပယော ...

(စကားမဆုံးခင် စစ်ကဲကြီးက ဖြတ်၍)

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

တယ်စကားတတ်လှပါကလား။ မင်း တရားကို ငါက နာရဦးမလိုလို ဖြစ်နေပြီ။ စိတ်ညစ်လျှင် မင်းဟာ မင်းနေ။ လာပြီး မပွေနှင့်။ အလေနတော ကောင်ကလေး။

ဤသို့ မြည်တွန်တောက်တီး၍ စစ်ကဲကြီး ထသွားရာ မောင်တင်မောင်သည် သူ့မိခင် စစ်ကဲကတော်ကြီး အနားသို့ ကပ်၍ တတ်သမျှ ပူဆာသောအခါ ကြင်နာသနားသဖြင့် သားအလိုအတိုင်း လိုက်ပါလေ၏။ မိခင်က

"မောင်တင် မင်းဖခင်က ထင်မိထင်ရာကြီးပဲ။ ခင်တင်တို့ဟာ သူ့ဘက်က အမျိုးတွေပါ။ မေမေနှင့် သွေးမစပ်ပါဘူး။ ဆွေမျိုးချင်း မတည့်လို့ မင်းအဖေက အရွဲ့တိုက်နေတာပဲ။ မေမေ နေရာကျအောင် ပြောပါမယ်။ သူ့သဘောက ကြောက်စရာ အကောင်းသား။ တကယ်လို့များ ခင်တင်ကို ရလျှင် ကေန္တစာမေးပွဲအောင်မယ်လို့ ဝန်ခံနိုင်ရဲ့လား"ဟုမေးရာ တင်မောင်က

"စိတ်ချပါ။ ကေန္တ အောင်ပါစေမယ်။ ကျွန်တော် ဘယ်လောက် ကြိုးစားသလဲ။ တင်မောင်ကို မသနားချင်သော်လဲ (ချွေးမကို အိုယောင်လို့) ခင်တင်ကိုတော့ သနားသင့်ပါတယ်။ တရားသဖြင့် ကယ်ဆယ်ပါမေမေ။ အဖိုးတန်ပတ္တမြားကို ကုလားတွေ ဝိုင်းကုန်ပေါ့"

ဟု မျက်နှာမဲ့မဲ့နှင့် နွဲ့တဲ့တဲ့ပြောရာ မိခင်က

"ကဲ ဒါဖြင့် မင်းရှေ့နေလုပ်ပြီး စစ်ကဲကြီးထံမှာ အယူခံ ဝင်ရဦးမှာပဲ"

ဆို၍ ချိုချိုသာသာ လှည့်လှည့်ပတ်ပတ် နူးနူးနပ်နပ်ရှိအောင် ပြောဆိုရာ စစ်ကဲကြီးက 'ငါဖြင့် တောင်းမပေးဘူး။ ခိုးလာလျှင် လက်ခံထားလိုက်'ဟု အမိန့်ချမှတ်လေ၏။

ဤသို့ အခွင့်သာသော စကားကိုကြားရာ မောင်တင်မောင်မှာလည်း များစွာ အားတက်သဖြင့် စာကြည့် စာကျက် မပျက်ကွက်စေဘဲ ဆက်လက်ဖွာ ကြိုးစားအားထုတ်နေလေ၏။

ခါလာဘီသည် ဟာရင်၏ အလုပ်တိုက်သို့သွား၍ တွေ့ဆုံသောအခါ "မောင့်အတွက် အကျိုးဆောင်လိုက်ရတာ၊ ယခုဖြင့် အောင်သွားပြီ၊ ကောင်မကလေးကိုယ်တိုင်က အလွန် သဘောကျတာကလား။ မင်းလဲ ခပ်မှားမှားပဲ။ ကလကတ္တားက သူဌေးသမီး အမိနာဘီဘီကို ပယ်လိုက်တော့မှာလား၊ ဗမာဆိုတာ ငွေ အလွန်ငတ်တယ်။ ကိုယ့်ဇာတ်ချင်းမှ ကောင်းတာမျိုးပါ။"

(ရှင်) မခင်တင် ဂျဝမ်းအချစ်ကြောင့် ကျွန်တော်ဖြင့် ကမန်းကတန်း ဖြစ်နေတာပဲ။ အမိနာ ဘီဘီကိုတော့ အတည်ကျ လက်ထပ်ရမယ်လို့ ပါပါက အမိန့်ပေးပြီးမို့ သူဌေးသမီးဖြစ်တာလဲ တစ်ကြောင်း၊ ကျွန်တော် လွဲပြောင်းလို့ ကောင်းနိုင်ပါမလား။ သို့ရာတွင် ဗမာချွတ်ကရီးကို ပွတ်သီးပွတ်သတ်နှင့် မြှောက်စားလျှင် အမျိုးကို မထောက်ထားပဲ ယောကျာ်းကြိုးဆွဲတိုင်း လှုပ်တဲ့ မင်းသမီးရုပ်ကလေးနှင့် တူတာမို့ အစတော့ ငွေနှင့်မြူ၊ အတန်ကြာတော့ ဘာသာကို ချူရတာပ။ အမူနှင့် မတင်းဝံ့ပါဘူး။ ဘာသာသွင်းပြီးတဲ့အခါ အမိနာဘီဘီနှင့် အတည်တကျ လက်ထပ်ပါ့မယ်။ ဗမာက မပလိမ်းနိုင်ပါဘူး။ ပလဝါနိမ်းထဲကလို့ မှတ်ပါ။ ပါပါကိုလဲ မရိပ်မိပါစေနှင့်။ ကျွန်တော်စိတ်ရှိသမျှ အတည်မကျခင် ထင်သလို ပျော်စမ်းပရစေဦး။

(ဘီ) သည်လိုသဘောထားရင် ကောင်းပါရဲ့။ ဗမာသွေး စိတ်ဝင်ပြီး မဟာမေဒင်ဇာတိကို ဖျက်မှာ စိုးရိမ်ပါတယ်။"

(ရှင်) အို မဆိုင်ရာကို မထင်ပါနှင့်။ ခိုဒါအရှင် သိတော်မူပါတယ်။

(ဘီ) ခင်တင်၏အရေးနှင့် ငွေအပေး များလှချည်ကလား။

WWW.DHAMMARANSI.COM



(ရှင်) အကြိုက်မြန်အောင် ပိုက်ဆံတွေ မျှောရတာပဲ။ နမြောနေသမျှ ဘယ်တော့မှ လိုတာကို မရဘူး။ အမှန်ပြောရမှာဖြင့် ခင်တင်က ကုလားဆင်ကလေးမို့ မြင်လျှင်မြင်ခြင်း ဟာရှင်က အမှန်ချစ်လို့ ဖွတ်နှစ်ပြီး ကြံစည်တာပါ။ အဖိုးတန်အမျိုးကွဲဆိုတော့ အဖိုးနည်းနည်းနှင့် ရမယ်လဲ မဟုတ်ပေဘူး။

(ဘီ) ဒါဖြင့် သူမှာလိုက်တာတစ်ခုကို ပြောရဦးမှာပေါ့။
(အို ပြောပါ။ ခုလိုအခါမှာ ဘယ်အရာမဆို ရနိုင်ပါတယ်။)
စိန်ပင်ကြီးမှာ မြသီးချင်သတဲ့ကွဲ့။

(ရှင်) 'စိန်ပင်ကြီးက မြသီးတယ်'ဆိုတာ နားမလည်ဘူး။

(ဘီ) အို နားမလည်ဘူးလား။ သူ့မှာ တစ်ကိုယ်လုံး စိန်တွေ အပြည့်ဆင်ရလို့ ကိုဟာရှင်ကို ကျေးဇူးတင်ပါပြီ။ သို့ရာတွင် ယခုကာလ မြခေတ်ထပြန်လို့ မြရတနာတွေကို ဆင်လိုပါသတဲ့။

(ရှင်) အခန့်သင့်ပဲ။ ကျွန်တော့်လက်ထဲမှာ မြတွေရှိပါတယ်။ အဆင်တန်ဆာတောင် မလုပ်ရသေးဘူး။ သူ့သဘောရှိရာ လုပ်ပါစေ။ ရွှေအစိပ်သားနှင့်တကွ မြတွေကို ပေးလိုက်ရမှာပဲ။

(ဘီ) ကောင်းပါပြီ။ ယနေ့လာခဲ့မယ်လို့ ချိန်းထားခဲ့ပါတယ်။ ဒါကြောင့် ယခုပဲ သွားကြစို့။
ဆိုပြီး မော်တော်ကားစီး၍ ခင်တင်အိမ်သို့ သွားကြလေ၏။

ဟာရှင်လာသောအခါ ခင်တင်သည် အပြင်ဘက်သို့ မခေါ်ရခင် ထွက်လာပြီးလျှင် ပြုံးရွှင်ကြည်သာ ကြာဓာတ်ပါသော မျက်နှာဖြင့်

"အဘိုင်ကလေးက ကျွန်မကို ချစ်တယ် ဆိုပေတယ်လို့ မကြာမကြာ မကြွလာလို့ မေတ္တာ အဟုတ်မရှိဘူး ထင်တယ်။"

ဤသို့ ခင်တင်က ခပ်ချွဲချွဲ လိုမ့်လိုက်ရာ သိမ့်ခနဲ ကုလားကလေး တုန်ပြီး "အပုံကြီး ချစ်တာပါပဲ။ သို့ရာတွင် အလုပ်တွေ များလွန်းလို့ မလာအားတဲ့အတွက် အပြစ်မတင်ပါနှင့်။"

(တင်) 'ချစ်လျှင်အကျိုး၊ မြတ်နိုးမှသဒ္ဓါ'ဆိုတာလို ကိုဟာရှင်ကို ချစ်ခင်လို့ အပြစ်မတင်ရဲပါဘူး။ ကျွန်မစိတ်ပူတာက သူဌေးသား ဘရားဆပ်မို့ ကြားဖြတ်ပြီး ကျွန်မလက်ထဲက လုသွားမှာကို စိုးရိမ်ပါတယ်။ ကိုဟာရှင်မှာ ခင်တင်မှတစ်ပါး ချစ်သူတွေအပုံကြီး များမှာပဲထင်ရဲ့။

(ရှင်) ခိုဒါအရှင်က မခင်တင်နှင့် အမိန့်ပေးပြီးမို့ သူဌေးသမီးကိုတောင် မယူပါဘူး။ ယုံတော်မူပါ။ နောင်ခါတော့ ဟာရှင့်မေတ္တာကို အစွမ်းကုန် သိပါလိမ့်မယ်။

(တင်) ပထမ မြင်ကတည်းက ကိုဟာရှင်ကို စွဲပြီး သဲသဲမဲမဲ ချစ်လိုက်ရတာ။ ကျွန်မ မေတ္တာဓာတ်မှာ ကုလားသွေးစပ်သလား မဆိုနိုင်ဘူး။

(ရှင်) နဖူးမှာ ဘုရားရေးထားတဲ့စာဟာ မွေးကတည်းက ပါလာတာမျိုးပဲ။ နဖူးစာရေးလိုက်မှဖြင့် ဝေး၊ နီး၊ ကွာ၊ ခြား၊ ကုလား၊ ဗမာ မဆိုသာဘဲ အာဏာတော်အတိုင်း ချစ်ကြိုက်ရတာမျိုးပါပဲ။ စကားမစပ် မခင်တင်က မြ ဝတ်ချင်တယ်ဆို။

(တင်) ကိုဟာရှင်က လှစေချင်လျှင် မြဆင်ပေးတာပ။ ကျွန်မကတော့ မငြင်းပါဘူး။ ရှင့်လက်ခုပ်တွင်းကရေ ဖြစ်နေပြီ မဟုတ်လား။

ဤကဲ့သို့ ခင်တင်က အမြူအတာ ပျူပျူငှာငှာနှင့် မူမူရာရာ ပြောသောအခါ ကညာခင်တဲ့ ဟာရှင်ဟာ ကြာပင်ကြာရိုးတွေ ရစ်ပတ်လုံးထွေးခြင်း ခံရသဖြင့် ခဏခဏ ဣန္ဒြေပျက်ပြီး ရမ္မက်ကြီး ဆုလောင်ရှာသဖြင့် ယူဆောင်လာသော ရွှေနှင့်မြ အဖိုးတန်တို့ကို တစ်ခါတည်း ထုတ်၍ ပေးလေ၏။ ခင်တင်က

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

"အို အပုံကြီး များပါကလား။ ကျွန်မတစ်ယောက်ဖြင့် လုံလောက်စွာ ဝတ်လောက်ပါပြီရှင်။ ယခုလဲ ကျေးဇူးတင်ပါတယ်။ နောင်ခါ ကိုဟာရှင်နှင့် ကျွန်မ . . .။" ခင်တင်က သူ့စကားကို ဖြတ်၍ ပစ်လိုက်လေ၏။

(ရှင်) ဆုံးအောင်ပြောစမ်းပါ။ ဟာရှင်ကို ရှက်သလား။ ကျုပ်တို့ကုလားမှာ သည်လိုထုံးစံ မရှိဘူး။

(တင်) ယခု ရှက်သေးတယ်ရှင်။ နောက်မှ ပြောမယ်။ နေစမ်းပါဦး။ ရှင်က ကျွန်မကို စိန်တွေ မြတွေ ပေးတာ အပိုင်ရမှာလား။ ခဏ အငှား ဆင်ရမှာလား။

(ရှင်) အို ခဏလို့ မထင်ပါနှင့်။ အစဉ် အပိုင်ပေးတာပါ။ အလိုရှိရာ ပန်းထိမ်မှာ လုပ်ပြီး ဝတ်ပါတော့။

ခါလာကြီးက "ဗမာမှာသာ အစဉ်ပေး၊ ခဏပေး အရှုပ်အထွေး များပါတယ်။ ကုလားမှာ သည်လိုထုံးစံ မရှိဘူး။ မပေးချင်နေ။ ပေးလျှင်ဖြင့် အပိုင်တွေပါပဲ။ ဟို ရွှေအစိတ်သားကတော့ ကုလားတို့ဘာသာမှာ မင်္ဂလာအခြေ မဟာရွှေလို့ သဘောထားပါတော့"ဟု ဝင်၍ ပြောလေ၏။

ခင်တင်လည်း ဟာရှင်သဘောကျအောင် မိန်းမတို့မာယာဖြင့် ဝက်ဘာမက အစွမ်းရှိသမျှ လှည့်ပတ် မြူဆွဲပြီး သူ ဆွဲနိုင်သလောက် သွေးဆောင် ဖြားယောင်း ပြောဆို၍ နေလေ၏။

ခါလာဘီနှင့် မစိန်မှုန်တို့လည်း အကြောင်းမျိုးစုံ ပြောပြီးလျှင် လာမည့် တနင်္ဂနွေနေ့မှာ မင်္ဂလာ ဆောင်ဖို့ရာ သေချာစွာ ရက်ချိန်း၍ ခါလာဘီနှင့် ဟာရှင်တို့ ပြန်သွားရန် ထသောအခါ ခင်တင်က ဟာရှင်အနားကို ကပ်ပြီး

"စနေနေ့ည ၁၀–နာရီလောက်မှာ နေရာတကျ ကျွန်မနှင့် တွေ့ရအောင် ဆက်ဆက်ကြီး ကြွ လာခဲ့ပါ"ဟု တိုးတိုးသာသာ မှာလိုက်လေ၏။

ဤသို့ တိုင်ပင်ကြသည်များကို ဦးဖန်ကြားသိရာ လွန်စွာ စိတ်မချမ်းသာသော်လည်း မိန်းမသြဇာ အုပ်စိုးခြင်း ခံနေရသည့်အတွက် တစ်စုံတစ်ရာ မပြောမဆိုသာ ဖြစ်နေသောကြောင့် မျက်နှာထားရ ရက်သည်နှင့် ဗဟန်းသို့ ထွက်ပြီး ရက်ရှည်ဥပုသ် စောင့်နေလေ၏။

ခင်တင်နှင့် ဟာရှင် ပေးစား ထိမ်းမြားမည့် အကြောင်းကို ၎င်းတို့ဆွေမျိုးများ ကြားသိကြရသောအခါ လွန်စွာ အမျက်ထွက်ကြသဖြင့် အမျိုးမျိုး ဖျက်ကြသော်လည်း ကုလားဘက်သို့ စိတ်ညွတ်၍ နေသော မစိန်မှုန်က သမက်ဂုဏ် ရောက်ပြီးလျှင် မကြားဝံ့လောက်အောင် ပြောဆိုမောင်းမဲ၍ နေသဖြင့် ဆွေမျိုး များလည်း ရှောင်ရှား ရွံမုန်း၍ နေကြလေ၏။

သူဌေးသား မောင်ဟာရှင်မှာလည်း ဗမာအပျိုစစ် မခင်တင် အချောအလှနှင့် သဘောကျအောင် မင်္ဂလာဆောင်ရတော့မည် ဖြစ်၍ သစ်လွင်သော အဝတ်အစားနှင့် ရှေးကထက် မော်ကြွားပြီး သူငယ်ချင်း အများနှင့် မော်တော်ကားစီး၍ နေလေ၏။

ခါလာဘီမှာလည်း ခင်တင်တို့အိမ်မှာပင် မင်္ဂလာဆောင်ရန်အတွက် ဟာရှင်က ငွေအပ်သဖြင့် စေ့စပ်အောင် ဝယ်ခြမ်းစီမံ၍ နေလေ၏။

ခင်တင်သည် သူ့ဖခင်၏နှမဖြစ်သူ မဖြူတိုက်သို့ အလည်သွားပြီးလျှင် ကုလားဘက်သို့ သူ့ မိခင်က ဆွဲသော်လည်း နည်းနည်းမှ သဘောမတူဘဲ အမူအရာနှင့် အသာ အကြံထုတ်၍ နေကြောင်းများကို အတွင်းစကား အကုန်အစင် ပြောကြားရာ ဒေါ်ဖြူက သူလည်း တူမအကြံ ထမြောက်အောင် ကူညီမည့် အကြောင်းကို ဝန်ခံလေ၏။

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

ထိုအခါ ခင်တင်သည် မောင်တင်မောင်ထံသို့ စာတစ်စောင် အသေအချာ ရေးသားပြီးလျှင် အကြောင်းမျိုးစုံ ပြောကြား၍ ပြန်လာခဲ့လေ၏။ (ဒေါ်ဖြူ၏တိုက်သည်ကား ခင်တင်တို့အိမ်နှင့် နောက်ဖေးချင်းကပ်၍ နေသည်။)

မောင်တင်မောင်သည် မိဘတို့ထံမှ မိမိကြံတဲ့အတိုင်း လက်ခံရန် အခွင့်ရသည့်နေ့ကစ၍ ရွှင်လန်း ဝမ်းသာစွာနှင့် ဗျာပါဒမများဘဲ ကြိုးစား အားထုတ်ခါ စာကျက်၍သာ နေလေ၏။ သောကြာနေ့တွင် ခင်တင်ထံက စာရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိလေသည်။

**ကိုတင်မောင်**

တနင်္ဂနွေနေ့ကျရင် ကျွန်မကို နတ်ဆိုးများ နှိပ်စက်ဖို့ ပြင်နေကြပြီ။ စနေနေ့ည ၉–နာရီမှာ ကျွန်မတို့အိမ် နောက်ဖေးက ဒေါ်ဖြူတိုက်သို့ ဆက်ဆက် လာခဲ့ပါ။ ဒေါ်ဖြူလဲ ကျွန်မအကြံကို သဘော တူပြီး ဖြစ်ပါသည်။ မောင်မောင် သိပြီး ဖြစ်၍ အကျယ်ရေးရန် မလိုပါ။

ဤစာကို တွေ့မြင်လျှင် မောင်တင်မောင်မှာလည်း ဝမ်းသာခြင်းအမျိုးမျိုး စုံပြီး ခုန်မလို ပျံမလို ဖြစ်၍နေလေ၏။

စနေနေ့ညတွင် ခင်တင်သည် မိမိအပေါ်မှာ ချစ်ကြောက် ရှိသေဖြစ်နေသော အစေခံငတေကို ခေါ်ပြီးလျှင်

"ယနေ့ ငါခိုင်းတာကို မင်းလိုက်နာရလိမ့်မယ်"ဟု ပြောသောအခါ၊

"မမ ခိုင်းမယ့်ကိစ္စကို အမိန့်ရှိပါဦး"ဟု မေးရာ၊

"သည်လိုပဲ မောင်တေ၊ အမေ ကြံစည်တာကို သိတယ် မဟုတ်လား၊ နက်ဖြန်ခါ ကုလားနှင့် လက်ထပ် မလို့တဲ့၊ ဖေဖေလဲ သဘောမတူလို့ ထွက်သွားပြီ။ ယနေ့ည ၁၀–နာရီမှာ ကုလားလာလိမ့်မယ်၊ သည်အခါ ကျတော့–မမ မရှိတော့ဘူး။ ကိုးနာရီလောက်မှာ ထွက်ပြေးရလိမ့်မယ်။ ကုလား မလာခင် မမ အခန်း ထဲက ခုတင်ပေါ်မှ ခြင်ထောင်ကို ချ၍ ခေါင်းကိုလုံစွာ ခြုံပြီး မမ အယောင်ဆောင်၍ နေပါ။ ကုလား လာတဲ့အခါ မင်း လိမ္မာသမျှ ဆုံးမလိုက်ပါ"ဟု ပြောလေ၏။

ငတေက "သဘောကျလိုက်တာ မမရယ်၊ နေရာကျပြီ။ မမအပေါ်မှာ မတော်မတရား ကြံစည် တယ် ကြားကတည်းက ကျွန်တော်အသည်းယား နေတာပဲ။ ဟာရှင်ကို ကျွန်တော် နာနာတင်လိုက်မယ်။ မမ–မိခင်ကိုတောင် ကျွန်တော့်သဘောဖြင့် ချမ်းသာမပေးချင်ဘူး။"

(ခင်တင်) "မေမေကိုတော့သနားပါကွယ်။ လူကြီးဆိုတာ မှားတတ်တာမျိုးပဲ။ မင်းကိစ္စကိုသာ လှလှကြီး ဆောင်ရွက်ပေတော့"ဟု ပြောဆိုသင်ကြား၍ ထားလေ၏။

၎င်းည ရှစ်နာရီခွဲလောက် ရှိသောအခါ ခင်တင်က "မေမေ၊ ကိုဟာရှင် ၁၀–နာရီလောက်ကို လာလိမ့်မယ်၊ ကျွန်မ တိုးတိုးကလေး မှာလိုက်တယ်။ သူလာတဲ့အခါ အထက်ထပ် ကျွန်မအခန်းသို့ လမ်းညွှန် လိုက်ပါ။ အောက်ထပ်မှာ မေမေတို့ ရှိလို့ လက်ခံဖို့ ကျွန်မ ရှက်တယ်"

ဟု မချိုမချဉ် မျက်နှာထား ခပ်ရှိ့ရှိ့နှင့် ပြောရာ မစိန်မှုန်က 'ဟာရှင်ကို အင်မတန် ချစ်ရှာသကိုး' ဟုစဉ်းစားပြီး–

"သမီးပြောတဲ့အတိုင်းပါပဲ"ဟု ခေါင်းညိတ်၍ ခပ်ပြုံးပြုံး ပြန်ပြောသောအခါ ခင်တင်က "သူမလာ ခင် ပြင်ဆင် ဝတ်စားရန် ယခု ကျွန်မအခန်းထဲသို့ သွားတော့မယ်။" ဆိုပြီး အိမ်ပေါ်သို့ တက်လေ၏။

WWW.DHAMMARANSI.COM



အိမ်ပေါ်သို့ ရောက်သောအခါ ဟာရင်ထံက ပေးထားသော လက်ဝတ်လက်စား မြသား စိန်ကျောက်တို့ကို အလုံးစုံယူ၍ အစေခံငတေကို အခန်းထဲသို့ ဝင်စေပြီးလျှင် မိမိမူကား နောက်ဖေးလှေခါးက ဆင်း၍ မဖြုတိုက်သို့ ကူးသွားလေ၏။

အစေခံငတေသည် ခင်တင်၏အခန်းထဲတွင် ဇာခြင်ထောင်နှင့်တကွ ခမ်းနားစွာ ပြင်ဆင်ထားသော ခုတင်ပေါ်မှ ခေါင်းမြီးခြုံပြီးလျှင် ဟာရင်ကို စောင့်၍နေလေ၏။

ကိုးနာရီထိုးသောအခါ မောင်တင်မောင်သည် မိမိအိမ်က ရထားပိုင်နှင့် ဒေါ်ဖြုတိုက်သို့ လာခဲ့ရာ အခန့်သင့် ခင်တင်နှင့် တွေ့သဖြင့် နှစ်ကိုယ်တူ ရထားစီးပြီး စစ်ကဲကြီးတိုက်သို့ ထွက်ပြေးလာခဲ့ကြလေ၏။

စစ်ကဲကြီးနှင့်မင်းကတော်ကြီးတို့သည် ခင်ကင်ကို မြင်ရာ ဝမ်းသာအားရနှင့် ချစ်ခင် ယုယလျက် ချွေးမအစစ်ကလေးကို အချစ်သွေး ဆက်လက်ပြီး အားတက်ရွှင်လန်းဖွယ် စကားဖြင့် ပြောကြား ပြုံးရွှင်၍ နေကြလေ၏။

ဆယ်နာရီထိုးသောအခါ မောင်ဟာရင်မှာ ခင်တင်က တိုးတိုးကလေး မှာလိုက်သောစကားအရ လှပစွာ ဝတ်ဆင်ပြီး၊ ပန်းစည်းကြီးတစ်စည်းကို လက်က ကိုင်၍ ကုလားစတိုင်လဲ မကတာက၊ ဗိုလ် စတိုင်လဲ မကျတကျနှင့် ယနေ့ည မွေ့ရတော့မှာပဲဟု စိတ်ထဲက ရွှင်ပြုံးလျက် ဝမ်းသာလုံးတက်ပြီး မော်တော်ကား စီး၍ ခင်တင်အိမ်သို့ လာခဲ့လေ၏။

အောက်ထပ်မှာ မစိန်မှုန်နှင့် တွေ့လျှင် အနည်းငယ် စကားပြောပြီးမှ

"အိမ်ပေါ်မှာ မခင်တင်ရှိတယ်၊ ကိုဟာရင်လာတဲ့အခါ လမ်းညွှန်လိုက်ပါလို့ မှာထားပြီ စောင့်စားတော်မူနေရှာပါတယ်၊ လာလိုက်ခဲ့ပါ"ဆိုပြီး မစိန်မှုန်က ခင်တင်အခန်းဝသို့ ရောက်အောင် လမ်းညွှန်ပြပြီးလျှင်၊ အောက်ထပ်သို့ ဆင်းလာလေ၏။

မစိန်မှုန်သည် အောက်ထပ်က တံခါးများကို ပိတ်၍ အိပ်ရာထဲသို့ ဝင်သည့်အခါ 'အပျိုစစ်တဲ့ ငါ့သမီးဖြင့်၊ ပွဲတော်ကြီးနှင့် ယနေ့ည ကြုံရှာတော့မယ်။ သူဌေးသမက်နှင့် ဈေးတက်ပြီး မော်လိုက်ဦး မဟဲ့နော်။ အကော်ကြံတဲ့ နိသျရည်းမှာ သည်ကဆရာ အကြီးဆုံးပဲ"ဟု တွေးတောရင်း စောင့်နေလေ၏။

ဓာတ်မီးကို ဖွင့်၍ တင့်တယ် ခမ်းနားစွာ ပြင်ဆင်ထားသော ခင်တင်အခန်းထဲသို့ ဟာရင် ဝင် ရောက်သွားရာ ခုတင်ပေါ်မှာ ခေါင်းမြီးခြုံ၍ အိပ်နေသော ငတေကို တကယ်ပင် ခင်တင် မှတ်သောကြောင့် "မခင်တင်တို့များ အိပ်ရာဝင်စောလိုက်တာ ညှော်သည်ကိုမှ ဆီးကြိုဖော်မရဘူး။ အမျိုးမတူတဲ့ ကုလားမို့ မခင်တင်က စိမ်းသလား။ အို စကားတစ်လုံးမှ ပြန်ဖော်မလာဘူး။ ခဏလောက် ထကြွပြီး မျက်နှာကလေး ပြတော်မူစမ်းပါဦး။ ခေါင်းမြီးခြုံတာကိုမှ မဖွင့်ဘူး။ ယခုမှ ရှက်တော်မမူပါနှင့်။ ကုလားလို မြှူပြီး ကြည်ဖြူ အောင် ချော့ရဦးမှာလား။ ပျာရီဂျမ်းရယ် ဇာကတီခန်းကျပါပေါ့၊ အသာ တကြည် ဗန်းပြတော်မူပါဦး။ မခင်တင် ဗမာသွေးရယ် အသာကလေး ထတော်မူစမ်းပါ။"

ဆို၍ ခုတင်ပေါ်မှာ တင်ပလ္လင်ထိုင်ပြီး ခြေကို ကိုင်ပြီး လှုပ်သောအခါ ငတေက လေသံသေးသေးနှင့် အပျိုကလေး အမူအရာဆင်ပြီး

"ဟင့်အင်း၊ ဟင့်အင်း"ဟု နွဲ့လိုက်ရာ ဟာရင်က

"အမယ်လေးရဲ့လေး၊ နွဲ့သံနှင့် ကြာပေးလိုက်တာ၊ ကဲဗျာ- မခင်တင်ကလေးရဲ့ မျက်နှာ ငွေစန္ဒာ စကားဝါနှစ်ကို အသာလှစ်ပြီး ကြည့်စမ်းပါရစေဦး"

WWW.DHAMMARANSI.COM



ဆို၍ ခေါင်းမြီးခြုံကို ဖွင့်ကြည့်ရာ နှုတ်ခမ်းမွေး ခေါင်းတုံးနှင့် ပြုံးပြုံးကြီးနေသော ငတေကို တွေ့ရှိလေ၏။

ဟာရှင်သည် ရုတ်တရက် ထိတ်ခနဲ အံ့အားသင့်ပြီး အခန်းထဲက ထွက်ပြေးမည်ပြုသောအခါ ငတေက ရုတ်တရက် အင်္ကျီကို ဆွဲကိုင် ဖမ်းထားပြီးလျှင်

"ဟေ့ကုလား မင်းသူဌေးသားဆို၊ ဗမာအပျိုနှင့် မင်း ရာမယ် ထင်သလား"

ဟု ကြိမ်းဝါးပြီး ဦးခေါင်းကို နှိမ်၍ ကြိမ်နှင့် သုံးလေးချက် ရိုက်သောအခါ ဟာရှင်က အော်မည်ပြုသည်တွင်

"မာလကာရျောင်းချင်သလား၊ ကောင်းကောင်း ငြိမ်ငြိမ်နေ။ လှုပ်ရင် အသေပဲ"

ဟု ကြိမ်းလျှင် အစိမ်းပူးသောသူကဲ့သို့ ဟာရှင်က ဆတ်ဆတ်တုန်အောင် ကြောက်သဖြင့် ဒူးထောက်၍ ဆလံပေးပြီး အသက်ဘေးကို လွတ်ရန် ဝတ်လာတဲ့ စိန်လက်စွပ်, ရွှေနာရီ၊ ထို့ပြင် ပါလာသော ရွှေဒင်္ဂါး-၁၈ပြားနှင့်၊ ငွေစက္ကူ တစ်ရာတန် ၅-ချပ်ကိုပေးတော့မှ၊ ငတေက

"တစ်သက်လုံးမှတ်ထား၊ ဗမာမိန်းမများကို မဖျက်ဆီးပါဘူးလို့ဆိုတာ၊ ခိုဒါအရှင်ကို တိုင်ပြီးသစ္စာပြုရမယ်။"

ဟု ဆိုလေ၏။ ဟာရှင်က ငတေပြောသောအတိုင်း သစ္စာပြုသောအခါ ထွက်သွားရန် အခွင့်ပေးသဖြင့် အတင်း ပြေးဆင်းရာလေ၏။

မစိန်မှုန်သည် အိမ်ပေါ်က ဗရုံးဗရင်းနှင့် ဖြုံးဖြုံးဖြင်းဖြင်း အသံကြားသောအခါ 'ဩော် ငါ့သမီးကလဲ တကယ့်အစိမ်းမို့၊ နွဲ့ကိန်းအား ကြီးနေရှာပြီ ထင်တယ်၊ မောင်ဟာရှင်ဘက်က စစ်ကူ ထွက်ရဦးမှာပဲ' ဟု တွေးပြီး အိမ်ပေါ်သို့ တက်လာရာ

လှေကားမှာ ပျာယီးပျာယာဆင်းလာသော မောင်ဟာရှင်နှင့် တွေ့လျှင် "ဘာဖြစ်တာလဲ၊ ဘာဖြစ်လာလဲ"မေးလျှင်

"ခင်ဗျားကြီး ကျုပ်ကို မမေးနဲ့။ သရဲချောက်တယ်"ဆိုပြီး ဟာရှင်သည် အတင်း ဆင်းပြေး၍ မော်တော်ကားနှင့် ပြန်သွားလေသည်။

မစိန်မှုန်က ကြောက်လန့်သည်နှင့် "ငတေ ငတေ"ဟု ခေါ်လိုက်ရာ မီးဖိုချောင်နားက အိပ်ချင်မူးတူး ပုံပန်းနှင့် ကမန်းကတန်း ထလာပြီးလျှင်

"ဘာဖြစ်သလဲ မမ၊ ဟောဟိုမှာ လူတစ်ယောက်ဆင်းသွားသလိုလို မြင်ရတယ်။ ကျွန်တော်လိုက်ပြီးတင်လိုက်မယ်"ဟု အရေးတကြီးပြောလျှင် မစိန်မှုန်က

"အို မင်းကလဲ 'သူခိုးပြေးမှထိုးကွင်းထ' မနေပါနှင့်၊ လာပါ" ဆိုပြီး အိမ်ပေါ်သို့ တက်၍ ခင်တင်အခန်းကို ကြည့်ရာ သမီးကို မတွေ့သည်နှင့် အံ့အားသင့်၍ အသက်ပင်ရှူပြီးလျှင် 'ဖွတ်မရ ဓားမဆုံး' ဆိုသလို ဖြစ်နေပြီထင်ပါရဲ့ဟု စိတ်ထဲက ပူပင်ပြီး ခင်တင်ကို ရှာဖွေရာ ဘယ်မှာမှ မတွေ့ဘဲ ရှိလေ၏။

သမီးပျောက်သည်နှင့် "မှောက်ပါပတော့"ဟု ညည်းပြီး သူ့အဖေရှိရာ ဗဟန်းသို့ ညတွင်းချင်းလွှတ်၍ ခေါ်လေ၏။ ဦးဖန်လည်း အရေးတကြီး လိုက်လာလေ၏။ အိမ်ကို ရောက်၍ သမီး ပျောက်ကြောင်းကို သိလျှင်၊ ဦးဖန်က ခေတ္တ မှိုင်ငေးသွားပြီး "ကုလားနှင့် ပူးပေါင်း၍၊ အကြံကောင်း ကြံလိုက်တာ တော်ပါသေးရဲ့ကွဲ့"ဟု ညည်းညူပြီး မဖြူအိမ်သို့ ဆင်းသွားလေ၏။ မဖြူက

WWW.DHAMMARANSI.COM



"ခေတ္တထိုင်စမ်းပါဦး အဘိုးကြီး။ သမီးကို ရောင်းစားဖို့ကြံတာ ကောင်းတယ်လို့ ထင်သလား" ဟု မျက်နှာထားနှင့် မေးလေ၏။

(ဖန်) အင်း မင်းသိတဲ့အတိုင်းပဲကွယ်။ သည်အကောင်မနှင့် ညားကတည်းက တစ်လျှောက်လုံး မှားလာတာပါပဲ။

(ဖြူ) ယောကျ်ားကြီးတစ်ယောက်လုံးကို မိန်းမထဘီ အဖုံး ခံနေတာ အံ့သြပါရဲ့။ ဆွေဂုဏ် မျိုးဂုဏ် မထောက် မှောက်ချင်တိုင်း မှောက်အောင် ရက်ရက်စက်စက် အကြံကြီးကြပါပေရဲ့။ သမီး ခင်တင် ဖြင့် သူ့လင်နောက်ကို လိုက်သွားပြီ။ လူကြီးတွေ မှားပေမယ့် ကလေးများက လိမ္မာပါရဲ့။

ဤသို့ ပြောလိုက်သောအခါ အံ့အားသင့်စွာနှင့်

"နေပါဦး တကယ်ပြောတာလား။ ဘယ်သူနှင့် လိုက်သွားသလဲ" ဟု ဦးဖန်ကမေးရာ – မဖြူက

"သရော်တယ် မှတ်သလား။ စစ်ကဲဦးမင်းမောင်ရဲ့သား မောင်တင်မောင်နှင့် လိုက်သွားပြီ။ တွေ့ချင်လျှင် စစ်ကဲကြီးအိမ်ကို လိုက်ပေတော့။ သည်အကြံမှာ ကျွန်မက ဆရာကြီးပါပဲ၊ မခံနိုင်လျှင် တရားစွဲပေတော့"

ဟု ပြောလျှင် ဦးဖန်သည် အတန်ကြာ စိုက်၍ စဉ်းစားပြီး၊ မိမိလည်း သဘောကျ၊ ဖြစ်ပုံကို အားရသောကြောင့် အိမ်ကို မပြန်ဘဲ ချက်ချင်း သမီးနောက်သို့ လိုက်သွားလေ၏။

ဦးဖန်မှာ စစ်ကဲကြီးနှင့် မတည့်သည့်ပြင် သမီးရင်မို့ မျက်နှာငယ်ငယ်နှင့် ရက်ဖွယ် ရှိသော်လည်း ထိုအချက်များကို အမှတ်မထားဘဲ ကုလားဘေး ကင်းလွတ်၍ အမျိုးချင်း ညီညွတ်သည်ကို ဝမ်းသာသော ကြောင့် မျက်နှာပြောင်တိုက်၍ စစ်ကဲကြီးလက်အောက်သို့ ဝင်ပြီးလျှင် မောင်တင်မောင် ကယ်ပေလို့ ဂုဏ် မငယ်ရတဲ့အကြောင်းမှစ၍ မယားအတွက်ကြောင့် အမှားဘက်မှာ သဘောတူခဲ့မိကြောင်းများကို ပြောကြား ရာ စစ်ကဲကြီးကလည်း ဝမ်းသာအားရနှင့် ကြည်ဖြူ ချစ်ခင်စွာ လက်ခံစကား ပြောဆိုလေ၏။

ခင်တင်နှင့် မောင်တင်မောင်တို့၏သတင်းကို ညတွင်းချင်း ကြားသိရသောအခါ ဆွေမျိုးတစ်စုတို့ ဝန်းဝိုင်း၍ လာကြပြီးလျှင် "မခင်တင် ဉာဏ်ကောင်းလို့ ဆွေမျိုးအပေါင်း အရှက်မကွဲ ဖြစ်ရတယ်" ဟု ပြောဆိုကြပြီးလျှင် စစ်ကဲကြီးသားနှင့် မခင်တင်ကို ရွှင်လန်းဝမ်းမြောက်စွာ ချီးမွမ်းကြလေ၏။

ဦးဖန်ကို ဆွေမျိုးတစ်စုက ဝိုင်း၍ ပြောဆိုကြသည်မှာ

"သည်မိန်းမ သြဇာကို ခံရတာ အင်မတန် ခင်ဗျား ကျက်သရေယုတ်တယ်။ ကျုပ်တို့လဲ ရှက်ပါရဲ့၊ အမျိုးဖျက်မကို ယနေ့ည ခင်ဗျားအိမ်က မနှင်လျှင် ကျုပ်တို့က ညတွင်းချင်း အတင်းနှင်ပြမယ်" ဟု ပြောရာ

ဦးဖန်ကလည်း ဆွေမျိုးအင်အားနှင့် များစွာ စိတ်ကြွ၍ လာသောကြောင့် ယနေ့ညပဲ သည်အမျိုး ဖျက်မကို အိမ်ပေါ်က နှင်ချမည်ဟု ဝန်ခံရလေ၏။

ထိုညမှာပင် မင်္ဂလာဆောင်ပွဲကဲ့သို့ ဆွေမျိုးတစ်စု ဝိုင်းဝန်းလာရောက် ပေါင်းဆုံ ပြောဆိုကြရာ အသင်းအတွက်နှင့် ရန်လက်စရှိသော ဦးဖန်နှင့် စစ်ကဲကြီးလည်း သင့်မြတ်ညီညွတ်လေသည့်ပြင် သူ့ ဘက် ငါ့ဘက် ရန်စနက်မီးစနှင့် မညီမမျှ မသင့်မတင့် ဖြစ်နေကြသော ဆွေမျိုးတစ်စုတို့လည်း တညီ တညွတ်တည်း သင့်တင့်စွာ ချစ်ခင်ကြလေ၏။

ဦးဖန်သည် သမီးနှင့်သားမက်ကို ကြည်သာစွာ နှုတ်ဆက်ခဲ့၍ ဆွေမျိုးတစ်စုနှင့် အိမ်သို့ ပြန် လာပြီးလျှင်

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

"ဟဲ့၊ အမျိုးဖျက်မ မိစိန်မှုန် အစွမ်းကုန် အလွတ်မိုက်ရအောင် နင့်ကုလားကို နင်ကြိုက်ချေ။ ယခု လိုက်သွား"

ဟု ကြိမ်းဝါးပြီး ဆွေမျိုးတစ်စုနှင့် အတင်းနှင်ချလေ၏။

မစိန်မှုန်မှာ တစ်စုံတစ်ခု အားကိုးရာ မရသည်နှင့် ညတွင်ချင်း ခါလာဘီကြီးအိမ်သို့ ဆင်းပြေးရလေ၏။

(မှာထားချက်။ ။ မစိန်မှုန်သတင်းကို နောက်ထပ် ကြားသိရသည်မှာ ခါလာဘီကလည်း မစိန်မှုန်ကို လိမ်လည်သည်ဟု အမျက်ထားပြီးလျှင် သူ့အိမ်မှာ လက်မခံ။ ဆွေမျိုးတစ်စုတို့ကလည်း လက်မခံသဖြင့် အားကိုးရာမဲ့ ဖြစ်လေရာ၊ ရွှေတိဂုံဘုရားနှင့် ဗဟန်းဇရပ်ကြားသို့ သွားရောက်ပြီးလျှင် သူတောင်းစား အခြေအနေဖြင့် နေထိုင်ရလေ၏။

ထို့နောက် စိတ်ဖောက်ပြန်ခြင်းသို့ ရောက်၍ "အမျိုးဖျက်မ၊ အမျိုးဖျက်မ"ဟူ၍ ပါးစပ်က မြည်တွန်ပြီးလျှင် ထင်မိထင်ရာ လမ်းလျှောက်၍ စိတ်နောက် ရူးသွပ်သောဝေဒနာနှင့်ပင် မကြာမီ သေဆုံးရှာလေ၏။)

ထိုည စစ်ကဲကြီးနှင့် မင်းကတော်ကြီးတို့က သမီးနှင့်သားကို အခန်းအပ်သဖြင့် အိပ်ရာဝင်ကြသော အခါ မခင်တင်က ယူလာသော စိန်နှင့် မြတွေကို ထုတ်ပြီး

"ကဲ၊ ပစ္စည်းတွေနှင့်တကွ ကျွန်မကိုယ်ကို အပ်ပါပေ့။ ရှင် ဘိလပ်သွားဖို့ ကျွန်မ ရှာဖွေတဲ့ ရတနာတွေပါပဲ။ ပစ္စည်းနှင့် လူ သဘောရှိ ယူပေတော့။ ကြည်ကြည်ဖြူဖြူ အလှူကြီး ရှင့်ကို ပေးမယ်"

ဟု လေသံကလေးနှင့် ခပ်အေးအေး ပြုံးချိုချိုပြောသောအခါ မောင်တင်မောင် ဘီအေမှာ ဝမ်းသာလုံးတွေ မြင်သည်နှင့် ခင်တင်ကို ပိုက်ပွေ့ပြီး ငါးမိနစ်လောက် မေ့၍ သွားလေ၏။

မောင်တင်မောင်က "မခင်တင် မြတွေ စိန်တွေနှင့် မျှားသော်လည်း ကုလားဘက်သို့ မယိမ်းဘဲ မိန်းမ လူစွမ်းကောင်း လုပ်နိုင်တာ ကျုပ် အံ့ဩပါရဲ့။ သည့်ပြင်မိန်းမလိုဖြင့် စိန်ရွှေနှင့် ပြလိုက်လျှင် တစ်ချက်တည်း ကျကုန်မှာဘဲ။ သို့ရာတွင် မင်း ယူလာတဲ့ ရတနာတွေကို မစုံမက်ပါဘူး။ တစ်သက်လုံး ကိုယ့်အစွမ်းတွေနဲ့ လုပ်ကျွေးပါ့မယ်"ဟု ပြောရာ မခင်တင်က

"ကျွန်မပြောချင်တာတွေ အများရှိတယ်။ လမ်းမှားပြီး ကုလားကိုယူတဲ့ (အချို့)မိန်းမများကိုလည်း တစ်ဖက်သတ် နင်းပြီး မကဲ့ရဲ့ပါနှင့်။ ရှင့်တို့ ယောကျ်ားကလေးတွေဟာ သာပြီး ကဲပါသေးတယ်၊ ကိုယ့်လူစွမ်း ကိုယ့်ပညာကို အားကိုးချင်ကြတာ မရှိဘူး။ ပိုက်ဆံမျက်နှာကိုကြည့်ပြီး မေတ္တာရှိကြတယ်။ ဘယ်ကောင်မကလေးဟာ ပိုက်ဆံချမ်းသာလို့ ငါရအောင် ပိုးလိုက်မယ်။ အဲသည်လို ငြိုးနေကြတာပဲ။ အစကတော့ မေတ္တာနှင့် ချစ်ပါတယ်ဆိုလို့ ပေါင်းပြီး အတော်ကြာလျှင် ကောင်းမွန်စွာ လုပ်ကိုင် မကျွေး ချင်ကြဘူး။ သားကလေးတစ်ကောင်နှစ်ကောင်ရလျှင် သည်အကောင်မ အရုပ်ဆိုးတယ် ထင်ပြီး အပုပ်အသိုးတွေ လိုက်လား လိုက်တတ်ရဲ့။ နောက်မယား လက်သစ်ပြောင်းပြီး အချစ်ဟောင်းကို စွန့်လား စွန့်တတ်ရဲ့။ တချို့ မိန်းမများဟာ သည်လိုဘေးတွေကို မြင်တာနှင့် ကြံမိကြံရာ မှောက်မှားပြီး ကုလားနှင့် တရုတ်ကို စက်ဆုပ်တယ်လို့ သဘောမပိုက်ဘဲ မကြိုက်ချင် ကြိုက်ချင်နဲ့ ယူရှာကြတယ်လို့ ထင်ပါတယ်။ ကျွန်မ၏ သဘောကို ဖွင့်ပြောဖို့ မလိုလှပါဘူး။ ကျွန်မခင်းတဲ့ ဇာတ်လမ်းအတိုင်း ထင်ရှားပါပြီ"

ဆိုပြီး အောက်ပါတေးထပ်ကို ရွတ်ဆိုရင်း အိပ်ပျော်သွားလေ၏။

WWW.DHAMMARANSI.COM

လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

## တေးထပ်

စိန်ပေါ်မှာစိန်ထပ်လို့၊ စိန်ပြာသာဒ်ဖွေမှာ စိန်ရဟတ်လေလာတယ်၊ ပဒေသာစိန်သား။ တစ်ကိုယ်လုံး စိန်စစ်ဆင်သည်၊ စိန်သစ်ပင်ရိုးတော့အများ။ စိန်ခင်းလို့ စိန်တွေမံ၊ စိန်ဝေယံရထား။ စိန်ခြွေရံအများနှင့် စံစားလှဲ့ခေါ်စေ၊ မျိုးမတူ အနွယ်ကွဲလျှင်ဖြင့် တကယ်ပဲ လွဲလိုရှောင်သွေ၊ မျိုးဇာတိမပျက်စေအောင် ကျက်သရေတိုးရန် စောင့်ပါရဲ့၊ ရိုးမှန်ဖြောင့် တိမ်းဖောက်မပြန်၊ မိန်းမကောက်ဉာဏ် စည်းစိမ်နှင့် အဆွယ်မခံပေါင် အနွယ်မာန် ကြီးမယ်ရှင့်လေး။

## ဥပဒေသ

## သကုလံ ရက္ခနတ္ထာယ

## ဇဟေယျ ဘောဂသမ္ပဒံ။

သကုလံ – မိမိအမျိုးအနွယ်ကို၊ ရက္ခနတ္ထာယ – စောင့်စည်းခြင်းအကျိုးငှါ၊ ဘောဂသမ္ပဒံ – လိုတိုင်း ပြည့်စုံ စည်းစိမ်ဂုဏ်ကို၊ ဇဟေယျ – မမက်မမောဘဲ၊ ရက်ရက်ရောရောကြီး စွန့်လိုက်ရာ၏။

*

ပညာ့အလင်း မဂ္ဂဇင်း
ဒုတိယတွဲ၊ အမှတ်(၃)
၁၉၃၈–ခုနှစ်၊ မေလ

WWW.DHAMMARANSI.COM

# အကွေ့နှင့်အကောက်

## HOOK AND CROOK

*"ဩော် – မိုးရာသီတုန်းက၊ တဖြုန်းဖြုန်း ရွာတဲ့ မိုးရေတွေ ဘယ်လောက်ပဲများများ နွေဥတု ရောက်တော့ ခန်းခြောက်ပြီး သွားတာလို၊ ပစ္စည်းဥစ္စာတွေကို ရှာဖွေလိုက်ရတာ ဘယ်အခါမှ အားတယ်လို့ မရှိဘူး၊ သူဌေးက မ,လို့ လခလဲ တော်တော်ကြီး ရပါရဲ့၊ ရလေသမျှ လမကုန်ခင် ပျောက်သွားတာပဲ၊ မိုးရေတွေ ခြောက်သလို ဖြစ်ကုန်ပြီ၊ စာရေးကြီး ကတော် မတင်ကလဲ ပစ္စည်းရှင်ခံရအောင် ကြိုးစားပြီး လုပ်ကိုင်ပါ ကိုဘစိရယ်၊ သူဌေးထံက မျက်နှာရလျှင် လခ မြန်မြန် တိုးတက်နိုင်ပါတယ်ဆိုလို့ စောစောသွားပြီး အလုပ်လုပ်၊ မိုးချုပ်မှ အိမ်ကိုပြန် အဆင်းရဲ ခံရလွန်းလို့၊ အင်မတန်ဘဲ လူလဲ ပင်ပန်းလှကုန်ပေါ့။ အတန်ကြာလျှင် ဒူလာရောဂါ စွဲမှာကို ကြောက်ရသေးတယ်။ အသက်မွေးမှု အလုပ်နှင့် တယ်ပြီး စိတ်ရှုပ်စရာ ကောင်းပါလား"*

ဟု သူဌေးတိုက် စာရေးကြီး မောင်ဘစိသည် မကြည် မသာတဲ့ စိတ်သဘောနှင့် တွေးနေရင်း မောပြီးလျှင် အိမ်ရှေ့ပြတင်းပေါက်၊ ပက်လက်ကုလားထိုင်ပေါ်မှာ လှဲ၍ စဉ်းစားနေစဉ်အခါ စာရေးကြီးကတော် မတင်သည် ပါးလှပ်သော ကိုယ်လုံးပေါ် အင်္ကျီကို ဝတ်၍ ဇာအနား ကွပ်တဲ့ ရှင်မီးကို မပေါ့တပေါ်ရှိအောင် လုံချည်စကို ခပ်ပင့်ပင့်ဆွဲ၍ အောက်ထပ်မှ တက်လာပြီးလျှင် မောပန်းတဲ့ အမူအရာနှင့် လက်က ကိုင်လာသော ပုတီးကိုချပြီး

"စာရေးကြီး ကိုဘစိကဖြင့် မီးဖိုချောင်က အလုပ်တွေကို နားမလည်ဘူး။ လမကုန်သေးလို့ သူဌေးတိုက်ကလည်း လခမထုတ်ရသေးဘူး။ ဈေးကြွေးတွေကဖြင့် ပူလှပေါ့၊ ယူနေကျ ဆန်သည်ကလည်း ဘယ်တော့ စာရင်းရှင်းမလဲလို့ တွေ့တိုင်းပဲ မေးနေတယ်။ ဆီသည်ကြီး ဦးရေအေးကလဲ ကြွေးဟောင်းကို မဆပ်လျှင် နောက်ထပ် ဆီအသစ် မပေးနိုင်ဘူးလို့ ပြောနေပြီ။ အိမ်လခ မရှင်းရတာလဲ နှစ်လတောင် ကျော်သွားပေါ့။ ယခုတစ်လ မပေးလျှင် သည်အိမ်က ပြေးရုံရှိတော့ တာပဲ။ ကျွန်မတို့အခန်းကို အိမ်ငှားရန်ရှိသည်ဆိုတဲ့ (To Let) ဆိုင်းဘုတ် ကပ်မယ်လို့ ဒရဝမ်က ပူဆာပြီ။ လူတကာသိအောင် ကြော်ငြာနေပြီ။ ရှက်စရာ အလွန်ကောင်းတာပဲ။ ရှင့်မှာ လခများ ဆိုတာလဲ သိသိသာသာ မတိုးနိုင်ပဲကိုး။ ကြိုးစားစမ်းပါ၊ သားမျက်နှာ၊ မယားမျက်နှာကို သနားပါဦး၊ မနက်ဖြန်ခါ ဈေးသုံးဖို့မရှိတာနှင့် ကျွန်မ အမေ့ထံက ငွေနှစ်ဆယ် ချေးလာရပြန်ပြီ"

ဟု ပူပူဆူဆူ ပြောဆိုပြီးလျှင် စာရေးကြီးရှေ့မှာ မိမိ ယူလာသော ငွေ၂၀/ကို ချွင်ခနဲ ချလိုက်လေ၏။ စာရေးကြီး မောင်ဘစိက

"ကျုပ်လဲ အလုပ်မလုပ်ဘဲ နေတာ မဟုတ်ပါဘူး။ အလုပ်ရုံးမှာ ခါးကုန်းအောင် လုပ်ကိုင်နေရတာကို မင်းသိတယ် မဟုတ်လား။ မင်းတို့ကတော့ အိမ်မှာကိုယ် သက်သာခံ၍ ဘော်ကျော့နေပြီး ခေါင်းဖြီး၊ သနပ်ခါးလိမ်းနှင့် အလှကိန်း ဆင်နေကြတာပဲ။ အလုပ်မရှိတဲ့အခါ စာဖတ်ဖို့ စိတ်မဖြစ်ဘဲ ပုဆစ်ပစ်ပြီး အချိန်ဖြုန်းလား ဖြုန်းရဲ့။ ကတော်ကလေး ကတော်ကြီးတို့နှင့် ဟီးလေး တိုက်ကာ ရယ်မောပြီး တသောသော စကားဝိုင်း ထောင်လား ထောင်ရဲ့။ ပွဲနေ့ပွဲထိုင်သံ ကြားမှဖြင့် သွားချင်တဲ့ ဝါသနာနှင့် ဖိတ်စာကို မျှော်လား မျှော် ရဲ့။ မင်းတို့ကတော်ပိုင်းတွေဟာ ငွေဖြုန်းဖို့ရာချည်းပဲ နည်းခိုးနေကြတာပဲ။ ယောကျ်ား ငနွားတို့မှာဖြင့် စာရင်းမှားကိုကြောက်၊ အထက် လူကြီး ငေါက်မှာကို လန့်နှင့် မချိမဆန့် အဆင်းရဲခံပြီး သေချင်စော်နံအောင် လုပ်ကိုင်ရတာကို မသနားကြဘူး။ နေစမ်းပါဦး၊

WWW.DHAMMARANSI.COM



ကျုပ်ပြောတာလဲ များလှပါပြီ။ သည်လို အင်္ကျီပါးကလေးတွေကို ဘာ့ကြောင့် သည့်လောက် ဝတ်ချင်ရတာလဲ။ အပြင်အင်္ကျီက ပါးလှပ်လှပ်၊ အတွင်းကိုယ်ကြပ်ကလဲ ဇာပေါက်မို့ ဘာလောက်မှ ကျုပ်ဖြင့်ကြည့်လို့မရဘူး။ ဟီရိသြတ္တပ္ပတရားကို မင်းတို့အင်္ကျီပါးတွေက ဈေး ဖျက်ကုန်တာပဲ"

ဟု ဆုံးမသံပါပါနှင့် ပြောလျှင်

စာရေးကြီးကတော် မတင်က

"ရှင်တို့အရာ မဟုတ်ပါဘူး။ မိန်းမတွေအလုပ်ကို ဝင်ပြီးမရှုပ်ချင်ပါနှင့်။ မိန်းမအဝတ်အစားနှင့် ယောကျ်ားများ ဆိုင်တယ် ထင်လို့လား။ ရှင်တို့ယောကျ်ားတွေ မြင်တဲ့အခါ မေတ္တာရှိပါစေဆိုတဲ့ သဘောနှင့် ပိတ်ချော ပိတ်ပါး အသားပါးကိုယ်လုံးပေါ်ကလေးတွေကို ဝတ်ရတာရှင့်။ အသားမပေါ်တပေါ်ကလေးတွေကို မြင်ရတော့ ရှင်တို့ယောကျ်ားတွေ စိတ်ထဲမှာ...မပြောချင်ပါဘူး။ ရူးချင်နှမ်းချင် ဖြစ်နေကြတယ် မဟုတ်လား။ ဒါကြောင့်ယောကျ်ားတွေ သဘောကျပါစေလို့ ကျွန်မတို့ မိန်းမများက အသားမပေါ်တပေါ်နှင့် ရှမျှော် ချောင်းမြောင်းကြည့်ဖို့ကောင်းအောင် ဇာမှန်ပြောင်းအင်္ကျီ ဝတ်ကြရတာပါ။ ရှက်သလိုလို ဟန်မလုပ်ပါနှင့်။ ဉာဏ်ထုတ်ကာ အဆန်းထွင်ပြီး ရှင်တို့ဖို့ လမ်းပြင်ရတာပါ"

ဟု ပြောလေ၏။

(စီ) မင်းပြောလိုက်မှဖြင့် ပိပိသသ တစ်တစ်ခွခွကြီးပဲ။ မဟော်သဓာရဲ့ တူမကြီး ခေါ်လောက်ပါရဲ့။ ခေတ်တော်ကြာလျှင် ဗလာအင်္ကျီနှင့် ဗလာ ထဘီများ ဝတ်ကုန်ကြမယ်ထင်တယ်။ ရောင်းကုန်ကလေးများဖြင့် မြင်မြင်တိုင်း သွေးတက်ပြီး မှိုင်ငေး၍ မက်လောက်အောင် နှစ်သက်စရာကောင်းတဲ့ မှန်ပြောင်းဇာအင်္ကျီကို ဝတ်လျှင်ရှိပါစေတော့။ မင်းတို့လို တိုက်ဆွေး ဆိုင်ခံ အကျန်အကြွင်း စက်ကင်းဟင်းကြီးတွေက ကမြင်းကြော ထပြီး ခေတ်ကာလ ဆန်းတိုင်း အရမ်းလုပ်ဖို့ကောင်းတာမျိုးမဟုတ်ပါဘူး။ ဘယ်လိုပဲဝတ်ဝတ် ကျုပ်လက်တွင်းက မလွတ်ပါဘူး။ ကိုယ့်အိမ်သား သဘောကျလျှင် မင်းတို့ကိစ္စချောတာမျိုးပါ။ တော်ရုံက တိုးပြီး မကွန့်ပါနှင့်။ ညွှန့်နိုင်တိုင်း ကောင်းတာမျိုး မဟုတ်ဘူး။ ကိုယ့်လင်သားရှေ့မှာတော့ ကိုယ်လုံးပေါ် ဇာအင်္ကျီ ဝတ်ဆင်တာ ဆန်းနေတယ်ထင်သလား။သည့်ထက်ပဲ...တကတဲမပြောချင်ပါဘူး။

(တင်) ရှင်ဟာ ယနေ့ ပဒိုင်းသီး စားမိပြီ ထင်တယ်။ မဆိုင်ရာကို ဝင်ပြီး ပြောနေတာပဲ။ မိန်းမသဘောကို မသိဘူး ထင်တယ်။ ရှင် တစ်ယောက်တည်း ယောကျ်ားရှိတယ် ထင်သလား။ ယောကျ်ားကလေးတွေဟာ ခြောက်ပြား ဈေးကျနေတယ် သိရဲ့လား။ နှစ်ပြားပေးလျှင် ရှင်လိုစာရေး သုံးလေးကောင်ရတဲ့ကာလပါ။ မရမက တွယ်ကပ်ပြီး အနွယ်မပြတ်အောင် ရှင့်ကို ချစ်နေတယ် ထင်လို့ပြောတာလား။ မိုးခါးရေသောက်သူများနောက်ရင် မူးလိုက်မယ်။ ရူးမိုက်တယ်ပဲဆိုဆိုကိုယ်ထင်သလို ကြိတ်မယ်။ ဤထိုယ တန်ခိုးကို သိတယ်မဟုတ်လား။ ယောင်လို့များကန်းမတက်ပါနှင့်။ စန်းနှင့်လက် ပွင့်လန်းနေတဲ့အခါ မောင်ရေ့-

ဟု ဒေါခပ်ပါပါနှင့် ဟောင်ဖွာဟောင်ဖွာပြောသောအခါ စာရေးကြီးက ပြုံးပြီး

'အောက်ကလဲ နေသေးရဲ့ ဟာလည်းလဲ မလျော့' ဆိုတာလို ဖြစ်နေပါပြီ။ တယ် အဖျားဖွာတဲ့ မိန်းမ လိမ္မာကြီးပါပေပဲ။ မင်းမခံချင်နေ။ ပြောမိတဲ့ လက်စက လျှော့က်ပြီး ဖန်လက်ကောက် အကြောင်းကို ပြောရဦးမှာပဲ။ မင်းကိုယ်တိုင် စဉ်းစားကြည့်စမ်း။ စိန်လက်ကောက် မဝယ်နိုင်ပေတဲ့ ရွှေလက်ကောက်တွေတော့ မင်းကို ဝယ်ပြီး ဆင်ထားတယ် မဟုတ်လား။ ရွှေလက်ကောက် အရှိသားနှင့် အလကား

WWW.DHAMMARANSI.COM



**အသုံးမကျတဲ့** ဖန်လက်ကောက်ကို ဝတ်ချင်လိုက်ရတာ ကြည့်ပါလား။ မင်းဝတ်ထားတာ။ စုလရာကုလားကြီး ဝတ်ပေးတဲ့ ဖန်လက်ကောက်တွေ မဟုတ်လား။ တစ်ဒါဇင်ဆို ဖြုတ်ခနဲ၊ နှစ်ဒါဇင်ဆို ဖြုတ်ခနဲ ကွဲပြတ် ကျိုးပဲ့။ အဖိုးနဲ့ အဆမတန်အောင် အပျက်အစီး ခံလိုက်ရတာတွေ ပိုင်စိုးပိုင်နင်း လက်ကို ဆွဲပြီး တကတည်းမှပဲ အကျိုးနည်းလို့ ကုလားကြီး အကိုင် ခံလိုက်ရတာ နှစ်ပြန်စီ သုံးပြန်စီ ရှုံးတာပဲ။ ထွီ နှလုံး နာစရာ။ မင်းတို့ မိန်းမများဟာ ရှက်ချင်တဲ့ နေရာကျတော့ မပြောပါနှင့်တော့။ ဘိက္ခုနီမထက် ကဲသေးတယ်။ မရှက်ချင်တဲ့ နေရာများကျတော့ ဘီလူးမ လေးကင်းပြတာလောက် မကဘူး။ သည့်ပြင် ပြောချင်တာတွေ အများကြီး ရှိပါသေးတယ်။ မင်းတို့ စိတ်ကို မရိပ်မိဘူး ထင်လို့လား။ မင်းအပေါ်မှာ သဘောမကျတာတွေ ဒိုင်ယာရီစာအုပ်ထဲမှာ မှတ်ထားပြီး အသင့်ရှိတယ်။ 'တွန်လွန်းတဲ့ကြက် အချိန်ပျက်' ဆိုသလို ဖြစ်မှာကြောင့် ကျုပ် မပြောပဲနေတာ။ အထူအထိုင်းကြီးများ ထင်မနေပါနှင့်။ ကာလီဒါသ ဆရာကြီး၏ နိဿရည်း လက်ထပ်ရတဲ့ လူပါကွယ်။"

(မတင်) ဩော် ကာလီဒါသ ဆရာကြီးရဲ့ တပည့်ရင်းတဲ့။ မိန်းမကျမ်း ကြေတဲ့ ကာလီဒါသ ဆရာကြီးဖြင့် မိန်းမလက်နက်နှင့် အသက်သေရတာပဲ။ တပည့်ခံတဲ့ ကိုပါမွှားမှာဖြင့် သိကြားမင်း သမက်ဖြစ်လျှင် ချမ်းသာပါလိမ့်မယ်။ ရှင် လူပါးလူနပ်ကြီးမှန်း သိပါရဲ့။ ကဲ ပြောပါဦး၊ ပြောပါဦး၊ ရေးမှတ်တဲ့ စာရင်းတွေ လှန်ပြီး တစ်ခါတည်း အံလိုက်စမ်းပါ။

(စီ) လက်ကောက် အကြောင်းကို ပြောပါဦးမယ်။ မင့်ကိုဆင်ထားတဲ့ ရွှေလက်ကောက်ဟာ ကံကြမ္မာ အတော်ဆိုးရှာတာပဲ။ အမျိုးမျိုး ဘဝပြောင်းပုံကို မြင်ရတယ်။ တစ်ခါတစ်ခါ ကြိုးလိမ်၊ တစ်ခါတစ်ခါ ဆောက်ဖြတ်၊ တစ်ခါတစ်ခါ ဝါးဆစ်ပုံ၊ တစ်ခါတစ်ခါ စတီ၊ တစ်ခါတစ်ခါ ကြည့်တော့ အပြား၊ အမျိုးမျိုး ဉာဏ်ကစားနိုင်ပါပေရဲ့။ ပြားချည် လုံးချည်နှင့် ကတော်ချင်း တွေ့ကြတဲ့ အခါ သူများ ဝတ်ဆင်လာတာကို ပုံကောင်းတယ်ထင်ပြီး ပုံဟောင်းကိုဖြတ်၍ ဆယ်ရက်တစ်ခါ ကိုးရက်တစ်ခါ ပန်းထိမ်ဆရာကို အလုပ်များအောင် အလကားငွေကုန်ခံပြီး ပုံစံအမျိုးမျိုး ပြောင်းလုပ်နေတာပဲ။ 'ဓားမထက် လက်ခကြီး' ဆိုတာလို မင်းလက်ကောက်ဟာ ရွှေဖိုးထက် လက်ခတွေ ကြီးနေပြီ မဟုတ်လား။ ပုံစံပြောင်း၍ လုပ်တိုင်း ဂဟေများလွန်းလို့ ရွှေသားအစစ်က ဘဝပြောင်းပြီး ခေါင်းလောင်းသွန်းတဲ့ ကြေးဖြစ်နေတာကို မင်းမသိဘူး။

(မတင်) အင်း ပြောပါ။ အဲသည် လက်ကောက်ဟာ သိရဲ့လား။ ယခုအပေါင်ဆိုင် ရောက်သွားပြီ။ ရွှေအစစ်ပျောက်လို့ ယခု ဖန်လက်ကောက် ဆင်နေရတယ် မဟုတ်လား။ သူများ လင်သားများမှာတော့ မယားကို ချစ်တဲ့စိတ်နှင့် ကြိတ်ပြီး ရှာဖွေလို့ ရွှေလောက်မက စိန်နှင့် မြတွေကိုတောင် ဆင်ထားကြတယ်။

(စီ) သည်လိုဆင်နိုင်တဲ့ဟာများကို အစကညားအောင် မကြံပဲကိုး။

(တင်) မျက်စိမှားလို့ ရှင့်လိုလူစားနှင့် တွေ့ရတာပါ။ ကျွန်မအရုပ်အဆင်းဟာ မင်းကတော်ကြီး ဖြစ်နိုင်ပါရဲ့။

(စီ) ဟုတ်ကဲ့။ ဖြစ်စရာရုပ်ကြီးပါပဲ။ သုဘရာဇာသမီးက ပေတဲ့ စကြာမင်းကြီးရဲ့ မိဖုရား ဖြစ်နိုင်တယ်လို့ ထင်ချင်ထင်မှာပဲ။ အထင်ဆိုတာ ငွေပေးရတာ မဟုတ်လို့ သုဒ္ဒါဝါသဘုံ တိုင်အောင် အထင်ကြွားသော်လဲ ပုလိပ်များကလာပြီး မဖမ်းနိုင်ပါဘူး။ တန်ပါကွယ်။ ရန်ရှာတဲ့ စကား

WWW.DHAMMARANSI.COM



တွေ မပြောချင်ပါဘူး။ အို ကြည့်စမ်း ပြောရင်း ဆိုရင်း ငိုမလို မျက်နှာမဲ့လာလိုက်တာ ဝမ်းနည်းရှာမှတ်တယ်။ သည်လို အမှုတွေဟာ လွမ်းစရာ မဟုတ်ပါဘူး၊ ရိုးကုန်ပါပြီ။ သေသေချာချာ နားထောင်စမ်းပါ။ ပစ္စည်းအဖတ်တင်ဖို့ရာ မင်းတို့ မိန်းမများက လိမ္မာရတယ်။ 'စီးတဲ့ရေ ဆယ်တဲ့ကန်သင်း' ဆိုတာလို ဘယ်လိုပင် ရေသွင်းသော်လဲ ကန်သင်းမလုံလျှင် ရေအကုန်ထွက်တာပဲ။ မိန်းမဆိုတာ ကန်သင်းပမာ ယောကျ်ားက ရှာတဲ့ပစ္စည်းကို မပြုန်းတီးအောင် သိမ်းရတယ်။ 'ယောကျ်ားက ပစ္စည်းရှာ မိန်းမမှာ ပစ္စည်းထိန်း' ဆိုတယ် မဟုတ်လား။ မင်းတို့ မိန်းမဝတ္တရား ကြေလျှင် ရွှေငွေဆိုတာ အလိုလိုအခြေ ဖြစ်လာတာပါပဲ။ အသုံးအစွဲကိုလဲ ချွေတာပါ။ နေရာမကျတဲ့အချက်မှာ အလကား သက်သက် မကုန်ပါစေနှင့်။ လိုတာထက် ပိုသမျှ အလဟဿချည်းပါပဲ။

(မတင်) ရှင်က ကျွန်မသုံးတာကို မသဒ္ဓါလို့လား။ မယားဆိုတာ လင်ရှာတဲ့ပစ္စည်းကို ဖြုန်းတီးချင်လို့ အိမ်ထောင်ဘက် ပြုတယ်လို့မှတ်ပါ။ ကျွန်မပြင် သုံးမယ့်သူများ မြင်လို့ ရှင် သည်စကားမျိုးကို ပြောသလား။ တစ်လ တစ်လမှာ ရှင့်အတွက် ကုန်ကျတာတွေကို စာရင်းလုပ်မထားဘူး ထင်တယ်။ ဝယ်ရတဲ့ ဆေးပုလင်းနှင့် အသင်းလစဉ်ကြေးတွေ ထည့်ရတာက တစ်ရပ်၊ ဆာကပ်နှင့် ဘိုင်အိုစကုတ်။ ဘီ,ပီ,ပီလုပ်တဲ့ စာအုပ်တွေ ရွေးရတာက ထပ်တလဲလဲ။ ဘော်လုံးပွဲ (B.A.Ground) ဘီ အေ ဂရောင်းမှာ ညနေစောင်းတိုင်း သွားရတာက မရပ်မနား။ ကျပ်ပြားနှင့်ငွေစက္ကူ တစ်ခါကြွမှဖြင့် ပါသမျှတွေ ဖြူလာတာပဲ။ သူတကာအပေါ်မှာ အပြစ်မချပါနှင့်။ ရှင်ရှာလို့ ရသမျှဟာ လခမထုတ်မီ ကုန်သွားတာ ချည်းပါပဲ...

စကားမဆုံးခင် မောင်ဘစိက ကြားဖြတ်၍

"ပါးစပ် စကြောရတိုင်း ပြောတာပလကွယ်။ ကျေးဇူးရှင်မ သဘောရှိရာပဲ သုံးပါ။ အဖြန်းမကို မမုန်းသမျှ အဆုံးကျတော့ ရှုံးရမယ့်ဘက်ကပဲ ထားလိုက်ပါတော့။"

ဆိုပြီး မောင်ဘစိ အိမ်ပေါ်က အောက်ထပ်သို့ ဆင်းသွားလေ၏။

အတန်ကြာလျှင် မတင်၏ မိခင် ဒေါ်ဂျမ်းပုံသည် အထုပ်ကလေးတစ်ခုကို လက်ကဆွဲ၍ အိမ်ပေါ်သို့ တက်လာပြီးလျှင် သမီးမတင်နှင့်ထိုင်၍ တိုးတိုးသာသာ စကား ပြောဆိုနေလေ၏။

(မတင်) အမေ အပေါင်ခံထားတဲ့အိမ်ကို ရွေးသွားပလား။

(ဂျမ်း) မရွေးနိုင်ရှာကြပါဘူး။ အတိုးက ငွေနှစ်ရာကျော်သွားလို့ ဒေါ်ဒေါ်ပဲ အိမ်ကို သိမ်းပါတော့လို့ အပ်နေတယ်။

(တင်) ငွေကို မရလျှင် အိမ်ကို သိမ်းတာပေါ့။ အပေါင်ခံတုန်းက အမေ့နာမည်နှင့် ထားသလား။

(ဂျမ်း) အမေ့နာမည်နှင့် မဟုတ်ဘူး။ မင်းညီမကလေး မစိန်နာမည်နှင့် ထားလိုက်တယ်။ အပေါင်ခံသမျှ သူ့နာမည်နှင့်ချည်းပါပဲ။

(တင်) အို ရှိပါစေတော့။ ကိုယ့်ညီမကလေးဆိုတော့ ကိုယ့်သွေးမို့ တွေးပြီး စိုးရိမ်စရာ မရှိပါဘူး။ နို့ နေပါဦး။ ကျွန်မယောက္ခမကြီးထံက နားလှည့်ပါးလှည့်နှင့် တစ်ပတ်ရိုက်ပြီး ယူထားတဲ့ သမိုင်းက ခြံဟာကော ဘယ်သူ့နာမည်နှင့်လဲ။

(ဂျမ်း) သည်ခြံလဲ မစိန်နာမည်နှင့်ပါပဲ။

(တင်) သည်ပြင် အော်ဒီမင်နှင့် ချေးတဲ့ငွေ ဘယ်လောက် များသေးသလဲ။

WWW.DHAMMARANSI.COM



(ဂျမ်း) နှစ်ထောင်ကျော်ကျော်လောက် ရှိပါလိမ့်ဦးမယ်။

(တင်) ဟိုစိန်နားကပ်ဝယ်တဲ့ အဖိုးငွေဟာ ကြေသွားပလား။

(ဂျမ်း) ကြေသွားတဲ့ပြင် မင်းငွေထဲက အတိုးရတာ ငါးရာလောက်နီးနီး ရှိပြန်ပါပကော။ အတိုးကြီးတယ်ဆိုပြီး ချေးချင်တဲ့လူများက အင်တင်တင် လုပ်နေကြတယ်။ စိန်နားကပ်ကိုလဲ ယခု မစိန့်ပဲ ဆင်နေပြီ။

(တင်) အို ဆင်ပါစေ၊ ကိုယ့်ညီမကလေးပဲ။

(ဂျမ်း) ငါ့သမီး လိမ္မာလို့ အမေတို့ ချမ်းသာရပေတယ်။ မိန်းမဆိုတာ သည်လို ကဲ့နိုင် ဝှက်နိုင်မှ ကိုယ့်ဖို့ အမြတ်အစွန်း ရတာကလား။ ညည်း ကဲ့ဝှက်ပြီး စုဆောင်းတာ တစ်သောင်း ကျော်ကျော်လောက်တော့ စုမိပါပေါ့။ ငွေဆိုတာ ကာလကြာတော့ သူ့ဟာနှင့်သူ တိုးပွားလာတာပဲ။ လခ ခပ်နည်းနည်းတုန်းကစပြီး ကဲ့ဝှက် စုဆောင်းလာတာ ယခု လခကြီးတဲ့အခါမှာတော့ ကဲ့ဝှက်တာ အတော်များပေသပ။ အတိုးအပွားနှင့် ဆိုတော့ အမေတို့ တစ်အိမ်လုံး စားတဲ့ပြင် အသားတင် တစ်လ တစ်လ တစ်ရာလောက် ပိုပါရဲ့။ သည်လို အလိမ္မာနှင့် ကဲ့ထားတာများကို ညည်းယောကျ်ား မရိပ်မိဘူးလား။

(တင်) အို မဟုတ်တာ အမေကလဲ၊ ကျွန်မ ယောကျ်ား အသိခံရဲပမလား။ တကယ်လို့ များ ပေါ်သွားလျှင် အကျိုးနည်းရောပ။ ယောကျ်ားဆိုတာ သဘောကောင်းတယ် ဆိုပေတဲ့ တစ်ချက် တစ်ချက်တော့ သူတို့ ဒေါသထွက်မှာ အကြောက်ရသားပဲ။ ကိုဘစိလဲ သူများအပေါ်မှာ လူပါးကြီးလို့ သူ့ကိုယ်သူ ထင်တာပါပဲ။ မိန်းမက နှပ်တော့ ကျောက်ချပ်ကြီးလို ထူရှာတယ်။ ကျွန်မ ကဲ့နိုင်လွန်းလို့ပါ။ အဖြောင့်အတိုင်း သဘောထားရင် သူ့အမျိုးတွေ စားတာနှင့် လောက်မှာ မဟုတ်ဘူး။

(ဂျမ်း) နေစမ်းပါဦး။ ညည်းယောက္ခမကြီးကို ဘာဖြစ်လို့ အိမ်ပေါ်မှာ လက်ခံပြီး ကျွေးထားရသလဲ။ ခပ်ဝေးဝေး လွှင့်အောင် မတတ်နိုင်ဘူးလား။

(တင်) ဩော် – သည်အမယ်ကြီးကို ကျွန်မလဲ အလွန် မျက်ကြောတင်းနေတာပဲ။ မြင်ပြင်းကပ် ပေတဲ့ ကိုဘစိက သူ့အမေကို သူ အရိုအသေပေးလို့ ခပ်အေးအေး ဟန်ဆောင်ပြီး မချစ်ပေတဲ့ ချစ်ခင်ယောင် မသဒ္ဓါပေတဲ့ သဒ္ဓါချင်ယောင်ဆောင် နေရတယ် အမေ။ ‘မချစ်သော်လည်း အောင့်ကာနမ်း’ ဆိုသလို လုပ်ရတာပဲ။ တယ်ရှုပ်တဲ့ အဘွားကြီး။ သူ့အလုပ်ဟာ ဥပုသ်စောင့်၊ ဘုရားသွား၊ အိမ်မှုကိစ္စများဖြင့် နည်းနည်းမှ ပြန်မကြည့်ချင်ဘူး။

(ဂျမ်း) အို ဘာခက်သလဲ။ မိန်းမစက် လှည့်ရင် တစ်ချက်နဲ့ မခံနိုင်ပါဘူး။ ညည်းယောကျ်ားကို အကြောင်းပြပြီး မောင်းချပစ်လိုက်ပါ။ ငါလဲ သူ့ကို မကြည့်ချင်ဘူး။

(တင်) ကောင်းပါပြီ။ ကျွန်မလဲ ယောက္ခမကြီးကို နှင်ဖို့ ကြံနေတာပါပဲ။ ယောင်းမတွေဖြင့် အိမ်ရိပ်ကိုတောင် မနင်းဝံ့ဘူး။ သင်းတို့ လာတိုင်း ကျွန်မက မျက်စောင်းထိုးရတယ်။ သူတို့အမျိုးကို အကပ်ခံလို့ မတော်ဘူး အမေရဲ့။

(ဂျမ်း) ဟုတ်လိုက်တာကွယ် သမီးရယ်။ သည်နည်း လိမ္မာမှ ကိုယ့်မိဘ ချမ်းသာရမယ်။ စကားမစပ် တစ်နေ့က မင်းအပ်လိုက်တဲ့ လက်ကောက်ဟာ ယခု ပန်းထိမ်ဖိုက ယူလာပြီ။

WWW.DHAMMARANSI.COM



ဆို၍ အထုပ်ထဲက လက်ကောက်ကို ဖြေ၍ပေးလျှင် မတင်က

"အို – ကျွန်မဟာလို့ မပြောပါနှင့်။ ကိုဘစိ သိသွားပါမယ်။ အမေက လုပ်ပေးတယ်လို့ ပြောပါ။ သို့မှ သူ့အမေကို ကျွန်မ ကုန်းတိုက်လို့ အခွင့်ရမှာကလား။"

ဟု သားအမိနှစ်ယောက် တိုင်ပင်ကြပြီးလျှင် မတင်က "ကိုဘစိ၊ ကိုဘစိ"ဟု ခေါ်လိုက်ရာ စာရေးကြီး အိမ်ပေါ်သို့ တက်လာလေ၏။

မတင်က သူ့မိခင်ယူလာသော လက်ကောက်များကို ပြ၍

"ကျွန်မ မိခင်က ဆင်ပေးလို့သာ ဝတ်ရစားရ ရှိတော့တယ်။ တစ်နေ့ဆီက လက်ကောက်ပေါင်လိုက်ရတယ် ကြားလို့ အခန့်သင့် လုပ်လာရာတယ်။ ရှင့်အမေကဖြင့် ပြောလောက်ဆိုလောက် ရှိအောင် ဘာတစ်ခု မဆင်သေးဘူး။"

ဟု ပြုံး၍ပြောလျှင် မောင်ဘစိက ဝမ်းမြောက်ဝမ်းသာ

ဘယ်သူက ဆင်ဆင် မင်းဝတ်ရလျှင် ပြီးရောပကွယ်။ ကျုပ်အမေမှာတော့ ရတနာသုံးပါး အလုပ်နှင့် ဥပုသ်နေ့စဉ် စောင့်နေရှာတာကို မင်း သိတယ် မဟုတ်လား။

(မတင်) လက်ကောက်မျှ မကဘူး။ လခ မထုတ်ခင် မလုံလောက်တိုင်း အမေ့ထံက ယူသုံးတာလဲ ငွေနှစ်ရာကျော်ကျော် ရှိသွားပြီရှင့်။

(စိ) အေးပါကွယ်။ ငါသိပါတယ်။ သူ့ငွေးထံက မကြာမီ ဆု ၅၀၀–လောက် ရပါလိမ့်မယ်။ သည်တော့ ပြန်ပြီး ဆပ်လိုက်တာပ။ ကဲကဲ မင်းအမေကို လက်ဖက်ရည်များ တိုက်လိုက်ပါ။

ဆိုပြီး ပက်လက် ကုလားထိုင်မှာ စာဖတ်၍နေလေ၏။

ထိုအခိုက် စာရေးကြီး၏မိခင် ဒေါ်မှန်သည် ဘုရားက ပြန်လာ၍ ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေသော်လည်း မတင်နှင့် ဒေါ်ဂျမ်းပုံတို့က အဖက်လုပ်၍ စကားမပြောဘဲ မျက်နှာထားကြီးနှင့် နေပြီးလျှင် မတင်က

"အမေက ဆင်လို့သာ ကျွန်မ ဝတ်ရစားရ ပြောင်ပြောင်လက်လက် ရှိရတယ်။ ကိုဘစိတို့ အမျိုးကိုသာ အားကိုးပြီး နေမယ်ဆိုရင် ကျွန်မ လူချင်းသူချင်း တူမှာမဟုတ်ဘူး။"

ဟု အသစ်လုပ်လာသော ရွှေလက်ကောက်များကို ဝတ်ရင်း စောင်းစောင်းချိတ်ချိတ် ပြောလေ၏။

ဒေါ်မှန်သည် ချွေးမ၏စကား အရိပ်နိမိတ်ကို သိရှိသည်နှင့် တစ်စုံတစ်ရာမျှ စကားပြန်၍ မပြောဘဲ သူ့အခန်းထဲသို့ ဝင်သွားရှာလေ၏။

ညတစ်ညတွင် မတင်က မသာသော မျက်နှာ အမူအရာ အောင့်သက်သက်နှင့်

ရှင့်အမေဟာ ဘာမှ အလိုက်မသိတတ်ဘူး။ အိမ်မှုကိစ္စဆို၍ တစ်ခုမှ ပြန်ကြည့်ဖော်မရ။ ဥပုသ်စောင့်သွားပြီး စားဖို့နှင့် အိပ်ဖို့ချည်း ဂရုစိုက်နေတာပဲ။ မြေးကလေးတွေကိုမှ သနားဖော် မရဘူး။ ကျွန်မ မိခင်ကတော့ အစစ အားကိုးရတယ်။ ရွှေဆိုရွှေ၊ ငွေဆိုငွေ လိုလေသေးတယ်လို့ မရှိ။ အစစ ကြည့်ရှာတယ်မဟုတ်လား။ ရှင်ကတော့ အလိုက်သိတဲ့လူ မဟုတ်ဘူး။ ဘာကလေးတစ်ခုမှ ကျွန်မအမေကို ပေးကမ်းဖော်မရလို့ ကျွန်မ အင်မတန် ဝမ်းနည်းတယ်။

ဟု ငိုမဲ့မဲ့ ပြောရာ မောင်ဘစိက

မင့်အမေမှာတော့ ပစ္စည်းဥစ္စာ လုံလောက်ပြီး ဂုဏ်ရောက်တာ ဖြစ်နေလို့ ထောက်ပံ့ဖို့ မလိုဘူး ထင်ပါတယ်။ ကျုပ်တို့အိမ်မှာလဲ လိုသာလိုတယ်။ ပိုမိုတာတော့ မရှိမှန်းကို မင်းသိတယ် မဟုတ်လား။ 'ကျားကြီး ခြေရာကြီး' ဆိုတာလို ယခု လခကြီးလာပြန်တော့လဲ စာရေးကြီးနှင့် တူအောင်

WWW.DHAMMARANSI.COM



နေရထိုင်ရ၊ သုံးရစွဲရ၊ အသင်းဝင်ကြေးနှင့် လူမှုကလေးများ ဖက်ရလို့ အထက်က လခနည်းတုန်းကလိုပဲ။ ဒါကြောင့် ကြည့်ချင်ပေတယ်လို့ မကြည့်နိုင်အောင် ရှိနေပါတယ်။ ကျုပ်အမေအိုကြီးကိုလဲ ကျွေးမွေးရတာ မညည်းပါနှင့်။ ပစ္စည်းမရှိရှာလို့ မျက်နှာငယ်ငယ်နှင့် သားသမီးကို တွယ်နေရှာပါတယ်။ မင်းနှင့်ကျုပ် ညားစက စားရသောက်ရအောင် ကျုပ်အမေက ထောက်ပင့်ခဲ့တယ် မဟုတ်လား။ သမိုင်းခြံကိုလဲ ကျုပ်တို့သုံးစွဲရန် သူပေးရှာပြီ။ သည်ခြံဟာလဲ ယခု မင့်အမေများ လက်ထဲ ရောက်နေတယ် မဟုတ်လား။ ခပ်ရှည်ရှည် စဉ်းစားပါ။ လူအိုကြီးများကို မျက်စောင်းထိုးပြီး အငြိုးနှင့် နှုတ်ခမ်း မစူကောင်းပါဘူး။

(မတင်) ကျုပ်အမေ ငွေရှိလို့ ရှင့်အမေခြံကို ပိုင်သွားတာ ဘာဆိုင်သလဲ။ ကျွန်မ ညီမကလေးက သိမ်ကြီးဈေးမှာ ထီး၊ ဖိနပ် ရောင်းလို့ ကောင်းကောင်းကြီး စီးပွားတက်လာတာပါ။ သူပိုင် ဥစ္စာတွေ အတော်ပဲ များပေါ့။ ကျွန်မမှာတော့ စာရေးကြီး ကတော် အခေါ်ခံ၍ ညှော်နံ့ပြီး မစားရတဲ့ လူလို၊ မူးလို့မှ ရှူစရာမရှိအောင် မွဲနေတာပဲ။ ကိုယ်ကျိုးနည်းလို့ တကတည်း မပြောချင်ပါဘူး။ ပိုက်ဆံမရှိတဲ့ အထဲမှာ အလိုက်မသိတဲ့ ရှင့်အမေကြီးက သားသမီးကို မညှာတာ။ ဥပုသ်စောင့် သွားဖို့ရာ စရိတ်တောင်းနေတာပဲ။ ကျွန်မ စိတ် မကောင်းဘူး။ 'စိတ်ထောင်းလို့ ကိုယ်ကြေ' ဆိုတာလို ရှင့်အမေအတွက်နှင့် အသက်တောင် ရှည်မယ် မထင်ဘူး။ မျက်နှာကျော မတည့်သူနှင့် အတူနေရတာ လောကမှာ ဒုက္ခ အကြီးဆုံးပဲ။

(စီ) အင်း မင်းလဲ ကိုယ့်ဥမှ ခင်တဲ့ ကြက်မကြီး တစ်ကောင်ပါပဲ။ ကျုပ်အမေဟာ အလွန် သဒ္ဓါစရာကောင်းပါတယ်။ ရတနာသုံးပါးနှင့် သည်လို လူကြီးများကို ကျွေးရတာ နေ့စဉ် ကုသိုလ် ဖြစ်တာမျိုးပါ။ သူ့ခမျာမှာ မှီခိုစရာလဲ များများ မရှိရှာပါဘူး။ သနားစိတ်ကလေးများ နည်းနည်း မျှတလိုက်ပါ။

(မတင်) အို မှီခိုစရာတွေ အပုံကြီး ရှိပါတယ်။ သူ့သမီးတွေ ရှိတယ်မဟုတ်လား။ သမီးတွေက အမေအိုကြီးကို ကြည့်နေနိုင်ကြတာ အံ့သြပါရဲ့။ အကြောကြီးနှင့် သမီးကို ညှာတာပြီး သားထံမှာ ကပ်စားနေတာ တရားတဲ့ အမယ်ကြီးလား။ ရှင့်အမေကို သည်လောက်ချစ်လျှင် ကျွန်မကို ကွာပစ်ပါ။ ဘာဖြစ်ရဦးမှာလဲ။

မောင်ဘစီသည် ရာဟုထောင့်က ထကြွတိုက်ခိုက်သော လေနီကြမ်းလောက်မက ဒေါသမာနနှင့် ပြောသော မတင်၏စကားကို ကြားရာ မိန်းမဆိုတာ အဘိဇ္ဈာနှင့် ဣဿာအိုးကြီးတွေပဲဟု စိတ်ထဲက တွေးပြီး အေးအေးသာသာ မနေရသည့်အတွက် စိတ်ပျက်ပျက်နှင့် အပြင်ဘက် ထွက်ပြီး တစ်ယောက်တည်း အိပ်နေရှာလေ၏။

နောက်တစ်လလောက် ရှိသောအခါ ချွေးမက ရှူရှူအောင့်အောင့် တဆောင့်ဆောင့် လုပ်လွန်းအားကြီးတာနှင့် စာရေးကြီး၏မိခင် ဒေါ်မှန်လည်း အိမ်က ဆင်းသွားပြီး သမီးကလေးများထံသို့ ကပ်ရှာရလေ၏။

*

မဂိုလမ်း လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေနှစ်ဦး တွေ့ဆုံကြရာ မောင်ဝင်းက

မိတ်ဆွေ စစ်ထဲကိုလိုက်ဖို့ လက်မှတ်ထိုးပြီးလို့ သတင်းကြားတာ အတော်ကြာပြီးပြီ။ ပြင်သစ်ပြည်ကို မလိုက်ရ သေးဘူးလား။

WWW.DHAMMARANSI.COM



မေးရာ မောင်နွဲ့က–

လက်မှတ်တော့ ထိုးလိုက်မိတာပဲ။ ကျုပ်က ဆူဖေဒါအရာကို တစ်ခါတည်းရဖို့ ကြံတုန်းပါပဲ။ စစ်ဘက်ဆိုင်ရာ မြို့ဝန်ကြီးကလဲ ကျုပ် အဖေနှင့် အရောဝင်တဲ့ပြင် ကျုပ်ကိုလဲ တော်တော် ခင်ပါရဲ့။ မကြာခင် ဆူဖေဒါရာထူးနှင့် စာရင်းသွင်းမယ် ဆိုလို့ စောင့်နေပါတယ်။ ဆူဖေဒါအရာကို မရလျှင် ကျုပ်အောင်မြင်ထားတဲ့ ဟိုက်စကူး ဖိုင်နယ်ဟာ ဘာအသုံးကျမှာလဲ။

(ဝင်း) သည်အရာမျိုးကို ရလျှင် ကျုပ်လဲ စစ်ထဲဝင်မှာပါပဲ။ အရှင်အစိုးရတို့၏ အကျိုးကို ကျုပ်တို့ သည်ပိုးနိုင်တဲ့အခါ ဆိုင်ရာက ဝင်ပြီး ကူညီထောက်ပင့်ဖို့ ကောင်းပါတယ်။ ဒါထက် နေပါဦး။ စကားမစပ် ရွှေတောင်တန်းက ချမ်းသာတဲ့ ကောင်မကလေးတစ်ယောက်နှင့် လွန်ခဲ့တဲ့ ခြောက်လလောက်က ထိပေါက်သလိုလို ကြားရတာ အမှန်ပဲလား။

(နွဲ့) သည်အကောင်မကလေးနှင့် ညားတာ အမှန်ပါပဲ။ ကျုပ်သုံးတာစွဲတာကို မခံနိုင်လို့ သူ့အမေကြီးက အကွာခိုင်းတာနှင့် ယခုတော့ ကွဲနေကြပြီ။ ကောင်မကလေးကတော့ မေတ္တာ မပျက်သေး။ ကျွန်မ ထွက်ပြေးခဲ့မယ်လို့ ခဏခဏ စာရေးနေတာပဲ။ ကျုပ်မှာလဲ အလုပ်မရှိလို့ လက်မခံနိုင်သေးဘူး။

(ဝင်း) အို သနားစရာ၊ မင်းက ဘယ်လောက်ဖြုန်းတီးလို့လဲ။

(နွဲ့) ယောက္ခမက အစတော့ တော်တော် မြှောက်တယ်။ မော်မောက်ပြီး ကြွားလိုက်တာ မပြောပါနှင့်တော့။ လေးငါးလနှင့် ငွေသုံးထောင်ကျော်ကျော် ကျသွားတာပဲ။ ဖြုန်းဖြစ်လိုက်တာ တစ်နှစ်လောက်ကြာလျှင် ဖြူခါစင်အောင် သုံးဖို့ ကြံတာကလားကွယ်။ အမယ်ကြီးက နည်းနည်း အပါးစောသွားလို့သာ တရားသဘောနှင့် ကြည့်လိုက်တော့ စိတ်ရှိတိုင်း ထင်သလို သုံးပြီး ငွေဖြုန်းနိုင်လေလေ ပျော်စရာ ကောင်းလေလေပါကလားကွဲ့မောင်ဝင်းရဲ့။

(ဝင်း) လော်မာနိုင်ရင် ပျော်စရာများတာပါဘဲ။ မော်ခါကြွားခါ နေရတာ အရသာ အရှိဆုံးပ။ မင်းလူပုံက ခပ်ချောချော၊ မျက်နှာက ကြာပေါပေါမို့ မြာပေါမယ့် လူစားပါပဲ။

(နွဲ့) ဟုတ်ပါရဲ့။ သည်ဘဝမှာ ဣတ္ထိယ သိုက်လိုက်ပြီး ထိုက်သလို နေသွားဖို့ ကြံထားတာပါပဲ။ အလုပ်အကိုင်ကလဲ အရှားသားကလား။ ကျောင်းက ဆယ်တန်း အောင်ပြီးလို့ အလုပ်များ လျှောက်ပြန်တော့ လခ ငါးဆယ်ထက် ပေးမယ့်နေရာ မရှိဘူး။ ဒါကြောင့် ပြောင်ပြောင်ဝတ် လှလှဆင်ပြီး ပိုက်ဆံရှင်ကလေးတွေကို ချောင်းနေရတာပဲ။ ကောင်းတယ်ဖြင့် မဟုတ်လှပါဘူး မိတ်ဆွေ။ အဆံမရှိတော့ ကြံမိကြံရာ ကြိတ်ရတော့တာပါပဲ။ ကိုယ့်ဖို့ကြံတော့ သက်လုံကောင်းရသတဲ့။

မောင်ဝင်းက သုံးမိနစ်လောက်ငေး၍ စဉ်းစားပြီးမှ မိတ်ဆွေ အတွက် အကော်တင်ဖို့ အချက်တစ်ခု လမ်းညွှန်ရဦးမှာပဲ။ နေရာကျလျှင် လမ်းညွှန်ခ ဘယ်လောက်ပေးမလဲ။

(နွဲ့) သည်လိုနေရာမှာတော့ ပါတ္တနာလို့သဘောထားပါမယ်။ အတ္တဟိတသမား မထင်ပါနှင့်။ မိတ်ဆွေညွှန်မယ့်လမ်းကို သိစမ်းပါရစေ။

(ဝင်း) စာရေးကြီး ကိုဘစီရဲ့ ခယ်မကလေးကို ခင်ဗျားသိတယ် မဟုတ်လား။

(မောင်နွဲ့က အတန်ငယ် စဉ်းစားပြီးလျှင်) သိမ်ကြီးဈေးအတွင်း ထီးဖိနပ်ဆိုင်ခင်းတဲ့ မစိန်ကို ပြောတာလား။

WWW.DHAMMARANSI.COM



(ဝင်း) ဟုတ်တယ်။ သူ့အစ်မထက်ပဲ ချောသေးတယ်။ အပြောအဆိုလဲ အပုံကြီး လိမ္မာတဲ့ ဟာကလေးပဲ။

**(မောင်နွဲ့က ခေါင်းခါ၍)**

ရုပ်တော့ ချောပါရဲ့ ကျုပ်သဘောနှင့် ကိုက်မယ် မထင်ပါဘူး။ မန်းနီးမကြွယ်တဲ့ မရန်းသီးသည်ကလေးပဲ။ စခန်းကြီးတယ်လို့လဲ ပြောသံကြားရတယ်။

(ဝင်း) မတွေ့ရခင်က ချဉ် မနေစမ်းပါနှင့်၊ သူပိုင်တဲ့ ပစ္စည်းတွေဟာ အများကြီး ရှိကြောင်းကို ကျုပ်ကောင်းကောင်း သိပါတယ်။ စခန်းလဲ မကြီးရှာပါဘူး။

(နွဲ့) တစ်နေ့က ဆူးလေဘုရားပေါ်မှာပဲ တွေ့လိုက်ပါသေးတယ်။ သူ့အမေကဖြင့်အတော်လယ်မယ့် လက္ခဏာပဲ။ ဘယ်ကလာပြီး ပိုက်ဆံရှိရမှာလဲ။ သူ့အစ်မ စာရေးကတော် မတင်က ထောက်ပင့်၍ ဆိုင်ကလေး ဖွင့်နိုင်တယ်လို့ သတင်းကြားဖူးတယ်။

(ဝင်း) အိုသည်အချက်ကို မိတ်ဆွေထက် အကွက်လည်အောင် ကျုပ်က သိပါတယ်။ စာရေးကြီးကတော် မတင်က ဉာဏ်ဆင်ကာ စုဆောင်းပြီး နှစ်သောင်းလောက်နီးနီး အပိုင်ပေးထားတယ်။ သို့အတွက် မစိန်မှာ စိန်ရော၊ အိမ်ရော၊ ရွှေငွေတွေ အတော်ပေါနေပါပကော။ အထိုက်အလိုက်ဆိုတော့ သိုက်ကလေး တစ်ခုပါပဲ။

(နွဲ့) ခင်ဗျာ့စကားကို ကောင်းကောင်း နားမလည်ဘူး။ ခပ်ကျယ်ကျယ် ငြိကာဖွင့် ပြောစမ်းပါဦး။

(ဝင်း) နားထောင်ပါ။ စာရေးကြီးကတော် မတင်တို့မှာ ယခင်က ပစ္စည်းမရှိကြဘူး။ ကိုဘစိနှင့် ရတော့ လခကလေး ၃ဝိသာ ရကြတယ်။ အနပ်အပါးမှာတော့ တစ်ကျပ်တစ်ပြားကစပြီး မရမက သိုဝှက် စုဆောင်းတဲ့ မိန်းမပါပေပဲ။ လခသုံးဆယ်လောက်တုန်းက သုံးဖို့ စွဲဖို့ ဆီဖိုး ဆန်ဖိုးကစပြီး စာရေးကြီး မသိအောင် ကဲ့လာလိုက်တာ ယခုထက်သာ တိုင်ပါရော။ ယခုတော့ စာရေးကြီးမှာ လခ နှစ်ရာကျော်ကျော် ရပြီလို့ သတင်းကြားတယ်။ ဘယ်လိုပဲရရ အိမ်တွင်းက သူခိုးရှိနေတော့ 'သမင်မွေးရင်းကျားစားရင်း' ဆိုသလို ပိုပိုမိုမို ဘယ်တော့မှ မရှိနိုင်ဘူး။ 'မူးရှူးပဲရှိုး ငပြုံးကျွန်ဖြစ်' ဆိုတဲ့စကားအတိုင်း စာရေးကြီး ကိုဘစိကဖြင့် ဆယ်လီ အကော်ကြေပါရဲ့။ သို့ပေတဲ့ ယခုထက်တိုင်အောင် ကိုယ်ပိုင်အိမ်နှင့် မနေမထိုင်ရရှာသေးဘူး။ 'သူခိုးတိုက် စိုးနှင်း' ဆိုသလို ဖြစ်နေတာကို မိတ်ဆွေရဲ့။

ကိုဘစိက သူဌေးကြီးတိုက်မှာ စာရင်းချုပ် စာရေးကြီးပါပဲ။ သူ့အိမ် တွင်းမှာတော့ စာရင်း မလုပ်တတ်ရှာဘူး။ မိန်းမပြဗာလဲ ခပ်ကြီးကြီးမို့ ပစ္စည်း အတွက်နှင့် ဝင်ပြီး မစွက်နိုင်ဘူး။ ကုန်ကုန် ပြောပါတော့မယ်လေ။ အလုပ်တိုက်သွားတာတောင် ရထားမစီးရရှာဘူး။ မုန့်ဖိုးပဲဖိုး အမျိုးမျိုး တို့တို့တီတီ သုံးချင်လျှင် သူ့သခင်မ လက်မှတ်ထိုးမှ သုံးခွင့်ရရှာတယ် ဆိုပါတော့။ သူ့သုံးစွဲသမျှကို မိန်းမက စာရင်း စစ်သေးတယ်။ ဖြစ်ပုံများ မနဲဘူးလားကွယ်။ လူလဲသည်လောက် ထုံထုံအအကြီး မဟုတ်ပါဘူး။ ယခုပြောခဲ့တဲ့အတိုင်း မတင်က သူ့လင်ရှာတဲ့ ပစ္စည်းများကို မတရားကဲ့ဝှက်ပြီး သူ့အမေကြီးကို အကုန်အပ်တာပဲ။ နပ်လိုက်ပုံများကတော့ သူပေးထားတဲ့ပစ္စည်းနှင့် သူ့အမေကြီးက သူတို့ကို ထောက်ပံ့ရသလိုလို အမေကြီး ဒေါ်ဂျမ်းကလဲ တစ်ဖက်ကမ်းခပ်အောင် လယ်တာမို့ သမီးငယ်ကလေး မစိန်နာမည်နှင့် ခြံရော

WWW.DHAMMARANSI.COM



အိမ်ရော ဝယ်ထားတယ်။ အော်ဒီမင်နှင့် ဈေးတဲ့ ငွေမှာလဲ မစိန်နာမည်ပဲ။ ငွေဆိုတာ အခြေရလျှင် တစ်စတစ်စ တိုးပွားတတ်လို့ စိန်နားကပ် ဝယ်ရုံမက တစ်လ တစ်လမှာ အတိုးတွေ အပုံရသတဲ့။ ရှိသမျှ မစိန်ခင် နာမည်ကြီးပါပဲ။ ကိုဘစိ အထုအပိန်း ကဖြင့် ကိန်းဆင်ပြီး တစ်ပတ် ရိုက်နေတာ ကို မသိရှာဘူး။ သည်လောက် မကသေး ဘူး။ မတင်က သူ့ယောက္ခမကြီး ဒေါ်မှန် ကို အိမ်ပေါ်က ကန်ချလိုက်ပြန်ပါပကော။

ဟု မောင်ဝင်းက စာရေးကြီးအပေါ်မှာ ကရုဏာဒေါသော မခံချင်တဲ့သဘောနှင့် ပြောရာ မောင်နွဲ့က–

ဩော်–နားလည်ပါပြီ။ ကိုယ့်လင်သား အပေါ်မှာ အကောက်ကြံတဲ့ မိန်းမတွေကို ကျုပ် ခဏခဏ တွေ့ဖူးလို့ မယုံဘူး မငြင်းသာပါဘူး။ ယခု ခင်ဖျားလမ်းပြတာ 'သူခိုးလက်က သူဝှက်လု' ဆိုတာလို ကျုပ် ကို သူဝှက်ဖြစ်အောင် တိုက်တွန်းတယ် ဆိုပါတော့။ ငွေရှားတဲ့ခေတ်မို့ ဘာပဲဖြစ်ဖြစ် အဟုတ်ဟန်ရင်ဖြင့် ကျုပ်ကြံပါမယ်။ ဒလန်ကောင်းကောင်း လုပ်နိုင်ပါမလား။

(ဝင်း) စိတ်သာချပါ။ ဒေါ်ဂျမ်းဆိုတဲ့ အမယ်ကြီး ကို ဓါးဖြူသီးလိုမ့်သလို ဒလိမ့်ခေါက်ခွေး ကျအောင် ပြောနိုင်ပါတယ်။ ကျုပ်နှင့် အရောလဲ ဝင်ပါရဲ့။ ခပ်မြှောက်မြှောက် ပြောမှဖြင့် လျောခနဲ လိမ့်ကျလာတဲ့ဟာ ကြီးပါ။ အလွန်တရာ အမြှောက် ကြိုက် တာကလား။ လူပါးကို မြှောက်ပြီး တစ်ပတ် ရိုက်ရတာ အလွယ်ဆုံးပါပဲ။ သူ့အမေပြီး လျှင် သမီးကလေး အလိုလိုပါလိမ့်မယ်။ 'အရင်းလဲတော့ အဖျားထင်းဖြစ်' တာမျိုး ပါ။ ကဲ ခင်ဖျားက သိမ်ကြီးဈေးကို ဝင်ပြီး မစိန်ကို လူယောင်ပြပေတော့။ ကျုပ်က ဒေါ်ဂျမ်းထံကို သွားပြီး ငါးမျှားချိပ် ချလိုက်ပါမယ်။

ဆိုပြီး အချင်းချင်း ခွဲသွားကြလေ၏။

ထိုနေ့သည် လပြည့်နေ့ဖြစ်သဖြင့် ဒေါ်ဂျမ်း သည် ဥပုသ်စောင့်ပြီး ပုတီးစိပ်၍ ဒေါ်ရိပ်ဆိုသော မိတ်ဆွေကြီးနှင့် စကားပြော လက်ဆုံကျနေသည့် အတွင်း ဒလန်ဆရာကလေး မောင်ဝင်းသည်ဒေါ်ဂျမ်း အိမ်သို့ တက်သွားလေ၏။

ဒေါ်ဂျမ်းက ပုတီးစိပ်ရင်း ပြောသည်မှာ

မရိပ်သမီးက တော်တော်များ ထောက်ပင့် နိုင်ရဲ့လား၊ သူလဲ စာရေးကြီးကတော်မို့ တော်တော် မိဘကို ကြည့်နိုင်မယ့် လက္ခဏာပါ ပဲ။

(ရိပ်) ကျွန်မသမီးက သူ့ယောကျ်ား မသိလျှင် မှုးစေ့တစ်စေ့မှ မသုံးတတ်ရှာဘူး။ ချွေတာ တဲ့ကိန်းနှင့် ပစ္စည်းထိန်း အတော် ကောင်း ရှာပါတယ်။ လင်ရှာပေးတဲ့ ပစ္စည်းကို သိမ်းသိမ်းဆည်းဆည်း လုပ်နိုင်မှလဲ မိန်းမ ဝတ္တရားနှင့် ညီပေတယ်။ သမက် ကိုယ်တိုင် က တတ်နိုင်သမျှတော့ ထောက်ပင့်ရှာ ပါရဲ့။ သဘောမရိုင်းရှာကြပါဘူး။

(မဂျမ်းက အနည်းငယ်ငေးပြီး)

လင်ပေးသမျှ ကျွေးသမျှနှင့် စားနေရတာ လဲ နည်းကောင်း မဟုတ်သေးပါဘူး။ 'ထမင်းစား ကျွန်ခံ' ဆိုတာလို ဖြစ်နေမှာပ။ ယခုကာလ ယောကျ်ားများဟာ မယားကို တယ်မညှာဘူး။ အာဏာကုန် ဩဇာပေးပြီး အသက်မသေရုံ ကျွေးထားချင်တဲ့ သဘော ရှိကြတယ်။ ရတဲ့ပစ္စည်းများကို မယား လက်သို့ အကုန်မအပ်ဘဲ လည်ပတ်ပြီး သုံးစွဲ ဖြုန်းတီးချင်ကြတာ များတယ်။ ဒါကြောင့် မယားများက ကိုယ့်လင်သား အပေါ်မှာ သဘောကောင်းပြီး သည်းခံတိုင်း လဲ ကောင်းတယ် မထင်ပါနှင့်။ ကျုပ်သမီး

WWW.DHAMMARANSI.COM



မတင်ဖြင့် အင်မတန် အလိမ္မာဖက်နိုင်တယ်။ သူ့လက် သူ့ခြေချည်းပါပဲ။ ပစ္စည်းဆိုသမျှ သူ့လက်ကမပေးဘဲ တစ်ရွေးသားလောက်မှ သူ့လင် မသုံးရဘူး။ သမီးလိမ္မာလို့ နေရာလဲ အတော်ကျပြီ ဆိုပါတော့။

(ရိပ်) ဟုတ်ပါရဲ့။ သဘောအမျိုးမျိုး ရှိကြတာကိုး။ လူချင်းတူသော်လဲ အသက်ရှူ ကွဲသေးသပ။ ကျွန်မသမီးကဖြင့် သည်နည်းကို မလိုက်စားရှာပါဘူး။ သူ့ယောကျ်ားအလိုကို အပုံကြီး လိုက်ရှာတယ်။ နို့ နေပါဦး၊ ရှင့်သားကလေး တစ်ယောက်ကော။ သူ့အလုပ်အကိုင်နှင့် နေရာတကျ ရှိရဲ့မဟုတ်လား။

(ဂျမ်း) အို – သည်အကောင်အကြောင်းကိုတော့ စကားစပ်ပြီး မပြောပါနှင့်။ သူ့ကျောက်ဝေါလုပ်ပြီး မိန်းမအစီးကို ခံနေရတဲ့သတ္တဝါပါ။ မယားက မျက်နှာထား လိုက်လျှင် ပြားခနဲ ဖားလိုဝပ်ပြီး 'အမိန့်တော်သံကို နာခံလျက်ပါ ဘုရား' လို့ သံတော်ဦးတင်တဲ့အခါ မယားက အမိန့်တော်ပြန်လျှင် 'မှန်ပါဘုရား' လို့ အသနားခံနေရတာပါပဲ။ သည်အကောင်နှင့်တော့ သေခန်းဖြတ်လိုက်ပါပြီ။ တစ်ပြားတစ်ချပ်မှ မိဘကို ပေးတာ မရှိဘူး။ သို့ကလောက် မိန်းမ ကြောက်ရတာ။ အလွန် နလုံးနာတယ်၊ သည်လို သတ္တဝါတွေရှိတာ ကမ္ဘာမြေကြီးကို အားနာပါရဲ့။

ဒေါ်ရိပ်က ပြုံးပြီး

မဂျမ်းပြောတဲ့စကားက တရားလမ်း တယ်ကျမယ် မထင်ပါဘူး။ ကိုယ့်သမီးက သမက်အပေါ်မှာ ဩဇာပေးနိုင်တာကိုတော့ ချီးမွမ်းတယ်။ ချွေးမက ကိုယ့်သားအပေါ်မှာ ဩဇာပေးတော့ တစ်ရွေးသားလောက်မျှ အဖိုးမတန်အောင် ကဲ့ရဲ့တယ်။ ရှေ့နောက် မညီမညွတ်ပါပဲကလား။ စဉ်းလဲစဉ်းစားဦးမှပေါ့။ ကိုယ့်ဘက်ကချည်း အနိုင်လိုချင်လို့ ရတာမျိုး မဟုတ်ပါဘူး။

(ဂျမ်း) အို – မတရားသော၊ တရားသော သည်အကောင်အကြောင်းကို မပြောပါနှင့်တော့။

ဆိုပြီး မျက်နှာထားကြီးနှင့် ပုတီးစိပ်၍ နေလေ၏။

(ရိပ်) သမီးငယ်ကလေး မစိန်ကို မင်္ဂလာမဆောင်ရသေးဘူးလား။

(ဂျမ်း) မဆောင်ရသေးဘူး။ ဘီအေကလေးတွေကဖြင့် အတော်ချောင်းကြတာပဲ။ ကောလိပ်ကျောင်းသားတွေက မစိန်ခင်ကို မြင်မှဖြင့် ချစ်ခင်ချင်တဲ့ စိတ်စွဲနှင့် ရစ်ဝဲရစ်ဝဲ နေကြတယ်။ မစိန်ခင် အရုပ်အရည်က ဘီအေနှင့် ထိုက်တန်လို့ မင်းကတော်ဘွဲ့ခံရမှာ မလွဲပါဘူး။ အကဲကလေးကို ခတ်မိပါရဲ့။

(ရိပ်) ထင်တိုင်း အောင်ပါစေလို့ ဆုတောင်းပါရဲ့။ သူ့အစ်မသွေးဝင်ပြီး လင်ပေါ်မှာ ဩဇာပေးနိုင်ပုံ ရရဲ့လား။

(ဂျမ်း) အမယ်မင်း မပြောပါနှင့်။ အစ်မသွေးလောက် ကရိုးလား။ ပါးလိုက်တဲ့ ဘဝမှာ ရေပါးစက္ကူက အစ်မကြီး ခေါ်ရပါသေးတယ်။ အိမ်ထောင်မကျခင်က ပစ္စည်းတွေ ကိုယ်ပိုင်ရနေတာကို ထောက်ပါတော့။ လင်ပေါ်မှာ မောက်ပြီး ရဲရဲတောက် ပါရမိမို့ အာဇာနည် ဇတ်ဇတ်ကြဲကလေးပါ။ သူ့အတွက် စိုးရိမ်စရာ မရှိပါဘူး။

(ရိပ်) ယောကျ်ားကို လက်ဝါးနှင့်အုပ်ပြီး ပါးစပ်ကို အပ်နှင့်ချုပ်သလို နိုင်မှ မဂျမ်းသဘောကျမှာပါ။ အမျိုးစရိုက်နှင့် ခွာတ်လိုက်ပြီး သူ့အစ်မ ခြေရာ နင်းနိုင်မယ့် လက္ခဏာပါပဲ။ ကဲ စကားပြောလို့လဲ ကောင်းပါရဲ့။ ခွင့်ပေးပါဦး၊ သွားစရာ ရှိသေးလို့ပါ။

ဆိုပြီး ဒေါ်ရိပ် ဆင်းသွားလေ၏။

WWW.DHAMMARANSI.COM



ထိုအခါ မောင်ဝင်းသည် အိမ်ပေါ်သို့ တက်လာပြီးလျှင်

ကြီးကြီး ယနေ့ ဥပုသ်ရ မှတ်တယ်။ ပုတီးကြီးနှင့်ပါကလား။

ဟု ဝမ်းမြောက်ဝမ်းသာ ရယ်ပြုံး၍ မေးရာ ရှေးကလဲ အကျွမ်းတဝင် ရှိသည်နှင့် ဒေါ်ဂျမ်းက

အရွယ်ကြီးတော့ ပုတီး အားကိုးရတာပဲ မောင်ရေ့။ မပေါ်လာတာ အတော်ကြာသွားပါပကော။ မင်းလဲ ငုပ်ချည်ပေါ်ချည်နှင့် စူဠလိပ်လိုပါကလား။

(ဝင်း) ကိစ္စက အများသားကလားခင်ဗျာ။ သိမ်ကြီးဈေးက မစိန်ဆိုင်ကိုတော့ တစ်ခါခါ ရောက်ပါရဲ့။ မောင်အရင်း ထင်ပြီး သူကလဲ ချစ်ခင်ရှာတယ်။ အရောင်း အဝယ်နှင့် အပြောအဆိုအပုံကြီးလည်တာကလားခင်ဗျား။ ကျွန်တော်သွားတိုင်း ကောလိပ်ကျောင်းသားကလေးတွေ သူ့ဆိုင်မှာ ကြပ်ကြပ်နေတာပဲ။ ထီး၊ ဖိနပ် ဝယ်ကြတာတွေ။

(ဂျမ်း) မင်းနှမကလေး လိမ္မာတဲ့အရေးကိုတော့ သိမ်ကြီးဈေးတစ်ခုလုံး တုန်ပြီး ရန်ကုန်တစ်မြို့လုံး ကျော်နေဟာပါပဲ။ တော်တော့်ကို လိမ္မာပါးနပ်တာကလေးကွဲ့။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ပါဘူး။

(ဝင်း) ကျွန်တော် သိပါတယ်။ နှမကလေး အတွက် စိတ်မအေးလို့ သတိပေးဖို့ လာခဲ့တာပါပဲ။

ဒေါ်ဂျမ်း၏ စိတ်ထဲက ထိတ်ခနဲ ဖြစ်သွားပြီးလျှင်

အို – ဘယ်လိုသတင်းများ ကြားလို့ပါလဲ။ ကြီးကြီးကို ပြောစမ်းပါ။

(ဝင်း) သတင်းဆိုး မဟုတ်ပါဘူး။သတင်းကောင်းပါ။ ကောလိပ်ကျောင်းက လာပြီး ချောင်းကြ တာတွေ အင်မတန် များပါကလား။ ကျော်စောမှုဖြင့် ချော်တော ငေါ့တတ်ပါတယ် ကြီးကြီး။ ရှေးအခါကတော့ ဘိအေဆိုလျှင် အပျိုတွေ အပုံကြီး ဝိုင်းရပါတယ်။ ယခုကာလမှာတော့ အာကာသ ကောင်းကင် တွေမှာ ကြယ်တာရာတွေ များသလို ဘီအေသမား အလွန်ပေါလေတော့ ခေတ်ကာလ ပြောင်းပြန် လှည့်ပြီး အပျိုကလေးများက နွဲ့ကိန်း ပေါ်လာပါပကော။ လောကမှာ ပေါသမျှ ဈေးလျော့တာချည်းပါပဲ။ ဒါကြောင့် ဘီအေဆိုတိုင်း အထင်မကြီးပါနှင့်။ သမီးကလေးက တကယ့်အဖိုးတန်မို့ ဟန်ချင်တိုင်း ဟန်လုပ်နိုင်ပါတယ်။ မျက်စိကို စုံမှိတ်၍ အိပ်ပြီးနေတော့ ဘီအေတွေ အလိုလို အိမ်ပေါ်ရောက်လာပါလိမ့်မယ်။ ဘီအေ တစ်ရာလောက်မှာ ခေါင်းခေါက်ပြီး ရွေးဖို့ ကျွန်တော် သတိပေးချင်တာပါပဲ။

(ဂျမ်း) အင်း မောင်ပြောတာ ဟုတ်ပေတယ်။ ဒါဖြင့် မောင့်နှမနှင့် နေရာချဖို့ သင့်လျော်တာများကို မမြင်ဘူးလား။ ကာလသားဆိုတော့ အများသဘောကို သိနိုင်ပါတယ်။

(ဝင်း) သည်လိုပုံပြီး ယုံကြည်လွှဲအပ်မယ် ဆိုလျှင်လဲ အားခဲပြီး ကောင်းဖို့ ကြံရမှာပ။ တခမ်းတနား ကောင်းစား ကြီးမြင့်တာကို မြင်ချင်ပါတယ်။ ကျွန်တော် ပြောချင်တာက ပညာတွင်မှု ဘီအေအောင်ရုံမကသဲ အချောအလှ အရုပ်အရည်မှာလဲ ဘီအေကို အောင်နေပါတယ်။ အလိမ္မာတွင် အညွန့်အဖူးမို့ အထူးပင် သဘောကျစရာ ကောင်းတဲ့ လူကလေးပါ။ အမျိုးအရိုန်ကလဲ တန်ခိုးသိန် အတော်ကြီးပါရဲ့။ ကျွန်တော်နှင့် မိတ်ဆွေရင်း။ အတွင်းသူ လူချင်းမို့ အတိအလင်း ကျွန်တော် ပြောရဲတာပါ။ သည့်ပြင်ဖြင့် မစိန်နှင့် တော်တာကို မမြင်ပါဘူး။

WWW.DHAMMARANSI.COM



(ဂျမ်း) မောင်က နေရာကျတယ်ဆိုရင် ကြီးကြီး သဘောတူနိုင်ပါရဲ့။ ပညာကလဲ ဘီအေ အမျိုးအဆွေကလဲ ကြီးမား။ အခန့်စား အဖိုးတန် ဆိုတော့ ငြင်းဆန်ဖို့ မရှိပါဘူး။ နာမည်ကို ပြောစမ်းပါဦး။

(ဝင်း) ဘီအေ မောင်နွဲ့ပါတဲ့ ခင်ဗျား။ ကျွန်တော် ခေါ်လာခဲ့ပါမည်။ နှုတ်စ လျှာစနှင့် ဂါရဝ ဘယ်လိုရှိတယ်လို့ တွေ့တော့ သိပါလိမ့်မယ်။ လူကတော့ အလွန် ရက်တတ်ပါတယ် ခင်ဗျာ။ သည်လိုအရာမှာ တစ်ခါမျှ မကျွမ်းကျင်ဖူးရှာသေးပါ။

(ဂျမ်း) လိမ်လိမ်မာမာ ရှိလို့ ဗိုင်းကောင်း ကျောက်ဖိ ပိပိရိရိကလေးဆိုတော့ သာပြီး သဘောကျစရာပေါ့။ တစ်ခါလောက် ခေါ်လာပါဦး။

ဆိုရာ မောင်ဝင်းက

"ကောင်းပါပြီ။ မကြာမီ ခေါ်လာခဲ့ပါမယ်။ ညီအရင်းအချာလို အလွန်တရာ ချစ်ခင်ပါတယ်။ ကဲ ကျွန်တော်လဲ သွားပါဦးမယ်။ မစိန်ကိုလဲ သည်အကြောင်းကို ပြောတန်သမျှ ပြောထားလိုက်ပါ"ဆိုပြီး မောင်ဝင်း ထွက်လာခဲ့လေ၏။

မောင်နွဲ့နှင့် တွေ့သောအခါ "နေရာဖြင့် ကျတော့မှာပဲ။ ယောက္ခမလောင်းကဖြင့် ကောင်းကောင်းကြီး သဘောကျနေပြီ။ သန်ဘက်ခါ ကျုပ်တို့ သွားရလိမ့်မယ်။ ဘီအေစတိုင်နှင့် မြိုင်မြိုင်ကြီး မင်းက ဟန်လုပ်ပေတော့"ဟု ပြောဆိုရာ မောင်နွဲ့က

"ကျုပ်လဲ သိမ်ကြီးဈေးထဲမှာ ကောင်မကလေးကို မြင်ခဲ့ပါတယ်။ အပြောအဆိုက ရဲသနှင့်။ ဇတ်ဇတ်ကြဲကလေးပါပဲ။ အပါးအနပ်မို့ ကျုပ်တို့ကို ပြန်နှပ်မှာ စိုးရိမ်ရတယ်။ သူ့ဆိုင်သွားပြီး ထီးတစ်ချောင်း ဝယ်တဲ့အခါ လူရိုး လက္ခဏာတော့ ကျုပ်က ပြခဲ့ပါရဲ့။ ကောင်မကလေး ကြည့်ပုံကဖြင့် ခုံခုံမင်မင် ချစ်ချင်တဲ့ လက္ခဏာပဲ။ ကဲ သန်ဘက်ခါ ဖြင့် သွားကြတာပ"ဟု ပြောဆို တိုင်ပင်နေကြလေ၏။

မောင်ဝင်း ပြောခဲ့သောအတိုင်း ဒေါ်ဂျမ်းကလည်း ဘီအေ မောင်နွဲ့အကြောင်းကို မစိန်ခင်အား ပြောကြားရာ "ကျွန်မကိုယ်တိုင် ကြည့်ရှုပြီး အကဲခတ်ပါရစေဦး"ဆို၍ ချိန်းဆိုသောနေ့တွင် ဈေးသို့မသွားဘဲ စောင့်၍ နေလေ၏။

မောင်နွဲ့သည် ရွှေမျက်မှန်ကို တပ်၊ ဖိနပ်ကောင်းကောင်းနှင့် ခေါင်းပေါင်းကို ခပ်စောင်းစောင်း ဘီအေ စတိုင် ပေါင်းပြီးလျှင် အင်္ဂလိပ်စာအုပ်ကလေး တစ်ခုကို လက်က ကိုင်၍ လမ်းညွှန်ဆရာကြီး မောင်ဝင်းနှင့် ဒေါ်ဂျမ်းအိမ်သို့ လာခဲ့ရာ အိမ်ပေါ်သို့ ရောက်လျှင် ရက်ကြောက်သော အမူအရာနှင့် မောင်နွဲ့က ဟန်လုပ်၍ စာအုပ်ကလေးကို ခဏခဏ ကြည့်ပြီး ထိထိရောက်ရောက် မပြောဝံ့သကဲ့သို့ ခပ်ရွံ့ရွံ့နှင့် ပွင့်ပွင့်လင်းလင်း မပြောမဆိုဘဲ လေသံအေးအေးနှင့် ခပ်ဖြည်းဖြည်း အင်္ဂလိပ်သံပါအောင် ပြောဆိုလေ၏။

(ဝင်း) မစိန် ယနေ့ ဈေးမထွက်ဘဲကိုး။

(ခင်) ဟုတ်ကဲ့။ ကျွန်မ နေမကောင်းလို့ ယနေ့ အိမ်မှာပဲ နေပါတယ်။

(ဝင်း) အရောင်းအဝယ်များ တော်ပါရဲ့လား။

(စိန်) ကိုကိုဝင်း သိတဲ့ အတိုင်းပါပဲ။ စပါးဈေးနှင့် ပဲဖြူကလေးများကလဲ မဟန်တော့ နိုင်ငံမှာ ငွေရှားတယ်ရှင့်။ တောကလူတွေ ပါးရှားတော့ ကုန်သည်များလဲ အရောင်းရနည်းတာပါပဲ။ နိုင်ငံရင်းကုန်က ဈေးပျက်၊ နိုင်ငံခြားကုန်တွေက ဈေးတက်တော့ အခက်တွေ့ သုံးလွန်တင်ကြိုးလို နေရောရှင့်။ စစ်မပြီးမှဖြင့် ချစ်တီးရော၊ ကုန်သည်ရော၊ လယ်သမားရော၊ အို- မပြောပါနှင့်တော့။ လူတကာတိုင်း လည်ပင်းမှာ ကြိုးကွင်း တပ်သလို ကြပ်နေကြတာပါပဲ။

(မောင်နွဲ့က "အပြောအဆိုဖြင့် ဂျင်လယ်သလို မှတ်နေပါကလား။ အခွပ်ကောင်းတဲ့ ကြက်

WWW.DHAMMARANSI.COM



ကလေးလို ပဲ။ သည်စက်ကို လယ်အောင်မှ လှည့်နိုင်ပါမလား"ဟု စဉ်းစားပြီး ခပ်လန့်လန့်နေလေ၏။

မစိန်က မောင်နွဲ့မျက်နှာကို တစ်ချက်တစ်ချက် စိုက်၍ ကြည့်ရာ မျက်စိချင်း ဆုံမိတိုင်း မောင်နွဲ့က ရှေ့ဦးစွာ ရှက်သော အမူအရာဖြင့် မျက်စိကို လွှဲ၍ပစ်လိုက်သည်။)

ဒေါ်ဂျမ်းက မောင်နွဲ့ကို ကြည့်ပြီးလျှင် "မောင်က တယ်စကားနည်းတာကိုး။ ရန်ကုန်မြို့ကပဲ မဟုတ်လား။"

(နွဲ့) မဟုတ်ပေါင်ပါ ခင်ဗျား။ ပုသိမ်မြို့ကပါ။ (အသံ ခပ်တုန်တုန်နှင့် ပြောသည်။)

(ဂျမ်း) ရန်ကုန်မြို့မှာ ဘယ်လို အလုပ်အကိုင်နှင့် ယခု နေထိုင်ပါသလဲ မောင်။

(မောင်ဝင်းက ကြားဝင်၍) သူ ဘီအေ အောင်ပြီးတာ ခြောက်လလောက် ရှိသွားပါပြီ။ မိဘများက စာသင်ရတာ ပင်ပန်းတဲ့အတွက် တစ်နှစ်လောက် အလုပ်မလုပ်ဘဲ ကျန်းမာအောင် ကိုယ်ကို မွေး၍ အေးအေးသာသာ ရန်ကုန်မြို့ပေါ်မှာ နေပါဦး ဆိုပြီး အလုံအလောက် စရိတ် ထောက်ထားလို့ ယခုဖြင့် ဘယ်အလုပ်မှ မလုပ်ရသေးပါ။ မြို့အုပ်လောင်းကလေးပါပဲ။

(ဂျမ်း) တစ်ဦးကစပ် တစ်ရာဆိုတာလို မောင်ဝင်းနှင့်စပ်ပြီး အလည်အပတ် လာတာပေါ့။ အဒေါ်တို့ဟာ အလွန် ချစ်ခင်တတ်ပါတယ်။ ယခုတော့ ဘယ်အိမ်မှာ နေထိုင်စားသောက်ပါသလဲ။

(နွဲ့) ကျောင်းသားဘဝနှင့် ထမင်း လခ ပေးပြီး စားနေတဲ့ အိမ်မှာပင် နေပါတယ် ခင်ဗျား။ အဲသည်အိမ်ကလဲ သားအရင်းလို ခင်နေလို့ ပုသိမ်ကို မပြန်ချင်ပါနှင့်တော့။ သူတို့ အိမ်မှာပဲ နေထိုင်ပါ ဆိုတာနှင့် အားနာပြီး မခွာဘဲ နေရပါသေးတယ် ခင်ဗျား။

(ဒေါ်ဂျမ်းက ရုတ်တရက် မျက်နှာပျက်ပြီး မောင်ဝင်းကို တိုးတိုးမေးသည်မှာ)

မောင်နွဲ့ ထမင်းလခပေးစားတဲ့ အိမ်မှာ အပျိုကလေးများ ရှိသလား။

(ဝင်း) ရှိတာယ်ကြီးကြီးရဲ့။ ဒါကြောင့် ကျွန်တော်က အရင် အမြန်လာပြောတာပေါ့။ အဆွဲကလဲ အလွန်ကောင်းတာကလား။ 'အားနာလျှင် အားပါ'ဆိုတာလို မောင်နွဲ့ကလဲ အားနာ တတ်ပါဘိသနှင့်။ တစ်ချက်ချက် ငြိသွားမှာ စိုးရိမ်ပါတယ်။ သူ့ကိုချိန်လို့ ဟိုအိမ်က သည်လောက် အလိုလိုက်တာပ။

(ဂျမ်း) လက်လွှန်မသွားပါစေနှင့်။ ကြီးကြီးကလဲ မြန်မြန် ကြံစည်ပါမယ်။ မစိန် ကာဖီများ ပြင်ယူခဲ့ပါ။ ညည်းမောင်တွေက ကာဖီ ကြိုက်ကလေးတွေနဲ့ တူပါတယ်။

မိခင်စကားအတိုင်း မစိန်က ကာဖီများကို ပြင်၍ မုန့်မျိုးစုံနှင့် တိုက်ကျွေးလေ၏။

ဤကဲ့သို့ပြောဆို၍ တစ်နာရီလောက်ရှိသောအခါ မောင်နွဲ့က လက်ပတ်ရွှေနာရီကို ကြည့်ပြီး

"ကိုကိုဝင်း ကျွန်တော့်အိမ်က ခပ်မြန်မြန်လာပါလို့ မှာလိုက်တယ်။ သွားဖို့ အချိန်တန်ပြီထင်ပါရဲ့"ဆိုသောအခါ မောင်ဝင်းက

"ကျွန်တော်တို့ကို အခွင့်ပေးပါဦး"ဟု နှုတ်ဆက်လျှင် ဒေါ်ဂျမ်းက

"ထိုင်တာ ခဏကလေး ရှိပါသေးတယ်။ သွားချင်လိုက်ကြတာက လွန်လို့။ မျှော်မယ့်သူများ ရှိလို့လား။"

(မောင်နွဲ့က ရှက်ဟန်ပါသော အမူအရာနှင့်)

"မျှော်သူ မရှိပေါင်ပါခင်ဗျား။ ကျွန်တော်က စကားနည်းလို့ အလွန် အားနာပါတယ်။"

ဤသို့ နောက်ထပ် ဆယ်ငါးနစ်လောက် စကားပြောပြီးလျှင် ဒေါ်ဂျမ်းကို ရိုသေစွာ ဦးညွတ်၍ ထကြရာ ဒေါ်ဂျမ်းက

"နက်ဖြန် ဆက်ဆက် လာခဲ့စမ်းပါဦး"ဟု မောင်ဝင်းကို တိုးတိုး မှာလိုက်လေ၏။

WWW.DHAMMARANSI.COM



မောင်ဝင်းတို့ ပြန်သွားကြသောအခါ

(ဂျမ်း) မစိန်ခင် ဘီအေ မောင်နွဲ့ကို မြင်ရဲ့လား။

(ခင်) တမြန်မနေ့ကပဲ ကျွန်မဆိုင်ကို ထီး လာဝယ်သေးတယ်။ ရုပ်ကတော့ မေမေမြင်တဲ့အတိုင်းပါပဲ။ သဘောလဲ ရိုင်းမယ့်လက္ခဏာ မရှိဘူး။ မိန်းမလို အရုပ်အဆင်းနှင့် ကုတ်ကမြင်းကလေး ဖြစ်နေမှာသာ စိုးရိမ်စရာ ရှိပါတယ်။ ပညာရော၊ ခနရော အလှအချောပါ စုံလို့။ အပုံကြီး မျက်နှာများနေမယ် ထင်ပါတယ်။ အချစ်အခင်တွေကပေါ၊ ရုပ်ခပ်ချောချောနှင့် ပဒုမ္မာကြာတောကို ကြိုက်မိလျှင် တိုက်ရ ခိုက်ရတာတွေ အပုံကြီးများသတဲ့ မေမေ။

(ဂျမ်း) နောင်ရေးကို တွေးပြီး မလန့်ပါနှင့်။ သူ့ပုံပန်းကို ထောက်လျှင် မယားကို ကြောက်မယ့် လက္ခဏာပါ။ ကလီကမာတတ်မယ့် အသွင် မဟုတ်ပါဘူး။ သမီးကတော့ သဘောကျနိုင်ရဲ့ မဟုတ်လား။

(မစိန်က ပြုံးပြီး)

"မှန်းစရာမို့ နှလုံးနာတယ်လို့ ကျွန်မ မပြောပါဘဲကလား။"

ဤသို့ ပြောဆိုနေစဉ် သမီးကြီးမတင်ပေါက်လာသည်နှင့် မောင်နွဲ့အကြောင်းကို ပြောပြရာ

"မေမေက လူကဲခပ် အလွန်ကောင်းတာပဲ၊ အမေ သဘောတူလျှင် ကျွန်မ ငြင်းစရာ မရှိပါဘူး" ဟု ပြောလေ၏။

နောက်တစ်နေ့ မောင်ဝင်းလာသောအခါ ဒေါ်ဂျမ်းက "မောင့်လူက တယ်ရိုးပါကလား။ ကြိုးဆွဲတိုင်းကမယ့် မင်းသားရုပ်ကလေး ထင်ပါရဲ့။"

(ဝင်း) ရိုးပေမယ့် စိတ်အလွန်ခိုင်ပါတယ်။ ဆွဲတိုင်း မယိုင်ပါဘူး။ ဘယ်နှယ့်လဲ သဘောကျတော်မူဖို့ ရှိပါရဲ့လား။

(ဂျမ်း) မောင်လမ်းညွှန်သမျှ မောင့်နမ ကလေးက လိုက်မှာပါ။ မကြိုက်စရာ မရှိပါဘူး။ သူနေတဲ့ အိမ်က အတင်းဆွဲပြီး တွင်းထဲ ချလှောင်မှာ စိုးရိမ်ရတယ်။

(ဝင်း) ပညာအရှိသားကလား။ မှောက်မှောက်မှားမှား သူမဖြစ်နိုင်ပါဘူး။ သူနေတဲ့အိမ်က ပလူးသော်လဲ ပြုပ်မနူး အထူအပိန်းကြီး လုပ်နေပါတယ်။ ကျွန်တော်က ဆရာကြီးမို့ နည်းပေးတဲ့အတိုင်း လိုက်နာတဲ့ လူကလေးပါ။

(ဂျမ်း) နီးစပ်တန်များရင်တော့ မှောက်မှား တတ်သတဲ့။ 'မှောင်ထဲမှာ ရှောင်ခဲသည်၊ ထိစပ်လျှင် ငြိကပ်သည်' ဆိုတဲ့ စကားလို မှောက်မှောက်မှားမှား ဖြစ်မှာကို စိုးရိမ်ပါတယ်။

(ဝင်း) ကြီးကြီး ပြောတာ မှန်ပါရဲ့။ ဒါကြောင့် ခပ်မြန်မြန် ဖြစ်စေချင်တာပါပဲ။

(ဂျမ်း) ကောင်းပါပြီကွယ်။ သူလဲ အလည် လာပါစေ။ ကလေးချင်း နီးနီးရင်းရင်း ချစ်မှ မပစ်နိုင်အောင် စွဲလမ်းတာမျိုးကလား။

(ဝင်း) မှန်ပါတယ် ကြီးကြီး။ နီးနီးစပ်စပ် ပြောဖူးဆိုဖူးမှလဲ အချစ်ဆိုတာ ရဲရဲဝံ့ဝံ့ ရှိလာတာမျိုးပေပဲ။ နက်ဖြန်ခါညကို အလည်လာပါစေမယ်။ အလွန် ရှက်တတ်ရှာပါတယ် ခင်ဗျား။ မောင်နွဲ့ကို ခနဲ့တဲ့တဲ့များ မပြောပါနှင့်။ ကလေးသဘောမို့ ပရိယာယ်နှင့် ပြောတာကို နားမလည်ရှာဘူး။ မနူးမနပ်တဲ့ အစိမ်းမို့ မိန်းမဆိုတာ ဘယ်ခါမှ စကားရဲရဲ မပြောဝံ့ဘူး။ ယခု ပွဲဦးမို့ အထူး အလိုလိုက်ပါခင်ဗျာ။

ဟု ပြောကြားပြီးလျှင် မောင်ဝင်း ထွက်လာခဲ့လေ၏။

မောင်နွဲ့နှင့် တွေ့သောအခါ "ဆင်ဖြူတော်မှီပြီး ကြံစုပ်ကိန်းဖြင့် ကောင်းကောင်းကြီးပေါ်ပြီ မိတ်ဆွေ။ ဘီအေ အသံနှင့် ဟိန်းလိုက်တာ ရှိန်းခနဲ၊ ရှိန်းခနဲ မင်းယောက္ခမကြီး သဘောကျသွားတာပဲ။ ဋ္ဌေဖြင့် မပျက်စေနှင့်နော်။ မတတ်ယောင်ဟန်လုပ်ပြီး ကုတ်နိုင်သမျှ ကုတ်နေ။ အရှုပ်တွေ

WWW.DHAMMARANSI.COM



ပေါ်သွားမှာကိုလဲ စိုးရိမ်ရတယ်။ နက်ဖြန်ညဖြင့် မင်းတစ်ယောက်တည်း မြန်းပေတော့။ လမ်းညွှန်တဲ့ ကိစ္စဖြင့် ချောခဲ့ပြီ"

(နွဲ့) သားအမိနှစ်ယောက်၏ အပြောအဆိုကို ထောက်လိုက်တော့ ကြောက်စရာ ခပ်ကောင်းကောင်းပဲ။ သူတို့စက်ကွင်း မိမှုဖြင့် အစွမ်းရှိသမျှတွေ တုံးပြီး လုံးလုံးကြီး သူတို့လက်အောက်က ထွက်ပေါက်မရှိဘဲ ကြပ်တည်းနေမှာကို လန့်ရသေးတယ်။ အကော်ပဲလို့ ကြံပါ။ အတန်ကြာတော့ ကိုယ့်အပေါ်မှာ သူတို့က ပြန်ကော်သွားမှာ စိုးရိမ်ရတယ်။ ခင်းမိတဲ့ဇာတ်လမ်းကိုဖြင့် ဆုံးခန်းတိုင်အောင် ပွဲထွက်ရဦးမှာပဲ။

(ဝင်း) တွေးမကြောက်ပါနှင့်။ ဈေးပေါက်တဲ့ အတိုင်း ရောင်းရဝယ်ရတာမျိုးပါ။ ရန်ကုန်မြို့ အတွင်းမှာတော့ မင်းလဲ လူမွှတ် တစ်ယောက် လုပ်နေတာပဲ။ အဆုံးကျတော့ မကျော်ရပြန်ရုံရှိမှာပ။ စာရေးကြီးကိုဘစီအပေါ်မှာ လော်လော်မာမာ လုပ်တာတွေကို မခံချင်လို့ ကျုပ်လဲ ခင်ဗျားကို တိုက်တွန်းမိတာပါပဲ။ ကောင်မကလေးကိုတော့ သနားပါရဲ့။ သူ့အမေနှင့် သူ့အစ်မကိုတော့ မျက်မြင်ဒိဋ္ဌ တစ်နည်းနည်းနှင့် ဆုံးမလိုက်ချင်တယ်။

ဤသို့ ပြောဆို တိုင်ပင်ကြပြီးလျှင် နောက်တစ်နေ့ညနေ ၇–နာရီလောက်တွင် မောင်နွဲ့သည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်၍ မစိန်အိမ်သို့ သွားလေ၏။

ယောက္ခမလောင်းကြီးက ပျာယီးပျာရာနှင့် ခြေမကိုင်မိ လက်မကိုင်မိ မောင်နွဲ့ကို ဂရုတစိုက် ညှော်ခံ ပြောဆိုပြီးလျှင် အတန်ကြာသောအခါ မစိန်နှင့် မောင်နွဲ့ကို ထားပြီး ရှောင်ရှား၍ နေလေ၏။

(မစိန်) တစ်နေ့ဆီက ကျွန်မဆိုင်ကို ရှင် တစ်ခေါက် လာပြီး ထီးဝယ်တယ် မဟုတ်လား။

(မောင်နွဲ့က အတန်ကလေး စဉ်းစားပြီး)

ဩော် ဟုတ်ပါတယ်။ ကျုပ်လာဝယ်တာကို သတိရလိုက်သလား။

(မစိန်) ရလိုက်ပါတယ်။ ရှင့်မျက်နှာမျိုးတော့ တစ်ခါမြင်ဖူးလျှင် ဘယ်သူမှ မေ့မယ် မထင်ပါဘူး။

(နွဲ့) အရုပ်ဆိုးတဲ့ မျက်နှာဆိုတော့ လူတကာ မှတ်မိတာပဲ။

(မစိန်) ဟုတ်ကဲ့။ အရုပ်ဆိုးလို့ပဲ ကျွန်မ မှတ်မိလိုက်တာပါပဲ။ ကျွန်မလို မှတ်မိတဲ့ မျက်နှာ သိတော့ ရှင့်မှာ အများကြီးပလေ။

(နွဲ့) မများပါဘူးခင်ဗျာ။ ကျုပ်က မှတ်မိတာဖြင့် မစိန်မျက်နှာ တစ်ခုထဲပါပဲ။

(မစိန်) ရှင်ဘယ်တုန်းက မှတ်မိသလဲ။

(နွဲ့) ခင်ဗျားကတော့ သတိမရဘူးပေါ့လေ။ ဘီအေ ဂျူနီယာတုန်းက ခင်ဗျားမျက်နှာကို ဆူးလေကုန်းတော်ပေါ်မှာ ရှေးဦးစွာ မြင်လိုက်ရတယ်။ သည်ကထဲက စိတ်ထဲမှာ စွဲပြီး တရစ်ဝဲဝဲ မစိန်မျက်နှာကို မြင်နေတာပဲ။ ဆိုင်နားကို မကြာမကြာ လာပါတယ်။ ခင်ဗျားကတော့ အမှုမဲ့ အမှတ်မဲ့မို့ မောင်နွဲ့ကို ဂရုမစိုက်ပေဘူး။ ရေငတ်တဲ့ လူက ရေကို တောင့်တသော်လည်း ရေကတော့ ရေငတ်တဲ့ လူကို အမှတ်မရသလိုပါပဲ။

(မစိန်က ပြုံးရယ်ပြီး)

အမယ်လေး ဒါလောက်တောင် ဖြစ်နေရသလား။

(နွဲ့) ပြောသလောက် မကပါဘူး။ ကျုပ် စိတ်ထဲက စွဲသမျှကို ခွဲပြလိုက်ပါလျှင် မစိန်ယခု ချက်ချင်း ငိုလိမ့်မယ် ထင်ပါတယ်။

(မစိန်က ပြုံး၍)

ရှင့်အပူလုံးကို မခွဲပါနှင့်။ ငိုပွဲခံနေရမှာ စိုးရိမ်ပါတယ်။

WWW.DHAMMARANSI.COM



(နွဲ့) ကဲ ကဲ တိုတိုပဲ ဖာတ်ခင်းကြပါစို့ရဲ့။ ကာလက အပိုအမိုမကြိုက် အတိုလိုက် နေကြတာ ဖြစ်လို့ တိုက်ရိုက်ကြီး ထိုတို ပြောပါရစေ။ မစိန်၏ ချစ်မေတ္တာကို မောင်နွဲ့အပေါ်မှာ လွှဲပုံပြီး အကုန်လုံး အပ် မအပ် သိချင်ပါတယ်။ အချိန်ကုန် ကြာကြာ မခံပရစေနှင့်။

(မစိန်) ကျွန်မက လွှဲပုံလျှင် လုံလုံခြုံခြုံနှင့် ယုံယုံကြည်ကြည် ရှင်က ထိန်းသိမ်း နိုင်ပါ့မလား။

(နွဲ့) ကျုပ်အသက်ကို ဖယ်ရှားပြီး မစိန် မေတ္တာကို လုံလုံခြုံခြုံထားပါ့မယ်။ အခြားက မေတ္တာကို ဘယ်ခါမှ လက်သင့် မခံပါဘူး။

ဤသို့ ပြောဆိုနေစဉ် အချိန်အတော်ကြာ သွားသည်နှင့် ဒေါ်ဂျမ်း အခန်းထဲက ထွက်လာသဖြင့် စကားလက်စကို ဖြတ်ပြီးလျှင် စပ်မိစပ်ရာ ပြောဆိုကြလေ၏။ ဆယ်နာရီထိုးသည်နှင့် မောင်နွဲ့ ပြန်မည်ပြုရာ မစိန်က "မကြာမကြာ လာလျှင်ဖြင့် ရှင့်မေတ္တာ အစွမ်းကို သိမှာပဲ"ဟု မှာထားလိုက်လေ၏။

ထိုအခါကစ၍ ညတိုင်းလိုလိုပင် မောင်နွဲ့လည်း မစိန်တို့အိမ်သို့ အလည်အပတ် သွားလေ၏။ တွေ့မြင် ဆက်ဆံရဖန် များသဖြင့် မစိန်က မောင်နွဲ့ကို မမြင်ရလျှင် သေချင်လုမတတ် ချစ်ခင် စွဲလမ်းခြင်း ဖြစ်ရှာလေ၏။ မမြင်ရ မနေနိုင်အောင် ချစ်ခင်မှန်းသိလေလေ မောင်နွဲ့က မစိန်အပေါ်မှာ ဈေးကိုင်လေလေ ဖြစ်လေ၏။

မစိန်က လျင်မြန်စွာ မင်္ဂလာဆောင်ဖို့ ပြောတိုင်း ပုသိမ်က မိဘများကို နားမဖောက်ရသေးဘူး။ ခပ်ဖြည်းဖြည်း မင်္ဂလာဆောင်ဖို့ ပြောလေလေ မစိန်က လောကြီးလေလေ ဖြစ်၏။

မောင်နွဲ့က ချစ်ခင်စဖွယ် ပရိယာယ် ကောင်းကောင်းနှင့် ယောက္ခမလောင်းကြီးကို လိုမ့်သဖြင့် တစိမ့်စိမ့် သဘောကျ။ သမီးအကြီးကိုလဲ ပြောပြသဖြင့် လောကမှာ မောင်နွဲ့လိုလူ မရှိဘူး။ လူထူးလူဆန်းကလေး တစ်ယောက်ဟု အထင်အမြင် ပေါက်ကြပြီးလျှင် မတင်နှင့် မိခင်ဒေါ်ဂျမ်းတို့ ကလည်း လမ်းလွှဲ၍ လက်မလွတ်ရအောင် ဖွတ်ဒရွတ် အလျင်အမြန် မင်္ဂလာဆောင်ရန် သဘောတူကြလေ၏။

ဒလန်ဆရာကြီးမောင်ဝင်းကလည်း 'အဆင်းမှာ တွန်းချ' ဆိုသကဲ့သို့ "ခင်ဗျားတို့ မြန်မြန်ပေးစားလိုက်ကြပါ။ ကြာလျှင် လက်လွတ် သွားမှာစိုးရိမ်ရတယ်"ဟု အကြိမ်ကြိမ် လှိုင်း သောကြောင့် သိုင်းသိုင်းဝိုင်းဝိုင်းကြီး မဟုတ်။ တိုတိုတုတ်တုတ်နှင့် မင်္ဂလာဆောင်လိုက်ကြလေ၏။

မင်္ဂလာဆောင်ပြီးသည်ကစ၍ ယောက္ခမကြီးနှင့် မရီးတို့ ကြည်သာသော နည်းလမ်းဖြင့် စည်းကမ်းကျနစွာ အရိုအသေပေး၍ အချစ်ဆေးဖော်သဖြင့် လက်ဝါးပေါ်မှာ တင်၍ မှုတ်ထားချင်လုမတတ် ချစ်ခင်ခြင်းကို ခံရ၍ ယောက္ခမကြီးကလည်း မောင်နွဲ့ သဘောရှိသမျှ အလိုလိုက်လေ၏။

ဤသို့ အလိုလိုက်သည်က စ၍ ယောက္ခမကို မြှောက်၊ သမီးကို အချစ်ဆေးတိုက်ပြီး သုံးလိုက်စွဲလိုက် ပျော်ချင်တိုင်း အပျော်လိုက်သည်နှင့် မြိုက်ခနဲစိန်နားကပ်တစ်ရန် ဆုံးလေ၏။

သို့ရာတွင် ချစ်ခင်သည့် မှောင်ကြီးက ကာဆီး၍နေသည်နှင့် မောင်နွဲ့အပေါ်မှာ အပြစ်တင်စရာ မရှိဘူးဟု ထင်မြင်၍ ခင်ခင်မင်မင်ပင် ရှိနေကြ၏။

မစိန်ကလည်း သူ့သခင် သဘောတော်ရှိရာ ဘာမဆို လိုတိုင်းပေးသဖြင့် ဆိုင်ကြွေး အမျိုးမျိုးနှင့် လက်မှတ်ထိုး၍ ယူသော ကြွေးပူများကိုလည်း ရွေးယူတန်လျှင် ရွေးယူ၊ ဆပ်တန်လျှင် ဆပ်။ တတ်နိုင်သမျှ အလိုလိုက်ပြီး ချစ်ကြိုက်သည့်အတိုင်း ဖွဲ့ကောင်းကောင်းနှင့် ဆိုးမျိုးခံရာ လေးငါးခြောက်လ ကြာသောအခါ ခြံတစ်ခုနှင့် အိမ်တစ်ဆောင်လည်း ဆုံးပြန်လေ၏။

WWW.DHAMMARANSI.COM



ဤသို့ ဖြန်းတီးသော အချက်ကို ဖုံးဖိ၍ မတင် မသိအောင် လျှို့ဝှက်ပါသော်လည်း တစ်ယောက်ကစ တစ်ရာဆိုသကဲ့သို့ မောင်နွံ့သည် ဘီအေ မအောင်ဘဲ ဟန်ဆောင်လှည့်ပတ်၍လက်ထပ် မင်္ဂလာ ပြုပြီးလျှင် မတင်က ကဲ့ဝှက် ထိန်ချန်၍ ထားသော ပစ္စည်းများကို 'သူခိုးလက်က သဝက်လု' ဆိုသကဲ့သို့ မောင်နွံ့က သုံးစွဲ ဖြန်းတီးကြောင်းများနှင့် တီးတိုးစကား ပြောကြရာ မတင်နားသို့ ပေါက်လေ၏။

ကြားလျှင်ကြားချင်း လွန်မင်းစွာ စိတ်ပူ၊ ပစ္စည်းတွေ ဖြုန်းတော့မည်ဟု ဆူဆူတက်သော စိတ်ဘဝင်နှင့် စာရေးကြီးကတော် မတင်သည် အလျင်အမြန် သူ့မိခင်ထံကို ပြေးလာပြီးလျှင် မောင်နွံ့ အကြောင်းအရာများကို မေးမြန်းလေ၏။ ဒေါ်ဂျမ်းက

"ပြောတိုင်းယုံမှုဖြင့် ခက်ကုန်တော့မှာပဲ။ အပုံကြီး လိမ်မှာတဲ့ လူကလေးကို ထွက်ပြေးရအောင် သူတကာ ကုန်းတိုက်တာပါ။ မကြာခင် အလုပ်ရလိမ့်မယ်။ သုံးခွနယ်မှာ မြို့အုပ်အရာနှင့် သွားရမတဲ့အေရဲ့။ ဘီ-အေဆိုတာ ဘယ်ခါမဆို မြို့အုပ်လမ်းနှင့်တော့ တန်းတန်းကြီး ဖြောင့်နေတာပဲ။ မကြောင့်ကြပါနှင့်။ ညည်းတို့အိမ်က စာရေးကြီးလို ထင်သလား"

ဟုပြောလျှင် မတင်ကလည်း သူ့အမေစကားကို ယုံသည်နှင့် တစ်စုံတစ်ရာ စစ်ဆေးခြင်း မပြုဘဲ မြို့အုပ်မရီး ဖြစ်မည့်အတွက် နှစ်သက်ဝမ်းသာစွာနှင့် ပြန်လာခဲ့လေ၏။

မောင်နွံ့လည်း မောင်ဝင်းနှင့် တစ်ဉာဏ်ထဲ တိုင်ပင်ပြီးလျှင် နေ့စဉ် ဖြန်းတီးသည်နှင့် ပစ္စည်းများလည်း ကုန်လုမတတ်ရှိလေရာ မစိန်မှာ သိမ်ကြီးဈေးက ဆိုင်ကိုပင် မထွက်နိုင်အောင် ရှိလေ၏။

သို့ရာတွင် ကိုလေသာ အချစ်ဇောနှင့် လူချောကလေးကို မစွန့်ပစ်နိုင်သည့်အတွက် စိတ်ပျက်၍ အိမ်ကဆင်းမသွားရအောင် ပေါင်နံ့ ရောင်းချ၍ သဘောကျ အလိုလိုက်ပြီး ကြိုက်တဲ့ အတိုင်း ချော့မော့၍ ထားရလေ၏။

ဤသတင်းများကို အထင်အရှား လူတိုင်း ပြောကြားကြသည်နှင့် မတင်က ယုံကြည်ပြီးလျှင် သူ့မိခင်ထံသွား၍ အသေအချာ မေးမြန်းရာ သမက်ငယ်ကို ချစ်သော ဒေါ်ဂျမ်းက ဉာဏ်စွမ်းရှိသမျှ လိမ်လည် ပြောကြားပါသော်လည်း မတင်က မရ မက စစ်သောကြောင့် ဖြစ်တဲ့အတိုင်း အကုန်အစင် ပေါ်၍ လာလေ၏။ မတင်က

"လခနည်းနည်း တစ်မူးတစ်ပဲကစ၍ နှစ်ပေါင်းများစွာ စုဆောင်း ကဲ့ဝှက်၍ ထားတဲ့ ပစ္စည်းများကို 'တစ်သက်လုံးမွေးတဲ့ကြက် တစ်မနက်တည်းနှင့် ချက်စား' ဆိုသလို တစ်ခါတည်းပြီး ဆုံးရှုံးခြင်း ခံရသောကြောင့် အလွန်တရာ စိတ်နာလှသဖြင့်

"ကျွန်မ ပစ္စည်းတွေကို ကလေကလွင့်လူကလာပြီး မဆိုင်ရာ ဖြန်းတီးတာကို မခံနိုင်ဘူး။ အမေကိုယ်တိုင် ကလိန်းကလယ် လုပ်လို့ ကျွန်မ ပစ္စည်းတွေ ပြုတ်တာပဲ။ အမေတို့ကို တရားစွဲမယ်" ဟုပြောရာ ဒေါ်ဂျမ်းက

"စွဲစမ်းပါဟယ်။ တယ်စွာတဲ့ သူခိုးမ။ နင်နှင့်ငါ သိကြရော့မယ်။ ဘယ်ကလာပြီး နင့်ပစ္စည်း ရှိသလဲ။ မစိန်အမည်နှင့် အတည်တကျ ပိုင်ဆိုင်တဲ့ ပစ္စည်းကို ညည်းက အမွေခံချင်လို့လား။ ဘီ-အေ လက်ကိုင်ပေါ့။ မဟာမင်းကြီး တိုင်အောင် တရားစွဲချေ။ နင် ဘာဆိုင်တဲ့ အကောင်မလဲ" ဟု တစ်ယောက် တစ်ခွန်းပြောကြရာ မစိန်ကလည်း သူ့အမေဘက်ကဝင်ပြီး

"ငါ့ပစ္စည်းကြီး ရှင့်လင်ကြီး မသုံးရလို့ မနာလိုတာလား။ သူများလိုတော့ မခိုးဘူး။ ရိုးရိုး ပြောလိုက်မယ်။ ကိုယ်ကြိုက်တဲ့ လင်က ဖြုန်းချင်တိုင်း ဖြုန်းပေစေ။ ဘာဖြစ်ရဦးမှာလဲ"

ဟု ယောကျ်ားစိတ် သွေးတက်ပြီး ရိုက်နှက်တော့မလို ပြောဆို ရန်တွေ့လေ၏။ မောင်နွံ့က

WWW.DHAMMARANSI.COM



"ပါနီထဲကငွေဟာ ပါနီထဲ ရောက်ကုန်ပြီ။ မစင်ကြယ်တဲ့ ပစ္စည်းမို့ ဖြုန်းတီးတဲ့သူမှာ ကုသိုလ်ရမှာပါပဲ။" (ခိုးတတ်တဲ့ မိန်းမချော ဘေးတွေ့ပါပကော)ဟု စိတ်ထဲက တွေးတောပြီးလျှင် သုံးယောက်သမား ရန်ဖြစ်၍ နေတုန်းမှာ ရွှင်ပြုံးစွာ အိမ်ပေါ်က ဆင်းသွားလေ၏။ မတင်က

"ကျွန်မယောက်ျားကို တိုင်ပြီး တရားပိုင်မင်းကြီးက ထောင်ကျအောင် ချမယ်"ဟု ပြောရာ မစိန်က

"နင့်အမူပေါ်အောင် ရုံးတော်ကျမှ အကုန်လုံး ဖော်ပြမယ်။ ယခု ငါ့အိမ်ပေါ်က ဆင်း။ သူခိုးမမိတင်ကို ရုံးမရောက်ခင်နှင့် နင့်လင်ကြီးက စီရင်လိမ့်မယ်၊ ယခုသွားပြောချေ"ဟု မိန်းမမာန်နှင့် ပြောဆို နှင်ချရာ မတင်မှာလည်း ဝမ်းနည်းစွာနှင့် ငို၍ အိမ်သို့ ပြန်လာလေ၏။

စာရေးကြီးက မတင်ငို၍ လာသည်ကို မြင်လျှင် ထိတ်ခနဲ ဖြစ်သွားပြီး 'ဘာဖြစ်တာလဲ'ဟု အရေးတကြီး မေးရာ မတင်က

"အပြစ်တင်ရင်လဲ ခံရုံရှိတော့မှာပါပဲ။ မိုက်မဲတဲ့ အမှုကို ယခုဖြင့် အထုပ်ကြီး ဖြေပြသလို ရှင်းလင်းရပါတော့မယ်။ ကိုဘစီ မကယ်လျှင် မယ်တင်ဖြင့် လူချင်းတူမှာ မဟုတ်တော့ဘူး"

ဆို၍ ပေါင်းသင်းခဲ့သည့် နေ့မှစ၍ ခိုးဝှက်စုဆောင်းသမျှနှင့် ညီမကလေး စော်ကား ဖြုန်းတီးသည် အချက်ကို နှုတ်ထွက် မရဲတရဲနှင့် ဝမ်းနည်းပမ်းနည်း ဇာတ်လှန် ပြောဆိုလေ၏။

စာရေးကြီး "အင်း မိုက်မဲတဲ့ ဘဝမှာ စိဋ္ဌမာနထက် ဆိုးဝါးတော်မူပါပေရဲ့။ ဘယ်သူမှ မင်းကို ကူညီနိုင်မှာ မဟုတ်ဘူး။ ယုန်ငယ်ကို လန့်ကြောက်ပြီး မြွေဟောက်ကို အားကိုးတဲ့ မိန်းမပဲ။ အဝီစိ ဘုံအောက်မှာ ဆယ်ဘူတာလောက်နက်အောင် မိုက်မဲတာမျိုး အံ့သြပါရဲ့။ မင်းအတွက်နှင့် တစ်သက်လုံး ငါဆင်းရဲခဲ့ရတာ။ ယခုအခါ မင်းမှာ အကျိုးပေးပေါ့။ သြော် ဒုက္ခ–ဒုက္ခ။ သည်အကောင်မနှယ် ဥပမာ ပြစရာ မရှိအောင် ဆိုးဝါးလှပေသည်တကား။ ဘုရား–ဘုရား မရိုက်မိအောင် သတိထားပေတော့"ဟု မိမိကိုယ်ကို ဆုံးမပြီးလျှင်

(က) နင်နှင့် နင့်ကံ စီရင်ဖန် အမှန်ဖြစ်တော့သည်။

(ခ) နင့်ကိုယ်နင်အား နင်မသနား နင် မှားရှာတော့သည်။

(ဂ) နင်ဟာနင်ပြု နင့်အမှု ယခုအကျိုး ပေးတော့သည်။

ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ သံပေါက်ကို ရွတ်ဆို၍ "ကဲ မင်းလဲ ငါ့အိမ်က ယခုဆင်းပေတော့ မယ်မင်းကြီးမ၊ ကျေးဇူးရှင်ကြီးကို ကျုပ် လက်မခံဝံ့ပါဘူး" ဆိုပြီး စာရေးကြီးက မျက်နှာလွှဲလိုက်လေ၏။

မတင်သည် မိမိပြစ်မှုအတွက် ရှက်ကြောက်လန့်ဖျပ်စွာနှင့် စာရေးကြီး အနှင်ခံရသဖြင့် သိမ်သိမ်ငယ်ငယ် ဆင်းလာပြီးလျှင် မိခင်နှင့် ညီမကလေးတို့ထံမှာ မျက်နှာအောက်ချ၍ မှိုခိုကပ်ရပ်ပြီးလျှင် မစားရတစ်နပ် စားရတစ်နပ်နှင့် အငတ်မကြီး ဖြစ်နေရှာလေ၏။

မောင်နွဲ့ကလည်း မစိန်ကို ပြန်စောင်းမျှ မကြည့်ဘဲ ပြတ်ပြတ်တောက်တောက် ထွက်သွားရာ ကံဆိုးမသုံးယောက်မှာ ထောက်ပံ့သူ မရှိဘဲ ဒုက္ခိတ စာရင်းနှင့် ပရိသတ်တွင်းမှာ မျက်နှာမပြဝံ့ ရှိကြလေ၏။

နောက် ငါးနှစ်လောက် ရှိသောအခါ စာရေးကြီး ကိုဘစီမှာ အလွန်တရာ လှချော၍ ဂုဏ်ကျက်သရေရှိသော စာရေးကြီးကတော်နှင့် မိခင်ကို ခေါ်ပြီး ပျော်ပျော်ပါးပါး ခမ်းနား ကြီးကျယ်စွာ အိမ်ရာ တိုက်တာနှင့်တကွ လှလှပပ စံစား နေထိုင်ရသည်ဟု သတင်းကြားသိရလေ၏။

WWW.DHAMMARANSI.COM



**ဥပဒေသ**

**စောရိန် ဗဟုဗုဒ္ဓိန်**

**ယာသု သစ္စံ သုဒုလ္လဘံ။**

(ပါဠိဇာတ်ပါဠိတော်)

စောရိန် – လင်မသိအောင် ခိုးကြောင်ခိုးဝှက် ပြုလုပ်တတ်ကုန်သော၊ ဗဟုဗုဒ္ဓိန် – ပရိယာယ်များစွာ မာယာတစ်သိန်း အပလိန်းအသချော် အမူတွေ အနန္တ ဖြတ်ထိုးဉာဏ် ကြွယ်ဝကုန်သော၊ ယာသု – အကြင် မိန်းမတို့၌၊ သစ္စံ – မှန်ကန်ဖြောင့်မတ် သစ္စာဓာတ် သည်၊ ဒုလ္လဘံ– အလွန်တရာ ရခဲလှစွာ၏ တကား။

ထိနံ ဘာဝေါ ဒုရာဇာနော

မစ္ဆာနေဝေါဒကေ ဂတံ။

ဥဒကေ – ရေထဲ၌၊ မစ္ဆာနံ – ငါး၏၊ ဂတံ သွားရာခရီးကို၊ ဒုရာဇာနံဣဝ – အမှန်သိရန် ခက်ခဲ သကဲ့သို့၊ ထိနံ – မိန်းမတို့၏၊ ဘာဝေါ – စိတ်သဘောခံ အတွင်းဉာဏ်ကို ဒုရာဇာနော – အလွန်တရာ သိနိုင်ခဲ စွာ၏ ။

*

ပညာ့အလင်း မဂ္ဂဇင်း

ဒုတိယတွဲ ၊ အမှတ်(၃)

၁၉၁၈ – ခုနှစ်၊ မတ်လ

WWW.DHAMMARANSI.COM

# အချစ်နှင့်တံလှပ်

## LOVE AND MIRAGE

အိုးအိမ်ရာ မမြဲကြလျှင်၊ အလွဲပ ထွေထွေ၊ မွဲပြာကျ တပေပေငယ်၊ ခြေအနေခပင်း။ အိမ်ထောင်ထိန်းပြောင်းလဲ ပွေလျှင်၊ ဗလောင်းဗလဲတွေ များလိမ့် လက်ငင်း။ ထိန်းမရှိ ချည်ခင်လို စည်အစဉ်ပျက်ယွင်း။ မကြည်လင်ရတက် မကင်းတဲ့ပြင်၊ ခက်ခြင်းကြီး ခက်မည်။ လူ့ဝတ်ကြောင်တရား ချစ်လျှင်ဖြင့်၊ ချားမယစ် ထားမှ တော်မည်။ အိမ်ထောင်မှု အခြေတည်အောင်၊ ဆွေမဒီဖော်ကလေးနှင့်၊ အပျော်ဆေး သုံးကြလက်ကိုင်၊ ဆုံးဆသက်တိုင်၊ ချစ်ဇနီး မပြီးမပိုင်လျှင် ငြီးမှိုင်ဖွယ် နေ့တိုင်းပလေး။

ဤတေးထပ်ကို တရေးရေးတွေး၍ ရွတ်ဆိုပြီးလျှင်

*"သြော် အိမ်ရာထောင်တဲ့ လူတို့ဘောင်က မရှောင်မထွက်နိုင်သမျှ ယရာဝါသ–သမ္မာဆိုတဲ့ အလုပ်နှင့် အလွန်တရာ ရှုပ်လွန်းလို့ ဒုက္ခတွေ တယ်များပါကလား။ သားမယား တည်တည်ကျကျ မရှိမှဖြင့်လဲ ကြောင်လယ်ကြောင်ပတ်နှင့် ရပ်တည်ရာမရ ကလေကဝလိုလို ဖြစ်နေတာပဲ။ အိမ်ထောင် ထိန်းမယ့်သူ အိမ်ရှင်မ မရှိမှဖြင့်လဲ ပစ္စည်းဥစ္စာကို ရှာဖွေချင်တဲ့စိတ်လဲ မရှိဘူး။ ခဏခဏ အိမ်ထောင်ပြောင်းလွဲတာလဲ အစစ ဖရိုဖရဲနှင့်။ ဖောက်လွဲ ဖောက်ပြန်ဖြစ်ပြီး ပစ္စည်းလဲ မတည်တံ့နိုင်ဘူး။ သည်လိုအကြောင်းနှင့် သူများကို သက်သေပြစရာ မရှိပါဘူး။ မိမိကိုယ်တွေ့ ဒိဋ္ဌကြုံနေလို့ ဖြစ်ပျက်ရပုံ အလုံးစုံအကုန်သိပြီးပါပဲ။ ယခုဘဝမှာဖြင့် အိမ်ထောင်မှု အခန်းနှင့် စည်းကမ်းမကျနိုင်အောင် ဖြစ်နေပါပြီ။ ကိုယ့်အသက်ကို ရေတွက်၍ ကြည့်လိုက်တော့ ခြောက်ဆယ် မပြည့်တပြည့်နှင့် အသိအမြင် ထိမ်းမြားတဲ့ မယားပေါင်းရှစ်ယောက် ရှိသွားပေါ့။ လက်ထပ်ထိမ်းမြားပြီး ခွန့်သွားကြတာတွေတာ များတော့တယ်။ သြော် ဗေဒင်ဟောကိန်းများလဲ အမှန်သားပါကလား။ ပထနီအိမ်မှာ တစ်ကြိမ်တည်း စီးကြတဲ့ခါတ်မီးနှင့်လေ။ စနေ ရာဟု ပေါင်းဆုံ၍ ထုတာကြောင့် အိမ်ထောင်မှု ပျက်ပြယ်ပြယ် ဖြစ်နေတာပဲ"*

ဟု မန္တလေးမြို့ အောင်နန်းရိပ်သာရပ်က ပိုးကုန်သည်ကြီး ဦးဘသည် လက်ဖက်ရည်အိုးတစ်လုံးနှင့် နောက်ဆုံး အိမ်က ဆင်းသွားသော မယားကလေး မသက်စုကို အောက်မေ့တာက တစ်ဖက်၊ မိမိအဖြစ်အပျက်ကို တွေးမိသည်က တစ်မျိုး။ ဤကဲ့သို့ အကြောင်းအကျိုးကို စဉ်းစား၍ နေလေ၏။

အိမ်တော်ရာ ဘုရားအတွင်း လမုန့်ဆိုင်တစ်ဆိုင်မှာ ထီးလက်ကားကြီး ဦးစုနှင့် လက်ဖက်ကုန်သည်ကြီး ဦးလေးမောင်တို့ တွေ့ဆုံကြရာ ဦးစုက

ဘယ်နှယ့်လဲ မိတ်ဆွေ၊ ဆတ်ကို လိုက်လို့ ကျားဟိုက်နေတယ်ဆိုတာ နားလည်ရဲ့လား။

(လေး) ခင်ဗျားကလဲ ကျုပ်တို့ မန္တလေးက မြူနီစီပါယ်လူကြီးလုပ်ပွဲကို တယ်ဂရုစိုက်တာကိုး။ ကျုပ်ဖြင့် အရှုပ်တွေကို နှလုံးနာလွန်းလို့။ ကျောက်မဲမြို့ကို တက်သွားနေတာပဲ။ ခင်ဗျား ဘယ်သူ့ကို လက်မှတ်ထိုးသလဲ။

(စု) ဆရာတော်တစ်ပါးက သည်ငုနေရာမှာ လက်မှတ်ဝင်ထိုးရင် ယမမ ံ်းထံကျတော့ ငရဲနိုင်ငံမှာ လူကြီးလုပ်ဖို့ ရွေးကောက်စစ်ဆေးတဲ့အခါ ငရဲထိန်းတို့က ဝိုင်းပြီး လက်မှတ်ထိုးတတ်တယ်။ ကံတူ အကျိုးပေးဆိုတာ သည်လိုဟာမျိုးပဲလို့ တရားဟောတာနှင့် ကျုပ်လဲ ကြောက်လို့ ဘယ်သူကိုမှ လက်မှတ်မထိုးပါဘူး။

WWW.DHAMMARANSI.COM



(လေး) ကဲ သည်စကားကို ဖြတ်လိုက်ပါ။ စကားမစပ် ကျုပ်တို့မိတ်ဆွေ ဦးဘအကြောင်းကို ကြားပလား။

(စ) ကြားပါပြီ။ သူ့မှာ မယားကလေးတွေ ထွက်ပြေးတာ ရှစ်ကြိမ်တောင် ရှိသွားပေါ့။ သနားစရာပဲ။ မယားဇာတာ အတော်ညံ့ရှာတယ်။

(လေး) ဟုတ်ကဲ့၊ အလုပ်ကြီးအကိုင်ကြီး ပစ္စည်းအပြည့်အစုံ ကုံလုံကြွယ်ဝပြီး မယားရတဲ့ အခါလဲ ဂရုစိုက်၊ အပျော်အပါးလဲ မလိုက်ဘဲ မယားစိတ်ကြိုက် အလိုလိုက်နေတာပဲ။ ကောင်မကလေးတွေ ထွက်ပြေးတာအလွန် အံ့သြစရာ ကောင်းတယ်။

(စ) ခင်ဗျား ပြောသလို အပျော်အပါး မလိုက်စားဘဲနှင့် မယားအနားက တစ်ဖဝါးမျှ မခွာဘဲ ချစ်ခင်အားကြီးနှင့် ငြီးငွေ့စော်နံအောင် ဂရုစိုက်လွန်းလို့ ခဏခဏ ထွက်ပြေးကုန်တာပဲ။ ခင်ဗျားမိတ်ဆွေဟာ မယားမရှိဘဲ နေလို့ရမယ့်လူ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်တို့လဲ မိတ်ဆွေဝတ် ကုန်ပြီး သူ့အာရုံလဲ ပြည့်စုံလေအောင် သင့်လျော်တာကလေးများကို ကြည့်လိုက်စမ်းပါ။

(လေး) ကျုပ်မြင်ထားတာတော့ အလွန် နေရာကျတာကလား။ သူ့ဆန္ဒနှင့်လဲ အများကြီး ကိုက်နေလိမ့်မယ် ထင်တယ်။

(စ) ဘယ်အရပ်ကလဲ။

(လေး) ဂုဏ်တန်ရပ်က ခင်ခင်နှင့် တင်တင်တို့လေ။

(စ) ဟင် နေရာကျမယ် မထင်ပါဘူး။ သူတို့အမြွာမွေးညီအစ်မနှစ်ယောက်ဟာ ဘယ်ခါမှ လင်သားမယူဘဲ ငယ်ဖြူ အပျိုကြီးလုပ်ပြီး ဥပုသ်ဆောက်တည်လျက် စစ်ကိုင်းဘက်ကို ခဏခဏ သွားပြီး တရား အားထုတ်နေဖို့ရန် ကြံနေရာကြတာပါ။ အမြွာမွေးဖြစ်တဲ့အတွက် ပုံပန်းများဟာလဲ အလွန်တရာ တူရုံမက စိတ်နေစိတ်ထားနှင့် ဝတ်ပုံစားပုံလဲ အလွန် တူကြတယ်။ ဘယ်သူက ခင်ခင်၊ ဘယ်သူက တင်တင်ဟု ထင်ထင်ရှားရှား ခွဲခြားနိုင်ဖို့ ခဲယဉ်းပါရဲ့။ သည်တစ်သက်မှာ အိမ်ထောင်ဘက် မရှာဘူးလို့ ဘုရားရှိခိုးထားသလိုလို ပြောသကြားရတယ်။ ရမယ်လို့ မထင်ပါဘူး။ မျိုးမျိုး မတ်မျိုးက ဆက်သွယ်လို့ အနွယ်ကလဲ ခပ်ကောင်းကောင်းမို့ ချောင်းနေတဲ့လူတွေ အနန္တ ရှိပါတယ်။ အရုပ်အရည်ကလဲ အတော်ချောတဲ့ ဟာမကလေးတွေပဲ။

(လေး) မရနိုင်ဘူး ဆိုတာတော့ မပြောပါနှင့်။ ပုထုဇဉ်သဘောကို သူတို့ လွန်နိုင်ကြသလား။ ပါးစပ်က ဘုရား ဘုရားလို့ မြဲသော်လည်း စိတ်ထဲက တိတ်တိတ်ပုန်း ဖြစ်နေတာကို ခင်ဗျား မရိပ်မိပါဘူး။ "မှောင်ထဲမှာ ရှောင်ခဲသည်" ဆိုတဲ့စကား။ 'အခွင့်သာလျှင် မိုတ် အသင့်လာလျှင် ကြိတ်'ဆိုတဲ့ စကားများကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ တကယ်ဆိုတော့ အရွယ်မပျိုတဲ့ အမယ်အို ဇရာကျကြီးတွေတောင် သာဒရ အလိုက်သင့် ရှုံးမှဖြင့် မကြိုက်ချင်ဘူးလို့ ငြင်းမယ် ထင်သလား။ ခင်ခင်နှင့် တင်တင်ကို အပင်ပန်းခံပြီး လှော်ရမယ် မဟုတ်ပါဘူး။ ကျုပ်တို့လဲ ကာလသားဘဝနှင့် လူလယ် လုပ်ခဲ့ကြတာပဲ။

(စ) နေရာကျမယ်ဆိုရင်ဖြင့် အတိုင်းထက် အလွန်ပါပဲ။ ယခု ခင်ဗျားကြံစည်တာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ နည်းမျိုးပါပေပဲ။ (To Kill two birds with one stone) ခဲတစ်လုံးနှင့် ငှက်နှစ်ကောင် ပြုန်းအောင် ကြံစည်တတ်တဲ့ ဉာဏ်ပလေ။

WWW.DHAMMARANSI.COM



ဟု ပြောဆိုပြီးလျှင် မိတ်ဆွေနှစ်ယောက် ဦးဘအိမ်သို့ သွားကြလေ၏။

ဦးဘက

"အို မျှော်နေတုန်းမှာ ဖြုန်းခနဲ ရောက်လာကြတာပဲ။ ကဲ ကဲ လက်ဖက်ရည် သောက်ကြပါဦး။ ဟေ့ ဖိုးစံ ငါးပေါင်းကျော်နှင့် ပဲလှော်ကို ဆီဆမ်းယူခဲ့ပါ" ဆိုပြီး ကောင်းစွာ ဧည့်ခံလေ၏။ လက်ဖက်ရည်သောက်ရင်း အကျိုးအကြောင်း ပြောဆိုကြပြီးလျှင် ဦးစုက

မိတ်ဆွေ အကျိုးပေးပုံများ ပလူ ပရွက် တွင်းက ထွက်သလို ချက်ချင်း ထွက်ပြေးကုန်ကြတာချည်းပါပဲကလား။

(ဘ) ဖြစ်ရပုံများကိုတော့ စကားစပ်လို့မှ မပြောချင်ပါဘူး ခင်ဗျား။ ရှက်စရာကြီး ဖြစ်နေပါပြီ။ ကျွန်တော်က ဂရုစိုက်လို့ မှုမှုရရနှင့် ပြုစုသမျှတွေဟာ နောက်ဆုံးကျတော့ သူတို့ ထွက်ပြေးအောင် လုပ်သလို ကျနေတာပဲ။ တစ်နေ့က ထွက်သွားတဲ့ ကောင်မကလေးဟာ အလွန် ချစ်စရာကောင်းလွန်းလို့ ကျွန်တော်ဖြင့် အနမြောဆုံး ဖြစ်နေတာပဲ။ ကူပံ့နိုင်သမျှ ထောက်ပံ့တော်မူကြပါဦး ခင်ဗျား

ဟု ဝမ်းနည်းသံနှင့် ပြောသည်။

(စ) 'နွားနှင့်မယား မသနားရဘူး' ဆိုတဲ့ စကားနှင့် 'စပါးကို မွေရမည်၊ မယားကို တေရမည်' ဆိုတဲ့ စကားကို ခင်ဗျား မရိပ်မိဘူး ထင်တယ်။ မယားကို ချော့မှဖြင့် ကော့ကော့ပြီး အညွန့်တက်လာတာပဲ။ တော်တော်ကြာတော့ သူတို့သြဇာကို အလံထူပြီး ဆူဆူပူပူ လုပ်ကုန်ရော မိတ်ဆွေကြီး။ မယားအပေါ်မှာ သြဇာမာလကာ မအပ်နှင့်။ ယခု ကျုပ်တို့ လာခဲ့တာ ခင်ဗျားအတွက် ကူညီ ထောက်ပင့်ဖို့ပါပဲ။

(ဘ) ကျုပ်အတွက်နှင့် အဖော်အဖက် ရှာပေးမယ် လို့လား။ ခင်ဗျားတို့လို မိတ်ဆွေကို မျှော်နေတာပဲ။ ဘယ်က ဟာကလေးတုံး။ ကြားစမ်းပါရစေ။

(စ) ခင်ဗျားဓာတ်ကြောကို မပြောဘဲ ကျုပ်တို့က သိနေတာကလား။ ထမင်းမစားဘဲ နေချင် နေနိုင်လိမ့်မယ်။ အဖြေအဖျော် အဖော်မရှိလျှင်ဖြင့် ခင်ဗျားနေနိုင်မယ့်လူ မဟုတ်ဘူး။

(ဘ) မှန်လိုက်တာ ခင်ဗျား။ ကျွန်တော် လိမ်မပြောပါဘူး။ ဘုရားကို ကျိန်ရဲပါရဲ့။ ချစ်မယား မရှိဘဲ တစ်နေ့ထဲမှ ကျွန်တော် နေလို့မဖြောင့်ပါဘူး။ တစ်အောင့်လောက် မယားမျက်နှာကို မမြင်လျှင် သေချင်စော်နံအောင် ပျင်းရိလာတာပါပဲ။

ဦးလေးမောင်က ရယ်၍ ပြောသည်မှာ "ကျုပ်ယုံပါတယ်။ မိတ်ဆွေလို လူများကို ရည်ပြီးတော့ စလေဆရာကြီး ဦးပုညက ပဒုမဇာတ်မှာ မယားအကြောင်းကို စာစပ်ထားတာပဲ"

ဟု ဆိုပြီး အောက်၌ပါသော ဦးပုညစာကို ရွတ်ဆို၍ ပြလေ၏။

"ရေးဖျားကဗျာ လက်ဦးစွာက ပညာရှိများ နာမည်မှည့်၍ အတည့်ကြီး ထားခဲ့သည်။ မယား ခေါ်တွင် ယောကျ်ားလင်မှာ ယားလျှင် ဖြောက်ဖို့ ထားသတဲ့။ ယောကျ်ားပျင်းရိ ယားကျိကျိနှင့် ရှိတဲ့အခါ အယားပျောက်အောင် ဖျောက်စရာ ကမ္ဘာဦးက မယားတဲ့။ လင်ယောကျ်ားတို့ ယားခြင်းမရှိ ကိစ္စချောအောင် ဝမ်းကြောသို့ ဤတိထို့ကြောင့် မယားတဲ့"

ဦးစုက

မှန်ပါပေတယ်။ သို့ပေတဲ့ ကျုပ်တို့ မိတ်ဆွေကြီး ဦးဘမှာ ထမင်း ပြတ်ပြီး ရေငတ်ခြင်းကို ခံနိုင်ပါရဲ့။ ကြင်ယာ သက်ထား ချစ်မယား ပြတ်မှဖြင့် ရေငတ်တာထက် ဆိုးသေးတယ်လို့ ပြောတာဖြင့် ဦးပုညစာနှင့် မညီဘဲ ဖြစ်နေပြန်ပြီ"

WWW.DHAMMARANSI.COM



ဟု ဣန္ဒြေနှင့် ပြောရာ ဦးစုက "မိတ်ဆွေပြောတဲ့ ဦးပုညစာကို ရွတ်စမ်းပါ ဦး"ဆိုသဖြင့် ဦးစုက ခပ်သောသောနှင့် ရယ်မော၍ အောက်ပါအတိုင်း ရွတ်ဆိုပြလေ၏။

"အများလောကခံ လူ့ထုံးစံမှာ သည်းခံနိုင်ခဲ မေစုန်တပ်ခြင်း ရေတော်ခြင်းနှင့် ထမင်းပြတ်က မတ်တတ်လဲ သေမြဲလေ့ ဖြစ်ပါသည်။ သည့်ပြင်အမှုလို မ႑ဟဲ့ ဆန္ဒစုမှာ တစ်ခုခုနှင့် စိတ်ပြေဖျောက်လို့ ကြံဆောက်ပင့်လျှင် အခွင့်ထုံး နှလုံးအေးမြဲ ဖြစ်ပါသည်။ ထမင်းနှင့်ရေ သည်နှစ်ထွေမှာ မေစုန်မှုထက် ဆယ်ဆတိုးလို့ ထပိုးခက် အသက်ဘေးကြီး ဖြစ်ပါသည်။"

ဤသို့ရွတ်ဆိုပြရာ ဦးဘက "ဦးပုညစာလဲတစ်မျိုး ကျုပ်သဘောလဲ တစ်မျိုးပါပဲ။ ကျုပ်သဘောကတော့ အစားရေးထက် မယားရေး ခက်တယ်လို့ ထင်တာအမှန်ပါပဲ"ဟု စိတ်ပါသောအသံနှင့် ပြောရာ ဦးလေးမောင်နှင့် ဦးစုတို့က ရယ်ကြလေ၏။

ဦးဘက "ကျွန်တော် တစ်ခု ပြောစမ်းပါရစေအုံး။ တစ်နေ့က ဆင်းသွားတဲ့ မသက်စုကို ကျေးရူးပြု၍ မောင်မင်းကြီးသားတွေ ပြန်ခေါ်မပေးနိုင်ကြဘူးလား။ လွန်သမျှကို ကျုပ်က ဝန်ချပါမယ်။ ဘယ်အတွက်နှင့် ကျုပ်ကို မနှစ်သက်နိုင်တာလဲဖြင့် မသိဘူး။"

(စု) ခင်ဗျားအပေါ်မှာ မနှစ်သက်တာကို စစ်ချက်နှင့် မမေးသော်လဲ တွေးပြီး ခင်ဗျားသိလောက်ပါတယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသတဲ့။ ကောင်မကလေး သဘောထားကတော့ ပဋ္ဌေါ်ပါးစလုံး ခင်ဗျားကို သဘောမကျဘူး ပြောသံ ကြားတာပဲ။ ခင်ဗျားကို မြင်လျှင် ဆင်ထက် ကြောက်သေးသတဲ့။ ခင်ဗျားအိမ်က ဆင်းသွားလေသမျှ ဘယ်တော့ ပြန်ခေါ်လို့ ရဖူးသလဲ။

(ဘ) ခက်ကုန်ပါပြီ။ ကျုပ်ကို ကြောက်တယ်လို့ပဲ ပြောသလား။ (ဈေးချိုထဲမှာပဲ လျှောက်ပြောနေတာ အမှန်ပါပဲ) တယ်ဈေးဖျက်တဲ့ ကောင်မကလေးပဲ။ သင်းတို့က ကြောက်တယ်ပြောလေလေ မယားချော မယားသစ်ရဖို့ ခက်လေလေပဲ။ နို့ နေပါဦး။ ကျုပ်ဆိုင်နားက ခင်ထားဆိုတဲ့ ကောင်မကလေးကို ကျုပ်အကြောင်းများ ပြောသံကြားသလား။

(စု) အို ဈေးချိုတစ်ခုလုံး ဆူနေတာပဲ။ သူမသိဘဲ နေပါမလား။

(ဦးဘက ရင်ဘတ်ကို တီး၍ ညည်းတွားသံနှင့် ပြောသည်မှာ)

ခက်တော့မှာပါပဲ။ သက်စု ထွက်သွားလို့ ခင်ထားက ကျုပ်ကို မျက်နှာချို သွေးနေရှာတာကလား။ သည်အကောင်မက ကိုးရိုးကားရား ပြောမှဖြင့် ချော်တော့ငေါ့ပြီး သွားဦးမယ်ထင်တယ်။ ခင်ထားကို မြူပြီး ယူမယ်လို့ ချောင်းနေတာသပေါက်လောင်း မိသက်စုက ဖျက်ဦးမှာ ထင်ပါရဲ့။

(စု) ခင်ဗျားဟာ ကိုယ်နှင့် မလိုက်အောင် မိုက်မိုက်ရူးရူး လက်ပံဖူးပေါ်စ ကလေးမတွေကို သက်တူရွယ်မှ မဟုတ်ဘဲ လိုက်လိုက်ပြီး ပိုးနေလို့ ကောင်မကလေးတွေလဲ ညှိုးကုန်ပြီ။ ဒါကြောင့် ပိုးကုန်သည်ကြီးလို့ ခင်ဗျားကို လှောင်နေကြတာ မဟုတ်လား။ ပိုးကုန်ရောင်းလို့ ခေါ်တဲ့နာမည် မဟုတ်ဘူး။ မလိမ္မာမှနှင့် အချိန်အခါ မရောက်တရောက် အပျိုပေါက်စကလေးတွေကို ချော့ချော့ပြီး နော့တော့တော့ လုပ်လွန်းလို့ ခင်ဗျားနာမည် ပုပ်နေတာပဲ။ အရွယ်မတူတဲ့ ဆံဖြူသွားကြွေ အဘိုးအလောက် ရှိတာကြီးတွေကို ယူလိုတဲ့ အပျိုကလေး

WWW.DHAMMARANSI.COM



များဟာ တကယ်မေတ္တာအစစ်လို့ ယုံနိုင်ပါမလား။ ဝတ်စားရန်အတွက်နှင့် ပစ္စည်းကို မက်ပြီး ယူတာ အမှန်ပါပဲ။ တော်တော်ကြာတော့ ကညာအပျိုက လူအို စော်နံတာနှင့် ကန်ပြီး ပြေးကြတာပဲ။

(လေး) ကဲ ကဲ လွန်ခဲ့တာတွေကိုတော့ မပြောပါနှင့်။ ခင်ဗျာ့အတွက် ယခု ဆောင်ရွက်ရမယ့် ကိစ္စသစ်ကလေးကို ပြောကြပါစို့ရဲ့။

(ဘ) အမိန့်ရှိတော်မူစမ်းပါဦး။ မိတ်ဆွေ နှစ်ယောက်ကို ဆရာ တင်မြှောက်ပါတော့မယ်။ မှောက်လိုမှောက် သွန်လိုသွန် ခင်ဗျားတို့ ညွှန်တဲ့အတိုင်း လိုက်နာပါမယ်။

(လေး) ဂုဏ်တန်ရပ်က ခင်ခင်နှင့် တင်တင်ကို ခင်ဗျားသိတယ် မဟုတ်လား။

ဦးဘက “နည်းနည်းအသက်မကြီးဘူးလား ခင်ဗျား”ဟု စပ်ဖြဲဖြဲပြောရာ ဦးစုက

“ခင်ဗျားနှင့် စာရင်ဖြင့် အပုံ ကွာပါသေးတယ်။ မြက်နုကြိုက်တဲ့ နွားအိုကြီးနှယ်။ သူ့သမီးကလေးလောက် ရှိသေးတာကဘဲ။”

(ဘ) လှတော့ လှပါရဲ့။ ခဏခဏ သူတို့ စစ်ကိုင်းတောင်မှာ ဥပုသ်စောင့်ထွက်တယ် ဆိုလို့ ကျုပ်နှင့် တည့်မယ် မထင်ပါဘူး။

(လေး) အို (အပျိုကြီးတော့ ပုတီးအားကိုး) ဆိုတာလို ရတာလဲမလို လိုတာလဲမရ မုန်းချေနှင့် ဟန်မကျလို့ ဟန်သီလ ဟန်ပုတီးနှင့် အပျိုကြီးကိန်း ထုတ်နေတာပါ။ ကုတ်တဲ့လူမုန်သမျှ တကယ့်အရေးကျတော့ တစ်ဆယ့်လေးဆလောက် တက်ကြွလို့ အထက်က နှိပ်ထားရပါလိမ့်မယ်။ ဣန္ဒြေ ဘယ်လိုပဲ ရရ ကြိုက်လုံးနှင့် ဆွမှဖြင့် အုံကြွပြီး တက်လာတာပါပဲ။ ခင်ဗျားနှင့် နေရာကျလျှင် ကြွပါလို့ ခိုင်းသော်လဲ စစ်ကိုင်းဘက်ကို ဥပုသ်စောင့်ထွက်နိုင်မှာ မဟုတ်ဘူး။

(ဘ) ကျုပ်နှင့်ရတဲ့ မိန်းမများဖြင့် ထမင်းဆာမှာ သနားလို့ ရှစ်ပါးသီလ မစောင့်ရဘူး။ နို့နေပါဦး။ သူတို့နှစ်ယောက်ဟာ အမြွှာမွေး မဟုတ်လား။ တစ်ယောက်နှင့် တစ်ယောက် ပုံပန်းကိုလဲ မခွဲခြားနိုင်ဘူး။ နောင်ခါတော့ လူမှားနေမှာ စိုးရိမ်ရသေးတယ်။

(စု) သည်လိုအရာများမှာတော့ မှားလေ အကျိုးရှိလေပေါ့ ခင်ဗျား။ ဒါကြောင့် ခင်ဗျားနှင့် တော်တယ်လို့ ကျုပ်တို့က တိုက်တွန်းတာ မဟုတ်လား။ ဖိုးသူတော်များ လမ်းမှား လေလေ ဆန်ရလေလေဆို မဟုတ်လား။ ယခုတစ်ခါဖြင့် တစ်ချက်ခုတ်ရုံနှင့် နှစ်ချက်ပြတ်တော့မှာပဲ။

(ဘ) ပြောရင်းပြောရင်း သဘောကျလိုက်တာ။ ဝမ်းထဲက ခစ်ခစ် ခစ်ခစ်နှင့် ချစ်ပြီးရင်း ချစ်ချင်ရင်း ဖြစ်လာတာပဲ။ သူတို့ နှစ်ယောက်ဟာ မခွဲမခွာနိုင်ကြလို့ သည်ဘဝမှာ ယောကျ်ား မယူဘဲ အတူတူ အပျိုကြီး လုပ်နေမယ်လို့ သတင်းကြားရပါတယ်။ ရမယ် မထင်ပါဘူး။

(လေး) သူတို့နှစ်ယောက်ဟာ ကျွန်တော့်လက်ထဲမှာ ရှိပါတယ်။ သူတို့နှစ်ယောက် မခွဲနိုင်အောင် ချစ်လေလေ ခင်ဗျား အကျိုးရှိလေ မဟုတ်လား။ ခပ်နက်နက်ကြီး စဉ်းစားလိုက်စမ်းပါ။

(ဘ) ခင်ဗျားတစ်ခုပဲ ဆိုတာဖြင့် ကျုပ်အတွက်လဲ စိတ်ချပါတော့။ ကြာကြာကြီးများ စောင့်ဆိုင်းနေရဦးမှာလား။

(လေး) မကြာရပါဘူး ခင်ဗျား၊ အလိုက်ကို သိတတ်ပါတယ်။ မြန်မြန် နေရာကျဖို့တော့ မစိုးရိမ်ပါနှင့်။ သို့ရာတွင် တစ်ခေါက် နှစ်ခေါက်တော့ ခင်ဗျား သွားလည်ရလိမ့်မယ်။

WWW.DHAMMARANSI.COM



(ဘ) နေရာကျမှာဖြင့် လည်ရမှာပေါ့။ နေစမ်းပါဦး။ သူတို့နှစ်ယောက်က တူက တူပါဘိနှင့်။ ဘယ်သူကို လည်ရမှာလဲ။ အငယ်နှင့် အကြီး ရီးတီးရားတား ဖြစ်နေမှာ စိုးရိမ်ရတယ်။

(လေး) အကြီးက ခင်ခင်၊ တင်တင်က အငယ်။ မျက်စိလဲ လည်မနေနှင့်။ ခင်ခင်ကို နေရာကျပါစေ့မယ်။

(ဘ) ဒါဖြင့် ကျုပ်အလည်သွားတဲ့အခါ ခင်ခင်နှင့် စကားပြောရမယ် ဆိုပါတော့။ တကယ်လို့ အကြောင်းဆုံတဲ့အခါ ကျုပ်အိမ်သို့ ခင်ခင်ကို ခေါ်လာလျှင် မခွဲမခွာနိုင်အောင် ချစ်နေကြတဲ့ ကျုပ်ခယ်မချောကလေးဟာ အလွန်တရာ ဒုက္ခ ရောက်နေရှာမှာပဲ။

(လေး) အိမ်ကို မခေါ်နှင့်။ သူတို့အိမ်ကို ခင်ဗျား လိုက်သွားမှ နေရာကျမယ်။ သူတို့ညီအစ်မတော့ ခွဲခွာလို့ရမှာ မဟုတ်ဘူး။

(ဘ) ဒါဖြင့် လိုက်ရတာပေါ့။ ချစ်ချစ် ခင်ခင်နှင့် နေထိုင်ရမယ်ဆိုလျှင် အတော် ပျော်မှာကလား။ သူတို့ညီအစ်မ နှစ်ယောက်ကလဲ ချစ်တတ် ခင်တတ် သင့်မြတ်ကြပါဘိသနှင့်။ ယခင် ကောင်မတွေနှင့် နေရတာ နည်းနည်းမှ စိတ်မချမ်းသာဘူး။ တစ်ခါဖြင့် နိဗ္ဗာန်ရောက်တော့မှာပဲ။

[ပြောရင်းဆိုရင်း တွေးမိပြန်သဖြင့်]

အို ကျုပ်ဒုက္ခရောက်မှာတစ်ခုတော့ စဉ်းစားမိတယ်။ (ဘယ်လို စဉ်းစားမိပါသလဲ) အမြွှာမွေးဆိုတာ ကိုယ်ရော စိတ်ရော အဖြစ်အပျက် အလွန်တူတယ်ဆို မဟုတ်လား။ တစ်ယောက်မမာမှုဖြင့် တစ်ယောက်ဟာလဲ ဖျားသတဲ့။ တစ်ယောက်သေရင်လဲ သွားလေသူနောက်ကို ကျန်တဲ့တစ်ယောက်လဲ လိုက်တယ်ဆို မဟုတ်လား။

(လေး) အမြွှာမွေးများ အဖြစ်အပျက် တူတာလဲ အမှန်ပဲလို့ အပြောများတယ်။ သည် စကားမှန်လျှင် ကေန် ခင်ဗျား ဝမ်းသာဖို့ မဟုတ်လား။

(ဘာကြောင့်လဲ)

ခင်ခင်က ခင်ဗျားကို မေတ္တာရှိလျှင် စိတ်ချင်း တူတဲ့အတွက် တင်တင်ကလဲ မေတ္တာရှိမှာပဲ။ ခင်ခင်နှင့် ခင်ဗျား အမှန်ရလျှင် တင်တင်နှင့်လဲ ရမှာမို့ ခင်ဗျား သဘောကျအတိုင်း မဖြစ်ပေဘူးလား။

ဦးဘက အတန်ကြာကလေး စဉ်းစားပြီး ဟုတ်ပါရဲ့၊ ကျုပ်ဖြင့် သဘောခပ်ကျကျပဲ။ ဗေဒင်ဆရာကလဲ ဟောဖူးတယ်။ ကန်ရာသီမှာ စန်းနှင့် လဂ် ပူးနေလို့ မိန်းမနှစ်ယောက်ပြုံး ယူမှ ချမ်းသာခွင့်ရမတဲ့။ သူတို့ မကျန်းမာမှာကိုသာ စိုးရိမ်ပါတယ်။

(လေး) အို ခင်ဗျားဇာတာက ဗေဒင်ဆရာ ဟောတိုင်း မှန်လျှင် ကံတူအကျိုးပေး ဆိုသလို ဖြစ်ပြီး ချစ်ချစ်ခင်ခင်နှင့် ကြည်လင်ချမ်းသာပြီး ကျန်းမာတဲ့ လာဘ်ကြီးကိုလဲ ရပါလိမ့်မယ်။

ဦးစုက ဝင်ပြောသည်မှာ

"ခင်ဗျားအတွက် ဝမ်းသာဖို့ အချက်တွေကို ကျုပ် တွေးမိပြန်တယ်။ အမြွှာမွေးတဲ့သူများ ကိုယ်တူစိတ်တူဖြစ်လို့ သည်လို အကြောင်းဆုံတဲ့အခါ အဘိဓမ္မာထဲက မနောဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ်လို နှစ်ကိစ္စ တပ်တဲ့ လူကြီး ခင်ဗျားဖြစ်နေမှာပဲ။ ဘာကြောင့်လဲ ဆိုတော့ တစ်ယောက်ကိစ္စကို ခင်ဗျားက ရွက်ဆောင်နေတုန်းမှာ ဟို တစ်ယောက်ကလဲ ဆောင်ရွက်စေချင် ပေလိမ့်မယ်။ ခင်ဗျားဖြင့် လက်မလည်နိုင်အောင် အလုပ်တွေ များချည်သေးရဲ့နော်။ ဩော်– သည့်

WWW.DHAMMARANSI.COM



ပြင်လဲ တစ်ယောက် ဖိုးရှိတဲ့အခါ တစ်ယောက်မှာလဲ ဖိုးရှိတဲ့ပြင် တစ်ယောက် မွေးဖွားတဲ့အခါ တစ်ယောက်မှာလဲ မီးနေဝင်လျက် ရှိနေမှာဘဲ။ တစ်ယောက်က အမွှာမွေးလျှင် တစ်ယောက်က အမွှာမွေး ပြန်လို့ ကလေးတွေလဲ မထိန်းနိုင်အောင် ပေါများကုန်မှာဘဲ။ ပျော်ပျော် ပါးပါးနှင့် ခင်ဗျားဖြင့် ဆူဆူညံညံ နေရ ဦးတော့မှာပဲ"

ဟု ပြောရာ ဦးဘက သဘောကျတတ ရှိတာနှင့်

"အိမ်ဆိုတာ သည်လို ဆူဆူညံညံမှ ကောင်းတာပါပဲ"

ဟု ပြုံး၍ ပြောလေ၏။

ထိုအခါ ဦးလေးမောင်က "ဪ– ဒီလို ဖြစ်မယ့် ဟာတွေကို တွေးလိုက်တော့ ကလေးတွေက ခပ်များများမို့ ကလေးချင်း မှားကုန်မှာလဲ စိုးရိမ်ရတယ်။ အတန်ကြာလို့ သူတို့ညီအစ်မချင်း မတည့်ဘဲ ဖြစ်မှုဖြင့် အိမ်ခွဲနေဖို့ ပူဆာချင် ပူဆာကြမှာပဲ။ သည်တော့ ခင်ဗျားမှာ ရှေးလူကြီးများ ဆိုကြတဲ့ သီချင်းနှင့် မယားများက တိုက်တွန်းကြမှာကို မြင်သေးတယ်"ဟု ဆိုပြီး ရှေးသီချင်းဟောင်းကြီးကို ရွတ်ဆို၍ ပြလေ၏။

*မတင်တင်ဆိုလို့ဆဲ (မခင်ခင်ဆိုလို့ဆဲ) အိမ်ခွဲပါလို့ ဆောက်ရအောင် မဲဇာဆို ရွှေလည်ထဲက ဝါးတွဲခဲ့မောင်၊ ပျဉ်ပြားကိုထောင် နှစ်ဆောင်ပြိုင် ကျယ်ကျယ်ဆောက်မှ သုံးဆောင်ပြိုင် ကျယ်ကျယ်ဆောက်မှ နေလောက်မယ် မောင်ဘုရားရယ် သားတွေကများ။*

ဤကဲ့သို့ ဦးဘအကြိုက် အလိုက်သိစွာ ပြောဆိုကြပြီးလျှင် "ကဲ ခင်ဗျား နက်ဖြန်ခါညကိုပဲ ခင်ခင်နှင့် တင်တင်တို့အိမ်ကို အလည်သွားပေတော့။ ကျုပ်တို့ ဆက်သွယ်ထားလိုက်မယ်" ဆိုပြီး ဦးစုနှင့် ဦးလေးမောင်တို့သည် ဦးဘအိမ်မှ ခင်ခင်တို့အိမ်သို့ ထွက်လာကြလေ၏။

ခင်ခင်က "အို ဦးတို့ ကြွလာပါကလား။ တင်တင် ဆေးလိပ်နှင့် ကွမ်းအစ် ပြင်ခဲ့ပါ"ဆို၍ ဝမ်းမြောက်ဝမ်းသာစွာ ဧည့်ခံကြလေ၏။ ခင်ခင်က

"မနေ့ညက ကျွန်မတို့အတန်းမှာ ကိုယ်တော်ဆန်းတစ်ပါး တရားဟောတော်မူတာ အလွန် သဘောကျကြပါတယ်။ ဦးတို့ မကြွလာဘူး ထင်ပါရဲ့။"

(စု) ဦးတို့ဖြင့် သတင်းမကြားရဘူး။ ဘယ်က မွှေကထိက ကိုယ်တော်လဲ။

(ခင်) စစ်ကိုင်းတောင်ကရှင့်။ ဝါတွင်းကပဲ ကျွန်မတို့ ခဏခဏ ကိုယ်တော်ထံမှာ တရားနာရင်း ဥပုသ်စောင့် သွားကြသေးတယ်။ အမယ်လေး အသံတော်ကလေးကလဲ ကောင်းလိုက်တာ။ ဘယ်လှည့်ညာလှည့်တွေ စုံသွားတာပဲ။ ရှေးက ကျွန်မတို့ ကြားဖူးတဲ့ တရားဟောအကျော်စိန်ဇနီ ကိုယ်တော်ထက်ပဲ သာသေးတယ်။ တရားဟောရင်းလဲ ရုပ်ရှင်ပွဲ ပြတာလို အားလပ်ချိန်[Interval]ကို ပေးပြီး ဆေးလိပ်လဲ သောက်ရတယ်။ တစ်ခါတစ်ခါ တရားနာတုန်းမှာ ကမ္မဋ္ဌာန်းလုံးကလေး ပြပြီး ခဏလောက် တရား အားထုတ်ခိုင်းတယ်။ သည်လို နားခွင့်ပေးတာ ကိုယ်တော်မှာလဲ အသံပြင်ဖို့ အချိန်ရတယ်။ ကျွန်မတို့လဲ ဆေးသောက်ရတယ်။ ဒါကြောင့် ကျွန်မတို့ဖြင့် အလွန် ကြည်ညိုတာပဲ။

(စု) အင်း သည်ကိုယ်တော်ကလေး သတင်းတော့ ရဟိုင်းဈေးအတွင်းက ကြားခဲ့ပါရဲ့။ မနေ့ညက ဘယ်တရားများ ဟောသလဲ။

(ခင်) ဝိသာခါ လက်ထပ်ခန်း။ (အို ယောင်လို့) အနာထပိဏ်သူဌေးသမီး သုဇာတာ လက်ထပ်ခန်းကို ဟောတော်မူပါတယ်။ လက်ထပ်ပွဲ မင်္ဂလာမှာဖြင့် လွန်စွာ အသုံး

WWW.DHAMMARANSI.COM



ချဖို့ ကောင်းပါတယ်။ ဆုံးမချက် အမျိုးမျိုး တွေ့စုံလို့ အပြင်ကမီး အထဲ မသွင်းရဘူး။ အထဲကမီး ပြင်မထုတ်ရဘူး။ အမျိုးမျိုး ပါပဲရှင့်။ ကိုယ်တော်ရေးပေးတဲ့ ပါဠိ ကလေးတွေတော့ ရှိပါရဲ့။ နှုတ်တက် မရသေးလို့ သေသေချာချာ ကျွန်မ မပြော တတ်ပါဘူး။

(စု) မင်းတို့နာရတဲ့ တရားနှင့် ဦးပြောချင်တဲ့ စကားတော့ ကိုက်နေတာပဲ။ ခင်ခင်ကလဲ ဝိသာခါလို လိမ္မာပြီးသားဖြစ်လို့ တယ်ပြီး နေရာကျမှာကလား။

(ခင်) ဦးပြောတာကို နားမလည်ပါဘူး။ ဘာ စကားလဲ။

(စု) မင်းတို့ကိုယ်တော် ဟောတဲ့ လက်ထပ် တရားလို ဦးပြောမှာလဲ လက်ထပ်ဖို့ စကား ပါပဲ။

(ခင်) ဘယ်ကလူများ လက်ထပ်မှာကို ပြောတာ လဲ။ အရင်းမရှိ အဖျားမရှိနှင့်။

(စု) ဘယ်ကလူမှ မဟုတ်ပါဘူး။ သည်အိမ် က လူနှင့်။ ဟို အောင်နန်းရိပ်သာရပ်က ပိုးကုန်သည်ကြီး ဦး...။

ခင်ခင်က စကားကိုဖြတ်ပြီး

အို ဦးတို့ကလဲ မဟုတ်တာတွေကို မပြော ပါနှင့်။ တင်တင်– ဟောသည်မှာ မင်း ဦးတော်ကြီးတွေက သရော် ပြောင်လှောင် တဲ့ စကားတွေကို ပြောနေကြပြီ။

(တင်) ကျွန်မတို့ ညီအစ်မဓာတ်ကို အသိသားနှင့်။ သည်လို လောကီစကားကို မပြောကြပါ နှင့် ရှင်။ တရားစကားပြောလျှင် ကျွန်မတို့ နားထောင်ချင်ပါတယ်။

(စု) ယခုပြောတာလဲ တရားစကားပါပဲ။ မင်္ဂလာသုတ်ထဲက 'ပုတ္တဒါရဿ သင်္ဂ ဟော' ဆိုတာနှင့်အညီ ပြောတာ မဟုတ် လား။ မင်းတို့ ညီအစ်မ နှစ်ယောက်လဲ အမိသဟဲ မရှိဘဲ သည်လို အပျိုကြီး လုပ်ပြီး နေလို့ တော်မှာ မဟုတ်ဘူး။ လူဖြစ်တဲ့ ဘဝမှာ လူ့အင်္ဂါ စုံစေရမတဲ့။ ယခုလို အရွယ်မလွန်ခင်က အသုံးချ လိုက်တာ ကောင်းတယ်။ 'မိုးလင်းမှ အိပ် ချင်၊ နေဝင်မှ စပါးလှမ်း' ဆိုသလို မဖြစ်ကြ စေနှင့်။ အပျိုကြီးဆိုတာ လူလှောင်စရာ ကြီး ဖြစ်တယ်။ သေတော့တောင် ငှက်ပျော တုံး ပေါင်းလိုက်ရတယ်ဆို မဟုတ်လား။

(ခင်) သည်အရာကိုတော့ ကျွန်မတို့ကို တရား ဟောလို့ မရဘူးရှင့်။ သည်ဘဝမှာ သန္နိဋ္ဌာန် ချပြီး ညီအစ်မကလေးနှစ်ယောက် မခွာမခွဲ အိမ်ထောင်မပြုဘဲ နေကြဖို့ ဘုရားရှိခိုး ထားကြတယ်။

(လေး) သည်လောက်လဲ မင်းတို့ အတင်း ညှဉ်းဆဲ ပြီး မနေကြနှင့်။ ပိုးကုန်သည်ကြီး ဦးဘ ဆိုတာ အလွန် ချမ်းသာတယ်။ သူ့မှာ သားကြီးမယားကြီးလဲ မရှိတဲ့ပြင် အမွေခံ ဆိုတာလဲ တစ်ယောက်မှ မရှိဘူး။ တော် လွန်းလို့ ဦးလေးတို့ ပြောတာပါ။

(ခင်) အို ခဏခဏ မယားထွက်ပြေးတဲ့ လူကြီး ဟာလား။ ဦးလေးကလဲ မပြောကောင်း ပြောကောင်း အဖေလောက်ရှိတာကြီးနဲ့ ကျွန်မကို ထွက်ပြေးရအောင် မလုပ်ပါနှင့်။

(လေး) အတွက် မလွဲစမ်းပါနှင့်။ ရွယ်တူကိုမက် လျှင် ရတ်တရက် စီးပွားဖြစ်ဖို့ အလွန် ခဲယဉ်းတာကလား။ ပစ္စည်းစုံပြီး ကိုယ့် ထက် ကြီးဆိုတော့ တက်ကစီး ခေါင်းမြီးခြုံ ပစ္စည်းပုံပေါ်မှာ တစ်ခါတည်း ထိုင်ရလို့ ပိုင်ပိုင်နိုင်နိုင် ဘွားခနဲ ချမ်းသာတယ်။ ညှာညှာတာတာနှင့် အရာရာမှာ အလို လိုက်လို့ ကိုယ်ကြိုက်တဲ့အတိုင်း နေထိုင်ရ တာမျိုး စဉ်းစားကြည့်စမ်း။ ပစ္စည်းနှင့် လူကြီးတွေ ယူတဲ့ မိန်းကလေးများဟာ

WWW.DHAMMARANSI.COM



ဘယ်လောက် ချမ်းသာသလဲ။ စိတ်ကူး မလွှဲပါနှင့်။ ငါ့တူမကလေး အလိမ္မာသေး တာလဲ မဟုတ်ဘဲနှင့်။

[ခင်ခင်က မိန်းမအမူအရာနှင့် ခေါင်းခါပြီး] ဟင့်အင်း၊ သည်လိုလူအိုကြီးကို ကျွန်မ မကြိုက်ချင်ဘူး။ ငွေထုပ်ကို လူခိုးတော့ သွားကျိုး ပါးကျိုးနှင့် အဘိုးကြီး အဖတ် တင်မှာကို စိုးရိမ်ပါတယ်။

(လေး:) လူအိုနှင့် လူပျိုဆိုတာ မျက်စိ အမြင်မှာသာ ခြားနားပါတယ်။ အမြော်အမြင် ဉာဏ်နှင့် ကြံဖန် လုပ်ကိုင်တဲ့ အရာမှာတော့ လူပျို ထက် တစ်ပဲသာပါသေးတယ်။ 'နွားပျို သန်လှဆို နွားအိုပေါင်ကျိုးသလောက် ရှိတယ်' ဆိုတာ မကြားဖူးဘူးလား။ ကဲ စကား မများနှင့်၊ ဦးလေးစကားကို နား ထောင်။ နက်ဖြန်ညတော့ ဦးဘ အလည် လာလိမ့်မယ်။ လိမ်လိမ်မာမာနှင့် ကျေနပ် စွာ ဧည့်ခံလိုက်စမ်းပါ။

ဆိုပြီး ဦးစုနှင့် ဦးလေးမောင်တို့ ပြန်သွားကြလေ၏။

(ခင်) လူကြီးတွေဟာ ဣန္ဒြေရရ မနေချင်ကြ ဘူး။ ကလေးတွေအလုပ်ကို ဝင်ပြီး ရှုတ် နေကြတာပဲ။ အလွတ်အလပ် ကလေးများ မြင်လျှင် အောင်သွယ် လုပ်ချင်ကြတယ်။

(တင်) ဒါကြောင့် ကျွန်မဖြင့် ရှေးကတော့ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဆိုတာလို လူကြီးများကို ရိုသေ ပါရဲ့။ သူတို့ဓာတ်ကို သိလေလေ အရို အသေ ပျက်စရာ ကောင်းလေလေ ဖြစ်လို့ ယခုဖြင့် လူကြီးဆိုလျှင် အမြင်တောင် မခံချင်ဘူး။

(ခင်) ဦးဘဆိုတာ ရိုးတော့ ရိုးပါရဲ့။ အပိုး အင်မတန် ဝါသနာပါတဲ့ လူကြီး။ ပစ္စည်း ဥစ္စာ လယ်ယာမိုးမြေ၊ ရွှေတိုငွေစ မန ကလေး အလွန်ပေါလို့ ရုပ်ချောတဲ့ကောင်မ ကလေးများကို ငွေနှင့် မျှားမျှား ယူနေ တယ်။ အတန်ကြာလျှင် သူ့ကို ခွာသွား ကြတာချည်းပဲ။

(တင်) မခွာဘဲ နေပါ့မလား။ အလကား နေရင်း ပျင်းပျင်းရှိမှဖြင့် နှလုံးနာအောင် ကလိနေ တယ်လို့ ကြားရတယ်။ အသက်တစ်ပိုင်း ကဖြင့် သချိုင်းကို မျက်စောင်းထိုးလို့။ သည်လိုအဘိုးကြီးကို မြင်ရတာ အော့ချင် စရာ တယ်ကောင်းတယ်။ အိုလေလေ ကလေးကလား နိုင်လေလေပဲ။

(ခင်) လူအိုတွေကိုလဲ အပြစ်မတင်ပါနှင့်ကွယ်၊ သနားစရာ။ သူတို့လဲ သူငယ်ပြန်ရှာကြ တာပါ။ အိုမှဖြင့် ဘာမဆို ခပ်မြက်မြက် ကလေးမှ ကြိုက်ရှာကြပါတယ်။ ဟိုလူကြီး နှစ်ယောက် သွားပြီး နောက်တာနှင့် အမြွောက်ကြိုက်တဲ့ အဘိုးကြီးဖြင့် နက်ဖြန် ည လာမယ်ထင်တယ်။

(တင်) သူလာလျှင် ကျွန်မတို့က ကြည့်ပြီး စီစဉ် လိုက်ရအောင်။ ပရိယာယ်နှင့် ဖျားယောင်း လျှင် ဘုရားအလောင်း ရသေ့ကြီးများ တောင် ဖိုင်းဖိုင်း လဲတာမျိုးပါ။

(ခင်) မှတ်လောက်အောင် ဆုံးမပေးလျှင် ကောင် မကလေးတွေ တော်တော်သက်သာ ခွင့် ရလိမ့်မယ်။ ကဲ ဒါဖြင့် သူလာတဲ့အခါ မာယာနှင့် ဓာတ်ညှို့၍ ခပ်ရိုရိုချစ်ဟန် ဆောင်ပြီး အဘိုးကြီးတစ်ကောင်ကို မှိုက် ကြဦးစို့ရဲ့။

ဟု တိုင်ပင်၍ နေကြလေ၏။

နောက်တစ်နေ့ ဦးစုနှင့် ဦးလေးမောင် တို့သည် ဦးဘအိမ် အလည်သွားပြီးလျှင်

ခင်ဗျားဖြင့် အလျှင်မပြတ်တပြတ်နှင့် ငတ်တတ်တတ် ဖြစ်နေတုန်းမှာ ရွှင်ပြုံး ချမ်းမြေ့ ထမင်းပွဲကြီးနှင့် တွေ့ပြန်တော့ မှာပဲ။ သေသေချာချာတွေးတော့ ခင်ဗျား အကျိုးပေးလဲ တော်တော် ကောင်းပါရဲ့။

WWW.DHAMMARANSI.COM



(ဘ) ဘယ်လို အကျိုးပေး ကောင်းတာလဲ။

(စ) ကျုပ်တို့မှာတော့ ချဉ်ပေါင်ဟင်း တစ်ခွက် တည်းနှင့် အမြဲစားနေရလို့ ချက်ပြုတ်ပုံ ဘယ်လိုကောင်းသော်လည်း စားနေကျ လက်ဟောင်းမို့ ဟင်းပြောင်းဟင်းလွှဲ မရှိဘဲ မုန်းနေတာလိုပဲ။ ခင်ဗျားမှာတော့ မကြာ မကြာ ဟင်းမျိုးပြောင်းပြီး အဟောင်းကို စွန့်ပစ်၍ အသစ်ခဏခဏ လဲရလို့ စားပွဲ ထိုင်ရတာ အလွန်မြိန်မှာပဲ။ သည်လို အကျိုးပေးကို တစ်မျိုးတွေးတော့ သဘော ကျစရာကြီးပဲ

ဟု ပြောရာ ဦးဘက

အင်း၊ ခင်ဗျားပြောတာ ဟုတ်တုတ်တုတ် ပဲ။ ယုတ္တိရှိပါရဲ့။ ကျုပ်လဲ ယခုပြောမှ ကောင်မကလေးတွေ ထွက်သွားတာကို သဘောကျတတ ဖြစ်လာပြန်ပြီ။ နို့ နေပါ ဦး။ ခင်ခင်တို့အိမ်က ဘယ်လိုများ အခွင့် ရခဲ့ပါသလဲ။

ဟု ပြုံး၍မေးလေ၏။

(စ) ဘာအထူးပြောဖို့ ရှိမလဲ။ ညကို ခင်ဗျား အလည်သွားပါ နေရာကျပြီးပါပဲ။ အကြီး ခင်ခင်ကို ချော့ချော့မော့မော့ပြော။ အငယ်မ ကလေးသဘောက ခပ်ဆတ်ဆတ်မို့ သူ့ ဓာတ် မသိလျှင် ခင်ဗျား စိတ်ပျက်လာမှာ စိုးရိမ်တယ်။ အဖိုးတန် ရုပ်ချောကလေး နော်။ ငွေစကို တယ်မနမြောနှင့်။ မျှောတန် မျှော ဖောတန်ဖော လောကဆိုတာသဘော ကျအောင် လိုက်စားရတာမျိုးပါ။

(ဘ) သည်လိုအရာမှာ စေတနာ အလွန် ကောင်း ပါတယ်။ ကျောင်းမဆောက် ဘုရားမတည် ဘဲ ကြွယ်သမျှ စုထားတာ ယခုလို ကိစ္စ မှာ သွန်ချသလို ရက်စက်ဖို့ပါပဲ။ ငွေအား နှင့် ကြိတ်မှဖြင့် ဣတ္ထိယာ နယ်တစ်ခွင်မှာ ရှင်ဘုရင်ကြီးလို မောက်ပြီး ခြေအောက်မှာ ဝပ်ပြားထိုးလာအောင် သတ္တိရှိပါတယ်။

(စ) အလဲ ခင်ဗျားလဲ အဟန်ကြီးပါကလား။ သည်လိုလက်ဝဲလမ်းမှာတော့ တစ်ဖက် ကမ်း ခတ်ပြီမို့ ဆရာကြီး တင်မြှောက် ထိုက်ပါပေတယ်။ ကဲ ကြာကြာ မပြောပရ စေနှင့်တော့။ ယနေ့ညပဲ ကြွတော်မူပါ။ လုပတဲ့ အဝတ်ကောင်းနှင့် လူပျိုဟန် ပြောင်းသွားပါ။ မင်္ဂလာပွဲကျတော့ ခဲဖိုး ပေးဖို့ မမေ့ပါနှင့်။

ဟု ပြော၍ ပြန်သွားကြလေ၏။

ည၇-နာရီလောက်တွင် ဖြူကြောင်သော ဆံပင်နှင့် နှုတ်ခမ်းမွေးများကို ဆေးဆိုးပြီးလျှင် ကောင်းမွန် သပ်ရပ်စွာ ဝတ်ဆင်ပြီး ခင်ခင်အိမ်သို့ သွားလေ၏။

အမြှာမွေး ညီအစ်မနှစ်ယောက်စလုံး ထွက်၍ လက်ဖက်၊ ကွမ်းဆေးတို့ဖြင့် လောကွတ် ပျူငှာ စွာ လက်ခံသောအခါ ဦးဘ၏ မေတ္တာစိတ်သည် ပန်းပွင့်နှစ်ခု၏ အပေါ်မှာ ဝဲ၍နေသော ပိတုန်းသည် ဟိုပန်းပွင့်မှာ နားရမလိုလို၊ သည်ပန်းပွင့်မှာ နားရ မလိုလို မဝေမခွဲနိုင်အောင် ယောင်တီးယောင်တဖြစ်၍ နေဘိသကဲ့သို့ အသွင်တူ၍ အကြီးအငယ်မခွဲနိုင်သော ညီအစ်မနှစ်ယောက်၏ လှပသော မျက်နှာပေါ်မှာ ယောင်တီးယောင်တ သန္နိဋ္ဌာန် မချနိုင်အောင် ရှိနေ လေ၏။

(ခင်) ဟိုစစ်ကိုင်းဘက် ဇာမရီချောင်မှာ ကထိန် ခင်းတုန်းက ကျွန်မတို့ ရှင်နဲ့ တွေ့ပြီးတဲ့ နောက် ယခုမှပဲ တွေ့ရတော့တယ်။ ဈေးချို ပိုးထည်တန်းကို ကျွန်မတို့ တစ်ခေါက် လျှောက်သွားတုန်းကလဲ ရှင့်ကို မမြင်ခဲ့ရ ဘူး။ ကျန်းကျန်းမာမာ ရှိတော်မူပါရဲ့လား ရှင့်။

ဦးဘက 'ငါ့ကိုဖြင့် ရှေ့ကပဲ ခပ်ကြိုက် ကြိုက်နေတဲ့ လက္ခဏာပဲ'ဟု တွေးပြီး

WWW.DHAMMARANSI.COM



ကျန်းမာပါရဲ့ဗျား။ တောင်မြို့ ရက်ကန်းထောင်တဲ့ လူများထံသို့ သွားပြီး ရှေ့ကငွေပေးထားတဲ့ အထည်တွေကို သိမ်းနေရလို့ ယခုတစ်လော ဈေး မထွက်နိုင်ဘူး။

(တင်တင်က ပြောသည်မှာ)

ပစ္စည်းတွေ အများသားဘဲ။ ကိုယ်တိုင်သွားပြီး သည်လောက်လဲ အားမထုတ်ပါနှင့်ရှင်။ စည်းစိမ်ရှင်ကြီး ဖြစ်နေတာပဲ။ ဈေးထွက်လို့လဲ မတော်ပါဘူး။ ရှင့်မျက်နှာကို ဈေးထဲမှာ ထိုင်ထိုင်နေတာ မြင်ရလို့ ကျွန်မတို့က– ဩော် သည်လို ဂုဏ်ကျက်သရေ ရှိတဲ့လူကြီး ဈေးထွက်နေရှာသကိုးဟု တွေးပြီး ဝမ်းနည်းပါတယ်။ အိမ်က အခန့်သားထိုင်ပြီးနေဖို့ တင့်တယ်လို့ ကျွန်မတို့ ထင်တာပါပဲ။

ဦးဘက ‘အင်း သူတို့နှစ်ယောက်စလုံး ခပ်ပြုံးပြုံးနှင့် စကားလုံးလာပုံကဖြင့် ငါ့ကိုကြိုက်နေကြတာ အမှန်ဘဲ။ ဘယ်ဟာကခင်ခင်၊ ဘယ်ဟာကတင်တင်ရယ်လို့ မခွဲနိုင်သေးဘူး။ သို့ရာတွင် ခင်ခင်ကိုသာ ဦးတည်ပြီး ပြောရမှာပဲ’ဟု စဉ်းစားပြီးလျှင်

ခင်ခင်ပြောတာလဲ ဟုတ်ပါရဲ့။ ဈေးချိုမှာဆိုင်တည်ပြီး ပိုးကုန်သည် လုပ်လာတော့ နီးဝေး မိတ်ဆွေ ဖောက်သည်တွေကလဲ ရှိနေလို့ ဈေးမထွက်ဘဲ မနေနိုင်အောင် ဖြစ်နေပါတယ်။ သည့်ပြင်လဲ မျက်နှာလွှဲဖို့ တိုးတိုးဖော်ကလေးများက ကောင်းကောင်းအကျိုးမပေးနိုင်လို့ ကိုယ်တိုင်ပဲ လုပ်ကိုင်စီမံနေရတာပါဘဲ။ လောကက တယ်ခက်တာကလား။ လိမ်လိမ်မာမာ ဣန္ဒြေရရနှင့် စိတ်ချပြီး မျက်နှာလွှဲလောက်တဲ့ ခင်ခင်တို့လို...

(ဦးဘစကားကိုဖြတ်၍ တင်တင်က)

မန္တလေးမြို့ပေါ်မှာ အလိမ္မာကလေးတွေ မရှားပါဘူး။ ရှင့်ဆိုင်နားက ခင်ထားဆိုတာလဲ အလွန်တော်ပါတယ်။ မျက်နှာပေါကလေးနှင့် ချစ်စရာ အကောင်းသားပဲ။ အရောင်းအဝယ်မှာလဲ အတော်လယ်လယ်ပတ်ပတ် ရှိပါတယ်။

(ဘ) အို– သည်လို ငယ်ငယ်ကလေးတွေ ဆိုတော့ ကိုယ်ပါ ဣန္ဒြေညှိုးပြီး ဂုဏ်တန်ခိုးမှေးမှိန်၍ သေးသေးသိမ်သိမ် ဖြစ်သွားမှာစိုးရိမ်ပါတယ်။ ကလေးကလားနှင့် လူကြည်စားစရာကြီးကလား။ ကျုပ် သဘောကျတဲ့အတိုင်း ပြောရမှာဖြင့် ယခု သည်အိမ်က... အို စကားမစပ် မင်းတို့ ညီအစ်မနှစ်ယောက် ဥပုသ်စောင့်သွားတဲ့ အခါအိမ်မှာ စောင့်မယ့်လူများ ရှိရစ်ကဲ့ လား။

(ခင်) မရှိရစ်ပါဘူးရှင်။ အစေခံမကလေး အိမ်မြဲဆိုတာ တစ်ယောက်ရှိသော်လဲ သူ့ပါခေါ်သွားရပါတယ်။ မိန်းမသားချည်း နေရတော့ အားလဲ ငယ်ငယ်ပဲရှင့်။ အရပ်ထဲမှာ ကပ်ရောဂါသံကြားမှုဖြင့် သာပြီးခက်ပါသေးတယ်ရှင်။

(ဘ) သည်လို အိမ်စောင့်မယ့်သူ မရှိတဲ့အခါကျုပ်ကို မှာလိုက်တာပ။ ဝန်မလေးလှပါဘူး။ သူများအကျိုးကိုတော့ သည်ပိုးဆောင်ရွက်တတ်ပါရဲ့။ အတ္တဟိတ သမားကြီး မဟုတ်ပါဘူး။

(တင်တင်က ပြုံးပြီး)

သည်လို လူကြီးလူကောင်း တစ်ယောက်ကျွန်မတို့ကို စောင့်ရှောက်မယ် ဆိုလျှင် အို– ဘာပြောစရာရှိမလဲ။ သဘောအကျဆုံးပရှင်။

(ဘ) ကျုပ်လဲ ဘုရားတရားနှင့် ဥပုသ်စောင့်များလဲ ဝါသနာပါပါရဲ့။ တရားပေစာနှင့် စာသင်တာလဲ... ဘာတဲ့လေ သဟဂုတ်၊ သဟဂုတ်တွေနှင့် ရှုတ်နေတဲ့စာဟာ... (သဂြိုဟ်လားရှင့်)

WWW.DHAMMARANSI.COM



အဲ ဟုတ်တယ်။ ကျုပ် ကျက်တာ ဘယ် အနား ရောက်သွားပါလိမ့်မလဲ။ "ဆိုင်း" ပါတာလေ။

(သမ္ဗုဒ္ဓိ ဆွိုင်းလားရှင်)

အဲသည်အနားကို ရောက်သွားပြီ။

(ခင်) အို ရတနာသုံးပါးနှင့် စာပေပရိယတ္တိများ ဝါသနာပါတယ်ဆိုရင် ကျွန်မတို့ ဓာတ်နှင့် သဘောချင်း ထပ်နေတာပဲရှင့်။ သည်လို စိတ်သဘောမျိုးမှ ကျွန်မတို့ နှစ်သက်ပါတယ်။

(ဘ) အင်း ဟုတ်ပေမပ။ ဒါကြောင့် ရှေးဆရာကြီးများက (သူတော်ချင်းချင်း သတင်း လွှေ့လွှေ့...ပါတဲ့လေ အဆုံးမရပါဘူး။

(တင်) 'သူတော်ချင်းချင်း သတင်း လွှေ့လွှေ့ အတွေ့မခဲ မဆက်ဆံ' ဆိုတယ် မဟုတ်လားရှင့်။

ဟု ရယ်၍ပြောသည်။

(ဘ) မင်း ရွတ်တဲ့စာ မမှန်သေးဘူး ထင်ပါရဲ့လေ။

(မှန်ပါတယ်ရှင့် ကျွန်မငယ်ငယ်က ရဖူးပါတယ်)

အင်း ဟုတ်စေတော့။ သည့်ပြင် ရှိပါသေးတယ်။ 'အသွင်မတူ-'ပါ တဲ့လေ။

(တင်) သြော် ကျွန်မသိပါပြီ။ 'အသွင်မတူ၊ လူတစ်မျိုး၊ အသွင်တူမှ လူဆွေမျိုး'ဆိုတာ မဟုတ်လားရှင့်။

(ဘ) မင်းတို့ ရတဲ့စာနှင့် ကျုပ်စာနှင့်ဖြင့် လွဲနေတာပဲ။

(တင်) မလွဲပါဘူးရှင်။ ရှင်သီလဝံသ ရေးခဲ့တာ ချည်းပါဘဲ။

(ဘ) ကဲ ကဲ ရှိပါစေတော့။ နက်ဖြန်ခါ ရသာတန်း မင်္ဂလာဆောင်က ဖိတ်စာ ရကြရဲ့ မဟုတ်လား။

(ခင်) ရပါတယ်ရှင်။ သို့ပေတဲ့ စိန်မဆင်နိုင်လို့ လိုက်မယ် မကြံဘူးရှင့်။

(ဘ) အို အိမ်မှာ စိန်တွေ အရှိသားကလား။ နက်ဖြန်ခါ စိန်နှစ်ယောက်ဝတ်စာ အပိုင်ခိုင်း လိုက်ပါမယ်။

(တင်) ကျေးဇူးကြီးပါပြီရှင်။ ကျွန်မတို့က ငှားပြီး ဝတ်ဖို့ ဝါသနာ မပါဘူးရှင့်။ ကိုယ်ပိုင်မှ ဝတ်ချင်တယ်။

(ဘ) သည်ကလဲ အိမ်က စိန်တွေကို အပိုင် ဝတ်ဖို့ လူကို ရှာနေတာပါဘဲ။ စိန်တွေက သခင်မကို မျှော်နေရှာကြပါတယ်။ ကျုပ်က လဲ ခင်ခင်တို့လို...။

(ခင်) သူများ ဝတ်ပြီးသားတွေဖြင့် ကျွန်မတို့ ဝတ်လေ့ မရှိပါဘူး။ အသစ်မှ ဝတ်ချင်တာပါ။

(ဘ) အိမ်မှာ ရှိတာတွေလဲ အကုန်လုံး အသစ်ချည်းပါဘဲ။

(တင်) စေတနာ မေတ္တာနှင့် ဝတ်ဆင်ဖို့ရာ ပို့လိုက်ရင်ဖြင့် 'သဒ္ဓါလို့ပေး သေဆေး တောင်မှ...' ဆိုတာလို ကျွန်မတို့ ဝတ်ရမှာဘဲ။ လာဘ်ဦးဆိုတာ မရှောင်ရဘူးတဲ့ရှင်။

(ခင်) စိန်များပေတဲ့ အဝတ်အစား ပြောင်ပြောင် လက်လက် ရှိဦးမှ တော်တယ်ရှင့်။ ဒါကြောင့် ပွဲထိုင်မိအောင် ကျွန်မတို့ ဝတ်ဖို့ ရှင့်ဆိုင်ကဖြစ်ဖြစ် အဆင်သစ် အဆင်ဆန်း ပန်းပြော့ ဖဲကြီးလုံချည် ၄-ထည်၊ ပိုးတွန့်ပဝါကြီး ၆-ထည်၊ တိုက်ဖဲ ထီး ၂-လက်၊ ပိုးလက်ကိုင်ပဝါ တစ်ဒါဇင်၊ ရေမွှေးနှင့် ပေါင်ဒါက သုံးဒါဇင်လောက်၊ သနပ်ခါးပြုပ်ခေါက်က တစ်ပိဿာ၊ ကတ္တီပါ ဖိနပ် ၁၀-ရန်၊ တိုက်မှန်ကြီး တစ်ချပ်ကိုလဲ စောစောပို့လိုက်လျှင် တယ်ပြီး မင်္ဂလာရှိမှာပဲ။ အဖိုးနှုန်းကိုလဲ ဘီလုပ်ပြီး ပေးလိုက်ပါ။

(တင်) ဟုတ်တယ်ရှင်။ သည်ပြင် ကျွန်မ မှာချင်တာကတော့ ကတ္တီပါခေါင်းအုံး ခြောက်လုံး

WWW.DHAMMARANSI.COM



လောက် ထည့်လိုက်ရင် အင်မတန် နေရာ ကျမှာပဲ။

(ဦးဘက 'ခေါင်းအုံးခြောက်လုံး ဆိုတာ ဂဏန်းသင်္ချာနှင့်တွက်ပြီး မှာလိုက်တာပဲ။ လူ တစ်ယောက်လျှင် နှစ်လုံးကျ ခွေးတြိန်းဆ အို အင်မတန် နေရာကျပါကလား'ဟု စဉ်းစားပြီး တင်တင် မျက်နှာကို ကြည့်၍)

သည့်ပြင် တစ်တောင်လောက်ထုတဲ့ မွေ့ရာနှင့် ဇာခြင်ထောင်၊ ကြေးခုတင်များတော့ နက်ဖြန်ခါ မပို့လိုက်ရသေးဘူးလား။

ဟု မေးလေ၏။

(ခင်) ခုတင်နှင့် ခြင်ထောင်ဆိုတာက ဘာလုပ်စရာလဲရှင်။

(ဘ) မင်းတို့နှင့်... မင်းတို့အိပ်ဖို့ပေါ့ကွဲ့။

(တင်) ဩော် ကျွန်မတို့ အိပ်ဖို့လား။ ဒါဖြင့် ခုတင်ကို ခပ်ကြီးကြီး ဝယ်ပါရှင်။ အလယ်က ကျွန်မတို့ရဲ့...ကျွန်မတို့နှစ်ယောက် နံဘေးတစ်ဖက်က တစ်ယောက်စီ ပေါင်းသုံးယောက် ကျယ်ကျယ်လွင့်လွင့် အိပ်လောက်အောင်ရှင့်။

သုံးယောက်အိပ်ဆိုတဲ့ စကားကို အများကြီး သဘောကျသည်နှင့် *ဩော် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ တယ်မှန်ပါကလား။ နှစ်ယောက်စလုံးပဲ မေတ္တာရှိရှာကြတာပဲ။ ဒွိသန္တ ကပစ္စည်းလို့ ဘုန်းကြီးများ ပြောကြတာ ငါလိုလူကို ခေါ်တာ ထင်ပါရဲ့။ အတွေ့က အပုံကြီး နောက်ကျသွားတယ်* ဟု မိမိ သဘောအတိုင်း တွေးပြီး

ကြေးခုတင်ကြီးတစ်လုံး ရိုးတိုက်ထဲမှာ တွေ့ခဲ့တာ ဖဲမွေ့ရာကြီးနှင့် သုံးယောက်ဖြင့် ချောင်ချောင်ကြီး အိပ်လောက်မှာပဲ။ သုံးယောက်ဆိုတာ နွေခါဖြင့် အင်မတန် အိုက်မှာပဲ။ အင်း ဆောင်းခါဖြင့် တန်စရာရှိရဲ့။

ဟု ပြောရာ တင်တင်က

နွေအခါပေတဲ့ ပန်ကာရှိလျှင် မအိုက်ပါဘူးရှင်။

ဟု ပြောလေ၏။ ပြောရင်းဆိုရင်း အချိန်ညဥ့်နက်သွားသည်နှင့် တင်တင်က နာရီကို မော့ကြည့်ပြီး ပြောသည်မှာ

ကျွန်မတို့အိမ်က နာရီဟာ တော်တော်အချိန် မှန်တယ်ရှင့်။

(ဘ) အချိန်မှန်မှာပ။ အမေရိကန်က အေတံဆိပ်နာရီကြီးပဲ။ ကျုပ်အိမ်က နာရီလဲ သည်အမျိုးထဲကပါပဲ။

(တင်တင်က ပြုံးသည်။ ပြုံးတိုင်း ငါ့ကို ကြိုက်သည်ဟု ထင်သည်။)

(ခင်) လူခြေတိတ်လို့ တစ်ရပ်လုံး အိပ်ကုန်ပါပကော။

(ဘ) ကျုပ်တို့တော့ သည်အချိန် မအိပ်သေးပါဘူး။ လက်ဖက်ရည်အိုး တစ်လုံးနှင့် စကားဝိုင်း ကောင်းတုန်းပါဘဲ။

(တင်) ဩော် ယခုတွန်တဲ့ကြက်ဟာ ဘာကြက်ပါလိမ့်မလဲ။

(ဘ) အသံခပ်သေးသေးမို့ တိန်ညင်းကလေး ထင်ပါရဲ့။

(တင်) သည်ကြက်တွန်တာ အချိန်ဘယ်လောက်ရှိလိမ့်မှန်း။

(ဘ) အသံနှင့် ဆ,လိုက်ရင် သည်ကြက်ဖဟာ ငါးဆယ်သားလောက်ပဲ ရှိမယ်ထင်တယ်။ [ညီအစ်မနှစ်ယောက် တခစ်ခစ် ရယ်ကြသည်။]

(တင်) ယနေ့ လပြည့်ကျော်ရှစ်ရက်။ လကလေး ထွက်လာပြီ။

(ဘ) ဟုတ်ပါရဲ့။ ထွက်လာပေါ့။ လဆုတ်မို့လို့ လကလေးဟာလဲ ချိုင့်တိုင့်တိုင့် ဖြစ်နေရှာပြီ။

WWW.DHAMMARANSI.COM



ခင်ခင်က သန်းဝေပြီး

"ကျွန်မတို့ဖြင့် အတော်အိပ်ချင်လာပြီ"

ဟု ပြောရာ ဦးဘက

နှာရှုပြီး မျက်လုံးကျယ်အောင် လက်ဖက်ကလေး စားလိုက်ပါဦးလား။

ဟု ပြန်ပြောလေ၏။

(တင်) အမယ် ညဦးနက်သွားပါပကော။

(ဘ) အို ညဦးဆိုတာ နက်နေမှာပေါ့။ နေ့လိုတော့ ဘယ်မှာ ဖြူဖြူဝင်းဝင်း နေနိုင်ပါမလဲ။

ဦးဘသည် ခင်နှင့်တင်ကို မက်မော၍ လောဘဇောကြီးသည်နှင့် အချိန်ကုန်မှန်း မသိတဲ့ပြင် သွားစေချင်တာကို မရိပ်မိ၊ အလိုက်မသိ၊ ပေ၍ နေရာ ဦးဘ၏ အစေခံဖြစ်သူ ဖိုးစံသည် ညဦးနက်သဖြင့် ရထားတစ်စီးနှင့် လိုက်လာပြီးလျှင်

တောင်မြို့က ပိုးကုန်သည်တွေ စောင့်နေတာ ကြာရှာလှပြီ။ ၁၂–နာရီကျော်ကျော် ရှိပါပေါ့ခင်ဗျား။ ရထားအသင့် ပါလာတယ်။

ဟု ပြောလျှင်

နင် ငါမမှာဘဲ ဘာ့ကြောင့် လိုက်လာရသလဲ။ အမှန်းမသိတဲ့ တောသား။

ဟု ကြိမ်းဝါးသောအခါ တင်တင်က

ညှိသည်များကို အားနာစရာကြီး လိုက်သွားလိုက်ပါဦး။ ဟိုညှိသည်တွေက ရှင့်ကို အလိုက်မသိဘူး ဆိုနေပါမယ်။

ဟု ခပ်စောင်းစောင်း ပြောလေ၏။

(ဘ) ခဏဆိုင်းစမ်းပါဦး။ စကားပြောလို့မှ မဝသေးပါဘူး။

ဆို၍ တင်ပါးနှင့်ဖျာ ခွာလို့ မရအောင် ထိုင်နေပြန်ရာ ခင်ခင်က

"ကျွန်မတို့ ဘုရားဝတ်တက်ပရ စေဦး"

ဆိုပြီး ဘုရားစင်မှာ မီးထွန်း၍ ဦးဘ မထမချင်း ဘုရားရှိခိုးနေကြလေ၏။ ဦးဘက စကား ပြောရတာ အားမရသေးသည်နှင့် ခပ်ကြာကြာ စောင့်၍နေပါသော်လည်း ဝတ်တက်၍ မပြီးနိုင်သည်နှင့်

"ကဲ ယနေ့ညဖြင့် ပြန်ဦးမယ်"

ဆို၍ နေရာကထတော့မှ ခင်နှင့်တင်တို့ ဘုရားကို ဦးချ၍

"ကြွတော်မူပါဦးတော့ရှင်"

ဟု နှုတ်ဆက်ရာ ဦးဘက

မင်းတို့ မှာလိုက်တာ နက်ဖြန်ခါ လာပို့ပါစေ့မယ်။ စိတ်ချနေကြပါ။ နက်ဖြန်ခါ ညလဲ ရောက်ချင် ရောက်လာဦးမှာပဲ ။

ဆိုပြီး ရထားစီး၍ ပြန်သွားလေ၏။ အိမ်သို့ ရောက်သောအခါ အိပ်ရာထဲမှာ လှဲ၍ တစ်ယောက်တည်း ကြံစည်သည်မှာ

*သြော် ကညာတရှဉ်းဖြင့် မမွှတာ မကောင်းနိုင်လို့ တဏှာတွင်းထဲမှာ မိကုန်ပေါ့။ စိတ်ရှိတိုင်း ပျော်ရချည်သေးရဲ့။ တော်တော်လိမ္မာတဲ့ ဟာကလေးတွေပဲ။ ချစ်ခင်စရာကြာမျက်နှာကလေးတွေမို့ အချစ်သွေးတက်စရာကောင်းပေတယ်။ ပြုံပြုံစုစုယုယုယယနှင့် ဂရုစမ္မ အတော် စိုက်ကြပေလိမ့်မယ်။ သူတို့ကို လူတိုင်း ကြိုက်သော်လည်း မထိုက်တဲ့ ပေါ်းမွှာတို့ကို ဘာစကားမှ သူတို့ လက်ခံ မပြောဘူးတဲ့။ သည်မောင်ကံဟာ အကျိုးပေး အတော်သန်တယ်။ ကြံလိုက်တိုင်း ဖြောင့်သွားတာချည်းဘဲ။ တစ်ခေါက်တည်း သွားရသေး ချစ်လိုက်ကြတာ ပြန်လာတာတောင် သူတို့က မျက်နှာ မသာရှာကြဘူး။ အကြောင်းပါတဲ့အခါ ဘယ်ညာယှဉ်၍ လက်ဝဲ စောင်းချည် တစ်ခါ၊ လက်ယာစောင်းချည် တလှည့်နှင့် ကန့်ကယ အမူအခရာလုံးတွေနှင့် ပူဆာဦးမယ့် အရေးတွေကိုမြင်ပါဘိတော့သနော်။ အမွှာမွေး မယားတရှဉ်းနဲ့ ကစားရင်း အသက်သေချင် သေပါစေ။ ပျော်ပျော်နေရလျှင် လောက စည်းစိမ်ကြီး သတဲ့။ တစ်အိမ်ထဲ သုံးယောက်ပြိုင်ပြီး*

WWW.DHAMMARANSI.COM



*ဖို့ခနောက်ဆိုင် စံစားမယ်။ ရန်များမယ့် ဟာကလေးတွေတော့ မဟုတ်ပါဘူး။ အတူ 'တူ ဓါးကပ်ပြီး မီးယပ်နေတာ တစ်ပြိုင်တည်း ကျနေမှာကို စိုးရိမ်ရတယ်။ တစ်ယောက်က ခေါင်းခဲလျှင် တစ်ယောက်လဲ မကျန်းမာဘူး ဆိုလို့ သည်လိုဖြစ်လျှင်လဲ ခွကျတတဲ့။ ဟယ် မတတ်နိုင်ပါဘူး။ ကျန်းမာအောင် မွေးကျွေးပြီး ဆေးဝါး ဓာတ်စာနှင့် ဆရာဝန်ကို အမြဲ လခပေး ထားရမှာပဲ။*

ဟု စိတ်တွင်ထင်သမျှ တစ်ညလုံး မိုးလင်းအောင် တွေးတော ကြံစည်၍ နေလေ၏။

နံနက်လင်းသောအခါ ခင်နှင့်တင်တို့ ထံမှာ အာမခံ ကြွေးယူခဲ့တဲ့ စိန်များနှင့် မှာထားလိုက်သော ပစ္စည်းများကို ဝယ်ခြမ်း၍ ပို့လိုက်လေ၏။

ခင်နှင့် တင်တို့ကလည်း ပို့လိုက်သော ပစ္စည်းများကို မြင်၍ ပြုံးရယ်ကြပြီးလျှင်

*ဦးဘရဲ့ မျက်လုံးနှစ်လုံးဟာ တို့ညီအစ်မ နှစ်ယောက် ဖုံးထားတာနှင့် ဘယ်ဟာမှ မမြင်ရှာတော့ဘူး။ တဏှာရူးဆိုတာ ကမ္ဘာဦးက စဖြစ်ပေါ်လာတာမျိုးပဲ။ သည်အဘိုးကြီးဟာ ကညာနနု ထွတ်ထွတ်ကလေးတွေကို လိုက်စားနေတာ ကြာလှပြီ။ သမီးချင်း မစာနာဘူး။ သည်တစ်ခါဖြင့် လူလိမ်မှာကြီး ထိနာတော့မယ်။ ညာနေလို့ တော်မယ့် အဘိုးကြီး မဟုတ်ဘူး။ [ပျားရည်နှင့် ဝမ်းနူး၊ နတ်ရူး ဘုံနှင့်မြှောက်] ဆိုသလို သူခြေဖျား ထောက်တိုင်း မှောက်ချင်သလို မှောက်ပေစေတော့။ သွေးခပ်မြှောက်မြှောက် နောက်တောက်တောက်နှင့် မကြောက်မရှက်တဲ့ လူကို တေလျှင် ငရဲပြည်က သာခုခေါ်သတဲ့။ တော်သလို ညှဉ်းလိုက်မှ နေရာကျမယ်* ဟု အကြံထုတ်၍သာ နေကြလေ၏။

ဦးစုနှင့် ဦးလေးမောင်တို့ ဦးဘ အိမ် သွားရောက်ရာ မျက်နှာချိုချိုသာသာနှင့်

နေရာဖြင့် ကျပကောလားဗျား။ မင်္ဂလာဆောင်ဖို့သာ ရက်ရွေးကြပေတော့။ ခင်ဗျားတို့ စောစောစီးစီးက နည်းမပေးကြတာ အလွန် အပြစ်တင်စရာ ကောင်းနေတာပဲ။

(စု) ခင်ဗျားဟာကလေးတွေ တိုးလိုတဲ့လောင်းမို့ အကဲခပ်ပြီး ကျုပ်တို့ စောင့်နေတာပါ။ ယခု ဖြောင့်ရဲ့ မဟုတ်လား။

(ဘ) ဖြောင့်ဆို မပြောပါနှင့်တော့။ တန်းနေတာပဲ။ တစ်ညတည်းနှင့် အင်း...ဟုတ်ကဲ့။ ကိစ္စကုန် ချောလောက်ပြီ ဆိုကြပါစို့ရဲ့ ခင်ဗျား။

(လေး) လွယ်လွန်းလှချည်းရဲ့ ခင်ဗျာ။ သည်ဟာမကလေးတွေ ဣန္ဒြေအတော် ခိုင်တာပဲ။

(ဘ) ဣန္ဒြေခိုင်တာတွေ ယခု ယိုင်ကျကုန်ပါပကော။ မပြောပါနှင့်တော့။ ဆရာဘတို့က တစ်ခါစလိုက်လျှင် ပသာဒနှင့် ကညာမတွေဟာ လာဘုရာ့ လာဘုရာ့လို့ ဦးတင်ပြီး ရူးချင်သလို နမ်းချင်သလိုလို...။

ဦးစုက ကြားဖြတ်၍

တယ်ဆိုတဲ့ စာပါကလား။ နေရာကျတယ်ဆိုရင် တန်ပါတော့။ ကဲဒါဖြင့် ကျုပ်တို့ကို ဉာဏ်ပူဇော်ကြေး ဘယ်လောက် ပေးမလဲ။

(ဘ) မင်္ဂလာမဆောင်ခင်တော့ ကျုပ်ဆိုင်က အလိုရှိတဲ့ပုဆိုး တစ်ထည်စီ ယူနှင့်ကြဦးဗျာ။ ကိစ္စပြီးတော့ ခင်ဗျားတို့ တူမများက လှလှကြီး ကန်တော့ပါလိမ့်မယ်။

(လေး) ဘယ်နေ့လောက် မှန်းသလဲ။

(ဘ) အို-လသော ရက်သော မရွေးပါနှင့်။ ဆောင်းဥတုမို့ အေးလှပြီ။ နွေးနွေးနှင့် ကွေးဖို့ရန် အမြန် အရေးကြီးနေတာပဲ။ ကဲ ယခု ကျုပ်ဆိုင်ကို သွားကြပေတော့။ နေ့ရက်ကို ကျွန်တော်ကိန်းနှင့် တွက်မယ်

WWW.DHAMMARANSI.COM



ဟု ပြောရာ ဦးစုနှင့် ဦးလေးမောင်တို့ ထွက်သွားကြလေ၏။

ငင်းည ဦးဘသည် ခင်ခင်တို့အိမ်ကို သွားရောက်ပြန်သောအခါ အမူအရာ အမျိုးမျိုးနှင့် တိုး၍ လောကွက်ပျူငှာ ပြုလုပ်ကြလေ၏။

(ဘ) မနေ့ညက ခပ်စောစောပြန်သွားတာ မင်းတို့ တယ်ပြီး စိတ်မကျေဘူး ထင်တယ်။ ကျုပ်က မျက်နှာမြင်တာနှင့် အကဲခတ်မိပါရဲ့။

(ခင်) ကျွန်မတို့စိတ်က တယ်ခက်တယ်ရှင့်။ မခင်မိ နေရော့။ ခင်မိမှဖြင့် မော်လမြိုင်သူတွေလိုပဲ စွဲစွဲမြဲမြဲ ခင်မင်တတ်တယ်ရှင့်။

(ဘ) မနေ့ညကပဲ သည်လို ထိထိရောက်ရောက် ခင်မင်တတ်တယ်ဆိုတာရိပ်မိပါရဲ့။ ကျုပ်လဲ သည်လို နက်နက်နဲနဲ စွဲစွဲလမ်းလမ်း ချစ်ခင်တတ်တဲ့ ဟာများကို ရှာနေတာပါ ပဲ။ နို့ နေပါဦး။ ပွဲထိုင် သွားလိုက်သေးရဲ့လား။

(ခင်) ကျွန်မတို့ သွားတယ်ရှင့်။ [ကျုပ်ပို့လိုက်တဲ့စိန်တွေကို ဆင်လို့ပလေ။] ဆင်ရပါသော်ကောရှင်။ သူဌေးနှင့် မေတ္တာရှိတယ်ဆိုတာ သည်လိုအရာမှာ မောက်ရတာမျိုးပဲ။ ကြည့်လိုက်ကြတာရှင်။ တချို့ကလဲ မျက်စပစ်၊ တချို့ကလဲ မေးငေါ့နှင့် တိုးတိုးပြောလိုက်ကြတာ မကြား တကြား နားစိုက်ထောင်လိုက်တော့ခင်ခင်နှင့်တင်တင် တို့ဟာ ဦးဘနှင့် ဘာဖြစ်သလိုလို မချိုမခါး မျက်နှာထားနှင့် သေသေချာချာလဲ မကြားရပါဘူး။ ကျွန်မတို့ ရှက်များ ရှက်မိတယ်။ ကျွန်မတို့အကြောင်းများကို ဘယ်သူမှ မကြားပါစေနှင့်ဦး။ ယခု ဖုံးထားလိုက်ပါ။ နောက်ခါတော့ တစ်ကမ္ဘာ လုံးကျော်လေ သဘောကျလေပါပဲရှင်။

[ပရိယာယ်နှင့် လယ်ဆယ်၍ ပြောသည်။]

(ဦးဘက သဘောကျသဖြင့် ဝမ်းထဲက ပြုံးပြီး) 'မပုပ်ဘဲလဲ မပေါ်၊ မဟုတ်ဘဲ မကျော်' ဆိုတာ အင်မတန် မှန်တာကလားကွယ်။ ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်းကို လူချင်းဆောင်ကြမှာပ။ မင်းတို့ကလဲ နာမည်ကြီး သည်ကလဲ နာမည်ကြီး။ သဘော်ကြီးခုတ်တော့ လှိုင်းပုတ်တာကြီး သလို အဝေးအနီးကို မှန်တဲ့အတိုင်း သတင်းလွှင့်သွားတာပါပဲ။ 'ဆင်သေလျှင် သရေဖုံးလို့ မလုံဘူး' ဆိုတာလို ကျုပ်တို့ သတင်းတော့ ဈေးချိုတွင်းက စပြီး ကျော်ကုန်မှာဘဲ။ အံ့ဩပါရဲ့ဗျာ။ သတင်းစာထက်ပဲ မြန်သေးသကိုး။

(တင်) အို– ချီးမွမ်းလဲ ၇–ရက်၊ ကဲ့ရဲ့လဲ ၇–ရက်ပါပဲ။ မရှက်နိုင်ပါဘူး။ 'ကလေးပါးစပ်မှာ အစား၊ ဈေးပါးစပ်မှာ စကား' ဆိုတာလို ဈေးချိုထဲကစပြီး စကားတွေ ပွပွကုန်တာပါပဲ။ ကဲ ရှိပါစေရှင်။ ကျွန်မတို့ ခံနိုင်လျှင် ပြီးတာပါဘဲ။ တကယ့်အရေးဆိုတော့ အလွယ်ကလေးလဲ မဟုတ်ပါ။ 'ယခုရှုပ်မှ နောင်ရှင်း' ဆိုတာလို ပွင့်ပွင့်လင်းလင်းကြီး ကျွန်မတို့ပြောချင်တာ ရှိပါတယ်။ ချစ်တုန်းက မုန်းစကား ပြောရသတဲ့ရှင့်။

(ဘ) အို ဟုတ်ပေတယ်။ သဘောရှိသလို ဖွင့်ပြောပါ။

(ခင်) အဖြစ်အပျက်ကိုတော့ ဖွင့်ရတော့မှာ ပဲရှင့်။ ကျွန်မတို့ မိဘနှစ်ပါး ဆုံးသွားတော့ တော်တော်များများ ပစ္စည်း ကျန်ရစ်ပါတယ်။ စိုးတင်ဆိုတဲ့ မောင်ကလေး တစ်ယောက်က ရှုးရှုးနောက်နောက်နှင့် မှောက်မှောက်မှားမှား ကစားဖြုန်းတီးလို့ ပစ္စည်းတွေ အကုန်ဖြုံတော့ သူလဲ လွင့်ပါရောရှင့်။ဖြုံရုံမက သူလက်မှတ်ထိုးခဲ့တဲ့ ကြွေးတွေကို ဆပ်ရလို့ ကျွန်မတို့ အိုးအိမ် ဆုံးတဲ့ပြင် လုံးလုံးကြီး ကြွေးငါးထောင်

WWW.DHAMMARANSI.COM



လောက် တင်နေပါတယ်။ ယခုစားသောက် နေထိုင်ရတာလဲ သူများထံက ဆွဲပြီး အကဲ မယုတ်ရအောင် အထုပ် ရှိသလို ဟန်ပန်နှင့် ကြံကြံဖန်ဖန် နေရတာပါ။ မှန်ရာကို ကျွန်မ အသနားခံတာပဲရှင့်။

(ဘ) အို ကြွေးကလေး မဖြစ်စလောက်နှင့်၊ ဘာမှ မကြောက်ကြပါနှင့်။ စောစောက မပြောကြဘဲကိုး။ ကဲ နက်ဖြန်ခါ ငွေပါးထောင် ပို့လိုက်မယ်။

(တင်) အတွေ့ရဖြင့် အပုံကြီး နောက်ကျသွားတာပဲရှင့်။ 'ဆန်ဖြူ ဆန်ကောင်း ထောင်းစမ်းမှသိ၊ လူကောင်းမကောင်း ပေါင်းစမ်းမှသိ' ဆိုတာလို ကျေးဇူးရှင်ကြီးကို ကျွန်မတို့ ထောင်းစမ်းလို့ ကောင်းမှန်း ဖြူမှန်း သိပါပြီ။ ကျွန်မတို့ကိုလဲ ပေါင်းစမ်းကြည့်ပါဦးရှင့်။

(ဘ) ဟုတ်ကဲ့ ကျုပ်ကဖြင့် ပေါင်းစမ်းကြည့်ချင်လှပေါ့။ ဒါကြောင့် လာခဲ့တာ မဟုတ်လား။ အသွင်ကို မြင်ရတာနှင့်ပဲ ပေါင်းလျှင်ကောင်းလိမ့်မယ်လို့ သဘောရပါရဲ့။ ကဲ ဒါဖြင့် ယခု...

(ခင်ခင်က ကြားဖြတ်၍)

အို ယခုကြွတော့မလို့လား။ အချိုအချဉ်ကလေးများ သုံးဆောင်ပါဦးရှင်–

ဆိုပြီး သစ်ကြားသီး တရုတ်ဆီးသီးများကို အခွံခွာ၍ အမူအရာနှင့် အနားက ထိုင်ကျွေးရင်း လက်ကလေးနှင့် မထိတထိဆွပြီး သွေးကြွအောင် ကြာခတ်ပေး၍နေရာ ဦးဘမှာ မခံချိမခံသာနှင့် ဝါပချင်းနတ်ပူး သလို မူးတူးမှိုင်းတိုင်းနှင့် ဂလိုင်းဂလဲ ဖြစ်၍နေလေ၏။

(တင်) ကဲ အကြောင်းကြောင်းကို ကောင်းကောင်းကြီး သိကြပြီရှင့်။ ကျွန်မတို့က အိမ်တွင်းပုန်းမကလေးတွေ ဖြစ်နေလို့ ဘယ်ကိစ္စမှာ ဘယ်ဟာကို ပြည့်စုံအောင် ရှက်ဆောင် ရမယ်ဆိုတာ မသိဘူးရှင့်။ လေ့ကြီးထိုးရိုးရိုးပဲ။ ကိုယ့်အိမ်လို သဘောထားပြီး ဘာများ လစ်ဟင်းနေတယ်ဆိုတာ ကြည့်သွားပါရှင့်။ အဲသည်က ပြုပြင်သမျှ ကျွန်မတို့ ခံရမှာပါပဲ။

(ဘ) ကျုပ်မျက်စိ မြင်တတ်ပါတယ်။ မင်းတို့အိမ်မှာ လိုတာတွေ အပုံကြီး ရှိသေးတာကလား။ မကြာမီ ပြည့်စုံရာပေလကွယ်။

ဤသို့ ပြောဆိုနေကြတုန်းတွင် ဖြုန်းခနဲ သန်းခေါင်စာရင်း ယူသော စာရေး တစ်ယောက် တက်လာလေ၏။

(ထိုအခါ သန်းခေါင်စာရင်းယူသောအခါ ဖြစ်လေသည်။) ဦးဘက သူတို့မောင်ဖြစ်သူ စိုးတင်လာသည် ထင်သောကြောင့် ထပြေးမည်ရှိရာ အသိစာရေး မျက်နှာကို မြင်တော့မှ ဣန္ဒြေရရ နေနိုင်လေ၏။ စာရေးက

"အို ဘကြီး သည်အိမ်ရောက်နေသလား။ ကဲ ကဲ မမတို့အိမ်မှာ လူဘယ်နှစ်ယောက်လဲ ခင်ဗျား။"

ဟုမေးရာ

ကျွန်မတို့ ညီအမနှစ်ယောက်နှင့် အစေခံကလေးမ ကလေးတစ်ယောက် ပေါင်းသုံးယောက်။

ဟု ပြောလျှင် ဦးဘက

ကဲ ငါ့နာမည်လဲ ထည့်လိုက်ကွယ်။ ပေါင်းလေးယောက်လို့ မှတ်လိုက်။ ယခုဖြင့် မထူးပါဘူး။

စာရေးက ပြုံးလိုက်ရာ ခင်နှင့်တင်တို့ကလဲ ရယ်ကြလေ၏။ စာရေးကလည်း ဦးဘအိမ်နားက ဖြစ်၍ စကား ထိုင်ပြောနေရာ အတန်ကြာလျှင် ဦးဘက

"ကဲ မင်းနှင့်တွေ့တာ အခန့်သင့်ပဲ။ အတူတူပဲ ပြန်ကြစို့"

ဆိုပြီး စာရေးနှင့် ပြန်ကြလေ၏။

WWW.DHAMMARANSI.COM



နောက်တစ်နေ့ ဦးဘသည် ညကပြောခဲ့တဲ့ ကတိအတိုင်း ငွေငါးထောင်ပေးရန် အိမ်မှာလည်း အလွယ်မရှိသဖြင့် သူ၏ ဖောက်သည် ချစ်တီးထံမှာ အထည်ဆိုင်ကြီးကို ပေါင်၍ ငွေငါးထောင် ချေးငှားပြီး မညားရသေးတဲ့ ခင်နှင့်တင်တို့ထံသို့ ပို့လိုက်လေ၏။

ထိုနေ့ ဦးစုနှင့် ဦးလေးမောင်တို့ ခင်နှင့်တင် အိမ်သို့ လာကြရာ

ဘယ်နှယ်လဲ အပျိုကြီးတစ်ရှဉ်းဖြင့် ယခုလတွင်းမှာ ဝတ်ကျွတ်တော့မလိုလို ဦးဘက ပြောနေပါပကောာ။

ဟု ဦးစုက ပြောရာ တင်တင်က

ဟုတ်ကဲ့ရှင့်။ ဦးလေးတို့ ကျေးဇူးနှင့် ယခုဆောင်းဦးမှာပဲ အချမ်းဝတ် ကျွတ်တော့မှာပဲ။ အရပ်ထဲက လူတွေလဲ ရိပ်မိကုန်ပြီ။ ဦးလေးတို့ မိတ်ဆွေကြီးကို ကိစ္စမြန်မြန်ပြီးအောင် ပြောပါ။ ခဏခဏ လာတာ ကျွန်မတို့ ရှက်တယ်။ ကိစ္စပြီးတော့ သိသိသာသာကြီး လာနေတာပ။ တချို့က သီလရှင်လောင်းနှစ်ယောက် အဘိုးကြီး ထိပေါက်သွားပြီလို့ ပြောကြပါတယ်။ တချို့ကတော့ 'အပျိုကြီးတို့ လင်မနေ၊ နေမယ့်နေတော့ ဘိုးအေလောက်ကြီး' လို့ဆိုနေကြပါတယ်။ သန်းခေါင်ထက်တော့ ညဉ့်မနက်ပါဘူး။ တော်သလိုသာ ကြည့်စီမံကြပါတော့။ ကလေးချင်း အိမ်ထောင်ဦးမှ မဟုတ်ဘဲ။ အကျယ်မချဲ့ပါစေနှင့်။ ဦးတို့ မိတ်ဆွေအိမ်မှာဘဲ လက်ဖက်ရည်ကလေးများ တိုက်လိုက် ပြီးရောပ။

ဟု ပြောရာ လူကြီးနှစ်ယောက်လည်း ဝမ်းမြောက်ဝမ်းသာ ဦးဘအိမ်သို့ ဆင်းလာကြလေ၏။

ဦးဘသည် ညနေထမင်းစားပြီး နွားနို့ခွက်ကြီးတစ်ခုနှင့် အဆီအအိမ့်တွေကို စား၍ ရွှင်လန်းစွာ နေသည်ကို တွေ့ရာ ဦးစုက

ရွှင်လှပါကလား ခင်ဗျာ။ ထိပေါက်တဲ့ မျက်နှာလိုပဲ။

ဟု မေးလေ၏။

(ဘ) ညတော့ ကောင်မကလေးတွေအိမ်ကို သွားမယ်လို့ပါ။ 'ပျော်ရွှင်ဝဖြိုး စည်းစိမ်တိုး' ဆိုတာလို သည်လို ပျော်ပျော်ရွှင်ရွှင် နေတာ စိတ်ချမ်းသာ ကိုယ်ဝဖြိုး၍ စည်းစိမ် တွေ တိုးသတဲ့။ ခင်ဗျားတို့ကို မြင်ရတာ မျက်နှာခပ်မှိန်မှိန်နှင့် တပိန်ထဲ ပိန်နေကြတာပဲ။

(လေး) ကျုပ်တို့ကို အကုန်လွှဲလိုက်ပါပေါ့ ခင်ဗျား။ ခဏခဏ ညညကို မသွားနှင့်။ အိမ်နားနီးချင်းတွေကို ရှက်သတဲ့။ ကိစ္စပြီးတော့ စိတ်ချချကြီး စိမ်နေနိုင်ပါတယ်လို့ မှာလိုက်ပါတယ်။ မြန်စွာ ကိစ္စတုံးချင်သတဲ့။ ခင်ဗျားသဘောကျတဲ့ ရက်ကိုပဲ ကန့်သတ်လိုက်ပါ။

(ဘ) သြော်–သည်လိုတဲ့လား။ ကိစ္စမပြီးခင် မသွားပါဘူး။ ကျုပ်က သာပြီး အရေးကြီးတာကပဲ။ ယနေ့ တနင်္ဂနွေ၊ ကဲ လာမယ့် သောကြာနေ့မှာပဲ အတည်ပြုလိုက်ပါတော့ဗျာ။ သည်ကိစ္စမှာ ငွေနှစ်ထောင်လောက် အကုန်ခံလိုက်ရ မတော်ဘူးလား။

(စု) သူတို့က အကျယ်မကြိုက်ဘူးတဲ့။ ငွေမကုန်စေချင်တဲ့ လက္ခဏာပဲ။

(ဘ) ကျုပ်လဲ ကျဉ်းကျဉ်းကလေး ကြိုက်တာပါပဲ။ အဖိုးတန်မို့လို့ အကုန်ခံမယ် ကြံတာကလား။ သြော် အလိမ္မာကလေးတွေ ဆိုတော့ ကိုယ့်အိမ်က ငွေများကို ကုန်မှာ စိုးရိမ်တတ်ကြပေတယ်။ ယခင်ထွက်သွားတဲ့ ကောင်မတွေဖြင့် ငွေစထွက်အောင် ညစ်နေကြတာပဲ။ ငွေတော်မတွေ သွားတာ ကောင်းတယ်။

(စု) အကမ်းအလှမ်းနဲ့ ပွဲအခမ်းအနား မလုပ်ပါနှင့်တဲ့။ ခင်ဗျားအိမ်မှာ လက်ဖက်ရည်

WWW.DHAMMARANSI.COM



ကလေးတိုက်၍ ကိစ္စပြီးပါစေလို့ မှာလိုက်တယ်။ အိမ်ထောင်မှု ခမ်းနားတော့ ပြည့်စုံအောင်ဝယ်မှ ကောင်းမယ်။ ခင်ဗျား အကုန်ခံနိုင်သမျှ ငွေစကို အပ်။ စေ့စပ်အောင် ကျုပ်တို့ဝယ်ပြီး ပို့လိုက်မယ်။

(ဘ) သည်လို ဆောင်ရွက်ပေးကြတာ ကျေးဇူးတင်ပါတယ်။ ယခု ငွေ ၁၅၀၀-ယူသွားပါ။ ခင်ဗျားတို့ သဘောရှိ တော်တာကို ကြည့်ဝယ်ပြီး ပို့လိုက်ပါတော့။ အို တစ်ခုတော့ သတိမလစ်ပါစေနှင့်။ ရိုးတိုက်က သုံးယောက်အိပ် ခုတင်ကြီးဖြင့် ပါပါစေ။

မိတ်ဆွေကြီးနှစ်ယောက်လည်း ဦးဘ၏ ပျာယီး ပျာရာ ဖြစ်နေပုံကို ရယ်မောကြပြီးလျှင် ငွေ ၁၅၀၀-ယူ၍ တိုက်သို့ သွားကြလေ၏။ မှာလိုက်သော ခုတင်ကြီးနှင့်တကွ အခြားပစ္စည်းများပါ ငွေ တစ်ထောင်ဖိုး ဝယ်၍ ခင်နှင့်တင်တို့အိမ်သို့ ပို့လိုက် ပြီးလျှင် ကျန်သောငွေ ၅၀၀ကို မိတ်ဆွေတို့တရားဓမ္မနှင့် (ငို့ဘ)စရိတ်ထဲမှာ သုံးလိုက် ကြလေ၏။

ဦးဘမှာလည်း သောကြာနေ့ကျလျှင်ဖြင့် ဟဒယရှင်လန်းဖို့ စက်ရာသီ တိုက်ခန်းမှာ စန်းနှင့်လင်ထပ်၍ နေတော့မှာပဲဟု ပီတိလုံး တစိမ့်စိမ့်နှင့် ဖိန့်ခနဲ ဖိန့်ခနဲ ခဏခဏ တုန်ပြီး စက်ကုန်လွှတ်၍ သောမနဿရထားကြီးကို မောင်းနေလေ၏။ ခင်နှင့်တင်တို့ကလည်း

> ဟိုလူကြီးနှစ်ဦး မြှောက်တာနှင့် အဘိုးကြီး နောက်တောက်တောက် ဖြစ်နေပြီ။ လူကြီးတွေဆိုတာ ဝါသနာအိုးက ကာလသားထက် ဆိုးသေးတယ်။ သည်လိုဟာမျိုးတွေကြောင့် လူကြီးတွေကို အရိုအသေတရားပျက်ကုန်တာပဲ။ ယခု အချက်မှာဖြင့် ခပ်နာနာ နှက်လိုက်မယ်။

ဟု ပြောဆို တိုင်ပင်၍ နေကြလေ၏။

သောကြာနေ့ကျသောအခါ ဦးဘအိမ်မှာ အရွယ်တူ လူကြီးနှစ်ဆယ်လောက် ဖိတ်ပြီးလျှင် မင်္ဂလာပွဲအမှတ်ဖြင့် လက်ဖက်ရည် တိုက်ကျွေး၍ ညှော်ခံလေ၏။

[ဘုရားဒကာကြီး တစ်ယောက်က]

ဦးဘ မင်္ဂလာဆောင်တာ ဘယ်သူနှင့်လဲ။

(စု) ဟိုဂုဏ်တန်က အမြွာမွေးတဲ့ ညီမအစ်မကလေး နှစ်ယောက်နှင့်လေ။

[ကျောင်းဒကာ]

အို နှစ်ယောက်စလုံးပဲလား။ ဦးဘက သိပ်ကံထူးပါကလား။

[သိမ်ကြီး ဒကာ]

ရှေးဘဝက မနုဿဘိဟရပ် လှူခဲ့တဲ့ ကံကြောင့် ထင်ပါရဲ့ ခင်ဗျာ။ ကျုပ်တို့ဖြင့် သည်လိုထူးတာ မကြားဘူးပါဘူး။ သတင်းစာထဲမှာ အထူးအဆန်း ဝါသနာပါသူတို့ မှတ်ရအောင် ရေးထည့်ဖို့ ကောင်းတာပဲ။

(စု) နာမည်ခံတော့ တစ်ယောက်ပါပဲ။ အရေးကဖြင့် အတော်ပိုင်တယ်။ ချိုင်မှာက နှစ်ယောက်စလုံး ခင်ဗျာ့။

[ထီးကြီး ဒကာ]

ဦးဘဓာတ်ကြိုက်တာနှင့် နတ်လိုက်ပြီး စောင်မသလိုပါပဲ။ ဟုတ်ပါရဲ့။ ဦးဘတို့တော့ နှစ်ယောက်ထားမှပဲ တော်တယ်။ ကျွေးလဲကျွေးမွေးနိုင်ပါရဲ့။ နှစ်ယောက်ဆိုတာ ထွက်ပြေးမယ် မဟုတ်ပါဘူး။

[ဂူကြီး ဒကာ]

မင်းတို့လက်ထပ်ပွဲကလဲ မသေမချာနှင့်။ ရေရေရာရာ မရှိပါဘူး။ 'ဗျောသံကြားရာ တရားနာလိုက်' ဆိုတာလို တို့ဖြင့် မကြိုက်ပါဘူး။

(ဣန္ဒြေကြီးနှင့် ပြောသည်။)

(စု) မစိုးရိမ်ပါနှင့် ခင်ဗျာ၊ ကာယကံရှင် ကလေးတွေက သေချာပြီးသားပါ။

WWW.DHAMMARANSI.COM



(ခေါင်းလောင်းကြီး ဒကာ)

ဦးဘဟာ အရာရာမှာ သေချာတတ်တဲ့ ဝါသနာရှိပါတယ်။ (တောက်) ဦးဘလိုများ အကျိုးပေးလျှင် ယခုလက်ရှိ ကောင်မကလေးကို စွန့်နိုင်ပါရဲ့။

(ကန်ကြီး ဒကာ)

ယခု လာကြတဲ့ လူကြီးတွေဟာ ဥတုဘောဇန သင်္ဂဟကျမ်းကို လက်ကိုင်ထားကြတဲ့ လက္ခဏာပဲ။ (ဘာကြောင့်လဲ ခင်ဗျား) ကိုယ်စိကိုယ်စီ ယုဝတီ ဆိုရတဲ့ အပျိုမကလေးတွေ ယူထားတာ များလို့ပေါ့။ သည်လို အပျိုကလေးတွေ ယူတဲ့ အဘိုးကြီးတွေဟာ တစ်ခါပြန်ပြီး ဟန်ရောပန်ရော ကံရော ဉာဏ်ရော နုပျိုတယ်လို့ ဥတုဘောဇနကျမ်းက ဆိုပါတယ်။

ဤကဲ့သို့ လူကြီးချင်းချင်း တွေ့ဆုံရာ ဝါသနာ ဆောင်သွေး၍ ကလေးစကား ပြောဆိုကြပြီးလျှင် အသီးသီး အိမ်သို့ ပြန်ကြလေ၏။

ထိုည ရှစ်နာရီလောက်တွင် ဦးဘသည် ကောင်းစွာ ဝတ်စားဆင်ယင်ပြီးလျှင် ခင်နှင့်တင်တို့အိမ်သို့ စည်းစိမ်ခံ သွားရောက်သောအခါ ဦးစုနှင့် ဦးလေးမောင်တို့လည်း အဖော်လိုက်ပါကြလေ၏။ အိမ်ဝသို့ ရောက်သောအခါ ဦးဘက

ကဲ ပြန်ကြပေတော့။ ခင်ဗျားတို့ ပါလာလျှင် စကားတွေရှည်နေမှာ စိုးရိမ်တယ်။

ဆိုပြီး မိတ်ဆွေကြီးနှစ်ယောက်နှင့် ခွဲလိုက်လေ၏။ ခင်နှင့်တင်တို့သည် ထိုညတွင် ဒေါ်အိမ်သာဆိုတဲ့ နှုတ်သီးကောင်း အဒေါ်ကြီးတစ်ယောက်ကို အခန့်သင့် ခေါ်ပြီးလျှင် စကားကုန်စင် ပြောဆိုမှာထားလေ၏။

ဦးဘ အိမ်ပေါ်သို့တက်လာသည်နှင့် တစ်ပြိုင်နက် ညီအစ်မနှစ်ယောက် သံပြိုင်ဆို၍ ဘုရားဝတ်တက်နေကြလေ၏။ ဒေါ်အိမ်သာကလည်း ဣန္ဒြေရစွာ ထိုင်နေလေ၏။ ပြင်ဘက်ခန်းမှာ အတန်ကြာအောင် စောင့်နေပါသော်လည်း ဘုရား ဝတ်တက်မပြီးနိုင်သည်နှင့် အေးအေး သာသာ စိတ်ချလက်ချ အခန်းထဲကို ဝင်ပြီး မိမိဝယ်ပေးလိုက်သော ခုတင်ကြီး အလယ်တည့်တည့်မှာ စင်းစင်းကြီး အိပ်၍ စောင့်နေလေ၏။ ၁၁–နာရီလောက် ရှိမှ ဘုရားဝတ်တက်ကိစ္စ ပြီးဆုံးစေ၍ ခင်နှင့် တင်သည် ဒေါ်အိမ်သာနှင့် ခေါင်းချင်း ဆိုင်၍ ရယ်ကြပြီးလျှင် အဘိုးကြီးကို ကြည့်ပြီး တံခါးဝမှာ ညီအစ်မနှစ်ယောက် ခေါင်းပြူ၍ ခပ်ပြုံးပြုံးနေကြလေ၏။ ဦးဘက

မင်းတို့က ပထမညမှာ ကျုပ်အာသာကို မကြာကြာအောင် နှောင့်ယှက်တာ ပညာရှိနိုပ်စက်တဲ့ ဉာဏ်မျိုးမှန်း သိပါရဲ့။ စိတ်ဆိုးမဆိုး စမ်းတာလား။ ထမင်းချမ်းခဲကြီး ထက်ပဲ စိတ်ကောင်းပါသေးတယ်။ ကဲ လာကြပါလေ။ အို–မတုန်မလှုပ်နှင့် ရှက်နေကြမှတ်တယ်။ ညော် ရိပ်မိပြီ။ ရာထူး မပေးသေးလို့ ထင်ပါရဲ့။ အကြီးက လက်ယာ၊ အငယ်မှာ လက်ဝဲ မေတ္တာချင်းယှက်နွဲ့ကြစို့။ အချက်ထဲကျမှ လက်ဆွဲလို့ခေါ်နေရဦးမှာလား။ အို–ပထမ ဒုတိယ ရွေးနေကြတယ် ထင်ပါရဲ့။ ကဲ–မဲချပေးပါမယ်။ အလိမ္မာကလေးတွေ လာခဲ့ကြပါကွယ်။ စိတ်ဆင်းရဲအောင် အရွဲ့မတိုက်ကြပါနှင့်။

ဟု မျက်နှာက ပြောင်တင်းတင်း၊ အရှက် ကင်းသော အမူအရာနှင့် ခေါ်နေသောအခါ

(ခင်ခင်က)

ယခုလိုအခန်းထဲကို ကျူးကျူး ကျော်ကျော် ဝင်နေရတာ ရှင်ဟာ ဘာမို့ လဲ။

ဟု မျက်နှာထားနှင့် မေးရာ ဦးဘက မျက်နှာချိုသွေးပြီး

အလိမ္မာသည်ကလေးက ကျီစားအုံး မလို့လား။

ဟု ပြောလေ၏။

WWW.DHAMMARANSI.COM



(တင်) ပိုင်နက် ကျူးလွန်မှုဆိုတာ ရာဇဝတ်မှုပြစ်ကြီးကြောင်း သိတယ် မဟုတ်လား။ လူကြီးမို့ အားနာလို့ ချိုချိုပြောနေသနော်။ အော်လိုက်ရမလား။

(ဘ) အမယ်လေးရဲ့လေး။ စကားတတ်လိုက်ကြတာ။ သည်လောက် အချစ်စမ်းစရာ မရှိပါဘူး။

(ခင်) စပ်ဖြဲစပ်ဖြဲနှင့် ဣန္ဒြေနည်းတဲ့ သက်ကြားကြီး။ သေခါနီးလို့ ထောင်ကြီး ခိုချင်သလား။

(ခပ်ထန်ထန် ပြောသည်။) (ဦးဘက ပြုံး၍)

ကိုယ့်အိမ်ကိုယ်နေတာ။ ဘယ်က လာပြီး ပိုင်နက်ကျူးလွန်မှုနှင့် စွဲဦးမှာလဲ။ စိတ်ဆိုးချင်ယောင်ဆောင်တော့ တကယ့်ကို စိတ်ဆိုးသလို ဖြစ်လာတာပဲ၊ တယ်အမူအရာ တတ်တဲ့ ဟာကလေးတွေ။

(တင်) ရှင့်ဘထွေးက အမွေပေးခဲ့လို့ ရှင့်အိမ်လို့ ဆိုရတာလား။

(ဦးဘက နည်းနည်း စိတ်ထလာသဖြင့်)

ငါ့မယားများအိမ်ကို ဘယ်သူ့အိမ် ဆိုရဦးမှာလဲ။

(ခင်) အို ကဲတက်လာပြန်ပါပြီ။ သရေဖျက်မှုနှင့် တရားစွဲ ခံချင်သလား။ ယခု အမှုနှစ်မှု ရောက်နေပြီ။ နှစ်မှုအတွက် လက်ထိပ်နှစ်ဆင့်နှင့် ဆင်းချင်သလား။

ဦးဘက "ယခုဖြစ်ပုံဟာ ငါ အိပ်မက်မက်နေတာ ထင်ပါရဲ့။ ဘယ်နှယ့်ဟာလဲ" ဟု စဉ်းစားပြီးလျှင် စိတ်ကို လျှော့ပြီး

ချော့ချော့ မော့မော့နှင့် မင်းတို့အဟုတ်ပြောနေကြတာလား။

(အဟုတ် မပြောဘဲ ကစားတယ် ထင်နေသလား။ ထိပ်ချလို့မှ စားပြမှန်း မသိသေးဘူး။)

နေစမ်းပါဦး။ မင်းတို့ကိုလဲ ပစ္စည်းတွေ နှစ်သောင်းကျော်ဖိုးလောက် ပေးပြီးပြီ။ သေချာပါတယ် ဆိုလို့ နေ့လည်ကပဲ မင်္ဂလာဆောင်ပွဲ လုပ်ပြီးပြီ။ ဘယ်နှယ် လုပ်ကြတာလဲ။ အဘိုးကြီးကို သနားကြပါကွယ်။

(တင်) ဘယ်အိမ်မှာ မင်္ဂလာဆောင်သလဲ။

(ဘ) ကျုပ်အိမ်မှာပါပဲကွယ်။ ဦးစုတို့ကိုလဲ သက်သေပြနိုင်ပါတယ်။

(ခင်) ရှင့်အိမ်မှာ ရှင်မင်္ဂလာဆောင်တာ ကျွန်မတို့နှင့် ဘာဆိုင်သလဲ။

(ဘ) သေသေချာချာ လူကြီးသူကြီးတွေ ဖိတ်ပြီး မင်းတို့နှင့် မင်္ဂလာဆောင်တာပါကွယ်။ လှောင်မနေကြစမ်းပါနှင့်။

(တင်) မင်းတို့နှင့်ဆိုတာ ဘယ်က မင်းတို့နှင့်လဲ။ (ဦးဘက နှစ်ယောက်စလုံး လက်ညှိုးထိုးပြီး)ဟောသည်က မင်းတို့နှစ်ယောက်ပါ၊ အခြားကဟာ မှတ်နေလို့ သည့်လောက်ဝန်တိုနေကြတာလား။ အမယ်လေးရဲ့လေး။ ပြောရတာက မောလှပါပြီ။

(ခင်) ကျွန်မတို့ကို ရှင်သိသလား။

(ဘ) အို ခက်နေပါပြီ။ တင်တင်နှင့် ခင်ခင်ဆိုတာ တစ်မြို့လုံး ကျော်နေတာပဲ။ ဘာမသိစရာ ရှိသလဲ။

(တင်) ဘယ်သူကခင်ခင်၊ ဘယ်သူ တင်တင်လို့ အသေအချာ ပြောပြစမ်းပါ။ အကြီးအငယ်ကိုလဲ ခွဲစမ်းပါဦး"

ဟု ပြောရာ

ဦးဘမှာ သေချာစွာ မသိသဖြင့် မျက်စိကို မှေး၍ မိမိခေါင်းမွေးကို လက်နှင့်သပ်ပြီး ငါးမိနစ်လောက် မှိုင်တွေး စဉ်းစားနေလေ၏။

(ခင်) ငေးမနေပါနှင့် ပြောပါ၊ မပြောနိုင်လျှင် ဟောဟိုပြင်ဘက်မှာရှိတဲ့ မိန်းမကြီးက ဆွဲထုတ်လိမ့်မယ်။

WWW.DHAMMARANSI.COM



(ဘ) သေသေချာချာဖြင့် ခွဲမပြောတတ်ပါဘူး။ သည်လို မသိရုံကလေးနှင့် အပြစ်ပေးကြတော့မှာလား။ လူကြီးဆိုတာ သနားစရာ ညာတာကြပါဦး။

(တင်) လူကိုမှ မသိဘဲနှင့် လက်ထပ်မင်္ဂလာဆောင်တယ်ဆိုတာ ယုံကြည်နိုင်စရာ ရှိသလား။ ရှင့်ဟာရှင် စဉ်းစား၍ ရှင့်တရားရှင်ဆုံးဖြတ်ပါဦး။ ကဲ စကားပြောဖို့အချိန်မရှိဘူး။ အို ထောင်မှူးကတော် ဒေါ်အိမ်သာဟောသည်မှာ ရာဇဝတ်ကောင်ကြီး။

ဟု လှမ်း၍ ပြောလိုက်ရာ ဒေါ်အိမ်သာက ထဘီကို တိုတိုဝတ်၍ ခပ်ကြမ်းကြမ်း ပြေးလာပြီး

သည်အခန်းထဲမှာပဲ လက်စတုံး စီရင်လိုက်ရမလား။

ဟု မေးသောအခါ ဦးဘသည် ကပျာကရာ ပုဆိုးကို ဒရွတ်ဆွဲ၍ အခန်းထဲမှ ထွက်ရှာလေ၏။ ဦးဘသည် တုန်တုန်လှုပ်လှုပ် ခေါင်းကိုကုပ်၍

ကျုပ်ကို အဟုတ် မသနားကြဘူးလား။ ကျုပ်ပေးတဲ့ ပစ္စည်းများကို အဆုံးခံရတော့မှာလား။

မေးလျှင် တင်တင်က

ရှင့်ပစ္စည်းတွေ ရှိသမျှ ခနကို အားကိုးပြီး ကောင်မကလေးတွေကို ပိုးနေဦးမှာပဲ။ ပိုးကုန်သည် ဘဝ ပြောင်းပြီး လူကြီးလူကောင်း ဖြစ်တော့မှ ပြန်ရလိမ့်မယ်လို့ သန္နိဋ္ဌာန်ချ မှတ်သွားလေတော့။

ဟု ပြောလေ၏။ ဦးဘ

စဉ်းစားကြစမ်းပါဦး၊စဉ်းစားကြစမ်းပါဦး။

ဟု အထပ်ထပ် တောင်းပန်ပြောဆိုပြန်ရာ ခင်ခင်က

ဘာမှ စဉ်းစားစရာ မရှိဘူး။

ဟု ဆိုလျှင် ဦးဘ

ကဲ မင်းတို့ မစဉ်းစားတာဖြင့် ကျုပ်က စဉ်းစားပါတော့မယ်။

ဆိုပြီး အဘိုးကြီး မျက်နှာမဲ့မဲ့နှင့် ဆင်းသွားရရှာလေသတည်း။

**ဥပဒေသ**

မရိစိ ဒက သညာယ၊
မိဂေါ ဓါဝတိ တံ မုဓါ။

မိဂေါ – သားသမင်သည်၊ မရိစိ – တံလှပ်ကို၊ဒကသညာယ – သောက်စမ်းပါချင် ရေမှတ်ထင်သောကြောင့်၊ တံ – ထိုတံလှပ်ဆီသို့၊ မုဓါ – အချည်းနှီး၊ ဓါဝတိ – မျှော်လင့်လိုက်စား ပြေးလိုက်မိ မှားရှာလေ၏။

ပညာအလင်း မဂ္ဂဇင်း၊
ဒုတိယတွဲ၊ အမှတ်(၁)၊
၁၉၁၈–ခုနှစ်၊ ဇန်နဝါရီလ။

WWW.DHAMMARANSI.COM

# အလင်းနှင့် အမှောင်

## THE LIGHT AND THE DARKNESS

"တက္ကသိုလ်ဆရာတစ်ဦးက မှာဘူးတဲ့ နှုတ်ချည်၊ အိမ်ထောင်ဘက် ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ သည်သုံးခု ချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲတဲ့အမျိုး . . ."

*ဩော် ဦးပုညကိုယ်တော်ကြီး ရေးတဲ့ သည်တေးထပ်ဟာ တယ်မှန်ပါကလားနော်၊ မင်္ဂလာဆောင်၍ အိမ်ထောင်ပြုတဲ့ အရာ၊ ဘုရားစေတီ တည်တဲ့ အရာ၊ မှင်ကြောင်ဆေးနီ ထိုးနှံတဲ့ အရာ၊ သည်အချက်သုံးခုမှာ ဦးစွာအစက မှားသွားပြီ ဆိုမှဖြင့် ပြင်လို့မရနိုင်ဘဲ မှားလက်စ တန်းလန်းကြီးနဲ့ မချမ်းမသာ ခေါင်းငုံ့ပြီး ခံနေရတော့တာပဲ။ ကိုယ်ကိုယ်တိုင် အမှားကြုံနေလို့ အပုံကြီး စိတ်မချမ်းသာမှန်းကို သိရတော့တယ်။ ကိုယ့်လက်ထဲ ရောက်နေတဲ့ သည်မှောက်အိုမကြီး မျက်နှာကို မြင်ရလေလေ၊ ဦးပုညစာကို သတိရလေလေ ဖြစ်တော့တာပဲ။ ကံများနယ် သည်တောရုပ် တောရည်နှင့် အနေအထိုင် မယဉ်ကျေး အမူအရာကလေး နည်းနည်းမှ မလုပ်။ သစ်သားရုပ်ကြီးလို မတုန်မလှုပ် မှုံကုတ်ကုတ်နှင့် စုတ်စုတ်ပုံ့ပုံ့ဟာကြီးကို ရအောင် စီမံတာကို အံ့သြပါရဲ့။ 'စေ့စေ့တွေး ရေးရေးပေါ်' ဆိုတာလို ပြောရင်းဆိုရင်း သူ့ရုပ်ကြီးကို နှလုံးနာ လာတာပဲ။*

*ဩော်– ဟိုတစ်နေ့က ရွှေတိဂုံဘုရားပွဲအခါမို့ ကုန်းတော်ပေါ်သွားတော့ တနင်္ဂနွေထောင့်မှာ က, နေတဲ့ အငြိမ့်ထဲက ရတနာစိန်ခင်ဆိုတာကို မြင်ရတော့ အင်မတန် မျက်စိအရသာ ရှိပါကလား။ အယဉ် ရော၊ အလှရော အမူအရာတွေက ပေါလိုက်တာ။ ပြောလိုက်၊ ဆိုလိုက်၊ ဘဝင်ခိုက်အောင် အရှိုက် အနွဲ့ ချစ်စရာနယ်ကို ချဲ့ပြီး တကယ့်ကို...မပြောချင်ပါဘူးလေ။ သူ့မျက်နှာကလေး စွဲပြီး မျက်လုံးထဲမှာ ဓာတ်ပုံရိုက်ထားသလို ဖြစ်နေတာပဲ။ သူ့အာရုံ ပေါ်လေလေ အိမ်က ကျုပ်တို့ကတော်ကို မြင်ပြင်းကပ် လေလေ။ ပိုက်ဆံကုန်ဖြင့် ခံနိုင်ပါရဲ့။ ဘယ်လိုကြံပြီး ရွှေမျက်မှန်ကလေးကို မျက်စိနားမှာ ကပ်ထားရပါမလဲ* ဟု ပက်လက်ကုလားထိုင်ကြီးပေါ်မှာ လှဲပြီး အစွဲရှိရင်း ဥပါဒါန်အဟုန်ဖြင့် ကြံပုံထုတ်၍နေတုန်းမှာ ဗြုန်းခနဲ လူပျိုကြီး မောင်ထွန်းခင် ရောက်လာလေ၏။

(ထွန်း) "အို မိတ်ဆွေကြီး မောင်ဘသိ ဓာတ်မီးတွေ ဖွင့်ပြီး တစ်ယောက်တည်း ပက်လက်ကုလားထိုင်ပေါ်မှာ မှိုင်ငေးငေးကြီးနှင့် ဘာများ တွေးနေပါသလဲ။"

(သိ) "စိတ်မအေးလေတော့ ကြိတ်တွေးတွေးပြီး အဆွေးကို ဖြေနေရတာပ။ မိတ်ဆွေနှင့် တိုင်ပင်စရာရှိလို့ မျှော်နေဆဲမှာ ဗြုန်းခနဲ ရောက်လာတာ အလွန် ဝမ်းသာပါတယ်။"

(ထွန်း) "*လူတစ်လူ အပူတစ်မျိုး* ဆိုဟဲ့ စကားလို လူ့ပြည်လောကမှာ ဘယ်ခါမှ အပူအေးတယ်လို့ မရှိကြဘူး။ အတွင်းပူကလေးတွေ ကိုယ်စီကိုယ်ငနှင့် တစ်ဘဝလုံး အလိုမပြည့်စုံဘဲ ရှိနေမြဲ ဓမ္မတာပါပဲ။ တိုင်ပင်စရာ ဘယ်ဟာ ပူစရာက ဘယ်နည်းဟု မိတ်ဆွေကြီး ဖွင့်ပြောမှ သိရ ပါမယ်။"

WWW.DHAMMARANSI.COM



မောင်ဘသီက သူ့အကြောင်းကို ဖွင့်ပြောမည်ဟု ကြံစည်နေရင်း ယခု ရုတ်တရက်ပြောဖို့ အချိန်စောသေးသည်ဟု တွေးမိသဖြင့်

"အို ယနေ့ည မပြောသေးပါဘူးလေ့။ နောက်မှ ပြောပါတော့မယ်။ အပုံကြီး အရေးကြီးတာကလား။"

(ထွန်း) "ဒါဖြင့် မိတ်ဆွေပြောချင်တဲ့အခါမှ ပြောပါ။ အို စကားမစပ် ဟိုအနောက်က ဝီလျံလမ်းမှာ ဆွမ်းကြီးလောင်းပွဲ တစ်ခု လုပ်တာနှင့် ယခုည အငြိမ့်ပွဲကြည့်လာပါလို့ မိတ်ဆွေတစ်ယောက်က ဖိတ်ကြားထားတယ်။ ကဲ-စိတ်မကြည်တဲ့အခါ အကြည်ဆေးကလေး ဖော်ရအောင် အငြိမ့်ပွဲကို သွားချည်ကြစို့ရဲ့။"

(သီ) "အငြိမ့်မင်းသမီး နာမည် ဘယ်သူတဲ့လဲ။"

(ထွန်း) "ရန်ကုန်တစ်မြို့လုံး ကျော်နေတဲ့ ရတနာစိန်ခင်ဆိုတာလေ။"

မောင်ဘသီသည် ရုတ်တရက် ငေးသွားပြီး လက်ညှိုးကို ကိုက်၍ "ကဲ ယခု လိုက်မယ်"ဆိုပြီး အဝတ်အစား လဲလေ၏။

(ထွန်း) "အို- နေပါဦး။ မစောတို့ကို မမြင်ပါဘဲကလား။ ဘယ်ကိုသွားကြသလဲ။"

(သီ) "ကျုပ်ရုံးက ပြန်လာတဲ့အခါ သူ့ကို မြင်ရတာ မျက်နှာကြော မတဲ့တာနှင့် ခပ်ထန်ထန် မောင်းမဲကြိမ်းဝါးလို့ ထမင်းစားပြီးလျှင်ပြီးချင်း သူ့အမေတိုက်ကို ခေတ္တ ဆင်းသွားတယ်။ တန့်ပါဗျာ။ သူ့အကြောင်းကိုတော့ မပြောပါနှင့်။"

မောင်ထွန်းခင်က ပြုံးပြီးလျှင် *'သူတို့နှစ်ယောက်ဖြင့် ရန်မီးတောက်ကြတော့မယ် ထင်တယ်။ တောမီးလောင် ကြောင်လက်ခမောင်းခတ် ဆိုတာလို မောင်ထွန်းခင်ဆိုတဲ့ အိမ်ကြောင်မှာ တဖြောင်းဖြောင်း လက်ခမောင်း ခတ်ရချည် သေးရဲ့'*ဟု တွေးတောပြီး သူငယ်ချင်းနှစ်ယောက် အငြိမ့်ပွဲသို့ ထွက်သွားကြလေ၏။

အငြိမ့်ပွဲသို့ ရောက်လျှင် ဂုဏ်သရေရှိသူများ ကြည့်ရှုရန် သီးသန့်ထားသော နေရာက ထိုင်၍ ကြည့်နေစဉ် ရတနာစိန်ခင် ထွက်လာသည်နှင့် တစ်ပြိုင်နက် မောင်ဘသီ၏ မျက်ခွက်သည် ရုတ်တရက် ငေးသွားပြီးလျှင် မျက်တောင်ခတ်ခြင်းများလည်း တဖြည်းဖြည်း နှေး၍သွားလေ၏။

ရတနာစိန်ခင်က အမူအရာအမျိုးမျိုးတို့ဖြင့် ယောက်ျားတို့၏ စိတ်နှလုံးကို ဆွလျက် ကခုန်သီဆိုသောအခါ မောင်ဘသီ၏ နှလုံးသားသည် မူလအခြေအနေမှ ပြုတ်ထွက်သွားမလောက် မရပ်မတည်နိုင်ရှိ၍ မျက်စိ ဣန္ဒြေမရဘဲ ထမလို ထိုင်မလို ကမန်းကတန်းနှင့် ငန်းဖမ်းသကဲ့သို့ ဖြစ်နေလေ၏။

မောင်ထွန်းခင်က အသာလက်တို့ပြီးလျှင် "ခင်ဗျားကို လူတွေက ပြုံးပြီး ကြည့်နေကြတယ်။ အငြိမ့်သမထက် ခင်ဗျားဟန်ပန်က ပွဲကျနေပြီ။ဣန္ဒြေနှင့် ငြိမ်ငြိမ်နေစမ်းပါ" ဆိုသော်လည်း အတွင်းစိတ်ထကြွလျှင် ပြင်ပဖန်းက အမူအရာများကို တားဆီး၍ နိုင်သောအရာ မဟုတ်သဖြင့် မောင်ထွန်းခင်၏ သတိပေးစကားကို နားမဝင်နိုင်ဘဲ "ကျုပ်ဆုချချင်တယ်။ လူပျက်ကို ခေါ်ပေးစမ်းပါ"ဆိုလျှင် မောင်ထွန်းခင်က

*'ဣန္ဒြေခပ်နည်းနည်းနှင့် အတော်ကဲတဲ့ လူဘဲ။ သူသဘောကျသလို ရှိပါစေတော့'*ဟု တွေးပြီးလျှင် အငြိမ့်လူပျက်ကို ခေါ်ပေးရာ သူ့လက်တွင် ဝတ်ဆင်လာသော ရွှေလက်ပတ်နာရီကို ဖြုတ်၍ အငြိမ့်မင်းသမီးပေးပါ။ လက်စွဲ ၂-ယောက်မှာ ငွေ၁-စီ ဆို၍ ပေးလိုက်ပြီးလျှင် စဥ့်အိုးတန်း စာရေးကြီး ကိုဘသီက ပေးကြောင်းနှင့် ဆုတောင်းသီချင်းတစ်ပုဒ်ကို ဆိုစေရန် မှာထားလိုက်လေ၏။

အငြိမ့်လူပျက်ကလည်း ထုံးစံရှိသည့်အတိုင်း မောင်ဘသီကို ချီးမွမ်းပြောဆိုပြီးလျှင် ရတနာစိန်ခင်က မောင်ဘသီ၏ ဂုဏ်ကျေးဇူးကို ဖွဲ့၍ သီချင်းဆိုလေ၏။

WWW.DHAMMARANSI.COM



ပွဲကြည့်သူများကလည်း မောင်ဘသိကို ကြည့်ရှုပြီးလျှင် "သည်လို ကိုယ်တော်မြတ်တွေ ရှိပေလို့ အငြိမ့်သမများ တန်ခိုးကြီးကြပေတာကိုး"ဟု ပြုံးရယ်ကြလေ၏။

ရတနာစိန်ခင်က ဂဏ်ကို ဖွဲ့၍ သီချင်းဆိုသောအခါ မောင်ဘသိသည် *ငါလိုလူ ဇမ္ဗူမှာ ကြုံဖူးစ ဂုဏ်ထူးတဲ့ ယောကျာ်း* ဟု စိတ်ထဲက သံချပ်ထိုးပြီးလျှင် ( ဥပမာ တစ်ဦးတစ်ယောက်က မိမိဂုဏ်ကျေးဇူးကို ချီးကျူး၍ ရေးသားသော သတင်းစာကို မိမိ တွေ့မြင်ရာ ဝမ်းသာလုံးတက်သထက်) မောင်ဘသိမှာ အဆများးစွာ ဝမ်းသာလုံး ရင်ဝကို ဆို့၍ နေလေ၏။

ရတနာစိန်ခင်အခန်း ပြီးသောအခါ မောင်ဘသိက "ကဲ ပြန်ကြစို့ရဲ့။ သို့ရာတွင် သူနှင့် နည်းနည်း စကားပြောချင်သေးတယ်။ အခွင့်ရနိုင်ပမလား"ပြောရာ မောင်ထွန်းခင်က"အမယ်လေးရဲ့ လူဟဲ့။ နေစမ်းပါဦး။ ခင်ဗျား သည်လောက် စကားပြောချင်လျှင် တနင်္ဂနွေနေ့ကျတော့ သူ့အိမ်ရောက်အောင် ပို့ပေးပါမယ်။ သူ့အမေကို ကျွန်တော်နိုင်ပါရဲ့။"

(သီ) "ခင်ဗျား အဟုတ်ပြောတာလား။"

(ထွန်း) "အို ခက်လိုက်တာ။ ခင်ဗျားကို ကျုပ်လိမ်နေရအုံးမှာလား။"

(သီ) "ကဲ ဒါဖြင့် ခင်ဗျားစကား မြဲမြဲမှတ်ထား။ သန်ဘက်ခါ တနင်္ဂနွေနေ့ပါဘဲ။ တွေ့ဖို့ကို စိမ့်ပါတော့"ဆိုပြီးလျှင် အငြိမ့်ပွဲမှ အသီးသီး အိမ်သို့ ပြန်ကြလေ၏။

အိမ်သို့ ရောက်သောအခါ မောင်ထွန်းခင် ဆင်ခြင်စဉ်းစားသည်မှာ '*မိတ်ဆွေကြီး ကိုဘသိဖြင့် အငြိမ့်သမအပေါ်မှာ မျက်စိလယ် လမ်းမှားနေပြီ။ မယားကြီးမစောအပေါ်မှာ တော်တော် မေတ္တာကင်းတဲ့ လက္ခဏာဘဲ။ သည်မစောကလေးဟာလဲ ကိုယ့်အပေါ်မှာတော့ တော်တော် အချစ်သားကလား။ သူနှင့် သမီးရည်းစား ဖြစ်နေတုန်းမှာ ဖြုန်းခနဲ သူ့မိဘများက ငွေမျက်နှာကို ကြည့်ပြီး မောင်ဘသိနှင့် ပေးစားလို့သာ သဘောမတူဘဲနှင့် ယူရရှာတယ်။ သည်အကြောင်းကို မောင်ဘသိကလည်း မရိပ်မိ။ နှစ်ယောက်တည်း သိတာမို့ ပိပိရိရိ ဣန္ဒြေရရ နေနိုင်ကြတယ်။ ယေ်ကချစ် အနှစ်တရာ မမေ့သာ ဆိုတာလို မစောကလည်း အချစ်ပြယ်မှာ မဟုတ်ပါဘူး။ မိတ်ဆွေဝတ္တရားနှင့် ညီစွာ မောင်ဘသိကိုဖြင့် တစ်ချက် တွန်းလိုက်ရအုံးမှာဘဲ။ သူ့အကျိုးလိုလိုနှင့် ကိုယ့်အကျိုးဆောင် ဆိုတဲ့ စကားလို အငြိမ့်သမနှင့် ဖြားယောင်းပြီး အချစ်ဟောင်း မစောနှင့် မေတ္တာချင်း ပြန်ပြီး နှောရချည်သေးရဲ့။ ဥစ္စာရင်းမှန်တော့ ပြန်ရဆိုတာ တယ်မှန်ပါကလားနော်။ သြော် အိုရချည်သေးရဲ့။* '*အနိစ္စ အနိစ္စ*'ဟု စိတ်က တွေးရင်း အိပ်ပျော်လေ၏။

နောက်တစ်နေ့ ၁၂-နာရီလောက်တွင် မောင်ဘသိ ရုံးကမပြန်ခင် မစောအိမ်သို့ သွားပြီးလျှင် မောင်ထွန်းခင်က ပြောသည်မှာ "မင်းကို သတိပေးစကား တစ်ခု ပြောချင်တယ်။"

(မစော) "အရေးကြီးတဲ့ အချက်လား ကိုထွန်းခင်။"

(ထွန်း) "မင်းတို့ မိန်းမများမှာ သည့်ထက် အရေးကြီးတာ မရှိဘူး။"

(စော) "အလို လန့်စရာကြီးပါကလား။ ကျွန်မကြားစမ်းပါရစေ။"

(ထွန်း) "ကုန်းတိုက်တယ်လို့များ ထင်သွားမှာလား။ ပြောရမယ့်စကားက အရေးကြီးလို့ မပြောဝံ့အောင် ရှိနေပါတယ်။"

(စော) "ပြောသာပြောပါ။ ကျွန်မသဘောကို ရှင်သိတယ် မဟုတ်လား။"

(ထွန်း) "တခု မေးစမ်းပါရစေ။ မောင်ဘသိနှင့် မင်း ယခုတစ်လော ကောင်းကောင်း သင့်မြတ်ကြရဲ့လား။"

WWW.DHAMMARANSI.COM



မစောက ရုတ်တရက် ငေး၍ ၂-မိနစ်လောက် တွေပြီးလျှင် "ကျွန်မတို့ သင့်သင့်မြတ်မြတ်ပါပဲ"ဟု အလိမ္မာသဘောနှင့် ပြောလေ၏။

(ထွန်း) "သင့်မြတ်လျှင် သဘောကျတာပါပဲ။ ပြောပြမယ့်စကားကို နားမထောင်ချင်ပါနှင့်တော့"

ဟု နေရာမှ ထ၍ ပြန်သွားရန် ပရိယာယ်ဆင်သောအခါ မစောက-

"ရှင်ပြောမယ်ဆိုတာကို မကြားရလျှင် ကျွန်မ စိတ်ဖြောင့်မှာ မဟုတ်ပါ။ ပြောမပြမချင်း ရှင်အိမ်ပေါ်က ဆင်းဖို့ အခွင့်မပေးနိုင်ဘူး ကိုထွန်းခင်။"

(ထွန်း) "ရတနာစိန်ခင်ဆိုတဲ့ အငြိမ့်သမကလေးကို မြင်ဘူးရဲ့လား။"

(စော) "သူ့သတင်းတော့ ရန်ကုန်မြို့ပေါ်မှာ ကျော်နေတာပါဘဲ။ ကျွန်မ ပွဲဝါသနာမပါလို့ တစ်ခါမှ မမြင်ဘူးပါ။"

(ထွန်း) "မင်းအကျိုးကို လိုလို့ ပြောတာနော်။ မိတ်ဆွေ မောင်ဘသိကဖြင့် ရတနာစိန်ခင်ကို မမြင်ရ မနေနိုင်အောင် စွဲပြီး သရဲစီးသလို သဲသဲမဲမဲကြီး ပိုးနေပြီ။ ရတနာစိန်ခင်ကလဲ ခပ်ပါပါမို့ မကြာမီ အကြောင်းဆက်ပြီး ပေါင်းဖက်ဖို့ ကြံစည်နေကြပြီ။ သည်က စာရေးကြီးကတော်ဟောင်း ကိုတော့ အကောင်းကြံလိမ့်မယ် မထင်နှင့်။ မယုံလျှင် သူရုံးက ပြန်လာတဲ့အခါ ကြည့်စမ်း။ သူ အမြဲဝတ်ဆင်တဲ့ ရွှေလက်ပတ် နာရီကလေးတစ်လုံး ပြုက်ပါပကော။ မနေ့ညကပဲ ငွေရောနာရီရော စေတနာဖောသန်သန်နှင့် နိဗ္ဗာန်ကို ရည်မှန်းပြီး ရတနာစိန်ခင်ဆိုတဲ့ ကိုယ်တော်မကလေးကို လှူဒါန်းလိုက်တယ်။ စာရေးကြီးတို့သူဋ္ဌေးကြီးတို့ကိုမက်တဲ့ မင်းတို့လို မိန်းမများဟာ မကြာမကြာ ဒုက္ခရောက်တတ်တာ မျိုးကလား။ ကြပ်ကြပ်သာ သတိထားပါတော့။"

မစောသည် လွန်စွာ အရုပ်အဆင်းလှပသည့်ပြင် လိမ္မာယဉ်ကျေး၍ စိတ်သဘောနူးညံ့လျက် သစ္စာဂတိရှိသော မိန်းမ ဖြစ်သည့်အတိုင်း သူ့ယောကျ်ားအမူအရာကို သိပြီးဖြစ်သည်နှင့် မောင်ထွန်းခင်၏ စကားကို ယုံကြည်သော်လည်း အမူအရာကို များစွာ မပြောင်းလဲဘဲ

"ကိုထွန်းခင်ရယ်။ သူကျွေးမွေးနိုင်မယ်ဆိုလျှင် ဆယ်မယားဘဲ ယူယူ။ ကျွန်မတော့ စိတ်မပူပါဘူး။ ကျွန်မ သည်းခံနိုင်သမျှတော့ ခန္တီစတရားနှင့် ကြိတ်ပြီး မျိုသိပ်ထားရတာပ။ ယခုလို ပြောပြ တာကိုလဲ ကျေးဇူးတင်ပါတယ်။ ရှင်ကလဲ ဆုံးမနိုင်သမျှ ဆုံးမပါ။ ကျွန်မလဲ သူ့အရိပ်အကဲကို ကြည့်ပြီး သတိပေးရအုံးမှာပဲ။"

(ထွန်း) "မင်းစိတ်သဘောဟာ အလွန် တော်ပါပေတယ်။ သည်လို အရာမျိုးမှာ သည်းခံနိုင်တယ်ဆိုတာ ပါရမီ အတော်ရင့်ပေတာပ။ သည်လို သဘောကောင်းပုံတွေကို တွေးမိလေလေ ရှေးက မင်းနှင့်ကျုပ် ..."

(စော) "ရှေးဇာတ်ဟောင်းကို မလှန်ပါနှင့်တော့။ ကံကြိုးဆွဲတိုင်း ကကြတဲ့ သတ္တဝါတွေပါ။ "မကြံဘဲမြောက်၊ ကြံရင်းမှောက်"ဆိုတဲ့ စကားလို ကြံသော်လဲ မှောက်၊ မကြံဘဲနှင့်လဲ မြောက်တတ်ပါတယ်။ နောက်ကို ဘယ်အကျိုးပေးကြအုံးမယ်လို့ မသိသေးပါဘူး။ ကိုဘသိ၏ အကြံအစည် ထူးခြားလျှင် ကျွန်မ သိပါရစေ"

ဆိုပြီး ကာဖီပွဲများ ပြင်၍ ဧည့်ခံလေ၏။

(ထွန်း) "အကြောင်းရှိတိုင်း သိပါစေ့မယ်။ ခင်ဗျားနှင့် ကျုပ်တော့ ငယ်ငယ်ကစပြီး တစ်ဦးတစ်ဦး အထူးမေတ္တာ...။"

WWW.DHAMMARANSI.COM



(စော) "သည်ယနေ့ နာရီပြန်၂-ချက်လောက်မှာ ကိုဘသိ ပြန်လာလိမ့်မယ်။ သူပြန်လာတော့ ရှင်နှင့်တွေ့နေတာကိုလဲ စိုးရိမ်ပါတယ်။ ယောကျ်ားများဆိုတာ အထင်တစ်ခါ လွဲမိလျှင် ဖြေရှင်းဖို့ခက်ခဲတာမို့ ရှင့်ကို နှင်တယ်လို့လဲ အထင်မလွဲပါနှင့်။ သို့ရာတွင် မကြာမကြာ လာပြီး ရတနာစိန်ခင်နှင့် ကိုဘသိအကြောင်းကို ပြောပါ"

ဆိုရာ မောင်ထွန်းခင်က

"ကောင်းပါပြီ။ မင်းပြောတာလဲ အဟုတ်ပေပဲ။ သတိတမန် ဉာဏ်မြေကတုတ် ဆိုတာလိုပေါ့ပေါ့လျော့လျော့ဖြင့် မနေပါနှင့်။ နောက်ဆုံး စကားမှာတော့ မင်းလဲ စိုးရိမ်စရာ မရှိပါဘူးကွယ်။ သူမကောင်းလျှင် မပေါင်းဘဲ ပစ်လိုက်တာပ။ လောကမှာ သူလိုယောကျ်ားတွေ အများကြီးကလား"

ဆိုပြီးလျှင် ဆင်းလာခဲ့လေ၏။

မစောက စဉ်းစားသည်မှာ *ကိုဘသိရဲ့စိတ်များ ပြောင်းလွဲပုံနှင့် ထောက်ထားတော့ ယခု ပြောသွားတဲ့ စကားဟာ အမှန်ဖြစ်လိမ့်မယ်။ လွန်ခဲ့တဲ့ ၁၅-ရက်လောက်က စပြီး ကိုဘသိဟာ သဘောထားခပ်ဆိုးဆိုး မျက်နှာကြီး အောက်သိုးသိုးနှင့် အလကား ညှိုးနေတာပဲ။ လောကွတ်ပျူငှာနှင့် အမူအရာတစ်မျိုးသုံးပြီး ခပ်ပြုံးပြုံးနှင့် ချစ်အောင် ချော့သော်လဲ မပျော့မပျောင်း ဖယောင်းကို ရေစိမ်သလို ဣန္ဒြေကြီးနှင့်ထန်ပြီး အလကား မာန်မဲနေတာပဲ။ သည့်အရင်ကတော့ ယုယုယယနှင့် သည်က မျက်နှာကြည့်ပြီး အလိုက်သိ အလိုပါ၍ ချိုချိုသာသာ မျက်နှာထားနှင့် စကားတောင်မှ လေပြင်းပြင်း မပြောဘဲ သဘောရှိချော့ပါရဲ့။ ယခုတော့ ရတနာစိန်ခင်အပေါ်မှာ မေတ္တာစိတ် လမ်းကောက်လို့ သည်က မယားကြီးအပေါ်မှာ မော်တော်တော် မောက်တောက်တောက်နှင့် ငေါက်ချင်ငေါက် ဆဲချင်ဆဲ မဲချင်မဲ မာန်ချင်မာန် အခံရခက်အောင် လုပ်နေတော့တာ အမှန် ပဲ။*

*သို့ရာတွင် သူ့အကဲကိုခတ်ပြီး တတ်နိုင်သမျှ သည်းခံရဦးမှာပဲ ။ ယဉ်ကျေးတဲ့ဆင်ပေမယ့်မုန်ကျတဲ့အခါတော့ ချွန်းပြသော်လဲ မနိုင်ဘဲ ကြမ်းတမ်းမြဲ ခမ္ဘတာပေဘဲ။ သြော် ယောကျ်ားတို့မေတ္တာဟာနက်နဲစွာ မရှိ။ မျက်စိ အပေါ်ယံကလေးမှာသာ တည်နေလို့ အရုပ်အရည် ချောချော အမူအယာ ပေါ်ပေါ်နှင့် ကြာတောက်ကို မြင်မှုဖြင့် ယခင်က အချစ်ဟောင်းကို မေ့ပြီး ကောက်ကွေ့တဲ့သဘောနှင့် မုန်ကျသောဆင်ကြီးလိုဖြစ်တော့တာဘဲ။ မိန်းမဆိုတာ မျက်နှာများသင့်တဲ့ အမျိုးအစား မဟုတ်လို့ ချုပ်နိုင်သမျှ စိတ်ကိုချုပ်၊ အုပ်နိုင်သမျှ ကိုယ့်လင်ကိုအုပ်ပြီး ခပ်ကုတ်ကုတ်နေနိုင်မှ ကောင်းပေတယ်။ ကို... တစ်ယောက်လဲ ယခင်က စိတ်ကိုပဲ မဖြောင့်နိုင်ရှာသေးဘူး။*

ဤသို့ တွေးတောနေစဉ် မောင်ဘသိ ရုံးက ပြန်လာလေ၏။ မစောက မျက်နှာချိုသာစွာနှင့် ပီယဝါစာ ပြောသော်လည်း မျက်နှာကြော ခပ်မာမာနှင့် "ရုံးကပြန်လာတဲ့အခါ ဖိနပ်ကို ချွတ်ပေးရမှန်း မသိဘူးလား"ဟု ခပ်ထန်ထန် ပြောဆိုလျှင် မစောက မျက်နှာထား မပြောင်းဘဲ ကောင်းမွန်ရိုသေစွာ ဖိနပ်ကို ချွတ်၍ ပေးလေ၏။

ထို့နောက် လက်ဖက်ရည်နှင့် မုန့်များကို ပြင်၍ပေးသောအခါ "ဟင် ယခုလောက် ကြာတောင်မှ ကောင်းမွန်စွာ လက်ဖက်ရည် မဖျော်တတ်သေးဘူး။ နို့ကနည်းနည်း၊ အရည်တွေ ခပ်ကြဲကြဲနှင့် မုန့်ကင်တာကလဲ မည်းလို့၊ ရန်ကုန်မြို့ထဲမှာမွေးပေတဲ့ တောသွေးတောမှုနှင့် တောသူမကြီးလို ကြာလေကြာလေ နလုံးနာစရာကြီး ဖြစ်လာတာဘဲ"ဟု လက်ဖက်ရည်ပွဲကို လက်နှင့် တွန်းဖယ်၍ ပြောလေ၏။

မစောက "ကျွန်မပြောရန် အခွင့်ပေးပါ။ ကိုဘသိဟာ ရှေးအခါနှင့် မတူဘဲ အမူတစ်မျိုးပြောင်းပြီး ကျွန်မကို မကောင်း ထင်နေတာဘဲ။ ကျွန်မကဖြင့် ဘယ်နေရာကမှ ပြောင်းလွဲခြင်း မရှိပါ။ ရှင့်စိတ်ဟာ

WWW.DHAMMARANSI.COM



မျက်စိလည်တာလို ဖြစ်နေပြီ ထင်ပါတယ်။ အရပ်လေးမျက်နှာကတော့ သူ့နဂိုအတိုင်း ရှိရာ မျက်စိလည်တဲ့ သူကတော့ အရှေ့ကို အနောက် ထင်ချင်ထင်နေတတ်တာမျိုးပါပဲ။ သည်ဟာ မျက်စိလည်သူရဲ့ တာဝန် ဖြစ်ပါတယ်။ အရပ်မျက်နှာကို အပြစ်မဆိုထိုက်ပါဘူး။ ကျွန်မ တစ်ခု မေးစမ်းပါရစေ။ ရှင့်လက်မှာ အမြဲ ဝတ်ဆင်ထားတဲ့ ရွှေလက်ပတ်နာရီကလေးကို မမြင်ပါဘဲကလား။"

(သီ) "လက်ပတ်နာရီနှင့်မင်း ဘာဆိုင်သလဲ။ ရေထဲကို လွှင့်ပစ်လိုက်ပြီ။ ကဲ-မင်းဘာပြောချင်သေး သလဲ- "

ဟုမောင်းမဲပြောဆိုပြီးလျှင် မောင်ဘသီအိမ်ပေါ်ကဆင်းသွားလေ၏။

မောင်ထွန်းခင်လည်း နက်ဖြန်တနင်္ဂနွေနေ့မှာ မောင်ဘသီကို အလိုပြည့်စေရန် ရတနာစိန်ခင်အိမ်သို့ သွား၍ အမျိုးမျိုးအကြောင်းဖြင့် ဖြားယောင်းသွေးဆောင်လျက် စာရေးကြီးဂုဏ်ပုဒ်ကို ဖေါ်ထုတ်ပြီးလျှင် တနင်္ဂနွေနေ့မှာ ခေတ္တအတွေ့ခံရန် ပြောဆို၍ ထားလေ၏။

တနင်္ဂနွေနေ့တွင် မောင်ဘသီသည် အဝတ်အစား ကောင်းမွန်စွာ ပြင်ဆင်ပြီးလျှင် မောင်ထွန်းခင်နှင့် တကွ အငြိမ့်သမအိမ်သို့ သွားကြလေ၏။ ရောက်လျှင် ရတနာစိန်ခင်၏အမေက ချိုသာစွာ နှုတ်ခွန်း ဆက်သပြီးလျှင် "အို ကြွတော်မူလာကြသကိုး။ သည်မှာ ထိုင်ပါ"ဆို၍ နေရာထိုင်ခင်း ပေးပြီးလျှင် ဧည့်ခံလေ၏။

မောင်ဘသီက !"ဘယ်နှယ့်လဲ မိတ်ဆွေ ဟန်မှ ဟန်ပါ့မလား။ တုံးတင်က ပြန်သွားရမလိုလို ဖြစ်နေပြီ "

ဆိုလျှင် မောင်ထွန်းခင်က

"ဒေါ်ဒေါ်၊ မစိန်ခင်တို့ကော"ဟုမေးရာ

"ရှိပါတယ်၊ မနေ့ညက အငြိမ့်ကရလို့ အခန်းထဲမှာ အိပ်နေပါတယ်။ ခေတ္တဆိုင်းပါဦး" ဆိုပြီးလျှင် သူ့သမီးကို ထွက်လာရန် ခေါ်လေ၏။

ရတနာစိန်ခင်သည် အိပ်ရာထကာစ မျက်နှာမျိုးနှင့် ဖဲကြိုးကို ခေါင်းမှာစီး၍ ဆံပင်ကို ဖားလျား ချပြီးလျှင် နှင်းဆီပန်းတစ်ပွင့်ကို ကိုင်လျက် အခန်းထဲက ထွက်လာလေ၏။ (မောင်ဘသီ ဆုချသော ရွှေ လက်ပတ်နာရီကလေးလဲ လက်မှာ ဝတ်ဆင်လျက် ပါလာသည်။)

ရတနာစိန်ခင်၏ မျက်နှာသည် ခန်းဆီးကို ဖွင့်၍ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မောင်ဘသီ၏ စိတ်နှလုံးသည် ဖြုန်းခနဲ လျှပ်စီးပြက်လိုက်သောအခါ ထိတ်ခနဲ လန့်သွားသောသူကဲ့သို့ ဖွင့်၍နေသော မျက်စိကို မျက်တောင်ခတ်ခြင်းအားဖြင့် ပြန်၍ မမှိတ်နိုင်ဘဲ ကြိုက်မရှက် အကြည့်မျိုးနှင့် ကြည့်ပြီးလျှင်

*"သြော် အငြိမ့်ကနေခိုက်တွင် ပြင်ဆင် ခြယ်လှယ်ထားတဲ့ ရုပ်ထက်ပဲ ဟန်ပါသေးကလားနော်။ ဘီးမပြင် မှန်မသသော်လည်း နဂိုရင်းက ဟန်ရတော့ အမျိုးမျိုး လှနေပါကလား"*ဟု စဉ်းစား၍ ငေးနေ သည့်အခါ ရတနာစိန်ခင်က "အစ်ကိုတို့ မျက်နှာကို မြင်ရတာ မင်္ဂလာရှိတယ်လို့ ကျွန်မ ထင်ပါတယ်။ အို ကျွန်မ သတိရပြီ။ ရွှေလက်ပတ်နာရီ ဆုချတဲ့ အစ်ကိုကိုဘသီဆိုတာ ရှင်ဘဲ မဟုတ်လား။ နာရီကလေး ဟာ ကျွန်မလက်မှာ ရှင့်ကိုယ်စားလှယ် ဖြစ်ပြီး ချပ်ချပ်ချပ်ချပ်နှင့် စက္ကန့်သံကို ကြားရတိုင်း ကျွန်မ သတိရနေပါတယ်။"ဟု ချိုချိုသာသာ ကြာ့ဝိဇ္ဇာမကလေးက ချွဲလိုက်လျှင် ငနဲကြီးမောင်ဘသီ၏ ရင်ထဲမှာ ရေခဲတုံးကြီးကို ဌာပနာထားသလို ဖြစ်သွားပြီးလျှင် [Personal magnetism]ခေါ် လောကဓာတ်

WWW.DHAMMARANSI.COM



ခော်ပသောဖြင့် ညို့၍ထားသော သူကဲ့သို့ ငေးတေးတေးကြီးနှင့် တစ်စုံတစ်ရာ စကားပြန် မပြောနိုင်ဘဲ ရှိလေ၏။

ရတနာစိန်ခင်က မောင်ဘသိ၏ အကဲကို ရိပ်မိသဖြင့် "နတ်ရှုးပုံနှင့် မြှောက်၊ ခြေထောက်က"ဆိုတာလို ခိတ်ကြွအောင် အမျိုးမျိုးပြောဆိုသော်လည်း တေမိမင်းသားကို အလိုစမ်းသလို မတုန်မလှုပ်နှင့် စကားပြန်မရဘဲ မှင်သက်မိ၍ နေလေ၏။

မောင်ထွန်းခင်ကလည်း ရတနာစိန်ခင်ကို "ဆွနိုင်သမျှဆွပေးပါ"ဟု မျက်ရိပ်ပြ၍ ပြောလေ၏။

အတန်ကြာမှ မောင်ဘသိ၏ နှုတ်ခမ်းများသည် တုန်တုန်လှုပ်လှုပ်နှင့် "ကျုပ်ကလဲ ဟုတ်ကဲ့ မစိန်ခင်ကို..."ဟု စကားဆုံးအောင် မပြောနိုင်ဘဲ ရပ်ဆိုင်း၍ လေပြတ်သွားလေ၏။

ဤသို့ ပြောဆိုနေစဉ် စိန်ခင်ကို ပိုးနေသော ကျောင်းသားတစ်ယောက် တက်လာသောကြောင့် စိန်ခင်၏ အမေက ဥဏ်တစ်မျိုးဆင်ပြီးလျှင် မောင်ထွန်းခင်အနားကို ကပ်၍ "ယခုလာတာ မစိန်ခင်ရဲ့မောင် ဖြစ်ပါတယ်။ အပြောအဆိုသတိထားပါ။ ကောင်ကလေးက ခပ်မိုက်မိုက်နှင့် အလိုက်မသိဘူး"ဟု တိုးတိုး ပြောလျှင် ၎င်းအကြောင်းကို မောင်ဘသိသို့ ပြန်ကြားလေ၏။

မောင်ဘသိလဲ ခပ်ရှက်ရှက်ရှိသည်နှင့် "ကဲ ကိုထွန်းခင် ပြန်ကြအုံးစို့ရဲ့။ တစ်နေ့လောက် ကောင်းကောင်းတွေ့ရအောင် ရက်တောင်းခဲ့ပါ"ဟု ပြောရာ

မောင်ထွန်းခင်က "ကောင်းပါပြီ။ ခင်ဗျားအလိုအတိုင်း ပြည့်စုံပါစေ့မည်"ဆို၍ ပြန်သွားကြရန် ထကြသောအခါ မောင်ဘသိက "သူ့အမေကြီးနှင့် ခေတ္တ တွေ့ချင်ပါသေးတယ်"ဟု ပြောသဖြင့် မောင် ထွန်းခင်က မျက်ရိပ်ပြ၍ ခေါ်သဖြင့် စိန်ခင်၏အမေလည်း အမှတ်တမဲ့ထ၍ လိုက်လာလေ၏။

အိမ်လှေကား အဆင်းနားမှာ စိန်ခင်၏မိခင်ကို မောင်ဘသိက ငွေစက္ကူ ၅-ချပ် ထုတ်ပေးပြီးလျှင် "ကျေးဇူးတင်ပါတယ် ခင်ဗျာ"ဟု စကားများ၍ပြောမိရာ မောင်ထွန်းခင်က "ဟိုက ကျေးဇူးတင်တယ်လို့ ပြောရမှာ ခင်ဗျားကြီးရဲ့။ ခင်ဗျားက ပြောရမှာ မဟုတ်ဘူး။ ငွေပေးတဲ့လူက ကျေးဇူးတင်ရဦးမှာလား"ဟု ဆိုလျှင် မောင်ဘသိက "ခင်ဗျားပြောတာကတစ်မျိုး၊ ကျွန်တော် ကျေးဇူးတင်တာက တစ်မျိုးပါ။ ရတနာစိန်ခင်ကို မွေးမှ မွေးတတ်ပေတယ်လို့ ကျေးဇူးတင်ပါတယ်"ဟု ပြန်ပြောလေ၏။

မောင်ထွန်းခင်က စိန်ခင်၏မိခင်အနားသို့ ကပ်ပြီးလျှင် "နောက်စနေနေ့ညပွဲများ လက်ခံမထားပါနှင့်။ အကော်တစ်ချက် တွေ့ပါလိမ့်မယ်။ သည်စာရေးကြီးဟာ အင်မတန် ပစ္စည်း ချမ်းသာတာကလား"ဟု တိုးတိုးပြောရာ "အဒေါ်နားလည်ပါပြီ။ သောကြာနေ့ကျတော့ အသေအချာစကားပြောရအောင် တစ်ခေါက် လာခဲ့ပါဦး"ဟု မှာထားလိုက်သည်ကို ဝန်ခံပြီးလျှင် မောင်ဘသိနှင့် မောင်ထွန်းခင်တို့ ပြန်လာကြလေ၏။

(ထွန်း) "ခင်ဗျားဟာ နေရာတိုင်းမှာဖြင့် လူလည်ကြီးရယ်လို့ ကျွန်တော်တို့က ဆရာတင်ထားတာ ရတနာစိန်ခင်နှင့် တွေ့တော့ ခင်ဗျားနှုတ်က အာစေးထည့်ထားတဲ့ မြွေလို ဖြစ်နေရတာ ဘာကြောင့်လဲ။"

(သိ) "မပြောတတ်အောင် ရှိနေတာပါပဲ။ ကျွန်တော်က နှစ်ယောက်ထဲ တွေ့မှ ရဲတာကလား။ ဘယ်တော့ သူနှင့် ဆိတ်ဆိတ်ငြိမ်ငြိမ် တွေ့ဖို့ ခင်ဗျား ကြံစည်နိုင်မလဲ။ ကျေးဇူးရှင်ကြီး သည်ကိစ္စကိုဖြင့် ထမြောက်အောင် ရွက်ဆောင်တော်မူစမ်းပါ။ တစ်သက်လုံး ကျေးဇူးတင်စမ်းပရစေ။"

(ထွန်း) "ယခုလာမယ့် စနေနေ့ကို ခင်ဗျားအလိုရှိသလို တွေ့ရပါစေ့မယ်။ ကျုပ်ကတော့ သူများအကျိုးကို သည်ပိုးတဲ့အရာမှာ ပါရမီဖြည့်မယ်လို့ မိဋ္ဌာန်ပြီးသားပါပဲ။"

WWW.DHAMMARANSI.COM



(သီ) "သူတို့အိမ်မှာလဲ မတွေ့ချင်ဘူး။ နေရာတစ်ခုကို ခင်ဗျား ကြံစည်ပါ။"

မောင်ထွန်းခင်သည် ငါးမိနစ်လောက် စဉ်းစားပြီးလျှင် "အို ကျွန်တော် အကြံရပြီ။ လာမယ့် စနေနေ့မှာ ကျုပ်တို့အိမ်က ဆွေမျိုးတစ်စု ပဲခူးရွှေမော်ဓောသို့ ဘုရားဖူး သွားကြလိမ့်မယ်။ သည်အခါ အိမ်မှာ ကျွန်တော်တစ်ယောက်ထဲ ကျန်ရစ်မှာဘဲ။ စနေနေ့ည ၉-နာရီလောက်မှာ ရတနာစိန်ခင်နှင့် တွေ့ဖို့ အိမ်ကိုသာ လာခဲ့ပါတော့။ အလိုရှိသမျှ ပြည့်စုံပါစေ့မယ်။ မစောကိုဖြင့် နည်းနည်းမှ မသိပါစေနှင့်။ ခင်ဗျားနှင့် ကြံရာပါဆိုပြီး အငြိုးထားတဲ့ပြင် ကျုပ်ကို လူချင်းကွဲအောင် ခွဲတတ်တဲ့ လူယုတ်မာကြီး ထင်မှာ စိုးရိမ်ပါတယ်။"

(သီ) "အို သည်ကောင်မကို စာရင်းထဲ သွင်းလို့ မပြောပါနှင့်။ မသိစေရပါဘူး။ နို့နေပါအုံး။ တွေ့ဖို့ ကြံစည်ရာ စရိတ်ငွေများ ဘယ်လောက် ယူမလဲ။"

(ထွန်း) "အို ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် မင်္ဂလာဆောင်ရာ ဒါယကာလုံးလုံးခံပါမယ်။ 'ပို့မယ့်ပို့ ကတို့ကျအောင်ပို့'ဆိုတာလို ပြီးပြီမ်းသည်တိုင်အောင် ကျုပ်စရိတ်နှင့် ရွက်ဆောင်ပါမယ်။"

(သီ) "သာဓုဗျာ၊သာဓု သည်ကောင်းမှုကြောင့် ယခုဘဝမှာဘဲ ခင်ဗျား လူပျိုကြီးဘဝက ကျွတ်လွတ်ပါစေဗျာ။"

(ထွန်း) "ကျုပ်ကလဲ ခင်ဗျားတို့နေရာကျလျှင် လူပျိုကြီးဘဝက ကျွတ်လွတ်ဖို့ ရည်မှန်းရင်းပါဘဲ။"

ဤသို့ ပြောရင်းဆိုရင်း လံချားနှင့် ရောက်လာကြရာ အသီးသီး အိမ်သို့ ရောက်ကြလေ၏။

မောင်ထွန်းခင်က အိပ်ရာပေါ်မှာ စဉ်းစားသည်မှာ *လူများဟာ ထုချင်တော့ တည့်တည့်ပြောတာတောင် သဘောမပေါက်ဘဲကို။ ပျားရည်နှင့်ဝမ်းချ ဆိုတာလို ရတနာစိန်ခင်နှင့် မှားပြီး သူ့မယားကို ချူနေတာ မသိရှာဘူး။ သြော် ပေါင်းရချည်သေး၊ ပေါင်းရချည်သေး။ လူပျိုကြီးဘဝက ကျွတ်မှဖြင့် လွတ်ပြီး ပျော်ရချည်သေးရဲ့နော်။ တစ်နေ့တစ်လံ၊ ပုဂံဘယ်ပြေးမလဲ ဆိုတဲ့စကားလို တဖြည်းဖြည်းကြံစည်လာခဲ့တာ တစ်ခါဖြင့် စောစောကလေး ငါ့လက်ထဲက ထွက်ပြေး နိုင်ပါအုံးမလား၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့ စကားလို သည်က မေတ္တာရှိတာလို စောစောကလဲ မေတ္တာမရှိဘဲ နေနိုင်ပါမလားဟု* စဉ်းစားရင်း အိပ်ပျော်လေ၏။

မောင်ဘသီမှာလဲ စနေနေ့တွေ့ရတော့မည်ဆို၍ ဝမ်းသာအားရနှင့် မိမိဒိုင်ယာရီစာအုပ်မှာ "စနေနေ့သည် မင်္ဂလာအရှိဆုံးသောနေ့ ဖြစ်၏"ဟူ၍ ကြိုတင် ရေးမှတ်လေ၏။ တွေ့လိုသော ဆန္ဒအရေးကြီးသည်နှင့် တနင်္ဂနွေနှင့် စနေ စပ်ကြားက ရှိသော နေ့များသည် ငါ့ကို ကြာမြင့်အောင် နှောင့်ယှက်သောနေ့များ ဖြစ်သည်ဟု အပြစ်တင်ပြီးလျှင် ထိုနေ့များကို ချေဖျက်၍ ပစ်လိုသောစိတ် ဖြစ်လေ၏။ သွားမြဲဖြစ်သော နေလများကိုလဲ နှေးလွန်းသည်ဟု အပြစ်တင်မိလေ၏။

မစောမှာလည်း မောင်ဘသီ၏ အမူအရာနှင့် မိုးမှောင်ကျတဲ့ပမာ လွန်စွာ ညှိုးပုပ်သော မျက်နှာများကို မြင်ရခြင်း၊ ခါးသွားပမာ လွန်စွာ ထက်မြက်သော စကားသံတို့ကို ကြားရခြင်းတို့ကြောင့် တစ်နေ့ တစ်ခြား စိတ်မချမ်းမသာဖြစ်ပြီးလျှင် *ဘယ်လိုကြံ၍ ကိုဘသီ၏ မှားယွင်းခြင်းကို ပယ်ဖျောက်ရမလဲ။ ကိုထွန်းခင်တစ်ယောက်လဲ မပေါ်လာတာ အတော်ကြာသွားပြီ။ ဘယ်လိုများ ကြံစည်နေမှန်းလဲ မသိရဟု တွေးတောပြီးလျှင် "ဟယ် မတတ်နိုင်ပါဘူး။ ကံစီမံရာ ဖြစ်လိမ့်မပ။ ငါ၏ ဖြောင့်မှန်သော သစ္စာနှင့် တည်ကြည်သော သမာဓိဂုဏ်ကြောင့် လူ့ဘုံကို စောင့်တဲ့ နတ်များကလဲ ကြည့်နေကြမယ် မဟုတ်ပါဘူး။ မှန်ရာတော့ စီရင်ကြမှာပါပဲ"ဟု* စိတ်ကို ဖြေ၍ နေလေ၏။

WWW.DHAMMARANSI.COM



သောကြာနေ့ကျလျှင် မောင်ထွန်းခင်သည် စိန်ခင်တို့အိမ်သို့ သွားပြီးလျှင် အကျွမ်းတဝင်ရှိပြီး ဖြစ်သည်နှင့် *"နက်ဖြန်ည၈-နာရီခွဲလောက်တွင် ရထားလွှတ်လိုက်တဲ့အခါ လိုက်လာပါ။ တစ်နေ့က မောင်ဘသီဆိုတာ ကျုပ်လိုပဲ၊ သားမယား မရှိသေးဘူး။ အတည်ကြံမှာကို အမှန်သိလို့ ပြောရဲပါတယ်။ တကယ် သူက မေတ္တာရှိရိုးမှန်ပါရဲ့။ လခလဲ ခပ်ကြီးကြီး နဂိုပစ္စည်းလဲ ခပ်ပေါပေါ။ ရုပ်ကလဲ ခပ်ချောချောမို့ ပြောစရာမရှိပါ။ ကျုပ်နှမကလေးဖြင့် စာရေးကြီးကတော် ဇာတာပါတာ အမှန်ပါပဲ"*ဟု သဘောပါလွယ်တဲ့ အမေကြီးကို နားချသဖြင့် စနေနေ့ညလာရန် အာမခံချက်ကို ရရှိ၍ ပြန်လာပြီးလျှင် မောင်ဘသီရုံးကမပြန်ခင် မစောထံသို့ သွားပြန်လေ၏။

(စော) "အို မျှော်နေလိုက်ရတာ ယခုမှ ပေါ်လာတော့သကိုး။ သတင်းထူးများ ကြားသိရပါသေးသလား။"

(ထွန်း) "သတင်းထူးလို့ လာခဲ့ပါတယ်။"

(စော) "အကြောင်းကို ပြောစမ်းပါအုံး။"

(ထွန်း) "နက်ဖြန်ည ၉–နာရီလောက်မှာ သူတို့နှစ်ယောက် တွေ့ဆုံပြီး အကြောင်းမျိုးစုံ တိုင်ပင်ကြပါလိမ့်မယ်။ တိုင်ပင်ပြီးတော့ မစောကို ကွာဖို့ စီမံလိမ့်မယ်။ မစောတော့ မသိရှာသေးဘူး။ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ခမ်းခမ်းနားနား နောက်မယားနှင့် စံစားရအောင် အိမ်တစ်ဆောင် ငှားပြီးပြီ။ အဲသည်အိမ်မှာဘဲ သူတို့တွေ့ဆုံဖို့ ချိန်းထားကြတယ်။"

(စော) "အမယ်လေး အများကြီး ခရီးလွန်ကုန်ပါပကော။ သူတို့တွေ့မယ့်အချိန်မှာ သည်အိမ်ကို သတင်း ပို့နိုင်ပါ့မလား။"

(ထွန်း) "သူတို့နှစ်ယောက် ဖြစ်နေပုံကို ပြောချင်လွန်းလို့ မစောထံ ပြေးလာတာပါ။ သူတို့ကိုတွေ့လျှင် ဘယ်လို စီရင်ချက်ချမလဲ။"

(စော) "ကျွန်မမှန်တာကို ပြောရလျှင် လင်ဖောနှင့် အဆိပ်တက်မှဖြင့် အရှက်အကြောက်ကို မငဲ့ဘဲ ထင်တဲ့အတိုင်း ပြုလုပ်တတ်ပါတယ်။ ဘယ်လိုစီရင်ရမယ်လို့တော့ မပြောနိုင်သေးပါ။ မတွေ့မမြင် ရသေးတဲ့အခါ ကျွန်မစိတ်ဟာ နူးညံ့စွာ ရှိပေတဲ့ သူတို့နှစ်ယောက် ဖောက်ဖောက်ပြန်ပြန်နှင့် ဒေါသမာန် ထွက်လောက်အောင် တွေ့မြင်လျှင် အရှင်လိုက် အစိမ်းဝါးပြီး ကျားစားတာထက် ဆိုးချင် ဆိုးရပါလိမ့်မယ်။"

(ထွန်း) "တကယ်လို့ ဒိဋ္ဌတွေ့မြင်လျှင် သည်လို ရက်စက်တဲ့ ယောကျ်ားကို အားကိုးအားထား ပြုပြီး ပေါင်းသင်းထိုက်တယ်လို့ ထင်သင့်သေးရဲ့လား။"

(စော) "ကျွန်မ ပြောရင်းဆိုရင်း ဒေါသထွက်လာပြီ၊ တကယ်လို့များ တွေ့နေလျှင် သင်းတို့နှစ်ယောက် စလုံးကို လက်စတုံးအောင် သတ်၍ သွေးနှစ်ရပ်ကို လက်ထပ်ပေးလိုက်မယ်။ မသတ်နိုင်လျှင် တွေ့တဲ့နေရာမှာ ဖြတ်စာရေးပြီး တစ်ခါတည်း အပြတ်ကွာရှင်းလိုက်မှာပေါ့။"

သည်စကားကို ကြားရာ များစွာ အားရနှစ်သက်သည်နှင့် *'လုံထမ်းလာတာကိုသာ မြင်ရတယ်။ ကံထမ်းလာတာကို မမြင်ရ' ဆိုတဲ့စကား တယ်မှန်ပါကလား။ ထွန်းခင်တို့များ ကံကောင်းချင်တော့ များများ အဆင်းရဲမခံရဘဲ လွယ်လွယ်ကလေးနှင့် ရည်ရွယ်ရင်း အချစ်ဟောင်းကို ပေါင်းသင်းရတော့မှာ ပါကလား'*ဟု စဉ်းစားပြီးလျှင်

"သတ်တော့ သတ်မပစ်လိုက်ပါနှင့်၊ သနားစရာ မင်းလူသတ်မှု ရောက်သွားမှာကိုလဲ စိုးရိမ်ရ သေးတယ်။ ကွာချင်လျှင် ကွာပစ်လိုက်တာပ။ တကယ်လို့ သူနှင့်ကွာရင် ဘယ်ကဟာများကို မှန်းပါသလဲ။"

WWW.DHAMMARANSI.COM



(စော) "ကျွန်မမှန်းတဲ့ဟာကို ရှင်အသိဆုံး ဖြစ်မှာပါပဲ"ဟု မောင်ထွန်းခင် သဘောကျအောင် ပြောရာ *အဲဒါမှ ငါ့ကို တည့်တည့်ပြောတဲ့ စကားပဲ သည်လိုစကားရလျှင်ဖြင့် စိတ်ချပါပြီခင်ဗျာ။ ကျေးနူးရှင်မကလေး တယ်အလိုက်သိတတ်ရှာတယ်ဟု* တွေးပြီးလျှင်

"ကဲ ဒါဖြင့် နက်ဖြန်ခါညဂ-နာရီလောက်မှာ ရထားနှင့် လာကြိုပါမည်။ ရတနာစိန်ခင်နှင့် မင်းသား မောင်ဘသီတို့ နှစ်ပါးသွားစခန်းကို ဆန်းဆန်းကြယ်ကြယ် ကြည့်ရှုရတော့မှာပဲ

ဟု မှာထားပြောဆိုပြီးလျှင် မောင်ထွန်းခင် ပြန်သွားလေ၏။

မစောက *ကိုထွန်းခင်ဟာ ကြုံခဲ့သမျှမှာဖြင့် လူရိုးကြီးအစစ်ပေပဲ။ မတော်မတရား လုည့်စားပြီး ငါ့ကို ခေါ်မယ့် လက္ခဏာတော့ မဟုတ်ပါဘူး။ သူက တစ်ဘီးလိမ့် ကြိုက်နေတာတော့ အမှန်ပဲ။ နက်ဖြန်ညဖြင့် လုလုပပ အမူသည်နှစ်ယောက်ကို ဖမ်းပြီး အစွမ်းရှိသမျှ တရားပြ၍ ဆုံးမရအုံးမယ်ဟု* ကြံစည်လေ၏။

စနေနေ့မှာ မောင်ထွန်းခင်အိမ်တွင် လူများမရှိသဖြင့် အခန်းများကို ပြင်ဆင်စီမံ၍ ထားလေ၏။

မောင်ဘသီမှာလဲ ယနေ့ညဖြင့် တွေ့ရတော့မည်ဟု စိတ်က တရွှင်ရွှင်နှင့် ရုံးတွင် အချိန်ကုန်အောင် စောင့်၍ အိမ်သို့ ပြန်လာပြီးလျှင်

"မစော ယနေ့ည အာရုံတော်ဝတ်အသင်းက ကုန်းတော်ပေါ်မှာ အစည်းအဝေးရှိတယ်။ စည်းဝေးပြီးလျှင် ဝတ်တက်၍ နံနက်အာရုံတော်ကပ်ဖို့ အသင်းသားအားလုံး လာရန် ဖိတ်ကြားထားတယ်။ ဒါကြောင့် ယနေ့ညဖြင့် မမျှော်နှင့်တော့။ မင်းတို့ သတိဝီရိယနှင့် အိပ်ရစ်ကြ"

ဟု မှာထားပြီးလျှင် အဝတ်အစား ကောင်းမွန်စွာ ဆင်ယင်နေသည်တွင် မစောက အာရုံသွားတဲ့အခါ ဝတ်နေကြဖြစ်သော ပိတ်ပုဆိုးနှင့် လောပတ်တင်ရန် ပိတ်ပဝါကြီးများကို ယူလာပြီးလျှင်

"ကိုဘသီ ယခု ဝတ်ဆင်တာက ဝတ်အသင်း လူကြီးနှင့် မတူပါဘူး။ သည်ဟာကို ဝတ်ဆင်ပါ"

ဟု ပေးလေ၏။

(သီ) "အို မင်းက အရာရာမှာ တယ်ပြီး ဆရာလုပ်ချင်တာကို။ ယခု ဩဇာသီးပေါ်တဲ့ ကာလ မဟုတ်ဘူး။ အထူးအစည်းအဝေးမို့ အထူးဝတ်ဆင်ရတာ ဩဇာတယ်ပြီး မပေးချင်ပါနှင့်" ဆိုပြီး ဆင်းသွားလေ၏။

ရတနာစိန်ခင်နှင့် ပျော်ပျော်ရွှင်ရွှင်စားရအောင် သစ်သီးဈေးမှာရှိတဲ့ အသီးအနှံအမျိုးမျိုး၊ မုန့်တိုက်ကြီးတွေက မုန့်အမျိုးအမျိုးနှင့်၊ နွားနို့ပုလင်းများကို ရထားတစ်စီးနှင့် ရောက်၍ဝယ်ရာ ရှစ်နာရီသို့ ရောက်လေ၏။ ထို့နောက် ဆံပင်ညှပ်ဆိုင် တစ်ဆိုင်သို့ ဝင်ပြီးလျှင် ရှေ့မှန်နောက်မှန်နှင့် ဟန်ဓာတ်ခုတ်ရင်း ဆံပင်ညှပ်၍ နေလေ၏။

မောင်ထွန်းခင်သည် ဂ-နာရီ ထိုးသောအခါ ရထားတစ်စီးနှင့် မစောထံသို့ လာ၍ခေါ်လေ၏။ ရတနာစိန်ခင်ထံသို့လည်း ရထားတစ်စီးလွှတ်လိုက်လေသည်။

မစောသည် ချိန်းချက်သော နေရာသို့ ရှေးဦးစွာ ရောက်လျှင် တွေ့ဆုံမည့်အခန်းနှင့် ကပ်လျက်ရှိသော အခန်းထဲက တံခါးကို ကလန့်မချဘဲ စောင့်နေလေ၏။ ထိုအခန်းများသည် ဓာတ်မီးရောင် တထိန်ထိန်နှင့် အလွန် မွေ့လျော်ဖွယ်ကောင်းလေသည်။ မောင်ထွန်းခင်လည်း အိမ်ပေါ်က ဆင်းပြီး မင်းသမီး မင်းသား နှစ်ယောက်ကို မျှော်၍ နေလေ၏။

WWW.DHAMMARANSI.COM

လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

*မစောက သူတို့နှစ်ယောက်တော့ အမှန်လာကြတော့မှာဘဲ။ အမှုမှုကို အနုနည်းသာ အောင်စေရာဆိုတဲ့ စကားအတိုင်း ရှိုင်းစိုင်း ကြမ်းကြုတ်တဲ့အလေ့ကို မသုံးဘဲ မေတ္တာနုလုံးဖြင့် အောင်မြင်ဖို့ ကြိုးစားရတော့မှာပဲ ဟု* စဉ်းစားပြီးလျှင် အောက်ပါအတိုင်း စာတစ်စောင် ရေးသားလေ၏။

*မြို့ပေါ်မှာ သတင်းကြီးပြီး အငြိမ့်မင်းသမီးတို့၏ဘုရင် ရတနာစိန်ခင်အမည်ရပေတဲ့ ညီမ ချစ်ပန်းပင် ကလေးရှင်။*

*မိန်းမတို့ဓမ္မတာ ယခုကြုံစည်တဲ့အရာမှာ များစွာဆင်ခြင်ထိုက်ပါတယ်။ မိန်းမချင်း စာနာ၍ ညာတာ ရမယ့် အမျိုးတူချင်းဖြစ်တဲ့အတိုင်း အစ်မကြီးသဘော မရိုင်းဘူလို ခဏကလေး ဆိုင်းပြီး မှုန်မှိုင်း မှောင်ဝေနေတဲ့ လောဘဇောစိတ်ထဲမှာ မေတ္တာကလေး နည်းနည်း သာလိုက်စမ်းပါ။* ***အစ်မကြီးမှာ*** *ကိုဘသီ၏မယားကြီး အမှန် ပါ။ မိန်းမတို့ဓလေ့* ***အချစ်ငွေ့***  *တလှိုင်လှိုင်နှင့် သက်ဆုံးတိုင်ကြင်မယ့် လင်သားကို* ***တစ်ပါးသောမိန်းမက*** *လက်ရ သိမ်းပိုက်သည်ကို* ***မဆိုသာ။*** *မျက်နှာကလေး ပြုံးပြုံးနှင့် မျက်လုံးဖွင့်ကြည့်တာမျှနှင့် ရင်ဝကို* ***လှံနှင့်ထောက်သလို*** *ငေါက်ခနဲ* ***စိတ်ထ၍*** *ဒေါသရော၊ ဒုက္ခရော အရှုပ်ရှုပ် အထွေထွေ ဖြစ်လာတတ်ပါတယ်။* ***သူတစ်ဦးကို ဒုက္ခပေး၍*** *ကိုယ်ချမ်းသာ မွေ့မယ်ဆိုတာလဲ "မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်" ကဲ့သို့ နှစ်သက်ဝမ်းမြောက်* ***အားကိုးလောက်သောရာ*** *မဟုတ်ပါ။ နှစ်လအရှည် ချစ်ကြည် ခိုင်မြဲလာတဲ့ မေတ္တာပန်းပင်ကြီးကိုလဲ အသီးရောအပွင့်ရော* ***ခုတ်ချိုင်၍နိုင်တဲ့*** *အလှည့်မို့ အရွဲ့တိုက်ပြီး လှဲပစ်လိုက်မယ်လို့လဲ သဘောမထားသင့်ပါ။ ကိုယ်ချင်းစာတရားနှင့်* ***အသနားခံလိုတဲ့*** *အရေးကြောင့် ဤစာကလေးဖြင့် တောင်းပန်ရပါတယ်။ ရတနာအစစ် ညီမချစ်* ***မစိန်ခင်ရှင့်။***

**မစော**

ဤစာကို ရေးသားပြီးလျှင် ရတနာမစိန်ခင် ပေးရန်ဟု လိပ်တပ်၍ တွေ့ဆုံကြမည့် အခန်းစားပွဲခုံပေါ်မှာ တင်ထားပြီးလျှင် တစ်ဖက်အခန်းက စောင့်စား၍နေစဉ် ရတနာစိန်ခင်၏ရထား ဆိုက်ရောက်လာသောအခါ မောင်ထွန်းခင်က ခရီးဦးကြိုဆို၍ ရတနာစိန်ခင်ကို အခန်းထဲသို့ ပို့လေ၏။ အတူပါလာသော အမေကြီးကို အိမ်အောက်ထပ်အခန်းတစ်ခုမှာ ထားလေ၏။ မစောက အခန်းထဲသို့ ဝင်လာသော ရတနာစိန်ခင်ကို ချောင်းကြည့်ပြီးလျှင် *"သြော် ထင်သလောက်လဲ မလှဘဲနှင့် အိမ်ကစာရေးကြီးဟာ ဘာကြောင့် သည်လောက် စွဲလမ်းရပါလိမ့်မလဲ။ ရှမ်းကြိုက်နွားချော ဆိုတဲ့ဟာလို ကြိုက်စိတ်က ပြုပြင် တဏှာက ဆင်ယင်တော့ ဘီလူးမပင် နတ်သမီး ဖြစ်ရပေမှာပဲ"* ဟု တွေး၍ကြည့်နေရာ ရတနာစိန်ခင်သည် မောင်ဘသီကို မျှော်ရင်း ဟိုဟိုသည်သည် ကြည့်ရှုရာ စားပွဲပေါ်မှာ မိမိနာမည်လိပ် တင်လျက်ရှိသော စာကို တွေ့ရှိလေ၏။

အလို မိန်းမလက်ရေးနှင့် စာကလေးတစ်စောင်ပါကလားဟု အံ့အားသင့်စွာနှင့် ဖွင့်၍ ဖတ်ကြည့်ရာ *သြော် ကိုဘသီဟာ ကိုထွန်းခင်ကို ဒလံထားပြီး အလကား ငါ့ကို ညာကြတာပါကလား။* ***ပြောတော့*** *မယားမရှိဘူး၊ မယား မရှိဘူးနှင့် ယခုတော့ မယားကြီးကိုယ်တိုင်* ***ရေးတဲ့စာကို ဖတ်နေရပြီ။ စာရေးပုံက*** *သနားစရာ လွန်စွာ နူးညံ့သိမ်မွေ့တဲ့ သူတော်ကောင်း ဖြစ်ရှာမှာပဲ။ တကယ်လို့သာ ရတနာ့စိန်ခင်တို့ စိတ်များနှင့် မယားကြီးဖြစ်လို့ ရေးရလျှင် အညစ်အကြေးတွေကို ထည့်၍ဆဲပြီး စာထဲမှာ ရန်ဖြစ်သံတွေပါတဲ့ပြင် တစ်ခါတည်း သတ်ပစ်ဖို့ ကြံစည်မှာပဲ။ မိန်းမဆိုတာ ထမင်းကို ဝေစားလို့ ရတယ်။ လင်ကိုတော့ ဝေနိုင်တဲ့အရာ မဟုတ်လို့ စုတ်စုတ်ပြတ်ပြတ် အသေသတ်ချင်တဲ့စိတ် ရှိကြတာမျိုးပေပဲ။ သူတော်ကောင်းကို ပြစ်မှားလျှင် ဘွားခနဲ ဒုက္ခတွေ့တတ်သတဲ့။* ယခုလာပုံဖြင့် မှားနေပြီဟု စာကိုကိုင်လျက် တွေးတောငေးမှိုင်၍ နေသည်ကို မစောမြင်ရာ ရုတ်တရက် ထွက်လာပြီးလျှင် "ညီမချစ်ကလေး ယခုမှ ရောက်လာသလား။ အစ်မမျှော်နေတာ ကြာလှပြီ။ မကြီးစောဆိုတာ ကျွန်မပါပဲ" ဟု ပြုံး၍ ပြောလေ၏။

WWW.DHAMMARANSI.COM



ရတနာစိန်ခင်က ရုတ်တရက် အံ့အားသင့်သွားပြီးလျှင်

"ကျွန်မမှားပုံကိုတော့ ပြန်မပြောပရစေနှင့်တော့။ ယနေ့ည ကိုယ်တွေ့ဒိဋ္ဌ သက်သေပြ၍ ကျွန်မ ဆုံးမပြီးလျှင် တစ်သက်လုံး မစောကို မလှန့်ဝံ့အောင် ကြံစည်ပါမယ်။ (ယခုသူလဲ ရောက်ခါနီးပါပြီ၊ တိုတိုပြောကြစို့) သူနှင့် ကျွန်မ ဆယ်မိနစ်လောက် စကားပြောပြီးလျှင် ကျွန်မက အမူအရာဆောင်၍ ဓာတ်မီးကို ငြိမ်းလိုက်မယ်။ သည်အခါ မမစော ရုတ်တရက် ထွက်လာပြီး ရတနာစိန်ခင် အယောင်ဆောင် ပေးတော့။ ကျွန်မက မမစောနေတဲ့ အခန်းထဲသို့ သွားပြီးနေမယ်။ အတန်ကြာမှ ဓာတ်မီးကို ဖွင့်လိုက်ပါ"

ဟု ပြောဆိုနေကြစဉ် အိမ်ရှေ့က မြင်းရထားတစ်စီး ဆိုက်သည်နှင့် မစောသည် မူလအခန်းထဲသို့ သွား၍ ဣန္ဒြေရစွာ နေလေ၏။

မောင်ထွန်းခင်က အိမ်ရှေ့ လှေကားအတက်တွင် "ခင်ဗျားတစ်နေ့ကလို ကြောက်မနေပါနှင့်။ သည်လိုနေရာမှာ နှုတ်ရောလက်ရော ရဲရတယ်"ဟု မှာထားလျှင်

"ခင်ဗျားလို လူပျိုကြီး မဟုတ်ပါဘူး"ဟု ပြန်ပြောပြီး မောင်ဘသိသည် တောင်းရွက်ကုလီ ကုလားကြီးတစ်ယောက်နှင့် အိမ်ပေါ်သို့ တက်လာပြီးလျှင် ရတနာစိန်ခင်နှင့် စားသောက်ရန် ဝယ်ခြမ်းလာသော ပစ္စည်းများကို စားပွဲပေါ်မှာ တင်၍ အဝင်တံခါးကို လုံခြုံစွာ ပိတ်လေ၏။

(စိန်) "ကိုဘသိကို တွေ့ချင်အားကြီးနှင့် စောစောစီးစီး ကျွန်မလာရာ ရောက်နေတာ ကြာလှပြီ။ ရှင့်မှာတော့ နှုတ်ဆက်မှာထားစရာ အချစ်ဟောင်းတွေနှင့် ကိစ္စများနေလို့ ယခုလောက် ကြံ့ကြာ နေတယ် ထင်ပါရဲ့။"

(သိ) "မိန်စိန်မှတ်စ်ပါး (သိကြားစူးရပါစေရဲ့၊ အို ယောင်လို့ ဘုရား---) ဘယ်မှာမှ ချစ်ဟောင်း မရှိပါဘူး။ သည်တစ်သက်မှာ တစ်မျက်နှာပြင် နှစ်မျက်နှာမြင်တဲ့ လူစားထဲက မဟုတ်ပါဘူး။"

(စိန်) "ကျွန်မကို မေတ္တာရှိတယ် အတည်ပေါင်းမယ်ဆိုတာ အမှန်ပဲလား။"

(သိ) "အို သည်ဟာကို မေးစရာ မရှိပါဘူး။ အိမ်တစ်ဆောင်တောင် ငှားပြီးပါပြီ။" (လက်ကိုင်ပဝါနှင့် မျက်နှာသုတ်ရင်း ပြောသည်။)

(စိန်) "အစ်ကိုတို့လို စာရေးကြီးဆိုတော့ မျက်နှာက ကြီးပါဘိသနှင့်။ မယားကြီး မရှိဘူးဆိုတာကို ကျွန်မ တယ်မယုံနိုင်ဘူး။"

(သိ) "မယုံဘူးဆိုတာလဲ ဟုတ်တန်ရာပါရဲ့။ ယုံအောင် သစ္စာဆိုပြီး ကျိန်ပြရမလား။"

(စိန်) "ရွှေတိဂုံကိုယ်တော်ကြီးကို သည်နေရာက ဗပ်ချ ရှိခိုးပြီး ကျိန်ပြစမ်းပါ။"

မောင်ဘသိက ရုတ်တရက် ကုလားထိုင်မှဆင်းပြီး ရွှေတိဂုံဘုရားဆီသို့ ဦးချ၍ သူတတ်သမျှ ကျိန်လေ၏။

မစိန်ခင်က "အလို ဘုရားရှိခိုးတာက ဖိနပ်မှ မချွတ်ဘဲ ရှိခိုးခြင်းမြောက်မယ် မထင်ဘူး"ဆိုရာ "အို ယောင်သွားလို့ပါ။ ယခု ဖိနပ်ချွတ်၍ ရှိခိုးပါမယ်"ဆိုပြီး ဖိနပ်ချွတ်၍ ထပ်မံရှိခိုး သစ္စာပြုပြန်လေ၏။

(စိန်) "အိမ်စောင့်နတ်များလဲ သိရအောင် ဟိုအခန်းဘက်ကို လှည့်ပြီး အိမ်တွင်း မင်းမဟာဂီရိ နတ်သမီးကို ရှိခိုး တိုင်တည်ပါဦး။"

မောင်ဘသိက ပြောတိုင်း နားထောင်ပြီးလျှင် မစောပုန်းနေသော အခန်းကို လှည့်၍ ရှိခိုးသစ္စာ ပြုပြန်လေ၏။

မစောက *ကိုဘသိဖြစ်ရပုံများနှယ် နွားကို ရိုက်ပြီး မောင်းတာထက်ဘဲ ကဲနေပြီဟု* ရယ်ချင်သော်လဲ အောင့်၍သာ ချောင်းကြည့်နေလေ၏။

WWW.DHAMMARANSI.COM



(စိန်) "ကျွန်မ စုံထောက်ချက်ရတာကို မေးစမ်းပါရစေ။"
(သီ) "စစ်လိုသမျှ စစ်ဆေးတော်မူပါ။"
(စိန်) "ယခုလက်ရှိလား။ ရှေးကအဟောင်းလားဖြင့် မသိဘူး။ အစ်ကို့မှာ မယားကြီးရှိတယ်လို့ သတင်း ကြားတယ်။ သေသေချာချာ နာမည်မှာတော့ မမစောတဲ့။"

မောင်ဘသီက ခေါင်းကို ကုတ်ရင်း လေခပ်ထန်ထန်နှင့် ပြောသည်မှာ

"အို ဘယ်ကတိုင်ချက် ပေးပါလိမ့်မလဲ။ မိစောဆိုတာ ကျောင်းသားဘဝက အပျော်အပါး ကလေးကစားသလို ဖြစ်မိတာပါ။ မယားအရာ မရောက်ပါဘူး။ ဘောက်ထော်က တောသူ အရိုင်းကြီး ပဲ။ အဲသည်မိစောဟာလဲ သေသွားတာ ကိုးနှစ်လောက်ရှိပြီ။ အရိုးတောင်မှ ရှာမရပါဘူး။ သည်လိုကောင်မကို (အလကား) လူထဲသူထဲ စာရင်းသွင်းလို့။"

(စိန်) "သည်အတိုင်း မှန်လျှင်ဖြင့် ကျွန်မ ချစ်ရဲမှာပဲ။ အို အစ်ကို ဆေးလိပ်သောက်တာက ကျွန်မခြေထောက်ပေါ်ကို မီးဖွားကျတယ်"

ဟု ပူချင်ဟန်ဆောင်၍ ပြောရာ မောင်ဘသီက ရတ်တရက် ရတနာစိန်ခင်၏ ခြေကို အင်္ကျီအိတ်ထဲက ရေမွှေးနှင့်လောင်း၍ မှုတ်ပေးမည်ပြုရာ "သက်သာသွားပါပြီ" ဟု ရယ်၍ ပြောလေ၏။

(စိန်) "ကျွန်မအသားနှင့် မထိရအောင် သည်လက်ပတ်နာရီကို ဖြုတ်ပေးပါ"ဆိုလျှင် မောင်ဘသီက "အသားနှင့် မထိအောင်တော့ ခပ်ခက်ခက်ပဲ။ ဖြုတ်တော့ ဖြုတ်ပေးရမှာပ"ဆို၍ ရွှေနာရီကို ဖြုတ်ပေးနေရင်း မောင်ဘသီ၏အမူအရာက နည်းနည်းပျက်လာသောကြောင့်

"ကျွန်မရှက်တယ်၊ အစ်ကို့မျက်နှာက ကြောက်စရာပုံပန်း ပေါ်လာပြီ" ဆို၍ နေရာမှထပြီး မမြန့်တမြန် ဟန်လုပ်၍ အခန်းထဲမှာ ရှောက်ပြေးရာ မောင်ဘသီက မစိန်ခင်ကို လိုက်၍ ဖမ်းလေ၏။

မစိန်ခင်က ရှောင်ထွက်ပြီးလျှင် "သည်ဓာတ်မီးကြီးရှိတာ ကျွန်မမျက်နှာမရဲဘူး"ဆိုပြီး ဓာတ်မီး ခလုတ်ကို ပိတ်လိုက်၍ မှောင်မိုက်သွားသောအခါ စိန်ခင်သည် မစော၏အခန်းထဲသို့ ဝင်သွားလေ၏။

မစောက ရုတ်တရက် ထွက်လာပြီးလျှင် မှောင်မိုက်ထဲမှာ ရတနာစိန်ခင်ကဲ့သို့ မဖမ်းမိအောင် ပြေးရှောင် တိမ်းဖယ်၍ နေလေ၏။

တစ်ခါတစ်ရံ လက်နှင့် မစောကို ထိလိုက်ရာ မောင်ဘသီ၏စိတ်ထဲတွင် ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွား ပြီးလျှင် *ဒါကြောင့် ရတနာစိန်ခင်ကို လူတိုင်း မက်ကြတာကိုး။ အသားကလေးကိုက ဝါဂွမ်းဆိုင်ကျနေတာပဲ။ အိမ်က မိစောနှင့်တော့ ကွာချင်တိုင်း ကွာနေတာကလား*ဟု စဉ်းစားရင်း လိုက်ဖမ်းပြန်ရာ အတန်ကြာ၍ ခပ်မောမော ရှိတော့မှ "ခက်လိုက်တာ ရတနာမစိန်ခင်ရယ်။ ကျုပ် တွေ့ဖူးတဲ့ မိစောလို မဟုတ်ဘဲကိုးကွဲ့."ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မစောသည် ရုတ်တရက် ဓာတ်မီးကို ဖွင့်လိုက်လေ၏။

မောင်ဘသီက ဓာတ်မီးဖွင့်နေဆဲမှာ "ကဲ မိပြီ။ မင်းရှောင်နိုင်သေးရဲ့လား"ဆို၍ ရတနာစိန်ခင် အထင်နှင့် ဖမ်း၍ပွေ့လိုက်ရာ မျက်နှာချင်း သေသေချာချာ ဆိုင်တော့မှ မစောမှန်း သိလေသဖြင့်

"ဟိုက် ဆယ်ပါးကြီးမှောက်ပေါ့"ဟု ဆိုပြီးလျှင် တစ်စုံတစ်ရာ စကားမဆက်ဘဲ မတ်တတ်ကြီး ငေးနေလေ၏။

မစောက "ရွှေတိဂုံဘုရားကို ညအိပ်သွားတဲ့ အရဏ်တော်ဝတ်သမားကြီး။ ယနေ့ညဖြင့် တယ် ကုသိုလ်ရပေါ့လေ"ဟု ပြုံး၍ပြောနေစဉ် ရတနာစိန်ခင် ထွက်လာပြီးလျှင်

WWW.DHAMMARANSI.COM

လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

"ယခုပြတဲ့ ဇာတ်လမ်းဟာ (မယားကြီးကို လိမ်တဲ့ဉာဏ်။ ကြံကြံဖန်ဖန် ရှက်လိမ့်ငနဲ)ဆိုတဲ့ သံချပ်အတိုင်း ဖြစ်ပါတယ်။ ကဲ မစောကလဲ ဗွေမယူပါနှင့်။ မမှားတဲ့လူ မရှိပါဘူး။ 'အမှားတွေ့က အမှန်ရ'ဆိုတာလို နောင်တစ်သက်လုံး မှန်ကြပါလိမ့်မယ်။ ရော့ ဟောသည်မှာ မမစောရဲ့ စာရေးကြီးက အပိုးကြေးနှင့်ပေးတဲ့ ရွှေနာရီကလေး။ သည်နာရီကိုမြင်တိုင်း ကျွန်မ ပြုံးရယ်မနေပရစေနှင့်"ဆို၍ နာရီကို ပြန်ပေးပြီးလျှင်

"ကိုဘသီကလဲ သတိထားပါ။ မှောင်ထဲကျတော့ မိန်းမတိုင်း အတူတူပါပဲ။ ဘယ်သူကမှ မသာ ကြပါဘူး။ သည်ပုပ်ထဲက သည်ပဲ ဆိုတာလိုပါ ကိုဘသီ ထပ်၍ မမှားပါစေနှင့် "ဆို၍ အိမ်ပေါ်က သုံးယောက် ဆင်းလာကြပြီးလျှင် အသီးအသီး ရထားစီး၍ အိမ်သို့ ပြန်ကြလေ၏။

စောင့်စားနေသော မောင်ထွန်းခင်က မစောနှင့် မောင်ဘသီ လက်တွဲ၍ ရထားပေါ်သို့ တက်စီး သွားကြသည်ကို မြင်လျှင် အတန်ငယ် ငေးကြည့်ပြီးမှ *(အကော်ပဲလို့ ဉာဏ်နီဆင် မောင်ထွန်းခင် အူနှင့် ဟောင်းလောင်း)* ဟု တိုးတိုးဆိုပြီးလျှင် တစ်နေ့လုံး အားထုတ်ရတာ မောသဖြင့် ချွေးဖောကြီး ယိုစီးလျက် ညှိုးငယ်စွာနှင့် အိပ်လေ၏။

**ဥပဒေသ**

"စက္ခုမာ အန္ဓတာ ဟောန္တိ၊
ယေ ဣတ္ထိနံ ဝသံဂတာ။
(ပါဠိဇာတ်ပါဠိတော်)

ယေ– အကြင်သူတို့သည်၊ ဣတ္ထိနံ–မိန်းမတို့၏၊ ဝသံ– အလိုနိုင်ငံသို့
ဂတာ– လိုက်စားကြလေကုန်၏၊ တေ– ထိုသူတို့သည်၊ စက္ခုမာ– မျက်စိရှိကြကုန်သော်လည်း
အန္ဓတာ– သူကန်းတို့သည်၊ ဟောန္တိ– ဖြစ်ကြကုန်၏။
"ကိလေသေ နတ္ထိ လောစနံ"
ကိလေသေ–ကိလေသာ တရား၌၊ လောစနံ–မျက်စိသည်၊ နတ္ထိ–မရှိ။

**M. Kin Maung**

ပညာအလင်းမဂ္ဂဇင်း
အတွဲ၁၊ အမှတ်၁၊
၁၉၁၇–ခုနှစ်၊ နိုဝင်ဘာလ။

WWW.DHAMMARANSI.COM

# အမျိုးနှင့် မေတ္တာ

## NATION AND LOVE

ဝံသာနုစကား မြွက်သော်လဲ အကြားခက် နစ်နာ၊ တရားပျက် ကျင့်မသမာတယ်၊ ခွင့်အခါ ပျက်စီး။ အမျိုးချင်း မညှာတာသည် ဝါသနာဆိုးတဲ့ သည်မီး၊ နှိပ်စက်ဖို့ ကြိတ်ခါကြံ၊ ဣဿာ မာန် ထောင်ပြီး၊ အဘိဈ္ဈာ မှောင်ဆီးလို့ နောင်မကြီးပွားရန်၊ နိုင်သာလျှင် အလွတ်နင်းပါလို့၊ ဓွတ်အတင်းလှဲ လိုက်မည်ကြံ၊ ချီးမြှောက်ဖို့ ဓောမသန်တယ်၊ အကြောဉာဏ် တစ်ပတ်ရိုက်ပါလို့ နှပ်လိုက်မဟဲ့ ကြိမ်းလျက်သာနေ စိမ်းရက်ပါပေ၊ မေတ္တာမိုးခေါင်ပလေတယ်၊ အမှောင်တွေ ပိတ်ဖုံးလို့လေး။ ။

အထက်ပါ တေးထပ်သဘောအတိုင်း တွေးတောဆင်ခြင်သည်မှာ

"သြော် မြန်မာလူမျိုးတွေဟာ ဝံသာနုရက္ခိတ စကားကို များများကြီး ပြောကြသော်လဲ သဘောထဲကတော့ လိုက်လိုက်လှဲလှဲ ပါကြတာ မဟုတ်ဘူး။ 'စိတ်ထဲက တစ်မျိုးထား၊ စကားက တစ်မျိုးဆို၊ ကိုယ်က တစ်မျိုးလုပ် သွက်ချာတောလယ်အောင် ရှုပ်နေတဲ့ လူမျိုး'လို့ ဆိုချင်တာပဲ။ ကိုယ့်မြန်မာအမျိုးသားချင်း လုပ်တဲ့အလုပ်ကို အဟုတ်အားပေးချင်တဲ့လူများ အတော်နည်းသေးတာကလား။ ဂုဏ်ပြိုင်မယ်ဆိုလျှင် အမျိုးသားချင်းသာ ဂုဏ်ပြိုင်ကြတယ်။ မနာလို ဝန်တိုခြင်းဆိုတဲ့ တရားကိုလဲ အမျိုးသားအပေါ်မှာ အသုံးပြုချင်ကြတယ်။ 'ခရကို ခါးတောင်းကြိုက် ဖမ်း'ဆိုသလို ကိုယ်နိုင်တဲ့ နေရာမှာတော့ လူစွာကြီးလုပ်ပြီး အစွမ်းထုတ်လား ထုတ်တတ်ကဲ့။ ကြောက်မယ့်သူကို မြင်လျှင် ချောက်လှန့်ချင်လား ချောက်လှန့်တတ်ကဲ့။ နားမလည်တဲ့ လူတွေနှင့် ကြုံမှဖြင့် ဂုဏ်တော်အနန္တတွေ ထုတ်ပြီး ပညာရှိလုပ်လား လုပ်တတ်ကဲ့။ ကိုယ့်အမျိုးထဲက အညွန့်အစကလေးတလူလူ ထွက်မှဖြင့် အတက်မပေါက်နိုင်အောင် ဝိုင်းပြီး ချိုးချင် ဖဲ့ချင် ရှိလားရှိရဲ့။ ကိုယ့်အသင်းမှာတော့ ကိုယ်မင်းပဲလို့ ထင်တဲ့လူတွေသာ များကြတာကလား။

အခြားလူမျိုးကွဲတွေက အလုပ်အကိုင် အကြံအစည်တွေနှင့် ကြီးပွားလျက် ကိုယ့်မျက်တောင်ပေါ်မှာ စကြီသွားပြီး မိမိဆံပင်များကို နုတ်ယူပေတဲ့ ကြည်ကြည်ဖြူဖြူနှင့် ပြုံးနေနိုင်ကြတယ်။ သည့်ပြင် လူမျိုးများကိုတော့ သိကြားလိုလို နတ်လိုလို ထင်ပြီး ပြိုင်ယှဉ် တုဘက်ခြင်းငှာ မဝံ့ကြသည်မှာ ဥပမာအားဖြင့် မီးပုံကြီးနားသို့ မတိုးဝံ့သကဲ့သို့သာ ရှိကြတယ်။

မြို့ပေါ် ရွာပေါ်မှာ အကျော်အမော် အဟော်ဝတ သီလ သိက္ခာနှင့် ပြည့်စုံ၍ ဂုဏ်သမာဓိ ရှိတဲ့ အားကိုးရာ လူကြီးတစ်ဦးပေပဲ ဟု မှတ်စွဲ ထင်မြင်ရင်းရှိတဲ့အတိုင်း မြို့ကျိုး၊ရွာကျိုး သယ်ပိုး ရွက်ဆောင်ရန် လူကြီးတစ်ဦးအဖြစ်ဖြင့် ချီးမြှောက် ခန့်ထားလိုက်တဲ့ အခါကျပြန်တော့ ပထမက စိတ်တွေပျောက်၊ နောက် စိတ်အသစ်တွေ မွေးမြူပြီး၍ ကိုယ့် လူကို ပြန်ဖိကြတဲ့ ပုဂ္ဂိုလ်ကောင်း သူမြတ်လောင်းကြီးတွေကိုလဲ ခဏခဏပဲ တွေ့ကြုံရတယ်။

သည်လို အဖြစ်အပျက်တွေ တွေးပြီးတော့ 'သြော် ဒါကြောင့် နိုင်ငံခြားသား ပညာရှိပုဂ္ဂိုလ်ကြီးများက မြန်မာအမျိုးသားတွေ သဘောနုသေးတယ်။ ကမ္ဘာ့ဗဟုသုတလဲ များများမပြည့်စုံသေးဘူးလို့ ဆိုကြတာပေပဲ'ဟု စဉ်းစားမိပါတယ်။ သည်လို သဘောထား နုကြသေးတဲ့အတွက်ကြောင့် မြန်မာ လူမျိုးတွေ ကြံစည်လေသမျှဟာ ကောင်းကောင်း အထမြောက်တယ်လို့ပဲ မရှိကြသေးဘူး။ 'မက်တော့ မလိုလိုနှင့်လင်း'ဆိုတာလို မြန်မာတွေ အမွေအစ ရှာမရအောင် မြုပ်ချင်းမလှ မြုပ်ကုန်တော့မှာ ထင်ပါ

WWW.DHAMMARANSI.COM



*ရဲ့။ မြန်မာအမျိုးသားတွေ တိမ်မှုဖြင့် သာသနာ အရှိန်လဲ ညှိုးရှာတော့မယ်။ အမျိုးနိမ့်ကျမှုဖြင့် ထို အမျိုးက ကိုးကွယ်တဲ့ သာသနာဟာလဲ နိမ့်ကျရာသို့ ဆင်းရတော့တာပဲ။ ဩော် တွေးမိတိုင်း အရိုးနာပါ ရဲ့။ အမျိုးကိုသာ အပြစ်တင်ချင်တော့တာပဲ"*

ဟု ပြည်မြို့ လမ်းမတော်ရပ်ဆိုင် ဦးရွှေ ဖောင်သည် တစ်ကိုယ်တည်း စဉ်းစားပြီးလျှင် "သမီး ရေ သဂီးရေ"ဟု ခေါ်လိုက်သောအခါ စားပွဲမှာ ထိုင်၍ လချုပ်စာရင်းတွက်နေတဲ့ မယ်ခင်သည် ကလောင် တန်ကို ကိုင်၍ ထွက်လာပြီးလျှင် "ဘာကိစ္စလဲ ဖေဖေ"ဟု မေးလေ၏။

(ဦးရွှေဖောင်)

ကုန်ခဲ့တဲ့ လထဲက အရောင်း စာရင်းများကို ရှင်းပြီးပလား။ အရှုံးနှင့်အမြတ်ကို အကဲခတ် မိပလား။

(သမီးမယ်ခင်)

စာရင်းရှင်းပြီးပါပြီ ဖေဖေ၊ စိတ်ကျေနပ် စရာဖြင့် နည်းနည်းမှ မရှိပါဘဲကလား။ တစ်လထက်တစ်လ အရောင်းရ အလွန်ပါး နေပါတယ်။ ငွေတွင်းများကလဲ နက်လွန်း လို့ ထင်ပါရဲ့။ ကုန်တွေကိုသာ ဗန်းပြထား ရတယ်။ ဝယ်သူတွေကတော့ ကျွန်မတို့ ဆိုင်ကို လာတယ်လို့ပဲ မရှိကြဘူး။ သုံးဖို့ ငွေကတော့ ပါးရှားပြီး ဝယ်ဖို့ကုန်များက တော့ မကြားဝံ့အောင် ဈေးတက်နေကြ တယ် ဖေဖေရဲ့။ ရုပ်အင်္ကျီတစ်ထည်ဆိုလျှင် မဝယ်ဝံ့အောင် ဈေးကြီးနေတာကလား။ ရှေးကများနှင့်တော့ နည်းနည်းမှ မတူပါ ဘူး။ ဝယ်သူတွေက ငွေအတွက် ချွေတာရှာ ကြတာ ထင်ပါရဲ့။

(ဖောင်) သမီးပြောတဲ့အတိုင်း ကုန်ဈေးတွေဟာ အလွန်တရာ တက်လွန်းလို့ ဘဝင်ထိနေ ကုန်ပြီ။ ကုမ္ပဏီအချို့မှာတော့ လွတ်ပြီး အကျိုးရှိပါရဲ့။ အချို့ကုမ္ပဏီမှာတော့ ကုန်သည်ဘဝက ပြုတ်ရတော့မလိုလို သတင်းကြားရတာပဲ။

(ခင်) ကျွန်မတို့ မြန်မာပြည်ကထွက်တဲ့ ကုန်များ ကတော့ တစ်နေ့တစ်ခြား ရေနည်းငါးဆို သလို ဈေးတက်ဖို့ အပုံဝေးပါရဲ့။ ကဆုန် ပြေးပြီး ဈေးတွေ ကျနေတာပဲ။ လွန်ခဲ့တဲ့ ၂-နှစ်၊ ၃-နှစ်လောက်က ပဲဖြူကလေး ပဲဖြူကလေးနှင့် လူတိုင်း ပါးစပ်က ချီးမွမ်း ပြီး အစွမ်းကုန် ဈေးတက်သွားလိုက်တာ ပဲဖြူ တစ်ရာလျှင် ငွေတစ်ထောင်က သာ သွားသေးတယ်။ သည်လို ဈေးတက်တာ ကို မြင်ရလို့ မြန်မာပြည်တစ်ခွင်မှာ မြေပြင် အနှံ့အပြား ပဲဖြူကလေးသမားတွေ ထပြီး ဈေးပေါပေါ ရချင်လွန်းလို့ ပဲဖြူကလေးကို လုပ်လိုက် ကိုင်လိုက်ကြတာ ယခုတော့ ကြည့်စမ်းပါဖေဖေ၊ ပဲဖြူသမားတွေ မှိုင်ကုန် ကြပြီ။ 'ပေါကုန်များ ရှားတတ်တယ်။ ရှား ကုန်များ ပေါတတ်တယ်' ဆိုတဲ့ ရှေးလူကြီး များစကားဟာ တယ်မှန်ပါကလား။

(ဖောင်) ပဲဖြူသာ မဟုတ်ပါဘူး။ စပါးတွေဟာ ယခု ဘယ်လောက် ဈေးနည်းနေသလဲ။ ပဲနှင့်စပါးကို အများဆုံး အားပြုနေရတဲ့ ဖေဖေတို့နိုင်ငံမှာ အားကိုးစရာတွေ ဈေးကျ လျှင် ဘယ်ကလာပြီး ငွေရဖို့လမ်း ရှိဦး မှာလဲ။ နိုင်ငံခြားက လာသမျှ ကုန်တွေ တော့ ကဆုန်ပြေးပြီး ဈေးတက်ကြတယ်။ သံဈေး၊ သွပ်ဈေး၊ အထည်ဈေးတွေလဲ ငွေ နှင့် နှိုင်းချင်း ပေးရတော့မလိုလို ကျနေပေါ့။ စက္ကူဈေးကို မေးလိုက်ပြန်ပါတော့ ပြောသံ နှင့် လန့်စရာ၊ စာပုံနှိပ်တိုက်ရှင်များနှင့် သတင်းစာရှင်တွေဟာလဲ ချွေချွေတာတာ နှင့် စက္ကူကို သုံးပြီး မရှုံးတရှုံးကလေး လုပ်ကိုင်နေရတယ်လို့ ကြားရတယ်။

WWW.DHAMMARANSI.COM



(ခင်) ဈေးတက်လေသမျှ နိုင်ငံသူနိုင်ငံသားတွေ ခေါင်းပေါ် ကျကုန်တာပါပဲဖေဖေ။ ကုန်သည်တွေမှာတော့ ဈေးတက်လျှင် တက်တဲ့အတိုင်း ရောင်းကြလို့ အရှုံးမရှိနိုင်ပါဘူး။ ဝယ်သူတွေမှာသာ နစ်နာရှာကြပါတယ်။ ယခုတော့ ကျွန်မတို့ မြန်မာတွေမှာ မြုံးထဲမှာ လှောင်မိတဲ့ငါးလို အခက်သား ဖြစ်နေကြပြီ။

(ဖေအောင်) ဘယ်လို ခက်တာလဲ သမီး။

(ခင်) ရှေးအခါကတော့ မြန်မာတို့ အနေအထိုင်မျိုးနှင့် ရိုးရိုးသားသား ဝတ်စားပြီး မကြွားမဝါဘဲ နေထိုင်ခဲ့ကြတယ်။ ယခု ကျွန်မတို့ဆိုင်မှာ ရောင်းတဲ့ ရှပ်အင်္ကျီတို့၊ လောင်းကွတ်တို့၊ ဘွတ်တို့၊ နှင်းကာတို့၊ လက်ပတ်နာရီတို့၊ သားရေအိတ်တို့၊ ဓာတ်မီးတို့ ဆိုတာ ဘယ်မှာသုံးဆောင်ကြမလဲ ဖေဖေ။ အစားအသောက် ဆိုတာလဲ ယခုလောက် မဆန်းပြားပါဘူး။ ရိုးရိုးတန်းတန်းနှင့် မဆန်းမပြားဘဲနေတာ ဘယ်လိုအကျိုးရှိပါသလဲ ဆိုတော့ ငွေ မကုန်ဘူး။ ယခုလောက် အလုပ်မလုပ်ရဘူး။ ရသမျှနှင့် တင်းတိမ်ပြီး ငြိမ်ငြိမ်ကလေး စိတ်အေးလက်အေး နေနိုင်ကြတယ်။ သည်တုန်းအခါမှာတော့ စပါးဈေး မတက်သော်လဲ ဘယ်အတွက်မှ စိုးရိမ် ကြောင့်ကြဖို့ မရှိဘူး။ စပါးဈေး ဆန်ဈေး နည်းလေလေ၊ တိုင်းသူပြည်သားတို့မှာ ချမ်းသာခြင်း တိုးပွားလေလေ ဖြစ်တာပဲ။ ယခုခေတ်မှာတော့ ဆန်စပါး ဈေးနည်းလေလေ၊ တိုင်းသူပြည်သားတို့မှာ ကြေးငွေ ရှားပြီး စီးပွားဆုတ်ယုတ်လေလေ ဖြစ်ကြတယ်။ လောကကြီးဟာ အဲသည်လို ကပြောင်းကပြန်ကြီး ဖြစ်နေတာကလား ဖေဖေ။ ဘာကြောင့် ဒီလို ဖြစ်ရသလဲလို့ဆိုတော့ ယခုခေတ်အခါမှာ ဆန်စပါး ရှိရုံမျှနှင့် ပြီးကြတာ မဟုတ်ဘူး။ အသုံးအဆောင် အဝတ်အစားမှစ၍ ဒင်္ဂါးကို အားကိုးနေရတဲ့ ကာလမို့ ငွေပေါမှ အရာရာ လူချင်း တူနိုင်ကြတာကလား။ နိုင်ငံခြားက လူမျိုးကွဲတွေ ပြုလုပ်စီမံ ဖန်တီးကြတဲ့ ပစ္စည်း ပရိဘောဂတွေကိုမှ အမြတ်တနိုး အဖိုးတန်ကြီး သမုတ်ပြီး ဝယ်ယူ သုံးဆောင်နေကြရတယ်။ သူများနိုင်ငံကိုသာ အားကိုးပြီး ကိုယ့်နိုင်ငံက ပစ္စည်းအသုံးအဆောင်ကိုတော့ တိုးပွားအောင် မလုပ်ကိုင်ကြဘူး။

ယခုလိုအခါ တစ်ကမ္ဘာလုံး ဆူညံတဲ့ စစ်ကြီး ဖြစ်နေလို့ သင်္ဘောအသွားက နည်းပါးတော့ ကျွန်မတို့ မြန်မာများ နှစ်သက် စုံမက်ကြတဲ့ ပစ္စည်းဘဏ္ဍာတွေဟာ ရှေးကလောက် မလာဘူး။ ကုန်စည်ဘဏ္ဍာများစွာ မရောက်သည့်ပြင် ရောက်တဲ့ ကုန်စည်တွေ အပေါ်မှာလဲ သင်္ဘောခတွေမှစ၍ အမျိုးမျိုး စရိတ်ကြီးကုန်ရော။ သည်စရိတ်တွေ အလုံးစုံကို ကုန်တွေပေါ်မှာ တင်ပြီးရောင်းတော့ ဆင်းရဲသားတို့ ခေါင်းပေါ်မှာ တာဝန်ကျကုန်တာပေါ့။ သည်လို နိုင်ငံခြားက ပစ္စည်းတွေ ဈေးတက်တာနှင့် ကျွန်မတို့နိုင်ငံကထွက်တဲ့ မြန်မာသုံး ပစ္စည်းအချို့တွေတောင် ယောင်ယောင်ပေါင်ပေါင်နှင့် မြှောက်ပြီး ဈေးတက်ကြတာလဲ ရှိသေးတယ်။

နိုင်ငံခြားပစ္စည်းများကို မသုံးစွဲရဘူးလို့ ကျွန်မဆိုချင်တာလဲ မဟုတ်ပါဘူး။ မိမိနိုင်ငံက ဖြစ်လို့ ရှိတာဖြင့် ဘဝင်ထိထိ အစွမ်းရှိသမျှ သုံးဆောင်သင့်ပါတယ်။ ယခုတော့ ကိုယ့်နိုင်ငံမှာ အကြံအစည် မချဲ့ထွင်ဘဲ မြင်မြင်သမျှ ရှင်ရှင်ပျပျနှင့် နိုင်ငံခြားက ကုန်တွေဝယ်ပြီး လွယ်လွယ်ကူကူကလေး

WWW.DHAMMARANSI.COM



ဝတ်ဆင်နေကြတာ၊ ယခုလို ကျပ်တဲ့အခါ ကျတော့ ခက်မနေကြဘူးလား ဖေဖေရဲ့။

(ဖောင်) ကိုရွှေမြန်မာတို့ အရေးနှင့်တော့ တွေးပြီး မပူပါနှင့်။ လူတွေ စိတ်သဘောထားပုံကို ကြည့်စမ်းပါ။ ပါးစပ်ပြော အပွင့်ကားပြီး ဟေးလား ဝါးလားနှင့် ကြွားကြွားဝါဝါ နေချင်ကြတာချည်းပဲ၊ ရွှေမြန်မာတို့ဟာ အဝတ်အစား ပြောင်းသော်လဲ ဝမ်းထဲက စိတ်နေစိတ်ထားကိုတော့ ကြီးကြီးမားမား ထွားထွားကြိုင်းကြိုင်းရှိအောင် မပြောင်းကြ သေးပါဘူး။ 'အရောင်ကောင်း ပိုးထိုး' ဆိုတာလို အပြင်ဗန်းကလေးသပြီး အတွင်း က ရှုပ်ထွေးနေတဲ့ အိမ်အိုကြီးလိုပါ။ တန် ပါကွယ် သမီးရယ်။ မင်းလဲ ပြုပြင်နိုင်တာ မဟုတ်ပါဘူး။ သတ္တဝါဆိုတာ ကံသာမူလ၊ ကံပေးသမျှနှင့် ပြီးစီးကြရတာမျိုးပါ။မဆိုင် တာတွေကို ပြောမနေစမ်းပါနှင့်။ ကိုယ့်ဆိုင် က အလုပ်ကိုသာ ဆုတ်ယုတ်သည် တိုး တက်သည်ဟု အသေအချာ သိအောင် စာရင်းလုပ်ပြီး အကဲခတ်စမ်းပါ။

(ခင်) ယခုပုံဖြင့် ကုန်တွေများသလောက် မဟန် ပါဘူး ဖေဖေ။ ကျွန်မတို့ ဆိုင်နှင့် ဂုဏ်တု ဂုဏ်ပြိုင်ဖြစ်တဲ့ လူမျိုးခြား ကုလားဆိုင် တစ်ဆိုင် ရှိတယ် မဟုတ်လား။ ကျွန်မတို့ အမျိုးသား ရွှေမြန်မာ ကိုယ်တော်မြတ်များ က ကုလားဆိုင်က ကုန်မှ ကောင်းဘယ် ထင်ပြီး တွင်တွင်ကြီး ဝယ်ယူကြတယ်။ ကုလားဆိုင်နှင့် ဈေးချင်းတူ ကုန်ချင်းတူ သော်လဲ ဝယ်သူများက ကိုယ့်မြန်မာ အချင်းချင်းဆိုင်မှာတော့ အဝယ် အနည်း သား ကလား ဖေဖေ။ ကျွန်မတို့ မြန်မာ တွေဟာ အမျိုးအဆွေ ချစ်ခင်တဲ့ စိတ် စေတနာ မရှိသေးပါဘူး။

(ဖောင်) အင်း ယခုတလော ပါးစပ်ပြောက 'ဝံသာနု ရက်' လုပ်ပုံကဲ့ 'ဝမ်းစာလုရက်' ဖြစ်နေ ကြတာကလား သမီး။ သည်လို အမျိုးသား ချင်းချင်း မေတ္တာအစေးမကပ်ဘဲ နွားကွဲ ကျားကိုက် ဖြစ်လေလေ အခြား လူမျိုးကွဲ တွေက ပြုံးစရာ ဖြစ်လေလေပါပဲ။ ယခု မြန်မာပြည်မှာ ခမ်းခမ်းနားနား ပြောင် ပြောင် လက်လက်နှင့် အထက်တန်းကျကျ နေထိုင်ကြတဲ့ လူမျိုးကွဲတွေဟာ မြန်မာ ပြည်ကငွေနှင့် နေထိုင်ကြတာပါပဲ။ လူမျိုး ကွဲ ကုန်သည်တွေမှာဖြင့် တစ်နေ့တခြား ကြီးပွားကြတာကိုသာ တွေ့မြင်ရတယ်။ မူလရင်းကတော့ အတိုအစ ကုန်ကလေး များကို ဆိုင်ငယ်ငယ်ကလေးနှင့် ရောင်းကြ တယ်။ အတန်ကြာတော့ တဖြည်းဖြည်း ကြီးပွားလာလိုက်ကြတာ အဖိုးတန် ကုန် စည်ပစ္စည်းတွေနှင့် တိုက်ဆိုင်ကြီးတွေ ဖြစ် လာကြတာပဲ။ မြန်မာပြည်မှာ တော်တော် ကြီးတဲ့ မြို့တွေကို လျှောက်ကြည့်လျှင် မြို့ မ၏ ဝမ်းလိုင်ကျတဲ့ဌာန အကွက်ကောင်း များဆိုမှဖြင့် မြန်မာတွေ ပိုင်ဆိုင်တာ အလွန် ရှားပါးတယ်။ လူမျိုးခြားပိုင်ဆိုင်တဲ့ နေရာ တွေသာ ဖြစ်ကုန်တော့တာပဲ။ မြန်မာတွေ မှာဖြင့် ကြာလေလေ အစွန်အဖျား ရောက် ပြီး ခြောက်ခြောက်သွေ့သွေ့နှင့် နေထိုင်ကြ ရတာပါပဲ။

(ခင်) မပြောပါနှင့်တော့ ဖေဖေ။ ကြာကြာ နေ လျှင် မြန်မာတွေ ဘယ်လိုဖြစ်ကုန်မယ် ဆိုတာကို ဗေဒင်ဆရာ မမေးဘဲ တွေးတော သိမြင်နိုင်ပါတယ်။ ယခုနှယ်က သတိမရ လို့ ရှိကြမှဖြင့် ဒုက္ခတွင်းသို့ ဆင်းကြရ တော့မှာပဲ ထင်တယ်။ ယခုလဲ ဆင်းရဲတွင်း ဝမှာ ခေါင်းစိုက်မလိုလို ဖြစ်နေကြပေါ့။ မြန်မာတွေ ဆင်းရဲမှုဖြင့် လွန်ကဲ ထူးမြတ်

WWW.DHAMMARANSI.COM



တဲ့ ဗုဒ္ဓသာသနာတော်ကြီးဟာလဲ တဖြည်းဖြည်း ညှိုးနွမ်းရှာတော့မှာပဲ။ သာသနာကို အားနာပါရဲ့ ဖေဖေ။ လူတွေ ပြည့်ပြည့်စုံစုံ ရှိကြမှ အလှူခံစားတဲ့ ရဟန်းတော်များ ပြည့်စုံနိုင်ကြမယ်။ ရဟန်း ကိုယ်တော်များ ပစ္စည်းလေးပါး မငြိုငြင်ဘဲ ရွှင်ရွှင် လန်းလန်း နှင့် စာပေပရိယတ် သင်ကြားတော်မူနိုင်ကြမှ ဗုဒ္ဓသာသနာတော်ကြီး တည်နိုင်မယ်။ သည်လို အမျိုးမျိုး အမြစ်တွယ်ပြီး ဆက်သွယ်နေကြတဲ့အတွက်ကြောင့် ကျွန်မတို့ မြန်မာတွေဟာ အဖိုးတန်တဲ့ သာသနာတော်မျက်နှာကို ထောက်ပြီး တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့် တစ်ဦး အထူးသင့်မြတ်စွာ ပေါင်းသင်းပြီး၍ အမျိုးသားချင်းချင်း ထောက်ထောက် ပင့်ပင့်နှင့် သင့်သင့်မြတ်မြတ်ရှိကြဖို့ ကောင်းတာပါပဲ။

(ဖောင်) သည်လို သဘောကြီးကြရင်တော့ ဘာပြောစရာရှိမလဲ သမီးရယ်။ ယခုကာလ မကြာမကြာ ကြားရတာကတော့ ဗုဒ္ဓဘာသာ မြန်မာအချင်းချင်း မညီညွတ်ကြတဲ့အတွက်ကြောင့် စေတီရပ်ပွား ဘုရားပုထိုးတွေမှာ လူတို့ အရှိန်အငွေ့သင့်ပြီး မတင့်မတယ် မဖွယ်မရာ ဒုက္ခတွေ့တော်မူနေကြသတဲ့။

ဤသို့ ပြောရင်းဆိုရင်း ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင် ဥပါသကာအသွင်နှင့် ငွေဖလားကြီးတွေကို ကိုင်ပြီး မြိုင်မြိုင်ကြီး ဆုတောင်းတတ်တဲ့ အလှူခံဆရာကြီးများ တစ်သင်း ဝင်ရောက်လာလေ၏။

ဥပါသကာတစ်ဦးက

"ကဲ ကဲ ရှပ်ဆိုင်ကြီးရှင် ကျောင်းတကာဦးဖောင်က စေတနာသဒ္ဓါရှိသလောက် ကုသိုလ် ဝင်လိုက်ဗျ။ ကျွန်တော်တို့ ပြည်မြို့ မြင်ဇာဟု စေတီတော်ကြီးမှာ မဟာရံတံတိုင်းကြီးမှစ၍ ပြင်ဆင်ဖို့ရာ ကျုပ်တို့က ဝါယမ စိုက်ထုတ်ပြီး အလှူခံ ရောက်လာကြပါတယ်။ သရေခေတ္တရာမြို့ ကောင်းစားစဉ်က ရှေးဘုရင်မင်းများ တည်ထားကိုးကွယ်တော်မူခဲ့တဲ့ စေတီတော်ကြီးကို မပျက်စီးအောင် ပြုပြင်ရတဲ့ ကုသိုလ်ဟာ အလွန်တရာ မဟာအတိဥက္ကဋ္ဌ သမ္ဗယုတ္တ ဖြစ်နိုင်ပါတယ်။ ဟိုမှုန်တန်းရပ်က ဇရပ်ဒကာကြီးတစ်ဦးကဖြင့် ငွေငါးရာ ထည့်လိုက်တယ်။ ကမ်းနားလမ်း ဘုရားဒကာကြီး တစ်ဦးကတော့ အထူးစေတနာပြောင်လို့ ငွေတစ်ထောင် ထည့်သဗျ။ ဟိုရေချမ်းဒကာကြီးသားကတော့ ပစ္စည်း နည်းနည်းပါးသွားလို့ တစ်ရာသာ ထည့်နိုင်ရှာတော့တယ်။ ကဲ–အလှူစာရင်းတွေ ကြည့်စမ်းပါဦး။ လှူဒါန်းလိုက်ကြတာ ဝမ်းသာစရာကြီး တွေ့ပါပဲ။ ကျောင်းဒကာကြီး ဦးဖောင်ကလဲ တစ်ထောင်ထက်ဖြင့် မနည်းပေဘူးလို့ ကျုပ်တို့ မျှော်လင့်ချက်နှင့် လာရောက်ကြပါတယ်။

(ဥပါသကာ တစ်ယောက်က)

ကျုပ်တို့ပြည်မြို့ဟာ အလွန် စေတနာ ကောင်းတာကလား။ ဘုန်းတန်ခိုးတော်လျှံ၍ ရန်အမျိုးမျိုး အောင်တဲ့ ဒွတ္တပေါင်မင်းကြီး တည်ထောင်တဲ့ မြို့ကြီးကိုး–ကျောင်းဒကာရဲ့။ ကျုပ်တို့ပြည်မြို့ဟာ အလွန်တရာ ဘူမိနက်သန် မှန်တယ်။ လောကီရေး ဖြစ်စေ၊ လောကုတ္တရာရေး ဖြစ်စေ ထိထိရောက်ရောက် ပေါက်မြောက်အောင် ဆောင်ရွက်တတ်ကြပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က ရွှေကိုယ်တော်ဆိုတဲ့အလုပ်ဟာလဲ ကျုပ်တို့ ပြည်မြို့ကျတော့ တစ်ခါတည်း ကိစ္စတုံးသွားတယ် မဟုတ်လား။ မကြာမီကာလက ဝတ်လုံတော်ရ တစ်ယောက်က မြန်မာအမျိုးသမီးတစ်ဦး အပေါ်မှာ အကြင်အနာ မရှိဘဲ နှိပ်နှိပ်

WWW.DHAMMARANSI.COM



စက်စက် ပြုလုပ်တဲ့အမှုကိုလဲ စုပြီး ဆောင်ရွက်လိုက်ကြတာ ဘယ်လောက် နေရာကျသလဲ။ သည်ပြင် မြန်မာအမျိုးသားထဲက ကုန်သည်တို့ဘာဝဖြင့် ဥရောပတိုက်က ကုန်သည်ကြီးများလို တိုက်ဆိုင် ကြီးတွေ ဖွင့်ပြီး ရောင်းကြဝယ်ကြတာ မြန်မာပြည်မှာ ကျုပ်တို့ပြည်မြို့ဟာ ပထမတန်းပဲ မဟုတ်လား။

ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ နေရာမှာလဲ အလွန်တရာပဲ စီစီညီညီ ရှိကြပါတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက ကျုပ်တို့ပြည်မြို့မှာ ဝတ်အသင်းတွေ အပုံကြီး ထတယ်။ သည်တုန်းကများ အလွန်ကြီးကျယ်တာကလား ခင်ဗျား။

(ဥပါသကာ တစ်ယောက်)

ကဲ-ကဲ ရှေးဟောင်း နောက်ဖြစ်တွေကို မပြောပါနှင့်တော့လေ။ ဦးရွှေဖောင်က ငွေဘယ်လောက်ထည့်မယ် ဆိုတာကိုသာ အမိန့်နာခံကြပါစို့ရဲ့။ ရုပ်ဆိုင်ကြီးက ခန့်ပါဘိသနှင့်၊ တအံ့တသြ ပြောလောက်ဆိုလောက် ထည့်လိမ့်မယ်လို့ ကျုပ်တို့ဖြင့် မျှော်လင့်ပြီး လာခဲ့တာပါပဲ။

(ဦးရွှေဖောင်)

'လျှာထွက်အောင် ဟောသော်လဲ ဟောရင်းသာ ပျံတော်မူမယ်။ ဆန်ဖြူဖြူတစ်ခွက်မှ ထွက်နိုင်ပုံ မရ' ဆိုတဲ့ ဦးပုညစာလို ဘယ်လိုပင် ဟော ဟော ကျုပ်သဘောအတိုင်း လှူဒါန်းပါမယ်။ သသနာ်ရိက ကုသိုလ်ကို ကျုပ်မလိုချင်ဘူး။ သမီးရေ ငွေတစ်ရာ ယူခဲ့စမ်းပါ။ ဟောသည်မှာ ဘုရားပြင်ဖို့ အလှူခံလာတယ်။

ဆိုသည်နှင့် မယ်ခင်သည် ငွေတစ်ရာကို ရေမိုးသန့်စင်စွာ ဆေးပြီးလျှင် ဖခင်ထံသို့ ယူလာခဲ့လေ၏။

(ဥပါသကာ)

ငွေတစ်ရာတော့ နည်းလှပါတယ် ခင်ဗျား။ စေတနာရှေ့ကို တိုးစမ်းပါဦး။ သည်ပြင် ကျောင်းဒကာကြီးတွေ လှူလိုက်တဲ့ စာရင်းများကို ကြည့်တော်မူစမ်းပါ။ ပြည်မြို့ပေါ်ဖြင့် စေတနာ ကောင်းတယ်လို့ ကျောင်းဒကာလဲ တော်တော် နာမည်ကြီး နေတာပါပဲ။

(မယ်ခင်က ကြားဝင်၍ ပြောသည်မှာ)

ဘကြီးတို့ ရေးလာတဲ့ စာရင်းတွေကို ယုံရတာ မဟုတ်ပါဘူးရှင့်။ စာရင်းကို အများရေးပြီး ငွေကြေးများများ ထည့်အောင် အလှူခံတဲ့နည်းတွေကိုလဲ ကျွန်မ ကြားဖူးပါတယ်။ စေတနာ ပြတ်ပြတ်နှင့် တတ်နိုင်သမျှ လှူရတာ ကုသိုလ် အကြီးဆုံးပါပဲ။ ဘကြီးတို့ဟာ ငွေအလှူခံစရာ ရှိလျှင်ဖြင့် မြန်မာလူမျိုးအိမ်ကို တစ်စုတစ်ဝေးကြီး တက်ကြပါရော။ ဝယ်စရာရှိတဲ့အခါကျမှဖြင့် ကိုယ့်ဗုဒ္ဓဘာသာ ဆိုင်ကလေးများကို သတိရတော်မမူကြဘူး။ လူမျိုးကွဲတွေ ဆိုင်သွားပြီး ဝယ်လား ခြမ်းလား လုပ်ကြတယ်။ ဘကြီးတို့ စဉ်းစားကြည့်ပါ။ မြန်မာဆိုင်များ အရောင်းရ များလို့ အမြတ်အစွန်းရတော့ သည်ငွေဟာ သာသနာဘက်သို့ ရောက်ပါသေးတယ်။ လူမျိုးခြား လက်သို့ ရောက်တဲ့ငွေဟာ ကျွန်မတို့ သာသနာနှင့် မျက်နှာလွဲပြီး နေကြတော့တာပဲ။ ကျွန်မတို့ဆိုင်ကြီးဟာ ကုန်အမျိုးမျိုးတွေ မြိုင်နေသော်လဲ လူမျိုးကွဲဆိုင်လောက် မရောင်းရဘူးရှင့်။ ဘကြီးတို့ကလဲ အမျိုးသားချင်းချင်း အပေါ်မှာ ဝံသာနုရက္ခိတ ဆိုသလား အဲသည်တရားကလေးနှင့် အားပေးတော်မူကြဦးမှပေါ့။ သည်လိုအားပေးမှလဲ ယခုလို လှူနိုင်တန်းနိုင်ရှိမယ် မဟုတ်လား။

WWW.DHAMMARANSI.COM



ဟု နှုတ်သွက်သွက်နှင့် ပြောရာ ဥပါသကာကြီးတွေက ပြောတတ်ဆိုတတ်နှင့် အတော်ပါးနပ်တဲ့ဟာကလေးပဲဟု ငေး၍ ကြည့်နေကြလေ၏။

ဖာင့်)

ကျုပ်မှာလဲ အလှူကောင်းမှု မနည်းပါဘူး။ တဖွဲဖွဲ ရွာတဲ့မိုးလို အမျိုးမျိုး လှူနေရတာပါပဲ။ လူ့ရှင် ရဟန်းမှစ၍ ကျုပ်ဆိုင်ကျမှာဖြင့် လက်မလွတ်ရအောင် လှူနေပါတယ်။ ဒါထက် စကားမစပ် ပဲခူးမြို့က ရွှေမော်ဓော ဘုရားကြီး ပြိုပျက်တဲ့အတွက်နှင့် ပြုပြင်တဲ့ကိစ္စမှာ တတ်အားသမျှ အလှူပါရအောင်လို့ ငွေငါးရာ အသီးအသန့် ရည်စူးထားပြီး ရှိနေပါတယ်။

(ဥပါသကာ)

ရွှေမော်ဓောစေတီပြိုတာ တစ်နှစ်ကျော်သွားပြီ။ ဘာကြောင့် မလှူလိုက်သေးသလဲ။ ကုသိုလ်ကောင်းမှုဆိုတာ မြန်စွာ ပြုလုပ်ရမယ်ဆို မဟုတ်လား။

(ဖောင်)

ဟုတ်ကဲ့၊ ကျွန်ုပ်လဲ နားလည်ပါတယ်။ ဓမ္မပဒပါဠိတော်မှာ အဘိတ္ထရေထ ကလျာဏေ၊ ကလျာဏေ– ကုသိုလ်ကောင်းမှုပြုလုပ်ရန်အရေး၌၊ အဘိတ္ထရေထ–မကြာမတင် ဆောလျင်စွာ ပြုလုပ်ရာ၏။

သည်လိုဟောတဲ့ ဒေသနာကိုလဲ တွေ့ဖူးပါရဲ့။ သို့ရာတွင် ပဲခူးမြို့က လူတွေဟာ (ကျုပ် သတင်းကြား ပြောရမှာဖြင့်) မညီမညွတ် ဖြစ်နေကြတယ် ဆိုပါကလား။ ပြည်သူက တခြား၊ ဘုရားလူကြီးက တစ်ဘက် တစ်ဦးနှင့်တစ်ဦး မနှစ်သက်ကြဘူးတဲ့။ ပဲခူးကလူတွေ မတည့်တာနှင့် စပ်ကြားက ရွှေမော်ဓောဘုရား ကိုယ်တော်ကြီးဟာ ပြိုရက်နှင့် ဝါဆိုတော်မူရတာ ၂–ဝါတောင် ရှိပြီဆို မဟုတ်လား။ ရှေးလူကြီးများကတော့ 'ကျောင်းအမှု ရွာပတ်'လို့သာ ဆိုကြတယ်။ ယခု ဖြစ်နေပုံကတော့ 'မြို့အမှု ဘုရားပတ်'ဖြစ်နေပါပကော။ ပြည်သူများကတော့ ဘုရားတစ်ခုလုံး မျိုပြီး အောက်ခြေက တည်ချင်သတဲ့။ ဘုရားလူကြီးတွေကတော့ အထက်က ဆက်ပြီး တည်ချင်သတဲ့။ အချို့ကလဲ အောက်က တည်လျှင် စပါးပုံကို ရိုင်နှင့် ပတ်သလို မခိုင်ဘူးလို့ ပြောသံကြားရတယ်။

(ဥပါသကာတစ်ယောက်)

ခိုင် မခိုင်တော့ မပြောတတ်ဘူး။ ရှေးမင်းအဆက်ဆက်တွေဖြင့် သည်လိုပဲ မျိုမျိုပြီး တည်လာလို့ ယေ်ရာက ကြီးလာတာပေါ့။ ရာဇဝင် အထင်အရှား အရှိသားပဲ။ လူတွေ မညီမညွတ်တဲ့ စပ်ကြားက ဘုရား ကိုယ်တော်မြတ်ကြီး ငုံးတိတိဖြစ်နေတာအနစ်နာဆုံးပါပဲ။ 'ကျွဲနှစ်ကောင် ခတ်ကြရာ မြေစာပင် မခံနိုင်'ဆိုတဲ့ စကားပုံကို ပြင်ပြီး 'လူကြီးတွေ ခတ်ကြရာ မြတ်စွာဘုရား မခံနိုင်' လို့ ပြောစရာ ကောင်းတော့တာပဲ။ သည်ဘုရားကြီး ပြိုလိုက်တာ ပဲခူးမြို့က အကြောင်းတွေဖြင့် ကောင်းကောင်းကြီး ကျော်သွားတာပေါ့။

(ဖောင်)

'သံဃာအား ဘုရားမဆန်သာ'ဆိုတဲ့စကားပုံအတိုင်း ပြည်သူပြည်သားအများနှင့် ဘုရားလူကြီး အနည်းအပါး ဖြစ်ပွားကြရာ အများဘက်က နိုင်စရာ မကောင်းဘူးလား။ ယခုတော့ အများဘက်က ရှုံးနေသလိုလို ကြားရတယ်။

(ဥပါသကာ)

ကာလဆိုတာ အလွန် ဖောက်ပြန်တာကလား။ သည်နေရာမှာတော့ 'သံဃာအား ဘုရားမဆန်သာ'ဆိုတဲ့ စကားပုံကို သုံးလို့

WWW.DHAMMARANSI.COM



မတော်ဘူး။ 'တစ်ယောက်ကောင်း တစ်သောင်းပြို'ဆိုတဲ့ စကားနှင့် ကိုက်နေပြီ။

ကဲလေ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ပြည်မြို့နှင့် မဆိုင်ပါဘူး ခင်ဗျား။ ငွေငါးရာကို ဘာဖြစ်လို့ မလှူသေးသလဲ။

(ဖောင်)

ယခုလို အထက်နှင့်အောက် ကွဲပြား ငြင်းခုံနေတဲ့အထဲမှာ ကျွန်တော် မလှူရဲပါဘူး။ ကွဲကွဲပြားပြား ရှိမှပဲ လှူပါတော့မယ်။

(ဥပါသကာ)

သည်လို ကွဲပြားနေတဲ့အတွက် စေတနာငံ့ကွက်ပြီး လှူဖို့ မှန်းထားတဲ့ ငွေတွေကို လက်မလွှတ်သေးတဲ့ ခင်ဗျားလိုလူတွေလဲ အပုံကြီးပဲ ရှိတယ်လို့ ပြောကြတယ်။ ဒါဖြင့် ကျုပ်တစ်ခု နည်းပေးစမ်းမယ်လေ။ အထက်မကျ အောက်မကျ သမဘာဂဖြစ်အောင် အလယ်ခေါင်က တည်မယ့်အသင်းကို လှူလိုက်ပါလား။

(ဖောင်)

ကဲ 'စကားများလျှင် အမှားပါ' ဆိုတာလို ဘုရားနှင့်စပ်၍ ပြောတဲ့အခါ ဗုဒ္ဓဂိုဏ်းသင့်တဲ့ စကားတွေ ပါလာတတ်သတဲ့။

ဆိုသည်နှင့် ဥပါသကာများ ဆိုင်မှ ထွက်သွားခါနီးတွင်

ဤကုသိုလ် အရှိန်စေတနာတို့ကြောင့် စိန်ပဒေသာကြီး ပေါက်ပြီး သူဌေး...

ဆုတောင်းမဆုံးခင် မယ်ခင်က ကြားဖြတ်၍

ဆုတောင်းဆိုတာ အပိုတွေ ထင်တာပဲ။ ဘကြီးတို့ သည်လိုဆုပင် မတောင်းသော်လဲ အမျိုးသားချင်းချင်း ကောင်းစေလိုတဲ့ စိတ်နှင့် စွမ်းနိုင်တဲ့ နေရာက ကူညီထောက်ပင့်ကြမယ်ဆိုလျှင် ကျွန်မတို့ အမြန် ချမ်းသာမှာပဲ။

ဟု ပြောလေ၏။

ဦးရွှေဖောင်က

ဟောဟိုကုလားဆိုင်ကြီးဟာ မြန်မာတို့ ဝယ်ကြတဲ့အတွက် အလွန် စီးပွားလမ်းတက်နေတယ်။ ဗုဒ္ဓဘာသာကို မကြည်ညိုသော်လဲ မြန်မာများနှင့် မဆန့်ကျင်ဖို့ သဘောထားလျှင်ဖြင့် အများမဟုတ်သော်လဲ နည်းနည်းဖြင့် လှူလိမ့်မယ် ထင်ပါရဲ့။

ဆိုသည်နှင့် ဥပါသကာလူကြီးများသည် ကုလားဆိုင်သို့ သွားပြီးလျှင်

ကဲ- ဆပ်တို့လဲ ယခုအခါ မြန်မာပြည်ကို မှီပြီး အရောင်းအဝယ် အပေါက်အလမ်း အလွန် တည့်နေကြတယ်၊ ကျုပ်တို့ မျက်နှာထောက်ပြီး တတ်နိုင်သလောက် ကုသိုလ်ဝင်လိုက်ကြဦးမှ တော်မယ်။

ဟု ပြောရာ မူလာ မာမက်က

အဖေကြီးတို့ အလှူခံတာ ကျွန်တော်တို့ ဘာသာနှင့်ဖြင့် အလွန်တရာ ဆန့်ကျင်နေလို့ အားဖြင့် နာပါရဲ့။ မလှူပါရစေနှင့် ခင်ဗျား။ အခြားဘာသာကို အားမပေးကောင်းဘူးလို့ ဆရာကြီးများက ဟောထားပါတယ်။ အလှူမဝင်သော်လဲ အဖေကြီးတို့ကို ကျွန်တော် ကျွေးမွေးလိုက်ပရစေ၊ ထိုင်တော်မူကြပါဦး။

ဆိုပြီးလျှင် ဆိတ်သား ဒန်ပေါက်ထမင်းကို ဝမ်းဘဲသား ဟင်းများနှင့် ဝမ်းဝ ဗိုက်ကား ကျွေးမွေးလေ၏။

စားသောက်ပြီးစီးကြသောအခါ ဥပါသကာကြီးများက

ကျွေးမွေးလိုက်တာ ကောင်းပါပေရဲ့ဗျာ။ စီးပွား ချမ်းသာ တိုးတက်ပါစေ။ ဆိုင်ကြီးကလဲ ခမ်းနားပါပေရဲ့။ ကုန်မျိုးတွေကလဲ စုံလို့ ဒါကြောင့် ခင်ဗျားတို့ လူမျိုးကွဲတွေ ချမ်းသာကြပေတာပဲ။ ကျုပ်တို့ မြန်မာများဟာ ဆပ်တို့လို အရောင်းအဝယ် မတတ်

WWW.DHAMMARANSI.COM



ကြသေးဘူး။ ဟောဟိုက ကျုပ်တို့ လူမျိုးတစ်ဦး ဖွင့်တဲ့တိုက်ကို ဝင်ခဲ့တာ ဆပ်တို့ဆိုင်နှင့် စာတော့ အလွန်စုတ်ချာတာပဲ။ ဒါကြောင့် မကြီးပွားဘဲ နေကြတာပေါ့။ ဆပ်တို့လို ချိုချိုသာသာနှင့် လောကွတ်စကား မပြောတတ်ကြဘူး။ ဆပ်တို့က ကျွေးမွေးလိုက်တာ။ အမှန်ပြောရမှာဖြင့် အလှူငွေ ထည့်ဝင်တာထက်ပဲ ကျေးဇူးတင်ပါသေးရဲ့။

ဟု လူမျိုးကွဲများကို အားရဝမ်းသာ ချီးမွမ်း၍ သွားကြမည်ပြုသောအခါ မူလာမာမက်က

ကဲ လက်ကိုင်ပဝါ တစ်ထည်စီ ယူသွားကြပါဦး။ လူမျိုးကွဲပေတယ်လို့ ကျွန်တော်တို့အလိုက် သိတတ်ပါတယ်ဗျာ။ လူဆိုတာ မခြားနားကြပါဘူး။ မေတ္တာသာ လိုရင်းဖြစ်ပါတယ်။ အဖေကြီးတို့ ဦးမင်းတို့ကလဲ နှုတ်စောင်မ၊ လက်စောင်မဆိုသလို တတ်အားသမျှ စောင်မ တော်မူကြလိမ့်မယ်လို့ ကျွန်တော်တို့ကဖြင့် မျှော်လင့်ရက်ပါပဲ။

ဟု ကုလားတို့အမူနှင့် လူကြီးတွေ မိုင်းခနဲ လဲလုအောင် ချွဲပြောလေ၏။

(ဥပါသကာကြီး တစ်ယောက်က)

အေး ကောင်းပြီ။ ဘကြီးတို့ကလဲ စောင်မရတာပေါ့။ ဘကြီးတို့ကိုယ်တိုင် ဝယ်စရာရှိလျှင်လဲ မောင်တို့ဆိုင်မှာပဲ ဝယ်မယ်။ တောက အသိ မိတ်ဆွေတွေကိုလဲ ဆိုင်ရာဆိုင်ရာ ဘကြီးတို့က မောင့်ဆိုင်သို့ဝယ်ရန် လမ်းညွှန်လိုက်ပါမယ်။ အမှန်ပါပဲ မြန်မာဖြစ်ပကောလို့ ဝံသာနုရက္ခိတ ပြောသော်လဲ ကိုယ့်အမျိုးသားဘက်ကို မေတ္တာများပိုမိုလိမ့်မယ်ဖြင့် မထင်ပါနှင့်။

ဆိုပြီး ဆိုင်မှ ဆင်းသွားကြလေ၏။

သိက္ခာရှိသော သမာဓိလူကြီးတွေ စကားပြောဆိုနေကြစဉ် မောင်သက်တင်ဆိုသောဆယ်တန်းကျောင်းသားကလေး တစ်ယောက်လည်း ထိုကုလားရုပ်ဆိုင်ထဲမှာ ကုန်စည်ပစ္စည်းများကို ကြည့်ရှုနေခိုက်ဖြစ်သည်နှင့် ကြုံလေ၏။

မောင်သက်တင်က လူကြီးတွေပြောသော စကားကို နားကလန့်ကျလှသည်နှင့် လူကြီးများနှင့်အတူ ဆိုင်မှ ထွက်လာပြီးလျှင်

ရိုသေစွာ တောင်းပန်ပြီး အကြောင်းခံကို ပြောပါရစေ ဘကြီးတို့ခင်ဗျား။ ကုလားဆိုင်ထဲမှာ လူမျိုးကွဲမျက်နှာကို ထောက်ပြီး မြန်မာတွေကို အောက်ချ၍ ပြောသည်မှာ မသင့်လျော်လှပါ။ အမျိုးစောင့်ဆိုတဲ့ တရားကို ဘကြီးများ လက်ကိုင်ထားဖို့ ကောင်းပါတယ်။ ဘကြီးတို့လို အရွယ်ကြီးရင့်၍ သမာဓိရှိသော ပုဂ္ဂိုလ်ကြီးများက အမျိုးသားကို မကယ်လျှင် လူငယ်တွေတော့ ဘာတတ်နိုင်ဖွယ်ရာ ရှိတော့မလဲ ခင်ဗျား။

ဟု ပြောရာ လူကြီးတစ်ယောက်က

နှုတ်သွက်လှပါးနှင့် မောင်တို့ ကာလသားတွေက လူကြီးများအပေါ်မှာ အလွန်ဆရာလုပ်ချင်ကြတယ်။ ဝံသာနုရက္ခိတဆိုတာ မောင်တို့လက်ထက်ကျမှ ပေါ်လာတဲ့စကားပါ။ ဘကြီးတို့ ငယ်ငယ်ကတော့ သည်လိုစကားတွေကို မကြားဖူးပါဘူး။ မောင်တို့ ခေတ်ကာလစကားနှင့် မောင်တို့သာ ကမ္ဘာကို အသစ်ပြုပြင်ကြပါတယ်။ ဘယ်လူမျိုးပဲ ကြီးပွား ကြီးပွား၊ ဘကြီးတို့စားရတာက လိုရင်းပါပဲ။ အတ္တသမံ ပေမံ နတ္ထိ– ဆိုတဲ့ စကားကို မကြားဖူးဘူးလား။ ကိုယ့်ထက်တော့ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။ ကိုယ့်စည်းစိမ်နှင့် ကိုယ့်အိမ်ချမ်းသာလျှင် ပြီးကြတာပါပဲ။ ကုလားကလေးပြောပုံဆိုပုံဟာ ဘယ်လောက်လိမ္မာသလဲ။ ဒါကြောင့် တည့်တည့်ပြောရမှာဖြင့် ဘကြီးတို့လဲ မေတ္တာရှိကြတယ်။ မေတ္တာရှိတော့ ကြီးပွားစေချင်တာပေါ့ မောင်ရဲ့။

WWW.DHAMMARANSI.COM



ဟု ဂရုမစိုက်သောအသံနှင့် ပြောလေ၏။

မောင်သက်တင်က

အမိန့်ရှိတော်မူပုံကဖြင့် နေရာကျပါပေရဲ့ ခင်ဗျား။ အရှိုးကို ခေါက်လျှင် ဗဟိုရ်သံ ပေါက်တဲ့ လူကြီးများ ကျလေလေ အယူ သန်ပြီး ဖွဲကြီးလေပါပဲ။ 'အရပ်ရပ်က ကျောင်းဒကာ အစားရှိရာ ရုံးစုရုံးစု' ဆိုတဲ့ စာနှင့်တော့ ကိုက်နေတာပဲ။ အစား အသောက် ကျွေးမွေးပြီး၊ လက်ဆောင် ကလေးပေးမှဖြင့် နှလုံးသွေးကို ထိအောင် ကြည်တော်မူနေကြတာပေါ့။

ဟု ပြောဆိုပြီးလျှင် လူကြီးတို့နှင့် ခွဲခွာ၍ အိမ်သို့ ပြန်လာခဲ့လေ၏။ မောင်သက်တင်က

ကိုယ့်သွေးကိုယ့်သား မြန်မာများတို့ဟာ ယခုအခါမှာ အတော်နှုရာကြပေတာပဲ။ နောက်ပေါက်လူကလေးတစ်သုတ် ကြီး ပြင်းလာတဲ့အခါဖြင့် တော်တော် မျှော်လင့် စရာ ရှိမလား မသိဘူး။ တစ်ကိုယ်ကောင်း ရှာပြီး ကိုယ်ချမ်းသာလျှင် ပြီးရောလို့ သဘောထားလေနေသမျှ အမျိုးသားနှင့် ဆိုင်တဲ့ ကြီးပွားခြင်းကို ရရှိနိုင်ကြမယ် မဟုတ်ဘူး။ သည်ကိုယ့်အိမ်ဝင်းခြံ တစ်ခုကို သာ ရှုပြီး သဘောထားခပ်နုနုနှင့် 'ဝမ်းစာ လုယက်' ဆိုတဲ့ လူတွေက များ၊ အတ္တဟိတ နှင့် ငို့ဘသမားတွေ ပေါ်နေတဲ့အထဲမှာ ဘာနှင့်ညာနှင့် ခွဲပြီး ကိုယ့်တိုင်းပြည် ကိုယ် အုပ်ချုပ်ဖို့ အကြံထုတ်နေကြတာ လန့်စရာ ဖြင့် ခပ်ကောင်းကောင်းပဲ။ ယခုအခါ ကိုယ်ကြံစည်ထားတဲ့အတိုင်း ပြောရမှာဖြင့် တစ်ကိုယ်ကောင်း မကြံဘဲ မှန်ကန်စွာ အမျိုးသားတို့၏ ဘက်က တတ်စွမ်းသမျှ ဆောင်ရွက်ပါမယ်။ ကိုယ့်စိတ် သဘော အတိုင်းသာ လူပေါင်းများစွာ ရှိကြမယ် ဆိုလျှင် မကြာခင် ညီညီညွတ်ညွတ်နှင့် မြန်မာအမျိုးသားတို့ ကြီးပွားဖို့ လမ်းပေါ် လာမှာပဲ။ ယခု တွေ့ခဲ့ရတဲ့လူကြီးတွေ အပြောမျိုးကဖြင့် သဘော အတော်ဆိုးတာ ပဲ။ ကိုယ်ကျိုး ကိုယ်စီးပွားကိုသာ ကြည့် တတ် မြင်တတ်တယ်။

ဟု စဉ်းစားနေစဉ် မောင်သက်တင်၏ အစ်ကိုတော် မြို့အုပ်ကလေးတစ်ယောက် ဝင်လာ ကြသည်နှင့် စပ်မိစပ်ရာ စကားပြောဆိုရာ အမျိုးသား နှင့် စပ်သော စကားသို့ ရောက်သွားကြလေ၏။

(သက်တင်)

ခင်ဗျားဖြင့် ယခုဘဝမှာ မျှော်လင့်တဲ့ အရာကို ရတာနှင့် ရှိန်းပြီးပြီလို့ ထင်နေ မှာပေါ့လေ။ ခင်ဗျား ကျောင်းသားဘဝနှင့် နေတုန်းကတော့ ကြီးလာတဲ့အခါ အမျိုးနှင့် သာသနာကို ကောင်းစွာ ကြည့်ရှု ထောက် ပင့်မယ်ဆိုပြီး ကြိမ်းဝါးထားတဲ့ စကား တွေများ မေ့ကုန်ပလား။

(မြို့အုပ်)မမေ့သေးဘူး၊ ယခုလဲ ကြံစည်ရက်ပါပဲ။

(သက်) ဒါဖြင့် တော်တော်များ ဆောင်ရွက်ရပါ ပလား။

(မြို့အုပ်)အလုပ်က အလွန်ရှုပ်တာကလား။ မြို့အုပ် ဆိုတာ အားနိုင်ဖို့ရာ အခွင့်မရှိပါဘူး။

(သက်) ဒါဖြင့် အရာမြင့်မြောက်လို့ ဝန်ထောက်ဖြစ် တော့ အလုပ်များ ရှင်းဦးမှာလား။

(မြို့အုပ်)ဝန်ထောက်ဖြစ်တဲ့အခါ သာပြီး အလုပ်များ ဦးမှာပေါ့ ညီရယ်။ အရာကြီးလေလေ မပြီးနိုင်အောင် အလုပ်တွေ များလေလေ ဖြစ်စမြဲပါပဲ။

(သက်) ဒါဖြင့် ကျောင်းသားတုန်းက ခင်ဗျားပြော တဲ့စကားတွေဟာ လေအိုးကွဲတာလို့ မှတ် ရတော့မှာလား။

(မြို့အုပ်)ပင်စင်ရတဲ့အခါတော့ အခွင့်ရစရာလမ်း ရှိပါရဲ့။

WWW.DHAMMARANSI.COM



(သက်) အရာလက်ရှိနှင့်တကွ ပင်စင် ရသည်တိုင်အောင် အသက်ရှင်မယ်လို့ သေမင်းနှင့် ခင်ဗျား စာချုပ်ထားသလား။ တကယ်လို့ပဲ ပင်စင် ရတဲ့အခါတိုင်အောင် နေရတယ် ဆိုပါဦးတော့ သည်အခါကျတော့ အငှား ရထားက အသုံးမကျလို့ ချွတ်လိုက်တဲ့ မြင်းများလို အားအင်တွေ ကုန်ခန်းပြီး အစွမ်းမရှိတော့ပါဘူး။ အစ်ကို စဉ်းစား ကြည့်စမ်းပါ။ ယခု အရာလက်ရှိနှင့် အမျိုးသားတို့၏ အကျိုးကို သယ်ပိုး ရွက်ဆောင်ဖို့ အခွင့်တွေ သာပြီး များပါသေးတယ်။ ကျွန်တော်တို့မြန်မာပြည်မှာ မြန်မာ အမျိုးသား မြို့အုပ် ဝန်ထောက်များဟာ အသီးအသီး တတ်အားသမျှ သွားရင်းဟန်လွဲဆို သလို တိုင်းပြည်အကျိုး သာသနာအကျိုးကို ဆောင်ကြမယ်ဆိုလျှင် ထိုက်သင့် သလောက် အထက်တန်းရောက်ပြီး တန်ခိုးတောက်ကြတဲ့ လူများဖြစ်လို့ ကျွန်တော်တို့အမျိုးသားနှင့် မြတ်စွာဘုရား သာသနာတော်ကြီးဟာ အလွန်တရာ ကြီးပွားမယ်ထင်တာပဲ။ အမျိုးသားကို မချီးမြှောက်လျှင် ရှိပါစေတော့။ နိုပ်စက်တဲ့ လမ်းကိုဖြင့် ရှောင်ပါနော်။ နောင်တော် ဖြစ်လို့ ပြောတာပါ။

(မြို့အုပ်)ငါ့ညီကတော့ ယခုနှယ်အခါ ပြောအားရှိသေးသပေါ့လေ။ ကိုယ်ရေးနှင့် မကြုံသေးဘဲကိုး။ အပုံကြီး ခက်တာကလား ညီမောင်။ တောနယ်များ ရောက်သွားပြန်တော့ သနားညှာတာပြီး ကရုဏာရှင်ကြီး လုပ်နေမှဖြင့် မြို့အုပ်အရာတောင် ပြုတ်သွားလိမ့်ဦးမယ်။ အာဏာနှင့် လုပ်ရတဲ့ အလုပ်ဆိုတာ အာဏာမပြလျှင် ဘယ်သူမှ မရှိသေချင်ကြဘူး။ ပေါက်နိုင်၊ ငန်းနိုင်၊ ခြောက်နိုင်၊ ခြိမ်းနိုင်မှ တော်ရုံကျတာကလား။

(သက်) မသိတဲ့လူကို တတ်သိနားလည်အောင်၊ မယဉ်ကျေးတဲ့လူကို ယဉ်ကျေးအောင် နည်းပေး လမ်းပြ လုပ်သင့်ပါတယ်။ သည်လို တစ်စတစ်စ လမ်းပြသွန်သင်သွားလျှင် တောသားတောင်သူတို့တောင်ပင် တိုင်းရေးပြည်မှုကို နားလည် သိရှိကြပြီး အရာရာမှာ မှောက်မှားခြင်းမရှိဘဲ တစ်ပြည်လုံး ဖြောင့်ဖြောင့်မတ်မတ် ဖြစ်သွားမယ် မဟုတ်လား။

(မြို့အုပ်)ငါ့ညီ ပြောပုံဆိုပုံတွေက စားပေါက်စားလမ်း ကျဉ်းကြပ်ပြီး ထမင်းဝတ်အောင်၊ မေးမှိန်အောင် ပြောနေတာချည်းပါပဲကလား။ ယခု မြို့အုပ်လုပ်တာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်စူးပြီး လုပ်တာမဟုတ်ဘူး။ အာဏာ တန်ခိုးအပြည့်အစုံနှင့် ဂုဏ်တံခွန်ကို ဖြန့်လွှားပြီး တောသား တောင်သူတို့ ထိပ်ခေါင်ဖျားက ဘုရားထူး ဦးချခံလျက် ရာဇသံစကားပြောချင်လို့ လုပ်တာပဲ။ သည်လို အခွင့်ကို မရလျှင် ဘာကြောင့် ဒုက္ခခံနေမလဲ။ အေးအေးမြမြနှင့် ကုန်သည်တို့ဘာဝ အတိုင်း နေလိုက်မှာပေါ့။

(သက်) အင်း မြို့အုပ်ဖြစ်တာ မကြာသေးဘူး။ အပြောအဆို ထန်ပြီး ရာဇသံ တယ်ပါ ပါကလား။ စိတ် ပြောင်းလွယ်လှချည်ရဲ့။ ကိုယ့်စိတ် သဘော သေးသိမ်ကြောင်းကို ခင်ဗျားကိုယ်တိုင် သက်သေပြတာပဲ။ ယခု မြန်မာနိုင်ငံသားကလေးတွေ ဖြဂ်နေကြပုံဟာ ကိုယ့်အမျိုးသားထဲက လွှင်းထွင်းဖောက်ဖောက် လူကြီးလူကောင်း တစ်ယောက် ပေါ်လာလျှင် 'ငါတို့မှာ အားကိုးစရာရပဟဲ့'လို့ တမျှော်မျှော်နှင့် ဝမ်းမြောက်ဝမ်းသာ အားကိုးနေကြတုန်း 'မုန့်လုံးစက္ကူကပ်' ဆိုသော သီချင်းတွင် 'ပုလ္လင်ပေါ်က မျောက်ကလေး ဆင်းတဲ့လို့ လွေး'ဆိုတဲ့

WWW.DHAMMARANSI.COM



အပိုဒ်ကဲ့သို့ ကြီးပွား မြင့်မြောက်သွားတဲ့ လူတွေဟာ အတန်ကြာတော့ အားကိုးရာ မရဘဲ မျှော်နေရှာကြတဲ့ လူတွေကို မကူ မကယ်တဲ့ပြင် လူမမယ် ဖြစ်တဲ့ အမျိုးသားတို့ကို ကြိုးစားပြီး နှိပ်စက်တော်မူကြတာသာ များပါတယ်။ ပလ္လင်ပေါ်က မျောက်ကလေးဟာ အောက်ဆင်းပြီး အတင်းလွှေးစားသလို မနေဘူးလား။

(မြို့အုပ်)တန်ပါညီရယ်၊ သည်စကားတွေကို မပြောပါနှင့်။ မင်းလဲ ယခုအခါတော့ ပြောနိုင်သေးတာပါပဲ။ အလုပ်မလုပ်ဘဲ မင်းနေနိုင်မယ့်လူ မဟုတ်ပါဘူး။ သားမယား အိုးအိမ်နှင့် ကိုယ့်စည်းစိမ်ကို ကိုယ်ရှာတဲ့အခါကျတော့ ဒိဋ္ဌ လက်တွေ့ သိရပါလိမ့်မယ်။ အရွယ်ငယ်ငယ်နှင့် သားမယား မတွယ်ဘဲ စိတ် စင်စင်ကြယ်ကြယ် ရှိတုန်းကတော့ သည်လို လေလုံးတွေကို ပြောနိုင်ကြတာပါပဲ။ သည်လိုအပြောသန်တဲ့လူဟာ ကိုယ်ရေးကြုံလာတော့ သာပြီး ကဲကြပါသေးတယ်။ ပရဟိတစကားကို များများ ပြောတဲ့လူဟာ တော်တော်ကြာတော့ အတ္တ ဟိတသမား သန်သန်ကြီး ဖြစ်တာပါပဲ။ စကားကိုလဲ အလွန်အကျွံကြီး မပြောနှင့်ဦး။ 'လူပြော မသန် လူသန်မပြော'ဆိုတဲ့ စကားပုံများလဲ ရှိတယ်။

ဆိုပြီးလျှင် မြို့အုပ်ကလေး ထွက်သွားလေ၏။

မောင်သက်တင်သည် ကျောင်းပိတ်သောအခါ ရန်ကုန်မှ ပြည်မြို့သို့ ပြန်လာသည်ဖြစ်၍ ကျောင်းဖွင့်သောအခါ ရန်ကုန်သို့ ပြန်သွားလေ၏။

ရှပ်ဆိုင်ရှင် မူလာမာမက်သည် ဆိုင်ပွဲစား မောင်ညာဘွားဆိုသူနှင့် ရောင်းရေးဝယ်မှု စကားပြော၍ နေသည်မှာ

(မူလာ) ကျုပ်တိုင်ပင်စကား ပြောချင်တယ်။ ခင်ဗျားတို့ အမျိုးထိလျှင် စိတ်ဆိုးမှာလား။

(ညာ) အို ဘာ စိတ်ဆိုးစရာရှိသလဲ။ ကျုပ်စိတ်ထဲမှာ ကိုယ့်အမျိုးသားသော လူမျိုးခြားသော ကွဲကွဲပြားပြား စိတ်သဘော မထားပါဘူး။ ကျုပ်က ပရမတ်ဂိုဏ်းသားမို့ အနတ္တတရား ထင်မြင်နေပါတယ်။ ပုဂ္ဂိုလ်သတ္တဝါမှ မရှိဘဲ ဘယ်က ကိုယ့်အမျိုးသား၊ လူမျိုးခြားရယ်လို့ ရှိဦးမှာလဲ။

(မူလာ) သည်လို သဘောထားလျှင်ဖြင့် ဝမ်းသာပါရဲ့။ ယခု ပြည်မြို့မှာ ကျုပ် ဆိုင်တည်လာတာ နှစ်ပေါင်းများစွာ မကြာသေးဘဲနှင့် ခင်ဗျားသိတဲ့အတိုင်း အတော် ကြီးပွားလာတယ် မဟုတ်လား။ ယခုခေတ်မှာ ခင်ဗျားတို့ မြန်မာလူမျိုးတွေက ဝံသာနုရက္ခိတ စကား အတော် ပြောကြားကြတယ်။ ကျုပ်တို့က လူမျိုးခြား၊ ဘာသာကွဲ ဖြစ်နေတော့ ခင်ဗျားတို့ မြန်မာတွေဟာ ကျုပ်တို့နှင့် အမျိုးမတူတဲ့အတွက် ဝံသာနုရက္ခိတ နားဝင်ပြီး ဟောဟိုက မြန်မာဆိုင်ကြီးကို ဝယ်ကုန်မှာ စိုးရိမ်ရတယ်။ ကျုပ်တို့ဆိုင်တည်တာလဲ မြန်မာတွေကို အားကိုးပြီး တည်ရတာပဲ။ ဒါကြောင့် ဝံသာနုရက္ခိတ တရားကို ကျုပ်တို့က တားဆီးချင်တယ်၊ ဘယ်လို ကြံမလဲ။

(ညာ) ဘာပဲပြောပြော မစိုးရိမ်ပါနှင့်ခင်ဗျား။ မြန်မာတွေဟာ လေလုံးမိုးလုံး အလွန်ကြီးပါတယ်။ ကျုပ်လဲ မြန်မာပါပဲ။ ပါးစပ်က ဘယ်လိုပြောပြော၊ စိတ်သဘောနှင့် လုပ်ပုံကိုင်ပုံကတော့ ပြောသလို မဟုတ်ပါဘူး။

'မြန်မာအတွေး ရှမ်းအပြေး'ဆိုတဲ့ စကားပုံလဲ ရှိပါတယ်။ သည်စကားပုံကို ကျွန်တော် အဓိပ္ပာယ် ပြောချင်တာကတော့ မြန်မာများဟာ တစ်စုံတစ်ရာ အကြောင်းရှိလျှင် အမျိုးမျိုးတွေးပြီး ဘေးထိမှာ ကြောက်လို့ နောက်ဆုတ်ကြတာချည်းပဲ။ ရှမ်းများ

WWW.DHAMMARANSI.COM



ကတော့ တစ်ခါတည်း ပြေးကြရောတဲ့ ခင်ဗျား။

ဝံသာနုရက္ခိတစကား ပြောတဲ့အတိုင်း သာ မြန်မာတွေ နေရာကျကုန်မယ်ဆိုလျှင် ခင်ဗျားတို့ ကုလားဆိုင်တွေ မြန်မာနိုင်ငံမှာ နေနိုင်စရာ ရှိပါဦးမလား။ ယခုတော့ကြည့်စမ်းပါ။ မြန်မာဆိုင်တွေ၊ မြန်မာ ကုမ္ပဏီတွေ ခဏခဏ ပျက်စီးပြီး လူမျိုးကွဲ ဆိုင်တွေ ကြီးပွားနေကြတယ် မဟုတ်လား။

(မူလာ) ဒါဖြင့် ကောင်းပါပြီ။ ခင်ဗျားက ကျုပ်တို့ဆိုင်ကို များများကြီး ရောင်းရအောင် အပြင်က ဝိုင်းပြီး လှိုင်းချင်လှိုင်း၊ လော်ချင်လော်၊ ဝယ်သူ များများ ရအောင်သာ ခေါ်ပါ။ ငွေတစ်ရာ အပေါ်မှာ ကော်မရှင် ၂-ကျပ် ပေးပါမယ်။

(ညာ) ကောင်းပါပြီခင်ဗျား။ ကျုပ်နာမည်က မောင်ညာဘွားပါတဲ့။ ညာသမားအလုပ်မှာ အများတကာရဲ့ ခေါင်းချုပ်ပါပဲ။

(မူလာ) သည့်ပြင် ကျုပ်တစ်ခု တိုင်ပင်ချင်တာ ရှိသေးတယ်။

(ညာ) တိုင်ပင်ပါ။ ဘယ်အရာမျိုးမဆို ကျွန်တော် ကြံနိုင်ပါတယ်။

(မူလာ) ဟိုဦးရွှေဖောင်ရဲ့သမီး မယ်ခင်ဆိုတာ ခင်ဗျားတို့ ပြည်မြို့ပေါ်မှာဖြင့် အလွန်တရာ ချောတာပဲ။ မျက်နှာ မျက်ခုံးနှင့် မျက်လုံး နှာခေါင်းနေပုံက မဂိုကုလားမကလေး လိုပဲ။

(ညာ) ဟုတ်ကဲ့ ချောရုံမကဘူး၊ နှုတ်စလျှာစနှင့် အာဂ ကောင်မကလေးပါ။ လိမ်က လိမ်မှာ ပါဘိသနှင့်။ ဒါဘာဖြစ်သလဲ။ ခင်ဗျား နေကာရာဒီ လုပ်ချင်လို့လား။

(မူလာ) ဟုတ်တယ်။ သည်ကောင်မကလေးကိုဖြင့် ကျုပ်မျက်စိ ကျနေတာပဲ။ ကျုပ်တို့လို ကုလားကိုတော့ ယူမယ် မထင်ပါဘူး။

(ညာ) ဟာ သည့်လို အထင်မကြီးပါနှင့်။ ငွေစနှင့် မြှိုက်လျှင် ဒိုက်ဆိုက် ဒိုက်ဆိုက်နှင့် အတင်းအဓမ္မ လိုက်လာမှာပါပဲ။ ငွေနှင့်ကြံလျှင် ဘယ်လိုမိန်းမမျိုးမှ မခံနိုင်ပါဘူး။ ကျုပ်တို့ မြန်မာမတွေဟာ ငွေစကို မျက်မှန်းတန်းပြီး စည်းကမ်းကို ကျော်လွှား၍ ကုလားနက် ကုလားဖြူ တွေ့သမျှ ယူနေကြတာ ခင်ဗျားမြင်တယ် မဟုတ်လား။

(မူလာ) မိန်းမတိုင်း သိမ်းကြုံးပြီး အလုံးစုံလဲ အပြစ်မဆိုပါနှင့်။ ငွေမျက်နှာကို မကြည့်ဘဲ မိမိအမျိုးကို ချစ်တဲ့ အလိမ္မာစစ်တွေလဲ အများကြီးပါ။ မယ်ခင်ကလေး မျက်နှာထားပုံကတော့ ကုလားကို ယူမယ့်ပုံ မဟုတ်ဘူး။ ဂုဏ်လုပ်ပုံက အခန့်သားကလား။

(ညာ) ပစ္စည်းကလေး နည်းနည်းရှိသေးလို့ ဂုဏ်လုပ်နိုင်တာပါ။ ဥစ္စာမရှိလို့ အတိဒုက္ခရောက်လျှင် ဘယ်လို မောက်တဲ့လူ ဖြစ်ဖြစ်၊ အောက်ဆုံး လှေကားထစ်သို့ လျှောပြီး ငွေပေါတဲ့လူကို မျှော်နေကြရတာမျိုးပါ။ ကျွန်တော် သတင်း ကြားရတာကတော့ ဦးရွှေဖောင်ရှပ်ဆိုင်ဟာ သူ့ပိုင်ငွေနှင့် တည်တာမဟုတ်ဘူး။ ချစ်တီးထံက တချို့ချေး၊ မြန်မာသူဌေးများထံက တချို့ဆွဲရသတဲ့။ နည်းနည်းသာ ကိုယ်ပိုင်ဥစ္စာနှင့် ရင်းနှီးနိုင်ရှာတယ်။

(မူလာ) ကျုပ်ဆိုင်က ပေးထားရတဲ့ ကုန်တွေဟာလဲ မနည်းလှပါဘူး။ ငွေလက်ငင်း မရသော်လဲ ကောင်မကလေးမျက်နှာနှင့် ခပ်ညှာညှာ ဆိုင်း ထားရတယ်။

(ညာ) သူတို့ဆိုင်လဲ ကုန်တွေ မြိုင်သလောက် မရောင်းရဘူးတဲ့။ မှန်မှန် အတိုးပေးနိုင်ဖို့ အတော်ခဲရတယ် ဆိုပါကလား။ ကြပ်တယ်လို့ သတင်း ကြားလျှင် ကြွေးရှင်များက ညှာကြမယ် မဟုတ်ဘူး။ တကယ်လို့

WWW.DHAMMARANSI.COM



အရောင်းအဝယ် ပျက်စီးလျှင် ချစ်တီးနှင့် မြန်မာကြွေးရှင်များက ဆိုင်ကို အတင်း သိမ်းကြလိမ့်မယ်။ သည်အခါကျတော့ 'အဆင်း တွန်းချ' ဆိုသလို ခင်ဗျားကလဲ ဖိပေတော့။ မမိဘဲ ခံနိုင်မလား။ အချက်ကို ကိုင်မှဖြင့် နိုင်စမြဲပါပဲခင်ဗျား။ တစ်စ တစ်စ မျှားမှဖြင့် ထိကပါးရိကပါးနှင့် ယိုင်လဲလာပါလိမ့်မယ်။ သူတို့အလိုရှိတဲ့ ကုန်များကိုလဲ ခင်ဗျားက ပေးတာပေါ့။ သူတို့ဆိုင်ဟာ ကြာလှရင် နောက်ကို တစ်နှစ်ပါပဲ။ တစ်နည်းနည်းနှင့်တော့ ပြုတ်ပါလိမ့်မယ်။

(မူလာ) ယခုလဲ ကျုပ်ဆိုင်က ကုန်များကို တစ်ခါတစ်ခါ လာပြီး ယူတယ်။ ကျုပ်ကလဲ ဒကာင်မကလေး မျက်နှာနှင့် ငွေလက်ငင်း မတောင်းဘဲ စာရင်းကိုသာ ရေးထားလိုက်ပါတယ်။ ဘာလိုလို့နှင့် သူတို့ဆိုင်မှာ ကျုပ်ကုန်ဖိုးတွေဟာ ငွေတစ်ထောင်ကျော်ကျော် ရှိသွားပြီ။ ဦးရွှေဖောင်ဆိုတဲ့ အဘိုးကြီးကလဲ ခပ်ရိုးရိုးပဲ။ ကုန်များ အလိုရှိတဲ့အခါ ကျုပ်ထံလာပြီး ကုန်မှာပေးစမ်းပါလို့ ပြောရှာတယ်။ သည်တော့ ကျုပ်က တိုက်ရင်းသို့ မှာတဲ့အခါ ဈေးနည်းနည်းနှင့် ရောက်လာတယ်။ သူတို့ကို ကျုပ်ကပေးတော့ ဈေးတစ်မျိုး မြှင့်လိုက်တာပေါ့။ ကျုပ်နာမည်နှင့် မှာတဲ့အတွက် တိုက်ကြီးများမှာလဲ ကျုပ်နာမည်ပေါက်တယ်။ အမြတ်အစွန်းလဲ ရတယ်။ ဘယ်လောက် နေရာကျသလဲ။

စိတ် မဆိုးနှင့်နော်။ မှန်တဲ့အတိုင်း ကျုပ်ပြောဦးမယ်။ ခင်ဗျားတို့ မြန်မာတွေဟာ ကူးသန်း ရောင်းဝယ်တဲ့အရေးမှာ ကလေးများလို အတော်နကြသေးတယ်။ မည်သည့်နိုင်ငံကို မှာလျှင် မည်သို့ အဖိုးသက်သာတယ်။ ငွေ တစ်ထောင်ဖိုးမှာလျှင် ကုန်သည်တို့ ထုံးစံအရ ငွေဘယ်လောက် ပြန်ရတယ်ဆိုတာကိုလဲ သိကြတဲ့လူ အလွန်ရှားတယ်။ ကုန်ကစားနည်းဆိုတာတော့ များစွာ ကွာလှမ်းပါသေးရဲ့။ သည့်ပြင်လဲ ခင်ဗျားတို့ မြန်မာတွေ ကုန်သည်အလုပ်နှင့် အမြတ် အစွန်း ရတယ်ဆိုတာ သူတကာ အမြတ် ယူပြီးတဲ့နောက်မှ ကောက်သင်း ကောက်တဲ့လူလို နည်းနည်းကလေးသာ အမြတ်ယူနိုင်ကြတယ်။ တောမြို့က ဈေးထဲမှာ အထည်သည် လုပ်ပြီး ရောင်းနေရှာကြတဲ့ မြန်မာကုန်သည်တွေဟာ ရန်ကုန်မြို့ သိမ်ကြီးဈေးနှင့် ကမ်းနားဈေးကို သွားပြီး ကုလားများလက်က တစ်ဆင့် ယူကြရတယ်။ သည်လိုယူကတည်းကပင် အမြတ် တင်ပြီးသားပါပဲ။ တောမြို့ဈေးဆိုင်များ ကျတော့လဲ တောသူ တောသားတွေအပေါ်မှာ အခန့်သားဆိုင်ထိုင်ပြီး ပိုင်ပိုင် နိုင်နိုင်ကြီး ဈေးတင်ကာ ရောင်းကြပြန်ပါရော။ သည်တော့ ဘယ်သူများ နစ်နာရှာသလဲလို့ ဆိုလျှင် လက်လီဝယ်ရှာကြတဲ့ မြန်မာ တောသူတောသားတွေ နာကုန်ရှာကြတယ် မဟုတ်လား။ လက်ကုန်လှမ်းပြီး အစွမ်းကုန် ဈေးနည်းနည်းနှင့် ရအောင် ကျုပ်တို့ ကုလားများလို နိုင်ငံခြားသို့ တိုက်ရိုက်မှာရောင်းမယ်ဆိုလျှင်ဖြင့် အပုံကြီး မသက်သာပေဘူးလား။ နောင်အခါ ပညာအမြော်အမြင်နှင့် တစ်စတစ်စ မျက်စိပွင့်လာကြမယ်ဆိုရင်လဲ ကျုပ်တို့လို နားလည်စရာ ရှိကြပါရဲ့။ ယခုကာလမှာဖြင့် အစစ ချို့နေသေးတယ်ခင်ဗျ။ အမှန်ပြောတာပါ။ စိတ်မဆိုးပါနှင့်။

(ညာ) သည်အကြောင်းတွေကို ကောင်းကောင်းကြီး ကျုပ်သိပါတယ်။ တစ်ကျွန်းတစ်နိုင်ငံသွားပြီး စွန့်စွန့်စားစား ကြံစည်ဝံ့တဲ့ မြန်မာကုန်သည်ကြီးရယ်လို့ မကြားဖူးသေးဘူး

WWW.DHAMMARANSI.COM



ခင်ဗျာ။ တချို့လဲ ဘိလပ်တို့ ဂျပန်တို့ကို သွားတယ်လို့ ကြားရပါရဲ့။ သည်လိုသွားကြတာလဲ ဝတ်လုံတို့ အင်ဂျင်နီယာတို့ ဆိုတဲ့ ပညာကလေးများကိုသာ သင်လာကြတာပဲ။ တစ်နိုင်ငံက ပြန်လာလို့ မြန်မာပြည်ရောက်တော့ ထွင်းထွင်းပေါက်ပေါက် တစ်ပြည်လုံး အားကိုးလောက်တဲ့လူရယ်လို့ မကြားရသေးပါဘူး။ တစ်ကျွန်း တစ်နိုင်ငံနှင့် ဆက်သွယ်ပြီး အကြီးအကျယ်ကုန်သွယ်ကြတဲ့အတွက်နှင့် ကြီးပွားချမ်းသာတဲ့ စည်းစိမ် အရသာကို မြန်မာများ မခံစားဖူးသေးလို့ သည်လို လမ်းမျိုးတွေကို မထွင်နိုင်ဘဲ ရှိနေကြတာပေါ့၊ စပါးလေးများ၊ ပဲကလေးများ လှောင်တဲ့အလုပ်များကိုသာ ကုန်သည်ကြီးအလုပ်လို့ ထင်နေကြတုန်း ရှိသေးတယ်။

ပိုက်ဆံကလေး အတော်အတန် ရှိလာပြန်ပလားဆိုမှဖြင့် ကိုယ်လောက် မချမ်းသာတဲ့ ကိုယ့်အမျိုးသားအပေါ်မှာ အတိုးများများနှင့် ငွေချေးတတ်ကြရဲ့။ အမျိုးသားအချင်းချင်းအပေါ်မှာသာ လူစွာကြီး လုပ်နေကြတာကလား ခင်ဗျား။ ရှေ့လျှောက် မပြောချင်ပါဘူး။ ကျုပ်တို့ မြန်မာအမျိုးကို ကျုပ်ကိုယ်တိုင် စိတ်ဆိုးမိပါတယ်။

(မူလာ) ကိုယ့်အမျိုးအပေါ်မှာ အပြစ်အနာ ရှိတိုင်းလဲ မပြောကောင်းဘူးခင်ဗျာ့။ ခင်ဗျားအလုပ်မှာတော့ ကျုပ်ဆိုင်မှာ လူများများဝယ်အောင် ပွဲစား လုပ်ဖို့၊ ဟိုမြန်မာဆိုင်က ခင်ခင်နှင့် အောင်သွယ် ပွဲစားလုပ်ဖို့ သည်အလုပ်နှစ်ခုကိုသာ တွင်တွင်ကျယ်ကျယ်ကြီး လုပ်စမ်းပါ။

(ညာ) ကဲ ခင်ဗျားပြောတဲ့အလုပ်ကိုပဲ နေရာကျအောင် လုပ်ပါမယ်။ ကျုပ်မှာလဲ ခင်ဗျားသိတဲ့အတိုင်း သုံးစွဲဖို့ ငွေမရှိဘူး။ အလိုင်းအညာနှင့် သိုင်းကာဝိုင်းကာ ကျုပ်စားနေရတယ်။ ယခု သုံးနှင့်ရအောင်သာ ငွေ၅ဝိ–လောက် ပေးလိုက်စမ်းပါ။

ဟု ပြောရာ မူလာမာမက်က

ကောင်းပြီ၊ ယခုသွားပါ။ သူများကို ညာသော်လဲ ကျုပ်တို့ ကုလားကိုဖြင့် ညာဖို့များ မကြံပါနှင့်။ သည်လိုကြံလျှင် မြန်မြန်ကြီး ခင်ဗျားဒုက္ခရောက်ဖို့သာ ပြင်တော့။

ဆိုလျှင် မောင်ညာဘွားက

ကျုပ်လဲ မြန်မာအမျိုးသားပါပဲ ခင်ဗျား။ တခြားလူမျိုးကို မညာရဲပါဘူး။ ကိုယ့်လူမျိုးထဲမှာသာ ညာနိုင်တာပါ။

ဆိုပြီး ငွေ၅ဝိ ယူ၍ ထွက်သွားလေသည်။

ပုတီးကုန်းမြို့မှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော သတို့သား သတို့သမီးနှစ်ဦးတို့ ကြီးကျယ်စွာ မင်္ဂလာဆောင်ပွဲသဘင်ပြုမယ့်ကိစ္စအတွက် ပွဲနေ့ပွဲထိုင်များကို ကမ်းလှမ်းဖို့ရန်နှင့် မင်္ဂလာပွဲနှင့်ဆိုင်ရာ အသုံးအဆောင်များကို ငွေ သုံးထောင်ဖိုး ပြည်မြို့ မြန်မာဆိုင်ကြီးတစ်ဆိုင်သို့ သွား၍ ဝယ်စေရန် လွှတ်လိုက်သော လူကြီး သုံးယောက်တို့သည် ပြည်မြို့သို့ ရောက်လာကြရာ ဆိုင်ပွဲစား မောင်ညာဘွားနှင့် တွေ့ရှိလေ၏။

(ညာ) ခင်ဗျားတို့ကို ကျုပ် မြင်ဖူးတယ်လို့ ထင်ပါတယ်။ မျက်နှာတော့ အမှတ်မိသား။ စဉ်းစားလို့တော့ မရဘူး။ သတိများက တယ်မေ့တာကလား ခင်ဗျား။ ဘယ်မြို့က မိတ်ဆွေများပါလဲ။

(ဧည့်သည်)

ကျွန်တော်တို့ ပုတီးကုန်းမြို့ကပါ ခင်ဗျား။

(ညာ) အို သတိရပြီ။ ကျွန်တော် နယ်ပိုင် ဝန်ထောက်မင်းနှင့်အတူ နယ်လှည့်လာတုန်းက တွေ့ဖူးတာကလား။ စစ်စရိတ်ငွေတော်ချေးတုန်းက ပုတီးကုန်းမြို့အတွက် ခင်ဗျားတို့ပဲ ဂရုစိုက်ကြတယ် မဟုတ်လား။

WWW.DHAMMARANSI.COM



(မောင်ညာသွားက ညာ၍ပြောရာ ပုတီးကုန်း ဧည့်သည်များကလဲ လူပုံလူဟန်နှင့် မင်းသံ ခပ်ပါပါ ပြောသောကြောင့် တို့က မမှတ်မိသော်လဲ သူက မှတ်မိတယ် ထင်ပါရဲ့ဟု တွေးပြီးလျှင်)

ဟုတ်ကဲ့၊ ကျွန်တော်လဲ ခင်ဗျားမျက်နှာကို မကြာမကြာတွေ့ဖူးတယ်လို့ ထင်ပါတယ်။

ဟု ပြောရလေ၏။

(ညာ) ယခု ပြည်မြို့ကို ဘာကိစ္စနှင့် ကြွလာတော်မူပါသလဲ ခင်ဗျား။

(ဧည့်သည်)

ကျုပ်တို့မြို့က မင်္ဂလာဆောင်ပွဲ တစ်ခု အတွက်နှင့် အဝယ်အခြမ်း လာခဲ့တာပါပဲ။

(ညာ) ခင်ဗျားတို့ ပုတီးကုန်းမြို့မှာ လယ်ယာချောင်းမြောင်း အကွက်ကောင်းတဲ့မြို့ ဖြစ်လို့ ပစ္စည်းချမ်းသာတဲ့လူတွေတော့ အတော်ပေါပေတာပဲ။ ယခု မင်္ဂလာဆောင်ဟာဖြင့် အတော် ကြီးကျယ်မှာပေါ့ခင်ဗျား။

(ဧည့်သည်)

ဟုတ်ကဲ့၊ မိန်းကလေးဘက်ကရော၊ ယောကျ်ားကလေးဘက်ကရော ပစ္စည်းပေါလေတော့ ဖောဖောသီသီ အကုန်ခံပြီး ပွဲနေပွဲထိုင် လုပ်ဖို့ စီမံကြတာပါပဲ။ ကျုပ်တို့ကို ဝယ်ဖို့ အပ်လိုက်တဲ့ ငွေကတော့ သုံးထောင်ခင်ဗျာ့။ ရန်ကုန်မြို့ကို ဝယ်ဖို့ လွှတ်လိုက်တဲ့ လူလဲ ရှိသေးတယ်။

(ညာ) ဝယ်မယ့်ဆိုင် အသေအချာမှန်းပြီးသား ရှိကြပလား။

(ဧည့်သည်)

မြန်မာအမျိုးသားချင်းဆိုတာ ကိုယ့် မြန်မာများ ဆိုင်မှာ ဝယ်ဖို့ သင့်တာပေါ့ခင်ဗျား။ ဦးရွှေဖောင်ဆိုင်မှာ ဝယ်ပါလို့ မှာလိုက်ပါတယ်။

(ညာ) သြော်– ခင်ဗျားတို့က ဝံသာနု ရက္ခိတဆိုတဲ့ တရားကို နားရည်ဝနေကြတယ် ထင်ပါရဲ့။ ခင်ဗျားတို့မြို့ငယ်များမှာဖြင့် ဝံသာနုရက္ခိတ ဆိုတဲ့ စကားကို အဆန်းအပြား မှတ်တုန်း ရှိသေးတယ် ထင်ပါရဲ့။ ကျုပ်တို့မြို့ကြီးများမှာတော့ သည်လိုစကားတွေ ရိုးကုန်ပါပြီ။ ဝံသာနုရက္ခိတ ပြောရလွန်းလို့ ကျုပ်တို့များဖြင့် လျှာပွန်းကုန်ပါပေါ့။ အပြောကတော့ 'ဝံသာနု ရက္ခိတ' သဘောကတော့ 'အလွန်တရာ ပြုရက်လှ' ဆိုတဲ့ စကားကို မကြားဖူးဘူးလား။ စကား သံချိုသော်လဲ အမူကိုယ်က ဟုတ်မှ နေရာကျတာကလား။ ဝံသာနုရက္ခိတဆိုတဲ့ စကားနှင့် ကျုပ်ကိုယ်တိုင် မှားတာတွေ အများကြီး ရှိပါပေါ့ ခင်ဗျား။ ဝယ်သူက ဝံသာနုရက္ခိတ သော်လဲ ရောင်းသူက အလွန်တရာပြုရက်လှ ဆိုတာနှင့် ကြုံနေမှာကို စိုးရိမ်ပါတယ်။ ငွေနှင့် ပေးဝယ်ရတယ် ဆိုတာ ကုန်ကောင်း ကုန်မှန်ရမှ အကျိုးရှိတာကလား။

(ဧည့်သည်များက ရုတ်တရက် အံ့အားသင့်သွားပြီး)

နေစမ်းပါဦး။ ကျုပ်တို့ပြောတဲ့ မြန်မာဆိုင်ဟာ နေရာ မကျဘူးလား။ ဖွင့်ပြီးပြောပါ။ ကျုပ်တို့လဲ များစွာ နားမလည်ဘူး။

(မောင်ညာသွားက "တစ်ခါဖြင့် ငါညာတဲ့ အတိုင်း ပါရှာတော့မှာပဲ။ ငွေသုံးထောင်ဖိုး ဆိုရင် ငွေတစ်ရာ ၅–ကျပ် ပွဲခဖြင့် တစ်ရာ့ငါးဆယ်လောက် တောင်းဦးမှာပဲ"ဟု အကြိတ်အခဲနှင့် စိတ်ထဲက ဝမ်းသာပြီးလျှင်)

ပြောရမှာတော့ အားနာစရာကြီးပဲခင်ဗျား။ ကိုယ့်မြန်မာအချင်းချင်းဆိုတော့ ဘယ်သူ နှိမ်နင်းချင်မလဲ။ သို့ရာတွင် ခင်ဗျားတို့ကို မိတ်ဆွေဝတ္တရားနှင့်အညီ အမျိုးမှန်မှန်နှင့် အဖိုး တန်တဲ့ ကုန်သစ် ကုန်ကောင်းများကို အဖိုးမများအောင် ရစေချင်တဲ့ စေတနာ တစ်ခုပါပဲ။

WWW.DHAMMARANSI.COM



(ဧည့်သည်)

ပြောသာပြောပါ။ ဘာအားနာစရာ ရှိသလဲ။ ဈေးကြီးကြီးနှင့် မကောင်းတဲ့ကုန်ကို ဝယ်မိလျှင် ကျုပ်တို့လဲ မိုက်ရာကျမှာပေါ့။ ဦးရွှေဖောင်တို့ဆိုင်က ကုန်တွေဟာ မကောင်းဘူးလား။

(ညာ) မကောင်းရုံ ဘာကမလဲ ခင်ဗျား...မပြောပရစေနှင့်လေ။ ကျွန်တော် ပိတ်ပင်ရာကျနေမှာ စိုးရိမ်ပါတယ်။ သူများလာဘ်ကို ပိတ်ပင်တဲ့ လူဟာ ပြိတ္တာဖြစ်တတ်တယ်ဆို မဟုတ်လား။

(ဧည့်သည်)

ပြောသာပြောပါ။ ကောင်းစေချင်တဲ့ စေတနာ ရှိလျှင် နတ်ရွာကို ရောက်ပါသတဲ့။ ကျုပ်တို့ကတော့ များများနားမလည်ဘူး။ အဝယ် ခိုင်းလို့သာ ယူခဲ့ရတာပဲ။ မြို့ငယ်မှာဖြင့် ကျုပ်တို့ လူလည် လူမွတ်တွေပေါ့လေ။ မြို့ကြီးကျတော့ လူအ,တွေ ဖြစ်နေရပြန်တာပဲ။

(ညာ) ကဲ သည့်လောက် တောင်းပန်လျှင် ပြောရမှာပေါ့လေ။ အဘိဓမ္မာနှင့် ဣဿာမစ္ဆရိယကားလိုဖြင့် မဆိုကြနှင့်နော်။ 'အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းတွေ့' ဆိုတာမျိုးလဲ ရှိတတ်သဗျ။

(အို ပြောသာ ပြောပါ။ ရိုးသား တော်ဖြောင့်၍ သူတော်ကောင်း စိတ်သဘောထားကြောင်းကိုလဲ ရိပ်မိပါတယ်။)

ခင်ဗျားတို့ စဉ်းစားပြီး ယုံနော်။ လောကမှာ လူညာတွေက များလွန်းလို့ လျှပ်စားဖြတ်စား၊အညှံ့စား အလန်ရှူး ထင်မှာလဲ စိုးရိမ်ပါတယ်။ သည်လို ခင်ဗျာ။ မြန်မာဆိုင်တွေက ကုန်များဟာ ဘာကောင်းမလဲ။ လူမျိုးကွဲများ တိုက်ကြီးတွေက ရောင်းမကုန်တဲ့ တိုက်ဆွေးတို့ တိုက်ဟောင်းတို့ကို အဖိုးချိုချိုနှင့် ဝယ်ရောခင်ဗျာ။ သူတို့မြန်မာဆိုင်ကျတော့ တခမ်းတနား စကားဖောင်လှအောင် ပြောပြီး အကြောကြီးနှင့် နင့်လှအောင် အဖိုးတင် ရောင်းရောခင်ဗျာ။ ခင်ဗျားတို့ ဝံသာနုရက္ခိတသမား တွေက အမျိုးသားဆိုင်ရယ်လို့ ဝယ်ရော။ နောက်ဆုံးပိတ် ဘယ်သူနာသလဲ ဆိုတော့ ဝယ်တဲ့ မြန်မာတွေ နာတာပေါ့ ခင်ဗျား။ ဝံသာနုရက္ခိတဟာ ဘယ်မှာလဲ ခင်ဗျား။ စဉ်းစားစမ်းပါ။

သည်ပြင် ခင်ဗျားတို့ စဉ်းစားစမ်းပါဦး။ ရုပ်ဆိုင်တွေမှာ ရောင်းတဲ့ ကုန်များဟာ ဘယ်ပြည်က လာသလဲလို့ဆိုလျှင် အခြားပြည်က လာတာတွေ ခင်ဗျား။ သည်တော့ ကိုယ့်နိုင်ငံနားက ခြေတစ်ဖဝါးမှ မခွာဖူးတဲ့ ကိုရွှေဗမာတွေဟာ ဘယ်မှာ ကုန်အကောင်းအမှန်ကို နားလည်ပါမလဲ။ (သတိထား နားထောင်ပါ) နိုင်ငံခြား လူမျိုးကွဲများကတော့ သူတို့တိုင်းပြည်က ထွက်တဲ့ ကုန်တွေမို့ အလုံးစုံ နားလည်တယ် ခင်ဗျာ။ သည်တော့ သူတို့ဆိုင်က ကုန်တွေဟာ မကောင်းဘဲ နေနိုင်ပါဦးမလား။ သည်ပြင်လဲ ရောင်းရေး ဝယ်မှုနှင့် စပ်ပြီး စကားပြောတဲ့အခါမှာလဲ မြန်မာချင်းရယ်လို့ ချိုချိုသာသာ မပြောချင်ကြဘူး။ ဆိုင်ကြီးရှင်ရယ်လို့ စိတ်ကြီးဝင်ပြီး ငေါက်ဆတ်ဆတ်နှင့် မလျောက်ပတ်တဲ့ စကားများကို ပြောကြတယ်။ သည်လိုဟာမျိုးတွေကြောင့် ကျုပ် ရွှေဗမာတို့ကို စေတနာခြောက်ခန်းပြီး ဝယ်ခြမ်းစရာ ရှိမှဖြင့် ကုလားဆိုင်များကိုသာ သွားမိတော့တာပဲ။

(ဧည့်သည်တစ်ယောက်)

ဒါဖြင့် ဘယ်ဆိုင်မှာ ဝယ်လို့ တော်ပါသလဲ ခင်ဗျာ။ ငွေကြေးကလဲ မနည်းလို့ အလွဲဖြစ်ကုန်မှာ စိုးရိမ်ပါတယ်။

WWW.DHAMMARANSI.COM



(ညာ) မူလာမာမက်ဆိုတဲ့ ကုလားကလေး ဖွင့်ထားတဲ့ ရှုပ်ဆိုင်ဟာ အလွန်တရာ ကြီးကျယ်ပြီး ကုန်စည်ပစ္စည်းတွေလဲ အလွန်ကောင်းတယ်။ အပြောအဆိုက ပီယဝါစာ သာယာ နူးညံ့ပါဘိသနှင့်။ အလိုက်သိပုံကလဲ လွန်လို့။ ထူးထူးချွန်ချွန် လိမ္မာပါတယ်။ ခင်ဗျားတို့ရောက်တဲ့အခါတော့ သေသေချာချာ သိပါလိမ့်မယ်။ ကဲဗျာ ကျုပ် ကိုယ်တိုင် လိုက်ပို့ပါမယ်။ လာ သွားကြစို့. . . .

(စကားမဆုံးခင် ဧည့်သည်တစ်ယောက် ကြားဖြတ်၍)

နေစမ်းပါဦး။ ကျွန်တော် တစ်ခု မေးစမ်းပါရစေ။ မြန်မာ ကုန်သည်တွေဟာလဲ ကုလားများလိုပဲ နိုင်ငံခြားကမှာပြီး ရောင်းကြရတာပဲ မဟုတ်လား။ ကုန်ချင်း ဘာထူးခြားဦးမှာလဲ။ ကုလားဆိုင်က ကုန်တွေဟာလဲ သူတို့ကိုယ်တိုင် လုပ်နိုင်ကြတာ မဟုတ်ပါဘူး။ မြန်မာဆိုင်က အဖိုးနှုန်းကြီးတယ်ဆိုတာလဲ သေသေချာချာ မေးကြည့်ဖို့ သင့်ပါသေးတယ်။ ဝယ်သူဆိုတာ ကိုယ်ကြိုက်မှ ဝယ်ရတာပဲ။ တကယ်လို့ပဲ မြန်မာဆိုင်က ဈေးကြီးဦးတော့။ အပိုအမိဖြစ်တဲ့ ငွေကလေးများ မြန်မာအမျိုးသားလက် ရောက်တာမဟုတ်လား။

(ညာ) ဟော ကြည့်စမ်း။ ပြောရင်းဆိုရင်း ဝံသာနုရက္ခိတ ဆရာကြီး ပေါ်လာပြန်ပါပေါ့ကလား။

(ဧည့်သည်)

ကျွန်တော် အမှန်ပြောတာပါ။ ဗုဒ္ဓဘာသာမြန်မာအမျိုးလက်သို့ ရောက်တဲ့ ပိုက်ဆံဟာ တစ်မျိုးမျိုးနှင့်တော့ ရတနာသုံးပါးအတွက်နှင့် လှူဒါန်းဦးမှာပဲ။ လူမျိုးကွဲလက်ကို ပိုက်ဆံရောက်မှဖြင့် ကြက်သောက်တဲ့ရေလို ကျုပ်တို့ ဗုဒ္ဓဘာသာ သာသနာဘက်သို့ ဘယ်တော့မှ ပြန်မထွက်ပါဘူး။ ဒါကြောင့် ကျုပ်သဘောအလိုဖြင့် ဘာပဲဖြစ်ဖြစ် မြန်မာဆိုင်မှာ ဝယ်ချင်တာပါပဲ။

(ယခင်စကား ပြောလက်စရှိသော ဧည့်သည်က)

အို မင်းကလဲ နားမလည်ဘဲနှင့် ထန်းလျက်ဝယ်ရာမှာ တယ်သီးကန့်လန့် လုပ်မနေစမ်းပါနှင့်။ ယခု ဦးညာဘွား ပြောတဲ့အတိုင်း သဘောကျစရာ ကောင်းပါတယ်။ ကိုယ့်အကျိုးသာ လိုရင်းပါ။ အမျိုးသော ဘာသာသော ညာတာသော ထောက်စာသောနှင့် သူများပြောတိုင်း နားယောင်လျှင် ကြားချောင်ပြီး ကိုယ့်အကျိုး ဆုတ်ယုတ်တတ်တယ်။ ကဲ လာပါ မူလာမာမက်ဆိုင်ကို သွားမယ်။

ဆိုပြီး မောင်ညာဘွား ဆွဲရာသို့ လိုက်ပါကြလေ၏။

ဆိုင်သို့ရောက်သောအခါ ဒလန်ဆရာကြီး မောင်ညာဘွားက ကုလားကို မျက်ရိပ်ပြပြီးလျှင်

ကျုပ် ကျေးဇူးကြောင့်ထောင်တာ တောသားသုံးလေးကောင် မိလာပြီ။ ဝယ်စရာ ငွေသုံးထောင် ပါသတဲ့။ ချော့ချော့မော့မော့နှင့် နူး။ အထူးအဆန်းကလေးများ ကျွေးပြီး ကလေးများကို နှပ်သလို တတ်သမျှသာ ခင်ဗျားက လှိုင်းပါတော့။ ပိုင်းဖို့အချက်တော့ အကောင်းဆုံးပါပဲ ခင်ဗျား။

ဟု ပြောလေ၏။

မူလာမာမက်က ဝမ်းမြောက်ဝမ်းသာနှင့် နေရာထိုင်ခင်း ကောင်းမွန်စွာ ပေးပြီးလျှင် အစားအသောက် အမျိုးမျိုးကို ကျွေးမွေး ဧည့်ခံလေ၏။

ဝယ်သူများကလည်း မိမိတို့အပေါ်မှာ လွန်စွာ ဂရုစိုက်သည့်အတွက် အလွန်တရာ ဝမ်းသာနှစ်သက်ပြီးလျှင်

မောင်ညာဘွားနှင့် တွေ့ပေလို့ ခမ်းခမ်းနားနား စားလားသောက်လားနှင့် နေရာကျပါပေတယ်။ မြန်မာဆိုင်များကို သွားတဲ့အခါ ဘယ်တော့မှ သည်လို ဂရုမစိုက်ဘူး။

WWW.DHAMMARANSI.COM



ဟု တစ်ဦးနှင့်တစ်ဦး ဝမ်းမြူးအားရစွာ တိုးတိုးသာသာ ပြောဆိုကြလေ၏။

(မူလာ) ယခု ကြွရောက်တော်မူလာကြတာ ဘာများ အလိုရှိတော်မူကြပါသလဲခင်ဗျား။ မိတ်ဆွေကြီးတို့ မြင်တဲ့အတိုင်း ကျွန်တော့်ဆိုင်မှာ အလွန်တရာ ကုန်တွေစုံပါတယ်။ မကြာမီက ဘိလပ်မြို့က ရောက်လာတဲ့ ကုန်လက်ဟောင်း အမျိုးမှန် အဖိုးတန်တွေချည်းပါပဲ။

(ဝယ်သူ) ကျွန်တော်တို့မှာ မင်္ဂလာဆောင်ပွဲအတွက် ဝယ်ဖို့ ချမ်းဖို့ ငွေသုံးထောင် ပါလာပါတယ်။ အရာကလေးနှင့် တွေ့ရတာ အလွန်ကျေးဇူးတင်ပါတယ်။

ဆိုပြီး မိမိတို့ အလိုရှိသော ကုန်များကို စာရင်း ရေးပေးသောအခါ မူလာမာမက်နှင့် မောင်ညာဘွားတို့က ခပ်ညံ့ညံ့ကုန်များကို အဖိုးကြီးကြီးနှင့် ဈေးတင်၍ ပေးကြလေ၏။

ဝယ်သူများကလည်း မိမိတို့အပေါ်မှာ လောကွတ်ပျူငှာနှင့် ပြုစုကျွေးမွေးသော လက်ဆောင်ဝင်နေပြီးဖြစ်သည်နှင့် စစ်စစ်ပေါက်ပေါက် တွက်ချက်စိစစ်ခြင်း မပြုဘဲ ပေးသမျှကုန်တို့ကို ယူကြလေ၏။

ဝယ်သူများ ပြန်မည် နှုတ်ဆက်သောအခါ မူလာမာမက်က

ကဲ– ဦးတို့ သုံးဆောင်ရအောင် လက်ကိုင်ပဝါ တစ်ဒါဇင်စီနှင့် ရေမွှေးတစ်လုံးစီ မေတ္တာလက်ဆောင်အဖြစ် ကျွန်တော် ပေးလိုက်ပါရစေဦး။

ဆိုပြီး ရိုသေစွာ ပေးကမ်းသောအခါ ဝယ်သူများက အားရနှစ်သက်စွာနှင့် မိမိတို့က ငွေသုံးထောင်ဖိုး လုံးခနဲဝယ်သဖြင့် ဆိုင်ရှင်က ကျေးဇူးတင်ရမည့်အစား သူတို့က ကျေးဇူးပြန်တင်ပြီးလျှင်

မျက်စိ မျက်နှာများ မှတ်ထားပါ အရာကလေး။ နောင် ကျုပ်တို့ ပုတီးကုန်းမြို့က ဝယ်စရာရှိလျှင် မိတ်ဆွေကလေးဆိုင်ကို ပို့ရမှာပဲ။

ဆို၍ ပြန်သွားကြရာ မူလာမာမက်က ဘူတာအရောက် ရထားနှင့် လိုက်ပို့လျက် ကုန်များကိုလည်း သေချာစွာ တင်၍ ပေးလိုက်သည့်ပြင် မီးရထားစရိတ်ကိုလည်း ခံလိုက်လေ၏။

မောင်ညာဘွားမှာလည်း ကော်မရှင်ငွေများ ရသဖြင့် ဤအခါကစပြီး လာလာသမျှ အဝယ်သမားတွေကို ရွှေကြိုကဲ့သို့ ကြိုဆိုပြီးလျှင် ကုလားဆိုင်မှာ ဝယ်အောင် တိုက်တွန်းရာ မူလာမာမက်မှာ များစွာ စီးပွားတက်လေသည်။

ဦးရွှေဖောင်တို့ ဆိုင်မှာမူကား အရောင်းအဝယ် အလွန် ရှားပါးစွာဖြစ်သည်နှင့် အတိုးယူ၍ ရင်းနှီးရသော ငွေတိုးများကိုပင် လစဉ်မှန်မှန် ပေးနိုင်အောင် အတော်ပင် ကြံဆောင်ကြရရှာ၏။

တစ်နေ့သောအခါ မယ်ခင်က ဖခင်ကို ပြောဆိုသည်မှာ

ဖေဖေ၊ ကျွန်မတို့ ဆိုင်အလုပ်ဟာ နေရာကျမယ်လို့ မထင်ပါဘူး။ 'လျော်ရင်းနစ်'ဆိုတာလို လုပ်ရင်းကိုင်ရင်းနှင့် မြုပ်တော့မလိုလိုဖြစ်နေပြီ။ ငွေတိုးတွေကလဲ တစ်လတစ်လမှာ အတော်ကျနေပါကလား။ ကျွန်မဖြင့် သည်ရုပ်ဆိုင်ကြီးကို ဖြုတ်ပြီး တော်တဲ့အလုပ်တစ်ခုကို ကြံစည်ချင်တာပဲ။

(ဖောင်) စီးပွားလမ်းဆိုတာ ကံစီမံရာ ဖြစ်ရတာပဲ။ ကံအခွင့်ပေးလျှင် အလွယ်ကလေးနှင့် မကြံမစည်ရဘဲ စီးပွားတက်နိုင်တယ်။ ကံပိတ်ပင်မှုဖြင့် ကြံချင်သလို ကြံစေဦးတော့ ဆုံးရှုံးကြမြဲပါပဲ။ မြစ်များဟာ တစ်ခါတစ်ခါ သောင်ထွန်းပြီး ကျွန်းဖြစ်တယ်။ တစ်ခါတစ်ခါလဲ သဲသောင်ကို တိုက်မျှောပြီး ရေကြောရေကြောင်း ဖြစ်တယ်။ မြစ်ဥပမာလိုပဲ တစ်ခါတစ်ခါ ကျွန်းသောင်၊ တစ်ခါတစ်ခါ ရေဖောင်ဖောင်ပေါ့ သမီးရယ်။ အားမငယ်ပါနှင့်။ အလွယ်နှင့် စီးပွားတက်တဲ့ အလှည့်ကိုလဲ တစ်နေ့နေ့တော့ တွေ့ရပါလိမ့်မယ်။

WWW.DHAMMARANSI.COM



(ခင်) ကျွန်မတို့ မြန်မာအမျိုးသားတွေဟာ အချင်းချင်း တယ်ပြီး မညာတာကြဘူး ဖေဖေရဲ့။ ဟို မူလာမာမက်ဆိုင်မှာတော့ ဝယ်သူတွေ နေ့တိုင်း မြိုင်နေတာပဲ။ ဝယ်သမျှလူတွေ ဟာလဲ မြန်မာတွေချည်းပဲ ဖေဖေရဲ့။

(ဖောင်) မြန်မာတွေဟာ အမျိုးသားကို မညာတာလို့ မဟုတ်ပါဘူး။ 'လက်သင့်ရာ ဟင်းခွက် ကမ်း' ဆိုတာလို ဆွဲတဲ့သူရှိရာ ပါသွားရှာ ကြတာပါပဲ။ မူလာမာမက်ဆိုင်မှာ မောင်ညာဘွားဆိုတဲ့ ညာသမားတစ်ယောက်က ပွဲစားလုပ်နေတယ်။ ငွေတစ်ရာ ရောင်းရလျှင် ကော်မရှင် ၂-ကျပ် ရတယ်ဆိုသလား။ ပွဲစားဆိုတဲ့လူမျိုးဟာ ကိုယ်အကျိုးရှိလျှင် အသိသော မိတ်ဆွေသော မညာတာဘဲ ငွေမျက်နှာကြည့်ပြီး ပွဲကြိုလုပ်ရှာကြဝယ်။ သူက လူတွေကို ဆွဲလွှန်းလို့ တို့ဆိုင်မှာ ဝယ်သူ နည်းကုန်တာပေါ့။ သို့သော်လဲ ရိုးရိုးဖြောင့်ဖြောင့်နှင့် သူတော်ကောင်း စိတ်သဘောမျိုးအတိုင်း လုပ်ကိုင် ကြံစည်တဲ့သူဟာ အရည်မလည်ခင် နေရာမကျသော်လဲ အတန်ကြာတော့ မှန်စွာ နေရာကျစမြဲပါပဲ။ တရားကို နတ်စောင့်တယ်ဆိုတာ အပုံကြီး မှန်တာကလား သမီး။

(ခင်) မူလာမာမက်ဆိုင်က ကုန်များကိုယူပြီး မရောင်းပါနှင့် ဖေဖေ။ ခဏခဏ ကျွန်မတို့ ဆိုင်လာပြီး 'ကုန်ယူဦးမလား၊ ကုန်ယူဦး မလား' လို့ မေးတယ်။ အကြွေးရတိုင်းလဲ မယူပါနှင့်။ သည် ကုလားဟာ မျက်နှာပြုး စိစိနှင့် သူ့ကို ကျွန်မ မကြည့်ချင်ဘူး။

(ဖောင်) အို သည်လိုလဲ မတိုထွာပါနှင့်။ ကုန်သည် ဆိုတာ သည်လိုဖလှယ်ပြီး ရောင်းကြရတာမျိုးပါ။ ဖေဖေတို့အပေါ်မှာတော့ တော်တော် သဘောကောင်းရှာပါတယ်။ စိတ်ထဲက မသဒ္ဒါသော်လဲ မျက်နှာကြည့်ကြည့်ထားပြီး စကားချိုချို ပြောရတယ် သမီးရဲ့။ လူကြီးလူကောင်း လက္ခဏာကို မပျက်စေရဘူး။

ဟု သမီးကို ဆုံးမသွန်သင်ကာနေလေ၏။

တစ်နေ့သောအခါ အောင်လံမြို့ တောရကျောင်းတွင် သီလသိက္ခာအကျင့်အာစာရနှင့် ပြည့်စုံသော သက်တော်ကြီး ဝါတော်ကြီး ဘုန်းတော်ကြီး တစ်ပါးသည် ရန်ကုန်မြို့မှာ မိမိနှင့် စာသင်ဘက် ဘုန်းတော်ကြီးတစ်ပါး မကျန်းမမာသဖြင့် ကြွလာရန် စာပေး ပင့်လျှောက်သည် တစ်ကြောင်း၊ ရွှေတိဂုံစေတီတော် ကြီးကို ဖူးမြော်လိုသည် တစ်ကြောင်း၊ ထိုအကြောင်းများနှင့် ကပ္ပိယဥပါသကာကြီး တစ်ယောက်ကို ခေါ်ပြီးလျှင် ပြည်မြို့သို့ လာခဲ့လေ၏။

ထိုကိုယ်တော်ကြီးမှာ မိမိတောရကျောင်း အနီးအပါးရှိ ဂေါစရဂါမ်ရွာတွင် ဒါယကာများ ဆင်းရဲနွမ်းပါးလှသောကြောင့် ခရီးစရိတ် အလှူမခံခဲ့ဘဲ ပြည်မြို့သို့ကျမှ ချမ်းသာကြွယ်ဝသူများထံမှာ အလှူခံ၍ ခရီးစရိတ်ရှာတော့မည် အကြံနှင့် ပြည်မြို့သို့ ရောက်သောအခါ ရွှေဆံတော်ဘုရားကို ဖူးမြော်ပြီးလျှင် ခရီးစရိတ် အလှူခံရန် ကြွတော်မူခဲ့ရာ မူလာမာမက်ဆိုင်သို့ ရောက်လေ၏။

တောကျောင်းမှာနေ၍ လူ့အရိပ်အခြေကို မသိသော ဘုန်းကြီးရိုးကြီး ဖြစ်သောကြောင့် အလှူခံလျှင် နည်းများမဆို လှူဒါန်းကြမည်ဟု အထင်ရှိလေ၏။ ကုလားသော ဘာသော အမှတ်မထားခြင်း မရှိချေ။

ကုလားဆိုင်သို့ ဝင်လာရာ ပစ္စည်းပရိက္ခရာ ဝယ်ယူမည့် ဘုန်းကြီး ထင်သောကြောင့် မူလာမာမက်နှင့် ပွဲစား မောင်ညာဘွားတို့က ရိုသေစွာ နေရာထိုင်ခင်းပေး၍

ဘယ်လိုကုန်များ အလိုရှိလို့ ကြွလာပါသလဲ။

ဟု လောကွတ်ပျူငှာနှင့် မေးလျှောက်ကြရာ ဘုန်းတော်ကြီးဘုရားက

WWW.DHAMMARANSI.COM



ဘုန်းကြီးမှာ ဝယ်ဖို့လာခဲ့သည် မဟုတ်ပါ။ ရွှေတိဂုံမြတ်စွာဘုရားကို ဖူးမြော်ရန် သွားလို၍ လမ်းစရိတ်အများ အလိုရှိပါသည်။ သဒ္ဓါတတ်စွမ်းသမျှ လှူဒါန်း ထောက်ပင့်ကြပါ။

ဆိုလျှင် မူလာမာမက်က

ခင်ဗျားတို့ ဗမာဘုန်းကြီးကို မပေးဘူး။ ခြေ၊ လက် အသန်သားနှင့် ခင်ဗျားတို့ ဘုန်းကြီးတွေဟာ ကြောစား စားနေကြတယ်။ သူများလို လုပ်ကိုင်ရှာဖွေပြီး စားသုံးကြပါတော့လား။ကျုပ်ဆိုင်က ယခု ထွက်သွားပါ။ ကုလားဆိုင်မှန်း မသိဘူးလား။

ဟု မျက်နှာထားကြီးနှင့် ပြောဆိုရာ ဆိုင်၌ရှိသော ကုလားများက ဘုန်းကြီးကို ကြိမ်းဝါးမောင်းမဲပြီး အတင်း ဆွဲထုတ်ရန် ပြင်ဆင်ကြလေ၏။

မောင်ညာဘွားကလည်း ကုလားကျွေးသော ထမင်းကို စားနေရသူဖြစ်သည်နှင့် ဘုရားမျက်နှာကို မထောက် ကုလားမျက်နှာကို ကြောက်သဖြင့်

ဘုန်းကြီးအိုကြီး၊ မြန်မြန် ထွက်ပါ။ ကိုယ်တော်တို့ ဘုန်းကြီးများ တွေ့ရာဝင်ပြီး အလှူခံနေကြတာပဲ။ ဟိုဘုရားဖူးသွား၊ သည်ဘုရားဖူးသွား လမ်းတွေက အလွန်များပါဘိသနှင့်။ အလကားပဲ လူများကို နှောင့်ယှက်နေကြတယ်။

ဟု မြည်တွန်တောက်တီးနေစဉ် ကုလားတစ်ယောက်က

ဂျောင်းဂျောင်း အဘိဂျောင်း။

ဆို၍ အတင်းမောင်းပြန်သဖြင့် တောရကိုယ်တော်ကြီးမှာ မျက်နှာငယ်ငယ်နှင့် ဆင်းသွားရရှာ၏။ သို့ရာတွင် တရားပြည့်ဝသော ပုဂ္ဂိုလ် ဖြစ်သောကြောင့် မိမိအတွက် တစ်စုံတစ်ရာမျှ တုန်လှုပ်ညှိုးနွမ်းခြင်း မရှိဘဲ "မြန်မာနိုင်ငံမှာ သည်လိုလူမျိုးတွေ ပေါလေလေ သာသနာ မျက်နှာ ငယ်လေလေ ဖြစ်ပါတကား"ဟု သာသနာဘောင်ကြီး အရေးကိုသာ မျှော်တွေး၍ ဝမ်းနည်းခြင်း ဖြစ်ရှာလေသတည်း။

ထိုတောရကိုယ်တော်ကြီးမှာ မွန်းတည့်ချိန်ကလဲ နီး၊ ဆွမ်းကိစ္စ မပြီးသေးသည်နှင့် အသက်ဝါကြီးသဖြင့် တုန်တုန်ချိချိ ဖြစ်လျက် ဝင်မိဝင်ရာ အလှူခံဝင်ရာ ဦးရွှေဖောင်ဆိုင်သို့ ရောက်လေ၏။

ဦးရွှေဖောင်သည်ကား ရတနာသုံးပါးနှင့် မြန်မာအမျိုးသားပီပီ ကြည်ညို လေးမြတ်၍ ရဟန်းတော် အရှင်များကို ဆွမ်းကပ်လေ့ ရှိသော အတိုင်း ကိုယ်တော်ကြီး၏ ရူပနိကာယ်နှင့် ကာယိန္ဒြေကို မြင်ရာ

သိက္ခာသီလနှင့် ပြည့်စုံသော ကိုယ်တော်ကြီး ပါကလား။ ကုသိုလ်တရား ပွားများအောင် ငါတို့ကို ချီးမြှောက်ဖို့ ကြွရောက်တော် မူလာပေသည်။

ဟု ကြည်ညိုခြင်းဖြစ်သည်နှင့် နေရာထိုင်ခင်းမှစ၍ သောက်ရေများ ကပ်ပြီးလျှင်

တပည့်တော်များဆိုင်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ။ ဆွမ်း ကိစ္စများ ပြီးပါပလား အရှင်ဘုရား။

ဟုလျှောက်လျှင် ဆွမ်းမဘုဉ်းပေးရသေးကြောင်း အမိန့်ရှိသည်နှင့် မယ်ခင်က ပျာပျာသလဲ အလျင်အမြန် စီမံပြီးလျှင် ဆွမ်းများကို ကပ်လေ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ အလ္လာပသလ္လာပ စကားများကို ပြောဆိုပြီးလျှင်

ဘာကို အလိုရှိလို့ ကြွလာတော်မူပါသနည်း အရှင်ဘုရား။

ဟု လျှောက်ထားရာ ရန်ကုန်သို့ ဘုရားဖူးကြွရောက်မည့်အကြောင်း စသည်များကို မိန့်တော်မူလေ၏။ ဦးရွှေဖောင်က

လမ်းစရိတ်အတွက် စိုးရိမ်တော် မမူပါနှင့်ဘုရား။ တပည့်တော်များက နိဗ္ဗာန် ကူးတို့ ပို့ပါရစေ။

ဟု လျှောက်ပြီးလျှင် နောက်ကပါသော

WWW.DHAMMARANSI.COM



ကပ္ပိယလက်သို့ အပ်၍ မီးရထားစရိတ်များ လုံလောက်စွာ လှူဒါန်းလေ၏။ ဘုန်းတော်ကြီးက

ဒါယကာ၊ သာသနာတော်ကြီးအတွက် အလွန် ဝမ်းနည်းစရာကောင်းနေပြီ။ ဘုန်းတော်ကြီးကို မကြည်ညိုဘဲ မြည်ဆို ငေါက်ငမ်း၍ ခြောက်ချမ်း မောင်းနှင်သော လူတွေလဲ အတော်ပဲ များကုန်ပါပကော။ ဒါယကာတို့လို သာသနာကို ကြည်ညိုတဲ့ သူတော်ကောင်းကလေးများ ရှိပေလို့သာ ရဟန်းတော်များ စားရေး ဝတ်ရေး ချောင်ချိစွာ ရှိတော်မူကြတော့တယ်။ သာသနာတော် အရေးနှင့် ဘေးသင့်ဖို့ရာ မသဒ္ဓါ မကြည်ဖြူတဲ့ လူမျိုးတွေ တစ်စတစ်စ များမှဖြင့် ဘုရားသာသနာတော်ကြီးဟာ တိမ်မြုပ်ရုံသာ ရှိပါတော့ကလား။

ဘုန်းကြီးတို့ မြန်မာများလဲ အသိတရား ခပ်နည်းနည်းပဲ။ ဟိုကုလားဆိုင်ကို ဘုန်းကြီးဝင်တဲ့အခါ တယ်ပြီး ဝယ်သူတွေ လာကြပါကလား။ ဝယ်တဲ့လူတွေ ဟာလဲ မြန်မာတွေပဲ။ ဒါယကာကြီးဆိုင် ရောက်တော့ ဝယ်မယ့်သူတွေ အပုံကြီး ခြောက်နေတယ်။ ဒါကြောင့် လူမျိုးကွဲတွေဟာ စီးပွားဥစ္စာ တက်ကြပေတာကိုး။ လူမျိုးကွဲတွေ စီးပွားဖြစ်တယ် ဆိုတာလဲ မြန်မာတွေက ဝိုင်းပြီး ထောက်ပင့်ကြတာပဲ။ သြော် ကမ္ဘသကာ ကံချရာပေပဲ ဒါယကာကြီး။

ဟု တရားအနည်းငယ် ဟော၍ ကြွတော်မူသောအခါ ဘူတာရုံသို့ ရောက်အောင် လိုက်ပို့လေ၏။

တစ်နေ့သောအခါ မယ်ခင်က အဖကို ပြောသည်မှာ

တစ်စတစ်စ အရောင်းရပါး ငွေတိုးနှင့် စရိတ်တွေ အကုန်များသဖြင့် အားလျော့ပြီး လဲသွားမှာ စိုးရိမ်စရာ ရှိပါတယ်။ ဒါကြောင့် ကျွန်မဖြင့် သည်ရှုပ်ဆိုင်ကြီးဖြုတ်ပြီး ကုတ်ကုတ် ဆိုင်ငယ်ငယ်ကလေးနှင့် ရောင်းဝယ်နေချင်တော့တာပဲ။

(ဖောင်) အတိုးတော့ ပေးနိုင်ပါသေးတယ်။ သည်လောက်ပူတဲ့ ကြွေးလဲ မဟုတ်ပါဘူး။ အေးအေးနေစမ်းပါ။ တစ်ခါခါတော့ နာလန်ထူပါလိမ့်မယ်။

ဟု ပြောဆိုထားပြီးလျှင် ဆိုင်ဖွင့်မြဲ ဖွင့်နေကြလေ၏။

မူလာမာမက်နှင့် မောင်ညာဘွား‌တို့ ပြောဆိုတိုင်ပင်နေကြသည်မှာ

(မူလာ) ဘယ့်နှယ်လဲ ကိုညာဘွား။ မယ်ခင်တို့ ဆိုင်ဟာ တော်တော်နေရာကျပါသေးရဲ့လား။

(ညာ) မကြာမီ ပြုတ်တော့မယ်။ ဟန်လုပ်ခါ နေသော်လဲ အခြေတော့ တယ်မလှဘူး။ ကျုပ်လော့ပြီး လှိုင်းလိုက်တာ သည်ဆိုင်မှာဖြင့် လူတွေ ဝိုင်းနေတာပဲ။ ဝယ်သူလာတိုင်း မလွတ်ရအောင် ကျုပ်က ကျော့ကွင်းထောင်တာကိုး ခင်ဗျာ။

(မူလာ) ကုန်ရောင်းရလို့ ငွေရှင်တာတော့ ဟုတ်ပါရဲ့။ ကျုပ်လိုချင်တာ တစ်ခုတော့ နေရာကျမယ်လို့ ထင်ရဲ့လား။

(ညာ) မယ်ခင်ကို ပြောတာ မဟုတ်လား။ သည်အကြောင်းနှင့်တော့ ကျွန်တော် မစုံစမ်းရသေးဘူး။ ငွေကုန်ခံလျှင်ဖြင့် ကြံလို့ မရတဲ့ အရာမျိုး မရှိနိုင်ပါ။ ကျွန်တော် တစ်ခါသွားပြီး ကောင်မကလေး သဘောထားကို အကဲခတ်ပါဦးမယ်။ လွယ်မလွယ်တော့ ကောန် မပြောနိုင်သေးဘူး။ သူတို့မှာ ချာချာလည်အောင် ကြွေးတွေဝိုင်းနေပေါ့။ ဒေါင်ရိုင်းကာ လိမ့်ကျရုံသာရှိတော့တာပဲ။ လိမ့်ကျတဲ့အခါ အသာကလေး ဖမ်းအုပ်လိုက်တာပေါ့။

WWW.DHAMMARANSI.COM



(မူလာ) ဆိုင်ပွဲစားလုပ်ပုံ အစွမ်းကောင်းကြောင်းကို တော့ သိရပါပြီ။ အောင်သွယ်ပွဲစား လုပ်ပုံ ကို ကြည့်ရဦးမှာပဲ။ သတ္တိရှိရဲ့လားလို့။

(ညာ) ကျွန်တော်များ ညာရလျှင် အလွန်မာတဲ့ ကျောက်ခဲကြီးများတောင် ပျော့ရပါတယ် ခင်ဗျား။ ယခုသွားပြီး အကဲကလေး ခတ် ပါဦးမယ်။

ဆိုပြီး ထွက်သွားလေ၏။

ဦးရွှေဖောင်ဆိုင်သို့ ရောက်သောအခါ မောင် ညာဘွားက

ဆိုင်ကြီးကဖြင့် ခမ်းနားပါပေရဲ့ခင်ဗျာ။ မြန်မာလူမျိုးထဲက သည်လို အကြံကြီးကြံ တယ်ဆိုတော့ မြို့ရွာအကျိုး အမျိုးသား ကျက်သရေ ဖြစ်ပါပေတယ်။ တစ်စ တစ်စ သည်လို ကြံစည်လုပ်ကိုင်သွားလျှင် မြန်မာ များကြီးပွားဖို့ပါပဲ။ ယခုလိုမြင်ရတာ ကျုပ် တို့လဲ အပုံကြီး ဝမ်းသာပါရဲ့ဗျာ။ ကြီးပွား ပါစေလို့ ဆုတောင်းပါရဲ့။ အရောင်း အဝယ် များ တော်တော် နေရာကျပါရဲ့လား။

ဦးရွှေဖောင်က မောင်ညာဘွားသည် ကုလား ဆိုင်က ပွဲစားမှန်းသိပြီး ဖြစ်သည်ပြင် သူများကို မလိမ်ရလျှင် အိမ်က မိဘများကိုမှ ချမ်းသာခွင့် မပေးချင်သော သဘောဆိုး ရှိကြောင်းကို သိသည်နှင့် ဣန္ဒြေရရနှင့်

ကုန်သည်ဆိုတာ ဝယ်သူလာလျှင် များများ ရောင်းရတာပေါ့ မောင်ရယ်။ 'လာဘော အလာဘော'ဆိုတာလို တစ်ခါတစ်ခါလဲ လာဘ်များ၊ တစ်ခါ တစ်ခါလဲ ပါးရှား တာပေါ့။

(ညာ) သည်လိုပေါ့ ခင်ဗျား။ အလုပ်ဆိုတာ တာရှည်စွာ ဖွဲကောင်းကောင်းနှင့် ကြံလျှင် ကံအလှည့် သင့်တဲ့အခါ အကျိုးပေးလာ တာပါပဲ။ နေပါဦး မယ်ခင်တစ်ယောက် မမြင်ပါဘဲကလား။

မောင်ညာဘွားအသံကိုကြားရာ ကုန်စာရင်း ရေးရာမှ မယ်ခင် ထွက်လာပြီးလျှင်

အို ဦးညာဘွားပါကလား။ ဦးတို့များ ကျွန်မတို့ဆိုင်ကို မပေါ်လာတာ အတော် ကြာသွားပေါ့။ ကုန်များဝယ်ယူဖို့ ကြွတော် မူလာတာလား ဦးရဲ့။

(ညာ) ယခုတစ်ခါတော့ ဝယ်ဖို့လာတာ မဟုတ်ပေ ဘူး တူမကြီး။ မှန်မှန်ပြောရမှာဖြင့် မရောက်တာကြာလို့ ဝင်လာတာပါပဲ။ ဦးမှာလဲ ကိစ္စတွေ အများသားကလား ကွယ်။ စပါးဝယ်ပြီး စက်ကို သွင်းရတဲ့ ကိစ္စနှင့်ပဲ မအားနိုင်ဘူး။

(ခင်) မူလာမာမက်ဆိုင်မှာတော့ ခဏခဏ ဦးကို တွေ့ရတယ်လို့ ကျွန်မ ပြောသံ ကြားရပါ တယ်။ ဦးက ဗုဒ္ဓဘာသာ မြန်မာအမျိုးသား မို့ ကုလားကို ထောက်ပင့်နေတာပေါ့လေ။

(ညာ) သည်လိုသဘောမျိုး မဟုတ်ပါဘူး တူမ ရယ်။ ကုလားက စပါးဝယ်လို့ ပွဲခငွေများ ကို သွားပြီး ရှင်းရတာပါ။ မြန်မာအချင်း ချင်းသာ ထောက်ပင့်မှာပေါ့။ အလကား ကုလားကို သွားပြီး အားပေးပါ့မလား။

(ခင်) ဦးတို့လို လူကြီးများက သည်လို သဘော ထား နိုင်ကြပါစေဆိုတာ ကျွန်မ ဆုတောင်း မိပါရဲ့။

(မယ်ခင်စကားပြောနေစဉ်အခါ ဦးရွှေဖောင် မှာ ကိစ္စတစ်ခုနှင့် ထသွားလေသောကြောင့် မောင် ညာဘွားက အခွင့်သာသည့်အခါဖြစ်၍ မူလာ မာမက်၏ အကြောင်းကို ပြောသည်မှာ)

ဟို မူလာမာမက်ဆိုင်မှာ တယ်ဝယ်သူတွေ လာပါကလား။ အားအောင် မနေရဘူး။ ရောင်းလိုက်ရတာ။ တူမတို့ဆိုင်မှာတော့ ဝယ်သူ အလာပါးနေတယ်။

(ခင်) ကျွန်မတို့မြန်မာများက ကုလားကို မေတ္တာ ရှိကြတာကိုး ရှင့်။

WWW.DHAMMARANSI.COM



(ညာ) မူလာမာမက်ဟာ ကုလားဖြစ်ရာပေတယ် လို့ မြန်မာစိတ်သဘောမျိုး ဝင်နေလို့ လူ မြင်တိုင်း သူ့ကို မေတ္တာရှိကြတယ်။ မကြာ မီ ဗုဒ္ဓဘာသာဘက်ကို ဝင်မလိုလို သတင်း ကြား ရတယ်။ ရတနာသုံးပါးကိစ္စများ မှာလဲ တတ်အားသလောက် လှူဒါန်းရှာ ပါတယ်။

(ခင်) မြန်မာတွေ ချစ်ခင်အောင် ပရိယာယ်ဉာဏ် ဆင်တာ ထင်ပါရဲ့ဦးရယ်။ ကုလားဆိုတဲ့ လူမျိုးဟာ မာယာအိုးကြီးတွေပါ။

(ညာ) ဦးက မေတ္တာရှိလို့ ပြောတာ မဟုတ်ပါဘူး။ သူ့သဘောကို အသေအချာ သိလို့ ပြော တာပါ။ စီးပွားဥစ္စာလဲ အလွန် တက်တာ ကလား။

(ခင်) ကုလားတွေ စီးပွားတက်လေလေ မြန်မာ ပြည်က ငွေတွေကို ကုလားပြည်သို့ ပို့လေ လေပါပဲ။ သူတို့စီးပွားတက်တာကို မချီး မွမ်းစမ်းပါနှင့် ရှင်။

(ညာ) မူလာမာမက်ကတော့ ကုလားပြည်ကို ငွေတင်တဲ့ဟာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနှင့် ပေါင်းပြီး ကျောင်း ဘုရား သွားလာ၍ မြန်မာလို နေချင်ရှာပါ တယ်။ မြန်မာပြည်ကို အလွန် ချစ်ရှာသကွဲ့ တူမကြီးရဲ့။

(ခင်) သည်လိုမှန်လျှင် အင်မတန် ဝမ်းသာစရာ ပါပဲ။ သာဓုပါရှင်။ ဗုဒ္ဓဘာသာကို ကြည် ညိုမယ် ဆိုလျှင်တော့ အတိုင်းထက် အလွန် ပေါ့။

(မောင်ညာဘွားက မျက်နှာထားတစ်မျိုး ပြောင်းပြီးလျှင်)

မာမက်အကြောင်းကို ကောင်းကောင်း မွန်မွန် ရေရေလည်လည် ဦးက ပြောချင် တယ်။ တူမကြီး နားထောင်မလား။

(ခင်) ကောင်းတဲ့အကြောင်းကို ပြောလျှင် နား မထောင်ဘဲ ရှိမလား ဦးရယ်။ ဘယ်လို အကြောင်းလဲ။ သူလုပ်ကိုင် ရောင်းဝယ်ပုံ ကို နည်းခိုးဖို့ဟာလား။ စီးပွားဖြစ်ဖို့ နည်း လမ်းများကိုဖြင့် သိလိုပါတယ်။

(ညာ) သည်လိုပါ။ မတော်တာ ပြောရမလားလို့လဲ အပြစ်မတင်ပါနှင့်။ မူလာမာမက်က မယ်ခင်စကားကိုသာ ခဏခဏ ပြောနေ တယ်။ သူပြောတဲ့ စကားတွေဟာ နားထဲ က လျှံကျမလို ဖြစ်နေပြီ။ သူ့ဆိုင်ကို နေ့စဉ်သွားရတာ မယ်ခင့် အကြောင်းအရာ တွေ ပြောချင်ရှာလွန်းလို့ မှာတဲ့အတွက် သွားရတာပါ။ ကုလားခမျာကလေးဟာ သနားစရာ အလွန်ကောင်းနေတာပဲ။

(မယ်ခင်က သည်စကားကို ကြားရာ နား ထဲမှာ လှံနှင့်ဆွသလို ဖြစ်သော်လည်း သူတော်ကောင်း အမျက် ပြင်မထွက်ဆိုတဲ့ အတိုင်း ဣန္ဒြေမပျက် ချုပ်တည်းထားပြီးလျှင် ဟန်လုပ်၍ ပြောသည်မှာ)

နေရာကျပမလား ဦးရယ်။ ကုလားနှင့် ဗမာဆိုတာ ဘာသာချင်းလဲ မတူပါဘဲ ကလား။

(မောင်ညာဘွားက ကောင်မကလေး ပါ လာပြီ ထင်သောကြောင့် ခပ်ရဲရဲ ပြောသည်မှာ)

အို နေရာကျပါသော်ကော၊ သူကလဲ ရုပ် ဆိုင်ရှင် မယ်ခင်တို့ကလဲ ရုပ်ဆိုင်ရှင် ဆို တော့ အပုံအခန့်သင့်နေတာပဲ။ နိုင်ငံခြား မှာ ကုန်မှာထားပုံ၊ ရောက်လာတဲ့ ကုန်များ ကို တွင်ကျယ်အောင် ရောင်းပုံတွေဟာ အလွန် လည်ပတ်တာကလား။ အများကြီး လဲ လိမ္မာပါတယ်။ မယ်ခင်နှင့် နေရာကျ လျှင်ဖြင့် ဗုဒ္ဓဘာသာဘက်ကို လက်ထပ် ၍ ပြောင်းမယ်လို့ အာမခံပါတယ်။

(ခင်) ရက်စရာကြီးနေမှာ ထင်ပါရဲ့ ဦးရယ်။ ကျွန်မ ရှက်ပါတယ်။ မြန်မာဆွေမျိုးတွေက

WWW.DHAMMARANSI.COM



ပစ္စည်းဥစ္စာမက်လို့ ဘာသာဖျက်ပြီး မရှက်မကြောက်၊ ကုလားကို ကြိုက်တယ်လို့ မကဲ့ရဲ့ကြပေဘူးလား။

(ညာ) အို ရှက်စရာ မဟုတ်တာ ဘာရှက်ရမလဲ။ မြန်မာမများ ကုလားကိုကြိုက်တာ ရိုးကိုးနံပါပြီ။ ထူးဆန်းတာ မဟုတ်ပါဘူး။ ပစ္စည်းဥစ္စာရှိရဲ့သားနှင့်တောင် ကုလားကို စုံမက်ကြတာတွေ အများကြီးပဲ။ ပစ္စည်းမရှိလျှင်သာ ကဲ့ရဲ့ကြတာပါ။ ပစ္စည်းတွေ ပေါမှဖြင့် တသောသော ချီးမွမ်းကြစမြဲပါ။ မရှက်နိုင်ပါဘူး တူမရယ်။ ကိုယ့်အကျိုးသာ လိုရင်း ပါ။

(ဤသို့သွေးဆောင် ပြောဆိုသောအခါ မယ်ခင်က မျက်နှာခပ်ရင့်ရင့်ထားပြီးလျှင်)

ဦးတို့များ ကုလားဂုဏ်ကျေးဇူးကို အထူးပြောဟောတတ်ပါပေရဲ့ရှင်။ ကုလားဂုဏောအနန္တောဆိုတဲ့ ကမ္မဋ္ဌာန်းကို စီးဖြန်းရန် ကျက်မှတ်ထားတယ်ထင်ပါရဲ့။ သွေးနည်းလိမ့်မယ်လို့များ မထင်ပါနှင့်။ ရှင်ဘုရင်ကတော်ဖြစ်ဖြစ် ကုလားကို ဘယ်တော့မှ မချစ်ဘူး။ ဘယ်လိုပဲ မွှမ်မွှမ် လဲလို့ပဲ သေသေ၊ သည်လိုမိစ္ဆာမျိုးတွေကို ကျက်သရေ မဲ့အောင် ကြိုက်လိမ့်မယ် ထင်သလား။ သည်စကားမျိုးနှင့်ဖြင့် ချော့လို့ မရဘူး။ ကြွတော်မူပါ။ မင်္ဂလာမရှိတဲ့ ဦးမင်းရဲ့ မျက်နှာကြီးကို မကြည့်ဝံ့ပါဘူး။ အသက်ကြီးသော်လဲ အလိမ္မာ အချိန် မစီးလျှင် လူကြီး လူကောင်းရယ်လို့ အမှတ်မထားနိုင်ဘူး။

ဆိုသောအခါ မောင်ညာဘွားလည်းမျက်နှာပျက်ပျက်နှင့် ထသွားလေ၏။

မောင်ညာဘွား၏ စိတ်မှာ 'နိုင်တဲ့အခိုက်ကို နိပ်လိုက်မည်'ဟု ကြံစည်လျက်သာ ရှိလေ၏။

ကုလားဆိုင်သို့ ရောက်သောအခါ မူလာမာမက်က 'နေရာကျစရာလမ်း ရှိရဲ့လား'ဟု မေးလျှင်

တစ်ခါတည်းနှင့် ဘယ်မှာ နေရာကျနိုင်ပါဦးမလဲ။ မိန်းမဆိုတာ ရှေးဦးစွာ ချွဲပြီးနောက်တော့ သူတို့ကိုယ်တိုင် လှည့်လိုက်ကြတာမျိုး မဟုတ်လား။ သို့ရာတွင် ကျွန်တော် ဉာဏ်မြင်တာကတော့သူတို့အင်အားကို လျှော့ပစ်မှ မြန်မြန်ကြီး အကြံအောင်မယ်လို့ ထင်တယ်။

(မူလာ) ဘယ်လို သူတို့အင်အားကို လျှော့ပစ်ရမလဲ။

(ညာ) မခက်ပါဘူး။ သူတို့မှာ ကြွေးတွေ အများကြီး ရှိတယ်။ အရောင်းအဝယ် ပျက်နေလို့ အခက် ကြုံနေတဲ့ အခါမှာ ကြွေးရှင်တွေကို မီးထိုးပေးလျှင် ကြွေးဝိုင်း၍ တောင်းကြလိမ့်မယ်။ ခင်ဗျာ့ ကုန်ကြွေးကိုလဲ တစ်ခါတည်းပြီး တောင်းလိုက်တာပေါ့။ သည်အခါကျတော့ ဆိုင်ပြုတ်ရော မဟုတ်လား။ ဆိုင်ပြုတ်လို့ အလုပ်မရှိတဲ့အခါကျတော့ အလိုရှိသမျှ ကြံချင်သလို ကြံတာပေါ့။ အပျော့နှင့် ရလျှင် အပျော့၊ အပျော့နှင့် မရလျှင် ဓားပြတိုက်သလို ကြံစည်လျှင် ခံနိုင်မည် မဟုတ်ပါဘူး။

(မူလာ) အင်း သည်နည်းဖြင့် တော်တော် နေရာကျစရာ ရှိရဲ့။ ကြွေးရှင်များကို ခင်ဗျားက မီးထိုးပါ။ မယ်ခင်ကို မရလျှင် သည်ဘဝမှာ ကျုပ် စိတ်ကျေနိုင်မယ် မဟုတ်ဘူး။ အမှန်ပါပဲ။ ကေန်ပင် သူ့ကို ချစ်ခင်ပါတယ်။

ဤသို့ တိုင်ပင်ပြောဆိုကြပြီးနောက် သုံးလေးရက်လောက် ရှိသောအခါ မောင်ညာဘွားသည် ဦးရွှေဖောင်၏ ကြွေးရှင်များထံသို့ သွားရောက်ပြီးလျှင် စပ်မိစပ်ရာ စကားစမြည် ပြောဆိုရင်း

ဦးရွှေဖောင်ထံမှာ ခင်ဗျားတို့ ချေးထားတဲ့ ကြွေး ရှိတယ် မဟုတ်လား။ သူတို့ဆိုင်ဟာ မကြာမီ ပျက်စီးတော့မယ်။ အရောင်း အ

WWW.DHAMMARANSI.COM



ဝယ်လဲ အလွန်ပျက်စီး အခက်ကြီး ကြုံနေကြလို့ ကြံပုံတစ်မျိုး ထုတ်နေကြပြီ။ ခင်ဗျားတို့ကြွေးကို အေးအေးဆေးဆေး ဖြည်းဖြည်း နှေးနှေး ဆိုင်းမနေကြနှင့်။ အတန်ကြာလျှင် ဘာမျှ တောင်းလို့ရမှာ မဟုတ်ဘူး။ ဆိုင်ရှိတဲ့ ကုန်တွေကိုလဲ တခြားထုတ်ပေးကုန်ပြီလို့ သတင်း ကြားရတယ်။ အကောက်ဘဏ်ဆင်ပြီး အင်ဆော်လဝင်ခံလျှင် ငွေရှင်လုပ်တဲ့ ခင်ဗျားတို့ ဆုံးရှုံးကုန်မှာပဲ မဟုတ်လား။

ဟု ပြောရာ ကြွေးရှင်များကလည်း မောင်ညာဘွား မြှောက်ပင့်တဲ့အတိုင်း ဝိုင်း၍ ကြွေးများကို တောင်းခံကြလေ၏။

မြန်မာကြွေးရှင်များသည် ချစ်တီးကြွေးရှင်များထက်ပင် အပူတပြင်း အတင်းမီးနှင့် မြှိုက်သလို နှိုတစ်ပေးကာ တောင်းကြလေ၏။

ဦးရွှေဖောင်သည်ကား ရိုးသားသော လူကြီးတစ်ဦး ဖြစ်သည်နှင့် နားပူမခံလိုသောကြောင့် မိမိဆိုင်တွင် ရှိသော အချို့ကုန်သေတ္တာများကို ဈေးလျှော့၍ ရောင်းပြီးလျှင် သမီးကလေး မယ်ခင်၏ လက်ဝတ်လက်စားများကို ရောင်းချ၍ ပေးဆပ်ရာ မြန်မာကြွေးရှင်ထံက ချေးငှားသော ကြွေးများ ပြေလေသည်။

ရာမရားခေါ်သော ချစ်တီးကြီးသည်ကား ဦးရွှေဖောင်နှင့် ပေါင်းသင်း ဆက်ဆံလာသည်မှာ ကြာမြင့်၍ ရိုးသားဖြောင့်မတ်ကြောင်းကို သိရှိသည်နှင့်

ခင်ဗျားအလုပ်ကိုသာ ကြိုးစား၍ လုပ်ကိုင်ပါ။ တတ်နိုင်သမျှ ကျုပ်က ကြည့်ရှုမည်။ ကျုပ်ငွေအတွက် ဆိုင်းထားမည်။

ဆို၍ ချစ်တီးက အားပေးသည်နှင့် အခြေအနေ များစွာမပျက်ဘဲ ဆိုင်ဖွင့်မြဲဖွင့်၍ နေနိုင်ပြန်လေ၏။ သို့ရာတွင် ရှေးကကဲ့သို့ ကြီးကျယ်စွာ မဖွင့်နိုင်ဘဲ အသင့်အတင့်မျှသာလျှင် ရောင်း၍နေရှာကြလေသည်။

(မူလာ) ဘယ်နယ်လဲ ခင်ဗျား လူကြီးတွေကို ကြွေးတောင်းကုန်ပါပလား။ သွားပြောစမ်းပါ။ ကျုပ်သဘောကို လိုက်၍ သူတို့ကြိုက်သလို ကူညီ နိုင်ပါတယ်။ ကျုပ်ပေးထားတဲ့ ကြွေးကို မတောင်းရုံမက သူတို့မှာ ရှိသမျှကြွေးကိုလဲ ဆပ်မယ်။ ယခု ရှိရင်းဆိုင်အတိုင်းလဲ မပျက်မစီးဘဲ အကြီးအကျယ် ဖြစ်ထွန်းပါစေမယ်။ ခင်ဗျား သွားပြောစမ်းပါ။

ဆိုသည်နှင့် ပွဲစား မောင်ညာဘွားသည် ဦးရွှေဖောင်ထံသို့ လာခဲ့ပြန်လေ၏။

(ညာ) ခင်ဗျားတို့အကြောင်းကို ကြားရတာ စိတ်မချမ်းသာဘူး ခင်ဗျာ။ ကြွေးရှင်များဟာ ထင်မိထင်ရာကြီးတွေပဲ။ အရောင်း အဝယ်နည်းပါး၍ ပစ္စည်းကလေးများ နည်းနည်းချို့တယ်ဆိုတာနှင့် မလိုသူတွေက တိုက်လို့ မီးနှင့်မြှိုက်သလို ပူးပြီး တောင်းကြတာ ထင်ပါရဲ့။ မကောင်းကြပါဘူး ခင်ဗျာ။ ညာတာသင့်တဲ့လူကိုမှ မညာတာကြပဲကိုး။

(ဖောင်) ကိုယ်ချင်းစာတရားနှင့် တွေးလိုက်တော့ ကြွေးရှင်များလဲ မီးထိုးပေးတဲ့လူ ရှိလျှင် ပူပင်ကြပေမှာပဲ။ ကိစ္စ မရှိလှပါဘူး။ လောကမှာ တစ်ခါတစ်ခါလဲ သည်လို တွေ့ကြုံစမြဲပါပဲ။

(ညာ) ခင်ဗျားသတင်းကို ကြားရတော့ ကုလားကလေး မူလာမာမက်က အလွန်သနားတယ်လို့ ပြောရှာပါတယ်။ သူပေးထားတဲ့ အထည်ကြွေးများကိုတော့ မတောင်းရက်သေးဘူး။ ကုန်သည်ချင်းဆိုတာ ညာတန်သလောက် ညာရတယ်လို့ ပြောရှာပါတယ်။

(ဖောင်) သူတောင်းလျှင်လဲ ပေးရုံရှိတာပါပဲ။ မခဲယဉ်းလှပါဘူး။ အကြံအစည်များကို အားလျှော့ပြီး ကံအတိုင်းသာ ဖြစ်စေတော့လို့

WWW.DHAMMARANSI.COM



အလုပ်သေးသေးနှင့် အောက်ကျခံပြီး နိမ့်နေတဲ့အခါ ဘာပဲဖြစ်ရ ဖြစ်ရ သည့်ထက်တော့ အောက်မကျဘူးလို့ သဘောထားပြီးပါပဲ။

(ညာ) သည်လိုပါ။ ဆွေမျိုးရင်းချာ ထင်၍ ကျွန်တော် တစ်ခု အစီရင်ခံချင်ပါတယ်။

(ဖောင်) ဘယ်လိုအကြောင်းများပါလဲ။

(ညာ) အခြားအကြောင်း မဟုတ်ပါ။ အခြေအနေနှင့် ဣန္ဒြေရရ ခနဉစွာ ပြည့်စုံစွာ ဖြစ်ဖို့ နည်းလမ်းတစ်ခု ပြောချင်တာပါပဲ။ သည်လိုပါခင်ဗျား။ လူကြီးချင်းဆိုတော့ အကျယ်ချဲ့ပြီး ပြောဖို့မလိုလှပါ။ မူလာမာမက်က ခင်ဗျားတို့ကို အလွန်သနားတယ်လို့ ပြောရှာတယ်။ ဘာသာကွဲရယ်လို့လဲ မျက်နှာလွှဲပြီး အယုတ်တမာကြီးလဲ ထင်တော်မမူပါနှင့်။ လိမ်လဲ အလွန်လိမ္မာပါတယ်။ ခင်ဗျားတို့ထံမှာရှိတဲ့ ကြွေးတစ်ထောင်ကို လျော်ပစ်ရုံမက ယခင်ပထမလို ကုန်ဆိုင်ကြီး ဖြစ်အောင်စီမံပေးပါမယ်။ ကျန်တဲ့ကြွေးရှိရင်လဲ သူက ဆပ်ပါမတဲ့။ အထပ်ထပ် တိုက်တွန်းလွန်းလို့သာ အားနာရက်နှင့် ပြောတာပါပဲ။ အလွဲတော့ မထင်ပါနှင့်။ ချစ်ခင်တဲ့ စကားမျိုးတွေကိုတော့ အများကြီး ပြောနေရှာပါတယ်။ (စကားမဆုံးခင် ဦးရွှေဖောင်က)

အင်း မောင်ညာဘွား၊ မောင်ညာဘွား လောင်စာများတိုင်း မီးရှို့မယ့် လူ တစ်ယောက်ပေပဲ။ မြန်မာပြည်မှာဖြင့် မင်းတစ်ယောက် ပေါ်လာတာ ရောဂါကပ်ဆိုးကြီးတစ်ခု တိုးလာတာလို ဖြစ်နေပြီ။ အမျိုးမစစ်တဲ့လူကို ဂုဏ်တင်ပြီး သားစဉ်မြေးဆက် အမျိုးပျက်အောင် ရှေ့ဆောင် ရှေ့ရွက် ပြုဝံ့ပါပေတယ်။ သည်လိုစကားကို သာသနာပိုင် ကြားအောင် လျှောက်ထားပါတော့လား။ မောင်မင်းကြီးသား ကျေးဇူးရှင် သူတော်ကောင်းကြီး ကြွတော်မူပါတော့။ မောင့် မျက်နှာကိုမြင်ရတာ ရောမအမင်္ဂလာကြီး ဖြစ်ပါတယ်။

ဆိုပြီး ဒေါသထွက်မည်စိုး၍ စကားကြာရှည်စွာ မပြောချင်သောကြောင့် ထိုင်ရာမှ ထသွားလေရာ မောင်ညာဘွားလည်း သမီးရော အဖေရော ပြောစကားအတိုင်း မအောင်မြင်သည်နှင့် အကြံပျက်စီး အရှက်ကြီးသော မျက်နှာနှင့် ပြန်လာခဲ့လေ၏။

မူလာမာမက်ဆိုင်သို့ ရောက်ရာ ယခုအခါမှဖြင့် နေရာမကျသေးကြောင်း အမျိုးနှင့် ဘာသာကို လွန်စွာဖွဲ့ကြီးသူများ ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင်

"ကဲ နိပ်စက်ဖို့သာ ကြံပေတော့။ အလွန်မာန်မာနကြီးတဲ့ သမီးနှင့် ဖခင် နှစ်ဦးပဲ။ အဆင်းရဲမတွေ့သမျှ မာနတံခွန်ကို ချိုးမှာမဟုတ်ဘူး။ အမျိုးမျိုး ညှဉ်းပန်းပြီး ဆင်းရဲလမ်း ထွင်ကြဦးစို့ရဲ့။ ဆင်းရဲတဲ့ အခွင့်ကြုံလျှင် ချုပေါ်က ဟင်းရွက်ကို ခူးသလို မနူးရဘဲ လွယ်လွယ်ကလေးနှင့် ကျွန်တော် လက်ရောက် အပ်ပါမည်" ဆိုရာ မူလာမာမက်ကလည်း မယ်ခင်ကို မေတ္တာရှိရင်း ဖြစ်သည်ပြင် မောင်ညာဘွားစကားကို ယုံကြည်သူ ဖြစ်သောကြောင့် နို့တစ်စာပေး၍ မိမိကြွေးများကို အမြန်တောင်းလေ၏။

ဦးရွှေဖောင်မှာလည်း ရာမရားဆိုသော ချစ်တီးက ကြည့်ရှုစောင်မလျက် ရှိနေသောကြောင့် မူလာ၏ ကြွေးများကို ပြေရှင်းစွာ ပေးဆပ်လေသည်။

ထိုအခါကစ၍ ညာဘွားနှင့် ကုလ းမာမက်တို့ကလည်း ပျက်စီးရာ ပျက်စီးကြောင်းကို ရှေးကထက်ပင် တိုးတက် ကြံစည်ပြီးလျှင် အခွင့်သာလျှင် မယ်ခင်ကို အတင်းခိုးမည်ဟု လူဆိုးသူဆိုးနှင့် အမျိုးမျိုး အကြံထုတ်နေလေသည်။

မောင်ညာဘွားနှင့် ကုလားမာမက်တို့က မြန်မာဆိုင်ရှင်ကို တိုင်ပင်၍ နိပ်စက်ကြောင်းကို တစ်စတစ်စ သိရှိကြရာ မြန်မာအမျိုးချင်းချင်း သွေး

WWW.DHAMMARANSI.COM



မကင်းကြသည်နှင့် ဦးရွှေဖောင်နှင့် မယ်ခင်တို့အပေါ်မှာ အကြင်နာနှင့် မေတ္တာသက်ဝင်ခြင်း ဖြစ်လာကြသဖြင့် တစ်စတစ်စ အားပေးကြလေ၏။ မယ်ခင်မှာလည်း မာမက်၏ရန်ကို ကြောက်သဖြင့် အိမ်က မထွက်ဘဲ ကြုံကွက်မရအောင် ရှောင်နိုင်သမျှ ရှောင်၍ နေရှာလေ၏။

ရန်ကုန်မြို့ ဟိုက်စကူးကျောင်းတွင် ပညာသင်နေသော ပြည်မြို့သား မောင်သက်တင်သည် ဆယ်တန်းအောင်မြင်ကြောင်း ဂေဇက်ထွက်သည့်နေ့ ဘားနတ်ပိဋကတ် တိုက်ထဲတွင် စဉ်းစားနေသည်မှာ

> အင်္ဂလိပ်စာဖြင့် ဆယ်တန်းအောင်ပေါ့။ ဘီအေတိုင်အောင် သင်လျှင် လေးနှစ်လုံးလုံးကြီး အချိန်ဖြုန်းရလိမ့်ဦးမယ်။ ယခုအခါ ဘီအေတွေက များပါဘိသနှင့်။ ကြိုးစားရသလောက် အကျိုးမရှိလှပါဘူး။ ဘီအေကို ကြိုးစားရင် စာတွေ ဖတ်ရလွန်းလို့ ရောဂါစွဲကပ်သူ စွဲကပ်၊ မတ်တတ်ခြောက်ပြီး လဲသူလဲ၊ ချောင်းဆိုးသွေးပါ ရောဂါစွဲလို့ သေလိုသေ အသက်မရှည်တဲ့ ကျောင်းသားတွေလဲ အများကြီးပဲ။ ယခုလို ဆယ်တန်းလောက် ပညာခံမိလျှင် ကိုယ်ကြံချင်တဲ့ အလုပ်စခန်းသို့ တက်လှမ်းဖို့ အခြေတော့ ရပါပေါ့။ ဝန်ထောက်၊ မြို့အုပ်၊ အရေးပိုင် လုပ်ဖို့ များကိုတော့ အမှန်းအတား မပြုဝံ့ပါဘူး။ ချောင်ချောင်ချိချိနှင့် မိမိကိုယ်ပိုင် အလုပ်ကလေးများကိုသာ လုပ်ကိုင် စားသောက်ရမှာပဲ။ လူဖြစ်တဲ့ဘဝကလေးမှာ အနေအထိုင်အေးအေးနှင့် အသက်မွေးစင်စင်ကြယ်ကြယ်ကိုသာ မှန်းရတော့မယ်။ ဆယ်တန်းဆိုတာ ယခုအခါ လူရာဝင်သေးတာ မဟုတ်ဘူး။

ဟူ၍ စဉ်းစားပြီးလျှင် မိဘရပ်ရွာသို့ ပြန်သွားရန် အရေးကိုသာ တွေး၍နေလေ၏။

တစ်နေ့ မောင်သက်တင်သည် ပြည်မြို့သို့ အပြန် ဝယ်ခြမ်းရန် ကိစ္စနှင့် သိမ်ကြီးဈေး အတွင်းရှိ ဆိုင်များသို့ သွားရောက်လေရာ အကြီးအကျယ် ရောင်းဝယ်သောဆိုင် ဟူသမျှသည် မြန်မာလူမျိုးတို့ မဟုတ်ဘဲ လူမျိုးခြားတို့သာ ရောင်းဝယ်လျက် ရှိသည်ကို တွေ့မြင်သဖြင့် ဆင်ခြင် စဉ်းစားသည်မှာ

> မှန်မှန် ငွေဝင်တဲ့အလုပ်ဟာ ကုန်သည်အလုပ်သာ ဖြစ်တယ်။ အကြီးအကျယ် ရောင်းဝယ်နိုင်လျှင် ဘယ်နည်းနှင့်မဆို အကျိုးပေးတဲ့လူတွေ များကြတာပဲ။ သည်လို ငွေမှန်မှန်ဝင်တဲ့ ကုန်သည်အလုပ်ကြီးတွေဟာ မြန်မာလူမျိုးများနှင့် မျက်နှာခပ်စိမ်းစိမ်းပဲ ရှိနေကြသေးတယ်။ အကြီးအကျယ် ရောင်းဝယ်တဲ့ လူတွေဟာ မြန်မာတွေ အလွန် နည်းပါးပါသေးကလား။ ရောင်းတဲ့ ကုန်တွေဟာလဲ မြန်မာပြည်က ဖြစ်တာရယ်လို့ မရှိဘဲ နိုင်ငံခြားက ကုန်တွေသာ များနေတယ်။ မြန်မာလူမျိုးတို့ ရောင်းတဲ့ ဆိုင်များကို ကြည့်လိုက်တော့ လက်ကားကြီး ဖြစ်တဲ့ လူမျိုးခြားတို့ဆိုင်မှ တစ်ဆင့်ယူပြီး လက်လီမျှသာ ရောင်းနေကြပါကလား။ မြန်မာကုန်သည်များရတဲ့ အမြတ်အစွန်း ဆိုတာလဲ ဘာမှမပြောစလောက် ကောက်သင်းကောက်တာလို ဖြစ်နေတယ်။ မြန်မာပြည်မှာ မြန်မာကုန်သည်တွေ မထွန်းကားသမျှ ကြီးပွားဖို့ ခက်ခဲပါရဲ့။ ရန်ကုန်မြို့ကြီး၏ ဝမ်းလိုင်၊ ဗဟိုရ်မဏ္ဍိုင်ဖြစ်တဲ့ နေရာဌာနများမှာလဲ မြန်မာအမျိုးသားရယ်လို့ မရှိဘူး။ ကူးသန်းမှုဖြင့် ကြီးပွားကြတဲ့ လူမျိုးခြား ကုန်သည်တို့၏ နေရာတွေသာ ဖြစ်ကုန်ပါပေါ့ကလား။

ဤသို့စဉ်းစားပြီးလျှင် မြန်မာလူမျိုး မိန်းမတစ်ဦး ရောင်းသော ဆိုင်တစ်ဆိုင်သို့ သွားရောက်ကြည့်ရှုနေရာ တောကလာသော လူကြီးလေးငါးဦးက

WWW.DHAMMARANSI.COM



"ကျွန်တော်တို့ ပိတ်အုပ်နှင့် သက္ကလပ်များ အလိုရှိပါသည်။ တဆိတ်လောက် ကြည့်ပါရစေ"ဟု ပြောရာ ဆိုင်ထိုင်နေသော စိန်နားကပ်နှင့် မိန်းမက မိမိဆိုင်မှာ တောသားများ အလိုရှိတဲ့ကုန် မရှိသဖြင့် ဆိုင်ပွဲစား တစ်ယောက်ကို မျက်ရိပ် ပြလိုက်ရာ လျင်မြန်စွာ ကုလားဆိုင်တစ်ဆိုင်မှ ပိတ်အုပ်နှင့် သက္ကလပ်များကို ယူလာခဲ့လေ၏။

တောသားများက"အထည်ကိုတော့သဘော ကျပါပြီ။ အဖိုးကိုသာ ပြောပါတော့"ဆိုလျှင် ဆိုင်ရှင် မိန်းမက "တောသား လူအကြီးတွေကိုဖြင့် အဆ မတန် အတင်းကန်ပြီး ချရတော့မှာပဲ"ဟု ကြံစည်ပြီးလျှင် အဖိုးနှင့်သီးစွာ တင်၍ ဆိုလေ၏။

တောသားများက "မမရယ်၊ သည်အဖိုးနှင့်ဖြင့် ကျုပ်တို့ မဝယ်နိုင်ဘူး။ အစွမ်းကုန် လျှော့ပါဦး" ဆိုသည်နှင့် အနည်းငယ် လျှော့ပြောသော်လဲ အလွန် ဈေးကြီးလျက်ပင် ရှိနေသောကြောင့် တောသား များက "ကျုပ်တို့ မဆစ်ဝံ့ပါဘူး ခင်ဗျား၊ သွားပါ ဦးမယ်"ဟု ပြောရာ ဆိုင်ရှင်မိန်းမက ဒေါသမာနနှင့် ထ၍ ရိုက်နှက်တော့မလို မျက်နှာကြီး ညိုညိုနှင့် ဆိုလိုက် ပြောလိုက် "ရှင်တို့ တောသားတွေဟာ ပိုက်ဆံမပါဘဲနှင့် အလကား ဆိုင်ကို လာကြတယ်။ သည်လိုအထည်မျိုးကို ရှင်တို့နှင့်တန်တယ်ထင်လို့ မေးတာလား၊ မရာမရောက် တောင်ကမျောက်တွေ မြို့ကိုလာလို့ လူပုံတွေကဖြင့် နှစ်ပြားမှ မတန်ဘဲနှင့် ဟန်ကြီးပန်ကြီးလုပ်လို့ ကုန်ကို လာဆစ်ရသေး တယ်"ဟု မောင်းမဲ ကြိမ်းဝါးလျက် အစိမ်းစားတော့ မလို ထန်သောအခါ တောသားများက "မမတို့မြို့ သူများဆိုတာ ယဉ်ကျေးစွာ ပြောဆိုတတ်တယ်လို့ ကျုပ်တို့ ကြားဖူးပါတယ်။ တောသားများကို နှိပ်စက် သော်လဲ ဂုဏ်တက်ဖို့ မရှိပါဘူး"ဆိုပြီး ထသွားရှာကြ လေ၏။

ယဉ်ကျေးသောမြို့သူက ရိုင်းသော တော သားများအပေါ်မှာ မညှာမတာ ပြောနေသည်ကို မောင်သက်တင် မြင်ရာ

အင်း မြန်မာကိုယ်တော်မတွေလဲ ရုပ်ရည်က
လုပ်ပါဘိသနှင့် နှုတ်ထွက်ပုံကဖြင့် ရုပ်နှင့်
မလိုက်ရှာဘူး။ မြို့သူဆိုင်ကြီးရှင်တွေဟာ
တောကလာတဲ့ လယ်သမားကိုဖြင့် တယ်
နိုင်ကြပါကလား။

ဟု စဉ်းစားလျက် အမျိုးသားချင်းချင်း မညှာမတာဘဲ နိုင်ရာတွင် ဖိစီးတက်ကြသည်ဟုသတိ သံဝေဂရစွာနှင့် သိမ်ကြီးဈေးက ထွက်ခဲ့ပြီးလျှင် မြန်မာလူမျိုးများ ကုမ္ပဏီဖွဲ့၍ ရောင်းချသော တိုက် ကြီးတစ်ခုသို့ သွားလေ၏။

ထိုမြန်မာ တိုက်ဆိုင်ကြီးထဲမှာ ရဟန်းတော် တစ်ပါး ကုန်ဝယ်နေသည်ကို တွေ့ရှိရလေ၏။ ထို ရဟန်းတော်၏ အရွယ်မှာ လေးဆယ်ကျော်ခန့်ရှိ၍ ပါဠိဂါထာ အရွတ်ကောင်းသော ဓမ္မကထိက ပုဂ္ဂိုလ် ဟု ထင်ပေါ်ကျော်စောလျက် ရောဝတီမြစ်ရိုး တစ် လျှောက်မှာ အတော်မောက်သော ဆရာတော်ကလေး ဖြစ်လေသည်။

ဆရာတော်ကလေးက မြန်မာတိုက်ကြီးမှာ မျက်နှာသုတ်ပဝါကောင်း အလိုရှိ၍ ပြပါဆိုသည်နှင့် ကုန်ရောင်းသော စာရေးများက အကောင်းထက် အကောင်းကို ထုတ်ပြကြရာ ဒါယကာများ မြှောက် သဖြင့် စိတ်မာန ရောက်နေသော ဆရာတော်ကလေး က "မင်းတို့ပြတဲ့ မျက်နှာသုတ်ပဝါဟာ ငါ့ကျောင်း မှာ ခြေသုတ်ပဝါ လုပ်တာလောက်မှ မကောင်းဘူး။ မင်းတို့ မြန်မာတွေဆိုင်မှာ ကုန်ကောင်းကိုထားလို့ မရောင်းနိုင်ကြဘူး။ အလကားပဲ လူမျိုးခြားတွေနှင့် တယ်ကွာတာကိုး။ ဒါကြောင့် မကြီးပွားဘဲ ငုတ်တုတ် ငုတ်တုတ် နေကြတာပဲ"ဟု မောင်းမဲပြီး ပုလ်ဟန် နင်းကာ တိုက်ထဲမှ ထွက်သွားပြီးလျှင် လူမျိုးခြား ရောင်းသော တိုက်တစ်ခုသို့ ဝင်သွားပြန်လေ၏။

မောင်သက်တင်သည် ဘုန်းကြီး အမူအရာ ကို မြင်လျှင် "အင်မတန် မောက်တဲ့ ဘုန်းကြီးပါ ကလား။ ဟိုဆိုင်ရောက်တဲ့အခါလဲ သည်လိုပဲ ထန် ဦးမှာ ထင်ပါရဲ့"ဟု စဉ်းစားပြီး ဘုန်းကြီး သတ္တိကို

WWW.DHAMMARANSI.COM



ဦးရွှေဖောင်ဆိုင်သို့ သွားရောက် ကြည့်ရှုရာ ယခင်တစ်ခါ မြင်ရတုန်းကကဲ့သို့ ကြီးကြီး ကျယ်ကျယ် မရှိဘဲ အခြေအနေ သေးသိမ်စွာ ရှိသည်ကို တွေ့ရလေ၏။

မောင်သက်တင်သည် ဦးရွှေဖောင်နှင့် ရှေးကပင် သိကျွမ်းရင်းဖြစ်သည်ပြင် ကွယ်လွန်သူ မိမိဖခင် ဦးသာလှိုင်နှင့်လည်း သူငယ်ချင်း ဖြစ်ကြသည်နှင့် ဆိုင်သို့ ဝင်သွားပြီးလျှင် မျက်နှာ ချိုချိုသာသာနှင့် "ဦး အရောင်းအဝယ်များ တော်တော် နေရာကျပါရဲ့လား ခင်ဗျား"

ဟု မေးလေရာ ဦးရွှေဖောင်က

မောင် မြင်တဲ့အတိုင်းပဲ ကုန်တွေက ဈေးများ အရောင်းအဝယ်က ပါးရှားလွန်းလို့ အားမရှိပါဘူး မောင်၊ ရှေးကလိုတောင်မှ ဆိုင်ကို ကြီးကြီးကျယ်ကျယ် မဖွင့်နိုင်တော့ဘူး။

ဟု ဝမ်းနည်းသံနှင့် ပြန်ပြောလေ၏။

(သက်) ဦးကတော့ အရောင်းအဝယ် မကောင်းဘူးလို့ ပြောတယ်။ ဟို မူလာမာမက် ဆိုင်မှာတော့ ဝယ်သူတွေ စည်စည်ကားကားနှင့် ဆိုင်ကြီးလဲ အပုံခမ်းနားနေပါပေါ့ကလား။ မြန်မာကုန်သည်များကတော့ ကြာလေလေ သေးနုတ် သိမ်ငယ်သွားတယ်။ လူမျိုးကွဲတွေကတော့ ကြာလေကြာလေ ကြီးပွားလာတယ်။ အဝယ်အရောင်းနှင့် ကုန်ကောင်း ကုန်ညံ့ ခြားနားလို့လား ခင်ဗျား။

(ဖောင်) အို ကုန်ဆိုတာ ဘာခြားနားမလဲ။ တစ်မျိုးတည်းပါပဲ။ ဝယ်သူတွေက ခြားနားလို့ ကြီးပွားခြင်း ဆုတ်ယုတ်ခြင်း ခြားနားသွားတာပေါ့ တူမောင်။

(သက်) ဟို ကုလားဆိုင်ကတော့ ဘာဖြစ်လို့ အရောင်းရ များတာလဲ။ ကျွန်တော်တို့ မြန်မာများက ကုလားဆိုင်ကိုချည်း သွားဝယ်ကြလို့လား။

သိရှိရန် နောက်ယောင်ခံ၍ လိုက်သွားရာ လူမျိုးခြားဆိုင်မှာ မျက်နှာသုတ်ပဝါ ကြည့်၍ နေသည်ကိုပင် တွေ့မြင်ပြန်လေ၏။

ထို ဓမ္မကထိက ဆရာတော်သည် လူမျိုးကွဲဆိုင်သို့ ရောက်သောအခါ မြန်မာဆိုင်မှာကဲ့သို့ လေပြင်းမတိုက်ဘဲ ခပ်ရွှံ့ရွှံ့လေပျော့ကလေးနှင့် မျက်နှာသုတ်ပဝါကို ရွေးချယ် ကြည့်ရှုနေရာ အချိန်အတော်ကြာသွားသည်နှင့် ဆိုင်ရှင် လူမျိုးကွဲ တစ်ယောက်က "ဗမာဘုန်းကြီး ဝယ်လျှင် မြန်မြန်ဝယ်။ မဝယ်ဘဲနှင့် အလကား ဆိုင်မှာ ရှုပ်မနေနှင့်။ ကျုပ်တို့မှာ အလွန် အလုပ်များတယ် သွားသွား" ဆိုသောအခါ ဘုန်းကြီးက မျက်နှာကို ချိုချိုထား၊ စကားခပ်ပျော့ပျော့နှင့် မြန်မာဆိုင်မှာလို ထန်နိုင် မာန်နိုင် တော်မမူဘဲ တွေ့သမျှကိုသာ ဝယ်ခြမ်းပြီးလျှင် "အဟမ်း အဟမ်း" ဆိုတဲ့ မာနကိုနှိပ်ပြီး ဣန္ဒြေရရ မျက်နှာသေကလေးနှင့် တိုက်ထဲမှ ဆင်းသွားသည်ကို တွေ့ရှိလေ၏။

မောင်သက်တင်က ဓမ္မကထိကဆရာတော်၏ ဖြစ်ပုံကို မြင်လျှင် ဆင်ခြင် စဉ်းစားသည်မှာ "သြော် သံဃာတော်အရှင်မြတ်ဘုရားများလဲ ကိုယ်နိုင်တဲ့ မြန်မာတွေအပေါ်မှာတော့ အာဏာတော်ပြင်းထန်၍ မင်းမာန် တက်တော်မူကြသော်လဲ လူမျိုးကွဲများနှင့်ကျတော့ မာန်မာနကို လျှော့ အလွန်ကြီး ပျော့တော်မူကြပါကလား" ဟု စဉ်းစားပြီးလျှင် မိမိဝန်စည် ပစ္စည်းများကို ယူ၍ ပြည်မြို့သို့ ပြန်လာခဲ့လေ၏။

ပြည်မြို့သို့ ရောက်၍ နှစ်ရက်သုံးရက် ရှိသောအခါ မြို့ပြပြည်ရွာတို့၏ အကြောင်းအရာကို စုံစမ်းလေ့ရှိသူ ဖြစ်သောကြောင့် ကောင်းမွန်စွာ ဝတ်စား၍ လမ်းလျှောက်သွားရာ မူလာမာမက်၏ ဆိုင်သည် ယခင်အခြေအနေထက် ခမ်းနားကြီးကျယ်စွာ ဖြစ်ပြီးလျှင် ဝယ်သူတို့ဖြင့် စည်ကားလျက် ရှိသည်ကို တွေ့ရှိရလေ၏။

WWW.DHAMMARANSI.COM



(မောင်) သည်လိုပါတူမောင်၊ ဟို–ကုလားဆိုင်မှာ မောင်ညာဘွားဆိုတဲ့ ဆိုင်ပွဲစားတစ်ယောက် ရှိတယ်။ လာသမျှ လူများကို ယောင်ယောင်မှားမှား ဖြစ်အောင် သွန်သင်ပြီး ကော်မရှင်ရတဲ့အတွက် ကုလားဆိုင်ထဲကို ချည်း ဆွဲသွင်းတယ်။ ဆိုင်ရှင်ကလဲ ငွေများများ ဝယ်တဲ့သူကို လက်ဆောင်နှင့် မြှူပြီး ဝယ်သူလာအောင် အတော် အဆွဲကောင်းတာကလား။ ဒါကြောင့် ဦးတို့ ဆိုင်မှာ လူခြောက်ပြီး ဟို– ကုလားဆိုင်ကို ရောက်သွားကုန်တာပေါ့။

(သက်) ဩော် သည်လိုလား။ မောင်ညာဘွားဆိုတဲ့ လူဟာ မုဆိုးလက် ရောက်နေတဲ့ တည်ကြက်လို ဖြစ်နေပေါ့ကိုး။ တည်ကြက်များဟာ မုဆိုး အကျိုးရှိအောင် အမျိုးတူ ဖြစ်တဲ့ကြက်တွေကို မိမိအသံနှင့်ခေါ်ဆောင်ပြီး လှောင်အိမ် ကျော့ကွင်းထဲကို သွင်းတယ် ဦးရဲ့၊ ကျွန်တော်တို့ မြန်မာများလဲ အမျိုးသားအတွက် သတိတရားရဖို့ အချိန်ရောက်လျက်သားနှင့် များများကြီး သတိမရသေးဘူးလို့ ကျွန်တော် ထင်တာပဲ။ ကဲဒါဖြင့် ဦးရယ် ကျွန်တော်လဲ ကျောင်းက ထွက်လို့ အလုပ် မလုပ်သေးဘဲ အားလပ်တဲ့အခါ မြန်မာများ သတိတရားရရှိအောင် ကျွန်တော် အကျိုးဆောင်လိုက်ပါဦးမယ်။

ဟု ပြောပြီး

မယ်ခင်ကော ဘယ်သွားနေသလဲ။

ဟု မေးရာ

ဟောဟိုစားပွဲမှာ စာကြည့်နေတယ် ထင်ပါရဲ့၊ နှုတ်ဆက်လိုက်စမ်းပါဦး။

ဆိုသည်နှင့် မောင်သက်တင်သည် မယ်ခင်၏ စားပွဲအနီးသို့ သွားပြီး၍ အချင်းချင်း အလ္လာပသလ္လာပစကား ပြောဆိုကြသည်မှာ

(သက်) ဘယ့်နှယ် မယ်ခင် တယ်အလုပ် များနေ ထင်ပါရဲ့။

(ခင်) အလုပ်တော့ တယ်မများလှပါဘူးရှင်။ နေပါဦး။ ဘယ်တော့ ရန်ကုန်က ပြန်လာသလဲ။

(သက်) သုံးလေးရက်ပဲ ရှိပါသေးတယ်။

(ခင်) ကိုသက်တင်ဖြင့် ဘီအေအောင်လာပြီပေါ့လေ။

(သက်) ဘီအေနှင့် ဝေးပါသေးရဲ့။ လေးဘူတာလောက် လိုသေးတယ်။ ဆယ်တန်းဖြင့် အောင်ခဲ့ပေါ့။ နောင်လဲ ဆက်ပြီး ကျောင်းမနေဘူးလို့ စိတ်ချလိုက်တာပဲ။

(ခင်) သင်ပါဦးတော့လားရှင်။ ယခုကာလမှာ ဘီအေအောင်မှ နာမည်ကြီးတယ် မဟုတ်လား။

(သက်) ယခုတော့ ရှေးကလို နာမည်မကြီးလှပါဘူး။ ဘီအေတွေလဲ ဈေးလျှော့ကုန်ပါပြီ။

(ခင်) ရှင့်ဆယ်တန်းကလေးနှင့် ဘယ်လို အလုပ်မျိုးကို လုပ်စားမလဲ။

(သက်) ရာထူးကို မမျှော်လျှင် တော်တော် လုပ်စရာတွေ များပါရဲ့။ မိမိကိုယ်မိမိ အစိုးရတဲ့ အလုပ်များကိုသာ ကြံစည်နေတာပါပဲ။ နေစမ်းပါဦး။ ယခု မယ်ခင် ဖတ်နေတာ ဘာစာအုပ်လဲ။

(ခင်) ဒါက ခင်မြင့်ကြီး ဝတ္ထုစာအုပ်ရှင့်။ ဒါက တင်တင်မြ စာအုပ်ရှင့်။ ဒါက သန်းသန်း စာအုပ်ရှင့်။

(သက်) အို ယခုပြောတဲ့ စာအုပ်များကို ဖတ်လျှင် စိတ်ကြီးဝင်ပြီး နုနုယဉ်ယဉ်နှင့် စိတ်သဘော ပြောင်းသွားတယ်လို့ ကြားဖူးပါတယ်။ တချို့ကလဲ ဖတ်စရာ မကောင်းဘူးလို့ ပြောကြပါကလား။

(ခင်) စာသွားစာလာကို နားမလည်လို့ ပြောကြတာပဲရှင်။ ဝတ္ထုစာအုပ်ထဲမှာဖြင့် ရှင်ဘုရင်

WWW.DHAMMARANSI.COM



ပါပဲ။ စိတ်မခိုင်တဲ့ လူများတော့ စိတ်ပြောင်းတယ်ဆိုတာ ဟုတ်စရာရှိပါရဲ့။ ရေးသားပုံတွေက အချက်တိုင်း မိမိပြီး ပီတိဖြစ်အောင် အတော် ဆောင်နိုင်တဲ့ စာအုပ်ကိုးရှင့်။ ကျွန်မ ဥပမာတစ်ခု ပြောပါမယ်။ 'မစွမ်းရင်းကရှိ၊ ကစွန်းခင်းကလဲ ငြိ'ဆိုတဲ့ စကားလို ဓာတ်ခံသေးတဲ့ လူများတော့ စာကသွေးဆောင်တိုင်း ကြွကြွပြီး တက်ကြမှာပဲ။ ရှေးက ဘုန်းတော်ကြီး တစ်ပါးဟာ သူ့ကို ပင့်တဲ့အခါ ဆိုင်းအတီးအမှုတ် မပါရဘူးလို့ တားမြစ်သတဲ့ရှင်။ သည်တော့လူတွေက သြော် အလွန်ခြိုးခြံတဲ့ ကိုယ်တော်ကြီးပဲလို့ ဝိုင်းပြီး ကြည်ညိုကြတယ်။ ပင့်တဲ့အခါ အတီးအမှုတ်များကို မတီးဘဲ ရပ်ဆိုင်းထားရသတဲ့။ တစ်နေ့တော့ ဒါယကာများက ဘုန်းကြီးအမိန့်ကို သတိမရတာနှင့် ရေစက်ချအပြီး ဆိုင်းကို ယောင်လို့ တီးလိုက်တော့ ဘုန်းကြီးက ယပ်တောင်ထမ်းပြီး 'က'ရောတဲ့ ကိုသက်တင်ရဲ့။ သည်တော့ အလှူရှင်က သည်းခံတော်မူပါဘုရား။ အရှင်ဘုရားက အတီးအမှုတ်ကို တားမြစ်တော်မူသည်မှာ ဆိုင်းကို မုန်းလို့ မဟုတ်ဘဲကိုး ဘုရားဟု လျှောက်တဲ့အခါ "ဟေ့ ဒကာ ငါက ဆိုင်းကိုပိတ်ပင်တာ မကြိုက်လို့ မဟုတ်ဘူး။ ဆိုင်းသံကြားလျှင် အူရွှင်ပြီး က–ချင် ခုန်–ချင် ရှိလွန်းလို့ ငါတားမြစ်တာ" ဆိုပြီး ကွတော်မူပါရောတဲ့ ကိုသက်တင်ရဲ့။ သည်ဘုန်းကြီး စိတ်သဘောမျိုးလို ရှိတဲ့လူတွေက စာအုပ်ကို ဖတ်တဲ့အခါ လူပျက်စီးတယ် ဘာဖြစ်တယ်လို့ ပြောတာ ထင်ပါရဲ့ရှင်။ ခင်မြင့်ကြီး၊ တင်တင်မြဆိုတာ အရသာပါအောင် ရေးပုံသားပုံမှာ အလွန်နေရာကျတာကလား။ စာသွား စာလာ အရသာ မခံစားတတ်တဲ့ သူများတော့ ပြောဖို့ မရှိပါဘူး။ လျှာပျက်နေတဲ့ လူလို ဘယ်လိုအရသာမျိုးကိုပဲ ကျွေးကျွေး လျှာပေါ်မှာ အရသာ မပေါ်နိုင်ဘူးရှင့်။

လက်ဝါးမှာ အနာရောဂါရှိတဲ့လူများ လဲ ရေမွှေးတို့ နံ့သာဆီတို့ ကိုင်လျှင် စပ်သတဲ့ရှင့်။

(စကားမဆုံးခင် မောင်သက်တင်က)

ဥပမာတင်ပြီး မယ်ခင်ပြောပြမှ ကျုပ်လဲ သဘောကျတော့တယ်။ ရှေးကဖြင့် အထင်ခပ်လွဲလွဲ နေမိတာပဲ။ ကဲ–သွားပါရစေဦး။ နောက်မှ လာခဲ့ပါဦးမယ် ဆိုပြီး သူငယ်ချင်းတို့၏ သဘောမျိုးနှင့် ရိုးရိုးပြောဆို နှုတ်ဆက်ပြီးလျှင် မောင်သက်တင် ထွက်သွားလေ၏။

မောင်သက်တင်သည် ရန်ကုန်မြို့ ကျောင်းမှာ စာသင်နေစဉ် သုစရိတယုဝအသင်းမှာ ပါဝင်၍ အသက်အရွယ် အငယ်သား စိတ်သဘော ကြီးကြီးထားလျက် အမျိုးသားတို့၏ အကျိုးကို သည်ပိုး ရွက်ဆောင်ရန်အတွက် အတ္တဟိတကို မငဲ့ကွက် ပရဟိတဘက်သို့သာ ယိုင်လဲနေသောစိတ် ရှိသူ ဖြစ်သောကြောင့် မြန်မာအမျိုးသားတို့ အလုပ်ကို ကြီးပွားစေရန် ကူညီလိုသဖြင့် မြို့ထဲမှာ လှည့်လည်ပြီးလျှင် "အမျိုးသားများကို များစွာညှာသင့်ကြောင်း၊ ယခု မြန်မာနိုင်ငံမှာ အမျိုးသားတို့၏ အလုပ်အကိုင်များသည် ကြီးပွား တိုးတက်သည်ဟု မရှိဘဲ လူမျိုးကွဲတို့၏ အလုပ်များကသာလျှင် တိုးပွားကြီးကျယ်၍ လာသဖြင့် အမျိုးသားများ နစ်နာလျက် ရှိကြောင်း၊ အမျိုးသားတို့၏ အလုပ်ကို တိုင်ပင် ကူညီသင့်ကြောင့် လူမျိုးခြားဆိုင်နှင့် မြန်မာဆိုင်များ ရှိကြရာ အမျိုးသားတို့ ဆိုင်မှာသာလျှင် ဝယ်ယူသင့်ကြောင်း စသည်များကို လူအပေါင်းတို့ စိတ်နှလုံးသို့ ထိခိုက်လေအောင် ဥပမာ ဥပမေယျ ဆောင်လျက် သက်သေတင်ပြကာ ပြောဟောလေ၏။

WWW.DHAMMARANSI.COM



မောင်သက်တင်သည်ကား လူကြီးလူကောင်း တစ်ဦး၏ သားဖြစ်သည့်ပြင် အမျိုးသားကို ညာတာ သူတစ်ဦး ဖြစ်ကြောင်းကို ထင်ရှား သိရှိကြသည် နှင့် သူပြောပြောသော စကားများကို တစ်စတစ်စ နားဝင်၊ အမျိုးသားကို ချစ်ခင်သောစိတ် ရှိလာကြ ပြီးလျှင် မြန်မာဆိုင်သို့ ယိုင်၍လဲပါသော စေတနာ မေတ္တာဖြင့် ရေ့ကကဲ့သို့ ကုလားဆိုင်မှာ မဝယ်ဘဲ မြန်မာဆိုင်မှာသာ များစွာ ဝယ်ခြမ်းကြလေ၏။

ပြည်မြို့၌ ရှိကြသော လူများတို့၏ စိတ် ဆန္ဒ အလေ့ဝါသနာကောင်းကြီး တစ်ခုမှာ တစ်စုံ တစ်ခုသော အမှုကို ဆောင်ရွက်မည် ဆိုပါလျှင် တစ်မြို့လုံး ညီညာတတ်သော အလေ့ ရှိသည့်အတိုင်း တစ်စတစ်စ မြန်မာဆိုင်သို့ ညွတ်ယိုင်သော မေတ္တာ စေတနာသည် များမကြာမီ ကြီးပွားလာသဖြင့် ကုလားဆိုင်သို့ ပြန်စောင်းမျှ မကြည့်ဘဲ တစ်မြို့လုံး မြန်မာဆိုင်ကို အသုံးပြုကြလေ၏။

ပြည်မြို့ ကျေးလက်တွင် ရှိနေကြကုန်သော တောရွာသူ တောရွာသားတို့ကလည်း ပြည်မြို့၏ အလေ့အလာကို လိုက်နာကြ၍ မြန်မာဆိုင်သို့သာ လျှင် သွားလာ ဝင်ထွက်ခါ ဝယ်ခြမ်းကြလေကုန်၏။

ဦးရွှေဖောင်ဆိုင်မှာ လွန်စွာ စည်ကား ဝယ်သူ များသည်နှင့် ရောင်းကုန်ပါးရှားသောအခါ မောင်သက်တင်က ဆိုင်ရာဆိုင်ရာ အမြို့မြို့သို့ မှာထား ကူညီပေးလေ၏။ ထို့ပြင် ဆိုင်၌ ခင်းကျင်း စီစဉ်ပုံများနှင့် စာရင်းအင်းများကိုလည်း ကျနသေချာ စွာ ရှိအောင် အမျိုးသားချင်း အကျိုးဆောင်၍ စောင် စောင်မမ ပြုလေရာ နောက်အတန်ကြာသောအခါ ကံဇာတာလည်း တက်တိုး။ အမျိုးသားကလည်း ကူညီသည်နှင့် ဦးရွှေဖောင်တို့ဆိုင်သည် သိသိ သာ သာ ကြီးပွားလာပြီးလျှင် ယခင်အခြေအနေထက်ပင် ကြီးကျယ် ခမ်းနား၍ လာလေ၏။

မောင်သက်တင်၏ ကူညီစောင်မခြင်းမှာ အချို့လူများက မယ်ခင်၏ မျက်နှာကြောင့် တဏှာ ပေမ နှီးဆော်သဖြင့် အကျိုးမျှော်လျက် ကူညီသည်ဟု ထင်မြင်ကြသော်လည်း မောင်သက်တင်၏ စိတ်မှာ ဝံသာနုရက္ခိတသဘောမှတစ်ပါး အခြား ရှုပ်ထွေး သော စိတ်မရှိဘဲ စင်ကြယ်လျက်ပင် ရှိလေသည်။

*

## မူလာမာမက်နှင့် မောင်ညာဘွားတို့ မတရား ကြံစည်ခန်း

မူလာမာမက်ဆိုင်မှာ သိသိသာသာ အကျိုး ဆုတ်ယုတ်သွားသောအခါ ဆိုင်ရှင်နှင့် ဆိုင်ပွဲစားတို့ တီးတိုးစကား ပြောကြသည်မှာ–

(မူလာ) ခင်ဗျားတို့ မြန်မာလူမျိုးများ အစွမ်းသတ္တိ ဟာ ကောက်ရိုးမီးပုံကဲ့သို့ တဟုန်ထိုးမျှသာ သတ္တိရှိမှန်း ယခုမှ သိရတယ်။

(ညာ) ဘာကြောင့်လဲ ခင်ဗျား။

(မူလာ) ယခင်က ခင်ဗျား အပြောကောင်းလို့ ကျုပ် ဆိုင်မှာအရောင်းရများပြီး ယခုတော့အလွန် ပါးနေလို့ စီးပွားတောင် လစ်ဟင်းကုန်ပြီ။ ဟို မယ်ခင်တို့ ဆိုင်ကတော့ တစ်နေ့တခြား သိသိသာသာ တိုးပွားလာလိုက်တာ ယခု တော့ ကျုပ်တို့ထက် သာသွားပါပကော။

(ညာ) သည်လိုပေါ့ ခင်ဗျား။ လောကဓံ တရား ဆိုတာ ရေစီးတစ်ခါ ရေသာတစ်လှည့်...

(စကားမဆုံးခင် မူလာက ဆက်ပြီး မျက်နှာ ထား ခပ်ကြီးကြီးနှင့်)

ခင်ဗျားတို့ မြန်မာလူမျိုး စကားပုံတွေကို မပြောပါနှင့်။ ဘယ်က လောကဓံတရားလဲ ကံကိုသာ ကိုးစားပြီး အကျိုးမများတဲ့ လူ ဖျင်းအလေ့တွေကို မပြောပါနှင့်။ ခင်ဗျား အစွမ်းသတ္တိဟာ သည်လောက်ပဲ ရှိသလား။ ခင်ဗျားလဲ ကော်မရှင် မရတာ အတူတူ ပွဲစား မလုပ်ပါနှင့်တော့ဗျာ။ ကျုပ်တို့ ဘာသာ ဖြစ်သလို ရောင်းပါတော့မယ်။

(မောင်ညာဘွားက မိမိအပေါ်မှာ မျက်နှာ မသာဘဲ ခပ်ဖယ်ဖယ် ပြောသည်နှင့် ရုတ်တရက်

WWW.DHAMMARANSI.COM



စိတ်အားငယ်သွားပြီးလျှင် 'သခင်အားရ ကျွန်ဒဏ်ဝ' ဆိုသော သဘောထားနှင့်)

သည်မြန်မာဆိုင်ကို မနိုင်နိုင်အောင် ကျုပ်ကြိုးစည်ပါမယ်။ ကျုပ်သတ္တိကို သိရရောပေါ့ခင်ဗျာ။ မြန်မာဆိုင်ဟာ ထိုင်ရာက ရတ်တရက် ထလာတဲ့အကြောင်းက သည်လိုပါ။ သက်တင်ဆိုတဲ့ အင်္ဂလိပ်ကျောင်းထွက်ခါစ သူငယ်ကလေး တစ်ကောင်က တောင်တောင်မြောက်မြောက် ရောက်တတ်ရာရာ နဝေနဝါနှင့် မြန်မာအမျိုးသားချင်းချစ်ခင်ချီးမြှောက်ဖို့ တရားဟောနေတယ်။ သည့်အတွက် မြန်မာတွေဟာလဲ ဝံသာနုရက္ခိတဆိုတဲ့ အသံကို နားခံပြီး မြန်မာဘက်သို့ ယိုင်လဲ သွားကြပါရော။ သည်ပြင်လဲ ကုန်မှာကုန်ထား စာရင်းအင်း ရေးသားပုံနှင့်တကွ ကျကျနနရှိအောင် အုပ်စီးပြီး စီမံ နေတယ်။ သည်အကောင်ကို ဖြုတ်နိုင်လျှင်ဖြင့် ကျုပ်တို့ ရန်ဆူးရန်ညောင့် ရှင်းပြီး စီးပွားလမ်း ပွင့်လင်းလာမှာပါပဲ။

(မူလာ) ဪ သည်လိုလား။ ဘာအကျိုးကို မျှော်တွေးပြီး သင်းက သည်လိုလုပ်ရသလဲ။

(ညာ) တည့်တည့် ပြောရမှာဖြင့် ခင်ဗျား မျက်စောင်း ထိုးနေတဲ့ မယ်ခင်က ယဉ်လဲယဉ် ချောလဲချော အပြောအဆို နဂိုရုပ် မူလမှန်၊ ဟန်ချင်တိုင်း ဟန်နေလို့ အင်မတန်မှ မက်စရာ ကောင်းလေတော့ သည်ကောင်မကလေးကို ချောင်းမြောင်းပြီး ကောင်းကောင်းကြီး ကူညီနေတာပေါ့။ နောက်ပိုးတဲ့ ဖွဲ့ရှိမှဖြင့် လဲလို့ပဲသေသေ ပေပေ ထေထေ အားစိုက်ကြစမြဲပါပဲ။

(မူလာက လက်ညှိုးကို ခွေကာ ကိုက်ပြီးလျှင်)

အို ဒါဖြင့် သည်အကောင်ဟာ ကျုပ်နှင့် ရန်စနစ်ခု ထွက်အောင် ထူထောင်တဲ့ အကောင် ဖြစ်နေပါပေါ့ကလား။

(ညာ) ဘယ်လို ရန်စနစ်ခုလဲ။

(မူလာ) ကျုပ်ဆိုင်ကို ပျက်စီးအောင် လုပ်တာက တစ်ခု၊ ကျုပ်ဆွတ်ဖို့ မှန်းထားတဲ့ ပန်းကလေးတစ်ပွင့်ကို သူရအောင် ချောင်းနေတာက တစ်မျိုး။

(ညာ) ဪ ဟုတ်တယ်။ ဟုတ်တယ်။ သည်အကောင်ကို ဖြုတ်ရအောင် ကျုပ်ကြံချင်သလို ကြံမယ်။ ပိုက်ဆံကုန်ခံနိုင်မယ် မဟုတ်လား။

(မူလာ) ရန်သူဆိုတာ ကြာကြာမွေးထားဖို့ ကောင်းတာ မဟုတ်ဘူး။ ဖြုတ်သာ ဖြုတ်ပါ။ ကျုပ်တာဝန်ရှိပါစေ။ သည်လိုအရာမှာမှ ငွေ မဖြုန်းလျှင် ဘယ်လိုနေရာမှာ သုံးမလဲ။

(ညာ) ကဲ ဒါဖြင့် စိတ်သာချပါ။ သတ္တဝါကလေးကို ညှဉ်းပြပါမည်။

ဆိုပြီး ထွက်သွားလေ၏။

မောင်ညာဘွားသည် ရွက်အုပ်သီး မိုက်၍ နေသော လူမိုက်ကလေး သုံးလေးယောက်နှင့် ပေါင်းသင်းပြီးလျှင် သုံးလိုက်စွဲလိုက် ကျွေးလိုက် မွေးလိုက်နှင့် အရက်တိုက်၍ ချော့မော့ ဖြားယောင်းရာ များစွာ သင့်မြတ်ကြလေ၏။

မောင်ညာဘွား ပေါင်းသင်းသော လူမိုက်များအနက် မောင်ထွန်းဖြူဆိုသော သူမှာ အင်္ဂလိပ်စာ အတော်အတန် တတ်မြောက်၍ မိကောင်းဖခင်၏ သားတစ်ယောက် ဖြစ်ပြီးလျှင် လူရာသူရာလည်း အတော်ဝင်၏။ ရွက်အုပ်သီး ဆိုးနေသူ ဖြစ်သောကြောင့် အရေးရှိလျှင် ငွေပေး၍ အကြံဆိုးများကို ကြံစည်ခိုင်းကြကုန်၏။

(ရွက်အုပ်သီးဆိုး၍ နေသည်ဆိုရာမှာ မိမိကိုယ်တိုင် ဆိုးဝံ့သည် မဟုတ်။ လူမိုက်ကလေးတွေကို မွေး၍ လူမိုက်ကြေး ရရှိသောငွေနှင့် ဝေစားမျှစား လူမိုက် ကံထရိုက်ကြီး ပြုလုပ်၍နေသူဖြစ်လေသည်။)

ကစ်နေ့သောအခါ မောင်ညာဘွားနှင့်မောင်ထွန်းဖြူတို့ တိတ်တဆိတ် တိုင်ပင်ပြောဆို နေကြသည်မှာ

WWW.DHAMMARANSI.COM



(ညာ) ဘယ်နှယ်လဲ၊ တစ်နေ့က ကျုပ်ပြောတဲ့ အလုပ်ကို ခပ်မြန်မြန် အောင်မြင်သွားအောင် မလုပ်နိုင်ဘူးလား။

(ဖြူ) အင်း လုပ်မယ်ဆိုတော့လွယ်ပါရဲ့။ သို့သော် မောင်သက်တင်နှင့် ငယ်ငယ်က ကျောင်းအတူတူ နေခဲ့ဖူးလို့ စိတ်ထဲက နည်းနည်း သနားနေတယ်။ ခင်ဗျား တိုက်တွန်းတာကလဲ အသက် သေဆုံးသည်တိုင်အောင် ဆိုတော့ အလွန်လန့်စရာ ကောင်းတာကလား။

(ညာ) မောင့်စိတ်ထဲမှာ သနားတဲ့ ကရုဏာများ ရှိသေးတာလဲ အံ့ဩစရာပဲ။ ဘာကြောင့် လန့်နေရတာလဲ။

(ဖြူ) လူမိုက်ဆိုပေတယ်လို့ အမြဲ မိုက်နေကြတာ မဟုတ်ဘူး။ တစ်ခါတစ်ခါလဲ အလိမ္မာ သွေး ဝင်ဝင်လာသေးတယ်။ လန့်တာကတော့ မရဲလို့ မဟုတ်ပါဘူး။ သနားတဲ့ အတွက် အတင်းကြံလိုက်တဲ့အခါ မရှုမလှ မြင်ရမှာကို လန့်တာပါ။ သည့်ပြင် ကျုပ်နှင့်လဲ ရန်စဘယ်တော့မှ မရှိဖူးဘူး။

(ညာ) ဒါဖြင့် ထောင်ကျအောင် တတ်နိုင်ပါ့ မလား။ ငွေများများ ရမယ့် အလုပ်ပါမောင်။

(ထွန်းဖြူက အတန်ကြာ စဉ်းစားပြီးလျှင် ဆယ်မိနစ်ခန့်ကြာသောအခါ အနားမှာရှိသော အရက်ခွက်ကို မော့၍ သောက်လိုက်ပြီးမှ...)

ခင်ဗျား ပြောတဲ့ကိစ္စကို ဆောင်လျှင် ငွေနှစ်ထောင် ပေးရလိမ့်မည်။

ဟု ခပ်ထန်ထန် ပြောလေ၏။

(ညာ) ပေးနိုင်ပါတယ်။ အောင်မြင်ဖို့သာ ရွက်ဆောင်ပေးပါ။

(ဖြူ) ဒါဖြင့် ရှေးဦးစွာ လက်ငင်း ငွေတစ်ထောင် ပေး။ အကြံအောင်တော့ ငွေတစ်ထောင် ထပ်ပေး ရလိမ့်မယ်။

(ညာ) ပေးပါမယ်လေ။ ငွေကိုတော့ စိတ်ချပါတော့။

(ဖြူ) ဒါဖြင့် ယခုချက်ချင်း ငွေတစ်ထောင် သွားယူပါ။

ဆိုသဖြင့် မောင်ညာဘွားသည် မူလာထံသို့ လာခဲ့ပြီးလျှင် အကြောင်းမျိုးစုံ ပြောပြရာ မူလာကလည်း သဘောကျသည်နှင့် ငွေတစ်ထောင် ပေးလိုက်လေ၏။

မောင်ညာဘွားသည် မောင်ထွန်းဖြူထံ သွား၍ ငွေတစ်ထောင်ကို ပေးပြီးလျှင်

ကဲ မြန်မြန်သာ ရွက်ဆောင်ပါ။ သည်အကောင် ထောင်ကျတာကို ကျုပ် မြင်ချင်လှပြီ။

ဟု ပြောလျှင် ထွန်းဖြူက

စိတ်သာချပါ။ နောင်ခါ ကိစ္စပြီးတော့သာ ကျန်ငွေကို ထစ်ထစ်ငေါ့ငေါ့ လုပ်မထားပါနှင့်။ ကျုပ် အပေါ်မှာ တစ်ပတ်ရိုက်မယ်များ ကြံလျှင် ကေ့တ္တ ခင်ဗျားလည်ပင်းကို ဓားစာကျွေးရလိမ့်မယ်။ ဘယ်သူကိုမှ မညှာဘူး ဆိုတာ သိရဲ့မဟုတ်လား။ ကဲ ခင်ဗျား ပြန်တော့။

ဟု လွှတ်လိုက်ပြီးလျှင် ထွန်းဖြူသည် မိမိ မွေးထားသော လူမိုက်ကလေးများနှင့် ပျော်ပျော်ပါးပါး သောက်စား ယစ်မူးကြ၍ မောင်သက်တင်ကို နှိပ်စက်ရန်သာလျှင် ကြံစည်ဉာဏ်ထုတ်ကာ နေလေ၏။

ထွန်းဖြူ၏ စိတ်ထဲမှာ

*မောင်သက်တင်သည် လွန်စွာ သဘောကောင်း၍ ရိုးသားသူ သူငယ်ချင်း ဖြစ်သော်လည်း ငွေလိုချင်တဲ့အတွက်နှင့် တစ်ဖက်သတ် မျက်စိမှိတ်ပြီး ကြိတ်၍ ကြံရတော့မှပဲ။ သူတော်ကောင်းကို ပြစ်မှားဆိုတာ အပယ်လား ငရဲရောက်၍ မျက်မှောက်မှာလဲ လက်ငင်း ဒုက္ခတွေ့ရသတဲ့။ ဟယ် ဘာပဲဖြစ်ဖြစ် သူ့ငွေကို စားမိမှဖြင့် အပယ်လားသလေး မတရားသလေးနှင့် တွေးပြီး ကြောက်နေစရာ မရှိပါဘူး။ သည်ကိစ္စမှာတော့ လူချင်းချင်း တည့်အောင် ကပ်ပြီးပူးသတ်မှ နေရာကျမှာပဲ။*

WWW.DHAMMARANSI.COM



ဟု ပြောဆို မှာထားပြီးလျှင် ဒေါ်သောင်း အိမ်သို့ တိုင်ပင် ကြံစည်ရန် ထွက်သွားလေ၏။ ဒေါ်သောင်းဆိုသော မိန်းမကြီးသည်ကား မောင်ထွန်းဖြူ၏ အကြံအစည်မှာ ခဲခက်သော အရေးအရာ ရှိလျှင် ဝိုင်းဝန်းကြံစည်ကာ ဝေစု စားနေကြဖြစ်သော မိန်းမတစ်ဦး ဖြစ်လေ၏။ ဒေါ်သောင်းအိမ်သို့ ရောက်ရာ မောင်ထွန်းဖြူက ချက်ချင်း ငွေတစ်ရာ ထုတ်ပေးပြီးလျှင်

ညအခါ လူတစ်ယောက်ကို ကျုပ် သွေးဆောင်လာပါမည်။ ကျုပ်မျက်နှာ ကွယ်သောအခါ "လာကြပါ လာကြပါ"ဟု သံကုန်ဟစ်၍ အော်ပါ။ သည်အခါ ကျုပ်တပည့်များ တက်၍ ဖမ်းကြပါလိမ့်မည်။ ဂါတ်သို့ရောက်၍ စစ်ဆေးလျှင် အိမ်ပေါ်သို့ အတင်းကျော်နင်း၍ စောမြကို မတရား ကြံစည်ကြောင်းနှင့် အခိုင်အမြဲ ထွက်ဆိုပါ။ ယခု ကိစ္စအောင်လျှင် နောင်ခါ ငွေထပ်ရဖို့ ကိန်းဆင်ထားပြီး အများကြီး ရှိပါသေးတယ်

ဟု ပြောဆိုရာ ဒေါ်သောင်းကလည်း ထွန်းဖြူ၏ စကားအတိုင်း ရဲရင့်စွာ ဆောင်ရွက်ရန် အာမခံလေ၏။

ထိုနေ့ညနေ ၇–နာရီခွဲ အချိန်လောက်တွင် ထွန်းဖြူသည် မောင်သက်တင်ကို ဖြားယောင်းပြီးလျှင် ယနေ့ည လမ်းလျှောက်ရအောင် ဆို၍ ခေါ်လေရာ မောင်သက်တင်ကလည်း သူငယ်ချင်းသဘောနှင့် ရိုးရိုးသားသား ခေါ်ဆောင်သည် ထင်သောကြောင့် ထွန်းဖြူခေါ်ရာသို့ လိုက်ပါသွားရှာလေ၏။ ည ၁၀–နာရီသို့ တိုင်အောင် သွေးဆောင် ခေါ်ငင်သွားလေရာ ညဉ့်နက်သဖြင့် ပြန်ကြစို့ရဲ့ဟု မောင်သက်တင်က ပြောဆိုပါသော်လဲ

မကြောက်ပါနှင့် သူငယ်ချင်းရယ်။ မင်းအိမ်သို့ရောက်အောင် လိုက်ပို့ပါမယ်။ ဟောဟိုအိမ်ဟာ ကျုပ်အဒေါ်အိမ်ပါပဲ။ မရောက်

ဟု ကြံစည်ပြီးလျှင် ထိုနေ့ကစ၍ မောင်သက်တင်နှင့် အကျွမ်းဝင်အောင် ပေါင်းသင်းဆက်ဆံကာ နေလေ၏။

မောင်သက်တင်မှာ လွန်စွာ ရိုးသား ဖြောင့်မတ်၍ စိတ်သဘော နူးညံ့သူ ဖြစ်သောကြောင့် မိမိအပေါ်တွင် အကောက်ဉာဏ်ဆင်၍ ပူးပေါင်းလာသည်ဟု မထင်ဘဲ ကိုယ့်သဘောကဲ့သို့ပင် အရောတဝင် ရိုးရိုးသားသား ချစ်ခင်သည်ဟု ထင်လေသည်နှင့် မောင်ထွန်းဖြူ သဘောအတိုင်း လိုက်လျောညီစွာ ပေါင်းသင်း ဆက်ဆံကာ နေရှာလေ၏။

မောင်သက်တင်၏ စိတ်သည် ဦးရွှေဖောင်ဆိုင်မှာ မြန်မာအမျိုးသားချင်းချင်း ဆောင်ရွက်ကူညီရန် ဝတ္တရားအတိုင်း မည်သည့်အရာကိုမျှ မျှော်လင့်ချက် မရှိဘဲ ဆောင်ရွက်နေခဲ့ရာ မယ်ခင်၏စိတ်ထဲမှာကား မကြာမကြာ နီးကပ်စွာ တွေ့မြင်ရခြင်း ရယ်ရယ်မောမော စကားပြောဆိုရဖန် များခြင်း၊ မိမိတို့ အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်းများကြောင့် ချစ်ခင်စုံမက်သော ပီယစေတနာသည် နာရီတိုင်းတိုးတက်၍သာ နေလေ၏။ သို့ရာတွင် မောင်သက်တင်က တစ်စုံတစ်ရာမျှ ဣန္ဒြေမပျက်ဘဲ အရိုးခံ သက်သက်ရှိနေသဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ခြင်းကို ပြောဆိုခွင့်မရဘဲရှိလေသည်။

မောင်ထွန်းဖြူသည် တစ်နေ့သောအခါ တပည့်လက်သား လူမိုက်များနှင့် တိုင်ပင်သည်မှာ

ယနေ့ည ကြို့တန်းရပ်ဒေါ်သောင်းအိမ်သို့ သက်တင်ကို ငါသွေးဆောင်လာခဲ့မည်။ ဒေါ်သောင်းမှာလဲ စောမြဆိုတဲ့ နန့်တန့်တန့် သမီးကလေးတစ်ယောက် ရှိတာကို မင်းတို့သိကြတယ် မဟုတ်လား။ ငါ့အရိပ်အခြေကို မင်းတို့ကြည့်နေကြ၊ ဒေါ်သောင်းအိမ်နှင့် မနီးမဝေးမှာ မင်းတို့အခန့်သင့်ရှိကြစေရမည်။ အိမ်ပေါ်က အော်သံကြားလျှင် အတင်းတက်၍ သက်တင်ကို ဝိုင်းဖမ်းပြီး ဂါတ်သို့ပို့ကြရမည်။

WWW.DHAMMARANSI.COM



တာ အတော်ကြာသွားလို့ ခေတ္တ ဝင်စမ်း ကြစို့ရဲ့။

ဟု ပြောဆိုကာ ဒေါ်သောင်းအိမ်သို့ မောင်သက်တင်နှင့်အတူ တက်သွားကြလေ၏။

ဒေါ်သောင်းကလည်း စားဖွယ်သောက်ဖွယ်တို့နှင့် လက်ခံကျွေးမွေးပြီးလျှင် သမီးဖြစ်သူ စောမြနှင့်တကွ စကားပြောဆိုကာ နေကြလေ၏။

အတန်ကြာလျှင် မောင်ထွန်းဖြူက "အို စကားမစပ် မြန်အောင်က ကျွန်တော့်ဦးလေး ဦးသာဟန် လာတယ်ဆို မဟုတ်လား။ ကြိုးတန်းရပ်မှာ တည်းနေတယ်လို့ သတင်းကြားရပါတယ်။ ဘယ်အိမ်မှာ သတင်းကြားပါသလဲ ဒေါ်ဒေါ်"ဟု မေးရာ ဒေါ်သောင်းက "မောင်သာဟန်ကို မေးတာလား။ ဟိုအနားက မမြတို့အိမ်မှာ တည်းနေပါတယ်။" ဟု မျက်စနှင့် ပြောလေ၏။

မောင်ထွန်းဖြူက "အို ဒါဖြင့် ရောက်တဲ့အခါ တွေ့ရအောင် ခေတ္တ သွားလိုက်ပါဦးမယ်။ ကိုသက်တင်၊ ခေတ္တကလေး ခင်ဗျားဆိုင်းနေရစ်စမ်းပါဦး။ ငါးမိနစ်ထက် မကြာရပါဘူး။ ကဲ ဒေါ်ဒေါ်တို့လဲ ကျုပ်မိတ်ဆွေကို စကားပြောရစ်ကြပါ"ဆိုပြီးလျှင် မောင်ထွန်းဖြူ အိမ်ပေါ်က ဆင်းသွားလေ၏။

ထို့နောက် သုံးမိနစ်လောက် ကြာသောအခါ ဒေါ်သောင်းနှင့် စောမြတို့က "လာကြပါ လာကြပါ" ဟုအလန့်တကြား ဟစ်အော်လိုက်သောအခါ ထွန်းဖြူ၏ တပည့် သုံးလေးယောက်သည် အိမ်ပေါ်သို့ အတင်း တက်ပြေးကြပြီးလျှင် မောင်သက်တင်ကို ဖမ်းဆီးကြလေ၏။

ထွန်းဖြူသည် အိမ်ပေါ်သို့ ပြေးတက်လာပြီးလျှင် "ကျုပ်သူငယ်ချင်းကို မဖမ်းကြပါနှင့်"ဟု တောင်းပန် ပြောဆိုရာ ဒေါ်သောင်းက "မောင်က မတောင်းပန်ပါနှင့်၊ အဒေါ် သမီးကလေးကို မတော်မတရား ကြံစည်တဲ့လူပါ။ မခံနိုင်ပါဘူး။ ယခု ဂါတ်ကို ပို့မယ်"ဟု ဒေါသမာန်မာနနှင့် ပြောဆို ကြိမ်းမောင်းပြီးလျှင် အရပ်လူကြီးများနှင့် ဂါတ်သို့ ခေါ်ဆောင်သွားကြလေ၏။ အရပ်လူကြီးများကလည်း ဒေါ်သောင်းနှင့် ထွန်းဖြူတို့၏ အကောက်ဉာဏ်ကို မသိကြသည်နှင့် "ငါတို့ အရပ်ထဲမှာ လာ၍ စော်ကားသည်"ဟု စိတ်ဆိုးမာန်ဆိုးနှင့် ဝိုင်းဝန်း ကူညီကာ ဂါတ်သို့ လိုက်ပို့ကြလေ၏။

မောင်ထွန်းဖြူက လက်ထိပ်ခပ်၍ ဂါတ်သို့ ခေါ်ဆောင်သွားသော မောင်သက်တင် အနားသို့ ကပ်ပြီးလျှင် "ခင်ဗျား ဘာမှ မစိုးရိမ်နှင့်။ မကြာမီ လွတ်အောင် ကျုပ် ရှက်ဆောင်ပါမည်"ဟု ပြောဆိုပြီးလျှင် မောင်ညာဘွားထံသို့ လျင်မြန်စွာ သွားလေ၏။ သံကောက်နှစ်စင်း တွေ့ဆုံကြရာ ထွန်းဖြူက "ကျုပ်ကိစ္စဖြင့် နေရာကျသွားပြီ။ ခင်ဗျာ့ရန်သူဟာ ယခု ဂါတ်ထဲရောက်နေလို့ လက်ကောက်ကြီး ဝတ်နေပါပေါ့ကလား။

(ညာ) ဟန်ရလိုက်တာကွယ်။ ဒါဖြင့် ကျုပ်က ဘယ်လို ကူညီ ဆောင်ရွက်စေချင်သေးသလဲ။

(ဖြူ) သူ့မှာလဲ ဆွေမျိုးညာတိ အပြည့်အစုံနှင့်ဖြစ်လို့ အာမခံယူပြီး ကြံမှုဖြင့် ကျုပ်တို့ဉာဏ်တွေ ပေါ်ကုန်မှာ စိုးရိမ်ရတယ်။ ဂါတ်ထဲမှာ ကြိတ်ပြီး ပုလိပ်တော်မင်းများနှင့်လဲ အတွင်းကြိတ် လက်ဆောင်မျိုးနှင့် ကြံစည်လိုက်ပါဦး။ သည်အမှုများ ပေါ်မှုဖြင့် မြို့ကျော်အောင် ကျုပ်တို့ ဒဏ် သင့်ကုန်မှာ စိုးရိမ်ရတယ်။

(ညာ) အမှုနစ်နာအောင် ဆိုင်ရာက ကျုပ်ကြံစည်မယ်။ ဘာမှ မစိုးရိမ်နှင့်

ဆိုပြီး မူလာမာမက်ထံသို့ သွား၍ ဖြစ်ပုံအကြောင်းများကို ပြောကြားရာ မူလာမာမက်ကလည်း မိမိ ကျော့ကွင်း ထောင်တဲ့အတိုင်း သားကောင်ဖြင့် မိပေါ့ဟု ဝမ်းသာအားရနှင့် မောင်ညာဘွား အလိုရှိသမျှ ငွေများကို ပေးလိုက်လေ၏။ မောင်ညာဘွားကလည်း သူ့အစွမ်းရှိသမျှ အပြစ်ဒဏ်နာနာရအောင် အစစ နေရာကလိုက်၍ ကြံစည်လေ၏။

WWW.DHAMMARANSI.COM



နောက်တစ်နေ့ နံနက် မောင်သက်တင်ကို ပိုင်နက်ကျူးလွန်မှု၊ မတရားကြံစည်မှုများနှင့် ဂါတ်ထဲမှာ အချုပ်ကျ၍ နေကြောင်းကို ကြားသိကြသော အခါ မေတ္တာရှိရင်းစွဲဖြစ်ကြသည်နှင့် "မောင်သက်တင်သည် ဤကဲ့သို့ ပြုလုပ်မည့် သူငယ်ကလေး မဟုတ်၊ မတရား ကြံစည်၍ လီဆယ်ပြုလုပ်သော အမှု ဖြစ်လိမ့်မည်"ဟု အများကပင် သနားကြင်နာစွာ ပြောဆိုကြလေ၏။

မောင်ညာဘွားကလည်း အင်အားရှိသမျှ ကြံစည် ကြိတ်နှိပ်၍ ထား၍ ပုလိပ်များက အထူး အရေးယူနေသောကြောင့် မောင်သက်တင်၏ ဆွေမျိုးညာတိတို့က ရှေ့နေများငှား၍ အာမခံရအောင် ကြံဆောင် အားထုတ်ကြပါသော်လည်း အထမမြောက်ဘဲ ရှိရလေ၏။

မောင်သက်တင်၏ သတင်းကို ဦးရွှေဖောင်နှင့် မယ်ခင်တို့ ကြားသိကြရာ များစွာ အံ့အားသင့် လျက် နေရှာကြလေ၏။ မယ်ခင်မှာ မေတ္တာသက်ဝင်ပြီးသူ ဖြစ်သောကြောင့် မိမိနှလုံးကို မီးဟုန်းဟုန်း တောက်လောင်သည့်ပမာ လွန်စွာပူပန်ခြင်း ဖြစ်သည်နှင့် "ဖေဖေ ယခုလို ဖြစ်ရသည်မှာ အမှန်အားဖြင့် ယုံကြည်ဖွယ်မရှိ။ ကျွန်မတို့ ဆိုင်အတွက် အားတက်သရော ကူညီခဲ့ရာ သိသိသာသာ ကြီးပွားလာသည့်အတွက်နှင့် မနာလို၍ မတရားကြံစည်ခြင်း ဖြစ်မည် ထင်ပါသည်။ ကိုသက်တင်၏ စိတ်သဘောမှာ ဤသို့ ဖြစ်နိုင်ဖို့ရာ ဘယ်နည်းနှင့်မှ လမ်းမရှိပါ။ ကျွန်မတို့က အပန်းတကြီး ကူညီ ဝန်းဝိုင်းသင့်ပါသည်"ဟု ပြောဆိုပြီးလျှင် အရေးကြီးစွာ ဂါတ်သို့ လာခဲ့လေ၏။

မောင်သက်တင်နှင့် တွေ့ဆုံ၍ မေးမြန်းရာ မိမိ ဖြစ်ရပုံ အကြောင်းများကို မောင်သက်တင်က ဖွင့်ပြောသည်နှင့် မယ်ခင်က ထွန်းဖြူနှင့် ဒေါ်သောင်းတို့၏ လက်ချက်ပဲဟု အတတ်စွဲပြီးလျှင် "မစိုးရိမ်ပါနှင့် ကိုသက်တင်၊ ဘုရားရှင် တန်ခိုးကြောင့် ဆိုးဝါးတဲ့ လူယုတ်မာများ၏ အကြံကို အမှန် ပေါ်လာအောင် ကြိုးစားပါမည်"ဆိုပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်ရာ ဒေါ်သောင်းနှင့် အလွန် သပ္ပါယဖြစ်၍ ရှစ်စပ်ကလည်သော အပေါင်ဆိုင်ကတော်ပေါင်း ဒေါ်ဖြူကို ခေါ်၍ ဖျောင်းဖျောင်းဖျဖျ ပြောဆိုပြီးလျှင် "ကိုသက်တင် အမှုကို အမှန်အတိုင်း ပေါ်အောင် စုံထောက်ပေးပါ။ ယခု လက်ငင်း ကျွန်မ ငွေ ၃၀၀ယူပြီး" ဆို၍ တစ်ရာတန် ငွေစက္ကူသုံးချပ်ကို ထုတ်၍ ပေးလေ၏။

ဒေါ်ဖြူကလည်း ငွေစက္ကူကို မြင်သည့် အတွက် အားတတ်သရော ဖြစ်ပြီးလျှင် "ကြားကတည်းကပင် လိမ်လည် ကြံစည်သော အမှုဟု ထင်တာပါပဲ။ စိတ်သာချပါ။ အရင်းအတိုင်း ပေါ်အောင် စုံထောက်ပါမည်။ လူလိမ်လူကောက်တွေနှင့် တွေ့ရဖန်များလွန်းလို့ အပါး၀နေတဲ့ အဒေါ်ပါပဲ။ အမှုရင်း မပေါ်လျှင် မယ်ခင်ငွေကို ပြန်ပေးပါမယ်"ဆိုပြီး ဒေါ်သောင်းအိမ်သို့ ရုတ်ခနဲ သွားလေ၏။

ဒေါ်သောင်းနှင့် မဖြူမှာ ရှေးအခါကပင် ရှုပ်ပွေ လိမ်ကောက်သော အကြံများမှာ ပါတနာ ပြုလုပ်ဖူးသည့် လက်စရှိသောကြောင့် သူလျှို စုံထောက်ဟူ၍ မထင်မြင်ဘဲ ရှိလေသည်။

ဒေါ်ဖြူက အမှုကိစ္စများကို မေးမြန်းသော အခါ မိမိတို့အကြံအစည်ကို မပြောကြားဘဲ ဆင်၍ ထားသော အမှုအတိုင်းပင် မောင်သက်တင်အပေါ်မှာ နာကျည်းစွာ အပြစ်ချ၍ ပြောလေ၏။ ဒေါ်ဖြူကလည်း ဒေါသမာနနှင့် "ငါ့တူမကလေးကို နှိပ်စက်တဲ့ အကောင် ထောင်ကိုကျအောင် ကူညီ အားပေးပါမည်။ အရေးရှိလျှင် တိုင်ပင်ပါ"ဟု "သူ့လူ ကိုယ့် ဘက်သား" စကားများကိုသာ ပြောလေ၏။

ဤသို့ စကားပြောနေကြစဉ် ထွန်းဖြူ တက်လာပြီးလျှင် အရေးကြီးသော အမူအရာနှင့် "ကျုပ်ကောင်ကလေးတွေ မလာဘူးလား"ဟု မေးရာ ဒေါ်သောင်းက "ယခုဖြင့် မလာသေးဘူး"ဟု ပြောသဖြင့် မောင်ထွန်းဖြူလည်း လျင်မြန်စွာ ဆင်းသွားလေ၏။

WWW.DHAMMARANSI.COM



ဒေါ်ဖြူ၏ စိတ်ထဲမှာမယုံသင်္ကာ ဖြစ်သဖြင့် "ထွန်းဖြူသည် ငါ့ကိုတောင် နှုတ်မဆက် ဣန္ဒြေ ပျက်ပျက်နှင့် မြန်မြန်ထက်ထက် လောပုံ ထောက်ရှု လျှင် သည်အမှုမှာ သင်း မုချပါရမယ်။ လူမိုက်များ မွေးသလိုလိုလဲ ငါကြားရတယ်"ဟု တွေးတောရင်း စကားပြောနေကြရာ အတန်ကြာလျှင် အရက် ခပ်မူးမူးနှင့် လူသုံးယောက် တက်လာကြလေ၏။

ထိုသုံးယောက်အနက် ရွှေဘိုးဆိုသူမှာ ဒေါ်ဖြူနှင့် သိကျွမ်းသူ ဖြစ်လေသည်။ ရွှေဘိုးက ဒေါသထွက်သော အမူအရာနှင့် "ကိုထွန်းဖြူ မလာ ဘူးလား"ဟုမေးရာ ဒေါ်သောင်းက "လာတယ်၊ ဆင်း သွားတာ မကြာသေးဘူး"ဟုပြန်၍ ပြောလေ၏။

ရွှေဘိုးက "နေရာမကျပါဘူး၊ ခင်ဗျားလူ လိမ္မာခံစားဖို့ လူမိုက်များက လုပ်ပေးသလို ကျနေ တာပဲ။ ခင်ဗျားလူက ကိုယ့်ဖို့ကိုသာ ကြည့်တယ်၊ လူကြီးဝတ္တရားနှင့် မညီပါဘူး။"

(စကားမဆုံးခင် ဒေါ်သောင်းက) ကြာကြာ ပြောလျှင် ပေါလောပေါ်ကုန်မှာ စိုးရိမ်သောကြောင့် မျက်စပစ်လိုက်ပြီးလျှင် "မောင်ထွန်းဖြူကို သွားပြော ကြပါ။ သူကလဲ မောင်တို့ကို ရှာနေပါတယ်"ဟု ပြောလေ၏။

ရွှေဘိုးက "အို- ဒေါ်ဖြူကြီးပါကလား။ အလည်လာသလား"ဟုမေးရာ ဒေါ်ဖြူက "မသောင်း တို့အမှုကိစ္စအတွက် လာပြီး မေးမြန်းပါတယ်။ မောင်နှင့်မတွေ့ရတာ အတော်ကြာပေါ့။ အဒေါ် ကိစ္စကလေးတစ်ခုအတွက်နှင့် တွေ့ချင်ပါသေးတယ်" ဟုပြောရာ "ကောင်းပါပြီ ကျွန်တော် အဒေါ့်အိမ်ကို လာခဲ့မည်။ ယခုဖြင့် ခွင့်ပေးပါဦး"ဆိုပြီး နှုတ် ဆက်ကာ အိမ်ပေါ်မှ ဆင်းသွားကြလေ၏။ ရွှေဘိုး ဆင်း၍ မကြာမီ ဒေါ်ဖြူလည်း ဆင်းလာခဲ့ပြီးလျှင် ရွှေဘိုးနောက်သို့ အမီ လိုက်လေ၏။ ဒေါ်ဖြူက ရွှေဘိုးကို သူ့အိမ်သို့ ခေါ်သွားပြီးလျှင် တီးတိုးစကား ပြောဆိုကာ နေကြလေ၏။

(ဖြူ) မသောင်းအိမ်ပေါ်မှာ မောင်ပြောတဲ့ စကား ဟာ တယ်ထူးဆန်းပါကလား။ အဒေါ် နားမလည်ပါဘူး။ မင်းကလဲ အရက်တွေ မူးလို့။

(ရွှေဘိုး) အို မသိချင်ပါနှင့်။ ကျုပ်တို့အလုပ်တွေနှင့် ဆိုင်တာပါ။ လူကြီးလုပ်ပြီး လူငယ်တို့ အပေါ်မှာ ထိပ်ကွက်ချင်တာ။ အလွန်တရာ စိတ်ဆိုးစရာ ကောင်းတယ်။ ဘာပဲဖြစ်ဖြစ် အကုန် ဖော်ပစ်လိုက်ချင်တာပဲ။

(ဖြူ) အဒေါ်ကို ပြောစမ်းပါ။ ဘာကြောင့် သည် လောက် စိတ်ဆိုးနေရတာလဲ။

(ဘိုး) ကဲလေ ဘာပဲဖြစ်ဖြစ် ထွန်းဖြူဆိုတဲ့ အကောင်က ကြောတာကို မခံချင်ပါဘူး။ အကုန် ဖွင့်ပြောပါတော့မယ်။ သည်လို အဒေါ်ရဲ့ မောင်သက်တင်အမှုဟာ ထွန်းဖြူ က လီဆယ်လို့ ဖြစ်ရတာ။ ကျုပ်တို့လဲ ပါတာပေါ့လေ။ မောင်ညာဘွားက ကုလား မာမက်နှင့်ပေါင်းပြီး မောင်သက်တင်ကို မတရား ကြံစည်ကြတယ်။ မောင်ညာဘွားနှင့် မာမက်တို့က သည်ကိစ္စ အောင်လျှင် ငွေနှစ်ထောင်ပေးမယ်ဆိုပြီး လူမိုက်ကြေးစရန်အဖြစ်နှင့် ပထမ ငွေ တစ်ထောင် လက်ငင်းပေးတယ်။ ထွန်းဖြူ က လူလည်ဖြစ်လို့ ငွေလက်ခံသမား ခင်ဗျာ။ ကျုပ်တို့က ဝေစုခံရတဲ့ လူမိုက် တွေ။ ယခု မောင်သက်တင် အမှုရောက် လို့ အကြံအောင်တဲ့အတွက် ငွေတစ်ထောင် ထပ်ရ ပြန်တယ်လို့ ကြားရတယ်။ ဝေစား မျှစား တိုင်ပင်ထားကြတာ ယခုလို ငွေ များများ ရတဲ့အခါကျတော့ ထွန်းဖြူက သူအကုန်လိုချင်တယ်။ ကျုပ်တို့ကိုတော့ အရက်ကလေးတိုက်ပြီး ကျွေးလိုက် မွေး လိုက်နှင့်ပဲ စိတ်ကျေနပ်စေချင်တဲ့ လက္ခ ဏာ။ ယခုတော့ ဘာမှ သူမပေးဘူး။ လူ မိုက်ချင်းချင်းကြောတာ မခံချင်ဘူး။ ရုံးမင်း က ထောင်ချပေစေ။ ကျွန်တော်ဖြင့် အကုန် ဖော် ပြောတော့မှာပဲ။

WWW.DHAMMARANSI.COM



ဟု လက်နှင့် ကြမ်းကို ထုကာ ထုကာ ပြောဆိုရာ ဒေါ်ဖြူက များစွာ ဝမ်းသာသည်နှင့်

သြော် တယ်မိုက်တဲ့ အကောင်ပါကလား။ မောင့်အတွက်တော့ အပြစ်မရှိစေရပါဘူး။ မောင့် အဖော်နှစ်ယောက်ကကော မောင့်သဘော အတိုင်းပဲလား။

(ဘိုး) ထွန်းဖြူအပေါ်မှာ ကျွန်တော်ထက် စိတ်ဆိုးနေကြသေးတယ်။ သည်အမှုကို တစ်ခုမှ မကျန်အောင် ဖော်မယ်လို့ တိုင်ပင် နေကြတာပဲ။

(ဖြူ) ဒါဖြင့် နေရာကျပြီ။ ခေတ္တအဒေါ်နှင့် လိုက်ခဲ့ပါဦး။

ဆိုပြီး ရွှေဘိုးကို မယ်ခင်တို့ဆိုင်သို့ ခေါ်သွားလေ၏။

မယ်ခင်ဆိုင်သို့ ရောက်သောအခါ ဇာတ်ရင်းကလှန်၍ အလုံးစုံ ပြန်ပြောသဖြင့် မယ်ခင်သည် မိမိဌားထားသော ရှေ့နေနှင့်တကွ ရွှေဘိုးပါ ရာဇဝတ်တရားသူကြီးထံ သွား၍ ပြောကြားသည်နှင့် မောင်သက်တင်ကို လွှတ်ပြီးလျှင် ရုပ်ဆိုင်ရှင် မူလာမာမက်နှင့် မောင်ညာဘွားတို့ကို အားပေးကူညီမှုနှင့် ဖမ်းဆီးလေ၏။ ထွန်းဖြူနှင့် သူ၏တပည့်များကိုလည်း ဖမ်းဆီး ချုပ်နှောင်လေ၏။

ဤအကြောင်းအရာများကို တစ်မြို့လုံး ပွက်ပွက်ဆူမျှ ကျော်စော ပြောဆိုကြပြီးလျှင် သူတော်ကောင်းကို မကောင်းကြံစည်သည့်အမှုဖြစ်၍ ရာဇဝတ်တရားခံများကို စစ်ဆေးသောနေ့တွင် ရုံးတော်မှာ တိုး၍မပေါက်နိုင်အောင် များစွာပင် လူ စည်ကားလေ၏။ မူလာမာမက်၊ မောင်ညာဘွား၊ ထွန်းဖြူတို့မှာ အပြစ်ဒဏ် ကြီးစွာသင့်၍ နောက်ပါ လူမိုက်ကလေးများမှာ ကြိမ်ဒဏ်မျှကိုသာ ခံကြရလေသည်။

မောင်ညာဘွားနှင့် မူလာမာမက်တို့၏အကြံအစည်များကို မြို့သူမြို့သားတို့ ဘွားဘွား ပေါ်အောင် သိရှိကြသောအခါ အမျိုးသားတို့အပေါ် ဝံသာနုမေတ္တာသည် များစွာတိုးတက်လာကြပြီးလျှင် လူမျိုးကွဲနှင့်ပေါင်း၍ ကိုယ့်အမျိုးကို မကောင်း ကြံစည်သော မောင်ညာဘွားကို အများ ဝန်းဝိုင်းကာ မုန်းကြလေ၏။

ဤအခါမှစ၍ ပြည်မြို့ပေါ်မှာ မြန်မာဆိုင်များ တစ်စတစ်စ ကြီးပွားလာပြီးလျှင် မြန်မာအမျိုးသားတို့သည် ကြီးမားသော အကြံအစည်ဖြင့် ကုမ္ပဏီ ကုန်သည်တို့၏ဘက်သို့ စိတ်ဝင်စားကြလျက် မြန်မာအမျိုးသားတို့၏ ကျက်သရေဆောင်ဖြစ်သည့် အကြီးအကျယ် ကူးသန်းရေးကို ရှေ့ပြေးရှေ့ဆောင် အဖြစ်ဖြင့် တည်ထောင်ကြလေသည်။

မောင်သက်တင်နှင့် မယ်ခင်တို့မှာ မေတ္တာတည်းဟူသော ပန်းပင်၏ စိမ်းရှင် ကြီးရင့် သီးပွင့် စီရရီဖြစ်သော

(၁) ရေးရေးဘဝက ပိယစေတနာ မေတ္တာ အထုံပါ၍ လာခြင်း၊

(၂) ပစ္စုပ္ပန်ဘဝမှာ တစ်ဦးနှင့်တစ်ဦး အထူးအားစိုက်ခါ အကျိုးဆောင်ခြင်း။

ဤအကြောင်းတရား နှစ်ပါး ပြည့်စုံကြသဖြင့် ဆိုခဲ့ပြီးသော အမှုကိစ္စ ပြီးစီး၍ များမကြာမီပင်လျှင် ရွှေနှင့်နဝရတ် ဂဟေစပ်ဘိသကဲ့သို့ လက်ထပ်ပွဲ သဘင်ကို ဆင်ယင်ကျင်းပပြီးခါ မေတ္တာမပျယ် ချစ်ကြိုးသွယ်လျက် ကြီးကျယ် ခမ်းနားသော စည်းစိမ်ချမ်းသာများကို ခံစားလျက် နေထိုင်ကြလေသတည်း။

**✱ ဥပဒေသ**

**သဝံသံ အနုရက္ခေယျ**

**ဒီဃဒဿီ ကုလပ္ပိယာ။ ✱**

ဒီဃဒဿီ–အရှည်နှောင်ရေးကို မျှော်တွေးဆင်ခြင် ရှုမြင် စဉ်းစားလေ့ရှိသော သူတို့သည်၊ ကုလပ္ပိယာ–အမျိုးအနွယ်ကို ချစ်ခင်သောစိတ်ရှိကြကုန်သည် ဖြစ်၍၊သဝံသံ – မိမိတို့ အမျိုးအနွယ်ကို၊အနုရက္ခေယျ –အစဉ် စောင့်ရှောက်ကြကုန်ရာသတည်း။

✱

ပညာအလင်း မဂ္ဂဇင်း
ဒုတိယတွဲ၊ အမှတ်(၉)
၁၉၁၈၊ စက်တင်ဘာလ

WWW.DHAMMARANSI.COM

# ရေလယ်နှင့် ဆိပ်ကမ်း

## HAVEN AND DEEP

ကိလေသာမျက်လုံး လှည့်မှုဖြင့် ခက်အုံးမယ့်ဖြစ်ထွေ သက်လုံးရှဲ့ ညစ်တေမည် ခေတ်တွေက အဆန်း ပသာဒပျူငှာလှုံတယ် မူရာစုံဗန်းပြလို့ဖမ်း မျိုးမငဲ့ဟိတ်မညှာ စိတ်အာသာ ငြိစွမ်း၊ အဝိဇ္ဇာ အဆိပ်ဖြန်းမှုဖြင့် ထိတ်ခမန်းလန့်ဖွယ် ဖိုးထိုက်တန် မြတကုန်းတို့မှာ ဘဝဆုံးမှောက်ရှာတော့မယ်။ ထောက်မထား မှောက်ကြွားထယ်သည် ယောကျာ်းသယ် ဝင်္ကန္တ ရယ်ကြောင့် ကြံမရ ကိုးကွယ်ချက်မမြင် မျိုးနွယ်ပျက်အင် ပြောင်နာဂထုံး တသွင်လို ကျုံး အဝင် မှားရှာလိမ့်လေး။

အထက်ပါတေးထပ်ကို ရွတ်ဆိုပြီးလျှင် တစ်ယောက်တည်း မောင်ထွန်းရီ စဉ်းစားသည်မှာ *"ဩော်ယခုကာလမှာ မြန်မာအမျိုးသမီးကလေးတွေ မပျက်စီးတန်ဘဲနှင့် ပျက်စီးပြီး မှောက်ချင်းကြီး မှောက်မှား၍ ယောကျာ်းတို့ အနှိပ်စက်ကို ခံရှာကြရတယ်။ အမျိုးစောင့်တရားနှင့် ထိထိရောက်ရောက် စဉ်းစားလိုက်တော့ သနားစရာ အလွန်ကောင်းတာပဲ။ လူသတ္တဝါတို့ တည်နေရာကမ္ဘာမြေကြီးသည် မိခင်နှင့် တူသည်ဆိုသကဲ့သို့ အမျိုးသားတို့ဖြစ်ထွန်းရာ အမျိုးသမီးများသည် အမျိုးအနွယ်၏ မိတ်များ ဖြစ်ကြတယ်။ လိမ္မာယဉ်ကျေးတဲ့ မိခင်၏ သားသမီးကလေးများလဲ လိမ္မာယဉ်ကျေးစွာ ပေါက်ပွားလာကြတယ်။ ကလေးများနှင့် ရင်အုပ်မကွာ နေထိုင်ရတဲ့မိခင်များက ကလေးသူငယ်တို့၏စိတ်ဓာတ်ကို မိမိတို့ဓာတ်သတ္တိအရှိန်ဖြင့် စိမ့်ထုံပြီး ဝါသနာ စွဲစေတယ်။ မိခင်လုပ်တဲ့အမျိုးသမီးက ကောင်းမွန်မြင့်မြတ်တဲ့ ဓာတ်ရှိန်ဖြင့် အငွေ့ပေးလိုက်တဲ့အခါ ကလေးများလဲ မြင့်မြတ်ယဉ်ကျေးစွာ ကြီးပွားလာကြတယ်။ မိခင်က မကောင်းတဲ့ဓာတ်ငွေ့ဖြင့် အရှိန်ပေးလိုက်မှုဖြင့်လဲ အရိုးစွဲပြီး ကလေးများ ရိုင်းစိုင်းကုန်ရှာကြပါရော။ ဒါကြောင့် အမျိုးသားတို့ လိမ္မာယဉ်ကျေးခြင်းမှာ အမျိုးသမီးကလေးတွေ လက်ထဲမှာ ရှိတယ်လို့ ဆိုထိုက်ပေတာပဲ။ ရှေးရှေးက မြန်မာအမျိုးသမီးများဟာ လွန်စွာ ယဉ်ကျေးသိမ်မွေ့ကြပေတယ်။ ကုမ္မာရီရွယ်ကစပြီး အိမ်ထောင်မကျမီ လိုက်နာရမယ့်ကျင့်ဝတ်တရား သံယောဇဉ်ကြိုးနှောင်နှင့် အိမ်ထောင်ကျတဲ့အခါ တစ်သက်ပတ်လုံးကျင့်ရန် ဝတ္တရား ရတနာသုံးပါးကို နှလုံးထားပြီး ပိပြားငြိမ်ဆိမ် ဣန္ဒြေရရ မိဘစရိုက် ဝါသနာအတိုင်း လိမ္မာယဉ်ကျေးဖို့ ဝတ္တရားနည်းလမ်းနှင့် စည်းကမ်း ကလနားတွေ အလွန် များပေတယ်။ ကိုယ့်သဘောအရနှင့် ပြောပြရမှာဖြင့် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးကလေးတွေဟာ ကာလဆန်တဲ့ ပညာများကို တတ်ကျွမ်းလိမ္မာဖို့ မလိုလှပါဘူး။ လောကီနည်းလမ်း ယခုကာလ ယဉ်ကျေးဆိုတဲ့စည်းကမ်းများကိုတော့ အမျိုးသမီးမိန်းကလေးများ မျက်စိပွင့်ပြီး သိလေလေ ပလီဉာဏ်အဆန် ပွေပြီး ချောင်ချိဖို့ လမ်းတွေကို သိလေလေ ဖြစ်တာပဲ။ မိန်းမဆိုတာ ကမ္ဘာဦးကပင် ဣန္ဒြေကုမ္မဏီများဖြစ်လာကြတဲ့အတွက် ကိုယ်နှုတ်နှလုံး ဖုံးဖုံးဖိဖိ ပိရိနိုင်သမျှ ပိရိလေလေ မိန်းမသားပီလေလေပါပဲ။ ဣန္ဒြေစည်းမစောင့်ဘဲ ခပ်ထောင့်ထောင့် ဉာဏ်ကစားပြီး အကြံများတဲ့ ပျံလွှားမ အမျိုးသမီးဆိုမှုဖြင့် ကိုယ်နှုတ်နှစ်ဖြာ စိတ်သွားတိုင်း လိုက်ပါပြီး ဝါသနာက ခပ်ကြော့ကြော့ အနေအထိုင် ခပ်ပေါ့ပေါ့နှင့် ကော့လပ်လပ် နိုင်ကုန်ပါရော။*

*မိန်းမဓာတ်တွင် ပါဝင် ဖြစ်ပွားလာရတဲ့ အမျိုးသမီးကလေးများဆိုတာ ဘယ်အခါမှ လွတ်လွတ်လပ်လပ် ချောင်ချောင်ချိချိ ထားလို့ သင့်လျော်တာမျိုး မဟုတ်ပေဘူး။ ကလေးအရွယ် သူငယ်ဘဝကစပြီး အဆုံးစွန် မျက်စိမှိတ်တဲ့ ကာလတိုင်အောင် အထိန်းအသိမ်း အစောင့်အရှောက်နှင့် မျက်စိအောက်က အပျောက်ခံလို့ သင့်လျော်တာ မဟုတ်တဲ့ သတ္တဝါမတစ်မျိုးတွေ ဖြစ်ရှာကြတယ်။ ဒါကြောင့် နီတိကျမ်းဂန်များတွင် အဆိုရှိသည်မှာ–*

WWW.DHAMMARANSI.COM



ပိတာ ရက္ခတိ ကောမာရေ။
ဘာတာ ရက္ခတိ ယောဗ္ဗနေ
ဘတ္တာ ရက္ခတိ ဒါရတ္တေ။
နိတ္ထိ သဆန္ဒံ မရဟာတိ။

ကောမာရေ – အပျိုတော်မဝင် ငယ်တုန်းစဉ်အခါ၌၊ ပိတာ – ဖခင်က၊ ရက္ခတိ – စောင့်ရှောက်ရ၏။ ယောဗ္ဗနေ – အပျိုအရွယ် ဖြစ်သောအခါ၌၊ ဘာတာ – မောင်က၊ ရက္ခတိ – စောင့်ရှောက်ရ၏။ ဒါရတေ – သားမယားအဖြစ်သို့ ရောက်သောအခါ၌၊ ဘတ္တာ – အရှင်သခင် လင်ယောကျ်ားက၊ ရက္ခတိ – စောင့် ရှောက်ရ၏။ ဣတ္ထိ – မိန်းမ မည်သည်၊ သဆန္ဒံ – မိမိအလိုဆန္ဒအတိုင်း၊ ဝသိတုံ – ပေါက်လွှတ် နေထိုင်ခြင်းငှာ န အရ ဟာတိ – စင်စစ်ပုံသေ မထိုက်ချေ။ *

ဇာတ်တော် နိပါတ်တော်များကို လျှောက်ကြည့်သွားတဲ့အခါ ကြပ်တည်းစွာ စောင့်ရှောက်ပါသော်မှ လည်း မလုံမခြုံဘဲ ခြံခုန်ပြီး ထွက်တဲ့ အပျံ့အလွှားမကလေးတွေကို တွေ့ရတယ်။ မုဒုပါဏိ ဇာတ်တော်မှာ လက်ကိုကိုင်စွဲပြီး အမြဲမပြတ် စောင့်ရှောက်နေရာကပင် ခုန်ကျော်ဖို့ တစ်ဉာဏ်ဆင်ပြီး အပျံ့သင်သွားတဲ့ ထုံးကတစ်မျိုး၊ ဒါနဝဇာတ်အလာ ကြုပ်ထဲမှာ သွင်းပြီး ခံတွင်းဖြင့် မျိုထားရာကပင် လမ်းစကို တစ်မျိုး ကြံပြီး သူခိုးဉာဏ်နှင့် ပျံ့မိအောင်ပျံ့တဲ့ ထုံးကတစ်ထွေ အို အပုံကြီးပါပဲလေ။ ရေလို့တောင်မှ ဆုံးနိုင်စရာ မရှိပါဘူး။ အသီတိနိပါတ် ကုဏာလ ဇာတ်များကို ကြည့်တော့ အင်မတိ အင်မတန် အပျံ့အခုန်နှင့် ဈာန် အဟုန်ရတဲ့ မိန်းမတွေ အမျိုးမျိုးကို တွေ့ရတယ်။

ရှေးရှေးနှောင်းနှောင်း အဟောင်းအသစ် သည့်လိုဖြစ်ကြပုံ စနစ်တွေကို မြင်ကြလွန်းလို့ ရှေးရှေး ပညာရှိ အစဉ်အဆက်က မပျက်မစီးကြပါစေနှင့်လို့ လမ်းဖွင့်၍မထားပဲ သနားဖွယ်ကောင်းတဲ့ အမျိုးသမီးတွေကို ကြိုးစည်းကာ ဖွဲ့နှောင်၍ ထောင်တစ်မျိုး ဥပဒေလုပ်ပြီး အကျယ် ချုပ်ထားခဲ့ပေတာပဲ။ ကြပ်နိုင်လွန်းမှ သင့်ရုံကျတဲ့ ဟာပါကို ချောင်ချောင်ချိချိနှင့် အထိန်းမရှိသလို အလွှတ်ထားမှဖြင့် ကိုးရိုးကားရားနှင့် နွားမတွေ ခြံကထွက်သလို ဂရောက်ဂယက် ဗရုံးဗရင်းနှင့် မဆုံးမချင်း လမ်းတွေ့သမျှ လိုက်ကုန်စရာ ရှိတော့တာပဲ။

"ရှေးဆန်တဲ့ လူကြီးရဲ့ ကာလဉာဏ်ကို အတန်များ မှီပါဦး" ဦးပုညကြီး ဆိုတဲ့စာလို ကာလ မဆန်တဲ့ အရိုးခံလူအကြီးကို ဆိုချင်ဆိုပါစေတော့။ အမျိုးသမီးကလေးတွေနှင့် ဆိုင်တဲ့အရာမှာတော့ ရှေး က ဝါသနာမျိုးကဲ့သို့ ခပ်ရိုးရိုးနှင့် အပိုးသေသေ ဣန္ဒြေရရနေထိုင်တာကို သဘောကျတာပါပဲ။ ယခုကာလ ယဉ်ကျေးတယ် ဆိုတာက အတွင်းက အဝတ်စုတ်ခံပြီး ရွှံ့မံတဲ့ အရုပ်ကို ဆေးသုတ်ခါ အလှချယ်ထားသလို ထင်တာပါပဲ။ ဥရောပအလေ့ဆိုလျှင် ဗိုလ်ဆန်တယ် ထင်ပြီး မြင်မြင်ကရ အတုခိုး၍ အမျိုးသမီးတွေကို သင်ပြတာလဲ ကောင်းတယ် မထင်ပါဘူး။ ယခုအခါ အင်္ဂလိပ်စာ တတ်ကြတဲ့ အချို့အမျိုးသမီးကလေး များဟာလဲ မြန်မာတို့အလေ့မျိုးကို ရိုးတယ်၊ ရိုင်းတယ် ပလိုင်းလွယ်တဲ့ ကရင်လိုဘဲလေး ဘာလေးနှင့် ရှေးထုံးရှေးနည်းဖြစ်တဲ့ ဝတ်စား သွားလာပုံတွေကို မုန်းပြီး အသုံးဆောင်က တစ်မျိုးတစ်ခြား အသွားက ဗိုလ်ဟန်၊ အင်္ဂလန်က လန်ဒန်မြို့သူတို့အလေ့ကို တွေ့သမျှအတုသင် အသားမြင်ရတဲ့ အင်္ကျီပါး ဇာပေါက် တွေက များသနှင့် ရှုံးဆိုသလား ဘွတ်ဆိုသလား ခပ်ကြွားကြွားစီးနင်းကာ မြန်မာကိုယ်နှင့် ဗိုလ်စတိုင်ဟန် ခာတ်ခုတ်ကြတဲ့ သောဏုတ္တရ မုဆိုးကတော်လောင်းတွေကို မြင်ရတော့ အကြောင်းမတန် စိတ်ညှိုးနွမ်းပြီး အဆန်းကြိုက်တဲ့ကာလကို ပသာဒဂုဏ်မထင် နည်းနည်းမှမခံ့မင်ဘဲ အစဉ်အလာက အမျိုးတိမ်ပြီး တန်ခိုး မှိန်သွားမှာ စိုးရိမ်မိပါတယ်။

WWW.DHAMMARANSI.COM



*သို့ရာတွင်လေ ကိုယ့်စိတ်ကို အသာဖြေပြီး ကာလေန ကာလံ ခေတ်ကြီးက တစ်မျိုးဖန်တာကြောင့် အရိုးခံ တိမ်မြုပ်၍ အဆန်းဉာဏ် ထုတ်ကြတာပါကလား။ ဤကမ္ဘာလောကနှင့် ခေတ်ကာလဓမ္မတာ နတ်ဗြဟ္မာ တန်ခိုးရှင်များမှ ဆီးတား၍ မရနိုင်ပေဘူးလို့ စိတ်ကူးပြီး တစ်မျိုး လျှော့ရတော့တာပဲ။ တစ်ခါ တစ်ခါ တွေးမိပြန်တာကတော့ ခေတ်ကာလက သင်ခါပြ နည်းပေးတဲ့အတိုင်း ဝတ်မှုစားမှု တုတုပပတွေ ဆန်းသည်ကို အရမ်း အပြစ်မတင်ထိုက်ပါ။ ပုထုဇဉ် သတ္တဝါဆိုတာ ထင်ရာလုပ်စမြဲပေပဲ။ သို့ရာတွင် ကိုယ်အမှုအရာနှင့် အဆင်တန်ဆာ ပြောင်းလဲသွားသော်လဲ ဗုဒ္ဓဘာသာ မိရိုးဖလာဖြစ်တဲ့ အလေ့ဝါသနာ မပြောင်းလျှင်တော်ပြီလို့ ဝမ်းမြောက်ရတာပါပဲ။ စိတ်ရောကိုယ်ပါ အလေ့ဝါသနာနှင့်တကွ ပြောင်းသွားမှာကိုသာ စိုးရိမ်ရပါတယ်။ ထို့ပြင်တခြား မတော်မတရား မှောက်မှားပျက်စီးပြီး တစ်ဘဝလုံး ဆုံးရှုံးနစ်နာလျက် လူရာမဝင်အောင် အညွန့်တုံးရှာတဲ့ အမျိုးသမီးကလေးများအတွက် နက်နက်နဲနဲ သဘောထဲကလိုက်ပြီး ထိထိခိုက်ခိုက် ဝမ်းနည်းစရာ ကောင်းတာပဲ။ အချို့ အမျိုးသမီးကလေးများလဲ ပစ္စည်းဆင်းရဲတာက စပြီး ပျက်စီးခြင်းမလှ ပျက်စီးရှာကြတယ်။ အချို့လဲ အပေါင်းအသင်း မကောင်းလို့ အကြောင်းမသင့်တာနှင့် ပျက်စီးရာသို့ တိုင်ရှာကြတယ်။ အချို့လဲ အားကိုးအားထား လင်ယောကျ်ားအမှတ်နှင့် မြတ်မြတ်နိုးနိုး ပေါင်းသင်းလုပ်ကျွေးလိမ့်မယ်အထင်နှင့် ချစ်ခင် လိုက်ပါခဲ့ရာ ကိလေသာနှင့် ဖျားယောင်းပြီး မကောင်းသွေး ဆောင်တဲ့အခါ မျက်စိမှိတ်ပြီး ပျက်စီးရာသို့တိုင်တာလဲ ရှိကြရဲ့။ သည်လိုပျက်စီးတာကို မြင်ရတော့ ရင်ဝမှာ မီးစွဲပြီး အသည်းနာအောင် မခံချိမခံသာ ဖြစ်မိတာပဲ။ သြော် ကိလေသာဟု တဏှာပေမ ရှေ့ဆောင်၍ လမ်းပြမှုဖြင့် မှားတဲ့ဘဝသို့သာတိုင် ရောက်တတ်တာမျိုးပေပဲ-ဟု* ပိုးကုန်သည် မောင်ထွန်းရီသည် အမျိုးသမီးကလေးများကို သနားညှာတာတဲ့စိတ်နှင့် တွေးတောနေစဉ်အခါ ရန်ကုန်က မိမိနှင့်အတူ ပါလာသော မောင်ဘဟန် ဝင်လာပြီးလျှင်

"အို ခင်ဗျား ဘာတွေ စဉ်းစားနေသလဲ။ ကျုပ်တို့ ရွှေတောင်မြို့ကို အထည်ဝယ်လာကြတာ ရက်အတော်ကြာသွားပြီ။ ခင်ဗျားလိုချင်တဲ့ ပိုးကုန်များ အစုံအလင် မရသေးဘူးလား။" မေးလေ၏။

(မောင်ထွန်းရီ)

ပိုးဈေးကလဲ ဆိုးဆေးက ရှားလွန်းလို့ ရက်ကန်းသမားကလေးတွေလဲ ရှေးကလို များများ မလုပ်နိုင်ရှာကြပါဘူး။ ကျုပ်ထောင်တဲ့ ရက်ကန်းစင်က ထွက်သမျှကိုသာ သိမ်းနေတုန်း ရှိပါသေးတယ်။ သည့်ပြင်လဲ ရန်ကုန်မြို့ ဖင်လေဖလေမင်တိုက်ကြီးက ကော်မရှင်စားအဖြစ်နှင့် ပိုးချည်တွေ ယူပြီး သည်ရွှေတောင်မြို့က ရက်ကန်းသမားတွေကို ကျုပ်က ဖြန့်ဖြူးပေးထားတဲ့ ပိုးကြွေးတွေ မရသေးလို့ ဆိုင်းနေရတာကလဲ တစ်ကြောင်းပဲ။ စစ်ကြီးဖြစ်လိုက်တာ ကျုပ်တို့ ပိုးကုန်သည်များနှင့် ရက်ကန်း ထောင်တဲ့ လူများကို အတော်ထိခိုက်ကုန်တာပဲ။ ကျုပ်တို့အရှင် ဂျော့ဘုရင်မင်းတရားကြီး ဘုန်းတော်နှင့် မကြာမတင် လျင်လျင်မြန်မြန် စစ်ပွဲကြီးကို အောင်မြင်၍ ကူးသန်းရောင်းဝယ်ဖို့ လမ်းဖြောင့်ပြီး အနှောင့်အယှက်မရှိ ခြေခင်းလက်ခင်း သာပါစေ ဆိုတာ မကြာမကြာ ကျုပ်ဖြင့် ဆုတောင်းနေတာပဲ။

(ဟန်) ကျုပ်တို့ပိုးကုန်သည်များကို မဆိုထားပါနှင့်။ တိုင်းသူပြည်သား လူအများကို ထိခိုက်ရုံမက ပခက်တွင်းမှာ ခေါင်းမထူနိုင်ဘဲ အူဝဲဆိုတဲ့ ကလေးကလေးတွေတိုင်အောင် ထိခိုက်နေတာပါ။

(ရီ) ထိခိုက်ပုံကို ပြောစမ်းပါဦး မိတ်ဆွေ။

(ဟန်) ယခုကာလမှာ နို့ဆီတို့ နို့မှုန့်တို့ကို ဖျော်ပြီး နို့ဘူးကြီးနှင့် ကလေးများကို တိုက်လေ့ ရှိကြတယ်။ နို့ဆီ၊ နို့မှုန့်တွေ အဖိုးကြီးလာတော့ "နည်းနည်းနှင့် ကြဲကြဲဝိုင်း" ဆိုတာလို ကလေးသူငယ်များ

WWW.DHAMMARANSI.COM



ကို ရေနွေးကြဲကြဲနှင့် တိုက်ရတော့ တင်းတိမ်အောင် မစို့ရရှာကြဘူး။ ဒါကြောင့် ပုခက်တွင်းက ကလေးတွေ တိုင်အောင် ထိခိုက်တယ်လို့ ကျုပ်ပြောတာပါ။

(ရှိ) ခင်ဗျားပြောတာလဲ ဟုတ်ပါရဲ့။ သို့ရာတွင် စစ်ကြီးဖြစ်တဲ့အတွက် ရတ်တရက် စီးပွားတိုးပြီး အမျိုးမျိုး ချမ်းသာတဲ့ လူတွေလဲ ရှိပါတယ်။

(ဟန်) ဘယ်လိုလူမျိုးလဲ ခင်ဗျား။

(ရှိ) ကျုပ်တို့ ရန်ကုန်မြို့မှာ သံကုန်ရောင်းတဲ့ လူတွေ၊ စစ်မဖြစ်မီက ဆိုးဆေးလှောင်ထားတဲ့ လူတွေ သည့်ပြင် တောနယ်မှာ ဩဇာကြီးတဲ့ အချို့လူတွေ အဲသည်လူတွေမှာတော့ စစ်ကြီးဖြစ်တဲ့အတွက်နှင့် အများကြီး ပစ္စည်းတက်ကြသတဲ့။

(ဟန်) အင်း ဟုတ်ပါလိမ့်မယ်။ အရေးအရာ တစ်ခုခုဖြစ်မှဖြင့် အချို့လဲ အကျိုးရှိ၊ အချို့လဲ အကျိုးမဲ့ ဖြစ်တတ်တာမျိုးပါ ပဲ။ ဘယ်အရာမျိုးမဆို တစ်ဖက်သတ်အဆိုးချည်းလို့လဲ မဆိုရဘူး။ အကောင်းချည်းလို့လဲ မဆိုရဘူး။ လောကဓံဆိုတာ အဆိုးအကောင်းနှစ်ခု ဖက်စပ်နေတဲ့ ဓမ္မတာကြီးပေပဲ။ နို့ နေစမ်းပါဦး။ စကားမစပ် သည်ရွှေတောင်မြို့ဟာ ရတနာသုံးပါးနှင့်စပ်ပြီး အမှတ်တရ ယဉ် ကျေးကြပေတယ်။ ရှေးရိုးအစဉ်အလာကိုလဲ များစွာ မပြောင်းလဲစေကြဘူး။ အနေအထိုင် ရိုးရိုး သားသားနှင့် တရားသဖြင့် နေထိုင်ကြတဲ့ လူကြီးလူကောင်းတွေဟာလဲ အလွန်တရာ များပြား ပေတယ်။

(ရှိ) ရှေးအခါက ပညာရှိ ပုဂ္ဂိုလ်တွေ ထွန်းကားဖူးတဲ့ နေရာမို့ များစွာ ယဉ်ကျေးကြတာပေါ့။ ပဌမ သင်္ဂါယနာတင် မင်းတရားကြီး လက်ထက်က ဗန်းမော်ဆရာတော်ကြီးလဲ ရွှေတောင်မြို့သား ပဲ။ သည့်ပြင် ဓိနတ္ထပကာသနီကျမ်းနှင့် စွယ်စုံကျော်ထင် အဖြေကိုရေးတဲ့ လေးထပ် ဆရာတော်ဘုရားကြီး လဲ ရွှေတောင်မြို့ကပေဘဲ။ "ရွှေတောင်"ဆိုတဲ့ နာမည်ဟာလဲ မြန်မာဘာသာမှာ မင်္ဂလာသုတိ ရှိပေတယ်။ ဒါကြောင့် ရှေးမြန်မာမင်းတို့လက်ထက်က ဘွဲ့အမည်အရည်များ ပေးတဲ့အခါ ရွှေ တောင်နန္ဒာသူ၊ မင်းလက်ဝဲရွှေတောင်စသည်ဖြင့် ရွှေတောင်ဘွဲ့များကိုလဲ ပေးရိုးရှိတယ်။ ယခုအခါ ရွှေတောင်မြို့မှာလဲ သဒ္ဒါပရမတ် ကျမ်းဂန်တတ်ကြတဲ့ လူပုဂ္ဂိုလ်များကိုလဲ တွေ့ရတယ်။ တမြန်နေ့ ကပါပဲ ပိုးထည်ဝယ်ရန်ကိစ္စနှင့် ဒုရင်္ဂဗိုလ် (ဒရင်တဗို)ရပ်သွားတဲ့အခါ ဦးမှတ်ကြီးဆိုတဲ့ ပညာရှိ ပုဂ္ဂိုလ်နှင့်တွေ့တော့ ပြောလိုက်ဆိုလိုက်ပုံတွေဟာ အလွန်ပညာရှိလက္ခဏာပေါ်ပါပေတယ်။ ဗျို့ကဗျာနှင့် လင်္ကာ ရာဇဝင် ဗေဒင်နက္ခတ် ပရမတ် အဘိဓမ္မာ သဒ္ဒါနိရုတ္တိ အလုံးစုံသိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လို့ ကျွန်တော်ဖြင့် အလွန်တရာ ကြည်ညိုလာတာပဲ။

(ဟန်) ဟုတ်ကဲ့၊ ပညာရှိပုဂ္ဂိုလ်ဆိုတော့ ကြည်ညိုထိုက်ပေတာပေါ့။ သည့်ပြင်လဲ ခင်ဗျား သေသေချာချာ ကြည့်စမ်း။ ရွှေတောင်မြို့မှာ ပေါက်ဖွားတဲ့ ကာလသမီးကာလသားတွေဟာ ရုပ်ရည် ဘယ်လောက် ချောသလဲ။ အပြောအဆို နဂိုအမူအရာနှင့် မေတ္တာရှိဖို့ အလွန်ကောင်းတာကလား။ ကြာနီကန်ရပ်များ သွားလိုက်တော့ သနားကမားတွေ လာပြီး တွေ့ရသေးတယ်။

(ရှိ) ခင်ဗျားလဲ မျက်စိအတော်စူးတဲ့လူပေပဲ။ သည်ရွှေတောင်မြို့က စပါးကြီး ချက်ငြိသလို မခွာနိုင်ဘဲ ကျုပ်ငြိတိတိ ဖြစ်နေသည့် အတွက်ကြောင့်ပါပဲ။ မိတ်ဆွေချစ်မို့သာ ဖွင့်လှစ်ပြီး ပြောရတယ်။

(ဟန်) ခင်ဗျားအကြံကို ကျုပ်လဲ ရိပ်မိပါတယ်။ ခင်ဗျားစွဲနေတဲ့ ကြာနီကန်ရပ်က ကောင်မကလေးဟာ ရုပ်တော့ဖြင့် ဟန်ပါရဲ့။ ပိုက်ဆံမရှိမှန်း သိတယ်မဟုတ်လား။ သူ့အမေရင်းကလဲ မရှိလို့ မိထွေး နှင့် နေရတဲ့ ရက်ကန်းသည်မကလေးပါ။ မက်စရာများများ မရှိလှပါဘူးခင်ဗျား။

WWW.DHAMMARANSI.COM



(ရှိ) မင်းပြောပုံက ပိုက်ဆံရှိမှ ချစ်ခင်ရမှာလိုလိုကျနေပါတယ်။ ပိုက်ဆံကိုမြင်တဲ့ မေတ္တာဟာ ဘယ်မှာ [True Love] မှုလမှန်တဲ့ အချစ် ဟုတ်နိုင်ပါမလဲ။ တကယ်စင်စစ် လူကိုချစ်တဲ့ မေတ္တာမျိုးမှ အဖိုးတန်ပြီး အရှည်ခံတာပါ။ ဆွေဂုဏ် မျိုးဂုဏ် ဥစ္စာဂုဏ်ကို စုံမက်တဲ့ စေတနာဟာ ခဝါပေး မခံတဲ့ နန္ဒင်းဆိုးကဲ့သို့ တစ်ပွဲတိုးကလေးမျှ အပေါ်ရိက ဖြစ်လို့ စင်စစ်တော့ ခိုင်မြဲတဲ့ မေတ္တာ မဆိုထိုက်ပါဘူး။ အတန်ကလေးကြာမှဖြင့် မေတ္တာလိမ်မှုပေါ်ပြီး သူမခေါ် ငါမခေါ်နှင့် ကွဲတော်မူကြတဲ့ ဇာတ်လမ်းတွေကိုသာ တွေ့ရပါတယ်။ ဒါကြောင့် ကျုပ်မှာတော့ တစ်သက်တွင် တစ်ခါ မျက်နှာ မပြောင်းချင်တဲ့ စိတ်အာရုံကြောင့် ခနဂုဏ်နှင့် ရွှေပုံ စိန်ပုံပေါ်သို့ ခေါ်လို့ဘဲတင်တင် ဂုဏ်အင် ကြီးမား ဆွေမျိုးအားကြောင့် လိုက်စားဖို့လဲ မကြံစည် နည်းနည်းမှ မပလီချင်လို့ တည်တည် ကြည်ကြည် ငြိမ်ငြိမ်နေပြီး ဣန္ဒြေသိက္ခာနှင့် အလိမ္မာဉာဏ်ရှိတဲ့ ဇနီးကိုမှ အိမ်ထောင်အုပ်စီးစေမယ်လို့ ကြံရင်းစွဲ ရှိခဲ့တာပါ။ ကြာနီကန်က မသင်းနွယ်ဆိုတဲ့ သည်ကောင်မကလေးကို တွေ့ကတည်းက ကျုပ်စိတ်မှာဖြင့် အတော်စွဲနေတာပဲ။ လိမ်လဲလိမ္မာ သိက္ခာကလဲရှိ ပိပိရိရိ ဖျတ်ဖျတ်လတ်လတ်နှင့် ဝတ္တရားသိတတ်တဲ့ ဟာမကလေးလို့ တွေးတွေးဆဆ ကျုပ်က အကဲခတ်ပြီးသားပါ။

(ဟန်) ကိုယ်ထင် ခုတင်ရွှေနန်း ဆိုတာလို လူဆိုတာ ထင်မိထင်ရာကို ပြုလုပ်ကြစမြဲပါပဲ။ ခင်ဗျား နှင့် ကျုပ်နှင့်တော့ သဘောလွဲနေကြပြီ။ နားထောင်စမ်းပါ။ ယခုကာလမှာ အလိမ္မာသော ရုပ်လှ သော ဘယ်လူမှ မမက်မောကြဘူး။ ဥစ္စာပေါ ပစ္စည်းရှိကိုမှ မျက်စိကျယ်ကျယ်ကြီး ဖွင့်ကြည့်နေကြ တယ်။ ခေတ်ကိုက ခနအရောင်တောက်နေလို့ ပစ္စည်းရှိမှ ဂုဏ်ရောက်ပြီး မောက်နိုင်သမျှ မောက် ရတာကလား။ ခင်ဗျားကြံစည်တာက အလိမ္မာနှင့်ရုပ်ပါစုံသော်လဲ ပစ္စည်း ဂုဏ်ကတော့ အပုံကြီး နံ့နေပါတယ်။ ရန်ကုန်မြို့မှာ သည်လိုအနံ့စားတွေတော့ ခြောက်ပြားဈေးကို ရောက်လျှင် လေးငါး ခြောက်ယောက် လက်ငင်း ညတွင်းချင်း ရနိုင်ပါတယ်။ သည်လိုတော့ သူ့ကို ယူဖို့ စိတ်မမှန်းပါနှင့် မိတ်ဆွေ။

(ရှိ) ခင်ဗျားတို့ဉာဏ်ကတော့ အကော်ကြံဖို့ချည်း မျှော်နေကြတာပေါ့လေ။ သေသေချာချာ စဉ်းစား ပါ။ အကော်ကြံသမားတွေဟာ ကောက်ရိုးမီးတောက်တာလို ခဏလောက် တဟုန်တည်း ထပြီး အတော်ကြာတော့ လော်မာတဲ့ဉာဏ်ပေါ်လို့ အကြံချော်ပြီး ပြာထိုင်တော်မူကုန်တာသာ များ ပါတယ်။ ပစ္စည်းနှင့်အလိမ္မာကို ချိန်စာပြီး ပြိုင်ကြလျှင် အလိမ္မာက နိုင်စမြဲပါပဲ။ ပစ္စည်း ဆို တာက အပြင်ပ အလိမ္မာက အတွင်းဓာတ် အချင်းချင်း ကပ်ပေါင်းတော့ စိတ်နှလုံးကောင်းတဲ့ ဇနီးမှ အရှည်ကြီး စိတ်ချမ်းသာစေနိုင်ပါတယ်။ တောသူနှင့် မြို့သူရယ်လို့ မရွေး ၊ အလိမ္မာသွေးများလျှင် ယောကျ်ားနှလုံးငြိမ်းဆေးကြီးတစ်ခု ဖြစ်တာပဲ။ "မြင်းအုန်းခွံ ကျွန်ကုလား မယားတောသူ" ဆိုတဲ့ စကားပုံကို မိတ်ဆွေကြားဖူးတယ် မဟုတ်လား။ မယားယူလျှင် တောသူကို လှမ်းရတယ်။ မြို့သူဆိုတာက စိတ်နေပုံ အထက်တန်းကျပြီး အိမ်က လင်ကို နိုင်ချင်တဲ့ ဝါသနာနှ ဆရာ အများကြီး လုပ်တတ်သတဲ့။ တောသူများ စိတ်ထားကတော့ ပိပိပြားပြားကလေး အသာနိမ့်ပြီး ဆိတ်ငြိမ်စွာ ငုံ့လျှိုးလျက် လင့်ဆိုးမျိုးကို အတော်ခံတတ်တာကလား။ ဒါကြောင့် ကြာနီကန်က မသင်းနွယ်ဆိုတဲ့ ရက်ကန်းသည် အချောကိုသာ သဘောထဲက ဆုံးဖြတ်လိုက်တာပါပဲ။

(ဟန်) ခင်ဗျား သဘောမကျလျှင် နေတော့ ရာဇဝင်စကားကို ပြောရဦးမှာပဲ ။ ပုဂံပြည်မှာ ငှက်ကြီး မင်းမူတော်မူတုန်းက တစ်နေ့တစ်နေ့အတွက် စားတော်ဆက်ဖို့ သမီးကညာ ခုနစ်ယောက် ပို့ရ သတဲ့။ သည်အခါ ရက်ကန်းသည်များ ပါလာလျှင် ငှက်မင်းကြီးက စားတော်မခေါ်လို့ ငှက်စာ ဆော် မောင်ကောင်ဆိုတဲ့လူက ရက်ကန်းသည်မများကို ငှက်တောင် မစားဘူးလို့ ငြင်းပယ် သွားတယ် ဆိုပါကလား။

WWW.DHAMMARANSI.COM



(ရဲ) လူပြောင်လူလှောင်တွေ ပြောတဲ့စကားကို ခင်ဗျားက အဟုတ် ထင်မနေပါနှင့်။ ဇာတ်နိပါတ်ကျမ်းဂန်များမှာ ရက်ကန်းသည်မလေးတွေ လိမ္မာပုံဟာ အများကြီး ပါလာပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ကိုယ်ချစ်လျှင် အဖိုးတန်တာပါပဲ။ ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင်သဒ္ဓါ မေတ္တာသာ ပဓာန ဖြစ်ပါတယ်။

(ဟန်) ကဲ ဖျက်လို့မရလျှင် ရှိပါစေတော့။ သို့ရာတွင် ကျုပ်သတိပေးလိုတာကို ခင်ဗျား သတိထားစမ်းပါ။ မသင်းနွယ်သည် ရွှေတောင်မြို့ပေါ်မှာတော့ အလှဂုဏ် အကျော်ဆုံး ဖြစ်နေပါတယ်။ လောကနီတိကျမ်းတွင် "ယောကျ်ားဥစ္စာ–ပညာ၊ မိန်းမဥစ္စာ–ဆင်းရူပါ"ဟူ၍ ဆိုတဲ့အတိုင်း အရုပ်အဆင်းဆိုတဲ့ ပစ္စည်းသူဌေးကလေးတစ်ဦး ဖြစ်နေတော့ ပြည်မြို့နှင့် ရွှေတောင်မြို့ဝန်းကျင်မှာ တွေ့မြင်ဖူးသမျှ မနေဥစ္စာရှိတဲ့ မိကောင်းဖခင်သားတွေဟာ ပျားအုံလို မသင်းနွယ်ကို ဝိုင်းနေကြတယ်။ အကြံတူလျှင် ရန်သူဖြစ်တယ်ဆို မဟုတ်လား။ သည်ကောင်မကလေးကို ချစ်မှုဖြင့် ရန်စစ်တွေ အများကြီး ဝိုင်းလိမ့်မယ်။ မိန်းမအတွက်နှင့် အသက်သေရတဲ့ နိဿရည်းကိုလဲ အများကြီး တွေ့မြင်ဖူးလှုပြီ မဟုတ်လား။ သတိထားဖို့ ပြောတာပါ။ တောက ကာလသားများ ရက်စက်မှ နက်နက်နဲနဲ ကြောက်စရာကောင်းသတဲ့။

(ရဲ) "ကမ္မဿကာ ကံချရာ သတ္တဝါအလုံး ဖြစ်မြဲထုံး"ဆိုတဲ့ အတိုင်း ကံစီမံရာကိုသာ သတ္တဝါတို့ ခံကြစမြဲပါ။ လူတစ်ဦးတစ်ယောက်အပေါ်မှာ မကောင်းကြံစည်ဖို့ ဉာဏ်နိဆင်သော်လဲ အောင်မြင်ဖို့ အခက်သားကလား။ ကံနိမ့်တဲ့အခါတော့ သူ့ဘာသာအလျောက် အလိုလို ဖြစ်မြောက်ချင် ဖြစ်မြောက်သွားတာပဲ။ "ကြံသော်လည်း ပျက်စီး၊ မကြံသော်လည်း ပြီးစီး"ဆိုတဲ့ စကားများလဲ အရှိသားပဲ။ ယခု ကျုပ်နှင့် မသင်းနွယ်တို့ အပြန်ပြန် အလှယ်လှယ် နှစ်သွယ်စုံညီ မေတ္တာကြိုးချည်ဖို့ ကြံစည်ကြသော်လဲ ကံဆုံဖို့ မကူလျှင် ကြည်ဖြူရက်နှင့် လွဲချင်လွဲမှာပဲ။

ဟု စပ်မိစပ်ရာ ပြောဆိုကြပြီးလျှင် ပိုးထည်ကောက်ရန် အလုပ်ရှိသည်နှင့် နှစ်ဦးစုံ ထွက်သွားကြလေ၏။

ရွှေတောင်မြို့သဲတန်း အိမ်တစ်အိမ်မှာ တိုက်သူကြီးသား မောင်ရဲဒင်နှင့် ပင်စင်ရ မြေတိုင်းအင်စပိတ်တော်၏သား မောင်ဘမှန်တို့ တိုင်ပင် ပြောဆိုကြသည်မှာ–

(ဘမှန်) ခင်ဗျားကြံတဲ့ ကိစ္စကို ထမြောက်အောင် ဆောင်ရွက်နိုင်မယ်လို့ ထင်ရဲ့လား။

(ရဲဒင်) ခက်ခဲတယ် ထင်လို့လား။

(မှန်) မလွယ်တာတော့ အမှန်ပဲ။ "စံပယ်ကောင်းလျှင် ပန်ချင်သူများသည်၊ အရွယ်ကောင်းလျှင် ကြံချင်သူများသည်"ဆိုတဲ့ စကားအတိုင်း အရွယ်ကောင်းတဲ့ ရုပ်ချောကလေးဆိုတော့ ဥစ္စာမပေါ်သော်လဲ ချောင်းတဲ့လူတွေကတော့ ဝိုင်းနေတာပဲ။ ကာလသားတိုင်းက မျက်စပစ်ဖို့ ကြံနေကြတယ်။

(ရဲဒင်) အို အချောင်းသမားတွေ ဘယ်လိုများများ လူညွှန့်တွေ ကြားထဲက အတင်း ဆွဲယူပြပါမယ်။ မသင်းနွယ်ကလေးဟာ ကျုပ်လက်က လွတ်နိုင်လိမ့်မယ်လို့ ထင်သလား။ ကျုပ်က သူကြီးသားပါ။ ကျုပ်တို့အာဏာအောက်က ဘယ်လို ထွက်မြောက်နိုင်မလဲ။

(မှန်) ခင်ဗျားအပေါ်မှာ မေတ္တာရှိကြောင်းနှင့် ဝန်ခံတဲ့စကားနှင့် သူပေးတဲ့စာများကို ရဖူးသလား။

(ရဲ) ကျုပ်က စာပေးဖို့ရာဝါသနာပါတဲ့လူ မဟုတ်ဘူး။ အောင်သွယ်လုပ်တဲ့ ဒေါ်တုပ်ကဖြင့် မရလျှင် သတ်ပစ်ပါတော့လို့ ရဲရဲကြီး အာမခံထားတာပါပဲ။ သူ့မိထွေးကလဲ သည်ကောင်မကလေး မကြိုက်

WWW.DHAMMARANSI.COM



လျှင် ရိုက်နှက်လို့တောင် ပေးစားမယ်လို့ အာမခံပါတယ်။ သေသေချာချာ ကျုပ်မကြံသေးလို့ပါ။ ဘယ်ခါမဆို လိုတဲ့နေ့မှာ သူ့မိထွေး ဒေါ်မျိုးက ခိုးရာကို ထည့်လိုက်မယ်လို့ ကတိထားပြီးပါပဲ။

(မှန်) ဘယ်လိုပင် ဉာဏ်ဆင်သော်လဲ ကာယကံရှင်က မေတ္တာရှိမှ နေရာကျတာမျိုးပါ။ ခင်ဗျားကို ကျုပ် သတိပေးချင်တာကတော့ ကျုပ်တို့မြို့သားများအတွက်တော့ မစိုးရိမ်ရဘူး။ အထည်ဝယ်ဖို့ ဆိုသလား။ ရပ်ရည်က ခံ့ခံ့ညားညားနှင့် ရန်ကုန်သားကလေးနှစ်ယောက် ရွှေတောင်မြို့ကို ရောက်လာကြတယ်။ ဥစ္စာပစ္စည်း ကုံလုံပြီး လူကုံထံကြီးများရဲ့ သားနှင့် တူပါရဲ့။ သူတို့နှစ်ယောက် တွင် ထွန်းရီဆိုတဲ့အကောင်က မသင်းနွယ်ကို ခပ်ပိုးပိုး လုပ်နေတာ ခင်ဗျား သိရဲ့လား။

(ရဲ) ဒါတော့ ကျုပ်မသိဘူး။ ဘယ်လိုပဲပိုးပိုး ကျုပ် နိုင်အောင် ချိုးနိုင်ပါတယ်။ မသင်းနွယ်က ငြင်းပယ်ရဲ့ မဟုတ်လား။

(မှန်) မသင်းနွယ်က ငြင်းပယ်တော်မမူတဲ့ပြင် မကြာခင်ပဲ လိုက်ပြေးမလိုလို ဖြစ်နေပြီလို့ သတင်းကြား ရတယ်။

(ရဲ) ဘယ်လိုပဲ ဖြစ်ဖြစ်လေ။ စစ်တိုက်ပြီး ကောင်မကလေးကို ယူနိုင်ပါတယ်။ ရန်ကုန်က လာတဲ့ အကောင်တွေဟာ သူတို့မြို့ကြီးမှာ ခေါင်းပေါင်းစ ထောင်သော်လဲ ရွှေတောင်မြို့မှာ မော်လျှင် ဝိုင်းပြီးဆော်လိုက်တာပ။ မော်မော်ကြွားကြွားနှင့် ကျုပ်တို့နယ်လာပြီး စော်ကားတဲ့အကောင်ကို မျက်နှာပြောင်တိုက်ပြီး အမှတ်တရ နိုပ်စက်ပြလိုက်ပါမယ်။ မသင်းနွယ်အိမ်ကို သူတို့ အလည် လာတတ်သလား။

(မှန်) မကြာမကြာ လာတာကို တွေ့မြင်ရပါတယ်။

(ရဲ) ဘယ်အချိန်ကို လာတတ်သလဲ။ ညအခါကို လာတတ်သလား။

(မှန်) ညကို လာတာတော့ မမြင်ရဘူး။ တစ်ခါတစ်ခါ နေ့လာတာတော့ တွေ့မြင်ရတယ်။

(ရဲ) တစ်နေ့နေ့တော့ သည်အကောင်နှင့် တွေ့ရလိမ့်မယ်။ မဆိုင်ရာ နယ်ကျူးပြီး ထူးထူးဆန်းဆန်း မောက်တဲ့အကောင်ကို တင်လိုက်ရဦးမှာပေါ့။ ကျုပ်မွေးထားတဲ့ အကောင်ကလေးတွေကို အလုပ် မပေးရတာ အတော်ကြာသွားပြီ။ သူ့မိထွေးဒေါ်မျိုးကိုလဲ အကျိုးသင့် အကြောင်းသင့် ပြောရဦးမယ်– ဆိုပြီး တိုက်သူကြီးသား ရဲဒင်သည် မသင်းနွယ်အိမ်သို့ သွားလေ၏။

မသင်းနွယ်သည်လည်း ရက်ကန်းစင်မှာ လွန်စွာအလုပ်များနေခိုက်ဖြစ်သည်နှင့် ရဲဒင်ကို မကြည့် ဘဲ မိမိရက်ကန်းကိုသာ ငုံ့၍ ရက်နေလေ၏။

ရဲဒင်က မသင်းနွယ်အမူအရာကို မြင်လျှင် ဘမှန် ပြောသည့်အတိုင်း ရန်ကုန်သား ထွန်းရီ အပေါ် မှာ မေတ္တာစူးရှသဖြင့် ငါ့ကို ဂရုစိုက်လို့မှ မကြည့်ပြီဟု ထင်သောကြောင့် အမျက်ဒေါသ ငြိစွမ်းသွားပြီးလျှင် "တစ်မြို့သား ရည်းစားလုပ်ချင်တဲ့ ကောင်မကလေးကို သိစေမယ်"ဟုဝမ်းထဲက ကြိမ်းဝါးလျက် အိမ်ပေါ် သို့ တက်သွားရာ ဒေါ်မျိုးနှင့်တွေ့လေ၏။ ဒေါ်မျိုးက ဝမ်းသာအားရနှင့် နှုတ်ခွန်းဆက်သပြီးလျှင် "ဘယ်လို ကိစ္စထူးပါသလဲ"ဟု မေးရာ

"ကိစ္စတော့ မထူးလှပါဘူး။ ဒေါ်ဒေါ့်သမီးကလေး မသင်းနွယ်က ကုန်ဝယ်လာတဲ့ ရန်ကုန်သားတစ်ဦး ကို အရူးအမူး မေတ္တာရှိတယ်လို့ ကြားတာနှင့် ဟုတ်မဟုတ် သိရန် လာခဲ့တာပါ။ ခင်ဗျားကြီးကိုယ်တိုင်က အပျိုဆိုင်တည်ပြီး ငွေငတ်တဲ့ အဒေါ်ကြီးဖြစ်မှာ စိုးရိမ်ပါတယ်။"

(ဒေါ်မျိုး)သည်အကြောင်းအရာကို ဘာမှ မသိရိုးမှန်ပါတယ်။ ကောင်မကလေးက အတွင်းကြံနှင့် ကြိတ် နေတယ် ထင်ပါရဲ့။ ဘယ်လိုပင် အကြံထုတ်သော်လဲ လက်ခုတ်တွင်းက ရေကလေးပါ။ တစ်ခါ

WWW.DHAMMARANSI.COM



တစ်ခါ မောင်ထွန်းရီဆိုတဲ့ ရန်ကုန်သားကလေး အထည်ဝယ်ဖို့ လာတာတော့ မြင်ဖူးပါရဲ့။ ချစ်ခင်မယ်တော့ မဟုတ်ပါဘူး။ ရန်ကုန်မြို့မှာ မိသင်းနွယ်လိုဟာ ရှားသမို့လား။ ရန်ကုန်သားက တောသူကို ယူမယ်ဆိုတာလဲ ယုံစရာ မရှိပါဘူး။

(ရဲ) သည်လိုလဲ မထင်ပါနှင့်။ ယောကျ်ားဆိုတာ ထင်မိထင်ရာတွေပါ။ မေတ္တာရှိမှဖြင့်လဲ အလွန် စွဲတတ်တာမျိုး မသင်းနွယ်ကလဲ ခပ်ချောချော၊ အပြောအဆိုကလေးကလဲ ခပ်ချိုချို၊ ကိုယ်ဟန်ကလေးက ခပ်ယဉ်ယဉ်မို့ မြင်သမျှ လူတိုင်းက သူ့အကြောင်းကို မပြောဘဲ မနေနိုင်ကြဘူး။ သည်ကောင်မကလေးကို ကျုပ်မရလျှင် ခင်ဗျားတို့အိမ်မှာ ဒုက္ခမီးထုပ်ကျပြီးလို့ မှတ်ပေတော့။

(မျိုး) သည်ကောင်မကလေးကို မရဘဲ ရှိနိုင်ပါမလား၊ သွန်လိုသွန် မှောက်လိုမှောက် လက်တွင်းသို့ ရောက်ပြီးသားကပဲ။ ဘာကြောင့် လွဲနိုင်ရဦးမှာလဲ။ တည့်တည့်ပြောရမှာဖြင့် ဒေါ်ဒေါ်သဘောကတော့ သည်ကောင်မကလေးကို အိမ်က ထုတ်ပစ်ချင်တာ ကြာလှပေါ့။ မောင့်ရည်းစားအကြောင်းကို မကောင်းပြောတာလဲ မဟုတ်ပါဘူး။ မိသင်းနွယ်အတွက်ကြောင့် သူ့အဖေနှင့် တကျက်ကျက် ရန်ဖြစ်နေရတယ်။ လူဆိုတာ အမှန်ပြောရမှာဖြင့် ကိုယ့်ဥမှ ကိုယ်ခင်ကြတာမျိုးပါဂဲ။ အိမ်ထောင်ကြီးချင်းဆိုတာ အတန်ကြာတော့ ဖြစ်လို့သာဖြစ်ရတယ်။ ချစ်တာက တစ်ပဲ၊ အဆဲအဆူက တစ်ပိဿာ ဘယ်တော့မှ စိတ်မချမ်းသာကြဘူး။ ကြိတ်လို့သာ နေရတယ် မိသင်းနွယ်အဖေနှင့်တော့ ကြာလေလေ မျက်ကြောမတည့်အောင် ရှိနေတာပဲ။

(ရဲ) ဒေါ်ဒေါ်တို့လို လူကြီးချင်းမှ မတည့်ကြဘဲ ကျွန်တော်တို့ လူငယ်ချင်းချင်း ပေါင်းသင်းရမယ်ဆိုလျှင် ဘယ်တော့ တည့်နိုင်ဦးမှာလဲဗျ။

(မျိုး) သည်နေရာမှာတော့ လူကြီးနှင့်လူငယ် ဆယ်ပြန်မကအောင် ကွာနေတာကလား။ လူငယ်ချင်း (လူပျို အပျိုချင်း) ဆိုတော့ ရှင်းရှင်းလင်းလင်းမို့ ချစ်ခြင်းမေတ္တာက လွန်စွာ သန့်ရှင်းနိုင်ကြတယ်။ လူကြီးချင်း (အိမ်ထောင်ကြီးချင်း)ဆိုတော့ အပိုအမို အမြှောင်အပေါင်ကလေးတွေ ပါလာကြရော။ တိုးလိုးတန်းလန်း အညွန့်အတက်နှင့် အလက်အစွက်ကလေးတွေက စပြီး လူကြီးချင်း မမှာသောက ကျကုန်ပါရော။ အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုတာလို အမြှောင်အပေါင်က မီးစွဲပြီး တဟဲဟဲ တဟိန်းဟိန်းနှင့် လူကြီးချင်း ကြိမ်းနေကြရတာပဲ။ မိသင်းနွယ်အဖေ ဦးသိန်းနှင့် အကြောင်းပါတဲ့ အခါ သူ့ဘက်က သားလေးတစ်ယောက်နှင့် သမီးကလေးတစ်ယောက် ပါလာတယ်။ အဒေါ်ဘက်ကတော့ မယ်ချိုဆိုတဲ့ သမီးကလေး ပါလာတယ်။ ပစ္စည်းဥစ္စာမှာတော့ အဒေါ်ဘက်က မပါပေဘူး။ သူ့ဘက်က သုံးလေးထောင်တန်လောက်ပါလာတဲ့ ပစ္စည်းကလေးကိုလဲ ခွဲခြမ်း ခွဲခြမ်းနှင့် သူ့ရင်သွေးများကိုသာ ပေးလိုတဲ့ လက္ခဏာပါပဲ။ သည်လိုဉာဏ်ဆင်ပုံကို သိတာနှင့် ရှိသမျှ ပစ္စည်းကို ဒေါ်ဒေါ်က လက်ဝါးကြီး အုပ်ထားတာကလား။ သည်တော့ သူ့သမီးသူ့သားကို တစ်ပြားတစ်ချပ်မျှ ဒေါ်ဒေါ်မသိဘဲ မပေးနိုင်အောင် သူကြပ်သွားတာပေါ့။ သူ့သားကလေး တစ်ယောက်ကိုလဲ အင်္ဂလိပ်ကျောင်းမှာ ထားချင်တယ် ထားချင်တယ်လို့ ခဏခဏပြောလွန်းအားကြီးတာနှင့် ဒေါ်ဒေါ်က ရှင့်သားကို ကျောင်းထားဖို့ စရိတ်မတတ်နိုင်ဘူး။ အင်္ဂလိပ်စာ မတတ်လျှင် ထမင်းငတ်ပြီး သေတဲ့လူကိုလဲ မတွေ့ဖူးပါဘူးလို့ ပြောတာနှင့် သရက်မြို့ သူ့နမထံသွားပြီး ကျောင်းထားဖို့ရာ အပ်လိုက်တယ်။ သည်ကောင်ကလေး ဆင်းသွားတော့ ဒေါ်ဒေါ်တို့အိမ်မှာ ရှင်းပြီး ကောင်ကလေးအတွက် ဝန်ကင်းသွားတာပေါ့။ ဒါတောင်ပဲ တစ်ခါတစ်ခါ သူ့သားကလေး အတွက် ဝတ်ဖိုးစားဖိုး ထောက်ပင့်ချင်သေးသလိုလို စကားထွက်သေးတယ်။ အလကားသက်သက်

WWW.DHAMMARANSI.COM



သူ့သမီးသားကို ဒေါ်ဒေါ်က ပုံပိုးနိုင်မလား။ သင်းနွယ်ဆိုတဲ့ကောင်မကလေးကြောင့်လဲ ဝန်လေးပြီး အိမ်ရှုပ်နေသေးတယ်။ သင်းတစ်ယောက် အိမ်ပေါ်ကဆင်းလျှင် သူ့ဘက်က အရှုပ်အယှက်ကလေး တွေ ရှင်းသွားမှာပေါ့။ သို့ရာတွင် ရက်ကန်းအရက်နှင့် လက်သွက်ခါ ငွေဝင်လို့သာ ခင်သလိုမင်သလို လုပ်ထားရတာပါ။ ဒါကြောင့် မကြာမီ မောင်မင်းကြီးသား ခေါ်လိုရာခေါ်သွားပါတော့။ အခေါ် မျက်စိမှာဖြင့် သင်းနွယ်ကို ကြည့်ရတာ စပါးစိတစ်ခုလုံး စူးသလို ဖြစ်နေတာပဲ။

(ရဲ) ဒေါ်ဒေါ်ပြောတဲ့ စကားလဲ မတရား အလွန်အားကြီးပါတယ်။ သနားစရာ၊ ကြောကသားလဲသား ရင်ကသားလဲသား ထူးမခြားနားဆိုသလို ရှိသင့်တယ် မဟုတ်လား။ ဒေါ်ဒေါ်ကပါတဲ့ မယ်ချိုကိုတော့ ရွှေပုံစိန်ပုံပေါ် တင်ထားချင်သလောက် ချီးမြှောက်နေတာကို ကျွန်တော် မြင်ပါတယ်။

(မျိုး) မောင်ကတရားမချပါနှင့်ဦး။ ကိုယ့်ရင်သွေးဆိုတော့ "အရေးကြီး သွေးနီးရာချို"ဆိုသလို ကိုယ့် ဘက်တော့ ကိုယ်ယက်ကြစမြဲပါ။ ကမ္ဘာ့မမှုတာကို ဘယ်သူလွန်ဆန်နိုင်မလဲ။ မတော်လွန်းလို့ပ မောင်ရယ်။ တော်တယ်ဆိုလျှင် သင်းနွယ်ကို မြင်းလုပ်ပြီး မယ်ချိုကို အစီးခိုင်းနေမှာပဲ။ ရိုင်း တယ်ပြောကြမှာ စိုးလို့သာ အရာရာ ထိန်းချုပ်၍ စိတ်ရှိတိုင်း မလုပ်ဝံ့ဘဲ နေရတာပေါ့။

(ရဲ) ဒေါ်ဒေါ် ပြောပုံ ဆိုပုံကဖြင့် မိထွေးဝတ္ထုရားနှင့် ညီညွတ်ပါပေရဲ့။ ဦးသိန်းဆိုတဲ့ ငနဲကြီးကလဲ သရဲစီးခံနေရတဲ့လူလို ဒေါ်ဒေါ်နှင့် တွေ့ကတည်းက မူးမေ့ပြီး ထူးထူးထိုင်းထိုင်းကြီး ဖြစ်နေရှာ တော့တာပဲ။ ဒေါ်ဒေါ်မှာ အတော်ကောင်းတဲ့ မှိုင်းထက်နက်ကြီး ရှိနေတယ် ထင်ပါရဲ့။

(မျိုး) ဒေါ်ဒေါ့်မှိုင်းလက်နက်များ ထိမှဖြင့် လူမှန်းသူမှန်းမသိအောင် ထိုင်းသွားတတ်တာပါပဲ။ မယ်ချိုတို့ အဖေ့လက်ထက်ကလဲ တစ်ချက်လောက် မျက်စောင်းထိုးလိုက်လျှင် ထိကရုံး ထိကညှိုးပင်များလို တစ်ခါတည်း ညှိုးနွမ်းပြီး ကျောချမ်းအောင် လန့်ရှာတာကလား။

(ရဲ) ယောကျ်ားကို သည်လောက်နိုင်မှဖြင့် ပြိုင်ဖက်မရှိအောင် သတ္တိကောင်းတဲ့ ဒေါ်ဒေါ်ကြီးပေပဲလို့ ကျွန်တော် ချီးမွမ်းပါရဲ့ခင်ဗျား။ ကဲ သည်စကားကို ရပ်စမ်းပါဦး။ မသင်းနွယ်ကို ခင်ဗျားနိုင် အောင် ထိန်းပါ။ ကောင်မကလေးက စိတ်ညစ်ညစ်နှင့် ဖြစ်ချင်ရာဖြစ်ကရော့လို့ ကြံပြီး ရန်ကုန် သားနောက်ကို လိုက်သွားမှာ စိုးရိမ်ရပါတယ်။ သူ့ကို ခိုးဖို့ရာ ကျုပ်မှာလဲ စရိတ် လုံလောက်အောင် မရှိသေးဘူး။ မိဘများကတော့ တခြားမိန်းမနှင့် သဘောတူ၊ သူတို့ပေးစားတာကိုလဲ ကျုပ်က မယူချင်တဲ့အတွက် မသင်းနွယ်ကို မက်မိကာကြောင့် သည်အရေးကလဲ အခက်တစ်ခုပဲ ခင်ဗျာ။ သုံး လေးလတော့ ဆိုင်းရဦးမှာပဲ၊

(မျိုး) စိတ်သာချပါ။ ကောင်မကလေးတော့ ထွက်မပြေးနိုင်ပါဘူး။ သုံးလေးလထက်တော့ မလွန်ပါစေနှင့်။ ဝန် အင်မတန် လေးတယ် မောင်ရေ့။ မောင်ပေးမယ်ဆိုတဲ့ ငွေတစ်ရာကို ဘယ်ခါမှ မြင်ရမှာလဲ။

(ရဲ) နေရာကျတဲ့အခါ ငွေတစ်ရာကို အတိုးနှင့်တကွ ပေးပါမယ်။ ယခု ငွေမလွယ်သေးလို့ပါ။ ကဲဗျာ မသင်းနွယ်နှင့် ခေတ္တ စကားပြောစမ်းပါရစေဦး။

ဆိုပြီး အောက်ထပ်သို့ ဆင်း၍ မသင်းနွယ် ရက်ကန်းစင်နားမှာ ဘွားခနဲ သွား၍ရပ်လေရာ မသင်းနွယ်က အလန့်တကြားနှင့်

"အို ကိုရဲဒင်ကြီးပါကလား။ လန့်လိုက်တာရှင်။ အသံကလေးများ ပြုပြီး ဝင်ခဲ့ပါတော့။ ရှင့် မျက်နှာကလဲ မသာမကြည်နှင့် ဘယ်သူနှင့် ရန်ဖြစ်လာသလဲရှင့်"ဟု ပြုံး၍မေးလေ၏။

(ရဲ) ဘယ်သူနှင့်မှ ရန်မဖြစ်ခဲ့ပါဘူး။ မင်းနှင့် ရန်ဖြစ်ဖို့ လာခဲ့တာပါပဲ။

(နွယ်) ဘယ်လို ရန်ဖြစ်ချင်တာလဲရှင့်။ ရန်လိုလျှင် ရန်ပိုတတ်တယ်ဆို မဟုတ်လား။

WWW.DHAMMARANSI.COM



(ရဲ) စကားရှည်ရှည် မပြောအားဘူး။ မင်းအဖေကြီးများ မြင်သွားလျှင် သမီးကို စော်ကားတယ်လို့ ထင်မှာလဲ စိုးရိမ်ရသေးတယ်၊ မင်းမှန်မှန်ပြောစမ်းပါ။ ရန်ကုန်က ကုန်လာဝယ်တဲ့ ထွန်းရီနှင့် မေတ္တာရှိနေကြတယ်ဆို မဟုတ်လား။

(နွယ်) အို ကိုရဲခင်ကလဲ မဟုတ်တာကို မပြောပါနှင့်။ အစ်ကို့နှမကလေးဟာ သည်လို ရှုပ်ရှုပ်ထွေးထွေးများကို ဘယ်တော့ သတင်းကြားဖူးသလဲ။

(ရဲ) သတင်းကြားလို့ မေးတာပါ။ လူ့သတင်း လူချင်းဆောင်သတဲ့။ မကွယ်ဝှက်ပါနှင့်။ တကယ် မက်တာဖြင့် ကျုပ်တို့လဲ ကူညီစောင်မပါမယ်။

(နွယ်) မဟုတ်ပါဘူး ကိုရဲခင်။ အလွဲထင်ပြီး စိစ်မနေပါနှင့်။ ကျွန်မအမြစ်အခြေကို သိပြီး မဟုတ်လား။ ကံကုသိုလ် မလှလို့ ဒုက္ခမကင်းတဲ့ အညံ့အဖျင်း သတ္တဝါကောင်မကလေးမို့ လှောင်ကြပြောင်ကြ ပြောချင်ဆိုချင်ရှိကြတာပါ။ သည်လိုစိတ်မျိုးကို ဘယ်တုန်းကမှ လက်ခံခဲ့ဖူးတာ မရှိပါဘူး။

(မောင်ရဲခင်က အိတ်ထဲက မောင်းချဓားကို ထုတ်၍ မောင်းတင်ပြီးလျှင်)

ဟောသည်မှာကြည့်စမ်း။ ဘယ်လောက်ချစ်စရာကောင်းတဲ့ ဓားလဲ။ လူသားလူသွေးကိုဖြင့် အတော်ကြိုက်ရှာတယ်။ ရန်ကုန်က အကောင်နှင့် ယောင်လို့များ နှော့ခဲ့လျှင် မှတ်ပါတော့ မုချ။ မင်းတို့နှစ်ယောက်၏ ဝမ်းဗိုက်ကို ဟောသည်ဓားဦးကလေး စိုက်ချင်သတဲ့။ မိုက်တဲ့ဘဝမှာ ပြောမပြဘဲနှင့် မင်းလဲ အသိသား မဟုတ်လား။ တစ်မြို့သားက နယ်ခြားမှာလာပြီး မော်ခဲ့လျှင် ဆော်နေကျ ရဲခင်ပါနော်။ ပွဲဝင်တိုင်းကျော်နေတာကို မင်းကြားဖူးတယ်မဟုတ်လား။

(မသင်းနွယ်က အလွန်ကြောက်ရွံ့ထိတ်လန့်စွာနှင့်)

အစ်ကို့သတင်းဂုဏ်ကိုတော့ နယ်တုန်အောင် ကြောက်လန့်နေကြမှန်း သိပါတယ်။ လန့်ပါတယ် ရှင် ဓားကြီးကို တဝင့်ဝင့်နှင့် မလုပ်ပါနှင့်။ ကျွန်မတို့လို မျက်နှာငယ်တဲ့ အပျိုကလေးများကို မသနားတဲ့ လူများက ထင်ယောင်ထင်မှားဖြစ်အောင် တို့မီးရှို့မီး လုပ်ပြီး မဟုတ်ဘဲနှင့် အဟုတ်ထင်အောင် ပြောတတ်ဆိုတတ်ပါတယ်။ ဒီဌမဟုတ်လျှင် မယုံပါနှင့်။ ကျွန်မအသက်ကို ပုံလိုက်ပါမယ်။ အစ်ကိုကြီးကိုပဲ ကျွန်မတို့အားကိုးနေတာပါ။ အလော်မာနှင့်မတရားလျှင် သည်ဓားနှင့် စီရင်ပါတော့”ဟု ပြောရာ ရဲခင်က

“မင်းစကားကို မြဲမြဲမှတ်ထားပါ။ ဓားနှင့် မဟာမိတ် မဖြစ်ချင်လျှင် အရာရာကို ဆင်ခြင်ပါနော်။ နောင်ခါတော့ အဆိုးမဆိုနှင့်”ဟု ကြိမ်းဝါးပြီးလျှင် ရဲခင် ထွက်သွားလေ၏။

မသင်းနွယ်မှာ လွန်စွာ ကြောက်ရွံ့ ထိတ်လန့်လှသည်နှင့် အလန့်တကြား ကြိမ်းဝါးခံရသောကြောင့် နှလုံးတုန်ပြီးလျှင် ရက်ကန်းကို ဖြောင့်ဖြောင့် မရက်နိုင်ဘဲ ရက်ကန်းလွန်းကိုင်ရင်း စဉ်းစား ဆင်ခြင်သည်မှာ

*မောင်ကောင်း ဖားကောင်း မရှိတဲ့ မိန်းမဆိုတာ မြင်မြင်ရာရာက စော်ကားချင် ကြတာပဲ။ အဖေရှိပြန်ပါလဲ မိထွေးသြဇာကို မလွန်ဆန်ဝံ့ဘဲ ကြောက်ရွံ့ရွံ့နေရတဲ့အတွက် သမီးကလေးကို အားပေးချင်တိုင်း အားမပေးဝံ့ရှာဘူး။ ကိုထွန်းရီနှင့် မေတ္တာရှိတာကို ဘယ်သတ္တဝါက သွားပြီး သတင်းပေးပါလိမ့်။ သြော် ခက်လိုက်တဲ့ လောက။ ညာတာမယ့် အပျိုကလေးရယ်လို့ ကရုဏာသွေး မဝင်ကြပါဘဲကလား။ အချို့ ကာလသားများကတော့ မစားရတဲ့အမဲ သဲနှင့်ပက်ဆိုတာလို သူတို့အလိုကို မလိုက် သူတို့ကို မကြိုက်တာနှင့် လူမိုက်များ ရှူးတိုက်ပြီး ရှူးရှူးမိုက်မိုက် မတရား ကြံစည်ချင်ကြတယ်။ သည်ကအတွက်နှင့် ကိုထွန်းရီကလေးမှာ မတော်မဆ ရန်ဘေးသင့်သွားမှာ စိုးရိမ်ပါရဲ့။*

WWW.DHAMMARANSI.COM



*မိထွေးလုပ်တဲ့သူကဖြင့် သမီးရယ်လို့ သဘောမထားဘဲ မိုက်မှားအောင် သွေးဆောင်နေတာပဲ။ ရဲဒင်ဆိုတဲ့သူကြီးသားနှင့် နိုးရာသို့ လိုက်သွားအောင် တိုက်တွန်းတဲ့စကားကိုသာ မကြာမကြာ အရိပ်အမြွက် ပြောနေတယ်။ သူ့ရင်သွေး မယ်ချူကိုတော့ ဂုဏ်တင်ကာ မြှောက်နေတာပဲ။ ဪ မတရားတဲ့ကာလ ဖြဟ္မစိုရ် ကွယ်ပျောက်ပြီး ဖြဟ္မခြောက်တွေ ထွန်းကားနေတာမို့ အဝေရာဟောန္တု ဆိုတဲ့ မေတ္တာပို့များကို နှုတ်ဖျားက ဆိုသော်လဲ ကိုယ်တစ်ခြား စိတ်တစ်မျိုးဟာမို့ မေတ္တာအကျိုးပေးများလဲ တန်ခိုးသေးကုန်တာပေါ့။ ဪ ကိုထွန်းရီ၊ ကိုထွန်းရီ ရန်သူတွေစပ်ကြားမှာ ဒုက္ခများ တွေ့နေမှာလား။ ဟယ် ဘယ်လိုပင် ကြံ သော်လဲ ကံစောင့်ရှောက်ပြီးသားမို့ မှောက်မှောက်မှားမှား ဖြစ်နိုင်ဖို့ ခဲယဉ်းပါရဲ့။ သူကလဲ ကြင်နာ ကိုယ့်မေတ္တာကလဲ သူဆီကိုရောက် ဘယ်တော့မှ အကြံမြောက်ပါမလဲ။ ကိုထွန်းရီလဲ မကြာမီ ရန်ကုန်ပြန်ဦး မယ်လို့ တစ်နေ့က ပြောသွားတယ်။ နောက်တစ်ခေါက်လာလျှင်ဖြင့် နေရာကျပါစေမယ်လို့ အသေအချာ ကတိထားခဲ့တာပဲ။ သည်အိမ်ကို တိုက်ရိုက်လာမှဖြင့် မိုက်တဲ့သတ္တဝါနှင့် တွေ့ဆုံပြီး ဘေးများနှင့် ကြုံနေ မှာ စိုးရိမ်ရတယ်။ ဒေါ်မိထံကိုသွားပြီး အကျိုးအကြောင်းစကားကို တိုင်ပင်ရဦးမှာပဲ ဟု ကြံစည်ပြီးလျှင် အမှတ်တမဲ့ ထွက်သွားလေ၏။*

ဒေါ်မိဆိုသော ရက်ကန်းသည်မကြီးမှာ ပစ္စည်းဥစ္စာ မရှိရှာသော်လည်း တတ်စွမ်းသမျှ မသင်းနွယ်ကို ထောက်ပင့်ကူညီကာ သမီးကလေးအသွင် ခင်မင်၍နေသူ ဖြစ်ရာသည်။ ဤသို့ ချစ်ခင် နှီးရင်း အတွင်း စကား ပြောကြားတိုင်ပင်လာသည်နှင့် မသင်းနွယ်က ရန်ကုန်သား ပိုးကုန်သည်မောင်ထွန်းရီနှင့် ချစ်ခင်ကြောင်း၊ မိထွေးဖြစ်သူဒေါ်မျိုးက လူဆိုးလူပေဖြစ်သော သူကြီးသား ရဲဒင်နှင့် ပေးစားရန် ကြံစည်နေကြောင်း၊ ရဲဒင်၏ လူမိုက်သင်းကလည်း မောင်ထွန်းရီကို အလစ် ချောင်းမြောင်း၍ မကောင်းကြံစည် နေကြောင်းများကို စုံလင်စွာ ပြောကြားပြီးလျှင် "ယနေ့ည ကိုထွန်းရီ ကျွန်မတို့အိမ်ကို လာရန် မှာခဲ့ပါသည်။ ရဲဒင်ကလည်း ကျွန်မတို့အိမ်နားက ချောင်းမြောင်းကာ ကြံစည်ပုံ လက္ခဏာ ရှိပါသည်။ အမေ့အိမ်မှာ တွေ့ချင်ပါသည်။ ယခုကိုထွန်းရီထံ သွား၍ ဤအကြောင်းများကို တင်ကြို၍ ပြောဆိုထားစေလိုပါသည်"ဟု ပြောရာ ဒေါ်မိ က မောင်ထွန်းရီကိုလည်း သိပြီးဖြစ်သည်နှင့် "သမီးပြောတဲ့အတိုင်း မောင်ထွန်းရီက ချစ်ရိုးမှန်လျှင် အကြံကို ကူညီပါမည်။ ရဲဒင်စက်ကသာ ထွက်နိုင်အောင် ထွက်ပါ။ သမီးက လိမ္မာပါဘိသနှင့်။ လူမိုက်တို့ လက်ထက်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်သွားမှာ စိုးရိမ်ပါတယ်။ အမေကိုယ်တိုင် မောင်ထွန်းရီထံ သွား၍ စကားအစုံအလင် ပြောလိုက်ပါမည်" ဆိုပြီးလျှင် ဒေါ်မိလည်း မောင်ထွန်းရီထံသို့ ထွက်သွားလေ၏။

မောင်ထွန်းရီနှင့် တွေ့ဆုံ၍ အလုံးစုံ ပြောကြားပြီး ညရှစ်နာရီထိုးအချိန် ဒေါ်မိအိမ်သို့ လာရန် ပြောဆိုမှာထားပြီးလျှင် ကြပ်တည်းစွာ ချစ်ခင်ရှာကြသော သူနှစ်ဦးတို့ကို တွေ့ဆုံရန် စီမံ၍ ထားရှာလေသည်။ ရဲဒင်တို့ လူစုလည်း ကုတ် ဓား ကိုယ်စီနှင့် မသင်းနွယ်၏ အိမ်နီးနား ပတ်ဝန်းကျင်မှာ မောင်ထွန်းရီလာသော အခါ နှိပ်စက်ရန် စောင့်ဆိုင်း၍ နေကြလေ၏။

ရှစ်နာရီ ထိုးခါနီးတွင် မောင်ထွန်းရီသည် ရပ်ဖျောက် ဝတ်ဆင်လျက် ဒေါ်မိအိမ်သို့ အမှတ်တမဲ့ လာရောက်ပြီးလျှင် ရည်းစားသည်ကို မျှော်လင့်နေရာ မသင်းနွယ်ကလည်း ပိုးချည်ဝယ်ရန် ကိစ္စတစ်ခုနှင့် ခေတ္တသွားလိုက်ပရစေဟု ဖခင်ထံ ပန်ကြား၍ ဒေါ်မိအိမ်သို့ ထွက်လာခဲ့လေ၏။

အချစ်ပန်းကလေးနှစ်ခိုင် ဆိုင်ပြိုင်တွေ့ဆုံကြသောအခါ တစ်ဦးနှင့်တစ်ဦး လက်ချင်းကိုင်၍မရယ် နိုင်မပြုံးနိုင် ငေးမှိုင်၍ နေကြသည်မှာ လေးမိနစ်လောက် ကြာသွားလေ၏။

(ရီ) ယခုလို နှမနှင့်တွေ့ရတဲ့ အချက်မှာ ဘာစကားကို ပြောရမှန်းမသိဘူး။ ပြောဖို့ကြံစည်ထားတဲ့ အချက်တွေလဲ အကုန်လုံး ပျောက်ပျက်ကုန်ပြီ။ ဘယ်စကားကို မောင်ပြောရမလဲ။

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

(မသင်းနွယ် အလွန်ရက်ကြောက်တုန်လှုပ်သော စိတ်ဖြင့်)

မောင့်အပေါ်မှာ အလွန်တရာ ချစ်ခင်တဲ့ မေတ္တာစိတ်ကြောင့် မိုတ်ပြီး အရဲစွန့်ရတော့တာပဲ။ ယခု လောက် အသက်အရွယ် ကြီးလာခဲ့ပြီ တစ်ခါမှ သည်လိုစိတ်မျိုးနှင့် တိတ်တိတ်ခိုး မကြံဖူးပါ။ အဖိုးမတန်တဲ့ကောင်မကလေးလို့ အရေးမစိုက်ဘဲ မိုက်တိုက်တိုက် လေတေတေကလေး ထင်သွားမှာလဲ စိုးရိမ်ပါရဲ့။ မေတ္တာကြီးဆွဲမှုဖြင့် အရဲစွန့်ဝံ့တာ အံ့သြစရာကြီးပါပဲ။

(ရီ) နှမစိတ်သဘောကို မပြောခင်က ရိပ်မိ အမှန်အတိုင်းသိတာမို့ ချစ်မိတဲ့မသင်းနွယ်ကို တကယ်တမ်း ကြံစည်တော့မယ်လို့ သန္နိဋ္ဌာန် ချထားပါတယ်။ ဝတ်ငါးဖြာ ကျေပွန်တဲ့ အလိမ္မာ တံခွန်ကလေးပဲဟု စွဲစွဲမြဲမြဲ မောင်က ချစ်တာအမှန်ပါ။ သံသရာက ရေစက်ဟောင်း ထင်ပါရဲ့။

(နွယ်) နှစ်ဦးနှစ်ဝ ချစ်ခင်စုံမက်ကြလို့သာ ယခုလို ခက်ခဲစွာ တွေ့ဆုံကြတာပေါ့။ သို့ရာတွင် ကျွန်မ စိုးရိမ်တာက သည်လိုပါ။ မောင်တို့ ရန်ကုန်မြို့မှာတော့ အလိမ္မာအလှအချောနှင့် အပြောအဆို ယဉ်ကျေး၍ ချစ်စရာကလေးတွေဆိုတာ ပဒေသာပင် ပေါက်သလို ပေါများလှပါတယ်။ နှမမှာ တော့ ရှေးကုသိုလ်ကံ မလှလို့ တောကျတဲ့ မြို့ကလေးမှာ ခပ်နိမ့်နိမ့် အကျိုးပေးပြီး ဂုဏ်သရေ မှိန်မှေးလျက် ရှိပါတယ်။ ရက်ကန်းကို နေ့စဉ်ရက်ပြီး အသက်ကို ရှင်အောင်မွေး မိထွေးက ဖိစီး ပစ္စည်းနှင့် ဥစ္စာမှာ မြော်မြင်စရာမရှိ။ တောစွယ်တောင်ခြောက်မှာ အလေ့ပေါက်တဲ့ ထင်းပင်ကဲ့သို့ အသုံးမဝင် အဖိုးမတန်တဲ့ ကလေကဝကို မောင်က မေတ္တာမျှတယ်ဆိုတာ ဝမ်းသာလို့ မဆုံးနိုင် အောင် ရှိပါတယ်။ သို့ရာတွင် ခဏမေတ္တာ ထာဝရမေတ္တာ မေတ္တာတု မေတ္တာမှန် အတန်တန် အထွေထွေ မေတ္တာမျိုး ရှုပ်ပွေသဖြင့် ပုံသေကြီး စိတ်ချ၍ ဒိဋ္ဌယုံကြည်ရန် ခဲယဉ်းလှပါတယ်။ တစ်ပွဲတိုး တစ်ရေလိုက်များဖြင့် ကြိုက်ဖို့ရာ မကြံပါနှင့်။ အဖိုးမတန်တဲ့ တောသူကလေးမို့ ဈေးတစ်မျိုး ရတ်သွားမှာလဲ စိုးရိမ်ပါတယ်မောင်။

(ရီ) အထင်များဖြင့် မလွဲပါနှင့်။ အကဲခတ်သင့်ပါတယ်။ တောသူသော မြို့သူသော အလိမ္မာသဘော သာလျှင် လိုရင်းဖြစ်ပါတယ်။ မသင်းနွယ်ပေးတဲ့ ဆင်ခြေအတိုင်း ရန်ကုန်မြို့မှာ လွန်စွာ အချော အလှတွေ ပေါပါရဲ့။ ချောချောလှလှ ဂုဏ်ပကာသနတွေ ဘယ်လိုများများ အသိတရား မကြွယ် လျှင် ဘယ်လိုအမျိုးသမီးမှ ချစ်ခင်ဖို့ မကြံခဲ့တာ မှန်ပါရဲ့။ တစ်သက်ပန်လုံး အသက်ဆုံး ပေါင်း ရမယ့် ဇနီးဆိုတာ တစ်ပွဲတိုး မေတ္တာနှင့် မချင့်မစာ ကမန်းကတန်း ချစ်ကြိုက်သင့်တာ မဟုတ် ပေဘူး။ မဟောသဓာအရှင်သည် ကတော် အမရာခင်ကို ရှာသည့်အလားကဲ့သို့ သည်ကမောင် ကလေး တစ်ပါးလည်း အလိမ္မာအားကြီးတဲ့ ဇနီးလက္ခဏာနှင့် ပြည့်စုံသူကို ရှာခဲ့တဲ့အခါ အမရာ နှင့် တူတဲ့ ဟောသည် တောသူ မသင်းနွယ်ကလေးကို တွေ့တာပဲဟု ပြုံး၍ ပြောလေ၏။

(နွယ်) ယခုသဘောမျိုးထားတာ မှန်ပါစေ။ အဖိုးမတန်သူ ဆိုတာ ငြင်းဆန်တဲ့ဘက်က မဟုတ်ပါဘူး။ သို့ရာတွင် နှမအတွက် မောင်မောင့်အသက်ကို ထိခိုက်ပြီး မိုက်မိုက်ရူးရူး သရမ်းဉာဏ်နှင့် ကြံတဲ့ လူဆိုးတစ်သင်း ရှိနေလို့ အသွားအလာမှုစ၍ များစွာ သတိထားစေလိုပါတယ်။

(ရီ) နေစမ်းပါဦး။ သည်သတင်းကိုလဲ သန့်သန့်ကြားပါတယ်။ ဘယ်သူက ဘာကြောင့် ဘယ်လို ကြံစည်ဉာဏ်ထုတ်ကြသတဲ့လဲ။

(နွယ်) သည်လိုပါမောင်။ သူကြီးသားရဲဒင်ဆိုတဲ့အကောင်ဟာ သူ့အဖေမျက်နှာနှင့် အရာရာမှာ စော်ကား ပြီး မော်မော်ကြွားကြွား လုပ်ချင်ပါတယ်။ သူမွေးထားတဲ့ လူမိုက်ကလေး အသင်းလဲ ရှိပါတယ်။ ရဲဒင်က မောင်မောင့်နှမကို မရမနေဘူးလို့ အထူးကြံစည်နေပါတယ်။ မိထွေးလုပ်တဲ့ ဒေါ်မျိုးကလဲ

WWW.DHAMMARANSI.COM



နမကို ငြိုးတဲ့စရိုက်ကြောင့် လူမိုက်ရဲဒင်နှင့် အလွန်ပင် ပေးစားချင်နေတယ်။ အဖေလုပ်တဲ့ လူမှာလဲ မိထွေးသြဇာကြီးနေလို့ သမီးသဘောအတိုင်း မလိုက်သာဘဲ မိထွေးအလိုကိုသာ လိုက်ပါ၍နေရှာပါတယ်။ မောင့်နမကို သူ့အိမ်ပေါ်က အမြန်ဆင်းစေဖို့ကိုသာ အချိန်အခါရှိသမျှ ကြံစည်နေတာကလား။ ဘယ်က သတင်းကြားတယ်လို့တော့ မသိဘူး။ မောင်မောင်နှင့် ကျွန်မ နှစ်ဦးနှစ်ဝ မေတ္တာရှိနေတယ်ဆိုပြီး နေ့လယ်ကပါပဲ နမထံသို့ ရဲဒင် လာကြိမ်းပါသေးတယ်။ ဒါကြောင့် နမက မောင်မောင် ဘေးထိမှာစိုးလို့ သည်ဒေါ်မိအိမ်မှာ အတွေ့ခံဖို့ ချိန်းလိုက်တာပေါ့။ လူမိုက်ကလေးတွေဆိုတာ မြွေဆိုးမြွေဟောက်ထက်ပင် ကြောက်ရပါသေးတယ်မောင်။ ဝေးဝေးက ရှောင်နိုင်မှ တော်ပါတယ်။

(ရီ) သည်လိုလူမိုက်မျိုးကို ကြောက်လျှင် ယခုလောက် စွန့်စွန့်စားစား ကြံရဲပမလား နမ။ ရန်ကုန်က လာကတည်းက အစစ သတိထားပြီးပါပဲ။ လူလိမ္မာကိုသာ ကြောက်ရပါတယ်။ လူမိုက်ဆိုတာ အညာသိတော့ အလွယ်ကလေးပါ။ အတ္တဘောကြီးတဲ့ ဆင်ကို ချွန်းကလေးတင်ပြီး ချိပ်လိုက်လျှင် ညိတ်ခနဲ ပြားကျသွားရသေးတာကလား။ လူမိုက်မှန်သမျှ ဉာဏ်ပညာ အမွဲတွေမို့ ပြားခနဲ ကျမြဲပါပဲ။ ဉာဏ်နည်းသူဆိုတာ ပညာနှင့် နယ်ရလျှင် အလွယ်ကလေး နိုင်စမြဲပါ။ “ပညာအားကြောင့် လုံ့ဓားလက်နက် ကြေပြုန်းပျက်”ဆိုတဲ့ စကားများလဲ အရှိသားကလား။ သတိကောင်းကောင်း ထားလျှင် ရန်သူများ အခွင့်မရနိုင်ဘူးဆို မဟုတ်လား။

(နွယ်) ဘေးကကာ ကင်းပ၍ ထွန်းသစ်စလကဲ့သို့ ကျက်သရေရှိပါစေဆိုတာ အခါခါ ဆုတောင်းရက်ပါပဲ။ နေပါဦး။ တစ်နေ့က မောင်မောင် ပြန်တော့မယ် ပြောတာ ဘယ်နေ့ရက်မှာ ပြန်ဖို့ သေချာပါသလဲ။

(ရီ) နက်ဖြန်ခါ ပြန်ရမယ်။ ပြည်မြို့မှာ တစ်ညအိပ်၍ ကိစ္စကလေးများလဲ ဆောင်ရွက်စရာ ရှိသေးတယ်။

(နွယ်) နမအပေါ်မှာ မေတ္တာနှင့် ကယ်ဆယ်မယ်ဆိုတာ ဘယ်အခါလောက်မှ ထမြောက်နိုင်မယ်လို့ ထင်ပါသလဲ။

(ရီ) မကြာရပါဘူး။ ကာလကုန်မှာကိုလဲ မောင်မောင် နမြောရက်ပါ။ နောက်တစ်ခေါက် အလာတွင် တစ်ခါတည်း ကိစ္စပြီးအောင် ရွက်ဆောင်ပါမယ်။ မောင်မောင့်သဘောမှာ ခိုးရာပါတဲ့ ပစ္စည်းမျိုးလိုလဲ မဖြစ်စေချင်ဘူး။ ရန်ကုန်သား မောင်ထွန်းရီက ကြံကြံစည်စည်နှင့် တောသူမကလေး တစ်ယောက်ကို ခိုးထွက်ပြေးတယ် ဆိုတဲ့ သတင်းကိုလဲ မဖြစ်စေချင်ပါ။ ခိုးရာကို လိုက်ပါတဲ့ မိန်းမနှင့် မရမက ခိုးတဲ့ ယောကျာ်းဟာ ရှက်စရာ ကောင်းတဲ့ပြင် အဖိုးမတန်ဘူးလို့လဲ ထင်မြင်တတ်ကြတယ်။ ဒါကြောင့် ထုံးစံရှိရာ လောကဓမ္မတာအတိုင်း မင်္ဂလာဆောင်ပြီး ထမြောက်အောင် ကြံစည်ချင်တဲ့ စေတနာပါ။

(မသင်းနွယ်က မျက်နှာညှိုးငယ်စွာနှင့် အတန်ကြာ ငေးနေပြီးမှ)

အကြံကိုပြောတော့ သဘောအကျဆုံးပါပဲ။ သို့ရာတွင် ရန်သူတော် မိထွေးကြောင့် သည်အရေး မဖြစ်နိုင်ဘူး ထင်ပါတယ် မောင်။ ရဲဒင်ဆိုတဲ့ အကောင်ကိုလဲ အကြောက်ရကြီး။ တစ်နည်းနည်းတော့ ရန်လုပ်မှာ အမှန်ပဲ။ မောင့်မှာတော့ ရန်ကုန်နေရလို့ ကြောက်စရာ မရှိပါ။ နမမှာတော့ ရန်သူ၏ နယ်တွင်းက လွတ်ကင်းနိုင်တာမဟုတ်လို့ တစ်နေ့နေ့မှာတော့ ဘေးတွေ့ရလိမ့်မယ်လို့ တထိတ်ထိတ်နှင့် စိတ်မချဘဲ နေရမှာ လွန်စွာ စိုးရိမ်ပါတယ်။ မောင်မောင် မလာခင်အတွင်းမှာ အတင်းအဓမ္မ ကြံစည်ပြီး မသတီတဲ့အကောင်ကြီးက နှိပ်စက်လျှင် အသက်များ သေချင်သေသွားရပါလိမ့်မယ်။

WWW.DHAMMARANSI.COM



ကြပ်လိုက်တာ မောင်မောင်၊ နမအနေအထိုင် ကျုံ့ပုံများကိုတော့ စဉ်းစားမိတိုင်း နလုံးနောက်ပါရဲ့။ မိထွေးလုပ်တဲ့ လူကလဲ နှိပ်စက်လိုက်တာ ဘယ်နေရာမှာမှ မျက်နှာသာ မရဘူး။ အစစစေခိုင်း အရိုင်းစကားတွေနှင့်ဆဲ မဲချင်မဲ မာန်ချင်မာန် ထန်လိုက်တာက ခဏခဏ တစ်ခါတစ်ခါတော့ ထမင်းတောင် ဝအောင် မစားဝံ့ဘူး။ ကျွန်မအရုပ်အဆင်းဟာ သည်လောက် ညှိုးနွမ်းစရာ မရှိပါဘဲနှင့် စိတ်မချမ်းသာစရာတွေ ညှဉ်းဆဲလွန်းလို့ ဖွတ်မွဲလို တပိန်ပိန် တလိန်လိန် ညှိုးနေတာပါပဲ။ ကိုးကွယ်ရာ မရှိတဲ့အခါ မြန်မြန်သာ ကယ်ဆယ်စေလိုပါတယ်မောင်။

(ရီ) ကယ်ဆယ်ဖို့တော့ အသင့်ပါပဲ။ မောင့်မိဘများကိုလဲ တစ်စုံတစ်ရာမျှ မပြောကြားရသေးဘူး။ အလေလိုက်တဲ့ ဝါသနာနှင့် ကိုယ်ထင်ရာကိုလဲ ပြုချင်တဲ့စိတ် မရှိ။ ဖမိအများနှင့် အမျိုးကောင်းသား ပီပီ တည်တည်ကြည်ကြည် ပြုလုပ်လိုတဲ့ ဆန္ဒပါ။ ခြောက်လထက် မလွန်စေရပါဘူး။ စိတ်ချပြီး သည်းခံ အောင့်အည်းခါ နေရစ်စမ်းပါဦး။

(နွယ်) အရိုင်းတောသူကို မောင့်မိဘများက စိတ်တူပါ့မလား။ ရန်ကုန်မြို့ကျတော့ မိဘကအတင်းဖျက် ရန်ကုန်သွေးတက်ပြီး ချစ်လျက်နှင့် စောင့်နေရတဲ့ မိသင်းနွယ်မှာ ကယ်မယ့်သူ မရှိဘဲ ဒုက္ခိတ အနေနှင့် အသက်သေအောင် ပူပန်နေရမယ့်ကိန်းများ ဆိုက်ရဦးမှာလားမောင်။

(ရီ) မောင့်အလိုဆန္ဒအတိုင်း မိဘက လိုက်စမြဲပါ။ သား၏ စိတ်ရင်းကို အတွင်းသိ ဖြစ်နေကြတာနှင့် မည်သည့်အရာမှ သား စီမံတာကို ပယ်လှန် နှောင့်ယှက်လေ့ မရှိပါဘူး။ မင်းဖေဖေကကော မောင်မောင်နှင့် ချစ်တယ်ဆိုလျှင် တကယ်ကို သဘောတူလိမ့်မလား။

(နွယ်) သည်အရာကိုတော့ မေးဖို့ မရှိပါ။ မိထွေး ဩဇာကြောင့် အသာကလေး စိတ်အေးအေးနှင့် ငုံ့၍ နေရသော်လဲ သမီးချမ်းသာလျှင် အခါတစ်ရာမက သဘောကျမယ်လို့ စောင့်စားနေရှာပါတယ်။ ရေငတ်နေတဲ့အခါ ရေလာပေးတဲ့သူကို ငြူစူ စောင်းမြောင်းပြီး ရိုက်မောင်းပုတ်မောင်း လုပ်ရိုး ထုံးစံ ရှိပါသလား။

(ရီ) ကဲ ဒါဖြင့် ကောင်းပါပြီ။ မောင့်အတွက် စိတ်ချပါ။ နမမှာ အားကိုးရာ မရှိသော်လဲ မိမိကိုယ်ကို လုံခြုံစွာရှိအောင် လိမ္မာသမျှ ဘေးလွတ်အောင် ရှောင်၍ နေရစ်ပါ။ မောင် အထူးမှာထားလိုသည်မှာ ယခုအခါ လွန်စွာ ရှုပ်ပွေ၍ ညစ်ထေယုတ်ညံ့သောကာလ ဖြစ်ပါတယ်။ မင်းတို့လို အရွယ်ကောင်း အပျိုချောကလေးများမှာ အလွန်တရာ ဘေးရန်များကြပါတယ်။ မောင်တို့ ရန်ကုန်မြို့များမှာ တောမြို့တောရွာက မတရားသဖြင့် ဖြားယောင်း သွေးဆောင်ခြင်း ခံရပြီးလျှင် မိန်းမ ကျက်သရေကို ဖျက်ဆီး၍ တစ်သက်လုံး ဆုံးရှုံးအောင် နှိပ်စက်တဲ့ လူဆိုးလက်ထဲမှာ ကိုးကွယ်ရာမဲ့ အညှဉ်းဆဲ ခံရရှာတဲ့ ကညာရွယ်ကလေးတွေကို တွေ့ရှိရပါတယ်။ တောနယ်က အရွယ်ကောင်း အမျိုးသမီး ခမျာကလေးတွေလဲ ကိလေသာမျက်စိနှင့် မက်မိမက်ရာ တွယ်တာလိုက်စားပြီး မိုက်မှားတဲ့ ဝသီပါရင်းမို့ အရုပ်အဆင်းကို ဗန်းပြ၍ အဝတ်အစား လှလှပပ ဆင်ပြီး ခင်အောင် မင်အောင် ကျော့ကွင်းထောင်ကြတဲ့ အသွေးအဆောင်သမားကလေးများနောက်သို့ စိတ်ရောက်ကိုယ်ပါ မဆင်မခြင် လိုက်သွားတတ်ကြပါတယ်။ သည်လိုကျော့ကွင်းထောင်တဲ့ လူယုတ်မာကလေးများ လက်တွင်းသို့ သက်ဆင်းကျရောက်ပြီ ဆိုမှဖြင့် အသက်မသေခင် အရှင်လတ်လတ်နှင့် အသူရကာယ်ဘုံသို့ ရောက်သည်နှင့်မခြား ငရဲသားတို့၏အလယ်မှာ အကြီးအကျယ် နစ်မွန်းခြင်း ခံကြရဖို့ ရှိပါတယ်။ သည်ကဲ့သို့ မတရားသူတို့၏ ထောင်ချောက်ထဲမှာ ကျရောက်ကပ်ဖိ နှောင်ကြိုးမိနေတဲ့ ဒုက္ခိတ သတ္တဝါမကလေးများကို တွေ့မြင်ရတဲ့အခါ ကရုဏာလှိုင်းတံပိုး အမျိုးကို ချစ်ခင်တဲ့စရိုက်နှင့်

WWW.DHAMMARANSI.COM

## လယ်တီပဏ္ဍိတဦးမောင်ကြီး စာပေါင်းချုပ်

ကယ်ထိုက်သမျှ ချမ်းသာခွင့်ရအောင် မောင်မောင်က ကယ်ဆယ်ဖူးတာလဲ များလှပါပြီ။ ကယ်သူကူသူ မတွေ့ဘဲ နေ့ရှိသမျှ အခန်းလှောင်၍ မလွန့်သာအောင် အညှဉ်းဆဲခံရတဲ့ အမျိုးသမီးကလေးတွေလဲ အများကြီး ရှိကြရာဦးမှာပဲ။

သည်လို အရေးတွေကို ကြားသိရလွန်းလို့ နှမကို မှာထားခဲ့ပါမယ်။ မောင်ကိုယ်တိုင် မလာဘဲ မောင်ကမှာလိုက်သည် ဆိုတဲ့ စကားနှင့် ဖြားယောင်းသည်ဖြစ်စေ၊ သည့်ပြင် တစ်နည်းနည်းနှင့် သွေးဆောင်လာသည်ဖြစ်စေ ဘယ်ခါမှ ယုံကြည်၍ မလိုက်ပါနှင့်။ ယောကျ်ား၏ ကျက်သရေဆိုတာ လွယ်ကူစွာ ရနိုင်ပါတယ်။ မိန်းမတို့ ကျက်သရေ အရှိန်မှာ တိမ်တိမ်ကလေးဖြစ်လို့ တစ်ကြိမ်လောက် ကျက်သရေပျက်ခဲ့လျှင် တစ်သက်လုံး ဆယ်မရအောင် ရှိတတ်ပါတယ်။

ဟု မှာထားပြီးလျှင် မသင်းနွယ် သုံးစွဲရန် တစ်ရာတန် ငွေစက္ကူတစ်ချပ် ထုတ်၍ပေးလေ၏။

မသင်းနွယ်မှာ ခွဲရတော့မည့်အခါဖြစ်၍ တီဟိတာတာ ပီယဝါစာ ပြောရမည့်အရေးထဲမှာ အသည်းကို လောင်သော အချစ်မီးက အရှိန်ကြီးတောက်၍လာသဖြင့် ဘာစကားမျှ ပြန်၍မပြောနိုင်ဘဲ မျက်ရည်တထွေထွေနှင့် ခေါင်းငိုက်စိုက်ကျ၍သာ နေရှာလေ၏။ မောင်ထွန်းရီက မသင်းနွယ်၏ လက်ကလေးကို ကိုင်ပြီးလျှင်

ယခု ဝမ်းနည်းသမျှတွေကို နောင်အခါ ချမ်းသာခြင်း တွေ့ရလိမ့်မည် ဆိုတဲ့စိတ်နှင့် ဆို့ပိတ် ဖြေဆည်လိုက်ပါ။ ဪ လက်ကလေးက နူးညံ့ပါဘိသနှင့်။ ရက်ကန်းစင်မှာ ထိုင်ပြီး လွန်းကလေးကို ကိုင်နေရတာ အသည်းနာလိုက်ပါဘိတယ်။ ကဲကွယ် အငိုမလွယ်ပါနှင့်။ ယခု မောင် ကိုင်တဲ့ လက်ကလေးကို နောင်အခါကျမှ ဆင်းရဲသမျှကို အစားချေပြီး စိန်တွေ ရွှေတွေ ဆင်ပေးပါမယ်

ဆို၍ ငိုနေသော မသင်းနွယ် လက်ကို လွှတ်ပြီးလျှင် မခွာချင် ခွာချင်နှင့် ခွာ၍ လာခဲ့ရလေ၏။

မသင်းနွယ်မှာလည်း တွယ်တာအားကိုးလျက် အကျိုးဆောင် အချစ်ဦးကလေးနှင့် ခွဲရသည်မှာ အသည်းညှာ ကြွေ၍ ပြုတ်မလောက် ဒုက္ခရောက်ခြင်းဖြင့် အပြင်းနှိပ်စက်ခြင်း ခံရသော်လည်း မကြာမီပင် တွေ့ရတော့မည့်အာသာက နှစ်သိမ့်စွာ ဖြေဖျော်လျက်ရှိသောကြောင့် အလွမ်းနှင့် ဆင်းရဲခြင်းများကို မျှော်လင့်ချက်ဖြင့် တားဆီး၍ ထားရှာလေသည်။

မောင်ထွန်းရီသည်လည်း မိတ်ဆွေ မောင်ဘဟန်နှင့်အတူ ဝယ်ယူ စုဆောင်းသော ကုန်များနှင့် တကွ ရန်ကုန်သို့ ပြန်လာပြီးလျှင် ပိုးကုန်များကို လက်ကားပေးသော အလုပ်ဖြင့် ကူးသန်း ရောင်းဝယ်ကြံစည်ကာ နေလေ၏။

*

ပညာအလင်း မဂ္ဂဇင်း
ဒုတိယတွဲ၊ အမှတ်(၁၀)
၁၉၁၈-ခု၊ အောက်တိုဘာလ

WWW.DHAMMARANSI.COM

# သကုဏ္ဍာလ

ရှေးအခါ အိန္ဒိယနိုင်ငံတွင် ဘောဇမင်း နန်းစံစဉ်အတွင်း ထိုမင်း၏ အမတ်ကြီးတစ်ပါးဖြစ်သော ကာလိဒါသသည် သသ်ကရိုင့်ဘာသာအားဖြင့် စာစီစာကုံး ရေးထုံးရေးနည်းအရာမှာ သူတကာ မတူတန်အောင် ပညာဉာဏ် ထက်မြက်၍ အချက်ချက် ရေးလေသမျှမှာ အလင်္ကာရဂုဏ် လုံလောက်ပြည့်ညီလျက် အဆီအသားရှိသည်ဟူ၍ ထိုလက်ထက်အခါကာလပင် စ၍ လူအများတို့၏ ချီးမွမ်းထောမနာ ဩဘာ ပြုလုပ်ကြခြင်းကို ခံရလေ၏။

**ကဗျံဗန္ဓတီတိကဝိ။** ။ ကဗျံ- ကဗျာလင်္ကာကို၊ ဗန္ဓတိ- ဘွဲ့တတ်၏၊ ဣတိတသ္မာ - ထို့ကြောင့် ကဝိ- ကဝိမည်၏။ ဤသို့ ဝိဂြိုဟ်ဆိုအပ်သည်နှင့်အညီ ကဗျာသီဆိုတတ်သောသူများကို ကဝိဟူ၍ ခေါ်ဆိုသမုတ်အပ်သောအတိုင်း ထိုကာလိဒါသဆရာကို သက္ကဋဘာသာအားဖြင့် ကဗျာရေးသားမှုအရာတွင် ပမာနှိုင်းစက်အဖက်မရှိ အဓိပတိကြီး ဖြစ်လေသောကြောင့် မဟာကဝိဟူ၍ ခေါ်ဝေါ် သမုတ်ကြလေသည်။

ထိုမဟာကဝိဖြစ်ပေသော ကာလိဒါသ ဆရာကြီးသည် ဆန်းကျမ်း၊ နီတိကျမ်း၊ ကဗျာကျမ်း၊ နာဋကကျမ်းတို့ကို သက္ကဋဘာသာအားဖြင့် များစွာ ရေးသားထားခဲ့ပေ၏။ ထိုရေးသားအပ်သမျှသော ကျမ်းစာတို့သည် တစ်စုံတစ်ရာမျှ အပြစ်စွန်းငြိခြင်း မရှိဘဲ အဆီအနှစ်တို့နှင့်သာလျှင် ပြည့်စုံလျက်ရှိလေသောကြောင့် ယခုတိုင်အောင်ပင် ထင်ရှား ကျော်စော၍ နောင်လာနောင်သားဖြစ်သည့် ကဝိ အများတို့သည် ထိုဆရာကြီး၏ စာများကို အရေးတယူ အလေးမူလျက် နည်းယူမှတ်သားကြရလေ၏။

ဥရောပတိုက်သားပညာရှိများကလည်း ကာလိဒါသဆရာကြီး ရေးသားထားခဲ့သည့် ကျမ်းစာများကို ကောင်းမြတ်လှပေသည်ဟူ၍ ချီးမွမ်း အံ့သြကြပြီးလျှင် ဥရောပတိုက်တလွှားမှာ စာရေးဆရာတို့၏ အခေါင်အဖျားဖြစ်သော ရှိတ်စပီးယားဆရာကြီးနှင့်ပင် နှိုင်းယှဉ်ကြလျက် အိန္ဒိယရှိတ်စပီးယား ဟူသောဘွဲ့ဖြင့် ကာလိဒါသဆရာကြီးအား ချီးကျူး ထောမနာကြလေသည်။

ထိုကာလိဒါသဆရာကြီး ရေးသားထားခဲ့သော စာပေပညာများအနက် ဤ'သကုဏ္ဍာလ'သည် နာဋကကျမ်းမျိုး ဖြစ်လေ၏။ နာဋက ဆိုသည်မှာ ရှေးခေတ်အခါတွင် ပညာရှိသောသူတို့ ပြုလုပ် ကျင်းပကြသော သဘင်မျိုးနှင့် သက်ဆိုင်၍ လူအများအပေါင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သက် သောမနဿဇော ထက်လေအောင် သွေးဆောင် ပြုလုပ်သော စာမျိုးပေတည်း။

ထို သကုဏ္ဍာလ နာဋကသည် ကာလိဒါသ ဆရာကြီး ရေးသားပြီးစီးသည်မှစ၍ ယခုထက်တိုင်အောင် အိန္ဒိယနိုင်ငံတွင် အကောင်းဆုံးဖြစ်သော နာဋကဟူ၍ သမုတ်လျက် ရှိနေကြရာ အင်္ဂလိပ် စာရေးဆရာကြီးများကလည်း ထိုသကုဏ္ဍာလနာဋကကို အင်္ဂလိပ်ဘာသာအားဖြင့် ပြန်ဆို ရေးသားကြကုန်၏။ ထိုကဲ့သို့ အိန္ဒိယနိုင်ငံနှင့် ဥရောပတိုက်များမှာ ထင်ရှားကျော်စော ပညာရှိတိုင်း အံ့သြရသော သကုဏ္ဍာလနာဋကသည် ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ တိုင်းရင်းသားဘာသာဖြင့် ရေးသားစီရင်ပြီးမရှိလေသည်နှင့် မြန်မာအမျိုးသားတို့ ဖတ်ရှုကြရလေအောင် ရည်ဆောင် သဘောထားရင်း ရှိသည့်အတိုင်း သသ်ကရိုင့်ဘာသာမှ မြန်မာပြန်ဆိုခြင်း ဖြစ်ပေသည်။

ထိုမြန်မာဘာသာ ပြန်ဆိုရေးသားရာ ကျွန်ုပ်တို့ မြန်မာစိတ်သဘောများနှင့် တိုက်ဆိုင်မိလေအောင် မြန်မာအလေ့အလာအားဖြင့် ဖွဲ့နွဲ့သီကုံး၍ သက်ဆိုင်သော အချက်များမှာ တေးထပ်၊ သဖြန်စသော မြန်မာဂီတများကိုလည်း ထည့်သွင်း ဖော်ပြရလေသည်။

ဤကဲ့သို့ ပညာရှိ အစဉ်အဆက်က နှစ်သက်မြတ်နိုးအပ်သော သကုဏ္ဍာလနာဋကကို အမျိုးသားတို့အတွက် မြန်မာသက်သက် ပြန်ဆိုပေသည်ဟု ဝမ်းမြောက်နှစ်သက်စွာနှင့် ဉာဏ်ပညာ ဗဟုသုတကို နာယူဆည်းပူးအထူးရှာမှီးကြကုန်သော မိတ်ဆွေအမျိုးသားတို့သည် အားရ ရွှင်လန်းစွာ ဖတ်ရှုကြစေကုန်သတည်း။

မောင်ကြီး

ရန်ကုန်မြို့

၁၉၁၃-ခု၊ ဇူလိုင်လ ၁-ရက်။

WWW.DHAMMARANSI.COM



နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

## ပထမခန်း

## တောမြိုင်အတွင်းမှာ ဖြစ်ပျက် ပြောဆိုကြပုံ

ပုရမင်းဆက်မှ ဖြစ်ပွားသော ဒုသျန္တမည် သောမင်းကြီးသည် လေးနှင့်မြားတို့ကို စွဲကိုင် တော်မူလျက် ရထားထိန်းကို အဖော်ပြုပြီးလျှင် ရထားထဲတွင် စံနေတော်မူ၍ တောတောင်အတွင်းတွင် သမင်တစ်ကောင်ကို လိုက်လျက်နေစေ။

ရထားထိန်းသည် သမင်ကို ကြည့်ပြီးလျှင် ဘုရင်မြတ်သို့ တစ်ဖန် လှည့်လည် ကြည့်ရှုကာ ပြောသည်မှာ–

ဘုန်းရောင်နေသို့၊ ဝင်းထိန်ပျို့ နန်းမြို့သခင်၊ ပြည်ကြီးရှင်ဘုရား၊ လျှောက်တင်ရန် အချက်မှာ–

ဟိုရှေ့၌ရှိသော စိမ်းရွှေမည်းညို သမင်ပျိုကို ကြည့်ပြီးလျှင် တင်ထားသော ရွှေလေးကို ကိုင်ဆွဲကာ နေတော်မူသည့် အရှင်ဘုရားဘက်သို့ လှည့်ပြီး ကြည့်လိုက်သောအခါ အလောင်းတော် မဟေသဘုရင်သည် လက်ဝဲလက်တော်တွင် တင်လျက် ရှိသော လေးညှို့နှင့် သမင်ဖို တစ်ကောင်ကို ရရှိအောင် လိုက်လံ ဖမ်းဆီးတော်မူသကဲ့သို့ပင် ကျွန်တော်မျိုး ထင်မြင်ပါကြောင်း။

ဒုသျန္တ မင်းကြီးဆို–

လေဟုန်တမျှ လျင်မြန်လှသော ရူပ ဆန်းယဉ် ဤသမင်ကလေးသည် ခရီးဝေးအောင် ငါ မင်းခေါင်ကို သွေးဆောင် လိုက်လံလေစေသည်။ ဟော... ကြည့်စမ်း၊ ကြည့်စမ်း၊ လှပန့်သေးသော လည်တိုင်ကလေးများကို စောင်းပြီး မောင်းနေတဲ့ ရထားတော်ဆီသို့ လှည့်လျက် ရှုကြည့်ပြီး နေလိုက်တာ... အို–ကြည့်စမ်းပါဦး၊ ပစ်လွှတ်တော်မူမည့် မြားစူးမည့်အရေးကို တွေးပြီး ကြောက်ရှာလို့ ရှေ့ခြေထောက်ကို ကျုံ့လျက် ခပ်ငုံ့ငုံ့တွားပြီးလျှင် တင်ပါးကလေးများကို လှုပ်ခါ ဆန့်ခါ ပြုလုပ်လေသည့်ပြင် ပြေးနေရသည့် ကိစ္စ၊ မောပန်းရှာလှသည်နှင့် သူသွားနေရတဲ့ လမ်းဆီတခိုမှာ နင်းစိုတဲ့ နေစာမြက်ကို နှစ်သက်သည့် စိတ်ထားနှင့် စားတော့မည်အသင့် ပါးစပ်ကလေး မဖွင့်တဖွင့်နှင့် ဆိုင်းလင့်ကာ ကိုက်ဝါးရှာလေသည်။ ကြည့်စမ်းပါရထားထိန်း၊ စိမ်းလန်းသော မြက်တောကို ဖြတ်၍ တဆတ်ဆတ် ခုန်လွှားလျက် လေထဲမှာ သွားသလို ခြေလှမ်းများက ကျယ်သနှင့်။ ကဲ ယခု ကျွန်ုပ်တို့မျက်ကွယ်သို့ ရောက်ပြီး ပျောက်ပဲ ပျောက်သလောက် ရှိနေပါပကော။

ရထားထိန်းဆို–

မြေပြင်ခရောင်း လမ်းမကောင်းသည်နှင့် မောင်းနှင်အပ်သော မြင်းတို့မှာ အတင်းခုန်လွှား၍ မပြေးသာဘဲ ကြန့်ကြာခြင်းဖြစ်၍ နေပါသည် ဘုရား။ ကျွန်တော်မျိုးများ၏ ရထားက နှောင့်နှေးသည်နှင့် ဤသမင်ကလေးသည် ပြေးနိုင်သလောက် ခုန်လွှား၍ ကစား မြူးတူးကာ တဟူးဟူး ပြေးသွား၍ နေပါသည်။ ယခုအခါ လမ်းပန်းများသာ၍ မြေညီရာကျသဖြင့် နှစ်ဝသော ကျွန်အရှင်တို့မှာ မကြာခင်ပင် သမင်ကို မှီနိုင်လိမ့်မည်ဖြစ်ပါကြောင်း။

ဒုသျန္တ မင်းဆို–

မောင်မင်း သည်လိုဖြစ်လျှင် ဇက်ကြိုးကို လျှော့ပြီး အသော့မောင်းနှင်ပေတော့။

ရထားထိန်းဆို–

အမိန့်တော်ရှိသောအတိုင်း မဆိုင်းမလင့် အသင့်နာခံလျက်ရှိပါသည်ဘုရား။

WWW.DHAMMARANSI.COM



(ရထားထိန်းသည် ပထမအခါ လျင်မြန်စွာ ရထားကို မောင်းနှင်၍ နောက်အခါ ဖြည်းညင်း သက်သာစွာ မောင်းနှင်လေ၏။)

မင်း မင်းတို့ ဦးညွတ်ရာ၊ မဟာသေဋ္ဌ နရိန္ဒ သခင် ပြည်ကြီးရှင်ဘုရား။ ဤသမင်ကလေး ဖြင့် အဝေးသို့ ပြေး၍ လွတ်နိုင်ရန်မရှိပါ။ သဘောတော်ကျသည့်အတိုင်း လက်ရဖမ်းယူ တော်မူရုံသာ ရှိပါတော့သည်။ အဿမိုရ်ရဲ သိန္ဓဝ ဇာတ် ဤမြင်းမြတ်တို့က ဖျတ်လတ် လျင်မြန် လှပါသောကြောင့် သူတို့ကိုယ်တိုင် ပေါက်ခုန် ၍ ဖုန် မြူတစ်ထောင်းထောင်း ထလေသည်ကို ပင် သူတို့ကိုယ်ကာယသို့ မထိကပ်စေဘဲ လျှပ်ပြက်သည့်ပမာ လွန်စွာ ပြေးသွားပါသည်။ နားရွက်ကို ထောင်စွင့်၍ လည်ဆံမွေးကို မြင့်လျက် လေနှင့်သမစွာ စိုင်းနှင်ပြေးသွားပုံ များမှာ ချောမွေ့စွာသော ဤမြေပြင်သာဖြင့် ခွာလေးဖက် ထောက်ပြီး ခုန်ပေါက်၍ သွားသလို မဟုတ်ဘဲ မြွေနဂါးသဘောကဲ့သို့ လျောတိုက်ပြီး သွားသလို ဖြစ်ပါသည်ဘုရား။

ဒုဿန္တ မင်းဆို–

မှန်ပေတယ်မောင်မင်း။ အဿမိုရ်မြင်းများက အတင်းပင်လျင် တာနှင့် သမင်ကလေးကိုပင် ကျော်လွန်နိုင်နင်း၍ လာလေပြီ။ ခရီး ခပ် ဝေးဝေးက သေးသေးမှုံမှုံ မြင်ရရုံဖြစ်သော အရာများသည် အနားသို့ ကျွန်ုပ်တို့ နီးကပ် လာသောအခါ ကြီးကျယ်စွာ ဖြစ်လေသည် တကား။

အဝေးက ရှုလိုက်လျှင် စက္ကူမှာ ပြား၍ တစ်သား တည်း ဆက်စပ်ပြီး နေသည့်အရာများလဲ အနား သို့ ရောက်လေရာ ကွဲကွာခြားနားလျက် ရှိလေ သည် တကား။ အဝေးက ကြည့်လေရာ တည့် မတ် ဖြောင့်တန်းစွာ ထင်မြင်သောအရာများလဲ အနားသို့ ရောက်သောအခါ ကွေ့ကောက် လိမ်ဖယ်၍ နေလေပြီတကား။

(ဤကား သဘာဝမေ့ကို ဆိုသော စကားတည်း)

ရထားအချက် ပုန်းတောင်းစက်များက တသွက် သွက် လျင်မြန်တာနှင့် တာရှည်စွာ နီးသည် ဝေးသည်လို့ မခွဲခြားနိုင်ဘဲ ရှိတော့သည်။ အကြောင်းမူကား အတော်ပင် အလှမ်းဝေးသော် လည်း ခဏလေးနှင့် နီးကပ် ဆိုက်ရောက်လာ သောကြောင့် ဖြစ်လေသည်။

(ဤကဲ့သို့ ပြောဆိုနေကြစဉ် မြားကို လေးညှို့ ပေါ်တင်၍ ပစ်မည် ပြုလုပ်လေ၏။)

ထိုသို့ပြုလုပ်နေစဉ်အခါ ရတ်တရက် တောတွင်း က ဟစ်အော်လေသည်မှာ–

မြားတော်နှင့် ခွင်း၍ အတင်း သတ်ဖြတ်တော် မမူပါနှင့် အရှင်မင်းကြီး၊ သတ်ဖြတ်တော် မမူ ပါနှင့်။ တောတောင် ချောက်ကြား ပျော်ကျက် စား၍ သနားဖွယ် ကောင်းလှသော ဤတိရစ္ဆာန် ကောင်ကလေးတို့သည် ဤတောတောင်အတွင်း မှာ ဘေးကင်းရန်ကွယ် အန္တရာယ်လွတ်ခွင့်ကို ရနေပါသည်။ ထိုသို့ ဖြစ်လေသည့်အတွက် ကရုဏာနှင့် မေတ္တာများ သက်တော်မူပြီးလျှင် ရက်စက်ဖို့ သဘောမထားဘဲ သနားဖွယ် ကောင်းသည့် ဤသတ္တဝါကလေးကို ချမ်းသာ ခွင့်ပေးသဖြင့် အသက်ဘေးမှ ကယ်တင်တော်မူ ပါအရှင်မင်းကြီး။

ရထားမှူးသည် ထိုတောတွင်းမှ ကြားရသော အသံကို နားခံပြီးလျှင် ပတ်ဝန်းကျင် ကြည့်ရှု၍ ပြောသည်မှာ–

စကြာစဉ်းသွား စိုးပိုင်ငြားသည့်၊ မြားတော့ သခင်၊ ရွှေဘုန်းရှင်ဘုရား၊ သခင်ဘုရား၏ မြား တော် စကြာကို သမင်ပျိုကလေးရှိရာသို့ မကြာ ပစ်လွှတ်တော်မူရန် လျော်ကန်စွာ အချက် ကောင်းတုန်းအခါတွင် ဝနာမြိုင်ချောင် တော တောင်ပျော်မွေ့၊ ဂနိုင်ကွေ့က ရသေ့နှစ်ပါး တောတွင်းမှ ထွက်ပေါ်လာပြီးလျှင် မြားတော် ကို တားမြစ်၍ နေပါကြောင်းပါ ဘုရား။

WWW.DHAMMARANSI.COM



ဒုသျှန္တမင်းကြီးဆို–

ရထားထိန်း၊ ရသေ့ကြီးနှစ်ပါးက မြားတော်ကို တားပါလျှင် ရထားကို ဆိုင်းရပ်လိုက်စမ်းပါဦး မောင်မင်း။

ရထားထိန်းသည် "အမိန့်တော်မြတ် အတိုင်းပါဘုရား" ဟုဆို၍ ဇက်ကြိုးကို တင်းပြီးလျှင် မြင်းတို့ကို ရပ်တန့်လိုက်စေ။

ရသေ့ကြီးတစ်ပါးနှင့် တပည့်တစ်ယောက် ထွက်လာကြစေ။

ရသေ့ကြီးက လက်ကို မြှောက်ပင့်၍ ဆိုသည်မှာ–

မျိုးရိုးနွယ်ဇာတ် လွန်မြင့်မြတ်၍ ဒြပ်သတ္တိ သမ္ဘာတော်ရှိပေသော ပြည်ကြီးထိပ်ပန် စောဘုန်းလျှံ၊ စုံယံတခို ဤမြိုင်ညိုတွင် စိမ်းစိုသော မြက်ရေဖြင့် အသက်တည်ရှိနေရှာသော ဤသတ္တဝါငယ် သနားဖွယ် အရိုင်းကို အလိုရှိတိုင်း သတ်ဖြတ်တော်မမူပါလင့်။ သူတို့ဘာသာ မြိုင်သာယာတွင် သွားလာ ပျော်ပါး မြက်ရေများဖြင့် ကျက်စား၍ ချမ်းသာစွာ နေပါစေ။

ဤသို့ပြောဆိုစဉ် သမင်ကို ပစ်မည် ပြုပြန်ရာ မတော်ဘူး၊ မတော်ဘူး။ ပစ်သတ်တော်မမူပါနှင့်။ တော၌ ပျော်ပါးသော သနားစဖွယ် ဤသမင်ငယ်ကလေး နာကျင်အောင် အရှင်မင်းကြီး ထိခိုက်တော်မမူပါနှင့်။

အဟုန်ပြင်းပြ၊ ထက်မြက်လှ၍ ဝိသသွင်းနံ့ အဆိပ်ထန်သော ဤမြားသည် ပြကတိအားဖြင့် ပျော့ပျောင်း၍ ဖယောင်းပမာဏ သိမ်မွေ့လှသော သမင်ကလေး၏ နံပါးကို ထိခိုက်၍များ သွားပါလျှင် နူးညံ့သော ဝါဂွမ်းပုံကို တစ်ဟုန်တည်း မီးဖွားကျသလို နေပါလိမ့်မည်။ အရှင်မင်းမြတ်၏ ထက်မြက်သော မြားစကြာနှင့် သနားစရာဖွယ် ဤသမင်ကို ကာကွယ်သော သားရေနှင့် နှိုင်းဆ၍ ကြည့်ပါလျှင် ဤတောကောင်၏ ကာကွယ်ရာ ဖြစ်သော သားရေပါးကလေးက ဘယ်မှလောက် အားနည်း ပျော့ညံ့၍ နေပါသနည်း။

ဓမ္မဋ္ဌရ လောကာ၏နတ်၊ အို မင်းမြတ်၊ သင်မင်း မြားစကြာကို လျင်မြန်စွာ အိတ်တွင်းသို့ ထည့်သွင်း သိမ်းလိုက်ပါလော့။ ချိန်ရွယ်ကာ စွဲကိုင်သော ဤရန်နိုင်လေးမော်ကိုလည်း လက်တော်မှ ပစ်ချ၍ ခေတ္တရပ်သိမ်းလိုက်ပါဦး။

ဘုရင်မင်းဖျားရဲ့ စစ်သားနှင့် ဗိုလ်များ၏ လက်နက်သည် အနိပ်စက် ခံရငြား၍ မတရားသဖြင့် ဆင်းရဲသော သတ္တဝါအစုကို ကရုဏာ နှီးနွယ်၍ ကယ်ဆယ်ရန်အတွက်သာ ဖြစ်ပါသည်။ အပြစ်ကင်းကွာ ဘေးမဲ့စွာသော သတ္တဝါများအတွက် နှိပ်စက် ဖျက်ဆီးဖို့ရန် မဟုတ်ပါ အသင်မင်းကြီး။

ထိုအခါ ဒုသျှန္တမင်းကြီးသည် တောမှီ ပျော်လေ့ တရားမွေ့သော ရသေ့သူတော်ကောင်းကြီးအား ညွတ်တွား ကော်ရော် ပူဇော်မာန်လျှော့ ကန်တော့ဦးချ ပြီးလျှင် လေးနှင့်မြားကို ရုပ်သိမ်းလေ၏။

ရသေ့ကြီးဆို–

မင်းတကာတို့၏ မကိုဋ် ဦးခိုက် ဝပ်တွားကြရာ မဟာဓမ္မရာဇ် လူ့သင်းကျစ် အရှင်မင်းတရားသည် ကျွန်ုပ်စကားကို လိုက်နာ၍ မြားတော်စကြာ ရတနာ လေးမြတ်ကို ချလိုက်သည်မှာ မည်မျှ အဖိုးထိုက်တန်ပါသနည်း။ ပုရုမင်းဆက်မှ ဆင်းသက်ပေါက်ပွား၍ အမျိုးအားဖြင့် စင်ကြယ်လျက်၊ အနွယ်အားဖြင့် ကောင်းမြတ်သော မင်းသားများသည် တရားသဖြင့် နှီးနွယ်၍ အဘယ်မျှ ကောင်းကြပါသနည်း။ အရှင်မင်းကြီးသည်လဲ ဓမ္မလက်ျာ မြေမျက်နှာနှင့် ဒီပါလေးဆိုင် အုပ်စိုးနိုင်၍ ဘုန်းလှိုင်ထွန်းဖျား မင်းကျင့်များနှင့် တစ်သားတည်း သီညွတ်ကာ စကြာသတ္တ စိုးပိုင်သသော သားလု သည်းချာ ရတနာတစ်ပါးကို ပေါက်ဖွားရရှိတော်မူပါစေသောဝ်။

ရသေ့ကြီး၏တပည့်က လက်နှစ်ဘက်ကို မြှောက်၍ လျှောက်ဆိုသည်မှာ–

WWW.DHAMMARANSI.COM



လောကသမုတိ ရဝိနွယ်ဇာတ် အိမ်မင်းမြတ်၊ အရှင်မင်းမြတ်မှာ တစ်ကမ္ဘာလုံးကို လွှမ်းခြုံ၍ ဘုန်းတော်ဟုန် ရောင်ညီးလျက် စကြာမင်းကြီး ဖြစ်မည့် သားရတနာကို မုန်စွာ ရရှိတော်မူပါစေသောဝ်။

ဒုသျှန္တမင်းကြီးသည် ထိုရသေ့များကို ညွှတ်တွား ရှိသေစွာ ပြောဆိုသည်မှာ–

သူတော်ဓလေ့ တောဓလေ့ ပျော်မွေ့သည့် ရသေ့ဣသိန် လောင်းမုနိမ်တို့ ဘုရား၊ ကျွန်ုပ်သည် စလွယ်တင်သ ကျင့်စာဂနှင့် ဗြဟ္မဏ အနွယ်အဆက်မှ ဆင်းသက် ပေါက်ဖွားသော ဘုရင်တစ်ပါး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အမျိုး၊ ဇာတိရိုး ကိုလည်း မညှိုးမနွမ်းအောင် စောင့်ရှောက်ပါမည်။

ရသေ့ကြီးဆို–

ဇာတိဥက္ကဋ္ဌ၊ နေနတ်ဝံသာ၊ စောရာဇာ၊ ကျွန်ုပ်တို့သည်ကား၊ ဘုရားကိစ္စ ကျင့်သုံးမှုလျက်၊ ဟောမ မြိုင်ချောင်၊ ဤတောတောင် အတွင်းမှာ၊ ပူဇော်ခြင်း အမှုအရေးကို ရှုသဖြင့်၊ ယခု ဤနေရာသို့ ရောက်လာရသည် အခင်းမှာ ထင်ရှားရန် ကိစ္စ ဖြစ်တော့သည်။

ခိုင်ငုံ့ညွှာဆင့် စုံစီပွင့်လျက်၊ ပန်းမင့်ဂနိုင်၊ ထုံသင်းလှိုင်လျက်၊ ဤတောမြိုင်အတွင်းမှာ၊ စီးဆင်းသော နဒီ၊ မာလိနီသညာ ဤမြစ်ဆိပ်ကမ်းသာတွင်၊ ဝဲယာဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းလျက် ရှုတိုင်းတင့်တယ်စွာ၊သာယာသော ဤတောကြီးသည်ကား ကျွန်ုပ်တို့ လေးမြတ်၍ ရှိသေအပ်ပေသော တရားတတ်သူမွန် သီလဝန် ပါကဋ စန္ဒ အရှင်သူမြတ်၏ ရိုးတော် ဓာတ်တော် သရီများကို စေတီတည်ထားလျက်၊ သကုဏ္တလ အရှင်မြတ်၏ စောင့်ကြပ်ပျော်နေရာ တောသတ္တဝါတို့ အရေး၊ ဘေးမဲ့ပေး၍ ချမ်းအေးစွာ ကျက်စားရာ ဒေသမှန်ပါသည်။ အရှင်မင်းကြီးမှာ ပြဖွယ်တစ်ပါး အခြားကိစ္စမရှိဘူး ဆိုပါလျှင် ဟိုရှေ့ဆီ တစ်ခိုမှာ စိမ်းညိုအေးချမ်း၊ ရေစမ်းကျောက်စက် မြှောင်ကထွက်၍ ကိုင်းခက်စီစီ ညွှာဖူးချီလျက် ဇောဓိမိဂ ဘရဘနှင့် မောရဟံသာ ပျော်စံရာဖြစ်သော ဗျူဟာဂနိုင် တောမြိုင်အတွင်းသို့ ဝင်တော်မူပြီးလျှင် ကျွန်ုပ်တို့နှင့်အတူ ပူဇော်သက္ကာယ အမှုကို ပြုစု ရှုက်ဆောင်တော်မူလှည့်ပါ။ အရှင်မင်းမြတ်သည် လောကီဓမ္မတာ မြို့ရွာဓလေ့ မပျော်မွေ့ဘဲ၊ ငြီးငွေ့ခြိုးခြံစွာ၊ တရားရှာလျက် လောကုတ္တရာအရေးဖြင့် အေးအေးလူလူ နေထိုင်တော်မူကြသော ရသေ့အပေါင်း သူတော်ကောင်းများကို တွေ့မြင်ဒိဋ္ဌ ရှုကြည့်တော်မူရသောအခါ သင် မင်းကြီးက "သြော် လေးမြားကို စွဲကိုင်ကာ သန်မာကြမ်းတမ်း အစွမ်းရှိလှသော လက်ရုံးအောက်မှာ ဤမြူလောက် ပေါ်များသော တရားရှင် သူတော်ကောင်းတို့သည် ပုန်းအောင်း ခိုလှုံကာ နေကြလေသည်တကား"ဟု မြွက်ကြားမိန့်ဆိုတော်မူပါလိမ့်မည်။

ဟူ၍ ဆိုလေ၏။

ဒုသျှန္တမင်းသားက–

တရားမြင်ဘိ၊ အကျင့်ရှိ၍ ဣသိတွင်လေ့ ရှင်ရသေ့တို့။

အရှင်တို့ဆရာသည် ကျောင်းသခ်မ်းမှာပင် ယခုအခါရှိနေသလော။

ဟု စုံစမ်းမေးမြန်းလေသောအခါ ရှင်ရသေ့က ပြန်ပြောသည်မှာ–

ရာဇိန္ဒာဓိပတိ၊ တိုင်းပြည်သခင် နန်းကြီးရှင်၊ ကျွန်ုပ်တို့၏ ဆရာဘုရားသည် ဘေးမျိုးအန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်လွှင့်မျှော၊ ဆေးကြောချေပရာဖြစ်သော သောမတိတ္ထမည်သည့် မြစ်ဆိပ်ကမ်းပါးသို့ သွားပြီးလျှင် အတုမရှ၊ အလှထွဋ်စွန်၊ ရည်မွန်နထွား နတ်သမီး အလားကဲ့သို့ အများ ထင်မှတ်လောက်သည့် သကုဏ္တလ ကညာပျိုကလေးအတွက် ကျရောက်မည့် ဘေးဒဏ် အန္တရာယ်ရန်မာန်

WWW.DHAMMARANSI.COM



များကို လွှင့်ပါးပျောက်ရှင်း၊ အမျိုးမျိုး ဥပါဒ်ကင်းစေဖို့ ကျိန်းချေခြင်းကိစ္စကို ပြုရန်အတွက် ထွက်ခွာဆဲအခါ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကျေးဇူးရှင်ကလဲ မိမိမရှိစဉ်အခါ ဧည့်သည်များလာခဲ့လျှင် လျောက်ပတ်စွာ လက်ခံ၍ လောကဓံ မချွတ်ငြားစေဘဲ ဝတ္တရားကြေစွာ ပြုရစ်ရမည်၍ မှာထားခဲ့ပါသည်။

ဟု ပြောကြားလေ၏။

ထိုစကားကို ကြားရသောကာလ ဒုဿန္တမင်းသည် သကုဏ္တလမည်သော ကုမ္မာရီနတ် မိန်းမမြတ်အထံသို့ အမြန်ပင် သွားရောက်လိုသော ဆန္ဒရှိလေသဖြင့်–

အို ရှင်ရသေ့၊ ကျွန်ုပ်သည် သကုဏ္တလ မည်ရခေါ်ဆို ကညာပျိုအပါးသို့ ခေတ္တသွားရောက်လိုပါသည်။ ဤကဲ့သို့ ကျွန်ုပ်၏ လာရောက်ခြင်းကို မြင်ရသောအခါမှ အသက်ကြီးရင့် ဖြောင့်စွာကျင့်၍ တရားသဖြင့် ပျော်နေသော ရသေ့ကြီးအား ကျွန်ုပ်၏သတင်းကောင်းများကို ပြောကြားပေလိမ့်မည်။

ဟူ၍ ဆိုရာ ရသေ့နှစ်ဦးတို့ကလည်း–

ကောင်းပါပြီ၊ သကုဏ္တလ၏အပါးသို့ ကြွရောက်တော်မူပေတော့။ ကျွန်ုပ်တို့မှာလဲ ပြုလုပ်ဖွယ်ကိစ္စ အတန်ပင် ရှိကြသဖြင့် ခေတ္တ သွားပါရဦးမည်။

ဟု ဆိုပြီးလျှင် ရသေ့နှစ်ပါးတို့ ထွက်သွားကြလေ၏။

ထို့နောက် ဒုဿန္တမင်းသည် ရထားထိန်းဘက်သို့ လှည့်ပြီးလျှင်–

အချင်းရထားထိန်း၊ ဟိုရှေ့သို့ တစ်ဆင့် သွားရအောင် ရထားကို နှင်ပေတော့။ ကျွန်ုပ်တို့သည် ကသိဏ်းပရိကံ လေးတန် ဗြဟ္မစိုရ်တရားကိုမှီ၍ ကြည်ညိုဖွယ်ကောင်းသော ရသေ့အပေါင်းတို့၏ ကိန်းအောင်း စံပျော်ရာ ဝနာအေးချမ်း ကျောင်းသင်္ခမ်း ပရိဝုဏ်များသို့ လျှောက်သွား လှည့်လည်ခြင်းအားဖြင့် ကျွန်ုပ်တို့ စိတ်စရိုက်များကို မိုက်မဲသည့် အဝိဇ္ဇာမှ စင်ကြယ်စွာ ကင်းဝေး၍ ယဉ်ကျေးအောင် ဆုံးမခြင်း ဖြစ်လိမ့်မည်။

ဟု အမိန့်တော်ရှိရာ ရထားထိန်းက– ၊

ဘုန်းတော်ကြီးဘုရား အမိန့်တော် မှတ်ထားသည့်အတိုင်း ရထားကို မောင်းနှင်ပါမည်။

ဆို၍ ရှေ့သို့ ရထားနှင်လေ၏။

ဒုဿန္တမင်းသားသည် ရထားထက်က နေကာ စိမ်းညိုဝေဆာ သာယာနှပျိုသော ထိုထို တောတောင်ပတ်ဝန်းကျင်များကို ကြည့်ရှုပြီးလျှင်–

ကျွန်ုပ်တို့သည်ကား တရားပျော်မွေ့ကျင့်သုံးလေ့သော ရသေ့သူတော်ကောင်းတို့ ကိန်းအောင်း မှီတင်းရာဌာနသို့ ရောက်နေကြပြီတကားဟု ပြော၍ပင် မပြသော်လည်း လှလှကြီးသိနိုင်လောက်ပေသည်။

ဟူ၍ ရထားထိန်းကို ပြောရာ ရထားထိန်းက–

ဘယ်လိုကြောင်းဟိတ် ဘယ်နိမိတ်များကြောင့် တရားရှင်တို့ မွေ့လျော်ရာအတွင်းသို့ ချဉ်းနင်းဝင်ရောက်၍ နေသည်များကို အရှင်ဘုရားသိတော်မူပါသနည်း။

ဟု မေးလျှောက်လေသည်တွင် ဒုဿန္တမင်းကြီးက–

အို– အချင်း ရထားထိန်း၊ အသင် ဂရုစိုက်၍ သတိမထားလိုက်မိဘူးလား။ လှမ်း၍ ကြည့်လိုက်စမ်း။ အေးချမ်း စိမ်းစိုသော ဟိုသစ်ပင်ကြီးတွေ အောက်မှာ ရောက်လာသမျှ ကျေးငှက်အများတို့ သုံးစားရန်အနေနှင့် မြေပေါ်တွင် အနံ့အပြား ဆန်စပါး ပြောင်း နှမ်းတွေများကို ဖြန့်ကြဲ၍ ထားလေသည်။ ထိုဆန်နှင့် စပါး၊ ပြောင်းနှင့် နှမ်းများကို ငှက်ကျေး သာရကာ သာလိကာနှင့် ချိုး၊ ခါ၊ ဥဩတို့သည် တသော တသော ချီသယ်ပြီးလျှင် နငယ် သေးကွေး အမွေးအတောင်မစုံသေးသည့် သားငယ်ကလေးများကို မိမိတို့ ပျော်ပါးသည့် သိုက်မြုံထဲမှာ ယှဉ်တွဲ၍ အစာခွံ့ကာ ကျွေးမွေးကြရာလေသည်။ ထို့ပြင် တောင်တန်းအလှ ့ မြောင်အဆွယ်

WWW.DHAMMARANSI.COM



မှာ သင်းဖွဲ့၍ နေကြသော စိုင် ပြောင် ဒရယ် သမင်ငယ်ကလေးတို့မှာလဲ သူတော်ကောင်း တရားရှင်တို့နှင့် အစဉ်ပျော်ပါး ကျက်စားနေကျ ယဉ်ကျေးလှသည့်ပြင် လူ့သဏ္ဍာန် လူ့အသံများ ကို မြင်ကြားနိစ္စ၊ အ၀ါး၀ နေကြသောကြောင့် ကျွန်ုပ်တို့အသံကို ကြားသော်လဲ ကြောက်အား ပင်မပို ဂရုကိုမစိုက် အလိုက်သင့် နေမြဲနေ၍ ဖော်တထွေ သင်းစုလျက် ပျော်မြူးမှုအရေး ခန်ပေါက်ခါ ပြေးပြီး အေးအေးသာသာ နေထိုင် ကြလေသည်။

**မာလိနီမြစ်တစ်ကြောတွင်** တဟောဟော စီးနေသည့် ရေပေါ်မှာ ဖန်လျှော်တေသက်န်းကို နီမြန်းအောင် ဆိုးချုပ်သော သစ်ခေါက်ပြုတ် အနီရေကို့ဖြင့် တတွေတွေ စီးဆင်းလျက်ပင် ရှိလေသည်။ ကြည့်စမ်းပါဦး၊ ဟိုရှေ့မှာ ရှိနေ သည့် ပညောင်ပင်၏ မုတ်ဆိတ်မြစ်ပျဉ်းများ သည် ဘုရားရှိခိုးသောအခါ ရေချိုးရန်ဖြစ်သည့် ကန်ကဲ့သို့ တွဲလျား၍ ကျပြီးလျှင် တဖြူးဖြူး လေညင်းလာသောအခါ ယိမ်းနွဲ့ကာ လှုပ်ရှား လျက် ကစား မြူးတူး ယေဉ်ကျူးသကဲ့သို့ပင် ဖြစ်လေသည်။ မရင့်တရင့် အဆင့်ဆင့် စိမ်းလဲ့၍ တယိမ်းယိမ်း တနွဲ့နွဲ့နေသော ဟိုအရှေ့က သစ်ရွက်ညွန့်များမှာလဲ တစ်ရံတစ်ခါ ဆီဦး ထောပတ်ဖြင့် မီးနတ်ကို ပူဇော်ရာမှ တဖြာဖြာ တက်၍ ထိုးသည့် မီးခိုးရှိန်အငွေ့ စွဲသဖြင့် ခပ်မည်းမည်း ညိုမှိုင်းလျက် ရှိနေကြလေသည်။ ဟိုအရှေ့တစ်စခန်း နီမြန်းသော ပန်းဥယျာဉ် အဆွယ်မှာ ချေသူငယ်ကလေးများ ငုံ့ကာ စား လျက် ရှိသော နေရာကိုလဲ သေအချာ ရှုလိုက် စမ်း။ ထိုချေသူငယ်ကလေးများသည် မိမိတို့ အနားသို့ ကျွန်ုပ်တို့ ရောက်လာမှန်းကို မသိကြ ဘဲ စားမြဲတိုင်း စားပြီးလျှင် ရသေ့အများက ဘုရားပူဇော်ရန် ဖြတ်၍ ထားသည့် မြက်ညွှန့် ကိုသာ ရဲရဲဝံ့ဝံ့ ကိုက်စားလျက် ရှိနေကြရှာသည်။

ဟု မိန့်တော်မူရာ ရထားထိန်းက–

အရှင်ဘုရားမိန့်ကြား ညွှန်ပြတော်မူသည့် နိမိတ် လက္ခဏာအားဖြင့် ဤနေရာဌာနသည် ဓမ္မ ဆောက်တည် ယောဂီဝလေ့ ရှာန်ဖြင့်မွေ့သော ရသေ့သူတော်ကောင်းတို့၏ ကိန်းအောင်းရာ ဌာနမှန်ကြောင်းကို ကေန်သိရပါပြီဘုရား။

ဟူ၍ လျှောက်ထားလေ၏။

ထို့နောက် ဒုဿန္တမင်းကြီးသည် ရထားထိန်း ဘက်သို့ လှည့်ပြီးလျှင်–

အပြစ်လေးမည်ကို တွေး၍ ကြောက်လန့်စရာ ခံ့ညားရှိသေစွာ ပြုရမည့် ဤတောမြိုင်စခန်း ကျောင်းသင်္ခမ်း အရိပ်အာဝါသများတွင် ဂါရဝ တရားဖြင့် ရှိသေအားတက်ပြီးလျှင် နှောင့်ယှက် ဖျက်ဆီးရန် အမှန်မသင့်လျော်ပေ။ ရထားကို ငြိမ့်ငြိမ့်စီး၍ တခမ်းတနားကြီးသွားရန်လဲ မသင့်။ ထို့ကြောင့် မြင့်သော ရထားထက်မှ ကျွန်ုပ်တို့ ဆင်းသက်ရန် ရှေ့ကို တက်၍ မနှင်နှင့်။ ဤ နေရာတွင် ရထားရပ်ပေတော့။

ဟု အမိန့်တော်ရှိရာ ရထားထိန်းက–

ဘုန်းတော်ကြောင့် အမိန့်တော်အတိုင်း ရပ်ဆိုင်း ၍ ရထားတန့်ပါပြီ။ အခန့်သင့်ပင် အလိုရှိတော် မူသောအတိုင်း မြေပြင်ထက်သို့ သက်ဆင်းတော် မူပါ။

ဟု လျှောက်တင်လေ၏။

ဒုဿန္တမင်းသားသည် ရထားထက်မှ ဆင်းသက် ၍ မိမိဝတ်စားပြုပြင် တန်ဆာဆင်ကာ ထားသော မင်းမြောက်တန်ဆာများကို ကြည့်၍ ပြောသည်မှာ–

ယောဂီအလုပ် လွှန်ကြိုးကုတ်၍ အားထုတ် ကျင့်ကြံရာဖြစ်သော တောရသေလာ မြေဖြဟာ များသို့ ရောက်လာသက်ဝင်မိသောအခါ ယခု ငါ ဝတ်ဆင်၍ထားသော ကိုးပါးနဝရတ် မျက် မြတ်စီမွှာ တန်ဆာဝတ်လဲတော်များကို ဝတ်ဆင် ရန် မသင့်မလျော်ပေ။ သန္တုဋ္ဌိသလ္လေခ တရား ကျသောနေရာ ဖြစ်၍ သင့်လျော်ရုံမျှ အဖိုး

WWW.DHAMMARANSI.COM



ထိုက်တန်သည့် အဝတ်အစားများကိုသာ ဝတ်ဆင်ရန် သင့်လျော်ပေသည်။

အို–ရထားထိန်း၊ သို့ဖြစ်သောကြောင့် ကျွန်ုပ်၏ မင်းမြောက်တန်ဆာ ရတနာစီခြယ် စလွယ်မကိုဋ်စသည်များကို သင် သိမ်းပိုက်၍ ထားပြီးလျှင် ကျွန်ုပ်သည် ဤတောစခန်း သန်မ်းရိပ်သာ ဆိတ်ငြိမ်ရာတွင် ဘာဝနာအလုပ်ဖြင့် အားထုတ်၍ နေကြသော ဟရားရှင်အပေါင်းသူတော်ကောင်းများကို ရှုစားကြည့်မျှော်၍ နေစဉ်အခါ အဿာဇာနေယျ သိန္ဓဝအကျော် ဤမြင်းတော်များကိုလဲ အစားသိုက်မြိုက် ရေချိုတိုက်ပြီး အလိုက်သင့် ပြင်ဆင်၍ ထားလိုက်ပါ။

ဟု မိန့်မှာတော်မူရာ ရထားထိန်းက–

အမိန့်တော်မြတ်အတိုင်းပါဘုရား။

ဆို၍ နေရစ်လေ၏။

ဒုဿျန္တမင်းသားသည် တစ်ကိုယ်ချင်း တောတွင်းသို့ ဝင်တော်မူပြီးလျှင် အရှေ့အနောက် တောင်မြောက် စသည် ပတ်ပတ်လည် လျှောက်သွားတော်မူလျက် ရှုမျှော်ခင်းအဖြာဖြာတို့ကို ရှုစားကာတစ်ကိုယ်တည်း ပြောသည်မှာ–

ယခုအခါ မင်္ဂလာမှန် မြေနက်သန်သို့ ဧကန်ငါရောက်၍ လာပြီ။

(ဤသို့ ပြောနေရင်း မင်းသား၏ ညာလက်ရုံးသည် ရုတ်တရက် လှုပ်ရှားလေ၏။)

အလို– ဤနေရာဌာနသည်ကား ဘုရား၊ တရားနှင့်သာ သက်ဆိုင်၍ ဦးခိုင်အချုပ် အနုတ္တရမြေမြတ် ဖြစ်ပေလိမ့်မည်တကား။ အကြောင်းသော်မူ ဤနေရာဌာနသို့ ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် ညာလက်ရုံးအမြတ်သည် တဆတ်ဆတ် တုန်လှုပ်ဘိချေ၏။

(ဤသို့ ညာလက်ရုံး လှုပ်ရာ ဒုဿျန္တမင်းသားသည် ရှေ့သို့ တိုးတက်၍ မသွားဘဲ ခေတ္တရပ်ဆိုင်းပြီးလျှင် ဆင်ခြင် တွေးတောလေသည်မှာ–)

*"လူသူမနီး တောကြီးမြိုင်ခြေ ဂနိုင်ဘွေတွင် စိတ်ဝေစရာ ကိစ္စ ညာရုံးတော်လှုပ်ပြသည်မှာ ဝိပါက ရုပ်ထွေး ဘယ်ပုံများ အကျိုးပေးမည်ဟု တွေးဆ၍ မရနိုင်အောင် ရှိတော့သည်။ သို့ရာတွင် သဗ္ဗေသတ္တာ ကမ္မသကာ ဆိုသည့်အတိုင်း ကံချထားရာ သတ္တဝါဟူသမျှ ဖြစ်ပျက်ရသောကြောင့် စိတ္တဇသွေးတွန့်၍ ကြောက်ရွံ့ဖို့မတော် သင့်လျော်သလို အကျိုးပေးသမျှကို ခံစားရမည်သာ ဖြစ်ချေသည်"*ဟူ၍ ဆင်ခြင်တွေးတောလေ၏။

ထိုသို့ ဒုဿျန္တမင်းသားသည် ဆင်ခြင် စဉ်းစား၍ နေစဉ် တောတွင်းကနေ၍ သကုဏ္တလမင်းသမီးကသူ၏ ရံရွေတော်များကို ပြောကြားသည်မှာ–

ရေးကရေစက် ပံပနက်ကြောင့် နှစ်သက် ကြင်နာမေတ္တာဖြိုးဝေ ချစ်ကြိုးခွေကြသော ရံရွေတော်အများတို့၊ ကျွန်မအနားသို့ ကြွလာ၍ ခြင်းရာကိစ္စ ရှိသမျှကို ပြောပြလျှောက်တင်ကြစမ်းပါ။

ဟူ၍ ဆိုလေ၏။

ထိုသကုသဏ္တလမင်းသမီး၏ အသံကို ကြားရာဒုဿျန္တမင်းသားက ဆိုသည်မှာ–

*အလို– ဟိုရှေ့က မားမား သစ်ပင်ကြီးများ၏ လကျာ်ဘက်မှ နှစ်သက်ယဉ်ကျေး နွဲ့သေးသေးနှင့် မိန်းကလေးများ အသံကို ကြားရပါကလား။ လူသူကင်းဆိတ် ဤတောရိပ်မြိုင်ဂူတွင် မည်သူမည်ဝါများ စကားဖွဲ့နွဲ့ကာ ပြောဆိုနေသည်ဟု အတည်ကျ သိရအောင် ရှုစားဦးမှ တော်မည်*

ဟု ကြံပြီးလျှင် ဒုဿျန္တမင်းသားသည် ပတ်ပတ်လည် စောင်းငဲ့ တိမ်းလှဲ့၍ ကြည့်လေရာ

စန္ဒရသေ့ကြီး၏သမီး သကုဏ္တလနှင့် ခြွေရံမိန်းမများသည် မိမိတို့ အင်အားနှင့်အမျှ ကိုယ်စီကိုယ်င ရေအိုးကြီးငယ်တို့ဖြင့် ရေသယ်ဆောင် ယူပြီးလျှင် ကြည်ဖြူ နှစ်သက်စဖွယ် ဆန်းကြယ်လှပ နူးညံ့ သိမ်မွေ့လှသော သစ်ပင်ပန်းပင်ငယ်

WWW.DHAMMARANSI.COM



ကလေးများအား ရေလောင်း၍ နေကြသည်ကို တွေ့မြင်လေ၏။ ထိုသို့မြင်ရာ ဒုသျှန္တမင်းသားသည်

*အလို-လူ့ပြည်လောက ဘုံဘဝမှာ တူမျှ သူမရှိ၊ နတ်သမီးအဆင်းကဲ့သို့ တဝင်းဝင်း ထိန်ညီးစွာ ပကတိ ချောမွေ့လျက် ဝတီမေ နတ်ကညာလို အလွန်တရာယဉ်ကျေးတဲ့ အပျို ကညာကလေးများပါကလား။ ကံကောင်းထောက်မ ညာရုံးတော် လှုပ်ချက်ကဖြင့် အကွက်တော်ကျပါပေ့။ ရှုမဝမြင်မဆုံး အလှညွန့် ခေါင်ဆုံး၏ တပြုံးပြုံး ကြည်လင်တဲ့ လစန်းသွင် မျက်နှာကို ဘယ်မှာကြည့်ရှုလို့ အားရနိုင်ပါမလဲ။*

ဟု တစ်ယောက်တည်း တွေးပြီးလျှင် မိန်းကလေးများကို မှိုင်ငေးမောထောက်ကာ ရှုကြည့်၍ နေလေ၏။

မင်းသား ရှုကြည့်၍ နေဆဲတွင် သကုဏ္တလ မင်းသမီးနှင့် လက်ပါးစေ ရံရွေတော် အနသူယ၊ ပိယံဝဒတို့ ထွက်လာကြပြီးလျှင် အနသူယက ဆိုသည်မှာ-

ကျွန်မတို့သခင် အလှညွန့်ဖူး မြင်ရသူ ရှုးလောက်ပါတဲ့ ကျေးဇူးရှင် ထိပ်ခေါင်တင်ဘုရား။ ထိပ်တင်၏ ပြုစုသည့်အရေးကြောင့် ကျွန်မတို့ဖခင် စန္ဒအရှင် မွေးမြူ၍ ထားအပ်သော သစ်ပင် ပန်းပင်ကလေးများသည် ခက်ဖျားခိုင်ညွန့် တကွန့်ကွန့်နှင့် ဖွံ့ဖွံ့ထွားထွား ကြီးမား သန်စွမ်း ရွှင်လန်းမြူးတူးပုံ လက္ခဏာ ရှိပါသည်။ ထိပ်ခေါင်တင် သခင်မကလဲ ယခု ပွင့်ခါစဖြစ်သော ဖွန်ပွင့် ကြက်ရုံး စံပယ်ကုံးကဲ့သို့ တုနှိုင်းဖက်ပြိုင်သူမရှိအောင် အဓိပတိ လှပ သိမ်မွေ့တော်မူပေသည်။ ရှုချင်စဖွယ် တင့်တယ် ယဉ်ကျေးပျံ့ မွေး လှ ဆန်းသော ဤပန်းပင်ကလေးများ၏ နံဘေးပတ်လည်မှာ ဇလာသယ အေးမြ ရစ်ခွေ ရေရှင်ပြေးသွား ဤမြောင်းကလေးများသို့လဲ ရေအပြည့် သွင်းထားရန် လျော်ကန်သင့်မြတ်ပါသည်ဘုရား။

ဟု လျှောက်တင်လေ၏။

ထိုစကားကိုကြားရာ သကုဏ္တလမင်းသမီးက ဆိုသည်မှာ-

ကျွန်မ၏ရံရွေ လက်ပါးစေတို့ရှင့်၊ ဤပန်းပင်ကလေးများကို စိတ်အားကြည်ရွှင်စွာ ပြုပြင်ယုယ မွေးမြူရသည့်အချက်မှာ သက်သက်ဖခင်၏ အမိန့်အာဏာတော်ဖြင့်သာ ပြုစုရသည်မဟုတ်ပါ။ ကျွန်မစိတ်ထား သဘောသွားက ညီမကလေးများအသွင် အမှတ်ထင်ပြီး ဤပန်းပင်ကလေးတွေကို ပြုစုယုယခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ပြောဆိုပြီးလျှင် သကုဏ္တလ မင်းသမီးသည် ပန်းပင်ကလေးများကို ရေလောင်း၍ နေလေ၏။ ထိုအခါ ပိယံဝဒက ဆိုသည်မှာ-

ကျွန်မ၏ ထိပ်ခေါင်တင်သခင်မကလေး ဘုရား။ ယခုအခါ သခင်မ ရေဖြန်းလျက် လန်းပြီး နေတဲ့ ပန်းပင်များမှာ ရထားဗိမာန် သူရကန်စက်ရောင်စုံယှက်၍ ကျက်ကျက် ပူလောင်သော နွေခေါင်ခေါင်ကာလမှာပင် ပုပ္ဖ မဥ္စရီ ညာတံချီလျက် စီရရီပွင့်ဖူး၍ ကွန့်မြူး လတ်ဆတ်စွာ ရှိနေပါသည်။ ယခုလဲ ဟေမန်ခါပြောင်း တပေါင်းသမယ နွေဦးစ၍ ဖြစ်နေသည်နှင့် ရာသီစက်ခွင်ဆယ့်နှစ်ပြင်တွင် အစဉ်ငုံဖူး ပွင့်ချိန်မှ ကူးကြသော ပန်းပင်ကလေးများကိုသာ ယခုအခါ အရေးယူ၍ အလေးမူကာ ရေလောင်းကြစို့။ အကြောင်းကိုဆိုသော် အားအင်နွဲ့သေး အလေးမပြု ဂရုမထားသော အရာများကို ကြည့်ရှုကာ မွေးမြူ၍ အရေးတယူ ပြုလုပ်ခြင်းသာလျှင် ကျွန်မတို့အား အကျိုးများပါလိမ့်မည်။

ဟူ၍ ဆိုရာ သကုဏ္တလမင်းသမီးကလေးက-

ပိယံဝဒ၏ အကြံပေးချက်သည် အကွက်ကျ၍ လှလှကြီး လိုက်နာထိုက်ပေ၏။

ဟု ဆိုပြီးလျှင် အခြားသစ်ပင်များသို့ ပြောင်း၍ ရေလောင်း သွန်းဖြိုးလေသတည်း။

ဒုသျှန္တမင်းသားက တစ်ကိုယ်ချင်း လှည့်၍ ပြောသည်မှာ-

WWW.DHAMMARANSI.COM



ဘယ့်နှယ်စန္ဒရသေ့ကြီး၏သမီးချော သကုဏ္တလဆိုတာ ဤကညာမိန်းမပင် ဖြစ်ပုံလကွဏာပဲ။ ယောဂီရှာနင် ကသိုဏ်းမြင်သော တရားရှင် ရသေ့ကြီးမှာ ကရုဏာတရားနှင့် သနားစိတ် မဖက် ငဲ့ကွက်ခြင်းမထား စိမ်းကား ရက်စက် လေစွတကား။ ကြည့်စမ်းပါ။ သိမ်မွေ့ရှယ်ပျို ရွှန်းစို ရုပ်ဓာတ် နုဖတ်ဖတ်နှင့် နတ်ကဲ့သို့အသွင် အလှဘုရင်ကလေး မြင်သူတိုင်း ငေးရအောင် ဤမျှလောက် ယဉ်ကျေးသည့် ကုမ္မာရီဆွေ ကညာမေကလေးကို သူနှင့် မထိုက်မရာ ကြမ်းတမ်းစွာသော အလုပ်တွင်းမှာ အပြင်းအထန် ခိုင်းထားပြီး အဝတ်အစား ဆင်စေပြန်တော့လဲ အဆင်းသဏ္ဌာန်ကိုမျှ အားမနာ၊ သေလာမြိုင် ချောင် တောတောင်အတွင်းမှ ထွက်သည့် ကြမ်းတမ်းသော လျှော်တေ ညစ်ပေတဲ့ သစ်ခေါက်ဆိုးကိုသာ ဆင်ထားလေသည်။ ကျွန်ုပ်ကဲ့သို့ပင် မြင်လျှင် မြင်ခြင်း၊ နှီးရင်းခင်တွယ် မေတ္တာဆွယ်ကြသော သူတစ်ယောက်သည် ယခုလောက် လှပ ယဉ်ကျေးသည့် ကညာမကလေးကို သူ့အဘရသေ့ကြီး၏ ကျပ်တည်း ခြိုးခြံစွာ ကျင့်သော အကျင့်သဘောများကို လိုက်လျောညီစွာ ကျင့်ရရှာလျက် ခိုင်မာ ခံ့ညားသော ရင်းတိုက်သားကို လျှပါးနုထွတ်သော ကြာညိုရွက်ဖြင့် ခွဲဖျက်ရမည်ဟု ဖခင်က အမိန့်ရှိလေသည့်အသံကို မပြန်မလှန် လိုက်နာ ပြုကျင့်ရရှာသော ဤကညာအလှကလေးကို အေးအေးသာသာ သဘောထား၍ ဘယ်သူအား ကြည့်ရှု၍ နေနိုင်ပါမည်နည်း။

ဟူ၍ တစ်ယောက်တည်း မြည်တွန်တောက်တီးပြီးလျှင် ဤသော်ကမာလာပင်ကြီး၏ နောက်ဖေးက မင်းသမီးကလေး မသိ မရိပ်မိစေဘဲ ပိပိရိရိ အမှတ်တမဲ့ ပုန်းအောင်းပြီး ချောင်းမြောင်းကာ ကြည့်ရှုရဦးတော့မည်ဟု ကြံစည်ပြီးလျှင် ဒသျှကန္တမင်းသားသည် သော်ကမာလာပင်နားက ပုန်းအောင်း၍ ကြည့်ရှုကာ နေလေ၏။

ဒသျှကန္တမင်းသားသည် သော်ကမာလာပင်နားက ချောင်းမြောင်း ကြည့်ရှု၍နေစဉ် သကုဏ္တလမင်းသမီးက ပိယံဝဒဆီသို့ လှည့်၍ ပြောသည်မှာ–

ချစ်ခင်ဖွယ်စကားကို ပြောကြား မိန့်ဆိုတတ်ပေသော အို ပိယံဝဒ၊ ကျွန်မ ဝတ်ဆင်၍ ထားသော လျှော်တေအဝတ်က ကျွန်မ၏ ရင်သားနှစ်စုံ စံပယ်ငုံကို အပုံကြီး ကြပ်တည်းစွာ နှောင်စည်း၍ ထားသည့်အတွက် ကျွန်မ နာကျင်လျက် ရှိနေပါသည်။ သို့အတွက် အနသူယက တဆိတ်မျှ ကျေးဇူးဆောင်၍ ဖွဲ့နှောင်ထားသောလျှော်တေကို ခပ်လျော့လျော့ ဖြေ၍ ပေးစမ်းပါ။

ဟု ပြောလေရာ ရံရွေတော် အနသူယက ထပြီးလျှင် ရင်ရှားလျှော်တေကို လျော့ဖြေ၍ ပေးလေ၏။ ထိုအခါ ပိယံဝဒသည် သခင်ဘုရား၏ ရင်သားရတနာ ပန်းနှစ်မြွာတို့သည် လျော့ရဲစွာ အဝတ်လျှော့သဖြင့် မပေါ်တပေါ်နေသည်ကို မြင်၍ ရယ်ရွှင်ကာ ပြောသည်မှာ–

ကျွန်မတို့ ချစ်ခင်တဲ့ ထိပ်တင် အညွန့်ကလေး ဘုရား။ ကိုင်း တစ်ခါဖြင့် သခင်မ၏ရင်ကို ရှုချင်နစ်လို့ စိတ်နှလုံးပျို့ရအောင် တမို့မို့တင့်တယ်တဲ့ ခိုင်စံပယ်သွယ်နှစ်ပွင့်မှာ အဆင်သင့် လွတ်လပ်စွာ ရှိချင်သလို ရှိနေပါစေဘုရား။

ဟု လျှောက်ထား တင်သလေ၏။

ဒသျှကန္တမင်းသားသည် နုထွားသော ရင်နှစ်မို့ကို နှစ်လိုစွာ မြင်ရသည်တခြား၊ ပိယံဝဒ၏ စကားကို ကြားရတာက နှစ်သက်၍ ဓာရမက် ဆုံတွေ့ ပီတိ လှိုင်းခွေ့ပြီးလျှင် တဆွေ့ဆွေ့ မဖြေနိုင်သဖြင့် ခပ်မှိုင်မှိုင် တစ်ယောက်တည်း ပြောကြားသည်မှာ–

အပြောကဖြင့် ကောင်းပါပေရဲ့ ပိယံဝဒ၊ သို့ရာတွင် သူ၏ လှပနုနယ်သည့် ရုပါရုံ အတင့်အတယ်ကို ဖုံးကွယ်ပြီးထားရန် အမှန် မသင့်လျော်ပေဘူး။ သို့သော် တစ်ခု ဥပမာဖြင့် ရှုရလျှင် နုနယ် တောက်ပ အဆင်းလှ၍ ဝဏ္ဏထွေပြား ဆန်းကြယ်သည့် ပန်းများကို အနားမှာ ရှိသည့်အရွက်က ကွယ်ဝှက် ဖုံးအုပ်၍ထားသလို

WWW.DHAMMARANSI.COM



သကုဏ္ဍလ ရူပသိင်္ဂါ လုကညာ၏ ရတနာ ရင်သား နုထွားထွားကို ရှုစားသူ မမြင်လေအောင် လျှော်တေသစ်ခေါက်ဆိုးဖြင့် လွှမ်းမိုးကာ အုပ်ဖုံးလျက် ပုခုံးပေါ်မှာ သိုင်းခြုံ၍ ထားလေသည်။ နီလုပ္ပလ မည်ရလှဆန်း ကြာညိုပန်းမှာ ဖုံးလွှမ်းကာ ရေညှိတက်သော်လည်း လှပ တင့်တယ်လျက်ပင် ရှိလေသည်။ စန်းစန္ဒရာ သော်တာငွေရောင် ဗိမာန်ဆောင်မှာ မည်းမှောင်သော အစွန်းအကွက်များရှိသောကြောင့် ရှုကြည့်သူ နှစ်သက်၍ အတိုင်းထက် အလွန်တိုးပြီး တစ်မျိုးပင် ကျက်သရေရှိ၍ လှပလေသေးသည်။ လျှော်တေ သစ်ခေါက် တောမှရောက်သော အထည်ပင် ဖြစ်သော်လည်း ပကတိရွှန်းစို၍ သမင်ပျိုမျက်လုံးကဲ့သို့ တပြုံးပြုံး တောက်ပသော စက္ခုဖြင့် ကြည့်ရှု၍ မဝနိုင်သော သကုဏ္ဍလ ပျိုကညာအလှ၏ ကိုယ်ကာယပေါ်မှာ လွှမ်းခြုံ၍ထားသောကြောင့် တစ်မျိုးအားဖြင့် အဖိုးတန်ပြီး အမှန် ကျက်သရေရှိလေသည်။

ဤကဲ့သို့ ကြမ်းတမ်းရုန်းရင်းသော တောတွင်း လျှော်တေအဝတ်ကို ဝတ်ဆင်၍ထားခြင်းမှာ ကျွန်ုပ်၏ ချစ်မေတ္တာကို ဆုတ်နစ်ကာ မပျက်ပြားစေသည့်ပြင် အချစ်အား တိုးတက် တစ်မျိုးပင် နှစ်သက်ပြီး စုံမက်ချစ်ခင်ခြင်းကို ဖြစ်စေသေးသည်။

ဆန်းကြယ်ဝတ်မှုံ ကြာပဒုံပန်းကိုပင် ကြမ်းတမ်းသော အရိုးက ထောက်ပံ့၍ ထားရလေသည်။ စံပယ်၊ သရဖီ၊ နှင်းဆီ၊ သော်က၊ ယုဇနသဇင် ဂမုန်းအင်တို့ ရှုချင်ဖွယ် လှပြန်သော်လည်း ရိုးညှာတံ အကြမ်းဖက်၍ နှောင်တွဲလျက် ပွင့်ကြရလေသည်။

ဟူ၍ ပြောဆိုလေ၏။

သကုဏ္ဍလမင်းသမီးသည် ရှေ့တူရူသို့ ကြည့်ပြီးလျှင်

လက်ပါးစေတော် ရံရွေတော်တို့၊ ဟိုရှေ့မှာ ရှိသော သော်ကမာလာပင်သည် လက်ညှိုးနှင့် တူသော ရွက်ညွန့်တို့က ကျွန်မတို့ဆီသို့ တူရူ ကြည့်ဖြူခေါ်ငင်သည်ပမာ လေညင်းများ လာပြန်တော့ လှုပ်ကာ ရှားကာ ယိမ်းနွဲ့ကာဖြင့် အမူအရာ များပြားပြီး အတွင်းကြိတ်စကား ပြောသလို ဖြစ်လေသည်။ ထိုလှုပ်ရှားယိမ်းယိုင် ညာချင်းဆိုင်လျက် ငုံခွင်ဖူးပြည်း လေဟုန်စီး၍ နေသည့် သော်ကမာလာပင်ကြီးသို့ ကျွန်မတို့ ချဉ်းကပ် သွားရောက်ကြစို့။

ဟု ဆိုပြီးလျှင် ရံရွေတော်များနှင့်တကွ သော်ကမာလာပင်ကြီးနားသို့ သွားရောက်ကြလေ၏။

ပိယံဝဒကပြောသည်မှာ–

အလှထိပ်တင် ကျွန့်သခင်ဘုရား။ ပန်းရနံ့သင်း သုတ်လေညင်းနှင့် အေးချမ်းခြင်းရှိပေသော ဤသော်က မာလာပင်ရိပ်မှာ တဆိတ်လောက် ကျွန်မတို့နားနေကြစို့။

ဟု ဆိုရာ သကုဏ္ဍလမင်းသမီးက–

ဤသော်ကမာလာပင်အရိပ်မှာ တဆိတ်လောက် ဘယ်ကြောင့် ဆိုင်းငံ့နေချင်ပါသလဲ။

ဟု မေးမြန်းလေသော်–

အကြောင်းမှာတော့ ဒီလိုပါသခင်မ။ ဤသော်က မာလာပင်ကြီးကို အစဉ်အတိုင်း ပတ်၍ အထပ်ထပ်ခွေလိမ်၍ နေသော မာလာနွယ်များကဲ့သို့ နူးညံ့ လှထွားသော သခင်မဘုရားနှင့် ဤသော်ကပင်သည် ရှေးယခင်က ရေစက်နီး၍ အကြောင်းဆုံစည်းကြလေမည် ထင်ပါသည် ဘုရား။

ဟု မျက်နှာထား ခပ်ပြုံးပြုံးနှင့် ညွတ်နူးဖွယ်ရှိအောင် ပိယံဝဒ ပြောဆိုလေ၏။ထိုစကားကို ကြားရာ သကုဏ္ဍလမင်းသမီးက–

ရှင့်အမည်နာမကို ပိယံဝဒဟု ခေါ်သည်မှာ သင့်လျော်ညီညွတ်၍ အနွတ္ထသညာဖြင့် ချစ်ခင်ဖွယ်ရာကိုသာ ကောင်းစွာ ပြောကြားတတ်ပေ၏။

ဟု ချီးမွမ်းပြောဆိုလေရာ ဒုဿန္တမင်းသားက တစ်ကိုယ်ကြား ပြောလေသည်မှာ

WWW.DHAMMARANSI.COM



ပိယ်ဝဒ ပြောဆိုချက်မှာ နှစ်သက်ဖွယ်ရှိပေစွ။ ဟုတ်ပါရဲ့။ သကုဏ္ဍလ သက်လျာ ပျိုကညာ၏ နှုတ်ခမ်းကတော့ နီမြန်းသော ရွက်ညွန့်ကလေး နှင့်တူ၍ သူ့လက်မောင်းကလေးများက ပျော့ပျောင်းသော အခက်အလက်နှင့်တူပြီး သူ့ တစ်ကိုယ်လုံးမှာတော့ ရှုမြင်တိုင်း တင့်တယ် လျက် ငယ်ရွယ်ပျိုမြစ် ချစ်စရာ အရေအသားနှင့် လှထွား တင့်ဆန်းသောကြောင့် ပွင့်သစ်စပန်းနှင့် တူလေသည်။

ဟူ၍ ကွယ်ရာက ပုန်းအောင်းလျက် ချောင်းကြည့်နေရင်း အတွင်းကြိတ် ပြောဆိုလေ၏။

ထို့နောက် အနုသူယက-

သခင်မဘုရား။ ဟောဟိုရှေ့စုံချေမှာ ဂနိုင်ကျက်သရေ'ဟူ၍ သခင်မကလေး အမည်ပေးထားသော သစ်ခွပန်းပင်၏ ပွင့်ခိုင်များသည် ကလိုင်လိုင် တပျံ့ပျံ့ လေယူရာ နံ့ပြီးလျှင် သင်းရနံ့ဝေဖြာလျက် သော်က မာလာ ပန်းငုံနှင့် ရက်ဆုံကာ သင့်မြတ်၍ လက်ထပ်ပွဲသဘင်ကို ဆင်ယင်မည့်မင်္ဂလာဖြင့် အခါကောင်း ရွေးဘိသကဲ့သို့ ရှိပါသည်။

ဟု လျှောက်တင်ရာ သကုဏ္ဍလ မင်းသမီးသည် 'ဂနိုင့်ကျက်သရေ'ပန်းပင်နားသို့ ချဉ်းကပ်၍ ဝမ်းမြောက် ရွှင်မြူး အထူးနှစ်သက်စွာ ကြည့်ရှုနေရင်း ပြောသည်မှာ-

ပန်းသစ်ပင်ကလေးများပင် ဖြစ်လင့်ကစား များစွာသော ပရိသတ် ပွဲသဘင်နှင့် မင်္ဂလာ ဆင်ယင်ခြင်းများမှာ ဘယ်မျှလောက် အားရ နှစ်ခြိုက်ပြီး ပျော်ပိုက်ချမ်းမြေ့ သဘောတွေ့ပါ သနည်း။

ဟုဆိုပြီးလျှင် ပန်းပင်များကို အံ့ဩလျက်ငေး၍ ရှုစားကာနေလေ၏။

ပိယ်ဝဒက ခပ်ပြုံးပြုံးပြောသည်မှာ-

အို အစ်မချစ် အနုသူယ၊ သခင်မဘုရားသည် ဘယ်လိုများ သဘောတွေ့သဖြင့် ချမ်းမြေ့ နှစ်သက် ရွှင်အားတက်၍ ခက်လက်ခိုင်ညွှာ တင့်တယ်စွာရှိသည့် ပန်းပင်ကလေးကို ငေးပြီး ကြည့်နေသည်ကို သိရဲ့လား။

ဟု ဆိုရာ အနုသူယက-

ညီမရယ်၊ ကျွန်မဖြင့် အမှန်ပဲ မသိပါဘူး။ ကျွန်မလဲ သခင်မကလေး၏ အမူအရာကို တွေးဆကာ ကြည့်ရှုနေပါသည်။ ညီမ သိလျှင် ပြောပြစမ်းပါ။

ဟု မေးမြန်းလေသော် ပိယ်ဝဒက-

သခင်မကလေး၊ ငေးပြီးကြည့်နေသည်များမှာ အခြားမဟုတ်၊ 'ဂနိုင့်ကျက်သရေ'ခေါ်သော သစ်ခွပင်သည် သင့်လျော်ရာသစ်ပင်တွင် ကပ်မှီငြိတွယ်သကဲ့သို့ သခင်မကလေးစိတ်သည်လဲ သဘောကျရာ ဖူးစာယှဉ်တွဲ မေတ္တာမြဲမည့် ယောကျ်ားသားများအပေါ်မှာ တွယ်တာပေါင်းသင်းရလျှင် ကောင်းလိမ့်မည် ဟူ၍ တွေးတောကြံဆနေသည်ကို ကျွန်မရိပ်မိပါရဲ့။

ပြောလေသည်တွင် သကုဏ္ဍလမင်းသမီးက-

ဒါတော့ အထူးပြောဖို့ မလိုပါ။ ရှင်တို့ တွေးချင်သလို တွေးထင်ကြတာကိုး။

ဟု ဆို၍ သစ်ပင်ရေလောင်းသောအိုးကို လက်မှ ပယ်ရှားလိုက်လေ၏။

ထိုအခါ အနုသူယက-

ဟောသည်မှာ ပန်းပင်ကလေးတစ်ပင် ကျန်နေပြန်ပါပကော။ ကျွန်မတို့ ဖခင် ကျေးဇူးရှင် စန္ဒကိုယ်တော်မြတ်က သခင်မနှင့် ထပ်တူသော သဘောထား၍ ကြီးပွားရန် မွေးမြူခဲ့သဖြင့် သခင်မကဲ့သို့ပင် ကြီးပွားလာသော ပန်းပင်ကလေး ဖြစ်ပါသည်။ ထိုပန်းပင်ကို သခင်မကလေးက အရေးယူပြီး ရေလောင်းရန် မေ့ကျန်နေပြီ။

ဟု ဆိုရာ သကုဏ္ဍလမင်းသမီးက-

အို ဟုတ်ပါပေရဲ့။ အနုသူယ ဤပန်းပင်ကလေးကို မေ့လျှင် ကျွန်မကိုယ်ကျွန်မ မေ့နေတာနှင့် အတူတူပင် ဖြစ်နေပါသည်။

ချစ်ခင်စရာကောင်း၊ အံ့ဩဖို့ ကောင်းတဲ့ ပန်းပင်ကလေးနားသို့ ချဉ်းကပ်၍

WWW.DHAMMARANSI.COM



အို ပိယ်ဝဒ နာမတွင်ခေါ် ရှံရွှေတော်၊ ကျွန်မ အပါးသို့ ခေတ္တလာလှည့်ပါ။ ဝမ်းမြောက်ကြည်နူး၊ သတင်းထူးတစ်ခု ရှင့်ကို ပြောစရာ ရှိပါသည်။

ဟု ခေါ်လေသည်တွင် ပိယ်ဝဒလည်း လျင်မြန်စွာ သကုဏ္ဍလ မင်းသမီးထံပါးသို့ ချဉ်းကပ်၍

သခင်မဘုရား ပြောကြားမည့် သတင်းအဆန်းကို ရွှင်လန်းစွာ ကြားလိုနာလိုပါသည် ဘုရား။

ဟု လျှောက်ထား တင်သလေ၏။

သကုဏ္ဍလမင်းသမီးသည် အနုသူယ၏ ပခုံးကို ကိုင်ပြီးလျှင် အာသာဝတီမည်သော နွယ်ပန်းပင်ကလေးကို လက်ညှိုးညွှန်၍ ပြောသည်မှာ–

ကြည့်စမ်း အနုသူယ၊ အာသာဝတီ အမည်တင့်ဆန်းတဲ့ နွယ်ပန်းပင်ကလေးနယ် ပွင့်ချိန်သမယရာသီသို့ မကျသေးဘဲနှင့် တဖွေးဖွေး ဖြူဆွတ်ပြီး ပင်လုံးကျွတ် ပွင့်နေလိုက်တာ သနားစရာ မကောင်းဘူးလား အနုသူယ။

ဟု ပြောရာ ရှံရွှေတော်နှစ်ယောက်တို့က–

အို အမှန်ပဲလား၊ သခင်မဘုရား။

ဟု အံ့အားသင့်သော အနေအားဖြင့်ဆိုသော် သကုဏ္ဍလက–

အို ကျွန်မ အကျိုးမဲ့လိမ်လည်ကျီစယ်လို့ ပြောပါ့မလား။ အမှန်ပါပဲ။ ဟောဟိုမှာ ကြည့်စမ်း။

ဟု တစ်ဖန် လက်ညှိုးညွှန်ပြကာ ပြောလေ၏။ ထိုအခါ ပိယ်ဝဒက စိတ်အားထက်သန်စွာနှင့် ပြောသည်မှာ–

ဘရဏီသူဇာ မူရာတမျှ ယဉ်ကျေးလှပေသည့် ကျွန်မတို့သခင် ထိပ်ခေါင်တင်ဘုရား။ ဤအာသာဝတီပန်းနွယ်သည် ဆန်းကြယ်စွာ ပွင့်သည့်အရိပ်နှင့် နိမိတ်ကို ကောက်ပြီး သိသလောက် ကျွန်မ ပြောရလျှင် သဘောတော်ကျမည် မကျမည်ကိုဖြင့် မသိရပါ။ သို့ရာတွင် သခင်မနွယ်ပွင့်ကလေးသည် အရွယ်သင့် ချောမွေ့လျက် သဘောတွေ့စဖွယ် ကောင်းသည့် ချစ်လင်ရတနာကို မြန်မကြာရဖို့ အရေးပါပဲ ဘုရား။

ဟု လျှောက်ထားပြီးလျှင် နှစ်ယောက်သော ရှံရွှေတော်တို့က အပျော်တော်ဆက်သကဲ့သို့ နှစ်သက်ရွှင်လန်းစွာ သကုဏ္ဍလမင်းသမီးကို ကြည့်ရှု၍ နေကြလေ၏။

သကုဏ္ဍလမင်းသမီးသည် ထိုစကားကို ကြားရာ ရှက်ဟန်ပါသော မျက်နှာဖြင့်–

ယခု လျှောက်ထားသည့် အရေးမှာ ရှင်တို့ အတွေးပဲ ထင်ပါရဲ့။

ဟု မိန့်ဆိုလေရာ ပိယ်ဝဒက–

အမှန်လျှောက်ထားခြင်း ဖြစ်ပါသည် ထိပ်တင်၊ ကျွန်မတို့ ပြောင်လှောင်၍ တင်သည်မဟုတ်ပါ။ ကျွန်မတို့အဘ စန္ဒအရှင်မြတ်ထံမှလဲ စကားသံ အရိပ်အမြွက်များကို မကြာမီက ကြားသိရပါသည်။ ဤအာသာဝတီနွယ်ပန်းပင်ကလေးများသည် သခင်မဘုရား မွေးမြူသဖြင့် တလူလူ ကြီးပွားပြီး အပွင့်အခိုင်များကို ယခု ဆောင်ပါသည်။ ဤနိမိတ်ကို ထောက်ဆ၍ သခင်မဘုရားမှာလဲ ဆပွားသည့် မေတ္တာဖူးစာဖက် ပေါ်လာ၍ သီးပွင့်ရာ အချိန်ခေတ်သို့ စင်စစ်ရောက်လုပြီ ထင်ပါကြောင်း။

ဖြင့် လျှောက်တင်လေသော အနုသူယက ပြုံးရယ်၍

အို– ရိပ်မိပြီ ပိယ်ဝဒရေ့၊ သည်အရေးကို မြင်လေတော့ သခင်မကလေး ဂရုစိုက်ပြီး အားတိုက်ကြီး သစ်ပင်ကလေးများကို ကြည်ရွှင်စွာ ရေလောင်းနေတာ ထင်ပါရဲ့။

ဟု ကျီစယ်ရာ သကုဏ္ဍလမင်းသမီးက–

အတွေးကြီး တွေးမနေကြပါနှင့်။ ဤအာသာဝတီနွယ်ပန်းသည် ကျွန်မ၏ ညီမငယ်ကလေးကဲ့သို့ ဖြစ်နေပါသည်။ သို့အတွက် ညီမအသွင် နွယ်ပန်းပင်ကလေးကို တမင်ဂရုစိုက်ပြီး သိုက်မြိုက်စွာ ရေလောင်းရခြင်း ဖြစ်ပါသည်။ ပွင့်လွယ်ရန်အရေး နိမိတ်များပေးစေဖို့ စိတ်တွေးမှ မရှိပါ။

WWW.DHAMMARANSI.COM



ဟု ပြန်ပြောလေသည်။

ဒသွန္တမင်းသားက အချစ်အားသွေးမွှန်၍ အလွန်မက်မော လောဘဇော ဖိစီးသဖြင့် တစ်ကိုယ်တည်း ပြောပြန်သည်မှာ–

ရုပ်ဆင်းပျို့ပျို့ နတ်ကဲ့သို့ပင်၊ နှစ်လို့တွယ်တာ ခင်မင်စရာ ဤပျိုကညာကလေးသည် သူ့ကို မွေး၍ထားသော ဖခင်ကဲ့သို့ တရားသို့ စိတ်ဝင်ပြီး ငါးအင်သော ကာမဂုဏ်ကို အာရုံမပြုဘဲ နေလိမ့်မည်အရေးကို တွေးပြီး ငါ စိုးရိမ်မိပါသည်။ သို့ရာတွင် ပုထုဇဉ်ဓလေ့ ကာမဂုဏ်ဖွက်တောမှာ မက်မောကာ မော့ပြီး ပျော်မွေ့တဲ့ သဘောများကို ဘယ်သူအားမျှ မပယ်ရှားနိုင်သည် မှန်သောကြောင့် ငါကြံတွေးသည့်အချက်လည်း အကွက်မကျဘဲ မှားနေလိမ့်မည် ထင်ပါရဲ့။ ငါ၏ စိတ်ထားသဘောသွားသည် တခြားသို့ မသက်ဝင်၊ ဤမင်းသမီးကလေးကို ခင်မင်၍ အလွန်ပင် စွဲလမ်းလှသည်နှင့် တားမရအောင် ရှိတော့သည်။ အလှ သက်လျှာ ဤကညာသည် မှုရာပြုကတော့ လွန်သိမ်မွေ့၍ ဣန္ဒြေရှင် တစ်ပါး ဖြစ်သည်နှင့် အခြားသောသူတို့နှင့် မတန် နိုင်ငံသခင် ထီးနန်းရှင်ချားနှင့်သာ မင်္ဂလာရေဖြန်း ဘွေသဖန်းတွင် ညာနန်းတင်ဖို့ လျော်ပေသည်။ ငါမင်းသား၏ စိတ်သည် တဖိတ်ဖိတ် စီးယို ဤကညာပျိုကလေး၌သာ ချစ်သွေးမွှန်၍နေသောကြောင့် အမျိုးအဆွေဇာတ်အားဖြင့် ငါနှင့် လက်မထပ်စကောင်းသော ဗြဟ္မဏကညာကလေးမှာ မကြာမီ ငါ့ လက်သို့ပါ၍ ရာဇကညာ တောင်နန်းလျာဖြစ်ရှာတော့မည်။

ဟုပြောဆိုလေ၏။ ထိုသို့ ပြောဆိုနေစဉ် ပျားကလေးတစ်ကောင်သည် ကြက်ရုံးပွင့်ထဲမှ ပျံဝဲထွက်ပြူလာပြီးလျှင် သကုန္တလမင်းသမီးမျက်နှာ အနီးတွင် တဟည်းဟည်းမြည်၍ ရစ်ဝဲပျံသန်းကာ နေလေ၏။

ထိုအခါ သကုန္တလမင်းသမီးက ခေါင်းခါ၍ ပြောသည်မှာ–

အလိုလေး–လေး ကြက်ရုံးပွင့်ပန်းခိုင်ကြားမှ ပျားကလေး ပျံသန်းလာပြီး ကျွန်မမျက်နှာမှာ ပတ်သန်း၍ ကြောက်လန့်ခမန်း ဝဲပျံနေပါပြီ။

ဆို၍ ပျားတုတ်မည် ကြောက်သည်နှင့် မျက်မှောင်ကုတ်လျက် တွန့်ဆုတ်ဖယ်ရှားကာ နေလေ၏။

ထိုမင်းသမီးကလေး၏ အမူအရာကို ဒသွန္တမင်းသား မြင်သောအခါ မေတ္တာရှိန်အဟုန် ပြင်းသဖြင့် တစ်ကိုယ်ချင်း ပြောပြန်သည်မှာ–

ရွှေပြည်ကြွင့်နန်း ထီးနန်းရိပ်သာ ဘမရာတွင် ဤကဲ့သို့ လူးလာပျံသွားသော ပျားကလေးများက နန်းတော်သူတို့၏ပါးနားမှာ ရစ်ဝဲ၍ နေပါလျှင် အမူအရာ ဖွဲ့နွဲ့ တိမ်းငဲ့လှုပ်ရှားလျက် ဟန်ပန်တွေ များနေကြသည်ကို ခဏခဏ ငါ တွေ့မြင်တော်မူရသည်။ ယခုအခါ ဝနာပိတ်ဆီး တောမြိုင်မှာကြီးနေ၍ ထီးအမူ နန်းအမူများကို နားလည်တော်မမူရှာသော တောတွင်းသူကလေး ဖြစ်နေသည်နှင့် ရစ်ဝဲနေသည့် ပျားကြောင့် မျက်ခုံးများကို ထိန်းချုပ်၊ မျက်မှောင်ကို ကုတ်ပြီးလျှင် အမူမလုပ်သော ဣန္ဒြေရိုးရိုးကိုသာ ဆောင်လျက်၊ မျက်လုံးဖြင့် တိမ်းရှောင်ကာကွယ်ရှာလေသည်။

အို–ကြည့်စမ်းပါဦး၊ ပျော်ရွှင်အားရ မြူးတူးလှသော ပျားမကလေးက သကုန္တလပျို၏ စက္ခုတော်ထောင့်နားမှာ အတောင်ဖျားကလေးနှင့် ခပ်ပြီး တဆတ်ဆတ် တုန်လှုပ် ရစ်ဝဲနေလိုက်တာ၊ ပန်းမြိုင်တွင်ပျော်ပါး ပန်းဝတ်ရည် သုံးစားတဲ့ အို ပျားမကလေး၊ မင်းသမီး၏နားဝသို့ ချဉ်းပြီး အတွင်းကြိတ် ဖွင့်လှစ်၍ ကျွန်ုပ်က ချစ်ကြိုက်သည်များကို တီးတိုးစကား တဆိတ်လောက် ပြောကြားလိုက်ပါတော့လား။ အပျိုကညာ လှသူဇာက လက်ယပ်ကာ ဖယ်ရှားနေစဉ် နှုတ်ခမ်းဖျား နီမြန်းမြန်းကို နမ်းရှုပ်လိုက်ပါတော့လား။

WWW.DHAMMARANSI.COM



ငါမင်းသားက စဉ်းစားကာ ကြံတွေးပြီး ဤမိန်းကလေး၏ အနွယ်အရိုး၊ အမျိုးအစီအစဉ်ကို ဆင်ခြင်နေတဲ့အခါ အသင်ပျားကလေးမှာတော့ အပျိုကညာ၏ ပါးနားမှာ ကပ်ပြီး တရစ်ပတ်ပတ် ပျံသန်း၍ ရှင်လန်း ပျော်မွေ့နေလိုက်တာ၊ ယခုလိုအခါ ပျားကလေးများသာ ငါဖြစ်ရလျှင် ချစ်သမျှသောကြိုက်သမျှ ရမက်ဖောတွေကို ဘွင်းဘွင်းကြီး ပြောပြီး သော်မနသဘာယ်လောက်ဖြစ်မယ်လို့။

ဟူ၍ မြည်တွန် တောက်တီးကာ ပြောဆိုလေသတည်း။

ဤသို့ ပျားကလေးရစ်ဝဲနေသည်ကို ဖယ်လွှဲတိမ်းငဲ့ကာ ချစ်ခင်စရာ ဟန်အမူပါပါ ရှုပ်ထွေး၍ နေသော သကုန္တလမင်းသမီးကို ဒုဿန္တမင်းသားက ကြည့်နေရင်း စိတ်တွင်းမှာ မရောင့်မရဲ တရှိုးရှိုးတရွရွ ဖြစ်နေသဖြင့် *ဤရသေ့ပျိုမကလေးသည် အရွယ်အားဖြင့် နုပျို၍ အရုပ်အရည်အားဖြင့် ရွှန်းစိုလှကွားနတ်သမီးကလေးများလို ဖြစ်နေသော်လည်း တရားသက်ဝင်ကာ နေနိုင်ရှာပေသည်။ သူ၏ ဣန္ဒြေရပုံများမှာလည်း တရားရှိသော သူတို့၏မေတ္တာ သိက္ခာရှိ၍ ပကတိ ခံ့ညားပါပေသည်။ ပုထုဇဉ်စရိုက်ကာမဂုဏ် မလိုက်ဘဲ သိုက်မြိုက်စွာ ချုပ်တည်း၍ အုံ့ချီးဖွယ် ကောင်းအောင် နေနိုင်သည့်အရေးကို တွေးပြီး မြတ်နိုးစရာ ဖြစ်ပေသည်*ဟု ဆင်ခြင်ပြီးလျှင် အောက်တွင်ပါသော တေးထပ်ဖြင့် သကုန္တလမင်းသမီးကို အုံ့ချီးထောမနာလေသတည်း။

## တေးထပ်

(၁) ပျော်မွေ့ဖွယ် အချိန်ကလေးရယ်နှင့် ဣန္ဒြေသိက္ခာသိမ်မွေ့လို့ စိတ်သမာတယ်၊ အဘိဇ္ဈာကွာရှင်း၊ ပိုးဖဲနှင့် ရတနာအစုံကို တအာရုံဝတ်ချင် စိတ်ကင်း၊ လျှော်တေနှင့်မွေ့ရှင်တယ် ရသေ့သွင် အဆင်း၊ မြွေအပြင် တလင်းမတော့၊ သီတင်းနှင့် သူပျော်၊ စံပယ်တင်တဘက်ကျော့ပါလို့ လက်ကတော့ သိုင်းလျက်ပနော်၊ လိုဏ်ဂူဝသစ်မ်းပေါ်တွင် ရှင်လန်းတော်မူတုန်းထင့်၊ ယူကြုံးလို့မဖြေနိုင် ခင့်တွက်ကြောင့်မှိုင်၊ ပျိုသကုဏ် ပွင့်တခိုင်ရယ် အခွင့်ပိုင်စမ်းချင်လှလေး။ ။

ဤသို့သော ဂီတသံအေးများကို ဆေးလေးကြည်နူးစွာ သီဆို၍ တစ်ကိုယ်တည်း ချောင်းမြောင်းကာ သကုန္တလမင်းသမီးကလေးကိုသာ ကြည့်ရှုလျက်နေ၏။ သကုန္တလမင်းသမီးကလေးသည် သူ၏မျက်နှာအနီးတွင် တဟည်းဟည်းမြည်၍ ရစ်ဝဲကာ နေသော ပျားကို ဖဲသွားအောင် မပြုလုပ်နိုင်သောကြောင့် လက်ပါးစေများထံသို့ လှည့်ပြီးလျှင်-

ယုယဖျော်ဖြေ လက်ပါးစေတို့၊ ပန်းရက်ကို သုံးစားသော ဤပျားပိတုံးသည် ကျွန်မ၏ မျက်နှာကို ဝိုက်သန်းပြီး ကြောက်လန့်ခမန်း နှောင့်ယှက်၍ နေပါပြီ။ ဤပျားကောင်၏ဘေးမှ ကင်းဝေးလေအောင် ရှက်ဆောင်ကူပံ့ကြပါဦး။

ဟူ၍ ဆိုရာ၊ ပိယံဝဒက ဒုဿန္တမင်းသား အနီးအပါးတွင် ရှိနေသည် မထင်သောကြောင့် ပြုံးရွှင်စွာ ပြောသည်မှာ-

သခင်မကလေးဘုရား၊ ကျွန်မတို့မှာ ဤပျားကောင် အရိုင်းကလေး၏ရန်ကို တွန်းလှန်ရန် သတ္တိ အဘယ်မှာ အစွမ်းရှိပါမည်နည်း။ ကျွန်မတို့ နေထိုင်ရာ သေလာဂနိုင် ဤတောမြိုင်ကို စိုးပိုင်နှိမ်နင်း တေဇာတော်ပြင်းလှသော ဒုဿန္တမင်းသားဖြင့် ဤပျားကလေး၏ အနှောင့်အယှက်ကို ပျောက်ပျက်အောင် ကူညီနိုင်စရာ ရှိပါ၏။

ဟု လျှောက်တင်လေ၏။

ထိုစကားကိုကြားရာ ဒုဿန္တမင်းသားက စိတ်ထားတော်ချမ်းမြေ့ ဘဝင်မှာခွေ့လှ၍ ယနေ့ဖြင့် ငါ့ကံ ပေါ်ပြီဟု မနသိရွှင်အားကြီးသည်နှင့် တစ်ကိုယ်တည်း ပြောသည်မှာ-

ပိယံဝဒ၏စကားကဖြင့် အဆီအသား ပါပါပေရဲ့။ သူပြောတဲ့အချက်ကတော့ ငါ့ကို ဇာတ်ကွက် ပေါ်အောင် ဖော်တာပေပဲ။

WWW.DHAMMARANSI.COM



ဟု ဆိုပြီးလျှင် သကုဏ္ဍလမင်းသမီးကို ပျားဘေးမှ လွတ်အောင် ရှက်ဆောင်ကူပံ့လိုသော သဘောမျိုးဖြင့် ရှေ့သို့တိုး၍ လှမ်းသွားလေ၏။ သို့ရာတွင် ချစ်သွေးကလှန့်သဖြင့် အနည်းငယ်လန့်သောကြောင့် ခြေလှမ်းများ တန့်၍ သွားရာ

ဘာကို ငါ ကြောက်ရမည်လဲ။ ဘုရင်မင်းတစ်ပါးပဲ။ မည်သူ့အားကိုမျှ ကြောက်လန့်စရာမရှိ။

ဟု ရဲသွေးကို ထက်မြက်စေပြီးလျှင် ရှေ့သို့ လှမ်းသွားပြန်ရာ သွားချင်စိတ် အားကြီးသန်သောကြောင့် ခြေလှမ်းများ မြန်လေသည်တွင် တစ်ဖန် စဉ်းစားပြန်သည်မှာ ယခုလိုသာ *မြန်စွာပြေးသွားချေလျှင် ရာဇဝိန္ဒြေချွတ်ယွင်း၍ မင်း၏ ကျက်သရေပျက်တော့မည်။ ငါ၏ ဣန္ဒြေမရသည်များကို ရတ်တရက် သူတို့က သိသွားလျှင် ရှက်အားကြွယ်ဖို့ ရှိလိမ့်မည်။ ထို့ကြောင့် သာမညလူသားကဲ့သို့ အယောင်ဆောင်ကာ သွားပြီးလျှင် ယဉ်ကျေးဖွယ်ရာ သိမ်မွေ့စွာသော အမူအရာအားဖြင့် ပျားကလေးရန်မှ ဘေးဒဏ်ကင်းဝေးအောင် ရှက်ဆောင် ထောက်ပံ့မတော်မည်*ဟု ကြံစည်ပြီးကာ မိမိ ပုန်းလျှိုး၍ နေသော နေရာမှ ဖြည်းညင်းသက်သာစွာ ထွက်သွားလေ၏။

ထိုအခါ သကုဏ္ဍလမင်းသမီးက–

မထောက်မညှာ ရဲဝံ့စွာ နှောင့်ယှက်သည့် ပျားကောင်သည် ဣန္ဒြေရအောင်ပဲ မနေနိုင်ဘူး။ ဤနေရာက မရွေ့သမျှ ငါ့ကို နှောင့်ယှက်နေမှာပဲ။ ယခုပင် ရွှေ့ပြောင်းမှ တော်မည်။

ဟု ဆိုပြီးလျှင် နံဘေးသို့ လွှဲဖယ် တိမ်းရှောင်ကာ ဆုတ်သွားလေ၏။ ပျားကလေးကလည်း မင်းသမီးသွားရာသို့ တရစ်ဝဲဝဲ လိုက်ပြန်လေသည်နှင့်–

အို– သည်ပျားမိုက်ကလဲ သွားလေရာတိုင်း လိုက်ပြီး နှောင့်ယှက်နိုင်လွန်းသည်။

ဟု ဆိုပြီးလျှင်

လာကြပါဦး၊ နှောင့်ယှက်သည့် ပျားဒုက္ခမှ ကျွန်မကို ကယ်ဆယ်ကြပါဦး။

ဟု အသံခပ်ကျယ်ကျယ် ဟစ်ကြွေးလေ၏။

ဒုဿန္တမင်းသားသည် ဆောလျင်စွာ ထွက်လာ၍ ရာဇာမာန်ဖြင့် ကြိမ်းဝါး၍ ပြောသည်မှာ–

ပုရုမင်းဆက်မှ ဆင်းသက်သော ငါမင်းဖျား၏ တရားသဖြင့် အုပ်ချုပ် စိုးစံသော နိုင်ငံတော် အဝင်အပါ ဤတောရပ် ဂနိုင်သာတွင် တရားရှာအလုပ်ဖြင့် အားထုတ်၍နေသော သူတော်ကောင်းရသေ့ကြီး၏သမီး ရှုမငြီး ချစ်စရာကလေးကို ဘယ်သူလာ၍ နှောင့်ယှက် စော်ကားရပါသလဲ။

ဟု ဆိုလေ၏။ ထိုသို့ ရုတ်တရက် ထွက်လာသော ဒုဿန္တမင်းသားကို ဘွားခနဲ မြင်ကြရာ သကုဏ္ဍလမင်းသမီးနှင့် လက်ပါးစေ ရံရွေတော်တို့သည် များစွာ လန့်ထိတ် ကြောက်စိတ် ကြောက်သွေးမွှန်ပြီးလျှင် အလွန်တုန်လှုပ် ချောက်ချားစွာနှင့် ဒုဿန္တမင်းသားကို အံ့အားသင့်ကာ ငေး၍ ကြည့်နေကြလေကုန်၏။

ထို့နောက် အနသူယက အစရဲစွန့်၍ ပြောကြားတင်လျှောက်သည်မှာ–

ရှစ်ဆူကဒဏ် ပစ္စုပ္ပန်သည့် နိုင်ငံ့သခင် ပြည်ကြီးရှင်ဘုရား၊ မည်သည့်ရန်သူတစ်ဦး တစ်ယောက်မျှ ကျွန်တော်မတို့ကို ထိပါး၍ စော်ကား နှောင့်ယှက်လာသည် မဟုတ်ပါ။ သို့ရာတွင် ကျွန်မတို့၏ ထိပ်တင် သူတော်စင်ထုံး ကျင့်သုံးညီမျှသော သကုဏ္ဍလ ထွင့်ထားကို ပျားကလေး ရစ်ဝဲလျက် စိတ်မရဲစရာ မျက်နှာတော်အနီးမှာ မြည်ဟည်းကာ တလှုပ်လှုပ်နှင့် တုပ်တော့မလို နှောင့်ယှက်၍ နေပါသည်ဘုရား။

ဟု လျှောက်ကြားပြီးလျှင် အနသူယနှင့် ပိယံဝဒတို့သည် သကုဏ္ဍလမင်းသမီးကလေး၏ မျက်နှာကို ကြည့်၍ နေကြလေ၏။ သကုဏ္ဍလ မင်းသမီးကလေးမှာလည်း ရှေးအခါမဆွများတွင် ယောကျ်ားနှင့် မတွေ့ဖူးသောကြောင့် ပြုံးတူးပြာရာ မျက်နှာမထားတတ်အောင်ပင် ရှိနေရှာလေ၏။

ထိုအခါ ဒုသျှန္တမင်းသားက သကုန္တလာ မင်းသမီး၏အပါးသို့ ယုယစွာ ချဉ်းကပ်ပြီးလျှင်

ပန်းဝတ်ရက် အရာသာစိမ့်သဖြင့် တဖိမ်းဖိမ့် ယဉ်ကျေးသည့် ကိန္နရီမကလေးပမာ ရုပ်ဝါလှပ သိမ်မွေ့လှပေသော အို သကုန္တလာ သက်လျာပျိုကညာ၊ ဝနာပတ်ချုပ် ဤတောအုပ်မှာ ရွှေရုပ်သွင်ကလေး လှသူဌေးမှာ တရားမွေးမြူ သူတော်စင်တန်း ကျောင်းသင်္ခမ်းနှင့် ကမ္မဋ္ဌာန်း ယူ၍ နေသည်မှာ ကြည်ဖြူပျော်မွေ့စွာ ရှိပါစ။

ဟူ၍ မေးမြန်းလေ၏။

ဤသို့ မေးမြန်းလေသောအခါ သကုန္တလာ မင်းသမီးသည် ယောကျ်ားများနှင့် စကားဆို၍မှု တစ်ခွန်းတစ်ပါဒပင် မမြွက်ဟဖူးသောကြောင့် ရှက်ကြောက်အားကြီး ကြက်သီးတဖြန်းဖြန်း ထပြီးလျှင် မျက်နှာကို အောက်ချလျက် စကားစ ပြန်လှန်၍ မတုန့်ဘဲ ခေါင်းငုံ့ကာ တိတ်တဆိတ် မြေကြီးကို ရေးခြစ်လျက် နေလေ၏။ ထိုသို့ သကုန္တလာ မင်းသမီးက စကားပြန်မရ ခွန်းဟမပြော တုဏှိဘော အန်း၍ နေလေသော် အနသူယက ကြားဝင်၍ ပြောသည်မှာ–

ကျွန်မတို့ ပျော်နေရာ မြိုင်သာစခန်း ဤတောတန်းသို့ ရောက်လာသော ဧည့်သည်အား ဝတ္တရားကျေကုန်စွာ ပြုစု လက်ခံကြရပါလိမ့်မည်။ ဝတ္တရားမကျေဘဲ အမှတ်မဲ့ နေခြင်းငှာ မသင့်ပါ။

ဟုပြောရာ ပိယံဝဒက–

အနသူယ ပြောသည့်အတိုင်း ကျွန်မတို့က ဧည့်သည်တော်ဖြစ်သော အရှင့်သားကို လောကဝတ္တရားနှင့်ညီစွာ လက်ခံကြပါ၏။ ချမ်းသာပျော်မွေ့စွာ စံနေတော်မူပါ။ အို– သခင်မ သကုန္တလာ ထိပ်ခေါင်တင်ဘုရား၊ သစ်ခက်ဝန်းရံ ပျော်စံ အေးချမ်း ကျောင်းသင်္ခမ်းအတွင်းမှ သစ်သီးခြင်းနှင့် ပန်းခိုင်များကို ဆောင်ယူခဲ့ပါ။

ဧည့်သည်တော်ဖြစ်သော အရှင့်သားသည် ဤတောသစ်သီးများကို သုံးစားတော်မူ၍ ဆန်းပြား ထူးလည် ဝါနီဖြူရင့် ဤပန်းပွင့်တို့ကို ရှုစားတော်မူလျက် နားနေ၍ အပင်အပန်းဖြေတော်မူပါစေ။ ထိုမှတလီ မာလိနီမည်သော မြစ်ထဲမှ ထူးကဲစွာ ချိုမြိန်အေးမြသော ဤရေများလဲ ဧည့်သည်အရှင့်သား၏ ခြေများကို ဆေးကြောရန် အသင့်ပင် ရှိနေပါသည်။

ဟူ၍ ချေင်သာယာစွာ ပြောဆိုလေ၏။

ထိုအခါ ဒုသျှန္တမင်းသားက–

တရားသဖြင့် ကသိုဏ်းကျင့်လျက် သူတော်ရှင့် ထုံးဓလေ့နှင့် သုံးမွေ့နေထိုင်ကြပေသော နမကလေးတို့၊ သင်တို့၏ နူးညံ့သိမ်မွေ့ သဘောတွေ့စရာ ကောင်းလှသောစကားဖြင့်ပင်လျှင် ဝတ္တရားကျေကုန် လုံလောက်ပါပြီ။ သစ်သီး ပန်းမာလ်၊ သုံးရန် ရေအေးတို့ကို ပေးဆက်မည် ဆိုသည့် စကားကြောင့် များစွာပင် ကျေးဇူးတင်လှပါပြီ။ ကျွန်ုပ်၏အရေးကြောင့် နမကလေးများ ဒုက္ခမရှာကြပါနှင့်။

ဟူ၍ တောင်းပန်ပြောဆိုလေ၏။ အနသူယက တဖန်ပြောကြားပြန်သည်မှာ–

အရှင့်သားသည် စရည်းရှက်တို့ဖြင့် ခင်းထားအပ်သော ဤမာလိနီ မြစ်ကမ်းပါးတွင် တန့်နားကာ အပန်းဖြေ၍ ခေတ္တလျှောင်းစက်၍ နေတော်မူပါ။ အေးမြချမ်းမြေ့ တသုန်သုန် လေဖော့သောနေရာတွင် ချမ်းသာစွာ နေနားခြင်းသည် အင်အားကို ပြည့်တင်းစေတတ်ပါသည်။ အရှင့်သားမှာ တောတောင်စခန်း ခရီးကြမ်းများကို အပန်းတကြီး ကြွလာတော်မူရခြင်းကြောင့် ဤမာလိနီ ကမ်းခြေမှာ အပန်းဖြေ၍ နားနေရန် သင့်လျော်လှပါသည်။

ဟူ၍ လျှောက်တင်လေ၏။ ထိုအခါ ဒုသျှန္တမင်းသားက–

WWW.DHAMMARANSI.COM



တရားနှင့် ပျော်မွေ့ကြသော သင် ရသေ့မကလေးတို့မှာလဲ ကျွန်ုပ်အတွက် အားတက်သမှု လောကဝတ်ကျေစွာ ပြုကြရသဖြင့် အမှုတွေကိစ္စရှုပ်လျက် အားယုတ်ကာ မောပန်းခြင်း ဖြစ်ကြပေလိမ့်မည်။ သို့အတွက် သင် ရသေ့မကလေးများလဲ ကျွန်ုပ်နှင့်အတူ ဤကမ်းငှူ သောင်စမှာ ခေတ္တအပန်းဖြေ၍ နားနေကြပါဦး။

ဟူ၍ ပြောဆိုလေ၏။

ပိယံဝဒက သကုဏ္ဍလမင်းသမီးထံသို့ လှည့်၍ ပြောသည်မှာ–

ထိပ်တင်သခင်မ သကုဏ္ဍလနတ်နွယ် ကုမ္မာရွယ်ကလေးဘုရား။ ကြွလာတော်မူပါ။ ကျွန်မတို့အားလုံးသည် စုရုံး၍ ဤနေရာစခန်းမှာ အပန်းဖြေကြစို့။ ညော့်သည်တော်မင်းသားကလဲ ကျွန်မတို့၏ ဝတ္တရား ညော့်ခံသည်များနှင့်ပင် အားရကာ တင်းတိမ်၍ စိတ်ငြိမ်စွာ သဘောကျလေပြီ။ ထိုညော့်သည် အရှင့်သားနှင့် အကြောင်းအားသင့်လျော်စွာ အလ္လာပ သလ္လာပအရေး ဆွေးနွေး ပြောဆိုရအောင် ခေတ္တ ထိုင်နေကြစို့။

ဟူ၍ ပြောဆိုပြီးလျှင် ဒသ္သုန္တမင်းသားနှင့်တကွ ရသေ့ပျိုမကလေးတို့သည် စုရုံး၍ ထိုင်နေကြလေ၏။

ထိုသို့ စုရုံး၍ နေထိုင်ကြစဉ် သကုဏ္ဍလ မင်းသမီးသည် တစ်ကိုယ်တည်း လှည့်၍ ညည်းညူ ပြောဆိုသည်မှာ–

သြော် ရေးရေစက်တူ မေတ္တာတော် ကူလို့ထင့် မဖြူမညို ပင်ကိုယ်ယဉ်ကျေး ဤညော့်သည်ကလေးကို မြင်ကတည်းကပင် ဘွင်အသည်းလှိုက်တုံ ချစ်သွေးတော်ခုန်လှချည့် မကြုံစဖူးဖြစ်ပုံနှယ် ထူးလိုက်လေ။ ရှူးမတတ်စွဲ လောဘမူ ရမက်ဟုန်ကဖြင့် အပုံကြီးကဲပါကလား။ ခဲလို့သာကြိတ် အနိုင်နိုင် မှိတ်ရတော့ ချစ်စိတ်တွေ လှိုင်းဂရက် အသည်းမှာပွက်သောကြောင့် ခက်တော့မယ့်ပုံ ဤတောရပ်မြိုင်ရဂုံမှာ တရားစုံကမ္မဋ္ဌာန်းကျင့်သော်လဲ စိတ်လွှင့်ဖို့အရေး ဝိတက်တွေ ရှုပ်ထွေးလျက် ဖြေ၍ မအေးနိုင်အောင် ရှိနေပါပြီတကား။

ဟု ညည်းတွားကာ ပြောဆိုလေ၏။ ထို့နောက် ဒသ္သုန္တမင်းသားက ဣန္ဒြေကြီးစွာ ထားလျက် ရသေ့မကလေးများကို တစ်ယောက်ပြီးတစ်ယောက် ကြည့်၍ ပြောသည်မှာ–

ကာမဂုဏ်စရိုက် လိုမလိုက်ဘဲ တောခွဲပျော်မွေ့ ကသိုဏ်းလေ့ကြသော ရသေ့မကလေးများတို့၊ သင်တို့၏ အသက်အရွယ် နုနယ်ပျိုမြစ်ခြင်းနှင့် သင်တို့၏ လှပယဉ်ကျေးသော အဆင်းသဏ္ဌာန်သည် ဟန်ပန်ရရှိစွာ လိုက်လျောသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အထူးသင့်တင့် ညီညွတ်စွာ ချစ်ကျွမ်းတဝင် အကြည်အလင် နေထိုင်ခြင်းများသည် အားရနှစ်သက်စွာ ရှိပါပေသည်။

ဟူ၍ ပြောကြားလေ၏။

ဒသ္သုန္တမင်းသား၏စကားကိုကြားရာ ပိယံဝဒက အနသူယဘက်သို့ လှည့်၍ ပြောသည်မှာ–

ကျွန်ုပ်တို့ပျော်ပိုက်ရာသို့ ဆိုက်ရောက်လာသော ဤညော့်သည်ကား မည်သူများဖြစ်မည်ကို မသိနိုင်ဘဲ ရှိတော့သည် အနသူယ။ သူ၏ နူးညံ့သိမ်မွေ့သောအမူအရာများကား ထီးဘွား နန်းဘွား ဘုရင့်သားတော်ကဲ့သို့ ဖြစ်သည့်ပြင် ရဲရင့်သော ပုံသဏ္ဌာန်နှင့် ဟန်ပန်ဣန္ဒြေကြီးရင့်စွာ ပြောဆိုသောစကားများက သာယာချောင် နှုတ်သံပြတ်သားသည်ကို ထောက်လိုက်တော့ ကျယ်ဝန်း ပြန့်လျား နိုင်ငံများသခင် ဘုရင် မင်းမြတ်စောနေနတ်ပဲလို့ အရိပ်အကဲများ ပေါ်ထွက်လာလေသည်။

ဟုဆိုရာ ပိယံဝဒအား အနသူယက ပြောကြားသည်မှာ–

ဤညော့်သည်ကို တွေ့မြင်စကပင် ကျွန်မလဲ အံ့သြပြီး စဉ်းစားနေမိပါသည်။ သို့ရာတွင် သူ၏ဇစ်မြစ်အဖြစ်ဖြစ်ကို တစ်နှစ်အံကျ အမှန်ကို သိရအောင် ကျွန်မ အနည်းငယ် မေးမြန်းပါဦးမည်

WWW.DHAMMARANSI.COM



ဆို၍ ကျယ်လောင်သောအသံဖြင့် ဤသို့ရဲရင့်စွာ မေးမြန်းလေ၏။

သခင်၊ သခင်၏ နူးညံ့သိမ့်မွေ့သော ဣန္ဒြေအမူအရာနှင့် ချိုသာကြည်လင်သော စကားများသည် ကျွန်မတို့အား စိတ်ချမ်းသာခြင်းကို ဖြစ်စေဘိ၏။ ကျွန်မတို့၏ မြင့်မြတ်ထူးလွန်ပေသော ညှို့သည်မွန်သခင်သည် မည်သည့်နွယ်ရိုး၊ ဘယ်မင်းမျိုးမှ တန်ခိုးဆက်နွယ်၍ လာပါသနည်း။ မည်သည့် ရပ်ဌာန် တိုင်းနိုင်ငံတွင် ပျော်စံသော အရှင် ဖြစ်ပါသနည်း။ သခင်သည် ရသေ့သူတော်ကောင်းတို့ ကိန်းအောင်းပျော်နေရာ သေလာဂနိုင် ဤတောမြိုင်အတွင်းသို့ မည်သည့်ကိစ္စက ဆွဲငင်၍ သခင်ရောက်လာပါသနည်း။

ဟူ၍ မေးမြန်းလေ၏။ သကုန္တလာမင်းသမီး၏ စိတ်ဓာတ်ကို မေတ္တာလေခတ်သဖြင့် မရပ်မတည်နိုင်ရှိသောကြောင့် မိမိကိုယ်တိုင်ပင် ပါဝင်စွက်ဖက်ကာ ပြောဆို နှုတ်ဆက်ချင်သော်လည်း "မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရ"ဟူ၍ ဆိုသောစကားပုံအတိုင်း အနိုင်နိုင်ဣန္ဒြေကို ဟန်ဆောင် ချုပ်တည်းပြီးလျှင် မိမိစိတ်ကို ဤသို့ ဆုံးမ နိုပ်ကွပ်လေ၏။

*အို- ငါ၏ စိတ်နှလုံး သင်သည် ဤညှို့သည်ကလေးအတွက် အရေးကြီးစွာ ဘယ်ကြောင့် ထကြွလှုပ်ရှား၍ နေဘိသနည်း။ ဣန္ဒြေရအောင် ချုပ်တည်း၍ သည်းခံငြိမ်ဝပ်စွာ နေဘိလော။ သစ္စာရှိသော အထိန်းတော် အနုသူယက နေရာတကျ လမ်းပြသွေးဆောင်ကာ သင် အလိုပြည့်အောင် စီမံ၍ ပေးလိမ့်မည်။ ညှို့သည်ကလေးအတွက်နှင့် ရမက်ဟုန်မလွှမ်းမိုးစေဘဲ အနုသူယကိုသာ အားကိုး၍ နေပါ။ စိုးရိမ်စရာ လာဘ်လွဲမှာ မဟုတ်ပါဘူး*

ဟူ၍ စိတ်ကို ဆုံးမလေ၏။

အနုသူယ၏ အမေးစကားကို ကြားရာ ဒုဿန္တမင်းသားက တစ်ကိုယ်တည်း စဉ်းစားသည်မှာ *ငါ၏အကြောင်းကို ကောင်းစွာ ဖော်ပြ၍ မြွက်ဟလှစ်ဖွင့်မှုပင် တော်သင့်မည်လား။ သို့တည်းမဟုတ် ငါ၏ ဇစ်မြစ်ကို ဖွင့်လှစ်ကာ မသိစေဘဲ ဖုံးဖိ ထိန်ဝှက်မှ တော်သင့်မည်လား*

ဟူ၍ကြံစည်ဆင်ခြင်ပြီးမှ ဉာဏ်အမြင် ပေါ်ပေါက်လာသောအတိုင်း ဆိုလတံ့သော စကားဖြင့် အနုသူယကို ပြန်ကြားလေ၏။

အဘိုးအနဋ္ဌ ထိုက်တန်လှပေသော မိန်းမဥက္ကဋ္ဌနာရီမြတ်၊ ကျွန်ုပ်သည်ကား ပုရုမင်းမျိုးမှ ဆက်နွယ်လာသော ရာဇာသေနင်း ဘုရင်မင်းတို့၏ မြို့တွင်းမှာ မိတင်းနေကာ အဖြာဖြာသော ဗေဒင်များကို ကျွမ်းကျင်အောင် လိုက်စား၍ သင်ကြားသော သူတစ်ယောက် ဖြစ်ပါသည်။ ၎င်းပြင် ယခုအခါ ဘုရား၊ တရားစရိုက် အကျင့်လိုက်ကြသော သူတော်ကောင်းတို့၏ ပြုဖွယ်ရာကိစ္စအဝဝတို့ကို အရဆည်းပူး အထူးဆောင်ရွက်ဆဲ ရှိနေသည်နှင့် ဤသည်ဌာန နှင်းခလေသွန်ဟေဝန်စခန်း မာလိနီဆိပ်ကမ်းသို့ သူတော်တန်ခလေ့ တရားနှင့်မွေ့ကြသော ရသေ့သူတော်ကောင်းတို့၏ အမူအရာများကို ကောင်းစွာ ကြည့်ရှု ဂရုစိုက်ကာ နည်းယူဖို့ အခွင့်ရှာသဖြင့် ရောက်လာခိုမှီးခဲ့ပါသည်။

ဟူ၍ ရသေ့ပျိုမကလေးများနှင့် ရေလိုက်ငါးလိုက်ရှိအောင် ကြံဆောင် ပြောကြားလေ၏။

ထိုအခါ အနုသူယက-

ဘုရား တရား ကိစ္စအားဖြင့် စိတ်ထားသန့်စင်အကျင့်ခင်သည့် အရှင်ကဲ့သို့သော သူတော်သူမြတ်များသည်ကား ကျွန်မတို့၏ အရှင်သခင်များပင် ဖြစ်ကြရန် အကြောင်းရှိပါသည်။

ဟူ၍ ပြန်ကြားလေ၏။

(အနုသူယသည် သကုန္တလာမင်းသမီးကို လှည့်ကာ လှည့်ကာ တစ်ချက် တစ်ချက်ကြည့်၍ ဒုဿန္တမင်းသားဆီသို့လည်း တစ်ချက် တစ်ချက်ကြည့်၍ ပြောဆိုနေစဉ် သကုန္တလာမင်းသမီးသည် မေတ္တာ

WWW.DHAMMARANSI.COM



အငွေ့ ရင်ဝမှာ ခွေ့ပြီးလျှင် နေ၍မဖြစ် ထိုင်၍မဖြစ်နိုင်အောင် ရှိသော်လည်း ဣန္ဒြေမပျက်စေဘဲ မျက်နှာပိုး သေစွာ မိန်းမအမူအယာနှင့်သာ နေထိုင်လေ၏။)

အထိန်းတော်ကြီး အနုသူယက သကုဏ္ဍလမင်းသမီးဘက်သို့ လှည့်၍

သြော် ယခုနှယ်အခါ ကျွန်မတို့အဖေအိုကြီးများသာ ရှိခဲ့ပါမူ...

ဟူ၍ ပြောဆိုနေစဉ် စကားမဆုံးမီ ကြားဖြတ်၍ သကုဏ္ဍလမင်းသမီးက–

အဖေအိုရှိလျှင် ဘာဖြစ်ဦးမှာလဲ။

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ အနုသူယက

အို– ကျွန်မတို့ဖခင်အိုကြီးသာ ရှိပါလျှင် ကျွန်မတို့ညွှေ့သည်ကို စားဖွယ်သောက်ဖွယ် အသွယ်သွယ်သော သစ်သီး ကြီးငယ် အမျိုးမျိုးတို့ဖြင့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ရှိအောင် လက်ခံပြုစုမှာပဲ။

ဟု ပြောလေရာ သကုဏ္ဍလမင်းသမီးက မနှစ်မသက်ယောင် ဟန်ဆောင်ပြုလုပ်၍

ရှင်ပြောဆိုပုံများဟာ အသွားမလွတ် အနှောင့်မလွတ်နှင့် တောင်ရိပ် မြောက်ရိပ် ရှိလေသည်။ ရှင် သွားပါ။ ရှင့်စိတ်ထဲမှာ တစ်မျိုးတစ်မည် အထင်ရှိနေပုံလက္ခဏာ တူလေသည်။ ကျွန်မဖြင့် ရှင်ပြောတာကို အနည်းငယ်မျှ နားမထောင်ချင်ပါဘူး။

ဟူ၍ ဆိုပြီးလျှင် သကုဏ္ဍလ မင်းသမီးသည် သူ့ဘာသာ တစ်ယောက်တည်း အသီးအခြား ထိုင်နေလေ၏။(ဤကဲ့သို့ သူဘာသာ တစ်ယောက်အထီးထီး ခွဲခြား၍ နေထိုင်ခြင်းအားဖြင့် သူ၏ အဖြစ်သနစ် ဇစ်မြစ်ကြောင်းရင်းများကို ဒုသျှန္တ မင်းသား အလုံးစုံ သိရှိလေအောင် အခွင့်ပေးသကဲ့သို့ ဖြစ်လေသည်။)

ထိုသို့ သကုဏ္ဍလ မင်းသမီးကလေး တစ်ကိုယ်တည်း ထိုင်၍နေသောအခါ ဒုသျှန္တမင်းသားသည် အနုသူယနှင့် ပိယံဝဒတို့ဆီသို့ လှည့်၍

တရားရှင် သူတော်ကောင်းမကလေးများ၏ ချစ်မိတ်ဆွေ၊ ဝင်းရွှေတောက်ပ လလိုမျက်နှာကြာညိုရန့် သင်းပျံ့ပျံ့ အေးချိုသော ကညာပျို သကုဏ္ဍလ၏အကြောင်းကို ကောင်းမွန်စွာ သိလိုသည့်အရေးကြောင့် တစ်ခွန်းလောက် မေးမြန်းပါရစေ။ ခွင့်ပေးတော်မူကြပါ။

ဟူ၍ တောင်းပန်ကာ ပြောဆိုလေ၏။

ထိုသို့မေးမြန်းရာ ပိယံဝဒနှင့် အနုသူယ နှစ်ဦးတို့ အထူးဝမ်းမြောက်စွာနှင့်

ကျွန်မတို့အား အရှင့်သား မေးလိုရာကို မေးမြန်းတော်မူပါ။ ဤကဲ့သို့ မေးမြန်းခြင်းအားဖြင့် ကျွန်မတို့ ဂုဏ်ကျက်သရေများသည် တက်သစ်နေပမာ ပွင့်သစ်စပန်း လပြည့်စန်းကဲ့သို့ ထူးဆန်းစွာ တိုးတက်ပါလိမ့်မည်။

ဟူ၍ ပြန်ကြားကြလေကုန်၏။ဒုသျှန္တ မင်းသားက

ကျွန်ုပ် သိမြင်သလောက် ပြောရလျှင် သင်တို့၏ ဖခင် တရားရှင်သူတော်ကောင်းဖြစ်သော ရသေ့ကြီးသည်ကား ဘုရား၊တရားများကိုသာ စိတ်အာရုံစွဲစိုက်ပြီး လောကီမှ ထွက်ခွာရန်၊ လောကုတ္တရာနှင့် သက်ဆိုင်သော ယောဂီအလုပ်ကိုသာ ကြိုးကုတ်လုပ်ကိုင်လေသည်။ သို့ဖြစ်လေသောကြောင့် တရားရှင်ရသေ့ကြီးသည် လောကီအာရုံ ကာမဂုဏ်မျိုး သံယောဇဉ် နှောင်ကြိုးတို့ကို ဖြတ်ချိုးပယ်ရှင်းမည်သာ ဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြစ်ပါလျှင် “ကျွန်ုပ် တွေးထင်မိသောအတိုင်း ဤသကုဏ္ဍလမင်းသမီးသည် မည်သည့်နည်းနှင့် ရသေ့ကြီးသမီး ဖြစ်နိုင်ပါမည်နည်း”

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ အနုသူယက–

ကျွန်ုပ်တို့သခင် ရွှေနား ပန်ဆင်တော်မူပါ ဘုရား၊ ရှေးအခါ ကုသမင်း၏အနွယ်အဆက်မှ ကာယဗလ လက်ရုံးအင်အား ကိုယ်စွမ်းအား၊ ဉာဏဗလ အသိဉာဏ်တရား ဉာဏ်အင်အားနှင့် ပြည့်စုံ၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီးလျှင် ဘုန်းတန်ခိုးတေဇာကြီးမားလှစွာသော မင်းသားတစ်ပါး ထွန်းကား ပေါ်ပေါက်ခဲ့ပါသည်။

WWW.DHAMMARANSI.COM



ဟူ၍ ပြောရာ ဒုဿန္တမင်းသားက ကြားဖြတ်၍

"သြော် ဟုတ်ပါပေရဲ့။ ကောသိက အမည်ရှိသည့် တရားသန့်စင် အကျင့်ခင်သော ဘုရင်မင်းမြတ်ကို အသင်ပြောနေသည် မဟုတ်ပါလား။

ဟု ဆိုသည်တွင် အနသူယက

အို- အရှင်သိသားပါတကား။ ယခု သကုဏ္တလ မင်းသမီးကလေး၏ ဖခင်ဟာ ဤကောသိက ဘုရင် မင်းမြတ်ပါပဲ။ ဤမင်းသမီးကလေးကို နို့စို့အရွယ် နုနယ်သောအခါကာလကပင် သူ့ဖခင် ပစ်ထားခဲ့ပါသည်။ ထိုသို့ ပစ်ထားခဲ့ရာ စန္ဒရသေ့ကြီးက ကောက်ယူပြီး ကြီးပြင်းအောင် မွေးမြူ၍ ထားခဲ့ခြင်းကြောင့် သူငယ်မကလေး၏ အဖဟူသော အမည်ကို စန္ဒရသေ့ကြီးကပင် ဆက်လက်ခံယူရပါသည်။

ဟူ၍ ပြန်ကြားလေ၏။ ထိုစကားကို ကြားရာ ဒုဿန္တမင်းသားက–

သြော် သူ့ဖခင်က စွန့်ပစ်၍ ထားခဲ့သတဲ့၊ ဤစကားလက်စကို ကြားရသဖြင့် ကျွန်ုပ်သည် သူ့အကြောင်းကို ကောင်းကောင်း သိရှိလိုသည့် စိတ်ဆန္ဒကို ဆွပေးသကဲ့သို့ပင် ဖြစ်လေသည်။ ထို့ကြောင့် ဤသကုဏ္တလ ကညာပျိုကလေး၏ အကြောင်း အတ္ထုပ္ပတ္တိကို အလုံးစုံ သိရလေအောင် ယုတ္တိနှင့်တကွ ပြန်ကြားစေချင်ပါသည်။

ဟူ၍ ဆိုပြန်လေ၏။ ထိုအခါ အနသူယက–

ကျွန်ုပ်တို့အရှင် ရွှေနား ပန်ဆင်တော်မူပါ။ စကားတိုတိုနှင့် အလုံးစုံ အကြောင်းအရာများကို အရှင့်သား ကြားသိတော်မူပါစေမည်။ ယခင် ပြဆိုအပ်ပြီးသော တရားသခင် ရသေ့ဘုရင်ကြီးသည် ဂေါတမီမြစ်နား၌ တရားကို ကောင်းစွာ အားထုတ်၍ နေစဉ်အခါ တာဝတိံသာ နတ်ရွာသခင် နတ်တို့၏ဘုရင် ဖြစ်တော်မူသော သိကြားမင်းသည် ထိုကောသိက ဘုရင်မင်းမြတ်၏ တန်ခိုးရှိန်စော် အာနုဘော်များ တိုးပွားထက်သန်လာသည်ကို သိရှိလေက သူ၏နေရာကို လာ၍ ယူမည်အရေးနှင့် တွေးပြီး သိကြားမင်းကြီး ကြောက်သောကြောင့် မနာလို ဝန်တိုမိစ္ဆာ ရှိသဖြင့် နတ်ပြည်လောကမှာ လွန်စွာ လှပသော မေနကာမည်သည့် နတ်သမီးကို ခေါ်ပြီးလျှင် မိန်းမတို့မာယာဖြင့် ထိုကောသိက ဘုရင်မင်းမြတ်၏ အကျင့်စာရိတ္တများကို ပျက်ပြားလေအောင် ကြံဆောင် ဖျားယောင်းချေရမည်ဟူ၍ စေလိုက်ပါသည်။

ဟု ပြောရာ ဒုဿန္တမင်းသားက ကြားဖြတ်၍

အို လူသားတို့၏အကျင့်ကောင်းမွန်ခြင်းများက နတ်သိကြားများကိုပင် ယခုလို ကြောက်ရွံ့ခြင်း ဖြစ်စေပါသတဲ့လား။ ထို့ပြင် ဘယ်လိုများ ဖြစ်ပျက်ပါသေးသနည်း။

ဟူ၍ မေးမြန်းလေ၏။

အနသူယက ဆက်လက်၍ ပြောပြန်သည်မှာ

မိုးဦးကျစ ဝသန္တချိန်အခါ ကောသိက ဘုရင်မင်းမြတ်၏ ယောဂီအကျင့်များသည် ကောင်းမွန်ထမြောက်စွာ ပွင့်လန်းတော့မည့် (အောင်မြင်တော့မည်)ဆဲဆဲတွင် လှပတင့်တယ် ရှုချင်စဖွယ်ရှိသော အဆင်းအရောင်ကို ဆောင်သည့် မေနကာ နတ်သမီးကို တွေ့မြင်ရလေသည်နှင့် ကောသိကဘုရင်၏ ယောနိသောမနသိ တည်ကြည် သန့်ရှင်း နှလုံးသွင်း ကောင်းမြတ်သော တရားဓာတ်သဘောများကို နတ်သမီး၌ တွယ်တာစေ၍ သာယာ စုံမက် နှစ်သက် မြတ်နိုးခြင်း တည်းဟူသော တဏှာအရိုင်း လေမုန်တိုင်းကြီးက ဖျက်ဆီးတိုက်လွှင့်သောကြောင့်... (ဤစကားသို့ ကျရာ စကားမဆုံးမီပင် ရှေ့ဆက်၍ ပြောရမည်အတွက် ကြောက်ရက်သော ပုံပန်းလက္ခဏာအားဖြင့် မျက်နှာတစ်မျိုးထား၍ ဆိတ်ငြိမ်စွာ နေလေ၏။)

ထိုသို့ အနသူယက ရှေ့သို့ စကားမဆက်ဘဲ ရက်သလို ပြု၍နေစဉ် ဒုဿန္တမင်းသားသည်

WWW.DHAMMARANSI.COM



တန်ပါတော့၊ ဤမှူလောက် ကြားရသဖြင့် အားလုံးကို ကျွန်ုပ် သိမြင် ရိပ်မိပါပြီ။ သည် အတွက်ကြောင့် ဤကောသိကမင်းကြီးသည် နတ်ဘုံစံ နတ်သမီးနှင့် အကြောင်းပါပြီး သကုဏ္တလမင်းသမီးကို မွေးဖွားသည်ဆိုပါ တော့။

ဟူ၍ ထောက်ခံ ပြောဆိုရာ–

သည်အတိုင်းပါပဲ ဘုရား။

ဟု အနုသူယက ဝန်ခံလေ၏။

ထိုအခါ ဒုဿန္တမင်းသားသည် အံ့သြလျက် တစ်ကိုယ်တည်း တိုးတိုးသာ ပြောသည်မှာ–

ယခင်က သကုဏ္တလ မင်းသမီးကလေး အတွက် နှင့် ငါ စိတ်မကျေမချမ်း ဖြစ်နေရသည်။ ယခု မှပင် စိတ်ကျေနပ်လေတော့သည်။

ဤသို့ ပြောဆိုပြီးလျှင် အသံကျယ်စွာ ဖွင့်ပြော သည်မှာ–

အမှန်ပါပဲ၊ ဘယ့်နယ် ဤမျှလောက် လှပ ယဉ်ကျေးသော မိန်းမကညာကလေးသည် လူ့ဘုံသူသက်သက် ဘယ်မှာ ဖြစ်နိုင်ပါမည်လဲ။ နံနက်အခါ အရှေ့လောကဓာတ်မှ ပေါ်လာ သော နေအရုဏ် အလင်းရောင်သည် အဘယ် နည်းနှင့် မြေကြီးထဲက ထွက်ပေါ်၍ တောက်ပ ထွန်းလင်းလာနိုင်ပါမည်နည်း။

ဟူ၍ မြွက်ဆိုလေ၏။

(ဤကဲ့သို့ပြောဆိုသောအခါ သကုဏ္တလ မင်း သမီးသည် ဣန္ဒြေကြီးစွာနှင့် မြေကြီးကိုသာ ငုံ့ကြည့် ကာ ထိုင်နေလေ၏။)

တဖန် ဒုဿန္တမင်းသားသည် တစ်ကိုယ်ချင်း တည်း ပြောပြန်သည်မှာ–

ရေးကုသိုလ်အခွင့်ဟောင်းကြောင့် ငါဖြင့် အလွန် ကံကောင်းနေချေပြီ။ ယခုအခါမှာဖြင့် ငါ အလို ရှိတိုင်း ကြံစည်ခွင့်ကို ရရှိလေပြီ။ သကုဏ္တလ မင်းသမီးကလေး၏ မွေးဖွားခြင်းမှစ၍ ခြင်းရာ ဥဿုံ အလုံးစုံများကို ဇာတ်ကုန် ပြန်လှန်၍ သူ့မိတ်ဆွေများထံမှ ကြားသိရပေပြီ။ သို့ရာတွင် ငါ၏စိတ်နှလုံးထဲမှာ ဝေခွဲ၍ မဖြစ်နိုင်အောင် စိတ်နှလုံးခွ၍ ဒွိဟဖြစ်နေသည်ကား ဤကညာ မကလေးသည် တစ်သက်လျာကာလပတ်လုံး သူတော်ကောင်းတရားကို ကျင့်သုံးဖို့ အဆုံးတိုင် သန္နိဋ္ဌာန်ချ၍ ထားလေသလားဟု ယုံမှားခြင်း ငါဖြစ်ရလေသည်။

ဟူ၍ တစ်ကိုယ်တည်း တွေးတော၍နေရာ ပိယံဝဒက ပြုံးရွှင်စွာနှင့် ပထမ သကုဏ္တလမင်းသမီးကို ကြည့်၍ ထို့နောက် ဒုဿန္တမင်းသားဘက်သို့ လှည့်ပြီးလျှင်

ကျွန်မတို့ သခင် အရှင့်သားသည် အခြားသော မေးခွန်းများကို ဆက်လက်ပြီး မေးမြန်းလိုဟန် လက္ခဏာရှိသည် ထင်ပါရဲ့။

ဟု ဆိုလေ၏။ (ထိုအခါ သကုဏ္တလမင်းသမီးသည် လက်ဝါးဖြင့် ပြ၍ တယ်ပြီး စကားရှည်သည်ဟူ၍ ပိယံဝဒအား အပြစ်တင်လေ၏။)

ထို့နောက် ဒုဿန္တမင်းသားက–

အို–ပိယံဝဒ၊ သင်သည် ကျွန်ုပ်၏ စိတ်နှလုံး အကြံအစည်များကို ကောင်းစွာ သိဟန် လက္ခဏာ တူလေသည်။ အမှန်ပါပဲ၊ ကျွန်ုပ်သည် ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးဖွယ် ကောင်း လှသော ဤသကုဏ္တလအလှကညာကလေး ၏အတ္တုပ္ပတ္တိများကို အကုန်အစင် သိလိုသည် နှင့် နောက်ထပ်၍ စကားတစ်ခွန်းလောက် မေးရဦးမှာပဲ။

ဟု ဆိုရာ ပိယံဝဒက တစ်ကိုယ်တည်း တိုးတိုး သာသာ ဒုဿန္တမင်းသား ကြားလောက်ရုံ ပြော သည်မှာ

သည်လိုမေးချင်လျှင်လဲ ဘာကြောင့် ယခု လောက်ကြာအောင် စဉ်းစားမှိုင်တွေပြီး ငေးနေရ သေးသလဲ။ သည်တရားရှင်ကြီးဟာ လှပ ချော မွေ့ လွန်သိမ်မွေ့သော ဣန္ဒြေရှင် အပျိုစင် ကလေးကို ချစ်စကားကြိုက်စကား ပြောချင် သော်လဲ ယခုလို ကြံပြီး ငေးနေတာနှင့်ပဲ ဤ

WWW.DHAMMARANSI.COM



ကဲ့သို့သော ချစ်ကြိုက်စကားမျိုးများကို မပြောပါဘူးလို့ သူကိုယ်တိုင် သစ္စာဆိုထားသည်ဟု သူတစ်ပါး ထင်နေဦးမည်။

ဟူ၍ ခပ်ချိုတ်ချိုတ် ပြောဆိုလေ၏။

ဤသို့ ခပ်ချိုတ်ချိုတ် ပြောသော ပိယဝဒ၏ စကားကို ကြားရာ ဒုသျှန္တမင်းသားသည် ပြုံး၍ ကျွန်ုပ်လဲ ဤအကြောင်းကို မေးမြန်းမယ်လို့ ပါပဲ။ သို့ရာတွင် မျက်နှာစိမ်းပြင်ပြင်ထဲမှာ အတင့်ရဲလွန်းသည်ဟု အပြောဆိုခံရမည် အတွက် ကြောက်ရက်၍ ယခုလို ခပ်အန်းအန်း နေပါသည်။ ကျွန်ုပ် သိလိုသောအချက်မှာ မာလိနီ မြစ်ဆွယ် တောအကျယ်တွင် စမ္မာယ်မွေ့လျော် မြိုင်ရိပ်ပျော်သော သူတော် စန္ဒရသေ့ကြီးက နဂါဂုမ္ဘန်တစ်ထောင် စောင့်သော ပတ္တမြား ရတနာကဲ့သို့ ကျပ်တည်းစွာ ထိမ်းအုပ် စောင့်ရှောက်ခြင်းကို ခံနေရသော နည်းလမ်း အားဖြင့် သူ၏သက်လျာ ကုမ္မာရွယ်န နတ်တု ယဉ်ကျေး သကုဏ္ဏာလ မင်းသမီးကလေးကို လောကီရေး ဓမ္မတာ ဖူးစာနှစ်ဆင့် ကံတူပွင့် သော ရွယ်သင့်နှစ်ကိုယ် လုလင်ပျိုနှင့် ရွှေကို ရွှေထက် ဂဟေဆက်သကဲ့သို့ စုံဖက်သဘင် လက်ထပ်ပွဲ မဆင်ယင်ဘဲ လိုအင်မဖြည့် တရား ဘက်ကို လုံးလုံးကြည့်ပြီးလျှင် သူငယ်မကလေး ၏ အချိန်အရွယ် တင့်တယ်သည်အရာကို သေလာတကြော ဤမြိုင်တောမှာ အဟောသိ ကကံဖြစ်စေဟု စင်စစ် ပိတ်ပင်၍ ကြံထားလေ သလော။ ဤမင်းသမီးကလေး၏ ဖူးစာပန်းကို လန်းလန်းတင့်တင့် မပွင့်လေအောင် ဖွဲ့နှောင် ဟန့်တား၍ပင် ထားတော့မည်လော။ နတ်သမီး တမျှ လှပရွှန်းစို နုပျိုရွှင်လန်း အာသာဝတီပန်း ကလေးနှင့်တူသော မင်းသမီး၏ အရုပ်အဆင်း ကို တောတွင်းမြိုင်အောက်မှာ ခြောက်သွေ့သော ပန်းပမာကဲ့သို့ အလဟဿ ဖြုန်းတီး၍ ပစ် စေရန် ရည်သန်ရင်း ရှိလေသလော။ ရောင်ဝါတင့်ဆန်း လပြည့်ခေါ်သည့် ငွေသော်စန်းကို ဖုံးလွှမ်းဝှက်သို ရာဟုဂြိုဟ် ဖမ်းသည်အလား လှထွား နုရွှန်း လဝန်းပမာ ဤမင်းသမီးကလေး ၏မျက်နှာကို မြိုင်တွင်းဝှက်ထားလျက် လူ အများ ရှုမမြင် ပိတ်သွေး မရှင်အောင် ပိတ်ပင် သိုမှီး၍ ထားရန် ကြံလေသလော။ သောက်ရှူး ကြယ် အသွင် ကြည်လင်သော သူငယ်မကလေး ၏ မျက်လုံးကို ထီးသုံးနန်းသုံး လူ့စည်းစိမ် ကာမဂုဏ်အနှုန်းကို တစ်သက်လုံး မမြင်ရစေဘဲ ဟေဝန္တမြေဝနာတွင် ကျက်စားကာ ပျော်မွေ့ သော တောခလေ့ ချေသမင် စိုင်ပြောင် ကျားသစ် ဆင်တို့ကိုသာ ရှုမြင်ကာ ပျော်သုံး၍ ဘဝဆုံး စံစေရမှာတဲ့လား။ ဖိုးပြည်တန် မျက်မြတ်ကို လူရပ်မှာမသုံး၊ မြက်သစ်ပင် ပိတ်ဖုံးသည့် တောတောင်ကုန်း ခြောက်သွေ့ ရာတွင် ဂုဏ်မဲ့စွာ မေးမှိန် ပျောက်ရသကဲ့သို့ အလှကျော့ာက် ပတ္တမြားပုံကလေးကိုလဲ တိုင်း နိုင်ငံ လူ့နယ် ထီးနန်းကြီးအလယ်တွင် တင့် တယ်စွာ ဂုဏ်မရောက်စေဘဲ သွေ့ခြောက်သော ဤသေလာတွင် သိမ်ငယ်စွာ နေစေတော့မည် လား။ ဤအကြောင်းဥဿုံများကို ထင်ရှားစွာ သိမြင်လိုလှပါသည် ပိယဝဒ။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ပိယဝဒက–

အို–အရှင့်သား၊ ကျွန်မတို့၏ သခင်မကလေး သည် ယခုနေ့တိုင်အောင်ပင် ဤတောင်အတွင်း မှာ အလျဉ်း လူတွေ့မခံရရှာဘဲ သူ၏ ဖခင် တရားရှင် သူတော်ကောင်းကြီးနှင့်သာ အတူ တကွ နေထိုင်ရှာပါသည်။ သို့ရာတွင် သူ့ဖခင် ရသေ့ကြီး၏ အကြံအစည်မှာ သူ့သမီးသက်နှံ မျိုးမျက်ပုံနှင့် ဆက်ဆံရန်အသင့် ထိုက်တန်စွာ ကံမြင့်သော ဖူးစာပွင့်လုလင်နှင့် နှစ်လိုစွာ နှင်းအပ်၍ လက်ထပ်ရန် အကြံအစည် ရှိပါ သည်။ ပုထုဇဉ်ဓလေ့ ကာမဂုဏ်ခာတ် အတွေ့ ကို ရှောင်ကွင်း၍ နေစေလိမ့်မည် မဟုတ်ပါ

ဟူ၍ ပြန်ကြားလေ၏။

WWW.DHAMMARANSI.COM



ထိုစကားကို ကြားရာ များစွာ ဝမ်းမြောက်လှသည်နှင့် ဒုဿန္တမင်းသားသည် တစ်ကိုယ်ချင်း မြွက်ဆိုလေသည်မှာ–

ပီတိဇောအဟုန်နှင့် တသုန်သုန် လှိုင်ခွေ့ပြီး တမြေ့မြေ့ ဝမ်းမြူးလျက် အထူး နှစ်သက်ပေတော့ ကျွန်ုပ်၏စိတ်၊ သင် စိတ်နှလုံး၏ တနှောင့်နှေးနှေး စိုးရိမ်ရေးမကင်းဘဲ ပူပြင်းစွာ နှောင့်ယှက်သော စိတ်ဝိတက် အရှုပ်အထွေးများကိုလဲ အေးအောင် ပယ်ရှင်းလိုက်ပေတော့။ သင်စိတ်သည် ရေးအခါမဆွတွင် သကုန္တလာ နတ်သွေး ကညာပျိုနုဖတ်ဖတ်ကလေးကို မြင်အခါ အချစ်သွေးပွက် ဆူထွက်မအေးအောင် ပူရ၍ သူရကန်ကျောက်နှင့် တူသော်လဲ ယခုအခါ အပူအဆာဟူသမျှ ပျောက်ပကင်းကွာ၍ သီတာရေအဟုန် စန္ဒရကန်ကျောက်ကဲ့သို့ ဖြစ်လေပြီ။ သကုန္တလာ သက်ထားနှင့် စုလျားနှောင်ယှက် မေတ္တာချင်းဆက်ရအောင် အနီးဘက်သို့ ချဉ်းကပ်မိလေပြီ။

ဟု မြွက်ဆိုလေ၏။

ထိုအခါ သကုန္တလာ မင်းသမီးက မနှစ်သက်လေယောင် စိတ်ဆိုးပုံ ဟန်ဆောင်၍ ပြောကြားသည်မှာ–

အထိန်းတော် အနသူယ၊ ကျွန်မဖြင့် သည်နေရာမှာ တာရှည်စွာ မနေချင်တော့ဘူး။ စကားပြောပုံတွေက မထိတထိ၊ မျက်နှာကြည့်ပုံများက ဘာလိုလိုနှင့်၊ စိတ်နှလုံးဖိုစရာ ကောင်းလှသော ရှင်တို့ လူစုထဲမှာ ကျွန်မ မနေရဲပါ။

ဟုပြောရာ အနသူယက

သခင်မ ဘယ့်ကြောင့် ထသွားချင်ရပါသလဲ။

ဟု မေးမြန်းလေသော် သကုန္တလာမင်းသမီးက

ကျွန်မတို့ကို တရားသဖြင့် အုပ်ချုပ် ကြည့်ရှု၍နေသော မယ်တော်ကြီး ဂေါတမီထံသို့ သွား၍ အထိန်းတော် ပိယံဝဒသည် ယခုမှ ရောက်လာသော ဧည့်သည်ယောကျ်ားပျိုကလေးနှင့် ဆင်ခြင်စဉ်းစားခြင်း မရှိ။ သတိ ပေါက်လွှတ်ထား၍ တောင်တောင် မြောက်မြောက် စကားမျိုးတွေကို လျှောက်ပြီး ပြောချင်တိုင်း ပြောနေသည်ဟု ကျွန်မ တိုင်ကြားရန် သွားတော့မည်။

ဟု ဆိုလေ၏။ အနသူယက–

သန့်ပြန့် စင်ကြယ် ပျော်မွေ့ဖွယ် ရှိသော ဤတောအုပ်အတွင်းမှာ မှီတင်း နေထိုင်ကြသော ကျွန်မတို့ဆီသို့ ရောက်လာသော ဧည့်သည်များ ရှေ့တွင် လောကွတ်ဖွယ်ရာ ကောင်းစွာကျေကုန်အောင် မပြုမလုပ်ဘဲ သခင်မကလေး ထ၍ ထွက်ခွာသွားရန်မှာ လိမ္မာယဉ်ကျေးသော အမူအရာ ဖြစ်လိမ့်မည်ဟု ကျွန်မတို့ သဘောမရပါ ထိပ်ခေါင်တင်။

ဟူ၍ ပြောကြားလေ၏။

(ဤအခါ သကုန္တလာ မင်းသမီးကလေးသည် မည်သို့မျှ စကားတုန့်မပြန်ဘဲ ထွက်ခွာ၍ သွားရန်ကိုသာ ပြင်ဆင်လျက် နေလေ၏။)

သကုန္တလာ မင်းသမီးကလေး ထိုင်နေရာမှ ထ၍ သွားမည်ရှိရာ မျက်စိအောက်မှ မပျောက်စေချင်အောင် ခင်မင်ရမက် ချစ်သွေးတက်သော ဒုဿန္တမင်းသားမှာ ယောင်များစွာနှင့်

သည်မင်းသမီးကလေး အမှန်ပဲ ထ၍ သွားတော့မည်လား။

ဟု တစ်ကိုယ်ကြား မြွက်ဆိုပြီးလျှင် မည်သည့်အရေးအရာကိုမျှ သတိမရနိုင်ဘဲ မင်းသမီးကလေး၏ ခွာသွားခြင်းကို တားမြစ်ရန် အလို့ငှာ ထိုင်နေရာမှ ထတော့မည်လိုလို ပြုလုပ်လေ၏။ သို့ရာတွင် သတိဖြင့် ချုပ်တည်း၍ မိမိ၏ ရာဇိန္ဒြေကို မပျက်စေဘဲ နေမြဲအတိုင်းသာလျှင် နေထိုင်လေ၏။ ထို့နောက်မှ တစ်ကိုယ်တည်း ဆင်ခြင်သည်မှာ–

ဆန္ဒာဂတိ လွှမ်းမိုးဘိသဖြင့် ဝိတက်ပြင်းဝှန် ချစ်သွေးမွှန်၍ နေသောသူတို့၏ ပြုကျင့်ပုံများသည် သူတို့၏စိတ်နှလုံးမှာ လောဘဇောပိတ်ဖုံး၍ လွှမ်းခြုံကာ လွန်စွာ အပူအဆူ ဖြစ်

WWW.DHAMMARANSI.COM



နေသောကြောင့် ရှေ့လောကြီးစွာနှင့်သာ မစဉ်းမစား ပြုတတ်ကြလေသည်။ ငါသည်လဲ ဤနည်းအတိုင်းပင် ချစ်စိတ်လိုက်ဖို လောဘဇောပိုမိုသောကြောင့် ထိုရသေ့ကြီး၏ သမီးပျိုနောက်သို့ တကောက်ကောက် ထ၍လိုက်ရန် အလျင်အမြန် စိတ်နှလုံးက တိုက်တွန်းနှိုးဆော် ပါသော်လည်း 'သတိတမံ ဉာဏ်မြေကတုတ်' ဆိုသောအတိုင်း သတိဖြင့် ထိန်းချုပ်၍ ထားနိုင်သောကြောင့်သာလျှင် အနိုင်နိုင် ဣန္ဒြေရရုံ ရှိတော့သည်။

ဟူ၍ ဆင်ခြင် စဉ်းစားကာ နေလေ၏။

ထို့နောက် ပိယံဝဒက သကုန္တလာ မင်းသမီးအပါးသို့ ချဉ်းကပ်ပြီးလျှင်...

စိတ်အား ထက်သန် ဒေါသကို လက်ခံတတ်သော သခင်မကလေး၊ ထ၍ သွားမည်ဆိုသောအတိုင်း သွားပါ၊ နောက်သို့ မဆုတ်ပါနှင့်။

ဟူ၍ ဆိုလေသည်တွင် သကုန္တလာ မင်းသမီးက နောက်သို့ဆုတ်၍ မျက်မှောင်ခပ်ကြုတ်ကြုတ် ထားပြီး ခပ်ထန်ထန် ပြောကြားသည်မှာ–

ငါ့ကို ဘယ်သူက မသွားရအောင် တားမြစ်ကြမည်လဲ။

ဟူ၍ ကြိမ်းဝါးလေသည်တွင် ပိယံဝဒက အမှန်ထ၍ မသွားစေလိုသောကြောင့်–

သခင်မ ဆိုင်းလင့်ပါဦး။ မကြာမီ ကာလက ကျွန်ုပ်တို့ ကတိထားကြသောအတိုင်း သခင်မကလေးသည် ကျွန်ုပ်အတွက်နှင့် (သီရိမာလာ မည်သော) ပန်းပင်ကလေးနှစ်ပင်ကို ရေလောင်းရန် အလုပ်တာဝန်ရှိလေသေးသည် မဟုတ်ပါလော။ သခင်မကလေး စိတ်အေးရလေအောင် ကျွန်ုပ်အတွက် ပြုလုပ်ရန် တာဝန်ရှိနေသော အလုပ်ကို ပထမ ပြုလုပ်ပြီးနောက်မှ သခင်မ အလိုရှိရာ သွားချင်ရာကို သွားနိုင်ပါသည်။

ဟူ၍ ဆိုပြီးလျှင် သကုန္တလာ မင်းသမီးကို ဆွဲကိုင်၍ ထားလေ၏။

ဒုသျန္တ မင်းသားက ထိုစကားကို ကြားရာ သူချစ်ခင်၍ နေသော သကုန္တလာမင်းသမီးကလေးမှာ ပင်ပန်းကြီးစွာနှင့် ထပ်မံကာ အလုပ်လုပ်ရှာရမည်အတွက် သနားကြင်နာခြင်း ဖြစ်လှသည်နှင့် မင်းသမီးကလေးဘက်ကနေ၍ ပြောသည်မှာ–

အို ပိယံဝဒ၊ ဤမင်းသမီးကလေးမှာလဲ သူနှစ်သက်သော သစ်ပင်များကို အားကြီး ရေလောင်းရရှာသည်အတွက် မသက်မသာ မောပန်း၍ နေရှာပြီ ထင်ပါရဲ့၊ ကြည့်စမ်းပါ၊ သူ့လက်မောင်းကလေးများလဲ အစီအစဉ် ပွင့်၍နေသော ပန်းနွယ်များကဲ့သို့ ကိုင်းရှိုင်း၍ ညွတ်ကျနေပြီးလျှင် ပန်းခိုင်နှင့်တူသော နူးညံ့ သိမ်မွေ့သည့် သူ့လက်ဝါးကလေးများကိုပင် လှုပ်ရှားကာ ဟန်မလုပ်နိုင်ဘဲ ရှိနေရှာတော့သည်။ (ကြည့်ပါဦး။ လျှော်တေ၏ အတွင်းက ငွေလမင်းနှစ်ဆိုင် တင့်သလို ခိုင်နှစ်ပွင့် စမွာယ်ငုံ ရင်သားတော်နှစ်စုံကလဲ တတုန်တုန် တခိုက်ခိုက် မောဟိုက်စွာ အသက်ရှူရသဖြင့် မုခနဲမုခနဲ မို့မောက် လှုပ်ရှား၍သာ နေရှာကြလေသည်။) ထို့ပြင် သူ့ဆံပင်များကို ဖွဲ့နှောင်သည့် ကြက်တောင်စည်းကြိုးများ ပြုတ်ကျသွားသဖြင့် ဖိုးရိုးဖားယား ဆံပင်များ ဖြန့်ကြနေသောကြောင့် လုပယဉ်ကျေးသော သူ့လက်ကလေးတစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ထားရရှာလေသည်။ သို့ဖြစ်ပါ၍ မောပန်းသည့် လက္ခဏာနှင့် လွန်စွာသနားဖွယ်ကောင်းသည့် မင်းသမီးကလေးကို သနားညာတာ မေတ္တာဖြင့် ထောက်မ၍ ကျွန်ုပ်က တောင်းပန်သည့်အရာကိုလဲ ထောက်ထားပြီးလျှင် မင်းသမီးကလေးက ပြုလုပ် ဆပ်ပေးရန်ရှိသော အလုပ်ကြွေးများကို ချမ်းသာပေးစေရန် တောင်းပန်ပါသည်။

ဟု ဆိုပြီးလျှင် လက်တွင် အမြဲ ဝတ်ဆင်၍ ထားအပ်သော ပတ္တမြားလက်စွပ်တစ်ကွင်းကို ဒုသျန္တ မင်းသားက ပိယံဝဒလက်သို့ ကမ်းလိုက်လေ၏။

WWW.DHAMMARANSI.COM



ပိယံဝဒနှင့် အနုသူယ နှစ်ယောက်တို့သည် လက်စွပ်ပေါ်တွင် ရေး၍ထားသော ဒုဿန္တမင်းသား၏ အမည်ကို မြင်ကြလေသည်တွင် ရှင်ဘုရင် ဖြစ်ကြောင်းကို သိ၍ အံ့အားသင့်စွာ တစ်ယောက်နှင့်တစ်ယောက် ငေး၍ ကြည့်နေကြလေ၏။

ထိုအခါ ဒုဿန္တမင်းသားက မိမိ ဘုရင်မင်းမြတ်ဖြစ်သည်ကို ဝန်မခံလိုသောကြောင့်

အို ဤလက်စွပ်ကို အသင်တို့ ဂရုစိုက်၍ အရေးပြုပြီး ကြည့်ရှုနေရန် ထိုက်သည် မဟုတ်ပါ။ သို့ရာတွင် ဤလက်စွပ်ကို ဒုဿန္တမင်းမြတ်က ကျွန်ုပ်ကို ပေးအပ်ထားသည့် လက်စွပ်ဖြစ်သည်နှင့် ကျွန်ုပ်အနည်းငယ်မျှ သတိနှင့် သိမ်းဆည်းထားသော လက်စွပ်မျှသာ ဖြစ်ပါသည်

ဟူ၍ လွဲဖယ်ရှောင်ရှားကာ ပြောကြားလေ၏။

ထိုအခါ ပိယံဝဒက–

ရှင်ဘုရင်က ပေးအပ်ထားသော လက်စွပ် ဖြစ်ပါလျှင် ဤလက်စွပ်နှင့် အရှင့်သား ခွဲခွာ၍ ထားရန် မသင့်လျော်ပါပေ။ သကုန္တလာ မင်းသမီးက ပြုလုပ်ခြင်းအားဖြင့် ဆောင်ရွက် ပေးဆပ်ရန်ရှိသည်များကိုလဲ အရှင့်သား တောင်းပန်ချက်ဖြင့် အခွင့်ပေးကာ လွှတ်လိုက်ပါပြီ။

ဟူ၍ ဆိုပြီးလျှင် လက်စွပ်ကို ဒုဿန္တမင်းသားလက်သို့ တစ်ဖန် ပြန်၍ အပ်နှင်းလိုက်လေ၏။

အနုသူယက ပြောသည်မှာ–

အို– သခင်မကလေး၊ ဤမြင့်မြတ်သော အရှင်သခင်၏ တောင်းပန်ချက်ကြောင့် သခင်မ၏ အလုပ်ကြွေးများ လွှတ်ကင်းလေပြီ။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လာရောက်၍ ကယ်မထောက်ပံ့သကဲ့သို့ပင် ဖြစ်လေသည်။ ကဲ ယခုအခါ သခင်မ သွားလိုရာ သွားခွင့်ရပါပြီ။ မည်သည့်နေရာဌာနသို့ သခင်မ သွားပါမည်နည်း။

ဟူ၍ မေးမြန်းလေသည်တွင် သကုန္တလာ မင်းသမီးသည်

'မင်းလောင်းရှိရာ ဖုတ်သွင်းရထား ဆိုက်လာရသည်'ဆိုသော စကားကဲ့သို့ မျှော်လင့်ခြင်းမရှိဘဲ တောတောင်အတွင်းမှာ နေသောသူ၏ ထံသို့ နိုင်ငံရှင် ထီးနန်းပိုင် မင်းသားက လာရောက်ပြီးလျှင် မေတ္တာသက်ဝင် ချစ်ခင်နေကြောင်းကို သိလေသည်နှင့် စိတ်ထဲက ဝမ်းမြောက်လှသဖြင့် ငါ၏ ဖြစ်ပုံများသည် အလွန်အံ့သြဖွယ်ကောင်းပါသည်တကား။

ဟူ၍ တစ်ယောက်တည်း ပြောဆိုပြီးလျှင် ထ၍မသွားလိုဘဲ ထိုင်နေမြဲ ထိုင်နေလေ၏။

ထိုအခါတွင်မှ ပိယံဝဒက သကုန္တလာ မင်းသမီးကလေး၏ အရိပ်အဆင်များကို ရိပ်မိလေသည်နှင့် ကလိ ပြောင်လှောင်လိုသောစိတ်ထားဖြင့်

ဘယ်နှယ့်လဲ သခင်မ၊ ယခုတော့ ထမသွားနိုင်ဘူးလား။

ဟူ၍ ပြုံးရွှင်စွာ မေးမြန်းလေရာ သကုန္တလာမင်းသမီးက ဣန္ဒြေကြီးစွာ မျက်နှာထား၍

ငါ မင်းကျွန်လား၊ သည်နေရာမှာ ငါ့သခင်မရှိ၊ ငါသွားချင်တဲ့အခါမှ သွားမည်၊ ဘာမျှ ဝင်၍ မရှုပ်နှင့်။

ဟူ၍ ဆိုလေ၏။

ဒုဿန္တမင်းသားသည် သကုန္တလာ မင်းသမီးကို ကြည့်ပြီးလျှင် လှည့်၍ ပြန်ပြောသည်မှာ–

တစ်ဦးမေတ္တာ တစ်ဦးမှာ မေတ္တာတစ်ဆင့် ချစ်ပန်းပွင့်က တစ်ဆင့်မေတ္တာ ပွင့်လန်းရာ ဟူ၍ ဆိုသောအတိုင်း ငါက မေတ္တာရှိသည်နှင့်အညီ သူကလဲ ငါ့ကို မေတ္တာရှိပေလိမ့်မည်။ ငါစကားပြော၍နေစဉ်အခါမှာတော့ ဘာမျှ သူ စကားဝင်၍ ပြောဖော်မရ။ သို့ရာတွင် ငါစကားတစ်ခွန်း ဟလိုက်လျှင် ကြည့်ရှုသော မျက်နှာထားနှင့် နားစိုက်၍သာ ထောင်နားလေသည်။ ငါ၏ စကားသံများသည် သူ၏ နားကဖြင့် များအရသာ ထင်မှတ်ရာပေလိမ့်မည်။ ရှေ့မှာ သူယခု ထိုင်၍နေစဉ်အခါ သူ့အမူအရာကို နိုင်နင်း

WWW.DHAMMARANSI.COM



အောင် သူ မထိန်းသိမ်းနိုင်ဘဲ ရှိလေသည်။ အကြောင်းကား သူ၏ လှပပြုံးရွှင်၍ ကြည်လင်သော မျက်လုံးကလေးများက ငါ့ဆီသို့သော ရစ်ဝဲကာ စိုက်စိုက်ပြီး တစ်ချက်တစ်ချက် ကြည့်ရှုရှာလေသည်။ ချစ်ခင်ခြင်းတည်းဟူသော အခိုးအငွေ့သည် မျက်လုံးမှာလာ၍ တိုးဝှေ့လှေ့ ရှိသည့်အတိုင်း သူ၏ မျက်လုံးအနေအထားဖြင့် ငါ့အား ချစ်ကြိုက်ကြောင်း သိရလေသည်။

ဟူ၍ ပြောကြားလေ၏။

ထိုသို့ ပြောဆိုကာ နေကြစဉ် တောတွင်းက နေ၍ အသံကျယ်စွာနှင့် ဟစ်အော်လိုက်သည်မှာ

အို တရားရှင် ရသေ့များတို့၊ ဤတောတောင် အတွင်းမှာ တရားသဖြင့် ပျော်မွေ့ နေထိုင်ကြသော တောသားသတ္တဝါကလေးများကို တရားသဖြင့် ထိန်းသိမ်း စောင့်ရှောက်တော်မူကြပါ။ အကြောင်းသော်ကား ဘုရင်မင်းတစ်ပါး ဖြစ်သော ဒုဿန္တမင်းသားသည် ဤတောတောင် အတွင်းမှာ မှီတင်းခိုလှုံ၍ နေကြကုန်သော တောသားသတ္တဝါကောင်တို့ကို လိုက်လံကာ ဖမ်းဆီး၍ နေပါသည်။ ထိုဘုရင်မင်းမြတ်၏ ရထားတော်မှာ ကအပ်သော သိန္ဓဝမြင်းပျံတို့က ပြင်းထန်သော မိမိခွာများနှင့် ပတ္တမြားကျောက်နီတွေကို မှုန့်မှုန့်ကြေအောင် ခုန်ပေါက် နင်းသွားကြသည့်အတွက် နေအရဏ် တက်လာသောအခါ နီမြန်းစွာသော အရောင်နှင့် တူသည့် ပတ္တမြား မြူမှုန်တို့ကို လေဟုန်ဖြင့် အုပ်ချုံကာ ထကြွစေလျက် သစ်ပင်တို့ကို ဖျက်ဆီးသော ပိုးနီကောင်အုပ်များသဖွယ် ပြန့်ကျယ်သော ဤ တောအတွင်းမှာ နင်းစိုသည့် သစ်ပင်များကို ကပ်ငြိခြင်းအားဖြင့် ဖျက်ဆီးလေသည်။

ဟူ၍ ဟစ်အော်လေ၏။

ထိုအခါ ဒုဿန္တမင်းသားသည် ယခု ဟစ်အော်သောသူများကား မိမိကို လိုက်၍ရှာဖွေရန် လာရောက်ကြသော အခြွေအရံ အမှုထမ်းသားများ ဖြစ်ကြောင်းကို သိရှိလေသည်နှင့် တစ်ယောက်တည်း လှည့်၍ ပြောဆိုသည်မှာ–

အလိုလေး... ခက်နေပါပြီ။ ငါ့ကို တွေ့ရှိရန် အရေးကြောင့် ဤဂနိုင်ကျေးမှာ လိုက်လံရှာဖွေနေကြသော ငါ့ကျွန်တော်မျိုးများသည် အမြော်အမြင်အဆင်ခြင်မရှိဘဲ တရားသဖြင့် ကမ္မဋ္ဌာန်းကျင့်ရန်ဖြစ်သည့် ဤတောတွင်းသို့ ရောက်လာပြီး များစွာ အနှောင့်အယှက် ပြုလုပ်နေချေပြီ

ဟူ၍ ညည်းညူ ပြောဆိုလေ၏။

ထိုအခါ တောတွင်းက ထပ်၍ ကြွေးကြော်ပြန်သည်မှာ–

အို တရားနှင့် ပျော်မွေ့ကြသော ရသေ့ သူတော်ကောင်းများတို့၊ ဟိုရှေ့မှာ ခုခံတားဆီးလျက် ရှိနေသော သစ်ပင်တောချုံများကို အတင်းနင်းချေပြီးလျှင် အဟုန်နှင့်တကွ မုန်ကျ၍ ပြေးလာသော ဆင်ရိုင်းကို သတိထား၍ နေကြကုန်လော့။ ဟောကြည့်စမ်းပါ၊ ဟိုမှာသူ၏ ထက်သန်စွာသော နှာမောင်းနှင့် သွားသွားရာခရီးလမ်းမှာ ပိတ်သန်း တားဆီး၍ ထားသော သစ်ပင် သစ်ကိုင်းကြီးများကို ကြမ်းတမ်းစွာ ချိုးဖွဲ့ပြီးလျှင် အင်အားကြီးမားစွာနှင့် ပြေးလာလေသည်။ အို– ယခုတော့ ထိုတောဆင်ရိုင်းကြီးသည် ရစ်ပတ်နွယ်လိမ်တတ်သော မာလောနွယ်ပင်များနှင့် ရစ်ပတ် လိမ်ရှုပ်ပြီးလျှင် ဆင်ရိုင်းကြီး မဖြုတ်နိုင်အောင် ငြိတွယ် ထွေးရစ်၍ နေလေပြီ။ ထိုတောဆင်ရိုင်းကြီးသည် တရားကျင့်ယူရာ ဖြစ်သော တောဂနိုင်တစ်လျှောက်ကို အဘယ်မျှလောက် နှောင့်ယှက်၍ နေပါသနည်း။

ဤတောမြိုင်တစ်ခွင်မှာ တရားရှင်ရသေ့များတို့ စောင့်ရှောက်၍ ထားအပ်သည့် တိရစ္ဆာန် အအုပ်အသင်းများ လွင့်ပါ ကွဲကွာအောင် အဘယ်မျှ ပြုလုပ် နှောင့်ယှက်ပါသနည်း။

ဤတောဆင်ရိုင်းကြီးသည် ရထားတစ်စီးကို ရုတ်တရက် တွေ့မြင်သည်နှင့် မမြင်ဘူးသည့်

WWW.DHAMMARANSI.COM



အာရုံသစ်ကို တောတွင်းမှာ တွေ့ကြုံရသဖြင့် မုန်ကျကာ လန့်သော ကြောင့် တောတောင်အနှံ့ ဖျက်ဆီး၍ အဟုန် ကြီးစွာနှင့် ပြေးလာခြင်း ဖြစ်လေသည်။

ဟူ၍ ကြွေးကြော်လေ၏။

ထိုအခါ ဒသျှန္တ မင်းသားသည် ငြီးတွားသော အနေဖြင့် တစ်ကိုယ်တည်း ပြောပြန်လေသည်မှာ

အို- ငါ့စိတ်က ပြစ်မှားလိုသည့်ဆန္ဒ မပါဘဲ ဤ တောတွင်းမှာ ငါ၏ ရထား ဝင်ရောက်ခြင်းအား ဖြင့် တရားရှင်သူတော်ကောင်းများကို ငါ ပြစ်မှား မိရာ ရောက်၍ နေချေပြီ။ ဤဆင်ရိုင်း၏ဘေး ရန်ကြောင့် အမှန်ပင် ဤရသေ့မကလေးများကို ငါ့အနီးအပါးက ခွာသွားစေရတော့မည်။

ဟု ညည်းညူ၍ အပြီးတွင် ပိယံဝဒက-

မြင့်မြတ် ကျက်သရေ ဂုဏ်ပေါင်းဝေလှပေသော ဒေ့သည်မြတ်၊ ကျွန်မတို့သည် အဟုန်နှင့်တကွ မုန်ကျပြီး အတင်းပြေးလာသော ဤဆင်ရိုင်း ကြီးကို ကြောက်ရွံ့လှသောကြောင့် စိတ်သောက ရတာက်နှင့် မငြိမ်မသက် တုန်လှုပ် ချောက်ချား လျက်ရှိနေကြပါပြီ။ အရှင့်သားက ခွင့်ပေးတော် မူပါ။ ကျွန်မတို့သည် ဘေးဒဏ်ကင်းကွာ သစ် ရွက် မိုးကာအပ်သော ဤသင်္ခမ်း ကျောင်းတင်း ကုပ်တွင်းသို့ ခိုဝင်ရပါတော့မည်။

ဟူ၍ တောင်းပန်လေ၏။

အနသူယက သူ့သခင်မကို အရေးတယူပြု၍ လက်ကို ဆွဲကိုင်ပြီးလျှင်

အို- သကုန္တလာ ထိပ်တင် ကညာစင်ကလေး၊ သင်္ခမ်းကျောင်းတွင်းမှာ ရှိနေသော မယ်တော်အို ကြီးက သခင်မကလေး အရေးကြောင့် စိတ် မအေးဘဲ ရှိနေပါလိမ့်မည်။ ဆင်ရိုင်း၏ ဘေးရန် က အတန်ကြီး နီးလာပုံလက္ခဏာ တူပါသည်။ ကျွန်မတို့ ချမ်းသာကြရန် အမြန်လာပါ။

ဆိုပြီးလျှင် သကုန္တလာမင်းသမီးကို အဆောတလျင် ခေါ်ဆောင်လေ၏။

ထိုအခါနနယ်လှစွာသော သကုန္တလာမင်းသမီး သည် ဖြည်းညင်းသက်သာစွာ နေရာမှထ၍ သင်္ခမ်း ကျောင်းသို့ သွားစဉ် ရတ်တရက် လေထိုးသဖြင့်

အလိုလေး...အနသူယ၊ ကျွန်မ၏ အသည်းများ ကို ဓားနှင့်ထိုးဆွသည့်ပမာ ကျွန်မ ကျင်နာ လှပါသည်။ ရှေ့သို့ လှမ်းကြွ၍ စခန်းမထနိုင် အောင် ရှိနေပါသဖြင့် ဤနေရာတွင်ပဲ လှဲ၍ ရပ်ဆိုင်းရတော့မည်။

ဟူ၍ ညည်းညူကာ ပြောကြားလေ၏။ ထိုစကားကို ကြားရာ ဒသျှန္တ မင်းသား၏ အသည်းဆိုင်မှာ မီး ပြိုင်၍ တောက်သည့်ပမာ လွန်စွာစိုးရိမ်လှသည်နှင့် ကိုယ်တိုင်ထ၍ တွဲချီလိုသော်လည်း မသင့်မလျော် လွန်းသောကြောင့် ဣန္ဒြေဆည်ပြီး အားပေးစကား ပြောကြားသည်မှာ-

မကြောက်လန့်ကြပါနှင့်၊ ချစ်ဆွေတရားရှင် ကလေးတို့။ တရားယူမှီးသော အသင်တို့ တော အုပ်ကြီးအတွင်းမှာ တစ်စုံတစ်ရာမျှ အနှောင့် အယှက် မရှိရလေအောင် ကျွန်ုပ်၏ လက်ရုံး အားဖြင့် သတိထား၍ စောင့်ရှောက်ပါမည်။

ဟူ၍ ဆိုလေ၏။

ပိယံဝဒသည် ဒသျှန္တ မင်းသားနှင့် ခွဲခွာရခါနီး တွင် နှုတ်ဆက်သောစကားဖြင့် ပြောကြားလေသည် မှာ-

အို- ဒေ့သည်တော် အရှင်မြတ်၊ အရှင်၏ အခြေအမြစ် အဖြစ်သနစ်များကို ကျွန်မတို့က တစ်စုံတစ်ရာမျှ အသေအချာ မကြားမသိရ သေးပါ။ ကျွန်မတို့ကလဲ ဒေ့သည်တော် အရှင် သားအပေါ်မှာ သင့်လျော် ‹ ဒိုက်တန်စွာသော ရှိသေသမှု ဂရုစိုက်ခြင်းများကို မပြုမလုပ်ကြရ သေးဘဲ ယခုတွေ့ကြုံရသော ဆင်ရိုင်းဘေး အတွက်ကြောင့် အရေးကောင်းခိုက်မှာ ကြား ဖြတ်လိုက်၍ ခွဲခွာရသည်။ အပြစ်ဝန်များကို သနားသဖြင့် ချမ်းသာပေးကာ ခွင့်ပြုလိမ့်မည် ဟု ကျွန်မတို့က မျှော်လင့်လျှက် ရှိနေကြပါ

WWW.DHAMMARANSI.COM



သည်။ သို့ရာတွင် ကျွန်မတို့က ထပ်မံ၍ ဖိတ်မန် ပန်ကြားလိုသည်မှာ ယခု ပထမ ကြွရောက်တော်မူစဉ်အခါ ကျွန်မတို့ထံမှ ချောင်နှုးညွတ် ဧည့်ဝတ် ကျေပွန်စွာ ပြုစုမှုကို အရှင့်သား မရမရှိပါသော်လည်း ဤမိန်းကလေးများသည် ဝတ္တရားချို့တဲ့ ပျူငှာခြင်းမဲ့သည်ဟု ကဲ့ရဲ့ပြစ်တင်တော်မမူဘဲ ကျွန်မတို့စံရာ သေလာတခို ဤမြိုင်ညိုစခန်း ကျောင်းသခ်မ်းသို့ ရွှင်လန်း နှစ်သက်စွာ တစ်ခါ တစ်ခေါက်လောက် ထပ်မံ၍ ကြွရောက်တော်မူရန် သင့်လျော်ပါသေးသည်။

ဟု အေးမြကြည်သာ နှုတ်ဝါစာဖြင့် ရိုသေစွာ ဖိတ်ကြားလိုက်လေ၏။ ထိုစကားကို ကြားရာ ဒုသျှန္တ မင်းသားက–

သင်တို့၏ မြင့်မြတ်သော ဂုဏ်ကျေးဇူး ရှိသမျှကို ဖော်၍မပြောကြသည့်ပြင် နှိမ့်ချ ယုတ်လျော့စွာ ရှိအောင်ပင် ပြောကြားကြပေသည်။ ယခု ပထမ ခေတ္တ သင်တို့နှင့် တွေ့ကြုံရသည့်အတွက် ကျွန်ုပ်မှာ များစွာ ဂုဏ်တိုးတက်ခြင်း ဖြစ်ပါသည်။ သင်တို့ ဖိတ်မန်သည့်အတိုင်း ကျွန်ုပ်သည်လဲ အခါအခွင့် သင့်တင့်ညီညွတ်သော အခါတွင် ဤတောရမြိုင်သာသို့ တစ်ခါလောက်ဖြင့် ပေါက်ရောက်နိုင်ပါလိမ့်မည်။

ဟူ၍ ပြန်ကြားလေ၏။

သကုန္တလာမင်းသမီးသည် ဧည့်သည်မင်းသား၏ အပါးမှခွာ၍ မသွားချင့်သွားချင် ထသွားရာ ချစ်ခင်သော ယောကျ်ားတို့ ရှေ့မှာ အမူအရာ ကန့်ကလျ ပြုလုပ်မြဲဖြစ်သည့် မိန်းမတို့ ဓမ္မတာ ဝါသနာ စရိုက်အတိုင်း နုနယ်သိမ်မွေ့သော လက္ခဏာဖြင့်

အို– အနသူယာ၊ ကျွန်မကို တွဲလှဲ့ပါ၊ ကြမ်းတမ်းသော ဤတောအစွန်မှာ ထက်ချွန်သည့် နေစာမြက်များက ကျွန်မခြေဖဝါးကို ထိသဖြင့် မချိမဆန့် ကျင်နာလှပါသည်။ အို– ကြည့်စမ်းပါဦး။ ကျွန်မ၏ လျှော်တေကိုယ်ရံ အပေါ်ခြုံအထည်စမှာ မြမြထက်သည့် အဆူးနှင့် ပွင့်ဖူးသော ပန်းနွယ် တောစပယ်အခက်ကလေးတို့က ရှုပ်ထွေးအောင် ငြိတွယ်ကြပြန်လေပြီ။ အို– အနသူယာ၊ ကျွန်မ၏ ခြေနာကြိမ်းစပ် နွယ်ငြိကပ်သည်များကို ပယ်ရှားအောင် ဖေးကူ၍ တွဲထူဆောင်ကျဉ်းလှဲ့ပါ။

ဟူ၍ ဆိုလေသည်တွင် သကုန္တလာမင်းသမီးကို လက်ပါးစေတို့က တွဲကူဖေးမ၍ ဆောင်ကြလေစဉ်အခါ သကုန္တလာ၏ မျက်နှာသည် ဒုသျှန္တ မင်းသားရှိရာသို့ စိုက်ခနဲ၊ စိုက်ခနဲ တစ်လှည့်တစ်လှည့် ပြန်ကြည့်ပြီးလျှင် "ကျွန်မဖြင့် သွားပေါ့"ဟူ၍ နှုတ်ဆက်ပုံ အမူအရာကို ပြ၍ ကိုယ်ဟန်နွဲ့နွဲ့ဖြင့် ထော့နဲ့ ထော့နဲ့ လိုက်ပါ၍ သွားလေသတည်း။

သကုန္တလာမင်းသမီးကလေး၏ အမူအရာကို ဒုသျှန္တမင်းသား မြင်ရာတွင် ပမ်းကြီးဖိုလှိုက် သက်ပင့်ရှိုက်၍ တစ်ကိုယ်တည်း ညည်းညူလိုက်လေသည်မှာ

သူတို့ဖြင့် ငါ့ကို ခွဲသွားကြပေါ့။ အလိုလေး ငါလဲ သူတို့နှင့် ခွဲ၍ သွားရတော့မှာပါပဲကလား။ လုပကျက်သရေ ကရက်မက်ဆွေ ထိပ်ပန်၊ သကုန္တလာ မြမျက်မှန်ကို ငါကြည့်ရှုရန် အချိန်အခါသည် လွန်စွာ တိုတောင်းလှလေသည် တကား။ ငါ၏ အခြေအရံ အစေခံဗိုလ်ပါဟူသမျှတို့ကို တိုင်းပြည်ဌာနသို့ ပြန်၍ စေလွှတ်လိုက်ပြီးလျှင် ငါသည်ကား ဤသခ်မ်းကျောင်းနှင့် မနီးမဝေးသောနေရာမှာ သစ်ခက်တဲနန်းဖြင့် စံမြန်း၍ နေဖို့သာ ရှိတော့သည်။ အမှန်ကို ပြောရလျှင် ကျွန်ုပ်၏ စိတ်သဘောများသည် သကုန္တလာ အလှသူဌေး နတ်ဘုံသွေးကလေးကို ငေးပြီး ရှုကြည့်နေရန်မှတပါး အခြားသို့ သွေးဆောင်ဆွဲငင်၍ မရနိုင်ဘဲ ရှိတော့သည်။ အမှန်ပါပဲ ဤလောကဓာတ်တခွင် မြေအပြင်မှာ ကြော့ယဉ်လှဆန်းသော သကုန္တလာ နတ်ပန်းကလေးပြင် ဘယ်တွင် ရှုဖွယ်ကောင်းသောအရာ ရှိတော့မည်နည်း။ ငါ၏ ကိုယ်ကာယကတော့ ရှေ့သို့လှမ်းပြီး စခန်းချီပါ၏။ သို့ရာတွင် ငါ၏

WWW.DHAMMARANSI.COM



တုန်လှုပ်သော စိတ်များကဖြင့် ရှေ့သို့မတက်၊ သကုဏ္ဏလရှိရာဘက်သို့ လွန့်ပြီး တွန့်ဆုတ် တွန့်ဆုတ်နှင့်သာ ပြန်လေသည်။

ဥပမာအားဖြင့် အလံတိုင်တွင် တင်၍ ဆွဲထားအပ်သော အလံကလေးများသည် လေပြင်းတိုက်ခတ်လာသောအခါ၊ အလံတိုင်မှာ ငြိတွယ်ကာ လိုက်ပါရပါသော်လဲ မငြိမ်မသက် တလှုပ်လှုပ်လှုပ်နှင့် အလံတိုင်နှင့် ဆန့်ကျင်ဘက် ပြုကာ ရုန်းကန်၍ နေဘိသကဲ့သို့ ငါ၏ စိတ်သဘောများသည် ကိုယ်တွင်းမှာ တည်၍နေရပါသော်လဲ သကုဏ္ဏလ မင်းသမီးကလေးကို ချစ်သည့်အာရုံ ကာမဂုဏ်လေရိုင်းကြောင့် ကိုယ်ကာယနှင့် ဆန့်ကျင်ဘက် ပြုပြီးလျှင် တလျှပ်လျှပ် လှုပ်ရှား ရုန်းကန်၍သာ နေလေတော့သည်။

ဟူ၍ မြွက်ကြားပြီးလျှင် အောက်၌ပါသော တေးထပ်သဖြန်များကို ညည်းညူကာ သီဆို၍ ထိုသခ်မ်းကျောင်းမှ မလွှဲသာလွှဲသာ ထွက်သွားရရှာလေသတည်း။

## တေးထပ်

မြမျက်မှန်မေပျို့ကြောင့်၊ သေမလို့ ထင်တယ်။ ရဝေဟို့ သင်လယ်မှာ မရှင်ဘွယ်ကြုံရ။ ခင်ဆဲမို့ ခွဲရပုံမှာ သဲတုံတုံ မီးပြိုင်လို့ထ။ ပျို့တွက်ကြောင့် တပါးခင်ရယ်မသွားချင်သည်က။ စလျား နှစ်ပြင်ချည် စမို့ မကြည်မြလေတယ်။ ဘယ်တော့ခါ ကရမက်တုံး ရယ်နှင့် တသက်လုံး နွဲ့ရပါမယ်။ မျက်စိဖြင့် ဒေါင် ချာလယ်ပြီ။ ယောင်ကာကွယ် ငေးကြည့်လို့ တွေး မိတိုင်း ခင့်မျက်နှာ ရှေ့ကပေါ်လာ ယုဇနခိုင်ဝတ်ညှာ ငယ် ပိုင်ဆွတ်ခါလှမ်းချင်လို့လေး။ ။

## လေးချိုးသဖြန်

ခိုင်အပွင့်ရယ်နှင့်၊ မြိုင်မြင့်က ခွာတော့မည်။ ချော်မျက်ဖြေ အချစ်ပန်းရယ်ကြောင့် ချမ်းမြေ့ မကြည်။ ကြော့ဒါလီ ယာယီဖြင့် ကြုံပေါ့။ ဟိုနောက် နောင် စလျားနှစ်သွယ်နှောင်လို့ စံပယ်တောင် ပန်းရုံကွေ့မှာ တွေ့ဆုံစို့နော်။ ။

WWW.DHAMMARANSI.COM



## ဒုတိယခန်း

### (တော၏အနီး ကွင်းပြင်တစ်ခုတွင် ဆောက်လုပ်အပ်သော သစ်ခက်တဲ နန်းတော်၌ ဖြစ်ပျက် ပြောဆိုကြပုံ)

ဒုဿန္တမင်းသား၏ ပုရောဟိတ်ပုဏ္ဏားတော်ကြီး ဖြစ်သည့်အကြည်တော်'မဏ္ဍဗျ'က ပြောဆိုသည်မှာ–

ဤတောတန်းမြိုင်ခြေတွင် သစ်ခက်တဲနန်းများ ထိုး၍ နေရခြင်းမှာ အလွန်တရာ ထူးဆန်းလှပါ၏။ သို့ရာတွင် ကျွန်ုပ်မှာဖြင့် လွန်စွာ ပင်ပန်းနွမ်းရိလှသောကြောင့် သေများပဲ သေလုပြီ။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော မင်းမြတ်သည်ကား ဘုရင်မင်းမြတ်တို့နှင့် မဆီမဆိုင်သည့် ဤဂနိုင်မြိုင်စုံဖျားမှ တောသားသတ္တဝါကလေးတို့ကို လိုက်လံ ဖမ်းဆီးခြင်း အလုပ်ထဲမှာသာ စိတ်စွဲနှစ်သက်ပြီး နေတော့တာပဲ။

ဟူ၍ ပြောဆိုနေစဉ် သကုန္တလာ မင်းသမီး စံနေရာမှ ပြန်လာသော ဒုဿန္တမင်းသည် ခဏချင်း သစ်ခက်တဲနန်းအတွင်းသို့ ဝင်လာလေ၏။

ဒုဿန္တမင်းသားက ပုရောဟိတ်ပုဏ္ဏား ဖြစ်သည့် မိတ်ဆွေမဏ္ဍဗျကို ပြောသည်မှာ–

အို– ချစ်ဆွေမဏ္ဍဗျ၊ ရှုဖွယ် ဆန်းပြား တောသားသတ္တဝါ ပန်းဂနိုင်များစွာနှင့် သေလာတောင်တန်း စိမ့်စမ်း စီးသွန် ရေတံခွန် သွယ်ဖြာသည့် ဤဂနိုင်စုံခြေကို စိတ်ကြည်အေးမြစွာ ကြည့်ရှု၍ နေရန် သင့်မျက်စိများက လက်ခံပုံမရဘဲ ဖြစ်နေလေသည်။

ဟူ၍ဆိုရာ ပုရောဟိတ်ပုဏ္ဏားက–

အမိန့်တော်အတိုင်း မှန်ပါရဲ့။ အကြောင်းမှုကား ကျွန်ုပ်၏ မျက်စိရှေ့မှာ ရှင်ဘုရင်က ရှိနေတာကိုး။

ဟု ပြန်ကြား လျှောက်တင်လေ၏။ ထို့နောက် ဒုဿန္တမင်းသားသည် သကုန္တလာမင်းသမီးကို စွဲလန်းတမ်းတကာ အောက်မေ့နေသည်နှင့် တစ်ယောက်တည်းလှည့်၍ ပြောပြန်သည်မှာ–

ဩော်– ဤလောကမှာ လူတစ်ကိုယ် ထင်တစ်လုံးဆိုတဲ့အတိုင်း မိမိကိုယ်ကိုတော့ မိမိ ဟုတ်တယ် လို့ ထင်မှတ်ကြတာပဲ၊ ကြည့်စမ်းပါလား၊ ဤတောမြိုင်ဌာနမှာ ရှိရှိသမျှသော အရာဝတ္ထုအထူးအဆန်းတို့၏ ဘန်းပြမျက်နှာဖုံးသဖွယ် ဖြစ်သည့် သကုန္တလာ မင်းသမီးကလေးဟာ…

ဤသို့ ပြောဆိုနေရင်း စကားမပြတ်မီ မဏ္ဍဗျ ပုဏ္ဏားက ဆက်၍ပြောသည်မှာ–

တန်တော့ ရိပ်မိပါပြီ။ အရှင်မင်းမြတ်သည် ရှေးဦးမဆွ ပထမကတော့ သမင်ဖမ်း သွားတာပါပဲ။ ယခုတော့ ဖမ်းယူစရာ တစ်မျိုးပြောင်းပြီး ဤတောင်စောင်းဝနာတစ်ခွင်မှာ ကညာသမင် ဖမ်းဖြစ်နေပါပြီကလား။ သည်ကတည်းကစပြီး အရှင်မင်းမြတ်၏ မျက်စိများသည် အခြားသို့ ဆွဲဆောင်၍ မရဘဲ ရသေ့တို့ပျော်နေရာ မြေသာကျောင်းသခ်မ်းဆီသို့သာ တမ်းမှန်းပြီး အောက်မေ့ လွမ်းဆွတ်နေတာပဲ။

ဟူ၍ ပြုံးရွှင်စွာ တင်လျှောက်လေ၏။

ထိုအခါ ဒုဿန္တမင်းသားက–

ကျွန်ုပ်၏အရိပ်အဆင်ကို သိမြင်လျှင် ပြီးရောပ။ သို့ရာတွင် သင် ပြုလုပ်ဆောင်ရွက်ရန် အရေးကတော့ သည်လိုပါ။ အသင်က ဗြဟ္မဏလူမျိုးဖြစ်သည့်အတွက် တရားရှင် သူတော်ကောင်းများနှင့် အကျွမ်းဝင်လေ့ ရှိချေသည်။ သို့ဖြစ်၍ ရသေ့အပေါင်း သူတော်ကောင်းတို့ ပျော်နေရာ သေလာရိပ်ဝှမ်း ကျောင်းသခ်မ်းသို့ ဒုတိယမြောက် တစ်ကြိမ်တစ်ခေါက် ထပ်မံ၍ ကျွန်ုပ် သွားရောက်ရလေအောင် အသင်က ကြံဆောင်၍ ဉာဏ်ထုတ်ဦးမှ တော်မှာပဲ။

ဟု အမိန့်ရှိရာ မဏ္ဍဗျက–

အို– သည်ပုံဖြင့် ပုရောဟိတ်ပုဏ္ဏားဟာ အောင်တမန် သွယ်သမား ဖြစ်ရချည်သေးရဲ့။

ဟု ဆိုလေ၏။

WWW.DHAMMARANSI.COM



ထိုအခါ တောတွင်းက...

ယခုဖြင့် ကျွန်ုပ်တို့ အလိုအတိုင်း ပြည့်စုံ၍ ချမ်းမြေ့ကြည်သာစွာ ကျွန်ုပ်တို့ နေထိုင်နိုင်ကြရလေပြီ။

ဟူ၍ ဟစ်အော်လိုက်လေ၏။

ထို့နောက် ဒုသျှန္တမင်း၏ လက်သုံးတော်တစ်ယောက် ဝင်လာပြီးလျှင် ရိုသေစွာ ခစား၍ လက်အုပ်ချီမိုးကာ–

ဘုန်းတော် ဖြန့်ကျင်း တေဇာတော် လင်းပေသော မင်းမင်းတို့သခင် ထီးဖြူရှင်ဘုရား။ ယခုအခါ ဘုန်းတော်ကြောင့် ရသေ့လုလင်ပျိုနှစ်ပါးက အရှင်ဘုရားကို စောင့်ဆိုင်းလျက်ရှိနေကြပါသည်။ ကိုယ်တော်မြတ်အား သံတော်ဦး တင်ဖွယ်ရာ အကြောင်းတစ်ခု ရှိပါသောကြောင့် ရွှေစဏ်တော်အောက်သို့ ဝင်ရောက်ခစားစေရန် တောင်းပန်ပါသည် ဘုရား။

ဟူ၍ တင်လျှောက်ရာ ဒုသျှန္တမင်းက ရသေ့ငယ်များရောက်လာသည်ဟု ကြားသည်နှင့် များစွာဝမ်းမြောက်လှသောကြောင့်–

ရသေ့များကို အဆီးအတား အနှောင့်အယှက်မရှိစေရ။ ယခုခဏချင်း ဝင်ပေစေ။

ဟူ၍ အမိန့်တော်ရှိလေ၏။

လက်သုံးတော်က–

အမိန့်တော်မြတ် အတိုင်းပါဘုရား။

ဟု လျှောက်တင်ပြီးလျှင် ပြင်ဘက်တွင် ဆိုင်းငံ့လျက်ရှိနေသော ရသေ့ပျိုကလေး နှစ်ပါးကို ခေါ်ဆောင်ကာ အတွင်းတော်သို့ ဝင်လာခဲ့လေ၏။

လုလင်ပျိုနှစ်ယောက်တို့က ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားမိကြလေသောအခါ လက်ကို မြှောက်ပြီးလျှင်–

အရှင်မင်းမြတ်သည် အောင်အပ်သော ရန်အပေါင်းကို အောင်မြင်တော်မူလျက် သက်တော်ရှည်ကြာ ဘုန်းသမ္ဘာ တိုးတက်ပါစေသောဝ်။

ဟူ၍ ဘိသိက်သြဘာ မင်္ဂလာစကားဖြင့် လျှောက်ထား သံတော်ဦးတင်ကြလေသည်။

ထို့နောက် ဒုသျှန္တမင်းသားက–

အနွယ် ဗြဟ္မဏ တာပသဓာတ် ရသေ့မြတ်တို့အား ကျွန်ုပ်က အလေးပြုကာ လက်ခံပါ၏။ ယခုအခါ ကျွန်ုပ်၏မျက်မှောက်သို့ရသေ့ကလေးများ လာရောက်ရသည့်အကြောင်းမှာ မည်သည့်ကိစ္စကြောင့် ဖြစ်ပါသနည်း။

ဟူ၍ မေးမြန်းတော်မူလေရာ ရသေ့လုလင်ပျိုကလေးများက

ဘုန်းတော်သမ္ဘာ နေဝါလရောင် ထွန်းပြောင်ထိန်တင့် ဂုဏ်ကြီးရင့်ပေသော အရှင်မြတ်၊ ဤတောဂနိုင် စုံမြိုင်သေလာ မြေဝနာတွင် ဒေသနာအမြိုက် အကျင့်လိုက်၍ စရိုက်ဖြူစင်စွာ နေထိုင်ကြသော ရသေ့များအားလုံးတို့က အရှင်မင်းမြတ်ကို မပြတ်မျှော်လင့်ကာ တောင့်တလျက်ရှိနေကြပါသည်။ ထို့ပြင်...

ထိုရသေ့များအပေါင်းက တောင်းပန် လျှောက်ထားလိုက်သော အချက်မှာ ဤသို့ လျှောက်တင်နေရင်း စကားမဆုံးသေးမီ ဒုသျှန္တမင်းတရားက များစွာအရေးကြီးလှသည်နှင့် ကြားဖြတ်ပြောသည်မှာ–

ဒါဖြင့် နေစမ်းပါဦး၊ သူတို့က ဘယ်လိုများလျှောက်ထားလိုက်ပါသနည်း။

ဟူ၍ အမေးတော်ရှိလေ၏။

ရသေ့ပျိုကလေးများက ဆက်၍ လျှောက်ထားသည်မှာ–

ကျွန်ုပ်တို့၏ တရားပြဆရာ မဟာစန္ဒရသေ့ကြီးသည် ဤတောတွင်းမှာ မရှိမီအကြား မကောင်းသော မိစ္ဆာအရိုင်းများက တရားသဖြင့် အေးမြကြည်ရွှင်စွာ နေထိုင်ကြသည့် ကျောင်းသင်္ခမ်းတွင်းသို့ ဝင်ရောက်လျက် အနှောင့်အယှက်များစွာ ပြုလုပ်ကြပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်ဘုရားသည် ရထားမှူးနှင့်တကွ စန္ဒ ရသေ့

WWW.DHAMMARANSI.COM



ကြီးမရှိမီ စပ်ကြား ကျွန်ပ်တို့ ခိုလှုံရာ ဒေသများကို ဘေးရန် တားဆီးသောအားဖြင့် စောင့်ရှောက်တော်မူပါ၊ တာရှည်စွာ စောင့်ရှောက်ရန် မတတ်သာပါမူ သုံးလေးရက်တာမျှ နေထိုင်တော်မူပါ။

ဟူ၍ လျှောက်ထားကြလေ၏။ ထိုအခါ ဒုဿန္တမင်းသားက စိတ်အားထက်သန်စွာနှင့်–

အို– သူတော်ကောင်းတို့ နေရာကို မိစ္ဆာတို့လာ၍ နှောင့်ယှက်နေသလား။ ဘုရင်တို့ဓမ္မတာ ဘေးရှိသည့်အရာကို ကောင်းစွာ စောင့်ရှောက်ထိုက်သော ဝတ္တရား ရှိပေသည်။ ဤသို့ ကျွန်ပ်ကို အားကိုး၍ သင်တို့က ဖိတ်မန် လျှောက်ထားလာသည့်အတွက် များစွာ အားတက် ရွှင်လန်းခြင်း ဖြစ်ရလေသည်။

ဟူ၍ ဝမ်းသာ ဝမ်းမြူး ကြည်နူး ပြောဆိုသည်တွင် မဏ္ဍဗျပုရောဟိတ်က ဘုရင်မင်းမြတ် ကြားလောက်ရုံ တစ်ကိုယ်တည်း ခပ်တိုးတိုး ပြောသည်မှာ–

စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲ ဆိုသကဲ့သို့ ဘုရင်မင်းမြတ် အကြံအောင်စေရန် ရသေ့တမန်ကလေးနှစ်ယောက် ပေါက်လာတာပဲ။ ရသေ့ကလေးများက ဘုရင်မင်းမြတ်ကို ဖွတ်အတင်းခေါ်လေသည်။ သို့ရာတွင် ဘုရင်မင်းမြတ် မလိုက်လိုသော နေရာကို သွားရမှာလဲ မဟုတ်ပေဘူး။ "စူဠလိပ်ကို ရေထဲသို့လွှတ်၊ ကွမ်းသီးကြိုက် တောင်ငူပို့" ဆိုသကဲ့သို့ နေရာတကျ အချက်ဖြင့် လှနေပါပကော။

ဟူ၍ စောင်းချိတ် ထိပါးကာ ပြောဆိုလေ၏။ ဘုရင်မင်းမြတ်က–

အို–မဏ္ဍဗျ၊ ငါကိုယ်တော်မြတ် အကွက်ကျလျှင် သင့်ကိစ္စပြီးရောပ။

ဟူ၍ မိန့်ဆိုပြီးလျှင် လက်သုံးတော်များကို လေးနှင့်မြား အသင့်ပြင်ဆင်၍ လက်တော်ရောက် ဆက်သရန် အမိန့်တော်ရှိလေ၏။ လက်သုံးတော်များလည်း

ဘုန်းတော်ကြောင့် အမိန့်တော်မြတ်အတိုင်းပါဘုရား။

ဟူ၍ လျှောက်တင်ပြီးလျှင် ဘုရင်၏အပါးမှ ထွက်သွားကြလေ၏။

ဖိတ်မန်လာသော ရသေ့ကလေးများက ဘုရင်မင်းမြတ် လိုက်ပါတော်မူမည့်အတွက် အလွန်တရာ နှစ်သက်အားရရှိလှသည်နှင့်...

အရှင်မြတ် ဘုရားသည် ယခုကဲ့သို့ အောက်ကျသိမ်ငယ်သော တောမြိုင်ဌာနသို့ ကြွရောက်လိုက်ပါတော်မူခြင်းသည်ကား မင်းကျင့်တရားနှင့် ညီညာ၍ များစွာ သင့်မြတ်လှပါသည်။ အကြောင်းမူကား လူတို့သနင်း ဘုရင်မင်းတို့ မည်သည်မှာ ပြည်သူသတ္တဝါများကို သနားညှာတာ ဒယာဠုက္ခဏာ နာယကတရားဖြင့် ပိုက်ဖြား စောင့်ရှောက်ရမြဲ ဖြစ်ပါသည်။

ဟူ၍ လျှောက်တင်ကြလေ၏။ ဒုဿန္တမင်းက–

ကဲ– အချိန်မကြာအောင် ရှေးဦးစွာ သင်တို့ ပြန်နှင့်ကြပေတော့ ရသေ့ သူတော်ကောင်းကလေးတို့၊ ကျွန်ပ်လဲ ချက်ချင်းပင် လိုက်လာမည်။

ဟူ၍ အမိန့်ရှိရာ ရသေ့လုလင်ပျိုနှစ်ယောက်တို့က လက်မြှောက်၍

အောင်တော်မူပါစေ၊ ဘုန်းတော်တိုး၍ တန်ခိုးပွင့်လင်းပါစေ။

ဟူ၍ အောင်ဆုပေးပြီးလျှင် ထွက်သွားကြလေ၏။

ထို့နောက် များမကြာမီ ဒုဿန္တမင်းတရားသည်လည်း ရထားထိန်းနှင့်တကွ နောက်ထပ် လိုက်သွားလေ၏။

WWW.DHAMMARANSI.COM



## တတိယခန်း

### တောမြိုင်တွင်းရှိ ကျောင်းသင်္ခမ်းနေရာသို့ ရောက်ရ ဖြစ်ပျက် ပြောဆိုပုံ

ဒသျှဣန္ဒမင်းသားသည် သကုဏ္တလာမင်းသမီး စံနေသော ကျောင်းသင်္ခမ်း ပရိဝုဏ်အတွင်းသို့ ရောက်၍ တစ်ကိုယ်တည်း ပြောဆို ငြီးတွားလေသည်မှာ–

လူမတန်နတ်မမျှ အလှထိပ်တင် သကုဏ္တလ အနုအယဉ်ကလေးသည် သူ့ဖခင် စန္ဒ ရသေ့ကြီးကို မည်မျှလောက် အရေးတစ်ခု အလေးပြု၍ အားထားကိုးစားသည်များကိုလဲ ကောင်းစွာ ငါသိရင်း ဖြစ်တော့သည်။ သူ့ဖခင်စန္ဒရသေ့ကြီးမှတစ်ပါး မည်သူအားမျှ နားချ၍ လိုက်ပါမည် လက္ခဏာ မဟုတ်ချေ။ ငါလဲပဲ ရေးယခင် ကာလတုန်းကကဲ့သို့ စိတ်နှလုံးကို ငြိမ်သက်ပိပြား သေသေဝပ်ဝပ် ရှိအောင် မထားနိုင်ဘဲ ဖြစ်တော့သည်။

တောင်ထိပ်တောင်ဖျားမှ ဆီးတားမရ သွန်၍ကျသော ရေတံခွန်များကို တောင်ပေါ်သို့ ပြန်လှန်၍ ဆန်အောင် မပြုနိုင်သကဲ့သို့ ငါ၏စိတ်ဓာများသည်လဲ သကုဏ္တလမင်းသမီးကလေး ဆီသို့သာ တားဆီးမရ စီးကျ ယိုဖိတ်၍သာ နေလေသည်။

ငါ၏ နှလုံးအိမ်အတွင်းမှာ အပြင်း တောက်လောင်၍နေသော ကာမဂုဏ်မီးများကလဲ သမုဒ္ဒရာလေးစင်းရေကို အပြောင်အစင် လောင်ကျွမ်းစေနိုင်သော အဝီစိ မီးထက်ပင် လွန်ကဲလေသေးသည်။

အို–ဖူးစာရေးနတ်... ကျွန်ုပ်၏ဖူးစာကို သကုဏ္တလ မင်းသမီးကလေးရှိရာသို့ အပါ သွေးဆောင်ပါလော။ သို့ရာတွင် ဖူးစာရေးနတ်များကို အားကိုးရသော်လည်း များစွာ စိတ်ချရသည် မထင်မိချေ။ အကြောင်းသော်ကား ဖူးစာရေးနတ်များသည် ချစ်သူချင်းချင်း ပေါင်းသင်းရတော့မလိုဆဲဆဲမှာပင် ခွဲ ပစ်တတ်လေသေးသည်။ နီးတော့မည်လိုလိုနှင့် တကယ်ဆိုတော့ ဝေးအောင် ခွဲတတ်ပြန်လေ၏။ တစ်ရံတစ်ခါ ဖူးစာနတ်က လာပြီး ငါ့ကို အရိပ်အယောင်ပြသည်နှင့် သည်ကလူမှာဖြင့် ဘိန်းရူးသောသူကဲ့သို့ စိတ်ကူးချင်သမျှ စိတ်ကူး၍ အရှူး၏ သဏ္ဍာန် ကြံချင်တိုင်း ကြံနေရတော့တာပဲ။

တကယ်လို့များ ဖူးစာနတ်က မသနားတာကြောင့် ပေါင်းရမည့်အရေး နီးနီးကလေး ဖြစ်အောင် အရိပ်အရောင်ပြပြီးမှ ဖျက်ဆီး၍ ခွဲပစ်လိုက်ပါလျှင် အဆိပ်လူးသောမြားနှင့် ငါ၏နှလုံးသားကို စူးဝင်အောင် ပစ်လိုက်သလို ရှိတော့မှာပဲ။ ယခုအခါ ငါဖြင့် သူ့မျက်နှာကလေး လပြည့်သွေးကို ငေးပြီး မကြည့်ရလျှင် စိတ္တဇရောဂါနှင့် သေရုံသာ ရှိတော့မည်။

ဟု ညည်းညူ ပြောဆိုပြီးလျှင် အထက်ကောင်းကင်သို့ မော့၍ ကြည့်လိုက်လေ၏။ ကောင်းကင်၏ ဗဟိုချက်တွင် နေစက် သူရိန် မွန်းတည့်ချိန် ဖြစ်သည်နှင့်

အို– ယခုလို ပူပြင်းသော မွန်းတည့်အခါမှာ ကညာနတ်သွေး သကုဏ္တလအသက်ကလေးသည် အေးသောအရိပ်အာဝါသကို ခင်မင်တော်မူသည်နှင့် လက်ပါးတော်စေ ဖော်ရံရွှေများနှင့် အတူတကွ တသွင်သွင် ရေယဉ်ကျသော မာလိနီမြစ်ကမ်းပါးမှာ မားမားမြင့်မြင့် မြထီးဝန်းဖွင့်သလို ဖူးပွင့်ခက်စီသည့် "သီတာစမ္ဘီ" ပင်အရိပ်မှာ ပျော်ရွှင်စွာ စမွယ် နေထိုင်ရှာပေလိမ့်မည်။ ဟုတ်ပါရဲ့။ ငါတွေးထင်တဲ့အတိုင်းပင် နေထိုင်မှာပါပဲ။

ရှေ့ဆီသို့ လှမ်းပြီး တစ်စခန်း ကြည့်ရှုဦးမှ သင့်လျော်မည်။

ဟု ကြံစည်ပြီးလျှင် လှည့်လည်ကာ ရှေ့သို့ ကြည့်ရှုပြန်လေ၏။

WWW.DHAMMARANSI.COM



အို–ကြည့်စမ်းပါ။ အရမ်းတွေး တွေးပြီး ပြောရမှာဖြင့် ချစ်ခင်စုံမက် ငါနှစ်သက်အပ်သော မိတ်ဆွေကလေးများသည် မကြာမီ ကာလမှာပင် ဟိုရှေ့က စီတန်း၍နေသော ပန်းပင်ကလေးများ အောက်မှာ လမ်းလျှောက်ပြီး နေဟန်လက္ခဏာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ဟိုအချို့ပန်းပင်ကလေးများ၏ အညွန့်အခက်ကလေးများသည် မိတ်ဆွေကလေးများ ကိုင်ထားသည့်အတွက် ညှိုးနွမ်း တွန့်လိမ်လျက်ပဲ နေသေးသည်ကို ယခု ငါတွေ့မြင်ရလေသည်။ အချို့သော သစ်ရွက်စိမ်းများကို ဆွတ်ခူးထားသည်မှာ မကြာမမြင့်သေးသည်နှင့် နို့ရည်ကဲ့သို့ ဖြူဖွေးသော အစေးကလေးများသည် တစ်စက်တစ်စက် ယခုထက်ထိ စီးကျလျက်ပင် ရှိလေသည်။

ဟူ၍ ပြောဆိုပြီးလျှင် မာလိနီမြစ်ကို ဖြတ်၍လာသော လေပြည်လေညင်းကလေးများက တိုက်ခတ်သည်နှင့်

အဲ–သည်ကမ်းပါးကဖြင့် စင်ကြယ်သန့်ပြန့်သော လေများကို ရတာပဲ။ မာလိနီမြစ်ကို ဖြတ်ပြီး တိုက်ခတ်သော လေအေးဖြင့် အတွေးကြီးနေတဲ့ ငါ့မှာ အထူးပင် ပဏာရလေသည်။ ထိုလေပြည်လေညင်းများသည် ကြာမျိုးငါးစုံ အစွမ်းကုန် ပွင့်၍နေသည့် ကြာပန်းတောမှ သင်းပျံ့သောရနံ့များကို သယ်ဆောင်လာသည့်ပြင် မာလိနီမြစ်တစ်လျှောက်မှ ရေပေါက်ရေမှုန်များကို ဆောင်ကျဉ်းပြီး ငါ့ရင်ဝကို တဖြည်းဖြည်း တိုက်ခတ်သည်မှာ နှလုံးငြိမ်ဆေးကို ပေးသကဲ့သို့ပင် ဖြစ်လေသည်။

ဟူ၍ ဆိုပြီးလျှင် ကမ်းပါး ထက် အောက်သို့ ငုံ့၍ ကြည့်လိုက်လေ၏။

အလို– သကုန္တလာ နှမသက်လျာ နတ်ကညာကလေးဖြင့် ဖြူပြာနီရင့် ပန်းစုံပွင့်၍ နေသော ဤပန်းရုံ ပန်းချုံကြားထဲမှာ ယခု ရှိနေမည့် လက္ခဏာပဲ။ ကြည့်စမ်း၊ ဟိုရှေ့ပန်းရုံ အဝင်ဝတွင် မကြာခင်ခဏက နင်းထားသော ယဉ်ကျေးပျော့ပျောင်းသည့် ခြေရာကလေးများက အရေအသား စက်လက္ခဏာ အစုံအလင်နှင့် အထင်အရှားပင် ငါတွေ့မြင်ရလေသည်။ အရွက်တွေ အုပ်နေသော ဤမြတ်လေးချုံပုတ်နောက်က ကွယ်ပြီး ကြည့်ရလျှင် ထင်ရှားစေ့စေ့ ကောင်းကောင်းကြီး ငါတွေ့ရလိမ့်မည်။

ဟု ကြံစည်ပြီးမှ ရုတ်တရက် သူ့ကိုယ်ကို မြတ်လေးချုံပုတ်နောက်ဘက်မှာ ကွယ်ကာ နေလေ၏။ ထိုအခါ အဆင်သင့်စွာ သကုန္တလာမင်းသမီးကို တွေ့မြင်ရသည်နှင့်–

အဲ– ယခုမှပဲ ငါ့မျက်စိ အလိုအတိုင်းကျတော့သည်။ အို– ကျွန်ုပ်၏စက္ခု၊ အလိုရှိတိုင်း ရှုပါလော့။ မျက်တောင်ခတ်ခွင့်ကိုမျှ မပေးဘဲ ငေးပြီး ကြည့်လိုက်စမ်း။ ယခုအခါ ငါ့အသက်ကလေးသည် လက်ပါးတော်စေ ဖော်ရုံရွေ နှစ်ယောက်နှင့် ရောင်တောက် ချောမွေ့လှသော မြကျောက်ဖြာတစ်ခုထက်မှာ ခူးပြီးခါစ လတ်ဆတ်လှသော ပန်းများကို ဖြန့်ဖြူးပြီး ပျော်မြူးလျောင်းစက်ကာ နားနေလေသည်။ အို– သည်ပန်းကိုင်းတွေကလဲ 'အရေးရှိမှ အရာပေါ်' ဆိုသောအတိုင်း အရေးထဲမှာမှ လာပြီး ကွယ်ကာနှောင့်ယှက်နေပြန်လေသည်။ အလို– သူပြောဆိုတဲ့ အသံများကို သဲ့သဲ့ကလေး ငါကြားရသည် ထင်ပါကလား။

ဟု ဆိုပြီးလျှင် သူ့ကိုယ်ကို နောက်သို့ အသာဆုတ်ကာ ပန်းနွယ်တွေ ဖုံးအုပ်နေသော မြတ်လေးချုံထဲက ငေးကြည့်ကာနေပြီးလျှင် သကုန္တလာ မင်းသမီးကလေးအကြောင်းကို အောက်၌ပါသော တေးထပ်ဖြင့် ဖွဲ့ဆိုညည်းညူလေ၏။

## တေးထပ်

မြကျောက်ဖြာနန်းအမြင့်၊ ပန်းပလ္လင့်ပေါ်တွင် စန်းတံပွင့် သော်ယာဉ်လို၊ ပျော်ရွှင်တော်မူလို့၊

WWW.DHAMMARANSI.COM



ပြုံးစေ့စေ့ မူရာပွေတယ် သူဇာမေ ရှုံးရဲ့ကရို။ မြင်ရတိုင်း မျက်ကြောသေတယ်။ မက်ဇောတွေ ပြန်ဖို့ ဟန်ပန်တောင် ပိုမို့လို့ ချိုတိုတို့ မျက်နှာ။ သောက်ရှူး ကြယ်ပွင့်လျက် ပြုံးသည်သို့ မင့်မျက်လုံး ထွန်းလို့ ကြည့်တာ။ ရွှင်တဲ့လို့ တဆိတ်သာလျှင် အရိပ်ပါ ရွှေဖြစ်ကဲ့။ နေအသစ် ထွက်လာသလို။ မျက်နှာကချို လှည့်ပွန့်ဆုံး ဘုရင်ဆိုမယ် ပင်ကိုယ်ယဉ် ကလေးမို့လေး။ ။

ဒုသျှန္တမင်းသားသည် မြတ်လေးချုံတွင်းက နေ၍ သကုန္တလာမင်းသမီးကလေးကို ငေးပြီး ကြည့်နေစဉ်အခိုက် အထိန်းတော်ဖြစ်သော အနသူယနှင့် ပိယံဝဒတို့က ပဒုမ္မာကြာရွက်ဖြင့်သကုန္တလာ မင်းသမီးကို ဖြည်းညင်း သက်သာ အေးမြစွာ ယပ်လေခတ်ပေးနေရင်း–

> ကျွန်မတို့သခင် ထိပ်ခေါင်တင်ကလေး ဘုရား၊ မြယပ်ဝန်းလို စိမ်းညိုကြီးပြန့်သော ပဒုမ္မာကြာရွက်များနှင့် ထိပ်ထား၏ စိတ်အလိုအတိုင်း ကျစရာ ဖြည်းညင်းစွာ ယပ်လေခတ်၍ ပေးနေတာများ စိတ်နှလုံးရွှင်ပြပြီး ဟဒယ ချမ်းမြေ့သဘောတော်တွေ့ပါစဘုရား။

ဟူ၍ မေးမြန်းကြလေရာ သကုန္တလာမင်းသမီးသည် မည်သို့မျှမပြောသေးဘဲ အောက်၌ပါသော တေးထပ်ကို စက်ရာထအခါများတွင် ညည်းတွား ညှင်းတွဲ့သော အသံမျိုးဖြင့် တစ်ကိုယ်တည်း ကျူးရင့်လေ၏။

## တေးထပ်

ရမ္မက်ဟုံ နှောင့်လှလို့ မဖြောင့်ရ နေ့စဉ်၊ တအောင့်မျှ မမွေ့ချင်တယ်၊ တွေ့မြင်တော်မူလှဲ့၊ မျှော်ရတဲ့ တပါးခင်ကို သနားချင်ဘူးပ ထင်ရဲ့၊ ရိပ်ရောင်မျှ ခဏတာ မပြကာနေခဲ့၊ ကြွမလာ ကေသွဲ့က သေပဲ့လို့ ကြိမ်းကာ၊ ပူပေစေ သခင် ညှိုးပါလို့ တမင်ဆိုး ဆိုးတဲ့ပမာ၊ ခုလိုနှင့် ဖိတ်မလာလျှင် လိပ်ပြာတော် ခံဆွေ့လို့၊ လုံကလေ့ ရွှေရင်နာ ကွဲလို့ သေမှာ၊ ခွေညှိုးလို့ ဖြေမသာတယ် ရေအစာ ပြတ်ကင်းလို့လေး။

ဤကဲ့သို့ ညည်းညူလျက် မြသား ကျောက်ဖျာ ပန်းမွေ့ရာထက်မှ လူးလွန့်ကာ အသာထပြီးလျှင်

> အို– ရှင်တို့မှာ ဒုက္ခများအောင် အလကား အလုပ်ပိုတွေကို လုပ်နေကြတာကိုး။ ပဒုမ္မာကြာဖက်ဖြင့် သက်သက်သာသာ ယပ်လေခတ်ပေးပေမယ်လို့ အပမာတ်မှာရှိတဲ့ နေပူကိုသာ ပယ်ရှားနိုင်ရုံသာ ရှိပါသည်။ အတွင်းဓာတ်နှလုံး ထဲမှာ စွဲငြိ တောက်လောင်နေတဲ့ ရမ္မက်မီးကိုတော့ ပျက်စီး ငြိမ်းချမ်းအောင် စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။

ဟူ၍ မသက်မသာသော အသံဖြင့် ပြောဆိုသောအခါ အထိန်းတော်နှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် စိတ်ပျက်စွာနှင့် ငေးကြည့်လျက် နေကြလေ၏။

ထိုအခါ ဒုသျှန္တမင်းသားက ပန်းရုံကြားကနေ၍ ချောင်းမြောင်းကြည့်ရှုနေရင်း တစ်ကိုယ်ချင်း ပြောသည်မှာ–

> အဲ–သူကလေးဖြင့် စိတ်မအေးတဲ့ အမူအရာနှင့် လွန်စွာပူပန် ညစ်ညူးဟန် လက္ခဏာ ရှိလေသည်။ ဘယ်အတွက်ကြောင့် ဤမျှလောက် စိတ်ညစ်ညူးပြီး အထူးညှိုးငယ်နေရသလဲ။ ဘယ်လိုကိစ္စ အရေးကြီး၍ အပူမီး သို့ကလောက် တောက်လောင်နေရသလဲ။ ဩော် ငါတွေးထင်တဲ့အတိုင်းများ ဖြစ်နေမလား။ သူ ဖြစ်ပုံအရေးနှယ် တယ်အတွေးရ ကပ်နေပါပြီ၊ အို ကြည့်စမ်း၊ သူ့အထိန်းတော်နှစ်ယောက်က ကရုဏာ သက်ရောက်စွာ မာလကာနှင့် ဩဇာရွက်ညွန့်များကို ချေနယ်ကာ ရွှေနားတော် နှပ်နေကြသကိုး။ အင့်ဟင်… သူ့ကိုယ်မှာလဲ ပန်းညိုရွက်အရည်များနှင့် (ဆေးဝါးအမှတ်) လိမ်းသပ် မွမ်းမံထားလိုက်သည်မှာ နံ့သာမျိုးအလှရည်တို့ကို လူးသည်ထက် အထူးပင် ရှုချင်စဖွယ် ရှိလေသည်။ သူ့လက်မှာ ဝတ်ဆင်ထားတဲ့ တန်ဆာများမှာလဲ (မြိုင်ဖျားပျော်မွေ့ တောဝလေ့ ဘာသာဖြင့်)

WWW.DHAMMARANSI.COM



ကြာစွယ် ကြာရိုးလက်ကောက်များသာ ဖြစ်လေသည်။//ယခုလို မပြုမပြင် အနအယဉ်မဖက် ပစ်စလက်ခတ် နေပေမယ်လို့ နဂိုဇာတိက ဝိသေသရုပ်ဓာတ်နှင့် အလှဥက္ကဋ္ဌဖြစ်၍ လာသောကြောင့် များစွာလှချောပြီး အံ့သြလို့မကုန် ရမ္မက်ဟုံသွေးကြွအောင် စိတ်များကို ဆွသကဲ့သို့ပင် ဖြစ်လေသည်။ မင်းပျိုမင်းလွင်တို့ ဓာတ်သဘောသည် လတ်တလော အလှမြင်မှဖြင့် မဆင်ခြင် အရေးလွန်ပြီ။ ယခုလို သွေးမွှန်နေတတ်တာမျိုးပဲ။ ယခုအခါ သူရိန္ဒာ နေမင်းက ထန်ပြင်းစွာ တန်ခိုးပြပြီး အပ, ကနေ၍ ပူတာက တမျိုး၊ သကုဏ္ဍလ ကညာကလေးအတွက် နှလုံးသွေးဆူပွက်ပြီး အတွင်းဘက်က ပူတာက တမျိုး။ ဤအပူနှစ်ပါးက သွေးများကို ဆွ၍ပေးတာနှင့် မအေးနိုင်ဘဲ ရှိတော့သည်။ သို့ရာတွင် အပြင်နေပူက ယပ်ရွယ်သူတို့ ဆန္ဒကို သဘောကျ ဖြည့်စွမ်း၍ ပေးနိုင်သည် မဟုတ်ချေ။ နှလုံးထဲက ပွတ်ပွက်နေတဲ့ ရမ္မက်ဟုံ အချစ်သွေးကသာ အရေးရှိတိုင်း ဆောင်ရွက်၍ နှစ်သက်ရာဌာနသို့ ဆန္ဒရှိတိုင်း ပို့ဆောင်တတ်လေသည်။

ဟူ၍ တစ်ယောက်ချင်း ပြောဆိုကာ ညည်းညူကာ နေလေ၏။ ထိုအခါ ပိယ်ဝဒက အနုသူယသို့ လှမ်း၍ ပြောလိုက်သည်မှာ–

ဘယ့်နယ်လဲ ချစ်ဆွေ၊ ကျွန်ုပ်တို့ သခင်မ သကုဏ္ဍလ ထိပ်ခေါင်တင်သည် မကြာခင်ကာလ က ဤကျောင်းသင်္ခမ်းဌာနသို့ ခေတ္တကြွရောက်၍လာသော အလှနယဉ် လုလင်ပျိုခေတ် ဘုရင်သစ်ကလေးကို ဦးစွာပထမ တွေ့စဉ်တုန်းကာလက သခင်မ စိတ်ဓာတ်ကို ဘယ်လိုများ ထိခတ်သွားတယ်ဆိုတာ သတိထားမိလိုက်ပါရဲ့လား။

ကျွန်ုပ် အထင်ဖြင့် သခင်မဘုရားသည် သောက်စားက ပျက် မေးစက် မပျော်။ ညှိုးလျော်နွမ်းရိ မချိပျောင်းပျော့ ဖယောင်းဖော့ မသွေ။ နွဲ့တဲ့တဲ့ နေသည်မှာ ထွေထွေရာရာ ဘာသောညာသောဟု ကြံစည်ကာ တွေးမဆနိုင်တော့ စိတ္တဇရောဂါနှင့် အလွမ်းနာ ကျနေတာ အမှန်ပဲ။

ဟု ဆိုလေ၏။

အနုသူယက ပြန်၍ ပြောသည်မှာ–

တွေးပုံခြင်းကဖြင့် အင်းကိုက်နေတာပါပဲ။ ကျွန်မလဲ ဤနည်းအတိုင်းပင် မှတ်ထင်ပါသည်။ ဒါဖြင့် မှန်ရာကိုသိရအောင် ကျွန်မ ယခု မေးကြည့်မည်။

ဆိုပြီးလျှင် ကျယ်စွာသောအသံဖြင့်–

အသက်တမျှ ချစ်ခင်လှသော ကျွန်မတို့သခင်မြကေရှင်ကလေးဘုရား၊ သခင်မ၏ ပုံပန်းများသည် ညှိုးနွမ်းပျောင်းအိ ပဒုမ္မာကို နေလာ၍ထိသလို အတိဒုက္ခ ရောက်လွန်းပုံရပါသည်။ သခင်မ စိတ်တွင်းက ဖြစ်နေခြင်း အကြောင်းစုံကို အကုန် ပြောပြစေချင်ပါသည် သခင်မဘုရား။

ဟူ၍ မေးမြန်းလေ၏။ ဒုဿန္တမင်းသားသည် ပန်းချုံအတွင်းက အချင်းချင်း ပြောဆို မေးမြန်းကြသည်ကို ကြားလေရာ အားပါး တက်ကြွ ရွှင်လန်းလှသည်နှင့်–

အဲ တစ်ခါဖြင့် သည်မင်းသမီးလေးဟာ မှန်ရာကို မိန့်မြွက်ပြီး ဆက်ဆက်ကြီး ပြောရတော့မှာပဲ။ ကြားရချည်သေးရဲ့ နားရယ်။ ကြည့်စမ်း သူဝတ်ဆင်ထားတဲ့ ကြာစွယ်လက်ကောက်သည် လအရောင် တောက်နေသည်ပမာ လွန်စွာ စင်ကြယ်လှသော်လဲ သူ၏ စိတ်အတွင်းက ပူပြင်းသော ဗျာပါရများကြောင့် အကွက်အကြားဖြစ်၍ မည်းနက် မှိုင်းညိုရှာလေသည်။

ဟူ၍ တစ်ယောက်တည်းတည်း ပြောဆိုလေ၏။

အနုသူယက မေးမြန်းစဉ်အခါ သကုဏ္ဍလ မင်းသမီးသည် ကိုယ်တစ်ပိုင်းမျှ လက်ထောက်၍ ထပြီးလျှင်

WWW.DHAMMARANSI.COM



ကျွန်မဖြစ်အင်ကို ရှင်တို့ ထင်ရာ ပြောချင်တာကို ပြောကြပါတော့။ ကျွန်မဖြင့် ဖွင့်၍ ပြောပြရန် စိတ်ကပင် ခပ်ရှက်ရှက် ဖြစ်နေပါပြီ။

ဟူ၍ ပြန်ပြောလေ၏။

ဒုဿန္တမင်းသားက–

အို– အထင်ကြီးနှင့် နားထောင်နေပါ။ သူ့စကားတွေက တယ်ရှောင်ပြီး ကွေ့လယ်လယ် နိုင်တာကိုး။

ဟု ဆိုလေ၏။

အနသူယက ထပ်၍ မေးမြန်းပြန်သည်မှာ–

အို– သခင်မကလေး၊ သခင်မစိတ်ထဲမှာ စွဲလမ်းပြီး ဖြစ်နေသောရောဂါကို မည်သည့် အကြောင်းအရာဖြင့် ကျွန်မတို့ နှိုင်းချိန်၍ သိနိုင်ပါမလဲ။ သို့ရာတွင် သခင်မ၏ ဖြစ်ပုံအကဲကို နည်းနည်းလောက် ခတ်ပြီး နိမိတ်များ ဖတ်ရမည်ဆိုလျှင် 'သက်ကြီးစကား သက်ယံကြား' ဆိုသည့် အတိုင်း ဆင်ခြင်ကြည့်လိုက်တော့ သခင်မရောဂါသည် ကညာတို့စရိုက် ချစ်သူနှင့် ကြုံကြိုက်၍ သံလိုက်နှင့် တွယ်အပ် အချင်းချင်း ကပ်ကြသလို နီးစပ်သည့် လှိုင်း ရမ္မက်တို့ကြောင့် အတိုင်းထက်အလွန် သန်လှသော သံယောဇဉ် စိတ္တဇနှင့် အလွမ်းနာ ကျတယ် ထင်ပါသည်။ ကျွန်မတို့အပေါ်မှာ တစ်စုံတစ်ရာမျှ ဝှက်ကွယ် ဖုံးဖိခြင်းမရှိဘဲ အတည့်အလင်း ပြောပြသင့်ပါသည်။ "အနာမသိ ဆေး မရှိ"ဆိုတဲ့အတိုင်း ဆရာဝန်တစ်ယောက် သူနာကို စုံထောက်သော် မှန်သလောက် ဖြစ်ပုံကို အလုံးစုံ မသိချေက မှိုင်တွေ၍ ငေးရပါသည်။ ဆေးချက်ကို မမြင်နိုင်ပါ။ ကျွန်မတို့ နှစ်ယောက်မှာလဲ ချမ်းသာတူ ဆင်းရဲဘက် အရှည်ကြီးဆက်ခဲ့ကြသဖြင့် ထိမ်ဝှက် ကွယ်ကာရမည့်သူများလည်း မဟုတ်ပါ။ သခင်မရောဂါကို သေချာစွာ သိရလျှင် ရှိသမျှအစွမ်းနှင့် ကြိုးပမ်းမည်မသွေ။ အသက်ပင် သေစေတော့၊ ကြောင့်ကြမဲ့နေမည် မဟုတ်ပါ။ သို့ဖြစ်သည်တွက်တာကြောင့် မှန်ရာကို မြွက်ဟ၍ တစ်စွန်းတစ်စလောက် ပြောပြစမ်းပါ သခင်မကလေး။

ဟု မေးမြန်းလေ၏။

ဒုဿန္တမင်းသားက ပန်းချုံကြားက ဆိုပြန်သည်မှာ–

အဲလေ ငါလဲပဲ၊ အနသူယ ပြောတဲ့အတိုင်း စိတ္တဇရောဂါနှင့် အလွမ်းနာကျနေတယ်လို့ ထင်တာပါပဲ။ ဘယ်သူ့ကြောင့် အလွမ်းနာကျသလဲ ဆိုတော့... အို– ထင်ရမှာကလဲ အကြပ်ကြီးကလား၊ ဖွင့်ပြောလိုက်လျှင် ပြီးရောပ။ သည်မင်းသမီးကလဲ တယ်ပြီး အချိန်မျှောတာကိုး။

ဟု တစ်ကိုယ်ချင်းချင်း ပြောကြားလေ၏။

သကုဏ္တလာမင်းသမီးက တစ်ဘက်သို့ လှည့်၍ ညည်းညူသည်မှာ–

## လေးချိုး

ဖြစ်သမျှ လှစ်ဟလို့ မပြောသာ၊ ဝေဒနာစွဲပုံ ထူးတယ် ရှုးမဲ့ပမာ၊ သဂ်ါခန္ဓာ ရှည်ကြာဖို့မြင်ဘူး။ ပြောရလျှင် ရှက်စိတ်တွေ အပိုဝင်လို့၊ ငြိုငြင်သူ ဘွင်မသန့်တယ် လန့်လို့ မေ့မူး။

ဩော် ငါ၏ရောဂါဝေဒနာကဖြင့် မခံသာ အောင်ပဲ ပြင်းပြစွာ ထိုးကျင်၍ နေတာပဲ၊ သို့ရာတွင် မှန်သည့်အတိုင်း ပြောပြရမှာကလဲ စိတ်မရဲ၊ ရတက်ပွေပြီး အရှက်တွေများလို့ နေပါကလား။

ဟူ၍ ညည်းညူလေ၏။

ထိုသို့ တစ်စုံတရာမျှ ဖွင့်ပြပြောဆိုခြင်းကို မပြုဘဲ သကုဏ္တလာမင်းသမီးကလေး မှိုင်ငေး တွေဝေ၍နေစဉ် ပိယံဝဒက အနသူယသို့ လှမ်း၍ ပြောသည်မှာ–

ချစ်မိတ်ဆွေ၊ အဲသင်ပြောလိုက်တဲ့ စကားကဖြင့် အကျိုးအကြောင်း ညီညာ၍ များစွာ သင့်လျော်လှပေသည်။ သခင်မ စိတ်နှလုံးသည် လွမ်းနာ

WWW.DHAMMARANSI.COM



တွေ့ ပိတ်ဖုံးပြီး ယူကြုံးမရ ဘယ်လောက်များ ဖြစ်နေသလဲဆိုလျှင် ရှင်ကြည့်စမ်းပါ။ သခင်မ အရုပ်အဆင်းသည် ယခုချက်ချင်း မပျက်မယွင်း သေးသော်လဲ တစ်နေ့ထက်တစ်နေ့ ချမ်းမြေ့ ခြင်းမရှိ၊ ပကတိအရေအသားများ လျော့ပါး ညှိုးကြုံလာသောကြောင့် ကြာလျှင် ခက်လိမ့် မည်။

ဟူ၍ ပြောလေရာ ထိုစကားကို ပန်းချီကြားက ဒုသျှန္တမင်းသား ကြားလေသည်နှင့်–

ပိယံဝဒ ပြောချက်ကဖြင့် တယ် အကွက်ကျ ပါပေတယ်၊ အမှန်ပါပဲ၊ ကြည့်စမ်းပါ၊ စိတ္တဇ ဖိစီးသော သကုန္တလာမင်းသမီးကလေး၏ နဖူး ဆံစသည် လျှော့ကျ ခြောက်သွေ့လျက် သိမ်မွေ့ သော ထိပ်ခါံများက ဖိုးရိုးဖားလျားကျလျက် နေလေပြီ။ လည်တိုင်ကလေးများဟာလဲ အလျား ရှည်သွယ်ပြီး ကိုယ့်ဦးခေါင်းကိုမျှ မသယ်နိုင် အောင် ညှိုးငယ်ညွတ်ကိုင်း၍ နေလေပြီ။ ရွှေခါး တိုင်ထွာဆိုင်နွဲ့ကလဲ ခပ်တွဲ့တွဲ့ အားနည်းပြီး တံတဲကလေးသာ ရှိရှာတော့သည်။ လက်ရုံး တော်နှစ်ဖက်ကလဲ လေအတွက် ယိမ်းယိုင်သော ပန်းခိုင်ကလေး ကိုင်းညွတ်သလို အားလွတ်၍ လျော့ကြလေပြီ။ မျက်နှာစင် လ ကလေးမှာလဲ သွေးမရှိဘဲ ဖျော့တော့ ညှိုးနွမ်းလေပြီ။ 'လေမခ' ပန်းညာကို လေသာ၍ ဇေ့သောခါ ပြကတော့ အမှုဟောင်းမှ လဲပြောင်း၍ ညှိုးနွမ်းသည့်ပမာ သကုန္တလာသက်လျာမှာလဲ ရတက်ဗျာသောက နှင့် စိတ္တဇလေဇေ့၍ တရွေ့ရွေ့ ညှိုးနွမ်း ပိန်ကြုံ ရှာလေပြီ။ ဟုတ်ပါရဲ့။ အမှန်ကို ပြောရမှာဖြင့် ယခုလို ပျက်စီးနေပေတယ်လို့ သကုန္တလာ၏ ရူပါရုံသည် ငါ့စိတ်နှလုံး တုန်ပြီး အဟုန်သတ်၍ မရနိုင်အောင် လုပသေးတာပဲ။

ဤကဲ့သို့ သကုန္တလာ၏ ညှိုးနွမ်းပျက်စီးပုံကို ကြည့်ရှုကာ မူရာသဏ္ဌာန် ဟန်ပန်ယဉ်ကျေးပုံများ ကြောင့် ရမ္မက်ဟုန် ဝိတက်ပွားပြီးလျှင် မြတ်လေး ချီကြားက နေရင်း တစ်ယောက်တည်း အောက်ပါ တေးထပ်ကို ကျူးရင့်ပြန်လေသတည်း။

## တေးထပ်

စိတ်ပူပွေ အေးမမြရော့ထင့် လေးနှမ တင့်တင်၊ ရှေးကနှင့် ချင့်ယှဉ်လျှင် ခင့်အဆင် ကွာခြား၊ ထိပ် ဆံစ ဟိုတခိုမှာ ဗိုကရိုကျလိုသာဖား၊ လည်တိုင်ကျော့ ရှည်သွယ်သည် ငွေစံပယ်လျှော့ပါး။ တင့်တမေ ရွှေခါးက လေသွားတိုင်း ယိုင်ကာ၊ မျက်နှာပုံ အမှု ပျော့ပါဘိ၊ ဖြူဖျော့ဖျော့ နွမ်းရိုလေတာ၊ စန်းသော်မ ယာဉ်သာကို အဋ္ဌနာတိမ်သန်းသို့၊ မှိန်မလန်းမူရာ အသွင်၊ ယွင်းပျက်သည့်အင်။ မောင့်စိတ်ဖြင့် အပြစ် မတင်တယ် ချစ်အခင် တက်တိုးလို့လေး။ ။

ထို့နောက် သကုန္တလာမင်းသမီးက အထိန်းတော် များကို ပြောကြားသည်မှာ–

ကျွန်မ သည့်ပြင် ဘယ့်နှယ်ထပ်ပြီး ပြောရဦး မှာလဲ။ ရှင်တို့က ဘယ်ကြောင့် ကျွန်မ အဖြစ် အပျက်ကို သို့ကလောက် သိချင်ကြပါသလဲ။ ကျွန်မအတွက်ကြောင့်ဖြင့် စိတ်ပျက်ခြင်း မရှိ ကြပါစေနှင့်။ "ကံစီမံရာ အလိုက်သင့်သာ နေထိုင်ပါတော့မည်"

ဟူ၍ဆိုရာ ပိယံဝဒက–

အို– သခင်မကလဲ သည်လိုဖွတ်မိုတ်ပြီး အတင်း ငြင်းပယ်နေရမည် မဟုတ်ပါ။ 'မမြွက် လိုသည့် စကားကို ကြားချင်သည်။ မပြလိုသည့် အသွင် ကို မြင်ချင်သည်'ဆိုတဲ့ စကားအတိုင်း သခင်မ မပြောပြလိုသည့်အတွက်ကြောင့် တိုးတက်ပြီး ကျွန်မတို့ သိချင်နေတာပဲ။ သခင်မနှင့် ကျွန်မ တို့သည် ညီမအရင်း အူတုံ့ဆင်းကဲ့သို့ နီးရင်း သော မေတ္တာနှင့် ကာလရှည်ကြာစွာ နေထိုင်ခဲ့ ကြသည် မဟုတ်ပါလော။ 'မတိုင်ပင်ဘဲမပြုက အမှုလစ်ဟင်းတတ်သည်' ဆိုတဲ့အတိုင်း ကျွန်မ တို့လို တိုင်ပင်ပြောကြားသင့်သူများကိုမှ ပြော ကြား တိုင်ပင်တော်မမူပါက အမှုတော်မကျေ

WWW.DHAMMARANSI.COM



ကုန်ဘဲ အပုံကြီး လစ်ဟင်းဖို့ မြင်ပါတယ်။ 'အရပ်ကို မတိုင်ပင်လျှင် ဖျင်တောင်မရက်ရဘူး' လို့ ရှေးလူကြီးတို့ ဉဒါန်းစကား ရှိပါသည်။ 'တစ်ယောက် မကောင်း တစ်ယောက် ခေါင်း' ဆိုတဲ့အတိုင်း သခင်မ မကောင်းလျှင်လဲ ကျွန်မတို့ဦးခေါင်းက ဆောင်ရွက်ရပါမည်။ 'တစ်ယောက် ဘုန်းပွင့် တစ်ယောက်တင့်' ဆိုတဲ့ အတိုင်း သခင်မ၏ ဘုန်းသမ္ဘာကြီး၍ ပွင့်လင်းတော်မူပါက ကျွန်မတို့လဲ တင့်တင့်တယ်တယ် ပျော်ပျော်ပါးပါး ခံစားရမည် မုန်ပါသည်။ သို့အတွက် ထိမ်ဝှက် ချုပ်တည်းခြင်း မရှိဘဲ ပြောသင့်ပြောထိုက် တိုင်ပင်သင့် တိုင်ပင်ထိုက်သည်ဟု မှတ်ယူ သဘောထားပြီး ပြောကြားဖွင့်လှစ်တော်မူပါ ထိပ်ခေါင်တင်ကလေး။

ဟူ၍ ဆိုလေ၏။

ဒုသျှန္တမင်းသားက တစ်ကိုယ်တည်း တွေးတောပြန်သည်မှာ–

အဲ...ဆိုးတူကောင်းဘက် အသက် အပ်နှင်းကာ လွန်စွာ ချစ်ခင်ကြတဲ့ မိတ်ဆွေများက ယခုလို အကြောင်းပြပြီး အစမ္မမေးမြန်းနေတာပဲ။ သူက ပြောလိုက်ကရောပ။ နေများပဲ နေနိုင်လွန်းတယ်။ သို့ရာတွင် 'မေးပါမျှားစကားရ' ဆိုတဲ့ အတိုင်း ယခုလို အတင်းအကြပ် မေးတာနှင့် သူ့ရောဂါအကြောင်း သရုပ်ကို ဖော်ထုတ်ပြီး ပြောရတော့မှာပဲ။ အတင်းဖွတ်မိုတ်ပြီး နှုတ်ပိတ်၍ နေနိုင်တော့မှာ မဟုတ်ပေဘူး။ ငါ့အထင်က ဖြင့် ဦးစွာပထမ ငါနှင့် တွေ့မြင်စကပင် ချစ်သွေးဝင်သော မျက်စိနှင့် တစ်ချက်လောက် ငါ့ကို စောင်းကြည့်သည်ဟု အထင် ရောက်နေသောကြောင့် ပိယံဝဒ မေးမြန်းချက်ကို ဘယ်လိုများ ဖြေလိမ့်မည်ဆိုတာ ငါဖြင့် တယ်သိချင်နေတာပဲ၊ သူရဿတီစောင့်တဲ့ နှုတ်ခမ်းကလေးကို ဖွင့်ပြီး ကြုံးရင့်မြွက်ကြားလိုက်ပါလော့။

ဟူ၍ တစ်ကိုယ်တည်း ကြံစည် ငြီးတွားလေ၏။

ထို့နောက် သကုန္တလာမင်းသမီးက–

'မပြောလျှင်မပြီး မတီးလျှင်မမည်' ဆိုတဲ့အတိုင်း ဖွင့်၍ မပြောဘဲနေလျှင် ကြာလေလေ စိတ်မအေး။ နှလုံးအိမ်ဆွေးဖို့သာ ရှိတော့သည်။ အရှက်နှင့် အသက်၊ ထိုနှစ်ချက်မှာ အရှက်ကို မငဲ့ဘဲ အသက်ကို ငဲ့ရတော့မှာဘဲ။

ဟူ၍ ကြံစည်ပြီးလျှင်–

အို–ပိယံဝဒနှင့် အနသူယတို့ မနေသာအောင် မေးမြန်းသဖြင့် စခန်းရှိသမျှ ပြောကြားရတော့မည်။ မိန်းမတို့သိန်အသံရေနှင့် ဣန္ဒြေမဲ့တယ်လို့လဲ အပြစ်မတင်ကြပါနှင့်။ ကျွန်မတို့ ပျော်နေရာ ဝနာတခို ဤမြိုင်ညိုစခန်း ကျောင်းသခ်မ်းသို့ လှဆန်းသော အသွင်ကလေးနှင့် ယဉ်ကျေးသော မင်းသားမြတ်ကို တပ်အပ်ထင်ထင် မြင်လျှင်မြင်ခြင်းပဲ...

(ဤသို့ပြောဆိုရင်း စကားမဆုံးမီ ရှေ့သို့ ဆက်လက်၍ ပြောကြားရန် ရှက်ကြောက်ဟန်နှင့် ဣန္ဒြေထားပြီးလျှင် စကားကို ရပ်ဆိုင်းလိုက်လေ၏။)

ထိုမင်းသမီး၏ စကားစကို ကြားရာ ဒုသျှန္တမင်းသားသည် ကြက်သီးများ ဖြန်းခနဲ ထတဲ့၍ ထမည်လို ထိုင်မည်လို၊ တလှုပ်ရှားရှား ဖြစ်နေပြီးလျှင် "အလဲ... ယခု ဆင်တဲ့ မိုးရိပ်ကဖြင့် ငါ့ထိပ်ပေါ်သို့ ရွာချမယ့် လက္ခဏာ"ဟူ၍ ဆိုလေ၏။

အထိန်းတော်နှစ်ယောက်တို့က–

ဘာယ်နယ်။ ဆင်ပြောင်ကြီး အမြီးကျမှ တစ်၍ မနေပါနှင့်၊ ပို့မယ်ပို့ ကူးတို့ရောက်အောင် ပို့ပါ ဆိုတဲ့အတိုင်း ရှေ့သို့သာ ဆက်လက်၍ ပြောပါ။ ဘာမျှ ရှက်ကြောက်စရာ မရှိပါဘူး။

ဟူ၍တိုက်တွန်းကြလေ၏။ သကုန္တလာမင်းသမီးက ဆက်လက်၍ ပြောသည်မှာ–

ဟိုအခါတုန်းကစပြီး ကျွန်မ၏ ချစ်မေတ္တာသည် မင်းသားကလေးအပေါ်မှာ စွဲမြဲလျက် မပြောင်းလွဲ၍ မရနိုင်အောင်ဖြစ်နေပါသည်။ မေတ္တာ

WWW.DHAMMARANSI.COM



တည်းဟူသော ဆင်ဆိုးက ချွန်းမိုး၍မရအောင် မုန်ကျသောင်းကြမ်း၍ နေပါသည်။ သို့ဖြစ်သည့် တွက်တာကြောင့် ချစ်ရောဂါ စိတ္တဇ မီးပြင်းကာ ထပြီး ကျွန်မ ကြဲလို ညှိုးနွမ်းရပါသည်။

ဟူ၍ မြွက်ဆိုပြောကြားပြီးလျှင် အရက်အားကြီးလှသည်နှင့် မျက်နှာကို မပြဘဲ ပန်းမွေ့ရာထက်မှာ လျောင်းစက် လဲခွေကာ နေလေ၏။ ရတ်တရက် အနုသူယက ထ၍ ပြောသည်မှာ–

အဲ ယခုမှပဲ၊ ငုံနေတဲ့ ပန်းကလေးဟာ မွေးကြိုင်စွာ ပွင့်တော့သည်။ သခင်မကဲ့သို့ ကျက်သရေ မြင့်မြတ်၍ ဂုဏ်ဒြပ်ကြီးမားသော မိန်းမများတို့၏ ချစ်မေတ္တာသည် ထိုမိန်းမမြတ်တို့နှင့်သာ သင့်လျော်သော ယောကျ်ားမြတ်များအပေါ်၌ ကျရောက်လေသည်မှာ လွန်စွာ သင့်မြတ်လှပါသည်။ သခင်မ၏ ချစ်မေတ္တာသည် ဘုန်းသမ္ဘာ ကြီးရင့်၍ ကုသိုလ်ကံမြင့်လှပေသည်။

ဟူ၍ ဆိုလေ၏။ ထို့နောက် ပိယံဝဒက–

အို– ဤမျှလောက် သာယာ ကြည်လင်သော မြစ်နဒီသည် သမုဒ္ဒရာဆီသို့ မသက်ဆင်းဘဲ အင်းအိုင်ထဲသို့ စီးဝင်ခြင်းငှာ သင့်လျော်ပါမလား။ ဤမျှလောက် ထွန်းပသော လစန်းယာဉ်သည် ကောင်းကင်မှာ မတည်ဘဲ ပထဝီမြေကြီးသို့ သက်ပါမည်လော။

ဟူ၍ ဆက်လက်ကာ ပြောဆိုလေ၏။

ထိုအခါ– မြတ်လေးချုံအောက်မှာ ပုန်းလျှိုး၍နေသော မင်းသားက တိုးတိုးသာသာ ပြောသော စကားကို သန့်သန့်ကြားရသည်နှင့် အားရ ဝမ်းသာ စကြာရတနာကို ရသည့်အလား ချစ်သွေးနှင့် ဖျားမလို စကားမဆိုနိုင်အောင် ဝမ်းသာလုံး တက်သော်လည်း နှုတ်မြွက်၍ ဟလိုက်သည်မှာ–

မနေနိုင် မထိုင်နိုင် ဗျာလိုင်သည့် အချစ်သွေးနှင့် တရေးရေး သိချင်နေတဲ့အချက်ကို သူ့နှုတ်က မြွက်လေပြီ။ ငါလဲပဲ စိတ္တဇရောဂါနှင့် အလွန်တရာ သွေးတက်နေသည်မှာ သူ့တွက်တာကြောင့်ပင် ဖြစ်လေသည်။ ယခုအခါ ငါ့ရောဂါကို သူ့မေတ္တာက ကုသသဖြင့် အေးမြ ချမ်းသာခွင့်ကို ရလေပြီ။ ပူရှိန်ထန်ပြင်း နေမင်း ဒေါင်းဖလ် အစွမ်းသန်သော ဂိမ္ဟန်သမယ နွေကာလတွင် ဝဋ္ဋာဟဘွေတောင်မှာ တိမ်တောင်တိမ်လိပ်တို့က တရိပ်ရိပ်တက်လာ၍ အလင်းရောင်ဝါကို ကွယ်ကာ ဟန့်တားသော်လဲ ထိုမိုးတိမ်များကပင် ကမ္ဘာသား ကမ္ဘာသူတို့ကို မပူအောင် ကွယ်ကာလေသည်။ အို– ငါ၏ အချစ်သွေး ရင်ဝကို ခိုက်ပြီ။ ကတိုက်ကရိုက် မတိုးစမ်းပါနှင့်၊ ခေတ္တဆိုင်းလင့်၍ နားထောင်စမ်းပါရစေ။

ဟူ၍ မြွက်ဆိုလေ၏။

သကုဏ္ဍလမင်းသမီးက ထပ်၍ ပြောပြန်သည်မှာ

မိတ်ဆွေတို့၊ ကျွန်မ၏စကားကို အပြစ်များ မတင်ကြပါလျှင် ကျွန်မကို ကူပင့်ကြပါ။ မင်းသားကလေး၏မျက်စိထဲမှာ ကျွန်မကိုစွဲပြီး ပနက်သည်းအချစ် စိုက်ရအောင် ဖြစ်ထိုက်သမျှ ဉာဏ်ထုတ်ကြစမ်းပါဦး။

ဟူ၍ ဆိုရာ ဒုဿန္တမင်းသားက–

'မရိုက်ခင်က ငိုနှင့်သည်။ မလိုက်ခင်က ကြိုနှင့်သည်' ဆိုတဲ့အတိုင်း သည်လို မပြောခင်ကပင် ခွဲမရ ခွာမရ။ ပနက်သည်းချသည်ထက် အဆ တစ်သိန်းလောက် ပိုပြီး အလိုလို ချစ်သွေး တက်လှပါသည်။ ယခုလို သူ တောင်းပန်တဲ့ စကားကို ထောက်လိုက်တော့ ဘယ်နည်းနှင့်မှ ငါကြောက်စရာ မရှိတော့ဘူး။ အို ဖူးစာနတ် ကျွန်ုပ်နှင့် တံဆိပ်ခပ်ထားတဲ့ အချစ်ပန်းကိုဖြင့် ရွှင်လန်းစွာ ပန်ဆင်ရတော့မှာပဲ။ ဪ… ယခုလို ချုံပုတ်ကြားမှာ ဝတ်တွားကာ နေရပေမယ့် တယ်ပြီး စည်းစိမ်ရှိပါကလားကရို့၊ ရိပ်ထီးဖြူ ကနက်ဘွေမှာ ကျက်သရေရှိစွာ စံစားရသည့်ထက် အားတက်ပြီး ဝမ်းမြောက်လှပါကလား။

ဟူ၍ တစ်ယောက်တည်း ပြောဆိုလေ၏။

WWW.DHAMMARANSI.COM



ထို့နောက် ပိယံဝဒက အနုသူယသို့ လှမ်း၍ ပြောသည်မှာ–

ဘယ့်နှယ်မိတ်ဆွေ၊ သခင်မရောဂါကို သင့်လျော်စွာ ဆေးကုရမယ့် ဓာတ်စာက များစွာ ခက်နေပါကလား။ ရှင်လဲပဲ တတ်နိုင်သမျှ ဉာဏ်ထုတ်စမ်းပါဦး။ ရောဂါကဖြင့် ကြာကြာ ဆိုင်းလို့ အရေးလုပ်မပေါ် အတော်ကြီး သဲနေပြီ။

ဟု ဆိုရာ အနုသူယက–

သူ့ရောဂါကို မြန်စွာ ဓာတ်ပေးရန်အတွက်နှင့် ဖုံးဖိက်ကွယ်ကာ ထားဖို့ဖြင့် ဘယ်လို ကြံစည်ဉာဏ်ထုတ်ရမည်လို့ ရုတ်တရက် မတတ်နိုင်အောင် ရှိတော့တာပဲ။

ဟု ပြန်ပြောလေ၏။ ဒသျှန္တမင်းသားက–

သူ့ရောဂါကို ဆေးလျှင်စွာ ပျောက်အောင် ကုသရမည့်ဓာတ်စာကတော့ များစွာ မဝေးပါဘူး။ အနီးကလေးမှာ အသင့်ရှိနေတာပါပဲ။ ဓာတ်စာအတွက်ကြောင့် ဈေးတက်မှာလဲ မဟုတ်ပါဘူး။

ဟု တစ်ကိုယ်တည်း ပြောလေ၏။ ပိယံဝဒက–

အို– သူ့ရောဂါကို ကျွန်မတို့မှတစ်ပါး ဘယ်သူမှ မသိရအောင် ထိမ်ဝှက်ဖို့တော့ လွယ်ပါရဲ့။ သို့ရာတွင် သခင်မသဘောဆန္ဒအတိုင်း မြန်မြန်ဓာတ်စာရဖို့ဖြင့် မတတ်နိုင်အောင် ခဲယဉ်းနေတာပဲ။

ဟု ပြောရာ အနုသူယက–

ဘယ်ကြောင့် ခက်ရမလဲ၊ လူကြံလျှင် ခံနိုင်ရိုးလား၊ ကျွန်မအမှန် ပြောရလျှင် ရှင်ဘုရင်ကလေးကလဲ တိပ်တင်သခင်မကလေးကို မြင်လျှင်မြင်ခြင်းပဲ မေတ္တာစိတ်ပြင်းလို့ထင့် ပွင့်လင်းတဲ့ စက္ခုနှင့် ချစ်ခင်ဟန် ရှုလိုက်သည်။ သည့်ပြင် တစ်ချက် ယခုလေးငါးရက်အတွင်းမှာပဲ လမင်းကို ရာဟုဖမ်းသည်နှယ် မချမ်းမသာသော ရုပ်ရေနှင့် တလိန်လိန် တခွေခွေ ညှိုးနွမ်း၍ နေသည်ကို ထောက်လိုက်တော့ သခင်မကလေးအတွက်နှင့် စိတ်လက်ချမ်းသာပုံမရဘူး ပိယံဝဒရဲ့။

ဟု ပြောလေသော် ဒသျှန္တမင်းသားက

တွေးပုံများကဖြင့် မှန်ပါပေ့၊ ဟုတ်ပါရဲ့။ ဒီအတိုင်းပါပဲ။

ဟု တစ်ယောက်တည်း ထောက်ခံပြောဆိုလေ၏။ ပိယံဝဒက အသံကျယ်စွာနှင့် ပြောသည်မှာ–

အဲ ကျွန်မဖြင့် အကြံရပြီအနုသူယရေ့၊ မေတ္တာစာ တစ်စောင်ရေးပြီး ပျံ့မွှေးတဲ့ ပုဏ္ဏရိက်ကြာပန်းထဲမှာ ထည့်၍ ကျွန်မကိုယ်တိုင် ဘုရင်ပျိုကလေးလက်သို့ ပန်းတော်ဆက်သွားရလျှင် မသင့်လျော်ဘူးလား။

ဟု ဝမ်းမြောက်ဝမ်းသာပြောသည်တွင် အနုသူယက–

တယ်အဖိုးတန်တဲ့အကြံပါပဲ၊ ကျွန်မဖြင့် အလွန်သဘောကျပါသည်။ သို့ရာတွင် သခင်မဘုရားက ဘယ်လိုများ အမိန့်တော်ရှိဦးမည် မသိရသေးဘူး။

ဟု ထောက်ခံပြောဆိုသည်တွင် သကုန္တလာ မင်းသမီးကလေးက–

မပြုခင် အလျှင် တင်ကူး၍ နှိုင်းချိန်ရမတဲ့၊ ရှင်တို့အကြံအစည်အတိုင်း အကွက်ကျ၍ ထမြောက်အောင်မြင်လျှင် ကောင်းပါရဲ့။ နောင်မည်သို့ဖြစ်မည်ဆိုတာကိုလဲ ချင့်စာ တွေးတောသင့်ပါသေးသည်။ ကျွန်မ ခေတ္တစဉ်းစားပါရစေဦး။

ဟူ၍ ဆိုပြီးလျှင် တစ်ခဏ မှိုင်တွေကာ အကြံထုတ်လေ၏။ ပိယံဝဒက–

သခင်မ သဘောကျတဲ့အတိုင်းသာ စဉ်းစား၍ မိန့်တော်မူပါ။ စာရေးဖို့ ဝန်တာမှာတော့ ကျွန်မအတွက် ရှိပါစေတော့၊ မိကောင်းဖခင်တို့၏ သားသမီးများသဖွယ် တင့်တယ် သိမ်မွေ့တဲ့ အချက်နှင့် ဣန္ဒြေမပျက်ပြားရအောင် ကလေးကလား မဖြစ်ဖို့ကိုသာ ဆင်ခြင်တော်မူပါ။

ဟူ၍ လျှောက်ထားလေသည်တွင် သကုန္တလာ မင်းသမီးက–

မှန်ပါတယ်၊ ရှင့်စကားအတိုင်း ကျွန်မ စဉ်းစားလိုက်ပါမည်။ သို့ရာတွင် ကျွန်မ၏ မေတ္တာစာ

WWW.DHAMMARANSI.COM



သဝဏ် ရွက်မြလွှာကို ပယ်ရှားကာ လှန်လိုက်မှ ဖြင့် လူ့နိုင်ငံလောကဓာတ်မှာ ပြောစမှတ် တစ်ထုံးတွင်၍ နောင်အစဉ် ရှက်ရမည့် အရေးကို တွေးပြီး စိုးရိမ်လှသည်။

ဟူ၍ ညည်းညူကာ ပြောဆိုလေ၏။

ဒုဿန္တမင်းသားက တစ်ကိုယ်ကြား ပြောသည်မှာ–

အို–စိုးရိမ်ကြောင့်ကြ စိတ်သောကများလှသော မိန်းကလေး၊ မင့်မေတ္တာစာ သဝဏ်လွှာကို ပယ်မှာ ကြောက်ရသေးသလား။ သည်ကလူမှာ ဖြင့် မင့်ရုပ်သွင်ကို မြင်ရရုံကလေးနှင့် ရှုပ်ထွေးတဲ့ ဤချုံကြားမှာ ထသွားရမလို ထိုင်နေရမလို စိတ်တဖိုဖိုနှင့် ငိုချင်ရယ်ချင် ဖြစ်နေပါပကော။ သည်နေရာအချက်မှာတော့ သက်သက်မင်းက စိုးရိမ်ဖို့ မရှိပါ။ ကျွန်ုပ်ကသာ စိုးရိမ်ရမည့်အရေး ဖြစ်ပါသည်။ မင်းက ပယ်လိုက်မည့် အရေးကိုသာ တွေးပြီး ကျွန်ုပ်က ကြောက်ရမည့် အချက်ပါ။ 'မြင်းကမလှုပ် ခုံတိုင်လှုပ်' ဆိုတာလို မလုပ်ပါနှင့်၊ သိကြားသွေ့ ဗြဟ္မာဖျက်သော်လဲ ဘယ်တော့မှ အချစ်မပျက်မဲ့သူဟာ သည်မှာ ရပ်လျက် အသင့်ရှိနေပါသည်။ အလှနေနွယ် နတ်ပျိုမယ်ကလေးရဲ့၊ မင်းနှင့်သာ အချစ်ပြိုင်၍ ကံနှစ်ဆိုင်အတူ ဖွင့်ရလျှင် မင်းပြင်ဖြင့် တစ်မျက်နှာကို ဘယ်ခါမျှ ကြည်မဲ့သူ မဟုတ်ပါဘူး။

ဟူ၍ မြွက်ဆိုလေ၏။ အနသူယက ပြောသည်မှာ–

အို သခင်မကလေး၊ ထိပ်တင်၏ မြင့်မြတ်သော ဂုဏ်သိန်များကို သခင်မဘုရားကိုယ်တိုင် နှိမ့်ချ၍ နေလေပြီ။ အထင်တော် သည့်လောက်မသေးပါနှင့်။ လှပယဉ်ကျေးခြင်းနှင့် ပြည့်စုံ၍ ဂုဏ်ဒြပ်ကြီးလှသော သခင်မကလေးကို စဉ်းစားဆင်ခြင်ဉာဏ်မျက်စိ အမြင်ရှိခဲ့လျှင် မည်သည့်လူမျိုးက ငြင်းပယ်နိုင်ပါ့မလဲ။ ဥပမာ– ဂိမ္ဟန္တအခါ လွန်စွာ နေရှိန်ပြင်းသည့်ကာလ ညဥ့်အချိန်သမယတွင် တာရာများသနင်း ငွေလမင်းသာ၍နေရာ မည်သူက ထီးနှင့် မိုးကာပါမည်လဲ။

ဟူ၍ ဆိုရာ သကုန္တလာမင်းသမီးက ပြုံးရယ်၍–

အဲ– ပြောပြတဲ့ ဥပမာကဖြင့် လွန်စွာ သင့်တင့်ပါပေရဲ့၊ ကျွန်မလဲ မေတ္တာစာစီကုံး ရေးသားရန် ကြံစည်ဉာဏ်ထုတ်နေပါသည်။

ဟု ဆိုပြီးလျှင် ဆိုင်းလင့်ကာ စဉ်းစား၍ နေပြန်လေ၏။ ဒုဿန္တမင်းသားက–

ဤမိန်းကလေးက မေတ္တာစာနှင့် ကဗျာဂီတများ ရေးသားရန် စဉ်းစားနေတဲ့ အခိုက်အခါ ငါလဲပဲ မျက်တောင်မျှမခတ်၊ ကိုယ်ရှိန်ကို သတ်ပြီး ချစ်ခင်ဖွယ်ရာ မျက်နှာချိုအေးလှသော လက်ာဆရာမကလေးကို ငေးပြီး ကြည့်နေရန် ဖြစ်တော့သည်။ သူ့ပုံပန်းများကို အကဲခတ်ရလျှင် သူ့စိတ်ဓာတ်အားလုံးကို မေတ္တာရှိန် အုပ်ဖုံးသောကြောင့် ခပ်ပြုံးပြုံးအနေကလေးနှင့် မေတ္တာသွေးပုံအသွင်က တစ်ကိုယ်လုံးပင် ပေါ်ထင်၍ နေရှာလေပြီ။

ဟူ၍ တစ်ကိုယ်ချင်း မြွက်ဆိုလေ၏။ ထို့နောက် သကုန္တလာမင်းသမီးက–

ကျွန်မဖြင့် တေးထပ်ကလေးတစ်ပုဒ်ကို ဉာဏ်ထုတ်၍ ရေးသားရန် ဉာဏ်ထဲမှ စဉ်းစားမိလေပြီ။ သို့သော်လဲ ကျွန်မတို့မှာရေးသားရန် ကိရိယာဆို၍ ဘာမျှမရှိဘဲ နေပါသေးကလား။

ဟူ၍ ဆိုလေသော် ပိယံဝဒက–

သခင်မ ရေးသားချင်သော တေးထပ်ကိုသာ ပထမ ကြားရပါစေ။ ထို့နောက် ရေးသားရန် အတွက်မှာတော့ မခဲခက်လှပါ။ ကြာဖက်နုနုပေါ်မှာ ကောင်းမွန် ထင်ရှားစွာ လက်သည်းအားဖြင့် ရေးသား၍ ပေးပါမည်။ ဤကဲ့သို့ ရေးသားပြီးစီးသောအခါ လွယ်ကူစွာ ခွေလိပ်၍ ပုဏ္ဏရိက်ကြာပွင့်မှာ အဆင့်သင့် ထည့်သွင်း၍ ဆက်သနိုင်ပါလိမ့်မည်။ သခင်မ တေးထပ်ကိုသာ ရွတ်ဖတ်၍ မိန့်ဆိုတော်မူစမ်းပါ။

ဟူ၍ တိုက်တွန်းပြောဆိုရာ သကုန္တလာမင်းသမီးက အောက်၌ပါသော တေးထပ်ကဗျာကို သာယာစွာ ကျူးရင့် ရွတ်ဆိုလေသတည်း။

WWW.DHAMMARANSI.COM



## တေးထပ်

ခိုသူကို ရှင် သနားစေဘို့၊ ခင်တပါး ခတာ တင် စုလျားသပါမယ်။ မြလွှာတော်ရွှေကိုယ့်။ သခင့် စိတ် ရွှေဘဝင်ကို တမေခင် သိစမ်းချင်လို့။ မေတ္တာပွင့် စနွံ့နံ့ကို ပန်-မပန်မည်သို့။ ကံနှစ်ကံ ကြည်ညိုဖို့ မှီခိုတဲ့-တင့်တင်။ ကျော့တမေ သည်တစ်ဦးမှာဖြင့် ရည်စူးလို့ တမ်းတမျှော်အင်။ နေနှင့် ညဥ့်ခေတ် အစဉ်မှာ အချစ်ပင် မွေးရလို့၊ နွေးလှပေ့် နှလုံးအိမ်။ အေးမြမငြိမ်။ ဥပါဒါန် ရမ္မက်ရှိန်ငယ် စက်ရဝိန်နေ ညှဉ်းသို့လေ။

သကုဏ္ဍာလ မင်းသမီးကလေးက မ-သံပေး၍ ဤကဗျာတေးထပ်ကို ရွတ်ဆိုကျူးရင့်လိုက်သော အခါ မြတ်လေးချုံပုတ်ထဲမှာ နေသော ဒုဿန္တ မင်းသားသည် စိတ်များကိုချုပ်တည်း၍ မထားနိုင်ဘဲ စိတ်သွားရာ ကိုယ်ပါပြီးလျှင် လျင်မြန်စွာ ချုံပုတ် တွင်းမှ ထွက်၍ အောက်၌ ပါသော တေးထပ်ကို ဖို-သံပေးကာ သာယာစွာ ရွတ်ဆိုလေသတည်း။

## တေးထပ်

မြဥက္ကာတိန်ပန်းသို့ ဝတိန်နန်းဟန်မူ၊ စိန် တစ်သန်း တန်သူရယ်၊ ကံနှစ်ဆူပြိုင်စို့၊ ကမ္ဘာပေါင်း တစ်သိန်းကြေစေ၊ ကိန်းသေသေမြဲချင်ရဲ့ ပျို့။ ခင့် ပြင်ဖြင့် တစ်မျက်နှာ မမက်ပါကရို့၊ ထက်ဝဠာ တခို့က ယဉ်နကိုယ့်ရုပ်ရေ။ နတ်ကညာ အချော့ ဖမ်းပေမယ့် ကတော့ပန်းပေးလို့ ရှောင်သွေ။ မင့်တွက် နှင့် ရဟာက်တွေမှာ။ သက်မသေကျန်ရတော့။ ယမန် က မောင့်အပူ။ မီးမြိုက်သို့ဆူ၊ ချစ်ပန်းပွင့် စန္ဒကူလို ပန်ယူမည် စိုးပါနှင့်လေး။ ။

ဒုဿန္တမင်းသားသည် ဘွားခနဲ ပန်းချုံထဲက သီချင်းတုန့်ပြန်လှန်ကာ သီဆို၍ ထွက်လာသည်ကို မြင်လေသောအခါ အထိန်းတော် အနသူယက ရုတ် တရက် အံ့အားသင့်စွာ ကြည့်ရှုပြီးလျှင် နေရာမှ ထပြီးကာ ဝမ်းသာကြည်နူး အထူး အရိုအသေပေး လျက် ခရီးဦးကြိုဆိုပြီးမှ သကုဏ္ဍာလမင်းသမီးဘက် သို့ လှည့်၍ မျက်နှာထား ခပ်ပြုံးပြုံးနှင့်-

ကျွန်မတို့ မိတ်ဆွေ သခင်မကလေးဖြင့် စိတ် အေးပြီး အလို ပြည့်ရှာတော့မှာပဲ။

ဟုဆိုလေရာ ပိယံဝဒက-

ဩော် သူနာသဲသန်ခိုက်မှာ ဓာတ်စာ ဆိုက် ရောက်လာပါပကော။

ဟူ၍ တုန့်ပြန် ပြောဆိုလိုက်လေ၏။

(ထိုအခါ သကုဏ္ဍာလ မင်းသမီးကလေးသည် မိမိ မြွက်လိုက်မိသော စကားအတွက် အရှက်ဖျား တက်မလောက် ရှက်ကြောက်ဖိုလှိုက် ဖောရွေး တစ် ပြိုက်ပြိုက်ကျပြီးလျှင် ထသွားမည်ကဲ့သို့ ပြုလေ၏။)

ဒုဿန္တမင်းသားက

အလှထိပ်ပန်း မြတစ်သန်းထိုက် ထိးနန်းကြိုက် ကလေးရယ်။ သင့် ခြေလက် အင်္ဂါများကို အလကား ဒုက္ခပေးပြီး ထပြေးတော့မလို မလုပ် ပါနှင့်တော့။ ပန်းခင်းသည့် ကျောက်ဖျာထက်မှာ လျောင်းစက်၍နေသော သင့်ကိုယ်ကာယများနှင့် အားဖြင့် ဖိထား၍ ပိပြားနေသော ကြာစွယ် လက်ကောက်၊ ကြာစွယ်ခြေကျင်းများကို ဝတ် ဆင်ထားသည့် သင့်ခြေလက်များကို လှုပ်ရှား အောင် ပြုလုပ်ခြင်းငှာ မထိုက်ပါပေ။ ယခုအခါ သူရိန္ဒာ သနင်း ရှင်နေမင်းကလဲ ပူပြင်းစွာ တန်ခိုးကွန့်တာနှင့် လွန့်ပြီး ထလိုက်မှဖြင့် မူး မိုက်ခါ နှလုံးဆွေးပြီး နုံးငေ့သွားမည်အရာကို လွန်စွာ စိုးရိမ်လှပါသည်။

ဟူ၍ ခပ်လှမ်းလှမ်းက ပြောကြားလိုက်လေ၏။

WWW.DHAMMARANSI.COM



ထိုအခါ သကုဏ္ဍလ မင်းသမီးကလေးမှာ ချစ်သွေးတစ်ကိုယ်လုံး တက်နေသောကြောင့် နှုတ်ဆက်ရတော့မလိုလို စိတ်က ဖြစ်ပေါ်လာသည်နှင့် ဒုသျှန္တမင်းသားကို ရည်စူးပြီး ကိုယ်တစ်ဦးတည်း တိုးတိုးသာသာနှင့်–

အို– ကျွန်မအသက် ဆွဲဘရက်ဒါလီ မဟာဆီကလေး၊ ရှင့်မှာ ဤမျှလောက် ဒုက္ခခံ၍ ကျွန်မထံ လာရောက်ရာရသည့်အခင်းကြောင့် မောပန်းခြင်းများကို ဖြေဖျောက်ရန် ခေတ္တစံစား နားနေပါလှည့်ဦးတော့လား။

ဟူ၍ ဆိုလိုက်လေ၏။ မင်းသားလည်း အနီးအပါးသို့ ဆိုက်ရောက်၍ ရပ်နေခိုက်တွင် အနသူယက

အို– ထိပ်တင်သခင်မကလေး၊ သခင်မ စံမြန်းတဲ့ ကျောက်နန်း ကျောက်သလွန် တစ်ဘက်စွန်းမှာ အလွန် ချစ်ခင်ဖွယ်ကောင်းသည့် ဧည့်သည်ကလေးအတွက် တစ်ကွက်လောက် နေရာဖယ်၍ ပေးသင့်ပါသည်။

ဟူ၍ ဆိုရာ သကုဏ္ဍလမင်းသမီးသည် စကားတစ်ခွန်းမျှ တုန့်ပြန် ပြောဆိုခြင်း မပြုဘဲ မိမိကိုယ်ကို နောက်သို့ ဆုတ်ခြင်းအားဖြင့် အနည်းငယ်မျှ နေရာ ရွှေ့ပေးလိုက်လေ၏။

ဒုသျှန္တမင်းသားသည် ပန်းခင်းသော ကျောက်သလွန်ထက်မှာ သကုဏ္ဍလ မင်းသမီးကလေးနှင့် အတူ ထိုင်နေ၍ မင်းသမီးထံသို့ မျက်နှာမလှည့်ဘဲ ပြုံးသောမျက်နှာဖြင့် ပိယံဝဒဆီသို့ လှည့်၍

အို ပိယံဝဒ၊ သင်တို့ထိပ်တင် ချစ်ပန်းပင်ကလေးမှာ ယခင်က ဖျားတဲ့ရောဂါများ တော်တော် မသက်သာသေးဘူးလား။

ဟူ၍ မေးမြန်းလိုက်ရာ ပိယံဝဒက သံကုဏ္ဍလ မင်းသမီး၏ မျက်နှာကို ခပ်ပြုံးပြုံးကြည့်၍

ယခုချက်ချင်းပဲ သခင်မရောဂါကို ပျောက်ကင်းအောင် ကုသတတ်သည့် ဆေးမင်းကြီး အသင့်ဆိုက်ရောက်နေတာနှင့် မကြာမီပင် ကင်းစင်ချမ်းသာလိမ့်မည်ဟု သဘောရပါသည်။ သို့သော် အရှင်မင်းမြတ်၊ အကျွန်ုပ်အား အရှင်နှစ်ပါးတို့က သနားသဖြင့် အခွင့်ပေးပါလျှင် စကားအနည်းငယ်မျှ လျှောက်တင်ပါရစေ။

ဟု ဆိုလေ၏။

ဒုသျှန္တမင်းသားက–

အဖိုးထိုက်တန် ချေင်လိမ်မာသော အို– ပိယံဝဒ၊ ပြောလိုသည့် အချက်ချက်ကို မထိန်မဝှက်ဘဲ ပြောပါလော။

ဟု မိန့်ဆိုရာ–

ရွှေနားပန်ဆင်တော်မူပါဘုရား။ ကျွန်မတို့ ပျော်မွေ့ရာ တောကွေ့မြိုင်ခြေ ဂနိုင်ဘွေမှာ ထိတ်လန့်စေတတ်သည့် ဘေးများကို အရှင်ဘုရား ကြွလာတော်မူခြင်းအားဖြင့် ပျောက်ကင်းအောင် ဆောင်ရွက်တော်မူပေသည့် အရေးမှာ ကျေးဇူးဆပ်၍ မကုန်နိုင်အောင် ရှိပါတော့သည်။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ ဒုသျှန္တမင်းသားက–

အို– ဘယ့်နှယ် ယခုလို နေစဉ်အခိုက်မှာ သည်လို စကားအရီးတွေကို လိုက်ပြောပြီး စကားကြော ရှည်မနေပါစေနှင့်တော့။ ယခု နေကြပုံနှင့် သင့်လျော်အောင် ဖြေဖျော်တဲ့ စကားဆန်းကလေးများကိုသာ လျှောက်ကြားစမ်းပါ။

ဟု မိန့်ဆိုရာ ပိယံဝဒက

သည်လို အရှင်မြတ် ကြားတော်မူလိုတာဖြင့် လျှောက်ထားရပါတော့မည်။ ကျွန်မတို့ ထိပ်ပန်လှသက်နံ့ကလေးသည် မြိုင်ယံသေလာ မြေဝနာတွင် ရှေးဦးစွာ ပထမ အရှင်မင်းမြတ်နှင့် တွေ့သည်ကစပြီး လွမ်းတပူဆွေး ရမ္မက်ဟုန် အချစ်သွေးကြောင့် ဆေးမတွေ့နိုင်အောင် ပူလောင် ညှိုးကြုံခြင်း ဖြစ်နေရှာပါသည်။ ယခုအခါ အရှင်မြတ် ကြွလာတော်မူခြင်းအားဖြင့် ထိပ်ထားကလေး၏ အဖိုးတန်သော အသက်ကို မပျောက်မပျက်ရအောင် ကယ်ဆယ်ခြင်း ဖြစ်ပေ

WWW.DHAMMARANSI.COM



သည်။ သခင်မကလေးဘုရားမှာ ရွှေအားတော် ညှိုးခွေ ပျော့ပျောင်း၍ နေသည့်အခိုက် အရှင်ဘုရား ဆိုက်ရောက်လာသည်မှာ ပွင့်ကာနီး ပန်းငုံသည် နေဟုံကြောင့် ရှိန္ဓမ်းရာ မိုးဖြန်း၍ နှင်းကူ အေးမြသည့်ဓာတ်ကိုယူပြီး ကြည်ဖြူနှစ်သက်စဖွယ် တင့်တင့်တယ်တယ် ပွင့်လာခြင်းကဲ့သို့ ဖြစ်ပါပေသည်။

ဟူ၍ လျှောက်ထားလေ၏ ။

ထိုအခါ ဒုသျှန္တမင်းသားက မိမိဖြစ်ပုံကိုလည်း ပြောကြားလိုသောကြောင့်

အို– ချစ်ဆွေပိယံဝဒ၊ ကျွန်ုပ်တို့နှစ်ဦးမှာ မေတ္တာထုံးရည်တူ ဖူးစာနတ် ကြည်ဖြူသောကြောင့် "သူ၏မေတ္တာ ဓာတ်ငွေ့ဖြာက ကိုယ့်မှာတဆင့် မေတ္တာပွင့်၏" ဟူ၍ ဆိုသောစကားအတိုင်း ဤသကုဏ္တလမင်းသမီးကလေးကို ရှေးဦးမဆွတွေ့စဉ်တုန်းကာလကပင် ဟဒယနှလုံးအိမ်ကို အချစ်ဆေးစိမ်၍ ထားသည့်ပမာ အလွန်တရာ မေတ္တာကြီးမားလှသော ထီးနန်း စည်းစိမ်ကိုမျှ သတိမရ။ ရမ္မက်ဟုန်စိတ္တဇဖြင့် နေ့ညမျှော်တမ်းပြီး ယောင်ယမ်း လွမ်းဆွတ်လျက်သာ ရှိနေရတော့သည်။ ယခုအခါ ပန်းဖြန့်တဲ့ ဤကျောက်ဖျာမှာ တစ်နေရာတည်း အတူစံ၍ နေသည့်အတွက် ကျွန်ုပ်၏ အသက်ကိုလည်း ချမ်းသာကွက် ဖော်၍ပေးလို့ အေးမြချမ်းမြေ့စွာ ရှိရလေတော့သည်။

ဟူ၍ မြွက်ဆိုရာ သကုဏ္တလမင်းသမီးကလေးက ထိုစကားကိုကြားလျှင် အားတက်ရှင်လန်း ရေတွေ့သော ကြာပန်းကဲ့သို့ စိတ်ချမ်းသာလှသောကြောင့် ယခုလိုတွေ့ဆုံရသည်မှာ သူလဲအလွန်တရာနှစ်သက်အားရပါသည်ဟု ပြောလိုသော လက္ခဏာ မိန်းမအမူအရာဖြင့် ပရိယာယ်ရှောင်၍ ပြောလိုက်သည်မှာ–

အို– ပိယံဝဒနှင့် အနသူယတို့၊ ကျက်သရေဂုဏ် လုံးစုံဖြိုးမြင့် တန်ခိုးတင့်၍ မြေပြင့်သနင်းဘုရင်မင်းကို အတင်းဆွဲဆောင်ကာ ဘယ်တွက်ကြောင့် သင်တို့ လက်ခံထားကြပါသနည်း။ ဘုရင်တို့မေ့တော တာရှည်စွာ တိုင်းတော် ပြည်တော်က ခွာ၍ နေနိုင်တာမျိုး မဟုတ်ဘူး။ ထီးနန်းကျက်သရေ ခြွေရွှေများမြောင် သောင်းခြောက်ထောင်မက လှပဖြူဖွေး ထီးသွေးနန်းသွေးတက်၍ စုံမက်ချစ်ခင်ဖွယ် ကောင်းလှသည့် မိဖုရား မောင်းမ အပေါင်းတို့အတွက် စိတ်လက်မသာ ပူဆာလွမ်းတခြင်းဖြစ်၍ နေရှာတော်မူပေလိမ့်မည်။ တော၌ကြီးပွားသော ရှင်တို့ကျွန်မတို့လိုသူများနှင့် စကားကြာရှည်စွာ ပြောတော်မူချင်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍ စကားဖြင့် သွေးဆောင်၍ မထားကြပါနှင့်။ ကြွသွားတော်မူလိုက မြန်မြန်ကြွတော်မူပါစေတော့။

ဟူ၍ သာယာချေင်စွာ ပြောဆိုလေ၏။

ဒုသျှန္တမင်းသားက ထိုစကားကိုကြားရာ ဘွားခနဲ အသည်းဖိုပြီး–

အို– ဘယ်လို မိန့်တော်မူရတာလဲ၊ အမှန်ကိုပြောရမှာဖြင့် ကျွန်ုပ်၏ စိတ်နှလုံးက မင်းကိုသာ အချစ်ဆုံး ဖြစ်ပါသည်။ မင်းမှတပါး တခြားအရေးယူဖို့ရာ ဘယ်အရာတစ်ခုမျှမရှိပါ။ ထီးသောနန်းသော တိုင်းပြည်သောနှင့် လာပြီးကျွန်ုပ်ကို မပြောပါနှင့်တော့။ အကျွန်ုပ်၏ စိုးရိမ် ကြောင့်ကြစရာမှာ မင့်စိတ်နှလုံးတစ်ခုတည်းသာ ရှိပါသည်။ မျက်မှောင်ကျုံ၍ စိတ်ဆိုးသော အမူအရာနှင့် မင်းမျက်နှာကို မြင်ရသောအခါ ကျွန်ုပ်၏စိတ်နှလုံးတည်းဟူသော တိုင်းပြည်သည် မကြည် မှုံးနှော၍ တိမ်းမှောက်လဲပြိုလုမတတ် ဖြစ်ပါသည်။ ပိယဝါစာ ချိုသာအေးမြသော မင့်စကားနှင့် တိမ်ကြားက ထွက်လာသည့် စန္ဒရာလဝန်းအသွင် ကြည်လင်သောမင့်မျက်နှာကလေးများကို တွေ့မြင် ကြားသိရပါလျှင် ကျွန်ုပ်၏စိတ်နှလုံးတည်းဟူသော တိုင်းပြည်သည် စည်ပင်ဝပြော၍ အတောမသတ်နိုင်

WWW.DHAMMARANSI.COM



အောင် သာယာလုပါသည်။ ချစ်ခြင်းမေတ္တာ တဏှာတည်းဟူသော မြားထိ၍ မချိမဆန့် ဖြစ်၍နေသော ကျွန်ုပ်ကို ညိုပုပ်သော မျက်နှာ၊ မသာသော စကားတို့ဖြင့် ထိပ်ထားကလေးက ကြည့်ရှုပြောကြားလိုက်ပါလျှင် ကျွန်ုပ်မှာ နေသာ ခွင့်မရဘဲ စိတ်ဒုက္ခဖိစီး၍ သေပွဲကြီး ဖွင့်တာနှင့် အတူတူပင် ဖြစ်ရပါလိမ့်မည်။

ဟူ၍ မင်းသမီးဘက်သို့ လှည့်ကာ ယုယစွာ ပြောဆိုပြီးလျှင် အောက်၌ ပါသော တေးထပ်ကိုလည်း ချော့မော့ရန် ရွတ်ဆိုလိုက်လေ၏။

## တေးထပ်

ညှိုးမာန်တော် ကူမဆင့်ပါနှင့် ကြူသဇင် မိတ်နွှယ်၊ ဖြူပလ္လင့်ရိပ်လယ်မှာ စိတ်မပြယ်ခလေ့၊ ညာနှင်းလို ရွှေသန်းလယ်တွင် ရေဖြန်းမယ် ဘုန်းနှင့်တမေ့၊ ကြာကွန့်တဲ့ သဥ္ဇာမှာ မင်္ဂလာရေဝ့၊ အကြင်နာကလေ့နှင့် တမွေ့မွေ့ပေါင်းမယ်၊ စိတ် နှမ်းအောင်–ညိုဘက်မသုံးပါနှင့် ချိုမျက်လုံး ဆေး နှင့်ခင်ဆွယ်။ မုန်းဟန်နှင့် တမေရွယ်လျှင် သေစဖွယ် မင့်မောင်ညှိုးရလိမ့်၊ နတ်မျိုးရဲ့ လှသူဇာ၊ မင်းက ညာတာ။ သနားပ တစ်ပါးကလျာငယ် စကား သာယာ ရွှေခွန်းဆင်လို့လေး။ ။

ထိုအခါ အနုသူယက ပြုံး၍ ပြောသည်မှာ–

ပလ္လင်ရှစ်ဆင့် ဖြူဝန်းမြင့်သည့် နန်းမြင့်ဦးခိုင် စောဘုန်းလှိုင်ဘုရား။ မင်းညီမင်းသား ဘုရင်များမှာ မိဖုရားမောင်းမ တစ်သောင်းမက ရံသန်းလျက် ထီးနန်းစည်းစိမ် ယစ်မူးတော်မူတတ်သည်ဟု ကျွန်မတို့ ကြားရဖူးပါသည်။ ထီးဖွားနန်းဖွား၊ လုပတ္တမြားတို့က စကားနှင့် ကုန်းတိုက်မှုဖြင့် လေခုတ်တိုင်း နွဲ့ပါးသော ပန်းပြားပင်နှင့် အသွင်တူပြီ။ ကုန်းစကားကို ယုံတော်မူမှုဖြင့် ကျွန်မတို့ သခင်မကလေးမှာ နန်းရေးထီးမှုကိုလဲ မသိ၊ ကျေးကျွန်ရင်းချာလဲ အများမရှိသည်နှင့် အတိဒုက္ခ ဆင်းရဲတွင်းသို့ ပူပြင်းစွာ ကျပြီး သောကနှင့် ပျက်ပြုန်းအသက်တော်ဆုံးရှုံးမည်ကို စိတ်နှလုံးက တွေးမိတိုင်း ပူပန်မိပါသည်။ သို့ဖြစ်ပါ၍ သက်လျာထိပ်တင် ကျွန်မတို့လုသဇင်ကလေးကို ဘဝတွင်မပစ်ပယ် တိုး၍သာ အချစ်ကြွယ်ဝ၍ အစစ်တကယ်မေတ္တာများများနှင့် လက်ျာစံထားမည်ဆိုတဲ့ သစ္စာကို ခိုင်မြဲစွာ ပြုသင့်လှပါသည်ဘုရား။

ဟူ၍ လျှောက်ထားလေ၏။ ဒုသျှန္တမင်းသားက–

အို– သည့်လောက် စကားများများ ပြောနေဖို့ မရှိပါ။ ကျွန်ုပ်၏သဘောသွားကိုလဲ သိပြီးသား ဖြစ်ကြပါလိမ့်မည်။

ကျွန်ုပ်၏ ထီးတော်နန်းတော်မှာ ကညာ သိန်းသောင်း ရံရွေပေါင်းများစွာ ရှိသော်လဲ မည်သည့်သူကိုမျှ ဂရုစိုက်ပြီး မေတ္တာဖြင့် သိမ်းပိုက်မည် မဟုတ်ပါ။ ကျွန်ုပ် အရေးယူရမည့်အရာမှာ သမုဒ္ဒရာ ပတ်လည်ဝိုင်း၍နေသော ကျွန်ုပ်တိုင်းပြည် မြေကြီးနှင့် သင်တို့၏ ထိပ်ထား သကုန္တလာ မင်းသမီးကလေးတစ်ပါးသာ ဖြစ်ပါသည်။ ကျွန်ုပ်၏ ချစ်မေတ္တာများကို မည်သူ့အားမျှ ခွဲဝေ၍ ပေးနိုင်မည် မဟုတ်ပါ။ သူကလေးမှတစ်ပါး အခြားတစ်မျက်နှာဘက်ကို ငဲ့ကွက်ပြီး ကြည့်ဖို့စိတ်မကူးပါဘူး။

ဟု မိန့်လေသောအခါ အနုသူယနှင့် ပိယံဝဒ နှစ်ယောက်စလုံးတို့က ပြုံးရွှင်သောမျက်နှာနှင့်–

သည်အတိုင်း မှန်ပါလျှင် ကျွန်မတို့ စိုးရိမ်စရာ ကင်းရှင်းပါပြီ။

ဟူ၍ လျှောက်ထားကြလေ၏။

(သကုန္တလာမင်းသမီးကလည်း ဒုသျှန္တမင်းသား၏စကားကို ကြားလေရာ များစွာနှစ်သက် ပီတိဟုန်လှိုင်းတက်ပြီးလျှင် ရှက်သလို ကြောက်သလို ပြုံးချိုရွှင်လန်းသော မျက်နှာနှင့် မိန်းမအမူအရာကို ဆောင်သော်လည်း ဣန္ဒြေမရနိုင်အောင်ပင် ရှိလေ၏။)

WWW.DHAMMARANSI.COM



ထိုအခါ သကုဏ္ဍလမင်းသမီး၏ အမူအရာကို ကြည့်၍ ပိယံဝဒက အနသူယသို့ လှမ်း၍ ပြောလိုက်သည်မှာ–

မိတ်ဆွေ– ကြည့်စမ်းပါ။ ကျွန်မတို့ ထိပ်ထားကလေးမှာ နွေဥတုအတွင်း နေပူညှဉ်း၍ ထားသော ပန်းပင်ကလေးသည် အအေးဓာတ်ကို မျှော်နေသည့်အခိုက် မိုးပြိုက်ပြိုက် ကျဆွေ၍ တောင်လေကလေးများ တိုက်ခတ်သောအခါ တဖြည်းဖြည်း လန်း၍လာသကဲ့သို့ ကျန်းမာတော်မူသည့် ပုံပန်းကလေးကို ရှု၍ မခန်းနိုင်အောင်ပဲ ရှိတော့သည်။

ဟု ဆိုရာ အနသူယက–

တိမ်ညို တိမ်ပုပ်တို့ဖြင့် ဖုံးအုပ်နေတဲ့ လစန်းယုန်ကို လေဟုန် တိုက်လွင့်သဖြင့် တစ်ဆင့်တစ်ဆင့် တိမ်လွင့်၍ သွားရာ တစ်စတစ်စ အရောင်သာဘိသကဲ့သို့ သခင်မကလေး၏ မျက်နှာသည်လည်း မက်တဏှာ တိမ်အရေးကြောင့် မှိန်မှေးမှေး ရှိ၍နေရာ ယခုအခါမှာတော့ သူ့အာသာဆန္ဒ ပြည့်စုံလုနီးလှ၍ အပုံကြီး ကြည်သာ၍လာသည်မှာ မိန်းမတို့ ဓမ္မတာအတိုင်းပါပေပဲ။

ဟူ၍ ထောက်ခံပြောဆိုလေ၏။

သကုဏ္ဍလ မင်းသမီးသည် ယခင်က ဒုသျန္တမင်းသား မိမိအနီးအပါးမှာ ရှိနေသည်ဟု မထင်မှတ်ဘဲ မိမိရွတ်ဖတ်လိုက်မိသော တေးထပ်ကလေးအတွက် မိန်းမဣန္ဒြေ ပျက်လှသည်ဟု တွေးမိတိုင်း ရှက်သည်နှင့် ထိုအရှက်ကို ပြေပျောက်စေခြင်းငှာ အထိန်းတော်များဘက်သို့ လှည့်၍–

မိတ်ဆွေတို့၊ ကျွန်မစိတ်ထဲက ပါသည်မဟုတ်ဘဲ အပေါ်ရိကသက်သက် မဆိုလိုဘဲလျက် မြွက်ဆိုလိုက်မိသော ကျွန်မ၏စကားများတွင် အပြစ်မြင်ကြပါလျှင် ရှင်တို့က အရေးမပြုဘဲ လျစ်လျူရှု၍ ခွင့်လွှတ်ကြပါ။ ကျွန်မသည် စကားပရိယာယ် ကျီစယ် ပြောင်လှောင်ကာ ပြောလေ့ရှိသည့်အတိုင်း အထိန်းတော်များ ပျော်ပါးရွှင်မြူးပါစေတော့ဟု သဘောထားပြီးအလကား သီဆိုလိုက်သော သီချင်းမျှသာ ဖြစ်ပါသည်။

ဟူ၍ ဆိုလေရာ ပိယံဝဒက–

သခင်မ သဘောထားကတော့ အပျက်တချော်အားဖြင့် ဆိုလိုက်သည် ဖြစ်ပါစေတော့။ ကျွန်မတို့ကဖြင့် အဟုတ်သဘော ရိုးရိုးနှင့် မိန့်ဆိုတော်မူသည်ဟု မှတ်ယူသဘော ပိုက်ထားပါသည်။ သို့ရာတွင် ကျွန်မတို့အတွက်ဖြင့် ရှက်ဖွယ်မရှိပါဘူး။ သခင်မ အချစ်ဆုံး ပြုံးနေတဲ့ ဟိုမင်းသားကိုသာ အကြောင်းကြား၍ ခွင့်တောင်းပါတော့။ ကျွန်မတို့နှင့် မသက်ဆိုင်ပါ။ မင်းသားကလေးနှင့်သာ သက်ဆိုင်ပါသည်။ သူက အခွင့်ပေးလျှင်လဲ အရေးပြီးစီးတော့တာပ။

ဟူ၍ လွှဲဖယ်ကာ ပြောဆိုလေ၏။

ထိုအခါ သကုဏ္ဍလ မင်းသမီးက ရှက်ကြောက်သော အမူအရာနှင့် ဒုသျန္တမင်းသားသို့ လှမ်း၍ ပြောလိုက်သည်မှာ–

ဘုန်းတော်ဟုန် ကမ္ဘာတုန်အောင် ရာဇဂုဏ်ကြီးမားတော်မူလှပေသော အရှင်မြတ်။ ကျွန်မသည် သခင်ဘုရား၏ မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ၊ အလွန်အကျူး အထူးပြောဆိုမိသည့်စကားကို သနားသဖြင့် ခွင့်လွှတ်တော်မူပါ။ အရေးယူတော်မမူပါနှင့်။

ဟူ၍ တောင်းပန်ပြီးလျှင် အထိန်းတော်များဘက်သို့ လှည့်၍–

ရှင်တို့ကလဲ ကျွန်မဘက်က ကူပြီး ကြည်ဖြူစွာ ခွင့်လွှတ်ရန် တောင်းပန်လျှောက်တင်၍ ပေးကြပါဦး။

ဟူ၍ ကန့်ကယ ပြောဆိုလေ၏။ထိုအခါ ဒုသျန္တမင်းသားက ပြုံး၍–

သိမ်မွေ့ ယဉ်ကျေး ကျွန်ုပ်အသက်ကို ပေးပြီးအရေးကုန် အချစ်အပ်လျှက် ကျွန်ုပ်စိတ်ဓာတ်ကို အုပ်ခြုံ၍ အလှဂုဏ် မြင့်မြတ်လှပေသော အို–

WWW.DHAMMARANSI.COM



သကုဏ္ဏာလနတ်ဆွေ ကျော့တမေ။ အသင် လျှောင်းစက်၍နေသော ပန်းမျိုးစုံဖြူးထားသည့် ထူးဆန်းတဲ့ ကျောက်နန်းပေါ်မှာ လှသော်မော် ညာနန်းဆွေက အပန်းဖြေဖို့ရန်အရေး ကျွန်ုပ် လျှောင်းစက်သာအောင် နေရာကလေးတစ်ကွက် လောက် ရွှေ့ပေးပြီး ကြည်အေးချမ်းသာ သင့် အနားမှာ နေဖို့ အခွင့်ပြုပါလျှင် ယခုတင်က အသင် ရွတ်ဆိုမိတဲ့ သီချင်းကဗျာကို ဝမ်းမြောက် စွာ အကျွန်ုပ် ခွင့်လွှတ်လိုက်ပါမည်။

ဟူ၍ ပြောဆိုလေ၏။ ပိယဝံ့ဒက ထောက်၍ ပြော သည်မှာ–

မိန့်တော်မူတဲ့အတိုင်း သင့်မြတ်လှပါသည်။ နေရာရွှေ့ပေးရန်အတွက် နှောင့်ယှက် ကုတ်ကပ် ၍ မနေပါနှင့်။ ရွှေ့သာရွှေ့လိုက်ပါ။ ပေးသူကို စိတ်ချမ်းသာအောင် ပြုလုပ်ခြင်းအားဖြင့် သခင်မ လဲ စိတ်ချမ်းသာခွင့်ကို ရပါလိမ့်မည်။

ဟူ၍ ဆိုရာ သကုဏ္ဏာလ မင်းသမီးက စိတ်ဆိုးဟန် လက္ခဏာ မျက်နှာခပ်ထားထားနှင့်–

ရှင် တိတ်တိတ်နေပါ။ ကမ္ဘာမီးလောင်၍နေရာ ဆီမီးစာက ဝင်၍ တောက်သလို စိတ်နောက် အောင် ဝင်ပြီး မပြောချင်ပါနှင့်။ ရှင်ဟာ သူ များကို မကောင်း ကြံစည်တတ်တဲ့ မိန်းမပဲ။ ကျွန်မမှာ အလွန်တရာ ညှိုးခွေရိန္နမ်း စိတ် မချမ်းသာဘဲ ဖြစ်နေစဉ်အခိုက်တွင် ယခုလို အပြောင်အလှောင် တိုက်ဖို့ သင့်ပါကလား။

ဟူ၍ ခပ်တင်းတင်း ပြောဆိုလေ၏။

ထိုအခါ အနုသူယက တောတွင်းသို့ ကြည့်၍ ပြောသည်။

အို– ချစ်ဆွေ ပိယံဝဒ၊ ကြည့်စမ်း။ ဟောဟိုမှာ ကျွန်မတို့ မွေးထားသော သမင်ပျိုကလေး တစ်ကောင် တောင်လှည့် မြောက်လှည့် ဟိုကြည့် သည်ကြည့်နေသည်မှာ ဘာများကို ရှာနေသည် မသိ။ အပေါင်းအသင်းနှင့် ကွဲကွာ၍ တောတွင်း သို့ အစာရှာသွားတဲ့ သူ့မိခင်ကို တွေ့ချင်သည့် စိတ်ဇောနှင့် တမောမော တပမ်းပမ်း ယောင် ယမ်း ခုန်ပေါက်ပြီး ဟိုလျှောက် သည်လျှောက် ရှာဖွေနေဟန် လက္ခဏာတူပါရဲ့။ ကျွန်မ သွား၍ သမင်ပျိုကလေးကို ဖမ်းထားလိုက်ရဦးမည်။

ဆို၍ ရုတ်တရက် ထွက်သွားရာ ပိယံဝဒကလည်း–

အို သမင်ပျိုကလေးနှယ် ပြေးသွားပုံ မြန်လှ ချည်ရဲ့။ တစ်ယောက်တည်း အစွမ်းနှင့် ဖမ်းလို့ ရနိုင်ဖို့ အကြောင်းမဟုတ်။ ကျွန်ုပ်လဲ လိုက်ခဲ့ မည်။

ဆိုပြီး နှစ်ယောက်စလုံး ထွက်သွားကြလေ၏။

သကုဏ္ဏာလမင်းသမီးက ကြောက်လန့်တကြား နှင့်

အို– ဘယ်နှယ်လုပ်ကြတာလဲ။ ရှင့်တို့ နှစ် ယောက်စလုံး ထွက်သွားသည့်အတွက် ကျွန်မ အလွန် အနေခက်ပါသည်။ ရှင်တို့က ကျွန်မ တစ်ယောက်တည်း ချန်ထားခဲ့ကြတော့မလား။

ဟူ၍ ဆိုရာ အထိန်းတော်များက–

ဘယ်နှယ့် သခင်မ တစ်ယောက်တည်း ဟုတ်ပါ ရိုးလား။ ကမ္ဘာကို ပိုင်သ၍ ဘုန်းတေဇများ ဖြင်သော ရှင်ဘုရင်တစ်ပါး သခင်မအနားမှာ ရှိပါသေးကော။

ဟု ပြုံးရယ်ကာ ပြောဆိုကြပြီးလျှင် အတင်း ထွက် သွားကြလေ၏။

ထိုအခါ ဒုဿန္တ မင်းသားက ယုယစွာ ချော့မော့ ပြောဆိုသည်မှာ–

ဣန္ဒြေ ယွင်းကွက် စိတ်ထားတော် မပျက်ပါနှင့် ကျွန်ုပ်အသက်ကလေး၊ သင့်မိတ်ဆွေများ ရှိစဉ် တုန်းကပင် သင့်အပေါ်မှာ အောက်ကြို့ခံ၍ ကျွန်ုပ် ပြောဆိုခဲ့သည် မဟုတ်ပါလား။ သင့် အထိန်းတော်များ ပြုလုပ်တဲ့ ဝတ္တရားအတိုင်း ကျွန်ုပ်ကလဲ သင်၏ ပင်ပန်းနွမ်းခြင်းများမှ ကင်းဝေးလေအောင် ကြာရွက်များနှင့် ယပ်လေ အေးအေး၊ ဘယ်မှာ ခတ်၍ မပေးဘဲ နေပါမလဲ။

(ဟူ၍ ဆိုပြီး အနားမှာရှိသော ကြာဖက်ကို လှမ်းယူ၍ သကုဏ္ဏာလမင်းသမီးကို ယပ်ခပ်လေ၏။)

WWW.DHAMMARANSI.COM



သင့်အထိန်းတော်များက သင်၏ ခြေဖဝါးနနုမှာ သွေးခြည်များ ဥနေသည်ကို ယုယုယယ နှိပ်နယ်၍ ပေးကြသည့်ပမာ ကျွန်ုပ်ကလဲ ပဒုမ္မာကြာပန်းအသွေး ထွေးထွေးနီးမြန်း ဝါဂွမ်းကဲ့သို့ နူးညံ့သော ခြေဖဝါးကလေးများကို ကျွန်ုပ်ပေါင်ပေါ်မှာ တင်၍ နာကျင်ခြင်း သက်သာအောင် အဘယ်မှာ ဆုပ်နယ်၍မပေးဘဲ နေပါမလဲ။

ဟူ၍ ဆိုပြီးလျှင် မင်းသမီး၏ နူးညံ့နီမြန်း၊ ကြာနီပန်းနှင့်တူသော ခြေဖဝါးကို လက်ဖြင့် ဆုပ်နယ်လေ၏။

ထိုသို့ မင်းသမီးအနားသို့ ချဉ်းကပ်၍ နီမြန်းသိမ်မွေ့သော ခြေဖဝါးကို ဆုပ်ကိုင်လေရာ လွန်စွာပီတိသောမနဿ ဖြစ်လှသောကြောင့် အောက်၌ပါသော တေးထပ်ဖြင့် သကုဏ္ဍလမင်းသမီးကို ဖွဲ့၍ သီဆို ကျူးရင့်ပြန်လေ၏။

## တေးထပ်

မျက်နှာတော်ပုံကလေးက၊ ယုန်ရဝေ့လသွင်၊ တုံဆွေ့လို ဟဒယရွှင်တယ်။ မထချင်မက်စွဲ။ နှုတ်ခမ်းလက်ဖဝါးလယ်မှာ ပတ္တမြားသဖွယ် သွေး ထွတ်ထွတ်ရဲ။ ကေသွယ်ညွန့် ကျောထုံး နှောင်လျှင်။ ကော့သုံးတောင်ရှည်ဝဲ။ သွား ဒန္တီ အရိုန် ကဲလိုက်တာက စိန်ပုလဲရောင်လို၊ မျက်ခုံးတွင် မှင်မတားပေမဲ့၊ အယဉ်သား ရေးကနဂို၊ ရှုနေရင်း တဆင့်ပျိုတယ်၊ သမင့်လို မျက်လုံးနှင့်။ လက်ရုံးကလေးဆင့် နှာအသွင်ခင့်ရာဇဝင်။ အတွေ့ဓာတ်ကြာနန်းရင်မှာ ဝါဂွမ်းဘုရင်လိုဘဲ ဆိုစို့လေး။ ။

ထိုအခါ သကုဏ္ဍလမင်းသမီးက–

ဘုရာ့ကျွန်မ၏ အရိုအသေကို ခံထိုက်သောအရှင်မြတ်အား ကျွန်မက အခွင့်ပြုလိုက်ပါလျှင် ကျွန်မမှာ များစွာ အပြစ်ရောက်ဖွယ် ရှိပါသည်။ တော်တဲ့အရေးလဲ မဟုတ်သေးပါဘူး။

ဟူ၍ ဆိုပြီးလျှင် မိန်းမအမူအရာဖြင့် စိတ်မပါတပါ ထ၍ တဖြည်းဖြည်း ထွက်သွားလေ၏။

သကုဏ္ဍလမင်းသမီး ထသွားလေရာ ဒုဿန္တမင်းသားက–

အို–သမင်ရိုင်းနှင့် ဆင်ရိုင်းကို ဖမ်းရတာထက် ကညာရိုင်းကို ဖမ်းရတာ ခက်နေပါပြီ။

ဟူ၍ စိတ်ထဲတွင် ကြံစည်ပြီးလျှင် နောက်ထပ်လိုက်သွား၍–

အို– ချစ်နှမ၊ ယခုအခါ သူရိန္ဒာ နေဝန်းကလဲ မွန်းလွဲချိန်သို့မျှ မရောက်သေးပါ။ အလွန်တရာပူပြင်းလှပါသည်။ ပန်းဖြန့်တဲ့ ကျောက်နန်းမှာ အလွန် ညှိုးနွမ်းနေတဲ့ သင့်ကိုယ်ကလေးများကို အလကား နေညှဉ်းမခံပါနှင့်။

ဟူ၍ ဆိုပြီး ဖြည်းညင်းသက်သာ ယုယစွာနှင့် သကုဏ္ဍလ မင်းသမီး၏ လက်ကို ဆွဲကိုင်၍ အထိုင်ခိုင်းလေ၏။

ဒုဿန္တမင်းသားက သကုဏ္ဍလမင်းသမီး၏ ဝတ်လဲအစကိုဆွဲ၍အထိုင်ခိုင်းသောအခါ သကုဏ္ဍလမင်းသမီးက–

လွှတ်ပါ။ အို လွှတ်ပါ။ ကျွန်မ၏ ကိုယ်ကာယကို ကျွန်မပိုင်တာ မဟုတ်ပါဘူး။ မယ်တော်ဂေါတမီ၏ အုပ်ထိန်းခြင်းမှ မကင်းရှင်းသေးပါ။ အရှင်သည် မာတာပီတု ရက္ခိတ မိဘတို့ စောင့်ရှောက် အုပ်ထိန်းထားတဲ့ သမီးကညာများအား တရားမဲ့ အလိုသို့ ပါအောင် မသွေးဆောင်ကောင်းဘူးဆိုတာ အသိသား မဟုတ်ပါလား။ အနသူယနှင့် ပိယံဝဒနှစ်ယောက်တို့ကတော့ ကျွန်မကို စောင့်ရှောက်ရုံ စောင့်ရှောက်တဲ့ အထိန်းတော်များ အဖော်များသာ ဖြစ်ပါသည်။ ကျွန်မကိုယ်ကို ပိုင်ဆိုင်ကြတာ မဟုတ်ကြပေဘူး။ သူတို့နှစ်ယောက်က သဘောတူရုံမျှနှင့်လဲ ကိစ္စပြီးနိုင်မှာ မဟုတ်ချေ။ အလိုလေးတယ် ခက်နေပါပြီ။ ယခုလို အရှင် လက်ရဲပုံနှင့်ဖြင့် ကျွန်မ ဘယ်လိုကြံရမယ်လို့ မသိအောင် ရှိနေတော့တာပဲ။ သခင့်လက်တော်များက တောဖျားသို့ ရောက်တောင်မှ နန်းတော်က အလေ့မပျောက်ဘဲ ရှိလှချည်ရဲ့။

ဟူ၍ ဆိုလေ၏။

WWW.DHAMMARANSI.COM



ဒုဿန္တမင်းသားက စိတ်ပျက်စွာနှင့် ဘေးသို့ လှည့်၍ ပြောသည်မှာ–

သြော် သည်မိန်းကလေးကို စိတ်မအေးဖို့ အချက်။ အနှောင့်အယှက် ပြုလုပ်မိသည့်အရေး ကိုတွေးပြီး ရှက်စရာ ကောင်းလှပါကလား။

ဟုဆိုရာ သကုန္တလာမင်းသမီးက တစ်ကိုယ်တည်း ပြောကြားသော ဒုဿန္တမင်းသား၏ စကားကို ကြား ရာတွင် ချောင်းစွာ ပြန်ပြောလိုက်သည်မှာ–

အနှောင့်အယှက် ပေးသည်ဟု ရှင်ဘုရင်ကလေး ကိုတော့ အပြစ်တင်ဝံ့ပါဘူး။ ကျွန်မ၏ အကြောင်း ရေးကံမကောင်းသည့်အပေါ်မှာသာ စိတ်နာ၍ အပြစ်တင်ပါသည်။

ဟူ၍ ပြောကြားလေ၏။

ထိုအခါ ဒုဿန္တမင်းသားက

အို– ဘယ့်နှယ်ကြောင့် သည့်လောက်ကောင်းတဲ့ ကံပေါ်မှာ အပြစ်တင်၍ နေရပါသလဲ။ ရေး ကံစ ကောင်းသည့်အတွက်ကြောင့် နှစ်သက်ဖွယ် ပပဝင်း၍ လှနေရင်း တိုးလို့လှ။ မြင်နေရတဲ့ အတွင်းမှာ လှပုံခြင်း အထွေထွေ ပြောင်းပြီး အဆတစ်သောင်းလောက်မှ ယဉ်ကျေးအောင် အကျိုးပေးထားတဲ့ ကံသနင်းကို မင်းမို့မှ အပြစ် တင်ပလေတယ်။

ဟူ၍ ဆိုရာ သကုန္တလ မင်းသမီးက–

ဘယ်နှယ်အပြစ်မတင်ဘဲ နေရပါမလဲ။ ကျွန်မ ၏ ရုပ်ရည်ရူပကာယကို လှချင်တိုင်းလှအောင် စီမံကာ အကျိုးပေးထားပြီးတော့ ကျွန်မ ကိုယ်ကို ကျွန်မ အလိုရှိသမျှ ပိုင်ခွင့်မရ ပြုလုပ်ခွင့် မရ တာ ကံဆိုးလို့ မဟုတ်ပါလား။ သည်လို ဆိုးညစ်တဲ့ကံကိုမှ အပြစ်မတင်ရဘူးဆိုလျှင် ဘယ်လိုကံမျိုးကို အပြစ်တင်ရဦးမှာလဲ။

ဟူ၍ ပြန်ပြောလေ၏။

ထို့နောက် ဒုဿန္တမင်းသားက စဉ်းစားကာ တစ်ကိုယ်တည်း ပြောဆိုသည်မှာ–

သြော် မိန်းမသားဆိုတာ တို့ယောကျ်ားများလို မဟုတ်ပေ။ 'မိန်းမတို့ သိန်အသရေ စိန်ကုဋေ ပေး၍မရဘူး' ဆိုတဲ့ စကားအတိုင်း ချစ်ကြိုက်တဲ့ ဥပါဒါန် တစ်ကိုယ်လုံး ဖိတ်လျံ၍ အသည်း အသန် လောင်ဆွေးပြီး ဒုက္ခဘေး ရောက်သော် လည်း သူတို့၏ မေတ္တာအိုးများကို အမျိုးမျိုး ဟန်လုပ်၍ ဝမ်းတွင်းမှာ သိုမြှုပ်၍ ထားနိုင်ကြ ပေသည်။ ငါတို့ယောကျ်ားသားများမှာတော့ မိမိတို့ အချစ်လုံးကို ပိတ်ဖုံး မြိုသိပ်၍ မထားဘဲ စားမရသောက်မမြိန် အချိန်သော ကာလသော တွေးတောနိုင်သည်မရှိ။ မချိအောင် ခွေညှိုးလျက် ရေမိုးမတွေ့သော ကြာပန်းကဲ့သို့ မလန်းနိုင်ဘဲ ရှိနေရတော့သည်။

ဟူ၍ တစ်ကိုယ်တည်း စဉ်းစား၍ ပြောဆိုနေစဉ် သကုန္တလာမင်းသမီးသည် အတင်းရုန်း၍ ထွက်သွား ပြန်လေ၏။

ဒုဿန္တမင်းသားလည်း အံ့အားသင့်စွာနှင့် ပြာရီး ပြာရာလိုက်၍ သကုန္တလာမင်းသမီး၏ ဝတ်လဲ တော်စကို ဆွဲထားပြန်လေ၏။

ထိုအခါ သကုန္တလာမင်းသမီးကလေးက

ပုရုမင်းမျိုး တန်ခိုးထိန်လျှပ် ရှင်မင်းမြတ်၊ အရှင်ဘုရားသည် တဏှာရာဂ တရားတည်း ဟူသော အမိုက်မှောင်တွင်းမှ ရှောင်ကွင်း လွတ်ထွက်နိုင်ရန် အရေး သတိကလေးများ အနည်းငယ်ထား၍ စဉ်းစား ဆင်ခြင်တော် မူစမ်းပါဦး။ ဤချုံပုတ်၏ ပတ်ဝန်းကျင်ဌာန ရှိရှိသမျှသော ချောင်းအသီးသီး၊ မြောင် အသီးသီးတို့မှာ ခိုမှီး ကိန်းအောင်းကာ ယောဂီ အလေ့အလာဖြင့် များစွာသော ရှင်ရသေ့တို့သည် တရားနှင့် ပျော်မွေ့လျက် ရှိနေကြပါသည်။ သူတော်တို့ အလေ့နှင့် ပျော်မွေ့ရာ ဂနိုင်အစွန်း မှာ တဏှာဖြင့် သွေးမွှန်၍ အလွန်ကြီး ဣန္ဒြေ ပျက်ဖို့ မတော်ပါဘူး။

ဟူ၍ ဆိုလေ၏။ ထိုအခါ ဒုဿန္တမင်းသားက–

အို– ကျွန်ုပ်အသက် ကရမက်ဒါရူ ပန်းမဥ္ဇူ ကလေး။ အသင်၏ ထိတ်လန့်စိုးရိမ်နေသည့် အရာမှာ အချည်းနှီးသာ ဖြစ်လေ၏။ မစိုးရိမ်

WWW.DHAMMARANSI.COM



ရမည့် နေရာမှာ ဘာများကို တွေးပြီး အရေးကြီးစွာ ထိတ်လန့်နေရတာလဲ။ တရားမွေ့အရာတွင် လွန်စွာ ပေါက်မြောက် အထွတ်အစွန်းရောက်နေတဲ့ စန္ဒရသေ့ကြီးပင် ဖြစ်စေကာမူ ကျွန်ုပ်တို့ဖူးစာကို မညှာမတာလာပြီး ပျက်ကွက်အောင် ဖျက်ဆီးလိမ့်မည် မဟုတ်ပါ။ ကျမ်းဂန်အစုအစဉ် ရာဇဝင်အမျိုးမျိုးတို့မှာလဲ လောကုတ္တရာသမားလုပ်၍ တရားအားထုတ်နေသောသူများပင် ဖြစ်လင့်ကစား မိမိတို့ သ၁းသမီးများကို ထိမ်းမြားခြင်း မင်္ဂလာ ဃရာဝါသအရေး အိမ်ထောင်ပေးမှုကိစ္စကိုဖြင့် တဆိတ်မျှ ဆီးတားကန့်ကွက်ခြင်းကို ပြုရိုးထုံးစံ မရှိချေ။ ကဲ၊ ဒါနဲ့ ပြောနေကြာတော့မည်။ ယခု မင်း အဆုံးစကား ဘယ်လိုပြောမလဲ။ အို– ယခုထက်တိုင်ဘဲ ခေါင်းမာ၍ နေရသေးသလား။ မင့်စိတ်နှလုံးသားထဲမှာ ကြီးမားသော ကျောက်တိုင်ကြီးကို ထည့်သွင်း၍ ထားလေသလား။ ကိုင်း ဒါဖြင့် ကျွန်ုပ်လဲ ခွာပြီးသွားရတော့မှာပါပဲ။ သူတစ်ပါးက မညှာတာလျှင် အဆတစ်ရာ လောက် စိမ်းကားနိုင်ပါရဲ့။

ဟူ၍ ဟန်လုပ်ကာ မျက်နှာခပ်ထားထားနှင့် ပြောဆိုပြီးလျှင် လေးငါးလှမ်းလောက် နောက်သို့ ဆုတ်သွားပြီး လှည့်ကာ ကြည့်ရှု၍ နေလေ၏။

သကုဏ္ဍလမင်းသမီးလည်း မိန်းမမာယာဖြင့် ဟန်လုပ်ကာ အတန်လောက်ထွက်သွားပြီးမှ တစ်ဖန်ပြန်လှည့်၍ ဒုသျှန္တမင်းသားကို ကြည့်လျက် ပြောကြားသည်မှာ–

တောင်းပန်ပါရစေ ရွှေနန်းရှင်။ ကျွန်မသည် သခင်၏ အလိုသို့ ရတ်တရက် မလိုက်ပါဘဲ ဆုတ်ခွာ ငြင်းပယ်လျက် သခင်နှင့် ခေတ္တခဏမျှ လက်ခံချေထား စကားပြောဆိုပြီး ယခုလို ကျွန်မ ထွက်သွားခြင်းကို အရှင်ဘုရား စိတ်ထားတော် ညိုကွက် အမျက်တော် မထွက်ပါနှင့်။ မလိမ်တမာ တောမှာကြီးပွား နန်းလေ့အမူအရာများကို မသိ။ အမူကြီး မူ၍ နေရှာဘိသည်ဟု ကျွန်မအပေါ်မှာ သဘောပိုက်ပြီး အမိုက်ကလေးဟု မှတ်ထင်တော်မမူပါ။ ဇွဲယူတော် မမူပါနှင့်။ ကျွန်မအပေါ်မှာ မေတ္တာတော် သွေကွက်၍ တစ်သက်မှာအဆုံး အကြင်နာတုံးပြီး လုံးလုံးကြီး မုန်းထားတော်မမူပါနှင့်။

ဟူ၍ ချိုသာကြည်အေးစွာ ခပ်ဝေးဝေးက လှမ်း၍ ပြောလိုက်လေ၏။

ထိုအခါ ဒုသျှန္တမင်းသားက–

အလှနန်းဆန် မြမျက်မှန်ကလေးရဲ့၊ ကမ္ဘာ၏ အစွန်းအဖျားသို့ ဆင်းသွား၍ နေသော်လည်း သင်၏ရုပ်သွင်က ကျွန်ုပ်စိတ်နှလုံးထဲမှာ အမြဲစွဲထင်၍ နေသောကြောင့် မည်သည့် ကာလမျှ ပျောက်ကွယ်မေ့လျော့မည် မဟုတ်ဘဲ တစွဲလမ်းထဲ စွဲလမ်းပြီး တမ်းတအစဉ် ချစ်ခင် မြတ်နိုးလျက် ရှိနေပါမည်ကို ယုံကြည်စိတ်ချတော်မူပါ။

ဟူ၍ ပြန်ပြောလေ၏။

ထို့နောက် သကုဏ္ဍလမင်းသမီးသည် အတန်ဝေးကွာအောင် ထွက်သွားပြီးလျှင် တစ်ကိုယ်တည်း တွေးတော၍ ပြောသည်မှာ–

သြော် သူ၏ထံပါးမှ ဟန်များလုပ်ကာ ထွက်သာထွက်လာရပေမယ့် ခခယယ ပြောဆို တောင်းပန်တဲ့ သူ့အသံကလေးများကို နားထဲမှာ ယခုထက်တိုင်အောင်ပင် ကြား၍ နေရလေသေးသည်။ အမှန်ကို ပြောရမှာဖြင့် သူ့ထံက ခွာ၍ လာရသော်လည်း စိတ်ပါ၍ ထွက်လာရသည် မဟုတ်။ မိန်းမတို့အမူအရာဖြင့် ဟန်ဆောင်ကာ ပြုလုပ်ရတော့တာပဲ။ ခြေ ျုပ် မန္တာန်ဆွဲ၍ ထားသည့်အလား ကျွန်မခြေထောက်ကလေးများကလဲ မကြွချင် မလှမ်းချင် ရှေ့သို့စခန်း မတွင်နိုင်ဘဲ နောက်သို့သာ ပြန်ပြန်ပြီး ဆွဲနေတာပဲ။ အရဲစွန့်ပြီး သွားပ သော်ကောဟု စိတ်ဇောကို တင်းလိုက်ပေမယ့် စွဲလမ်းရင်းလဲ ရှိနေပြန်သည်နှင့် ဟန်လုပ်၍ မရနိုင်အောင်

WWW.DHAMMARANSI.COM



မင်းသားကလေးရှိရာသို့သာ စိတ်တွေက သွေးဆောင်လှချေရဲ့။ သို့ရာတွင် ငါသည် ဤပန်းချုံအောက်က ပုန်းလျှိုးနေပြီး ငါ၏ မျက်ကွယ်မှာ ဘယ်ကဲ့သို့ သူဖြစ်ပျက်ပြောဆိုနေသည်များနှင့် ငါ၏အပေါ်မှာ မေတ္တာပျက်မပျယ် အကယ်စင်စစ် မေတ္တာရှိမရှိကို သိဖို့ရန် အကြောင်းနှင့် ချောင်းမြောင်း၍ ကြည့်ရှုနားထောင်ဦးမည်။

ဟု ဆိုပြီးကာလ 'သေလသိင်္ဂီ' မည်သော ပန်းရုံအောက်သို့ ရုပ်ဖျောက်သွားပြီးလျှင် ပုန်းလျှိုး ချောင်းမြောင်းကာ စည်းစောင်း ကြည့်ရှု နားထောင်လေ၏။

သကုဏ္ဍလ မင်းသမီးကလေးသည် သူ၏ မျက်စိအောက်မှ ပျောက်ကွယ်၍ သွားလေရာ ဒုဿန္တမင်းသားသည် စိတ်ထားခပ်ငယ်ငယ် မျက်စိကလေးက ခပ်လယ်လယ်နှင့် ညာဘယ်ရှေ့နောက် ကြည့်ရှုပြီးလျှင် တစ်ကိုယ်တည်း ငြီးတွားပြောဆိုသည်မှာ

အိုသကုဏ္ဍလ မြသွေးအဆင်းအစိမ်းပင်ကလေး၊ ကျွန်ုပ်က အသဲစွဲ ချစ်ပါလျက်နှင့် သင် ပစ်၍ သွားသည်မှာ အစိမ်းကားလွန်လွန်းလှချေ၏။ သည်ကလူအပေါ်မှာ အကြင်နာနှင့် မေတ္တာကို မသုံးဘဲ လုံးလုံးကြီး မုန်းလေတော့သလား။ 'မချစ်သော်လည်း အောင့်ကာနမ်း။ မနမ်းချင်သော်လည်း ပင့်သက်ရှူ'ဆိုသော စကားကဲ့သို့ စင်စစ်ပင် မချစ်ခင်ငြားသော်လည်း သနားချစ်ကလေးဖြင့် ချစ်သင့်ပါသေးရဲ့။ ချစ်သူကို ထောက်ညှာ၍ ခဏတာကလေးမျှ ဆိုင်း၍ မနေနိုင်ရာတော့ဘူးလား။ ရုပ်ရေရူပကာယ လှပ သန့်ပြန့် အလွန်တရာ နူးညံ့ပါလျက်နှင့် အဆင်းနှင့် အချင်း လိုက်လျောအောင် စိတ်သဘောလဲ နူးညံ့သိမ်မွေ့စရာ ကောင်းသည် မဟုတ်ပါလား။ ယခုတော့ သည်လို မဟုတ်ဘဲ ရုပ်ကသာ မွေ့သိမ်လျက် မနိဗ္ဗေခေါ်တဲ့ စိတ်သဘောများက ညှာဖို့သော တာဖို့သော ဟု မကွက် မာန်မာန တလူလူတက်၍ တယ်ပြီး ကြမ်းတမ်း ခိုင်မာတာကိုး။

ဟူ၍ ငြီးတွားပြီးလျှင် စိတ်ငယ် ဝမ်းနည်းလှသည်နှင့် အောက်၌ပါသော တေးထပ်ကို မသက်မသာသော အသံဖြင့် ရွတ်ဆိုလေသတည်း။

## တေးထပ်

ချစ်တဲ့သူနှလုံးတွန့်စေဖို့ အဆုံးပွန့်ရှယ်ခါ၊ ရန်းလွန့်လို့ ပယ်ခွာတယ် တွယ်တာသူငိုမဲ့၊ နတ်သွေးခင့် ဖနီးသည်ရယ်၊ အနည်းငယ် ညှာသင့်ပါရဲ့၊ သနားစိတ်အမှုဟာ နကညာယဉ်နွဲ့၊ ကရုဏာ ယှဉ်လှဲ့ပ၊ ခင်မင်တဲ့သူကို၊ ရုပ်ရေတော် အပျော့ သားရယ်နှင့် ကြော့တပါး စိတ်ကမချို့ မြိုင်အဆွယ် ဂန္ဓိုင်ညိုမှာ မှိုင်မလို ယောင်ငေးလို့ မောင်ဆွေး ပျို့သကုဏ်၊ သည်းဆတ်ဆတ်တုန်၊ သေလုတဲ့ သွင်ရုပ်ပုံကို ခင်ဥသုံ ရှုစမ်းလှဲ့လေး။

သကုဏ္ဍလမင်းသမီးသည် ညည်းတွားကာ မှိုင်ငေး စိတ်မအေးဖြစ်၍ နေပုံများကို ကြားသိ တွေ့မြင်ရလေသောအခါ အလွန်တရာပင် မေတ္တာစိတ် တိုးတက်လာပြန်သည်နှင့်–

ဩော် သူ့ခမျာမှာတော့ မှန်စွာပင် ငါ့အပေါ်မှာ မေတ္တာရှိရှာတာပါပဲ။ ယခုလို ညည်းတွားနေတဲ့ သူ့အသံကလေးများကို ကြားရပြန်တော့ သူ၏ ထံပါးမှ တစ်ဖဝါးမျှ ခွာသွားရန် မသင့်လျော်သည့် အချက်ကြောင့် တယ်ပြီး ခက်နေပါပြီ။

ဟူ၍ တစ်ယောက်တည်း ညည်းတွားပြောဆိုလေ၏။

ထို့နောက် ဒုဿန္တမင်းသားသည် များစွာ စိတ်ညစ်ညူးသည်နှင့် တစ်ကိုယ်ချင်း ပြောဆိုပြန်သည်မှာ

ယခုတစ်ခါမှ ငါခက်တော့တာပဲ။ လူသူမနီးတဲ့ ဤတောမြိုင်ကြီးထဲမှာ ဘယ့်နှယ် သွားလာ လှည့်လည်ရပါမလဲ။ သည်ကလူ ဖြစ်နေပုံအရေးကို တဆိတ်ကလေးလောက် ကြည့်ရှုတော်မူလှဲ့စမ်းပါ။ ကျွန်ုပ်အသက် ဆွဲဘရက်ကလေး၊ ရှေးဦးအစ ပထမကတော့ သကုဏ္ဍလ ပျိုကညာကို အလိုပါအောင် သွေးဆောင်၍ မိအောင် ဖမ်းနိုင်နိုးနိုးနှင့် မျှော်ကိုးကြံစည်၍ နေရာ၊ ယခု

WWW.DHAMMARANSI.COM



အခါ မေတ္တာမဖက် သူ တမင်ထွက်၍ သွားရက်လေသည့် အရေးကြောင့် တွေးမိတိုင်း အခက်ကြုံတော့သည်။

ဟူ၍ ညည်းတွားပြောဆိုရင်း တောင်မြောက် လေးပါး လှည့်လည်ကာ ကြည့်ရှုရာ ကြာစွယ်လက်ကောက်ကလေးတစ်ဖက်သည် သကုဏ္ဍလမင်းသမီးလက်မှ ကျွတ်၍ ကျနေရစ်သည်ကို မြင်သည်နှင့် အားအင်တက်တိုး စိတ်တစ်မျိုး ရွှင်လန်းပြီး 'အဟမ်းဟမ်း' နှင့် ချောင်းများ ဟန့်ပြီးလျှင်

ဟာ ငါပြန်မသွားသေးတာလဲ ခပ်ကောင်းကောင်းပဲ။ ဟောသည်မှာ ကြည့်စမ်း၊ သူဆင်မြန်းတဲ့ ကြာစွယ်လက်ကောက်ကလေးပါကလား။ အလို အနံ့ကလေးများကလဲ တယ်ပြီး မွှေးကြိုင်တာကိုး၊ သူ့ကိုယ်ကာယနှင့် တွေ့ထိရတာကို ဂန္ဓာရုံပျံ့၍ ရနံ့ကောင်းတဲ့ လက္ခဏာပဲ။ အဖိုးတန်လိုက်လေ၊ အမှန်အားဖြင့် ပြောရလျှင် အလောတကြီး သူရုန်းထွက်၍သွားရာ သူဝတ်တဲ့ ကြာစွယ်လက်ကောက်ဟာ ပြုတ်ကျနေရစ်တာပဲ။ သည်ကြာစွယ်လက်ကောက်ထဲက ငါ့ကိုမထွက်နိုင်အောင် ချည်နှောင်ထားတဲ့ ကြိုးတစ်ဆင့် ဖွဲ့မိပြန်ပါပြီ။

ဟူ၍ ဆိုပြီးလျှင် ဂရုစိုက်ကာ ကြာစွယ်လက်ကောက်ကို ငုံ့၍ ကောက်ယူလေ၏။ ထိုအခါ သကုဏ္ဍလမင်းသမီးသည် မိမိလက်ကောက်ကို မမြင်သည်နှင့်

အင့်ဟင်. . . အစဉ်မပြတ် ငါဝတ်ဆင်ထားသောကြာစွယ်လက်ကောက်သည် အလိုအလျောက်ကျပျောက်၍ နေရစ်ပါပကော။

ဟူ၍ ဆိုလေ၏။

ဒုဿန္တမင်းသားသည် ကြာစွယ်လက်ကောက်ကို မိမိရင်ခွင်မှာ ပိုက်ပွေ့၍ သဘောတွေ့သောလက္ခဏာဖြင့် ကြံစည် စိတ်ကူးကာ ပြောသည်မှာ

အလိုလေး. . . မွှေးကြိုင်တဲ့ ကြာစွယ်လက်ကောက်ကလဲ စိတ်နောက်ရာတွင် သွေးကို ဆွသည့်နှယ် တယ်ပြီး နူးညံ့သိမ်မွေ့၍ အတွေ့ကောင်းပါလား။ သကုဏ္ဍလမင်းသမီး၏ အတွေ့ခံတတ်သည် ကြာစွယ်လက်ကောက်မှာ ငြိကပ်နေပုံ လက္ခဏာပဲ။

အို- သကုဏ္ဍလအလှပန်းခက် ကျုပ်အသက်ကလေး၊ မင့်ကိုယ်တိုင်က မေတ္တာမရှိပေမယ့် မင်းလက်မှာဆင်မြန်းတဲ့ ကြာစွယ်လက်ကောက်ဆန်းကလေးကို ကိုင်တွယ်ရတာနှင့် ဟဒယနှလုံးငြိမ်ပြီး တင်းတိမ်ရောင့်ရဲကာ မင့်မောင်ကြီးမှာဖြင့် လွန်စွာ အားရလှပါပြီ။

ဟူ၍ ဝမ်းမြောက်စွာ ပြောဆိုလေ၏။

ထို့နောက် သကုဏ္ဍလမင်းသမီးသည် စိတ်ကူး၍ တစ်ယောက်တည်း ပြောသည်မှာ-

ဩော် ငါလဲ အခက်ပဲ၊ သူနှင့်ခွဲခွာ၍ ကြာကြာနေနိုင်တာလဲ မဟုတ်ဘူး။ ကြာစွယ် လက်ကောက်ကို အချက်ရှာပြီး သွားဦးမှ စိတ်နှစ်လုံးချမ်းမြေ့တော့မည်။

ဟု ဆိုပြီးလျှင် သေလသီဂိမည်သော ပန်းရုံထဲမှ ထွက်၍ ဖြည်းညင်း သက်သာစွာ ဒုဿန္တမင်းသားထံသို့ ပြန်၍ လာလေ၏။

ဒုဿန္တမင်းသားသည် သကုဏ္ဍလ မင်းသမီးကို မြင်လျှင်မြင်ခြင်း၊ စိတ်နှလုံးတွင်းမှာ အေးမြ၍ ဟဒယကြည်ရွှင်စွာနှင့် ဝမ်းသာသည့်အတွက် မိမိ ကိုယ်ကိုဣန္ဒြေဖြင့် မချုပ်တည်းနိုင်ဘဲ

ဟော. . . ငါ့စိတ်နှလုံး၏သခင် ဘုရင်မဘုရားသကုဏ္ဍလထိပ်ထားသည် ဘွားခနဲ ငါ့မျက်စိအောက်သို့ ပေါ်ပေါက်လာပြန်ပါပကော။ ငါကံစီမံပုံက တစ်မျိုးပါကလား။ ပဌမ ဒုက္ခနှင့်တွေ့ပြီးမှ တရွေ့ရွေ့ ချမ်းသာ အောင် ကောင်းမွန်စွာ လမ်းဖွင့်ပေးမယ့် လက္ခဏာပဲ။ သစ္စာနှင့်ပြည့်စုံသော ရွှေဟသာင်္ဂ မင်းသည် လွန်မင်းစွာရေငတ်နေသည့် အခိုက် သစ္စာကို ပြုလိုက်သဖြင့် မိုးတိမ်တိုက် မည်းမှောင်၍ အေးမြအောင် ရွာသွန်းသော မိုးရေများကို သောက်ရသည့်ပမာ ငါလဲ သစ္စာရှိသူ တစ်ယောက် ဖြစ်သည်နှင့်

WWW.DHAMMARANSI.COM



ချစ်လှတဲ့ အသက်သခင်ကလေးကို တွေ့မြင် ဝမ်းမြောက်ရတာပေပဲ။

ဟူ၍ မြွက်ဆိုလေ၏။

ထိုအခါ သကုဏ္ဍလမင်းသမီးက

ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော သခင်။ ကျွန်မသည် သခ်မ်းကျောင်းဌာန တံခါးဝသို့ မရောက်မီပင် ကျွန်မလက်တွင် ဝတ်ဆင်ထားသော ကြာစွယ်လက်ကောက်သည် အလို အလျောက် လမ်းတွင် ကျပျောက်ရစ်သည်ကို သတိရပြန်သဖြင့် တဖန်ကျွန်မ ပြန်လာရခြင်း ဖြစ်ပါသည်။ အရှင်မြတ်သည် ကျွန်မ လက်ကောက်ကို တွေ့ရှိကောက်ယူ သိမ်းထားလိမ့်မည်ဆိုတာကို မှန်စွာ ကျွန်မသိပါသည်။ ကျွန်မ တောင်းပန်ပါရစေ။ သနားကြင်နာ ကရုဏာ ပင့်ထောက်သဖြင့် ကောက်ယူ သိမ်း ဆည်း၍ ထားသော မြသားအသွေး ကျွန်မ ကြာစွယ်လက် ကလေးကို ပြန်ပေးတော်မူပါ။

အကယ်၍ ကျွန်မလက်တွင် ဝတ်ဆင်ထား လျက်မရှိဘဲ အရှင့်လက်တွင် ရသေ့များ တွေ့ မြင်ပါက ကျွန်မအပေါ်မှာ များစွာ ပြောဆို၍ ကဲ့ရဲ့ သင်္ဂြိုဟ်ခြင်း ပြုကြမည့်အရေးကို တွေးပြီး စိုးရိမ်လှပါသည်။

ဟူ၍ ဆိုရာ ဒုဿန္တ မင်းသားက ပြုံး၍

ဟုတ်ကဲ့။ ကျွန်ုပ်အလိုရှိသော အချက်တစ်ခုကို လိုက်နာပါလျှင် ကြာစွယ်လက်ကောက်ကို ပြန်၍ ပေးမည်။

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ သကုဏ္ဍလ မင်းသမီး က–

အို လက်ကောက်ကို ပြန်မယူဘဲနေတာထက် ယူဘို့ရန် ခက်နေပါပြီ။ ကဲ ရှိပါစေတော့လေ။

ဟု ညည်းညူပြီးလျှင်

အရှင့်သား ဘယ်လိုများအလိုတော် ရှိပါသနည်း။

ဟူ၍ လျှောက်တင်ရာ ဒုဿန္တ မင်းသားက ပြုံး၍

ဟုတ်ကဲ့၊ ကျွန်ုပ် အလိုရှိသော အချက်မှာတော့ အသင့်လက်မှ ပြုတ်ကျနေရစ်သော ကြာစွယ် လက်ကောက်ကို ကျွန်ုပ်ကိုယ်တိုင် နေရာတကျ ပြန်၍ ဝတ်ဆင်ပေးရပါလျှင် သင် အလိုရှိတဲ့ ကြာစွယ်လက်ကောက်ကို ရမှာပဲ။

ဟူ၍ ဆိုလေ၏။

ထိုစကားကို ကြားရာ သကုဏ္ဍလမင်းသမီးက စဉ်းစား ဆင်ခြင်သည်မှာ–

သူ အလိုရှိတဲ့ အချက်ကတော့ လိုက်နာဖို့ရန် အလွန်တရာ ခဲခက်နေတာပဲ။ အခြားနည်းလမ်း နှင့် လွဲဖယ်၍ ပြောသော်လည်း သူသဘောကျ မည် မဟုတ်။ ဟယ် မတတ်နိုင်ပါဘူး။ သူ့ လက်ကောက်ပေးတာကိုပဲ ခံလိုက်ပါတော့မည်

ဟူ၍ ကြံစည်ပြီးလျှင် လက်ကို မြှောက်ပင့်၍ ဒုဿန္တ မင်းသား၏ ထံပါးသို့ ချဉ်းကပ်သွားလေရာ မင်းသား ပရိယာယ်ဉာဏ်ရှာပြီးလျှင်–

သည်နေရာမှာ လက်ကောက်ဝတ်ပေးဖို့ မလျော် သေးပါ။ ဟောဟိုမှာ သာယာနုပျို စိမ်းစိုလှပ သော မေဃံရာဂီမည်သည့် ပန်းပင်အောက် ချောမွေ့တဲ့ ကျောက်ဖျာထက်တွင် ငြိမ်သက်စွာ တို့နှစ်ယောက်အတူ စံမိမှ လျော်ကန်စွာ ဝတ် ဆင်ပေးမည်။

ဟု ဆိုပြီး သကုဏ္ဍလမင်းသမီးလက်ကို ဆွဲကိုင်၍ ပြောသည်မှာ–

အလို တယ်ပြီး နူးညံ့သိမ်မွေ့၍ အတွေ့ကောင်း လှပကလား။ ဤလူ့ပြည်လောကမှာ ဘယ် အရာနှင့်တူသည်ဟု ပုံယူနှိုင်းယှဉ်စရာ မတွေ့ အောင် သိမ်မွေ့နူးညံ့လှချေရဲ့။ အလွန်နူးညံ့သော သူ၏ အတွေ့ဓာတ်သည် ကျွန်ုပ်၏ လက်တွင်း မှာ မရပ်ဘဲ ဘဝင်နှလုံးဆီသို့ ထိခတ်ပြီး တလျှပ်လျှပ် သွေးခုန်လျက်သာ ရှိတော့သည်။

ငါသည် အားပျော့ရှိန္ဓမ်း နေသွေ့တဲ့ ကြာပန်း ကဲ့သို့ ဖြစ်နေရာ သူ့လက်ကလေးကို ကိုင်ရတာ နှင့် များစွာပင် အားတိုး၍ တစ်မျိုးသန်စွမ်းပြီး ကြက်သီးတဖြန်းဖြန်းနှင့် သွေးလမ်းလေလမ်း ဖြောင့်မှန်၍ နေပါကလား။

WWW.DHAMMARANSI.COM



ဤကဲ့သို့ ထွေထွေရာရာ ပြောဆိုနေသောအခါ သကုဏ္ဍလမင်းသမီးသည် ဒုသျှန္တမင်းသား၏ လက်ကို ဖယ်ပြီးလျှင်

အို– အရှင့်သား။ စကားတွေ များပြီး အလကား ကြာမြင့်၍ မနေပါစေနှင့်။ လက်ကောက်ကိုသာ အမြန်ဝတ်ဆင်တော်မူလိုက်ပါ။

ဟု ဆိုလေ၏။

ထိုအခါ ဒုသျှန္တမင်းသားသည် အားရဝမ်းသာစွာနှင့် တစ်ကိုယ်တည်း စဉ်းစားသည်မှာ–

အဲ ယခုမှပဲ ထူးကဲလွန်မြတ်တဲ့ ချမ်းသာကို ရပါတော့ကလား။ သူပြောတဲ့စကားထဲမှာ အရှင့်သားရယ် လို့ ငါ့ကို ခေါ်လိုက်သည်။ စကားရိပ်၏ နိမိတ်လက္ခဏာမှာ အဓိပ္ပာယ် ဘယ်လို ဆိုချင်ပါသလဲဆိုတော့ "အရှင့်သား"ဆိုတာ "ဖခင်သား၊ ခမည်းတော်သား"ခေါ်တာနှင့် အတူတူပဲ။ တိုတိုပြောရမှာဖြင့် ငါ့ကို "မောင်မောင်"လို့ ခေါ်တာ အမှန်ပဲ။

ဟု နက်နက်နဲနဲကြီး တွေးတောပြီးလျှင် သကုဏ္ဍလမင်းသမီးကလေးကို အသံကျယ်စွာနှင့် ပြောလိုက်သည်မှာ–

အို ကျွန်ုပ်အချစ် ကညာစစ် ကျော့ရင် ဂမုန်းပင်ကလေး။ သည်လက်ကောက်ကို ရုတ်တရက် ဝတ်ပေးလိုက်လို့ ရတာ မဟုတ်ဘူး။ ခိုင်မြဲကြပ်ကြပ် နှောင်တစ်ခါ ထပ်၍မကျွတ်ရအောင် အသေအချာ ဝတ်ဆင်၍ ပေးလိုက်ပါ့မယ်။

ဟု ဆိုသောအခါ သကုဏ္ဍလမင်းသမီးက

အရှင့်သား အလိုတော်ရှိတိုင်းပါပဲ။

ဟူ၍ ပြုံးရယ်ကာ ပြောဆိုလေ၏။

ဒုသျှန္တမင်းသားသည် အားရရွှင်လန်းစွာ လက်ကောက်ကို ဝတ်ဆင်၍ ပေးမည်ဟု အားခဲ ပြင်ဆင်၍ နေခိုက်တွင် တောတွင်းက အသံပေး၍ မာလိနီမြစ်နံဘေး တဖြည်းဖြည်း လျှောက်၍လာသော လူသံကို ကြားသောအခါ သကုဏ္ဍလမင်းသမီးသည် တထိတ်ထိတ် တပြာပြာ ကြံရာမရ ဖြစ်နေပြီးလျှင် သူ့ကို အုပ်ထိန်းသော ဂေါတမီ လျှောက်လာသည်ကို သိမြင် ရိပ်မိလေသောကြောင့် ဒုသျှန္တမင်းသားကို တိုးတိုးသာပြောသည်မှာ–

အို– အရှင့်သား။ နီးလုတဲ့အရေးထဲမှာမှ ကျွန်မတို့ ဤသို့ ကြုံလာပြန်ပါပြီ။ ကျွန်မကို အုပ်ထိန်းသော မိခင်ဂေါတမီသည် ကျွန်မဆီသို့ အကြောင်းမေးမြန်း စုံစမ်းကြည့်ရှုရန် လာချေပြီ။ ကျွန်မ တောင်းပန်ပါရစေ။ ဟောဟိုမှာ ယခင်က ကျွန်မ ပုန်းလျှိုးနေတဲ့ သေလသီဂီ ပန်းရုံအောက်မှာ ရုပ်ဖျောက်၍ ပုန်းအောင်းတော်မူပါသခင်။

ဟူ၍ဆိုရာ ဒုသျှန္တမင်းသားက–

ဩော် အကွက်လယ်ခါနီးမှ သည်အမယ်အိုကြီးက ဖျက်ဆီးဖို့ လာရောက်ပြန်ပါပြီ။ ငါ့ဇာတ်ကွက်တစ်ခုလုံးကဖြင့် ပုန်းနေတာနှင့် ပြီးတော့မလိုပဲ။ အို သကုဏ္ဍလ အလှမွေ့သက်သဇင်ခက်ကလေး၊ မင့်အတွက် ဒုက္ခများသော်လဲ ကြံအားကိုဖြင့် မလျှော့သေးပါဘူး။

ဟူ၍ ဆိုပြီးလျှင် ရုတ်တရက် သေလသီဂီ ပန်းရုံအောက်သို့ ရုပ်ဖျောက် ပြေးဝင်ခါ ပုန်းလျှိုး၍ နေလေ၏။

မယ်တော် ဂေါတမီသည် ပရိတ်ပန်းများနှင့် ပရိတ်ရေအိုးကို ကိုင်ဆောင်ပြီးလျှင် သကုဏ္ဍလမင်းသမီးအနားသို့ ချဉ်းကပ်မိလေရာ သကုဏ္ဍလမင်းသမီးကို ဂရုစိုက်၍ ကြည့်ရှုလျက်

အို မိန်းကလေး၊ ဟောသည်မှာ ပရိတ်ရေနှင့် ပရိတ်ပန်းများ။ အို– ဘယ်နှယ့်လဲ ငါ့သမီး လွန်စွာ အရုပ်အဆင်းတွေ ပျက်ပြီး မသက်မသာ မကျန်းမမာ ဖြစ်၍ နေပါကလား။ ရံရွေတော်များလဲ အနားမှာ တစ်ယောက်မျှ မရှိဘဲနှင့် ဘယ်အတွက်ကြောင့် တစ်ကိုယ်တည်း လမ်းလျှောက်၍ နေရပါသလဲ။ ဩော် သမာဒေဝနတ်ကောင်း နတ်မြတ်တို့က စောင့်ကြပ်ပေ၍သာ ငါ့သမီး ချမ်းချမ်းသာသာ ရှိတော့သည်။

ဟူ၍ ဆိုရာသကုဏ္ဍလက

WWW.DHAMMARANSI.COM



မကြာမီကာလကပင် ပိယ်ဝဒနှင့် အနုသူယတို့သည် မာလိနီမြစ်ကမ်းသို့ ကျွန်မအတွက် သောက်တော်ရေ အခပ်သွားကြပါသည်။ တောစောင့်နတ် တောင်စောင့်နတ်တို့ ကောင်းမွန်စွာ စောင့်ကြပ်နေတဲ့ ဤတောအရပ်မှာ တစ်ကိုယ်တည်း နေသော်လည်း စိုးရိမ်ဖွယ်ရာ မရှိပါဘူး မယ်တော်။

ဟူ၍ ချစ်ခင်ဖွယ်ရာသော စကားများနှင့် ပြန်ပြောလေ၏။

ထို့နောက် မယ်တော်ဂေါတမီသည် သကုဏ္တလာမင်းသမီးကို ပရိတ်ရေများနှင့် ယုယစွာ ပက်ဖြန်းပြီးလျှင်

ချစ်သမီး ဘေးဥပါဒ်ရောဂါများ ကောင်းမွန်စွာ သက်သာပါစ။

ဟူ၍ မေးမြန်းလေသော် သကုဏ္တလာ မင်းသမီးက သက်ကြီးဝါရင့် တရားကျင့်လျက် မြင့်မြတ်ရှိသေအပ်ပေသော မယ်တော်ဘုရား။ ပရိတ်ရေ၏ တန်ခိုးကြောင့် ညှိုးနွမ်းအောင် ပြုတတ်တဲ့ ရောဂါဥပါဒ်များမှ အနည်းငယ်သက်သာခွင့် ရပါပြီ။

ဟူ၍ လျှောက်ဆိုလေ၏။

သေလသိဂီပန်းချုံတွင်းမှာ ပုန်းလျှိုး၍နေသော ဒုဿန္တမင်းသားသည် သမီးတော်နှင့် မယ်တော်တို့၏ အမူအရာကို မြင်သည်နှင့် တစ်ကိုယ်တည်း ပြောလိုက်သည်မှာ

ပရိတ်ရေတန်ခိုးကြောင့် ရောဂါဆိုး သက်သာတာ မဟုတ်ဘူး။ ကျွန်ုပ် (ဆရာဝန်) မင်းသားကသည်အနားမှာ ရှိနေလို့ သက်သာတာ အမှန်ပါ။ ကျွန်ုပ်ကိုယ်တိုင်သာ ရေစင် ဖျန်းပေးရလျှင် လန်းခန်း သက်သာပြီး ရတ်တရက် ကျန်းမာမှာ ပါပဲ။

ဟူ၍ ဆိုလေ၏။

ဂေါတမီက သကုဏ္တလာမင်းသမီး၏ လက်ကို ယုယစွာ ကိုင်ဆွဲ၍

ကဲ ဒါဖြင့် ရောဂါအတွက် စိုးရိမ်ဖွယ်ရာ မရှိပါဘူး။ ငါ့သမီး ကျန်းမာချမ်းသာစွာနှင့် အသက်ရာကျော် နေထိုင်ရပါစေ။ သို့သော် ယခုလဲ နေဝင်လုနီးလှပြီ။ တို့သားအမိ နှစ်ယောက် သစ်ရွက်မိုးသော ကျောင်းသင်္ခမ်းသို့ ပြန်သွားကြစို့။

ဟူ၍ ခေါ်ဆောင်လေ၏။

သကုဏ္တလာမင်းသမီးသည် ဖြည်းညင်း သက်သာစွာ ထ၍လိုက်သွားရင်း စဉ်းစားသည်မှာ

ဪ… ငါ့ကဲ့ စိမ့်ပုံကဖြင့် မကြုံဖူးအောင် ခက်ခဲနေပါပြီ။ စည်းစိမ်ချမ်းသာကို ရခါနီး တော့မလိုနှင့် တကယ်ဆိုတော့ လွဲအောင်ပင် စိမ်နိုင်လွန်းတယ်။ "အစိန္တိတံ ပိဘဝတိ စိန္တိတံပိ ဝိနဿတိ" ဆိုတဲ့အတိုင်း မကြံစည်ဘဲနှင့်လဲ ဖြစ်မြောက်၊ အကြံအစည် ပေါက်သော်လဲ လွဲဆိုတာမျိုး တော့လွဲတော့လွဲ ဖြစ်နေပြီး မခံချိမခံသာ အလွန်တရာ အနေခက်နေရချေရဲ့။

ဟူ၍ စဉ်းစားပြီးလျှင် ဒုဿန္တမင်းသား၏ အပါးသို့ သွားကာ မှာထားလိုသည်နှင့် ပရိယာယ်ဉာဏ်ဆင်ပြီးလျှင်–

မယ်တော်ဘုရား။ ဟိုအနား ပွင့်၍နေသော သေလသိဂီ ပန်းရုံကလေးနှယ် တယ်ပြီး ဆန်းကြယ်လှပါကလား။ ကျွန်မ ခေတ္တသွား၍ ကြည့်ရှုပါရစေ။

ဟုဆိုပြီးလျှင် သေလသိဂီပန်းရုံသို့ ကပ်၍ ပရိယာယ်သွယ်ဝိုက်ခါ ပန်းရုံကို ရမယ်ရှာ၍ ဥပမာစကားမျိုးဖြင့် ပြောလိုက်သည်မှာ–

ကျွန်မ၏စိတ်နှလုံးကို ရွှင်ပြုံးအောင် ချော့မြှူတတ်တဲ့ သေလသိဂီပန်းပင်၏ အကိုင်းအခက် အရွက်အပွင့်ကလေးများတို့။ ကျွန်မ ခွာသွားရမည့်အတွက် အလွန်တရာပဲ ခက်၍ နေပါပြီ။ ဖူးခိုင်ညှာခက် ထွေးယှက်အုပ်မိုး၍နေသော ဤသေလသိဂီပန်းရုံအောက်သို့ နောက်တစ်ခေါက် လာဖြစ်အောင် လာခဲ့ပါဦးမည်။

WWW.DHAMMARANSI.COM



ဟူ၍ မင်းသားကို ရည်ရွယ်ကာ ရမယ်ရှာသော စကားဖြင့် ပြောကြားပြီးလျှင် အောက်၌ ပါသော ဥပစာတေးထပ်ကိုလည်း သာယာစွာ ရွတ်ဆို လိုက်လေ၏။

## တေးထပ်

ခက်ညှာငုံအခိုင်သန့်ပေရဲ့။ ကြိုင်ရနံ့ သင်းထုံ မြိုင်အပြန့် အတွင်းရဂုံမှာ အဆင်းစုံခြယ်၍။ ပန်း သေလသီဂီချုံရယ် ချိန်မှီရုံပွင့်တတ်ပါပေ့။ ပန်း ဝတ်ရက် အသုံးခိုတယ်။ ပြဒ်ုးညိုအပြွေ၊ ပြုံးသလို ကလေ့ကြောင့် မရွှေ့ရက်နိုင်ပါပြီ။ ဟိုနောက်နောင်ခါ တခေါက်မှာမှ လာရောက်ဖို့ ချိန်းခဲ့ပါမည်။ ညှိုးရစ်နှင့် သေလာဂီရယ်။ ဒေစာရိုက္ခမမြန်းလေနှင့် ၊ မြပန်းထုံ မှုံမာလာ မြိစံရစ်ပါ။ ရှုနေဆဲမို့ မခွဲသာတယ်။ ပုလဲ ရတနာ မြပန်းချုံရဲ့လေး။ ။

ဤတေးထပ်ကို ရွတ်ဆိုပြီးလျှင် မလွှဲသာလွှဲသာ ပန်းချုံမှ ဖဲခွာ၍ မယ်တော်ဂေါတမီ၏ နောက်သို့ တွန့်တွန့်ဆုတ်ဆုတ်နှင့် တလှုပ်လှုပ် လိုက်သွားရှာ လေသတည်း။

သကုဏ္ဍာလမင်းသမီးသည် ပန်းချုံနားမှ ခွာသွား၍ သူ့မယ်တော်နောက်သို့ လိုက်ပါသွားလေသော အခါ ဒုဿန္တမင်းသားသည် ပန်းချုံတွင်းက ထွက်လာ ပြီးသော်–

> ဩော် ဖြစ်မှဖြစ်ရပလေ အသဲစွဲတဲ့ ပုလဲခွေရယ်၊ နေရစ်တဲ့တစ်ပါးလူကို ငဲ့ညှာတော်မမူရက်ဘဲ ထွက်၍မှ သွားရက်ပလေသည်။ ဤတောရပ် တောင်အဆွယ်မှာ ရောင်လယ်လယ် နေရစ်ရ ပြန်ပေါ့။

ဟူ၍ ညည်းညူပြီးလျှင် အောက်၌ပါသော တေးထပ် ကို တရှိုက်ရှိုက်တငင်ငင် မဆိုချင်ဆိုချင် ရွတ်ဆိုလိုက် လေသတည်း။

## တေးထပ်

ဘဝင်တော်ခုံဆွေ့လို့။ ရဂုံဘွေ့မြိုင်နယ် သကုဏ် မေ့ ခိုင်စံပယ် မပိုင်ဘွယ်အခင်း၊ မင်းနယ်မို့ မင်း မညှာတယ်။ အတင်းသာခွဲရက်လေချင်း။ ကိုးစား ၍ ချော့မြှုပါတယ်။ တော့်သူဇာသနင်း၊ ကျော့မှုရာ အသဝင်းက ညင်းတော့မယ့်ပုံလို။ အိမ်မက်ဟန် ရိပ်ယောင် အလေ့ငယ်ကြောင့်၊ စိတ်ယောင်ဝေ့ သဲ လှိုက် လှိုက်ဖို။ ဟိန်းချလို့ ငိုသာငိုမယ်။ ခိုတာကို ခင်မငဲ့လေဘ တမင်ရွဲ့ ရွဲ့သည့်ပမာ လှဲ့မကြည့်ရှာ။ ငိုဘက်သို့ အသက်ပါမယ်။ နံနက်ခါ သေကိန်းကွဲ့ လေး။

WWW.DHAMMARANSI.COM



## စတုတ္ထခန်း

## သစ်ခက်မိုးသော သစ်မ်းကျောင်းတဲကုပ်၏ ရှေ့မြေညီ မြက်ခင်းပေါ်တွင် အပျိုတော်နှစ်ယောက် ပန်းခူးနေကြစဉ် ဖြစ်ပျက်ပြောဆိုပုံ

(သကုဏ္ဍလမင်းသမီးသည် မယ်တော် ဂေါတမီ၏နောက်သို့ လိုက်ပါသွားရ၍ ခွဲခွာလာခဲ့ရသော သူ့ချစ်ဦး ဒုဿန္တ မင်းသားအတွက်နှင့် စိတ်ရတက် ဗျာများလျက် ပူသောကပွားနေစဉ် ဒုဿန္တမင်းသား သည်လည်း သကုဏ္ဍလမင်းသမီးနှင့် ထပ်မံ၍ မတွေ့ရသည်နှင့် ရသေ့များကို ပန်ကြားပြီးလျှင် ပြန်သွားလေ၏။)

အနသူယက ဘုရားဝတ်ပြုရန် ပန်းများကို ဆွတ်ခူး၍ နေရင်း ပိယံဝဒကို တိုင်ပင်စကား ပြောကြားလေသည်မှာ–

အို–ချစ်ဆွေ ပိယံဝဒ၊ ကျွန်ုပ်တို့၏ သခင်မဖြစ်သော သကုဏ္ဍလမင်းသမီးကလေးသည် ဝမ်းမြောက်အားရမ်း ရွှင်လန်းနှစ်သက်စွာနှင့် အမျိုးအမည် အဆင်းအရည် တူမျှသော ဒုဿန္တမင်းသားကလေးကို ချစ်သွေးစွန်းငြိ စုံမက်ဘိသဖြင့် အဓိကရကြိုက်ချစ်လှ၍ တူမျှစွာ မေတ္တာထားကြသော်လဲ ကျွန်ုပ်စိတ်ထဲမှာဖြင့် တပူနွေးနွေးနှင့် မအေးနိုင်ဘဲ စိုးရိမ်ရေးဖြင့်သာလျှင် ပူပန်လျက်ပင် ရှိပါသေးသည်။

ဟူ၍ ဆိုရာ ပိယံဝဒက–

အို– ဘယ်လို စိတ်ပူဆွေးစရာ ရှိနေပါသနည်း

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ အနသူယက–

စိုးရိမ်ဖို့အရေးမှာတော့ ယခုန်နက်မှာပင် တရားရှင်ဖြစ်သော ရသေ့များကို ပန်ကြား နှုတ်ဆက်၍ ဒုဿန္တမင်းသားကလေး ပြန်သွားချေပြီ။ ထိုမင်းသားကလေးသည် သူ၏စံပျော်ရာ ဖြစ်သော 'ဟတ္ထိနပူရ'မြို့တော်သို့ ဆိုက်ရောက်တော်မူ၍ ကနက်ရိပ်ဖြူ ရှစ်ဆူပလ္လင် ထီးနန်းခွင်သို့ ကျသောအခါ၊ မောင်းမမိဿံ ခြွေရံသွယ်သွယ် တင့်တယ်လှထွား၊ နန်းတော်သူများနှင့် ပျော်ပါးတွေ့ဆုံရသောအခါ၊ ဝနာမြိုင်ချောင် တောတောင်ခလေ့ ကြီးပွား၍နေသော ကျွန်မတို့ထိပ်တင် သကုဏ္ဍလလှပန်းပင်ကလေးကို စိတ်တွင်မှ အမှတ်ရပါမလားဟု စဉ်းစားပြီး စိုးရိမ်မိပါသည်။

ဟူ၍ ပြန်ပြောလေ၏။ ပိယံဝဒက–

အို–သည့်အတွက်တာကြောင့် ဘာမျှ စိုးရိမ်ဖို့ မရှိပါ။ စိတ်ချ၍သာ နေပါတော့။ အဘယ်ကြောင့်လဲဆိုတော့ ယခုလို ပညာမျက်စိ အမြော်အမြင်ကြီးရှိတဲ့ သူတစ်ယောက်သည် ဖောက်ဖောက်ပြန်ပြန် မှောက်လှန် ကြမ်းတမ်းစွာ အကြင်နာနှင့် မေတ္တာနည်းမည် မဟုတ်ပါဘူး။ သည့်ပြင်လဲ တစ်ချက် တွေးတောစရာ ရှိပြန်သည်မှာ ယောကျ်ားနှင့်မိန်းမဆိုတာ ရှေးဦးစွာ ပထမ မေတ္တာသက်ဝင် ချစ်ခင်နှစ်သက် ရမက်ဖြစ်ပွားဘူးကြပြီဆိုမှဖြင့် ထိုအချစ်အကြိုက်ကို တိုက်ခိုက်ဖျက်ဆီးဖို့ရန် အင်မတန် ခဲခက်လှတာမျိုးကလား။ ဥပါဒါန်တရားဆိုတာ များစွာ ဖြေဖြတ်ဖို့ ခက်ခဲလှပါသည်။ ထို့ပြင် အခြားစိုးရိမ်ရန် အချက်တစ်ခုမှာတော့ ကျွန်ုပ်တို့ဖခင်ဖြစ်သော အရှင်စန္ဒရသေ့ကြီးသည် တောရဆောက်တည်ရာမှ ပြန်လည် ဆိုက်ရောက်တော်မူလာသောအခါ ဤကဲ့သို့ သကုဏ္ဍလထိပ်တင်နှင့် ဒုဿန္တပြည့်ရှင်တို့ ချစ်ခင်နှစ်သက်စုံမက်ကြိုက်ချစ်ကြောင်းများကို ကြားသိတော်မူသောကာလ မည်ကဲ့သို့ စိတ်သဘော ထားတော်မူမည်ကို မသိနိုင်အောင်ပင် ရှိတော့သည်။

ဟူ၍ ဆိုလေ၏။ အနသူယက–

ကျွန်မသဘော ထင်မြင်ချက်ကို ပြောရမှာဖြင့် ဖခင်ဖြစ်သော စန္ဒအရှင်သူမြတ်ကြီးက ဤကဲ့သို့ သမီးရည်းစားနှစ်ဦးတို့ အထူးချစ်ခင် မေတ္တာ

WWW.DHAMMARANSI.COM



သွေးဝင်ကြသည်ကို ဖျက်ဆီး ကန့်ကွက်တော်မူလိမ့်မည်မဟုတ်ဟု သဘောရပါကြောင်း။

နှင့် ပြောသောအခါ ပိယံဝဒက–

ဘယ်ကြောင့် ရှင်က ဤကဲ့သို့ ထင်မြင်သဘောရရှိပါသနည်း။

ဟု မေးမြန်းလေ၏။ ထိုအခါ အနုသူယက–

ဘယ်နယ်လဲ၊ ယခုကဲ့သို့ မြင့်မြတ် လိမ္မာ ရာဇာသနင်း ပြည့်ရှင်မင်းကလေးကိုမှ သကုဏ္ဍလနတ်နွယ် ပျိုတစ်မယ်နှင့် ပြိုင်ဆွယ်မေတ္တာဖူးစာခြင်း မမျှတစေပါလျှင် လွန်စွာ အခက်ကြီးကြုံနေတော့မပ။ ဖခင် စန္ဒအရှင်မြတ်၏ စိတ်သဘောထားကိုလဲ ကျွန်မရိပ်မိပါရဲ့။သကုဏ္ဍလမင်းသမီးကို တန်းတူကျမှ ဖူးစာချင်း ပြိုင်နိုင်ကြမည့်သူများနှင့်သာ ထိမ်းမြားစုံဖက်၍ ပေးတော်မူလိုသော ဆန္ဒ ရှိပါသည်။

အဲ–ဤကဲ့သို့ ဖခင်ရသေ့ကြီးက စိတ်ဆန္ဒဖြစ်နေသည့်အတိုင်း ဖူးစာရေးနတ်များကလဲ ရုပ်ဆင်းသဏ္ဌာန် မူဟန်သက်ရွယ် တင့်တယ်တူမျှသော သူနှစ်ဦးအပေါ်မှာ မဟာစန္ဒရသေ့ကြီး စိတ်ကြိုက်နှင့် ညီမျှအောင် ဖူးစာရေးပေးတာကို ဘယ်မှာ စိတ်တိုင်းမကျ၍ အလိုဆန္ဒမပြည့်စုံဘဲ ရှိနေပါမည်နည်း။

ဟု ဆိုလေ၏။ထိုစကားကိုကြားရာ ပိယံဝဒက–

ရှင်ပြောပြတာလဲ မှန်ပါပေလိမ့်မည်။ သို့သော်လဲ(ဤသို့ပြောနေရင်း စကားမဆုံးမီ ပန်းတောင်းကို ငုံ့ကြည့်ပြီးလျှင် စကားမစပ်) မိတ်ဆွေ အနုသူယ၊ ကျွန်မတို့ တရားခန်းမှာ ပန်းမွေ့ရာခင်းဖို့ ခူးသောပန်းများကို လုံလောက်စွာ ရပါပြီတော်ကြပါစို့။

ဟူ၍ဆိုရာ အနုသူယက–

အို တော်ပါသေးရီးလား။ ထပ်မံ၍ ခူးကြဦးစို့။ အကြောင်းမူကား ဒုဿန္တမင်းသားနှင့် သကုဏ္ဍလ ထိပ်ထားကလေးနှစ်ပါးတို့အတွက် ဖူးစာဖက်ဖြစ်စေရန် စာနံ၍ ရေးသားကြသော ဖူးစာရေးနတ်သားတို့ကို ပူဇော်ကန်တော့ရန် အရေးနှင့် ပန်းကလေးများ ခူးဖို့လိုသေးသည်။

ဟု ဆိုပြီးလျှင် မြှောင်ကွေ့ချစ်ကြားထဲမှာ နှစ်ယောက်သား ပန်းခူး၍ နေကြလေ၏။ ထိုသို့ ပန်းခူး၍ နေစဉ်အခါ ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့် အောက်၌ပါသော တေးဘွဲ့ပန်းဘွဲ့ တေးထပ်ကို သံပြိုင်သီဆိုကြလေသတည်း။

## တေးထပ်

နှင်းဖြိုင်ဖြိုင် ဖန့်တဖန့်၊ သန့်တသန့် စီကာ၊ ဖြန့်တဖြန့် ညီညာတယ် ဇီဇဝါစံပယ်၊ မြှောင်အကွေ့ခပ်မှုမှု၊ ချစ်တူသူကလေးရဲ့ အဆွယ်၊ မြတ်လေးရုံ့အနော်ဇာ သော်ကပင်အလှဲ့၊ ပန်းသွေးရောင် အစုံခြယ်ပါလို့ ငုံတွဲ့တွဲ့ညှာတန်၊ ရိုင့်တရိုင်း ဖြန်းလေသုတ် လာတော့၊ ပန်းရည်စုတ် ငှက်ကသာပျံ၊ ဂေါ်သဇင့် ဝတ်ဆံမှာ ဖွတ်စံကာ ခိုပုန်းတဲ့၊ ညိုပိတုန်းပျားက ထွေထွေ၊ များလှသလေ၊ ပန်းဝတ်ရက်ရန့်ချွေတယ်၊ ရံအရွှေဖော်များနှင့်လေး။

ထိုသို့ အထိန်းတော်နှစ်ယောက် သံပြိုင် သီဆိုကာ ပန်းခူး၍နေကြစဉ် တောထဲက ဆိုးဝါးသောအသံဖြင့်

ယခုလာတာ ငါပဲဟေ့၊ သိစိမ့်မဟဲ့နော်

ဟူ၍ ကြိမ်းဝါး၍ တောသံပေးလေ၏။

(ထိုတောသံ ပေးသူကား အခြားမဟုတ်၊ ဒုဗ္ဗစမည်သော နတ်ဆိုးကြီး ဖြစ်လေသည်။)

ထိုအခါ အနုသူယက ထိတ်လန့်စွာနှင့်

အလို– တောတွင်းက ထန်ပြင်းဆိုးဝါး အသံကြီး တစ်ခု ကြားရပါကလား။ ဧည့်သည်များ ရောက်လာတယ်ထင်ပါ့ရဲ့။

ဟူ၍ ဆိုရာ ပိယံဝဒက

ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်မတို့ သင်္ခမ်းကျောင်းသို့ ပြန်ကြစို့။ သကုဏ္ဍလမင်းသမီးကလေးလဲ ယခုအခါ စိတ်မသက်သာ လွန်စွာ ပူဆွေးတော်မူလှသဖြင့် အလွမ်းငွေ့ တဝေဝေနှင့် အပန်းဖြေ၍

WWW.DHAMMARANSI.COM



နားနေ အိပ်စက်လျက် ရှိလေပြီ။ တကယ်လို့ သူနိုးလာလို့ ကျွန်မတို့နှင့် အတူတကွ ရောနှော နေကြပေမယ့် သူ့ကိုယ်ကသာ ကျွန်မတို့နှင့် ရောနှော၍ သူ့စိတ်သဘောကတော့ ကျွန်မတို့ နှင့် အတူတူရှိမယ်လို့ မဟုတ်ပါဘူး။ သူ၏ ရည်းစား ဒုဿန္တမင်းသားကိုသာ လွမ်းအားနှင့် မျှော်တမ်းပြီး စိတ်တစ်လမ်းသွားနေပါမှာပဲ။

ဟူ၍ ပြောဆိုကြစဉ်–

တောတွင်းကတဖန် ထပ်မံ၍ အော်ဟစ်ပြန် သည်မှာ–

အို– ဘယ့်နှယ်လဲကရို့။ ငါပြောတဲ့ စကားချက် ကို သက်သက် နားမစိုက်တော့ဘူးလား။ ယခု အခါ သင်တို့မှာ ဉ္ဇသည်ဝတ္တရားများ ပျက်ပြား ကုန်ပါပကော။ တစ်ယောက်သောသူ၏ အပေါ် တွင် (ဒုဿန္တမင်းသားအပေါ်တွင်) စွဲလမ်း မက် မော လောဘဇောကျ၍ နေကြပေမယ့် နောက် အခါ ထိုသူကို အသင်တို့ ပြန်၍ တွေ့ကြသော အခါ ထိုသူက သင်တို့အပေါ်မှာ ဘာတစ်စုံ တစ်ရာမျှ အမှုထား၍ ဂရုများစိုက်တော့မည် မဟုတ်ချေ။ ဥပမာဆိုသော် အရက်သေစာ လွန် စွာ မူးယစ် အရူးဖြစ်၍နေသော သူတစ်ယောက် သည် အရက်မူးစဉ်အခါ ထင်ရာ မြင်ရာကို ဖွာဖွာကြီး ပြောနေသော်လဲ အရက်မူး ပြေပျောက် သောအခါ ပြောခဲ့သမျှတွေကို တွေးဆ စဉ်းစား က မရလေဘိသကဲ့သို့ ထို့တူပမာ တဏှာရာဂ ဖြင့် မူးယစ်နေသောအခါ ကိလေသာ သွေး ဆောင်တိုင်း တောင်တောင်မြောက်မြောက် ရောက်တတ်ကရ ပြောဆိုလေသည်များကို တဏှာအမူးအယစ် ပြေပျောက်သည်အခါတစ်စုံ တစ်ရာမျှ ဂရုမစိုက်တတ်ဘဲ ဖြစ်လေသည်။ ရာဂဖြင့် မူးယစ်စဉ်အခါ ဒုဿန္တမင်းသား၏ စကားအဖြာဖြာတို့ကို များစွာ သင်တို့ အား မကိုးထိုက်ဘူး။

ဟူ၍ ဟစ်အော်ကြွေးကြော်လေ၏။

ထိုအသံကြီးကို ကြားရာ၊ ပိယံဝဒက–

ဘုရား ဘုရား၊ တောတွင်းက ကြိမ်းဝါးလိုက် သည်မှာ အလွန်တရာမှ ထိတ်လန့်စရာ ကောင်း ပါကလား မိတ်ဆွေ၊ ကျွန်မတို့ အမှတ်တမဲ့ စိတ်မေ့လျော့ခြင်းဖြစ်၍ နေမိတာနှင့် ရှိသေရ မည့်သူများကို အရိုအသေ မပြုလိုက်မိသည့် အတွက် (ဉ္ဇသည်ဝတ်မကျေသည့်အတွက်) စိတ်ပျက် ပူဆွေးဖွယ်ရာကြီး ဖြစ်နေပါပကော။

ဟူ၍ ဆိုရာ အနုသူယက စဉ်းစား၍ ပြောသည်မှာ–

ဟုတ်ပါပေတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒေါသခက်ထန် မျက်မာန်ကြီးမားလှသော ဒုဗ္ဗစ နတ်ဆိုးနတ်ဝါးသည် လျင်မြန်စွာ ပြန်လှည့် ၍ သွားချေပြီ။

ဟူ၍ ပြန်ပြောလေ၏။ ထိုအခါ ပိယံဝဒက–

အို ဘယ်လိုပင် အမျက်ထွက်စေကာမူ သစ်ပင် ဝါးပင်အောက်ကို ကြို့လျှင်သာ အသက်ကို ရန်ရှာတတ်ပါသည်။ လူ့အောက်ကို ကြို့လျှင် ဖြင့် သေကြေပျက်စီးဖို့ မရှိပါဘူး။ ကဲ– ကြာ နေတော့မည်။ ချစ်ဆွေ အနုသူယ၊ သင်က သွားပြီးလျှင် ခြေဖျားကို ဦးခိုက်၍ ထိုက်သလို တောင်းပန် တိုးလျှိုး၍ သူ့စိတ် ကျေနပ်အောင် ပြုလုပ်ပါလျှင် ကောင်းနိုင်ဖွယ်ရာ အကြောင်းရှိ ပါသည်။ တတ်နိုင်လျှင် သူ့ကို ပြန်၍ ခေါ် ဆောင်ခဲ့ပါ။ ကျွန်မက အစားအစာ ချိုမြိန်စွာ သော သစ်သီးဝလံ အမျိုးမျိုးတို့နှင့်တကွ ချိုပွဲ ချဉ်ပွဲများကို အသင့်ပြင်ဆင်၍ ထားနှင့်ပါမည်။

ဟု တိုက်တွန်းသောအခါ အနုသူယသည်–

"ကျွန်မက စိတ်ရောကိုယ်ပါ ဆောင်ရွက်ပါ မည်"ဆို၍ ထွက်သွားလေသည့်နောက် ပိယံဝဒသည် အလျင်စလို ပြုလုပ်သည်နှင့် ခြေချော်၍ လဲလေသော် တစ်ယောက်တည်း ပြောကြားသည်မှာ–

ဟာ– ငါ့နယ်ကော 'အလျင်လို အနှေးဖြစ်' ဆိုတာလို စိတ်က ထက်သန် လျင်မြန်စွာ ပြုလုပ် မိသည်နှင့် ပန်းတောင်းများမှောက်၍ အောက်သို့

WWW.DHAMMARANSI.COM



ပန်းတွေ ဖိတ်ကုန်ပါပြီ။ ဖြစ်ရပုံအတိတ်က နိမိတ် မကောင်းလှပါကလား။ သို့သော်လဲ ဘုရားဝတ်၊ တရားဝတ်များကို မချွတ်ယွင်း စေရအောင် ဆောင်ရွက်ရမည့်အတွက် ဆိုင်းငံ့ နေလို့ မတော်သေးဘူး။

ဆိုပြီးလျှင် ပန်းရူးမြဲ ရူး၍ နေပြန်လေ၏။ ထို့နောက် ထွက်သွားလေသော အနုသူယသည် ပြန်ရောက်လာ ပြီးလျှင် ပိယဝဒအား ဤသို့ ပြောကြားလေ၏။

အို- ကျွန်မ ချစ်ဆွေ၊ သူ့ဒေါသက အလွန်မှ ပြင်းထန်တာကြောင့် ဘယ်သူ တစ်ဦး တစ် ယောက်မျှ တတ်နိုင်မည် မဟုတ်ဘူး။ သို့သော် နောက်တော့ သူက နန်နဲ့ဖြင့် နောင်တရပုံ လက္ခဏာပဲ။

ဟု ဆိုလေ၏။ ပိယဝဒက-

အို- သူသည်လို နောင်တရရင်ပဲ တော်လှပြီ။ သို့သော် ဘယ်လိုနည်းနှင့် သူနောင်တရအောင် ရှင်ဘာပြောတယ်ဆိုတာကို ကျွန်မအား ပြောပြ ပါဦး။

ဟူ၍ မေးသည်တွင်၊ အနုသူယက-

ကျွန်မ သွားရောက် တောင်းပန်သောအခါ သူ ပြန်မလာဘူးရယ်လို့ အတင်းငြင်းပယ်နေတော့ ကျွန်မက မြေကြီးပေါ်မှာ ဝပ်တွားပြီး သူ၏ ခြေထောက်စုံများကို ခိုလှုံ ဦးခိုက် တောင်းပန် သည်မှာ-

အရှင်ကောင်း အရှင်မြတ်ဘုရား။ ခွင့်လွှတ် သည်းခံတော်မူပါ။ ကျွန်မတို့၏ သခင်မ လွန်စွာ နူးညံ့လှသောသကုန္တလာ အတွက် တောင်းပန် ပါရစေ။ ထိုမိန်းမကလေးသည် ကျွန်မတို့ သိရှိ ပါသောအတိုင်း အရှင့်အပေါ်မှာ အလွန်တရာ ရိုသေလေးမြတ်လှပါသည်။ သို့ရာတွင် စိတ် လက်မသာ ကျန်းမာစွာမရှိ၊ အတိဒုက္ခ ရောက်၍ နေသောကြောင့်သာလျှင် ဘုန်းအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်ဘုရား ခေါ်ဝေါ်မှု ကြောင်းများကို မသိလိုက်ဘဲ ရှိပါသည်။ စင်စစ် မှာ အရှင်မြတ်ဘုရားအား မလေးမစားပြု၍ နေခြင်းမဟုတ်ပါ။

ဟူ၍ လျှောက်တင်ခဲ့ကြောင်းကို ပြန်ပြောသည်။ ပိယဝဒက-

ဘယ်နှယ် သည်လို လျှောက်ထားတော့ ဘယ်လို များ ပြန်၍ အမိန့်ရှိပါသလဲ။

ဟု မေးရာ အနုသူယက သူ ပြန်ပြောလိုက်တာ ကတော့-

ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့ မရှိဘူး။ ကျွန်ုပ် ပြောပြီးသော စကားကို တဖန် ပြန်၍ မပြင်နိုင်တော့ဘူး။ သို့သော် ကျွန်ုပ်ချမှတ်ပြီး **သော အမိန့်အာဏာသည်**ကား ဒုသျန္တ မင်းသား သည် **သူ၏ လက်စွပ်ကို** ပြန်၍ တွေ့သောအခါ ပပျောက်ပါလိမ့်**မည်။ အဲ**-ဤကဲ့သို့ ပြောဆိုပြီး သော ကာလ **သူပျောက်ကွယ်**၍ သွားတာပဲ။

ဟူ၍ ပြန်ပြောလေ၏။

(လက်စွပ်အရေးနှင့် သကုန္တလာ မင်းသမီးကလေးမှာ ဆွေးခန်းပူခန်း ပေါ်လိမ့်မည်။)

ထိုစကားကိုကြားရာ ပိယဝဒက-

အို- ဒါဖြင့် ကျွန်ုပ်တို့စိတ်နှလုံး ချမ်းမြေ့စရာ အကြောင်း ရှိပြီ။ အကြောင်းကိုဆိုသော် ဒုသျန္တ မင်းသမီးအနားမှ ထွက်ခွာ၍ မသွားမီ သူကိုယ် တိုင် သကုန္တလာ မင်းသမီးကလေး၏ လက်ကို ကိုင်၍ သူဝတ်ဆင်တော်မူမြဲဖြစ်သည့် နဝရတ် လက်စွပ်ကို ဝတ်၍ ပေးထားခဲ့လေသည်။ ထို နဝရတ် လက်စွပ်ပေါ်မှာလဲ 'ဒုသျန္တ မင်းသား' ဟူသော အမည်ကို ထွင်းထားလျက် ရှိသည်ကို တွေ့မြင်လိုက်မိသည်။ ဤလက်စွပ်ကို မြင်သည် နှင့်တစ်ပြိုင်နက် ကျွန်မတို့ကို မှတ်မိနိုင်ပါ တယ်။ ထို့ကြောင့် ကျွန်မတို့ မင်းသမီးကလေး အပေါ်မှာ ကျရောက် ဖြစ်ပွားမည့် ဥပါဒ် အန္တရာယ်များကို ဒုသျန္တမင်းသားမှတစ်ပါး အခြားသူ တစ်စုံတစ်ယောက်မျှ ပင့်ထောက် ကယ်မ နိုင်မည်မဟုတ်ချေ။ ထိုဘုရင် မင်းမြတ်

WWW.DHAMMARANSI.COM



သည် သူ၏ နဝရတ်လက်စွပ်ကို ပြန်၍ တွေ့သော ကာလမှ ကျွန်မတို့အားလုံး ချမ်းသာရာ ရကြလိမ့်မည်။

ဟူ၍ ဆိုလေ၏။ ထို့နောက် အနုသူယက–

ကဲ လာပါ။ ယခုအခါ ကျွန်မတို့သည် ဘုရားကျောင်းနှင့် နတ်စင်များရှိရာသို့ သွားပြီး အရှင်သိကြားနှင့် နတ်များဒေဝါ ကူညီဝိုင်းလို့ မှိုင်းမပါဆို၍ ဆုတောင်းရအောင်။

ဟု ပြောဆိုပြီးလျှင် ထွက်သွားကြလေ၏။

ထိုသို့ ထွက်သွားကြစဉ် ပိယံဝဒက သကုဏ္တလမင်းသမီးကို ကြည့်၍ ပြောသည်မှာ–

ကျွန်မတို့ ထိပ်ထားသကုဏ္တလ စဘုရားကလေးသည် ဗျာပါများပုံနှင့် ထိုင်နေလိုက်တာ ကြိုးချိတ်၍ထားသော အရုပ်ကလေးကဲ့သို့ မတုန်မလှုပ်ရှာဘဲ သူ၏ ဖြော့တော့ ညှိုးနွမ်းသော ဦးခေါင်းကို သူ့လက်ဝဲလက်ကလေးနှင့်ထောက်ပြီး စိတ်နောက်ပုံအနေနှင့် မှိုင်တွေတော်မူသည်မှာ လွန်စွာ သနားစရာပါပဲ။ ယခုလို အာရုံတစ်ခုခုပေါ်မှာ စွဲလမ်းပြင်းထန် ဥပါဒါန်ငြိတွယ်ပြီး ဘယ်ဟာကိုမျှ သဘောမကပ်ဘဲ ရှာန်သမာပတ်ဝင်စားသလို နေလိုက်တာ မိမိကိုယ်ကိုမျှ သတိမရရှာဘူး။ အခြား တစ်ပါးသော့်သည်အာဂန္တုများကိုတော့ သတိ ထားနိုင်ဖို့ ဝေးပါသေးရဲ့။

ဟူ၍ ဆိုလေ၏။ အနုသူယ–

အို– ချစ်ဆွေ ပိယံဝဒက ကျွန်မတို့ ကြားသိရတဲ့အတိုင်း ကြောက်မက်ဖွယ် ကောင်းတဲ့ ကြိမ်းမောင်းသော အသံများကို ကျွန်မတို့မှတပါး အခြားသူများကို မကြားစေပါနှင့်။ ကျွန်မတို့ သခင်မကလေးက ဘာမဆို နဲနဲကလေး ထူးခြားဆန်းပြားတဲ့ သတင်းစကားကို သန့်သန့်ကြားရပြီဆိုမှဖြင့် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်တတ်ရှာပါသည်။ သူသိလို့လဲ ဘာမျှ အကျိုးထူးမှာ မဟုတ်ပါဘူး။ သို့အတွက် ယခုလို ကြောက်မက်ဖွယ်ကောင်းတဲ့ ကြိမ်းမောင်းပြောဆိုချက်ကို သက်သက် သူသိစေလို့ မတော်ဘူး။ သူသိမှဖြင့် နှလုံးသွေးပွက်ပြီး စိတ်ရတက်သောကနှင့် ဗျာပါဒများဖို့သာ ဖြစ်တော့မည်။

ဟူ၍ ဆိုလေ၏။ ထို့နောက် ပိယံဝဒက–

အို– ကျွန်မတို့က သည်အကြောင်းများကို သခင်မကလေးအား သိစေမှဖြင့် သူရိန်ထွန်းလျှပ် မွန်းမတ်မတ်မှာ နေရောင်ဟတ်တိုင်း ညှိုးနွမ်းတတ်တဲ့ ကုမုဒြာကြာဖြူပန်းအပေါ်မှာ လွန်စွာဆူပွက်နေတဲ့ရေကို သွန်လောင်းလိုက်ဘိသကဲ့သို့ မချိညှိုးနွမ်း၊ ပင်ပန်းပူဆွေး စိတ်မအေး ဖြစ်ရှာတော့မည်။ ပြော၍ မတော်ဘူး ဆိုပြီးလျှင် နှစ်ယောက်စလုံး သွားကြလေ၏။

*

စန္ဒရသေ့ကြီး၏ တပည့်ရင်းတစ်ယောက် ထွက်လာပြီးလျှင် တစ်ကိုယ်တည်း ပြောဆိုသည်မှာ–

သြော်– ငါသည်ကား မဟာစန္ဒ တောရပျော်မွေ့ရှင်ရသေ့အိုကြီးက တရားသဖြင့် တောရကျင့်ရာဌာနမှ ပြန်ကြွတော်မူလာရာ ယခု ညဥ့်အချိန်အခါ ဘယ်နှစ်နာရီလောက်များ ရှိပါသလဲ အကဲခပ်ရအောင် ငါထွက်လာခဲ့ရတာကိုး။

(အနောက်မျက်နှာကို လှည့်၍ လက်ညှိုးညွှန်ကာ ပြောသည်မှာ)

အင်း– ဟိုဘက်ကို လှမ်း၍ ကြည့်လိုက်တော့ ကုမုဒြာကြာဖြူပန်းတွေကို ပွင့်လန်းပြောင်ဝင်းစေတတ်သော ယုန်စန္ဒာလမင်းကလဲ အနောက်ဂေါရာကျွန်းသို့ ယွန်းလုဆဲဆဲ ဖြစ်နေပါပကော။

(တစ်ဖန် အရှေ့ဘက်သို့လှည့်၍ လက်ညှိုးညွှန်ကာ ပြောပြန်သည်မှာ)

ဟိုတစ်ဘက်ကို လှည့်ပြီး ကြည့်လိုက်ပြန်တော့ ရှေ့ပြုဗ္ဗဝိဒေဟစွန်းက ဖန်နေဝန်းပေါ်တော့မည့် လက္ခဏာအရုဏ်များ လာပါပကောကရို့။ သူရိန္ဒာ သနင်း နေနတ်မင်းကလဲ ထွန်းလင်းတဲ့ နေရထားကို စီးပြီး မိမိသွားမြဲခရီးအတိုင်း

WWW.DHAMMARANSI.COM



ထွက်သွား မောင်းနှင်ရန် စိမ့်လျက် အသင့်ပြင် ပါလာပကော။

(လပြည့်ကျော်တစ်ရက်နေ့ နံနက် စောစောကြီးအချိန် လဝင်ခါနီး နေထွက်ခါနီးတွင် ပြောသော စကား ဖြစ်သည်။)

သြော်–စန္ဒာယုန်အိမ် ပုဏ္ဏမိန်နှင့် သူရိန္ဒာနေမင်း တို့သည် ထွက်ခါစ ဝင်ခါစအချိန်များမှာ ရှုစားတိုင်း နှစ်သက်စရာ တယ်ပြီး တင့်တယ် လှပါကလား။ အင်း– လောကနှင့်နှိုင်းစာပြီး ဆင်ခြင်ကာ တွေးလိုက်တော့ နေမင်း လမင်း တို့၏ ထွက်လာ ဝင်သွားပုံများကို စံနမူနာ တင်ထားပြီးလျှင် များစွာသော လူတို့မှာလဲ (စီးပွားဥစ္စာ ထွန်းတက်စအခါ၊ စီးပွားတို့၏ ချမ်းသာသောအခါ) စီးပွားလျှော့ကျသောအခါ (စီးပွားပျက်၍ ဆင်းရဲဒုက္ခ ကြုံသောအခါ) များမှာ မယိမ်းမယိုင် တည်ခိုင်စွဲမြဲ ပြောင်းလဲ ခြင်း မဖြစ်စေဘဲ ဣန္ဒြေရရနှင့် နကိုမူလ ပြကတေ့အတိုင်းသာ နေထိုင်ဖို့ သင့်ပါပေသည် တကား။

(စီးပွားတက်သည်ကို နေတက်လတက်၊ စီးပွား ပျက်သည်ကို နေကျ လကျ၊ နေလတို့သည် ထွက်စ ဝင်စအခါ သဘောတစ်မျိုးတည်း ဖြစ်သကဲ့သို့ စီးပွားတက် စီပွားပျက်နှင့် တွေ့ကြုံသောအခါတွင် လည်း စိတ်သဘော မပြောင်းလဲသင့်ကြောင်းကို ဆိုလိုသည်။)

သြော်– ကြည့်ရင်း ကြည့်ရင်းနှင့် လမင်းက တဖြည်းဖြည်း ကွယ်ပြီး နေရောင်စွယ်များက အားရှိလာသည်။ ညဉ့်ရတ္တိအခါ တင့်တယ်စွာ ပွင့်၍နေကြသော ညဉ့်ပန်းအမျိုးမျိုးတို့မှာလဲ ညှိုးညှိုးပြီး နွမ်းခွေကြသည်မှာ ဥပမာဆိုရလျှင် လက်ထပ်သဘင် ထိမ်းမြားခြင်း ဆင်ယင်၍ ကြည်ရွှင်ခါစဖြစ်သော သမီးကညာသည် လျင် မြန်စွာ ရတ်တရက် သူ့ကြင်ဘက် ယောကျ်ား နှင့် ခွဲခြား၍ နေရသည့်အခါ မသာစိတ်လက် ရတက်ဗျာလိုင် မခံမရပ်နိုင်အောင် ဒုက္ခတွေ့၍ တရှေ့ရှေ့ ခွေပျော့ညှိုးနွမ်းပြီး မလန်းဖြော့တော့ အားရေ သိန်ငယ်၍ သွားဘိသကဲ့သို့ပေတည်း။ ထိုညဉ့်ပန်းတို့ ညှိုးနွမ်း၍သွားသော်လဲ သူတို့၏ အမှတ်အသားသဖွယ် ချိုအေးသင်းကြိုင် လှိုင် သောရနံ့များကို ချန်ထားခဲ့ရှိကြလေသေးသည် တကား။

ဟော– အရှေ့လောကဓာတ် စကြာဝဠာမှ သူရိန္ဒာနေမင်းသည် ဟိုအရှေ့က ကြိုင်သင်း လျက်ရှိသော အင်ကြင်း၊ရွှေဖီ၊ နှင်းဆီ၊ မြတ်လေး ခက်များပေါ်တွင် မိမိအရောင်ဖြင့် တွေးယှက် ပြန့်နှံ့စေပြီးခါ နှင်းသီးနှင်းပွင့်များကို တစ်ဆင့် တစ်ဆင့် အရည်ပျော်၍ ကျဆင်းအောင် အတင်း တိုက်ခိုက်၍ နေပါပကော။

အို– ဟိုမှာ စိမ်းညိုနုထွား မြသားအဆင်းနှင့် ဥဒေါင်းငှက်တစ်သင်းကလဲ အချင်းချင်း လည် ယှက်ပြီး သစ်ခက်ဖြင့် ဆောက်လုပ်၍ ထား သောအသိုက်ထဲမှ အတွဲတစ်တွဲစီ ထ၍ တွန်ကျူး ကြပါပကော။ တောကြက်များစွာ လင်းပြာ၊ လည်ပြောက်၊ သစ်တောက်၊ ဥဩတို့ကလဲ အားကျိုးမာန်တက် နယ်လုရက်၍ နံနက်ကြီး စောစောတွင် တသောသော တွန်မြည်လျက် ရှိကြလေပြီ။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ပြောင်၊ တောသားကောင်တို့ကလဲ ညီညွတ် အောင် ပြုပြင်လှဲခတ်၍ထားသော ဘုရားရှိခိုး ရာ မြေညီအပြန့်တွင် ကိုယ်လက် ကွေးဆန့် ကာ ဝမ်းမြောက်စွာ ခုန်ပေါက်မြူးတူးကြသဖြင့် ညီညွတ်သော တလင်းမြေပြင်တို့မှာ ခွာရာတွေ ထင်၍ နေကုန်ပါပကော။

သြော်– အလွန်တရာ ထွန်းလင်းတဲ့ ယုန်စန္ဒာ လမင်းပေမဲ့ သူဝင်ချိန်တန်တော့ တဖြည်းဖြည်း တန်ခိုးအရှိန် ယုတ်လျော့ပြီး ငွေခြည်များ သဖွယ် အနွယ်နွယ် သန်းလျက်ရှိသော အရောင် အလင်းများကို မည်းမှောင်စေတတ်သော အခြေ

WWW.DHAMMARANSI.COM



အနေက ထက်ကြပ်မကွာ တဖြည်းဖြည်း လိုက်လာသဖြင့် ယခုအခါ ယုန်စန္ဒာလမင်းသည် အနောက်ဂေါရာ ကျွန်းအတွင်းသို့ သက်ဆင်းကွယ်ပျောက်လေပြီ။

အဲ– ဤကဲ့သို့ပဲ ယခုလောကမှာလဲ စီးပွားဥစ္စာ လွန်စွာထွန်းကား စည်းစိမ်များသော သူတို့သည် မိမိတို့၏ လုံ့လ ဝီရိယ ဉဿဟ အစွမ်းကြောင့် စည်းကမ်းဆုံးအောင် တက်နိုင်သလောက် တက်ကြပြီး တဖြည်းဖြည်း တစစ နောက်တော့ လျှော့ကျတတ်တာမျိုးပဲ။ တက်လေသမျှမှာ လျှော့ကျဖို့ရာ ထက်ကြပ်ပါရက်ပါတကား။ "တက်ကြွားကြွကြွ မြင့်သမျှကား လျှော့ကျ နောက်ဆုံး ရှိလေ၏။"

ဟူ၍ တစ်ယောက်တည်း ပြောဆိုကာ အချိန်ကို ငံ့လျက်နေလေ၏။

ထို့နောက် အနသူယက တစ်ကိုယ်တည်း ပြောဆို ညည်းညူသည်မှာ–

ဩော်– သကုဏ္ဍာလ အလုထိပ်တင် တို့သခင်ကလေးဟာ လူသူမနီးသော တောအုပ်ကြီးထဲမှာ မငြီးမငွေ့ လောကီအလေ့မှ ခွာထွက်၍ လောကုတ္တရာဘက်သို့ သက်သက် လိုက်စားပြီး တရားကျင့်ကာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများ၍ တဏှာရာဂအရေးနှင့် အဝေးကြီး ဝေးနေရှာသော်လဲ ယခုအခါ ကိလေသာ ကျော့ကွင်းက အတင်းဖမ်းလိုက်တာနှင့် အသည်းနှလုံးကို မီးအုံးသကဲ့သို့ ပူဆွေးပြီး စိတ်မအေးရှာသည့်အတွက် မူလပကတိ သိန်အသရေနှင့် ဣန္ဒြေတော်များကိုမှ ချုပ်တည်း၍ မရနိုင်အောင် ဤမျှလောက် ချစ်ခင်စွဲလမ်းခြင်း အားကြီးနေပါကလား။ သို့ကလောက်ဖြစ်လျက်နှင့် ဒုဿန္တမင်းသားကလေးနှယ် သူ့မိုမှ ထွက်ခွာသွားရက်နိုင်ပေတယ်။

ဟူ၍ ညည်းညူလေ၏။

စန္ဒရသေ့ကြီး၏ တပည့်က တစ်ကိုယ်တည်း ဆိုပြန်သည်မှာ–

နံနက်အရုဏ်တက်သောအခါ ဘုရားဝတ်ပြုရန် ကိစ္စနှင့် အချိန်များကျရောက်၍ လာချေပြီ။ ကျွန်ုပ်တို့ ဆရာမြတ်ဘုရားကြီးအား အကြောင်းကြား၍ လျှောက်ထား သတိပေးဦးမှ တော်တော့မည်။

ဆို၍ ထွက်သွားလေ၏။

အနသူယက ဆိုပြန်သည်မှာ–

ညဥ့်အချိန် ကွယ်ပျောက်၍ အလင်းရောင်များ ထွန်းတောက်နေပါသော်လဲ ငါ့ကိုယ်ကာယများနှယ် တယ်ပြီး ထိုင်းမှိုင်း လေးလံနေပါကလားကရို။ ယခုနေ့မှာ ခါတိုင်းနှင့်မတူဘဲ အိပ်ရာက ထရပေတဲ့ အိပ်မှုံမဝ မနိုးသလို နိုးသလိုနှင့် ဖြစ်နေပါကလား။ တကယ်လို့ အိပ်ရာက ကောင်းကောင်းကြီး ထနိုင်ပေတယ်လို့ ငါ ဘာမျှ လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်ဘူး။ ငါ့လက်များကလဲ နံနက်တိုင်း လုပ်ကိုင်နေကျဖြစ်သည့် အလုပ်များကိုမှ ပေါ့ပေါ့ပါးပါး လွယ်လင့်တကူ ပြုလုပ်နိုင်ရန် အတန်ကြီး ခဲယဉ်းနေတော့သကိုး။

သကုဏ္ဍာလမင်းသမီးကို ချစ်ခင်တာနှင့် ကြားထဲကနေပြီး အလကား ခြေကုန်လက်ပန်းကျနေတာပဲ။ သကုဏ္ဍာလမင်းသမီးကလေး အမှုရှင်မှာတော့ ဘာပြောစရာ ရှိပါတော့မလဲ။ အလွန် မြင့်မြတ်၍ ဂုဏ်ဒြပ်ကြီးမားသော ဘုရင်မင်းမြတ် တစ်ပါးကပဲ။ ယခုလို ကတိသစ္စာဆိုသွားပြီးတော့ မင်းမှာသစ္စာ လူမှာကတိ ဆိုတဲ့အတိုင်း သစ္စာကတိမပျက်ဘဲလျက် လျင်မြန်စွာ အချိန်မနေးစေဘဲ ရှေ့တော်ပြေးများကို စေလွှတ်၍သော် လည်းကောင်း၊ စာတိုစာရှည်များ ပို့သ၍သော် လည်းကောင်း၊ ဆောင်ယူကြိုဆိုဖို့ ကောင်းတာပါပဲ။ သို့မဟုတ် ကျိန်ဆိုကြိမ်းဝါး၍ထားသော ဒုဗ္ဗစနတ်ဆိုး နတ်ဝါးကြီးက ကြားဝင်၍ ဖျက်ဆီးနေတာနှင့် အကြိုလာဆဲ လမ်းလွဲ၍များ နေလေရော့သလား။

WWW.DHAMMARANSI.COM



သခင်မ သကုဏ္ဍလမင်းသမီးကလေး အပေါ်မှာ ကျရောက်မည့် ဘေးကို အဝေးက ရှောင်ကွင်းရလေအောင် မင်းသမီးကလေးအား ပေးထားခဲ့သော လက်စွပ်ကို ဒုသျှန္တမင်းသားအား ပြန်၍ ပေးအပ်ဆက်နှင်းမှ တော်မလား။

သို့တည်းမဟုတ် ဘယ်လိုနည်းနှင့် ယူကြုံးမရ ပိန်ချုံးလှအောင် တသသ ငိုကြွေးနေတဲ့ သကုဏ္ဍလမင်းသမီးကလေးကို ဘေးကင်းချမ်းသာ အေးမြစွာရှိအောင် ကြံစည်ရပါမလဲ။

ဩော်– ရှေးရှေးကာလက ဘယ်ကဲ့သို့သော မကောင်းမှုကို ပြုခဲ့ဖူးရှာလေသောကြောင့် မင်းသမီးကလေးမှာ ယခုလောက် ကြီးကျယ်သော စိတ်ဝိတက်သောကနှင့် တွေ့ကြုံနေရပါလိမ့်မည်နည်း။ သခင်မကလေး၏ အကျိုးကို ဘယ်လိုပင် သည်ပိုးဆောင်ရွက်ချင်ပါသော်လဲ သူ့ဖခင် စန္ဒရသေ့ကြီးအား ဤကဲ့သို့ ဖြစ်နေပုံအကြောင်းကို ကောင်းစွာ နားမဖောက်ဝံ့ဘဲ ဖြစ်နေပါကလား။ ငါသည် သခင်မကလေး ဘုရားကို ဘယ်လိုများကြံဖန်၍ ကယ်မ ကူပင့်ရပါမလဲ။

ဟု ညည်းညူ မြည်တမ်းကာ ငိုကြွေး၍ နေလေ၏။

ပိယံဝဒက ၁ ထွက်၍ လျင်မြန်စွာ ပြောဆိုသည်မှာ–

မိတ်ဆွေအနသူယ၊ မြန်မြန်လာပါ။ ကျွန်မတို့၏ ထိပ်ထား သကုဏ္ဍလ စုဖုရားကလေးကို သူ၏ ချစ်ဦးဖြစ်သော ဒုသျှန္တမင်းသား၏ နန်းတော်သို့ ခေါ်ဆောင်၍ သွားကြရန် စီမံ ပြင်ဆင်၍ နေလေပြီ။

ဟု ဆိုရာ၊ အနသူယက ထိုစကားကို ကြားလျှင် အံ့အားသင့်စွာနှင့်–

ဘယ့်နှယ် ဘယ်အကြောင်းကို ပြောပါသလဲ။

ဟူ၍ ပိယံဝဒသို့ လှမ်း၍ မေးလိုက်လေ၏။

ပိယံဝဒက–

အို– ရှင်မသိသေးဘူးလား၊ ကျွန်မပြောပြမယ်။ နားထောင်ပါ။ ကျွန်မသည် ယခုပဲ သကုဏ္ဍလမင်းသမီးကလေးအထံသို့ သွားပြီး စားသောက်မြိန်ယှက် နှစ်သက်ပျော်မွေ့စွာ စက်တော်များ ခေါ်ရပါရဲ့လားဟု မေးမြန်းမည် ပြုတော့ (စကားမပြတ်မီ အနသူယက ဝမ်းမြောက်စွာနှင့် ဩော် နောက်ပြီးတော့ ဘယ်လိုဖြစ်ပျက်ပါသေးသလဲ ဟု ကြားဝင်၍ မေးလေ၏)

ပိယံဝဒက ဆက်၍ ပြောပြန်သည်မှာ–

သည်အခါ ကျွန်မတို့ဖခင်ဖြစ်သော စန္ဒရသေ့ကြီး ကြွရောက်တော်မူလာပါသည်။ ဖခင်ကို မြင်လျှင်မြင်ချင်း သကုဏ္ဍလ မင်းသမီးကလေးက ဦးညွတ်ဝတ်တွား ဦးထိပ်ထက်၌ လက်ကို ထားပြီး ခစား၍နေပါသည်။ သည်တော့ ကျွန်မတို့ဖခင် တရားရှင် ရသေ့ကြီးက ဝမ်းမြောက်ကြည်သာ ချိုလှစွာသော မျက်နှာနှင့် သကုဏ္ဍလဘက်သို့ လှည့်၍ အသက်တမျှ ချစ်ခင်လှသော မွေးဘဒါလီ အလှဆီကလေး၊ ဖခင်သည် ယခုနေ့အခါ အလွန်ကောင်းမြတ်စွာသော တိတ်နိမိတ်များကို ထင်မြင်၍ လာခဲ့ပေသည်။ အကြောင်းသော်မူ ယခုနေ့ နံနက် အရုဏ်တက်အခါတွင် ဖခင်၏ ကိုယ်စားအဖြစ်နှင့်တပည့်ပုဏ္ဏားကလေးတစ်ယောက်ကို မီးပူဇော်စေရာ ကောင်းမွန်စွာ ထမြောက်အောင်မြင်ခြင်း ဖြစ်သဖြင့် ကျွန်ုပ်မွေးမြူ ထိန်းသိမ်း၍ထားသော ချစ်သမီး သကုဏ္ဍလသည်လည်း စိတ်လက်မကြည် မအီမသာဖြစ်၍ ညစ်ညူးနေရခြင်းမှ လွတ်ကင်းရန် တိတ်နိမိတ်ပင် ဖြစ်လေသည်။

အို– ချစ်သမီး၊ ယခုနေ့မှာ အသက်အရွယ်နုနယ်နယ်ကလေးမှာ မွေးကျွေး သုတ်သင်၍ လာခဲ့သော ဖခင်ရသေ့ကြီး၏ သခ်မ်းကျောင်းမှ သင် ချစ်သမီးအပေါ်မှာ အကြင်နာနှင့် မေတ္တာကြီးမားလှသော ဒုသျှန္တမင်းသား၏ နန်းတော်သို့ ပို့ဆောင်ရတော့မှာပဲ ချစ်သမီးကလေး စိတ်

WWW.DHAMMARANSI.COM



အေးအေးသာနေပေတော့ဟူ၍ စန္ဒရသေ့ကြီးက မိန့်တော်မူသောစကားကို ကိုယ်တိုင်ပင် ကြားသိခဲ့ရပါသည်။

ဟူ၍ ပိယဝဒက ပြန်ပြောလေ၏။

ထိုစကားကို ကြားရာ အနသူယက
အလိုလေး ကောင်းလိုက်တဲ့သတင်း။

ဟူ၍ အံ့အားသင့်စွာ မြွက်ဆိုပြီးလျှင်

သို့ဖြစ်လျှင် နေပါဦး၊ မေးမြန်းပါရစေဦး။ အို-ချစ်ဆွေပိယဝဒ၊ ဖခင်စန္ဒရသေ့ကြီးအား သူ့သမီးတော်သကုဏ္တလနှင့် ဒုဿန္တမင်းသားတို့ ဆပွား ကြင်နာ မေတ္တာသက်ဝင် ဤတောခွင်မှာ ခင်မင် နှစ်သက်ကြသည့် အကြောင်းရင်းများကို မည်သူများ လျှောက်ထားသည်ဟု ချစ်ဆွေ ရိပ်မိပါရဲ့လား။

ဟု မေးမြန်းရာတွင် ပိယဝဒက-

သည်လိုကလား ချစ်ဆွေ၊ ကျွန်မတို့ဖခင်ရသေ့ကြီးသည် အဂ္ဂိပူဇာ မီးပူဇော်ရာဌာနသို့ ဝင်သွားလေသည့်အခိုက် တိမ်တိုက်ဝေဟင် ကောင်းကင်ပြင်မှ ကြည်လင်ဖွယ်ကောင်းသည့် ဆုပေးသံတခုကို ကြားသိတော်မူရလေသည်။

ဟု ပြန်ပြောလေ၏။ ထိုအခါ အနသူယက-
အလို တယ်အံ့ဩစရာ ကောင်းပါကလား။ ဘယ်လို ဆုပေးသံကို ကြားတော်မူပါသလဲ။

ဟု ထပ်မံမေးမြန်းသောကာလ-ပိယဝဒက

ကောင်းကင်က ဆုပေးသောအသံမှာ အို-မြင့်မြတ် ထူးချွန် သီလဝန်အစစ်ဖြစ်ကြီး ဖြစ်တော်မူသော တရားရှင်ရသေ့ကြီး၊ အရှင်မြတ် သိပါလေလော။ အရှင်မြတ် မွေးမြူ၍ ထားသော သမီးကညာ လှရတနာ သကုဏ္တလကလေးသည် ဟတ္ထိနပူရပြည်ကြီးကို အစိုးရတော်မူသော ဒုဿန္တမင်းသား၏ထံမှ မြင့်မြတ်၍ ကျက်သရေရှိသော ဂုဏ်ကို ခံယူလျက် ဤကမ္ဘာလောကကြီးအတွင်းမှာ အမည်သတင်းကြီးစွာနှင့် အုပ်စိုးရခြင်း ဖြစ်ပါလိမ့်မည် ဟူသော ဆုပေးသံကို ကြားရတော်မူလေသည်။

ဟု ပြောကြားသောအခါ အနသူယက ပိယဝဒကို ပွေ့ဖက်၍

ဤသတင်းကို ကြားရသည်မှာ အလွန်တရာ ဝမ်းမြောက်လှပါသည်။ သခင်မကလေးမှာဖြင့် စိတ်အေးဖို့အကွက်ပေါ်ပြီး ရတက်တော် ငြိမ်းစရာပဲ။

ဟု ပြောပြီးလျှင် ဆက်၍ ဆိုပြန်သည်မှာ-

သို့ပင် ဖြစ်သော်လဲ ဝမ်းသာတာက တစ်ချက်၊ ဝမ်းနည်းတာကတစ်ဘက် ဖြစ်၍ နေပါသည်။ ဝမ်းသာပုံမှာတော့ 'အရှင်မြင့်တော့ ကျွန်တင့်သည်'ဆိုသောစကားအတိုင်း ကျွန်မတို့ထိပ်ထား သကုဏ္တလ စုဘုရားကလေး ကြီးမြင့်၍ ဘုန်းကျက်သရေတိုးလျှင် ကျွန်မတို့လဲ ဘုန်းကျက်သရေ တိုးတက်ဖို့ပါပဲ။ ဤအချက်ကို မျှော်ပါလျှင် ဝမ်းသာဖို့ ရှိပါရဲ့။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်နေကြတဲ့အခိုက် 'သစ်စိမ်းချိုးချိုး'ဆိုတာလို ရုတ်တရက် ခွဲခွာကြရတော့မည်။ ဤကဲ့သို့ ကျွန်မတို့သခင်မကလေးဘုရားနှင့် ခွဲခွာထားရမည့် အရေးကို တွေးကြည့်လိုက်ပြန်တော့လဲ နှလုံးမသာ၊ ဗျာပါမောက်ကြွယ် ဝမ်းနည်းဖွယ်ကြီး ဖြစ်၍ နေပါသည်။

ဟူ၍ အားငယ်သော ပုံပန်းနှင့် ပြောလေ၏။

ထိုအခါ ပိယဝဒက ပြောသည်မှာ-

အို-သည်လို မတွေးတောပါနှင့်။ ဤနေရာမျိုးမှာတော့ ကျွန်မတို့နှင့် ခွဲခွာရမည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ရန်ကို သည်းခံသင့်ပါသည်။ အကြောင်းကိုဆိုတော့ ကျွန်မတို့သခင်မကလေးမှာ ချမ်းသာကြီးမြင့် စည်းစိမ်တင့်ဖို့ အချက်ဖြစ်သောကြောင့်ဟု တွေးဆသင့်ပါသည်။ ကျွန်မတို့မှာ သခင်မကလေးနှင့် ခွဲခွာရမည့်အတွက် စိတ်လက်မသာဖို့ ဖြစ်ပါလျှင် သခင်မကလေး

WWW.DHAMMARANSI.COM



၏ ချမ်းသာရိပ်ငြိမ် စည်းစိမ် ကြီးကျယ် ဂုဏ်ကျက်သရေ တင့်တယ်မည်ကို တွေးတော၍ ဖြေဖျောက်သင့်ပါသည်။ စဉ်းစားရန် တစ်ချက်မှာတော့ ကျွန်မတို့က "ပိယေဟိ ဝိပ္ပယောဂေါ" ဆိုတဲ့အတိုင်း ချစ်သောမိတ်ဆွေနှင့် ကွေ့ကွင်းရမည်ဖြစ်၍ စင်စစ် စိတ်ဒုက္ခရောက်ကြ ပါသော်လဲ သခင်မကလေးမှာတော့ ချစ်ခင်သော မိတ်ဆွေသစ်နှင့် ပေါင်းသင်း ကြည်သာရမည့် အရေးကြောင့် ကျွန်မတို့ကို တွေးမှ တွေးမိပါမလား။ သတိမှ ရပါမလား မသိနိုင်။ သည်လို အရာမျိုးနှင့်ကြုံတော့ သက်လုံကောင်းပြီး မိတ်ဆွေဟောင်းတွေကို မေ့တတ်တဲ့ အချက်ကြီးပါပဲ။

ဟု ရယ်မော၍ ပြောဆိုလေ၏။

ထို့နောက် အနုသူယက-

ကဲ- ကြာရှည်လေးမြင့်စွာ ပြောဆိုနေ၍ ပြီးသေးတာလဲမဟုတ်ဘူး။ ကျွန်မတို့သခင်မကလေး၏ မင်္ဂလာပွဲသဘင်တွင် သကုဏ္ဍလ မင်းသမီးကလေး ဆင်ယင်တော်မူရန် ဝတ်စားတန်ဆာများကို ပြင်ဆင်ကြဦးစို့။ သြော်- သို့ရာတွင် ဝတ်စားတန်ဆာများကို မပြင်ဆင်မီ ကျွန်မက သကုဏ္ဍလမင်းသမီးကလေးအတွက် အဆောင်ကောင်း ဆေးတစ်ခုကို ပေးလိုက်ချင်ပါသည်။ သို့အတွက် ရှေးကာလကပင် ကျွန်မသည် မြဖြင့်ပြီးသော ကြုတ်ကလေး တစ်ခုထဲမှာ အလွန်တရာ မွှေးကြိုင်လှစွာသော ဂမုံးပေါင်းနှင့် ပန်းပေါင်းများကို ထည့်ထားပြီးလျှင် သော်ကမာလာပင်၏အကိုင်းမှာ ချိတ်၍ ထားပါသည်။ ထိုဂမုံးပေါင်းနှင့် ပန်းပေါင်းများကို ရှင်က ယူပြီးလျှင် စိမ်းစို လတ်ဆတ်သော ပုဏ္ဏာရိက်ကြာရွက်ထဲမှာ ထည့်ပါ။

ထို့နောက် ကျွန်မတို့ဘုရားကျောင်း အနီးအပါးတွင် မွေးထားသော ဇော် သားကောင်၏ နူးညံ့သော ထိပ်ဆံမွှေးနှင့် ရောနှောပြီးမှ အလွန်တရာ ထူးမြတ်သော အရဏာဝတီ မြေကြီးဖြင့် ကြိတ်သောအခါ ဘုရားကျောင်းအနီးတွင် သီးသန့်လျက်ရှိသော ရေကန်ထဲမှ ရေစင်ကိုပါ ထည့်ပါ။ ကြိတ်ပြီးသောအခါ ပရိတ်မေတ္တာဂါထာ မန္တာန်တို့ဖြင့် မန်းမှုတ်၍ ထိုဆေး၏ အစွမ်းကို နှိုးပါလော့။ ဤဆေးကို သကုဏ္ဍလမင်းသမီး ဆောင်ထားခြင်းအားဖြင့် ကျရောက်မည့်ဘေးတို့မှ ဝေးဝေး ရှောင်နိုင်ပြီးလျှင် မြင်မြင်သမျှ ခင်မင်ကြ၍ အစစသိဒ္ဓိမြောက်ပါလိမ့်မည်။

ဟူ၍ ပြောဆိုသောအခါ ပိယံဝဒက-

အို- ဤမျှလောက် အစွမ်းကောင်းသည့် ဆေးဖြစ်လို့ ရှိတာဖြင့် ယခုပင်ကျွန်မ စီမံပြုလုပ်ပါမည်

ဟု ဆို၍ အနုသူယက ပြောကြားသောအတိုင်း 'သကလသိဒ္ဓိ'မည်သောဆေးကို စီရင်ပြုလုပ်လေ၏။

ဤကဲ့သို့ ပြုလုပ်နေကြစဉ် သင်္ခမ်းကျောင်း၌ ရသေ့အများတို့သည် စန္ဒအရှင်၏အမိန့်နှင့် သကုဏ္ဍလ မင်းသမီးကို ဟတ္ထိနပူရမြို့တော်သို့ ယူဆောင်ရန်အတွက်နှင့် သူ့ထက်ငါ ဆူဆူညံညံ ရွက်ဆောင်ကြလေ၏။ ထိုကဲ့သို့ ဆူဆူညံညံ စီမံလျက် နေကြသော အသံကို ကြားသောအခါ ပိယံဝဒက-

ယခုအခါ ကျွန်မတို့ ပြုရန်ကိစ္စများအတွက် အချိန်ဖြုန်းနေရန် မသင့်ချေ။ ဖခင်စန္ဒရသေ့ကြီးက သမီးတော်သကုဏ္ဍလကို ဟတ္ထိနပူရမြို့သို့ မြန်စွာသွားရန် အမိန့်ချမှတ်လိုက်ပြီ။ ယခုပင် သခင်မကလေး၏ အပါးသို့ သွားကြစို့

ဟူ၍ ပြောဆို တိုင်ပင်ပြီးလျှင် စီရင်ပြီးဖြစ်သော သကလသိဒ္ဓိ အဆောင်ဆေးကိုယူ၍ အနုသူယနှင့်တကွ မင်းသမီးကလေးရှိရာသို့ သွားကြလေ၏။

ထိုအခါ တောတွင်းက-

အို- ဂေါတမီ၊ သံဂါဝရနှင့် ဘာရဒွါဇ မည်သော ဆရာကြီးနှစ်ပါးကို သကုဏ္ဍလမင်းသမီးကလေးနှင့် အတူတကွ အဖော်ပြု၍ လိုက်သွားရန် အမိန့်ချမှတ်လိုက်ပါ။

WWW.DHAMMARANSI.COM



ဟူသော အသံကို ကြားရလေ၏။ ထိုအသံကို နားထောင်၍ ပိယဝဒက–

ချစ်ဆွေ အနုသူယ၊ အချိန် မကုန်စေပါနှင့်။ အမြန်လာပါ။ ယခုပင် သခင်မကလေး ထွက်တော်မူရန် ပြင်ဆင်နေကြပါပြီ။

ဟူ၍ ဆိုပြီးလျှင် ရှေ့သို့လှမ်း၍ ပြောပြန်သည်မှာ ကြည့်စမ်း၊ ဟောဟိုအရှေ့မှာ ကျွန်မတို့ ချစ်ခင်အပ်သော သကုဏ္ဍလမင်းသမီးကလေးသည် နံနက် နေထွက်ပြီးအခါ ကြည်လင်စွာသောရေတို့ကို သုံးသပ်ပြီးလျှင် အခြွေအရံ ပရိသတ်အပေါင်းခြံရံလျက် ထွက်တော်မူခါနီးအခါဖြစ်၍ ပြူဌာလောကဝတ်ဖြင့် အသီးသီး နှုတ်ဆက်၍ နေတော်မူလေသည်။ ကျွန်မတို့လဲ အမြန်သွား၍ နှုတ်ဆက်ကြစို့။

ဟူ၍ ဆိုပြီးလျှင် သကုဏ္ဍလမင်းသမီးဆီသို့ ရှေ့ရှု သွားကြလေ၏။ ဤသို့ ပြောဆို ဖြစ်ပျက်နေကြစဉ် သကုဏ္ဍလ မင်းသမီးသည် မယ်တော်ဂေါတမီနှင့်တကွ ခြွေရံပရိသတ်ပေါင်း များစွာ ဝန်းရံလျက် သင်္ခမ်းကျောင်းမှ ထွက်လာခဲ့လေ၏။ သကုဏ္ဍလ မင်းသမီးသည် မယ်တော်ဂေါတမီ၏ ရှေ့တွင် ပဥ္စပတိဋ္ဌိတအင်္ဂါဖြင့် ရိုသေစွာ ဝပ်တွားလျက်–

မယ်တော်သခင် ကျေးဇူးရှင်ဘုရား၊ သမီးတော်သည် ဤတောပေါ် မြိုင်ယံတွင်းမှ မင်းနေပြည်တော်ဌာနသို့ သွားရပါတော့မည်။ အပြစ်ကြီးငယ် အသွယ်သွယ်တို့မှ ကင်းလွတ်ရန် အသော့ ဦးသုံးကြိမ် နိမ်လျှော့၍ ကန်တော့ပါသည် ဘုရား။

ဆို၍ ရှိခိုး ဝပ်တွားလေ၏။ ထိုသို့ ကန်တော့သောအခါ မယ်တော်ကြီးက အောက်၌ ပါသောလင်္ကာ အဓိပ္ပာယ်ဖြင့် ဆုတောင်းပေးလေ၏။

သကုဏ္ဍလ လောကမျက်မှန် လှထိပ်ပန်၊ ကံကုသလ သင့်ပုညကြောင့် အေးမြငြိမ်းချမ်း လပြည့်စန်းသို့ ဂုဏ်ပန်းပွင့်လင်း ကောင်းသတင်းနှင့် ဘေးကင်းရန်ရှေ့ ဒဏ်မငွေ့ဘဲ ချမ်းမြေ့ကြည်သာ လင်ရတနာနှင့် မေတ္တာနှောင်ချည် အမြဲတည်လျက် ဓာနည်ညွန့်ရှင် သားကောင်းမြင်၍ ကြည်လင်မငြီး ဘုန်းတန်းကြီးသည် သမီး နန်းမြင့်စံစေသော်။

'ထိုသို့ ပေးသောဆုအတိုင်း ပြည့်စုံပါစေ ဘုရား' ဟု ဆိုပြီးလျှင် သကုဏ္ဍလမင်းသမီးသည် ရသေ့များဘက်သို့ လှည့်၍ ရိုသေစွာ ကန်တော့ရှိခိုးပြန်လေ၏။ ထိုအခါ ရသေ့အပေါင်းတို့က အောက်၌ ပါသော ဂါထာဖြင့် မင်္ဂလာအောင်ဆုကို ပေးကြလေသတည်း။

နိဗ္ဗုယာသုခိတာ ဟောတု။
စိရံဇီဝ သကုဏ္ဍလေ။
ဇယမ္ပတိတိ ဇယံ သဗ္ဗံ။
လဘန္တု ဇယမာသနေ။ ။

သကုဏ္ဍလေ– အို သကုဏ္ဍလမင်းသမီး၊ တွံ–သင်သည်၊ နိဗ္ဗုယာ– ဘေးကင်းရန်ရှေ့ ဒဏ်မငွေ့သည်၊ ဟောတိ– ဖြစ်စေသတည်း။ သုခိတာ–ကိုယ်ရော စိတ်ပါ လွန်ချမ်းသာလည်း၊ဟောတိ–ဖြစ်စေလော၊ စိရံ–ရှည်မြင့်စွာ၊ ဇီဝ–အသက်ရှည်ပါစေသတည်း။ ဇာယမ္ပတိ– သကုဏ္ဍလ ဒုသျှန္တဟု၊ ဒွယဒွန္ဒ–စုံမောင်နှံတို့သည်၊ ဇယမာသနေ– အောင်ရာဖြစ်သော၊ ဇယာသန–နန်းတော်၌၊ သဗ္ဗဇယံ–အောင်ခြင်း အမျိုးမျိုးကို၊ လဘန္တု– ရကြပါစေကုန်သတည်း။ ။

သကုဏ္ဍလမင်းသမီးကလည်း 'ပေးသော ဆုအတိုင်း ပြည့်ပါစေ'ဆိုပြီးသော် ရသေ့များ ထွက်သွားကြလေကုန်၏။ ထိုသို့ ဆုတောင်းဆုယူ ပြုလုပ်နေကြစဉ် ပိယံဝဒနှင့် အနုသူယတို့လည်း သကုဏ္ဍလမင်းသမီးထံပါးသို့ ဆိုက်ရောက် ခစားမိကြလေ၏။ ထိုအခါ ပိယံဝဒက "ကျွန်မတို့ကလဲ သခင်မဘုရားကလေးအတွက် ဆုတောင်းပါရစေ " ဆိုပြီးလျှင် အောက်၌ပါသော တေးထပ်ဖြင့်ဆုတောင်းလေသတည်း။

WWW.DHAMMARANSI.COM



## ဆုတောင်းတေးထပ်

မင်္ဂလာမေတ္တာသပါရဲ့ ချစ်ရှာကြပါစေ၊ သစ္စာက် ကွာမကွေအောင် တာအရှည်ခိုင်လို့၊ ကြာရေနှင့် ရွှေမြစိန်လို နေလအိမ် နှိုင်းစို့ကရို့။ သီရိနှင့် ဂုဏ်သိန်မှာ ပုဏ္ဏာမိန်လိုသို့၊ ဘုံဝတီ ဟိုမြို့က ဆိုစို့ရဲ့ ပုံသေ၊ ခင်သူဇာရှင်သိကြားတို့လို ထင်အရှား ထွန်းတောက်ပါစေ။ လက်ျာညွန့် ညာသပြေမှာ ရတနာတွေ ထိန်လက်လို့ စိန်ပုခက် မြအေးယဉ်၊ သားလှကိုတင်၊ လွဲကြလျက် နှစ်ဦးရှင်အောင် အထူးပင် ဆုတောင်းရဲ့လေး။ ။

ထိုသို့ ဆုတောင်းသည့်အခါ သကုဏ္ဏလ မင်းသမီးက ပြုံးရွှင်သောမျက်နှာနှင့်

ရှင်တို့ ပေးသော ဆုတောင်းထူးအတိုင်းပင် ပြည့်စုံပါစေတော့။

ဟူ၍ ပြောဆိုလေ၏။ ထို့နောက် ပိယံဝဒနှင့် အနုသူယတို့နှစ်ယောက်စလုံး မင်းသမီးအပါးသို့ ချဉ်းကပ်ပြီးလျှင်

ယခုလိုအခါမှာဖြင့် စိတ်လက်ချမ်းသာတော်မူမှာပါပဲ။

ဟူ၍ နှုတ်ဆက်ကြလေ၏။ သကုဏ္ဏလမင်းသမီးကလည်း သူ၏ မိတ်ဆွေချစ် နှစ်ဦးကို အထူးအားရ နှစ်သက်စွာနှင့် လက်ခံ၍ စုရုံး ပြောဆိုကာ နေလေ၏။

ထိုအခါ အနုသူယက–

သခင်မကလေး၊ ကျွန်မ၏လက်ဆောင်တစ်ခုကို ခံယူတော်မူပါ။ ကျွန်မက ဘေးကင်း ရန်ကွယ် အန္တရာယ်ကင်းစင် မြင်မြင်သမျှ ချစ်ခင်ရသော "သကလသိဒ္ဓိ"မည်သည့် ဤဆေးကို ဆက်သလိုက်ပါရစေ။ ကျွန်မတို့မှာ ထူးထွေသော အရာဟူ၍ ဘာမျှ သည့်ပြင် ဆက်သစရာ မရှိချေ။ သခင်မကလေး သွားတဲ့ခါက်အခါ မေတ္တာကိုသာ များများ ပို့ရတော့မှာပဲ။

ဟူ၍ ဆိုပြီးလျှင် ဆေးကို ဆက်သလေ၏။

သကုဏ္ဏလ မင်းသမီးကလည်း လှမ်းလင့်၍ ယူပြီးလျှင်–

အလွန်တရာ ကျေးဇူးကြီးလှပါသည်။ မိတ်ဆွေတို့က စေတနာနှင့် မေတ္တာနှောဆက် အကြင်နာဖက်ကြသောကြောင့် အလွန်တရာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။ ကျွန်မသည် ယနေ့ဖြင့် ငယ်စဉ်အခါက မကွေကွာနေခဲ့သော ဤသခ်မ်းကျောင်းဌာနမှ ဖဲခွာ၍ သွားရတော့မှာပဲ။ ငယ်ကပေါင်းသည့် ချစ်ဟောင်း မိတ်ဆွေတို့နှင့် ခွဲခွာရမည့် အရေးကိုလည်း တွေးမိတိုင်း မသက်သာဘဲ အလွန်တရာ ဝမ်းနည်းလှပါသည်။ ကျွန်မ ချစ်ခင်နှစ်သက်အပ်သော မိတ်ဆွေများနှင့် တဖန်ပြန်၍ တွေ့ဆုံရန် အချက်မှာတော့ အတော်ပဲ ခဲယဉ်းနေမှာ ထင်ပါရဲ့။

ဟူ၍ ဆိုပြီးလျှင် စီးယိုသော မျက်ရည်ဖြင့် တတွေတွေ ကျဆင်းလျက် ဝမ်းတွင်းလှိုက်ဖိုကာ ငိုယို ညည်းတွားလေ၏။

ပိယံဝဒက သကုဏ္ဏလ မင်းသမီးကလေး ငိုယိုသည်ကို မြင်သောအခါ မိမိ အလွန် ဝမ်းနည်းလှသော်လည်း အနိုင်နိုင် မြိုသိပ်၍ ချော့မော့ ယုယကာ ပြောကြားသည်မှာ–

ချစ်ဆွေသခင်မ၊ သွားခါနီးတွင် ညည်းတွား ငိုယိုခြင်း မပြုပါနှင့်။ မင်္ဂလာ ဘိသိက်တွင် နိမိတ်ဆိုး မသန်းပါစေနှင့်။ ရွှင်လန်း ကြည်သာ မျက်နှာပြုံးပြုံးနှင့် နှလုံးအေးမြစွာ စံနေတော်မူပါ။ သခင်မသည် ကြီးမြင့်သော စည်းစိမ်နှင့် ဂုဏ်သိန်ကျက်သရေအထွေထွေခံစားဖို့ သွားရန် ဖြစ်သည့်အရာမှာ ဘာကိုမှ စိုးရိမ်ပူဆွေး ငိုကြွေးစရာမရှိပါဘူး။

ဟူ၍ ပြောရင်း သကုဏ္ဏလ မင်းသမီးနှင့် ခွဲရမည့် အရေးကြောင့် တွေးမိတိုင်း မဖြေနိုင်သဖြင့် တဖြိုင်ဖြိုင် မျက်ရည်ကျဆင်းပြီးလျှင် ချက်ချင်း ပိယံဝဒလည်း ငိုလေ၏။ ထိုအခါ အနုသူယကလည်း

WWW.DHAMMARANSI.COM



ထို့အတူပင် ဝမ်းနည်း ပူဆွေးစွာနှင့် ငိုကြွေးပြန်လေ၏။

ထို့နောက် အထိန်းတော် နှစ်ယောက်တို့သည် သကုဏ္ဍာလမင်းသမီးအား ဝတ်စားဆင်ယင်၍ ပေးရင်း ပြောသည်မှာ–

သခင်မဘုရား၏ လှထွား နူးညံ့ သန့်ပြန့် သိမ်မွေ့သော ကိုယ်ကာယများသည် ယခု ဝတ်ဆင်ပေးလျက်ရှိနေသော ဝတ်စားတန်ဆာများနှင့် မထိုက်တန်ပါ။ ထိုထက်ကောင်းမွန်၍ အလွန်အဖိုးထိုက်တန်လှစွာသော ထီးသုံး နန်းသုံး ဝတ်စားတန်ဆာတို့နှင့်သာ ထိုက်တန်ပါပေသည်။

ဟူ၍ ပြောရင်း တောတွင်းမှဖြစ်၍ မင်းသမီးကလေးနှင့် ထိုက်တန်သော ဝတ်စားတန်ဆာတို့ကို ဆင်၍ မပေးရသဖြင့် ဝမ်းနည်းခြင်း၊ ခွဲခွာကြရမည့်အတွက် ဝမ်းနည်းခြင်းတို့ကြောင့် အသီးသီး စီးယိုကျဆင်းသော မျက်ရည်ဖြင့် ငိုကြွေးလျက်ရှိနေကြသည်။

ထိုစဉ်အခိုက်အခါထဲမှာ စန္ဒရသေ့ကြီး၏ တပည့်ဖြစ်သော "ဟရိတ"မည်သည့် ရသေ့တစ်ပါးသည် ဘွားခနဲ အနားသို့ ဆိုက်ရောက်လာပြီးလျှင် အလွန်အဖိုးထိုက်တန်လှသော နတ်ဝတ်တန်ဆာတို့ကို ဆောင်ကျဉ်းခဲ့၍

ဤဝတ်လဲတော်အစုံအများကို သကုဏ္ဍာလ မင်းသမီးကလေး ဆင်မြန်းပါစေ။ ဤဝတ်လဲများကို ဆင်ယင်ခြင်းအားဖြင့် ကျက်သရေ မင်္ဂလာများစွာ တိုးတက်ပါစေ။

ဟု ဆိုလျက် နတ်ဝတ်လဲများကို ပေးဆက်လေ၏။

ထိုအခါ အထိန်းတော်များက အံ့အားသင့်စွာနှင့် အလွန်ထူးဆန်း၍ နတ်နန်းနတ်ပြည်နှင့်သာ ထိုက်တန်သော ဝတ်လဲတော်များကို ငေး၍ကြည့်နေကြလေ၏။ မယ်တော်ကြီး ဂေါတမီကလည်း ထိုကဲ့သို့ပင် ကြည့်ရှုပြီးလျှင်–

အို ချစ်သား ဟရိတ၊ ဤကဲ့သို့ ထူးဆန်းလှပ၍ အနဂ္ဃအဖိုးထိုက်တန်သော အဝတ်တန်ဆာများကို ဘယ်ဌာနမှ သင်ရခဲ့ပါသနည်း။

ဟူ၍ မေးမြန်းလေသော် စန္ဒရသေ့ကြီး၏ တပည့် ဟရိတရသေ့ငယ်က–

ကျွန်ုပ်တို့ဖခင် စန္ဒအရှင်သူမြတ်၏ အာသာဆန္ဒကြောင့် အလိုအလျောက်ရသော ဝတ်စားတန်ဆာများ ဖြစ်ပါသည်။

ဟူ၍ ပြန်ကြားလေ၏။

ထို့နောက် ဂေါတမီက ဤအကြောင်းကို ကျွန်ုပ်နားလည်အောင် ခပ်ရှည်ရှည်ထပ်မံ၍ ပြောစမ်းပါဦး။

ဟု မေးပြန်သည်တွင် ဟရိတ ရသေ့ငယ်က–

ရွှေနားဆင်တော်မူပါ။ အကြောင်းမျိုးစုံ အကုန်ပြန်ပြောပါမည်။ ကျွန်ုပ်တို့ဖခင် အရှင်စန္ဒရသေ့ကြီးသည် အလွန်ချစ်ခင် နှစ်သက်မြတ်နိုးလှစွာသော သကုဏ္ဍာလ မင်းသမီး ဆင်မြန်းစေရန် ရည်သန် ညွှန်းရွယ်သော စိတ်ဖြင့် မိဋ္ဌာန်တော်မူပြီးလျှင် ငါ့သမီးကလေး ဆင်မြန်းရန်အတွက် ဤတောတောင်အတွင်းမှာ အလှဆုံးဖြစ်သော ပန်းပင်များမှ အလတ်ဆတ်ဆုံးဖြစ်သည့် ပန်းများနှင့် သမီးကညာတို့ ဆင်ယင်ဖွယ်ရာ ဖြစ်သည့် ဝတ်စားတန်ဆာ အမျိုးမျိုးကို ယူဆောင် ဆက်သကြရမည်ဟု အမိန့်ပေးလိုက်သောအခါ ဤတောတောင် အနှံ့အပြားတွင် ရှိနေကြကုန်သော တောစောင့်နတ်သမီး အများတို့သည် ကိုယ်စီကိုယ်င ဆိုက်ရောက်လာကြကုန်ပြီးလျှင် ဝပ်တွားရှိခိုးကြကုန်လျက် အချို့က အလှပဆုံးဖြစ်သည့် ပန်းများကို ဆန်းပြားစွာ သီကုံး၍ ဆက်သကြလေသည်။ အချို့က ခြေသည်း လက်သည်း၊ ခြေဖဝါး လက်ဖဝါးများကို ဆိုးရန်၊ ပင်လယ်ကသစ်ပန်းမှ နီမြန်းသော ပန်းရည်များကို ညှစ်၍ ဆက်သကြလေသည်။ အချို့က ကြည်လင်သည့် လရောင်

WWW.DHAMMARANSI.COM



အဆင်းနှင့် တူသော နတ်ဖြစ် ဝတ်လဲများကို ဆက်သကြလေသည်။ အချို့က သကုဏ္ဍလ မင်းသမီးကလေး ဆင်မြန်းရန်အဖို့ ပြည်တန် ရတနာတို့ကို ဆက်သကြလေသည်။ ယခု ကျွန်ုပ် ယူဆောင်၍လာသော ဝတ်စား တန်ဆာ ရတနာနှင့် လုပစွာသော ပန်းများသည် နတ်သမီးတို့ ဆက်သအပ်သော ပန်းများပင် ဖြစ်ပါသည်။

ဟူ၍ ပြောကြားလေ၏။

ထိုစကားကို ကြားရာ ပိယံဝဒက–

သြော်– သစ်ခေါင်းထဲတွင် အောင်း၍နေသော ပျားများပင် ဖြစ်လင့်ကစား ကြာပန်းများတွင် ရှိသော ဝတ်မှုံ ဝတ်ရည်များကို ကြာပန်းတို့က ကန်တော့ပန်း ဆက်သကြရသေးသည်။

ဟူ၍ ဥပစာ စကား မြွက်ကြား ပြောဆိုလေ၏။ (ထိုစကား၏ ဆိုလိုရင်း အဓိပ္ပာယ်ကား တောတွင်းမှာ တိတ်ဆိတ်စွာ နေရသော သကုဏ္ဍလမင်းသမီး၏ ဘုန်းတန်ခိုးကြောင့် နတ်သမီးများကပင် ဝတ်စား တန်ဆာ ဆက်သလာကြရသေးသည်ဟူ၍ ဆိုလိုသည်။)

ထို့နောက် ဂေါတမီက–

ဒုဿန္တမင်းသား၏ ဖူးစာရေးနတ်များက နန်းတော်မှာ သမီးကညာရတနာ အဖိုးတန် ဝင်စေရန် အထိမ်းအမှတ်ဖြင့် တောစောင့်နတ်သမီးများကို စေလွှတ်သည် ထင်ပါရဲ့။

ဟူ၍ မိန့်ဆိုလေ၏။

ဟာရိတ ရသေ့ငယ်က–

ကျွန်ုပ်ကို အခွင့်ပြုတော်မူကြပါဦး။ ယခုလို အထူးအဆန်း ဖြစ်ပျက်သည့် အကြောင်းများနှင့် တောစောင့်တောင်စောင့် နတ်သမီးများက ဤမျှလောက် အကြင်နာနှင့် မေတ္တာသက်ဝင်ကာ ကူပံ့ဝိုင်းဝန်းကြကြောင်းများကို လျှောက်ထားရလေအောင် မာလိနီမြစ်သို့ ရေစံပယ်တော်မူရန် ကြွသွားသော အရှင်စန္ဒရသေ့ကြီး နောက်သို့ လိုက်သွားရပါဦးမည်။

ဟု ပန်ကြား၍ ထွက်သွားလေ၏။

ထို့နောက် အနသူယက–

သခင်မကလေး ဘုရား။ ဤမျှလောက် ကောင်းမွန် ဆန်းကြယ် တင့်တယ် လျှောက်ပတ်သော နတ်ဝတ်တန်ဆာများကို ရရှိလိမ့်မည်ဟု ကျွန်မတို့ မထင်မြင် မမျှော်လင့်ဘူးပါပဲနှင့် ယခု အသင့်ရရှိဖြစ်ပေါ်၍ လာသည့်အတွက် သခင်မဘုရား၏ ဘုန်းသမ္ဘာကို လွန်စွာ အံ့သြမိပါသည်။ ဤနတ်ဝတ်တန်ဆာများနှယ် တယ်ပြီး ဆန်းကြယ်လှပပါကလား။

ဆို၍ အဝတ်တန်ဆာများကို ဖြန့်၍ ကြည့်ရှုနေစဉ် တရားရှင်စန္ဒရသေ့ကြီးသည် ဖြည်းညင်းသက်သာ လွန်စွာသိမ်မွေ့သော ဣန္ဒြေဖြင့် ကြွလာဝင်ရောက်တော်မူခဲ့လေ၏။

ပိယံဝဒက–

ကျွန်မတို့ သကုဏ္ဍလမင်းသမီးကလေးဖြင့် နတ်တို့ ဆက်သအပ်သည့် ဝတ်စားတန်ဆာတို့ကို ဆင်ယင်ထားလိုက်တာ တယ်ပြီး ရှုချင်စရာကောင်းပါကလား အနသူယရယ်၊ ယခုလို အဝတ်တန်ဆာများကို ဆင်လိုက်တော့ အသွင်အပြင်တစ်မျိုးထွေပြီး တယ် ကျက်သရေ ရှိလှပါကလား။ လူ့ဘုံလောကမှာ အဆင်းလှကြသော ကုမာရီတကာ အပျိုကညာတို့ထက် အဆပေါင်းများစွာ သာလွန်ပြီး တာဝတိံသာက နတ်သမီးကလေးများနှင့် ရိုးမှားလောက်အောင် လှပပါပေသည်။ လူသားတို့နှင့် မဆက်ဆံဘဲ နတ်သိကြားတို့နှင့်သာ အဖက်တန်သည်ဟု ဆိုလောက်တာပါပဲ။

ဟူ၍ သကုဏ္ဍလမင်းသမီးကို ကြည့်ပြီးလျှင် အောက်၌ပါသော တေးထပ်ဖြင့် ချီးကျူး ထောမနာလေ၏။

WWW.DHAMMARANSI.COM



## တေးထပ်

ကြော့အယဉ် တူမတူ့ပါကလ၊ ဆူတဆူ့နတ်နွယ်၊ ဗုဇမ္ဗူ့ရပ်နယ်မှာ အမြတ်ဝယ် ခေါင်ဆင့်။ ကုမာရီ့ လက္ခဏာတယ်၊ ဆသိန်းရာ ဟောသည် ကမြင့်။

ကိုယ်ဟန်နှင့်ကြွလိုက်ပါလျှင် လှသိုက်စာ သူဖွင့်၊ ပြုံးသလို ရီဟန်နှင့် တင့်တာက ပြည်တန်သင့်ပါတယ်။ မြမျက်တောင် တစ်ခါ ခတ်လိုက်တော့၊ ဗြဟ္မာနတ် ဆင်း၍ လာမယ်။ လှမ်းမလို့ ခြေသယ်သော်၊ အမွှေနွယ် မြူဆွလို့ လူတကာ ပန်းဟိုက်စရာ နန်းထိုက်ကညာ၊ ခပ်သဲ့သဲ့ စကားသာလျှင် နားပါသူ သေကိန်းပလေး။

ဤကဲ့သို့ ပြောဆိုနေကြစဉ် မယ်တော် ဂေါတမီ ဝင်ရောက်လာပြီးလျှင် သကုဏ္ဍလ မင်းသမီးအား သူ၏ ဖခင် တရားရှင်ရသေ့ကြီးက သမီးတော်ကို တွေ့မြင်လိုကြောင်းနှင့် ပြောသောအခါ သကုဏ္ဍလ မင်းသမီးကလေးသည် ဖခင်စန္ဒရသေ့ကြီးထံပါးသို့ ဆည်းကပ် ခစားရန် ရှိသေစွာ သွားရောက်ပြီးလျှင် ရှိခိုး ဝပ်တွားကာ နေလေသည်။ သကုဏ္ဍလမင်းသမီး ရှေ့တော်သို့ ရောက်လျှင် ဖခင်စန္ဒရသေ့ကြီးက မေတ္တာစိတ်ဖြင့် စိမ်းစိမ်းကြည့်တော်မူ၍

ငါ၏ချစ်သမီးမှာ မင်္ဂလာကျက်သရေ တိုးပွား၍ သားကောင်းရတနာ ဖွားမြင်ပါစေ။

ဟုဆုပေးတော်မူပြီးလျှင် သမီးတော်နှင့်တကွ ဂေါတမီကို နောက်တော်ကခေါ်၍ ဘုရားမီးပူဇော်၍ထားသော နေရာသို့ လှည့်လည်လျှောက်သွားလေ၏။ ပူဇော်၍ ထားသောမီးများကလည်း ညီးညီး ပြောင်ပြောင် အညွန့်တလူလူနှင့် တောက်လောင် ထွန်းပနေသည်ကို မြင်တော်မူလျှင် စန္ဒရသေ့ကြီးက–

ဤပူဇော်၍ထားအပ်သော ဘုရားမီးတို့၏တန်ခိုး တေဇော် အာနုဘော်အားဖြင့် ငါ၏ သမီးတော် ကလေးမှာ ဘေးအန္တရာယ်တို့မှ ကင်းစင်၍ အပြစ်ဟူသမျှ ရှောင်ရှားကြပါစေ၊ လိုရာမတ ခဏ လွယ်ကူစွာ ပြည့်စုံကာလျှင် ချမ်းသာ သက်ရှည်ပါစေသား။

ဟု ဆုပေး၍

ကဲ ငါ့သမီး၊ သင်သွားရမည့် လမ်းခရီးသို့သာ မဆိုင်းမလင့် သွားပေဦးတော့။

ဟူ၍ မိန့်တော်မူပြီးလျှင် သံဂါရဝနှင့် ဘာရဒွါဇ မည်သော ရသေ့ပုဏ္ဏားနှစ်ယောက်ကို ဟတ္ထိနပူရပြည်တော်သို့ ရောက်လေအောင် ခရီးလမ်းညွှန်အဖြစ်နှင့် ထည့်အပ်လိုက်လေ၏။

ထို့နောက် စန္ဒရသေ့ကြီးက တောဘက်သို့ မျက်နှာလှည့်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်တို့အား တိုင်ကြား ပြောဆိုသည်မှာ

တောကြီးတောင်ကြီး ပိတ်ဆီးကာသန်း ပန်းသစ်ပင်များစွာ ဟေမဝန္တာ မဟာဂနိုင် မြိုင်၏ အတွင်း မှီတင်းပျော်မွေ့ စောင့်နေလေ့ ရှိကြကုန်သော အို– နတ်များအပေါင်းတို့၊ ကျွန်ုပ်၏ စကားကို နားစိုက်ကြပါကုန်လော။

ကျွန်ုပ် သမီးတော်ဖြစ်သော သကုဏ္ဍလသည် ယခုအခါ တရားနှင့် မွေ့လျော်ရာ ဖြစ်သော တောကြီးအတွင်းမှ ထွက်ခွာ၍ သူ၏ ကြင်တော်ရှိရာ မဟာဟတ္ထိနပူရမည်သော နေပြည်တော်သို့ သွားရာလေတော့အံ့။ ကျွန်ုပ်၏ သမီးတော် သကုဏ္ဍလသည် တစ်ရံတစ်ခါ လွန်စွာရေငတ်လှသော်လဲ ထိုရေကို သူ မသောက်ရှာဘဲလျက် သင်တို့ စောင့်ရှောက်၍နေသော နုပျိုအားနွဲ့သော ပန်းသစ်ပင်ပျိုကလေးများကိုသာ မှုတခြင်းအားဖြင့် သွန်းလောင်းရှာလေသည်။

သူ၏ဆံထုံးမှာ ပန်းကုံးများကို ပန်ဆင် လိုသော်လဲ သင်တို့၏ ပန်းပင်ကလေးများကို သနား ချစ်ခင် မေတ္တာသက်ဝင်သောစိတ်ဖြင့် မခူးရက် မဆိတ်ရက် မချိုးရက်ရှာသည့်အတွက်နှင့် ပန်းကို မပန်ဆင်ဘဲ ရှောင်ကြဉ် မြဲးခြံ၍သာ နေရှာလေသည်။

WWW.DHAMMARANSI.COM



သမီးကလေး၏ အပျော်မွေ့ဆုံးအခါသည်ကား သင်တို့၏ ပန်းပင်ပန်းနွယ်များသည် ဆန်းကြယ်စွာ ပွင့်ဖူးကြ၍ တဖြူးဖြူး လေညင်းလာစဉ်အတွင်း ထုံသင်းသော ရနံ့များကို တွေ့ကြုံရသော အခါသမယများသာ ဖြစ်လေသည်။ ဤကဲ့သို့ သင်တို့၏ ပန်းသစ်ပင်များကို ချစ်ခင်စွာ ရှိလေသည့်အတိုင်း သင် တောစောင့်နတ်၊ တောင်စောင့်နတ်အများတို့ကလဲ ကျွန်ုပ် ချစ်သမီးကလေးအပေါ်မှာ သနားကြင်နာ မေတ္တာရှူးရှစွာနှင့် သွားရာလမ်းခရီးတွင် ဘေးဆီးရန်ကာ ချမ်းသာစွာ စောင်မကြရန် ကောင်းသင့်လျော်ကြသည် မဟုတ်ပါလော။

ဟူ၍ ပြောဆိုနေစဉ်အတွင်း တစ်တောလုံး ဆူညံအောင် တောသံပေးကာ ဟစ်ကြွေး ကြော်ငြာ၍ နတ်များစွာတို့က ဆုတောင်းပတ္ထနာ ပြုလုပ်ကြသည်မှာ

သကုန္တလာမင်းသမီးကလေးသည် သွားလေရာ လမ်းခရီး၌ ခလုတ်မထိ၊ ဆူးမငြိဘဲ အလိုရှိရာ ဌာနသို့ ချောမော ချမ်းသာစွာ ဆိုက်ရောက်ပါစေ။ ခရီးလမ်းတစ်လျှောက်တွင် အစီအရီပေါက်၍နေကြသော ပန်းသစ်ပင်တို့၏အကြား ဆန်းပြား ထွေစုံသော ပန်းငုံ ပန်းပွင့်တို့ကို ကြည့်ရှု၍ ထိုပန်းတို့၏ မွှေးကြိုင်သင်းပျံ့သော ရနံ့ထုံမှုံတို့ကို တသုန်သုန် တိုက်ခတ်သော လေပြေလေညင်းတို့က သယ်ဆောင်၍ သကုန္တလာမင်းသမီးကို ပျော်ပါးအောင် ဖြေဖျော်ပါစေသော်။ ကြာမျိုးငါးပါးတို့ဖြင့် ပြွမ်း၍ ဆန်းကြယ်ကြည်လင်သော ရေကန်များသည်လည်း သကုန္တလာမင်းသမီးကလေး သွားရာ လမ်းခရီးတို့၌ အဆင်သင့် တွေ့ရှိပြီးလျှင် မောဟိုက် ပင်ပန်း နွမ်းရိမွတ်သိပ်သောအခါ ထိုရေကန်များစွာတို့က ချမ်းသာအောင်ဖျော်ဖြေကြပါစေသော်။ နေ့လယ်နေ့ခင်း နေရှိန်ပြင်းသောအခါ သွားရာ လမ်းခရီးတို့၌ ရှိနေကြကုန်သော သစ်ပင်တို့က ထိုနေရှိန်ကို ဟန့်တားလျက် မင်းသမီးကလေး၏ ဦးခေါင်းထက် မြထီးဝန်းကို ဖြန့်ကျက်ကာမိုးသည့်ပမာ စိမ်းလန်းစွာသော အခက်အရွက်တို့ဖြင့် ဆက်ကာ ဆက်ကာ မိုးကာကြပါစေသော်။ နင်းသွားရာ မြေပြင်မှာလဲ ဆူးရှိသော သစ်ပင်တို့က ပယ်ရှားကြ၍ ပိုးကတ္တီပါ ကမ္ဗလာကဲ့သို့ နူးညံ့သော မြက်နုတို့က ခြေနင်းတိုင်း ခံလင့်ကြပါစေသောဝ်။

ဟူ၍ တောသံကို ပေးကြလေသည်။

ထိုအခါ သံဂါရဝက

သြော်– သကုန္တလာ မင်းသမီးကလေး အပေါ်မှာ များစွာ မေတ္တာရှိကြတာပါပေပဲ။ တောတောင်အတွင်းမှ ဆုပေးသောအသံဖြင့် တည်ည် ဖြစ်၍ နေပါကလား။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ အာကာသစိုးတို့က နတ်သမီးအများတို့နှင့် စုရုံးညီညာစွာနှင့် မေတ္တာပို့သွန်းကြလေသည်။

ဥဒေါင်း၊ ကြိုးကြာ၊ တမာ၊ ကြက်တော၊ ဥဩ၊ စက္ကဝက်၊ တောငှက်အမျိုး၊ ဓိဝဓိုးတို့ကလည်း သကုန္တလာမင်းသမီးကလေးအတွက် မေတ္တာပန်း ဆက်သောအနေဖြင့် သာယာချိုအေးစွာ မြည်တွန်ကြွေးကြော်ကြလေသည်။

တောခွင်တောင်ခေါင်း၊ တိုးအောင်း ဇော်၊ စာမရီနှင့် ရွှေသိတမင်း၊ ဆင်အသင်းတို့နှင့် တကွ ရဲတင်းမာန်ကြွား သစ်ကျားထောင်သောင်း တောမျောက်အပေါင်းတို့ကလဲ ကောင်းချီးပေးသည့် အဟန်ဖြင့် တည်ည် တောသံပေးကြလေသည်

ဟူ၍ အံ့ဩကာ ပြောဆိုလေ၏။

ထို့နောက် မယ်တော်ဂေါတမီက

အို ရှုမညီးသော သမီးတော် ရွှေစင်ကလေး၊ ဤတောအတွင်းမှာ ရသေ့များစွာတို့နှင့် တရားသဖြင့် ပေါင်းသင်းကာ နေထိုင်ကြသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊

WWW.DHAMMARANSI.COM



ရက္ခစိုး၊ အာကာသစိုး နတ်များက ချစ်သမီးအား မေတ္တာရှိကြသည်နှင့် ဆူဆူညံအောင် တောသံပေး၍ ဆုတောင်းကြလေသည်။ တောငှက်အပေါင်း တောသားသတ္တဝါအပေါင်းတို့ကလဲ ငါ့သမီးနှင့် ခွဲခွာရမည်ကို လွမ်းနာကျသလောက် စိုးရိမ်ပူဆွေး စိတ်မအေးသည့် လက္ခဏာ ကြွေးကြော်ကာ မြည်တွန် ကြပြီးလျှင် ဆုတောင်းပတ္တနာသည့် အဟန်ဖြင့် တောသံပေးကြလေသည်။ ချစ်သမီးကလဲ ပြန်၍ ကျေးဇူးတင်ကာ မေတ္တာပို့သသင့်လေသည်။

ဟု ဆိုရာ သကုန္တလာမင်းသမီးက တောဘက်သို့ လှည့်ပြီးလျှင် ရိုသေစွာ ဦးညွတ်၍ ဝမ်းနည်းသော အသံဖြင့်

ကျွန်မအတွက် တောသံဟစ်ကြွေး၍ ဆုပေးကြသည်မှာ လွန်စွာ ကျေးဇူးတင်လှပါသည်။ ကျွန်မကလဲ တောစောင့်နတ်၊ တောင်စောင့်နတ်မှစ၍ တောသား သတ္တဝါ ငှက်များစွာတို့ကို ချမ်းသာစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါ၏။ ယခုအခါ ကျွန်မမှာ ဤတောတွင်းက ထွက်ခွာ၍ မသွားလိုသော်လည်း လောကီဓမ္မတာ မလွဲသာသောအရေးကြောင့် ပူဆွေးလွမ်းတလျက်နှင့်ပင် ထွက်ခွာရပါတော့သည်။ တစ်စုံတစ်ရာ ကျွန်မအပေါ်မှာ အပြစ်ရှိလျှင် သည်းခံ ခွင့်လွှတ်ပေးတော်မူကြပါ။

ဆိုပြီးလျှင် ပိယံဝဒဘက်သို့ လှည့်၍

အို ချစ်ဆွေ ပိယံဝဒ၊ ကျွန်မသည် အလွန်တရာ ချစ်ခင်လှသော ဒုဿန္တမင်းသားနှင့် တွေ့ဆုံရန် သွားရတော့မည့်ဆဲဆဲ ဖြစ်ပါသော်လည်း ကျွန်မ ငယ်ငယ်ရွယ်ရွယ်က ပျော်ပါးနေထိုင်ခဲ့ဖူးသော ဤတောတောင်စုံမြိုင် မြေဂနိုင်ကို မခွာနိုင်အောင် လွမ်းဆွတ်ခြင်း ဖြစ်လှပါသည်။ ခြေတစ်လှမ်းကိုမျှ မလှမ်းမကြွချင်အောင် သောကဖိစီး လွမ်းနာကြီး သဲ၍ နေပါပြီတကား။

ဟု ငြီးတွားပြီးလျှင် အောက်၌ပါသော လင်္ကာအဓိပ္ပာယ်မျိုးဖြင့် တောလားကို ရွတ်ဆိုလေသတည်း။

## တောလား-ဥပိုဒ်

ထူးတထွေလျှင် သံခြေနူတ်လှစ်၊ ကျားသစ်ကရုတ်၊ သစ်ကြုတ်ကဒိန်း၊ ကျားကဟိန်း၍ ပြောင်မိန်းပူရိုက်၊ လွမ်းစဉ်ကြိုက်တွင် ရီပိုက်ချမ်းရောက် နေခြည်ပျောက်သော် မျောက်မျောက်လွှားလွှား မျောက်မျောက်လွှားဟု အော်သံရှည် ကျားဒိန်းလည်က မြိုင်စည်တောလယ် ဒရယ်ကမြွောက်၊ ချေကဟောက်၍ ဟောသည့်သမင် ပြောင်ဆင်က အော်၊ စိုင်က အော်လျက် တကြော်သောင်းသောင်း။ ဥဒေါင်းကငြောင် ကြောင်က ဝပ်မည်။ ဆင်းကျဥ်ကျဥ်နှင့် ညှင်းသည်ဒရန့်။ တျွန့်တျွန့်တေတျာ။ သံသာဆန်းထူး မကြားဘူးမျှ။ ဝမ်းနူးဖွယ်သည်၊ ရင့်မည်အူအူ ထောက်ကျော်မြူလျက် ချစ်သူတို့လား မယ်တို့လားဟု သနားစရာ တောလုံးသာသည်။ နောင့်မှာ လွမ်းရေပုံသကား။

သာနိုးတေစုံ တောရဂုံ၌ ကြေးမုံကဲ့သို့ လဲ့လဲ့ညိုတို တဆိုခိုက်တွင် တိမ်တိုက်ပြင်က သံရှည်နတ်စည် ထူးတလည်လျှင် ကြူးမည်သားသား အခြားခြားတည့်၊ တေးလားရင့်မည် ငှက်တို့သည်လည်း သံရှည်တသွယ် သံငယ်တသီး သံကြီးတထွေ ညင်းညင်းချွေ၍ မကွေဖော်စုံ ပျော်ကြထုံလျက် ပွင့်ငုံပို့သယ် လူတို့နှယ်နှင့်၊ ကြည်စယ်နှစ်လို့ ချစ်ရည်ပို့မူ တချို့ကပေး။ တချို့ရွေး၍ နွေးကာအိပုံ၊ တူစုံရွှင်မူ တစ်ခုလည်ဝယ် တစ်ခုနွယ်လျက် ရှုဘွယ်လူလို ထိုသို့ကိုလျှင် မြိုင်ညိုလမ်းပါး မြင်မိညားသော် ထပ်ပွားဗျာပါ ရှိအောင်ရှာသည်။ မှောင်လာ နွမ်းသွေး တုံသကား။

တပြန့်ဖြဉ်ဖြဉ်၊ ရန့်ခြဉ်လျှင် နှင်းလည်း ပြိုးပြောက်၊ တဖျောက်ဖျောက်နှင့် ခက်လျှောက် ကိုင်းမ၊ ခုန်ပျံ့ကာ၍ မျောက်က ဝူးဝုတ် ရှဉ့်ကတုတ်၍ ဖြူးသုတ်လေပြည် အောက်ချင်းသည်တုံ၊ စဉ်ရှည်မျက်မည်း ပုစီးကျီးနက် အာလဝက်က ရွှေကြက်တောသို့ ဥသြတို့ဟု ဆွေညိုမယ်စော၊ မ သံနှောလျက် သောသော မည်ညွှတ် တီတီတွတ်နှင့် ပြွတ်တံစီးယိုး

WWW.DHAMMARANSI.COM



ချိုးက ရင့်ကျော် ဘုတ်အိန့်ခေါ်၍ ရှုမြော်ပျော်ပေါင်းနွမ်း မလွှမ်းစတောင်း၊ ဝက်တောင်းစွယ်ရှည် ကြူးမည် ခြားနား စုံမြိုင်ဖျားဝယ်။ ပေးလား ဟားလေး၊ ဟိန်းဗာလေးဟု ဟာလေမည်ထူး အမျိုးက မထူးတည့်နိုင် လေချမ်းစိုင်၍ မိန့်မှိုင်ဝေဆာ နှောင့်ချည်သာသည်။ နှောင့်ကာချမ်းအေးတုံသကား။

ဤကဲ့သို့ တောလားကို သကုဏ္ဍလ မင်းသမီးက ရွတ်ဆိုပြီးသောအခါ ပိယံဝဒက

> သခင်မက လွမ်းဆွေးဆိုတာလဲ ဟုတ်ပါလိမ့်မယ်။ သို့ရာတွင် ယခုလို ခွာသွားတော့မည့် ဆဲဆဲတွင် မိတ်ဆွေတစ်ယောက်တည်း လွမ်းနာကျနေတာ မဟုတ်ပါဘူး။ သခင်မ ခွဲ၍ သွားတော့မည်ဆိုလျှင်ပဲ တစ်တောလုံး တရုံးရုံး ဆူညံပြီး အတန်တန် ပူဆွေးနေကြပါသည်။ ဟောဟိုမှာ ကြည့်စမ်းပါ။ သခင်မ နေ့စဉ် ပျော်ရွှင်စွာ ကျက်စားသွားလာနေကျ ဖြစ်တဲ့ သမင်ပျိုကလေးတွေဟာလဲ ခါတိုင်းကဲ့သို့ မပျော်မြူး မရွှင်ပြရှာသဖြင့် စိမ်းစိုနုလန်းနှင်း ရည်ဖြန်းထားသော မြက်ညွန့်များကို စားချင်ကြဟန် လက္ခဏာမရှိရာကြချေ။ ဥဒေါင်းဖိုမတို့ကလဲ အခါတိုင်းများကဲ့သို့ တောင်ပံမြီးဆံများကို ဖြန့်ပြီး ဆန့်ကာဆန့်ကာ မကနိုင်ရာကြလေဘူး။ သော်ကမာလာ မည်သော ပန်းပင်များကလဲ မိမိတို့၏ အခက်အညွန့်တို့ကို နဂိုမူလသဘောအတိုင်း အထက်သို့ အဖျား မော်၍ မထားနိုင်ရှာကြဘဲ သခင်မကလေးအတွက် အလွမ်းရေး ဖက်ကြတာကြောင့် အကိုင်းအခက် မြေသို့ နွဲ့ ပြီး ခပ်တွဲ့တွဲ့ ယိမ်းယိုင် ညွတ်ကိုင်း၍ နေကြရှာလေသည်။ ပွင့်၍နေသော ပန်းပွင့်များကသော်မှလည်း နွမ်းလျ အားပျော့သော လက္ခဏာဖြင့် ပွင့်ပြီးသော ပွင့်ချပ်ဝတ်ဆံတို့ကို တဖန် ထပ်၍ ငုံလျက် နေကြလေသည်။ ဘုရားကျောင်းအနီးမှာ ကြီးကျယ်စွာ ပေါက်ရောက်နေသော ဗုဒ္ဓဟေ ရွှေညောင်ပင်ကြီး၏ အရွက်တို့ကလဲ မရွှင်မလန်း အားပျော့၍ ကတော့ထိုးခါ ညှိုးနွမ်း သောအမူအရာနှင့် နေရှာကြလေသည်။
>
> သခင်မ ကြည့်စမ်းပါ၊ ဟိုစန္ဒတောင်ယံတွင် မောင်နှံစုံ ပျော်မြူး ကခုန်လေ့ရှိကြသော ကိန္နရာ ဖိုမတို့ကလဲ ယခုအခါ မသာယာသော မျက်နှာနှင့် လွမ်းနာကျသလို မှိုင်တွေ၍ ထိုင်ရှာကြလေသည်။
>
> အို သခင်မဘုရားရယ်၊ စကားကုန်ပြောရမှာ ဖြင့် တစ်တောလုံး ရှိရှိသမျှ အဝိညာဏက သဝိညာဏက သက်ရှိသက်မဲ့တွေဟာ သခင်မကလေး ကွဲသွားတော့မည်ဆိုတာနှင့် ဗျာပါ စွမ်းငြိ သောကဖိ၍ မချိမဆန့် ခြေကုန်လက်ပန်းနှင့် မချမ်းမသာ ဖြစ်၍ နေကြတာချည့်ပါပဲ။

ဟူ၍ ပြောဆိုလေ၏။ ထို့နောက် သကုဏ္ဍလ မင်းသမီးသည် ကိုင်းညွတ်၍ နေသော သော်ကမာလာ ပန်းခိုင်ကို နှုတ်ဆက်သည့်ပမာ ယုယစွာ ဆွဲကိုင်၍ လူများတို့သည် တစ်ဦးနှင့်တစ်ဦး ခွဲခွာကြမည် ပြုလုပ်ရာ နှုတ်ဆက်သည့်အဟန်ဖြင့်

> ယနေ့ကစ၍ ရှင်တို့နှင့် ကျွန်မသည် ရှင်ကွဲအားဖြင့် ခွဲခွာ၍ သွားရပါတော့မည်။ သို့ရာတွင် ဘယ်လိုပင် အချင်းချင်း အနေဝေးကြသော်လဲ ကျွန်မစိတ်ဖြင့် မေ့လျော့မည် မဟုတ်ပါ။ တစေ့စေ့ အောက်မေ့၍ အလွမ်းငွေ့ ငွေ့လျက်သာ နေရမှာပါပဲ။

ဟူ၍ ဆိုပြီးလျှင် ပိယံဝဒနှင့် အနုသူယတို့၏ လက်ကို ဆွဲကိုင်ပြီးလျှင် မှာထားလေသည်မှာ

> ဤ သနားစဖွယ်ကောင်းသော ပန်းသစ်ပင်ကလေးများကို ရှင်တို့၏ အဖိုးထိုက်တန်သော ပစ္စည်းသဖွယ် နီးနီးရင်းရင်း အတွင်းသဘောထား၍ များစွာ ဂရုစိုက်ရစ်ကြပါ။ ကိုယ့်ညီမကလေးတွေကဲ့သို့ မေတ္တာထားပြီး သနားရစ်ကြပါ။

ဟူ၍ ဆိုလေ၏။ ထိုအခါ အနုသူယနှင့် ပိယံဝဒတို့က–

WWW.DHAMMARANSI.COM



ကျွန်မတို့ကို တောတွင်းမှာ ချန်ထား၍ သခင်မ ခွာသွားတော့မည်လား။

ဟု ဆိုပြီးလျှင် ငိုကြွေးကြလေ၏။ ထိုအထိန်းတော်တို့ ငိုကြွေးသံကို ကြားသောအခါ တောသားသတ္တဝါ အပေါင်းတို့နှင့် ကျေးငှက်များစွာတို့သည် တစ်ပြိုင်နက် ကြေကွဲလွမ်းဆွတ်ဖွယ်သော အသံဖြင့် တညံညံ ဟစ်ကြွေးလေကုန်၏။ ထိုအသံများကို ကြားပြန်ရာ သကုဏ္ဍလမင်းသမီးကလေး၏ စိတ်သည် ဆီးတား မရအောင် ဝမ်းနည်းလှသည်နှင့် မျက်လုံးတော် နှစ်ဖက်မှ စီးကျသော မျက်ရည်တို့ကို မတားနိုင်အောင် ပင် ရှိရှာလေ၏။

ထိုအခါ ဖခင်စန္ဒရသေ့ကြီးက

အို ခက်ပါဘိတော့တယ်ကရို။ အနသူယနှင့် ပိယံဝဒတို့၊ မင်းတို့က ပူဆွေးပြီး ငိုကြွေးမြင်း မပြုကြပါနှင့်။ သင်တို့နှစ်ယောက်က ငါ့သမီး လေးမှာ အားငယ်ငယ်နှင့် ခွဲခွာ၍ သွားရရှာတော့ မည့်ဆဲဆဲ အငိုပွဲ ဆင်နေကြတာကိုး။ တကယ် ဆိုတော့ သင်တို့ နှစ်ယောက်က စိတ်ခိုင်မာစွာ ထားပြီး ငါ့သမီးကို အားပေးဖို့ ကောင်းတဲ့အခါ ပါ။ 'လွမ်းကတဲငိုခဲစေ' ဆိုသလိုနေကြမှပ။

ဟု တရားချပြီးလျှင် သမီးများ၏ လက်ကို ကိုင်ဆွဲ၍ ခရီးကိုလုပြီး သခ်မ်းကျောင်း ပရိဝုဏ်မှ ထွက်ခွာ လေ၏။

ဤကဲ့သို့ ထွက်ခွာ၍ သွားကြစဉ်အခိုက် သကုဏ္ဍလမင်းသမီးကလေးသည် ရုတ်တရက် ရပ်တန့်ပြီးလျှင်

အလို ကျွန်မ၏ ထဘီစသည် ဘယ်အရာများနှင့် ငြိတွယ်၍ နေပါသနည်း။

ဟု အံ့အားသင့်စွာ ဆိုပြီးလျှင် နောက်သို့ လှည့်၍ ကြည့်ရှုလိုက်လေ၏။ ထိုအခါ ဖခင်ရသေ့ကြီးက

အို အခြားမဟုတ်ပါ။ ငါ့သမီး မွေးကျွေး၍ ထားသော ဒရယ်ပျိုကလေး ဖြစ်ရှာပါသည်။ သူ့သခင်မ အရိပ်အကဲကို မြင်ရ၍ မရွှင်ပျသော သဘောထားဖြင့် သွားရာသို့ နောက်က တကောက်ကောက် လိုက်ပြီးလျှင် "အို သခင်မ ဘုရား။ ဘယ်ကို သွားမလို့လဲ။ အို သခင်မ ဘုရား။ ဘယ်ကို သွားမလို့လဲ ဟု မေးသည့် အဟန်နှင့် သူ့သခင်မ၏ခရီးလမ်းကို ဖြတ်သန်း ပြီး တားမြစ်လိုသည့် အဟန်ဖြင့် သမီးတော်၏ ထဘီစကို ကိုက်ဆွဲ၍ ထားသည် ထင်ပါရဲ့။

ဟု ပြောကြားသောအခါ သကုဏ္ဍလ မင်းသမီးက–

ရှုတော်မူကြပါ။ တောသတ္တဝါတိရစ္ဆာန် ကလေး ဟာတောင်မှ လူများလိုပင် မျက်ရည်ယို၍ ငို နေပါပကော။

ဟု ဆိုပြီးလျှင် ဒရယ်ပျိုကလေးကို ဖက်ယမ်း၍

အို နုနယ်သေးကွေး အလွန်ယဉ်ကျေးလှသော ဒရယ်ကလေး၊ ဘယ်ကြောင့် ငိုချင်ရပါသနည်း။ လောကဆိုသည်မှာ မေ့တာသခါရ ဝင့်ဒုက္ခ နယ်တွင်းမှ လွတ်ကင်းနိုင်တာမျိုး မဟုတ်ပေ ဘူး။ 'ဖြစ်လျှင်ပျက်မြဲ၊ ဆုံလျှင်ကွဲ ရလဲကုန် တတ်စွ' ဆိုသည့်အတိုင်း ဖြစ်လာလျှင် အဆုံး သတ်တော့ ပျက်ရလိမ့်မည်။ ဆုံစည်းပေါင်းသင်း ရလျှင် တစ်နေ့နေ့တော့ ကွဲကြလိမ့်မည်။ ရပြန်သော်လည်း ကုန်ဖို့ရာ လမ်းပေါ်လာတတ် သည်။ ပုပုရွရွ မြင်သမျှတွေဟာ ဘယ်သူမှ အစဉ် ထာဝရ မဟုတ်ကြပေဘူး။ တစ်နည်းနှင့် မကွဲလျှင် တစ်နည်းနှင့်ကွဲရ၊ တစ်နည်းနှင့် မပျက်လျှင် တစ်နည်းနှင့် ပျက်ကြရတာမျိုး ဖြစ်လေသည်။

အို နုနုနယ်နယ် ရှုစဖွယ် ကောင်းလှသော ဒရယ်ကလေး၊ သင့်မိခင်က သင့်ကို ပစ်စွန့်ကာ သေဆုံးသွားပြီးသောနောက် ငါကောက်၍ မွေးကျွေး သုတ်သင်လာရာ ယခုမှာ ငါနှင့် ခွဲခွာရတော့မည်။ သင်နှင့်တူစွာ ကျွန်ုပ်ကို ငယ်စဉ်နုသေး အကလေးကပင် မွေးကျွေးသုတ် သင်၍ လာသော ဖခင်ရသေ့ကြီးနှင့်ပင် ခွဲခွာရ ပါတော့မည်။ ငါမရှိသည့်နောက် ငါကဲ့သို့ပင် ဖခင်ရသေ့ကြီးက သင့်ကို မွေးကျွေး ပြုစုရစ်ပါ လိမ့်မည်။ အားမငယ်ပါနှင့်၊ ပြန်ပါကွယ်။

WWW.DHAMMARANSI.COM



ပြန်ပါပြန်ပါ။ သွားတော့မည်ဆဲဆဲ နေရာမှာ မနှောင့်ယှက်ပါနှင့်။

ဟု ဆိုပြီးလျှင် ယုယစွာ ဒရယ်ငယ်၏ကျောကို လက်ဖြင့် သပ်လျက် လွန်စွာ ဝမ်းနည်းလှသောကြောင့် သက်ကြီးရှိက်ငင်ကာ ငိုကြွေးလေ၏။ ထိုအခါ ဖခင်စန္ဒရသေ့ကြီးက

အို ချစ်သမီး မငိုကြွေးပါနှင့်။ မပူဆွေးပါနှင့်။ ယခုလို ခရီးသွားမည့်ဆဲဆဲမှ တငိုငို တရီရီ ပြုလုပ်နေရန် မသင့်လျော်ပါဘူး။ ငိုကြွေးခြင်း ဆိုတာ မကောင်းသော တိတ်နိမိတ် ဖြစ်တတ်ပါသည်။ ယခု မိတ်ဆွေအားလုံးတို့နှင့် တစ်နေ့နေ့တော့ ပြန်တွေ့ကြရဦးမှာပ။ သမီး၏ စိတ်ကိုသာ ခိုင်ခိုင်ကြီးထားပါ။ ငါ့သမီး သွားရမယ့် ခရီးလမ်းသို့သာ တည့်တည့်ကြီး မှန်း၍ ထားလိုက်ပါ။ ဟိုအတွက် သည်အတွက်တွေကို ငဲ့ကွက်ပြီး တွေးတော လွမ်းဆွတ်၍မနေပါနှင့်။ တကယ်လို့ လွမ်းဆွတ်ဖွယ်ရာ အကြောင်းတွေကို တွေးတောမိသဖြင့် ငိုချင်လှလှနှင့် မျက်ရည်များ ဥပြီး လာပါလျှင် အသာ စိတ်ကိုတင်းပြီး ကျဆင်းမယ့် မျက်ရည်ကို တားမြစ် ရုတ်သိမ်းလိုက်ပါ။

လူတို့မှာ 'စိတ်သာရှင်စေ ဘုရား ဟော' သတဲ့။ စိတ်တစ်ခုကို ခိုင်ခိုင်မြဲမြဲကြီး ထားနိုင်ပြီဆိုမှဖြင့် အစစအရာရာမှာ သိဒ္ဓိ မြောက်တာချည်းပဲ။ ငါတို့ဖခင် ရသေ့များသည်လဲ တောဖျားတောင်စောင်း ခိုဝင်အောင်း၍ ကောင်းမြတ်သော တရားဘက်သို့ လိုက်၍ စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်း ဘာဝနာကို သုံးသပ် ဆင်ခြင်၍ နေကြတာလဲ စိတ်ကို ထိန်းသိမ်းတဲ့အလုပ်ပါပဲ။ တကယ်လို့သာ စိတ်ကို လျှော့လိုက်မယ် ဆိုမှဖြင့် ကမ္မဋ္ဌာန်း ဘာဝနာအလုပ်နှင့် ကုတ်ပြီး ဘယ်မှာ နေနိုင်တော့မှာလဲ။

ဤသောကမှာ 'ဆင်းရဲ[illegible]ဟာစခါ ချမ်းသာတစ်လှည့်၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်' ဆိုတာမျိုးတွေပါ။ ဆင်းရဲနှင့် ရင်းနှီးမှ ကြီးကျယ်သော ချမ်းသာကို ရရှိနိုင်ကြပါသည်။ ငါ့သမီး၏ ကုသိုလ်ကံကြောင့် ယခုဘဝ တစ်သက်မှာဖြင့် ဆင်းရဲဘက်သို့မကျဘဲ ချမ်းသာသုခနှင့် မွေ့လျော်စံစားရမယ့် အခွင့်တွေချည်းကိုသာ တွေ့ကြုံရပါလိမ့်မည်။ အားမငယ်ပါနှင့်။

ဟု တရားပြသပြီးလျှင် ရှေ့သို့ လှမ်းသွားရန်ကိုသာ တိုက်တွန်းလေ၏။ ဤကဲ့သို့ ရှေ့သို့ လှမ်းသွားကြစဉ် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီး တစ်ခု အနီးသို့ ရောက်လေရာ သကုန္တလာ မင်းသမီးကလေး၏ လမ်းညွှန်အဖြစ် လိုက်ပါ၍ သွားသော သံဂါရဝမည်သော ရသေ့က သတိပေး စကားပြောကြားသည်မှာ—

အို ဖခင်ရသေ့မြတ်— တရားရှင် သူတော်ကောင်းတို့၏ ကတိကဝတ် တရားနည်းလမ်းအရ ခရီးသည် တစ်ဦးတစ်ယောက်ကို လိုက်၍ ပို့သောအခါ အရိပ်သစ်ပင် အေးချမ်း ကြည်သာ ရေပေါ်များရာအရပ်သို့ ရောက်အောင် ပို့ဆောင်ရမြဲ ထုံးစံရှိပါသည်။ ဤနည်းလမ်းအရ အရှင်ရသေ့မြတ်သည် သမီးတော် သကုန္တလာကို လိုက်၍ ပို့တော်မူသည်မှာ ယခုအခါ လွန်စွာ မွေ့လျော်ဘွယ်ကောင်းသည့် ရေကန်ကြီး အနီးသို့ ဆိုက်ရောက်လာပါပြီ။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အား သွားကြရန် အမိန့်ပေးတော်မူ၍ အရှင်မြတ်ဘုရားသည် တရားကျင့်ရာဖြစ်သည့် ကျောင်းသင်္ခမ်းသို့သာ ပြန်သွားတော်မူရန် သင့်လျော်ပါပြီ။

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ စန္ဒရသေ့ကြီး က—

ကျွန်ုပ်တို့သည် ဟောဟိုရှေးမှာရှိသော သစ်ပင်ကြီး၏အရိပ်မှာ ခေတ္တလောက် နားနေကြဦးစို့။

ဟူ၍ ဆိုလျှင် အလုံးစုံသစ်ပင်ရိပ်သို့ ဝင်၍ နားနေကြလေ၏။ ထို့နောက် စန္ဒရသေ့ကြီးသည် သကုန္တလာ မင်းသမီးကလေး၏ဘက်သို့ လှည့်တော်မူ၍—

WWW.DHAMMARANSI.COM



ငါသည် သားမက်လောင်းဖြစ်သော ဒုဿန္တ မင်းသားအား ဘယ်ကဲ့သို့ စကားလက်ဆောင် များကို ပေးလမ်းလိုက်ရပါအံ့နည်း။

ဟူ၍ ကြံစည်တွေးတော၍နေစဉ် အနသူယက သကုန္တလာမင်းသမီးကို ကြည့်၍

ချစ်ဆွေ သခင်မကလေး၊ အမှန်ကိုပြောရမှာဖြင့် ဤတောအလုံးသည် သခင်မကလေးအား များစွာ ချစ်ခင်ကြပါသည်။ ချစ်ခင်ကြသည့်အတိုင်း သခင်မသည် ဤတောတွင်းက ထွက်ခွာ၍ သွားတော့မည်ဆိုတာနှင့် အလွန်တရာ ပူဆွေးခြင်း ဖြစ်ကြပါသည်။

ဟု ပြောဆိုရင်း ရေကန်ဘက်သို့ လှည့်၍ ကြည့်ရင်း ပြောပြန်သည်မှာ–

အလို ကြည့်စမ်းပါ။ သခင်မကလေး ဟောဟို ရေကန်ကြီးအတွင်း ခိုင်ညှာချင်း ညွတ်ရုံ၍ အဖူးအငုံတို့နှင့် တင့်တယ်သော ကြာပွင့်တွေထဲမှ ခေါင်းကလေး မပေါ်တပေါ်နှင့် နေသော ကြိုးကြာငှက်တစ်ကောင်ဟာ သူ၏ ကြင်ဖော်က တအော်အော်နှင့် ကုန်းပေါ်ကနေ၍ခေါ်သော်လဲ အမှုမစိုက် ဂရုမစိုက်ထား၊ သူ၏ နှုတ်သီးတွင် ကိုက်၍ထားသော ကြာစွယ်ကိုမှ လွှတ်ချလိုက်ပြီးလျှင် သခင်မကလေး၏ မျက်နှာကိုသာ တမော်မော်နှင့် မျှော်၍ကြည့်နေပါကလား။

ဟူ၍ ပြောဆိုလေ၏။ အထိန်းတော်များနှင့် အတူတကွ ကြိုးကြာငှက်ကို ကြည့်ရှု၍နေကြစဉ် ဖခင်စန္နရသေ့ကြီးသည် သမီးတော်နှင့် အဖော်လိုက်သွားမည်ဖြစ်သော သံဂါရဝဘက်သို့ လှည့်၍

ချစ်သားသံဂါရဝ၊ အသင်သည် ငါ၏သမီးတော်ကို ဒုဿန္တမင်းသားအား နှင်းအပ်သောအခါ ဤကဲ့သို့ ငါမှာလိုက်သည်ဟု ပြောကြားပါလေ။ (ပြောကြားရမည်မှာ)အို မင်းသား၊ ကျွန်ုပ်တို့ တောရဆောက်တည်ကာ နေသော တရားရှင်သူတော်ကောင်းများဆိုတာ လွန်စွာ ရိုးသားဖြောင့်မတ်၍ လောကီအရေးရာတွင် တစ်စုံတစ်ရာမျှ နားလည်ကျွမ်းကျင်သည်ဟူ၍ မထင်မြင်ထိုက်ပါ။ အရှင်မင်းသားသည်မူကား ဘုန်းတန်ခိုးတေဇော်အာနုဘော်နှင့် ပြည့်စုံ၍ ဖြောင့်မတ် ခိုင်ကြည် သစ္စာတည်သည်ဟူ၍ ကျွန်ုပ်တို့ မှတ်ထားကြသောအတိုင်း ဤတောသူမကလေးအပေါ်မှာ တည်ကြည် ခိုင်မြဲစွာ မေတ္တာထား၍ တရားသဖြင့် ပေါင်းသင်း ဆက်ဆံတော်မူပါ။ ကမ္ဘာတည်ဦးကစ၍ ထွက်ပေါ်လာသော နေမင်းသည် နေ့စဉ် အချိန်မှန် အတိုင်း ဤကမ္ဘာမြေပြင်ပေါ်မှာ ထွန်းလင်းဘိသကဲ့သို့ ဤတောသူမကလေးအပေါ်မှာ သင် မင်းသား၏ မေတ္တာကိုလဲ ထွန်းလင်း တောက်ပပါစေလော။ အဂ္ဂမဟေသီ ဒေဝီအခေါင် တောင်ညာထင်ထား မိဖုရားတို့ကို မြှောက်စားတော်မူသည့် နည်းလမ်းအတိုင်း အဆောင်အရွက်အမျိုးမျိုးတို့နှင့်တကွ ချီးမြှောက်တော် မူပါလော။

ဤအကြောင်းအရာများထက်ဖြင့် သမီး၏အတွက် ပိုမို၍ အခွင့်မတောင်းနိုင်ပေဘူး။ ချစ်ခင် ကြင်နာ မေတ္တာအထူးရှိကြတယ်ဆိုတာ ကံသာ ပဓာန ကံချသောအတိုင်းသာ ဖြစ်ကြရမှာပဲ။ ဤအတိုင်း ပြောကြားပါလေ။

ဟု မှာထားလေ၏။ ထိုစကားကို ကြားရာ သံဂါရဝရက–

ဖခင် ရသေ့မြတ် မှာထားအပ်သည့်စကားများကို ဦးထိပ်တွင် သံမှိုနှက်သလို မြဲစွာ မှတ်သားမိပါပြီ။ ဤစကားအတိုင်း လျှောက်ကြားလိုက်ပါမည်။ စိတ်ချ၍သာ ပြန်ကြွတော်မူပါ။

ဟူ၍ လျှောက်ထားလေ၏။

ဖခင် စန္နရသေ့ကြီးသည် သမီးဘက်သို့ လှည့်၍ မှာတမ်းစကား ပြောကြားလေသည်မှာ

အို ချစ်သမီး– သင်သည် ဖခင်မွေးမြူလာသည်ကစ၍ မည်သည့်နေရာဌာနမှာမှ မိန်းမတို့ အင်္ဂါချွတ်ယွင်း၍ ကဲ့ရဲ့ခြင်းငှါထိုက်သော အရာတို့ကို မမြင်စဖူးချေ။ အလိမ္မာမှာဖြင့် လွန်စွာ

WWW.DHAMMARANSI.COM



ချီးမွမ်းထိုက်တဲ့ သမီးပါပေပဲ။ ဖခင်၏ သမီးက လိမ္မာပြီး ဖြစ်သော်လဲ 'ပညာရှိသတိဖြစ်ခဲ' ဆိုတာလို ဖခင်က ဆုံးမ စကားပြောကြား လိုက်ပါမည်။ သင်တယ်လို့လဲ မအောက်မေ့ပါနှင့်။ ငါ့သမီးလေးကတော့ တောသူမကလေးကွဲ့၊ လူသူမနီးသော တောမြိုင်ကြီးအတွင်းမှာ ကြီး ပြင်းနေရရှာတာ ဖြစ်လေတော့ ဖခင်တို့ စွန့်ပစ် ပြီးဖြစ်သည့် လောကီအမှုအရာများနှင့် အတော် ကြီး ဝေးကွာနေတာကြောင့် လိမ္မာယဉ်ကျေးဖို့ ရန် အတန်ကလေးခက်လိမ့်မည်ဟု ဖခင် ထင်မိသည်။ သို့ဖြစ်၍ ထီးတော် နန်းတော်များ သို့ ရောက်လေသောအခါ အရာရာတို့မှာ များ စွာ သတိထားပြီး နေထိုင်ပါလေနော်။ ထီးနန်း ဆိုတာ များစွာသော လူသူ ပရိသတ်တို့ဖြင့် ပြိုးပြွမ်း၍ ဆန်းဆန်းကြယ်ကြယ် ဖြစ်လွယ် တတ်ပါသည်။ 'မင်းတို့မျက်စောင်း အကြောင်း မရွေး'ဆိုတာလို တစ်စုံတစ်ရာ ကုန်းတိုက်သူများ နှင့် တွေ့ပြီဆိုမှဖြင့် ဘုရင်မင်းမြတ်က အထင် အမှတ်လွဲပြီး တောထဲမှာ ကြီးပွားပြီးနေတဲ့ ငါ့သမီးကလေးကို နှိပ်စက်မယ်ဆိုလျှင် ဖခင်လဲ ဆင်းရဲဒုက္ခ ရောက်ရမှာပါပဲ။

ဟူ၍ ပြောဆိုရာတွင် သံဂါရဝက ကြားဖြတ်၍ ပြောသည်မှာ

သြော်– လိမ္မာပြီးသား သူကိုတော့ ထပ်မံပြီး သွန်သင်စရာအကြောင်း မရှိလှပါဘူး။ လိမ္မာချင် တဲ့လူဟာ ပဋိသန္ဓေတည်နေသည်ကစ၍ မျိုးရိုး ဇာတိနှင့်တကွ လိမ္မာ၍လာပါသည်။ 'ငှက်ပျော ပင်စိုက် မိလိုက်ဖပါ'ဆိုတဲ့အတိုင်း အခုလို အမျိုးကောင်း လာပြီဆိုမှဖြင့် သူ့တို့ မလိမ္မာမည့် အတွက်ကို စိုးရိမ်ဖို့မရှိပါ။ ရေချိုကျက်စားသော သတ္တဝါများကို ရေကူး မတတ်မှာ မစိုးရိမ်ရပါ။ ကောင်းကင်၌ ကျက်စားသော သတ္တဝါများကို မပျံတတ်မည့် အရေးနှင့် တွေး၍ စိုးရိမ်ခွင့်မရှိပါ။

ဟူ၍ ပြောသော်လည်း ဖခင်ရသေ့ကြီးက လွန်စွာ စိုးရိမ်တော်မူလှသည်နှင့် ထပ်မံ၍ ပြောပြန်သည်မှာ

ချစ်၍မငြီးနိုင်သော သမီးဒါရူ လှမဥ္ဇူ၊ ဖခင်က အဆုံးစကား ပြောကြား မှာထားလိုက်ပါမည်။ နားစိုက်၍ ထောင်နာပေတော့၊ ငါ၏သမီးတော် သည် ထီးနန်းဦးကင်သို့ ရောက်လေသောအခါ ရွှေနန်းကြီးသခင် ဒုသျှန္တ ဘုရင်နှင့်တကွ လေး မြတ် ရှိသေထိုက်သည့်သူများကို ဝပ်တွား နှိပ်ကျို့၍ သတိကို မြဲ့တည်ပြီးလျှင် ရှိသေပါ လေနော်၊ လင်ယောကျ်ားများကို ဝပ်တွား ရှိသေခြင်းသည် နတ်နှင့်တကွ တစ်လောကလုံး ချီးမွမ်းအပ်လေသောကြောင့် မယားကောင်းတို့ ၏ ဝတ္တရားနှင့် လျော်ညီစွာ ကျင့်ကြံလိုက်နာ ပါလေနော်။

အကယ်၍ ဒုသျှန္တမင်းသားမှာ အခြားမိဘုရား များရှိခဲ့သော် ထိုလင်တူမယားဖြစ်သည့် မိဖုရား များကို မလိုမုန်းထား ရန်ညှိုးမပွားစေဘဲ ထောင် လွှားတက်ကြွခြင်း၊ မာန် မာနကို လျှော့ချ၍ ညီအစ်မရင်းချာကဲ့သို့ သွား အတူ၊ စားအတူ ကြည်ကြည်ဖြူဖြူနှင့် သင့်တင့် စွာ ရှိအောင် နေထိုင်ပါလေနော်။

အို ချစ်သမီး၊ မိန်းမတို့မှာ တစ်ဦးသောလင် ယောကျ်ား၌ မယားအများနေရခြင်းသည် အဆင်းရဲဆုံးသောဒုက္ခဖြစ်လေသည်။ အကယ်၍ ပင် ထိုကဲ့သို့ဒုက္ခမျိုးနှင့် ငါ့သမီးကလေး တွေ့ ကြုံရသော်လဲ ဟယ် လောကမှာ မကင်းနိုင်တဲ့ ဓမ္မတာ ဝန်ကြီးပါကလား။ ကံပစ်ချတဲ့အတိုင်း နေတတ် အောင်နေမှ တော်မည်ဟု သဘောထား ပြီး အမျက်များ မထွက်ပါလေနှင့်နော်။

မိန်းမဆိုတာ အူတိုမျိုးတဲ့ကွဲ့။ တစ်ယောက် ကောင်းစားလျှင် တစ်ယောက် မနာလို၊ တစ်ယောက် သာလျှင် တစ်ယောက် မခံချင်၊ တစ်ယောက်ကို ချစ်ခင်တယ်ထင်မှဖြင့် ဉာဏ် ဆင်၍ ကုန်းတိုက်တတ်ကြလေသည်။ ငါ့သမီး

WWW.DHAMMARANSI.COM



ကြီးမြင့်တယ်ဆိုလျှင် ဖခင်မှာလဲ ကျက်သရေရှိ၍ ဝမ်းမြောက်ဝမ်းသာ နေထိုင်ရန် ဖြစ်မှာပါပဲ။ ဟူ၍ ပြောဆိုဆုံးမပြီးလျှင် တရားသဘောနှင့် မိမိဘက်သို့ လှည့်၍ တစ်ကိုယ်တည်း ပြောဆို ညည်းညူပြန်သည်မှာ

ဩော် – ငါ့သမီးကို လူတတ်ကြီးလုပ်၍ ငါက ပြောဆို ဆုံးမရသော်လည်း တကယ်ဆိုတော့ ငါက တောတွင်းသားကြီး ဖြစ်၍နေပါတကား။ လူကြီးအင်္ဂါလက္ခဏာနှင့် ညီညာအောင်သာ ပြောရတော့တာပဲ။ စင်စစ်မှာတော့ ငါလဲ နန်းတော် ထီးတော်များအကြောင်းကို ကောင်းကောင်းလဲ သိတာ မဟုတ်ပါကလား။

သို့ရာတွင် သမီး၏အရေးဖြစ်၍ တွေးပြီး စိုးရိမ်ရတာနှင့် ထင်မိထင်ရာ မှာထားရတော့တာပဲ။ ဩော် – လောကမှာ သားရေး သမီးရေး ဆိုတာ ပူပင်ကြတာမျိုးပေဘဲနော်။ ငါတို့ကဲ့သို့ လောကီဘောင်မှ ခွာရှောင်၍ လောကီနယ်ထဲမှ မျက်နှာ လွှဲပြီးသားဖြစ်သော သူတို့သော်မှလဲ ယခုလို ဗျာပါရများပြီး တရားကို လက်လွှတ်ထား၍ ပူအား ထက်သန်ရသေးတာကိုး။ ကာမဂုဏ် ညွှန်ဗွက်မှာ တနစ်သက်သက်နှင့် နစ်မြော၍ နေတဲ့ သူများကိုတော့ ပြောကြားဖို့ရာ မရှိပေဘူး။ လောကီအာရုံ ကာမဂုဏ်ဆိုတာ မီးပုံကြီးနှင့် တယ်ပြီး တူပါကလား။

ဆို၍ အောက်၌ပါသော သံဝေဂ ကမ္ဗည်းကို ရွတ်ဆိုလေသတည်း။ ။

## သံဝေဂလင်္ကာ

လောကီဝင်ဘုံ ငါးအာရုံမှ မီးပုံတမျှ ပူပင်လှ၍ ဒုက္ခစင်းစင်း ချမ်းသာကင်း၏။ ဘင်တွင်း ပျော်မွေ့ ဝက်အလေ့သို့ မက်၍မဆုံး တအုန်းအုန်းနှင့် ပြုံးပြုံးရွှင်ရွှင် တမင်မင်လျှင် ကြည်လင်နှော်နှီး၊ သားသမီးနှင့် ဇနီးမောင်နှံ ပေါင်းဆက်ဆံ၍ ဆူညံသိုက်မြိုက် နေစဉ်ခိုက်မှာ အားတိုက်ထိတွေ့၊ ဆင်းရဲမွေ့က

ကလေးကတော့ တောသူမကလေး ဖြစ်တာနှင့် နန်းတော်သူများလိုဖြင့် အရာရာမှာ ပါးနပ်မယ် မဟုတ်လှဘူး။ ငါ့သမီးကို ဒုသျှန္တမင်းသားက မြတ်နိုး၍ အမျိုးမျိုး မြှောက်စား၍ ချစ်ခင်မယ် ဆိုလျှင် ကုန်းစကားတွေ ဝင်လာတတ်တယ်။ ထိုအခါ ဘုရင်ပြုလုပ်သူက ဆင်ခြင် တွေးတော၍ မှန်သောမမှန်သော သဘောဖြောင့်မတ်စွာ ထားနိုင်လျှင် တော်ပါရဲ့။ ကုန်းစကားကိုယုံပြီး ငါ့သမီးကလေးကို နှိပ်စက်မှုဖြင့် တောထဲက နန်းတော်သို့သွားပြီး အလကား ဆင်းရဲခံနေရမှာကိုလဲ ဖခင်အလွန် စိုးရိမ်ပါသည်။ သို့အတွက် မိန်းမအချင်းချင်းများ အပေါ်မှာ တစ်စုံတစ်ရာမှ အမူအရာ မဖောက်ပြန်စေဘဲ မှန်ကန်တည်ငြိမ် ဣန္ဒြေရရနှင့် မေတ္တာမျှတဖို့ ဖြစ်အောင် နေထိုင်ပါလေနော်။

တကယ်လို့ ဒုသျှန္တမင်းသားက ငါ့သမီးအပေါ်မှာ အလိုမကျသောသဘောနှင့် ဒေါသ ခက်ထန် ရာဇမာန်များ ရှုပြီ ဆိုခဲ့လျှင် ငါ့သမီးက ခုခံတင်းမာ၍ မနေဘဲ ပြေလည်စွာ ရှိအောင် ချိုချိုသာသာ လျှောက်ထားပါလေနော်။ ကိုယ့်အောက်က ကျေးကျွန်များအပေါ်မှာလဲ မျက်နှာသာ မပေးလွန်း၊ အရောမဝင်လွန်းဘဲ မလျှော့မတင်း၊ စောင်းကြိုး ညှင်းသကဲ့သို့ သဘောထားပြီးလျှင် မြှောက်စားသင့်သူကို မြှောက်စား၊ မတရားသူကို ပယ်ရှား၍ အသွယ်သွယ် ဆင်ခြင်စဉ်းစား၍ နေထိုင်ပါလေနော်။

ဘုရင်မင်းမြတ်က မြတ်နိုး၍ မြှောက်စားတော်မူသော်လည်း စိတ်ကို မကြွစေဘဲ မာနတံခွန်ကို ဖြုတ်၍ ကုတ်ကုတ် နေထိုင်ပါနော်။ ထင်ရာတိုင်း မပြုလုပ်ပါလေနှင့်။

ဤကဲ့သို့ ဖခင်က သွန်သင်သောအတိုင်း လိုက်နာပြုကျင့်ပါလျှင် အမျိုးကောင်းတို့၏ လက္ခဏာနှင့်ညီညာ၍ တစ်ဘဝလုံး အသက်ဆုံးအောင် ချမ်းသာမှာပါပဲ ချစ်သမီး။ ငါ့သမီး

WWW.DHAMMARANSI.COM



နေသွေ့ပန်းနယ် နွမ်းတနယ်လျှင် ပန်းဖွယ်ခွေရီ သောကထိ၍ မချိလိုက်လဲ့ ပူလောင်မြိတည့် ဆားခဲ ရေကျ ပမာဏနှင့် သဲဝသောင်ပြင် ပြိုသောသွင်လည်း လွင့်စင်တခြား ကွဲပြန်ကြားလည်း စိတ်ထားပူပင် သေမင်းငင်သော် ဖြေလျှင်ပြေဘဲ လွမ်းနာသဲ၍ ပူခဲ မကျေ ဖြစ်ဖို့လေ၏။ မျိုးဆွေအတွက် နှောင့်တရက် နှင့် ဝိတက်လွမ်းချုံ တောင်နယ်ပုံကဲ့ လုံးစုံကျဉ်းချုပ် နိဂုံးအုပ်သော် တမြုပ်မျောမျော ဒလဟောဖြင့်အတော မသတ် ဒုက္ခဓာတ်မှာ တပတ်လည်လည် ရပ်မတည် သည် ကြည်ဖွယ် မရှိပါတကား။

ဤသို့စန္နရသေ့ကြီး ညည်းညူပြောဆိုအပြီးတွင် မယ်တော် ဂေါတမီက သကုဏ္ဍလဘက်သို့ လှည့်ပြီး လျှင်

ကဲ – ချစ်သမီး ယခု မင့်ဖခင်မှာထား စကားများ ကို ကြားရပြီ ဟုတ်လား။ ငါ့သမီး ဖခင်ရသေ့ ကြီးက တောထဲမှာ ကြီးပွား၍ တောသားကြီး ဖြစ်၍ နေပေမယ့် သမီးကလေးအတွက် မှာထား လိုက်တာတွေဟာ ဘာမျှ လိုပေသေးသည် မရှိ ဘဲ အမျိုးမျိုးစုံနေတာပါပဲ။ ငါ့သမီးကသာ စိတ်ထဲ၌ မြဲမြဲစွဲစွဲကြီး မှတ်ထားပါနော်။

ဟူ၍ ထပ်မံ ပြောဆိုလေ၏။

ထို့နောက်၊ ဖခင်စန္နရသေ့ကြီးက

ကဲ ဖခင်၏ ချစ်မငြီးသော သမီးသီဂီ လုနှင်းဆီ ကလေး၊ ငါဖခင်နှင့် သင်၏ မိတ်ဆွေများကို နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်၍ သွားပေတော့။

ဟု ဆိုရာ သမီးတော် သကုဏ္ဍလက

ဒါဖြင့် ဖခင်၊ ကျွန်မ၏ မိတ်ဆွေဖြစ်သော အနသူယနှင့် ပိယံဝဒတို့ကော ကျွန်မနှင့်အတူ မလိုက်ပါဘဲ သင်္ခမ်းကျောင်းသို့ ပြန်ကြဦး မှာလား။

ဟု မေးမြန်း လျှောက်ထားလေ၏။ ဖခင်ရသေ့ကြီးက

အို– သူတို့လဲ သီးချိန်တန်လျှင် သီး၊ ပွင့်ချိန် တန်လျှင် ပွင့် ဆိုတာလို အချိန်ကျတော့ လောက မင်္ဂလာ ကံစီမံရာအတိုင်း ထိမ်းမြားမင်္ဂလာ ပြုလုပ်၍ ပေးရဦးမှာပေါ့။ သို့သော် ယခုအခါ ငါ့သမီးနှင့်အတူ ထည့်လိုက်ဖို့ မသင့်လျော် သေးဘူး။ သင်၏ မယ်တော်ဂေါတမီက သင့်ကို လိုက်၍ စောင့်ရှောက်ပါလိမ့်မည်။ မစိုးရိမ် ပါနှင့်။

ဟု ပြောလေ၏။

သကုဏ္ဍလမင်းသမီးသည် ဆံကေသီ ဖြေဖြည် လျှော့ပြီးလျှင် ကန်တော့ ဝပ်တွားလျက် ဖခင်ရသေ့ ကြီး၏ ခြေဖဝါးကို ဦးဖြင့်တိုက်၍ လျှောက်ထား သည်မှာ

ဘုရားသမီးတော်သည် ငယ်စဉ်ကာလက နေနေ ကျ ဖြစ်သော တောတွင်းမှ ထွက်၍ ထီးတော် နန်းတော်တွင်းသို့ ဝင်ရမည်ဆိုတာ ဘာနှင့် ဥပမာ သဏ္ဍာန်တူနေပါသနည်းဆိုလျှင် ဟို လူသူ မနီးသော ဟိမဝန္တာ တောကြီးအတွင်းမှာ နတ်တို့ စိုက်ပျိုး၍ သန်သန်စွမ်းစွမ်း ကြီးပွား ကာစ ဖြစ်သော စန္ဒကူးသရက္ခန်ပင်ကလေးကို နှုတ်ယူပြီးလျှင် အခြား ဓာတ်မသိရာ ဌာနသို့ ပြောင်းရွှေ့၍ စိုက်ပျိုးသည်နှင့် တူပါသည်။ နေရာ ထိုင်ရာ မကျသေးမီအတွင်း လွန်မင်းစွာ ဆင်းရဲနွမ်းနယ်ရပါလိမ့်မည်တကား။ အတည် တကျ စိုက်ပျိုး၍ထားသော သစ်ပင်များကို အခြားနေရာသို့ ရွှေ့ပြောင်းလိုက်ပါက နေရာ ဟောင်း မဟုတ်သည့်အတွက် အခြေအနေ ပျက်၍ အရွက်အညွန့် ညှိုးနွမ်း ခွေရီလေဘိ သကဲ့သို့ ထို့အတူ ကျွန်မတို့လူသားများသည် လဲ နေရာဟောင်းမှ နေရာသစ်သို့ ရွှေ့ပြောင်း နေထိုင်ရသောအခါ လွန်စွာ ညှိုးနွမ်း ခွေရီခြင်း ဖြစ်ရပါသည်။ မေတ္တာများ ပို့သတော်မူပါဘုရား။

ဟု လျှောက်ထား၍ တဖန်ဝပ်တွား ငိုလျှိုးပြီးလျှင် ဖခင်၏ ခြေဖမိုးကို မိမိဆံပင်နှင့်ပွတ်တိုက်၍ ဂါရဝ ပြုလေ၏။ ထိုအခါ စန္နရသေ့ကြီးက သမီး၏ပူဆွေး ပုံလက္ခဏာကို တွေ့မြင်လေသောအခါ အားပေး စကား ပြောကြားသည်မှာ

WWW.DHAMMARANSI.COM



ဘာမျှ စိတ်ပူစရာ မရှိပါဘူး။ ငါ့သမီး တွေးပြီး မပူပင်ပါနှင့်။ တိုင်းပြည်ဘောင်ဌာနသို့ ကျရောက်ပြီဆိုမှဖြင့် ရွှေပေါင်း ပြည့်လျှံ တသန်းခြံလျှင် ပျော်စံရှင်မြူး အထူးကြည်သာ ရွှေရတနာ၊ စိန်ရတနာ၊ ပတ္တမြား ရတနာတို့ကို လွယ်ကူစွာ သုံးဆောင်၍ မငြီးအောင် စံစားရပါလိမ့်မည်။ မိမိချစ်ခင်သော ဘုရင်ဒုဿန္တ မင်းသားနှင့် တွေ့ဆုံပေါင်းသင်း ရပြန်တော့လဲ အားတစ်မျိုး တက်ပြီး နှစ်သက်ရွှင်လန်းပါလိမ့်မည်။ ချစ်သောသူနှင့် ပေါင်းသင်းရသော ချမ်းသာကို လောကမှာ အသာဆုံး၊ အကောင်းဆုံး ဟူ၍ ပြောဆိုသမုတ်ကြလေသည်။

အနည်းငယ်မျှ စိတ်ပူပင်စရာ ဝင်သော်လည်း မကြည်မရွှင် မဖြစ်ပါနှင့်။ ထိုပြီး တဖန် ထီးတော်နန်းတော်ထဲမှာ ပျော်စံလျက်နေ၍ အတန်ကြာတော့ သားကောင်းရတနာ ဖွားမြင်သောအခါမှာလဲ နဲနဲ ဒုက္ခရောက်စရာ ရှိသေးရဲ့။ သို့ရာတွင် သား၏မျက်နှာကို မြင်ရတယ်ဆိုတာ ဝမ်းအသာဆုံး ဖြစ်လေတော့ သည်ဒုက္ခမျိုးကိုလဲ လောကမှာ ဆင်းရဲဟု မခေါ်ကြဘူး။

ချစ်သမီး၊ အရာရာမှာ အားခဲပြီး သည်းခံတန်သမျှ သည်းခံ၍ အတန်ငယ်သောဒုက္ခကို ပြေပျောက်အောင် ဖြေဆည်ကြရတာပဲ။ ဘယ်လိုလူမျိုးမဆို ဘယ်အရာမျိုးမဆို အတည် ထာဝရ နိစ္စရယ်လို့ မရှိကြဘူး။ လောကမှာ မြင်မြင်သမျှ သင်္ခါရ ချည်းဘဲ၊ 'ဖြစ်ကပျက်ပြန် လောကခံ နိဗ္ဗာန်သော်မှ ထာဝရ'ဟု ဆိုသည့်အတိုင်း လောက ထဲမှာ နေသမျှတွင်ဖြင့် အစဉ်တွေဟူ၍ မထင်လိုက်ပါနှင့်။ မိမိကိုယ်ဟု သမုတ်၍ထားသော ဤခန္ဓာကိုယ်ကောင်ကြီးမှ အစိုးရကြတာ မဟုတ်ဘူး ချစ်သမီး၊ အို ချိန်တန်သောအခါ အို၊ နာ ချိန်တန်သောအခါ နာ၊ သေမင်းကလာ၍ ဆွဲမှဖြင့် ချစ်သောသူဟူသမျှတို့နှင့် ကွဲပြီး သေပွဲဝင်ကြရမှာချည်းပဲ၊ ယခုလိုသာ ပူဆွေးပြီး နေကြမယ်ဆိုမှဖြင့် ဘယ်မှာ လောကကြီးထဲတွင် ပျော်ရွှင်နိုင်ကြတော့မတုံး။ လောကီအလိုက် စိတ်ကိုမျှောပြီး ထိုက်သင့်သလို နေထိုင်၍ သွားကြရတာပဲ။

ဟု လောကီ၏ ဖြစ်ပျက်ပုံနှင့်တကွ တရားပြ၍ ဆုံးမလေ၏။

ထို့နောက် သကုန္တလာမင်းသမီးသည် အထိန်းတော် နှစ်ယောက်အပါးသို့ ချဉ်းကပ်ပြီးလျှင် သုံးယောက်သား အားရစွာ ဖက်ပွေ့နမ်းရှုပ်ကြ၍ အနသူယက ပြောသည်မှာ

ကျွန်မတို့ မိတ်ဆွေ သခင်မကလေး၊ ထီးနန်းအတွင်းသို့ ဆိုက်ရောက်တော်မူသောအခါ ဒုဿန္တမင်းသားက သခင်မဘုရားကို မှတ်မိတော်မမူပါလျှင် သူ၏နာမည်ပါရှိသော နဝရတ်လက်စွပ်ကို ပြဖို့ရန် မေ့လျော့၍ နေတော်မူပါနှင့်။

ဟု သတိပေးစကား ပြောကြားလိုက်သည်တွင် သကုန္တလာ မင်းသမီးသည် ရုတ်တရက် တုန်တုန်လှုပ်လှုပ် ဖြစ်၍

ရှင် သတိပေးတာနှင့် စိတ်နှလုံး မသက်သာဘဲ အလွန်တရာ တုန်လှုပ်ခြင်း ဖြစ်မိပါသည်။ အမှန်ပဲ သူက ကျွန်မကို မမှတ်မိဘဲများ နေဦးမှာလား။

ဟု ဆိုလေ၏။ ပိယံဝဒက ကြားဝင်၍ ပြောသည်မှာ

ချစ်သွေး မွှန်နေတဲ့အခါမှာတော့ ကြောက်လန့်စရာတွေ အများကြီး ရှိတာပါပဲ။ သို့ရာတွင် စကားရှိလို့သာ မှာထားရပါတယ်။ တကယ်ဆိုတော့ သူက ချစ်ခင်ရင်း ဖြစ်နေတာနှင့် မမေ့နိုင်စရာမရှိပါ။ ထိတ်လန့် စိုးရွံ့ခြင်း၊ မဖြစ်ပါနှင့်။

ဟူ၍ ပြောကြားလေ၏။

ဤကဲ့သို့ ပြောဆိုနေကြစဉ် သံဂါဝရက—

ဖခင်ရသေ့မြတ်ဘုရား၊ ယခုအခါ နေမင်းသည် ကောင်းကင်သို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်၍

WWW.DHAMMARANSI.COM



မြင့်၍ လာပြီ ဖြစ်ပါသောကြောင့် တဖြည်းဖြည်း ပူ၍ လာပြီ။ ဂေါတမီနှင့်တကွ သမီးတော်များကို ခွာ၍ သွားကြရန် အခွင့်ပြုတော်မူပါ။

ဟု လျှောက်ထားလေရာ သကုဏ္ဍလမင်းသမီးသည် ဖခင်ရသေ့ကြီး၏ ခြေတော်စုံဖက်၍

အို ကျေးဇူးတော် အနန္တ ကြီးမြင့်တော်မူလှသော ဖခင်ရသေ့မြတ်၊ ဤလူ မနီးသော တောကြီးထဲမှာ ဘယ်သောအခါ ဖခင်တို့နှင့် ပေါ့ဆုံရပါအံ့နည်း။

ဟူ၍ ဝမ်းနည်းသော အသံဖြင့် လျှောက်ကြားလေ၏။

ထိုအခါ ဖခင် ရှင်ရသေ့က–

ငါ့၏ချစ်မငြီးသော သမီးလုနတ် မိန်းမမြတ်၊ သမီးတော်သည် ဒုဿန္တမင်းသားနှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပြီးသောအခါ ကာလ အတော်ကြာသော ကာလ၊ သားကောင်း ရတနာ ဖွားမြင်၍ လာလိမ့်မည်။ ထိုသားရတနာသည် ခေညပုည လက္ခဏာတံခွန် လူရည်ချွန်၍ အလွန် ဘုန်းကြီးသော သားထူးသားမြတ် ဖြစ်လိမ့်မည်။ သင်နှင့် ဒုဿန္တမင်းသားတို့က လူလားမြောက်၍လာသော ထိုသားရတနာအား တိုင်းပြည်၏ စည်းစိမ်ကို လွှဲအပ်ပြီးလျှင် မနုဿတ္တ လူ့ဘဝကို ရသောအခါ အကျိုးရှိကြလေအောင် ကာမဘောင်မှ ခွာရှောင်၍ ဤတောတောင်သို့ ထွက်ပြီးလျှင် ငါတို့ကဲ့သို့ တရားနှင့်မွေ့လျော်သော သူတော်သူမြတ်များ ပြုကြရလိမ့်ဦးမည်။ ထိုအခါ ဖခင်နှင့်တကွ သင်၏ မိတ်ဆွေဟောင်းများနှင့် ဖာတ်ပေါင်းရပါလိမ့်ဦးမည်။

ဟူ၍ ပြန်ကြားတော်မူ၏။

ထိုအခါ ဂေါတမီက

ချစ်သမီး၊ ကျွန်ုပ်တို့ ထွက်သွားရန် အချိန်နီးချေပြီ။ ဖခင်ရသေ့ကြီး အနားမှာ တပူဆာဆာ ပြုလုပ်၍ မနေပါနှင့်တော့။ ကျောင်းသင်္ခမ်းသို့သာ ကြွမြန်းပြန်ပါစေတော့။

ဟု ဆိုပြီးလျှင် စန္ဒရသေ့ကြီးဘက်သို့လှည့်၍

တရားဓမ္မပြည့်စုံလှသည့် ဣသိန္ဒသခင် တောပျော် ရှင်ဘုရား၊ အရှင်ဘုရားသည် တရားမွေ့လျော်ရာ ဖြစ်သည့် သင်္ခမ်းကျောင်းသို့သာ ပြန်ကြွရန် အချိန်တန်ပါပြီ။ သမီးတော်နှင့် အဖော်ပြုလုပ်သူများမှာ သွားရန် လမ်းခရီးဝေးလှပါသေးသည်။

ဟုလျှောက်ထားရာ စန္ဒရသေ့က

ဟုတ်ပါပေရဲ့၊ ယခုလို နှောင့်နှေး ကြန့်ကြာနေသည့်အတွက် ကျွန်ုပ်၏ နေ့စဉ် ကြိုးစားအားထုတ်လျက်ရှိနေသော ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်များလည်း လစ်ဟင်းပျက်ကွက်လျက် ရှိလေပြီ။

ဟု မိန့်တော်မူလေ၏။ သကုဏ္ဍလ မင်းသမီးက

ဖခင်မှာတော့ ဘုရားကျွန်မတို့နှင့် ခွဲခွာ၍နေရသော်လဲ စိတ်ဒုက္ခမရောက်ဘဲနှင့် တရားသဖြင့် မွေ့လျော်ပျော်ပါးတော်မူနိုင်ပါလိမ့်မည်။ ဘုရားသမီးတော်မှာသာ ဖခင်နှင့်ကွဲသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်၍ မသက်မသာ ထွက်သွားရပါတော့မည်။

ဟု လျှောက်ထားပြန်ရာ ဖခင်ရသေ့ကြီးက

အို ခက်ပါဘိတော့သမီးရယ်၊ ဖခင်၏ ကမ္မဋ္ဌာန်း ဘာဝနာဝတ်များကို မပြုနိုင်အောင်ပင် မလျှောက်ထားပါနှင့်၊ ဖခင်သည် နေ့စဉ်ဝတ်ပြု၍ထားသောအတိုင်း တရားဓမ္မများကိုအားထုတ်၍ နေပါသော်လည်း သမီးကလေးကိုတော့ မေ့မည် မဟုတ်ပါ။ ရှေးအခါ ထင်မြင်နေကြဖြစ်သော ကသိုဏ်းဝန်းများတွင် သမီး၏မျက်နှာကိုသာ မြင်နေလိမ့်မည်ဟု ယင်မှတ်ပါသည်။ ထို့ပြင် စဉ်းစားဖို့ အချက်တစ်ခုမှာ ချစ်သမီး၏ ခြေရာလက်ရာသဖွယ် ဆန်းကြယ်စွာ စိုက်ပျိုး၍ထားခဲ့သော သစ်ပင် ပန်းပင်ကလေးတွေက သင်္ခမ်းကျောင်း၏ရှေ့မှာ စီကာညီစွာ နေကြပြီးလျှင် ငါဖခင်၏ စိတ်သဘောကို သမီးကလေး၏ စိတ်ဖေနှင့်သာ တမောမော နေရစ်လေ

WWW.DHAMMARANSI.COM



အောင် သွေးဆောင်၍ သတိပေးကြမှာပဲ။ ချစ်သမီး စိုက်ပျိုး၍ ထားခဲ့သော ပန်းသစ်ပင်ကလေးတွေကို မြင်ရတိုင်း ဖခင်က သတိရ၍ တသသ အောက်မေ့၍ နေရစ်ရမှာပဲ၊ ကဲ ပြောနေလျှင် ကြာတော့မည်။ သွားကြပေဦးတော့။ ငါ့သမီးမှာ သွားလေရာ ခရီးလမ်းမှာ ဘေးဘျမ်းနှင့် မတွေ့ဘဲ ချမ်းမြေ့စွာ ရှိပါစေဆိုတာကို မေတ္တာပို့သလိုက်ပါရဲ့။

ဟု ဆိုပြီးလျှင် စန္ဒရသေ့ကြီးသည် ဝမ်းနည်းပူဆွေးစွာနှင့် မျက်နှာလွှဲရှာလေ၏။

သကုဏ္တလမင်းသမီးသည်လည်း ဖခင်နှင့် ခွဲခွာရသည့်အတွက် မသက်မသာသော မျက်နှာဖြင့် မယ်တော်ဂေါတမီနှင့်တကွ ထည့်လိုက်သော ရသေ့အဖော်နှစ်ယောက်ပါ ထွက်ခွာ၍ သွားကြလေသတည်း။

ထိုအခါ သကုဏ္တလ မင်းသမီးသည် အောက်၌ပါသော လွမ်းချင်းကို ညည်းညူ ဟစ်ကြွေး သီဆိုလေ၏။

## လွမ်းချင်း

တောင်နရန်းငယ်နှင့် ချောင်ကမ်းကာကွေ့လည်၊ စိမ်းလဲ့ငယ်ကြည်သည် ပေါက္ခရဏီ ကန်မဟာနှင့် ပျော်စံရာ ရိပ်သခ်မ်းကို လွမ်းလှတယ်လေး၊ မွေးဖခင်မူ မြိုင်ခွင်ပျော်မွေ့ တရားလေ့နှင့် ရသေ့ထုံးစံ ကိုယ်ထီးသာ ကျန်ရစ်လို့ တွေးပြန်တိုင်း စိတ် မသာတယ်၊ ရိပ်ဘမရာ ရဝေနန်းကိုမှ မမြန်းချင် ဖခင်ရေးငယ်ကြောင့် ဆွေးလှပြီလေး။

သကုဏ္တလမင်းသမီး ထွက်ခွာ၍ သွားလေသော် ပိယံဝဒနှင့် အနသူယတို့လည်း မျက်နှာငယ်ငယ်နှင့် ဖခင်ရသေ့ကြီး၏ နောက်သို့ လိုက်ပါ၍ သွားကြလေ၏။ ထိုသို့ လိုက်ပါသွားရသော်လည်း သူတို့၏ သခင်မကို လွမ်းဆွတ်ကြသည်နှင့် လည်ကို စောင်းကာ ငဲ့ကာနှင့် ပြန်ကြည့် ပြန်ကြည့် သွားရင်း ပြောကြသည်မှာ

ဟော ကြည့်စမ်းပါလား၊ သကုဏ္တလ မင်းသမီးကလေးသည် တဖြည်းဖြည်းနှင့် တောတွင်းကို ဖြတ်သန်း၍ သွားရှာလေသည်မှာ သစ်ပင်သစ်ကိုင်းတွေ မကွယ်တချက် ကွယ်တချက်နှင့် မမြင်တလှည့် မြင်တလှည့် ရှုကြည့်၍ နေရင်းပင် ယခုအခါ သခင်မကလေး လုံးလုံး ပျောက်ကွယ်၍ သွားပါပြီကလား။

ဟု ဆိုပြီးလျှင် ငိုယိုကြွေကွဲ ကျမျက်ရည် တရွှဲရွှဲနှင့်နေကြသည်ကို စန္ဒရသေ့ကြီး သိတော်မူသည်နှင့်

ကဲ– မင်းတို့ မိတ်ဆွေ သခင်မလဲ ပျောက်ကွယ်၍ သွားလေပြီ။ မင်းတို့၏ ငိုပွဲကိုလဲ သိမ်းကြပေတော့။ မင်းတို့ မျက်စိအောက်မှာ သကုဏ္တလ ပျောက်သွားသကဲ့သို့ မင်းတို့ စိတ်ထဲမှာလဲ ပူဆွေးခြင်း သောကကို ဖျောက်လိုက်ကြရန် အခါတန်ပြီ။

ဟု ဆိုပြီးလျှင် တရားပြကာ ခေါ်ဆောင်၍ သွားလေ၏။ ပိယံဝဒနှင့် အနသူယတို့က

ဖခင်၊ ကျွန်မတို့ သခင်မကလေး မရှိခဲ့ပါလျှင် ဤတောတောင်အတွင်း လူကင်းသကဲ့သို့ ဆိတ်ငြိမ် ခြောက်သွေ့၍ နေတော့မှာပဲ။

ဟု လျှောက်ထား ကြပြန်လေသော် ဖခင်ရသေ့ကြီးက

အို မင်းတို့ စိတ်သဘောက အချစ်ဇော သန်လှသည့် အတွက်ကြောင့် ယခုလို ထင်ကြပေမှပ

ဟု ပြောပြီးလျှင် တစ်ကိုယ်ချင်းလမ်းလျှောက်၍ သွားရင်း စဉ်းစား ဆင်ခြင်ဇလေသည်မှာ–

ဩော်–ငါ့သမီးတော် သကုဏ္တလကလေး၊ ငါ့လက်တွင်းမှ ထွက်သွားမှပဲ စိတ်ချရပေတော့သည်။ သို့မဟုတ်မှဖြင့် သူကလေးတွက်တာကြောင့် တောတွင်းမှာ နေရပေမယ့် စိတ်ဖြောင့်လက်ဖြောင့် မရှိနိုင်ဘဲ တပူပူ တဆွေးဆွေးနှင့် သူ့အရေးကြောင့် မအေးဘဲ ရှိနေရမှာပဲ။ အမှန်ပြောရမှာဖြင့် သမီးသားဆိုတာ မိခင်ဖခင်တို့၏ လက်ထဲမှာ ခေတ္တခဏမျှ တည်းခိုနေထိုင်ကြတဲ့ ဧည့်သည်များ ဖြစ်တာကလား။ အချိန်

WWW.DHAMMARANSI.COM



ကျတော့ ပိုင်ရှင်က ခေါ်ဆောင်သွားကြတာမျိုးပဲ။ ငါလဲပဲ သကုဏ္ဍလမင်းသမီးကို ကြီးပြင်းအောင် မွေးမြူပြီးမှ ယခုအခါ သူ့ပိုင်ဆိုင်သူရှိရာသို့ ပို့လိုက်ရပါပြီကလား။ ငါ့ဦးခေါင်းပေါ်မှာ အမြဲတည်နေတဲ့ ဝန်ထုပ်ကြီးဟာဖြင့် ယခုတစ်ခါတည်း ကျသွားရှာပေါ့။ ယခုမှပဲ စိတ်ချလက်ချ ဖြစ်ရတော့တယ်။ သူသာ အကယ်၍ ငါ့ထံမှ ထွက်ခွာမသွားဘူးဆိုမှဖြင့် တစ်သက်လုံး ဝန်ထုပ်ကြီးကို ထမ်းပိုးထားရတာလို နေရမှာပဲ။ သူတကာပိုင်သော အဖိုးတန်ရတနာများကို ငါ့ထံမှာ အပ်နှံထားလာသလို ဥစ္စာရှင်က လာ၍ မယူသမျှ တကြောင့်ကြကြနှင့် နေရမှာပဲ။ ယခုတော့ သူ့ဥစ္စာရှင်က အဖိုးတန်ပစ္စည်းကို လာပြီး ယူသွားသလို ယခုမှ စိတ် အေးချမ်းသာရပေတော့သည်။ သြော်– ဤလောကမှာ သားမွေးရတာထက် သမီးမွေးရတာက တယ်ပြီး ကြပ်တည်း ခက်ခဲပါကလားနော်။

ဟူ၍ ညည်းတွားပြီးလျှင် အောက်၌ပါသော တရားဂါထာကို ရွတ်ဆိုလေ၏။

> အာဂန္တုကောပမာ လောကေ
> ပုတ္တဓီတာ ခဏာ ဂတာ
> ဝယပ္ပတ္တာန ဂစ္ဆိံသု
> အတ္တနော တုဋ္ဌမာနသံ။

လောကေ– လောက၌၊ ပုတ္တဓီတာ– သားသမီးတို့သည်၊ အာဂန္တုကောပမာ– တည်းခို ဝင်ရောက်လာသော ဧည့်သည်အာဂန္တုတို့နှင့်သာ တူကုန်၏၊ ခဏာဂတာ– ခေတ္တ ခဏမျှသာ မှီခိုရောက်လာသော သူတို့ပေတည်း။ ဝယပ္ပတ္တာ– အရွယ်တိုင်ရောက် လူလားမြောက်ကြကုန်သည် ရှိသော်၊ အတ္တနော– မိမိ၏၊ တုဋ္ဌမာနသံ– နှစ်သက် ခင်မင်အပ်သော သူ၏ နောက်သို့၊ အနုဂစ္ဆိံသု– လိုက်သွားကြလေကုန်၏။

ဤဂါထာကို ရွတ်ဆိုပြီးလျှင် စံနေရာ သင်္ခမ်းကျောင်းသို့ ဝင်သွားတော်မူလေသတည်း။

WWW.DHAMMARANSI.COM



## ပဥ္စမခန်း

## နန်းတော်တွင်း၌ ဖြစ်ပျက် ပြောဆိုကြပုံ

နန်းတော်တံခါးမှူး၊ အဘိုးကြီးတစ်ယောက် ထွက်လာပြီးလျှင် တစ်ကိုယ်တည်း ပြောဆို ညည်းညူသည်မှာ–

ဩော် – ဇရာ ဇရာ (အိုခြင်းဆိုတဲ့ တရားကို လူ့ဘုံသားမှန်လျှင် မည်သူ တစ်ဦးတစ်ယောက်မျှ မလွန်မြောက်နိုင်ပါကလား။) ဇရာဖိစီးမှုဖြင့် မည်ကဲ့သို့သော သူများမှ မခံမရပ်နိုင်ချေ။ ပျို ရွယ်နုမြစ်သော သူတို့ကဲ့သို့ မဟုတ်ဘဲ အလုံးစုံ ချို့ယွင်းပြီး ဘယ်အရာမှာမှ အလိုမကျဘဲ ဖြစ်ကုန်တော့တာပါဘဲကလားနော်။ သံသရာနယ် အပြင်မှာ ကျင်လည်နေသမျှ ကာလပတ်လုံး ထို ဇရာတည်းဟူသော အိုခြင်းတရားနှင့်တော့ ကင်းနိုင်ကြတာ မဟုတ်ပါဘဲကလားကရို့။

ဩော် – ဒါကြောင့် ဘုရားလောင်း သူတော်ကောင်းတွေဟာ ဇရာနှင့် မလွတ်မကင်းနိုင်သော သံသရာဘဝကြီးကို စက်ဆုပ်ကြတာကိုးနော်။ ဇရာဒုဗ္ဗလအရွယ်သို့ ကျပြီဆိုမှဖြင့် အရိုးပြိုင်းပြိုင်း ကျောကိုင်းကိုင်းနှင့် လူမြင်တိုင်း မုန်းစရာကြီးဖြစ်ပြီး အားအင်များလဲ လျော့ပါး ဆုတ်ယုတ်၍ တလှုပ်လှုပ် သွားရမယ့်အခါမှာလဲ တောင်ဝှေးမပါလျှင် မပြီးသေးဘဲ ထိုတောင်ဝှေးကိုသာ အားပြုရတော့တာပဲ။ ပျိုရွယ်စဉ်က မြင်နေကျဖြစ်တဲ့ မျက်စိများကလဲ သိ၊ ကြားနေကျဖြစ်တဲ့ နားများကလဲ ထိုင်း၊ သွားတွေကလဲ ယိမ်းယိုင်ကျိုးပဲ့တာနှင့် အစားအစာကိုမှ ကောင်းစွာ မဝါးနိုင်ဘဲ အသက် မသေရုံသာ အနိုင်နိုင် စားသောက်နေရတော့တာပဲ။ သို့ နေပါဦး။ ငါ ဖြစ်ပုံ ပြန်လှန်၍တွေးလိုက်တော့ ငယ်စဉ်တောင်ကျေး အကလေးကပင် ဤနန်းတော်ကြီးက ကောက်ယူ မွေးကျွေးထားတာနှင့် နန်းထမင်း နန်းဟင်းနှင့် ကြီးပြင်းလာရလို့ ဘုရင်မင်းမြတ်ကပင် အတွင်းလူယုံကြီးတစ်ယောက် ဟု သဘောထားပြီး အပါးတော်က မခွာရဘဲ တံခါးမှူး သက်တော်စောင့်အလုပ်ကို လုပ်ကိုင် ဆောင်ရွက်၍ နေရတာ ကာလများစွာ ကြာရှည်ခဲ့လေပြီ။

ဩော် – လောက လောက၊ လောကကြီး အလယ်မှာ တယ်ပြီး နေထိုင်ဖို့ ကြပ်တည်းကျဉ်းမြောင်းပါကလား။ လူယုံကြီး ဖြစ်လေလေ တာဝန်ကြီးလေလေ၊ အားကိုးခံရလေလေ ဝန်လေးလေလေသာ ဖြစ်တော့တာပဲ။

သူတစ်ပါးက ကိုယ့်အပေါ်မှာ အလုံးစုံ လွှဲပုံပြီး ယုံကြည်အပ်နှင်းထားလိုက်ပြီဆိုမှဖြင့် သူနှင့်စပ်သမျှ တာဝန်စုကို ဂရုကြီး တစိုက်စိုက်နှင့် မတိမ်းအောင် မစောင်းအောင် အောက်ကျနောက်ကျ မဖြစ်ရအောင် တဆောင်ရွက်တည်း ဆောင်ရွက်နေရတော့တာပဲ။ လူယုံကြီးလုပ်သူမှာ များစွာ အမြော်အမြင်ကြီး၍ တရားရှိမှတော်ပေတာကိုးနော်။ တကယ်လို့ လူယုံလုပ်သူက တရားမရှိ ကတိမတည် ဖောက်လွှဲဖောက်ပြန် ကျင့်ကြံ ဆိုးညစ်မယ်ဆိုမှဖြင့် ယုံကြည်အားကိုးနေတဲ့သူမှာ တစ်ခါတည်း ပျက်စီးကုန်ဖွယ်ရာ လမ်းရှိတော့တာပဲ။ ဒါကြောင့် 'လူယုံသတ်လျှင် သေတတ်သည်' လို့ ရှေးလူကြီးတို့ ပြောဆိုကြတာကိုး။ ယခုလို ကလိယုဂ်ဆုတ်ကပ်အခါမှာ ယုံလောက်စရာ လူများ အပုံကြီး ရှားပါကလား။ "အပြောက ပျားသကာ၊ မနောက ခါးတမာ၊ ခွင့်မရလျှင် သူတော်ယောင်၊ အခွင့်ရလျှင် သီလကြောင်" ဆိုသလို အပေါ်ယံက အပြောအဆို ဇန်းလှ၍ နေသော်လည်း ယုံရတာမျိုး မဟုတ်၊ သဘောထား ပုပ်မှဖြင့် စက်ဆုပ်စရာ ကောင်းတာပဲ။ ဒါကြောင့် အတွင်းချော အပြင်ချော၊ အပြောချော၊ မနောချော ဖြူဖြောင့်၍ ယုံကြည်အားကိုးလောက်တဲ့ လူဆိုတော့ ရှားမှ ရှားတာပဲ။

WWW.DHAMMARANSI.COM



ဘယ်အကြောင်းကို ထောက်ပြီး သည်စကားကို ကျွန်ုပ် ပြောရပါသလဲဆိုတော့ သည်အချက်မှာတော့ ကိုယ်တွေ့ဒိဋ္ဌပါပဲ။ ကြည့်စမ်းပါလား။ လူယုံရှားလွန်းလို့ ဤတံခါးမှူး သက်တော်စောင့်အရာကို ငါ့အစား ခန့်ထားရမည့်သူကို ရှာ၍ မတွေ့နိုင်တာနှင့် ယခုလို အိုမင်းပြီး အဘိုးကြီးဖြစ်၍ မသန်မစွမ်းပါဘဲလျက် တောင်ဝှေးကို အားကိုးပြီး အရွယ်နှင့်မလိုက် ကြိုးကြိုးစားစား အမှုတော်ကို ထမ်းဆောင်နေရသေးတာပဲ။ ထို့ပြင် တစ်ချက်မှာလဲ ထမင်းကို အကုန်စား၊ စကားကို အကုန်မပြောနှင့်၊ လူယုံတိုင်း စကားကုန် မပြောထိုက်၊ လူကိုလဲ မယုံနှင့်၊ ကုန်ကိုလဲ အကြွေးမပေးနှင့်'ဆိုတဲ့ စကားများလဲ ရှိသေးတယ်။ သို့ဖြစ်၍ လောကမှာ တယ်ပြီး ယုံကြည်စရာ လူ ရှားပါးတယ်လို့ ကျွန်ုပ် ပြောခဲ့တာပါ။ သို့ရာတွင် နေပါဦး၊ ပြောရင်းဆိုရင်းနှင့် ဒသျှ္ဌဘုရင် ထွက်တော်မူသောအခါ ငါ့မှာ သံတော်ဦးတင်စရာ ကိစ္စတစ်ခုရှိပါသေးကလား။ ဘာအကြောင်းလဲဆိုတော့ ဟို ဟေမဝန္တာ မဟာဂနိုင်မြိုင်၏အတွင်းမှာ သီတင်းသီလ အာစာရနှင့် အရညဂါသီ တောမှီ ပျော်မွေ့သော စန္ဒရသေ့ကြီး၏ တပည့်များ မကြာမီကပင် ဆိုက်ရောက်လာပြီး ဒသျှ္ဌဘုရင်၏ ကြည်လင်သော မျက်နှာကို ဖူးမြင်ရပါလိုကြောင်းနှင့် ခွင့်တောင်းချက် ဖြစ်လေသည်။

ဩော် – တောတွင်းများ ပျော်မွေ့တဲ့ ရသေ့ရဟန်းများ ဖြစ်ပေတယ်လို့ တစ်ရံတစ်ခါမှာတော့ မြို့ရွာနှင့် စပ်သော အမှုကိစ္စများကို ရွက်ဆောင်ရသေးတာပဲနော်။ ကဲ – ထွက်တော်မူလာလျှင် ငါ သံတော်ဦးတင်ရန် ဆိုင်းလင့်၍ နေဦးမှပဲ။

ဆို၍ မျှော်လင့်နေစဉ် ဒသျှ္ဌမင်းသားသည် အတွင်းဆောင်မှ ထွက်တော်မူလာလေ၏။ တံခါးမှူးလည်း 'ဟော ပြောရင်းဆိုရင်း ထွက်တော်မူလာပါကကော' ဆို၍ ခစား ဝပ်တွားကာ နေလေသည်။

ဒသျှ္ဌမင်းသားသည် ထွက်တော်မူလာသည့်အခါ ဖဲဖြန့်၍ ပန်းခင်းအပ်သော စက်ရာထက်၌ ခေတ္တစက်တော်ခေါ်စဉ်အခါ သကုဏ္ဍလ မင်းသမီးကလေးနှင့် တွေ့ဆုံရကြောင်း အိပ်မက်တော် မြင်သည်နှင့် အိပ်မက်ကိုဖွဲ့၍ တစ်ကိုယ်တည်း အောက်၌ပါသော တေးထပ်ကို တိုးတိုးသာသာ ရွတ်ဆိုလေ၏။

## အိပ်မက်ခန်း တေးထပ်

ဇာကတိ ကြာငှန်းဘွေ့၊ ပန်းရဝေ့စက်ရာ နန်းတဆွေ့၊ မျက်နှာကို မက်စရာမြင်၍ ယောင်ယမ်းလို့လာအုံးခေါ်တယ်၊ ညာရုံးတော် ပိုက်လို့သာမွေ့၊ နွဲ့စကား မြွက်ခါ ဖော်တယ်၊ စက်ရာတော် နဘော့၊ မျက်နှာပေါ်ကလေ့နှင့် တထေ့ထေ့ပြုံးကာ ပျို့ထိပ်ပန်ဘုရား ဘုရာ့ရယ်လို့၊ သာဒရစ္စန်းမိန့် ကြည်သာ၊ ဖဲတွန့်တဲ့သင္ကာဝယ် မင်္ဂလာ ပလ္လင်ပြင်ပြန့်မှာတော့၊ အင်မတန့် မြူး၍စံစဉ် မူးမေ့ မာန်ဝင် အိပ်မက်ခန်းအရိပ်မြင်တယ်၊ နိမိတ်ထင်တာပဲ ထင့်လေး။

ဤကဲ့သို့ တစ်ကိုယ်တည်း ဆို၍ အိပ်မက်ကို စဉ်းစားလျက် မမှိုင့်တမှိုင် နေထိုင်တော်မူသောအခါ တံခါးမှူးအဘိုးကြီးက ရှေ့တော်သို့တိုး၍ ခစားပြီးလျှင်

ဘုန်းတော် ထွန်းပြောင် နေသောင်းထောင်တို့ ထက် တောက်လောင် ထွန်းလင်း မင်းမင်းသခင် ရွှေနန်းရှင် ဘုရား။

ဟူ၍ လျှောက်တင်လိုက်သောအခါ ပြုံးရွှင်သော မျက်နှာနှင့်

သက်တော်စောင့် တံခါးမှူး ဘိုးဘိုးလား၊ ဘယ်အကြောင်းများကို လျှောက်ထား တင်သရန် ရှိပါသလဲ။

ဟူ၍ မိန့်တော်မူလေ၏။

ထိုအခါ တံခါးမှူးက

တင်ပါသည် ဘုရား၊ ရွှေနားပန်ဆင်တော်မူပါ။ ဟေမာဂနိုင် မဟာမြိုင်အတွင်း မှီတင်း ပျော်မွေ့ တရားလေ့သော ရသေ့ နှစ်ပါးနှင့် အခြားသော

WWW.DHAMMARANSI.COM



မိန်းမများပါ တောဖျားစုံနက် မြိုင်မှ ထွက်၍ ထီးကနက် ရွှေဘုံသို့ ခိုလှုံဆိုက်ရောက် လာပါကြောင်း၊ ၎င်းဧည့်သည်တော်များက အရှင်စန္ဒရသေ့ကြီးထံမှ အောင်ဆုမင်္ဂလာ မေတ္တာစကားများနှင့် လက်ဆောင်တော်များ ပါးလိုက်ကြောင်းကို ပြောကြားကြပါသည်။ သို့ဖြစ်၍ ကိုယ်တော် အရှင်မြတ် သဘောတော်အတိုင်း ထိုဧည့်သည်တော်များအတွက် မည်သို့ အမိန့်ရှိတော်မူသည်ကို ကျွန်တော်မျိုး သိသာရန် ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား။

ဟူ၍ လျှောက်ထားသောအခါ ဒုသျှန္တ မင်းသားသည် ရုတ်တရက် အံ့အားသင့်သွားပြီးလျှင် နှလုံးသွေးတော်များ တဆွေ့ဆွေ့ခုန်၊ ရင်တော်တုန်လျက် ပုံဟန်တော် တစ်မျိုး ပြောင်းသွားပြီးလျှင်

ဘိုးဘိုး လျှောက်တင်တာ ဘာတဲ့၊ တောမှာ ပျော်မွေ့သော ရသေ့သူတော်ကောင်းများနှင့် အချို့ မိန်းမကလေးများ ဆိုက်ရောက်လာတယ် ဟုတ်ကဲ့လား။

ဟု ထပ်မံ၍ အမေးတော်ရှိသည့်အခါ 'မှန်ပါကြောင်း' နှင့် ထပ်၍ သံတော်ဦး တင်ရပြန်လေ၏။

ထိုအခါ ဒုသျှန္တ မင်းမြတ်က၊

ကဲ– ဒါဖြင့် တရားရှင်ရသေ့များ အတွင်းတော်သို့ ဝင်လာပါစေ။ သင့်တင့်လျောက်ပတ်သော နေရာကိုပေး၍ သူတော်ကောင်းများနှင့် သင့်လျော် ရှိသေခြင်းများကို ပြုလုပ်ရန် ကျွန်ုပ်က အသင့်စောင့်နေပါမည်ဟု အမိန့်တော် ရှိသောအခါ တံခါးမှူးက အမိန့်တော်မြတ်အတိုင်းပါဘုရား။

ဆို၍ ရသေ့များရှိရာသို့ ထွက်သွားလေ၏။

ထို့နောက် ဒုသျှန္တ မင်းမြတ်လည်း ကိုယ်ရံတော်သား လက်ပါးစေ လူပျိုတော်များဘက်သို့ လှည့်ပြီးလျှင်

မောင်မင်းတို့၊ တောတွင်းက ဆိုက်ရောက်လာသော ရသေ့များကို လက်ခံတော်မူရန် ဘုရားဝတ်ပြုခြင်းနှင့် သက်ဆိုင်သော နန်းဆောင်တွင် ပတ္တမြား မီးတိုင်များကို ညှိထွန်း၍ ကောင်းမွန်သန့်ပြန့်စွာနှင့် နေရာ ပြင်ဆင်ကြစေ။

ဟု မိန့်တော်မူသောအခါ

ဗျာဒိတ်တော်မြတ် အတိုင်းပါဘုရား။

ဆို၍ စေ့င ပြည့်စုံစွာ ပြင်ဆင်ကြလေ၏။ ဒုသျှန္တ မင်းသားလည်း ထိုနန်းဆောင်သို့ ကြွသွားထွက်တော်မူပြီးလျှင် ရသေ့များကို စောင့်ဆိုင်းနေရင်း စဉ်းစား၍ ပြောဆိုသည်မှာ

အရှင်စန္ဒရသေ့ကြီးက ဘယ်လို သတင်း စကားများကို ဆက်သလိုက်ပါလိမ့်မတုံး။ သူတော်သူမြတ်များ တရားကျင့်သုံးတဲ့ နေရာကို ရန်သူများ ဝင်ရောက်၍ နှောင့်ယှက်နေလေတော့သလား။ သို့မဟုတ် တောတိရစ္ဆာန်အပေါင်းတို့ သောင်းကြမ်း ရိုင်းစိုင်း၍ ပန်းပင်တံတိုင်း ဝန်းရံလျက်ရှိသော ကျောင်းသခ်မ်းများကို နှောင့်ယှက် ဖျက်ဆီးလေတော့ ကြီးသော ဘေးအန္တရာယ်များ ကျရောက်နေလေတော့သလား။ သို့တည်းမဟုတ် သခ်မ်းကျောင်း ပတ်လည်၌ အစီအရီ ပေါက်၍နေသော သစ်ပင်ပန်းပင်တို့၏ အကိုင်းအခက် အရွက် အညွန့်များကို ဇော်ကားရက်စက်ရန် နှောင့်ယှက်၍ ချိုးဖျက် ပြုလုပ်နေလေတော့သလား။ အစဉ်းစား ကပ်ပါဘိတော့ သနော်။ ထိုပြင်မှ တပါး သခ်မ်းကျောင်းကို သွားစဉ်က နတ္ထွား ကျော့ရှင်း ချစ်ပဏ္ဏာနှင့် မေတ္တာနှင်းခဲ့သော သကုန္တလာမင်းသမီး ကလေး၏ အရေးကြောင့်ပဲ ဖြစ်လေတော့သလား။

ဟု မိန့်ဆိုသည်တွင် ကိုယ်ရံတော်များက

အရှင်မြတ် စိုးရိမ်ကြောင့်ကြဖွယ် မရှိပါဘုရား။ ရွှေဘုန်းတော်အားဖြင့် အရှင်မင်းမြတ် တင်တော်မူလိုက်သော မဟာရွှေလေးသံကို ကြားလျှင် ရန်သူများ မပြုဝံ့အောင်ပင် ရှိရပါသည်။ ကျွန်တော်မျိုးတို့၏ အထင်အမြင်အားဖြင့် လျှောက်ထားရမည်ဆိုသော် အရှင်ဘုရား စောင့်

WWW.DHAMMARANSI.COM



ရောက်တော်မူသော ကရုဏာနှင့် မေတ္တာတော် အဟုန်ကြောင့် အလုံးစုံ ရန်ကင်း၍ ဘေးဘယ ရှင်းလင်းကြောင်းကို လျှောက်ထားရန် ရသေ့ များ ဆိုက်ရောက်လာသည် ထင်ပါကြောင်း။

နှင့် သံတော်ဦး တင်လေ၏။

(ဤကဲ့သို့ ပြောဆိုနေကြစဉ် တံခါးမှူး အဘိုးအို သည် ရေ့ဆောင်ရဟန်းတစ်ပါးနှင့် တောမှ ကြွလာ သော သံဂါရဝ၊ ဘာရဒွါဇတို့ကို ပင့်ဆောင်၍ ဝင် လာလေ၏။ ဂေါတမီသည်လည်း သမီးတော် သကုန္တလ မင်းသမီး၏လက်ကို ယုယစွာ ဆွဲကိုင်၍ နောက်ကလိုက်ပါ၍ လာလေ၏။)

တံခါးမှူးက လမ်းပြပြီးလျှင်

သည်ကို ကြွတော်မူကြပါ၊ သည်နေရာမှာ အရှင် ရသေ့များ၊ ထိုင်ရန် ဖြစ်ပါသည်။

ဟူ၍ ပြောဆိုလျက် ရှေ့တော်သို့ သွင်းသွားသောအခါ သံဂါရဝက နောက်သို့လှည့်၍ ဘာရဒွါဇအား ပြောကြားသည်မှာ–

မိတ်ဆွေ ရှုစမ်းပါ၊ ဟိုအရှေ့မှာ စံနေတာ ဒုဿန္တ မင်းမြတ်ပါပဲ။ ပါရမီဘုန်းကံ ရင့်သန် ကြီးမားတဲ့ သမ္မာရှင်များဆိုတော့ ရုပ်လက္ခဏာ အမှုအရာမှစ၍ များစွာ ခံ့ညား မွန်မြတ်တာကို။ ဤကဲ့သို့ ဘုန်းတန်ခိုးကြီးတဲ့သူများဟာ ပပ လွှားလွှား ကြွားကြွားဝါဝါ နေမယ်ဆိုလျှင် နေနိုင်တာပဲ။ သို့ရာတွင် ယခုလို မာန်မာန တရားကို အစွန်းအစမျှ မထွက်စေဘဲ၊ နိဝါတ တရားကို ရှေ့ထား၍ အားလုံး ပရိသတ်တွေ ကို အရိုအသေပေးပြီး ယဉ်ကျေးစွာ စံနေတော် မူပုံများဟာ တယ်ပြီး သင့်မြတ်တာပါပေပဲ။ ဤရွှေနန်းဆောင်ကြီးမှာ စည်းဝေးရာသို့ လာ ရောက်ကြသော သူများတွင် အနိမ့်ဆုံး (အယုတ် ညံ့ဆုံး)သူများကိုသော်မှလဲ ရွတ်ချခြင်း (မထိ မဲ့မြင်ပြုခြင်း)မဖြစ်စေဘဲ ကောင်းမွန်စွာ လက်ခံ ပေးသည်မှာ အလွန်တရာ ချီးမွမ်းဖွယ် ရှိ ပါပေသည်။ စဉ်းစားစမ်းပါ။

မိတ်ဆွေ၊ ကျွန်ုပ်တို့သည် လူသူမနီးသော တောကြီးအတွင်းမှာ နေလေ့ရှိ၍ ယခုအခါ လူများစွာ ပြည့်နှက်သော မြို့တွင်းသို့ ရောက် လာသော်လဲ ဤဘုရားဆောင်အတွင်းမှာ စည်း ဝေးနေလိုက်ကြတာ တောတောင် အတွင်းမှာ ကဲ့သို့ လွန်စွာ ငြိမ်သက်၍ သမာဓိ မပျက်ဘဲ ရှိပါပေသည်။

ဟု ပြောဆိုလေ၏။

ဘာရဒွါဇက–

မှန်ပေတယ်၊ ကျွန်ုပ်လဲပဲ ဤမြို့ထဲသို့ ရောက် လာခါစ အလွန်တရာ စိတ်ရှုပ်ပြီး နေသော် လဲ ဤမင်းသဘင်သို့ ရောက်လာသောအခါ အလွန်တရာ စိတ်ကြည်လင် အေးမြခွင့်ကို ရရှိပါပေသည်။ ဥပမာဆိုတော့ ချေးညှော်တွေ အလိမ်းလိမ်းကပ်၍ ဖုံတွေမြူတွေ လူးလဲပေရေ နေသော သူတစ်ယောက်ကို ကောင်းမွန်သော ဆပ်ပြာမှုန့်တို့ဖြင့် တိုက်ပွတ်၍ စင်ကြယ်စွာ ရေချိုးပေးလိုက်သောအခါ သန့်ပြန့်စွာ ဖြစ်ဘိ သကဲ့သို့လည်းကောင်း၊ အိပ်ပျော်ရာမှ ရုတ်တ ရက် နိုးကြားလာဘိသကဲ့သို့ လည်းကောင်း၊ ချုပ်နှောင်၍ထားသော ထောင်ကြီးအတွင်းမှ ချက်ချင်းလွတ်၍ လာဘိသကဲ့သို့လည်းကောင်း၊ ကျွန်ဘဝမှ ခဏချင်းလွတ်၍ လာဘိသကဲ့သို့ လည်းကောင်း ထင်မြင်ပါသည်။

ဟု ပြောဆိုလေ၏။

ထိုအခါ ရှေ့ဆောင်ပြုလာသော ရဟန်းတော် တစ်ပါးက–

အို ဒါဖြင့် အသင်တို့ ပုဂ္ဂိုလ်နှစ်ဦးဟာ အခြား သော သူများနှင့် မတူဘဲ ထူးကဲသော ပါရမီ ရှင်များ ဖြစ်ပါပေသည်။

ဟူ၍ ချီးမွမ်းစကား ပြောကြား မြွက်ဆိုလေ၏။

ဒုဿန္တမင်းသားသည်လည်း သကုန္တလာမင်းသမီး ၏ မျက်နှာကို မမြင်မတွေ့ရသေးဘဲ နေမြဲတိုင်းသော

WWW.DHAMMARANSI.COM



ရာဇန္ဒြေဖြင့် ဘုရားဆောင်မှာ စံနေစဉ်ဖြစ်၍ ခုံညားစွာ နေလေ၏။

ဂေါတမီ၏လက်ကို ဆွဲကိုင်၍ ပါလာသော သကုဏ္ဍာလမင်းသမီးသည် ဒုဿန္တမင်းသားကို ခပ်ဝေးဝေးက မြင်သောအခါ စဉ်းစား၍ တစ်ကိုယ်တည်း ပြောသည်မှာ

ဩော် – နေပုံဖြင့် ခုံညားပါပေရဲ့။ သူ့ နယ်ပေကိုး၊ ကိုယ့်နယ်ကျတော့ ကိုယ် စီမံချင်တိုင်း စီမံနိုင်ကြတာမျိုးပဲ။ ငါ့ကိုများမှ သတိတော် ရပါဦးမလားမသိ။

ဟု ပြောဆိုနေစဉ် ရုတ်တရက် ညာဘက်မျက်ခုံး လှုပ်လေ၏။ သူ၏ဝတ်လဲတော်ထဘီစကို နင်းမိ၍ လဲတော့မလိုလို ယိမ်းယိုင်လေ၏။ ထိုအခါ စိတ်လက် မသာသည်နှင့် မိခင်ကို လှမ်း၍ ပြောသည်မှာ

မယ်တော်သခင် ကျေးဇူးရှင်၊ ကျွန်မ တယ်ပြီး စိတ်လေးပါတယ်။ ညာဘက်မျက်ခုံးများလဲ အလွန်အကဲ တုန်လှုပ်ပါတယ်။ အခုလို နိမိတ်ဖြစ်ခြင်းမှာ ဘယ်လိုများ အကျိုးပေးမည်ဟု မသိသေးအောင်ပင် ရှိနေပါသည်။ ဘယ်လို တိတ်နိမိတ်ကယ်လို့ မိခင်မိန့်တော်မူစမ်းပါ။

ဟူ၍ မသာသော မျက်နှာဖြင့် ညည်းညူသံပါပါ မေးမြန်းလေ၏။

မယ်တော်ဂေါတမီက–

ထီးချက်စောင့် နတ်သမီးနှင့်တကွ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက သကုဏ္ဍာလ မင်းသမီးကလေးအပေါ်မှာ ကျရောက်မည့် ဘေး အန္တရာယ်များရှိပါလျှင် ဖယ်ရှား စောင်မတော် မူကြပါ။ ချစ်သမီးမှာ ချမ်းသာသုခနှင့် လိုတိုင်းရ တတိုင်းအောင် ဆောင်တိုင်း ပြီးပါစေ။

ဟု ဆုတောင်းပြီးလျှင် ရှေ့သို့တိုး၍ ခစားကြလေ၏။

ရသေ့များကို ရှေ့ဆောင် ရှေ့ရှုက်ပြုလုပ်ပေးသော (ဘုရင်မင်းမြတ်၏ဆရာတော်) ရဟန်းတစ်ပါးက ဒုဿန္တမင်းနှင့်တွေ့ဆုံရန် ကောင်းမွန် ယဉ်ကျေးစွာ (ရိုသေခြင်းနှင့်တကွ) လက်ခံရန် ဆက်သွယ်၍ ပေးသည့်အတွက် ကျေးဇူးတင်သောအားဖြင့် သံဂါရဝ ကပြောသည်မှာ

ဤကဲ့သို့ ဆောင်ရွက်၍ ပေးသည်မှာ အကျွန်ုပ်တို့၏ အတွက် ဖြစ်ပေ၍ များစွာပင် ကျေးဇူး တင်ရှိပါသည်။ သို့ရာတွင် ယခုအခါ ကျွန်ုပ်တို့ လာရောက်ခြင်းမှာ ကျွန်ုပ်တို့၏ အကျိုးကြောင့် လာရသည် မဟုတ်ပါ။ ဘုရင်မင်းမြတ်၏ အကျိုးတော်ပင် ဖြစ်သည်။

ဟူ၍ ပြောဆိုပြီးလျှင် ဘုန်းကံသခင် စည်းစိမ်ရှင် ဖြစ်သော သူတို့က အရိုအသေပေးခြင်းနှင့်တကွ ဖွယ်ဖွယ်ရာရာ လက်ခံကြသည်ကို နှစ်သက် အားရသည်နှင့် ထပ်၍ ပြောပြန်သည်မှာ–

ယခုကဲ့သို့ဂါရဝ နိဝါတ တရားများနှင့် ယဉ်ကျေးဖွယ်ရာ လက်ခံကြသည်မှာ လောက၏သဘာဝ ဓမ္မတရားနှင့် များစွာ ညီညွတ်ကြတာပါပေပဲ။ ဥပမာ အသီးနှင့်ပြည့်စုံသော သစ်ပင်များသည် မားမားစွင့်စွင့် မောက်မောက် မြင့်မြင့် မနေကြဘဲ ညွတ်ကိုင်းနိမ့်ရှိုင်းသော အခက်အညွန့်နှင့် နေကြလေသည်။

ထို့ပြင် အသက်ရှိသော သတ္တဝါဟူသမျှတို့နှင့် သစ်ပင်ပန်းပင် အပေါင်းကို ကောင်းစွာ စီမံလန်း အေးချမ်းအောင် ပြုတတ်သောမိုးတိမ်များသည် မိုးသီးမိုးပေါက်တို့ကို သွန်းချရွာ ဖွေတော့မည် ဆိုလျှင် နိမ့်၍ ညွတ်ကိုင်းလာကြပေသည်။

ထိုနည်းတူစွာ အလိမ္မာနှင့် ပညာတတ်ဘိ အဆင်ခြင်ရှိကြသော သူတို့သည်လဲ ပစ္စည်းဥစ္စာ ရတနာခမ်းနား စည်းစိမ် ကြီးမားလာပြီဆိုမှဖြင့် မော်မော်ကြွကြွနှင့် မာန်မာန အရိပ်မပေါ်စေဘဲ အနေအထိုင် နိမ့်ချစွာနှင့် ဂါရဝ နိဝါတဝတ်ကို မချွတ်အောင် ပြုလုပ်တတ်ကြတာပါပေပဲ။

ဟု ဆိုလေ၏။

WWW.DHAMMARANSI.COM



ထို့နောက် ကိုယ်ရံတော်များက ဒုသျှန္တမင်းသား သို့ ရှိခိုးဝပ်တွား၍ လျှောက်ထား သံတော်ဦးတင်ကြ သည်မှာ

ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့် ဘုန်းတန်း ကျက်သရေ မိုးလုံးဝေသည့် နတ်ဆွေ စောဘုန်းခေါင် ဘုရား၊ တောမိုပျော်မွေ့ တရားလေ့ကြသော ရသေ့သူတော်မြတ်များသည် အရှင်ဘုရားကို မြင်ရသည့်အတွက် နှစ်သက်အားရသည့် လက္ခဏာ မျက်နှာထား ချိုသာစွာ ရွှေညီလာ ရှေ့တော်မှောက်သို့ ဆိုက်ရောက်လျက် ရှိနေကြပါပြီဘုရား။

ဟူ၍ လျှောက်တင်လာသောအခါ ဒုသျှန္တမင်းသား သည် ရသေ့များဆီသို့ လှည့်၍ ကြည့်ရှုတော်မူလိုက်သည့်အခါ ရိုသေစွာ ခစားလျက် ရှိနေသော သကုန္တလာမင်းသမီးကလေးသို့သာ ငေး၍ မျက်စိ စူးစိုက်လေ၏။ ထိုအခါ ဒုသျှန္တမင်းသားက တစ်ကိုယ်တည်း ပြောဆိုသည်မှာ–

အလို–ရသေ့များ၏ အလယ်မှာ တစ်ကိုယ်လုံး ဖုံးကွယ်လုမတတ် ထိန်လျှပ် ဝင်းပြောင် အရောင်တလက်လက် ရှိသော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်၍ ရှုချင်ဖွယ်ရာ ယဉ်ကျေးစွာ ခစားနေတာ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ။ အင့် ဟင်၊ ငါဘုရင် ရှုနေတုန်းမှာပင် ဖြုန်းခနဲ ဖြန်းခနဲ စိတ်နှလုံးမှာထဲမှာ ချွေ့ချွေ့ပြီး ရှု၍မငြီး မြင်ရသူ ရမက်ပွေ၍ အသက်သေလုခမန်းကြီး လှတဲ့ ကညာမကလေးပါကလား။ ဩော်–ဖန်ရည်ဆိုးစွန်းတဲ့ လျှော်တေသကၤန်း ဆင်မြန်းနေကြတဲ့ ရသေ့များအလယ်တွင် တင့်တယ်သော အဝတ်တန်ဆာနှင့် ယဉ်ကျေးစွာ ထိုင်နေလိုက်တာ ဘာနှင့်တူပါသလဲဆိုတော့ ကြွေလုခါနီး ဝါဖန့်ဖန့်ရင့်ရော်နေသော သစ်ရွက်ဟောင်းများ၏ အလယ်တွင် တင့်တယ် လတ်ဆတ်ရွက်ချပ် ရွက်နု ဝတ်မှုံစုနှင့် ရှုတိုင်း ကျက်သရေ ရှိသော ပန်းခိုင် ပန်းခက်နှင့်ပင် သဏ္ဌာန်တူပါပေသည်။ အို ကြည့်ရှုနေရင်းလျှပ်ငါးပျက် အတွင်း လောက်မှာပင် အဆင်းတွေ တစ်မျိုး လဲလဲပြီး အနည်းနည်း လှနေပါကလား။ ဟော ရှုကြည့်နေရင်း မျက်နှာကလေးအတွင်းက ဝင်းခနဲ ဝင်းခနဲ အရောင်လျှပ်နေတာ ဘယ် အရာပါလိမ့်မလဲ။ ဩော်–ကောင်းကင်ပျံ ပုလဲနှင့် စိန်ခဲလို ထွန်းပတဲ့ မျက်စိတော်ပါကလား။ အို ပြုံးတော့ မည့်သဏ္ဌာန်၊ ချိုတော့မည့် ဟန်ပန်နှင့် နန်းဆန်ဆန် နှုတ်ခမ်းကလေး ဖွင့်လိုက်တော့ လျှပ်ပွင့်တဲ့ အရောင်လို ပြောင်ခနဲ ထိန်လို့ လာတာ၊ ဘယ်အရာပါလိမ့်မလဲ။ ဩော်–နီမြန်းတဲ့ နှုတ်ခမ်းတွင်းက စံပယ်ပန်းအဆင်းနှင့်တူတဲ့ သွားရောင်ပါကလား။ တစ်ခါ တစ်ခါ ငါဘုရင့် မျက်နှာကို အသာအသာ မျက်တောင်ကိုကော့၍ မော့မော့ပြီး အကြည့်လိုက်၊ ငါ့မျက်စိနှင့် တိုက်ခိုက်မိသည့်အခါ ရှက်ဟန်ပါသော အမူနိမိတ်နှင့် ရိပ်ခနဲ မျက်နှာလွှဲလိုက်သည်မှာ ငါ့အသည်းကို အပ်နှင့် ဆွသလို ပါကလား။

ဟူ၍ ထင်မိထင်ရာ (ပေါက်ပေါက်ရှာရှာ) တွတ်တီးတွတ်တာ ပြောဆိုပြီးလျှင် သကုန္တလ မင်းသမီးကို စိမ်းစိမ်းကြည့်၍ အောက်၌ပါသော တေးထပ်ကို ရွတ်ဆိုလေ၏။

## တေးထပ်

မြင်ရသူ အင်အား မြင့်လှချည့်၊ ထားတင်တင် စိန့်စိန့်၊ များရှင်ရှင် မြိန့်မြိန့်သည်၊ ငြိမ့်မငြိမ့် တုန်ဆွေ့၊ ကြည့်နေရင်း ရှုလိုပြန် ဘယ်၊ ကသိုလ်ကံ ထူးတဲ့ခင်ရှေ့၊ ခေတ္တမျှ သာမငြိမ်တယ်၊ ရာဇိန်တော်ရွှေ့ ပုလဲစိန်ရတီသွေ့ကဲ့သို့၊ ကြည့်ပလေ့ရပ်ဝါ သက်သာစွာ ချို့ချို့ပြုံးလိုက်တော့ ကိုယ့်ကိုယ်လုံး ဖိန်းလို့တုန်ကာ၊ ရဲ့တရဲ မော်ကြည့်ရှာသော် ခေါ်မိမှာလိုဘဲမို့၊ ဟိုလွှဲလို့ ရှက်သည့်ယောင်ပင်၊ မျက်ဖိရောင်ကြဉ်၊ အနည်းနည်း ယဉ်တုန်းယဉ်သည် မြင်တုန်း မြင်ချင်သေးရဲ့လေး။

WWW.DHAMMARANSI.COM



ဒုဿန္တမင်းသားသည် ရသေ့တို့နှင့် အလ္လပ သလ္လာပ စကား ပြောကြားမြွက်ဆိုခြင်း မပြုသေးဘဲ ငေးမိငေးရာ ငေး၍ သကုန္တလာမင်းသမီးကလေး အပေါ်မှာသာ စိတ်စွဲလမ်း၍နေသည်ကို မြင်လျှင် ဘုရင်ကိုးကွယ်သော ရဟန်းတော်က ရသေ့အာဂန္တုများအတွက် အလွန်တရာ အားနာခြင်း ဖက်လေသောကြောင့် သတိပေးသောအားဖြင့် ဒုဿန္တမင်းသားကို လျှောက်ထားပြန်သည်မှာ–

ဘုန်းတော်ကြီးသော မင်းမြတ်၊ ရှိသေအပ်သော ရသေ့များသည် ယခုရှေ့တော်မှောက်၌ ရောက်၍ နေပါသည်။ သူတို့၏ဆရာ မဟာစန္ဒရသေ့ကြီးထံမှ မင်္ဂလာနှင့်မေတ္တာစကား လက်ဆောင်တော်များလည်း ပါပါသည်။ ပြောကြားဖွယ်ရာရှိသော အကြောင်းအရာများကို ပြောကြားမိန့်ဆိုတော်မူပါ။

ဟူ၍ လျှောက်သောအခါတွင်မှ သကုန္တလာမင်းသမီးအပေါ်မှာ စိုက်၍ထားသော မျက်စိကို ရုတ်သိမ်းဆွဲယူ၍ ရသေ့များဆီသို့ လှည့်ပြီးလျှင် ဝတ္တရားရှိသည့်အလိုက် နှုတ်ဆက်ခြင်း၊ ကျန်းမာရေး၊ ချမ်းသာရေးများကို မေးခြင်း ပြုလုပ်ပြီးလျှင် စိတ်အား ထက်သန်စွာနှင့်။

ယခုအခါ၊ ဤနန်းတော်ကြီးအတွင်းသို့ ရှင်ရသေ့များ ဆိုက်ရောက်တော်မူလာကြခြင်းမှာ အရှင်တို့စံနေရာ ဌာနတွင် ဘေးဘယ အနှောင့်အယှက်များ ရှိပါသလော အရှင်တို့။

ဟူ၍ စတင်ကာ မေးမြန်းလေ၏။

ထိုအခါ ရသေ့များက–

ဘုန်းတော်ညွန့် တစ်ချက် ဖြာလိုက်လျှင် စကြာဝဠာတုန်အောင် ကြောက်လန့်ကြရသော အရှင်မြတ် အုပ်စိုးသည့် လက်ထက်အခါ ဘယ်မှာ ရန်သူဟူ၍ ပေါ်ပေါက် နှောင့်ယှက်နိုင်ပါအံ့နည်း။ အသူရိန်နေဝန်းသည် မှုန်းမတ်လျက် ထိန်ထွန်း၍ နေစဉ်အခါ ဤကမ္ဘာ လောကမှာ မှောင်ကျခြင်း ဖြစ်နိုင်ပါမည်လော။

သကုန္တလာ မင်းသမီးကလေးသည် ကြောက်ရွံ့သော စိတ်ထားဖြင့် တစ်ချက်တစ်ချက် မော်ကာကြည့်၍ခစားနေစဉ် သူ၏ရင်သားရတနာ ပန်းနှစ်မြွာတို့သည် တဆတ်ဆတ် ခါ၍ တုန်လှုပ်ခြင်း နိမိတ်ကို ပြလေ၏။ ထိုအခါ သကုန္တလာမင်းသမီးသည် ဝတ်လဲတော် အထက်က လက်ဖြင့် ရင်ကို အသာဖိနှိပ်ပြီးလျှင် တစ်ကိုယ်တည်း မိမိ၏ ရင်သားအစုံ ပန်းနှစ်ငုံကို ဆုံးမစကား ပြောကြားသည်မှာ–

အို စံပယ်ငုံရင့် စုံနှစ်ပွင့်တို့၊ သင်တို့သည် ဘယ်သို့ အကြောင်းထူး၍ မြူးတူး တုန်လှုပ်ကြပါနည်း။ သင်တို့ မစိုးရိမ် မပူဆွေးကြပါနှင့်။ အေးအေး နေကြစမ်းပါ။ အို ပြောရင်းဆိုရင်း ဆီးတားမရ တုန်လှုပ်ကြပြန်ပါပြီ။ ငြိမ်ငြိမ်နေကြပါ။ ဒါ တခြားလူသစ် မဟုတ်ဘူးလေ။ ဟိုတော တောင်အတွင်းမှာ နှစ်ယောက်အချင်း မေတ္တာဆက်၍ တိတ်တဆိတ် စုံမက်ခဲ့တဲ့ မင်းသားဖြစ်မှန်းကို သင်တို့ မသိဘူးလား။ သည်အရှင်မင်းသားကလဲ သင်တို့အပေါ်မှာ ယုယမြတ်နိုး မေတ္တာပျိုးပြီး ဖြစ်ကြောင်းကို သင်တို့သိပြီး မဟုတ်ပါလား။ ငြိမ်ပါငြိမ်ပါ။ မစိုးရိမ်ပါနှင့်။

ဆိုပြီးလျှင် အောက်၌ပါသော တေးထပ်ကိုလည်း တစ်ကိုယ်တည်း ရွတ်ဆိုလေ၏။

## တေးထပ်

စိုးရိမ်တော်ပွေအင်များရော့ထင့်၊ ရွှေရင်သားလှုပ်ခါ မေခင်ထား ဂမုန်းညှာမှာ၊ စုတ်တဖြာလာဘ်လား၊ နိမိတ်ဖြင့် ထင်ဆန်းကြဲပြီ၊ ရင်ပန်းငုံလှုပ်ဟန်က ခြား၊ ရဲပါကွဲ့ သွယ်နှစ်သွယ်ရယ်၊ ကယ့် တကယ်ချစ်သား၊ ဖယ့်မဖယ် မပြစ်အားပေဘု မြစ်တားရင် ငြိမ်စေ၊ အသစ်လို မထင်ကြပါနှင့်၊ ယခင်က ကျွမ်းတဲ့သူလေ။ စိုးပါနှင့် ခိုင်နှစ်တွေ့ရယ် မြိုင်ချေမှာ ဦးစွာ ဆက်စဉ်က ဖူးညှာခက်ယွင်းလို့ ပျက်ကြေ မင်းတို့သက်သေ ယခုမှ စနစ်တွေ့အောင် အသစ်တွေ လုပ်ပါနှင့်လေး။

WWW.DHAMMARANSI.COM



ဟူ၍ လျှောက်ထားကြလေ၏။

ထိုစကားကို ကြားရာ ဒုသျှန္တမင်းသားသည် ဤသို့ စိတ်ထဲ၌ အောက်မေ့မိလေ၏။

သြော်–လောက လောက၊ ဤလောကမှာရာဇာ ပဓာနဖြစ်ချေသည်။ 'ရှင်ဘုရင် ဘုန်း မိုးသို့ချုန်း' ဆိုသည့်အတိုင်း မင်းသံကို ကြားကာမျှနှင့် (ရှင်ဘုရင်အမည်နှင့်ပင်) အတော်ကြီး ကိစ္စချော နေတာမျိုးပါကလား။ ငါဘုရင်မင်းမြတ်က ဤ နန်းတော်ကြီးပေါ်မှာ ပျော်ပျော် စံစားနေသော်လဲ ငါ၏ ဘုန်းတော်များကြောင့် မြို့ရွာနိဂုံး တောတောင်ရေမြေတို့မှာ ရှိရှိသမျှ ငြိမ်ဝပ် ပိပြားစွာနှင့် အရာရာ ကိစ္စချော၍ နေလေသည်။

ဟူ၍ စဉ်းစားပြီးလျှင် ရသေ့များဘက်သို့ လှည့်၍ ဒါဖြင့် ကောင်းလှပါပြီ၊ ထို့ပြင် အရှင် စန္ဒရသေ့ ကြီးကော ကျန်းမာချမ်းသာ၍ ကမ္ဘဋ္ဌာန်း ဘာ ဝနာ အလုပ်ကို ကြိုးကုတ်ပွားများတော်မူနိုင်ပါ၏လော။

ဟူ၍ မေးမြန်းပြန်လေ၏။

ရသေ့များက–

အို မင်းမြတ်၊ ဤလောကမှာ တရားကို စောင့်သော သူအား တရားက တဖန်ပြန်၍ စောင့် ရှောက်မြဲ ထုံးစံဖြစ်ပါသည်။ ဘုရားကို ဦးထိပ် ထား၍ တရားစောင့်ရှောက်ကာ နေကြသော သူတော်ကောင်းများမှာ သူတို့၏ ကောင်းသော အလုပ်ကပင် တဖန်ပြန်၍ မျက်မြင်ဒိဋ္ဌ အကျိုး ပေးသောအားဖြင့် ပိန်းကြာဖက်တွင် ရေမတင်ဘိ သကဲ့သို့ ကင်းစင်ဘေးဒဏ် ရန်မာန် ကွာရှင်း ကြပါသည်။

ထိုအရှင်စန္ဒရသေ့မြတ်က အရှင်မင်းသား၏ အပေါ်မှာ ဩဒိဿမေတ္တာကို ပွားများပြီးလျှင် အရှင်မင်းသား၏ တိုင်းနိုင်ငံသာယာ၍ လုပ်ငန်း ဆောင်တာများ အောင်မြင်ပြီးစီးပါစေဟု ပထမ အမေးခိုင်းပါသည်။ ထို့ပြင်လဲ အရှင်မင်းသား အား လျှောက်ထားရန် စကားလက်ဆောင် တစ်ခု ရှိပါသေးသည်။

ဟူ၍ ဆိုကြလေ၏။

အလို ဘယ်လိုစကားများ ဖြစ်ပါလိမ့်မည်လဲ။ လျှောက်ထားရန်ရှိသမျှကို တစ်စမကျန် ပြန်လှန် လျှောက်ကြားပါ။

ဟူ၍ ခွင့်ပေးလေသော် သံဂါဝရက–

နားစိုက်တော်မူပါ၊ အရှင်မင်းသား။ ကျွန်ုပ်တို့၏ ဆရာ မဟာစန္ဒရသေ့ကြီးက သင်မင်းသား အပေါ်မှာ အလွန်တရာမေတ္တာ သက်ဝင်တော်မူ သည့်အတိုင်း ပြောကြား မှာထားတော်မူလိုက် သော စကားမှာ အသင်မင်းသားနှင့် ကျွန်ုပ်၏ သမီး ရှုမငြီးနေတတ်တမျှ သကုဏ္တလကညာတို့၏ မေတ္တာသက်ဝင် ချစ်ခင် စုံမက်ကြသည်အရေးကို နှစ်သက်မြတ်လေးစွာ သဘောတူတော်မူပါ သဖြင့် ကြည်ဖြူစွာ အခွင့်ပြုလိုက်ပါသည်။ သင်မင်းသားသည် မြင့်မြတ်သော ဘုန်းသမ္ဘာရှင် ဖြစ်တော်မူသည်နှင့် လျော်ညီစွာ ကျွန်ုပ်၏ သမီးတော်မှာလဲ ခြောက်ပစ်ကင်းကွာ ကလျာ ငါးအင် သန့်စင်မှုယူ လူမတူ နတ်တမျှအောင် မိန်းမလက္ခဏာနှင့် ပြည့်စုံ၍ ဂုဏ်သရေရှိသူ မှန်ပါသည်။ ဖူးစာခြင်း မျှတသည်ဟူ၍ နတ် များက စီမံကြသည့်အတိုင်း အဖက်မတန်ဘူး ရယ်လို့။ မည်သူ တစ်ဦးတစ်ယောက်ကမှ ပြောဆို ပြစ်တင်ပြုထိုက်သည် မဟုတ်ပါ။ မြနှင့် ရွှေ၊ လနှင့်နေကဲ့သို့ ကျက်သရေရှိသူ နှစ်ဦးတို့ အထူးထင်ရှားစွာ ပေါင်းသင်းကြရန် ကံစီမံသည့် အတိုင်း လက်ထပ်ထိမ်းမြားရန်သာ ဖြစ်ပါတော့ သည်။ ယခုလဲ ကျွန်ုပ်သမီးမှာ ကညာစစ် လက္ခဏာမှ ချွတ်ယွင်း၍ ( )ည်ခြင်း သန္ဓေ ဣန္ဒြေလေ့ှပါး ပတ္တမြား ရွှေကြုတ် နှုတ်ငုံရင့်မာ ဖြစ်နေပါသောကြောင့် အသင် မင်းသားကသာ လက်ခံသိမ်းပိုက်တော်မူ၍ မိန်းမရတနာ တောင် ညာဒေဝီ မဟေသီဘွဲ့ထူးဖြင့် အထူးချီးမြှင့်တော် မူပါ။

WWW.DHAMMARANSI.COM



ဟူ၍ မှာထားလိုက်သောစကားကို ကြားသည်နှင့် ဒုဿန္တ မင်းသားသည် စကားပြန် ရတ်တရက်မရဘဲ မျက်နှာပျက်သွားလေ၏။

မင်းသားမျက်နှာပျက်၍ သွားသည်ကို ဂေါတမီက မြင်လိုက်သောအခါ မင်းသား၏ အမူအရာကို အကဲခတ်မိသည်နှင့်

အရှင်မင်းသား စကားအနည်းငယ်မျှ ဆက်လက်၍ ပြောကြားရန် အခွင့်သနားပါ။

ဟု ခွင့်တောင်းလေသောအခါ မင်းသားက ပြုံးရွှင်သော မျက်နှာဖြင့်

အလိုရှိတိုင်း ပြောကြားပါ။

ဟူ၍ ခွင့်ပေးလေ၏။

ထိုအခါ ဂေါတမီက–

အရှင့်သား စဉ်းစားတော်မူပါ၊ သင်မင်းသားနှင့် ကျွန်ုပ်၏ သမီးတော်တို့သည် တောတွင်းမှာ တွေ့ဆုံကြစဉ်အခါမှာ အလွန်တရာ မေတ္တာ စူးစိုက်ကြသဖြင့် ကျွန်ုပ်၏ သမီးတော်ကလဲ သူ၏ဖခင် မြိုင်ခွင်က ပြန်လာအောင် မဆိုင်းလင့်၊ အသင်မင်းသားကလဲ တိုင်းပြည်ဘောင် ဌာနသို့ ပြန်ကြွ၍ တိုင်ပင်သင့်သမျှ ဆွေတော်မျိုးတော်မှူးတော်မတ်တော်များနှင့် မတိုင်ပင်ဘဲ အသင်တို့ နှစ်ယောက်တည်း အချင်းချင်း သဘောတူ ကြိုက်ချစ်ခဲ့ကြသော အရေးလက်စ ရှိကြသည့်အတိုင်း ယခုအခါမှာလဲ အခြားလူများ၏ ကွယ်ရာမှာ အသင်တို့နှစ်ယောက်တည်းပင် အချင်းချင်း သဘောရှိရာ ပြောဆိုကြပါတော့။

ဟူ၍ ပြောသောအခါ သကုန္တလာမင်းသမီးက

အို– ငါ့အား ဘယ်အရာများကို ပြောကြားမေးမြန်းပါလိမ့်မည်နည်း။

ဟူ၍ ကြောက်လန့်ထိတ်ပြာသော စိတ်ဖြင့် တုန်တုန်လှုပ်လှုပ်ရှိလေ၏။

ထိုအခါ ဒုဿန္တမင်းသားသည် ပဋိသန္ဓေ တည်နေသည်ဟု ကြားရသည်ကစ၍ ဟဒယမနော သဘောကြည်တော်မမူသည်နှင့်

ခက်ပါဘိတော့နော်၊ တယ်ထူးဆန်းတဲ့ အဖြစ်အပျက်ပါကလား။

ဟူ၍ ညည်းညူလိုက်လေ၏။ သကုန္တလာမင်းသမီးသည် ဒုဿန္တမင်းသား၏ ညည်းညူသံကို ကြားရ၊ ဣန္ဒြေပျက်၍ မသက်မသာသော မျက်နှာကို မြင်ရသောအခါ

ဩော်– သည်တစ်ခါမှ အခက်ထဲတွင် အခဲကြုံတော့တာပဲ၊ သူ့မျက်နှာကဖြင့် မသက်သာချေဘူး။ သည်အရေးတွေကို မျှော်တွေးတော်မူမိတာကြောင့် ဖခင်ဘုရားက မှာထားသတိပေးလိုက်တာကိုးနော်။ နတ်သိကြားနှင့် ဘုရားကယ်တော်မူကြပါ။

ဟူ၍ ညည်းညူမှိုင်တွေ ကြက်သေ သေ၍ နေလေ၏။

သံဂါရဝက ဒုဿန္တမင်းသား၏ ညည်းညူလိုက်သော "တယ်ထူးဆန်းတဲ့ အဖြစ်အပျက် ပါကလား" ဆိုသည့် စကားကို ကြားသည်နှင့် စိတ်မသက်မသာ ရှိလှသည်နှင့် ရဲရင့်စွာ အသံကျယ်ကျယ်နှင့် ပြောကြားသည်မှာ–

အရှင်မင်းမြတ်၊ အရှင်သည် လူတို့၏ အဓိပတိဖြစ်၍ တိုင်းပြည်နိုင်ငံကို အုပ်ချုပ်၍ နေတော်မူသည့်အတိုင်း လူတို့၏ သဘောကို သိတော်မူပါလိမ့်မည်။ ဤလောကမှာ သားမယား ဖြစ်သူက ဘယ်လိုပင် အကျင့်စာရိတ္တနှင့် ပြည့်စုံ၍ ဂုဏ်ကျက်သရေရှိသော်လည်း သူ၏လင်ယောကျ်ားနှင့် ခွဲခွာ၍ သူ့မိဘ ဆွေမျိုးများနှင့် နေထိုင်ပါလျှင် အပြစ်ရှာ၍ မတော်မတရား ပြောကြား ကဲ့ရဲ့ချင်တတ်ကြပါသည်။

ယခုမှာတော့ အရှင်မင်းသားက တရားသဖြင့် သိမ်းပိုက် ချစ်ကြိုက်၍ထားသော ဤမိန်းမကလေးကို မိဘဆွေမျိုးတို့နှင့်တကွ သူ၏ လင်သားရှိရာသို့လာ၍ တောင်းပန်အပ်နှံခြင်းဖြစ်ပါသည်။ လွန်ပြီးသောကိစ္စကို ပြန်၍ပြုပြင်နိုင်ကြသည်မဟုတ်ပါ။ ထိုမိန်းမကလေးအပေါ်မှာ မေတ္တာမျှသည် ဖြစ်စေ၊ မမျှသည် ဖြစ်စေ အပ်နှင်း ဆက်သလာသည့်အတိုင်း လက်ခံ

WWW.DHAMMARANSI.COM



သိမ်းပိုက်တော်မူရန် အမှန်သင့်လျော်လှပါသည်
အရှင်မင်းသား ဟူ၍ ပြောကြားလေ၏။
ထိုအခါ ဒုဿန္တမင်းသားက မျက်နှာထား ခပ်မာမာ ရာဇသံပါပါနှင့်၊
အလို ဘယ်နယ် ပြောပါလိမ့်မလဲ၊ ကျွန်ုပ်ဟာ
သည်မိန်းမကလေး၏ ခင်ပွန်းယောကျ်ားဆိုတာ
ဘာကြောင့် စွပ်စွဲနိုင်ရသလဲ။
ဟူ၍ မိန့်ဆိုလေ၏။

ဤကဲ့သို့ မာနခပ်ထန်ထန်နှင့် ရာဇသံပါပါ မေးမြန်းသောစကားကို သကုဏ္ဍလမင်းသမီး ကြားလေရာ
အလိုလေး၊ ကျွန်မ တွေးတဲ့ အတိုင်း ဖြစ်ကုန်ပါပကော။
ဟူ၍ ဟစ်ကြွေးပြီးလျှင် နန်းကြမ်းပြင်မှာ လူး၍ ရှူးမတတ် ငိုကြွေးလေ၏။

## ငိုချင်းဒွေးချိုး

ညိုးမာန်ငယ်ကူ ဘိုးတန်သူ မေ့တခင်ကိုဖြင့် သေခွင့်သနား၊ တိမ်းဖယ်ဖယ် ယိမ်းလွယ်သူ သစ္စာနော့ချေပေ့။ ဆန်းသူကို နန်းမူနှင့် ချော့ပြီထင့် (တိုင်းကြီးရှင် ရေ) စိမ်းတော့လေအား။ ။

## နန်းတော်တွင်း၌ ဖြစ်ပျက်ပြောဆို ရန်တွေ့နေကြပုံ

ဒုဿန္တမင်းသားက သူချစ်ခင်ခဲ့ဖူးသော သမီးကညာမဟုတ်သလို၊ ဆတ်ပယ်ပယ် (ငြင်းခွာခွာ) ပြုလုပ်၍ နေသည်ကို သံဂါရဝက မြင်လေသောအခါ သကုဏ္ဍလမင်းသမီးကလေး၏ ပူဆွေး ဒုက္ခရောက်ရမည့်အရေးကို အေးအေးသာသာ လျစ်လျူ ကြည့်ရှုကာ မနေရက်၊ မင်းသမီးကလေး၏ အဖြစ်အပျက်ကို သည်းခံကာ မနေနိုင်သောကြောင့် တရားလမ်း ရှိသည့်အတိုင်း ပြောကြားသည်မှာ—
ဘုန်းကြီးသော အရှင်မင်းမြတ်၊ ကိုယ်တော်မြတ်
ကလေးကဲ့သို့ မြင့်မြတ်သော ဂုဏ်ဒြပ်နှင့်
ပြည့်စုံသည့် မင်းသားကလေးတစ်ပါးသည် မိမိ
ပြုကျင့်ခဲ့သောအမှုများကို နောက်အခါမှသော
မကျသည့် အနေအားဖြင့် ဘုရားလဲ မကြိုက်၊
တရားနှင့်လဲ မသင့်လျော်၊ သူတော်တကာလဲ
မချီးမွမ်း၊ မိမိဂုဏ်သိန်တန်နှင့်လဲ မလိုက်ရော။
သဘော တဖြောင့်ကွယ်တောင် လိမ်လည်
မတည်ကြည်သော စိတ်ဆိုးဖြင့် တစ်မျိုးတစ်မည်
အကြံဆန်းပြီးလျှင် ယခုကဲ့သို့ တောတွင်းသူ
မျက်နှာမဲ့ကလေးကို မငဲ့ကွက် ရက်ရက်စက်စက်
စော်ကားသည့် အချက်မှာ တရားဘက်နှင့်
ထောက်စာလျှင် သင့်လျော်သည် ဟု ထင်မြင်ပါ
သလား။
အရှင်မင်းသား၊ 'မင်းမှာသစ္စာ လူမှာကတိ'
ဆိုသည်နှင့်အညီ မင်းတို့မည်သည် တည်ကြည်
ဖြောင့်မှန်သော သစ္စာကို ခိုင်မြဲစွာ ထားရပါ
သည်။ အကယ်၍ သစ္စာမဲ့တတ်ပါလျှင် 'ဘုန်း
ကြီးသော်လဲ သက်မရှည်၊ သက်ရှည်သော်လည်း
ဘုန်းမကြီး' ဆိုသကဲ့သို့ သစ္စာမဲ့ခြင်းက တရား
အလျောက် စီမံပါလျှင် ယခုအခါ ကောင်းသော်
လဲ နောက်နောင်ကျတော့ ဒုက္ခနှင့် တွေ့ကြုံရ
တတ်ပါသည်။
ဟူ၍ ပြောကြားလေ၏။ ထိုစကားကို ကြားရာ ဒုဿန္တမင်းသားက တရားနှင့် ထိခိုက်၍ ပြောသည်ကို မခံလိုသောကြောင့်
အို ရှင်ရသေ့။ယခုလို ကျွန်ုပ်အပေါ်မှာ မတော်
မတရား၊ မဖြောင့်သားသောအနေနှင့် ဉာဏ်
ဆင်၍ တင်လျှောက်ခြင်းမှာ ဘယ်အကျိုးကို
မျှော်ကိုး၍ တင်လျှောက်ခြင်း ဖြစ်ပါသနည်း။
ဟူ၍ ဆိုလေလျှင် သံဂါရဝက၊ သကုဏ္ဍလမင်းသမီးကလေးအတွက် မခံမရပ်နိုင်အောင် အမျက်ထွက်သဖြင့်၊
ဩော်–လောကများနှယ် တယ်ပြီး ခက်ပါ
ကလား။ ခြွေရံများစွာ ဥစ္စာစည်းစိမ် ဂုဏ်သိန်
ဒြပ်နှင့် အမြင့်အမြတ် ခံစား စံစားနေရတဲ့
သူတို့၏ စိတ်သဘောများဟာ တယ်ပြီး ပြောင်း

WWW.DHAMMARANSI.COM



လဲ လွယ်သော သတ္တိရှိပါကလား။ တောတွင်းသို့ ရောက်လာစဉ်အခါတုန်းကတော့ သကုဏ္ဍလ ကလေးကို မရရအောင် အလိုသို့ မပါပါအောင် အမျိုးမျိုး သွေးဆောင်ပြီးလျှင် မျက်နှာပြောင်ကြီး တိုက်၍ ကျမ်းသစ္စာကိုဆို ဘုရားကို တိုင်တည် သူ့အလိုပြည့်၍ သူ့ထီးနန်းအတွင်းသို့ ရောက် လာတော့ အကောက်ဉာဏ် မာယာဆင်၍ ပြင် ပြင်ကြီး ကွယ်နေတော့သကိုး။ ဩော် စည်းစိမ် များ ယစ်မူးမှုဖြင့် အရူးလို စိတ်ပြောင်းလွဲနေ ကြတာပဲ။

ဟု ပြောဆိုလေ၏။ ထိုအခါ ဒုသျှန္တမင်းသားသည် ရှင်ရသေ့က ယခုလို ပြောဆိုခြင်းမှာ များစွာ ထိခိုက် နာကျင်စေသည်။ ယခု စည်းဝေး ပြောဆို နေကြသည်မှာ ဘုရင်ရာဇာတို့ နေသော နန်း တော် ဖြစ်လေသည်။ စဉ်းစားနိုင်သမျှ စဉ်းစား၍ မမှားအောင် ပြောဆိုပါ။

ဟူ၍ ပြန်ပြောလေ၏။

ထိုသို့ ဒုသျှန္တမင်းသားနှင့် သံဂါရဝတို့ အပြန် အလှန် ပြောဆိုကြသောစကားကို မယ်တော် ဂေါတမီ ကြားလေသောအခါ သမီးတော်သကုဏ္ဍလာဘက်သို့ လှည့်၍

အို– ရှုမငြီးသော သမီးနတ်နွယ် လှသက်လှယ် ကလေး၊ ယခုလို ပြောဆိုကြသည့်အတွက် မရှက်ပါနှင့်။ မျက်နှာကို ရဲရဲသာထားပါ။ ယခုအခါ ချစ်သမီး ဝတ်ဆင်လာသော အဝတ် တန်ဆာများသည် ရှေးအခါနှင့်မတူ အမူ ဆန်း ပြား သောကြောင့် အထင်မှားတော်မူပုံ လက္ခဏာ ရှိပါသည်။ ချစ်သမီး ဝတ်ဆင်ထားသော ဝတ်စား တန်ဆာအချို့ကို လှစ်၍ ထွန်းသစ်စ လဝန်းနှင့် တူသော ကိုယ်လက်အချို့ကို (သက်သေအား ဖြင့်) ဖော်ပြလိုက်ပါလော။

ဟူ၍ ဆုံးမသွန်သင်လေ၏။

ထိုအခါ၊ သမီးတော်က

မယ်တော်သခင် ကျေးဇူးရှင်၊ အခုလို ဖြစ်မိတဲ့ အခါကျတော့ ကျွန်မ မရှက်နိုင်တော့ပါ။ သို့ရာ တွင် သူက သစ္စာမဲ့လေသည်ကိုသာ တွေး၍ စိတ်နာပါသည်။ သို့သော် ကံစီမံရာပဲ ရှိပါ စေတော့။

ဟု ဆိုပြီးလျှင် ပြင်း၍ ထိုင်လိုက်သော အဟန်ဖြင့် အချို့ ကိုယ်လက်အင်္ဂါများကို လှစ်၍ ပြလေ၏။

ဒုသျှန္တမင်းသားသည် သကုဏ္ဍလ မင်းသမီး ကလေး၏ အမူအရာကို စိမ်းစိမ်းကြည့်၍ တစ်ကိုယ် တည်း တွေးတောလျက် ပြောဆိုသည်မှာ–

ဩော်– ယခုလို လှယဉ်ကျေးတဲ့ ကိုယ်ဟန် ကလေးများကို မြင်လိုက်ရပြန်တော့ သည်းမခံ နိုင်အောင် စိတ်က တုန်လှုပ်လှချေရဲ့နော်။ ချစ် ခင် စရာကောင်းတဲ့ ဘဝမှာတော့ ပထမတန်း ကလေးပါပေပဲ။ ဝတ်ဆင်သည့် တန်ဆာတွေ ထဲက ဘွားခနဲ ရွှေအဆင်းနှင့်တူသော အသား ရောင်ကလေးများကို မြင်လိုက်ရတော့ ဥပမာ ဘာနှင့်တူသလဲဆိုပါလျှင် မိုးတိမ်တောင်အတွင်း က ဝင်းခနဲထွက်လာသော လမင်းကို ရှုလိုက် ရသလိုပါပဲ၊သို့သော် ယခုလို ပဋိသန္ဓေ အရင့် အမာနှင့်ဆိုတော့ တယ်ပြီး အတွေးရ ကပ်နေ တာပဲ။ ငါ့ပြင်မှတစ်ပါး သူ့မှာ အခြား ချစ်ချင် သူများ ရှိလေသေးရော့သလား။ မိန်းမဆိုတာ ဆိတ်ကွယ်ရာကို ရမှဖြင့် ထင်သမျှ ပြုကျင့် တတ် သတဲ့။ မိန်းမကိုပုံပြီး အလုံးစုံ မယုံသင့် ဘူးလို့ အထူးပင် မှာတမ်းထားကြလေသည်။ ခြောက်ပစ်ကင်းကွာ ကလျာငါးတန် ရတနာ အမျိုးမှန်ကလေး ဖြစ်နေပြန်တော့လဲ စွန့်ပစ် လိုက်ရန် အပုံကြီး ခဲယဉ်းနေတာပဲ။ 'ပစ်ရမှာလဲ အဆီခဲ၊ စားရမှာလဲ သဲနှင့်ရှပ်ရှပ်' ဆိုသလို ငါဖြင့် အကြပ်ကြီးကျနေချေပြီ။ ဥပမာ ဘာလို နေပါသလဲဆိုတော့ ဟေမန္တ သမယဆီးနှင်း ကျသောအခါ ညဉ့်အချိန်ကုန်၍ နံနက် မိုး သောက်ထတွင် ဆီးနှင်း ဖုံးလွှမ်း၍ နေသော

WWW.DHAMMARANSI.COM



ပန်း၏အနားမှာ တရစ်ဝဲဝဲ ပျံသန်းကာ နေရ
သော ပျားပိတုန်းကလေးလို ဖြစ်နေပါပြီ။
ယခုလို ဖြစ်နေတော့ ပန်းဝတ်မှုံ နှင့် ပန်းရက်ရည်
ကို စုပ်ရမှာလဲ နှင်းတွေကလာ၍ဖုံး၊ လုံးလုံး
ကြီး ပန်းပွင့်နားက ခွာရမှာလဲ အလွန်တရာ
လုပကြိုင်မွှေး ချိုအေးတဲ့ပန်းဖြစ်၍ မခွာနိုင်ဘဲ
ရှိရသလို ရတ်တရက် ချစ်ခင် သိမ်းပိုက်ရမည်မှာ
ကလလ ရေကြည်တော် တည်နေတာကြောင့်
အခက်၊ သက်သက်စွန့်လိုက်ရမှာလဲ မိန်းမ
ရတနာ အလှကညာကလေးဖြစ်၍ မခွဲသာ
လွန်စွာ အကြံရ ခက်နေပါပြီ။

ဟူ၍ ဆိုပြီးလျှင် အောက်၌ ပါသော တေးထပ်ကို
ရွတ်ဆိုလေ၏။

## တေးထပ်

မမျိုနိုင် မထွေးရက်ပါကလ အရေးခက် ကြုံပြီ၊
ဆွေးရတက်အပုံစည်တယ်၊ ဖုံကတီ ကြာကြော့၊
ဖြူကနက် မြင့်စောင်စောင်မှာ မင့်မောင်မောင်နွမ်းလို့
ခွေပြော့၊ အဆီခဲမို့ မလွဲသာတယ်၊ သလဲပါပြန်ပေါ့။
အကဲဟာ မတန်လျှော့လေရဲ့၊ သဏ္ဌာန်တော့်ပျက်ခါ
တည်သန္ဓေနေ အစွဲဟာကြောင့် အဝေခွဲခက်တော့လေ
တာ၊ မတိုးဝံ့ မဆုတ်သာတယ်၊ ကျွန်ုပ်မှာ ပူပန်
တွေ့ချေပေါ့၊ မြူဆံရွေ့ ပစ်မယ့်မကြံ ချစ်ကဲ့အမှန်၊
ယခုတော့ ဟာငြင်းဆန်တယ် ညာနှင်းရန် ခက်လွန်း
လို့လေး။

ဤကဲ့သို့ ဒုဿန္တမင်းသားသည် မှိုင်ငေးတွေ
ဝေလျက်နေသော အမူအရာကို အမြဲခစားလျက်
ရှိသော အပါးတော်မြဲ "သူရသေန"က ဒုဿန္တ
မင်းသား ကြားလောက်ယုံ လျှောက်တင်သည်။

ဒါကိုတော့ တွေးနေဖို့ မရှိလှပါဘူး ဘုရား၊
ကိုယ့်ရှင် ကိုယ်သာ ကိုယ့်ဆရာတဲ့။ ကိုယ်တော်
အရှင်မြတ်၏အကြောင်းအရာ အပြုအမူများကို
ကိုယ်တော်မှ တပါး အခြားလူတို့ သိကြမည်
မဟုတ်ပါ။ သို့ရာတွင် စဉ်းစားရန် တစ်ချက်ရှိ
သည်မှာတော့ ယခုကဲ့သို့ အဖိုးထိုက်တန်သော
ရတနာကလေးတစ်ခုသည် အရှင်၏ ဘုန်း
သမ္ဘာတော်ကြောင့် အလိုအလျောက် နန်းတွင်း
သို့ ဆိုက်ရောက်လာသည်မှာ ထီးနန်း၏ ကျက်
သရေပါပဲ။ ဘာမျှ တွေးတော၍နေဘွယ် မရှိပါ။

ဟူ၍ လျှောက်ထားလေ၏။ ထို့နောက် သံဂါရဝက

အို အရှင်မင်းမြတ် ဘယ်ကဲ့သို့သော အရေး
ကြောင့် ငေး၍ မှိုင်တွေကာ နေရပါသနည်း။
ယခုအခါ အရှင်မင်းမြတ်၏ သဘောတော်မှာ
ဘယ်ကဲ့သို့ ကြံစည်တွေးတောနေပါသနည်း။
သစ္စာတရားကိုသာ ကြိုးစား၍ စောင့်ရှောက်
တော်မူပါ။ သစ္စာတန်ခိုး ဘုန်းသစ်နှိုးက
အမျိုးမျိုး ပြီးစီး အောင်မြင်နိုင်ပါသည်။

ဟူ၍ ပြောကြားလေ၏။ ထိုအခါ ဒုဿန္တမင်းသားက
ပြောကြားသည်မှာ–

ကသိုဏ်းပွားများ ဈာန်ကစားလျက် တရား
ပျော်မွေ့ ရှင်ရသေ့တို့ ယခု ကျွန်ုပ်ငေးမှိုင်ခြင်းမှာ
အခြား မဟုတ်ပါ။ ကျွန်ုပ်၏နောက်က ဖြစ်ပျက်
ခဲ့သမျှ အကြောင်းအရာတို့ကို ထပ်ခါ ထပ်ခါ
စဉ်းစားနေပါသည်။ ဤသူငယ်မကလေးနှင့်
ဘယ်သောအခါမှာမှ စေတနာ ဆပွား၍ မေတ္တာ
များ ချည်နှောင်လျက် ကျူးလွန်အောင် ဖြစ်ခဲ့ဖူး
သည်များကို လားလားမှ ကျွန်ုပ် သတိမရပါ။
သို့ဖြစ်၍ အတန်တန် စဉ်းစားလို့မှ ကျွန်ုပ်သတိ
မရပါဘဲလျက်နှင့် ဘယ်အတွက်ကြောင့် အခြား
တစ်ပါးသူများနှင့် ဆပွားမေတ္တာ ကြင်နာငြိစွန်း
ခဲ့၍ ပဋိသန္ဓေတည်နေလျက်ရှိသော ဤသတို့
သမီးကို နန်းတော်ကြီးအတွင်းမှာ ကျွန်ုပ် သိမ်း
ပိုက်၍ ထားနိုင်ပါမည်နည်း။

ဟူ၍ ပြန်ပြောလေ၏။ ထိုကဲ့သို့ ပြောဆိုသော
စကားကို သကုဏ္တလမင်းသမီး ကြားလေသော်
မျက်နှာကို ဖုံးကွယ်၍ တိတ်တဆိတ် ငိုကြွေး
မြည်တမ်းသည်မှာ–

WWW.DHAMMARANSI.COM



အမယ်လေး၊ ပြောမှ ပြောဆိုရက်ပလေ နန်းကြီးရှင်ရယ်။ သခင်၏ဂတိသစ္စာများသည် ရေတွင်ရေးသားသော အရေးအသားကဲ့သို့ အလကားပျောက်ပျက် လွယ်လေသည်တကား။ ကျွန်မတို့နှစ်ယောက် အချင်းချင်း တောမြိုင်အတွင်းမှာ အလွန်အမင်း ချစ်ခင်ခဲ့ကြသည်ကို ယခုမှ သခင်က ယုံမှားတွေးတော၍ နေရပါသေးသလား။

ကျွန်မစိတ်အထင်ကတော့ တိုင်းတော်ပြည်တော်သို့ ကျမှဖြင့် ယုယပိုက်ထွေး အရေးတယူ အလေးမူ၍ ချော့မြူ ကျီစယ်၊ အသွယ်သွယ် ဖျော်ဖြေ၍ ရွှေလက်ကို အတူဆွဲလျက် နန်းပွဲကိုဝင် တောင်ညာစံ တင်လိမ့်မည်ဟု အထင်ကြီး အမြင်ကြီးနှင့် ခရီးကြမ်းသော တောလမ်း တောစခန်းတွေကို ပင်ပန်းသည်ဟု အမှတ်မထား။ လင့်ရမက်များများနှင့် အားစိုက်၍ လာခဲ့ရာ ယခု ရွှေနန်းတော်သို့ ကျတဲ့အခါမှ ဘာသောညာသော သဘောမဖြော င့် စိတ်တော်နှောင့်၍ မောင့် သဘောရှိရာ ရက်စက်စိမ်းကားစွာ ပြောဆိုသည်များကို ဝပ်တွား၍ ခံနေရသည်မှာ လွန်စွာအသည်းနာလှပါသည်။ သည်တောသူမကလေးကို ခေတ္တ တွေ့ဆုံတဲ့ တောမြိုင်တွင်းမှာ တစ်နပ်စားဉာဏ် အဆိုးကြံ၍ တိုင်းနိုင်ငံသို့ရောက်မှ သပေါက်မသမီးကို အားကြီး နှိပ်စက်မဟဲ့ဟု သခင်က အကောက်ကြံ သည်များကို စဉ်းစားတိုင်း ဖြေမဆည်နိုင်လို့ မျက်ရည်သာ ကျရပါတော့သည်။

သစ်စိမ်းဝါးစိမ်းကို ချိုးဘိသကဲ့သို့ ဖြုန်းခနဲ ချိုးချိုးဖဲ့ဖဲ့ ပြတ်ပြတ်တောက်တောက် ပြုရက်တဲ့ သစ္စာမဲ့ကြီးကိုဖြင့် ပြော၍ မပြီးအောင် စိတ်နာပါရဲ့။ သူနှင့် ချစ်ခင် မေတ္တာသက်ဝင်သည့် အတွက်ကြောင့် အပျိုရေပျက်ပြီးလျှင် ကိန်းစက်သန္ဓေ စွဲငြိလေမှန်းကို သိလျက်နှင့်ပင် သူတစ်ပါးနှင့် ရတ်ပတ်၍ မဟုတ်မဟတ် စွပ်စွဲအရှက်ခွဲသည်များကိုလဲ အသည်းကွဲမတတ်နာကျင်လှပါသည်။

ဟူ၍ ပြောဆိုပြီးလျှင် ဖြေဆည်၍ မရနိုင်သောကြောင့် သက်ကြီးရှိုက်ပင့်ကာ တွေး၍ ငိုကြွေးရှာလေ၏။

## ဒွေးချိုးငိုချင်း

ပြောမြူရယ်ချို့ တောသူကို တမင်စပါလို့၊ ရှင်ပြအောင် အလိမ်ပွေလိုက်တာက ကျိန်ရေထန်ပြင်း ယခုအခါ ကရုဏာရှင် မသက်လေဘု ကြင်ဘက်တော် အမှန် သားငယ်နှင့် စော်ကားဉာဏ် တပုံဆင်၍ လုံခင်ကို ဂုဏ်အင်ပျက်အောင်ပ။ သဘောမမှန် အကြောဉာဖြင့် ဖက်ချေပေါ့။ (သစ္စာမဲ့ကြီးရေ) ဆိုးရက်လေခြင်း။ ။

ဒုဿန္တမင်းသားက သကုန္တလာမင်းသွီး ကလေးကို ယခုလို ရက်ရက်စက်စက် ပြောဆိုလိုက်သော အခါ အနားက အဖော်ပါလာသော သကုန္တလာမင်းသမီး၏ အဖော်များက–

ဟုတ်မှန်တဲ့ အတိုင်းကိုသာ ပွင့်ပွင့်လင်းလင်းကြီး ပြောပါ။ သန်းခေါင်ထက်ဖြင့် ညဥ့်မနက်နိုင်ပါဘူး။ ယခုမှဖြင့် ကြောက် စရာ ရှက်စရာလဲ မရှိပါ။ ပြောလိုရာကိုသာ ပြောပါ။

ဟု မင်းသမီးကို တိုက်တွန်း၍ အားပေးကြသောအခါ သကုန္တလာ မင်းသမီး၏ စိတ်ထဲက တွေး၍ ကြည့်သည်မှာ–

ဩော် – သူကဖြင့် ငါ့ကို မချစ်မနှစ်သက်သော ကြောင့် မသိချင်ယောင်ဆောင်လျက် မျက်နှာ ပြောင်ကြီး တိုက်၍ နေချေပြီ။ သူက မချစ်တဲ့ အတူတူ ငါ့ကိုယ်ကို အမှတ်ရအောင် အစစ အကြောင်းတွေကို ဖော်ပြောနေသော်လည်း စကားကြောသာ ရှည်စရာရှိတော့သည်။ တစ်စုံ တစ်ရာ အကျိုးထူးမည် မဟုတ်။ တကယ် အိပ်ပျော်၍နေသော သူကိုသာ နှိုးရန် လွယ်ကူ လေသည်။ တကယ်မအိပ်ဘဲ အိပ်ချင်ယောင် ဆောင်၍ နေသော သူကိုတော့ နှိုးရန် အပုံကြီး

WWW.DHAMMARANSI.COM



ခက်တာမျိုးပဲ။ ယခုထက်ဖြင့် အရှက်မကွဲနိုင်ပါဘူး။ ငါ အပြောအဆို ခံရပြီး အတူတူ၊ ဘာအားနာစရာ ရှိတော့မှာလဲ။ 'သူချို့လျှင် သကာ၊ သူခါးလျှင် တမာ'ဆိုတာလို သူက စိမ်းမှဖြင့် ငါကလဲ စိမ်းရတော့မှာပဲ။ ငါပြောချင်သမျှ ပြောဆိုတော့မည်။

ဟု သံဓိဋ္ဌာန်ချပြီးလျှင် အသံကျယ်စွာနှင့် မိန်းမမာန်ကို ဆွ၍ အို ကိုယ်တော်ရဲ့၊ အိုသခင်ရဲ့ ဟု ဆိုပြီး အတန်ကြာရပ်၍

ယခုလို ကိုယ့်လင့်သားကဲ့သို့ ကိုယ်တော်ရဲ့၊ မောင်မောင်ရဲ့၊ သခင်ရဲ့ဟု အခေါ်မခံချင်ပါလျှင်–

အို ပုရမင်းမှ ပေါက်ဖွားသော အရှင်မင်းသား၊ ဟိုတောတွင်းမှာ တွေ့တုန်းကတော့ မျက်စိကလယ် ကလယ်နှင့် ချစ်ပါတယ်၊ ကြိုက်ပါတယ်၊ ရိပ်ထီးဖြူ ရဝေနန်းမှာ ရေဖြန်းအတူခံပါ့မယ်။ လုနတ်တူ ရတနာ အသဝင်းကလေးကို ညာနှင်းလို့ စံပယ်မယ်။ လှမျက်မှန် နုပတ္တမြားကလေးကို စုဖုရားမြှောက်ပါမယ်။ ရံရွှေတော် အခန်းခန်းနှင့် သန်းသန်းကို အပ်ပါ့မယ်။ ဖဲဖြန့်တဲ့ ရဝေတော်မှာ မပျော်အောင် ချော့ပါ့မယ်။ နန်းလကျာတောင်ဆောင့်မှာ ခေါ်ခေါင့်ကို ဖျော်ပါမယ်ဟု အသွယ်သွယ် ပြောတဲ့စကားတွေကို ခုများတော့ မေ့တာသပလေ။ ဟို မာလိနီမြစ်ကမ်းပါး ပန်းရုံကလေးအကြားက ဝပ်တွားပြီး ချောင်းကြည့်နေတာများကိုလဲ မေ့တော့သပလေ။ နှစ်ယောက်သား မထိုင်သာတဲ့ကျောက်ဖျာတော်အဆွယ်မှာ မရဲ့တရဲ့ မျက်နှာနှင့် အသာကလေးထိုင်ပြီး ခပ်မှိုင်မှိုင် ရှင် နေတာတွေကိုလဲ မေ့တော့သပလေ။ သည့်ပြင် ကျွန်မ ကြာစွယ်လက်ကောက်ကလေး ပျောက်ရာ ရှင်ကောက်လို့ရသည့်အတွက် နှစ်နှစ်သက်သက် သိမ်းပိုက်ပြီး ငါကြိုက်တဲ့ သူ ဆင်မြန်းတဲ့ ကြာစွယ် လက်ကောက် အဆန်းကလေးကို နမ်းမဟဲ့ နမ်းမဟဲ့ လို့ကြိမ်းပြီး မိန်းမလက်ကောက်ကို ရှင် နမ်းတာတွေကိုလဲ မေ့ရော့ပလေ။ ကျွန်မက လက်ကောက်ကို ပြန်တောင်းတဲ့အခါ ရှင်က ပရိယာယ်မာယာဆင်၍ လက်ကောက်ကို လိုချင်လျှင် ကိုယ်တိုင် ဝတ်ဆင်ပေးရမှ အပ်နှင်းမည်ဟုဆိုရာ ကျွန်မက လက်ကောက်ကို လိုချင်သည့် အရေးကြောင့် လက်ကလေးဆန့်၍ ပေးသည့်အခါ နှလုံးသွေးက မခုန်တခုန် ကျွန်မစိတ်ကလဲ မယုံ့တယုံနှင့် မတို့တတို့ ရှင်က လက်ကိုဆွဲပြီး မရဲတရဲနှင့် လက်ကောက် ဝတ်ပေးတာများကိုလဲ မေ့တော့သပလေ။

ယခုအခါမှာတော့ သူ့စံရာရိပ်ထီး ရွှေနန်းတော်ကြီးကို ရောက်သည့်အတွက် နန်းစည်းစိမ်တွေက ခပ်တက်တက် နှစ်သက်စရာကောင်းတဲ့ နန်းတော်သူတို့ကလဲ ခပ်ချော့ချော့၊ သူ့ နဂိုစိတ်ရင်းကလဲ ခပ်နော့နော့နှင့်၊ သကုဏ္ဍလဆိုတာကို ငါမသိပါဘူး။ တစ်စုံတစ်ရာ ငါနှင့် မဆိုင်ပါဘူးဟု စိတ်ရှုံးပေါက်တိုင်း ရှင် လျှောက်ပြောတာ တော်တယ်လို့ ထင်ပါသလား။

ဟု ခပ်ထန်ထန်မာန်နှင့် လျှောက်တင်လေသောအခါ ဒုဿန္တ မင်းသားသည် မျက်နှာမထားတတ်အောင် ရှိ၍ ပြုံးစိစိနှင့် နေပြီးခါ မျက်နှာတစ်မျိုးပြင်ပြီးမှ လက်ဝါးဖြင့် နားကို ပိတ်၍ –

ကျွန်ုပ် ရာဇိန္ဒြေပျက်အောင် အရှက်ခွဲဝံ့သည်မှာ လွန်စွာ အံ့ဩစရာပါပဲ။ တယ်ရဲတဲ့ တောသူမကလေး။ သူတစ်ပါးက အားတက်အောင် မြှောက်ပေးတိုင်း သည်လို ရိုင်းရိုင်း စိုင်းစိုင်း မပြောပါနှင့်၊ ကိုယ့်ဘာသာဒ လိုက် ကြိုက်ချင်ရာကိုကြိုက် ပျော်ပိုက်ချင်ရာမှာ ပျော်ပိုက်ပြီး ကိုယ်နှင့် မတန်မရာ ဘုန်းသမ္ဘာ ကြီးမားသော ဘုရင်မင်းများကို ယခုလို စွပ်စွဲတာ တော်ပါသလား

ဟု မျက်နှာ ခပ်ထားထားနှင့် မိန့်ဆိုလေ၏။

WWW.DHAMMARANSI.COM



ထို့နောက် သကုဏ္ဍလမင်းသမီးက ပြောပြန်သည်မှာ–

တကယ်လို့ ရှင်က ကျွန်မကို မမှတ်မိဘူး။ ကြင်ယာဇနီး မဖြစ်ဖူးပါဖူးဟု ဖွတ်အတင်း ငြင်းပယ်နေပါလျှင် ရှင်သတိရအောင် သက်သေတစ်ခု ပြပါမည်။ ထိုသက်သေဆိုသည်မှာ အခြား မဟုတ်ပါ။ တောမြိုင်အတွင်းမှာ ကျွန်မနှင့် တွေ့စဉ်အခါ ရှင့်နာမည်ပါတဲ့ လက်စွပ်တော်ရတနာတစ်ခုကို ရှင်က ပေးအပ်၍ ထားခဲ့ပါသည်။ ထိုလက်စွပ်တော် ရတနာကို သက်သေအဖြစ်ဖြင့် ကျွန်မ တင်ပြပါမည်။

ဟုဆိုရာ ဒုဿန္တမင်းသားက–

ဟော– ကြည့်စမ်း၊ လူ စွပ်စွဲလို့ မရတော့ ယခု ဉာဏ်တစ်မျိုး ဆင်ပြန်ပြီ။ ကဲ– လက်စွပ် ဘယ်မှာလဲ၊ ပြစမ်းပါ။

ဟု ဆိုသောအခါ သကုဏ္ဍမင်းသမီးက ရုတ်တရက် မိမိလက်ကို ငုံ့ကြည့်လိုက်ရာ လက်စွပ်ကို မမြင်သဖြင့် အံ့အားသင့်လျက်–

အမလေး၊ အရေးကြီးတဲ့ အထဲမှာ သေပွဲဆင်တတ်တဲ့ လက်စွပ်ဟာ ပျောက်ဆုံးသွားပါပကော၊

ဟူ၍ ဟစ်အော်လိုက်လေ၏။ ထိုအခါ မယ်တော်ဂေါတမီက ထိတ်ထိတ်ပြာပြာနှင့်သမီးအား ဖျောင်းဖျပြောဆိုသည်မှာ–

ငါ့သမီး ဆင်းရဲငြိုငြင် ပူပန်အောင် ပြုလုပ်တတ်တဲ့ လက်စွပ်သည် ချစ်သမီးနှင့် အတူတကွ တောမြိုင်အတွင်းမှ ထွက်လာကြရာ "သက္ကာဝတာရ" မည်သော စခန်းတစ်ခုမှာ နားနေကြစဉ် ချစ်သမီးသည် သစ္စာတီရမည်သော ရေကန်သို့ သက်ဆင်း၍ ခေါင်းဆေးမင်္ဂလာများကို ပြုခဲ့လေသည်။ ထိုရေကန်သို့ သက်ဆင်းစဉ်အခါ ငြိုငြင် ညှိုးနွမ်း၊ စိတ်မချမ်းသာအောင် ဖန်တတ်တဲ့ လက်စွပ်သည် ချစ်သူနှစ်ဦးတို့ကို ခွဲလိုသည့် လက္ခဏာဖြင့် ရေကန်ထဲမှာ လျှောကျနေရစ်သည် ထင်ပါရဲ့။

ဟု ဆိုလေ၏။

ထိုအခါ ဒုဿန္တမင်းသားက ပြုံးပြီး

အို ရဲရွှေဖော်များတို့ ကြည့်စမ်းကြပါ။ မိန်းမဆိုတာ တယ်ပြီး ရုတ်တရက် ဉာဏ်ကောင်းတဲ့ သဏ္ဍာပွတ္တိ သမားကြီးတွေပဲ။ ခဏချင်း ဉာဏ်သွားတာမတော့ ယောကျ်ားတောင်မမိနိုင်ပါဘူး။ ကြည့်စမ်း– တခဏချင်း ဉာဏ်ဆင်လိုက်ကြတာ နာမည်တံဆိပ်ပါတဲ့ လက်စွပ်သော သစ္စာဂတိနှင့် ပေးတဲ့လက်စွပ်သောနှင့် ပြောချင်တိုင်း ပြောပြီး လက်စွပ်မရှိတာ အမှန်ဖြစ်လေတော့ ချက်ချင်း ဉာဏ်ဆင်ပြန်၍ ဘယ်ရေကန်ထဲမှာ ပျောက်ခဲ့သလေး၊ ကျခဲ့သလေးနှင့် မသိတဲ့သူများဖြင့် အတွေးကပ်စရာကြီး ဖြစ်အောင် လိမ်လည်ကြတာ။ ယခုတော့ သူတို့ လိမ်လည်တာတွေ ပေါ်သွားကုန်ပြီမဟုတ်လော။

ဟု ဆိုလေ၏။

ထိုအခါ၊ သကုဏ္ဍလမင်းသမီးကဆိုသည်မှာ–

လက်စွပ်ပျောက်ခြင်းမှာ ကျွန်မရိပ်မိပါပြီ။ အနသူယ ပိယံဝဒတို့နှင့် တောတွင်းမှာ နေကြစဉ်အခါ အလွန်ကြောက်ဖွယ်ရာ ကောင်းသော ဒုဗ္ဗစဆိုတဲ့ နတ်ဆိုးကြီးက သူ့ကို အရိုအသေနည်းပါးရမလားလို့ ကြိမ်းဝါးပြီး ကျွန်မ အပေါ်မှာ ဒဏ်ထားတဲ့ အချက်တစ်ခု ရှိပါသည်။ ယခု လက်စွပ်ပျောက်ရချက်မှာ ထိုနတ်ဆိုးကြီး၏ တန်ခိုး အစွမ်းကြောင့် ဖြစ်ရတာပါပဲ။

ဟုဆိုပြီးလျှင် မိမိလက်စွပ်ကို သက်သေတင်ပြမည်ဆိုမိရာ ထိုလက်စွပ်ကိုလဲ မတင်ပြနိုင်သောကြောင့်၊ ရှေးကထက် ရှက်ပြီးလျှင် လက်ဖြင့် ရင်ကို တီး၍ အားကြီး ငိုကြွေးလေ၏။

## ခွေးချိုးငိုချင်း

မသက်သာသလေ၊ ခက်ရာတွင် တဖန်ခက်စေဖို့ မာန်မျက်တော် အလွန်ပြင်းပါတဲ့၊ နတ်မင်း

WWW.DHAMMARANSI.COM



ဒေဝရိန်က ရှင့်၊ ပွေလီနိဉာဏ်ဆိုး၊ လက်ဝတ်တော် ပျောက်ဆုံးပုံ တယ်မလျော်လို့၊ မဖွယ်သနော် ရှက်စရာဖြင့် တွေ့ချေပေါ့၊ သွေကြစရာ၊ ဒေဝမသမာမွေ့တာကြောင့်၊ (မယ်မယ်ဘုရား) နည်းလေ့ ကိုယ်ကျိုး။

ဤကဲ့သို့ ငိုကြွေး မြည်တမ်းပြီးသောအခါ သကုဏ္ဍာလ မင်းသမီးကလေးသည် စိတ်မကျေမနပ် ရှိလှသေးသည်နှင့် ဒုဿန္တမင်းသားသို့ လှမ်း၍

အရှင်မင်းသား၊ အခြား ယုံကြည်လောက်စရာ သက်သေစကား တစ်ခု ပြောကြားလိုပါသေးသည်။ အခွင့်ပေးတော်မူက တင်လျှောက်ပါရစေ။

ဟု ဆိုသောအခါ ဒုဿန္တမင်းသားက–

အလိုရှိတိုင်း လျှောက်တင်ပါ။ ကျွန်ုပ်ကဖြင့် ကြားနာဖို့ အသင့် ရွှေနားကို ဖွင့်လျက် ရှိနေတာပါပဲ။ တင်မှာကိုသာ တင်ပေတော့။ လက်စွပ်ကို သက်သေတင်ပြတာကိုလဲ မဖြစ်ပါစေနှင့်၊

ဟု မိန့်ဆိုလေ၏။ ဤကဲ့သို့ ခွင့်ပြုလေသောအခါ သကုဏ္ဍာလမင်းသမီးက–

အရှင် မင်းသား၊ အရှင်နှင့်ကျွန်မတို့ နှစ်ယောက် သေလသိင်္ဂီမည်သော ပန်းချုံအောက်မှာ နေကြစဉ်အခါ အရှင်က ရေမွတ်သိပ်တော်မူလှသည်နှင့် ကြာဖက်ပေါ်တွင် တင်၍နေသော နှင်းကဖြစ်သည့် ရေများကို အရှင့်သား၏ လက်ဖြင့် သုံ၍ ယူနေသည် မဟုတ်လား။

ဟု ဆိုရာ ဒုဿန္တမင်းသားက ကြားဖြတ်၍

နောက်ပြီးတော့ ဘာဖြစ်သေးသလဲ။

ဟု ဆိုလျှင် သကုဏ္ဍာလမင်းသမီးက ဆက်၍ ပြောသည်မှာ–

ထိုသို့ အရှင်က ရေသုံးတော်မူရန် လက်ဖြင့် ရေကို သုံ၍ ယူနေစဉ်အခါ ကျွန်မကိုယ်တိုင် သားသမီးအမှတ်ဖြင့် လက်သပ် မွေးမြူ၍ ထားသော ဒရယ်ကလေးတစ်ကောင်သည် ရေသောက်ချင်အားကြီးနှင့် အရှင်မင်းသားထံသို့ အမြန် ပြေးလာသည် မဟုတ်လား။ သည်တော့ အရှင်မင်းသားကလဲ ယဉ်ကျေးသော ဒရယ်ပျို ကလေးကို မြင်ရလျှင် စိတ်ရွှင်တော်မူလှ၍ ပထမ ရေသောက်လှည့်ပါဟု ဒရယ်ငယ်ကို ခေါ်တော်မူသည် မဟုတ်ပါလား။ ဒရယ်ပျိုကလေးကလဲ အရှင်မင်းသားကို မမြင်ဖူးသည်နှင့် ခပ်စိမ်းစိမ်းဖြစ်၍ နေသောကြောင့် ရေတတ်သော်လဲ အရှင့်လက်တွင်းက ရေကို မသောက်ဘဲ ကျွန်မလက်က ရေကိုသာ သောက်ပါသည်။ သည်တော့ အရှင်မင်းသားက အံ့သြ၍ ပြောသည်မှာ၊ သြော် ဘယ်သတ္တဝါမျိုးမဆို သူနှင့် ရင်းနှီးတဲ့ အပေါင်းအဖော်ကိုသာ ခင်မင်ကြတာချည်းပဲ။ သင်တို့မှာတော့ တောတွင်းသူ အချင်းချင်း ပေကိုး။ ဒရယ်ပျိုကလေးက တောတွင်းသူကလေးကို ချစ်ခင်ပေမှာပ။ ဒါကြောင့် 'အသွင်မတူ အိမ်သူမဖြစ်၊ အသွင်တူလို့ အိမ်သူဖြစ်' ဆိုကြတာပဲဟု အရှင်မင်းသား မိန့်ကြားတော်မူသည် မဟုတ်ပါလား။ စဉ်းစားတော်မူစမ်းပါ။

ဟု ဆိုသောအခါ ဒုဿန္တမင်းသားက မိမိပြောဆိုခဲ့ဖူးသောကြောင့် ခပ်ရှောင်ရှောင် ညာပြီးလျှင်–

အဲ ဒါမျိုးပဲ။ မိန်းမတို့ စကားတတ်တာ။ ယခုလို သာယာနာပျော်ဖွယ်ရှိတဲ့ နှုတ်စကားများနှင့် မုသားကို ပျားရည်ဆမ်းပြီး ကျွေးတတ်ကြတာကြောင့် ယောကျာ်းဆိုတဲ့ လူ့ငနွားတွေမှာ မိန်းမသွေးဆောင်ရာ မှန်လှပါဘုရားဟု ဆို၍ ပါနေကြတာကိုး။

ဟု ခပ်ညာညာ ပြောလေ၏။

ဂေါတမီက ကြားဝင်၍ပြောသည်မှာ–

သူတော်ကောင်း နားမချမ်း ဟအောင် ကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကွင်းပြီး သက်သာ နာပျော်ဖွယ် ရှိသော စကားကိုသာ ပြောကြားတော်မူပါ အရှင်မင်းသား။ ကျွန်မ၏ သမီးဖြစ်သူ သကုဏ္ဍာလ မင်းသမီးမှာတော့ ငယ်ငယ်ကလေးကစ၍ သူတော်ကောင်းတို့ တရားကျင့်ရာဌာနဖြစ်သော တောရ သခ်မ်း

WWW.DHAMMARANSI.COM



ကျောင်းမှာသာ ကြီးပြင်း၍ လာသောကြောင့် မဟုတ် မတရားသော စကားကို ပြောကြားဖို့နှင့် မဟုတ်မမှန်သော အပြုအမူများကို ပြုကျင့်ရန် အရေးမှာတော့ အလွန်ပင် ဝေးလှပါသည်။ မဟုတ်မမှန်သည့် အချက်ကိုတော့ အိပ်မက်ထဲ တွင်မှ မကြား မမြင်ဖူးရှာပါဘူး။

ဟူ၍ပြောဆို၏။ ထိုအခါ ဒုဿီလ မင်းသားက–

ကျွန်ုပ်ကလဲ တော်မှန်ဖြောင့်သား တရားနှင့် သင့်လျော်သော စကားကိုသာ ပြောကြားပါမည်။ နားစိုက်တော်မူပါ။ (အမိချင်းမစာ နမ ချင်းမစာ ပြောတာလဲ မဟုတ်ပါဘူး) မိန်းမဆိုတဲ့ အမျိုးဟာ ယောကျ်ားတို့နှင့် အနည်းငယ်မျှ သဘောထားချင်း မတူကြပါ။

မိန်းမတို့မှာတော့ ပဋိသန္ဓေတည်နေကတည်းက ပကတိအားဖြင့် မသင်မပြရဘဲလျက် မာယာလေးဆယ် ပရိယာယ်တစ်သိန်း အပလိမ်း အနန္တ တို့ကို တတ်မြောက်ကြလေသည်။ မိန်းမဖြစ်လာမှဖြင့် ရတ်တရက် ဖြတ်ထိုးဉာဏ်များလား များရဲ့၊ ပရိယာယ်မာယာ ထူးလားထူးရဲ့၊ ကောက်ကျစ် စဉ်းလဲပြီး အနည်းနည်း ပွေတတ်လား၊ ပွေတတ်ကဲ့၊ ကိလေသာ ရမ္မက်နှောက်မှဖြင့် အရှက်အကြောက်ကင်းပြီး အတင်း စွပ်စွဲတတ်လား စွပ်စွဲတတ်ကဲ့။ တကယ်လို့သာ သင်ပြမဲ့သူများ ရှိမယ်ဆိုမှဖြင့် ယခုလို အပလီဉာဏ် အမူဉာဏ်အရာမှာ ဝိဇ္ဇာဓိုရ်မကြီးတွေ ဖြစ်ကုန်မှာပါပဲ။ ယခုလဲပဲ သူ့နဂို မိန်းမဇာတိကိုက ပရိယာယ်များနေရာ အဖော်ပါလာတဲ့ သူ့မိတ်ဆွေတွေက သင်ပြ မြှောက်ပင့်နေတာကြောင့် သူပြောချင်ရာကို ပြောပြီး အလေနတော စွပ်စွဲနေတာပါပဲ။ ယခု စွပ်စွဲတာ ဥပမာ ဘာနှင့် တူနေသလဲဆိုတော့ ပရပုဋ္ဌကောလိက မည်သော ဥဩငှက်မသည် သူ့ဥထားတဲ့ ဥများကို အခြားသွေးမတော်စပ်သော ငှက်တို့ကို သားပေါက်အောင် အဖောက်ခိုင်းပြီးနောက် ကြီးပြင်း သည့်တိုင်အောင် အမွေးအမြူ ခိုင်းဘိသကဲ့သို့ ယခု သူငယ်မကလေးလဲ သူ့ဘာသာအတိုင်း ရရှိ စွဲတည်၍လာသော ပဋိသန္ဓေကို တစ်စုံတစ်ရာ ဘာမျှ သွေးမစပ်သော ကျွန်ုပ်အား ဖခင်အဖြစ်နှင့် လုပ်ကျွေး မွေးမြူစေရန် ကြံစည်တဲ့ အမူအရာပါပဲ။

ဟူ၍ ပြန်ပြောလေ၏။ ထိုအခါ သကုဏ္ဍလမင်းသမီးက မခံချင်လှသည်နှင့်

အို အရှက်အကြောက်မရှိ၊ ဟီရိဩတ္တပ္ပ ကွာရှင်း ဂုဏ်သရေကင်းသော ဒုဿီလ မင်းသား၊ သင်မင်းသားသည် တစ်ကမ္ဘာလုံးကို အုပ်ခြုံ၍အာဏာဂုဏ် ကျယ်ပြန့်သလောက် သင်မင်းသား၏ မကောင်း ယုတ်မာ ဆိုးဝါးညစ်ညမ်းစွာသော စိတ်တို့သည် ကျယ်ဝန်းပါပေသည်။

အပြင်က နီရဲ၊ အထဲက ပုပ်၍နေသော ကျီးအာသီးပမာ မင်းမြောက်တန်ဆာများကို ဆင်ယင်၍ အပြင်ကတော့ အမြင်လှ၍ ဓာတ်မသိသောသူများကဖြင့် သမာဓိ တည်ကြည်စွာနှင့် အလွန်တရာ ဖြောင့်မတ်တဲ့ သူတော်ကောင်း မင်းမြတ်ကြီးလို့ မှတ်ထင်ကြမှာပါပဲ၊ သို့ပေမယ့် အတွင်းက သဘောဆိုး၍ မရိုး မယုတ်မာ ရွံ့စရာ ကောင်းတဲ့ စိတ်သဘောတွေမှာဖြင့် အရှင်မင်းသားနှင့် နှိုင်းယှဉ်စရာ မရှိ၍ အရှင်မင်းသားလိုလူ ဤဇမ္ဗူမှာ တစ်ဆူတည်းသာရှိသည်ဟု ဆိုထိုက်ပါသည်။ ဥပမာ အတွင်းကတော့ မခံမရပ်နိုင်အောင် ပုပ်လှောင်၍နေသော ရေတို့ဖြင့် ပြည့်၍ အပေါ်ယံကတော့ ခတောက်တင်းရန် သင်းပျံ့လှဆန်း ရေကြာပန်း အမျိုးမျိုးတို့ဖြင့် ဖုံးလွှမ်း၍ ရှုဖွယ်ဘနန်း အဆန်းတကြယ် ဗန်းကောင်းတဲ့ ရေတွင်းပုပ်ကြီးလိုပါပဲ။ အပေါ်ယံ ဗန်းလှ၍ အတွင်းက ပုပ်သိုးသော ဒုဿီလ မင်းသားပုပ်ကြီးရဲ့။

ဟူ၍ ပြောဆို မြည်တွန်လေ၏။

WWW.DHAMMARANSI.COM



ထို့နောက် ဒုသျှန္တမင်းသားသည် **သကုန္တလာ** မင်းသမီးကို စင်စစ်ပင် ချစ်ခင်ပါ**သော်လည်း** စွဲကပ်၍ တည်နေသော ပဋိသန္ဓေသည် အခြား**သူ**တစ်ပါးနှင့် ရသော ပဋိသန္ဓေဟု အထင်များသည်နှင့် အစဉ်းစား ခက်လှသောကြောင့် တစ်ကိုယ်တည်း ပြောဆို ညည်းညူသည်မှာ–

ဩော်– တောတွင်းမှာ ကြီးပွားပြီး အကြားအမြင် လဲ မများရှာသောကြောင့် အမျက်ဒေါသပွား များတိုင်း အစဉ်းအစားမရှိ။ အကြောင်းအကျိုး မညီညွတ်။ မိန်းမတို့ဉာဏ်ကလေးနှင့် ပြောမိ ပြောရာ ဒေါသရှေ့ဆောင်တိုင်း ပြောနေရှာတာ ပဲ။ သူ့မျက်နှာကို အကဲခတ်ရတာဖြင့် တယ်ပြီး တော့ ဒေါသကြီးပုံ ပေါ်နေတာပဲ။ ယခင်ကာလ ဒေါသ မထမီအခါ အလွန်တရာ လှပ၍ သမင် ပျိုမ၏ မျက်လုံးနှင့်တူသော မျက်စိများသည် ဒေါသ၏ အစွမ်းအားဖြင့် ပြူး၍ ဘီလူးမမျက်စိ ပမာ လွန်စွာ ကြောက်မက်ဖွယ်ကြီး ဖြစ်နေပါ ပေါ့ကလား။ ယခင်ကာလက နူးညံ့ သိမ်မွေ့စွာ ပြောဆိုသဖြင့် ချိုချိုသာသာ နှစ်သက်ဖွယ်ရာ ကောင်းသော စကားသံများသည် ဒေါသအစွမ်း အားကြောင့် နားမခံသာအောင် ကြမ်းတမ်းစွာ ဖြစ်နေပါကလား။ ရှေးက ချောမော ပြေပြစ်စွာ ပြောဆိုတတ်သောသူ ဖြစ်ရှာသော်လည်း ယခု အခါ မပီကလာ ပီကလာနှင့် စကားအက္ခရာ တိုင်း ထစ်ထစ်နေရှာလေပြီ။

ဟဿပါဒအသွေး နီထွေးသော နှုတ်ခမ်းများ ကလဲ ဆီးနှင်းတဖြောက်ဖြောက် ကျနေစဉ် အခါ ကျီးအာသီးမှည့်၏ တုန်လှုပ်ခြင်းကဲ့သို့ ဒေါသအစွမ်း ထိခတ်သဖြင့် တဆတ်ဆတ်တုန် လှုပ် ရှာလေသည်။ သူ၏ မျက်ခုံးများသည် ပကတိ သဘောအားဖြင့် ညီညီညာညာနှင့် ကော့ရရှော့ရှိသော်လဲ ဒေါ**သစွမ်းထုတ်**၍ မျက် မှောင် ခပ်ကုပ်ကုပ်နေသော**ကြောင့် မညီမညွတ်** ဘဲ ကုပ်၍ ကွေးညွတ်နေရှာလေ၏။ မူလပထမ တွေ့စဉ်အခါတုန်းကတော့ သူ၏ ပုံဟန် အမူ အရာများနှင့် သူပြောသော စကားသံချိုများသည် ငါ၏စိတ်ကို မပါပါအောင် သွေးဆောင် ဖျား ယောင်းသော်လဲ ယခုအခါ သူ၏ အမူအရာ နှင့် သူပြောစကားများကို မြင်တွေ့ ကြားသိရ သည်နှင့် ငါ့ကိုယ်ကို စူးဝင်အောင် ပစ်၍ထား သော မေတ္တာမြားများသည် ယခု သူထွက်သော ဒေါသအစွမ်းအားကြောင့် အလုံးစုံ ပျက်ပြား ပြုန်းတီး၍ ကုန်တော့တာပဲ။

ဩော်– လောကမှာ ဒေါသဆိုတဲ့တရားဟာ လွန်စွာ ဆိုးဝါးပါကလားနော်။ အလွန်တရာ အရုပ်အဆင်းလှတဲ့ သူကိုလဲ အရုပ်ဆိုးသွား အောင် ပြုလုပ်တတ်လား၊ ပြုလုပ်တတ်ကဲ့။ ချိုချိုသာသာ နူးနူးညံ့ညံ့ပြောတတ်သော သူများ ကိုလည်း စကား ကြမ်းတမ်း နှုတ်သရမ်းအောင် ပြုတတ်လား ပြုတတ်ကဲ့။ မေတ္တာရှိပြီးသား ကိုပင် မေတ္တာပျက်ပြားအောင် ပြုလုပ်တတ်လား ပြုလုပ်တတ်ကဲ့။ သို့အတွက်ကြောင့် သူတော် ကောင်းအများတို့က ဒေါသတရားကို အပြစ်မြင် ကြတာပေကိုး။ တကယ်လို့သာ သူက အခြား လူများနှင့် ချစ်ခင်နှစ်သက်ခြင်း မရှိသေးဘဲ ပကတိ နဂိုသဘောအတိုင်း စင်စင်ကြယ်ကြယ် ရှိသေးတာ ဖြစ်ခဲ့လျှင် ငါလဲပဲ သူဆွဲငင်ရာသို့ လိုက်ပါဦးမှာပဲ။ ယခုအခါမှာတော့ စိတ် မသဒ္ဒါ စရာကောင်းသော ပဋိသန္ဓေကြီး ရှိနေတော့ ဘယ်မှာ ငါသိမ်းပိုက်နိုင်ပါမလဲ။

ဟူ၍ တိုးတိုးသာသာ ညည်းတွားပြီးလျှင် အသံကျယ် စွာနှင့် အမိန့်ရှိပြန်သည်မှာ

အို တောတွင်းသူ စိတ်ဆင်းရဲမကလေး၊ ကျွန်ုပ် (ဒုသျှန္တမင်းသား)၏ စိတ်သဘောကိုတော့ ဖွင့် မပြောဘဲနှင့် လူတိုင်း သိကြပါသည်။ မိန်းမ ကလေး သဘောကိုတော့ အပြောအဆို ကြမ်း တမ်းပုံနှင့်ပဲ 'အပွေးမြင်အပင်သိ၊ အသွေးမြင် အသွင်သိ'ဆိုတာလို ဘယ်လို မိန်းကလေးဟု

WWW.DHAMMARANSI.COM



သိနိုင်ကြလေပြီ။ ဘယ်လိုပင် ပြောသော်လဲ လူသဘောကိုတော့ အကဲခတ်မိကြတာချည်း ပါပဲ။ ပြောဖန်များတော့ စကားထဲက ဇာတိပြ ဆိုတာလို မင်းပြောတဲ့ စကားကပင် မင့်ဇာတိကို ပြနေပကော။

ဟု သကုဏ္ဍလမင်းသမီးကို ခပ်နှိပ်နှိပ် ပြောသည်တွင် သကုဏ္ဍလမင်းသမီးသည် ဒုဿန္တမင်းသားအား အောက်ကြို့၍ ပြောပြန်သည်မှာ–

ဤလောကမှာ ရာဇာသနင်း ပြည့်ရှင်မင်း ဆိုတော့ အကြွင်းမဲ့ အားထား၍ လူတိုင်းလိုပင် ယုံကြည် အားကိုးကြရပါသည်။ အရှင်မင်းသား သည် ဂုဏ်သိမ်ဒြပ်နှင့် ပြည့်စုံတော်မူသည့် အတိုင်း အစစအရာရာကို ကောင်းမွန်စွာ နား လည် သိရှိတော်မူပြီးသော မင်းသားပညာရှိ ကြီးလဲ ဖြစ်ပါသည်။ ဘုရားကျွန်မတို့ မိန်းမသား ဆိုတော့ ဘယ်လိုပင် စိတ်သဘော ကောင်း ကောင်း၊ ဘယ်လိုပင် ဂုဏ်ဒြပ်ရှိရှိ အရာရာမှာ တတ်သိ လိမ္မာပြီးသားချည်း ဖြစ်သည် ဟူ၍ မဆိုထိုက်ပါ။ မိန်းမဆိုသည်မှာ ယောကျ်ား တို့ကဲ့သို့ သဘောမကြီးသောကြောင့် အရာရာ တိုင်းမှာ လိုလေသေးချည်းသာ ဖြစ်ပါသည်။ အခြားမိန်းမများထက် ဘုရားကျွန်မမှာ သာ ၍ပင် မတတ်ကျွမ်း၊ မသိမလိမ္မာသော အချက် တွေ များပါလိမ့်မည်။ အကြောင်းကို ဆိုသော် ဘုရားကျွန်မမှာ လူသူမနီးသော တောထဲမှာ ကြီးပွားလာရသောကြောင့် လူတို့၏ အရိပ်အကဲ ကို များများကြီး နားလည်လိမ္မာသည် မဟုတ် ပါ။ တောအလိုက် တောဘာသာနှင့်သာ မယဉ် ကျေးသော စကားဖြင့် ပြောကြားတတ်ပါသည်။ ယခုတစ်ခါတစ်ခေါက်မျှသာ ထီးနန်းအတွင်း သို့ ပေါက်ရောက်ဖူးပါသောကြောင့် ထီးနန်း အမှုအရာတို့နှင့် သာ၍ပင် ကွာလှမ်း၍ ရိုင်းစိုင်း လှပါသည်။ ဤထီးနန်းအတွင်းသို့ အရိုင်းအစိုင်း တောသူမကလေး ရောက်လာပြန်တော့လဲ အား ကိုး တစ်ခုပြုလုပ်၍လာသော ကိုယ်ချစ်ခင် တဲ့ ဘုရင်မင်းမြတ်က ညှဉ်းပန်း နှိပ်စက် စိတ် ပျက် ငြိုငြင်အောင် ပြောဆို ဖိစီးခြင်းကြောင့် ဘုရားကျွန်မမှာ ဒေါသမထွက်ဖူးပါပဲနှင့် ဒေါသ စွမ်းများကို ပြရပါသည်။ ထိုကဲ့သို့ ဒေါသအစွမ်း ထွက်မိသည်မှာ ဘုရားကျွန်မ၏ အပြစ် မဟုတ် ပါ။ ဒေါသထွက်အောင် ပြုလုပ်သောသူ၏ အပြစ် တာဝန် ဖြစ်ပါသည်။ ဘုရားကျွန်မတို့ မိန်းမသားဆိုတာ အခြားနေရာမှာ ဒေါသထွက် သောထက် လင်၏အတွက် သာ၍ ကဲလွန် ပိုမိုကာ အမျက်ဒေါသ ထွက်လေ့ရှိကြောင်းကို အရှင်မင်းသားလဲ သိတော်မူပြီး အတိုင်းပင် ဖြစ်ပါသည်။ လင်သား၏အတွက် အမျက် ဒေါသ ဖြစ်ပွားရပြီဆိုမှဖြင့် ယမ်းတိုက်ကြီး ထဲမှာ မီးခဲ ကျလေသကဲ့သို့ ဆီးမရ တားမနိုင် ယိမ်းယိုင် တိမ်းပါး မကြားမမြင် ဘီလူးမအသွင် ကဲ့သို့ ဖြစ်ချင်တိုင်း ဖြစ်လေ့ ရှိပါသည်။ ဤ အကြောင်းများကို ထောက်စာတော်မူ၍ ဘုရား ကျွန်မ၏ ဒေါသ အမျက်များကိုလည်း သည်းခံ နိုင်သမျှ သည်းခံတော်မူသင့်ပါကြောင်း၊ ဘုရား ကျွန်မသည် ဝေးလှစွာသော တောကြီးတောင် ကြီး အတွင်းမှ အဆင်းရဲကို မတွက်၊ ချစ်သူကို ငဲ့ကွက်၍ ထွက်လာခဲ့ရာ အချိန်ကောင်းစွာတွင် ပင်လျှင် ဤရွှေနန်းတော်ကြီးသို့ ဆိုက်ရောက်၍ အချိန်ကောင်းကောင်းမှာပင် အရှင်မင်းသား၏ ကောင်းမွန်စွာ လက်ခံခြင်းများကို ခံရသည့် အတွက် တစ်သက်တွင် မမေ့နိုင်စရာ လွန်စွာ ကျေးဇူးတင်လှပါသည်။ အရှင်မင်းသား၏ စကားပြောဆိုပုံများကတော့ ဘုရားကျွန်မကို တိုက်ခိုက်ဖျက်ဆီးရန် ကြီးစွာသော လက်နက် ဆိုးကြီးကို သိုဝှက် မြှုပ်နှံ၍ ထားလေသည်။ 'အပြောကတော့ သကာပျား၊ သဘောကတော့ တမာအခါး'ဆိုသလို ဖြစ်နေပါပြီ။

ဟူ၍ ပြန်ပြောလေသတည်း။

WWW.DHAMMARANSI.COM



ထိုကဲ့သို့ ဒုသျှန္တမင်းသားနှင့် သကုန္တလာမင်းသမီးတို့ အတုံ့အပြန် ပြောဆိုပြီးနောက် သံဂါရဝက ထ၍ ပြောသည်မှာ–

ရေမြေကို ပိုင်သသော နရသနင်းဘုရင်မင်းကြီးတစ်ယောက် ပြုလုပ်နေပါလျက် ယခုကဲ့သို့ မခိုင်မမြဲ စိတ်သဘော ပြောင်းလွဲအောင် ပြုလုပ်နိုင်သည်မှာ လွန်စွာ မခံနိုင်ဖွယ်ရာ ရှိတာပါပဲ။ အို မင်းမြတ်၊ နောက်နောင် ဤကဲ့သို့ လျှို့ဝှက်ထိုက်သည့် အပြုအမူများကို မစဉ်းမစားဘဲ ပြုလုပ်တော်မမူပါနှင့်။ တစ်စုံတစ်ရာသောအမှုကို မစဉ်းမစားဘဲ ပြုလုပ်လျှင် မှားယွင်းတတ်ပါသည်။ တစ်ယောက်သော သူ၏ သဘောကို မသိသေးဘဲနှင့် မိတ်ဆွေသင်္ဂဟ ပြုလုပ်ခြင်းသည် နောက်အခါကျတော့ အချင်းချင်း ရန်သူ ဖြစ်တတ်ပါတယ်။ ကြည့်စမ်း၊ အရှင်မင်းမြတ်သည် သကုန္တလာ မင်းသမီးကလေးနှင့် တွေ့လျှင်တွေ့ချင်း တောတွင်းက မိတ်ဆွေ ဖွဲ့ခဲ့ကြတာ ယခုအခါမှာတော့ အချင်းချင်း ရန်သူကြီးတွေ ဖြစ်နေပါပကော။

ဟူ၍ ဆိုလေ၏။ ထိုအခါ ဒုသျှန္တမင်းသားက–

အို သံဂါရဝ၊ သည်မိန်းမကလေးက သိမ်မွေ့နူးညံ့စွာ ပြောတာနှင့်ပဲ ကျွန်ုပ်ကို မတော်မတရား အမှားပြုလုပ်တဲ့လူလို့ ဆိုလိုပါသလား။

ဟု ပြောရာ သံဂါရဝက–

သင်မင်းမြတ် ပြောကြားသမျှကိုတော့ ကြားရပါပြီ။ လိမ်လည်ကောက်ကျစ်ခြင်း မရှိ။ ပကတိရိုးဖြောင့်၍ မြင့်မြတ်သော သည်မိန်းကလေးပြောစကားကိုတော့ လုံးလုံး ငြင်းပယ်လေသည် မဟုတ်။ မတရား မုသားများများနှင့် ပြောဆိုနေထိုင်ကြသော မြို့သူ ရွာသားတို့၏ စကားကိုမှ အမှန်ထင်တတ်တဲ့ သဘောရှိတာကိုး။

ဟူ၍ မင်းကို ထိခိုက်၍ ပြောဆိုသည်တွင် ဒုသျှန္တမင်းသားက–

အို အကျင့်စာရိတ္တနှင့် ပြည့်စုံသော သံဂါရဝရသေ့ကြီး၊ အသင်ပြောတဲ့အတိုင်း အမှန်ကိုတော့ မလိုက်စား၊ အမှားကိုမှ နှစ်သက်သော လူတစ်ယောက် ကျွန်ုပ်ဖြစ်နေခဲ့ပါလျှင် အသင်နှင့်အတူတကွ ပါလာသော မိန်းမကလေးက ကျွန်ုပ်ကို စွဲဆိုသဖြင့် ဘာအကျိုးရှိဦးမှာလဲ။ မြင့်မြတ်၍ ဂုဏ်သရေရှိသော သည်မိန်းမကလေးသည် အသင် ထင်မှတ်သောအတိုင်း လိမ်လည်ကောက်ကျစ်သော ကျွန်ုပ်ကို ပေါင်းသင်းနေလျှင် တစ်စုံတစ်ရာ အကျိုးရှိမည် မဟုတ်ပါ။

ဟူ၍ ပြန်ပြောလေ၏။ သံဂါရဝက အမျက်ဒေါသဖြစ်ပွားသည်နှင့်

ယခုလို မတော်မတရားပြုတဲ့ ဘုရင်သည် အစဉ်သဖြင့် ဆင်းရဲရောက်ပါစေ။

ဟူ၍ ကျိန်ဆိုလေ၏။ ဒုသျှန္တမင်းက–

အို အရှင်ရသေ့က ဘယ်လိုပင် ကျိန်ဆိုသော်လဲ ကျွန်ုပ်တို့ ပုရုမင်းဆက်မှ ဆင်းသက် ပေါက်ပွားတဲ့ မင်းများဟာ ဘယ်အခါမှ ဆင်းရဲ ဒုက္ခ ရောက်ရိုးထုံးစံ မရှိပါ။

ဟူ၍ ပြန်ပြောလေ၏။

ထို့နောက် သံဂါရဝက

ကဲ–တန်ပါ။ ကျွန်ုပ်တို့ ငြင်းခုံနေသဖြင့် ဘာအကျိုးရှိဦးမှာလဲ။ အို ဘုရင်မင်းမြတ်၊ ကျွန်ုပ်တို့သည် ကျေးဇူးရှင်ဆရာ ဖြစ်တော်မူသော စန္ဒရသေ့ကြီး၏ အမိန့်စကားအတိုင်း ဤမိန်းကလေးကို နန်းတော်မှာ ချန်ထားခဲ့၍ ကျွန်ုပ်တို့ဖြင့် ဆရာအရှင်မြတ်ကြီး၏ ထံသို့ ပြန်ရတော့မှာပဲ။ အရှင်မင်းမြတ်သည် ဤမိန်းမကလေးကို သိမ်းပိုက်၍ မိဖုရားမြှောက်သည် ဖြစ်စေ၊ သို့မဟုတ် စွန့်ပစ်နှင်ထုတ်သည် ဖြစ်စေ၊ ကျွန်ုပ်တို့နှင့် ဘာတစ်စုံတစ်ရာမျှ မသက်ဆိုင်တော့ပါ။ ကျွန်ုပ်တို့တာဝန်မှာ နန်းတော်သို့ ရောက်အောင် ပို့ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ တရားအတိုင်း

WWW.DHAMMARANSI.COM



တွေးလိုက်တော့ သည်မိန်းမကလေးဟာ အရှင်မင်းမြတ်၏ မိဖုရားအမှန်ပါပဲ။ လင်၏စကားကို မယားလိုက်နာရမြဲ ဖြစ်သည့်အတိုင်း အရှင်စီမံရာ သူလိုက်နာဖို့ပါပဲ။

ဟူ၍ ဆိုပြီးလျှင် ဂေါတမီနှင့်တကွ နန်းတော်မှ ထွက်ကြလေ၏။

ထိုအခါ သကုဏ္ဍလသည် သူတစ်ယောက်တည်း ကျန်နေရစ်မည့်အတွက် လွန်စွာ စိတ်မသက်မသာ ဖြစ်လှသည်နှင့်၊

အို မယ်တော်ဂေါတမီ၊ ကျွန်မမှာ ဤသစ္စာမရှိသောသူ၏ နှိပ်စက်ခြင်းကို ခံရ၍ စိတ်ဒုက္ခ ရောက်နေရာတွင် ကျွန်မကို မညှာမတာဘဲ ခွဲခွာ စွန့်ပစ်၍ သွားကြတော့မလား။

ဟူ၍ ဆိုပြီးလျှင် ဂေါတမီနှင့် သူ၏ မိတ်ဆွေများ နောက်သို့ လိုက်လေ၏။ ဂေါတမီက နောက်သို့ပြန်လှည့်။ သကုဏ္ဍလမင်းသမီးကို ကြည့်၍ ပြောသည်မှာ–

အို ငါ့သား သံဂါရဝ၊ ကြည့်စမ်းပါ။ သမီးတော် သကုဏ္ဍလသည် မရွှင်ပျသောမျက်နှာဖြင့် ငါတို့ နောက်သို့ အတင်းပြေးပြီး လိုက်လာပါပြီတကား။ အလွန်တရာ နူးညံ့သိမ်မွေ့ သစ္စာရှိ၍ ပကတိ ရိုးသားရှာသော သကုဏ္ဍလကလေးသည် ကြမ်းတမ်းယုတ်မာ၊ သစ္စာမရှိ၊ ကတိမတည်သော ဤဒုဿန္တမင်းသားနှင့် ဘယ်လိုများ အတူနေထိုင်ဖို့ သင့်လျော်ပါမည်နည်း။ သကုဏ္ဍလမင်းသမီးကို ဆိုင်းငံ့၍ ခေါ်လိုက်ပါ။

ဟူ၍ ဆိုရာ သံဂါရဝက ကရုဏာ ဒေါသနှင့် သကုဏ္ဍလ မင်းသမီးသို့ လှည့်၍ ပြောသည်မှာ

အို– မိန်းမကလေး၊ ယခုမှ ကိုယ့်လင်၏ အကြောင်းကို မကောင်းမှန်းသိ၍ ခွဲခွာချင်သလား။ ဟိုတောဖျားမှာ တွေ့တုန်းကတော့ သင်၏ လင်ယောကျ်ားကို များစွာကြီး မေတ္တာဝင်၍ ရိုးဖြောင့်တဲ့ လူကြီးလို့ ထင်လိုက်မှာပလေ။ အမှန်ပြောရမှာဖြင့် ယောကျ်ားဆိုတဲ့ လူမျိုးဟာ မိန်းမက မျက်နှာသာမပေး၊ အရေးမပြု၊ ဂရုမထား ဣန္ဒြေများများကြီးနှင့် နေလိုက်မှဖြင့် ဘယ်တော့မှ စတင်၍ အကျွမ်းတဝင်ဖြစ်အောင် လုပ်နိုင်ကြတာမျိုး မဟုတ်ဘူး။ အစာငတ်နေတဲ့ နွားကို မြက်နှင့် ပြပြီး ချော့မော့တာလို၊ လောကမှာ မိန်းမဖြစ်သူက မျက်နှာချိုသွေးပြီး အရေးလုပ်မှဖြင့် ယောကျ်ားဆိုတဲ့ လူမျိုးဟာ ဘယ်မှာ အရောတဝင် ဖြစ်အောင် မလုပ်ဘဲ နေပါအံ့နည်း။ ယခု ဒုဿန္တမင်းဟာ သင်ပြောတဲ့ အတိုင်းသာ သင့်ယောကျ်ား မှန်ပါလျှင် မုချ သင်က မျက်နှာချိုသွေးတာကြောင့် ဖြစ်မှာပဲ။ မိန်းမဆိုတဲ့လူမျိုးဟာ သည်လို ယောကျ်ားကလေး မြင်မှဖြင့် ဆင်ခြင်ခြင်းမရှိ၊ ထင်မိထင်ရာ အဟုတ်ကြီးထင်ပြီး မျက်နှာထားပုံက ယောကျ်ားကို မြူသလိုလို၊ မျက်စိကြည့်ပုံက ယောကျ်ား၏စိတ်ကို ဆွသလိုလို လုပ်ကရော။ သည်တော့ ယောကျ်ားများကလဲ အကဲကို ခတ်မိတာနှင့် သည်မိန်းမကလေးဖြင့် ငါတို့နှပ်တိုင်း အမှန်ရမှာပဲဟု အတတ်တွေးပြီး ချစ်ပါသလေး၊ ကြိုက်ပါသလေး၊ မင့်လောက် ချစ်တဲ့ မိန်းမကို လောကမှာ မတွေ့ဖူးပါဘူးလေး၊ မင်းက လွဲမှဖြင့် နတ်သမီးပဲ ဖြစ်ဖြစ် မလိုချင်ပါဘူးလေးနှင့် ညာလိုင်းပြီး လေများတိုင်း ပြောကြားရော။ သည်တော့ စိတ်သဘောတိမ်တဲ့ မိန်းမတွေက အဟုတ်ကြီး ယုံပြီး အမှန် ငါ့ကို ချစ်ရှာတာပဲဟု ကရုဏာသက်ပြီး အားနာရော။ 'အားနာလျှင် အားပါတတ်သည်' ဆိုတဲ့အတိုင်း အားနာခြင်းက အရင်း စပြီး ယောကျ်ားဘက်သို့ တစ်ကိုယ်လုံး ပါသွားတာပဲ။ ပါသွားပြီးမှတော့ ဆုတ်ခွာလို့ရတာမျိုး မဟုတ်တာကြောင့် တစ်ခါတစ်ခါ အသာမျိုသိပ်ပြီး ကြိတ်ခံနေရလား နေရတတ်ကဲ့။ တစ်ရံတစ်ခါ အရှက်ကွဲတတ်လား ကွဲတတ်ကဲ့။ အဲသည်လို ဖြစ်တဲ့ အရေးတွေဟာ ငါ့အတွေး ပြောရမှာဖြင့် မိန်းမကလေးက စလို့

WWW.DHAMMARANSI.COM



ဖြစ်တာပဲဟု ငါထင်တယ်။ သူများကို သက်သေ ထုတ်ပြစရာ မလိုပါဘူး။ မင့်ကိုယ်တိုင် ဒိဋ္ဌ တွေ့နေပြီမဟုတ်လား။ ယခုမှ တယ်ပြီး ပူပင် ရက်ကြောက်မနေနှင့်တော့။ 'ကိုယ့်အတတ်နှင့် ကိုယ့်ကိုစူး၊ နုတ်လို့ ရနိုင်ဘူး' ဆိုတာလို မင်း အတတ်နှင့် မင့်ကို စူးနေတာပဲ၊ ငါတို့လဲ ဝင်၍မကယ်နိုင်။

ဟူ၍ 'ဆန်ရင်းနာနာဖွပ်'ဆိုသလို ကိုယ့်ဘက်သား ဖြစ်သော သကုဏ္ဏလမင်းသမီးကို ဖိနှိပ်၍ ပြောရာ သကုဏ္ဏလမင်းသမီးသည် ဤကဲ့သို့ ပြောဆိုခြင်းကို တစ်ဘဝတွင် တစ်ရံတစ်ခါမှ မခံရဖူးသည်နှင့် အထူး ကြောက်ရွံ့လှသဖြင့် ကြက်သီးတဖြန်းဖြန်း ထ၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လှုပ်လေ၏။ ထို့နောက် သကုဏ္ဏလမင်းသမီးသည် တစ်ကိုယ်တည်း ပြောဆို ညည်းညူသည်မှာ

ဩော် ယခုအခါမှာတော့ ငါက အရေးရှုံးနိမ့်၍ နေတဲ့အခါ ဖြစ်လေတော့၊ ဘယ်သူက လာ၍ ဘယ်လိုပင် ပြောပြော သဘော ငြိမ်သက်စွာနှင့် တုံ့ပြန်ခြင်းမပြုနိုင်ဘဲ ငုံ့၍ ခံနေရန်သာ ရှိတော့သည်။ ဤကဲ့သို့ချည်းလဲ ဆင်းရဲ ဒုက္ခ ရောက်နေမည်မဟုတ်ပါ။ ငါ၏အကြောင်းကို သမ္မာဒေဝ နတ်များအပေါင်းလဲ သိမှာပါပဲ။ 'လူမစွမ်း နတ်မ' ဆိုတာလို ရှင်သိကြားနှင့် နတ်များဒေဝါ တို့က အသာကြည့်၍ နေကြမည် မဟုတ်ပါ။ တစ်ခါခါတော့ ငါ့ကို ကယ်မပါလိမ့်ဦးမည်။ 'ပတ္တမြားစစ်တော့ ညွံမှာနစ်သော်လည်း မနစ် ပါဘူး' ကံကြမ္မာ မကောင်းတဲ့အခါမှာတော့ အရာရာမှာ ချော်လွဲကုန်တာချည်းပဲ။ စန်းလဂ် ဂြိုဟ်စီး အပုံကြီး နိမ့်မှုဖြင့် မကောင်းတဲ့အရာ တွေဟာ ဆက်ကာဆက်ကာ ဖိစီးကြတော့တာ ပဲ။ ယခုဖြစ်နေပုံများကို ခမည်းတော် ဘုရားကြီး သိမြင်တော်မူပါလျှင် လွန်စွာ စိတ် ညှိုးနွမ်း၍ မချမ်းမသာ ဖြစ်တော်မူရှာလိမ့်မည်။

ဟူ၍ စိတ် လက်မကြည်သာတိုင်း ကိုယ့်အကြောင်းကို တွေး၍ ငိုကြွေးရှာလေ၏။

## သေးချိုး ငိုချင်း

အကြောင်းမသင့်လေတော့ ကောင်းခွင့်နှင့် မ တိုက်ဆိုင်။ ကံကြမ္မာဂြိုဟ် အဆိုးတွေကြောင့် ညှိုးလို့ ခွေယိုင်။ တလှိုင်လှိုင် ထိုင်မှိုင်လို့ငိုကြွေး၊ ခမည်းတော် တောရပ်ကယ် ဂနိုင်ပေါ်က မြင်ရှာသော် အပူငြိုရှာ လိမ့်။ ထားတင်မှာ အားအင်ဖြင့်ရှိပြဲဘု (ဖခင်ဘုရား) နွမ်းရိပူဆွေး။

ထို့နောက် သံဂါရဝက ပြောသည်မှာ

အို မိဖုရားသကုဏ္ဏလ၊ သင့်အဖြစ်အပျက်ကို သင်သိပါလော။ ဒုသျှန္တဘုရင် ပြောဆိုသော အတိုင်းသာ သင်ဟုတ်မှန်ခဲ့ပါလျှင် တစ်စုံ တစ်ရာမှ ညည်းညူဖို့ အကြောင်း မရှိချေ။ သို့ရာတွင် သင့်ကိုယ်ကို သင့်ကိုယ်တိုင်က ကောင်းမွန်သည် ဟူ၍ သိခဲ့သော် ဘာမျှ ပူပင် ကြောင့်ကြစရာမရှိ။ မိမိအရှင်သခင်၏နန်းတော် မှာသာ နေထိုက်လေသည်။ သို့အတွက် ဟုတ်မှန် သောအတိုင်း ဖွင့်၍ ပြောကြားပါ။ ကျွန်ုပ်တို့ လည်း အရှင်စန္ဒရသေ့ကြီးအထံသို့ ပြန်သွားရန် အမြန်အရေးကြီး၍ နေသည်။

ဟူ၍ ဆိုလေ၏။ ဒုသျှန္တမင်းသားက လှမ်း၍ ပြောသည်မှာ

အို ရှင်ရသေ့များက သည်မိန်းမကလေးကို ဘာကြောင့်မြှောက်ပင့်၍ လိမ်လည်စေချင်ကြပါ သနည်း။ စန္ဒာရွှေလမင်းသည် ညဥ့်အချိန်မှာ သာ ပွင့်တတ်သော ကုမုန္ဒြာကြာဖြူပန်းကိုသာ ပွင့်လန်းစေနိုင်ပါသည်။ ပဒုမ္မာကြာနီပန်းကို တော့ ပွင့်စေနိုင်သည် မဟုတ်ပါ။ သူရိန္ဒာနေမင်း သည် နေ့ဥ့်ပွင့်သော ပဒုမ္မာကြာပန်းကိုသာ ပွင့်လန်းစေနိုင်ပါသည်။ ကုမုန္ဒြာ ကြာဖြူပန်းကို တော့ မပွင့်လန်းစေနိုင်ပါ။ ဤလောကမှာ အရာရာတိုင်း၌ပင် ကိုယ်ဆိုင်ရာဆိုင်ရာ ရှိနေကြ

WWW.DHAMMARANSI.COM



ပါသည်။ သို့အတွက် အကျင့်သိက္ခာ၊သမာစာရ တရားဓမ္မကိုသာ ဂရုထား၍ နေသော ရှင်ရသေ့များက သူတစ်ပါး၏ မယားဖြစ်သော ဤမိန်းမကလေးကို ဘာကြောင့် ဝင်ရောက် မြှောက်ပင့်၍ ပေးချင်ကြပါသနည်း။

ဟူ၍ ဆိုလေ၏။ ထိုအခါ သံဃရာဇက ပြန်လှန်၍ ပြောဆိုသည်မှာ

အရှင်မင်းမြတ်သည် သစ္စာဓမ္မနှင့် ပြည့်စုံ ထိုက်သော ဘုရင်အဖြစ်ကို သိမ်းပိုက်ထားသူ တစ်ဦး ဖြစ်ပါလျက်နှင့် ကိုယ့်မယားအမှန်ကို ရက်ရက်စက်စက်စွန့်ပစ်လိုက်ခြင်း၏ အပြစ်ကို မကြောက်ပါသလော။ သူတစ်ပါးကို မတော်မတရား နှိပ်စက်သောသူသည် ကြီးလေးသော ဘေးအပြစ်နှင့် တွေ့ကြုံရတတ်သည်ဆိုသော စကားကို မကြားဖူးသလော။ ယခုအခါမှ ထီးနန်းစည်းစိမ်မူးယစ်၍ တောသူမကလေးကို အဖက်မတန်ဟု ဂုဏ်မာန်မြင့်တော်မူသလော။ သို့တည်းမဟုတ် တိုင်းသူပြည်သား လူအများတို့က ကဲ့ရဲ့မည် အရေးကို တွေး၍ ကြောက်ရွံ့သဖြင့် ယခုလို မသိချင်ဟန်ဆောင်၍ နေသလော။

ဟူ၍ ဆိုလေ၏။

ထိုစကားကိုကြားရာ ဒသျှန္တ မင်းသားသည် သူကိုးကွယ်ထားသော နန်းတွင်းဆရာတော်ဘုရားဆီသို့ မျက်နှာလှည့်ပြီးလျှင်

ကျွန်ုပ်ဖြင့် ဤမိန်းမကလေးနှင့် ချစ်ကြိုက်ခဲ့ဖူးသည်များကို စဉ်းစား၍ မရနိုင်ဘဲ ရှိပါသည်။ ကျွန်ုပ်၏ ဆရာရင်း ဖြစ်သည့်အတိုင်း မေးမြန်းလျှောက်ထားပါရစေ။ ကိုယ်၏ သားမယားကို မတရားသဖြင့် စွန့်ပစ်ခြင်းနှင့် သူတစ်ပါး၏ သားမယားကို ကျူးလွန်သွားလာခြင်း နှစ်ပါးမှာ မည်သည့်အရာက အပြစ်ကြီးပါသနည်း။ ကျွန်ုပ်အား မှန်သောအတိုင်း ဖြေကြားတော်မူပါ။

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ နန်းတွင်းဆရာတော်က အတန်ကြာ စဉ်းစားပြီးမှ

ဒကာတော်၊ ကိုယ့်သားမယားကို မတရားသဖြင့် ရက်စက် စိမ်းကားစွာ စွန့်ပစ်ခြင်းသည်လဲ ကြီးသောအပြစ်ပင် ဖြစ်လေသည်။ အကြောင်းကို ဆိုသော် အစွန့်ပစ်ခံရသော မိန်းမမှာ ယူကြုံးမရ စိတ်ဒုက္ခရောက်၍ တစ်သက်နှင့် တစ်ဘဝ မမေ့နိုင်လောက်အောင် စိတ်နာ ပူပင်ခြင်းကို ရရှိလေ၏။ သူတစ်ပါး၏ သားမယားကို ကျူးလွန်ခြင်းမှာတော့ အထူးပြောဖွယ်ရာမရှိပါ။ ပရဒါရကံထိုက်၍ ဒုစရိုက်ကြီးသင့်လေသည် သာတည်း။ ပရဒါရကံထိုက်သော သူများကတော့ ရွှေငွေဘဏ္ဍာရတနာတို့ကို တိုက်ခိုက်ခိုးယူသော ခိုးသူ ဓားပြတို့ထက်ပင် ဆိုးဝါးကြမ်းကြုတ်၍ အလွန်ယုတ်မာသော ခိုးသူ ဓားပြကြီး အမှန်ဖြစ်လေသည်။အကြောင်းကိုဆိုသော် တစ်ဦးသော ယောကျ်ားသည် အနှစ်သက်ဆုံး အနေအားဖြင့် သိမ်းပိုက် အုပ်ထိန်း၍ ထားသော ဖောဋ္ဌဗ္ဗာရုံ အတွေ့ကြီးကို ခိုးယူသောကြောင့်ပေတည်း။

ဟူ၍ ဖြေကြားပြီးလျှင် ထပ်၍ ပြောပြန်သည်မှာ

အို မင်းမြတ်၊ ဤအပြစ်ကြီးနှစ်ပါးသို့ မထိခိုက်စေဘဲ ကြားဖြတ်၍ စီမံနိုင်ပါသည်။

ဟူ၍ ပြောကြားလေ၏။ ထိုအခါ ဒသျှန္တ မင်းသားက ဝမ်းမြောက် ရွှင်လန်းစွာနှင့်

လမ်းကောင်း လမ်းမှန်ကို ပြညွှန်တတ်ပေသော အို ဆရာမြတ်၊ အမိန့်ရှိတော်မူစမ်းပါ။ မည်သို့ စီမံပါမည်နည်း။

ဟူ၍ မေးရာ ဆရာတော်က

သည်လိုပါ။ ဤမိန်းမကလေးကို သားဖွားမြင်သည့်တိုင်အောင် ကျွန်ုပ်၏ ကျောင်းတော်၌ ထားပါမည်။

ဟူ၍ ပြောသည်တွင် ဒသျှန္တ မင်းသားက အံ့အားသင့်စွာနှင့် "ဘယ်အကြောင်းကြောင့်ပါလဲ" ဟူ၍ မေးမြန်းလေ၏။

နန်းတွင်းဆရာတော်က

WWW.DHAMMARANSI.COM



ရှေးမကြာမီကာလတွင် အရှင်မင်းမြတ်၏ဇာတာ စန်းလဂ်များကို နက္ခတ်ဗေဒင်အရာတို့၌ လွန်စွာ တတ်မြောက် တစ်ဖက်ကမ်း ရောက်ကြကုန်သော ပညာရှိများက အရှင်မင်းမြတ်မှာ သားကောင်းရတနာ ဖွားမြင်လိမ့်မည်။ ထိုသားသည် ဘုန်းပညာနှင့် ပြည့်စုံ၍ ကမ္ဘာလောကကို အုပ်ချုပ်ကြာ လွှမ်းမိုးနိုင်သော စက္ကဝတ္တိ ရာဇဂုဏ်နှင့် ပြည့်စုံလိမ့်မည်ဟူ၍ ဟောပြော တွက်ချက်၍ ထားကြပါသည်။ ယခု စန္ဒရသေ့ကြီး၏ သမီးမှ မွေးဖွားလာသော သတို့သားသည် ရှင်မင်းမြတ်၏သားတော်မှန်ပါက ဘုန်းကံထူးချွန်၍ အလွန်မြတ်သောသူဖြစ်၍ ခြေဖဝါး၌ ထူးခြားသော စက်လက္ခဏာများကို တွေ့မြင်ပါရှိပါလိမ့်မည်။ ဤကဲ့သို့ စက်လက္ခဏာများကို တွေ့မြင်ပါလျှင် ထိုမိန်းမကလေးကို အရှင့်ထံသို့ ပို့သွင်း၍ မိဖုရားခေါင်ကြီးအရာနှင့် အပ်နှင်းရန် စီမံပါမည်။ ထိုကဲ့သို့ မဟုတ်ဘဲ မွေးဖွားလာသော သတို့သားမှာ ထူးခြားသော စက်လက္ခဏာများကို မတွေ့မရှိပါလျှင် သူ၏ဖခင်ထံသို့ ပြန်၍ ပို့လိုက်ပါမည်။

ဟူ၍ ပြန်ကြားလေ၏။

ထိုစကားကို ကြားရာ ဒသျှန္တမင်းသားသည် အလွန်ပင် ရွှင်လန်းဝမ်းမြောက်လှသည်နှင့် "ဆရာတော် ကြံစည်သောအတိုင်း သဘောကျလှပါသည်။ အလိုရှိသည့်အတိုင်းပင် စီမံပါတော့"ဟူ၍ ဆိုလေ၏။

ထို့နောက် နန်းတွင်းဆရာတော်က သကုန္တလာမင်းသမီးဘက်သို့ လှည့်၍ ပြောသည်မှာ

အို ချစ်သမီး၊ သင်သည် ငါ၏နောက်သို့လိုက်ခဲ့လော့။ သင်၏ချမ်းသာခွင့်ကို အသင့်ပင် ငါကြံစည်တော့အံ့။ စိတ်ငယ်၍ မနေနှင့်။

ဟု ဆိုသောအခါ သကုန္တလာ မင်းသမီးသည် သူချစ်ခင်သောဘုရင်၏ နန်းတော်မှာလည်း မနေရ။ သူ၏ မယ်တော် ဂေါတမီတို့၏ နောက်သို့လည်း မလိုက်ရသည်နှင့် စိတ်ဒုက္ခ ပူပွေလျက် ပရိဒေဝဖိစီးသောကြောင့်

အို မဟာပထဝီမြေကြီး၊ သင်၏ရင်ခွင်ထဲမှာ ကျွန်ုပ်အတွက် လျောင်းစက်ရန်နေရာကို ပေးပါလော့။

ဟူ၍ မြေကြီးအား သေချင်သည့်အမှတ်ဖြင့် တိုင်ကြားပြီးလျှင်

သြော်– ငါ၏ ဖြစ်ပုံများနှယ် ဆန်းဆန်းကြယ်ကြယ်နှင့် ဒုက္ခရောက်ပါကလား၊ ယခုအခါ သစ္စာမဲ့သောလင်၏ အနိုပ်စက်ကိုလဲ ခံရ၊ မိတ်သင်္ဂဟတွေနှင့်လဲ ကွဲကွာ၊ တစ်ကိုယ်ရေတစ်ကာယ မသိမကျွမ်းဖူးတဲ့ဌာနမှာ အဖော်မျှ မရှိဘဲ တစ်ယောက်တည်း နေရမည့် အရာမှာ သေတာက ကောင်းပါသေးရဲ့။ ရှင်သိကြားနှင့် နတ်များဒေဝါ၊ ဒုက္ခသယ် အပူကောင်မကလေးကို ဖေးမတော်မူကြပါ။

ဟူ၍ ညည်းတွားပြီးလျှင် ငိုကြွေးမြည်တမ်းလေ၏။

## ငိုချင်းဒွေးချိုး

မကယ်နိုင် နတ်မင်းဝတီပိုင်က နေနိုင်လေခြင်း၊ ရှေးမယူ ဆွေးသူကို အပူရှင်းတဲ့အောင်၊ သေမင်းမြန်မြန်ယူမှ သည်အပူတစ်ဇာတ်သိမ်းရမယ်၊ ငြိမ်းဖို့လက်ငင်း။

ဤကဲ့သို့ ငိုကြွေးမြည်တမ်းပြီးလျှင် နန်းတွင်းဆရာတော်နောက်သို့ မလိုက်ချင် လိုက်ချင်နှင့် လိုက်သွားရရှာလေသတည်း။

ဒသျှန္တမင်းသားသည် သကုန္တလာမင်းသမီးကလေး၏ ချောမွေ့နူးညံ့သန့်ပြန့်သော ရုပ်လက္ခဏာများကို မြင်ရသည့်အတွက် အလွန်တရာ နှစ်သက်မြတ်နိုးခြင်းရှိသော်လည်း ပဋိသန္ဓေ ကိုယ်ဝန်တည်ရှိနေသည့်အတွက် သိမ်းပိုက်လိုက်ရန်လည်း ခက်ခဲလျက် ရှိနေလေ၏။ အကယ်၍ သိမ်းပိုက်၍ မိဖုရားအရာကို ပေးအပ်ထားပါလျှင် တိုင်းသူပြည်သားလူအများတို့က မင်းကြီးသည် အစဉ်းစား အဆင်ခြင်

WWW.DHAMMARANSI.COM



မရှိ၊ ရတ်တရက် တောတွင်းက လာရောက် ဆက်သလာသော မိန်းမကို သိမ်းပိုက်၍ တောင်ညာတင်သည်ဟု ပြောဆိုကဲ့ရဲ့ကြမည်ကိုလည်း ရှက်လေ၏။ အကယ်၍ မသိမ်းမပိုက်ဘဲ လုံးလုံးစွန့်ပစ်လိုက်ရမည် ဆိုလျှင်လည်း ဤကဲ့သို့မွန်မြတ်၍ နတ်နှင့်တမျှ လှပ ယဉ်ကျေးသော မိန်းမရတနာတည်းဟူသော လာဘ်ကြီးမှ လွဲချော်သွားရန်ကိုလည်း ပူပန် တွေးတောမိလေ၏။

ဤကဲ့သို့ အကြောင်းနှစ်ဖက် ရှိလေရာ မည်သည့်ဘက်ကိုမျှ ရဲရဲကြီးမလိုက်ဝံ့ဘဲ အလွန်တရာ အကြံကပ်၍နေသောကြောင့်

ဩော် ဖြစ်ရပုံနှယ်၊ တယ်ပြီး ခက်နေပါပေါ့ကလားကရို့။ လောကမှာ တိုင်းပြည်ကို အစိုးရသော ဘုရင်မင်းမြတ် ဖြစ်ရသော်လဲ ကိုယ်ထင်သလို မပြုနိုင်တဲ့ အချက်တွေလဲ ရှိပါသေးကလား။ အခြားလူများကတော့ ရှင်ဘုရင် ဖြစ်မှဖြင့် ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဘယ်တော့မှ စိတ်ဒုက္ခမရောက်နိုင်ဘူးလို့ ထင်ကြပေလိမ့်မည်။ ယခု ငါ ကြပ်နေပုံများကို သိရလျှင် ရှင်ဘုရင် များပေကယ်လို့ တကယ်ဆိုတော့ ဒုက္ခအရောက်ကြီးကလားဟူ၍ စဉ်းစားမိကြပေလိမ့်မည်။

ဩော်– လူဘောင်လောကမှာ နေကြရတဲ့ လူတွေဟာ ဘယ်လိုပင် ချမ်းသာသည် ဆိုသော်လဲ တစ်ခါတစ်ခါတော့ ယခုလို အကြပ်အတည်းများနှင့် ကြုံတွေ့ကြရမှာပဲ။

ဟူ၍ ညည်းတွားပြီးလျှင် အောက်၌ပါသော တေးထပ်ကို တစ်ကိုယ်တည်း ရွတ်ဆိုလေ၏။

## တေးထပ်

ဖြစ်ပုံကို ပြန်မဟာချင်ဘု အကြံက အိုက်စွာ၊ ဟန်မရလိုက်တာမှာ ကြိုက်ပါတယ် မှန်လျက်၊ သို့ပေမယ့် ဆောင်ကြာပျံမှာ တောင်ညာစံနှင်းဖို့ အခက်၊ တည်သန္တေ အမူပွေ သူ့အခြေ ဟန်ပျက်၊ ဥပဒေဥာဏ် မဖက်သာဟု ကံသက်သက်ဖန်လာ၊ ငြင်းပြန်လျှင် မြတ်ပုလဲရယ်နှင့် လာဘ်လွဲကြီး တွေ့ရလိမ့်မှာ၊ မျိုးသူဇ နတ်ကညာရယ် ဆတ်သဝါပုံ ကလေးရယ်ကြောင့်၊ ဘုံရဝေ နန်းမဘွေဆောင် ချမ်းမြလေအောင်၊ အလှဆုံး ခေါင်ထက် ခေါင်ရယ် နှောင်ထက်နှောင် ကြပ်တည်းလို့လေး။

ဤကဲ့သို့ ဒုသျှန္တမင်းသား ညည်းညူနေစဉ်အခါ မယ်တော်ဂေါတမီတို့နှင့် ခွဲခွာ၍ နန်းတွင်းဆရာတော်နောက်သို့ လိုက်ပါသွားသော သကုန္တလာမင်းသမီး၏ အဖြစ်အပျက်ကို တာဝတိံသာနတ်ပြည်၌ စံနေကြကုန်သော နတ်သမီးအများတို့က နတ်တို့မျက်စိဖြင့် တွေ့မြင်ကြလေသောအခါ လွန်စွာသနားကြင်နာကြသည်နှင့်

အို– အလွန်တရာ သနားဖွယ် ကောင်းနေပါပြီ။ ဖြစ်ပျက်ပုံများနှယ် တယ်ပြီး အံ့သြစရာ ကောင်းပါကလား။

ဟူ၍ ကောင်းကင်က ဟစ်အော်ကြလေ၏။ ထို့နောက် နတ်သမီးတစ်ယောက်သည် ထင်ရှားသော ကိုယ်ရောင်ကိုယ်ဝါဖြင့် ရတ်တရက် ကောင်းကင်မှ ဆင်းသက်လာပြီးလျှင် သကုန္တလာမင်းသမီးကလေးကို သူ၏ရင်ခွင်ဖြင့် ပိုက်၍ လျင်မြန်စွာ ကောင်းကင်သို့ ပြန်တက်သွားလေသတည်း။

ဒုသျှန္တမင်းသားသည် ညည်းတွားမှိုင်တွေ၍ နေစဉ်အခါ ကောင်းကင်က နတ်သမီးတို့ ဟစ်ကြွေးကြသော အသံကို ကြားရသည်နှင့် အံ့အားသင့်ပြီးလျှင် "အလို ဘာသံပါလိမ့်မလဲ"ဟု ဆို၍ ထိုအသံကိုသာ နားစိုက်၍ ထောင်နေလေ၏။

ထိုအခါ နန်းတွင်းဆရာတော်သည် ဒုသျှန္တမင်းသားထံသို့ အလျှင်တဆော ပြန်လာပြီးလျှင်

အို– ဘုရင်မင်းမြတ်၊ မကြုံစဖူးအလွန်ထူးသော အရာတစ်ခု ဖြစ်ပေါ်သည်ကို တွေ့ကြုံရပါသည်။ စန္ဒရသေ့ကြီး၏ တပည့်များ ထွက်သွားလေသည့်နောက် ကျွန်ုပ်၏နောက်သို့ လိုက်လာသော သကုန္တလာမင်းသမီးသည် သူဖြစ်ပျက်

WWW.DHAMMARANSI.COM



သော အခြင်းအရာများကို စဉ်းစားပြန်တွေး ငိုကြွေး ပူပန်၍နေစဉ်အခါ...

(ဤသို့ပြော၍ စကားမပြတ်မီ ဒုသျှန္တမင်းသား က "ခြော် သည့်ပြင် ဘာများ ဖြစ်ပါသေးသလဲ" ဟူ၍ ကြားဖြတ်လျက် မေးမြန်းလေ၏။)

နန်းတွင်းဆရာတော်က ဆက်၍ ပြောပြန်သည်မှာ

အထက်ကောင်းကင်မှ အရောင်အဝါနှင့် ပြည့်စုံသော နတ်သမီးတစ်ယောက်သည် ရုတ်တရက် အနီးအနားသို့ ကျရောက်လာ၍ သကုန္တလာ မင်းသမီးကို ရင်ခွင်ဖြင့်ပိုက်၍ ကောင်းကင်သို့ တက်သွားပြီး ခဏချင်း ပျောက်ကွယ်လေသည်။

ဟူ၍ ပြောသောအခါ ကြားသမျှသော ပရိသတ် အပေါင်းတို့သည်

ခြော် တယ်ထူးဆန်းပါကလား။

ဆို၍ များစွာ အံ့သြကြလေ၏။ ထိုအခါ ဒုသျှန္တ မင်းသားက အဖျင်းတချော် ပြောသည်မှာ

အဲ-ယခုလိုဖြစ်တာ အစက ကျွန်ုပ် ထင်တဲ့ အတိုင်းနှင့် ညီညွတ်၍ နေတာပါပဲ။ စုန်းအတတ်နှင့် ဖန်ဆင်းပြီး ကျွန်ုပ် နန်းတွင်းသို့ လာရောက်နှောင့်ယှက်သည်မှာ ယခု သည်မိန်းမကလေး အံ့သြဖွယ်ရာ ပျောက်ကွယ်သွားခြင်းအားဖြင့် ထင်ရှားတာပဲ။ ယခုဖြင့် ကျွန်ုပ်နှင့် စပ်သော အမှုကိစ္စအပြီးအငြိမ်းသို့ ရောက်တော့တာပဲ။ နောက်ထပ်ပြီး အထူးစဉ်းစားဖွယ်ရာ မရှိပါဘူး။

ဟူ၍ ဆိုရာ နန်းတွင်းဆရာတော်က

စိတ်လက်ကြည်သာစွာနှင့် ပျော်ပျော်ကြီး စံစား၍ နေတော်မူပါ။ အရှင်မင်းမြတ်သည် ဘုန်းသမ္ဘာနှင့် အသက်ရှည်ကြာစွာ တည်နေတော်မူစေသောဝ်။

ဟု ဆုတောင်းပြီးလျှင် နန်းတော်မှ ထွက်ခွာ၍ သွားလေ၏။ ထို့နောက် ဒုသျှန္တမင်းသားလည်း များစွာ စိတ်လက် မကြည်မသာသည်နှင့် တံခါးမှူး အဘိုးအိုကြီးကို ခေါ်ပြီးလျှင်

ဘိုးဘိုး၊ ကျွန်ုပ်၏စိတ်များသည် ဘာကို ပူပန်ရမှန်း မသိ၊ ဘာကြောင့် ညှိုးနွမ်းသည်ဟု မသိရ၊ တညီတည်ငြိမ်ငြိမ်နှင့် ချမ်းသာခွင့်ကို မရဘဲ စိတ်ထဲတွင် နှောက်ယှက်၍ မနေတတ် မထိုင်တတ်အောင် ဖြစ်၍ နေပါသည်။ ယခုအခါ တစ်ကိုယ်တည်း ဆိတ်ငြိမ်စွာ နေလိုသောကြောင့် လူသူ ပရိသတ်တို့နှင့် မဆက်ဆံဘဲ စိမ်းလန်းသာယာ စိတ်ကြည်နူးဖွယ်ရာရှိသော အရပ်ကို လမ်းညွှန်စမ်းပါ။

ဟု အမိန့်ရှိသောအခါ တံခါးမှူးအဘိုးကြီးက

သည်ကို ကြွတော်မူပါ။

ဟု လျှောက်ထားပြီးလျှင် "သီတစိန္တာ" မည်သော တောင်ဥယျာဉ်သို့ ခေါ်ဆောင်၍ သွားလေ၏။ ဒုသျှန္တ မင်းသားသည် နန်းတော်၏ တောင်မျက်နှာတွင် ရှိသော 'သီတစိန္တာ'ဥယျာဉ်အတွင်း မြအဆင်းကဲ့သို့ ကြည်ကြည်လင်လင် စိမ်းညိုသော 'မဟာပုဏ္ဏာရိက်' ရေကန်၏ ကမ်းပါး၊ တစ်ခုသော ပန်းချုံကြားတွင် တစ်ယောက်တည်း ထိုင်နေ၍ မှိုင်တွေစဉ်းစားသည်မှာ

ခြော် သကုန္တလာမင်းသမီးနှင့် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းများကို စဉ်းစားတိုင်း စိတ်မသာဘဲ ရှိတော့သည်။ ယခုလို ငါက အတင်းငြင်းပယ်၍ နေခြင်းဟာလဲ တကယ်ဆိုတော့ ဝတ္တရားနှင့် ညီပေသည်မဟုတ်။ ငါ၏နှလုံးသားများလဲ ယခု အခါမှာဖြင့် တဆတ်ဆတ် တုန်လှုပ်၍ နေတာပဲ။ ငါက သစ္စာမဲ့သည့်အတွက်ကြောင့် ကိုယ့်ကိုယ်ကိုပင် စိတ်မလုံနိုင်အောင် ရှိနေတော့သည်။

ဟူ၍ စဉ်းစား ညည်းတွားနေလေသတည်း။

WWW.DHAMMARANSI.COM



## ဆဋ္ဌမခန်း

## မြို့လယ် လမ်းခရီးတစ်ခုပေါ်မှာ ဖြစ်ပျက်ပြောဆိုနေကြပုံ

ကောဓနှင့် ဒုဋ္ဌမည်သော အာဏာသား နှစ်ယောက်သည် ရာဇဝတ်တရားခံတစ်ယောက်ကို လက်ပြန်ကြိုး တုပ်နှောင်၍ မြို့လယ်လမ်းခရီးသို့ လျှောက်ပြီးလျှင် ရိုက်နှက် မောင်းကြော်၍ လာလေ၏။ ထိုအခါ မြို့ဝန်မင်းလည်း ရှေ့ကပါလာ၏။

ကောဓဆိုသော လက်မရွံ့ အာဏာသားက ရာဇဝတ်သမားကို ရိုက်၍ စစ်ဆေးသည်မှာ–

ဟေ့အကောင်၊ မင့်နာမည်ဟာ ကုမ္ဘီလကလို့ ခေါ်တယ် မဟုတ်လား။ မောင်မင်းသည် ဤကဲ့သို့ အရောင်တောက်ပစွာနှင့် အလွန်တရာ အဖိုးထိုက်တန်ပြီး ဘုရင့်နာမည် တံဆိပ် ခတ်သော နဝရတ်လက်စွပ်ကြီးကို ဘယ်ကရသည်ဆိုတာ မှန်စွာ အစစ်ခံစမ်းပါ။ မောင်မင်းဟာ တယ်ပြီး အစွမ်းကောင်းတဲ့ ခိုးသူကြီးပဲ။ ဘုရင့်လက်စွပ်ကိုပင် ရအောင် ခိုးနိုင်ပေသည်။

ဟူ၍ ရိုက်နှက် စစ်ဆေးသောအခါ အကျဉ်းသမား ကုမ္ဘီလက–က

ချမ်းသာ ပေးတော်မူကြပါ အရှင်တို့၊ ကျွန်တော်မျိုးသည် သူခိုးမဟုတ်ပါ။ အရှင်တို့ စွပ်စွဲတဲ့ အပြစ်ဒဏ်မှ အမှန် ကင်းဝေးတဲ့သူ ဖြစ်ပါသည်။

ဟူ၍ ပြောကြားလေ၏။ ကောဓက ပြောင်လှောင်၍ ပြောသည်မှာ

အို– ကျော်စောထင်ရှား၍ တရားစောင့်သော ဗြဟ္မဏလူမျိုးကြီး၊ ဤလက်စွပ်ကို သင်မခိုးတာဖြင့် ရိုးသားဖြောင့်မတ်စွာ အမှုတော်ကို ထမ်းရွက်သောကြောင့် ဘုရင်မင်းမြတ်က သဒ္ဒါကြည်ဖြူတော်မူ၍ ဤမျှလောက် အဖိုးထိုက်တန်၍ ဘုရင်မြတ်နိုး အဖိုးမပြတ်နိုင်တဲ့ ဤနဝရတ်လက်စွပ်ကြီးကို ဆုတော်လာဘ်တော်ချလို့ ရတာပလေ။ သည်လို ဘုရင့်နာမည် တံဆိပ်ပါတဲ့ လက်စွပ်ကို ဆုလာဘ်အဖြစ်နှင့်ရတာ မင်း တစ်ယောက်တည်းသာ ငါကြားဖူးသည်။ တယ်ထူးတဲ့ အမှုထမ်းကောင်း ကျက်သရေဆောင် လက်စွပ်ရ မင်းကြီး။

ဟူ၍ ဆိုပြီးလျှင် ရိုက်နှက်ပြန်လေ၏။

အကျဉ်းသမား ကုမ္ဘီလက–က ပြောပြန်သည်မှာ–

သည်လိုလဲ မဟုတ်ပါဘူး ခင်ဗျား။ နားစိုက်၍ ထောင်တော်မူပါ။ ကျွန်တော်မျိုးသည် သက္ကာဝတာရ မည်သော ရေကန်ကြီး၏ အနီးအပါး တစ်ခုသောရွာတွင် တံငါသည်လူမျိုး ဖြစ်ပါသည်။

ဟူ၍ ပြောနေရင်း စကားမဆုံးမီ ဒုဋ္ဌဆိုသော အာဏာသားတစ်ယောက်က

ဟေ့ သူခိုး၊ မင့်ဆွေမျိုးနှင့် နေရပ်များကို ငါတို့ မေးမြန်းသည်မဟုတ်။ ရှုပ်ရှုပ်ထွေးထွေး မင်း ပြောမနေနှင့်။ စကားကြောရှည်ဖို့ကို အလိုမရှိ၊ တိုတိုပြောစမ်းပါ။ မင်း သည်လက်စွပ်ကို ဘယ်ကရသလဲ။

ဟု ကြားဝင်၍ ပြောရာ မြို့ဝန်မင်းက

ဟေ့ မောင်ဒုဋ္ဌ၊ နေပါဦး။ သူ့ဇာတ်ကြောင်းကို သူ ဆုံးအောင် ခင်းစမ်းပါစေဦး။ သူပြောတဲ့ ဇာတ်သွားထဲက စကားအရိပ်အမြွက် ပါလာပါလိမ့်မည်။ ရာဇဝတ်သမားကို စစ်ကြော မေးမြန်းတယ်ဆိုတာ သည်လို သူ့ကိုယ်တိုင်ပြောတဲ့ စကားထဲက အချက်ရတာပဲ။

ဟု ဆိုပြီးလျှင် အကျဉ်းသမားဘက်သို့ လှည့်၍

ဟေ့ ကုမ္ဘီလက၊ မင့်ဇာတ်ကြောင်းကို မင်းပြီးအောင် ခင်းစမ်း။ မခြွင်းမချန် အမှန် အတိအလင်းကို ပြောကြားပါ။

ဟု မိန့်ဆိုလေ၏။ မောင်ကောဓက

ကြားရဲ့လားဟေ့ ကုမ္ဘီလက၊ ယခု မြို့ဝန်မင်း အမိန့်ရှိတဲ့အတိုင်း မင်း အဖြစ်အပျက်တွေကို အကုန်ပြောပြစမ်း။

WWW.DHAMMARANSI.COM



ဟု ထောက်ခံ ပြောဆိုပြီးနောက် ကုမ္ဘီလက-က ဆက်၍ ပြောသည်မှာ

ကျွန်တော်သည် တံငါမျိုးမှာ အကျိုးပေးနေရလေတော့ သက္ကာဝတာရ ရေကန်ကြီးအတွင်းမှာ ပိုက်ကွန်တို့ဖြင့် ငါးများကို ထောင်၍ အသက်ကိုလဲ မွေး၊ သားမယားကိုလဲ ကျွေးရပါသည်။

ဟု ဆိုသောအခါ မြို့ဝန်မင်းက ရယ်၍

တယ်ပြီး ကုသိုလ်ကောင်းမှု များမယ့် လုပ်ပဲဟေ့၊ မင်းအလုပ်က ကုသိုလ်ရစရာချည်းပဲ။

ဟု ဆိုရာ ကုမ္ဘီလက-က

အပြစ်တင်တော်မမူပါနှင့် ဘုရား၊ ဘိုးစဉ်ဘောင်ဆက်၊ ဘွားလက်ထက်ကစပြီး လုပ်ဆောင်နေကျဖြစ်တဲ့ အလုပ်ကိုတော့ တယ်စွန့်ပစ်နိုင်ခဲကြတာမျိုးကလား။ 'အသက်မွေးမှု တစ်ခုခု' ဆိုတာလို အသက်မွေးမှုဆိုတော့ ပြုလုပ်ကြရတာပါပဲ။ သည့်ပြင်မှတစ်ပါး အခြား ပညာများကို မတတ်မကျွမ်းသည့်အတွက် အခြားလုပ်ငန်းဘက်ကိုလဲ ကူးပြောင်း လုပ်ကိုင်တတ်သည် မဟုတ်ပါ။ 'မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ' ဆိုတာလို ကျွန်တော်လဲ တံငါအမျိုးမှာ ဝင်စားတာနှင့် တံငါလုပ်၍ စားရတာပါပဲ။ တကယ်လို့သာ မြို့ကြီးပြကြီးပေါ်မှာ ဂုဏ်သရေရှိသော အမျိုးကြီး၊ အဆွေကြီး၏ ဝမ်းမှာသာ ပဋိသန္ဓေ တည်နေရမယ်လို့ ဆိုပါလျှင် ဘယ်မှာ တံငါလုပ်၍ စားပါမလဲ။ မုဆိုး၊ တံငါတို့သည် ကရုဏာမရှိလို့ သားငါး သတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်းရတာ မဟုတ်ပါဘူး။ ဝမ်းရေးကြောင့်သာ မလွှဲသာ၍ ပြုလုပ်ရသည်။

ဟူ၍ ဆိုလေသော် မြို့ဝန်က

ဟုတ်ပါစေတော့ကွယ်။ မင့်စကားကိုသာ မင်းကုန်စင်အောင် ပြောစမ်းပါ။

ဟု ဆိုလေ၏။ တံငါသည် ကုမ္ဘီလက-က ဆက်၍ပြောသည်မှာ

တစ်နေ့သောအခါ ကျွန်တော်ထောင်တဲ့ မြှုံးထဲမှာ ငါးကြင်းကြီးတစ်ကောင် မိပါရောဘုရား။ ထိုငါးကြင်းကြီးက အလွန်တရာ ထူးဆန်းတာနှင့် ဝမ်းဗိုက်ကိုခွဲ၍ ကြည့်ရာ အရောင်အဝါနှင့် ပြည့်စုံသော ဤလက်စွပ်ကို ရတာပါပဲဘုရား။ ကျွန်တော်မျိုးမှာ တောတွင်းသား တံငါယောက်ျား ဖြစ်နေတာနှင့် သည်လက်စွပ်ဟာ မည်မျှ အဖိုးထိုက်ကြောင်းကိုလဲ မသိ၊ စာမတတ်သည့်အတွက်ကြောင့် လက်စွပ်မှာ ထွင်းထားတဲ့ တံဆိပ်ဟာ ရှင်ဘုရင်၏ အမည်သညာဟူ၍လဲ မသိတာနှင့် ဝယ်မည့်သူများရှိလျှင် ရောင်းချမည်ဟု ကြံစည်ပြီးလျှင် လက်စွပ်ကို ဆောင်ယူ၍ ဤဟတ္ထိနပုရမြို့တွင်းသို့ ဝင်လာပါရော ဘုရား။ မရောင်းရခင်ပင်လျှင် အရှင်တို့နှင့် တွေ့တာနှင့် ကျွန်တော်မျိုးကို သူခိုးဟု အတတ်စွဲပြီး ဖမ်းယူကာ ချည်နှောင်၍ ရိုက်နှက် စစ်ဆေးကြတာပါပဲ။ ယခု လျှောက်ထားတာ ကျွန်တော်မျိုး၏ အရိုးခံဖြစ်သော ဇာတ်လမ်းပါပဲ။ ယခု လက်စွပ်ရပုံဟာ မကောင်းဘူး၊ ခိုးတာအမှန်ပဲလို့ ထင်လျှင်လည်း အထင်ခံရရုံသာ ရှိပါတော့မည်။ ဤကဲ့သို့ ရိုးသား ဖြောင့်မတ်တဲ့ ကျွန်တော့်ကို သေအောင် ရိုက်နှက် စစ်ဆေးဦးမှာလား။

ဟူ၍ ပြောကြားလေ၏။ ထိုအခါ မြို့ဝန်မင်းက လက်စွပ်ကို နမ်း၍ ပြောသည်မှာ

ဟေ့ ကောခနှင့် ဒုဋ္ဌတို့၊ သည်နဝရတ်လက်စွပ်ဟာ အမှန်ပဲ ငါး၏ဝမ်းထဲက ရသော လက်စွပ်ဟု ငါထင်သည်။ ဘာကြောင့်လဲ ဆိုတော့ သည်လက်စွပ်ကို နမ်းကြည့်လိုက်တော့ ငါးညှီစော်နံတယ်။ သို့ရာတွင် ဤအမှုသည် လွန်စွာ ရှုပ်ထွေ၍ အစဉ်းစားရကြပ်သောအမှု ဖြစ်ချေသည်။ ဘုရင်မင်းမြတ်၏ မှူးမတ်သေနာပတိတို့အား အကြောင်းကြားမှ သင့်လျော်မည်။

ဟု ဆိုလေ၏။ ထိုအခါ အာဏာသားနှစ်ယောက်က

WWW.DHAMMARANSI.COM



ဟော့ သူခိုးကြီး၊ သည်ကိုလာခဲ့။ မင်းအမှုကို နန်းတော်သို့အရောက် တင်ပို့ရလိမ့်မည်။ မင်းဖြင့် သေဖို့သာ ပြင်ပေတော့။

ဟု ဆိုလေ၏။ မြို့ဝန်မင်းက

သည်အကောင်ကို တယ်ပြီး မနှိပ်စက်ကြပါနှင့်။ သူ့အမှုသွားကို အဆုံးတိုင်အောင် စဉ်းစားကြပါဦး။ ငါယခု နန်းတော်သို့ ဝင်၍ သွားပြီးလျှင် မှူးမတ်သေနာပတိများနှင့် အတိုင်ပင်ခံချေဦးမည်။ သင်တို့သည် ငါမပြန်လာမီအတွင်း သည်တရားခံနှင့်တကွ ဤမြို့တံခါးဝက စောင့်ဆိုင်း၍ နေရစ်ကြ။

ဟု ဆိုသောအခါ အာဏာသားနှစ်ယောက်က

မှန်လှပါ မြို့ဝန်မင်း။ အတွင်းတော်သို့သာ ဝင်တော်မူပါချေ။ ဘုရင်မင်းမြတ်သည် မြို့ဝန်မင်းအား ဤလက်စွပ်ကို ရအောင် ဖမ်းဆီး၍ ဆက်သသည့်အတွက် ရွှင်လန်း ဝမ်းမြောက်စွာနှင့် အောင်ဆုမင်္ဂလာကို ပေးသနားပါစေ။

ဟူ၍ ဆိုပြီးသော် မြို့ဝန်မင်းလည်း နဝရတ်လက်စွပ်ကို ယူဆောင်၍ နန်းတော်သို့ ဝင်သွားလေ၏။ ဒုဋ္ဌက

မိတ်ဆွေ မောင်ကောခ၊ ကျွန်ုပ်တို့ မြို့ဝန်မင်း နန်းတော်တွင်းသို့ ဝင်သွားတာဖြင့် အတော်ကြာဦးမှာပဲ။

ဟု ဆိုရာ ကောခက

ဟုတ်ပါရဲ့ မိတ်ဆွေ၊ ဘုရင်မင်းမြတ်အထံသို့ ဝင်ရောက်တယ်ဆိုတာ အမိန့်တော်ကို ရမှ ဝင်နိုင်တာကလား။ 'ဝင်စေ' ဆိုတဲ့ အမိန့်တော်ကို စောင့်ဆိုင်းနေရတာနှင့် တော်တော်ပဲကြာပုံ လက္ခဏာပါပဲ။

ဟု ပြန်ပြောလေ၏။ ဒုဋ္ဌက ပြောသည်မှာ

မိတ်ဆွေ မောင်ကောခ၊ သည်ငနဲကို သတ်ချင်တာနှင့် ငါ့လက်များ ယားနေပြီ။ ကြည့်စမ်း ငါ့လက်ကိုင်ထားတဲ့ ဓားဟာ ရာဇဝတ်သားတို့၏ လည်ပင်းကို ဖြတ်တာ အကြိမ်ပေါင်း တစ်ထောင်တစ်သောင်းမကဘူး။ သူ့ရဲ့စီးနေတဲ့ ဓားက သည်ငနဲ၏ အသွေးကို သောက်ချင်တာနှင့် တဆတ်ဆတ် တုန်လှုပ်နေတာပဲ။

ဟု ဆိုလေသော် ကုမ္ဘီလက တံငါသည်က

သည်လို အပြစ်မရှိတဲ့ လူများကို ခင်ဗျားတို့ အလကား မေတ္တာရိသက်သက် သတ်၍ နေကြသလား။ ခင်ဗျားတို့ ရာဇဝတ်ဘက်က အမှုထမ်းတဲ့လူတွေဟာ ကျွန်တော်တို့လို ရိုးသား ဖြောင့်မတ်တဲ့ လူတွေကိုပင် အမှုဖြစ်အောင် လုပ်တတ်လား လုပ်တတ်ကဲ့၊ အမှုများများရလျှင် ပြီးရောဟု သဘောထားပြီး ဉာဏ်ဆင်၍ အမှုဖြစ်အောင် လုပ်တတ်လား လုပ်တတ်ကဲ့၊ အမှုမှန်တဲ့ တရားခံကို နှိပ်စက်လျှင်တော့ တော်ပါသေးရဲ့၊ ဘာမှုမှမရှိဘဲ အပြစ်ကင်းနေတဲ့ သူများကို အလကား အမှုဆင်၍ နှိပ်စက်မယ် ဆိုလျှင်တော့ ခင်ဗျားတို့ ကောင်းနိုင်ဦးမလား။ သူများ ဆင်းရဲမှ ခင်ဗျားတို့ ချမ်းသာ၊ သူတကာ မျက်ရည်ထွက်တိုင်း ခင်ဗျားတို့ ရယ်မောနိုင်ကြတဲ့ လူမျိုးတွေပဲ။ တစ်ခါတလေ ခင်ဗျားတို့ အမှုဆင်ကြတာနှင့် လူကောင်းသူကောင်းများ ပေတယ်လို့ အသက်သေကြရရှာသေးတယ်။ သည်ဘဝ ခင်ဗျားတို့ မော်မောက်ကြသော်လဲ နောင်သံသရာကျတော့ သူများထက် ပိုမို၍ ငရဲမင်း၏ အနှိပ်အစက်ကို ခံရမယ့် လူတွေပါပဲ။

ဟူ၍ တံငါသည်က ပြောကြားသည်တွင် အာဏာသား နှစ်ယောက်က

ဩော် တံငါသည် သူတော်ကောင်းကြီးကလဲ တရားဟောနေရပြန်ပလား။

ဟူ၍ ပြောဆိုနေစဉ် မြို့ဝန်မင်းသည် ရွှေငွေဘဏ္ဍာများစွာတို့ကို ယူ၍ နန်းတွင်းမှ ထွက်လာခဲ့လေ၏။ ကောခသည် မြို့ဝန်မင်းကို မြင်သောအခါ

ဟော ပြောရင်းဆိုရင်း ကျွန်ုပ်တို့ မြို့ဝန်မင်း ကြွလာပြီ။ ဘုရင်မင်းမြတ်က လျင်မြန်စွာ အမှုကို ဆုံးဖြတ်လိုက်ပြီ ထင်တယ်။ ဟော့

WWW.DHAMMARANSI.COM



သူခိုးကြီး ကုမ္ဘီလက ယခု မင်းမှာ လမ်းနှစ်ခု ရှိတော့တာပဲ။ မင်းဆွေမျိုးဉာတိများနှင့် ပြန်၍ တွေ့ရမလား၊ သို့မဟုတ် မင်းကိုယ်ကာယဟာ ကျီး၊ ငှက်၊ လင်းတတို့၏အစာ ဖြစ်မလား ငါ မသိ။

ဟုဆိုလေ၏။

မြို့ဝန်မင်း ဝင်လာပြီးလျှင် "ဟေ့ တံငါသည်ကို မြန်စွာ ခေါ်လိုက်ပါ။" ဟု ဆိုသောအခါ တံငါသည် ကကြောက်ရွံ့လှသောကြောင့် "အမလေး၊ ကျွန်တော် ဖြင့် သေရတော့မှာ ထင်ပါရဲ့"ဟု ဟစ်အော်လေ၏။ မြို့ဝန်မင်းက

ဟေ့ အာဏာသားများ၊ တံငါသည်ကို အမြန် လွှတ်လိုက်ပါဘိ။ ဘုရင်မင်းမြတ်က တံငါသည် ပြောသည့် ဇာတ်လမ်းအတိုင်း မှန်သည်၊ ရိုးသား ဖြောင့်မတ်သော လူတစ်ယောက် ဖြစ်သည်၊ လက်စွပ်ကို ပြန်၍ ရသည်အတွက် ဝမ်းမြောက် တော်မူသည်။

ဟု အမိန့်တော်ရှိလိုက်ကြောင်းကို ပြောသောအခါ ဒိဋ္ဌက

မြို့ဝန်မင်း အမိန့်အတိုင်း သည်အကောင်ကို ရာမ မည်သောသူ၏ အိမ်သို့ လက်စွပ်အရောင်း သွားစဉ် လမ်းကဆီး၍ ကျွန်ုပ်တို့ ဖမ်းလာတာ ပါပဲ။

ဟု ပြောဆိုပြီးလျှင် တံငါသည် လက်က ချည်နှောင် ထားသော ကြိုးများကို ဖြုတ်လေ၏။

ကုမ္ဘီလက တံငါသည်က

အရှင်တို့ ကျေးဇူးကြောင့် ကျွန်တော်မျိုး၏ အသက် ချမ်းသာတာပါပဲ။

ဟု ဆိုလေသော် မြို့ဝန်မင်းက

အသက်ချမ်းသာရုံ မဟုတ်သေးဘူး။ မင်း တယ် ကံထူးတဲ့လူပဲ။ ရွှေနန်းရှင်ဘုရားက မြတ်နိုးတော် မူသော လက်စွပ်တော်ကို ပြန်၍ တွေ့မြင်တော် မူရသည်နှင့် အလွန် ဝမ်းမြောက်တော်မူလို့ အသင့်အား ရွှေငွေရတနာ၊ ဆုလာဘ် များစွာတို့ ကို ပေးသနားလိုက်သည်။ ယခု ဘဝမှာဖြင့် သူဌေးဖြစ်လောက်အောင် များပြားတဲ့ ဆုတော် လာဘ်တော်တွေပါပဲ။ မင်းတော့ သူဌေးစည်းစိမ် ကြီးနှင့် စံစားဦးမှာပလေ။

ဟု ဆိုပြီးလျှင် ယူဆောင်၍ လာသော ရွှေငွေ ရတနာတို့ကို တံငါသည်အား ပုံ၍ ပေးလေ၏။ ထိုရွှေငွေရတနာတို့ကို မြင်သောအခါ လွန်စွာအားရ ဝမ်းမြောက်လှသည်နှင့် ကုမ္ဘီလက တံငါသည်မှာ နေမတတ် ထိုင်မတတ် ပီတိဟုန် လှိုင်းခတ်သဖြင့် ခုန်ပျံ၍ သွားတော့မတတ် ဝမ်းသာလုံး တက်လေ၏။ ကောဓကဆိုသည်မှာ

သည်ခွေးမသားဟာ တယ်ကံကောင်းတာပဲ။ သတ်မည့် ကားတိုင်ပေါ်က ချလျှင်ချခြင်း၊ မင်း စီးတဲ့ဆင်တော်ပေါ်သို့ ရောက်သွားတာပဲ၊ 'စိုင် ကော်လို့ ချိုပေါ်ရောက်' ဆိုတာ သည်လို အကောင်မျိုးကို ပြောတာပဲ၊ ငနဲ့ဆီက ငွေကို ဖြင့် နံနဲ့ချူဦးမှ တော်မှာပဲ။

ဟု တစ်ယောက်တည်း ပြောဆိုလေ၏။ ဒိဋ္ဌက ဆိုသည်မှာ

ကျွန်ုပ်အထင်ကို ပြောရမှာဖြင့် ဘုရင်ရာဇာက ဤလက်ဝတ်တော် ရတနာကို လွန်စွာမြတ်နိုး တော်မူပုံ လက္ခဏာပဲ။

ဟုဆိုလေသော် မြို့ဝန်မင်းက

လက်စွပ် အဖိုးတန်တာကြောင့် ဘုရင်မင်းမြတ် က မြတ်နိုးတော်မူတယ်လို့ ငါမထင်။ သည် လက်စွပ်အတွက်နှင့် တစ်စုံတစ်ခုသော အထိမ်း အမှတ်ကို ထားသည်ဟု ထင်သည်။ လက်စွပ်ကို မြင်လျှင်မြင်ချင်းပဲ အလွန် ဝမ်းမြောက်တော် မူသည်။ လက်စွပ်ကို မြင်ရတာနှင့် သူ့အလွန် တရာ မြတ်နိုးသော သူကို သတိရတဲ့ လက္ခဏာ ပဲ၊ ဘုရင်၏ သဘောသည် ခိုင်ပါသော်လည်း ဤလက်စွပ်ကို ရတဲ့အခါ အတော်ကြာပင် စကား မပြွက်မမိန့်ဘဲ အလွန်တရာ ဝမ်းသာ နှစ်သက်သော အမူအရာနှင့် နေလေသည်။

WWW.DHAMMARANSI.COM



ဟူ၍ ဆိုလေ၏။ မောင်ဒုဋ္ဌက

ဒါဖြင့် ကျွန်တော်တို့ မြို့ဝန်မင်းမှာ ဘုရင့်ထံပါးမှာ များစွာ မျက်နှာရမှာပဲ။

ဟုဆိုသောအခါ မောင်ကောဓက

ဟုတ်ပါတယ်။ ယခုလို ဖြစ်ရခြင်းမှာ သည်တံငါသည်နှင့် ပတ်သက်၍ ဖြစ်တာပါပဲ။

ဟု ဆို၍ စိတ်ဆိုးသော အမူအရာဖြင့် တံငါသည်ကို မျက်စောင်းထိုး၍ ကြည့်လေ၏။ ကုမ္ဘီလက တံငါသည်က

ကျွန်တော့်ကို စိတ်မဆိုးကြပါနှင့်ခင်ဗျား၊ ကျွန်တော် ရရှိတဲ့ငွေထဲက ခင်ဗျားတို့ နှစ်ယောက် အရက်သောက်ရအောင် ခွဲဝေ၍ ပေးပါမည်။

ဟုဆိုသောအခါ မောင်ကောဓက

အဲ- သင်သည် ယခုမှပဲ ကျွန်ုပ်တို့၏ မြတ်နိုးအပ်သော မိတ်ဆွေကြီးဖြစ်တော့တာပဲ၊ ကျွန်ုပ်တို့ဖြင့် လောကမှာ အရက်ကောင်းကောင်းကို သောက်ရတာ အမြတ်နိုးဆုံး ထင်တာပါပဲ၊ ခင်ဗျားတယ်ပြီး အလိုက်သိတတ်တဲ့ လူပါပေပဲ။ ကဲ-လာပါ။ အရက်ဆိုင်သို့ သွားကြစို့။

ဟူ၍ ဆိုပြီးလျှင် အကုန်ထွက်သွားကြလေ၏။

## ဘုရင့်ဥယျာဉ်တော်ထဲတွင် ဖြစ်ပျက် ပြောဆိုနေကြပုံ

မိဿကေသီမည်သော နတ်သမီးသည် ကောင်းကင်မှ ဆင်းသက်လာပြီးလျှင် ပန်းဥယျာဉ်၏ အထက်ကနေ ပြောသည်မှာ

သြော် ငါသည်ကား သကုန္တလာ မင်းသမီးကလေး၏ မိခင်ဖြစ်သူ မေနကာမည်သော နတ်သမီး၏ အခြွေအရံ တစ်ယောက် ဖြစ်လေသည်။ ငါသည် နတ်ရေကန်၌ သွား၍ ရေများသုံးသပ်ခဲ့ပြီးလျှင် ဤဆန်းကြယ်သော ဘုရင့်ပန်းဥယျာဉ်သို့ ရောက်လာရခြင်း ဖြစ်လေသည်။ ဟတ္ထိနပူရပြည်ကြီး၏ အရှင်ဘုရင်ဒုဿန္တမင်းဟာ ယခုအခါ ဘယ်လိုများ ဖြစ်နေပါသလဲ ဆိုတာ နတ်တို့၏ ဒိဗ္ဗစက္ခုဖြင့် ကောင်းစွာ ကြည့်ရှုရဦးတော့မှာပဲ။

ဆို၍ တောင်မြောက်လေးပါး လှည့်လည် ကြည့်ရှုလေ၏။

သြော် ယခုနေ့ရက်အခါ ရာဇသနင်း ပြည့်ရှင်မင်းတို့မှာ၊ လွန်မင်းကြီးကျယ်စွာသော ပွဲလမ်းသဘင်ကို အစဉ်ပြုလုပ်၍ ပျော်ရွှင်တော်မူနေကျဖြစ်သော နေ့ကြီး ဖြစ်ပါကလား။ ယခုတော့ ဘုရင်မင်းမြတ်သည် နဝရတ်လက်စွပ်ကို တွေ့မြင်ရသည်နှင့် သူချစ်ခင်လှသော သကုန္တလာမင်းသမီးကို ပစ်ပယ်မိသည့်အတွက် ဝိတက်စိတ္တဇ နောင်တရ၍၊ ဗျာပါရပူ မီးအပုံကြီး ဖိစီးတာနှင့်၊ ထာဝရပြုလုပ်နေကြဖြစ်သော ပွဲလမ်းသဘင်များကိုမှ မပြုလုပ်နိုင်ဘဲ ရှင်ဘုရင်နှလုံးမသာသောကြောင့် ထီးနန်းတစ်ခုလုံးမှာ လွန်စွာ ခြောက်သွေ့၊ စိတ်ဒုက္ခတွေ့၍ နေကြပါကလားကရို့။ သို့ရာတွင် ရှင်ဘုရင်၏ အဖြစ်အပျက်များကိုလဲ အလုံးစုံ အထင်အရှား သိရလေအောင် ငါ့ကို ခိုင်းစေလိုက်သော မေနကာ နတ်သမီး၏အလိုဆန္ဒလဲ ပြည့်လေအောင် ကိုယ်ရောင်ကိုယ်ဝါကို ရုပ်သိမ်း၍ မထင်ရှားသော အသွင်ဖြင့် ဤပန်းချုံထဲသို့ဝင်ပြီးလျှင် ချောင်းမြောင်းနားထောင်ဦးမှ တော်မည်။

ဟုဆိုပြီးလျှင် ကောင်းကင်မှ သက်ဆင်းပြီးလျှင် ပန်းချုံတစ်ခုထဲမှာ ဝင်အောင်း၍ နေလေ၏။

ထို့နောက် ပရပေမာနှင့် မဟိစိန္တာ မည်သော မိန်းကလေးနှစ်ယောက်တို့သည် ပန်းခူးရန် ဘုရင်မင်းမြတ်၏ ပန်းဥယျာဉ်တော်ထဲသို့ ဝင်ရောက်လာကြပြီးလျှင် ပရပေမာက "အမရ" မည်သော ပန်းကို ကြည့်၍ပြောသည်မှာ

မြကဲ့သို့ စိမ်းလဲ့သော ညာတံ၏အထက်မှာ နှစ်သက်စဖွယ် အဆန်းတကြယ် ပွင့်၍နေသော ဤပန်းခိုင်သည် ဆောင်းနှောင်း နွေဦး၊ တောင်လေမြူး၍ ပွင့်ဖူးငုံသစ် ပုရစ်ပေါ်စ တပေါင်းလမို့

WWW.DHAMMARANSI.COM



ထင်ပါရဲ့၊ လှပသိုက်မြိုက်စွာ ဖူးပွင့်နေလိုက်တာ လွန်စွာ ရှုချင်စဖွယ်ရှိလေသည်။

ဟူ၍ ဆိုလေ၏။ ထိုအခါ မဟိစိန္တာက

ပြောတဲ့အတိုင်းပင် အလွန်တရာ လှပယဉ်ကျေးသော ပန်း ဖြစ်ပါသည်။ ကဲ ကျွန်မက သည် ပန်းပင်ပေါ်သို့ တက်ပြီး ပန်းများကို ဘုရားတင်ရန် ခူးပါမည်။ အစ်မကသာ ကူညီပိုင်းဝန်းပါ။

ဟူ၍ဆိုလေ၏။

ပရပေမာက

ကျွန်မ ကူညီရလျှင် ရသမျှသော ပန်းတွေအတွက် တစ်ဝက် ကျွန်မ ပိုင်ဆိုင်မှာပဲ။

ဟူ၍ဆိုရာ မဟိစိန္တာက

အို စိတ်သာချပါ၊ ရှင်က မပြောပေတဲ့ ပန်းတစ်ဝက်ကို အစ်မ ရမှာပါပဲ။ ကျွန်မတို့ နှစ်ယောက်သည် ကံဖန်ဆင်းလာကတည်းက ကိုယ်နှစ်ခု ကွဲသော်လဲ စိတ်ကတော့ တစ်စိတ်ထဲပါ၊ စိတ်သဘော တူမျှလျှင် အစစ ညီတူမျှတကြတာပါပဲ။

ဟူ၍ ဆိုပြီးလျှင် အမရပန်းပင်ကို တွယ်၍ တက်လေ၏။ ပန်းပင်ပေါ်သို့ ရောက်သောအခါ ပန်းခူးရင်း ပြောဆိုသည်မှာ

သြော် ပွင့်နေလိုက်ကြတဲ့ ပန်းတွေဟာ အလွန်တရာ လှပ ထူးဆန်းပါကလား။ ယခုရာသီအခါ သာယာစွာ ကျူးရင့်တတ်သော ဥဩငှက်တို့ပင်သော်လဲ ဤပန်းကို မြင်ရတာနှင့် ယောင်ယမ်း မှိုင်ငေးပြီး ဟစ်ကြွေး ကျူးရင့်ခြင်းကိုမှ မပြုနိုင်ကြပါပဲကလား။ ကျေးငှက်အပေါင်းတွေလဲ ကောင်းသော ပန်းရနံ့ကို ခံရတာနှင့် အသံမှ မပြုဘဲ ဆိတ်ငြိမ်စွာ တွေဝေ၍နေကြလေသည်။ သည် ပန်းပေါ်တဲ့ရာသီမှာ ထီးတော်နန်းတော်အတွင်း ပျော်ခင်းပျော်ပွဲကြီးတွေကို ဘွဲ့၍ မြူးတူး ရွှင်လန်းကြတဲ့အခါပေပဲ။ သည် ပန်းဟာ အောင်လန်းတွင် ငါးရုပ်ပါသော "မကရဒ္ဓဇ" နတ်မင်းကြီး၏ အနှစ်သက်ဆုံးသော ပန်း ဖြစ်လေသည်။

ဟူ၍ ပန်းဖင်ထက်က ပန်းများကို ကြည့်ရှုရင်း သီချင်းရွတ်ဆိုကာ ပျော်ရွှင်စွာ ပန်းခူးလေ၏။

## တေးထပ်

ခါပဟေမန်ပြောင်းစ၊ ဆောင်းသမယ သွေလျှင်၊ တပေါင်းလ နွေအဝင်မှာ နေလုလင်ဖလ်ဘုံ့။ ရောင်လျှမ်းလို့၊ တောင်လမ်းခွာတယ်။ မှောင်သန်းကာ မိုးတိမ်ကအုံ့။ ခါတစ်ရံ ငွေနှင်းဖြာ၊ လေညင်းလာဆော်လှုံ့။ ကွေကွင်းကွာ ဖော်မစုံသူတို့၊ အတော်ခြုံ့လိမ့်မှာ၊ ဖူးငုံတန် ညှာချီ ကွန့်ချိန်မို့။ ရာသီညွှန့်ဆန်းတဲ့မိန်ခါ။ ပန်းဥယျာဉ် မြိုင်ရတနာသွင် ခိုင်အညှာ မြိုင်ဆိုင်တွဲပါလို့ ကြိုင်လှိုင်တဲ့– သင်းပျံ့လေပြည် နှင်းနံ့ရွှေဖီ ငွေကုံကော် အင်္ဂဆီမှာ ပိတုန်းလည်ပျံဝဲလို့လေး။

ဤကဲ့သို့ သီဆိုကျူးရင့်ပြီးလျှင် အမရပန်းငုံ တစ်ဆုပ်ကိုခူး၍ချလိုက်စဉ်အခိုက် ဥယျာဉ်မှူး အဘိုးကြီး ဆိုက်ရောက်လာပြီးလျှင် ဒေါသကြီးစွာနှင့်

ဟေ့ ကလေးမနှစ်ယောက်၊ မည်သူ့အမိန့်နှင့် ဤ ပန်းဥယျာဉ်အတွင်းသို့ မင်းတို့ဝင်၍ ပန်းခူးကြပါသလဲ။ မပွင့်တပွင့် ငုံ၍နေသော ပန်းငုံများကို ခူးဆွတ်ခြင်းမှ ယခု ရပ်ဆိုင်းလိုက်ကြကုန်။ ယခုနှစ်အခါ ဤရာသီမှာ ကျွန်ုပ်တို့သခင် တိုင်းကြီးရှင် ဘုရင်မင်းမြတ်သည် ပြုလုပ်မြဲဖြစ်သော ပျော်ပွဲသဘင် အရွှင်အမြူးများကို မပြုလုပ်ကြရန်အတွက် ကန့်ကွက်တော်မူသည်။

ဟူ၍ ပြောဆိုလေ၏။

ထိုအခါ ပန်းခူးသော မိန် မကလေးနှစ်ယောက်က

အပြစ်ဒဏ်မှ သည်းခံ ခွင့်လွှတ်တော်မူပါ။ ဤကဲ့သို့ ဘုရင်မင်းမြတ်က အမိန့်ချမှတ်တော်မူသည်ကို မသိရတာနှင့် ယခုရာသီအခါ တိုင်းသူပြည်သား လူအများအားလုံးတို့ ရွှင်ပြုံးနှစ်သက်

WWW.DHAMMARANSI.COM



ကြသော ပွဲလမ်းသဘင်ကို နှစ်စဉ် ပြုလုပ်မြဲဖြစ်၍ ကျွန်မတို့လဲ ပန်းဥယျာဉ်ထဲမှာ ပျော်ပါးရန် လာရောက်၍ ပန်းခူးခြင်း ဖြစ်ပါသည်။

ဟူ၍ တောင်းပန်ပြောဆိုလေ၏။ ထိုအခါ ဥယျာဉ်မှူး အဘိုးကြီးက ပြောသည်မှာ

မင်းတို့ အမှန်မသိကြဘူးလား။ ပြော၍ မပြသော်လဲ ဤပန်းဥယျာဉ်၏ နိမိတ် လက္ခဏာကို မြင်ရုံမျှနှင့် တိုင်းပြည်၏ သခင်ဖြစ်သော ဘုရင်မင်းမြတ်မှာ စိတ်လက်ကြည်စွာ ချမ်းချမ်းသာသာ မရှိကြောင်းကို အကဲခတ်နိုင်လေသည်။ ကြည့်စမ်း၊ အခါတစ်ပါး ယခုလို သာယာသော ရာသီဥတုများမှာ သစ်ပင်တို့၏ အကိုင်းအခက်ပေါ်မှာ ရွှင်ပျော် မြူးတူးနေကြဖြစ်သော ကျေးငှက်တိရစ္ဆာန်တို့ပင်သော်လဲ အသံမပြုဘဲ ဆိတ်ငြိမ်စွာ မိမိတို့အသိုက်တွင်းမှာ ဝပ်၍နေကြလေသည်။ နှင်းကျသောရာသီမှ ပြောင်း၍ ဤတပေါင်းလအခါတွင် သာယာစွာ တွန်ကျူးလေ့ရှိသော ဥသြငှက်တို့ပင်သော်လဲ တွန်ကျူးချင်လျက်နှင့် သူတို့၏ အသံများကို ချုပ်တည်း၍ ထားကြလေသည်။

ရှေးအခါ ဤမင်္ဂလာ ဥယျာဉ်တော်ကြီးအတွင်း ကျေးသံ၊ငှက်သံ၊ပိတုန်းသံတို့ဖြင့် တညံညံ တစီစီနှင့် ထိုထိုဤဤ ပန်းပင်အများမှ ဝတ်မှုံ တဖွားဖွားကျနေသဖြင့် ပျော်မွေ့ချင်စဖွယ်ကောင်းသော်လည်း ယခုအခါ လွန်စွာ ခြောက်ကပ်၍ ငြီးငွေ့ဖွယ်ကြီးသာ ဖြစ်လေသည်။ ဟိုရှေ့က ပန်းငုံတွေကို မြင်ရဲ့မဟုတ်လား။ အဆင်သင့် ပွင့်ချိန်တန်၍ ပွင့်ချင်လျက်ပင် ဖြစ်ပါသော်လဲ ဘုရင်မင်းမြတ် နှလုံးမသာသောကြောင့် မိမိတို့ ပွင့်နိုင်သည့် အားကို လျှော့ပြီး မပွင့်ဘဲ အငုံအတိုင်းနှင့်သာ တာရှည်စွာ နေကြလေသည်။ အညွန့် အခက်များဟာလဲ ပဲ အထက်သို့ အဖျားမမူဘဲ မြေသို့ငုံ့၍သာလျှင် ညှိုးငယ်သောအမူအရာကို ပြကြလေသည်။

ဤပန်းဥယျာဉ်ထဲမှာ မင်္ဂလာမြောင်းတော်အတွင်း ရွှေအဆင်းငွေအဆင်းရှိသော ငါးများသည်လဲ ခါတိုင်းကဲ့သို့ သွားလာ မြူးတူးခြင်းမပြုဘဲ နိမိခိုရာ ကျောက်စွန်ကျောက်ဆွယ်များမှာ ကပ်မြှောင်၍ နေကြရှာလေသည်။

ရေညှိပေါက်ပွားသော ကြာမျိုးငါးပါးတို့သည် နေအရဏ်နှင့် ကြိမ်လင့်သော်လဲ မပွင့်ဘဲ အတင်းဖွတ်ခံ၍ နေကြလေသည်။ ဤသို့ ဖြစ်ရခြင်းမှာ ဘုရင်မင်းမြတ် စိတ်မချမ်းသာသည့်အတွက်ကြောင့် သစ်ပင်ပန်းပင်နှင့် ကျေးငှက် တိရစ္ဆာန်များကပင် နိမိတ်ပြသော လက္ခဏာ ဖြစ်လေသည်။ ဤနိမိတ်များကို မြင်သဖြင့် သင်တို့သည် ရွှေနန်းကြီးရှင်၏ မရွှင်မပြကြောင်းကို သိထိုက်လေသည်။

ဟူ၍ ပြောကြားလေ၏။

ထိုအခါ ပန်းရုံကြားမှ ချောင်းမြောင်း၍ နေသော မိဿကေသီ နတ်သမီးက တစ်ကိုယ်တည်း ပြောသည်မှာ

စင်စစ်မှာတော့ ဘုရင်မင်းမြတ်က ဖောက်လွဲဖောက်ပြန် ပြုလုပ်လို၍ ယခုကဲ့သို့ ဖြစ်ပျက်ရတာလဲ မဟုတ်ပေဘူး။ ဘုရင်၏ စိတ်သဘောထားသည် ခက်ထန် ကြမ်းကြုတ်တာလဲ မဟုတ်ပေဘူး။ ဟိုဒုဗ္ဗစဆိုတဲ့ နတ်ဆိုးကြီးက သကုဏ္ဍလ မင်းသမီးကို ညှိုးထားတာနှင့်ပင် ဤသို့ ဖြစ်ရတာပဲ။ သြော် လူတစ်ယောက်က ဆိုးဝါးမှုဖြင့် အများ ဆင်းရဲကြတာမျိုးပဲနော်။

ဟူ၍ ပြောဆိုလေ၏။ ပန်းခူးလာသော ပရပေမာ မိန်းကလေးက ပြောသည်မှာ

လွန်ခဲ့သော မကြာမီ နေ့ရက်အတွင်း ကျွန်မတို့နယ်ကို အုပ်စိုးသော "မိတ္တာဝါသု"မည်သည့် မြို့စားက ဘုရင်မင်းမြတ်သည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်စံပယ်တော်မူလိမ့်မည်။ ဖူးမြော်ကန်တော့ရန် ပန်းဥယျာဉ်ကို သန့်ရှင်းစွာ ပြင်ဆင်ကြစေဟူ၍ အမိန့်ရှိသောကြောင့် ကျွန်မ

WWW.DHAMMARANSI.COM



တို့လာရောက်ခြင်း ဖြစ်ပါသည်။ ထိုအမိန့်ကို ကြားရသည်မှနောက် ယခုထက်ထိအောင် ဘုရင်မင်းမြတ်က ပြုပြင်ပြောင်းလဲ၍ ချမှတ်သော အမိန့်ဆို၍ တစ်စုံတစ်ရာမျှ မကြားမသိရပါ။

ဟု ပြောကြားရာ ဥယျာဉ်မှူး အဘိုးကြီးက

ကဲဒါဖြင့် ရှိစေတော့။ နောက်တစ်ခါထပ်မံ၍ ပန်းမခူးကြနှင့်။

ဟူ၍ ဆိုလေ၏။ ထို့နောက် မဟိစိန္တာက

ကျွန်မတို့သည် အရှင်သခင်ဖြစ်သော ဘုရင်မင်းမြတ်၏ အမိန့်တော်ကို လိုက်နာရသည်မှာ လွန်စွာ ဝမ်းမြောက်ပါသည်။ သို့ရာတွင် ယခုနှစ်အခါ အစဉ်အမြဲ ပြုလုပ်မြဲဖြစ်သည့် ပွဲတော်ကြီးကို မကျင်းပသည်မှာ မည်သည့် အကြောင်းအရာ အထူးရှိ၍ မပြုလုပ်ကြောင်းကို ကျွန်မတို့ သိသင့်လျှင် သိပါရစေ။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မိဿကေသီနတ်သမီးက တစ်ကိုယ်တည်း ပြောဆိုသည်မှာ

သြော် ရှင်ဘုရင်ဆိုတာမျိုးဟာ ပျော်ပွဲရွှင်ပွဲကိုတော့ အလွန် ကြိုက်နှစ်သက်ကြတာမျိုးပဲ။ သို့သော် ယခုလို မဖြစ်စဖူး အထူးတဆန်း ပွဲလမ်းသဘင်များကို ပိတ်ပင်တယ်ဆိုတော့ တိုင်းသူပြည်သား လူအများတို့က ကြားသိချင်ကြပေမှာပဲ။ သို့ရာတွင် ယခု ဥယျာဉ်မှူးအဘိုးကြီးကဖြင့် ပြောတန်သမျှ ပြောပြစရာလမ်း ရှိပါရဲ့။

ဟူ၍ ဆိုလေ၏။

ဥယျာဉ်မှူးအဘိုးကြီးက စဉ်းစား ဆင်ခြင်သည်မှာ

ဘုရင်မင်းမြတ်၏ အဖြစ်အပျက်ကို အများလဲ သိကြမှာပါပဲ။ 'မပြောမပြီး မတီးမမြည်' ဆိုတာလို သည်မိန်းကလေးများ စိတ်ကျေနပ်အောင် ဘယ်အတွက်ကြောင့် ငါ မပြောပြဘဲ နေရမလဲ။

ဟူ၍ ဆင်ခြင်ပြီးလျှင်

စန္ဒရသေ့ကြီးထံမှ အဆက်အသ ရောက်လာသော သကုဏ္တလ မင်းသမီးကလေး ထွက်ခွာ၍ သွားကြောင်းကို တူမကလေးများ ကြားသိကြရဲ့ မဟုတ်လား။

ဟူ၍ မေးမြန်းလေ၏။

ပရပေမာက

သြော် သည်အကြောင်းဟာလား။ ဆင်မြန်းတော်မူတဲ့ နဝရတ်လက်စွပ်ကို တံငါသည်တစ်ဦးထံမှ ပြန်၍ ရသည့်တိုင်အောင် ကျွန်မတို့ မြို့စားက ပြောကြား၍ သိတန်သမျှ သိပါရဲ့။

ဟူ၍ ပြောလေ၏။

ဥယျာဉ်မှူးအဘိုးကြီးက

ဒါဖြင့် ကျွန်ုပ် ဇာတ်ကြောင်း ရှည်လျားစွာနှင့် အရင်းပထမက စပြီး ပြောဖို့ မလိုတော့ဘူး။ တိုတိုသာ ပြောကြားရန် ဇာတ်လမ်းရှိတော့သည်။ (နားထောင်ကြ) အဲ- ဤကဲ့သို့ နဝရတ်လက်စွပ်ကို ပြန်တွေ့တဲ့အခါကျတော့ ဘုရင်မင်းမြတ်က ရုတ်တရက် သတိရပြီး ချက်ချင်း အတိအလင်း မြွက်ဆို၍ ကြော်ငြာတော်မူသည်မှာ "ဤလူ့ပြည်လောကမှာ အချောအလှ၊ အနု၊ အယဉ်တွင် တုယှဉ်ဖို့ ကွာဝေးသော သကုဏ္တလနတ်သွေး မိန်းမမြတ်ကလေးသည် ငါဘုရင်မင်းမြတ်၏ ကြင်ဖက်တော် ရတနာအစစ် ဖြစ်ပေသည်။ သူ့ကို ကျွန်ုပ် စွန့်ပစ်နှင်ထုတ်လိုက်မိသည့်အခါ ဘာကြောင့်ဟု မသိရ။ သတိ တွေဝေ မိန်းမော၍ နေမိခဲ့လေသည်။" ဟူ၍ အတိအလင်း ကြော်ငြာတော်မူလေသည်။ ယခုအခါ ဒုဿန္တ ဘုရင် ဖြစ်နေပုံမှာ အလွန်တရာကြီး နောင်တရ၍ သောကဖိစီး အပူကြီးပူ၍ နေတော်မူသည်။ စိတ်လက်မသာ လွန်စွာမချမ်းမြေ့တော်မူလှသည်နှင့် ပျော်ပွဲရွှင်ပွဲ ဟူသမျှကို တစ်စမကျန် ပယ်လှန် စွန့်ပစ်တော်မူလေသည်။ ဘုရင်၏ မျက်စိသည် ယခုအခါ မည်သူ့ မျက်နှာကိုမျှ ကြည့်ရှု၍ မရတော့ဘဲ

WWW.DHAMMARANSI.COM



သကုဏ္ဍလကိုသာ ရှုလိုဇောနှင့် တစ်ခါတစ်ခါ မျှော်၍များ သွားတော်မူသေးသည်။ တိုင်းသူပြည်သား လူအများတို့ကို သနားသဖြင့် အုပ်ချုပ်ရမည့် မိမိတာဝန်များကိုပင် သတိလစ်တော်မူပြီး မှိုင်းမိ၍နေသော သူကဲ့သို့ တွေတွေဝေဝေနှင့် ငေးမိငေးရာ ယောင်ငေးငေးကြီး ဖြစ်နေတော်မူရှာတော့တာပဲ။ ညဉ့်အချိန်သမယများမှာလဲ စက်တော်ခေါ်၍ ပျော်တော်မူသည်ဟု မရှိဘဲ စိန်ကြာချည်တို့ဖြင့် ကာရံအပ်သော ရတနာသလွန်ထက်မှာ တလူးလူး တလွန့်လွန့်နှင့် ဟိုလိုမှိ သည်လိုမှိ လူးလဲပြီး အသည်းအသန် အဖန်ဖန် ယောင်ယမ်းတော်မူနေတာပဲ။

ပွဲတော်တည်သောအခါမှာလဲ ဘယ် အရသာကိုမှ ကောင်းစွာမသိဘဲ သကုဏ္ဍလ မင်းသမီးကလေးအတွက်နှင့် ရတက်သောက အလွမ်းနာထသဖြင့် စိတ္တဇပူမီးတို့က ရင်ဝမှာ စို့သောကြောင့် ပျို့ပျို့ပြီး အန်နေတော့တာပဲ။ နန်းတော်သူ ရံရွေတော်များကိုလဲ အမည်သညာ မမှတ်သားမိဘဲ သူ စွဲလမ်းသော နာမည်ကို တပြီး သကုဏ္ဍလ မိမိရဲ့၊ သကုဏ္ဍလအသက်လေးရဲ့ ဟု ရှက်ရမှန်းမသိ ခေါ်ခေါ်နေရှာသည်။ နန်းတွင်းသူ နန်းတွင်းသားတို့ကလဲ ရှင်ဘုရင့်အတွက် ရှက်ကြောက်ကြ၍ အောက်ချသော မျက်နှာနှင့်သာ ခစားကြရလေသည်။ တစ်ရံတစ်ခါ ဘုရင်မင်းမြတ် သတိရတော်မူလာတဲ့ အခိုက်မှာ သူပြောဆိုလိုက်မိသမျှတွေကို တွေးပြီး အလွန် ရှက်သွေးမွန်တော်မူလှသည်နှင့် တစ်ကိုယ်တည်း ထိုင်ပြီးလျှင် အမှိုင်ကြီး မှိုင်တွေ၍ နေတော်မူလေသည်။ အတော်ကြီး သတိလစ်တဲ့ အခါများမှာတော့ သူသွားချင်ရာ နန်းတော်တွင်းမှာ လျှောက်သွားပြီး စကားမမှန်မကန် စိတ်အကြံပေါက်တိုင်း ပြောဆို၍ တစ်ကိုယ်တည်း သီချင်းများကို သီဆို၍ တစ်ကိုယ်တည်း

အလိုတော်ရှိသမျှ ပြေးလွှား ခုန်ပေါက်၍ နေတော့တာပဲ။ တိုတိုပြောရမှာဖြင့် ရှဲဂုမ္ဘတ္တက စိတ်ရူးထလျက် ရာဇဣန္ဒြေဆို၍ တစ်ခုမျှ မရှိပါဘူး။

ဟု ပြောလေ၏။

ထိုအခါ သူငယ်မကလေးနှစ်ယောက်က သို့ကလောက်ပင် ဖြစ်တော်မူနေသလား။ အလွန် သနားစရာပဲ။ သို့ရာတွင် သူရွတ်ဆိုတဲ့ သီချင်းများကို ဘကြီးမှတ်သားမိပါသလား။ ကျွန်မတို့ နားထောင်ပါရစေ။

ဟု ပြောသောအခါ

တချို့တော့ မှတ်သားမိပါရဲ့။ ပြောမိလို့ရှိမှဖြင့် အလုံးစုံ ပြောကြားရတော့မှာပဲ၊ နားထောင်ကြ။

ဟူ၍ ဆိုပြီးလျှင် ရှင်ဘုရင် သီဆိုသော သီချင်းကို အဘိုးကြီးသံနှင့် ရွတ်ဆိုပြလေ၏။

## တေးထပ်

ချစ်သွေးတော် စိတ်ကြွလို့ ရိပ်ဘမရ သင်ဘွေ၊ တဆိတ်ကမှ မရှင်လေတယ် အသချေ ပူဝံ့၊ စိန်ကြာချည့်မြင့်စက်ရာမှာ ခင့်မျက်နှာ ဝဲပျံလို့ ကွန့်။ စက်ပေမယ့် ပျော်ဘူးပေါင်၊ ခေါ်ထူးယောင် လိန်တွန့်၊ မော်ခြူးညောင် စိန်သလွန့်မှာမှ မကြိမ်ဝံ့ ကြိမ်ရေ။

မဟီမြေယူအတင်း ပူတပြင်းခွဲလို့ မြဲစေ၊ တည်ပွဲတော့ မမြိန်လေတယ်၊ ဣန္ဒြေဟန် မလုပ်နိုင်ဘူး။ မှန်စမှတ်–နန်းမဆောင်ပေါ် တမ်းတယောင်အော်။ လွမ်းတတိုင်း ငေးလျက်မျှော်တယ် သွေးပျက်တော်မူ ပေါ့ထင့်လေး။

ဟူ၍ ရွတ်ဆိုပြောကြားလေ၏။ ထိုအခါ ချောင်းမြောင်း၍နားထောင်နေသော မိဿကေသီနတ်သမီးက

ယခုလိုအကြောင်းကို ကြားရတာ လွန်စွာသိပ်ပျော်ပါကလား။ ယခုလိုဖြင့် သကုဏ္ဍလ မင်းသမီးကို မရ ရအောင် ကြံဆောင် သိမ်းပိုက်တော်မူမှာပါပဲ။

WWW.DHAMMARANSI.COM



ဟူ၍ ပြောလေ၏။ ဥယျာဉ်မှူး အဘိုးကြီးက ဆက်၍ ပြောပြန်သည်မှာ

ဤကဲ့သို့ ဘုရင်မင်းမြတ်၏ စိတ်နှလုံးတော်များသည် အားကြီးစွာ ပူပန်၍ နေတော်မူသောကြောင့် ပြုလုပ်နေကြဖြစ်သော ပွဲတော်ကြီးကိုပင် ဖျက်ဆီး ရုပ်သိမ်းတော်မူလေသည်။

ဟူ၍ ဆိုရာ ပန်းခူးလာသော မိန်းကလေး နှစ်ယောက်တို့က

အမှန်ပါပဲ။ ယခုလို ဘုရင်မင်းမြတ် စိတ်နှလုံး ပူပင်တော်မူတဲ့အခါ မင်္ဂလာပွဲသဘင်ကို ပိတ်ပင်တားမြစ်သည်မှာ အလွန်တရာ သင့်မြတ်တာပါပဲ။

ဟူ၍ ပြန်ပြောကြလေ၏။ ဤကဲ့သို့ ပြောဆိုနေစဉ် ဖယ်ကြ၊ ရှောင်ရှားကြ၊ ဝပ်တွား ငုံ့လျှိုး၍ နေကြ။ အသွားအလာ အကူးအသန်း မရှိစေနှင့်။ ငြိမ်ဝပ်စွာ နေကြစေ။ ဘုရင်မင်းမြတ် ထွက်တော်မူလာလိမ့်မည်။

ဟူ၍ ခပ်ဝေးဝေးက အသံတစ်ခု ကြားလေ၏။ ထိုအခါ ဥယျာဉ်မှူးက ကြောက်လန့်သော အမူအရာနှင့် လျင်မြန်စွာ ပြောဆိုသည်မှာ

ယခုပင် ရွှေနန်းရှင်ဘုရားကြီး ထွက်တော်မူလာလိမ့်မည်။ ငါ့တူမကလေးများ ပြန်သွားကြပေဦးတော့။

ဟု ဆိုသည်နှင့် မိန်းကလေး နှစ်ယောက်တို့လည်း ပြန်သွားကြလေ၏။

(ဒုသျန္တ မင်းသားသည် ညှိုးငယ်ပင်ပန်း မရွှင်လန်းသဖြင့် ဟောင်းနွမ်းသော ဝတ်လဲတော်များကို ဝတ်ဆင်လျက် ကိုယ်ရံတော်တစ်ယောက်နှင့် မဏ္ဍဗျမည်သော အကြည်တော်ကို အဖော်ပြု၍ မျက်နှာညှိုးငယ်စွာ ထွက်တော်မူလာခဲ့လေ၏။)

ဥယျာဉ်မှူးက ဘုရင်မင်းမြတ်ကို ကြည့်၍ ပြောသည်မှာ

ဩော် နဂိုမူလ ပကတိရင်းက ချောမောလှပတဲ့ သူများဖြစ်မှုဖြင့် မပြင်မဆင်အချိန်က ဝတ်စားတန်ဆာများက ဘယ်လိုပင် ညံ့ဖျင်း ဟောင်းနွမ်းသော်လဲ ကြည့်၍ မဆုံးနိုင်အောင် လှပယဉ်ကျေးတာပေဖဲ့။ ကြည့်ပါလား။ ယခု ထွက်ကြွတော်မူလာသော ဒုသျန္တမင်းသားသည် ရတက်သောက စိတ်ဗျာပါရ များသဖြင့် ဝတ်စားတန်ဆာများကို ကောင်းမွန်စွာ မဆင်ဘဲ ဝမ်းနည်း စိတ်ပျက်သောအခါ ဝတ်ဆင်နေကျဖြစ်သည့် အဝတ် တန်ဆာများကိုသာ ဆင်ပြင်ထားသော်လဲ ရှုကြည့်ရန် များစွာ ကောင်းသေးတာပဲ။ ပျော်ရွှင်မြူးတူးခြင်း မင်းမြောက်တန်ဆာများကို ဝတ်ဆင်ခြင်းနှင့် တိုင်းပြည်အုပ်ချုပ်ခြင်း အလုပ်များကို လက်လွှတ်၍ မကြည်မလင် မရွှင်မလန်းသော အမူအရာများနှင့် ညှိုးညှိုးငယ်ငယ် နေတော်မူသော်လဲ ပုပ်နံးသဏ္ဌာန်ကို အကဲခတ်ရမှာဖြင့် ယောကျ်ားမြတ်လက္ခဏာနှင့် အလွန်တရာ ညီညွတ်သေးတာပါပဲ။ ဇာတိ မှန်တော့ ဟန်ပန်မပြင် တန်ဆာမဆင်ရင်သော်လဲ သူတစ်ပါးတို့ထက်ပင် လှပ ယဉ်ကျေးပါသေးကလား။ ဩော် ပတ္တမြားစစ်တော့ ညွန်မှာ နစ်သော်လဲ ညစ်ရိုးထုံးစံ မရှိပါဘူး။

ဟူ၍ ချီးမွမ်း အံ့ဩကာ ပြောဆိုလေ၏။ မိဿကေသီ နတ်သမီးသည် ဒုသျန္တမင်းသားကို ငေးကြည့်ပြီး တစ်ကိုယ်တည်း ပြောဆိုသည်မှာ

ဩော် သကုန္တလာ မင်းသမီးသည် ဤကဲ့သို့ လှပယဉ်ကျေးလှစွာသော မင်းသားကလေးနှင့် ခွဲခွာ၍ သွားရသည်မှာ အလွန်တရာ ဝမ်းနည်းတော်မူရှာမှာပဲ။ ဗိုလ်ပုံပရိသတ်အလယ်မှာ အရှက်ခွဲ၍ နှင်ထုတ်ခြင်းကို ခံရတော့ ဘယ်မှာပြောစရာ ရှိပါတော့မလဲ။ နှစ်သက်မြတ်နိုးစရာ ကောင်းသော သူ၏ လင်ယောကျ်ားနှင့်လဲ ကွဲရလေသေးရဲ့။ သည်တွင်မျှမက အရှက်တကွဲ အကျိုးနည်းနှင့် ထီးတော်နန်းတော်ထဲမှလဲ အနှင်ထုတ်ခံရလေသေးရဲ့။ သို့အတွက် သကုန္တလာ မင်းသမီးကလေးဖြင့် တွေးမိတိုင်း ဆွေး၍ ပူရှာမှာပဲ။

WWW.DHAMMARANSI.COM



ဟူ၍ ပြောဆိုလေ၏။ ဒုဿန္တမင်းသားသည် တစ်လှမ်းပြီး တစ်လှမ်း တဖြည်းဖြည်း လှမ်းသွားရင်း စဉ်းစားဆင်ခြင်တော်မူသည်မှာ

တောသူမကလေး သကုန္တလာ ထိပ်ထားက တောမြိုင်အတွင်းမှာ နှစ်ကိုယ်ချင်း ပိုက်ထွေး၍ လေးမြတ်စွာ မေတ္တာရှိခဲ့ကြတာကို သူလာပြီး ပြောတုန်းကတော့ စိတ်နှလုံး သည်လောက် မပူလှပါဘူး။ သည်တုန်းကတော့ ငါ၏ စိတ်များသည် တွေတွေဝေဝေ ထိုင်းမှိုင်း၍သာ နေလေသည်။ ဩော် ငါက စွန့်ပစ်မိတဲ့ အချက်ကဖြင့် သွက်သွက်လည်အောင် မှားနေတာပဲ။ နဝရတ်လက်စွပ်ကို ရသည်နှင့် တစ်ပြိုင်နက် ငါ၏ နှလုံးသွေးများ ဆူပွက်တော့မလို ငိုယိုညည်းတွား စားတော်မခေါ် စက်မပျော်နိုင်အောင် လှိုင်လှိုင်ကြီး ဒုက္ခရောက်နေတော့တာပဲ။

မျက်နှာကလေးငယ်ငယ်နှင့် ဗိုလ်ပုံ ပရိသတ်အလယ်မှာ နမကလေး ပြောကြားရှာတာတွေကို တွေးမိလေလေ၊ ဆွေးလေလေသာ ဖြစ်တော့တာပဲ။ ဘယ်လိုနည်းနှင့် ကြံ၍ တစ်ဖန် တွေ့ဆုံရပါမလဲ။

ဟူ၍ ညည်းတွားတော်မူလေ၏။ မိဿကေသီ နတ်သမီးက တစ်ကိုယ်တည်း ပြောသည်မှာ

ဩော် သနားစရာကောင်းတဲ့ သကုန္တလာမင်းသမီးကလေးဖြင့် နောက်တစ်နေ့နေ့ကျတဲ့အခါတော့ ဝမ်းသာဝမ်းမြောက်ခြင်းကြီးနှင့် ကြုံတွေ့ရဦးတော့မှာပဲ။ 'ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်' ဆိုတာ တယ်မှန်တဲ့စကားပေကလား။ ဤလောကမှာ ဆင်းရဲခံပြီးမှ ချမ်းသာကိုစံရခြင်းသည် ချမ်းသာပြီးမှဆင်းရဲကြခြင်းထက် ကောင်းမြတ်လေသည်။

ဟူ၍ ဆိုလေ၏။ အကြည်တော် မဏ္ဍဗျက ဘုရင်မင်းမြတ် ဖြစ်ပုံကို ကြည့်၍ ပြောသည်မှာ

ကျွန်ုပ်တို့ရှင်ဘုရင်ဖြင့် ယခင်က စွဲခဲ့တဲ့ အချစ်တွေထပြီး သူ့အလိုမကျတာနှင့် စိတ်ဒုက္ခများတော်မူနေတာပဲ။ ယခုစွဲကပ်တဲ့ ရောဂါမှာတော့ အလွမ်းနာဟု ခေါ်ရလေသည်။ သည်လိုအလွမ်းနာ စိတ္တဇနှင့် ဒုက္ခကြီး ရောက်နေတာများကိုတော့ ကုစားရန် တယ်ပြီး ခက်တာမျိုးကလား။

ဟူ၍ ဆိုလေ၏။ ထို့နောက် ဥယျာဉ်မှူးသည် ဒုဿန္တမင်းသား၏ထံပါးသို့ ချဉ်းကပ်၍ ရိုသေစွာ လျှောက်တင်သည်မှာ

သက်တော် ပြည့်ဖြိုး ဘုန်းတော်တိုး၍ တန်ခိုးကြီးမြင့်ပါစေ ဘုရား။ အရှင်မင်းမြတ်၏ ရှေ့တော်တည့်တည့်မှာရှိသော အလွန်တရာ သာယာ နှပျိုလှသည့် ပန်းဂနိုင်တွင်းသို့ ဝင်၍ ရှုစားတော်မူပါဘုရား။ ပန်းချုံတို့ဖြင့် လက်ဝဲလက်ျာ အုပ်၍နေသော ဤကျောက်လမ်းကလေးသည် အလွန်တရာ အေးမြပါသည်။

သည်လမ်းက လျှောက်သွားတော်မူလျှင်ဖြင့် အဖူး၊ အပွင့်၊ အခိုင်၊ အငုံတို့ဖြင့် တထုံထုံ သင်းကြိုင်သော ပန်းဂနိုင်သို့ ရောက်ပါလိမ့်မည်။ ထိုစိမ့်စမ်းကလေး၏ ကမ်းပါးမှာ ဆန်းပြားသော ကျောက်ဖျာထက်တွင် လျောင်းစက်နားနေတော်မူရန် အလွန်သင့်လျော်ပါသည်။

စိမ်းလဲ့အေးကြည်သော ရေကို ရှုကြည့်ခြင်းသည် စိတ်ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပါသဖြင့် ဤပန်းဥယျာဉ်ထဲမှာ ကြည်လင်စွာ စီးဆင်း၍နေသော မဏိဂိဝါ ဆိုတဲ့ စမ်းချောင်းသည် ဟို ကူနို့ဝရ မည်သော တောင်မှ အစပြု စီးဆင်းလာသဖြင့် လွန်စွာအေးမြ ကြည်လင်သော ရေလျှဉ်တို့ဖြင့် တသွင်သွင် ကျဆင်း၍ နေပါသည်။ ဤမဏိဂိဝါ စမ်းချောင်း ကမ်းခြေမှာ အညွန့်အခက် တဝေဝေနှင့် လေပြည်တိုက်ခတ်လျက်ရှိသော ဤစန္ဒကူးပင်ကြီး၏ အရိပ်မှာ နားနေခြင်းအားဖြင့်လဲ အေးမြချမ်းသာတော်မူပါလိမ့်မည်။

WWW.DHAMMARANSI.COM



ဟူ၍ လျှောက်တင်လေသော်လည်း ဒုဿန္တ မင်းသား သည် ထိုဥယျာဉ်မှူး၏ တင်စကားကို ဂရုစိုက်တော် မမူဘဲ ကိုယ်ရံတော်အား လှည့်၍ ပြောသည်မှာ

ယခု ကျွန်ုပ်ထွက်လာခြင်းသည် လျင်မြန်စွာ နန်းတော်သို့ ပြန်မည့်အကြံနှင့် ထွက်လာခြင်း မဟုတ်ချေ။ စိတ်လက်တော် မကြည်သေးသမျှ တွင် ကာလ အတော်ကြာအောင် နန်းဆောင် ဘုံပျံတို့မှ ကွေ ကွင်း၍ နေခြင်းငှာ ထွက်တော် မူလာခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ အိမ်ရှေ့ ဥပစာမင်းသားအား တိုင်းရေးပြည်မှုနှင့် စပ် လျဉ်းသမျှသော အရာများကို အမှုတော် ကျေ ကုန်အောင် ရွက်ဆောင် စီရင်ရန် လွှဲအပ်ကြောင်း နှင့် သွား၍ လျှောက်တင်ချေ။ အလွန်ကြီးကျယ် သော နိုင်ငံရေးကိစ္စများ ပေါ်လာပါလျှင်သာ ငါဘုရင်ထံတော်သို့ သံတော်ဦးတင်လျှာ ဆက် သွင်းရမည်ကိုလဲ လျှောက်တင်ချေ။

ဟူ၍ အမိန့်ရှိလေ၏။ ကိုယ်ရံတော်ကလည်း "အမိန့်တော်မြတ်အတိုင်းပါ ဘုရား" ဆို၍ နန်းတော် သို့ ပြန်သွားလေ၏။ ထို့နောက် ဒုဿန္တမင်းသားသည် ဥယျာဉ်မှူးဘက်သို့ လှည့်ပြီးလျှင်

သင်ဥယျာဉ်မှူး၊ ဆိုင်ရာကိစ္စ ရှိသမျှကို လုံးဝ မကျန်အောင် ရွက်ဆောင်လေတော့။

ဟု အမိန့်ရှိပြန်သောအခါ ဥယျာဉ်မှူးလည်း

ဗျာဒိတ်တော်မြတ်အတိုင်း နာခံရမည့် ကျေးကျွန် ဖြစ်ပါကြောင်း။

နှင့် သံတော်ဦးတင်၍ ဘုရင်ထံပါးမှ ထွက်ခွာ၍ သွားလေ၏။ ထို့နောက် အကြည်တော် မဏ္ဍဗျက

ဘုန်းတော်ကြောင့် ဤမင်္ဂလာဥယျာဉ်တော် အတွင်းမှာ မွေ့လျော်စံပယ်တော်မူ၍ ကိုယ်တော် မြတ်၏ ပူပင် ညှိုးနွမ်း မချမ်းမသာသော စိတ် များကို ဖြေဖျောက်တော်မူပါဘုရား။

ဟူ၍ လျှောက်တင်လေသည်တွင် ဒုဿန္တမင်းသားက

အို မဏ္ဍဗျ၊ သူမနာလို ကိုယ်အကျိုးမရှိ ဆို သော စကားသည် အလွန် မှန်ကန်လှပါ

ကလား။ အပြစ် မရှိသောသူကို အပြစ်ပေးပါ လျှင် ထို အပြစ်ဒဏ်သည် အပြစ်ပေးသူအား ပြန်၍ လာသောအခါ အလွန်တရာ ကြီးလေး သော ဘေးဒုက္ခကြီးနှင့် တွေ့ကြုံရတတ်လေ သည်။ 'ဒဏ်ပြန်သည်' ဆိုသော စကားဟာ သည်လိုအရာကို ခေါ်ကြတာပဲ။

ကြည့်စမ်းပါလား။ အပြစ်မရှိသော သကုဏ္တာ လမင်းသမီးကလေးကို အပြစ် ပြုလုပ် နှင်ထုတ် လိုက်မိသည့်အတွက် 'ကိုယ့်ရှူးကိုယ်ပတ်' ဆိုတာလို ယခုအခါ ကျွန်ုပ်မှာ ဘယ်မျှလောက် ပူပင်ဒုက္ခရောက်၍ နေပါသနည်း။ တောတောင် မြိုင်ကွေ့ ကသိုဏ်းလေ့သော အရှင်စန္ဒ ရသေ့ ကြီး၏ သမီးကလေး သကုဏ္တာလနှင့် နှစ်ဦးနှစ်ဝ မေတ္တာမျှနေကြတာ အမှန်ပဲ။ သကုဏ္တာလ မင်းသမီးကလေးသည် နန်းတော်သို့ ရောက်လာ တဲ့အခါကျတော့ ကျွန်ုပ် အတင်း ငြင်းကွယ်၍ နေလိုက်မိပေသည်။ နဝရတ်လက်စွပ်ကို ပြန်၍ ရတဲ့အခါကျတော့မှ အတန်တန် နှောင်တရပြီး အဦးအစ ပထမ ချစ်ခင်ရင်းဖြစ်သောသူကို စွန့်မိတဲ့အတွက်နှင့် ယူကြုံးမရအောင် စိတ်ဒုက္ခ များနေတော့တာပဲ။ ကြည့်စမ်းပါ။ ရွက်နု ရွက်ညွန့်တို့ ထွက်၍ အညာအခက်နှင့် အဖူး အပွင့်များ ပွင့်ချိန်ကာလ ဖြစ်သောကြောင့် ပန်းသစ်ပင်တွေပေါ်မှာ ကျေးငှက်အများတို့ ပျော်မြူးနေကြစဉ်အခါ ကျွန်ုပ်တို့၏ စိတ်နှလုံး များသည်ကား ပျော်ပါးမြူးတူးခွင့်ကို ရရှိလျက် မပျော်မမြူး အထူး ညှိုးငယ် ဗျာပါကြွယ်၍ နေရခြင်းမှာ 'ရှေးကဝိပါက် ခုနစ်ရက်၊ ယခု ဝိပါက် နောက်ပိုးတက်' ဆိုတာလို အချစ်ဦး သကုဏ္တာလကလေးကို စိတ်မချမ်းမသာအောင် ပြုလုပ်မိတဲ့အတွက် အကျိုးပေးတာပဲလို့ တွေး မိလေသည်။

ကဲ ကဲ ဤနေရာဌာနမှာ ကျွန်ုပ် လျောင်း စက်ရန် နေရာတစ်ခုကိုသာ ပေးပေတော့။

WWW.DHAMMARANSI.COM



အလွမ်းဖြေ၍ နားနေလျှောင်းစက်ပြီးလျှင် အလွန် ယဉ်ကျေးသော ပန်းပင်များကို ကြည့်ရှု၍ နွဲ့နွဲ့နှောင်းနှောင်း ရှုဖွယ်ကောင်းလှသော ဤ ပန်းပင်ကလေးသည် ယဉ်ကျေးသော သကုဏ္ဍလနှင့် တူပေ၏။ ကြာဖြူပန်းထဲ၌ ဝဲပြီး နားနေတဲ့ ပိတုန်းသည် သကုဏ္ဍလမျက်လုံးနှင့် တူပေစွ။ အစီအရီ ဖူး၍ နေကြသော စံပယ်ဖူးများသည် သကုဏ္ဍလ မင်းသမီးကလေး၏ စိန်အဆင်းကဲ့သို့ ဖြူထွားသော သွားကလေးတွေနှင့် တူပေစွ။ လေပြည်တိုက်ခတ်သဖြင့် ယိမ်းနွဲ့၍နေသော သစ်ခွပန်းတန်းများသည် သကုဏ္ဍလမင်းသမီးကလေး၏ ဖြည်းညင်းစွာ လှမ်းသွားသော ဟန်ပန်များနှင့် တူပေစွ”ဟူ၍ စဉ်းစားပြီး လွမ်းအားကို ဖြေဖျောက်ရတော့မှာပဲ။

ဟူ၍ မိန့်ဆိုတော်မူလေ၏။ ထိုအခါ အကြည်တော် မဏ္ဍဗျက

ရွှေနား ပန်ဆင်တော်မူပါ ဘုရား။ ပန်းရေးအတတ်မှာ တစ်ဖက်ကမ်း ခတ်အောင် လိမ္မာသော ပန်းချီဆရာမဖြစ်သည့် မိန်းကလေးတစ်ယောက်သည် ယနေ့ သည်အချိန်အခါ သည်မင်္ဂလာဥယျာဉ်တော်သို့ အတုမရှိ လှပသော သကုဏ္ဍလထိပ်ထားကလေး၏ ရုပ်ပုံရွှေလွှာကို ရေးသား၍ ဘုရင်မင်းမြတ်အား ဆက်သရမည်ဟု အမိန့်ပေးထားပြီးဖြစ်၍ မကြာခင် ပန်းချီဆရာမကလေး လာရောက်ခစားပါလိမ့်မည်။ ထိုအခါ အရှင်ဘုရား လွမ်းအားနှင့် တသတော်မူသော သကုဏ္ဍလ ကညာနတ်၏ မြတ်သောပုံကို တွေ့မြင်တော်မူပါလိမ့်မည်။ ကြည်လင်စွာ စံစားတော်မူပါဘုရား။

ဟူ၍ လျှောက်တင်လေ၏။ ဒသျှုန္တ မင်းသားက

အလို တယ်သင့်လျော်တဲ့ အချက်ပေပဲ။ အကြည်တော် ယခုလို လွမ်းဆွတ်တ၍ နေရတဲ့အခါ သကုဏ္ဍလအစစ် ကျွန်ုပ်အချစ် ပတ္တမြားအနှစ်ကလေးနှင့် ဒိဋ္ဌပင် မတွေ့ရ မမြင်ရသော်လည်း သူ့၏ရုပ်ပုံတော်များကို စောင့်ဆိုင်းရင်း နားနေရန် အေးမြတဲ့ ပန်းချုံတစ်ခုကိုသာ ရှာပေတော့။

ဟု အမိန့်ရှိရာ မဏ္ဍဗျလည်း တဖြည်းဖြည်း လမ်းပြ၍ သွားလေ၏။ ချောင်းမြောင်းနားထောင်၍ နေသော မိဿကေသီ နတ်သမီးလည်း ဘုရင်နောက်သို့ ရုပ်ဖျောက်ကာ လိုက်သွားလေသတည်း။

*

အကြည်တော် မဏ္ဍဗျသည် ရှေ့ဆောင် လမ်းပြ ပြုလုပ်သည့်အတိုင်း အလွန်တရာ ထူးဆန်း လှပစွာသော ‘မာဓဝီ’မည်သည့် ပန်းချုံအောက်မှာ ဒသျှုန္တ မင်းသား စံနေစဉ် အေးအေးသာသာ လေပြည်လေညင်း တိုက်ခတ်သည့်အခါ ထိုပန်းချုံသည် တယိမ်းယိမ်း တနွဲ့နွဲ့နှင့် လှုပ်ရှားလေ၏။ ထိုမာဓဝီ ပန်းချုံကို လေဟုန် တိုက်ခတ်သောအားဖြင့် ပတ္တမြားနှင့် တူသော ဝတ်ဆံ၊ ရွှေနှင့်တူသော ဝတ်မှုန်တို့လည်း ဒသျှုန္တ မင်းသား၏ ကိုယ်တော်ပေါ်သို့ တဖွဲဖွဲကျလျက် ရှိလေ၏။ ထိုပန်းချုံမှ မွှေးကြိုင်သော ရနံ့တို့သည်လည်း တပျံ့ပျံ့ ကြိုင်လှိုင်လေ၏။ ထိုအခါ ဒသျှုန္တ မင်းသားသည် စဉ်းစားတော်မူသည်မှာ–

လေပြည်လေညင်း တိုက်ခတ်သဖြင့် ဤ မာဓဝီ ပန်းချုံ၏ ယဉ်ကျေးစွာ ယိမ်းယိုင် လှုပ်ရှားပုံများသည် သကုဏ္ဍလမင်းသမီးကလေး၏ သွားလာ လှုပ်ရှားပုံနှင့် တူလေသည်။ ဤမာဓဝီ ပန်းပွင့်၏ဝတ်မှုန်များသည် သကုဏ္ဍလ မင်းသမီး၏ အသားကလေးကဲ့သို့ ဝါဝင်း တောက်ထိန်လေသည်။ ထိုပန်း၏ ရနံ့များသည်ကား သကုဏ္ဍလ မင်းသမီးကလေး၏ မွှေးသောကိုယ်နံ့ကဲ့သို့ပင်တည်း။

ဟူ၍ ရောက်တတ်ရာရာ ပြောဆို မြည်တမ်း၍ နေစဉ် နောက်က အစဉ်တစိုက် ပါရှိ၍ လာသော မိဿကေသီ နတ်သမီးက တစ်ကိုယ်တည်း ပြောဆိုသည်မှာ

WWW.DHAMMARANSI.COM



သြော်–ဒုဿန္တ မင်းသားဖြင့် သနားစရာကောင်း ၍ နေပါပြီကလား။ သကုန္တလာ မင်းသမီး ကလေးအတွက် အသက်ရှူမမှန်၊ ရာဇဏ္ဍေဗြွေ တော်များ ဖောက်ပြန်၍ အပူပန်ကြီး ပူပန်၍ နေတော်မူရှာလေပြီ။ ငါသည်လဲ ဤရုပ်ထွေး သော ပန်းချီကို ကွယ်၍ တင့်တယ် လှပသော ဒုဿန္တမင်းသား၏ ပူဆွေးသောက စိတ္တဇနှင့် အလွမ်းနာကျပုံ၊ အချစ်သွေး နှောင့်ယှက်၍ ကတောက်ကတက် ဖြစ်နေပုံများကို ချောင်း မြောင်း၍ ကြည့်ရှု စုံစမ်းရဦးတော့မည်။ နောက် အခါကာလမှ ဒုဿန္တမင်းသား၏ ဖြစ်ပုံပျက် ပုံ အလုံးစုံများကို သကုန္တလာ မင်းသမီးကလေး အား ပြောကြားရဦးမှာပဲ။

ဟူ၍ ဆိုပြီးလျှင် ဘုရင်၏နောက်က ချောင်းမြောင်း ကြည့်ရှုကာ နေလေ၏။

ထိုအခါ ဒုဿန္တမင်းသားသည် သက်ပြင်းကြီးရှု၍ ညည်းညူ ပြောဆိုသည်မှာ–

အို– ကျွန်ုပ်၏မိတ်ဆွေချစ် အကြည်တော်ဖြစ် ပေသော မဏ္ဍဗျ၊ ယခုအခါ ကျွန်ုပ်၏ စိတ်ထဲမှာ တောရပျော်မွေ့သော ရသေ့တို့၏ သင်္ခမ်းကျောင်း ဌာနမှာ သကုန္တလာ မင်းသမီးကလေးနှင့် ချစ် သွေးစွမ်းငြိ မေတ္တာရှိခဲ့ကြသော အဖြစ်အပျက် များကို အထင်အလင်း ဇာတ်ကြီးခင်း၍ ပြသလို ထင်မြင်နေပါသည်။ သကုန္တလာ အလှကေသွယ် နတ်မျိုးနွယ်ကလေးနှင့် တွေ့မြင်ဦးစ ပထမက စပြီး မည်မျှလောက် ချစ်ခင် စုံမက် နှစ်သက် မြတ်နိုးခဲ့သည်ဆိုတာကို စုံလင်စွာ ကျွန်ုပ် ပြော ဆို၍ ပြီးခဲ့လေပြီ။ သို့ရာတွင် သကုန္တလာ မင်းသမီးကလေးကို နန်းတော်မှ နှင်ထုတ်လိုက်မိ သောအခါမှာဖြင့် အသင် မရှိပေ။ ကျွန်ုပ်စကား ပြောတိုင်း ပြောတိုင်းပင် သူ၏ အမည်ကိုသာ မကြာမကြာ ခေါ်ဝေါ် ပြောဆိုမိလေသည်။ ကျွန်ုပ်က သကုန္တလာ မင်းသမီးကလေး၏ အကြောင်းများကို သင့်အား အလုံးစုံ ပြောကြား ပါလျက် သင်ကတော့ ကျွန်ုပ်ကဲ့သို့ သကုန္တလာ မင်းသမီးကလေး၏ အကြောင်းကို များစွာ ပြောဆိုဖော်မရပါကလား။ အသင်လဲ ကျွန်ုပ်ကဲ့ သို့ပင် သကုန္တလာမင်းသမီး၏ အကြောင်းတွေ ကို မေ့လျော့ကုန်ပြီလား။

ဟု ဆိုရာ အကြည်တော် မဏ္ဍဗျက

ကျွန်တော်မျိုးတော့ မမေ့မလျော့ပါဘူး။ သို့ သော်လဲ အရှင်မြတ်က သကုန္တလာ၏ ဇာတ် အဖြစ်အပျက်တွေကို အလုံးစုံ ပြောဆိုပြီးသော နောက် ယခု ပြောဆိုခဲ့သမျှတွေဟာ စိတ်ပြေ လက်ပြေ အပျင်းပြေ ကြံစည်၍ ဒဏ္ဍာရီ ပြော ဆိုသော ပုံပြင်မျှ ဖြစ်သည်ဟူ၍ ပြောဆိုဖူး ပါသည်။ ကျွန်တော်မျိုးကလဲ ယခုပြောနေတဲ့ သကုန္တလာအကြောင်းတွေဟာ အပျင်းပြေ ပြော သော ဒဏ္ဍာရီဇာတ်မျှသာ ဖြစ်သည် ဟူ၍ ယုံကြည်နေတာပါပဲ။ တကယ်စင်စစ် ဖြစ် ကြောင်းကို ယခုမှပင် အထင်အရှား သိရပါ သည်။ ဤကဲ့သို့ ဖြစ်ပျက်ရအောင်ဟာ ကံစီမံ ပေးတာ ထင်ပါရဲ့ဘုရား။

ဟူ၍ လျှောက်ထားလေ၏။

မိဿကေသီ နတ်သမီးက ပုန်းလျှိုးနေရာမှ "ဟုတ်ပါရဲ့။ ဒုဿန္တမင်းသား ပြုလုပ်စီမံတဲ့ ကံပါပဲ"

ဟူ၍ ဆိုလေ၏။ ထို့နောက် ဒုဿန္တမင်းသားက–

အကြည်တော် ကျွန်ုပ် စိတ်ဒုက္ခ ရောက်ခြင်း များသည် ကာလရှည်လျားတိုင်း တိုးတက်၍သာ နေလေ၏။ မည်သည့်အခါမျှ သက်သာခွင့်ကို မရပါ။ ဘယ့်နှယ်လဲ ကျွန်ုပ်၏ စိတ်ဒုက္ခရောက် ခြင်းများကို သက်သာ ချမ်းမြေ့အောင် ဥာဏ် ထုတ်၍ မပေးနိုင်ဘူးလား၊

ဟု ဆိုရာ အကြည်တော် မဏ္ဍဗျက

ဘယ်လိုများ စိတ်ညစ်၍ ဒုက္ခအသစ်တွေ ရောက်နေပြန်ပြီလားဘုရား။ သဘောကြီးကြီး ထားတော်မူပါ။ လောကဓံတရားတွေကြောင့် များစွာ တုန်လှုပ်ခြင်း ဖြစ်တော်မမူပါစေနှင့်။

WWW.DHAMMARANSI.COM



သူတော်ကောင်းတို့၏ စိတ်များဟာ မည်သည့်အကြောင်းကြောင့်မျှ လှုပ်ရှား ယိမ်းယိုင်ခြင်း မဖြစ်နိုင်ကြပါ။ ခိုင်ခံ့လှစွာသော ကျောက်တောင်ကြီးသည် အရပ်ရှစ်မျက်နှာတို့မှ လာသော လေပြင်းမုန်တိုင်းတို့ကြောင့် မတုန်မလှုပ်ဘဲ ပကတိ တည်မြဲတိုင်း တည်တံ့၍ နေဘိသကဲ့သို့ သူတော်ကောင်းစိတ်ဝင်စား၍ စိတ်သဘော ကြီးမားသော သူတို့၏ စိတ်သည်လဲ ယသာယသံ နိန္ဒပသံသ။ သုခ၊ဒုက္ခော၊ လာဘော အလာဘော တို့ကြောင့် ရွေ့လျော ယိမ်းယိုင်ခြင်း မဖြစ်နိုင်ပါ။ အရှင်မင်းမြတ်သည်လဲ တိုင်းပြည်ကို အစိုးရတော်မူသော ဘုရင်တစ်ပါး ဖြစ်တော်မူသည်အားလျော်စွာ ခိုင်ခံ့ ကြီးမားစွာသောစိတ်ကိုသာ ထားသင့်ပါသည်ဘုရား။ သောကမပွားပါစေနှင့်။

ဟူ၍ လျှောက်ထားလေ၏။ ဒသန္တုမင်းသားက

အို– ယခုလိုအခါမှာဖြင့် တရားဟောဆရာကြီးလုပ်ပြီး အနည်းနည်း ပြောပြသော်လဲ သဘောကျနိုင်မည် မဟုတ်ချေ။ မည်မျှလောက် အေးမြသော သီတာရေပင် ဖြစ်စေ၊ ကမ္ဘာကို လောင်သောမီးကို ငြိမ်းအောင် မပက်ဖြန်းနိုင်သကဲ့သို့ ယခုအခါ မည်မျှလောက် အေးမြသော တရားရေဖြင့် သွန်းဖြန်းသော်လဲ ကျွန်ုပ်၏ စိတ်နှလုံးတည်းဟူသော ကမ္ဘာကို လောင်မြိုက်နေသည့် သောကမီးကိုဖြင့် ငြိမ်းစေအောင် ပြုလုပ်နိုင်မည် မဟုတ်ချေ။ ကျွန်ုပ်သဘောအတိုင်း ဆက်၍ ပြောပါရစေ။ ကျွန်ုပ် နှင်ထုတ်လိုက်၍ စိတ်ပျက်ညှိုးငယ်စွာနှင့် အားကိုးရာ မရသော သကုဏ္ဍလမင်းသမီး၏ အဖြစ်အပျက်ကို စဉ်းစားမိသောအခါ ကျွန်ုပ်မှာ ရာဇပလ္လင်တော်ကိုမျှ မဆောင်နိုင်ဘဲ အမျိုးမျိုး ဟန်ပျက်၍ စိတ်လက်ပူဆွေး မကျေမအေးဖြစ်၍နေပါသည်။ ကျွန်ုပ် နှင်ထုတ်လိုက်တဲ့အခါ သကုဏ္ဍလ မင်းသမီးသည် သူ့ကို အပို့လာသော ရသေ့များ နောက်သို့ ပြန်၍လိုက်မည် ပြုသည်တွင် ရသေ့များက မျက်နှာထားဆိုးဝါးစွာနှင့် "နေရစ်ခဲ့ဟဲ့၊ နေရစ်"ဟူ၍ အသံခပ်ကျယ်ကျယ်နှင့် ပြောတာနှင့် သကုဏ္ဍလမင်းသမီးကလေးသည် မည်သည့်သူကိုမျှ ကိုးကွယ်ရာ မရရှာသောကြောင့် ရက်စက် စိမ်းကားကြသည်ကို တွေး၍ ဝမ်းနည်းလို့ ထင်ပါရဲ့။ ညှိုးငယ်သော အမူအရာနှင့် ကျွန်ုပ် မျက်နှာကို ကြည့်ပြီး စီးကျသော မျက်ရည်တို့ဖြင့် တလိုက်လိုက် တဖိုဖို ဆိုငို မြည်တမ်းရှာလေသည်။ ဤကဲ့သို့ သူ့ဖြစ်ပုံတွေကို တွေးမိလေလေ၊ ကျွန်ုပ်၏ နှလုံးသားကို ဓားနှင့် လှီး၍ မီးမှာကင်သလို ဖြစ်လေလေ ဆည်ဖြေလို့ မရနိုင်ပါပဲကလား။

ဟု ညည်းတွား ပြောဆိုပြီးလျှင် ဘောက်ခတ်၍ မှိုင်တွေကာ နေလေ၏။ မိဿကေသီ နတ်သမီးက

သြော် ဒသန္တုမင်းသားဖြင့် အမှန်ပင် ဒုက္ခရောက်နေရှာတော့တာပဲ။ ယခု သူ့ဖြစ်ပုံများကဖြင့် အပုံကြီး သနားဖို့ ကောင်းနေပါပြီ။

ဟူ၍ ကရုဏာအားဖြင့် ပြောကြား စုတ်သပ်၍ နေလေ၏။ မဏ္ဍဗျက

အရှင် နှစ်သက် မြတ်နိုးတော်မူလှသော သကုဏ္ဍလမင်းသမီးကို နတ်သားတို့က အထက်ကောင်းကင်သို့ ဆောင်ကြဉ်း၍ သွားသည်မှာ အမှန်ပါပဲဟု ယုံကြည်စရာ ရှိလေသည်။ အကြောင်းကိုဆိုသော် ဤကဲ့သို့ ကောင်းကင်က နတ်သားများ ဆောင်ကြဉ်း၍ သွားသောကြောင့်သာလျှင် ယခုအခါ လူ့ပြည်လောကမှာ ရှာ၍ မရဘဲ ပျောက်ဆုံးခြင်း ဖြစ်လေသည်။

ဟူ၍ လျှောက်တင်ရာ ဒသန္တုမင်းသားက

အို ယခုလို သူ၏ လင်သားအပေါ်မှာ လွန်စွာ ချစ်ခင်မြတ်နိုးစွာနှင့် အားကိုးအားထားပြုရန်လာသော မင်းသမီးကို ဘယ်အတွက်ကြောင့် တမင် အဆင်းရဲခံ၍ နတ်သားများက ဆောင်ကြဉ်း၍ သွားပါမလဲ။ တွေးတော မှတ်စရာရှိ

WWW.DHAMMARANSI.COM



သည့်အကြောင်းတစ်ခုမှာတော့ သမာဂမည်သော တောကို စောင့်ကြပ်သည့်မေနကာနတ်သမီးက မယ်တော်ဂေါတမီ၏ အမိန့်အရနှင့် အပေါင်းအဖော်ဖြစ်သော နတ်သမီးများကို ဆောင်ကြဉ်းစေ၍ ကွယ်ဝှက်ထားရန် စီမံသည် ထင်ပါရဲ့။

ဟူ၍ ပြောကြားလေ၏။ ချောင်းမြောင်း ကြည့်ရှု၍ နေသော မိဿကေသီ နတ်သမီးက

ယခု ငါကြားသိသမျှနှင့် စဉ်းစားလိုက်ရမှာဖြင့် ဒုဿန္တမင်းသားသည် သကုဏ္တလမင်းသမီးကလေးကို နန်းတော်မှ ပယ်ရှား နှင်ထုတ်လိုက်စဉ်အခါမှာ ဘာကိုမျှ သတိမရဘဲ အိပ်မောကျနေသောသူကဲ့သို့ ဖြစ်နေတာ အမှန်ပဲ။ မိမိပြုသောအမှုကို မိမိ သတိမရဘဲ တွေဝေ မိန်းမော၍ နေတာ အမှန် ဖြစ်ပေလိမ့်မည်။

ဟူ၍ ဆိုလေ၏။ ထို့နောက် မဏ္ဍဗျက

ကိုယ်တော် အရှင်မြတ် တွေးထင်တော်မူသလိုသာ အမှန်ဖြစ်တာဖြင့် အရှင်ဘုရားသည် သကုဏ္တလ မင်းသမီးကလေးနှင့် မကြာမြင့်မီ ပင်လျှင် အမှန်ပြန်၍ တွေ့ကြုံတော်မူရဦးမှာပါပဲ။

ဟူ၍ လျှောက်တင်ရာ ဒုဿန္တမင်းသားက

အလို– ဘယ်အကြောင်းကြောင့် အကြည်တော်က သည်လို လျှောက်တင်ရပါသလဲ။

ဟူ၍ မိန့်ဆိုလေ၏။ ထိုအခါ မဏ္ဍဗျက

တကယ်လို့သာ သကုဏ္တလမင်းသမီး၏ မိခင်ဖြစ်သော ဂေါတမီ၏အလိုဆန္ဒနှင့် ယခုလို ပျောက်ကွယ်နေခြင်းသည် မှန်ပါလျှင် ယခုလိုသာ အရှင်မင်းမြတ်က တမ်းတတော်မူနေပါက မြန်စွာပင် ပြန်၍ တွေ့ဆုံအောင် စီမံပေးရန်လမ်း ရှိလေသည်။ အကြောင်းကို ဆိုသော်မည်သည့်မိခင်မဆို မိမိ၏ချစ်သမီးကို အလွန်ချစ်ခင် မြတ်နိုးသောသူတို့၏ လင်သားများထံမှ ကြာရှည်စွာ ခွဲခွာ၍ ထားနိုင်ကြတာမျိုး မဟုတ်ပေဘူး။

ဟူ၍ လျှောက်တင်လေ၏။

ထို့နောက် ဒုဿန္တမင်းသားက

အို အကြည်တော်၊ အသက်တမျှ ချစ်ခင်လှသော သကုဏ္တလမင်းသမီးကလေးကို နှင်ထုတ်လိုက်သည့်အခါ ကျွန်ုပ် ယခုလို မှေ့မှေ့ လျော့လျော့ဖြစ်ရတာ အိပ်လို့များ ပျော်နေရော့သလား။ ထိုသို့မဟုတ် ကျွန်ုပ်ကို တစ်စုံတစ်ဦးသောသူများက လှည့်စား ဖြားယောင်း၍ ထားလေတော့သလား။ ထိုသို့မဟုတ် စုန်းနတ်တို့နှောင့်ယှက်၍ ထိုအခါ နှလုံးသွေးများ ပျက်နေလေတော့သလား။ ထိုသို့မဟုတ် ကျွန်ုပ်က သိလျက်သားနှင့် အထင်မှား၍ နေလေတော့သလား။ ဤအကြောင်းအရာများကို စဉ်းစား၍ မရနိုင်ဘဲ ရှိတော့သည်။ ဘယ်အတွက်ကြောင့်ပဲဖြစ်ဖြစ် စင်စစ်မှာတော့ ရတနာအစစ် ကတိုးနှစ်သဖွယ် မပစ်မပယ်နိုင်အောင် ချစ်ခင်လှသော သကုဏ္တလ မင်းသမီးကို နှင်ထုတ်လိုက်မိတာမှာတော့ ပြောစရာ မရှိအောင် မှားတာပါပဲ။ ကျွန်ုပ်၏ လက်တွင်းသို့ သကုဏ္တလ မင်းသမီးကလေး မရောက်သမျှမှာဖြင့် စိတ္တဇ ညှိုးချုံး၍ နှလုံးမသာ လွန်စွာပူဆွေး၊ သောကမီး မအေးနိုင်အောင် ရှိတော့မှာပါပဲ။ သြော် ပြန်၍များ တွေ့မှ တွေ့ရပါဦးမလား။ အကြည်တော် မဏ္ဍဗျ၊ ဒုက္ခရောက်နေပုံကို မြင်ရက်သေးရဲ့လား။

ဟူ၍ ဆိုပြီးလျှင် အောက်၌ ပါသော အပူ တေးထပ်ကို ရွတ်ဆိုလေ၏။

## တေးထပ်

နှလုံးအိမ်ဆူပွက်လို့၊ ပူရတက်လွမ်းကာ၊ ဖြူကနက် နန်းရတနာဗွာ၊ မချမ်းသာနိုင်တော့၊ ကမ္ဘာမီးမကသာအောင် ဆတတ်စရာ တိုးလိမ့်မလျော့။ သို့ပေတဲ့ ရပေပိုင်မှာ မသေနိုင်လေတော့၊ လှကေခိုင်ရွှေဖော့ကြောင့် ခွေပြော့ပြော့ ညှိုးကြုံ။ ဖန်သူရိန်တန်ခိုးမွေ့တာနှင့် ညှိုးသွေ့သည့် ပန်းရဲ့သွင်ပုံ။

WWW.DHAMMARANSI.COM



နတ်ဇာတိဆွေ,သကုဏ်ကို တွေ့မဆုံသေးသမျှမှာဖြင့် အေးမမြ– လူးလိမ့်ပြန်လှန် ရှုးလိမ့်မှန်ကန်။ ဝိပါက်ကြောင့် မသေကျန်တယ်၊ ဝေဒနံ ထန်ပြင်းလို့လေး။

ဤကဲ့သို့ ညည်းတွားး၍ သနားစဖွယ် ပူပင်ညှိုးနွမ်း၍နေသော ဒုဿန္တမင်းသားကို အကြည်တော်မဏ္ဍဗျက အားပေးစကား ပြောကြားသည်မှာ

တိုင်းကြီးသခင် ဘုရင်ဘုန်းလျှံ စောဒုဿန်၊ အလွန်တရာ ပူပန်၍ နေတော်မမူပါနှင့် ကိုယ်တော်၊ 'သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့.' ဆိုသော စကားကဲ့သို့ သကုဏ္တလ မင်းသမီးကို ယခု မတွေ့ရသေးသော်လဲ နောက်အခါ မုန်စွာ တွေ့ရပါလိမ့်မည်။ စိတ်ပျက်၍ အားလျော့တော်မမူပါနှင့်။ စဉ်းစားတော်မူပါ။ ပျောက်လေပြီးသော လက်ဝတ်တော် ရတနာကိုပင် ပြန်၍ တွေ့ရှိတော်မူပါသေးသည်။ အရှင်မြတ်၏ ဘုန်းသမ္ဘာတော်က ဖန်လာမှုဖြင့် အမှန်ပင် တွေ့ကြုံ ပေါင်းသင်းရဦးမှာပါပဲ။

ဟူ၍ လျှောက်ထားလေ၏။ ထို့နောက် ဒုဿန္တမင်းသားက ပြန်၍တွေ့ရှိသော လက်စွပ်ကို ကြည့်၍ ပြောသည်မှာ

သြော်– သည်လက်စွပ်ကို ကျွန်ုပ် ပြန်၍ ရရှိပေမယ့် လက်စွပ်ကလေးကို သနားသည့်အတွက်နှင့် ကျွန်ုပ် စိတ်ပျက်ခြင်း ပျောက်ကင်းသေးတာ မဟုတ်ဘူး။ တစ်မျိုးတစ်မည် တွေးပြီး စိတ်မအေးနိုင်ဘဲပင် ရှိလေသေးသည်။ ဘာကြောင့်လဲဆိုတော့ သနားဖွယ် ကောင်းသော ဤလက်စွပ်ကလေးသည် ရှေးအခါ လွန်စွာနူးညံ့ ပျော့ပျောင်းသော သကုဏ္တလမင်းသမီး၏ လက်သန်း၌ ချမ်းသာစွာ စံစားရပြီးမှ ယခုအခါ သကုဏ္တလ မင်းသမီးကလေး၏ နူးညံ့သိမ်မွေ့သော လက်နှင့် ကွဲကွာခြင်းကြောင့် ဖြစ်လေသည်။ သည်လက်စွပ်ကလေးသည် သူစံစားနေခဲ့သော သကုဏ္တလမင်းသမီး၏ လက်ကိုဖြင့် ရတ်တရက် ပြန်၍ တွေ့နိုင်ရာတော့မှာ မဟုတ်ပေဘူး။ ကိုယ်ချင်းစာတရားနှင့် ပြောရမှာဖြင့် ငါသည် အလွန်ချစ်ခင်လှစွာသော သကုဏ္တလမင်းသမီးကလေးနှင့် ကွဲကွာ၍ လွန်စွာ ပူပင်ဆင်းရဲဘိသကဲ့သို့ သည်လက်စွပ်ကလေးဟာလဲပဲ သူ ချစ်ခင် နှစ်သက်သော သကုဏ္တလ၏ လက်နှင့် ကွဲရရှာသောကြောင့် များးစွာ ဆင်းရဲရှာပေမှာပဲ။

(ထို့နောက် လက်စွပ်ကို ယိုးမယ်ဖွဲ့၍ ပရိယာယ်ဖြင့် ပြန်ပြောသည်မှာ)

ဒုဿန္တတံဆိပ်ခတ်တဲ့ အို နဝရတ် လက်စွပ်ကလေး။ သင်သည် ပတ္တမြားအသွေးကဲ့သို့ နီတွေးသော လက်သည်းရောင်တို့ဖြင့် တပြောင်ပြောင် တလက်လက် ထွန်းတောက်၍ ဝါဠမ်းကဲ့သို့ နူးညံ့သော သကုဏ္တလမင်းသမီး၏ လက်မှာ ပျော်ရွှင်စွာ စံနေရာက ခွဲခွာ၍ နေရသည့်အတွက် ဘယ်မျှလောက် ဆင်းရဲဒုက္ခနှင့် ကြုံတွေ့၍ နေရဖါသနည်း။ သင့်မှာ အသက်မရှိ၍သာ ဤမျှလောက် တည်တံ့၍ နေနိုင်လေသည်။ အသက်ဝိညာဉ်ရှိပါမူ သင်၏ ညည်းညူ မြည်တမ်းသောအသံများကို ကျွန်ုပ်ကိုယ်တိုင် ကြားသိရမှာပါပဲ။ သြော်– သတိရပြီ၊ သတိရပြီ။ အသင်လက်စွပ်ကလေးသည် သေးကွေး သိမ်ငယ်၍ အသက်ဝိညာဉ် မရှိသည့်အတွက် သင့်အပေါ်မှာ တစ်စုံတစ်ရာမျှ အပြစ်ဆိုထိုက်သည် မဟုတ်ပေ။ သင်သည် သကုဏ္တလ မင်းသမီး၏ လက်မှာမစံစားရခင် ကျွန်ုပ်လက်နှင့်သာ မိတ်ဆွေအဖြစ်နှင့် ပေါင်းသင်း ဆက်ဆံ၍ နေရရှာလေသည်။ ထို့နောက် ကျွန်ုပ်က သစ္စာမဲ့စွာနှင့် သင့်ကို ခွဲခွာလိုက်မိသည့်အတွက်ကြောင့် ကျွန်ုပ်၏ မကောင်းသောအပြစ် ဒုစရိုက်များသည် သင့်ကို ထိခိုက်၍ ဓာတ်ရိုက်သွားခြင်း ဖြစ်လေသည်။ ယခုအခါ သင်နှင့် ကျွန်ုပ်မှာဖြင့် အလွန်တရာ မြတ်နိုးအပ်သည့် သကုဏ္တလ မိန်းမမြတ်

WWW.DHAMMARANSI.COM



ကလေးနှင့် ကွာဝေး ခွဲခွာ၍ နေကြရသည့် အတွက် မသက်မသာ များစွာ ပူပန်ခြင်းဖြစ်၍ နေကြရတဲ့ ကံတူအကျိုးပေး ဖြစ်၍ နေကြ လေပြီ။

ဟူ၍ ပြောဆိုပြီးလျှင် အောက်၌ ပါသော တေးထပ် ဖြင့် လက်စွပ်နှင့် ကိုယ့်အကြောင်းကို ဖွဲ့ဆိုလေ၏။

## တေးထပ်

ကိုးမျက်ပုံ့ထိန်ငြိလို့ စိန်မဏိသဲ္တာ ဣန္ဒနီ လျှံဖြာတယ်။ နဘန္တာပုလဲ။ ကြောင်အစစ် ပရည်လျှံ တယ်၊ မြပြည်တန် ဂေါ်မုတ်နှင့်ပဲ။ ဒုဿန္တ မည်သညာ စီရင်ကာဖက်တွဲ၊ လက်ဝတ်တော် ရတနာခဲမှာဖြင့် ခွာခွဲရရှာချေ။ သွင်နီတုံ့ သကုဏ်မေ့ရယ်နှင့် ကြုံ မတွေ့ဝေးတဲ့ ဖြစ်ထွေ။ သနားဖို့ အမှုပွေတယ်၊ သူ့ အနေ ကိုယ့်အရေးကိုဖြင့် တွေးမိတိုင်း- ဖောကြွ ဆူလျှံ၊ သောကပူပန်၊ လက်စွပ်နှင့် ကိုယ်ဖြစ်ဟန် မှာ ကံနစ်ကံ ဆုံစည်းလို့လေး။

မိဿကေသီနတ်သမီးက ပုန်းကွယ်ရာမှ ပြော သည်မှာ

အို ဒုဿန္တမင်းသား တွေးတာလဲ မဟုတ်သေး ပါဘူး။ သည်လက်စွပ်ဟာ ဒုဿန္တမင်းသား လက်သို့ ပြန်၍ရောက်သည်မှာ ဘာမျှ စိုးရိမ် ပူပန်ဖွယ် မရှိပါ။ အခြားသူများ၏ လက်တွင်း သို့ ရောက်သွားလျှင်သာ စိုးရိမ်ပူဆွေးစရာ ရှိပါသည်။ အို သကုဏ္ဍလမင်းသမီးကလေး၊ ဒုဿန္တမင်းသား ပြောဆိုသော စကားများကို ကြားရတာ ကျွန်ုပ်မှာ များစွာဝမ်းသာသကဲ့သို့ အသင့်ကိုလဲ နားစည်းစိမ်ခံ၍ ဝမ်းသာစေချင် ပါသည်။

ဟု ဆိုလေ၏။ ထို့နောက် အကြည်တော် မဏ္ဍဗျက ပြောသည်မှာ

ဘုရား ကျွန်တော်မျိုး လျှောက်တင်စမ်းပါရစေ။ ဤလက်စွပ်ဟာ ဘယ်လိုနည်းနှင့် သကုဏ္ဍလ မင်းသမီးလက်တွင်းသို့ ရောက်လေသည် ဆိုတာ ကို သေချာစွာ အမိန့်တော်ရှိစမ်းပါ ဘုရား။

ဟူ၍ မေးမြန်းလေသည်တွင် ဒုဿန္တမင်းသားက-

အို အကြည်တော် မဏ္ဍဗျ၊ အသင်လဲ သိပါလိမ့် မည်။ ကျွန်ုပ်သည် သူတော်ကောင်းအပေါင်း တို့ သိတင်းသုံးနေရာ သေလာစခန်း တောရ ကျောင်းသင်္ခမ်းသို့ သွားရောက်၍ သကုဏ္ဍလ မင်းသမီးနှင့် တွေ့ကြုံပြီးနောက် ထိုကျောင်း သင်္ခမ်းဌာနမှ နန်းတော်သို့ ပြန်မည်ပြုရာတွင် ကျွန်ုပ်၏အသက် စိန်တစ်ခက် ဝတ်မှုံနီတုံ့ အသွေး၊ သကုဏ္ဍလမင်းသမီးကလေးက ပူဆွေး သောအမူအရာ၊ မသာသောစိတ်ထားနှင့် မျက် ရည်များ စီးဆင်းပြီးလျှင် “ဘုန်းတော် ရောင် ခြည်၊ ဆယ်ရပ်လည်၍ ပြည် ပြည်သနင်း အမင်းမင်းတို့၏ထွတ်ဖျား အရှင်သား၊ ခွဲခွာ၍ သွားမည်ဆိုသည့်အရာမှာ မည်မျှလောက် ကြာ မြင့်ပါမည်နည်း။ အရှင့်သားကို လွမ်းတသည့် အခါ မည်သည့်အရာကို စွဲလမ်းရစ်ရပါမည် နည်း။ အရှင့်သား၏ အထိမ်းအမှတ်ဖြင့် မြင့်မြတ် သော အရာတစ်ခုကို သနားတော်မူခဲ့ပါလျှင် လွန်စွာ သင့်လျော်ပါလိမ့်မည် ဘုရား ဟူ၍ လျှောက်ထားရှာလေသည်။

ဤသို့ပြောဆိုနေရင်း စကားမဆုံးမီ အကြည် တော် မဏ္ဍဗျက သိလိုဇောအားကြီးစွာနှင့်

နောက်ပြီးတော့ ဘယ်လို ဖြစ်ပါသေးသလဲ ဘုရား။

ဟု လျှောက်တင်လေ၏။ ဒုဿန္တမင်းသားက ဆက်၍ ပြောသည်မှာ

သည်လို ပြောဆို လျှောက်ကြားပြီးသည့်နောက် ကျွန်ုပ်က မင်းသမီးကလေး၏ နူးညံ့ ပျော့ပျောင်း သောလက်ကို ကိုင်ဆွဲပြီးလျှင် ကျွန်ုပ်၏အထိမ်း အမှတ်အလို့ငှာ ဤရတနာလက်ဝတ်တော်ကို ယူရစ်ပေတော့။ အရေးအကြောင်းဟူ၍ ကြုံ လာလျှင် ဤလက်စွပ်တွင် ပါသော အက္ခရာ

WWW.DHAMMARANSI.COM



သုံးလုံးကိုသာ ရွတ်ဆို သရဇ္ဈာယ်ပေတော့။ အက္ခရာ သုံးလုံးအနက် ဒု-သျှန်-တ-ဟူသော အက္ခရာသုံးလုံး ပြည့်စုံအောင် မရွတ်ရသေးမီ ပင်လျှင် ကျွန်ုပ်နန်းတော်မှ ဂုဏ်သရေ အမြင့်မြတ်ဆုံးဖြစ်သော အမတ်ကြီးတစ်ပါးသည် ခြွေရံသင်းပင်းများစွာနှင့် အသင့်ထံသို့ လာ၍ နန်းတော်သို့ ဆောင်ယူလိမ့်မည်။ ကျွန်ုပ်အသက် ကလေးမှာ ဘာမျှ စိုးရိမ်ရန် မရှိပါ ဆို၍ နဝရတ်လက်စွပ်ကို အပ်နှံပေးထားခဲ့ပြီးမှ ဤနန်းတော်သို့ သကုဏ္တလမင်းသမီးကလေး ဆိုက်ရောက်လာသည့်အခါ မည်သည့်အကြောင်းအရာကြောင့်ဟူ၍ ကျွန်ုပ် သတိမရဘဲ သတိမေ့လျော့စွာနှင့် သကုဏ္တလမင်းသမီးကလေးကို စွန့်ပစ်လိုက်မိချေသည်။

ဟူ၍ ပြန်ပြောလေ၏။ ထိုအခါ မိဿကေသီ နတ်သမီးက တစ်ကိုယ်တည်း ပြောသည်မှာ

'ဒုသျှန္တမင်းသားနှင့် သကုဏ္တလမင်းသမီးကလေးတို့သည် သုံးရက်တာမျှ ဒုက္ခဖိစီး ကွဲကွာကြပြီးလျှင် နောက်မှ ပြန်တွေ့ရမည်'ဟု ဒုဗ္ဗစနတ်ဆိုးကြီးက စီမံထားတာကို သူတို့ဖြင့် မသိရှာကြသေးဘူးနော်။ အစဉ်အမြဲ သေသည့်တိုင်အောင် ကွဲနေကြလိမ့်မည်ဟု ထင်မှတ်နေကြသည့် လက္ခဏာပဲ။

ဟူ၍ ပြောဆိုလေ၏။ ထို့နောက် မဏ္ဍဗျက ပြောသည်မှာ

အလွန် ထူးဆန်းတဲ့အရာပါပဲ ဘုရား။ သည်နဝရတ်လက်စွပ်တော်ဟာ ဘယ်လိုနည်းနှင့် ငါးကြီးတစ်ကောင်၏ ဝမ်းတွင်းသို့ ဝင်ရောက်နေရပါသလဲ။ လက်စွပ်ဟာလဲ ငါးမြှားချိတ်မဟုတ်ပါဘူး။ ဗြဟ္မာ့ပြည်က အပ်တစ်စင်းသည် လူ့ပြည် မြေပြင်ပေါ်မှာ ထောင်၍ စိုက်ထားတဲ့ အပ်သွားနှင့် ထိခိုက်နိုင်ဖို့ ခက်ခဲသကဲ့သို့ သည်နန်းတော်က လက်စွပ်ကို တောတွင်း ရေကန်တစ်ခုမှာ ရှိတဲ့ ငါး၏ပါးစပ်နှင့် ကြုံကြိုက်ဖို့ ခဲယဉ်းနေရာမှာ ယခုလို တိုက်ဆိုင်၍ ဖြစ်နေပုံများကို စဉ်းစားဖို့ အလွန်ကြပ်တာပါပဲ ဘုရား။

ဟူ၍ လျှောက်ထားလေ၏။ ဒုသျှန္တမင်းသားက

သည်လိုထင်ပါရဲ့။ ကျွန်ုပ်၏ အချစ်ပန်းကလေးသည် တောစခန်း လှမ်း၍လာရာ သစ္စာတီရမည်သော ရေကန်မှာ သက်ဆင်း၍ ရေသုံးသပ်စဉ်အခိုက် ဤလက်စွပ်သည် အမှတ်မဲ့ကျ၍ နေရစ်သည် ထင်ပါရဲ့။ ဒါနှင့် ငါးကြီး တစ်ကောင်က မျိုမိ၍ ကျွန်ုပ်၏ ဘုန်းသမ္ဘာကြောင့် နတ်များလာ၍ ဆက်သသည့်ပမာ တည့်မတ်ဖြောင့်တန်းစွာ ရွှေလက်တော်သို့ ရောက်သည့် လက္ခဏာပဲ။

ဟူ၍ မိန့်ဆိုလေ၏။

မဏ္ဍဗျက

သည်လိုလဲ တွေးစရာလမ်း ရှိပါရဲ့ဘုရား။ သည်လက်စွပ်ကလဲ သည်သစ္စာတီရ ရေကန်ထဲမှာမှ မေ့၍ ကျနေလွန်းတယ်။ ငါးကြီးကလဲ တမင်တကာ သည်လက်စွပ်ကိုမှ ရှာရှာဖွေဖွေ မျိုနိုင်လွန်းတယ်။ တံငါသည်ကလဲ သည်ငါးကြီးကိုမှ ရအောင် ထောင်နိုင်လွန်းတယ်။ ငါးကြီးကို ဖမ်းမိ၍ လက်စွပ်ကို တွေ့ပြီးသောနောက် သည်မြို့ထဲကိုမှ လာ၍ ရောင်းလွန်းတယ်။ ရောင်းလာသည့်အခါ တံငါသည်ကို အာဏာသားတို့ တွေ့မှ တွေ့လွန်းတယ်။ အလွန်တရာ ဆန်းကြယ်တဲ့ အဖြစ်အပျက်တွေပါပဲ။ လိုရင်းတိုတို ပြောရမှာဖြင့် 'ရှင်ဘုရင်ဘုန်း၊ မိုးသို့ချုန်း' ဆိုတာလို ရွှေဘုန်းတော်ကြောင့် ယခုလို ဖြစ်ပျက်ရတာပဲလို့ ဆိုရန်သာ ရှိပါတော့သည်။ ယခုလို ရနိုင်ခဲ့သော လက်စွပ်ကို ဘုန်းတော်ကြောင့် ပြန်၍ရသကဲ့သို့ သကုဏ္တလ မင်းသမီးကလေးကိုလဲ အရှင့်ရွှေဘုန်းတော်ကြောင့် ပြန်၍ တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ရန် အကြောင်း ရှိပါသည် ဘုရား။

ဟူ၍ ဆိုလေ၏။

WWW.DHAMMARANSI.COM



ထို့နောက် ဒုဿန္တမင်းသားက လက်စွပ်ကို အပြစ်တင်၍ ပြောပြန်သည်မှာ

အမှန်ပါပဲ။ သည်လက်စွပ်အတွက် အလွန်အမျက်ဒေါသ ထွက်မိလေသည်။ သူ့အတွက်ကြောင့်သာလျှင် သကုန္တလာမင်းသမီးကို စွန့်ပစ်မိလေသည်။ တကယ်လို့ သည်လက်စွပ်သာ သကုန္တလာမင်းသမီးကလေးနှင့်အတူ ပါလာပါလျှင် ဘယ်မှာ စွန့်ပစ်နိုင်ပါမလဲ။ ကျွန်ုပ်က ဘယ်လိုပင် သတိလစ်စေကာမူ သည်လက်စွပ်က အမှတ်ရအောင် သတိပေးမှာ မဟုတ်လား။

ဟူ၍ ဆိုသည်တွင် မဏ္ဍဗျက ဒုဿန္တမင်းသားပြောသော စကားသည် အကွက်မှကျ၊ အပြစ်မတင်ထိုက်သော လက်စွပ်ကို အပြစ်တင်လေသည်ဟု တွေးတောမိသောကြောင့် သူကိုင်ဆောင်ထားသော တောင်ဝှေးကို မြှောက်၍ ဆိုသည်မှာ–

အရှင်မြတ်သည် နဝရတ်လက်စွပ်ကို စိတ်ဆိုးဘိသကဲ့သို့ ကျွန်တော်မျိုးလဲ ဤတောင်ဝှေးကို စိတ်ဆိုးပါသည်။

ဟု ပြောလေ၏။ ဒုဿန္တမင်းသားက

ဘာကြောင့်လဲ မဏ္ဍဗျ။ သည်တောင်ဝှေးက ဘယ်လို သင့်ကို နှောင့်ယှက်ပါသနည်း။

ဟု မေးရာ၊ မဏ္ဍဗျက

အကြောင်း ကြီးကျယ်စွာတော့ မရှိလှပါဘူး။ ကျွန်တော်မျိုး၏ ကိုယ်ကာယသည် ကုန်း၍ ကွေးကောက်နေသော်လဲ ဤတောင်ဝှေးက ကိုယ်ကာယကို ဖြောင့်အောင် ပြုလုပ်ပေးလေသည်။ သို့အတွက် တောင်ဝှေးကို စိတ်ဆိုးတာပါပဲ။

ဟူ၍ ပြန်ကြားလေ၏။ ဒုဿန္တမင်းသားသည် မဏ္ဍဗျ၏ ပြောစကားကို မကြားချင်ယောင်ဆောင်၍ တစ်ကိုယ်တည်း ပြောသည်မှာ

အို လက်စွပ်မိုက်၊ သင်သည် သေးသွယ် နူးညံ့သော လက်ချောင်းကလေးပေါ်မှာ စံနေရပါလျက် ဘယ်အတွက်ကြောင့် ယခုကဲ့သို့ ကြာရိုး၊ ကြာရွက်၊ ကြာဖက်၊ ကြာပန်းများနှင့် ဖုံးလွှမ်း၍နေသော ရေကန်တွင်းသို့ အတင်း ခုန်ဆင်းချင်ရပါသနည်း။ အဖြေကတော့ လွယ်ပါရဲ့လေ။ အသင့်မှာတော့ အစဉ်းအစားဉာဏ်မရှိ။ ဇီဝိတမပါ။ အဝိဉာဏကဖြစ်တဲ့ အတွက်ကြောင့်လို့ ဆိုပါတော့။ သို့သော် ကျွန်ုပ်မှာတော့ စဉ်းစားဉာဏ်နှင့် ပြည့်စုံသည့် အသက်ရှိသော သတ္တဝါဖြစ်လေသည်။ ထိုသို့ ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် သကုန္တလာ မင်းသမီးကလေးကို ခွဲခွာလိုက်ပါသနည်းဟု ကိုယ့်အဖြစ်ကို တွေးကြည့်မိတိုင်း မသက်မသာ ခက်စရာအကြောင်းတွေသာ ပေါ်ပေါက်လာတော့သည်။

ဟူ၍ ညည်းညူ ပြောဆိုလေ၏။ အကြည်တော် မဏ္ဍဗျကလည်း တစ်ကိုယ်တည်း ညည်းညူ ပြောဆိုသည်မှာ

သြော်–ဘုရင်၏အလိုအတိုင်း လိုက်ပါ၍ ပြောကြား တင်လျှောက်နေရတာနှင့် ငါဖြင့် လွန်စွာဆင်းရဲဒုက္ခ တွေ့နေတော့တာပဲ။ ဒုဿန္တမင်းသားမှာတော့ သူစဉ်းစားချင်တာတွေကို စဉ်းစားပြီး သောကဗျာပါရများတိုင်း စကားဦး တည်မိသမျှတွေကို ပြောနေလေသည်။ ကာမုမ္မတ္တက စိတ်ရှုးထ၍ နေတာကြောင့် ထမင်းဆာမှန်း မသိ၊ ဝမ်းဟာမှန်း မသိ ဖြစ်နေတာပဲ။ ငါ့မှာဖြင့် အလွန်တရာ ဆာလောင် မွတ်သိပ်၍ နေပြီ။ ရှင်ဘုရင်၏ ရောဂါကို ဘယ်လိုများ ကြံစည်၍ ကုသရပါမည်နည်း။

ဟူ၍ တွေးတော ညည်းညူလေ၏။

ဒုဿန္တမင်းသားကလည်း သကုန္တလာမင်းသမီးကို တမ်းတ၍ တစ်ကိုယ်တည်း ညည်းညူပြန်သည်မှာ

အပြစ်မရှိဘဲ အကြောင်းမဲ့ ကျွန်ုပ်၏ နှင်ထုတ်နှိပ်စက်ခြင်းကို ခံရသော အို သကုန္တလာမျက်ဖျော် အချစ်တော်ကလေး၊ ယခုကဲ့သို့ သစ္စာမရှိ ကတိမတည်သော ကျွန်ုပ်၏ နောင်တ

WWW.DHAMMARANSI.COM



ရခြင်း၊ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းများကို ဘယ်အခါကာလမှ သင်နှင့် တွေ့ဆုံခြင်းအား ဖြင့် ဖြေဖျောက်ရပါအံ့နည်း။ ကျွန်ုပ်၏ စိတ္တဇ ရောဂါကို သင်နှင့် တွေ့ကြုံရခြင်းမှတစ်ပါး မည်သည့်ဆေးဝါးနှင့်မျှ ကုသ၍ ရလိမ့်မည် မဟုတ်ပါ။

ဟူ၍ ညည်းညူပြီးလျှင် အောက်၌ပါသော တေးထပ် ကိုလည်း ရွတ်ဆိုလေ၏။

## တေးထပ်

လက်စွပ်တော် ပွေအမူဟာကြောင့်ဘွဲ့ပြဒ်ရိပ် လယ်၊ သေလုလု စိတ်ငယ်သည် မိတ်နှစ်သွယ် ကွာဝေး၊ ခုလိုဖြင့် ချမ်းသာကြည်ပေါင် လွမ်းတာရှည် ချဲ့မယ့်အရေး၊ ပွဲတော်မြတ် သုံးမမြိန် နှလုံးအိမ် ပူဆွေး၊ တခုန်ခုန် ထုံသွေးက တန္ဓေးနွေးပွက်ဆူ၊ တွေ့မကြုံသေးသမျှမှာတော့ အေးမမြ ညှိုးရမယ့်သူ၊ ဘယ်တော့မှ လှမဥ္စူရယ် မြရည်တူ ကေတစ်ပွင့် ရယ်နှင့် ရဝေမြင့်–နန်းဘုံဘွေမှာ လွမ်းတဲ့ဖြေကာ အကြောင်းကြောင်း သစ်လင်းစွာငယ် ချစ်တင်း ဝါစာ ဆိုပြောနိုင်လိမ့်လေး။

## ရုပ်ပုံရွှေလွှာ ဆက်ခန်း

ထိုအခါ ပန်းချီ ဆေးခြယ်အရာ၌ လိမ္မာသော ဆရာမကလေးတစ်ယောက်သည် ရံရွေတော်များ ဝန်းဝိုင်း၍နေသော သကုဏ္ဍလမင်းသမီး၏ ပုံကို ရေးသားပြီးလျှင် ဒုဿန္တမင်းသားထံသို့ ဝင်လာခဲ့ လေ၏။ ပန်းချီဆရာမကလေးက ဘုရင်မင်းမြတ်ကို ဦးခိုက်ပြီးလျှင်

ဘုန်းတော်ပရမေ မိုးလုံးဝေမျှ ရေမြေသခင် ရွှေနန်းရှင် ဘုရား၊ ရုပ်ပုံတော်ရွှေလွှာ ပြီးစီး သည်နှင့် အရှင်မြတ်ထံသို့ ဆက်သရန် ဆိုက် ရောက်ပါသည် ဘုရား။

ဟူ၍ လျှောက်တင်လေ၏။ ဘုရင်မင်းမြတ်သည် ထိုရုပ်ပုံ ရွှေလွှာကို လှမ်းလင့်၍ ယူတော်မူပြီးလျှင် ရတ်တရက်စကားမဆိုသေးဘဲ ငေး၍ရုပ်ပုံကို ကြည့် လေ၏။ ထို့နောက် အတန်ကြာသောအခါ ဒုဿန္တ မင်းသားသည် ရုပ်ပုံကို ကြည့်ရင်း ဤသို့ ပြောဆို လေ၏။

အမှန်ပါပဲ။ သူ့မျက်နှာပကတိအတိုင်းကို ကြည့် ရသကဲ့သို့ တူပါပေတယ်။ မျက်လုံးကလေးများ လှပလိုက်တာက လူ့ရုပ်ပကတိ၏ မျက်စိ အတိုင်းပင် ဖြစ်လေသည်။ ကြည့်စမ်း နှုတ်ခမ်း ကလေးတွေက နီမြန်းပြီး ဆေးခြယ်ထားတဲ့ အရုပ်ပေမယ့် လှုပ်တော့မလိုလို၊ စကားပြော တော့မလိုလိုပါကလား။ အလို ငါ့ကိုပင် ရန်တွေ့ စကား ပြောဆိုမည်လိုလိုနှင့် တစ်ခါတစ်ခါ သူ့မျက်နှာများ ညိုလာပါကလား။ လှည့်၍ တစ်မျိုး ရှုလိုက်ပြန်တော့လဲ ရယ်ဟန်နှင့် ပြုံး မလို မျက်လုံးမျက်ခုံး ပုံဟန်များက တဖန် ပြောင်းလဲလာပြန်ပါပြီ။ ဤရုပ်ပုံ ရွှေလွှာသည် အသက်ဝိညာဉ် မပါခြင်းသာလျှင် ချို့တဲ့လေ တော့သည်။ အလုံးစုံ ပုံဟန်လက္ခဏာ များမှာ ဖြင့် သကုဏ္ဍလထိပ်ထားနှင့် မကွဲမပြား တူနေ တာပါပဲ။ အို– အကြည်တော် မဏ္ဍဗျ၊ ဤရုပ်ပုံ ရွှေလွှာကို ကြည့်နေရင်းပင်လျှင် ယခင်ပထမ ဟိုတောမြိုင်ဌာနမှာ အတူတကွ သူနှင့် ချစ်ခင် စုံမက်ခဲ့တဲ့ အကြောင်းအရာတို့ကို အခါခါ ပြန်လှန်၍ သတိရလေတော့သည်။ အလွမ်းများ ပြေမလိုလိုနှင့် ဤရုပ်ပုံကို မြင်ရသဖြင့် အလွမ်း နာဟောင်းကို ဆွ၍ပေးသလို နေပါပေါ့ကလား။

ဟူ၍ ဆိုပြီးလျှင် ရုပ်ပုံကို ကြည့်ရှုရင်း အောက်၌ ပါသော တေးထပ်ကို ရွတ်ဆိုလေ၏။

## တေးထပ်

ရုပ်ပုံတော် အနေခန့်ပါဘိ၊ ရဝေနန့်ညာပိုင် ရွှေကြငှန့်ကြာမြိုင်မှာ ဗျာပါလှိုင်ပူပေါ့။ တွေးမိတိုင်း မချမ်းသာတယ်၊ အလွမ်းနာ သဲပြန်ပေါ့နော့်။ လွှာ ရွှေရုပ် ခင့်အဆင် မှာ ယဥ်အယဉ် ပိုတော့၊ မပြင့်ဆင်

WWW.DHAMMARANSI.COM



နဂိုကြော့ဟာမို့ ချိုပျော့ပျော့ သွင်ဟန်၊ နှုတ်ခမ်းတော် နီပတ္တမြားရယ်က ကြည်စကားပြောမယ့်သဏ္ဌာန်၊ ဝိညာဉ်ဓာတ် ချို့ယွင်းမှန်တောင်၊ ပျို့ဆင်းဟန် အရှင်ပြကတော့လိုပ၊ မြင်သန္တေ– ချီးအံ့သူငါ၊ ထီးနန်းမူရာ၊ ရုပ်ပုံကြောင့် ရမ္မက်ဖြာတယ် မသက်သာ ခုလိုဖြင့်လေး။

ထို့နောက် မဏ္ဍဗျက အလိုတော်လိုက်၍ မင်းကြိုက် လျှောက်တင်သည်မှာ

အမိန့်တော်ရှိသည့်အတိုင်း မှန်ပါပေတယ် အရှင်မင်းမြတ်။ ပကတိလူပုံကို မဆိုထားနှင့်တော့။ ရေးသားထားသည့် ရုပ်ပုံကလေးကိုကပဲ အလွန်တရာ ချစ်ခင်နှစ်သက်ဖွယ် ကောင်းနေပါကလား။ ကျွန်တော်မျိုးဖြင့် သည်ရုပ်ပုံကို မြင်ရတာ သကုဏ္ဍလမင်းသမီးကလေးနှင့် အတူတကွ စကားပြောဆိုနေရသလိုပဲ ထင်မြင် အောက်မေ့မိပါသည်။

ဟူ၍ လျှောက်ဆိုလေ၏။ ချောင်းမြောင်း ကြည့်ရှု၍ နေသော မိဿကေသီ နတ်သမီးက

ဟုတ်ပါပေတယ်။ သူတို့ ပြောဆို အံ့သြကြသော အတိုင်း ရုပ်ပုံက အလွန်တူ၍ ကောင်းမွန်ပါပေသည်။ ကျွန်ုပ်ကိုယ်တိုင်ကပင် မိတ်ဆွေ သကုဏ္ဍလကလေးသည် မနီးမဝေးသော အရပ်မှာ လာပြီး မတ်တပ်ရပ်နေတယ်လို့ ထင်တာပါပဲ။

ဟု ဆိုလေ၏။ ထို့နောက် ဒုဿန္တ မင်းသားက

အမှန်ပြောရမှာဖြင့် မဏ္ဍဗျရေ။ သည်ရုပ်ပုံ လှပ ယဉ်ကျေးတယ်ဆိုသော်လဲ ပကတိ လှပ ယဉ်ကျေးသော သကုဏ္ဍလမင်းသမီးကလေးကိုတော့ မမီသေးပါဘူး။ သို့သော်လဲ ကျွန်ုပ်စိတ်စွဲနေတဲ့ ရုပ်ပုံထဲမှာ နေရာမကျ၊ မလှပတဲ့ အချက်များကို ကျွန်ုပ်မျက်စိနှင့် ပြင်ပြီး စိတ်ကူးကြည့်လိုက်တော့ အလှ မလျော့သေးပါဘူး။ သူ၏ တစ်ကိုယ်လုံး လှပ ချောမွေ့ပုံကတော့ အလုံးစုံ ပန်းချီဆရာမကလေး သိနိုင်ပါ့မလား။ ကျွန်ုပ်သာလျှင် အလုံးစုံ သိ၍ မျက်စိနှင့် ပြင်ပြီး ကြည့်ရှုနိုင်တာပါပဲ။

ဟူ၍ ဆိုလေ၏။ မိဿကေသီနတ်သမီးက

ဟုတ်ပါပေလိမ့်မယ်။ သူနှင့် ချစ်ခင်ခဲ့တဲ့ သကုဏ္ဍလကလေး၏ ချောကြောင်းကိုတော့ သူအသိဆုံးပ။ သူ့အချစ်ကလေးအတွက်နှင့် ရတက်တွေများပြီး လွမ်းအားသန်နေတဲ့အခါမှာ သူစိတ်ထင်ရာ ဖြစ်ပေမှာပဲ။

ဟူ၍ ဆိုလေ၏။ ဒုဿန္တ မင်းသားသည် တစ်ကိုယ်တည်း ညည်းညူ ပြောဆိုသည်မှာ

အလိုလေး စေ့စေ့တွေးလိုက်တော့ သကုဏ္ဍလမင်းသမီးကလေးက ငါ့ကို စိတ်နာရန် အချက်ကို ငါပြု၍ နေပါကလား။ စဉ်းစားစမ်းပါ။ မကြာမီကာလက သကုဏ္ဍလ မင်းသမီးကလေးသည် ကျွန်ုပ်ထံသို့လာ၍ တောင်းပန် တိုးလျှိုးလာတဲ့အခါ ငါက ရာဇမာန်ရှပြီး မောင်းမဲ ကြိမ်းဝါး၍ နှင်ထုတ်လိုက်မိလေသည်။ ယခုအခါ သူက နန်းတော်က ထွက်ခွာသွားမှ အသက်မရှိ၊ ပကတိလူ မဟုတ်သည့် သူ့ရုပ်ပုံကလေးကို အရေးတယူ အလေးမူပြီး ယူပါ ကယ်ပါ ဆိုရ မလောက် ငါ့စိတ် ဖောက်ဖောက်ပြန်ပြန် ဖြစ်လေသည်။ သည်လို ဖြစ်ပုံမှာ ငါမှားတာပဲ။ ဥပမာ ဘာနှင့်တူနေပါသလဲလို့ ဆိုတော့ ခရီးသွားသော ယောကျ်ားတစ်ယောက်သည် ကြည်လင် အေးမြ၍ ချိုသောရေတို့ဖြင့် ပြည့်စုံသော ရေကန်စမ်းချောင်းများကို တွေ့စဉ်အခါကတော့ ဘာမျှ ဂရုမစိုက်ဘဲလျက် ရေမရှိသော သဲကန္တာရများသို့ ရောက်မှ လှည့်ပတ် ဖြားယောင်းတတ်သော ရေစစ်မဟုတ်သည့် တံလှပ်များကိုသာ စိတ်အာရုံ တတမ်းတမ်းနှင့် စွဲလမ်း မက်မောနေဘိသကဲ့သို့ ဖြစ်လေသည်။ ထို တံလှပ်ကို တမ်းတမ်းစွဲ မက်မောနေသော ယောကျ်ားကဲ့သို့ ငါလဲပဲ သည်ရုပ်ပုံကားကို တပ်မက် စွဲလမ်းနေသည်မှာ အလွန်တရာ မှားယွင်းတာပဲ။

WWW.DHAMMARANSI.COM



ဟူ၍ ဆိုပြီးလျှင် အောက်၌ပါသော လေးချိုးကို ညည်းညူကာ ရွတ်ဆိုလေ၏။

**လေးချိုး**

ခရီးသွား ယော့ကျားရယ်တဲ့ ပုံပမာ၊ စမ်းစိမ့်ရေ ချိုချိုအေးကိုတော့ လေးမပြုပါ၊ ကန္တာရပ်မှာတော့ တံလှပ်ကိုတဲ့ ခင်မင်ရှာ။ မှားတာက နက်နဲ၊ ထို့ နည်းတူ ချစ်ဦးအပျိုဖြူရဲ့၊ ချိုမြူကာ လာ၍ချော့စဉ် က မပျော့ပေါင် ရာဇမာန်နှင့် တွန်းလှန်ကာ ငြင်း ပယ်ထုတ်ပြီးတော့ သွင် ရုပ်ပုံကိုမြင်မှ ခင်မင်ကာ တွယ်တာမက်မိတယ်၊ မှားချက်လွန်ကဲ။

ထို့နောက် မဏ္ဍာဗျက

ကျွန်တော်မျိုးမှာတော့ အရွယ်ကြီး၍ မျက်စိ သီတာနှင့် သူငယ်များကဲ့သို့ ထင်ထင်ရှားရှား မမြင်ရပါ။ သည်ကားပုံထဲမှာ မိန်းမတွေ အများ အပြားရှိတာနှင့် ခွဲခြား၍ သကုဏ္ဍလ မင်းသမီး ၏ ရုပ်ပုံကို မသိနိုင်ဘဲ ရှိတော့သည်။

ဟူ၍ ဆိုသည်တွင် မိဿကေသီ နတ်သမီးက

အို–သည်အဘိုးကြီးကလဲ သကုဏ္ဍလ မင်းသမီး ကလေး၏ ထူးခြားသော လှပခြင်းကိုပင် ထင်ရှားစွာ မသိနိုင်ဘဲ ရှိနေတာကို၊ ဒုသ္သန္တ မင်းသားမျက်လုံးကတော့ ဤသကုဏ္ဍလ ရုပ်ပုံ က ကျော့ကွင်းထောင်၍ဖမ်းမိနေတာပဲ။ သည် အဘိုးကြီး မျက်စိကတော့ သူ့နဂိုရင်းကိုက စွဲလမ်းခြင်း မရှိတာနှင့် ထူးခြားတယ်လို့ သူ မထင်ဘဲ နေတာပဲ။ ဩော် လောကမှာ ကိုယ် ချစ်ခင်နှစ်သက်တဲ့ အာရုံကိုမှ ကိုယ်ဂရုစိုက်ကြ တာမျိုးပါကလား။ ကိုယ်ချစ်နှစ်သက်တဲ့ အာရုံ ကိုဖြင့် ရိပ်ခနဲဆိုလျှင် မိအောင် ဖမ်းနိုင်လေ သည်။ ဘာကြောင့်လဲဆိုတော့ သည်အာရုံကို အလွန်တရာ သတိထားပြီး ဂရုစိုက်နေတာကိုး၊ 'သတိမမူ ဂူမမြင်' ဆိုတာလို ကိုယ်က သတိ မမူမှုဖြင့် အာရုံကလဲ ထိုသူ၏ စိတ်ကို မိအောင် ဖမ်းနိုင်တာမျိုး မဟုတ်ပေဘူး။

ဟူ၍ ဆိုလေ၏။

ဒုသ္သန္တမင်းသားက ရုပ်ပုံရွှေလွှာကို ပြ၍ ဆိုသည်မှာ

အို မဏ္ဍာဗျ၊ သေသေချာချာကြည့်ပြီး ဘယ်ဟာ သကုဏ္ဍလမင်းသမီး၏ ရုပ်ပုံအစစ် ဖြစ်ကြောင်း ကို ရွေးချယ်စမ်းပါ။

ဟု ဆိုလေ၏။ မဏ္ဍာဗျက ရုပ်ပုံရွှေလွှာကို သေချာစွာ ကြည့်ရှု ရွေးချယ်လျက် ပြောသည်မှာ

ဩော် ရိပ်မိပြီ၊ ရိပ်မိပြီ။ ဟောသည်ပုံဟာ သကုဏ္ဍလမင်းသမီး ကလေးပါပဲ။ သူ့ပုံပန်းကို က ဒုသ္သန္တမင်းမြတ် ချစ်ခင်စရာကြီးပါပဲ။ အို ရေးထားလိုက်တာက ဝတ်စား တန်ဆာများကို မနိုင့်တနိုင်နှင့် ယိမ်းယိုင် လဲပြိုတော့မလို၊ လှိုက်ဖို မောပန်းသော အမူအရာတွေနှင့်ပါ ကလား။ သေးသိမ် နူးညံ့သော သူ၏ လက် ကလေးများကလဲ အားပျော့ပြီး လျှောကျလျက် မျက်ရည်တွေတွေ စီးကျသောမျက်နှာနှင့် ဗျာပါ များ နေပုံပါကလား။ ဆံစများကိုလဲ မသိမ်းနိုင် ဘဲ ဖရိုဖရဲ ကျသော ဆံပင်တို့ဖြင့် အပူသည်များ ၏ပုံ မျက်နှာခပ်မှုံမှုံနှင့် နေလိုက်တာ သနားစရာ ပါပေပဲ။ သည်ပုံဟာ သကုဏ္ဍလမင်းသမီးအစစ် ပါပဲ။ ကျန်တဲ့ မိန်းမရုပ်ပုံတွေမှာတော့ သူ၏ ရံရွေတော်များ ဖြစ်မည့် လက္ခဏာပဲ။

ဟူ၍ ဆိုလေ၏။ ထိုအခါ ဒုသ္သန္တမင်းသားက

အဲ ဟုတ်ပါတယ်။ သည်ရုပ်ပုံဟာ သကုဏ္ဍလ မင်းသမီးကလေးပါပဲ။ သို့ရာတွင် ကျွန်ုပ်စိတ် ကြိုက်ပြောရမှာဖြင့် သည်ရုပ်ပုံကို နည်းနည်း ပြင်ချင်သေးတယ်။ ယခု ရေးထားတဲ့ ပုံကတော့ နန်းတော်သို့ ဝင်လာတဲ့အခါ ကျွန်ုပ်က အမျက် ဒေါသနှင့် ကြိမ်းဝါးလို့ ဗျာပါရ များပြီးနေတဲ့ ပုံကို ရေးသည့် လက္ခဏာပဲ။ ဆေးရေးင်များက နည်းနည်း လိုသေးသည့်ပြင် သူ၏ ပါးပြင်ပေါ် မှာ စီးကျနေတဲ့ မျက်ရည်စများကို ကျွန်ုပ်မြင်ရ တိုင်း စိတ်မချမ်းမသာ ဖြစ်မိပါတယ်။ ဒါကြောင့် ကျွန်ုပ် သဘောမကျနိုင်သေးဘူး။

WWW.DHAMMARANSI.COM



ဆို၍ ပန်းချီဆရာမကလေးဘက်သို့ လှည့်ပြီး

အို ပုံဆွဲဆရာမကလေး၊ အသင်၏ ရုပ်ပုံကို အပြီးမသတ်လိုက်ပါနှင့်ဦး။ သင်၏ ပုံဆွဲကိရိယာများကို ယူဆောင်ပါချေ။ ကျွန်ုပ် အလိုတော်အတိုင်း ပြင်ဆင်၍ ရေးသားပေးစမ်းပါ။

ဟုအမိန့်ရှိသောအခါ ပန်းချီဆရာမကလေးက မဏ္ဍာဗျအား

ရုပ်ပုံရွှေလွှာကို ကိုင်၍ ထားနှင့်ပါ။

ဟု ဆိုသည်တွင် ဒသျှုန္တမင်းသားက သူ့လက်မှ မလွှတ်ရက်သောကြောင့်

ကျွန်ုပ်ကိုယ်တိုင် ကိုင်ထားပါမည်။

ဆို၍ ရုပ်ပုံကို ကိုင်၍ထားစဉ် ပန်းချီ ဆရာမကလေးလည်း ရေးသားသည့် ကိရိယာများကို ယူဆောင်ရန် ထွက်သွားလေ၏။

မဏ္ဍာဗျက "ဘယ်လိုများ ထပ်၍ ဆေးခြယ်တော်မူချင်ပါသေးသနည်း"ဟု မေးမြန်း လျှောက်ထားလေ၏။ မိဿကေသီနတ်သမီးသည် တစ်ကိုယ်တည်း ချောင်းမြောင်းရာမှ

ငါ့အထင်ဖြင့် ဒသျှုန္တဘုရင်သည် တောထဲတွင် သကုဏ္တလာမင်းသမီးနှင့် တွေ့စဉ်တုန်းက ဖြစ်ပျက်တဲ့ ပုံများကို အရေးအသား ခိုင်းမယ်လို့ ထင်တာပါပဲ။

ဟု ဆိုလေ၏။ ဒသျှုန္တမင်းသားက ကားပုံကို လက်ညှိုးညွှန်၍ ပြောဆိုသည်မှာ

ဟောသည်နေရာမှာ မာလိနီမြစ်နှင့် ထိုမြစ်ကမ်းနဖူးမှာ ပေါက်ရောက်၍နေသော တောတန်းများကို ထည့်ချင်သည်။ ဟိုနောက်ကတော့ ဟိမဝန္တာတောင်ကြီးနှင့် တောတိရစ္ဆာန် အသင်းအအုပ်များ ကျက်စား ပျော်မြူးနေကြပုံကို ထည့်လိုသည်။ သည်နေရာကတော့ လွန်စွာမွေ့လျော်ဖို့ကောင်းတဲ့ သင်္ခမ်းကျောင်းပုံကို ထည့်လိုသည်။ သင်္ခမ်းကျောင်းနှင့် မနီးမဝေးမှာ အကိုင်းအခက်နှင့် ဝေဆာသော သစ်ပင်ကြီး တစ်ပင်ကို ထည့်ပြီး ထိုသစ်ပင်ကြီး၏ အကိုင်းတစ်ခုမှာ သစ်ခေါက်ဖြင့် ဆိုးသော လျှော်တေ သင်္ကန်းကို ဆွဲ၍ လှမ်းထားပုံကို ထည့်ချင်သည်။ သင်္ခမ်းကျောင်း၏ ဥပစာမှာတော့ ညီညာသော မြေအပြန့်နှင့် ဝါဖန့်နီမြန်း စိမ်းလန်းသော ပန်းဥယျာဉ်ကလေးကို ထည့်ချင်သည်။ ထိုပြင် သမင်ငယ်ကလေး နှစ်ကောင်က သစ်ပင်ရိပ်မှာ ကျက်စားနေသောပုံနှင့် သမင်ပျိုကလေး တစ်ကောင်၏ နဖူးကို မင်းသမီးကလေး၏ နူးညံ့သောလက်ဖြင့် အသာအသာ ပွတ်ခတ် ကျီစယ်နေပုံကို ထည့်ချင်သည်။

ဟူ၍ မိန့်ဆိုလေ၏။ မိဿကေသီ နတ်သမီးက

အဲ၊ ငါထင်တဲ့ အတိုင်း မလွဲပေဘူး။ သူ့စိတ်ကူးကတော့ တွေ့စတုန်းက အဖြစ်အပျက်တွေကို စိတ်ကူးနေတာပဲကိုး။ သည်လို ချစ်ခင်သောသူနှစ်ယောက်တို့၏ တွေ့ခါစတွင် ဖြစ်ခဲ့သော အကြောင်းအရာများကိုတော့ တစ်သက်ပတ်လုံး မေ့နိုင်ကြတာ မဟုတ်ဘူး။ သတိရတိုင်း တွေးမိကြတာမျိုးပဲ။ သြော် အိပ်မက်ဆိုတာ အိပ်ပျော်နေတဲ့အခါမှ မက်နိုင်တာမျိုးမဟုတ်။ နိုးကြားနေတဲ့အခါများမှာလဲ ရှေးကအဟောင်း အကြောင်းကြောင်းတွေကို ကြံဆောင်ပြီး ကြောင်တောင်ကြီးလဲ အိပ်မက်နိုင်ကြရဲ့ကိုး။

ဟု ဆိုလေ၏။

ထို့နောက် မဏ္ဍာဗျက

ကိုယ်တော်မြတ် ပြင်ဆင်တော်မူချင်သလို ပြင်ဆင်နိုင်ပါသည်။ သို့ရာတွင် နေရာ ကွက်လပ်တစ်ခုမှာ ကျွန်ုပ်ကဲ့သို့ အိုမင်း ကုန်းကွနေသော ရသေ့အိုကြီးများ၏ ပြုမူနေထိုင်ပုံကိုလဲ ထိုကားပေါင်မှာ ကျွန်တော်မျိုး ထည့်ချင်ပါသေးသည်။

ဟူ၍ ဆိုလေ၏။

ဒသျှုန္တမင်းသားက မဏ္ဍာဗျ ပြောသောစကားကို အရေးမယူဘဲ

အို ကျွန်ုပ် တစ်ခု မေ့နေပါသေးတယ်။ သကုဏ္တလာ မင်းသမီး၏ ရုပ်ပုံကို လှပ ယဉ်ကျေးစွာ ရှိအောင် တန်ဆာများ ဆင်ပေးလိုပါသေးသည်။

WWW.DHAMMARANSI.COM



ဟူ၍ ဆိုလေ၏။ မိဿကေသီ နတ်သမီးက

ဩော်- သူ တန်ဆာဆင်ပေးချင်တာမှာတော့ အခြားမဟုတ်၊ သူ တောထဲမှာ တွေ့မြင်စက လိုပင် တောအမူအရာဖြင့် တန်ဆာဆင်ပေးချင်ပုံ လက္ခဏာပဲ။

ဟု တစ်ကိုယ်တည်း ပြောဆိုလေ၏။

မဏ္ဍာဗျက "အရှင်မင်းမြတ်က ဘယ်လိုများ ဆင်ပြင်ပေးလိုပါသနည်း"ဟု ဆိုလျှင် ဒုဿန္တမင်းသားက

သကုဏ္ဍလမင်းသမီးရုပ်ပုံကို တောပန်း အမျိုးမျိုးတို့ဖြင့် ဝေနေအောင် ပန်ဆင်ထားစေချင်သည်။ နားမှာလဲ စိန်ပန်း စိန်းနားဘွောင်း မဟုတ်ဘဲ တောပန်းများကိုသာ ပန်၍ ထားစေချင်သည်။ ခါးကြိုးတန်ဆာများမှာလဲ ရတနာကြိုး မဟုတ်စေဘဲ ကြာရိုးကြာပန်းတို့ကို လိမ်၍ ပြုလုပ်ထားသော ကြာပန်းခါးကြိုးတန်ဆာကိုသာ ဝတ်ဆင်စေချင်သည်။ သူ၏မျက်နှာမှာလဲ ထီးနန်းထဲများမှာ လိမ်းကျံကြသော နံ့သာပြောင်းများကို မလိမ်းကျံစေဘဲ ပန်းဝတ်မှုန်တို့ကိုသာ လိမ်းကျံ၍ ထားစေချင်သည်။

ဟူ၍ ဆိုလေ၏။

မဏ္ဍာဗျက ရုပ်ပုံကို ကြည့်၍ အံ့အားသင့်စွာ ပြောသည်မှာ

အလို ဘာဖြစ်၍ မင်းသမီးကလေးသည် ကြောက်လန့် တုန်လှုပ်စွာနှင့် သူ၏ မျက်နှာကို နူးညံ့သော လက်ဝါးဖြင့် ကာ၍ တိမ်းရှောင် ဟန်လွှဲနေပါလိမ့်မလဲ။ အို သိပြီ သိပြီ။ ကျွန်ုပ် မြင်ရပြီ။ ပန်းဝတ်မှုန်များကို ခိုး၍ စားတတ်သော ပျားဖိုတစ်ကောင်သည် မင်းသမီးကလေး၏ နီမြန်းသော နှုတ်ခမ်းဖူးနားမှာ မသွားနိုင်ဘဲ တရစ်ဝဲဝဲ လူးလာ ပျံသန်းနေလို့ကိုး။

ဟူ၍ ဆိုရာ ဒုဿန္တမင်းသားက အရေးတကြီးနှင့်

မဏ္ဍာဗျ ပြောတာ ဘာတဲ့။ (မင်းသမီးနှုတ်ခမ်းဖူးမှာ ပျားဝဲ၍ နေလို့ပါဘုရား။) ပျားတဲ့၊ အလိုလေး မြန်မြန်မောင်းနှင်လိုက်ပါ။ ကျုပ်အချစ်ကလေးကို ဒုက္ခမပေးပါစေနှင့်။ ပျားဆိုတဲ့ သတ္တဝါမိုက်ဟာ နာကျင်အောင် တုပ်တတ်တာမျိုးပဲ။ သည်ပျားမိုက်က သကုဏ္ဍလထိပ်ထား၏ နူးညံ့သော ပါးပြင်ကို နာကျင်အောင် တုပ်လိုက်မှာကို အလွန်တရာ ကျွန်ုပ် စိုးရိမ်ပါတယ်။ မြန်စွာ မောင်းနှင်လိုက်ပါ။

ဟူ၍ ဆိုလေ၏။ (ထိုသို့ ပြောဆိုခြင်းမှာ ဒုဿန္တမင်းသားသည် ချစ်သွေးမွှန်၍ အလွန် ကြောင့်ကြရာဂုမ္မတ္တက ဖြစ်သောကြောင့် အရုပ်ကို အဟုတ်ထင်၍ ဆိုသော စကား ဖြစ်လေသည်။)

မဏ္ဍာဗျက အလိုတော်ကျ လိုက်၍ တင်သည်မှာ

ကျွန်တော်မျိုးမှာ ဩဇာအာဏာဆို၍ တစ်စုံတစ်ရာမျှ မရှိပါ။ အရှင်မြတ်သာလျှင် ရေမြေပိုင်စိုး တန်ခိုးသခင် ဘုရင်မင်းမြတ် ဖြစ်တော်မူသည်နှင့် ပျား၏ရန်ကို တွန်းလှန်နိုင်ဖို့ ရှိပါသည်။ အရှင်မင်းမြတ်ကသာ အမိန့်တော် ပြန်၍ ပျား၏ရန်ကို တွန်းလှန် ဖြိုဖျက်တော်မူပါ။

ဟူ၍ လျှောက်တင်လေ၏။ ထိုအခါ ဒုဿန္တမင်းသားက ပျားကို ကြိမ်းဝါးသည်မှာ

စော်စော်ကားကား အမိုက်ဉာဏ် များလှသော ဟယ် ပျားမိုက်၊ သင်၏ကျက်စားရာကား ပန်းစုံ သင်းကြိုင်သော ဂနိုင်တောအုပ်များသာဖြစ်လေသည်။ သင် ကျက်စားနေကျဖြစ်သည့် ပန်းမြိုင်အတွင်းမှာ မကျက်စားပါဘဲနှင့်၊ ဘယ်အတွက်ကြောင့် ဤမင်းသမီးကလေး၏ နူးညံ့သော ပါးနားမှာ ကျက်စားဝဲပျံ၍ နေဘိသနည်း။ ယခုပင် ပျံသွားရမည်။

ဟု ပျားရုပ်ကို အဟုတ် ပျားကောင်ထင်၍ ကြိမ်းဝါးမောင်းမဲလေ၏။ မဏ္ဍာဗျက

ဟုတ်ပါရဲ့၊ သည်ပျားထီးကလဲ တယ်ပြီး ရှုပ်ပါကလား၊ ပျားထီးတို့၏ သစ္စာမဲ့ခြင်းမှာ သူ့အမူအရာကို မြင်သဖြင့် သိသာနိုင်လေသည်။ ကြည့်စမ်းပါလား။ ဤသကုဏ္ဍလ မင်းသမီး

WWW.DHAMMARANSI.COM



ကလေး၏ နီမြန်းသော နှုတ်ခမ်းနှင့် နူးညံ့သော
ပါးပြင်ကို နမ်းစုပ်တော့မည့် အသွင်နှင့် လူးလာ
ပျံသန်းလျက် ရှိလေတော့သည်။

ဟု ဆိုလေသည်။

ဒသျှုန္တ မင်းသားသည် အမျက်ဒေါသ အားကြီး စွာနှင့် ပျားကို မောင်းမဲပြန်သည်မှာ

ဟယ် ပျားမိုက်၊ သင်သည် ကျွန်ုပ်၏ ချစ်မငြီး
သော သကုဏ္တလ မင်းသမီးကလေး၏ နီမြန်း
သော နှုတ်ခမ်းကို ကြာပန်းမှတ်ထင်၍ နေ
သလော။ မင်းသမီး နှုတ်ခမ်းဖျားကို ထိပါး
တိုက်ခိုက်မိပါလျှင် အသင့်အား ပျားဖယောင်း
ဖြင့် ခြေထိပ်ခတ်၍၊ နှောင်အိမ်နှင့်တူသော
ကြာဖူးတွင်းသို့၊ အတင်းကြပ်တည်းစွာ သွင်းပြီး
လျှင် အကျဉ်းခံနေရလိမ့်မည်။ မင်းသမီးကလေး
၏ နှုတ်ခမ်းသည် ပေါက်ခါစဖြစ်သော ရွက်ညွန့်
ကဲ့သို့ လွန်စွာ နုနယ်၍ လေခပ်ကြမ်းကြမ်း
တိုက်ခိုက်ခြင်းကိုမျှ ခံနိုင်သည်မဟုတ်ချေ။
မင်းသမီး၏ ပါးပြင်များကလဲ စကားဝါပန်း
အလားကဲ့သို့ နုထွား သိမ်မွေ့လှလေသည်။
သင်ပျားမိုက်သည် မင်းသမီး၏နှုတ်ခမ်းကို
ကြာနီပန်း၊ မင်းသမီး၏ ပါးပြင်ကို စကားဝါပန်း
ထင်၍ သင်၏ ကြမ်းတမ်းသော အစွယ်ဖြင့်
ထိပါး နိပ်စက်ပါလျှင် ဘယ်မှာ ခံနိုင်ဖွယ်ရာ
ရှိပါအံ့နည်း။ သင် ပျားမိုက်သည် ငါ၏အမိန့်
အာဏာကို ခံယူ၍ လျင်မြန်စွာ ပျံသွားလေ။

ဟု အမိန့်တော်ပြန်သော်လည်း အသက်ဝိညာဉ် ရှိသော ပကတိပျား မဟုတ်သဖြင့် မတုန်မလှုပ် နေပြန်လေသော် ဒေါသမာန်ကြီးစွာနှင့် လက်သုံးတော် သန်လျက်ကို ရုတ်တရက် ဆွဲကိုင်ပြီးလျှင်

အဟိတ် မျိုးမှန် တိရစ္ဆာန်ဒုစရိုက် ဟယ်ပျားမိုက်၊
ငါကဲ့သို့သော ဘုရင်ကို အထင်သေးစွာ အာဏာ
ဖီဆန် ရန်တုံ့ပြန်လျက် မာန်မူလိုသည့် အမူနှင့်
အန်တု၍ နေသလော။ သင့်ခန္ဓာအသက်ကို
သန်လျက်ဖြင့် စီရင်တော်မူမည်။

ဟူ၍ ကြိမ်းဝါးလျက် အားအစွမ်းကို ပြလေ၏။

ထိုအခါ မဏ္ဍဗျက

တေဇာတော်ကြီးလှသော ထီးနန်းရှင်၏အာဏာ
ကို အဘယ်မှာ မနာခံဘဲ ရှိပါအံ့နည်း။ သည်
ပျားမိုက်၏ရန်ကို တွန်းလှန် ဖြိုဖျက်တော်မူ
ပါဘုရား။

ဟု အလိုလိုက်၍ စိတ်ကြိုက် လျှောက်တင်ပြီးလျှင် တစ်ကိုယ်တည်း နောက်သို့လှည့်လျက် ပြုံးရယ်၍ ပြောသည်မှာ

သြော်- အတော်ကြီး ခက်နေတော့တာပဲနော်။
ရှင်ဘုရင်ဟာလဲပဲ ချစ်သွေးတွေ ရင်မှာ ခုန်ပြီး
ရာဂုမ္မတ္တက ရာဂရူးကြီး ဖြစ်နေပါပကော။ ငါ
မှာလဲ အရူးနှင့် ပေါင်းဖက်၍ သူနှစ်သက်သလို
အလိုလိုက်နေရသောကြောင့် ပကတိစိတ်
အကောင်းသားနှင့် အရူးကြီး ဖြစ်နေရပါပြီ
ကလားနော်။

ဟူ၍ ဆိုလေ၏။ ဒသျှုန္တ မင်းသားက ပျားကလေး မပျံဘဲ ပေ၍ နေသည်ကို မခံမရပ်နိုင်သောကြောင့် ဆီးတားမရအောင် ဒေါသပြင်းထန်စွာ ထွက်၍ သန်လျက်နှင့် ကားပုံကို ခုတ်တော့မည့် အနေနှင့်

ကဲ၊ သေပေတော့ ပျားမိုက်။ သင် ထိုက်ရာဘဝ
မှာ နားလေတော့။ တယ်စော်ကားတဲ့ တိရစ္ဆာန်
သတ္တဝါ။

ဟု ကြိမ်းဝါး၍ အားစွမ်းဖြင့် သန်လျက်ကို မိုးသည်တွင် မဏ္ဍဗျက ဒသျှုန္တဘုရင်ကို နောက်က ဖက်ထားပြီးလျှင်

သတိတရားကို ရှေ့သွားပြုတော်မူပါဘုရား။
သတိ တိမ်းစောင်းမှုဖြင့် လူကောင်းတောင်မှ
ဖောက်ပြန်ရပါသည်။ အရှင်မြတ် ကြိမ်းဝါး၍
အမိန့်တော်ချမှတ်သော ပျားသည် ပကတိအား
ဖြင့် အသက်ဝိညာဉ်ပါသော ပျားသတ္တဝါ
မဟုတ်ပါ။ ကားပုံထဲက ပျားရုပ်မျှသာ ဖြစ်ပါ
သည်။ သတိလစ်တော် မမူပါစေနှင့် ဘုရား။

ဟူ၍ လျှောက်တင်လေ၏။ ထိုအခါ ဒသျှုန္တ မင်းသားသည် ရုတ်တရက် သတိရလာသော်လည်း

WWW.DHAMMARANSI.COM



အရုပ်ကို အဟုတ်မှတ်၍ ကိုယ်ထင်မြင်ချင်သလို ပြောဆို ကြံစည်နေရတာက ကောင်းသေးသည်။ သတိပေးလိုက်သည့်အတွက် ငါတွေးနေသော အကြံ ပျက်ခဲ့လေသည်ဟု မကြည်မသာသော မျက်နှာနှင့်

အို မဏ္ဍာဗျ၊ သင်၏သတိပေးချက်ကား အမှားသာ ဖြစ်လေသည်။ ကျွန်ုပ်မှာ အရုပ်ကို အဟုတ်ကေန္တ သကုဏ္ဍလမင်းသမီးကလေးပဲ ဖြစ်သည်။ ထိုမင်းသမီးကလေးနှင့် တွေ့ဆုံ ပြောဆိုနေရသည်ဟု အလွန် ဝမ်းမြောက်နေတဲ့အထဲမှာ သင်လာ၍ သတိပေးလိုက်သည့်အတွက် ငါ့အကြံအစည် အတွေးအတောများ ပျက်စီးပေသည်။ ယခုလို စိတ်မကြည်တဲ့အခါမှာ မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ၊ ကျွန်ုပ်စိတ်ပျော်ပါးရခြင်းသာလျှင် လိုရင်းပဓာန ဖြစ်တော့သည်။ ကျွန်ုပ်မှာ အိပ်မက်ကဲ့သို့ ဝမ်းမြောက် ရွှင်လန်းစွာ စိတ်ဖြစ်နေတဲ့အထဲမှာ ဖြုန်းခနဲ သင်လာ၍ သတိပေးတဲ့အချက်မှာ ကျွန်ုပ်ကို နှောင့်ယှက်တာပါပဲ။

ဟူ၍ ဆိုပြီးလျှင် ဝမ်းနည်းလှသည့်အတွက်နှင့် မျက်စိနှစ်ဖက်မှ မျက်ရည်ကျဆင်းလေ၏။ ချောင်းမြောင်းရာမှ မိဿကေသီနတ်သမီးက

သြော် ချစ်သောသူနှင့် ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဟာ အလွန်တရာ ကြီးကျယ်ဆိုးဝါးကြောင်းကို ကောင်းကောင်းကြီး ယခုမှ သိရတော့သည်။ ချစ်သူ၏ ရမ္မက်ကြောင့် နှလုံးသွေး ဆူပွက်ပြီး သွက်သွက်လည်အောင် ရူးတတ်တဲ့ အလုပ်မျိုးပဲ။ မင်းသားကို ဒုက္ခတွေ ဝိုင်းကုန်ပါပြီကလား။ လေမုန်တိုင်းနှင့် လှိုင်းကြမ်းကြီး ထတဲ့ ပင်လယ်ထဲမှာ အခက်အခဲသို့ ရောက်နေသော သင်္ဘောကဲ့သို့ ဖြစ်နေရှာပြီ။

ဟူ၍ ဆိုလေ၏။ ဒုဿန္တမင်းသားသည် တစ်ကိုယ်တည်း ညည်းညူသည်မှာ

ဘယ့်နယ့်ကြောင့် ယခုလောက် ဣန္ဒြေကို မဆည်မိ၊ သတိမရအောင် ပင်ပန်း ဆင်းရဲနေပါလိမ့်မတုံး။ ငါ၏စိတ်နှလုံးများလဲ မီးထဲမှာ အုံးထားသကဲ့သို့ ဖြစ်လေပြီ။ ကွဲကွာနေသော ချစ်သူများကို အိပ်မက်ထဲတွင် တွေ့မြင် ပြောဆိုရလျှင်ပင် တော်တော် သောက ပျောက်ငြိမ်းနိုင်ချေသည်။ သူတကာမှာတော့ အိပ်ပျော်မှသာ အိပ်မက် မြင်ကြလေသည်။ ငါ့မှာတော့ နိုးနေရင်းပင် အိပ်မက်မြင်နေပါကလား။ ငါ၏ မျက်စိအစုံတို့မှ တသုန်သုန် စီးဆင်းနေသော မျက်ရည်တွေကလဲ စက္ခုပသာဒကို ဖုံးလွှမ်းသည်နှင့် သူကန်းပမာကဲ့သို့ ရုပ်ပုံရွှေလွှာကိုမှ ကောင်းစွာ မမြင်ရတော့ပါပဲကလား။

ဟု ဆိုပြီးလျှင် အောက်၌ပါသော အပူတိုက်တေးထပ်ကို ရှိုက်ရှိုက်ငင်ငင်နှင့် ရွတ်ဆိုလေသတည်း။

**တေးထပ်**

ဖြစ်ပျက်ပုံ တစ်မေ့ရှုလှည့်ပ၊ ဘွေပြဒုညာပိုင်သေလုလု ဗျာလှိုင်သည်၊ အသာမှိုင်ငိုလျက် နှလုံးသွေးစံ တူဖွေလျှင် သံပူရည်အိုးသို့ ဆူပွက်၊ မျက်ရည်စဖြာသွင်သွင်၊ ထာဝစဉ်ယိုထွက် ကြာပလ္လင် ဗဟိုကနက်မှာတော့ အို အသက်သေရှုံ့ သတိတော် စင်သွေယွင်းတာက ရှင်သေမင်းဖမ်းတော့မယ့်ပုံ တထိတ်ထိတ် ဓာကြွတုန်တယ်။ လောဟကုံ ဘီငရဲမှာတော့ သည်တစ်ပွဲ ဆင်းခဲ့တာလို ငြင်းဖွဲ့ကာ ငို၊ ဘယ်ဘယ့်ကြောင့် ပြဒုခိုမှာ ယခုလို ရူးပါလိမ့်လေး။

မိဿကေသီ နတ်သမီးက တစ်ကိုယ်တည်း ပြောသည်မှာ

ကာလဝိပါက် နောက်ပိုးတက် ဆိုတာလို စိတ်နောက်တဲ့အခါ ယခုလို ဒုက္ခနှင့် တွေ့ကြုံရခြင်းမှာ စိတ်ကောင်းစဉ်အခါက သစ္စာကို ဖျက်ဆီး၍ သကုဏ္ဍလမင်းသမီးကို ရက်စက်စိမ်းကားစွာ နှိပ်စက်တဲ့အတွက် ချက်ချင်း ဝဋ်လည်တာပါပဲ။

ဟူ၍ ဆိုလေ၏။

WWW.DHAMMARANSI.COM



ဓာတုရိကာ မည်သော ယခင် ပန်းချီဆရာမကလေး ပြန်၍ ဝင်လာပြီးလျှင် ဒုဿန္တဘုရင်အား လျှောက်ထားသည်မှာ

ဘုန်းတော်နေလ ဝင်းထိန်ပသည့် ဘဝသခင် ရွှေနန်းရှင်ဘုရား။ ဘုရားကျွန်တော်မသည် ဆေးခြယ်ရန် စုတ်တံ ကိရိယာများနှင့် ဆေးမျိုးစုံထည့်သော သေတ္တာငယ်ကို ယူဆောင်၍ လာစဉ်အခါ…

(ဤကဲ့သို့ လျှောက်တင်၍ စကားမဆုံးခင် အလျင်လိုသော သဘောနှင့် စကားပြီးဆုံးအောင် မငဲ့နိုင်ဘဲ)

သည်လို လာဆဲအခါ လမ်းခရီးမှာ ဘယ်လိုများ ဖြစ်ပျက်ပါသလဲ။

ဟူ၍ မေးမြန်းလေ၏။ ပန်းချီဆရာမကလေးက

ဘုရား ကျွန်မသည် သကုန္တလာမင်းသမီး၏ ရုပ်ပုံများကို ဘုရင်မင်းမြတ် အလိုတော်အတိုင်း ထပ်မံ၍ ဆေးခြယ်ရန် စုတ်တံနှင့် ဆေးများကို ယူဆောင်၍ ပြန်လာကြောင်းကို ဝိင်္ဂလိကာ နတ်သမီးနှင့် ဝသုမတိနတ်သမီးတို့အား ပြောကြားသောအခါ ဝသုမတိ နတ်သမီးကြီးက ဘုရား ကျွန်မကို အတင်းအဓမ္မ ဖမ်းဆီးထားပြီးလျှင် ဤစုတ်နှင့် ဆေးစုံ ထည့်ထားသော သေတ္တာကို သူကိုယ်တိုင် အရှင်မင်းမြတ်ကို ဆက်သမည်ဟု ပြောကြားပါသည်။

ဟု လျှောက်တင်လေ၏။ ထိုအခါ မဏ္ဍဗျက ကြားဝင်၍ ပြောသည်မှာ

အလို ဒါဖြင့် သင် ဘယ်ကြောင့် ယခုလို လွတ်၍ လာပါသနည်း။

ဟူ၍ ဆိုလျှင် ပန်းချီဆရာမကလေးက

နတ်သမီးများသည် သူတို့၏ အဝတ်တန်ဆာများကို ဆူးခက်နှင့် ငြိတွယ်သဖြင့် ဖြုတ်နေကြစဉ်အခါ ကျွန်မ လွတ်လပ်အောင် ထွက်ပြေး၍ လာပါသည်။

ဟု ပြန်ပြောလေ၏။ ထိုအခါ ဒုဿန္တမင်းသားက

အို မဏ္ဍဗျ၊ ယခုလို နတ်သမီးများ ပြုလုပ်ကြသည်မှာ ကျွန်ုပ်က သကုန္တလာမင်းသမီးကလေးအတွက် အထူးပင် ကြောင့်ကြစိုက်၍ အရေးယူသည်နှင့် သူတို့ကလဲ သွေးတစ်မျိုး တက်ကြပြီး ကျွန်ုပ်အပေါ်မှာ မျက်နှာလုပ်ချင်ကြလို့ ထင်ပါရဲ့။ ဝသုမတိနတ်သမီးလဲ ကျွန်ုပ်ထံသို့ မကြာမီ ရောက်လာပါလိမ့်မည်။ သကုန္တလာမင်းသမီး၏ ရုပ်ပုံရွှေလွှာကိုသာ ကောင်းစွာ သိမ်းထားပါတော့။

ဟူ၍ မိန့်ဆိုလေ၏။ မဏ္ဍဗျက

အို–သူနှစ်သက်တဲ့ ရုပ်ပုံကို သူကိုယ်တိုင်သိမ်းထားပါတော့လား။ ဘာဖြစ်လို့ သူများ အပေါ်မှာ တာဝန်ထား၍ ဒုက္ခပေးချင်ပါသနည်း။

ဟု တိုးတိုးတိတ်တိတ် ပြောဆိုပြီးလျှင် ရုပ်ပုံကို လှမ်း၍ ဒါဖြင့် ကျွန်တော်မျိုးသည် ဤရုပ်ပုံရွှေလွှာကို မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့မမြင်ရလေအောင် မြို့ရိုးပေါ်သို့ တက်၍ ပြအိုး၊ ပြာသာဒ်ထက်မှာ သိုဝှက် သိမ်းဆည်း၍ ထားပါမည်။

ဟု လျှောက်တင်ပြီးလျှင် ရုပ်ပုံကို ကိုင်၍ ထွက်သွားလေ၏။

မိဿကေသီ နတ်သမီးက ချောင်းမြောင်းရာမှ တစ်ကိုယ်တည်း ပြောဆိုသည်မှာ

သြော်– ဒုဿန္တမင်းသားသည် အခြားသော တိုင်းရေးပြည်မှုကိစ္စတွေကို ဂရုစိုက်ရမည့်အစား မေတ္တာဆပွား အကြင်နာများလှသော မိဖုရားလောင်း သကုန္တလာမင်းသမီးကလေး၏ အရေးတစ်ခုကိုသာ ဂရုစိုက်၍ နေလေတော့သည်။ သူ၏မေတ္တာဟာ အလွန်တရာ စွဲလမ်း အားကြီးလှလေသည်တကား။ ရုပ်ပုံကလေး တစ်ခုအတွက်နှင့်ပင် နှစ်သက်လို့ မပြီးနိုင်ဘဲ ရှိရှာတော့သည်။ ဒုဿန္တမင်းသားသာလျှင် ဤသို့ ပြုလုပ်တာ မဟုတ်ပေဘူး။ ဤလောကမှာ ကိုယ်ချစ်ခင်သောသူတို့၏ ရုပ်ပုံကိုတော့ စုံစုံ မက်မက်

WWW.DHAMMARANSI.COM



နှစ်သက် ဖွဲ့လမ်းစွာနှင့် အလွန်တရာ ဂရုစိုက်ကြတာမျိုးပေပဲ။ ချစ်ခင်သောသူနှင့် နီးနီးရင်းရင်း မတွေ့ရခင် ရုပ်ပုံကိုသာ ရှုမြင်၍ စိတ်ထင်သမျှ တွေးတောပြီး လောဘဇောတက်ကြ၊ ရမက်သွေး ဆွနေကြရိုးမှာ လောကဓမ္မတာ ဖြစ်တာပေပဲ။

ဟူ၍ ဆိုလေ၏။

ဒသ္သုန္တမင်းသားသည် မဏ္ဍာဗျအား ရုပ်ပုံကို ပေးလိုက်ပြီးသောနောက် တစ်ကိုယ်တည်း ညည်းညူပြောဆိုလေသည်မှာ

ဩော်… ဖြစ်မှဖြစ်ရပလေ။ ယခင်အခါ ငါပျော်ပါး၍ နေခဲ့သော မေတ္တာတော တဏှာမြိုင်မှာ လှိုင်လှိုင်ကြီး ပျော်ပါး မွေ့လျော်၍ နေရာမှ ယခုအခါ ကင်းကွာ၍ နေရပါပြီကလား။ ကျွန်ုပ်သည် တရားသဖြင့် ချစ်ခင်နှစ်သက်စွာ သိမ်းပိုက်ပြီးသော သကုဏ္ဏာလမင်းသမီးကို မတရားသဖြင့် နှင်ထုတ်လိုက်မိသည့်အတွက် စိတ်ပျက်သောက နောင်တရ၍ ဒုက္ခပင်လယ်ဝေကြီးနှင့် တွေ့ကြုံ၍ နေရပါပြီကလား။ တကယ်လို့သာ ယခုနှယ်အခါ သကုဏ္ဏာလ မင်းသမီးကလေးနှင့် အတူတကွ နန်းမဘွေဆောင် ကြငှန်းညောင်မှာ တွဲနှောင်မေတ္တာ အတူတကွ စံ၍နေရပါလျှင် ဘယ်မျှလောက်ချမ်းသာ၍ ကြာနှင့်ရေ၊ ရွှေနှင့်မြကဲ့သို့ ကျက်သရေရှိမယ် ဆိုတာကို ပြော၍မပြနိုင်အောင် ရှိမှာပဲ။ နောက်ပြီးတော့ သားကောင်းရတနာ ထွန်းကားလာပြန်ပြီ ဆိုမှဖြင့်လဲ ဇမ္ဗူဒိပ်ကျွန်းခွင် မြေအပြင်မှာ အထင်အရှား ကြီးမားကိတ္တိ၊ ဘယ်လောက် ကျော်စောခြင်း ရှိမလဲ။ ဩော် ကံများ ညှိုးနွမ်းတဲ့အခါမှာတော့ ဖြစ်ချင်ရာဖြစ် မွန်းနစ်ချင်သလို မွန်းနစ်ပြီး ကြံတိုင်းမအောင် ဆောင်တိုင်းမမြောက် နေတော့တာပဲနော်။

ဟူ၍ ညည်းတွားလေ၏။ ထိုစကားကို ကြားရာမိဿကေသီနတ်သမီးက တစ်ကိုယ်တည်း ချောင်းမြောင်းရာမှ တိုးတိုးသာသာ ပြောကြားသည်မှာ

အို၊ ထီးနွယ်နန်းရိုး၊ သတိုးနေနွယ် အပူသည် ဘုရင်မင်းမြတ်၊ ကမ္ဘာမီး တောက်သလို ယခုလောက် ပူပန်စိုးရိမ်၍ မနေပါနှင့်ဦး။ ဘုရင်မင်းမြတ်ချစ်တဲ့ သကုဏ္ဏာလသည် အဆုံးဘဝသို့ ရောက်သွားသေးတာလဲ မဟုတ်ပါဘူး။ မကြာမီအတွင်း ပေါင်းသင်း ဆက်ဆံ၊ ပြန်၍ တွေ့ဆုံပါလိမ့်ဦးမည်၊ စိတ်ချ၍သာ စံတော်မူပါ။

ဟူ၍ ဆိုလေ၏။ ဒသ္သုန္တမင်းသားက ညည်းညူတော်မူပြန်သည်မှာ

ဩော်…ကြုံမှကြုံရပလေနော်။ ဘိုးတော် ဘေးတော်၊ ခမည်းတော်တို့မှ ဆက်လက်၍ ငါ့လက်ထက်သို့တိုင် ရောက်အောင် အစဉ်မပြတ်ဆင်းသက်၍လာသော ပုရမင်းဆက်သည် ငါ့လက်ထက်ကျခါမှ အဆက်ပြတ်တော့မည် ထင်ပါရဲ့။ ငါတို့ အားကိုးအားထား ပြု၍လာသော ဝေဒကျမ်းဂန်များတွင် ဆိုသောစကားအရ သေလွန်ပြီးသော သူတို့အတွက် အစဉ်အဆက် သားညွန့်မြေးညွှာက်တို့က လှူဒါန်းဒါန ရေစက်ချ၍ အမျှပေးဝေရိုး ထုံးစဉ် ရှိ၍လာခဲ့ရာ ငါ့လက်ထက်အခါမှာတော့ သားတော် အညွန့်အညွှာက် မပေါက်မဖွားသဖြင့် ငါသေလွန်သည့်အခါ မည်သူက လာ၍ ရေစက်ချပါမည်နည်း။ မည်သူက လှူဒါန်း ဝေငှ၍ အမျှဘယ်သူ ဝေ ပါမည်နည်း။ ဩော် စေ့စေ့တွေးလိုက်တော့ ငါသေလွန်တဲ့အခါကျမှဖြင့် ပြင်ပကလူများတို့သည် ငိုယိုသော မျက်စိမှ စီးကျသောမျက်ရည်ဖြင့်သာလျှင် အမျှဝေ၍ ရေစက်ချကိန်းကြုံတော့မည် ထင်ပါရဲ့။

ဟူ၍ ဆိုပြီးလျှင် ဖြေဆည်၍ မရနိုင်၍ အောက်ပါလေးချိုးကို ဟစ်ကြွေးလေ၏။

WWW.DHAMMARANSI.COM



## သေးချိုး

မျိုးညွန့်ဆက်အခက်ကဖြင့် တုံးပေါ့နော်၊ သေတော့ခါ ထိုအရေးကိုဖြင့် တွေးမိပြန်သော်၊ သရေပျက်စေဖို့ ရေစက်မှ ချဖို့နော်၊ သားတော်က ရှိဘဲ။ ခက်ပါပြီ၊ နောင်တတွေ အပုံစည်လို့ မျက်ရည်ကို ဖြေမသိမ်းနိုင်ဘု ကိန်းကချော်လွဲ။

ဤကဲ့သို့ စိတ်ပူတိုင်း သားညွန့်မြေးဆက် ပြတ်၍ သွားမည့်အရာကို တွေးလျက် ငိုကြွေးမြည်တမ်းသည့်အခါ မိဿကေသီနတ်သမီးက တစ်ကိုယ်တည်း ပြောသည်မှာ

သြော် ယခုမှ သူ၏ ဒုက္ခရောက်ပုံတွေကို သူကိုယ်တိုင် သိတော့တာပဲ။ တကယ်လို့သာ သကုဏ္ဍာလမင်းသမီးကလေးကို စွန့်ပစ် နှင်ထုတ်ခြင်း မပြုလိုက်ပါလျှင် ဘယ်မှာ ယခုလို ဒုက္ခရောက်ဦးမှာလဲ။ ယခုမှ စိတ်ပူတိုင်း အတွေးကြီးပြီး သားသမီးအဆက်အနွယ် ပြတ်မှာကို စိုးရိမ်လို စိုးရိမ်၊ သေဆုံးတဲ့အခါ ဝေဒကျမ်း၌ လာသောအတိုင်း သေသူ့အပေါ်မှာ သားများက ပြုထိုက်တဲ့ ဝတ္တရားတွေကို ပြုမယ့်သူ မရှိမှာကို တွေး၍ စိုးရိမ်လို စိုးရိမ်နှင့် ဣန္ဒြေမရနိုင်အောင် ငိုကြွေး တမ်းတနေတော့တာပဲ။ ယခင်ကတော့ သကုဏ္ဍာလ မင်းသမီးကလေးမှာ ရှိတဲ့ကိုယ်ဝန်ကို သူနှင့်မဆိုင်ဘူး ပြောလိုပြော၊ သည်တောသူမအရိုင်းကလေးကို သူ မသိဘူး ဆိုလိုဆို၊ ယခုလိုအခါ သကုဏ္ဍာလ မင်းသမီး ရောက်လာခဲ့ပါလျှင် သားဆက် မြေးညွန့်ကို လိုချင်တုန်း၊ သကုဏ္ဍာလမင်းသမီးကို လွမ်းတတုန်းအခါ ဖြစ်တာနှင့် ဘယ်မှာ သူ စွန့်ပစ်နိုင်ဖို့ ရှိမှာလဲ။ လောကမှာ သည်လိုဘဲ မဆင်မခြင် ပြုလိုက်ကြမှဖြင့် တော်တော်ကြာတော့ နောင်တရပြီး ဒုက္ခဝန်ကြီးက ဖိစီး နှိပ်စက်တတ်လေသည်။ သို့ရာတွင် ယခုလို ဖြစ်ရတဲ့အရာမှာတော့ ဒုဿန္တမင်းသားကိုလဲ အပြစ် မဆိုထိုက်ပါဘူး။ မကောင်းသော နတ်ဆိုးနတ်ဝါး နှိပ်စက်သည့်အတွက် လက်စွပ်ပျောက်ခြင်းကြောင့်သာလျှင် ဖြစ်ရလေသည်။ သည်လက်စွပ်ဟာလဲ ချစ်သူချင်း ကွဲအောင် ခွဲတတ်တဲ့ လက်စွပ်ဆိုးတစ်ခုပဲ။ ဒုဿန္တမင်းသားကလဲ စိတ်အပူ နောင့်ယှက်တိုင်း ငိုကြွေးမြည်တမ်းရဖန် များတာနှင့် သွယ်ဖြာ စီးကျသော မျက်ရည်တို့ကိုမှ မသိမ်းနိုင်ရှာဘဲ ရှေးက ကြည်လင်သော မျက်စိသော်မှ ယခုအခါကျတော့ မျက်ရည်တွေ ဖုံးတာနှင့် အလုံးစုံကို မမြင်နိုင်ဘဲ ရှိရှာလေတော့သည်။ နောင်အခါ အဟုတ်အမှန် ဖြစ်ပေါ်လာမည်။ (သကုဏ္ဍာလမင်းသမီးနှင့် ပေါင်းသင်း ကြုံတွေ့ရမည်။) အလင်းအရောင်တို့ဖြင့် တောက်ပသော မီးရှူးမီးတိုင်ကိုမှ မမြင်နိုင်ဘဲ ရှိနေရှာတော့သည် တကား။

ဟု သနားသံပါပါနှင့် ပြောဆိုလေ၏။ ထိုအခါ အပါးတော်တွင် ပန်းချီဆရာမကလေး ခစားလျက် ရှိသည်နှင့် ဘုရင်မင်းမြတ်ကို စိတ်ဒုက္ခ ပြေပျောက်လေအောင် ချော့မော့၍ လျှောက်တင်သည်မှာ

သောင်းခေတ်ဇမ္ဗူ နယ်ကျွန်းဂူမှာ ပြိုင်သူလွတ်ကင်း မင်းမင်းတို့သခင် ရွှေနန်းရှင် ဘုရား။ သတိထားတော်မူပါ။ ဘယ့်ကြောင့် ယခုလောက် စိုးရိမ်ပူဆွေး စိတ်မအေး ဖြစ်တော်မူရပါသနည်း။ ကျွန်မတို့သခင် ဘုရင်မင်းမြတ်မှာ အသက်အရွယ်တော်အားဖြင့် အလွန်တရာ ပျိုရွယ် နုမျစ်ပါသေးသည်။ အကယ်စင်စစ် သကုဏ္ဍာလ အလှကေရှင် ထိပ်ခေါင်တင်နှင့် ကြည်ရွှင်မေတ္တာ မဆက်လက်ရပြားသော်လဲ အခြားသော မိန်းမရတနာတို့ကို အလိုရှိရာ ရွေးကောက်၍ မိဖုရား တင်မြှောက်နိုင်ပါသည်။ ဆွေတော်သိန်းသောင်း မျိုးတော်ပေါင်းမှာ ကောင်းမြတ်သော ရုပ်လက္ခဏာနှင့် ပြည့်စုံသော ဗြဟ္မဏကညာ၊ ခတ္တိယကညာတို့သည် လွန်စွာပေါများပါကုန်၏။ ထိုကညာများကို မိဖုရား

WWW.DHAMMARANSI.COM



မြှောက်တော်မူသောအခါ သားတော်ရတနာများလည်း ထွန်းကားလာပါလိမ့်မည်။ မည်သည့်မိဖုရားကပဲ ဖွားဖွား၊ အရှင်သားတော်ချည်းသာဖြစ်ပါသည်။ အရှင်သားတော် ဖြစ်ပါက ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံပါလိမ့်မည်။ သို့အတွက် အမျိုးဆက် ပျက်မည့်အရေးကို တွေး၍ စိုးရိမ်စရာ မရှိပါဘုရား

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဒုသျှန္တမင်းသားက ပန်းချီဆရာမကလေးကို မျက်စောင်းထိုး၍ မောင်းမဲ ပြောဆိုသည်မှာ

ဒုသျှန္တဘုရင် ငါအရှင်ကို မြင်မြင်ကရယောက်ျားလို သင် အထင်မှားသလော။ ဇမ္ဗူဒီပါ တောင်လက်ယာမှာ ကညာမိန်းမတွေ ပေါသော်လဲ သဘော ငါကျသည် မဟုတ်။ မိန်းမဆိုလျှင် လိုချင်နှစ်သက် ရမက်ဖိစီး လောဘကြီးသော ယောက်ျားများနှင့် ငါ့အား လာ၍ မနှိုင်းယှဉ်လာနှင့်။ အမ္ဗတ္တရ သရက်သီးကို မြည်းဖူးသောသူမှာ မည်သည့်အရသာကိုမှ တွယ်တာနှစ်သက်နိုင်မည် မဟုတ်။ သကုန္တလာ အလှည့်နှုန်းဖူး၊ ပျိုနုတ်မှူးနှင့် ကြည်နူး မေတ္တာ ဆက်ဆံကာလာခဲ့ရသော ငါမင်းမြတ်မှာလဲ ကညာရှိသမျှဣတ္ထိယတို့ကို စိတ်က မတွေ့၊ မြင်ရတိုင်းငြီးငွေ့လျက် စေ့စေ့မှ ကြည့်လိုသော သဘောမပါ။ သကုန္တလာသက်လျာကိုသာ အခါခါတမ်းတမိတော့သည်။ အကယ်စင်စစ် သကုန္တလ အချစ်ကလေးနှင့် ဘွဲ့ရစ်တူစုံ သစ္စာတော်မဆုံရတာဖြင့် လူ့ဘုံလောကမှာ နေရကျိုးမနပ်ဘူးလို့ စိတ်ကူးပြီးသား ဖြစ်တော့သည်။ သကုန္တလာနှင့် ကွဲကွာ၍ ရှည်ကြာစွာ အသက်ရှင်သောထက် အလျှင်အမြန် သေခြင်းကသာ မြတ်သေးသည်။

ဟူ၍ ပြောကြားပြီးလျှင် တစ်ကိုယ်တည်း ညည်းညူပြန်သည်မှာ

သြော် ဘိုးတော်ဘေးတော်၊ ခမည်းတော်တို့လက်ထက်မှ အဆက်မပြတ်ခဲ့ဘူးသော ပုရုမင်းဆက်သည် ငါလက်ထက်သို့ကျမှ အစပြတ်တော့မှာ ထင်ပါရဲ့။ ဥပမာ ဘာနှင့်တူသလဲဆိုလျှင် သရဿတီ (သူရဿတီ) မည်သောမြစ်သည် အစက ကောင်းမွန် ကြည်လင်စွာ စီးဆင်းလာပြီးမှ အဆုံးကျတော့ ပျောက်ရလေဘိသကဲ့သို့ ဖြစ်ချေတော့မည်။ အစက ကောင်းလျက် အနှောင်းကျမှ ပျက်စီးရမည် ဆိုတာဘယ်မှာ ကောင်းနိုင်ပါတော့အံ့နည်း။

ဟု သက်ကြီး ရှိုက်ငင်စွာ ညည်းညူ ငိုကြွေးရင်း မေ့လျော့ တွေဝေ သေငယ်သေ၍ သွားလေ၏။

ထိုအခါ အပါးမှာ ရှိသော ပန်းချီဆရာမကလေးက ရုတ်တရက် အံ့အားသင့်စွာနှင့် ဒုသျှန္တမင်းသားကို လက်ဖြင့် ဖေးမပြီးလျှင် "သတိထားတော်မူပါဘုရား" ဆို၍ ထူလေ၏။

မိဿကေသီ နတ်သမီးသည် ချောင်းမြောင်းရာမှ တစ်ကိုယ်တည်း ကြံစည် ချင့်ချိန်သည်မှာ

သြော်– ဒုသျှန္တမင်းသားဖြင့် လွမ်းအားတွေ ဖိစီး အပူတော်ကြီးတာနှင့် ဆီးမရတားမရ သေငယ်ဇော ကျပြီးလျှင် ဘဝင်သဘောနှင့် နစ်မြော၍ သွားရှာပါပြီကလား။ ငါကိုယ်တိုင် နှာဝင်၍ နပ်လျှင် ကောင်းပေ့မလား။ နှာနပ်ဖို့လဲ မလိုပါဘူးလေ။ မကြာခင် သူ သတိပြန်၍ရမှာပါပဲ။ အလို ပြောဆိုနေရင်း ကောင်းကင်တိမ်ယံက အသံတစ်ခု ကြားရပါကလား။ သြော် ရိပ်မိပြီ။ ဒိဗ္ဗသောတဟု ဆိုအပ်သော နတ်တို့၏ နားတန်ခိုးအစွမ်းဖြင့် ငါကြားရသော အသံသည် ဒေဝဇနနီဆိုတဲ့ နတ်သမီးက သကုန္တလာ မင်းသမီးကို ချော့မော့နေတဲ့ အသံပါကလား။ ငါလဲပဲ နတ်ပြည်သို့ သွားရောက်ပြီးလျှင် မိတ်ဆွေမေနကာနတ်သမီးကို ကူညီ ဝန်းဝိုင်းဦးမှ တော်မှာပဲ။

ဆိုပြီးလျှင် ကောင်းကင်သို့ တက်သွားလေ၏။

WWW.DHAMMARANSI.COM



ဒုဿန္တမင်းသားသည် မိန်းမော နစ်မြောရာမှ တဖန် သတိရ၍ ထလာသောအခါ အလွန်တရာ ထိတ်လန့်ဖွယ်ရာကောင်းသော အသံတစ်ခုကို ကြားရလေ၏။ ကြားရသော အသံမှာ

ကျွန်ုပ်သည် ဇာတိအားဖြင့် မြင့်မြတ်သော (ဗြဟ္မဏ) ပုဏ္ဏားလူမျိုး ဖြစ်ပါသည်။ ပုဏ္ဏားဖြစ်သော ကျွန်ုပ် သူတော်ကောင်း၏ အသက်ကို သတ်တော်မမူပါနှင့်။ ကျွန်ုပ်သည် မကောင်းမိစ္ဆာ၊ယုတ်မာ ညစ်ညူးသောသဘောနှင့် သူတစ်ပါးကို မတရား မပြုလုပ်စဖူးပါ။ ဝေဒကျမ်းတွင် လာသောအတိုင်း တရားသဖြင့် ကျင့်ကြံနေထိုင်သူ အစစ်အမှန် ဖြစ်ပါသည်။ ထိုကဲ့သို့ စင်ကြယ်စွာ နေထိုင်သော သူတော်ကောင်းကို ချမ်းသာပေးသင့်ပါသည်။ ကျွန်တော်မျိုးပုဏ္ဏား၏အသက်ကို ကာကွယ်၍ ကယ်ဆယ်တော်မူပါဘုရား။

ဤကဲ့သို့ ဟစ်အော်သောအသံကို ကြားရသောအခါ အံ့အားသင့်စွာနှင့် နားစိုက်၍

အင့်ဟင် ... ဘယ့်နယ်ဟာပါလိမ့်မလဲ။ ယခု ဟစ်အော်သံဟာ မကြာမီက ထွက်ခွာသွားသော မဏ္ဍဗျပုဏ္ဏားကြီး၏ အသံနှင့် တူတာပဲ။ လမ်းခရီး အကြားမှာ ဘာများဖြစ်နေပါလိမ့်မလဲ။ ငါကိုယ်တိုင် ပူပန် နွမ်းရိနေတဲ့အခါ မသက်မသာသော အသံကို ကြားရတာနှင့် များစွာ ထိတ်လန့်ခြင်း ဖြစ်ရလေသည်။ အလန့်တကြားနှင့် ရုတ်တရက် ယခုလို ဟစ်အော်လိုက်သည်ကို ထောက်လိုက်တော့ အကျပ်အတည်း အကြီးအကျယ် ဒုက္ခရောက်နေတဲ့လက္ခဏာပဲ။ ထိတ်လန့်စရာ ကောင်းပါဘိတော့ ကရို။

ဟူ၍ ညည်းညူလေ၏။ ထိုအခါ အပါးတော်တွင် ခစားလျက်ရှိသော ဓာတုရိကာ မည်သည့် ပန်းချီဆရာမကလေးက သူလည်း ဟစ်အော်သံကို ကြားသည်နှင့် ဘုရင်မင်းမြတ်အား လျှောက်တင်သည်မှာ

ဘုရားကျွန်မ အထင်ဖြင့် မဏ္ဍဗျပုဏ္ဏားကြီးကိုပိဂ်လိကာနတ်သမီးသည် သူ၏ အဖော်များနှင့် လမ်းခရီးမှာ ဖမ်းဆီးပြီး သကုဏ္ဍလ မင်းသမီး၏ ရုပ်ပုံရွှေလွှာကို အတင်း လုယက် ယူငင်နေပြီ ထင်ပါသည် ဘုရား။

ဟူ၍ လျှောက်သောအခါ ဒုဿန္တမင်းသားသည် သူချစ်ခင် နှစ်သက်ဆုံးဖြစ်သော ရုပ်ပုံရွှေလွှာကို လုယက်သည်ဟု ကြားသည်နှင့် များစွာ စိတ်နှလုံး မသက်သာသောကြောင့်

ငါဘုရင်မင်းမြတ်၏ ကျွန်တော်မျိုးများကို စော်ကား နှိပ်စက်လေသည်မှာ လွန်စွာ ရိုင်းစိုင်းကြလေသည်။ ပိဂ်လိကာနတ်သမီးအား သူ၏ အခြွေအရံများကို ဘယ်ကြောင့် လုံခြုံစွာ အုပ်ထိန်းခြင်း မပြုလေသနည်း။ ယခုပင်လျှင် ငါဘုရင်မင်းမြတ်၏ အမိန့်တော်နှင့်ပိဂ်လိကာနတ်သမီးကို နှိပ်ကွပ်ဆုံးမစေ။

ဆို၍ ပန်းချီဆရာမကလေးကို စေလွှတ်လိုက်လေ၏။ ပန်းချီဆရာမကလေးလည်း "အမိန့်တော်မြတ်အတိုင်းပါဘုရား" ဆို၍ ဘုရင်အပါးမှ ထွက်သွားလေ၏။

ထိုသို့ စေလွှတ်လေသည့်အခိုက် အသံတစ်ခုကို ထပ်မံ၍ ကြားရပြန်သည်မှာ

ကျွန်တော် (ဗြဟ္မဏ)ပုဏ္ဏားလူမျိုးအစစ် ဖြစ်ပါသည်။ ပုဏ္ဏားမျိုးကို သတ်ရိုးထုံးစံ မရှိကြောင်းနှင့် ဝေဒကျမ်းအပေါင်းက ထွက်ဆိုကြပါသည်။ အသက်ဘေးမှ ချမ်းသာပေးတော်မူပါ။

ဟူ၍ သတ်ခါနီးဆဲဆဲတွင် တောင်းပန် နေပုံအသံကို ကြားရသောကာလ ဒုဿန္တမင်းသားသည်

အမှန်စင်စစ်ပါပဲ။ မဏ္ဍဗျပုဏ္ဏားမှာဖြင့် အလွန်တရာ အတိဒုက္ခ ရောက်နေရှာချေပြီ။

ဟု တစ်ယောက်တည်း ပြောဆိုနေသည့်အခိုက် အနီးအပါးက လူသံတစ်ခု ကြားရသည်နှင့်

အလို ဟိုအရှေ့က ဘယ်သူများ ရှိနေပါသနည်း။

WWW.DHAMMARANSI.COM



ဟူ၍ ခပ်ကျယ်ကျယ် မေးမြန်းလေ၏။ ထိုအခါ ဉယျာဉ်မှူး အဘိုးကြီး အပါးတော်သို့ ဝင်လာပြီးလျှင်

ကျွန်တော်မျိုး ဖြစ်ပါကြောင်း၊ အရှင်မြတ်၏ အမိန့်တော်သံကို နာခံလျက် ရှိနေပါကြောင်း။

နှင့် လျှောက်တင်လေ၏။ ဒုဿန္တမင်းမြတ်က

အို ဉယျာဉ်မှူးကြီးလား။ နားထောင်စမ်းပါ။ မဏ္ဍဗျပုဏ္ဏားကြီးသည် မည်သည့်နည်းကြောင့် ယခုလောက် ကြောက်ရွံ့ ထိတ်လန့်စွာ သနားစရာ ငိုသံပါအောင် ဟစ်အော်နေပါသနည်း။ အကြောင်းကို သိရအောင် သွားရောက်၍ စုံထောက်စမ်းပါ

ဟု အမိန့်ရှိလေသောအခါ

မှန်လှပါ ဘုန်းတော်ကြောင့် မဏ္ဍဗျပုဏ္ဏား၏ အကြောင်းအရာကို မကြာမီ သိတော်မူရပါလိမ့်မည်ဘုရား။

ဟု သံတော်ဦး တင်၍ ဉယျာဉ်မှူးအဘိုးကြီး ထွက်သွားလေ၏။ ထိုသို့ ထွက်သွားပြီးနောက် များမကြာမီပင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်လျက် သုတ်သီးသုတ်ပြာ လျင်မြန်စွာ အရေးတကြီး အပါးတော်သို့ ဉယျာဉ်မှူးအဘိုးကြီး ပြန်လာသောအခါ ဒုဿန္တမင်းသားက

အလို ဘယ်နှယ်လဲ၊ ယခုလောက် ကြောက်လန့် တုန်လှုပ်စရာ ဘယ်လို အကြောင်းအရာများ ရှိပါသလဲ အဘိုးကြီး။

ဟု ဆီး၍ မေးတော်မူလျှင် အကြောင်းစုံလင်စွာ မတင်နိုင်သေးဘဲ

အလွန် ကြောက်လန့်စရာ အကြောင်း ရှိပါသည်ဘုရား။

ဟူ၍ လျှောက်ထားသံတော်ဦးတင်လေ၏။ ထို့နောက် ဒုဿန္တမင်းသားက

ကြောက်လန့်ဖို့ အကြောင်းဆိုတာ ဘယ်အရာဖြစ်ပါသနည်း။ လောကမှာ ဇရာဖိစီးနေတဲ့ အဘိုးကြီးအမယ်ကြီးများဟာ အရွယ်ကကြီးရင်၊ အဆင့်ဆင့် ရုပ်အားလျော့သည်နှင့် တစ်စုံတစ်ရာမျှ အကြောင်းထူး မပေါ်မီကပင်လျှင် တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက် တမောမော တဟိုက်ဟိုက် ဖြစ်နေသည့်အထဲမှာ ကြောက်လန့်စရာများနှင့် တွေ့ကြုံပြန်ပြီဆိုမှဖြင့် သစ်ခက် သစ်ရွက်များကို လေပြင်းမုန်တိုင်းတိုက်ခတ်သကဲ့သို့ မရပ်မတည် တဆတ်ဆတ် တုန်လှုပ်၍ နေကြတာမျိုးပဲ။

ဟူ၍ဆိုသည်တွင်၊ ဉယျာဉ်မှူးအဘိုးကြီးက

အကြည်တော် မဏ္ဍဗျမှာ ရန်သူ၏ လက်တွင် အသက်ဆုံးဖို့ရှိနေပါသည်။ လျင်မြန်စွာ ကယ်ဆယ်တော်မူမှ သင့်ပါမည်ဘုရား။

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဒုဿန္တမင်းသားက

အကြည်တော်ကို ဘယ်လို ကယ်ဆယ်ရမှာလဲ၊ ဘယ်နေရာဌာန၊ဘယ်သို့ အတိဒုက္ခရောက်နေ၍ ဘယ်ဌာနက ကယ်ဆယ်ရမည် ဆိုတာကို လျှောက်တင်စမ်းပါဦး။

ဟူ၍ မိန့်တော်မူသည်တွင် ဉယျာဉ်မှူး အဘိုးကြီးလည်း ပျာယီးပျာယာ တုန်တုန်ခိုက်ခိုက် ဖြစ်နေသည်နှင့် စေ့စုံစွာ တင်လျှောက်ရန် သတိမထားနိုင်ဘဲ

ဘေးဥပါဒ်အန္တရာယ်မှ အကြည်တော်ကို ကယ်ဆယ်တော်မူပါ။

ဟူ၍ မသေမချာ လျှောက်ထားပြန်လေ၏။ ထိုအခါ ဒုဿန္တမင်းသားက

အို တယ်ပြီး ဝေ့လည်လည် ပြောတာကိုး။ သည်လောက်တောင် ပျာပျာလောင်လောင်နှင့် မကြောက်စမ်းပါနှင့်။ ကြာတော့ အချိန်နှောင်းသွားပါမယ်။ ရေရေလည်လည်ကြီး တင်စမ်းပါဦး။

ဟူ၍ မေးတော်မူရာတွင် ဉယျာဉ်မှူးက

အထက်ကောင်းကင်အမြင့်သို့ စွင့်စွင့်ကြီး လေးဘက်ပြိုင်၍ တက်နေတာ မေဃစ္ဆန္ဒမြို့ ရိုးကြီးခေါ်ပါသည်။

ဟူ၍ စကားရှည်အောင် လျှောက်သည်တွင် ဒုဿန္တမင်းသားက

WWW.DHAMMARANSI.COM



အို ကြောင်လည် ကြောင်ပတ် လုပ်ပြန်ပါပြီ။ သည်မြို့ရိုးကြီးကို မေယစ္ဆခေါ်တာကို ကျွန်ုပ်မသိ ရှိမလား။ ကျွန်ုပ်စံနေတော်မူတဲ့ ဟတ္ထိနပူရမြို့ကြီးကို ရံဝိုင်းတဲ့ မြို့တော် တံတိုင်းကြီး မဟုတ်လား။ ဒါဘာဖြစ်သလဲ။

ဟူ၍ ဆက်လက်မေးလေ၏။ ထိုအခါ ဥယျာဉ်မှူးအဘိုးကြီးက

ကောင်းကင်သို့ ရောက်အောင် မတ်မတ် စောက်စောက်၊ မြင့်မောက်၍ နေသဖြင့် အလွန်တရာအတက်ခက်လှစွာသော မြို့ရိုးကြီးပေါ်က အလွန်တရာ ဆိုးဝါးယုတ်မာလှသော နတ်ဆိုးများသည် သူတို့တန်ခိုးဖြင့် ကိုယ်ကို ကွယ်ဖုက်ပြီးလျှင် ကြမ်းကြုတ်ရက်စက်စွာ အရှင်၏ အကြည်တော်မဏ္ဍာဗျအား သနားငဲ့ညှာ မေတ္တာမဖက်ဘဲ အတင်း ဗလက္ကာရ ဖမ်းယူ၍ သွားပါသည်ဘုရား။

ဟူ၍ လျှောက်ထား သံတော်ဦး တင်လေ၏။ ထိုစကားကို ကြားရာ ဒုသ္သန္တ ရမင်းသားသည် ရတ်တရက် အလန့်တကြား အံ့အားသင့်စွာ ဖြစ်သွားပြီးလျှင် စဉ်းစား ဆင်ခြင်သည်မှာ

မကြာမီ ကာလကပင် သကုဏ္တလမင်းသမီး၏ ရုပ်ပုံရွှေလွှာကို မြို့ရိုးပေါ်မှာ သိမ်းထားမည်ဟု အကြည်တော် မဏ္ဍာဗျသည် ငါ့ထံမှ ခွာသွားလေသည်။ ထိုအခါတွင် နတ်မိစ္ဆာများက ဖမ်းဆီးတဲ့ လက္ခဏာပဲ။

ဩော် ယခုအခါ ငါသည် တိုင်းပြည်ကိစ္စရေးတို့ကို အရေးမပြု ဂရုမစိုက်ဘဲ သကုဏ္တလချစ်ဦးတစ်ယောက်ကိုသာ ဂရုစိုက်နေမိတာနှင့် မိစ္ဆာနတ်ဆိုးတို့ကတောင် ငါ့သြဇာအာဏာကို ငြင်းဆန်လျက် ရှိနေကြလေပြီတကား။

ဟု စဉ်းစား၍ ဒေါသမာန်အားကြီးစွာနှင့် ထ၍ သွားပြီးလျှင် မဏ္ဍာဗျအား ကူညီ ကယ်ဆယ်ရန် ပြုလေသောအခါ ရတ်တရက် သတိ သံဝေဂ ဖြစ်ပွားသည်နှင့် တရားသဖြင့် စဉ်းစား ဆင်ခြင်ပြန်သည်မှာ

ဩော် ယခုလိုအခါ တဏှာ ကြော့ငြိ မှောင်မောဟမိနေသောကြောင့် ရှေးကရှိတဲ့ ဘုန်းတန်ခိုး တေဇာ အာဏာ ကျက်သရေများပင် လျော့ပါးဆုတ်ယုတ်၍ ကုန်ပြီထင်ပါရဲ့။ ကြည့်စမ်းပါလား။ ယခင်ကာလက ငါ၏သြဇာအာဏာကို ဘယ်ခါမှမလွန်ဆန်ဝံ့သော နတ်ဆိုးနတ်ဝါးများပင် ယခုအခါ ငါ၏ အာဏာကို ငြင်းဆန်၍ ငါ့အခြွေအရံများကိုပင် မထီမဲ့မြင်နှိပ်စက် ညှဉ်းဆဲ၍ နေပါပေါ့ကလား။ ဩော် လောကကြီးဆိုတာ သည်လိုချည်းပဲ ထင်ပါရဲ့။ 'ဦးကနင်း ပုံကထောင်၊ ပုံကနင်း ဦးကထောင်' ဆိုတာလို တစ်ပိတစ်ပြား ငြိမ်ဝပ် ပိပြားအောင် စီမံအုပ်ချုပ်ဖို့ရာ လွန်စွာ ခဲယဉ်းတာကလား။ သတ္တဝါတို့၏သဘောဆိုတာ အမျိုးမျိုး ရှိတာပဲ။ အချို့ကိုလဲ အကြမ်းနှင့် ဆုံးမရသည်။ အချို့ကိုလဲ အနုနှင့် ဆုံးမရသည်။ အချို့ကိုလဲ မနုမကြမ်း အလယ်လမ်းဖြင့် ဆုံးမရလေသည်။ နေမင်းသည် ပူပြင်းသော တန်ခိုးအရှိန်ကား ရှိပါ၏။ သို့ရာတွင် ခြံရံများစွာ ကြယ်တာရာတို့ဖြင့် မတင့်တယ်။ လမင်းသည် အေးမြ ကြည်လင်သောကြောင့် ခြံရံများစွာ ကြယ်တာရာတို့ဖြင့် တင့်တယ်ပါ၏။ သို့ရာတွင် နေမင်းကဲ့သို့ ထွန်းတောက် လင်းထိန် အပူရှိန် မရှိချေ။ ပြည့်ရှင်မင်းတို့မည်သည် အချင်းခပ်သိမ်း နေကဲ့သို့လဲ မကျင့်သာ၊ အရာတိုင်းမှာ လကဲ့သို့လဲ မကျင့်ထိုက်၊ အလိုက်သင့်လျော်စွာ အခါအခွင့်ကို ကြည့်၍ နေသို့လဲ မကျ၊ လကဲ့သို့လဲ မနေ၊ မဖွေခရီး အလယ်နည်းဖြင့်သာလျှင်၊ ကျင့်ထိုက်ပေသည်။ ထိုမှတစ်ပါး လောက၏ အလားနှင့် စဉ်းစားဆင်ခြင်သည်ရှိသော် ပူရှိန်ပြင်းပြင်းနှင့် အလင်းကို အလိုရှိသောကြောင့် နေ့အခါ သူရိန္ဒာနေမင်းက ထွန်းလင်း၍ ပေးလေသည်။ အေးမြကြည်သာ ညဥ့်အခါမှာတော့ သာယာ ရွှင်လန်းဖို့အရေးနှင့် လထွက်၍

WWW.DHAMMARANSI.COM



> ပေးလေသည်။ တစ်ရံတစ်ခါတော့ နေလဲမထွန်း လဝန်းလဲ မပေါ်ဘဲ ရှိလေသည်။ ဤကဲ့သို့ လောကမှာ နေလတို့ကို ဥပမာထား၍ စွမ်း သတ္တိနှင့် တန်ခိုးဣဒ္ဓိကို ပြသည့်အခါ နေဥပမာ ဖြင့် ကျင့်ရာသည်။ လူများ၏ ချစ်ခင်ဖွယ်ရာ သာယာပျောင်းပျော့ မာန်လျော့နူးညံ့သည့်အခါ လစန္ဒာကဲ့သို့ ကျင့်ရာသည်။ တစ်ရံတစ်ခါမှာ တော့ နေလိုမလင်း၊ လမင်းလိုလဲ မကျင့်ဘဲ အသင့်တော်လျော်စွာ ကျင့်ရာသည်။ ဩော် စေ့စေ့တွေးလိုက်တော့။ လမင်းစန္ဒာ သူရိန္ဒာတို့ သည် အထက်အာကာသ ကောင်းကင်ထိပ်က နိမိတ်ပြ၍ လောကဆုံးမ နည်းပေးကြတာ ကလား။

ဟု သူ၏ ဩဇာအာဏာနှင့် စပ်လျဉ်း၍ စဉ်းစား ပြီးလျှင် ဒုသျှန္တမင်းသားသည် သူ၏ တာဝန်တွေ များလှသည်နှင့် စဉ်းစားတော်မူပြန်လေသည်မှာ

> ဩော် လောကမှာ လူများတို့၏ ဦးစီးဦးခိုင် အချုပ် လူကြီးလုပ်ရ၍ မှီခိုသူများလေလေ တာဝန်ကြီးကျယ်လေလေ ဖြစ်ပါသည်တကား။ တာဝန် ကျယ်ဝန်း များပြားလေလေ၊ ဒုက္ခ ပင်လယ်ဝေကြီးနှင့် တွေ့လေလေ ဖြစ်တော့ သည်။ ဤကဲ့သို့ တာဝန်များမှုကို ကြောက်လန့် ကြတာနှင့် သူတော်ကောင်းအပေါင်း သူမြတ် လောင်းတွေဟာ တိုင်းပြည်မြို့တို့မှ စွန့်ခွာ၍ ကမ္ဘဋ္ဌာန်း ဘာဝနာနှင့် တောတောင်အတွင်းမှာ တစ်ကိုယ်ချင်း ပျော်နေတော်မူကြတာပေကိုး နော်။ သူဟစ်ပါးမှာတော့ ကိုယ့်အတွက်နှင့် ကိုယ့်သားမယား၊ ကိုယ့်အိုးအိမ်အတွက်သာ လျှင် ပူပန်ကြရလေသည်။ ငါ့မှာတော့ ဘုရင် မင်းမြတ် ဖြစ်၍နေသောကြောင့် အိုးပေါင်း၊ အိမ် ပေါင်း သိန်းသောင်းမက မြို့ပြနိုင်ငံကြီး၏ တာဝန်ကို အားသွန်ကြိုးပမ်းကာ ထမ်းရွက် သည်ပိုးနေရသည့်အတွက်ကြောင့် မည်မျှ လောက် တာဝန် ကျယ်ပွား ဒုက္ခများသည်ဟု အထူးပြောကြားဖွယ် မလိုချေ။ ဥပမာ မြင့်မိုရ် တောင်ကြီးဖြင့် ဖိ၍ထားသော သူတစ်ယောက် မှာ မည်မျှလောက် ဝန်လေးသည်ဟူ၍ ပြောဆို ဖွယ် မရှိသကဲ့သို့ ဖြစ်လေတော့သည်။
>
> ဤကဲ့သို့ ကြီးကျယ်လေးလံလှစွာသော တိုင်းပြည်နိုင်ငံဝန်ကြီးကို ရွက်ဆောင်နေရသော ကြောင့် တစ်နေ့၊တစ်ရက်၊ တစ်မနက်လောက် များ သတိလစ်ဟင်းသွားပြီဆိုမှုဖြင့် နိုင်ငံကြီး နှင့် သက်ဆိုင် လုပ်ကိုင် ကြံစည်ဖွယ်များသည် တိမ်တိုက် လေလွင့်သကဲ့သို့ ကစဉ့်ကရဲ ဖောက် လွဲ ဖောက်ပြန်ဖြစ်၍ ကုန်တော့တာပဲ။ သင်တုန်း ဓားပေါ်မှာ မုန်ညင်းစေ့ကို မကျအောင် တင် ထားသောသူ၏ သတိ ဝီရိယကဲ့သို့ အလွန် ဂရုတစိုက်ပြုကာ စောင့်ရှောက် ထိန်းသိမ်းနေ လျက်ထဲမှာပင် များစွာသော အနှောင့်အယှက်နှင့် တွေ့ရလေသေးသည်။ ယခု ငါနေပုံ ထိုင်ပုံများ ဟာလဲ တိုင်းရေးပြည်မှုဆို၍ တစ်ခုကိုမျှ ဂရု မစိုက်နိုင်ဘဲ သကုန္တလာမင်းသမီးကလေး၏ အရေး တစ်ခုကိုသာ အလေးပြုနေမိတာနှင့် မြို့ရွာခရိုင် နိုင်ငံတလွှားမှာဖြင့် ဘယ်လောက်များ ချောက် ချား တုန်လှုပ်၍ မည်မျှလောက် ထွေးရှုပ်နေမည် ကိုဖြင့် မပြောမဆိုနိုင်အောင် ရှိတော့မှာပဲ။
>
> ငါသည် နိုင်ငံ၏ မိဘသဖွယ် ဖြစ်နေသော ကြောင့် ငါ၏သားသမီးသဖွယ်ဖြစ်သော နိုင်ငံ သူ၊ နိုင်ငံသားတို့မှာ ဘယ်လောက်များ ဆင်းရဲ ဒုက္ခနှင့် တွေ့ကြုံနေလိမ့်မည်ဟု မသိနိုင်ဘဲ ရှိတော့သည်။ ငါ့မှာယခုအခါ အမှားမှားအယွင်း ယွင်း သတိတရား လွတ်ကင်းနေတာနှင့် နိုင်ငံသူ နိုင်ငံသားတို့အပေါ်မှာ မိဘသဖွယ် အုပ်ချုပ်ရ မည့် ငါ၏ဝတ္တရားများသည် ယွင်းပါး တိမ်း စောင်း၍ နေပါပြီတကား။
>
> ငါ၏ ကိုယ်ကိုမှ ငါမအုပ်ထိန်းနိုင်တဲ့အခါ နိုင်ငံ၏ ဝန်ကြီးကို ဘယ်လိုနည်းနှင့် ထိန်းသိမ်း စောင့်ရှောက်နိုင်ပါမလဲ။

WWW.DHAMMARANSI.COM



ဟု သတိသံဝေဂရစွာနှင့် ညည်းညူပြောဆိုနေသည် အခိုက်

ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား။

ဟူသော ဟာစ်အော်သံကို အဖန်ဖန် ကြားသိရလေ၏။ ဤကဲ့သို့ ဟာစ်အော်သောအသံကို ကြားရလေသောအခါ စိတ်နှလုံး မသက်မသာ ရင်ထုမနာဖြစ်သည်နှင့် ဂရုတစိုက် နားထောင်ပြီးလျှင် ကိုယ်တော်ကို ရှေ့သို့တိုး၍

မစိုးရိမ်နှင့်၊ ငါဘုရင်မင်းမြတ် သည်က ရှိနေတော်မူသည်။

ဟူ၍ အားပေးတော်မူလေ၏။ ထိုအခါ အသံကို ကြားရပြန်သည်မှာ

အမြန်ကယ်တော်မူပါဘုရား။ မစိုးရိမ်နှင့် မကြောက်နှင့် ဆိုတာကတော့ ဟုတ်ပါရဲ့။ သို့ရာတွင် ကျွန်တော်မျိုးမှာဖြင့် လည်ပင်းကို ညှစ်၍ ခါးဆစ်ကို ချိုးထားသည်ကို ခံနေရသည်။ မသက်မသာ မြန်စွာသေဆုံး ဝိညာဉ်တုံးတော့မလို ဖြစ်၍ နေပါပြီ။ ဒူးပေါ်မှာ ကြံချောင်းကို တင်၍ ချိုးသည့်ပမာ ထောက်ခနဲ ဆတ်ခနဲ ဘယ်တော့ကျိုးပါမလဲလို့ အစိုးရိမ်ကြီးနှင့် ယခုနေရပါသည်။ မြန်စွာ ကယ်ဆယ်တော်မူပါဘုရား။ သနားသဖြင့် ကူပင့်စောင်မတော်မူပါဘုရား။

ဟူ၍ သနားစရာ ရှိုက်သံပါသော အသံဖြင့် အဖန်ဖန် ဟာစ်အော်ပြန်လေ၏။ ထိုအခါ ဒုဿန္တမင်းသားက နှလုံးသို့ထိခိုက်၍ သွားလောက်အောင် သနားတော်မူလှသည်နှင့် ထက်မြက် လျင်မြန် အမြင်သန်သော မျက်စိဖြင့် ပတ်ပတ်လည်ကြည့်ပြီးလျှင်

ငါ၏ လက်သုံးတော် ရွှေလေးကို မနေးချက်ချင်း လက်ငင်း ဆက်သကြ မောင်မင်းများ။

ဟူ၍ အမိန့်တော်ရှိလေ၏။

ဤသို့ အမိန့်ရှိသောအခါ လေးအမှုထမ်းသား တစ်ယောက်သည် လေးနှင့်မြားကို ကိုင်၍ အပါးတော်သို့ ဝင်လာပြီးလျှင်

ရွှေမြားစိန်တံ တစ်ချက်နှံက ဘောရန် အပေါင်းခဝပ်ညောင်းရသည့် မင်းပေါင်း၏ သခင် အောင်ပွဲရှင် ဘုရား။ အရှင့် အမိန့်တော် မှတ်ထားသည့်အတိုင်း လေးတော်မြားတော်များကို အရှင်ဘုရားရွှေလက်တော်ရောက် ဆက်သပါကြောင်း။

နှင့် လျှောက်၍ လေးနှင့်မြားကို ဆက်သောအခါ ဒုဿန္တမင်းသားသည် လှမ်း၍ ယူတော်မူလေ၏။ ထိုအခါ မြို့ရိုးကြီးပေါ်က ကြိမ်းဝါးသံ စကားကို ကြားရသည်မှာ

ရန်သူ အများတို့ကို ထွားထွားကြေညက်အောင် ဖျက်ဆီးနိုင်သော 'ရန်ကြီးအောင်' နတ်ဆိုး ငါဖြစ်သည်။ ငါသည် အရှင်လတ်လတ် သင့်ကို သတ်၍ သင်၏စိမ်းရှင်သော အသွေးအသားကို စားမျိုစုတ်ယူခြင်းငှာ ကြံစည်သည်မှာ ကာလသချာ အတော်ပင်ကြာခဲ့လေပြီ။ ယခုမှ အခွင့်စားရန်ဖို့ သင့်သောကြောင့် ငါနှင့် တူပြိုင်ဤမြို့ရိုးအနားမှာ ဘွားခနဲဆိုင်သော လွတ်နိုင်ဖို့အရေး ခွင့်မပေးဘဲ အသွေးမျိုစုတ်ဖို့ ဖမ်းချုပ်၍ ငါထားခြင်း ဖြစ်လေသည်။

အစာက ကင်းပြတ်၍ ငတ်မွတ်သော ကျားဆိုးသည် အညှိုးနှင့် မာန်ဖိနေစဉ်အချိန် ကံမိုက်သည့် နွားငယ်ကို အလွယ်ဖမ်းမိသည့်အခါ အာသာလွန်မင်း စားချင်ခြင်းပြင်းသဖြင့်အတင်းလျင်စွာ ငဲ့ညှာ မသနား ကျွတ်ကျွတ်မြည်အောင် ကိုက်စားဘိသကဲ့သို့ ငါသည်လဲ သင့်ကို ကိုက်ဝါး၍ စားရန် စိတ်မာန်တကြွကြွ ဖြစ်၍နေလေပြီ။ ကံဆိုးသည့် ပုဏ္ဏားမှာ ငါစားဖို့ ထက်ကြပ် သင့်ကိုယ်ကို လ ၂၍ အပ်သောကြောင့် လတ်တလော ခုဂင် သေဖို့သာ ပြင်ပေတော့။

ဟူ၍ ဆိုရာ မဏ္ဍဗျပုဏ္ဏားက အလန့်တကြားနှင့်

ကယ်တော်မူပါဘုရား။

ဟူ၍ ဟာစ်အော်လိုက်လေ၏။ ထိုအခါနတ်မိစ္ဆာက

WWW.DHAMMARANSI.COM



အလိုလေး၊ မြားကို အားကိုး၍ တန်ခိုးကြီးသည့် အရှင် ဒုသျှန္တဘုရင်ကို နင် ယခု တပြန်ပလား။ ဟု ကြိမ်းဝါး၍ လည်ပင်းကို ညှစ်လေ၏။

ထိုသို့ နတ်မိစ္ဆာက ကြိမ်းဝါးသော အသံကို ဒုသျှန္တမင်း ကြားလေရာ လွန်စွာ အမျက် ထွက်လေသဖြင့်

ငါဘုရင်ကိုပင် အထင်သေးကွေး မလေးမစား မခံ့ညားသော စကားကို နတ်မိစ္ဆာ အမိုက်က ထိထိ ခိုက်ခိုက် ပြောဆိုနေပါပကော။ ရှိစေဦး နတ်မိစ္ဆာ၊ ရွှေလေးတော်စကြာနှင့် အာဏာကို ပြလိမ့်မည်။ နောင်ခါမှသတိရ၊ ခလုပ်ထိမှ အမိ မတနှင့်။ အသက်ဝိညာဉ် ကိုယ်ကာယမှ လွင့်စင်အောင် စီရင်ကွပ်ညှပ် နတ်မသမာကို လျင်မြန်စွာ သတ်တော့မည်။

ဟူ၍ ကြိမ်းဝါ ပြီးလျှင် ဥယျာဉ်မှူးအဘိုးကြီးကို ခရီးလမ်းညွှန်ပြ၍ မြို့ရိုးပေါ်သို့ တက်သွားလေ၏။

မြို့ရိုးပေါ်သို့ ရောက်သောအခါ ဒုသျှန္တမင်းသားသည် လေးနှင့်မြားကို စွဲကိုင်လျက် တောင်မြောက် ပတ်လည် လှည့်လည် ရှုစားပါသော်လည်း ဘာတစ်ခု တစ်ခုကိုမျှ မမြင်ရသည်နှင့်

အလို ဘယ်နယ်လဲ ကရို့၊ မြို့ရိုးထိပ်ပေါ်သို့ ငါ ကိုယ်တော်ရောက်ပြန်တော့ နတ်မိစ္ဆာပျောက် သွားပြီ ထင်ပါကလား။ မဏ္ဍဗျပုဏ္ဏားကိုလဲ မတွေ့ရ၊ ကြုံရကြုံဖူး အကြောင်းနှင့် ထူးလှချည် ကလားနော်။

ဟူ၍ ညည်းညူလေ၏။ ထိုအခါ

ကယ်တော်မူပါဘုရား။ ယခုဖြစ်နေပုံမှာ ကျွန်တော်မျိုးကသာ အရှင်ဘုရားကို တွေ့မြင်ရ၍ ကျွန်တော်မျိုးကိုတော့ အရှင်ဘုရားက မတွေ့ မမြင်ရဘဲ ရှိနေပါသည်။ နတ်မိစ္ဆာ၏ တန်ခိုး အစွမ်းက အလွန်ဆန်းကြယ်လှပါသည်။ ယခု အခါ ကျွန်တော်မျိုးဖြစ်နေရပုံမှာ ကြောင်၏ လက်သည်းထဲတွင် ပိ၍နေသော ကြွက်ငယ်ပမာ လွန်စွာ ကြပ်တည်း အခက်ကြီးခက် အသက် ကြွေတော့မည့်ဆဲဆဲ ဖြစ်နေပါသည်။ ကျွန်တော်မျိုးမှာ တခဏ တစ်လ ထင်၊ တစ်မိနစ်ကို တစ်နှစ်ထင်၍ နေရပါတော့သည်။ ကျေးရင်း ကျွန်ရင်းကို သနားသဖြင့် အချိန်ကာလကို မရှည်လျားစေဘဲ အားစွမ်း ထက်သန် မြန်နိုင်သမျှ လျင်မြန်အောင် ကယ်ဆယ်တော်မူပါ။ အချိန်နှေးမှဖြင့် သေဘေးတွေ့ရပါတော့မည် ဘုရား။

ဟု ညည်းတွား လှိုက်ဖို ငိုယိုရှိုက်ငင်သောအသံနှင့် ဟစ်အော်သောအသံကို ကြားရပြန်လေ၏။ ထိုအခါ ဒုသျှန္တမင်းသားက

သင့်ကို ကျွန်ုပ် မျက်စိဖြင့် မမြင်နိုင်အောင် နတ်မိစ္ဆာတန်ခိုးက ဖုန်းကွယ်၍ ထားသော်လဲ လိမ္မာသော ကျွန်ုပ်၏မြားစကြာက ဤကား ရန်သူ၊ ဤကား ကိုယ့်လူဟူ၍ ကောင်းမွန်စွာ ခွဲခြားနိုင်လေသည်။ အိုအချင်းမဏ္ဍဗျ၊ သင်သည် တစ်စုံတစ်ရာမျှ ကြောက်လန့်တုန်လှုပ်ခြင်း မဖြစ်ပါလင့်။ ကျွန်ုပ်ကိုသာ အားကိုး၍ ရဲရင့် တည်တံ့စွာ နေပါ။

ဟူ၍ ဆိုပြီးလျှင် မိစ္ဆာနတ်အား ကြိမ်းဝါးသည်မှာ

တိုင်းပြည်သခင် ငါဘုရင်ကို အထင် မှောက်မှား အာဏာစက်ကို ဖျက်ဆီးဝြား၍ မိုက်မှားပြုဘိ ဒိဋ္ဌိနှယ်လာ ဟယ် မိစ္ဆာ၊ ငါဘုရင်၏သတ္တိကို သိလို၍ စမ်းသလော။ ချမ်းသာခွင့် မပေး၊ မိစ္ဆာ နတ်ညစ်ထေးကို သေဘေး ယခုတွေ့စိမ့် မည်။ မြားစိန်ချွန်ထိကာမှ သတိရမည်မကြံနှင့်။ သေဖို့ရန် ဆောတလျင် သင့်ကိုယ်ကို ပြင်ပေ တော့။ ငါ့မြားစိန်တံ တစ်ချက်လောက်နံ့ရလျှင် ရန်သူအပေါင်း ခဝပ်ညောင်း၍ ဦးခေါင်းငါသို့ လျှိုးရသည်။ တန်ခိုးသတ္တိ ပြိုင်လာလျှင် ဖက်မရှိတဲ့၊ အောင်သိဒ္ဓိ ရွှေလေး၏ စွမ်းရေးကို ပြတော့မည်။ မိုက်လှသည့် မိစ္ဆာမှာ သေရွာသို့ သွားရတော့လဟယ်။

WWW.DHAMMARANSI.COM



ဟု ကြိမ်းဝါးပြီးလျှင် လေးတော်ကို တင်လိုက်ရာ မိုးကြိုးထစ်ခြိမ်းသကဲ့သို့ တော်ဟိန်း၍ ပဲ့တင်ဟည်းပြီးလျှင် ငလျင်ကြီး လှုပ်သကဲ့သို့ ဖြစ်လေ၏။

ထိုအခါ မာတလိနတ်သားနှင့် မဏ္ဍာဗျပုဏ္ဏားသည် ဒုဿန္တမင်း၏ရှေ့မှောက်သို့ ဘွားခနဲ ရောက်လာကြလေ၏။

(မဏ္ဍာဗျပုဏ္ဏားကို ဖမ်းထားသောနတ်မှာ စင်စစ်အားဖြင့် နတ်စိုးနတ်ဝါးကြီး မဟုတ်ချေ။ မာတလိနတ်သားပင် ဖြစ်လေသည်။ ထိုမာတလိ နတ်သားသည် သိကြားမင်း၏အမိန့်နှင့် ဒုဿန္တမင်းသားထံသို့ လာရာတွင် ကစားကျီစယ်လိုသည့်လက္ခဏာဖြင့် မဏ္ဍာဗျပုဏ္ဏားကို ဖမ်းထားခြင်း ဖြစ်လေသည်။)

ရှေ့တော်သို့ ရောက်သောအခါ မာတလိ နတ်သားက

ဇမ္ဗူဒိပ်နယ် တစ်သောင်းကျယ်တွင် နေနွယ်မျိုးဇာတ် တန်ခိုးရောင်လျှပ်ပေသည့် မင်းမြတ်သမ္ဘိန် စောနရိန်ဘုရား၊ ကျွန်ုပ်သည်ကား ဒေဝနမိန် ဝတိန်စိုးညား မိုးသိကြား၏ ရထားမှူးနတ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အရှင်ဖြစ်တော်မူသော သိကြားမင်းက ရန်သူအပေါင်းကို နှိမ်နင်းရာ မြားစကြာကို အရှင်မင်းမြတ်အား အပ်နှံဆက်သ၍ ထားကြောင်းကိုလဲ ကောင်းစွာ ကျွန်ုပ် သိရင်း ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မင်းမြတ်၏ မြားစကြာဖြင့် ရန်သူ အပေါင်းတို့ကို ချိန်ရွယ်တော်မူပါ။ ကျွန်ုပ်တို့ကဲ့သို့ အရှင်မင်းမြတ်အပေါ်တွင် မေတ္တာသက်ဝင်ချစ်ခင် နှစ်သက်၍နေသော သူများကို မြားဖြင့် ချိန်ရွယ်တော်မမူသင့်ပါ။ ကြည်ရွှင်သော မျက်နှာ မေတ္တာသက်ဝင်စွာနှင့်သာ နေတော်မူပါ။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ ဒုဿန္တမင်းသည် ရုတ်တရက် မာတလိနတ်သားကိုမြင်ရာ အံ့အားသင့်စွာနှင့် ချိန်ရွယ်၍ထားသော လေးနှင့်မြားကို အသာ ရုပ်သိမ်းပြီးလျှင်

အို ဣန္ဒမည်ငြား ရှင်သိကြား၏ ရထားထိန်းသာရထိ မာတလိတွင်ပေ နတ်မိတ်ဆွေ၊ သင့်ကို တွေ့မြင်ရခြင်းမှာ ကျက်သရေ မင်္ဂလာရှိလေ၏။ သိကြားမင်း၏ စေတမန် နတ်သား ဖြစ်သည့်အတိုင်း ဝမ်းမြောက်ကြည်လင်စွာနှင့် လက်ခံပါသည်။

ဟူ၍ နှုတ်ဆက်စကား ပြောကြားလေ၏။

ဤကဲသို့ ဒုဿန္တမင်းသား မာတလိ နတ်သားအား ယုယကြည်သာ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်နေသည်ကို မဏ္ဍာဗျ ပုဏ္ဏား တွေ့မြင်လေသောအခါ

အင့် ဟင် ဘယ်လိုဖြစ်ပုံပါလိမ့်မလဲကရို့။ ငါ့ကို အတင်းဖမ်း၍ သတ်ပစ်ရန် ကြံစည်သောရန်သူတော်အစစ်ကြီးကိုပင် ဘုရင်မင်းမြတ်က မိတ်ဆွေကောင်းကြီးသဖွယ် ထင်မှတ်ပြီး နှုးညွတ် ကြည်သာစွာ နှုတ်ခွန်းဆက်သ၍ နေပြန်ပါကလား။

ဟု တွေးတောလျက် အံ့အားသင့်ကာ နေလေ၏။ မာတလိနတ်သားကလည်း အံ့အားသင့်၍ နေသော မဏ္ဍာဗျ၏ မျက်နှာကို မြင်သောအခါ ပြုံး၍ ဒုဿန္တမင်းသားအား ဤသို့ ပြောကြားလေ၏။

ဘုန်းရောင်တက်တိုး ဂုဏ်တန်ခိုးဖြင့်မညှိုးမတိမ် ကျွန်းလုံးထိန်သည် နရိန်လူ့ထိပ်ပန်ဘုရား။ အရှင်မင်းကောင်းသည် ရန်အပေါင်းကို အောင်မြင်၍ ကြည်လင်သော စိတ်နှလုံးနှင့် ပြည့်စုံပါစေသတည်း။ တာဝတိံသာ နတ်ရွာပိုင်နင်း သိကြားမင်းက မည်သည့်အကြောင်းကိစ္စကြောင့် အရှင့်ဘုရားထံသို့ စေလွှတ်တော်မူလိုက်ကြောင်းကို လျှောက်တင်ပါရစေ။ ရွှေနှ း ပန်ဆင်တော်မူပါ ဘုရား။

ဟု လျှောက်တင်သောအခါ ဒုဿန္တမင်းသားက

သြော် နတ်အပေါင်းကို အစိုးရ၍ ဒေဝိန္ဒ မည်တွင်သော အရှင်သိကြားမင်းက အသင်မာတလိနတ်သားကို ကျွန်ုပ်ထံသို့ တမန်စေလွှတ်လိုက်သည်ဆိုပါတော့၊ မည်သည့်အကြောင်းအရာနှင့်

WWW.DHAMMARANSI.COM



ကျွန်ုပ်ထံ လာရောက်ကြောင်းကို ကောင်း မွန်စွာ လျှောက်တင်ထားစမ်းပါ။ ဝတိန်သနင်း သိကြားမင်း၏ အမိန့်သံကို နာခံလျက်ပင် အသင့်ရှိနေပါသည်။

ဟူ၍ ပြောကြားလေ၏။

ထိုအခါ မာတလိနတ်သားက

ရှေနား ပန်ဆင်တော်မူပါဘုရား။ ကာလနေမိ မည်သော အသူရိန်နတ်မင်းကြီးမှ ဆင်းသက် လာကြသော ဒါနဝမည်သည့် အသူရာများသည် သခွပ်ပွင့်ရာ အသူရာ နတ်ပြည်မှ ထွက်ပြီးလျှင် ကသစ်ရိပ်ပျံ ဝေဇယန်ပိုင်နင်း ဦးကင်း ဥက္ကဋ္ဌ ဒေဝိန္ဒသခင် အရှင်သိကြားမင်းကြီးကိုပင် ခခံ၍ စစ်ပြိုင်လျက် ရှိနေပါသည်။ ဒါနဝအသူရာ တို့၏ သောင်းကြမ်းပုန်ကန်မှုသည် အလွန်အား ကြီးနေသည်နှင့် ရတ်တရက်ချင်း နှိမ်နင်း၍ မရနိုင်အောင်ပင် ရှိနေပါသည်။ ပဇာပတိ မည် ရှိသညာ၊ မဟာဝရဏ ဤသာန နတ်မင်းကြီး တို့နှင့်တကွ သိကြားမင်း ကိုယ်တော်တိုင်ပင် နတ်စစ်သည်များစွာ ဝန်းရံကာလျက် လွန်စွာ ကြိုးစား၍ တိုက်ခိုက်ပါသော်လဲ တာဝတိံသာ နတ်စစ်သည်များကသာလျှင် အင်အားယုတ် သဖြင့် နောက်ဆုတ်၍ စစ်လန်ခြင်းသာလျှင် များနေပါသည်။ အာလမ္ဗရ တွင်ထအမည် ပုစ္ဆန်စည်နှင့် စစ်ချီ၍ တက်လာသော အသူရာ စစ်တပ်သည် အာလိန်ငါးတန် သတ္တရဘန် ခုနစ်ဆင့် ယုဂန်တောင်မြင့်ကို ကျော်လွန်၍ ယခုအခါ တာဝတိံသာ မဟာအယုဇ္ဈ သုဒဿန ကြငှန်းသို့ပင် သူကိုအစွမ်းနှင့် ဝိုင်းဝန်း သိမ်းပိုက် တော့မည်လိုလိုပင် ဖြစ်၍နေပါသည်။ သို့ပါ၍ အကြည်တော် ဒုဿန္တမင်းသားထံသို့ အမြန် စစ်ကူတောင်းရန် အလျင်အမြန် ဝေဇယန္တာ ရထားနှင့် စေလွှတ်လိုက်ပါသည်။ အရှင်မင်း မြတ်သည် တပ်ဦးက ရပ်တည်တော်မူ၍ ဘုန်း စွမ်း ကံစနှင့် အစွမ်းသတ္တိကို ပြရပါလျှင် အသူရာနတ်စစ်သည်များသည် တကွဲတပြား လွင့်စဉ်၍ အလျင်အမြန် ပြေးကြရန် အကြောင်း ရှိပါသည်ဘုရား။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ ဒုဿန္တမင်းသားက

အို နတ်တို့၏ စစ်ပွဲများမှာ လူသား၏အစွမ်းဖြင့် နိုင်ရန်လမ်း ရှိပါမည်လော။ အရှင်သိကြား၏ တန်ခိုးအာဏာများသည် အလွန်တရာ ကြီးမား ပါလျက် ယခု အသူရာတို့ စစ်တက်လာသည့် အရေးမှာ အဘယ်ကြောင့် မိုန်မေးခြင်း ဖြစ်လေ သနည်း။

ဟူ၍ အမိန့်ရှိလေ၏။ ထိုအခါ မာတလိနတ်သားက

ဥပမာအားဖြင့် လျှောက်တင်ပါမည်။ ရောင်ခြည် တစ်ထောင် အလင်းဆောင်လျက် အရောင်ဝင်း ဝါ သူရိန္ဒာသနင်း ရှင်နေမင်းသည် ထန်ပြင်း သော အစွမ်းသတ္တိနှင့် ပြည့်စုံပါသော်လည်း မိစ္ဆာနှင့် ညဥ့်မှောင်ကျခြင်းကိုတော့ အတင်း တိုက်ခိုက် ဖျက်ဆီးနိုင်သည် မဟုတ်ပါ။ မေတ္တာ အသွင် ကြည်လင်အေးမြ၊ သာယာလှသော စန္ဒရရိပ်ပျံ ယုန်ဗိမာန်ကသာလျှင် မိစ္ဆာသမိုက် ညဥ့်မှောင်မိုက်ကို တိုက်ဖျက် ဟန့်တားနိုင် ပါသည်။

ထိုနည်းအသွင် ကျွန်ုပ်တို့ အရှင်သိကြားမင်း သည် နေရောင်အလင်းကဲ့သို့ တန်ခိုးအစွမ်း ရှိသော်လဲ ရတ္တိသမယ ညဥ့်မှောင်ကျ၍ နေသော နတ်ယုတ် မိစ္ဆာအသူရာတို့ကို လျင်မြန်စွာ မအောင်မြင်နိုင်ဘဲ ရှိနေပါသည်။ လစကြာ ရထားနှင့်တူစွာ အေးမြ ကြည်သာ မေတ္တာပိုက် သုံး ရွှေနလုံးရှိတော်မူသော အရှင် ဒုဿန္တမင်း သားသည်သာလျှင် အသူရာ၏စစ်သည်ရဲမက် ကို ဖြိုဖျက်နိုင်ရန် အကြောင်းရှိပါသည်။ သို့ပါ၍ ဒေဝါနမိန် ဝတိံသနင်း သိကြားမင်းက ချက် ချင်းမကြာ ဒုဿန္တရာဇာကို ဝေဇယန္တာရထားနှင့်

WWW.DHAMMARANSI.COM



သင်သွား၍ ဆောင်ချေ။ မိန့်ခွန်းတော် ထွေသော ကြောင့် ဤရပ်မြေ လူ့တိုင်းသို့ မဆိုင်းပင် လာရပါကြောင်း၊ အရှင်ဘုရားလဲ ရထားယာဉ် ပျံ ဝေဖယန်သို့ အမြန်တက်တော်မူပြီးလျှင် လေးနှင့်မြားကို ကိုင်စွဲ၍ အောင်ပွဲယူရန် အမြန်ကြွတော်မူမှ သင့်ပါမည်။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ ဒသျှဂ္ဂမင်းသားက

အို ရထားထိန်းမာတလိ၊ တာဝတိံသာ နတ်ရွာ သခင် ဘုရင်သက္က ဝါသဝ က အသူရာတို့၏ စစ်ပွဲကို ငြိမ်းစဲအောင် ဖိစီးစေလိုသည့် ဆန္ဒနှင့် ကျွန်ုပ်ထံသို့ စစ်ကူတောင်း စေလွှတ်တော်မူ သည်အရာကို လွန်စွာ ကျွန်ုပ်ဝမ်းမြောက်လှပါ သည်။ မင်းတစ်ပါးကို မင်းတစ်ပါးက စစ်ကူ တော်မူရတယ် ဆိုတာလဲ သာမည အားကိုးရုံမျှ နှင့် အကူအပံ့ တော်နိုင်ကြသည် မဟုတ်ချေ။ အထူးအားထား ယုံကြည်ခြင်းကြောင့်သာလျှင်၊ အားကိုးသည့်အတိုင်း ဆောင်ရွက်နိုင်မည် သဘောထားရင်းကြောင့်သာလျှင် စစ်ကူတောင်း ကြမြဲ ဓမ္မတာဖြစ်ပေသည်။ သိကြားမင်း ကိုယ် တိုင်က စစ်ကူတောင်းခံရသော ကျွန်ုပ်မှာလဲ လောက ကျက်သရေ အထွေထွေ ပွားတိုး၍ အမျိုးမျိုး ဂုဏ်ရှိတာပါပဲ။ သို့ နေပါဦး။ စကားမစပ် မေးမြန်းပါရစေ။ အသင် မာတလိ နတ်သားသည် မည်သည့်အတွက်ကြောင့် ကျွန်ုပ်၏ အကြည်တော်ကြီးတစ်ဦးဖြစ်သော မဏ္ဍဗျကို နှိပ်စက် ညှဉ်းပန်းခြင်း ပြုရပါသနည်း။ အကြောင်းကို ပြောပြစမ်းပါ။

ဟူ၍ မိန့်ဆိုလေ၏။ ထိုအခါ မာတလိနတ်သားက အကျယ်အားဖြင့် လျှောက်ထားသည်မှာ

အရှင်မင်းမြတ် ရွှေနား စိုက်တော်မူပါ။ အလုံး စုံသော လူတို့၏စိတ်များသည် အာရုံဖြင့် လွဲ ပြောင်းခြင်းမရှိဘဲ တစ်မျိုးတစ်ဆင်တည်း ထား လိုက်ပါက တစ်နည်းနည်းအားဖြင့် ဖောက်ပြန် ချွတ်ယွင်း၍ သွားတတ်ပါသည်။ အလွန် စိတ် ဆင်းရဲ၍ နေသည်ဖြစ်စေကာမူ အာရုံတစ်မျိုးနှင့် စိတ်ကို ပြုပြင်ပြောင်းလဲ၍ ပေးလိုက်ပါလျှင် ချမ်းသာခြင်းသို့ ရောက်လာတတ်ပါသည်။ ရောဂါဝေဒနာ ကပ်ရောက်၍နေသော သူများ ကိုပင် ဆေးဝါး ဓာတ်စာ မကျွေးဘဲ အာရုံဖြင့် စိတ်ကို ဓာတ်ပေး၍ ရောဂါဘေးမှ သက်သာ အောင် ကုသကြသည်များလဲ ရှိပါသည်။

'စိတ်ထောင်းကိုယ်ကြေ' ဆိုသောစကား အရ စိတ္တဇ နှောင့်ယှက်၍ ဝိတက်များပြား ပူပင်ခြင်း ပြန့်ပွားနေပါလျှင် ထိုသူ၏ ရုပ်များသည်လဲ ညှိုးနွမ်း ကြေညက်ခြင်းသို့ ရောက်တတ်ပါ သည်။ အပြင်အပမှာ ရှိသော လက်နက်များနှင့် နှိပ်စက်ခြင်းများထက် အတွင်းသန္တာန်မှာ ရှိသောစိတ်က နှိပ်စက်ခြင်းသည် သာ၍ ဆင်းရဲ တတ်ပါသေး၏။

ပျောင်းပျော့၍နေသော ဖယောင်းကို ရေအေး အေးမှာ ချလိုက်သောအခါ ခက်မာခြင်းသို့ ရောက်လေ၏။ မာ၍နေသော ဖယောင်းကို မီးနှင့်ကင်သောအခါ အရည်တွေတွေ စီးဆင်း လေ၏။ ထို့ပြင်တပါး သိင်္ဂီနိက် ရွှေစင်များ ကိုပင် ခဲ, ကြေး, ဒန်တို့နှင့် ရောနှောလိုက်သည့် အခါ အရောင်အဝါမရှိဘဲ ညစ်နွမ်း ယုတ်ညံ့၍ သွားလေသည်။ ထိုအညစ်အကြေးရှိသော ရွှေ ကိုပင် တဖန် မီးတွင် ဆေးပစ်၍ လော်ပြန်သော် အရောင်အလျှံတို့နှင့် ပြည့်စုံသော ရွှေစင် ရွှေကောင်းဖြစ်၍ လာပြန်လေသည်။ ဤကဲ့သို့ ပြုပြင် ပြောင်းလွဲ၍ ရသည့် နည်းအတိုင်း လူတို့၏ စိတ်ဓာတ်ကိုလဲ ပြုပြင် ပြောင်းလွဲ၍ ရကောင်းသော တရားမျိုး ဖြစ်ပါသည်။

အမှန်ကို လျှောက်တင်ရပါလျှင် မဏ္ဍဗျ ပုဏ္ဏားအိုကြီးကို ကျွန်ုပ် ဖမ်းဆီး၍ နှိပ်စက် ညှဉ်းပန်းခြင်း ပြုသည်မှာ အရှင်မင်းမြတ်၏ စိတ်ဓာတ်ကို ပြောင်းလွဲစေလိုသောကြောင့်သာ

WWW.DHAMMARANSI.COM



လျှင် ပြုလုပ်ခြင်း ဖြစ်ပါသည်။ မဏ္ဍာဗျ ပုဏ္ဏားကို မသနား မညှာတာ ကရုဏာကင်းမဲ့၍ ပြုလုပ်နှိပ်စက်ခြင်း မဟုတ်ပါ။ အရှင်မင်းမြတ်၏ စိတ်ကို ပြောင်းလွဲ၍ ပေးလိုသောကြောင့်သာလျှင် အကြည်တော် မဏ္ဍာဗျကို ဤသို့ ပြုလုပ်ရခြင်း ဖြစ်ပါသည်။

အရှင်မင်းမြတ်၏ စိတ်များသည် အားအင်ချည့်နဲ့စွာနှင့် အလွန်တရာ ချစ်ခင် မြတ်နိုးတော်မူလှသော သကုဏ္ဍာလမင်းသမီးဘက်သို့သာ မြစ်ရေ စီးဆင်းသည့်ပမာ လွန်စွာကိုင်းရှိုင်း၍ နေပါသည်။ အရှင်မင်းမြတ်သည် ကိုယ်တော်၏ ဝတ္တရားဖြစ်သော တိုင်းရေးပြည်မှုများကိုပင် မကြည့်မရှုနိုင်ဘဲ မျက်နှာလွှဲနေသည်မှာ သကုဏ္ဍာလမင်းသမီး၏ တွက်တာကြောင့်ပင် ဖြစ်လေသည်။ အရှင်မင်းမြတ်၊ ပြည်ကြီးဝန်ကို ဆောင်ရွက်တော်မူသော မင်းတို့သည် ချစ်သူတစ်ဦး အတွက်ကြောင့် တိုင်းပြည်ဘက်ကို မျက်နှာမလှည့် မရှုကြည့်နိုင်ဘဲ ဤကဲ့သို့ ရာဇဓမ္မကို ပျက်စေရန် သင့်လျော်သည် မဟုတ်ပါ။

ချစ်သူနှင့် ကွေ့ကွင်းရဆိုတာလဲ အလွန်တရာ ဒုက္ခရောက်တာမျိုးပါပဲ။ သို့ရာတွင် ထိုကဲ့သို့ ဒုက္ခရောက်တဲ့ အပူအပင်မျိုးကို အခိုးအလျှံ ပြင်သို့ ထွက်၍ မပြစေဘဲ နှလုံးတည်းဟူသော တိုက်ထဲမှာသာ လုံခြုံစွာ လှောင်၍ ထားသင့်ပါသည်။ ပညာရှိတို့မည်သည် ဝမ်းထဲက အဖြစ်အပျက်ကို ပြင်ဘက်သို့ ထုတ်၍ ပြရိုးထုံးစံ မရှိပါ။ ပညာရှိကြီး၊ ဣန္ဒြေ့ရှင်ကြီး၊ ဂုဏ်ကျက်သရေ့ရှင်ကြီး ပြုလုပ်နေသော သူတို့မှာ သာ၍ပင် စောင့်စည်းထိုက်ပါသေးသည်။ အကယ်၍ မိမိ ဝမ်းထဲက အဖြစ်အပျက်ကို ပြင်ဘက်သို့ ထုတ်ဆောင်ပြသ၍ ဣန္ဒြေမရဖြစ်ပါလျှင် သိမြင်သူပေါင်းတို့က ကောင်းကောင်းကြီး ရိပ်မိ ဓာတ်သဘောကို သိရှိသည့်ပြင် အထင်အမြင်သေး၍ အလေးအမြတ် နည်းပါးတတ်ပါသည်။

ယခု အရှင်မြတ် ဆင်းရဲဒုက္ခ တွေ့ရသည် ဆိုတာမှာလဲ အခြားက လာ၍ အန္တရာယ် ပြုသည် မဟုတ်ပါ။ စင်စစ်မှာတော့ အရှင်မင်းမြတ်၏ စိတ်ကသာလျှင် အရှင့်ကို အန္တရာယ်ပေးတာပါပဲ။ ဘယ်လို စိတ်က အန္တရာယ်ပေးသလဲ ဆိုလျှင် အရှင့်စိတ်သည် သကုဏ္ဍာလ မင်းသမီးကို ချစ်၏။ ချစ်ခြင်းက စ၍ သာယာစွန်းငြိ၊ ကျော့ကွင်းမိ၍ မျက်စိ အလစ်မခံနိုင်ခြင်းစသော တာဝန်တို့က ပိုမို၍လာပါသည်။ ဤကဲ့သို့ ဖြစ်နေရတဲ့အခါ ခွဲခွာလိုက်ရပြီဆိုမှဖြင့် ယမ်းပုံထဲသို့ မီးခဲကြီး ချလိုက်သည့်ပမာ မည်သူ လာ၍မျှ မတားမဆီးနိုင်အောင် အားကြီး ပူပန်ခြင်း ဖြစ်ရပါသည်။ ထို့ကြောင့် ချစ်သောသူနှင့် ကွေ့ကွင်းရခြင်းသည် အဆင်းရဲဆုံးဟူ၍ ပြောကြတာပါပဲ။ ယခုအခါ အရှင့်စိတ်များသည် တဏှာလောဘဘက်မှ ဆွဲဆောင်၍ အမျက်ဒေါသဘက်သို့ ကျွန်ုပ် သွေးဆောင် လွှဲပြောင်းခြင်းအားဖြင့် အတော်အတန် သက်သာခွင့်ရသည့်လက္ခဏာ မြင်ပါသည်။ ဤကဲ့သို့ ပြုလုပ်သည့်အတွက်ကြောင့် ကျွန်ုပ်ကိုလဲ အပြစ်တော် မတင့်သင့်ပါ။

ဟူ၍ တရားဓမ္မသို့ ဆွယ်၍ ခပ်ကျယ်ကျယ် ပြောကြားလေ၏။

ဒဿနမင်းသားလည်း မာတလိ၏စကားကို ကြားလျှင် အတော်အတန် စိတ်ဖြေဆည်နိုင်ခွင့်ကို ရရှိလေ၏။ သကုဏ္ဍာလမင်းသမီးအရေးထက် သိကြားမင်းက စစ်ကူတောင်းလာသော အရေးက ကြီးနေပြန်သောကြောင့် မိမိအစွမ်းသတ္တိ ရှိသည့်အတိုင်း စွဲကိုင်တော်မူသည့် ရန်နိုင် လေးတော်ဖြင့် သိကြားမင်းဘက်က နေ၍ စစ်ကူရန်သို့ စိတ်ညွတ်ပြန်လေ၏။ မာတလိနတ်သားက ပြန်၍ လျှောက်ကြားပြန်သည်မှာ

အရှင်မင်းမြတ်၊သကုဏ္ဍာလ မင်းသမီးအတွက်နှင့် မစိုးရိမ်တော်မမူလင့်။ သိကြားမင်းစံရာ ဝတီသာ

WWW.DHAMMARANSI.COM



နတ်ပြည်သို့ ရောက်သောအခါ ဤလူ့ပြည်လောကတွင် တစ်ရံတစ်ခါမျှ မမြင်ဖူးအောင် အထူးသဖြင့် လှပယဉ်ကျေးသော နတ်သမီးများကို တွေ့မြင်တော်မူရလိမ့်မည်။ ထိုအခါ သကုဏ္ဍာလမင်းသမီးကို လွမ်းတသော အလွမ်းနာများလည်း သက်သာခွင့်ရပါလတ္တံ့။ သကုဏ္ဍာလ မင်းသမီး၏ လှပယဉ်ကျေးခြင်းသည်လဲ အခြားကြောင့် မဟုတ်ပါ။ အရှင်သိတော်မူပြီးဖြစ်သည့်အတိုင်း လူသားရသေ့နှင့် မေနကာမည်သော နတ်သမီးတို့၏ အကြောင်းဆက်လက်ခါ မွေး၍ နတ်သွေးတစ်ပိုင်း ပါရှိသောကြောင့် လှပယဉ်ကျေးခြင်း ဖြစ်ပါသည်။ တာဝတိံသာပြည်မှာတော့ လူ့ပြည်နှင့် မဆက်ဆံ၊ ကံအစွမ်းသက်သက်နှင့် အကျိုးပေးကြသော နတ်သမီးများမှာတော့ ပြောဖွယ်ရာမရှိ အလွန်တရာ လှချောကြသည်ဟု ယုံကြည် စိတ်ချတော်မူပါ။ သို့ဖြစ်ပါ၍ အလွမ်းနာကို ဖြေဖျောက်ရင်း တာဝတိံသာနတ်ပြည်သို့သာ ဤဝေဇယန္တာရထားဖြင့် အမြန်ကြွတော်မူရန် သင့်လှပါသည်။

ဟူ၍ နတ်သမီးများနှင့် ဆွယ်၍ ဖွယ်ဖွယ်ရာရာ လျှောက်ထားပြန်လေ၏။

ထိုစကားကိုကြားရာ ဒဿန္တမင်းသားက

အချင်း မာတလိ၊ ဤကဲ့သို့ လျှောက်တင်သောစကားကို ကျွန်ုပ် ရွှေနားဝင်လိမ့်မည် မဟုတ်။ သကုဏ္ဍာလမင်းသမီးက လှတာဖြင့် ဘယ်လိုပဲ လှလှ ကျွန်ုပ်သဘောကျနိုင်မည် မဟုတ်ချေ။ တာဝတိံသာ နတ်နန်းက တစ်သိန်း တစ်သန်းသော နတ်သမီးအများတို့က ကျွန်ုပ်ကို လာ၍ ချော့မြူကြသော်လဲ မုချပင် ပယ်ကွင်း၍ ရှင်းရှင်းကြီး ငြင်းပယ်နိုင်ပါသည်။ သကုဏ္ဍာလမင်းသမီးကို နန်းတော်မှ ကျွန်ုပ်နှင်ထုတ်လိုက်စဉ်အခါတုန်းကလဲ ကျွန်ုပ်၏စိတ်က ပါ၍ နှင်ထုတ်ရတာလဲ မဟုတ်။ တစ်စုံတစ်ရာသော အကြောင်းဖြင့် ကျွန်ုပ်၏စိတ်များသည် လွဲပြောင်းခြင်းဖြစ်ပြီးလျှင် မတွေးနိုင် မဆနိုင် တွေမှိုင်မေ့မူးအရူးကဲ့သို့ ဖြစ်သောကြောင့်သာလျှင် ကျွန်ုပ်နှင်ထုတ်ခြင်း ဖြစ်လေသည်။ ဟိုတောမြိုင်အတွင်း နှစ်ကိုယ်ချင်း တွေ့ခါစကပင် သကုဏ္ဍာလ ခင်တစ်ပါးပြင်ဖြင့် နတ်ဘုံပေါ်မှာ ပေါက်ဖွားတဲ့ နတ်သမီးများ လာ၍ချော့၍ စိတ်ပျော့၍ မပါ။ ခင့်ပြင်ဖြင့် တစ်မျက်နှာကို သည်တစ်သက်မှာ မထားပါဘူးလို့ အထူးပဲ သစ္စာဆိုခဲ့ဖူးလေသည်။ ကမ္ဘာမြင့်မိုရ် နေလပင် ပြိုသော်လဲ ကျွန်ုပ်ဆိုတဲ့ သစ္စာကိုဖြင့် ဘယ်လိုနည်းနှင့်မှ ဖျက်ဆီးဖို့ စိတ်မရှိပါဘူး။ အိုမာတလိ၊ သကုဏ္ဍာလနှမချစ်ဦး ကရမက်ဖူးကလေး အကြောင်းကို အဟောင်းတွေ ပေါ်အောင်ဆွသလို စကားစ၍ မပေးပါနှင့်။ ဆွေးရာတွင် အပူငြိ၍ မချိအောင် ပင်ပန်းတော်မူလှပါသည်။ ဝေဇယန္တာရထားပျံကိုသာ လျှင်မြန်စွာ ပြင်ဆင်ပေတော့။

ဟူ၍ မိန့်ဆိုလေ၏။

ထိုအခါတွင်မှ မာတလိနတ်သားက

သြော် ဤဒဿန္တမင်းသားဖြင့် အမှန်ပင် သကုဏ္ဍာလ မင်းသမီးကို ချစ်ခင်မြတ်နိုးတော်မူတာပါပေပဲ၊ သကုဏ္ဍာလမင်းသမီးကလဲ ဤကဲ့သို့ပင် ချစ်ခင် စွဲလမ်းလျက် ရှိပေလိမ့်မည်။

ဟူ၍ ကြံစည်ပြီးလျှင် ဤသို့ လျှောက်ထားပြန်လေ၏။

အရှင်မင်းမြတ်၊ အရှင်သည် ဤဇမ္ဗူဒိပါကျွန်းအလုံးမှာ တန်ခိုးအကြီးဆုံးသော မင်းဖြစ်တော်မူပါသည်။ အရှင် ကြံစည်တော်မူသောအရာများသည် မည်သည့်အခါမဆို လျှင်မြန်စွာ ပြီးစီးတော်မူမြဲ ဖြစ်ပါသည်။ အလိုရှိသော အရာများကိုလဲ မကြာခဏ ရှေ့တော်သို့ ဆိုက်ရောက်လာရပါသည်။ အရှင်၏ တန်ခိုးအာဏာသည် မည်သည့်အခါကာလမှာမှ ဖောက်ပြန်လေ့ မရှိသည့်အတိုင်း တမ်းတ စွဲလမ်းတော်မူသော သကုဏ္ဍာလ မင်းသမီးကလေးကိုလဲ ကာလများစွာ

WWW.DHAMMARANSI.COM



မဝေးခင် တွေ့မြင်တော်မူရန် လက္ခဏာ ရှိပါသည်။

ဟူ၍ လျှောက်တင်ပြီးလျှင် ဝေဇယန္တာရထားကို ပြင်လေ၏။ ထိုအခါ ဒုဿန္တမင်းသားသည် အကြည်တော် မဏ္ဍာဗျဘက်သို့ လှည့်၍

အို မဏ္ဍာဗျ၊ ကျွန်ုပ်သည် နတ်တို့သခင် ဖြစ်သော တာဝတိံသာရှင်သိကြား၏ အမိန့်စကားကို လျင်မြန်စွာ လိုက်နာ၍ ဝေဇယန္တာရထားဖြင့် တာဝတိံသာသို့ တက်သွားရလိမ့်မည်။ သို့ဖြစ်၍ အသင်သည် နန်းတော်သို့ ပြန်သွားပြီးလျှင် နိုင်ငံချုပ်အမတ်ကြီးအား ကျွန်ုပ်၏ အမိန့်စကားဖြင့် ဤသို့ ပြောကြားလေလော။ 'နိုင်ငံချုပ် အမတ်ကြီး၏ ပညာတန်ခိုးဖြင့် တိုင်းပြည်နိုင်ငံကို ဘေးဒဏ်မငြိ ရန်မထိအောင် သတိရှိစွာ စိုးအုပ်ရစ်စေ။ ကျွန်ုပ်သည်ကား လေးမြားကို ယူဆောင်၍ မြင့်မိုရ်တောင်၏ အချက်အချာ တာဝတိံသာနန်းယံသို့ ရထားပျံကို စီးနင်းလျက် သိကြားမင်းကို စစ်ကူတော်မူရမည်။ နိုင်ငံချုပ် အမတ်ကြီးက ပညာတည်းဟူသော ချွန်းဖြင့် တိုင်းပြည် နိုင်ငံတည်းဟူသော ဆင်တော်ကို နိုင်နင်း ပိပြားစွာ အုပ်ချုပ်ရမည်။

ဟူ၍ အမိန့်တော်ရှိသောအခါ မဏ္ဍာဗျက

အမိန့်တော်မြတ်အတိုင်းပါ ဘုရား။

ဆို၍ ဝပ်တွား ကိုင်းညွတ်ပြီးလျှင် နန်းတော်သို့ ပြန်သွားလေ၏။ ထို့နောက် မာတလိနတ်သားက ဝေဇယန္တာရထားကို အသင့်ပြင်ဆင်ပြီးသည်နှင့် ဒုဿန္တမင်းဘက်သို့ လှည့်၍

ဇမ္ဗူသောင်ပြန့် မြေအကန့်တွင် ဘုန်းကံသမ္ဘာ မပြိုင်သာသည့် ရာဇာထွတ်ဦးခိုင် ဘုရား။ ဝေဇယန်မည်တွင် ရထားယာဉ်သို့ ဆောလျင်စွာ တက်စီးတော်မူရန် အချိန်တန်ပါသောကြောင့် မောင်းနှင်ရန် ပြင်ဆင်လျက်ရှိနေကြောင်း။

နှင့် လျှောက်တင်သောအခါ ဒုဿန္တမင်းသားသည် ဝေဇယန္တာရထားထက်သို့ တက်တော်မူလေ၏။ ထိုသို့ ရထားပျံပေါ် တက်မိသည်နှင့် တစ်ပြိုင်နက် နဖူးသားနှင့် နှာသီးဖျားသည် တဆတ်ဆတ် ခါ၍ တုန်လှုပ်လေ၏။

ထိုအခါ ဒုဿန္တမင်းသားက စဉ်းစားတော်မူသည်မှာ

ဘယ့်နှယ့်လဲ။ ဤဝေဇယန္တာရထားသို့ တက်လျှင် တက်ချင်းပင်လျှင် နဖူးသားနှင့် နှာသီးတော်ဖျားက အထင်အရှား လှုပ်ကြလေသည်။ အကြောင်းမည်သို့ ရှိပါလိမ့်မည်နည်း။ တိုင်းနိုင်ငံနှင့် စပ်သော အကြောင်းနိမိတ်လေလော။ ငါကိုယ်တော်နှင့် စပ်လျဉ်းသော အကြောင်း လေလော။

ဟူ၍ တွေးတောပြီးလျှင် မာတလိနတ်သားအား ပြောကြား တိုင်ပင်တော်မူလေ၏။ ထိုအခါ မာတလိနတ်သားက ပုဏ္ဏားတော်များကဲ့သို့ နိမိတ်ဖတ်လေသည်မှာ

စိုးရိမ်တော်မမူပါနှင့်။ ဘုန်းသမ္ဘာ တက်တိုး၍ တန်ခိုးအာဏာ ကြီးမြင့်ရန်အကြောင်းအရိပ်ဖြင့် နိမိတ်ပြခြင်း ဖြစ်ပါသည်။ နဖူးသားလှုပ်ခြင်း၏ လက္ခဏာမှာ လူမင်း နတ်မင်းတို့၏ ပူဇော်ခြင်းကို ခံရဖို့ နိမိတ်ဖြစ်ပါသည်။ နှာသီးတော်ဖျား လှုပ်ရှားသည့် လက္ခဏာမှာ ကွဲကွာ၍နေသော ချစ်သူနှင့် ကြည်ဖြူစွာ ဆုံတွေ့၍ ပျော်မွေ့နှစ်ခြိုက်ရန် အကြောင်း ဖြစ်ပါသည်။

ဟူ၍ လျှောက်တင်လေ၏။ ထိုစကားကို ကြားရာ ဒုဿန္တမင်းသားသည် အားရနှစ်သက်တော်မူလှသည်နှင့်

ဤကဲ့သို့ အသား လှုပ်သော နိမိတ်ကောင်းဖြင့် အချစ်ဟောင်း သကုန္တလာနှင့် ဒိဋ္ဌမျက်မြင် မျက်နှာချင်း ပြိုင်ယှဉ်၍ ကြည်ကြည်လင်လင်ကြီး တွေ့ရပါစေသား။

ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။ ထို့နောက် မာတလိနတ်သားက ဝေဇယန္တာရထားကို မောင်းနှင်ပြီးလျှင် ကောင်းကင်ခရီးဖြင့် လေဟုန်စီး၍ တက်သွား

WWW.DHAMMARANSI.COM



ကြလေ၏။ ကောင်းကင်သို့ ရောက်သည့်အခါ ဒုသျှန္တ ရာဇာသည် အောက်၌ပါသော တေးထပ်ကို သာယာစွာ ရွတ်လေသတည်း။

## တေးထပ်

နိမိတ်တော် ဆန်းလာတင့်ပုံက ချမ်းသာခွင့် ယောင့်ယောင်၊ နန်းညာမြင့် တောင့် အဆောင်မှာ၊ ခေါင့်အခေါင်တင်ဖို့၊ ကွဲကွာတဲ့ မေ့သကုဏ်ကို တွေ့ဆုံရန်ပဲပထင်လို့၊ ကံအခွင့် တစ်ချက်သာလျှင် မပျက်ပါနောင်သို့၊ တစ်သက်လျာ မောင်မငြို့ပြီဘု၊ ဆောင်ဗဟို့နန်းလယ်၊ ခွဲသွေရှောင် ပျယ်မပျက်ပါဘု၊ တကယ်ပဲ မြဲစိမ့် ကြံရွယ်၊ လွမ်းလက်စ မီးအနွယ်ကို ငြိမ်းလွယ်အောင် တစ်ဇာတ်သိမ်းပါမှ ငြိမ်းရန်ဖို့လမ်း တွေ့ပါမည်။ ချမ်းမြေ့သာကြည်၊ အဦးတွေ့ ချစ် သာကီရယ် မေတ္တာပါရမီ ဖြည့်စမ်းပါတော့လေး။

WWW.DHAMMARANSI.COM



## သတ္တမခန်း

### တာဝတိံသာ နတ်ပြည် နန္ဒဝန်ဥယျာဉ်တွင်းမှာ သကုဏ္ဍလ မင်းသမီး၏ အပြစ်အပျက်များ

ဒသျှက္ခမင်းသားက သကုဏ္ဍလ မင်းသမီးကို နန်းတော်မှ နှင်ထုတ်စဉ်အခါ ကရုဏာသက်ရောက် ဖွယ် ကောင်းသည့် သကုဏ္ဍလ မင်းသမီးကလေးကို နတ်မျိုးနတ်နွယ် ဖြစ်သည့်အတွက် တာဝတိံသာ နတ်ပြည်က နတ်သမီးတို့ ရုတ်တရက် ဆောင်ကြဉ်း ပြီးလျှင် အလွန် ပျော်မွေ့ဖွယ်ကောင်းသည့် နန္ဒဝန် ဥယျာဉ်ထဲမှာ နေရာချထားကြလေကုန်၏။ နတ်သမီး အများတို့ကလည်း သကုဏ္ဍလမင်းသမီးကို ပျော်ပါး စေခြင်းငှာ များစွာ ဖြေဖျော်ကြကုန်၏။ လူ့ပြည်က ရရှိ စွဲငြိလေသော ပဋိသန္ဓေသည်လည်း ဆယ်လစေ့ သဖြင့် ထိုနန္ဒဝန်ဥယျာဉ်ထဲမှာပင် ကြန်အင်လက္ခဏာ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော သတို့သားကို ဖွားမြင်လေ ၏။ နတ်သမီးများက သတို့သား၏ ကြန်အင်္ဂါလက္ခ ဏာကို မြင်လျှင် ဤသားတော်သည်ကား ဇမ္ဗူဒီပါ ကျွန်းကိုသာမက လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်ရန် ကြန်အင်လက္ခဏာနှင့် ပြည့် စုံပါသည် ဟူ၍ သကုဏ္ဍလမင်းသမီးအား လျှောက် ကြားကြကုန်၏။ မွေးဖွား၍ များမကြာမီပင်လျှင် နတ်သမီးများက နတ်ရေစင်တို့ဖြင့် ပက်ဖြန်းလေ သောကြောင့် ငါးနှစ်အချိန်အရွယ်သို့ ရောက်၍ ချောင် သာယာစွာ စကား ပြောဆိုနိုင်လေ၏။

(ဤကား သကုဏ္ဍလ မင်းသမီး တာဝတိံသာ နတ်ပြည်သို့ ရောက်သော စကားရပ် အကျဉ်းချုပ် တည်း။)

သကုဏ္ဍလ မင်းသမီးသည် နန္ဒဝန်ဥယျာဉ် အတွင်း ကက္ကူရုပ်ပန်းပင်အောက်၌ တစ်ယောက်တည်း မှိုင်တွေ ညည်းညူသည်မှာ

ဩော် ကြုံမှ ကြုံရပလေ။ ငါ့ကံရယ် အကျိုးပေး ပုံများကလဲ ကြားရတဲ့လူတိုင်း အံ့သြ၍ မပြီးနိုင် အောင် ရှိတော့တာပဲ။ လူ့ဘုံလောက လူ့ဘဝမှာ ပဋိသန္ဓေတည်နေ ဖြစ်ပွားရပြန်တော့လဲ အမိက နတ်သမီး၊ အဖက လူမင်းရသေ့ ဖြစ်လေတော့ သည်။ လူတစ်ပိုင်း နတ်တစ်ပိုင်း ပဋိသန္ဓေ တည်နေ၍ မွေးဖွားလာပြန်ပါတော့လဲ ဆွေမဲ့ မျိုးမဲ့ လူသူကင်းတဲ့ တောမြိုင်တွင်းမှာ မွေးဖွား သည်ကစ၍ ဟိုလူဆိုးကြီး ဒသျှက္ခမင်းသား မတွေ့မီ အကြားတွင် ဘခင်စန္ဒရသေ့ကြီးနှင့် မယ်တော်ဂေါတမီတို့၏ စောင့်ထိန်းကြည့်ရှုခြင်း ကိုခံပြီး ဝတ်ရပြန်တော့လဲ လျှော်တေ၊ စားရ ပြန်တော့လဲ သစ်သီးသစ်ဥတွေသာ ဖြစ်တော့ သည်။ တောထဲမှာ ကြီးပွားနေရသည့်အတွက် လူ့တို့ စည်းကမ်း၊ နည်းလမ်း၊ ထီးနန်းအမှုအရာ ဆို၍လဲ တစ်စုံတစ်ရာကိုမှ ငါ ကျွမ်းကျင်လိမ္မာ တာလဲ မဟုတ်။ မူရာပရိယာယ် အသွယ်သွယ် များကိုလဲ ဘာမျှ ငါ နားမလည်။ တကယ် သဘောရိုးအစစ်ဖြစ်နေတာနှင့် သူတစ်ပါး လိမ် လည်တာကိုလဲ မရိပ်မိ။ အကြောသက်သက်နှင့် ဖျက်လိုဖျက်ဆီး ပြုလုပ်မည်ကိုလဲ ငါမသိ။ 'ဗူးလုံးနားမထွင်း' တောတွင်းသူအရိုင်းမကလေး အနေနှင့်သာလျှင် အလိုက်ဘာသာ အချိန်လွန် မြောက် အရွယ်ရောက်၍ လာရတာပဲ။ သစ္စာမဲ့ တဲ့ လူဆိုး လူရွဲ့ကြီးဖြစ်တဲ့ ဒသျှက္ခမင်းသားနှင့် တွေ့ခါစမှာ ငါ့မေတ္တာ သိသိကလေး စည်းကမ်း လွန်သွားလေသည်။ တကယ်လို့သာ ငါက ခံ့ခံ့ ညားညား မျက်နှာ ခပ်ထားထားနှင့် နေလိုက် မယ်လို့ ဆိုလျှင် ဘယ်မှာ သူကြံစည်တဲ့အတိုင်း ဖြစ်မြောက်နိုင်ပါမလဲ။ ငါ့ကိုယ်ကပင် သူအခွင့်ရ အောင် မေတ္တာတည်းဟူသော တံခါးကို ပိတ်၍ မထားမိဘဲ ခပ်ဖွင့်ဖွင့်ထားမိတာနှင့် သူဝင်ခွင့်ရ တာပဲ။ သည်ဟာ ဘယ်သူ့အပြစ်လဲလို့ တကယ် စင်စစ် တွေးလိုက်တော့ ငါ့အပြစ်ပေပဲ။

တည်တံ့ ကြံ့ခိုင်သော မြင့်မိုရ်တောင်ကြီးကို (ကမ္ဘာဖျက်လေမှတစ်ပါး) လေပြင်းမုန်တိုင်းများ

WWW.DHAMMARANSI.COM



တိုက်ခတ်ခြင်းဖြင့် အဘယ်မှာ တုန်လှုပ်နိုင်ပါမလဲ။ ကိုယ်ကသာ ခိုင်မြဲ တည်တံ့စွာနေပါလျှင် ဒုဿျန္တ ရာဇာသော ဘာသော ငါ့သဘောကို ဘယ်မှာပါအောင် ဆွဲဆောင်နိုင်ပါမလဲ။ 'မစွမ်းရင်းကလဲရှိ ကန်းစွန်းခင်းကလဲငြိ၊ မာတ်ကြိုက်နှင့်လဲကြုံ၊ နတ်တိုက်နှင့်လဲဆုံ' ဆိုတဲ့ စကား၊ 'ငိုချက်ရက် လက်တို့' ဆိုတဲ့ စကားများကဲ့သို့ ငါ့စိတ်သဘောကိုက မလုံ့တလုံ့၊ မေတ္တာတည်းဟူသော အချစ်ပန်းကလဲ မင့်တင့်နေတာနှင့် ဒုဿျန္တမင်းသားကို ငါယုံပြီး ပုံမိတာပါပဲ။ လောကမှာ သူများကို အပြစ်တင်တာထက် ကိုယ့်ကိုယ်ကိုပြန်၍ အပြစ်တင်ခြင်းမှာ မလွဲနိုင်သောအရာ ဖြစ်လေသည်။ ဩော် ဤကမ္ဘာလောကကြီးပေါ်မှာ လူသတ္တဝါလုပ်၍ နေကြရတဲ့အခါ ကာမတဏှာကို မပယ်ရသေးသမျှတွင် ဖြင့် သည်လို မှားတတ်ကြတာမျိုးပဲ ထင်ပါရဲ့။ မိန်းမဇာတိမှာ ပင်္ဂိုသန္ဓေစွဲ၍ ဖြစ်ကြရသော သူတို့ဟာ ငါကဲ့သို့ပင် မှားရှာကြတာ အများကြီး ရှိမှာပဲ၊ မိန်းမတို့သဘောသည် ပျော့ပျောင်းသေးသွယ်၍ ယောကျ်ားတို့ ဆွဲရာသို့ ပါလားပါတတ်ကဲ့။ ယောကျ်ားတို့က ဖြားယောင်းသွေးဆောင်၍ ယုံအောင် ပြောသည့်အခါ လွယ်ကူစွာ မစဉ်းစားဘဲ အယုံမှားလား မှားတတ်ကဲ့။ မဆင်မခြင် မစူးမစမ်း ဆင်ကန်းတောတိုး၊ နွားသိုးကြိုးပြတ် ထင်မိထင်ရာ ပြုတတ်လား ပြုတတ်ကဲ့။ မိန်းမတို့ အတွင်းစိတ်ထဲက နည်းနည်း မေတ္တာရှိမှဖြင့် မိသော ဘသော၊ မောင်သော၊ သားသော ထောက်ထား ညှာတာသော သဘောမရှိ၊ လောဘဇော လှိုင်းမိပြီး ကမ်းရောက်ရောက် သောင်တင်တင် ထင်သလို ပြုတတ်လား၊ ပြုတတ်ကဲ့။ စွဲလမ်း ပြင်းထန် ဥပါဒါန်ရမ္မက်များမှဖြင့် ဘုရားကြီးကိုယ်တိုင် ကြွ၍ တရားဟောသော်လည်း ကျောက်ချောရေပက်သည့်အသွင် ဟိရိဩတ္တပ္ပ ကင်းစင်၍ တရားကို နားမဝင်ဘဲ အလျှင်စလို လောကြီးတတ်လား ကြီးတတ်ကဲ့။ သည်လို သဘောတွေများတာနှင့် ယောကျ်ားတို့ထောင်တဲ့ ကျော့ကွင်းထဲမှာ မိပြီး နောင်အခါ မချိမဆန့် ဒုက္ခတွေနှင့်သာ တွေ့ကြုံရပြန်လေသည်။ နီတိကျမ်းများ၌လည်း–

ဃဋကုမ္ဘသမာနာရီ
တတ္တင်္ဂါရသမော ပုမာ။

နာရီ– မိန်းမသည်၊ ဃဋကုမ္ဘသမာ– ထောပတ်အိုးနှင့်တူ၏။ ပုမာ–ယောကျ်ားသည်၊ တတ္တင်္ဂါရသမော– လောလောပူသော မီးခဲနှင့် တူ၏။

ဟူ၍ မိန်းမများကို ထောပတ်ဥပမာ၊ ယောကျ်ားကို မီးဥပမာဖြင့် ပြဆိုကြလေသည်။ ထောပတ်သည် မီးနှင့် တွေ့သောအခါ ပျော့ပျောင်းကာ အရည်ဖြစ်တတ်သကဲ့သို့ မိန်းမများသည် ယောကျ်ားနှင့်တွေ့သောအခါ ပျော့ပျောင်း၍ ပါတတ်လေသည်။ အို၊ မှားခဲ့တာတွေကို ပြန်၍ တွေးနေသော်လဲ အရေး ပြီးမြောက်နိုင်တာမျိုး မဟုတ်ပါဘူး။ 'အတိတ်ကိုလည်း ပြန်၍ မဆွေးနှင့်။ အနာဂတ်ကိုလည်း မြော်၍ မတွေးနှင့်' ဆိုသည့်အတိုင်း ဖြစ်ပြီး ဖြစ်လတ္တံ့တွေကို မတွေးဘဲ အေးအေးနေတာ အကောင်းဆုံးပါပဲ။

ဟူ၍ တစ်ကိုယ်တည်း ပြောဆို ညည်းညူနေစဉ် သကုဏ္ဍလ မင်းသမီး၏ သားတော်ကလေး "နရိန္ဒကုမ္မာ" မင်းသားသည် မယ်တော့်အပါးသို့ လာပြီးလျှင် မိခင်၏ မျက်နှာ မကြည်မလင်ကို မြင်သည်နှင့်

မယ်မယ် ဘယ်အတွက်ကြောင့် ညှိုးနွမ်း ပူပင် မကြည်လင်ဘဲ ရှိနေပါသနည်း။ ကျွန်တော် မှတ်သားမိသောအခါမှာ ဘယ်ခါမှ မယ်မယ့် မျက်နှာ ကြည်လင်၍ ရွှင်ရွှင်လန်းလန်း နေသည်ကို မမြင်ဖူးပါ။ ဘယ်ဟာများအတွက် စိတ်လက် မကြည်မသာခြင်း ဖြစ်ရပါသနည်း။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ သကုဏ္ဍလ

WWW.DHAMMARANSI.COM



မင်းသမီးသည် နရိန္ဒကုမ္မာမင်းသား၏ ကျောကို လက်ဖြင့် ယုယစွာ ပွတ်သပ်ပြီးလျှင် ပရိယာယ် ဉာဏ်ဆင်၍ သားရှင်ဖို့ ပြောသည်မှာ

ချစ်သား၊ ဘာမှ မယ်မယ် မကြည်မသာ မရှိပါကလား။ မယ်မယ်တို့ စံနေရာ ဝတီသာ နတ်ရွာတံခွန် နန္ဒဝန်ဥယျာဉ်ကြီးကလဲ အလွန်တရာ ပျော်မွေ့ဖွယ် ကောင်းတာကလား။ ငါ့သား မယ်မယ်ဘုရားအတွက်နှင့် စိတ်မငယ်ပါနှင့်။ ကြည်ရှင် အေးမြစွာသာ နေထိုင်ပျော်ပါးပါ။

ဟူ၍ ချော့မော့ကာ ပြောကြားပြီးလျှင် ကက္ကရူနတ်ပန်းတို့ဖြင့် သားတော်ကို ဆင်ယင်၍ ပေးလေ၏။ ထိုအခါ သကုဏ္ဍလမင်းသမီးကို မငြီးအောင် ဖျော်ဖြေကြသော "ပရမေသိဂ္ဂါနတ်သမီးနှင့် ဂဏေရာဂီ နတ်သမီး"တို့ကလည်း နရိန္ဒကုမ္မာ မင်းသားကို ပျော်ပါးအောင် သွေးဆောင် ချော့မော့လျက် နေကြလေကုန်၏။ ထို့နောက် သားတော်ကလေးသည် သူ၏မိခင် ရင်ခွင်ထက်သို့ တက်ပြီးလျှင် လည်ပင်းကို ဖက်၍

မယ်မယ်ဘုရား၊ ကျွန်တော်မေးတဲ့ ပုစ္ဆာတစ်ခုကို ဖြေကြားစမ်းပါ။

ဟု ဆိုရာ

ဘာကို မေးချင်တာလဲ။

ဟု သကုဏ္ဍလ မင်းသမီးက ပြန်ပြောလေ၏။ သားတော်ကလေးက

ဤနန္ဒဝန် ဥယျာဉ်မှာ ပွင့်၍နေကြတဲ့ ပန်းပွင့်၊ သစ်သီးတွေဟာ သစ်ပင်ကို အမှီမရဘဲ ပွင့်နိုင်ကြပါမလား။

ဟူ၍ မေးမြန်းလေ၏။ မယ်တော်သကုဏ္ဍလက

အို ချစ်သား မြင်ရတဲ့အတိုင်းပ။ သစ်ပင်ကို အမှီမရဘဲ ဘယ်မှာ ပွင့်နိုင်ကုန်ပါမလဲ။

ဟူ၍ ပြောကြားရာ သားတော်က

မယ်တော်ဘုရား ဖြေကြားတော်မူတာ အလွန်တရာ သဘောကျပါတယ်။ သို့ရာတွင်ကျွန်တော့်ပုစ္ဆာ မေးလိုရင်းကတော့ စင်စစ် ပန်းပွင့်သစ်သီးများကို သိလို၍ မေးမြန်းခြင်း မဟုတ်ပါ။ ကျွန်တော်၏ အကြောင်းကို ကောင်းစွာ သိလို၍ မေးမြန်းခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ပန်းပွင့် သစ်သီးတို့နှင့် ပမာတူပါသည်။ ပန်းပွင့် သစ်သီးသည် အပင်ကို အမှီပြုရမှ ဖြစ်ပေါ်ဘိသကဲ့သို့ ကျွန်တော်လဲ မိဘနှစ်ပါးကို အမှီရမှ ဖြစ်နိုင်သည့်သူ ဖြစ်ပါသည်ကား အမှန်ပါ။ ယခုအခါ ကျွန်တော်မှာ မိခင်ကိုသာ မြင်ရ၍ ဖခင်ကို မတွေ့မမြင်ရပါ။ မည်သို့သော အကြောင်းဖြင့် ကောင်းမွန်သေချာစွာ ဖခင်ကို သိရပါမည်နည်း။ မွေးဖခင်၏ အမျိုးအမည်ကို မှန်သည့်အတိုင်း သိလိုလှပါသည်။ ဤအကြောင်းကို ကျွန်တော် မေးမြန်းတိုင်းပင် ချစ်မိခင်က ပြောကြားခြင်း မပြုဘဲ စကားပရိယာယ်ဖြင့် အသွယ်သွယ် ရှောင်တိမ်း၍ ကျွန်တော့်အမေးကိုသာ လက်စသိမ်းလိုက်ရပါသည်။ ယခုအခါမှာဖြင့် ကျွန်တော့်ကို ညာတာကရုဏာဆပွား၊ သနားစိတ် သန်သန်နှင့် မှန်သည့်အတိုင်း ပြောကြားတော်မူပါ မယ်မယ်ဘုရား။

ဟူ၍ သနားစဖွယ် မျက်ရည် ခပ်လည်လည်နှင့် မေးမြန်းလေ၏။ ထိုအခါ သကုဏ္ဍလ မင်းသမီးသည် သား၏မျက်နှာကိုမြင်ရာ လွန်စွာပင် အလွမ်းတွေလက်စ ငင်သောကြောင့် ရင်ခွင်မှာရှိသော သား၏မျက်နှာကိုမျှ မကြာမကြာ မကြည့်ရာနိုင်ဘဲ မျက်နှာလွှဲ၍ အသည်း လှိုက်ဆူသဖြင့် အပူတိုက် ညည်းညူသည်မှာ

သြော် သကုဏ္ဍလ၊ နင်ဖြစ်ပုံ ဒုက္ခနယ်၊လက်စမသိမ်းနိုင်ဘဲ ရှိတော့သည်တကား။ ကမ္ဘာမီးမတူ၊ နှလုံးသွေး ကြိုက်ကြိုက်ဆူအောင် အပူကြီးပူလှချည်ရဲ့။ သည်းအူပြတ်ကြွေ၊ သည်အသက်သေလျှင်ဖြင့် ရှုပ်ပွေတဲ့ ဒုက္ခငြိမ်း၍ ဝဋ်တစ်ဇာတ်သိမ်းရလေရဲ့။ သြော် ဒုသျှန္တ ရာဇာ မင်းမသမာ

WWW.DHAMMARANSI.COM



ရဲ့နယ်။ ညှာတာမဖက် သကုဏ္ဍလ ကရမက် ဆွေကိုဖြင့် အသက်သေအောင် နှိပ်စက်မဟဲ့လို့ သက်သက်ပင် တမင်ငြိုး၍ သူ့အဆိုးကြီး ဆိုးလိုက်ပြီး အပူမီး တိုက်တာကြောင့် မရှိက်နိုင် မရှူနိုင် ဗျာပါဝန် လှိုင်လှချည်ရဲ့။ အဆိုင်ဆိုင် ပူဝန်ကင်းတဲ့အောင် ချက်ချင်း သတ်တော်မူ လှည့်ပါ ဘုရား။

ဟူ၍ ဆိုပြီးလျှင် မျက်ရည်တွေယိုစီး ကိုယ်တည်း ငိုမိရှာလေ၏။

သားတော်ကလည်း မိခင်၏ စိတ်သဘောကို မသိရှာသည်နှင့် ထပ်ခါထပ်ခါ မေးမြန်းလေ၏။ ထိုအခါ သကုဏ္ဍလ မင်းသမီးသည် သားတော် မေးမြန်းသည့် အချက်ကို တစ်စုံတစ်ရာမျှ မဆို မမြွက်နိုင်ဘဲ အပြိုင်ပြိုင် စီးဆင်းသော မျက်ရည်တို့ကိုသာ နိုင်အောင် ညည်းတွားပြန်သည်မှာ

ဩော်၊ သားဦးမျက်ဖျော် ဆင်းရွှေလှော်ကလဲ စိတ်ထဲမှာ ပေါ်လာတိုင်း သူ့ဖခင် အကြောင်းကို မေးမြန်းနေရှာတော့တာပဲ။ မေးမြန်းသည်မှာ အကြိမ်ကြိမ် အခါခါ ရှိလေပြီ။ မေးတိုင်း မေးတိုင်းလဲ ဘယ်တော့ခါမှ ပြောဖူးတယ် မရှိဘူး။

တကယ်လို့ မှန်တဲ့အတိုင်း ပြောကြားလိုက်ပြန်ပြီ ဆိုမှဖြင့်လဲ ငါ၏သားမှာ သာ၍ ဒုက္ခများစရာ ဖြစ်ရှာတော့မှာပဲ။ ဩော်ဘခင်ဆိုး၏ သားသမီးများဟာ အလွန်တရာ မျက်နှာငယ်ကြတာမျိုးပဲ။ မင့်ဘခင် မရှိဘူးလို့ ပြောပြန်မှဖြင့်လဲ ငါလဲ ကျက်သရေဆုတ်၍ အယုတ်ဖြစ်ရတော့မည်။ မင့်ဘခင် သေဆုံး၍ သွားပြီလို့ ပြောရမှ ဖြစ်လဲ သား၏ဘခင် ကိုယ်ချစ်လင်ကို မင်္ဂလာ မရှိအောင် ပြောရာကြပြန်တော့မည်။ မပြောဘဲ ရှေးကလို ပေ၍ နေပြန်မှဖြင့်လဲ တပူဆာထဲ ပူဆာ၍ အခါခါ အထပ်ထပ် သူ့အမေးပြတ်မှာ မဟုတ်ဘူး။ 'မပြောလျှင်မပြီး၊ မတီးလျှင်မမြည်' ဆိုတာလို မပြောလဲ မပြီးတဲ့အရာ ဖြစ်လေတော့ ပြောလိုက်မှပဲ တော်တော့မှာ ထင်ပါရဲ့။ ပြောပြန်တဲ့အခါ သူ့ဘခင်၏ သစ္စာမဲ့တဲ့ အရာတွေကို စုံလင်စွာ ပြောမှဖြင့် ဒေါသဇော ဆူပွက်၍ သားကလေး ထပြီး ရန်လက်စ ဖျိုးသကဲ့သို့ ဖြစ်နေမှာကိုလဲ စိုးရိမ်ရလေသေးသည်။ နောင်ရေး နောင်ရာဆိုတာ သိနိုင်ကြတဲ့အရာ မဟုတ်ပေဘူး။ တကယ်လို့ ငါ၏သားတော်ကလေးသည် အရွယ်တိုင်ရောက် လူလားမြောက်တဲ့အခါ ဘုန်းသမ္ဘာနှင့် ကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသူ တစ်ဦးဖြစ်၍ ပဒေသရာဇ်၊ ကေရာဇ်၊ စကြာဝတေးမန္ဓာတ်မင်း အဖြစ်ကို မရဘူးရယ်လို့လဲ မဆိုသာချေ။ ဤကဲ့သို့ မင်းအဖြစ်ကို ရမှဖြင့် အဖကို မကြေနိုင်တဲ့ ရန်ညှိုးကြောင့် တစ်မျိုးတစ်မည် ကြံစည် ဖွေထုတ်၍ ရန်ငုတ်ပွားစေပြီး၊ ဘခင်ကို လက်စားချေမှာကိုလဲ အမေဖြစ်သူက စိုးရိမ်မကင်း ရှိရပြန်တော့သည်။ သို့အတွက် သူ့ဘခင်ကပင် သစ္စာဖျက်၍ သက်သက် ငါ့အပေါ်မှာ ဆိုးသော်လဲ သူ့အကျိုးကို မပျက်ရအောင် စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်၍ သာမညအားဖြင့်သာ ပြောကြားမှ သင့်တော့မည်။

ဟူ၍ ကြံစည်ပြီးလျှင်

ချစ်သား ကုမာရနရိန္ဒ၊ မင်းဖခင်၏ အကြောင်းကို အလွန်ပဲ သိချင်သလား။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ သားတော်က

အိုဘယ်မှာ မသိချင်ဘဲ နေပါရိုးလား မယ်မယ်ဘုရား၊ အဖမရှိတဲ့သား၊ ကလေကဝ မွေးဖွားတဲ့သားရယ်လို့ သူတစ်ပါး ပြောဆိုမှာကို လွန်စွာ ရှက်ကြောက်လှပါသည်။ ရင်သွေးကို သနားလျှင် ပြောကြား မိန့်မြွက်တော်မူပါ ဘုရား။

ဟူ၍ မေးမြန်းလေ၏။ ဤသို့ မေးမြန်းသောအခါ

ချစ်သား၊ နား စေ့စေ့ထောင်၊ သင်၏ ဖခင် ဘုရားသည် သာမညလူသား မဟုတ်ချေ။ ဇမ္ဗူဒီပါ လကျ်ာသောင်းခွင် မြေအပြင်မှာ

WWW.DHAMMARANSI.COM



အထင်အရှား တေဇာတော် များလှသည့် နန်းဖွား ထွန့်စင် ရွှေနန်းရှင် ဘုရင်အစစ် ဖြစ်ပေသည်။

ဟူ၍ ပြောဆို၍ မဆုံးမီ မျက်လုံးနှစ်ဖက်မှ မျက်ရည် တွေတွေ စီးဆင်းလာသဖြင့် စကားလက်စကို အဆုံး သတ်လိုက်လေ၏။

ဤကဲ့သို့ ပြောဆိုသော စကား အရိပ်အမြွက်ကို ကြားရလျှင်ပင် အလွန်တရာ ဝမ်းသာသောစိတ် ရှိ သည်ဖြစ်၍ သားတော်ကလေးက

ဘယ်တော့မှ မကြားဖူးတဲ့စကားကို ယခု ကြား ရသည်မှာ ပထမပင် ဖြစ်လေသည်။ ကျွန်တော့် အပေါ်မှာ မွေးကျေးဖူးတင်နေရာ ယခုအခါ ကျေးဇူးရှင် ဖခင်၏အကြောင်းကို ကြားရသည် မှာ သာ၍ပင် မယ်မယ်ဘုရားကို များစွာ ကျေးဇူးတင်မိပါသည်။ ကျွန်တော့်ဖခင်၏ အကြောင်းစကားကို မယ်မယ်ဘုရားက ပြော ကြားစဉ် မရွှင်သော စိတ်အနေနှင့် မျက်ရည် ယိုကျ မယ်မယ်ဘုရားက ညှိုးနွမ်း၍ စိတ် မချမ်းမသာ ဖြစ်သော်လဲ ကျွန်တော်၏ စိတ် များသည် ရွှင်အားနှစ်လို့ ပီတိဆို့လျက် ဝမ်း မြောက်ဖို့ရန်သာလျှင် ပြင်ဆင်လျက် အသင့် ရှိနေပါသည်။ မယ်မယ်ဘုရား၏ မိန့်မြွက်သော စကားသည် အပြီးအဆုံးသို့ မတိုင်ရောက်သေး ပါ။ ခမည်းတော်ဘုရား၏ ဘွဲ့မည်သညာ စံ တော်မူရာ ဖြစ်သည့် တိုင်းပြည်ဌာနများကိုလဲ နေရာတကျ သိလိုလှပါသည်။ ဖခင်နှင့်ကွဲကွာ သည့် သားရတနာ မြတ်စက်ကုံးကို အဆုံးတိုင် ပြောကြားတော်မူပါ ဘုရား။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မယ်တော် သကုဏ္ဍာလက သား၏အလိုကို လိုက်၍ ပြောပြန် သည်မှာ

မယ်မယ်မျက်ရှု၊ ကမ္ဘမျိုးနွယ်၊ တန်ခိုး ကြွယ် ပေမယ့် သက်လှယ်စိန်သွေး၊ လူကလေး၊ သင့် ဖခင်၏ အမည်သညာမှာ၊ ဒုဿန္တ ရယ်လို့၊ ပါကဋထင်ပေါ် သောင်းထိုက်မှာ ကျော်ပါသည့် နေပြည်တော် ဌာနသည်ကား ဌာနခရိုင် နိုင်ငံ၏ ဗဟိုရ် နဂိုရ်မင်္ဂ ဟတ္ထိနပူရဟူ၍ ခေါ်တွင် သမုတ်ကြပါသည်။ ထိုဟတ္ထိနပူရမြို့တော်ကြီး မှာ ဖြူထီးရှစ်ဆူ၊ ကနက်ထူ၍၊ ပစ္စုဖွင့်လှစ်၊ ဓမ္မရာဇ်တံထွာ၊ ဆယ်ရာဇခံ၊ အကျင့်မှန်ဖြင့်၊ နိုင်ငံအုပ်စိုးလျက် ရှိနေဆဲ ဖြစ်ပေသည်။

ဟူ၍ ပြောပြီးလျှင် စကားကို ရပ်ဆိုင်း၍ အလှိုင်း ကြီးရင့် ပူခန်းကို မဖွင့်ချင်သောကြောင့်

ဤမျှလောက် သိရလျှင် တော်ပါတော့ သား မောင်။ နောင် မောင့်ဖခင်၏အကြောင်းနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း အခွင့်ကို မပေးနိုင် တော့ဘူး။

ဟူ၍ ဆိုလေ၏။

သားတော် နရိန္ဒမင်းသားငယ်သည်လည်း ယခု တစ်ခါ ဤမျှလောက် အရိပ်အမြွက် သိရတာကို ဝမ်းသာလှလေပြီ။ နောင်တော့မှ တစ်စတစ်စ မေးမြန်း၍ ဤတာဝတီ သာ နတ်ကြွင့်နန်းသို့ မည် သည့်အတွက်ကြောင့် ရောက်လာကြောင်း မယ်မယ် ဘုရား ခမည်းတော် ရွှေနန်းရှင်နှင့် အကြောင်းအင် မည်သို့ရှိ၍ ကွဲကွာကွင်း၍ နေရခြင်း အကြောင်း များကို မေးမြန်းရတော့မည်ဟု ကြံစည်ပြီးလျှင် သူ၏မယ်တော် မျက်နှာ မသာသည်ကို မြင်သော ကြောင့် သူ့ကို ထိန်းသိမ်းစောင့်ရှောက်သော နတ် သားနှစ်ပါးနှင့် ထွက်ခွာသွားပြီးလျှင် ကစား မြူးတူး လျက် နေလေသတည်း။

ထို့နောက် သကုဏ္ဍာလမင်းသမီးသည် ငိုယိုသော မျက်နှာနှင့် အဆွေဖြစ်သော ပရမေသိဂ်ါ နတ်သမီး ဘက်သို့လှည့်၍

ချစ်ဆွေက ကျွန်မ၏ အကြောင်းကို ကောင်း ကောင်းကြီး သိပြီးဖြစ်သောအတိုင်း စဉ်းစားပါ။ သားကလေး၏ ဖခင်ဖြစ်သော ရွှေနန်းရှင်ဘုရား သည် ဟိုတောဖျားမှာ ပထမ တွေ့စဉ်တုန်း ကတော့ ကျွန်မက မုန်းမှာကိုပင် သူကြောက် လန့်၍ နေလေသေးသည်။ သူကိုျန်ဆိုတဲ့ သစ္စာ

WWW.DHAMMARANSI.COM



တွေ့ဟာမရေမတွက်နိုင်အောင် နေမင်းကို တိုင်တည်၊ လမင်းကို တိုင်တည်၊ ပင်လယ်ကြီးကို ဥပမာပြုလိုပြု၊ မေရု ဗဟိုရ် မြင့်မိုရ်တောင်ကြီးကို သက်သေ ထားလိုထား၊ မြေကြီးများ မြိုစေဟု ဆိုလိုဆို၊ ပြောလိုပြောနှင့် ကျွန်မသဘောကို မယုံယုံအောင် အနည်းနည်း သွေးဆောင်လေသည်။ သည်တော့ ကျွန်မလဲ ပုထုဇဉ်သဘာဝ ကာမတဏှာကို မပယ်မရှင်းရသေးတဲ့သူ ဖြစ်လေတော့ သူ့အပြောကောင်းတာနှင့် ဘယ်တော့ ခါမှ ငါ့ကို မပစ်ပေဘူးအထင်နှင့် ခင်မင် နှစ်သက်၍ သူ့ဘက်သို့ ပါမိလေသည်။ ဤကဲ့သို့ သူနှင့် တွေ့ကြုံနိုးရင်း မေတ္တာချင်းဆက်ဆံကာ များမကြာမီပင်လျှင် အကြောင်း အခွင့်မသင့်တာနှင့် တစ်ဦးနှင့်တစ်ဦး ခွဲခွာ၍ နေကြရလေသည်။ တိုတိုပြောကြပါစို့။ တောထဲမှာ သူနှင့် တွေ့တာကို အကြောင်းပြုပြီးတော့ မကောင်းမှုက ကျွန်မကို နှိပ်စက်တာ ထင်ပါရဲ့။ ကျွန်မမှာ ယခုသားငယ်ကလေးကို ပဋိသန္ဓေ ယူဆောင်ရပါရော။ သည်အကြောင်းကို ခမည်းတော် စန္ဒအရှင်ဘုရားနှင့် မယ်တော် ဂေါတမီတို့ သိမြင်ရိပ်မိတော်မူကြတာနှင့် သူ့မေတ္တာကို အားကိုး၍ ရိုးရိုးသားသား သိမ်းပိုက်တော်မူလိမ့်မည် အထင်နှင့် ဖခင် စန္ဒရသေ့ကြီးက ထီးတော်၊ နန်းတော်၊ သူ့ခြေရင်းတော်သို့ အရောက် ကျွန်မကို ပို့ပါရော။

သူစံမြန်းတဲ့ ကြငှန်းဘမရာ နန်းရိပ်သာသို့ ဆိုက်ရောက်ခိုလှုံမိတဲ့အခါကျတော့ ဘာလောက်မျှ ဂရုမစိုက် သည်တောသူအမိုက်မမှာ ထီးနန်းနဲ့ မထိုက်ဘူးဟု ထင်မှတ်သည့် လက္ခဏာကလဲ တစ်မျိုး၊ ထီးနန်းစည်စိမ်တွေနှင့် ဂုဏ်ရောက်ပြီး မောက်မော် မာန်ယစ်တာကလဲ တစ်ခန်း။ နန်းတော်သူ အယဉ်အကြော့တို့က မြူချော့ကြတာက တစ်ပုံ။ သည်လို အမျိုးစုံတွေနှင့် ဂုဏ်တက်နေတဲ့အခါ ဖြစ်လေတော့ ကျွန်မအပေါ်မှာ မတော်မတရား စော်ကား ရက်စက် ကရုဏာမဖက်ဘဲ အရှက်တကွဲ နန်းထဲမှ နှင်ထုတ်ခြင်းကို ခံရပါသည်။

သည်လို ကျွန်မအတွက် နှိပ်စက်တာကိုတော့ အသည်းမနာလှပါသည်။ သည်သားကလေး တစ်ယောက်မှာ အားကိုး အားထားရာ မရှိဘဲ မျက်နှာငယ်နှင့် နေထိုင်ရရှာသည်ကို တွေးမိတိုင်း ဆွေး၍ နစ်နာလှပါသည်။ သူနှင့် ချစ်ခင်ရရှိတဲ့ ပဋိသန္ဓေအမှန်ကိုပင် တမင် ငြင်းကွယ်၍ နန်းလယ်မှာ ကျွန်မကို အရှက်ခွဲတာကြောင့် နောင်ခါ အကယ်၍ ဤသားတော်နှင့် သူနှင့် တွေ့ကြုံစေကာမူ တကယ် အမှန်သိပေမယ့် သူ့သားရယ်လို့ ဝန်ခံမယ်လို့တော့ မထင်ပါဘူး။ သြော် ထီးဖွားနန်းဖွား အမှန်သားနှင့် ထီးမွေနန်းမွေများကိုဖြင့် ငါ့သားကလေး ခံရတော့မှာ မဟုတ်ဘူးထင်ပါရဲ့။ သည်သားကလေး လူလားမြောက်၍ လူ့အလျောက် နေထိုင်သည့်အခါ ဘယ်သို့သော အကြောင်းအရာအားဖြင့် ကြီးပွား ထွန်းကားနိုင်ပါမလဲ။ ထီးသွေးနန်းသွေး သူ့ရင်သွေးများသည် ခမည်းတော်၏ အမွေကို ခံယူ၍ တိုင်းပြည်သခင် ဘုရင်အဖြစ်သို့ ရောက်မှသာလျှင် တင့်တယ်လေသည်။ ငါ၏သားတော်ကလေးမှာ ထီးသွေးနန်းသွေးပင် မှန်သော်လည်း သူ့ဖခင်က ပြင်ပြင်ကြီး မတရားလေတော့ ထီးနန်းစည်းစိမ်များနှင့်ဖြင့် ကွာလှမ်းပြီ ထင်ပါရဲ့။

ဟု ပြောရာ ပရမေသိက်၊ နတ်သမီးက သည်လိုလဲ စိတ်ကို တွေးတော၍ နေတော်မမူပါနှင့်ဦး။ ကံ၏အစွမ်းအားကို ဘုရားမှ တစ်ပါး ဆုံးခန်းတိုင်ရောက်အောင် မည်သူမျှ မသိမမြင်နိုင်ကြဘဲ ရှိပါသည်။ ကံကောင်းလျှင်ဖြင့် အကြောင်း တိုက်ဆိုင်၍ တိုင်းနိုင်ငံကြီး အရှင်ဘုရင်သာမညကို မဆိုထားဘိ လေးကျွန်းနှင့် တစ်မြင့်မိုရ်ကို လိုသမျှ အုပ်ချုပ်ရသည့် အနုတ္တရ

WWW.DHAMMARANSI.COM



ရာဇာ စကြဝတေးမင်းကြီးပင် ဖြစ်နိုင် ပါလိမ့်မည်။

သားတော်၏ ရုပ်လက္ခဏာများသည် စကြဝတေးမင်းဖြစ်ဖို့ရန် အတန်တန် စုံလင်၍ ကြန်အင် ကောင်းမြတ်လှပါသည်။ 'လူမင်း ဘုန်းကြီးက နတ်မင်းမနေပိုင်' ဆိုသော စကားကဲ့သို့ သခင်မကပင် ကံဇာတာတော်များ မေးမိုန်၍ နေသည် ဖြစ်စေကာမူ သားတော်၏ ဘုန်းသမ္ဘာအားကြောင့် နတ်များက မနေပိုင်ဘဲ ချီးမြောက်မစ ထောက်ပင့်ကြရန်ပင် အကြောင်း ထင်မြင်ပါသည်။

ဟူ၍ ဖြည်းဖြည်း လျှောက်တင်လေ၏။

ထို့နောက် သကုဏ္ဍာလ မင်းသမီးက
မိတ်ဆွေ ပြောသည့်အတိုင်းသာ မှန်ပါစေ။
ကျွန်မ အထင်အမြင်မှာလဲ သည်သားတော်ကလေးတစ်ယောက်ဖြင့် ဘုန်းတောက်ခါ သမ္ဘာကဲပြီး အမှန်မလွဲ ထွန်းကားလိမ့်မည်လို့ ထင်တာပါပဲ။ 'လူမှာအမျိုး၊ ကြက်မှာအရိုး' ဆိုတဲ့ စကားကဲ့သို့ သားတော်၏ အမျိုးဇာတ်ဟာလဲ အလွန်တရာ မြင့်မြတ်တာပါပဲ။ သူ၏ ခမည်းတော်ဘက်က အစဉ်လျှောက်ပြီး စစ်လိုက်တော့ အဖကလဲ နေမျိုး၊ ဘိုးတော်ကလဲ နေနတ်ဘုရင်မင်းမြတ်နှင်နှင်တို့ချည်းသာ ဖြစ်ပေသည်။

မယ်တော်ဘက်က လိုက်စစ်လျှောက်လိုက်ပြန်တော့လဲ ကျွန်မ၏ ဘခင်သည် ရသေ့ပင်ဖြစ်သော်လဲ ဘုရင်အဖြစ်မှ ထီးနန်းကို စွန့်ပစ်၍ လာတာကြောင့် ရာဇာမျိုးရိုးပင် ဖြစ်လေသည်။ ကျွန်မ၏ မယ်တော်မှာတော့ တာဝတိံသာ ပျော်မွေ့တဲ့ နတ်သမီးအစစ်ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်မ သားတော်ကလေး၏ ခမည်းတော် မယ်တော် နှစ်ပါးဘက်ကပင် သန့်စင်မြင့်မြတ်သော အမျိုးဇာတ် ဥက္ကဋ္ဌတို့သာ ဖြစ်လေတော့ မိုန်မေး တိမ်မြုပ်ဖို့ရာ လမ်း မရှိလှပါဘူး။

'ချောင်းရိုး မြောင်းရိုးသာ တိမ်သည်။ လူရိုးလူမျိုး မတိမ်'ဆိုတဲ့ စကားဟာလဲ အရှိသားပါပဲ။

ဟူ၍ ဆိုရာ ပရမေသိဂ်ီ နတ်သမီးက
မိန့်တော်မူတဲ့အတိုင်း မှန်လှပါသည်။ ဤကဲ့သို့ စိတ်ကိုသာ ဖြည့်တင်း၍ စံနေတော်မူမှ သင့်ပါသည်။ ပူပန်စရာတွေကို တွေးပြီး စိတ်မအေးအောင် ညှိုးနွမ်း၍ နေတော်မမူပါနှင့်။ 'စိတ်ထောင်းလျှင် ကိုယ်ကြေ'ဆိုတာလို စိတ်ပွေရှုပ်မှုဖြင့် ရုပ်လည်း ပျော့ပျောင်း၍ ဒုက္ခဟောင်းအပေါ်မှာ ဒုက္ခသစ်လာ၍ ဖိစီးတတ်ပါသည်။ ဤလောကမှာ အချို့သော ယောက်ျား မိန်းမတို့သည် ပူစရာကလေး နည်းနည်း လက်စပေါ်လာမှဖြင့် ထိုအပူလက်စကို တိုးတက် ပွေရှုပ်အောင် ဇရတ်သုတ်ခ အကြံတွေကို တွေးပြီး အပူကို သွေးဆောင်ချဲ့ထွင်တတ်ကြပါသည်။ ဥပမာ ချည်ဝင်တစ်ခုမှာ အနည်းငယ် ချည်စရှုပ်၍နေရာ အလိုက်သင့် အသာအသာ ဖြေရှင်းခြင်းကို မပြုဘဲ အရေးတကြီးနှင့် အတင်းဖြေရှင်းလိုက်ရာ ရှင်းမည်ကို နေနေသာသာ ရှုပ်ရာတွင် လိမ်ရှုက်၍ အဖြေခက်အရှင်းခက် ချည်ဝင်အူပေါက်ကြီး ဖြစ်အောင် ရှုပ်စေသကဲ့သို့ စိတ်အလိုလိုက်မှုဖြင့် ဒုက္ခပွေရှုပ်၍ မအုပ်နိုင် မထိန်းနိုင် ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ မိမိစိတ်အတွင်း၌ ရှုပ်ပွေ၍နေသော ဒုက္ခအစွန်း အမြိတ်တို့ကို စိတ်ဖြင့် ဖြေဖျောက်တော်မူပါ။ တရားကိုလဲ လက်လွှတ်တော်မမူပါနှင့်။ ဘယ်လိုပင် ဒုက္ခပွားသော်လဲ တရားဟူသော ရေအေးနှင့် ဖြန်းလျှင် ငြိမ်းချမ်းရိုးဓမ္မတာ ရှိပါသည်။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ သကုဏ္ဍာလမင်းသမီးက
မိတ်ဆွေ ပြောသည့်အတိုင်း တရားသဘောနှင့် ဆင်ခြင် ဖြေဆည်မယ်လို့ ဆိုတော့ ပူပန်ညှိုးငယ်ဖို့ မရှိပါ။ အစရင်း ပထမမူလ ပကတိ

WWW.DHAMMARANSI.COM



ကပင် တရားသဘော လက်မလွှတ်ဘဲ နေခဲ့ပါလျှင် ယခုလိုတောင် ပူပန်ညှိုးနွမ်း စိတ်မချမ်းမသာခြင်းနှင့် တွေ့နိုင်မည် မဟုတ်ပါ။ မိတ်ဆွေစဉ်းစား၍ နားစိုက်စမ်းပါ။ ကျွန်မသည် ဒုဿန္တမင်းသားနှင့် မတွေ့မကြုံမီကာလတွင် တရားရှင်ဖြစ်သော ဖခင်ရသေ့ကြီး၏ သီလတော်အရိပ်ကို ခိုလှုံ၍ ဖန်ရည်ဆိုးစွန်းသော လျှော်တေအဝတ်များကို ဝတ်ဆင်ကာ မြို့ပြ ပြည်ရွာတို့၏ အမူအရာဆို၍ အနည်းငယ်မျှ နားလည်ခြင်းမရှိဘဲ ပကတိ ဖြူစင်သန့်ရှင်းသော အမူအရာနှင့်သာ နေထိုင် ကျင့်သုံးခဲ့ပါသည်။ ဤကဲ့သို့သော အဖြစ်မျိုးကို သည်ဘဝမှာ မည်သည့်အခါကာလမှာမှ တွေ့ကြုံရလိမ့်မည်ဟု ကျွန်မ မတွေးတောမိဖူးပါ။ ထိုစဉ်အခါ ကျွန်မ၏ စိတ်နှလုံးများသည် အေးမြကြည်သာ အညစ်အကြေးကင်းစွာနှင့် ဥပမာ သီတာ နတ်ကန်ထဲမှာ ပေါက်ပွား ပွင့်ငုံ၍နေသော ပဒုမ္မာကြာပန်းနှင့်သာ တူပါသည်။ အကုသိုလ်သဘော ကာမဝိတက်ဇောများလဲ အနည်းငယ်မျှ စွန်းငြိဖူးသည်ဟု သတိမရပါ။ ကုသိုလ်သဘော သမ္မာဝိတက်သဘောတို့သာလျှင် နဒီသော တောဝိယံမြစ်ရေအလျဉ်ကဲ့သို့ သန္တတိ စီး၍ နေ၏ဟူ၍ ဆိုသည့်အတိုင်းများစွာ ဖြစ်ပေါ်၍ နေပါသည်။ ဤကဲ့သို့ ကြည်သာအေးမြ ပုည ကိရိယာ သဒ္ဓါဖြူစင်ခြင်းနှင့် နေထိုင်ပျော်ပါး တရားမွေ့လျော်၍ နေစဉ် အခိုက်အခါ ရာဟုဂြိုဟ်ကြီးလာ၍ ဖိစီးနှိပ်စက် စနေဂြိုဟ်ဝင်၍ စွက်သလို သစ္စာဖျက်တတ်တဲ့ ဒုဿန္တမင်းသားသည် ရထားတစ်စီးနှင့် ကျွန်မတို့နေရာ ကျောင်းသင်္ခမ်းသို့ လာပါရော။ ဤကဲ့သို့ ကြွလာတော်မူတဲ့အခါ (သူတကာကိုလဲ အပြစ်တင်စရာ မရှိပါဘူးလေ) မောင်တော်ဒုဿန္တမင်းသား၏ မျက်နှာကိုမြင်လျှင်မြင်ချင်းပင် (အမှန်ပြောရမှာဖြင့်) ကျွန်မ၏ စိတ်နှလုံးဓာတ်တွင် ငုပ်စပ်၍နေသော ကာမကိလေသာ တို့သည် မည်သူမျှ နှိုးဆော်တိုက်တွန်းခြင်း မရှိ။ အသင်္ခါရိက သဘောအားဖြင့် ဘွားခနဲ ပေါ်ထွက်သောင်းကျန်း၍ လာကြလေသည်။

ဥပမာ နွေဥတု ရာသီအခါမှာ မိုးမရွာသည့်အတွက်ကြောင့် အညွန့်အညှောက် မပေါက်မထွက်ရဘဲ နေသော ခတ္တာ နှင်းပန်းစသော ဥပင်မျိုးတို့သည် မိုးဦးကျလာသည့်အခါ သန်စွမ်း ခိုင်မာစွာ ပေါက်ရောက် ထကြွ၍ လာဘိသကဲ့သို့ ဖြစ်လေသည်။

ဟူ၍ ပြောနေစဉ် စကားမဆုံးမီ ပရမေသိဂ်ါ နတ်သမီးက

အစဉ်စွဲကပ် ငုပ်ကိန်းဝပ်၍နေသော အနုသယမျိုး ဓာတ်ကိလေသာတို့၏သဘောသည် ဤကဲ့သို့ ဖြစ်တတ်သောအလေ့ရှိပါသည်။ ရွာသွန်းသော မိုးသည် ခတ္တာ နှင်းပန်းစသော ဥပင်မျိုးများကို ပေါက်ပွားစေဘိသကဲ့သို့ ထို့အတူ ချစ်ခင် နှစ်သက်ဖွယ်ရှိသော အာရုံများသည် ကာမရာဂ အနုသယဓာတ်ကို ထကြွအောင် နှိုးဆော်တတ်ပါသည်။ သည်လိုဖြစ်ခြင်းဟာ ပုထုဇဉ်တို့ဓမ္မတာ သဘောအတိုင်းပါပဲ။

ဟူ၍ ပြောဆိုလေ၏။

ထို့နောက်သကုန္တလာ မင်းသမီးက ဝင်၍ ပြောပြန်သည်မှာ

ဤကဲ့သို့ သူ့မျက်နှာကိုမြင်လျှင် မြင်ခြင်းပဲ ရိုင်းသော မင်းများကို ဇက်ကိုင်၍ မရနိုင်သလို ကျွန်မ၏ စိတ်များသည် ရိုင်းပြဆိုးဝါးစွာနှင့် အတွင်းသန္တာန်က ထကြွသော င်းကျန်းပြီးလျှင် ကျွန်မကိုယ်ကို ဣန္ဒြေ မဆည်နိုင်အောင် လှုပ်ရှားကြလေသည်။ သို့ရာတွင် မိန်းမတို့ မည်သည်မှာ ဣန္ဒြေသာလျှင် ဥစ္စာရတနာ ရှိကြသည်ဟု သဘောထား၍ များစွာ ချုပ်တည်းရပါသည်။ စိတ်အလိုသို့ လိုက်စား၍ ဣန္ဒြေများကိုသာ ကျွန်မ မသိမ်းဆည်းခဲ့ပါလျှင် သည်အခါ

WWW.DHAMMARANSI.COM



ကျွန်မသည် ဘီလူးမကြီး အရူးမကြီး ဖြစ်၍ သွားဖို့ ရှိတာပါပဲ။

ဟူ၍ ပြောနေရင်း သူ့မိတ်ဆွေ နတ်သမီးက

ဟုတ်ပါရဲ့၊ အမှန် ယုံကြည်ပါရဲ့။ မိန်းမပျို တို့မှာ ဘစ်ခါတစ်ခါ သည်လို ဖြစ်တတ်တာမျိုး ပါပဲ။

ဟူ၍ ကြားဝင်၍ ပြောလေ၏။

သကုဏ္ဍလမင်းသမီးက ဆက်၍ ပြောသည်မှာ ယခုလို ကျွန်မတစ်ယောက်တည်းကသာ (တစ်ဘက်သတ်)မေတ္တာစိတ် သွေးမွှန်၍ အလွန် စုံမက်နေရုံနှင့်လဲ ယခုလို ဖြစ်ကြမည် မဟုတ်ချေ။ မောင်တော်ဒုဿန္တမင်းသားကလဲ ကျွန်မကို မြင်လျှင်မြင်ချင်း သူ၏ မေတ္တာစိတ်များကို ဆို့ပိတ်၍ မရနိုင်အောင်ပင် ချစ်ခင် စွဲငြိခြင်း ဖြစ်လေသည်။ ကျွန်မကို မြင်၍ မေတ္တာရှိမှန်းကို သိရသည့်အခါ အံ့အားစွာနှင့် ကျွန်မ တွေးတော မိသည်မှာ ဤမင်းသားသည် ထီးနန်း စည်းစိမ် တော်များကို ခံစား၍ မြင့်မြတ်စွာ နေရသဖြင့် အရုပ်အဆင်း လှပချောမွေ့၍ ရတနာ အမျိုးမျိုး တို့ဖြင့် ဆင်ယင်ထားရှိသော ခတ္တိယကညာ မာယာပြောထူ နန်းတော်သူတို့ကို မြင်နေကျ ဖြစ်ပါလျက် သူ၏မျက်စိများသည် လမ်းမှားသည့်ပမာ တောဂနိုင်စုံခြေမှာ လျှော်တေကိုဆင် မြန်း၍ ထီးနန်းအမှုအရာဆို၍ နားမလည်သော တောသူဖြစ်သည့် ကျွန်မကို ဘယ်ကြောင့် ဤ ကဲ့သို့ မေတ္တာသက်ဝင် ချစ်ခင်လေဘိသနည်း။

ဟု အံ့အားသင့်စွာ ဖြစ်မိပါသည်။ မိတ်ဆွေ နတ်သမီးက

အို ထီးသော နန်းသော အလှအချောသောနှင့် ဤနေရာမျိုးမှာ တွေးတော ဆင်ခြင်ဖွယ် မရှိပါ။ မေတ္တာဆိုတာ ရေးကံဖူးစာက သွေးဆောင်ရာသို့ ပါတတ်တာမျိုးကလား။ ဖူးစာကံက စီမံလာပြီ ဆိုမှဖြင့် အလှအချော တောမြို့ဟူ၍ ရွေးချယ်ရိုး ထုံးစံ မရှိပါ။ ကံစီမံသည့် အတိုင်းသာလျှင် မေတ္တာ စူးစိုက်တတ်တာပါပဲ။ အလှအချော အပြောအဆို ကိုယ်ဟန် အယဉ်အကျေးမှာလဲ မိတ်ဆွေ သကုဏ္ဍလ မင်းသမီးကလေးကို ထီးမွေး၊ နန်းမွေး ဘုရင်သွေးများလဲ မမီနိုင်ကြပါ။ ဘာကြောင့်လဲဆိုသော် မိတ်ဆွေ သကုဏ္ဍလမှာ အဘ ခမည်းတော်က လူသား ဖြစ်သော်လဲ မယ်တော်ကတော့ နတ်သမီးအစစ် ဖြစ်ပါသည်။ ဒါကြောင့် ဒုဿန္တ မင်းသားက မြင်လျှင် မြင်ချင်း ပြင်းထန်စွာ မေတ္တာရှိသည် များကို အံ့အားသင့်စွာနှင့် တွေးတောဖို့ မရှိပါ။

ဟု ကြားဖြတ်၍ ပြောလေ၏။ သကုဏ္ဍလ မင်းသမီးက

ခပ်တိုတို ပြောကြပါစို့။ နောက်တော့ ကျွန်မ မေတ္တာထက်ပင် သူ့မေတ္တာက ပိုမောက်ပြီး မြင့်မိုရ်တောင်လောက် ကြီးကျယ်သည့်ပမာ တည်ငြိမ်စွာ ဣန္ဒြေကို မထိန်းမအုပ်နိုင်ဘဲ ကျွန်မကို မရမက အထူးအားထုတ်ကြိုးစား၍ ကိုယ်စိတ် နှမ်းပါးခြင်းကိုခံလျက် ကြံစည်လေသည်။ ယောကျ်ားများက ဤကဲ့သို့ ကြိုးစား၍ ကြံစည်ပြီဆိုမှဖြင့် မိန်းမတို့ဆိုတာလဲ ဘယ်မှာယောကျ်ား အလိုသို့ မပါနိုင်ဘဲ နေပါမလဲ။ အဆုံးစွန်ကျတော့ ကျွန်မလဲ သူ့အလိုသို့ လိုက်ရပါရော။

ဟူ၍ ပြောဆို၏။ ထိုစကားစပ်နှင့် ဆက်လက်၍ ပရမေသိဂ်ါ နတ်သမီးက ပြောကြားသည်မှာ

ပြောသမျှအလုံးစုံကို အကုန် ကျွန်မသိပြီးသားချည်းဖြစ်၍ ယုံမှားမရှိပါ။ ယောကျ်ားတို့ မည်သည် အမှန်သူတို့ မေတ္တာရှိမှဖြင့် အသက်ကို မညှာ၊ ပင်ပန်းမှာကို မကြောက်၊ မြင့်မိုရ်တောင်ကြီးလောက် ကာဆီးသော်လဲ ကြီးကျယ်သည် ဟူ၍မမှတ်။ ဘယ်လိုပင် ကျဉ်းကြပ်သော်လဲ စိတ်ဓာတ်က မတွန့်ဘဲ အရဲစွန့်၍သာ ပေါင်းသင်းရအောင် ကြံစည်လေသည်။ ယခု

WWW.DHAMMARANSI.COM



မိတ်ဆွေသကုဏ္ဏလ၏ဖြစ်ပုံများနှင့်ခပ်ဆင်ဆင် ဖြစ်သော ဇာတ်တစ်ခုကို ပြောကြားပါရစေ။ နားစိုက်တော်မူချင်ပါမလား။

ဟူ၍ဆိုရာ သကုဏ္ဏလမင်းသမီးက

အို ယခုလို ငြီးငွေ့သည့်အခါ ဇာတ်ဝတ္ထုပုံ သက်သေများကို အဘယ်မှာ မကြားချင်ဘဲ နေပါသနည်း။ နားစိုက်ချင်လျက်ပင် အသင့် ရှိနေပါသည်။

ဟူ၍ ပြန်ပြောသည်တွင် အာသင်္ကာမင်းသမီး ဇာတ်ဝတ္ထုကို အောက်၌ပါသောအတိုင်း ပရမေသိဂ်ါ နတ်သမီးက ပြောကြားလေ၏။

## အာသင်္ကာဇာတ်

ရှေးသောအခါ(လူတို့ရွာ၌) ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြုလေသတဲ့။ ထိုအခါ ဂေါတမဘုရားအလောင်းသည် ပုဏ္ဏားမျိုး ဖြစ်၍ အရွယ်ရောက်သောအခါ ကာမချမ်းသာများကို စွန့်ပယ်၍ ဟိမဝန္တာ တောင်တန်းမှ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဏ် ပြည့်စုံစွာနှင့် နေတော်မူလေသည်။

ဤသို့ ပြောရင်း စကားမပြတ်မီ သကုဏ္ဏလ မင်းသမီးက

ဩော် ထိုရသေ့ကြီးလို နေမှာပဲ။ သည်စကားကို ကြားရ၍ ကျေးဇူးတော်ရှင် ဖခင်ဘုရားကို များစွာ အောက်မေ့ လွမ်းဆွတ်ပါသည်။

ဟူ၍ ကြားဖြတ်ကာပြောဆိုလေ၏။

ဇာတ်ကို ဆက်၍ ပြောသည်မှာ

ထိုအခါ တာဝတိံသာ နတ်ပြည်ဝယ် ကြီးကျယ်သော တန်ခိုး ဣဒ္ဓိပါဒ် ရုပ်ဓာတ်လက္ခဏာနှင့် ပြည့်စုံသောနတ်သမီးတစ်ယောက်သည်ကုသိုလ် ကံဟုန် အရှိန်ကုန်သဖြင့် လူ့ဘုံသို့ ဆင်းသက်ရမည့် အကြောင်းရှိနေရာ လူတို့ဝမ်းထဲ၌ ပဋိသန္ဓေ နေရမည့်အရာကို လွန်စွာ ကြောက်လန့်လှသဖြင့် ယခင် ရသေ့ကြီးစံနေတော်မူသော သင်္ခမ်းကျောင်း၏အနီး ကြီးသော ရေကန်အလယ် တင့်တယ်လှပသော ကြာငုံတစ်ခုမှာ သံသေဒဇ အားဖြင့် ပဋိသန္ဓေတည် နေလာ၏။ ထိုကြာငုံသည် ပွင့်ချိန်တန်ပါလျက် ကြာရှည်စွာ မပွင့်ဘဲ နေသည်ကို ရသေ့ကြီး မြင်တော်မူရာ လွန်စွာ ထူးဆန်းလှသည်တကား။ သွား၍ ကြာငုံကို ဖွင့်ကြည့်လတ်သော် သန့်ရှင်း ထိန်ကြည် သီဂီရွှေ အသွေးတမျှ လှပသော သူငယ်မကလေးကို တွေ့မြင်လေ၏။ မြင်လျှင်မြင်ချင်း သမီးရင်း ဟူသော အမှတ်သညာဖြင့် သင်္ခမ်းကျောင်းသို့ ဆောင်ယူပြီးလျှင် မွေးမြူလေ၏။ ထိုသတို့သမီးသည် ဆယ့်ခြောက်နှစ်လောက်အရွယ် ရောက်သည့်အခါ အလွန်တရာ လှပယဉ်ကျေး မြင်သူငေးမှိုင်းလောက်အောင် အရုပ်အဆင်းကို ဆောင်လေ၏။ လူ့အဆင်းလောက်လဲမက နတ်အဆင်းသို့လည်း မမီတမီ ရှိလေ၏။ ဖခင်ရသေ့ကြီးက သတို့သမီး၏ အမည်သညာကို အာသင်္ကာ ဟူ၍ ခေါ်လေသည်။ (ထိုအမည်၏ အဓိပ္ပာယ်မှာ လူလောနတ်လော တွေးတောထင်မှားဖွယ် ရှိသောကြောင့် လည်းကောင်း၊ ပထမ သံသေဒဇ တည်သော ကြာဖူးကို တွေ့မြင်ရာ ဘာဖြစ်ပါလိမ့်မည်နည်း ဟူ၍ ယုံမှားခြင်း ရှိသောကြောင့် လည်းကောင်း၊ အာသင်္ကာ ဟူ၍ ခေါ်ဆိုရလေသည်။ အာသင်္ကာ၏ အဓိပ္ပာယ် အကျဉ်းချုပ်မှာ "ယုံမှား"ခြင်းပင် ဖြစ်လေသည်။

ထို "အာသင်္ကာ"ဟူသော အမည်သညာကို ဖခင်ရသေ့ကြီးနှင့် အာသင်္ကာ သတို့သမီးမှ တစ်ပါး အခြားသူတို့ မသိကြကုန်။ ဤကဲ့သို့ တရားရှင် ရသေ့ကြီးနှင့် သမီး အာသင်္ကာတို့သည် ချမ်းသာ ကြည်လင်စွာ တရားသက်ဝင်သော စိတ်ဖြင့်သာလျှင် နေထိုင်ကြကုန်သတဲ့။

ဤသို့ ပြောသောအခါ

အာသင်္ကာမင်းသမီး၏ ဖြစ်ပုံများဟာလဲ ကျွန်မနှင့် ခပ်ဆင်ဆင်ပဲဆိုပြီးနောက် ဘယ်လို ဖြစ်ပျက်သေးသနည်း။

WWW.DHAMMARANSI.COM



ဟူ၍ မေးမြန်းလေ၏။ နတ်သမီးက ဆက်၍ ပြောသည်မှာ

တာဝတိံသာ နတ်ရွာသေနင်း သိကြားမင်းသည် ဘုရားလောင်းရသေ့ကြီး၏ ထံပါးသို့ ခစားဆည်းကပ်ရန် လာမြဲဝတ်ရှိသည်အတိုင်း လာရောက်လေရာ သိကြားမင်းအံ့သြလောက်အောင် ပင် အဆင်းလှသော အာသက်ာ သတို့သမီးကို တွေ့မြင်လေသည်။ မြင်လျှင် မြင်ချင်း သိကြားမင်းက သမီးရင်းလို သဘောထား၍ "အရှင်ဘုရားသည် သတို့သမီးအတွက် မည်သည့်အရာများကို အလိုရှိပါနည်း"ဟူ၍ မေးမြန်း စုံစမ်းလေရာ သူတော်စွာ ရသေ့မြတ်က "ဒါယကာ သိကြားမင်း၊ အခြားသော ပစ္စည်း ဝတ္ထုမျိုးကို အလိုမရှိပါ။ သမီးတော် ဝတ်ဆင်ရန် အလို့ငှာ ဝတ်စားတန်ဆာ အစာအဟာရ အမျိုးမျိုးနှင့် တန်ခိုးရှိသောသူတို့သာ စံစားထိုက်သည့်ရတနာ ဗိမာန်ကိုသာ အလိုရှိပါသည်"ဟု မိန့်ဆိုတော်မူလေသည်။ ထိုအခါ သိကြားမင်းက "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် နတ်၌ဖြစ်သော အဝတ်တန်ဆာ ရတနာအမျိုးမျိုးတို့နှင့်တကွ (ဇာတိဖလိက) ပကတိဖန်သားဖြင့်ပြီးသော ပြာသာဒ်ကြီးကို ဖန်ဆင်း၍ ပေးလေ၏။ ထိုဖန်ပြာသာဒ်ကြီး၏အရောင်သည် လောင်လုတန္နန်း ဝေဇယန္တာနတ်နန်းကို ပြက်ရယ်ပြုသည့်ပမာ အလွန်တရာ ဆန်းကြယ်လှ၏။ အခန်းပေါင်းများစွာ အိပ်ရာပေါင်း အထွေထွေ ကျက်သရေတိုက် အမျိုးမျိုးတို့ဖြင့် ပျော်မွေ့နှစ်သက်စဖွယ် ရှိ၏။

ထိုဖလ်ပြာသာဒ်သည် ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့တည်နေ၏။ အာသက်ာ မင်းသမီး မြေသို့ သက်ဆင်းလိုသောအခါမှ ကောင်းကင်က လျှောကျလာ၏။

ထိုစကားကို ကြားရာ သကုဏ္ဍလမင်းသမီးက ခြော် တယ် အံ့သြဖွယ် ရှိပကလား။ အာသက်ာ မင်းသမီးနှင့် ကျွန်မသည် တောတွင်းမှာ ကြီး၍ ရသေ့သမီးချင်း တူမျှပါသော်လဲ ကုသိုလ်ကံ အရာမှာတော့ အာသက်ာမင်းသမီးက ကျွန်မထက် သာလွန်ပါပေသည်။ ရှေးကုသိုလ်ကံ အခြေခံ ကောင်းလာပြီဆိုမှဖြင့် အနှောင်းကျတော့လဲ ညံ့မည့် လက္ခဏာ မဟုတ်ပေဘူး။ ဆက်လက်၍ ပြောမည့်အရာကို နှစ်သက်စွာ နာခံချင်လျက်ပင် ရှိနေပါသည်။

ဟူ၍ ဆိုလေ၏။

ဤကဲ့သို့ နေထိုင်ကြရာ ကာလအတန် ကြာလေသော် ဗာရာဏသီပြည်သား တောသွားမုဆိုးတစ်ယောက်သည် မျက်စိလည် လမ်းမှားသဖြင့် အာသက်ာမင်းသမီးနှင့် ရသေ့ကြီးတို့ နေသော တောတောင်ဌာနသို့ ဆိုက်ရောက်လာလေသည်။ ထိုမုဆိုးသည် ရသေ့ကြီးထံသို့ ဆည်းကပ်၍ လျောက်ပတ်စွာ ရှိခိုးဝပ်တွား အကြောင်းမျိုးစုံ စကားများကို ပြောကြားပြီးသော် အာသက်ာသတို့သမီးကို မြင်သည်နှင့် "ဤသတို့သမီးကား အရှင်ရသေ့ကြီးနှင့် မည်သို့တော်ပါသနည်း"ဟု မေးလျှောက်ရာ ရသေ့ကြီးက "သံသေဒဇကြာမှ ရသော ရုပ်ရည်ပျိုမျစ် သမီးချစ် ဖြစ်ပေသည်"ဟု ပြန်ကြားသဖြင့် တောသွားမုဆိုးသည် အကြောင်းမျိုး စုံလင်စွာ မှတ်သားခဲ့ပြီးမှ ဗာရာဏသီပြည်ကြီးသို့ ပြန်လာလေ၏။ ဗာရာဏသီပြည်သို့ ရောက်သောအခါ မိမိတွေ့မြင်ခဲ့သော သမီးကညာ ရတနာ၏ သတင်းကို လက်ဆောင် ပဏ္ဏာတော် ပြုလုပ်၍ ပြည့်ရှင်မင်းကြီးထံမှောက်သို့ ဝင် ရောက်ခစားလေ၏။

မင်းကြီး၏ ခြေတော်စုံကို ခိုလှုံမိသည့်အခါ အောက်၌ ပါသောအတိုင်း လျှောက်တင်လေသည်။

WWW.DHAMMARANSI.COM



ရှစ်ဆူကဒဏ့် ပစ္စုဖြန့်သည့် ထီးနန့်သခင် တိုင်းကြီးရှင်ဘုရား။ ကျွန်တော်မျိုးသည် ချုံအောင်း တောလျှိုးမုဆိုး ဖြစ်သည့်အားလျော်စွာ မဟာမြိုင်တန်း တောစခန်းသို့ လှည့်လည်သောအခါ ဟိမဝန္တာတော၏အလယ် ကြီးကျယ်ခမ်းနား၊ ဆန်းပြား ထွေထူး ရောင်စုံမြူး၍ အုံ့မှုးစဖွယ် တင့်တယ်သော ဖန်ပြသာဒ်ကြီးတစ်ခုမှာ သမီးကညာတစ်ယောက် ဆယ့်ခြောက်နှစ်အရွယ်လောက်ကို တွေ့ခဲ့ရပါကြောင်း၊ ထိုသမီးကညာ၏အဆင်းမှာ ဝင်းဝင်းထိန်တောက် လူလောက်မက နတ်လောက်နီးနီး လှပါသည်။ အဘရသေ့ကြီးတစ်ပါးက တရားနှင့်အညီ စောင့်ထိန်း အုပ်ချုပ်၍ နေပါသည်။ ပဒုမ္မာကြာငုံတွင် သံသေဒဇခိုလှုံသဖြင့် လူ့ဘုံလောကမှာ ဝိသေသကညာဖြစ်ပါသောကြောင့် နန်းကြီးသခင် ဘုရင်မင်းမြတ်နှင့်သာ ထိုက်တန်ပါကြောင်းကို ဦးခေါင်းညွတ်တွား လျှောက်ထားသံတော်ဦး တင်ဝံ့ပါသည်ဘုရားဟူ၍ လျှောက်တင်လေ၏။

ထိုစကားကို ကြားလျှင်ကြားခြင်း ဗြဟ္မဒတ်မင်းသည် ထန်ပြင်းတက်ကြွ လောဘတဏှာ အာသာခတ် ငြိစွန်းလေသောကြောင့်၊ တောသွား မုဆိုးကို အဖိုးထိုက်တန်သော ရတနာတို့ဖြင့် များစွာ ဆုလာဘ် ပေးတော်မူပြီးလျှင် ထိုမုဆိုးကိုပင် ခရီးညွှန် ရှေ့ဆောင် ပြုလုပ်၍ စစ်သည်ဗိုလ်ပါများစွာ စုဆောင်းလျက် ရသေ့ကြီး၏သမီး အာသကာ်ထံသို့ လျင်မြန်စွာ ထွက်တော်မူလေသည်။

သကုဏ္ဍလမင်းသမီးက ကြားဖြတ်၍

ညော် အဆင်းကို မမြင်ရ၊ သတင်းကို ကြားရုံမျှနှင့်ပဲ ဤကဲ့သို့ မေတ္တာရှိသည်မှာ ထိုအာသကာ်မိန်းမမြတ်၏ ကုသိုလ်ကံပါပေပဲ။

ဟူ၍ ပြောလေ၏။

နတ်သမီးက ဆက်လက်၍ ပြောသည်မှာ ဤကဲ့သို့ စစ်အင်္ဂါလေးပါးဆင်ယင်၍ ထွက်တော်မူလေရာ ဟိမဝန္တာအတွင်း မိုတင်းပျော်မွေ့သေဓဖခင်ရသေ့ကြီးနှင့် အာသကာ်သတို့သမီးတို့ရှိရာ ဌာနသို့ ဆိုက်ရောက်လေသည်။ ထိုအခါ သင်္ခမ်းကျောင်းနှင့် မနီးမဝေးတွင် သစ်ခက်တဲနန်းတော်များ ဆောက်၍ တပ်ချပြီးလျှင် ဗြဟ္မဒတ်မင်းသည် အမတ်အပေါင်း ခြံရံလျက် ရသေ့ကြီး၏ သင်္ခမ်းကျောင်းသို့ သွား၍ ရသေ့တို့နှင့် လျော်သော ပရိက္ခရာများကို လှူဒါန်းလေ၏။ ထို့နောက် အလ္လာပ သလ္လာပ စကားများကို ပြောကြားတော်မူပြီးမှ သမီးချော၏ဖခင်ဖြစ်သော ရသေ့ကြီးအား ဤသို့ လျှောက်ထားလေ၏။

အရှင်ဘုရား၊ တပည့်တော် ကြားသိရသည်မှာ အရှင်ဘုရားမှာ ပဒုမ္မာကြာမှ သန္ဓေရ၍ လူမက နတ်တမျှ အလွန်တရာ လှပသော သတို့သမီးတစ်ဦးရှိကြောင်းကို ကြားသိရပါသည်။ ဤတောကြီးမှာ သမီးတော်ကို ထားသဖြင့် မည်သို့ အကျိုးရှိပါမည်နည်း။ ထီးသုံးနန်းကြိုက် ဘုရင်မင်းမြတ်တို့နှင့်သာ ထိုက်တန်သော ရတနာကျောက်မြတ်သည် တောအရပ်မှာ တိမ်မြုပ်၍နေပါလျှင် တစ်စုံတစ်ရာ ဂုဏ်သိန်မရှိသကဲ့သို့ပေတည်း။

တပည့်တော်သည်လည်း ဇမ္ဗူဒီပါတွင် လွန်စွာ ကျယ်ဝန်းသော ဗာရာဏသီတိုင်းပြည်ကြီး၏ အရှင်ဖြစ်သည့်အတိုင်း အရှင်မြတ်၏သမီးတော် ရတနာကို တပည့်တော်အားသာလျှင် ထိမ်းမြားသင့်ပါသည်။ ဤကဲ့သို့ ထိမ်းမြားတော်မူပါက တိုင်းတော် ပြည်တော်သို့ ရောက်သည့်အခါ တောင်ညာဒေဝီ မဟေသီ ဘွဲ့မြတ်ဖြင့် နှင်းအပ် ချီးမြှင့် ဘိသိက်ဖွင့်၍ ပလ္လင့်ရှစ်တန် ဖြူကဒဏ်မှာ အတူတူ ပျော်စံပါစေမည်ဘုရားဟူ၍ လျှောက်ထားလေ၏။

WWW.DHAMMARANSI.COM



ထိုစကားကို ကြားရာ ဘုရားလောင်း ရသေ့ကြီးက သဘောတူမျှသော်လဲ ရသေ့ရဟန်းတို့၏ ပရိယာယ် ဝေဝုစ်စကားဖြင့် ထိမ်းမြား ယူဆောင်၍ သွားလေတော့ဟု အတိအလင်း ဖွင့်၍ မမိန့်ဆိုဘဲ

အို မင်းမြတ်၊ ငါ့သမီးတော်မှာ လျှို့ဝှက်ခဲခက်သော အမည်သညာ ရှိလေသည်။ ထိုအမည်သညာကို ဖော်နိုင်ပါက များစွာပင် သင်မင်းကြီး အကျိုးရှိဖို့ပါပဲ ဟူ၍ မိန့်ဆိုတော်မူလေ၏။

ဗြဟ္မဒတ်မင်းကြီးကလဲ "အရှင့်သမီးတော်၏ အမည်သညာကို အဘယ်မှာ သိနိုင်ပါအံ့နည်း။ အရှင် ပြောကြား ဖွင့်ဆိုတော်မူပါမှ သိရဖို့ အကြောင်း ရှိပါသည်"ဟူ၍ လျှောက်ထားသော်လည်း ရသေ့ကြီးက "သင်မင်းကြီးမှာ ပညာရှိ များစွာတို့ဖြင့် ဝန်းရံလျက် ရှိလေ၏။ တစ်နည်းနည်းအားဖြင့် သိအောင် ပြုလေတော့၊ သမီးတော်၏ အမည်သညာကို ဖော်နိုင်သောအခါ လျင်မြန်စွာပင် သမီးတော်ကို ယူဆောင်၍ သွားလေတော့" ဟူ၍မိန့်ဆိုလေ၏။

ဗြဟ္မဒတ်မင်းကြီးသည်လဲ အာသင်္ကာ သတိုးသမီး၌ တွယ်တာသော အာသာဆန္ဒကြောင့် နာမည်ကို အရဖော်မည်ဟု ကြံပြီးလျှင် ရသေ့ကြီးကို ရှိခိုးဝပ်တွား၊ ကောင်းပါပြီ ဘုရားဆို၍၊ မှူးမတ်များနှင့်တကွ သစ်ခက်တဲနန်းသို့ ပြန်လာခဲ့လေ၏။ သစ်ခက်တဲနန်းသို့ ရောက်သောအခါ ပညာရှိသော ဗေဒင်တတ် ပုဏ္ဏားတို့နှင့် အမည်ကို ထုတ်ဖော်ကြသော်လဲ မှန်သောအမည်ကိုပင် မတွေ့နိုင်ကြကုန်။ မိမိတို့ တွေးထင်၍ရသော အမည်သညာများကို ရသေ့ကြီးထံမှာ ပြောကြားသော်လဲ မှားသောအမည်သညာတို့သာ ဖြစ်လေကုန်၏။

ဤကဲ့သို့လျှင် မှန်သော အမည်သညာကို မရနိုင်ဘဲ ကာလကုန်သည်မှာ တစ်နှစ်တိုင်တိုင် ရှိလေသည်။ အပြောစကား သတင်းကြားနှင့်သာ သာယာတပ်မက် နှစ်သက်မြတ်နိုးစွာနှင့်သာ စောင့်ဆိုင်းနေရလေ၏။ အာသင်္ကာ မျက်နှာကိုလဲ တစ်နှစ်ရှိသည့်တိုင်အောင်ပင် မမြင်ရချေ။

သူစံနေသော ဖန်ပြာသာဒ်ကြီးကိုသာလျှင် ကောင်းကင်ခရီးမှာ တည်တံ့လျက် ရှိသည်ကို မြင်ရလေ၏။

ထိုပထမနှစ်အတွင်းမှာ ပါ၍ လာသော စစ်သည် ဗိုလ်ထုများသည်လဲ အချို့မှာ သစ်ကျား ခြင်္သေ့ စသောဘေး၊ အချို့မှာ အဖျားအနာရောဂါဘေးတို့ဖြင့် နှိပ်စက်၍ သေကျေ ပျက်စီးကြလေကုန်၏။ စစ်သည်တော်များ သုံးပုံလျှင် တစ်ပုံခန့် ပျက်စီးကြလေကုန်၏။ ထိုသို့ပျက်စီးသည်ကို ဗြဟ္မဒတ်မင်းကြီး မြင်တော်မူလျှင်

သို့းကညာကို ငါ အလိုရှိ၍ စောင့်ဆိုင်းရသည့်အတွက်ကြောင့် စစ်သည် ဗိုလ်ထုများ ပျက်ပြားဆုံးရှုံးကြသည်မှာ မသင့်လျော်။

သို့းကညာကို တွယ်တာသော ငါ့အာသာဆန္ဒ တစ်ခုအတွက်ကြောင့် အများပျက်စီးသည်များမှာလဲ တရားနှင့်မညီ။ သို့ဖြစ်သည်ကြောင့် ဤဖန်နန်းရှင် သတို့သမီးကို မရလျှင် ရှိပါစေတော့၊ သတ္တဝါအများကို သနားသဖြင့် ငါ့အာသာဆန္ဒကိုပင် ငါတားမြစ်၍ ပြန်သွားတော့အံ့ဟု ကြံစည်ပြီးလျှင် ရသေ့ကြီးကိုလျှောက်ထား၍ ပြန်သွားမည်ဆဲဆဲတွင် အာသင်္ကာ သတို့သမီးလဲ မင်းကြီး၏ အကြံအစည်ကို သိသဖြင့် သူကလဲ မေတ္တာသက်ဝင်၊ ခင်မင်ငြိစွန်းလျက် ရှိနေသောကြောင့် ဖန်ပြာသာဒ်၏ လေသာပြတင်းပေါက်ဝမှာ လနှင့် တူသော မျက်နှာကို ပြ၍ ရပ်နေလေ၏။ ထိုသို့ ဖန်ပြာသာဒ် တံခါးဝမှာ လပြည့်ဝန်းကြီး အရောင်စုံတည်းညီးနှင့် ထွက်လာသလို ဖြစ်သော အာသင်္ကာ၏ မျက်နှာကို မြင်ရသောအခါ ရင်ဝဖိုလှိုက် သက်ပြန်ရှိုက်၍ ကတိုက်ကရိုက် မေ့မော နစ်မြောတော့မတတ်

WWW.DHAMMARANSI.COM



ဖြစ်သွားပြီးလျှင် "ငါပြန်လျှင် မှားတော့မပ"ဟု စိတ်ကို တဖန်တင်းပြီးမှ သတို့သမီးရှိရာသို့ မျှော်ကြည့်လျက် ဤသို့ စတင် ပြောဆိုလေ၏။

လူလောက်မက အလှရုပ်ခါတ် နတ်နှယ်နီးနီး ကုသိုလ်ကြီးပေသည့် နေမီးအသွင် ဖန်နန်းရှင်၊ သင်တမူကား ကျွန်ပ်၏အဖြစ်ကို စင်စစ်မှန်စွာ သိရှာနိုင်ပေလိမ့်မည်မဟုတ်ချေ။ ကျွန်ပ်မှာမူ လျှံပူခဲခက် သင့်ရမွက်ကြောင့် မသက်မသာ ဗျာပါစွဲငြိ မီးလောင်ဘိသို့ သင်၏ သညာအမည်မှာလဲ လွန်စွာကွယ်ဝှက် ခက်ကြီးခက်၏။ ဆက်လက်ပေါင်းဆုံ ကံမကြုံပါလျှင် ရွှေဘုံစံရာ နန်းရိပ်သာသို့ လျှင်စွာပြန်မြန်း စခန်းကွန့်ချီပါတော့အံ့။ တောစုံဝနာ၊ မြိုင်ဗျူဟာတွင်၊ ကလျာယဉ်ကြော့ နေရစ်တော့ ဟူ၍ ပျောင်းပျော့ဝမ်းနည်း၊ အူသည်းဖိုလှိုက်၊ ပင့်သက်ရှိုက်သော အသံဖြင့် ပရိယာယ်ဆင်ကာ ပြောလေ၏။

ထိုအခါ အာသက်ာသတို့သွီးကလဲ မင်းကြီးကို တိုးတက်၍ ကြဲစည်စေလိုသောဆန္ဒ၊ မိမိကလဲ မေတ္တာမျှလိုသော သဘောထားဖြင့် ပြတင်းပေါက်ဝမှ ဦးခေါင်းပြူပြီးလျှင် မူယူသိမ်မွေ့ စိတ်နှလုံး ကိုက်ခွေ့၍ သဘောတွေ့လောက်သော အသံဖြင့် ဤသို့ပြောဆိုလေ၏။

ဗာရာဏသီ၊ ထီးနန်းသခင် ပြည်ကြီးရှင်၊ ဥပမာ ပုံဆင်၍ လျှောက်တင် ပြောကြားပါအံ့။ သိကြားမင်း၏စံရာ တာဝတိံသာနတ်ပြည်ဝယ် စိတ်ကြည်ဖွယ်ကောင်းလှသည့် စိတ္တလတာ မည်သော ပန်းဥယျာဉ်တော်ကြီး တစ်ခု ရှိပါသည်။ ထိုဥယျာဉ်ကြီးအတွင်းမှာ အလွန်တရာ ကောင်းမြတ်သော အာသာဝတီ နွယ်နီ နတ်ပန်းပင်ကြီး တစ်ပင် ရှိပါသည်။ ထိုနွယ်နတ်ပန်းပင်၏အသီးမှာ အလွန် အရသာရှိသော အဖျော်ယမကာတို့နှင့် ပြည့်စုံ၏။ ထိုအဖျော်ယမကာကို တစ်ကြိမ်မျှလောက်သောက်ရပါလျှင် လေးလတိုင်တိုင် ယစ်မူး၍ မြူးတူး ပျော်ရွှင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

သို့ပါ၍ အာသာဝတီနွယ်နီနတ်ပန်း သီးသောအခါ တာဝတိံသာနတ်ရွာတစ်ခုလုံးသည် အုံးအုံး ကျွက်ကျွက် နှစ်သက်ဝမ်းမြူး အထူးကြီးကျယ်သော ပျော်ရွှင်ပွဲကြီး ဖြစ်ပါသည်။ ပျော်ပွဲသဘင် ကြည်ရွှင် နှစ်သက်ခြင်းကိုသာ များစွာ လိုလား တောင့်တကြကုန်သော တာဝတိံသာ နတ်အပေါင်းတို့သည် အာသာဝတီနွယ်သီးကိုသာ အမြဲအစွဲ အားခဲ၍ မျှော်လင့်စောင့်ဆိုင်းကာ နေကြရလေသည်။ ထို အာသာဝတီနွယ်သီးကလဲ နှစ်ပေါင်း တစ်ထောင်လွန်ပါမှ တစ်ခါသာ သီးလေ့ ရှိပါသည်။ ဤကဲ့သို့ ကြာမြင့်သော အနှစ်တစ်ထောင်ကိုသော်ပင် ယနေ့နက်ဖြန် အမှတ်ထင်၍ မပျင်းမရိ မငြီးမငွေ့ အာသာဝတီနတ်ပန်းပင်ကြီးနားသို့ သွား၍ အာသာတရားဖြင့် စောင့်စား မျှော်လင့်ကြပါသည်။

အိုဘုရင်မင်းမြတ် စောနေနတ်၊ ဤဥပမာပုံ ဆိုရာတွင် ကျွန်မသည် အာသာဝတီနွယ်နီနတ်ပန်းပင်နှင့် တူပါသည်။ သင်မင်းကြီးမူကား တာဝတိံသာနတ်များနှင့် တူပါသည်။ တာဝတိံသာ နတ်အပေါင်းတို့သည် တစ်ကြိမ် မြူးတူးရန်ဖြစ်သော အာသာဝတီနွယ်နီနတ်ပန်းအတွက်ကြောင့် အနှစ်ပေါင်းတစ်ထောင်ပင် စောင့်ရှောက်ကြပါသေးသည်။ အရှင်မင်းကြီးသည်မူကား တစ်သက်နှင့်တကွ ချမ်းသာကွက်ကို ရစေတတ်သည့် သမီးကညာ ရတနာ အထွဋ်အမြတ်အတွက်နှင့် တစ်နှစ်မျှလောက် စောင့်ဆိုင်းရသည့်အရာကိုပင် ကြာသည်ဟူ၍ မှတ်ထင်တော်မူသည်မှာ သင့်လျော်သည် မထင်ပါ။ ယောက်ျားတို့ စွမ်းအားဖြင့်ကြိုးစားတော်မူပါ။ အာသာခါတ်ကို ဖြတ်၍ ပစ်တော်မမူပါနှင့်။ အာသာတရားသည် အကျိုးပေး၍ လာသော

WWW.DHAMMARANSI.COM



အခါ ချမ်းသာ စည်းစိမ်ကို ဖြစ်ပွားစေတတ်ပါသည်။

ဟူ၍ ဆိုပြီးလျှင် အောက်၌ရှိသော ပါဠိစကားကလေးကိုလည်း ရွတ်ဆိုလေ၏။

အာသိသေဝ တုဝံ ရာဇ၊
အာသာ ဖလဝတီ သုခါ။

ရာဇ– မင်းမြတ်၊ တုဝံ– ရှင်မင်းမြတ်သည်၊ အာသီ သေဝ– အာသာဓာတ်ကို ခွင်းဖြတ်မပြုဂရုတစိုက် အားတိုက်မျှော်လင့် အသင့်စောင့်ဆိုင်းတော်မူပါလော။ အာသာ– တောင့်တမျှော်လင့်သော အာသာသည်၊ ဖလဝတီ– အကျိုးပေးဘိ အလိုပြည့်၍ လာသည်ရှိသော်၊ သုခါ– အလွန်တရာ ချမ်းသာလှပါ၏။

ဤကဲ့သို့ ပြောဆိုမြွက်ကြား စကားဖြင့် ဖြားယောင်းပြီးလျှင် ဖန်နန်းရှင်ဖြစ်သော အာသင်္ကာသည် လျင်မြန်စွာ ဘုံဗိမာန်အတွင်းသို့ ဝင်သွားလေသည်။

ဤကဲ့သို့ နတ်သမီးက ပြောနေရင်း ကြားဖြတ်၍ သကုဏ္ဍလမင်းသမီးက ပြောသည်မှာ

ယခုလို အာသင်္ကာမင်းသမီးက ပြောတဲ့အလိုကို ထောက်လိုက်တော့ ဗာရာဏသီ မင်းကြီးအပေါ်မှာ သူကလဲ မေတ္တာရှိတဲ့ လက္ခဏာပါပဲ။ ဘာကြောင့်လဲ ဆိုတော့ သူပြောတဲ့ စကားထဲမှာ သူ့နာမည်ကို တိုက်ရိုက် မပြောသော်လဲ အာသာဝတီ၊ အာသာစသော သူ့နာမည်နှင့် ခပ်ဆင်ဆင်စကားကို များစွာပင် ထည့်သွင်း၍ ပြောကြားပေသည်။

ဟူ၍ ဆိုရာ ပရမေသိဂ်ီ နတ်သမီးက

အို မေတ္တာ မရှိဘဲနေပါရိုးလား။ အဖြေအဖျော်အဖော်သဟာယ မရှိဘဲ တောအတွင်းမှာ တစ်ယောက်တည်း နေချင်ပါရိုးလား။ ဗြဟ္မဒတ်မင်းကြီးကလဲ ထီးနန်းရှင်ဖြစ်နေတော့ ချစ်ခင်နှစ်သက်လောက်၍ မိဖုရားအမြှောက်ခံရမှာ တစ်မျိုးကိုလဲ မျှော်လင့်စရာဖြစ်ပေတယ်။

ဟူ၍ ပြန်ပြောပြီးလျှင် အာသင်္ကာဇာတ်ကို ဆက်လက်၍ ပြောကြားလေ၏။

ဤကဲ့သို့ အာသင်္ကာကိုယ်တိုင် ပြတင်းပေါက်မှ ထွက်ပြူ၍ ပြောကြားသော စကားကို မင်းကြီးကြားလေရာ သာ၍ပင် အားတက်ကြွခြင်း ဖြစ်လေ၏။ ရှေးကမှာမူ အာသင်္ကာမင်းသမီး၏ သတင်းစကားမျှကိုသာ ကြားရသည်။ ယခုမူကား အာသင်္ကာ၏ အဆင်းသဏ္ဌာန်၊ အသံ၊ အဆိုအမိန့်များကို မြင်ရကြားရလေသောကြောင့် ဤသတို့သမီးကို မရလျှင် ငါမနေဟု ကြံစည်ကြိုးစား မှူးမတ်များနှင့် တိုင်ပင်၍ နေပြန်လေ၏။

ထို ဒုတိယနှစ်အတွင်းမှာ အမည်သညာကို ဖော်ပါသော်လည်း မရနိုင်ချေ။ ရှေးနည်းအတိုင်းပင် တိုင်းတော်ပြည်တော်မှ ပါလာသော ဗိုလ်ပါ စစ်သည်တို့သည်လဲ သုံးပုံပုံလျှင် နှစ်ပုံခန့်မျှ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လေကုန်၏။ ထို ဒုတိယနှစ် ကုန်ပြန်သောအခါ ဗိုလ်ပါ အပျက်အစီး များပြားသည်ကို သိမြင်လေသောကြောင့် ဗာရာဏသီမင်းကြီးလဲ ငြီးငွေ့ စိတ်ပျက်လျက် ဘယ်လိုပင် ကြံသော်လည်း သူ၏ အမည်မှန်ကို ဧကန်ရနိုင်ဖို့ လမ်းမရှိ။ ကြာရှည်စွာ စောင့်စားသော်လည်း အကျိုးများတော်မူပုံမရ။ ပြန်သွားမှ တော်မည်ဟု စစ်သည် ဗိုလ်ထုကို စုဆောင်းသိမ်းရုံး၍ နေစဉ် အာသင်္ကာ မင်းသမီးသည် ရှေးနည်းအတိုင်း ဖန်နန်းလေသာ ပြူတင်းပေါက်မှ ထွက်ပြူ၍ အမူအရာ အရောင်အဝါကို ပြပြီးလျှင် မင်းကြီး၏ ရမ္မက်သွေးကို ဆွလျက် ရှင်ပြကြည်သာစွာ ဥပမာတစ်ခုဖြင့် ပြောဆိုပြန်လေ၏။

လူတို့သခင် ဘုရင် ဗြဟ္မဒတ် စောနေနတ်၊ ရှေးသောအခါ ဟိမဝန္တာအတွင်း တောင်တစ်ခုမှာ မှီတင်းနေထိုင်သော ဗျိုင်းငယ် တစ်ကောင်သည် နေ့စဉ်တောင်ပေါ်မှ သက်ဆင်း၍ အင်း၊

WWW.DHAMMARANSI.COM



အိုင်၊ ချောင်း၊ မြောင်း ရှိရာမှာ ကျက်စားရ၏။ တစ်နေ့သောအခါ ထိုဖျိုင်းမှာ ဤသို့ အာသာဆန္ဒ ဖြစ်လေ၏။ ငါသည် နက်ဖြန် နေ့အခါတွင် ဤတောင်ပေါ်မှ မဆင်းမသက်ရဘဲ ရေမိုး သား ငါးပြည့်စုံစွာနှင့် တောင်ပေါ်မှာစားသောက် သုံးစွဲရပါမူကား ကောင်းလေစွ ဟူ၍ အာသာဆန္ဒ ဖြစ်ပေါ်လေ၏။ ထိုစဉ် အခိုက်အခါ သိကြားမင်းသည် အသူရာစစ်သည်တို့ကို အောင်နိုင်၍ အာသာဆန္ဒ၏ ပြည့်ဝခြင်းသည် အလွန်ချမ်းသာ၏။ ယခုအခါ ငါသည် အာသာဆန္ဒ မပြည့်စုံသော သတ္တဝါများကို အာသာဆန္ဒ ပြည့်ဝအောင် စောင်မတော်မူအံ့။ မည်သူမှာ အာသာဆန္ဒ မပြည့်မစုံ ရှိနေပါသနည်း ဟူ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလေရာ ပြောပြခဲ့သော ဖျိုင်းငယ်တစ်ကောင်၏ အာသာဆန္ဒ မပြည့်ဝဘဲ နေသည်ကို သိမြင်လေ၏။ ထိုသို့ သိမြင်လေသောအခါ တောင်၏မနီးမဝေးမှာ စီးသွားလျက် ရှိနေသော မြစ်ကို တောင်ပေါ်သို့ ဆန်တက်၍ စီးစေ၏။ သိကြားမင်း၏ တန်ခိုးအစွမ်းအားဖြင့် တောင်ပေါ်သို့ ဆန်တက်၍ မစီးဖူးသော ရေသည်ပင် ရေပန်းရေနွယ်ကြီးကဲ့သို့ တောင်ပေါ်သို့ စီးလေရာ တောင့်တ၍ နေသော ဖျိုင်းငယ်သည် တစ်နေ့ပတ်လုံး ထိုမြစ်မှာ လူးလာကျက်စား ပျော်ပါးမြူးတူးပြီးမှ အာသာဆန္ဒပြေပျောက်လေသည်။

အို အရှင်မင်းမြတ်၊ ဘုန်းကံနည်းပါးလှစွာသော ဖျိုင်းသတ္တဝါ၏ အာသာဆန္ဒသည်ပင် ပြည့်စုံတုံဘိသေး၏။ ဘုန်းကံကြီးမြင့် သမ္မာရင့်တော်မူသော အရှင့်အာသာဆန္ဒတော်သည် မူကား အဘယ်မှာ မပြီးစီးနိုင်ဘဲ ရှိပါအံ့နည်း။ မျှော်လင့် တောင့်တ ဆန္ဒအာသာမည်သည် ကာလရှည်မြင့် အခွင့်သင့်သောအခါ ချမ်းသာစွာ အကျိုးပေးတတ်သည်ချည်းသာ ဖြစ်ပါ၏။ ဆန္ဒအာသာကို ဆောလျင်စွာ ပစ်စွန့်တော်မမူပါနှင့်။ ရဲရဲဝံ့ဝံ့ ကြံစည် ကြိုးစားတော်မူပါက သမီးကညာ ရတနာလာဘ်ကြီးကို အပြီးရဖို့ လမ်းရှိပါသည်”ဟူ၍ ဆိုပြီးလျှင် သူ၏ ဘုံနန်း ပြာသာဒ်အတွင်းသို့ ဝင်သွားပြန်လေသည်။

(ထိုအာသကာ၏ ပြောသော စကားများတွင် သူ၏အမည် သညာကို ဖော်တတ်ပါစေတော့ဟု သူ့အမည်နှင့် ခပ်ဆင်ဆင်ဖြစ်သော အာသာဆိုသည့် စကားလုံးတို့ကို များစွာ အသုံးပြု၍ ပြောလေသည်။ သို့ရာတွင် ကာမတဏှာဖြင့် ယစ်မူး၍နေသော မင်းကြီးမှာ အမည်သညာကို အရိပ်အမြွက် ပြောဆိုသည် ဟူ၍ မရိပ်မိချေ။)

ထိုဗြဟ္မဒတ်မင်းကြီးသည် နှစ်နှစ်တိုင်တိုင် တောတွင်းမှာ နေသော်လဲ နှစ်ကြိမ် နှစ်ခါမျှသာလျှင် အာသကာသတို့သမီး၏ အရုပ်အဆင်းနှင့် အသံကို ခေတ္တကြားလိုက်ရလေ၏။ ဒုတိယအကြိမ် အာသကာ၏အဆင်းကို မြင်ရ၊ အသံကို ကြားရသောအခါ သာ၍ပင် တပ်မက် နှစ်သက်ခြင်း ဖြစ်ပြန်သဖြင့် နေမိသည့်အတူတူ မထူးလှပါဘူး၊ တစ်နှစ် ဝဲ့၍ စောင့်ဆိုင်းကြံစည်ဦးမည် ဟူ၍ စိတ်ကို ပြဋ္ဌာန်းပြီးလျှင် ကြွင်းကျန်သော ဗိုလ်ပါနှင့် တိုင်ပင်၍ စောင့်ဆိုင်း ငံ့လင့်တော်မူပြန်လေ၏။

ထိုတတိယနှစ်အခါမှာလဲ စစ်သည်ဗိုလ်ပါတို့ ပျက်စီးသည့်ပြင် စားရေရိက္ခာများလဲ ကုန်ဆုံးလုမတတ် ရှိလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် အထူးသတိသံဝေဂ ရတော်မူ၍ “အမှန်ပင် ငါပြန်သွားတော့အံ့။ ငါ၏ အာသာဆန္ဒ အတွက်ကြောင့် များစွာသော စစ်သည် ဗိုလ်ပါတို့ပျက်စီးလေပြီ။ သည်ထက် တိုး၍ ငါနေလျှင် ငါကိုယ်တိုင်သော်လဲ သေကျေ ပျက်စီးဖွယ်ရာလမ်း ရှိလေ၏။ ဤမျှလောက် ခက်ခဲသောသတို့သမီးကို ရအောင် ကြိုးစားသဖြင့် များစွာ အကျိုးဖြစ်ထွန်းပုံ မပေါ်ချေ။ ဤမျှနှင့် ရပ်ဆိုင်း၍ နေမှ

WWW.DHAMMARANSI.COM



တော်တော့မည်” ဟု စိတ်နှလုံး တုံးတုံးချပြီးလျှင် ရသေ့ကြီးထံသို့ ခွင့်ပန် လျှောက်ထား ပြန်သွားရန် အခွင့်ကိုသာ စီရင်လေ၏။

သွားခါနီးတွင် အာသကာ်သတို့သမီးကိုလဲ တွေ့မြင်လိုသောကြောင့် ဖန်ပြာသာဒ်ကြီးအနီးသို့ ချဉ်းကပ်လေရာ အာသကာ်သတို့သမီးလဲ ဖန်ပြာသာဒ်ပြတင်းဝမှာ ရပ်နေလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက“ယခုပင် ကျွန်ုပ် သွားတော့အံ့။ လဝန်းကို တောင့်တမျှော်လင့်သောသူသည် မြင်ပင်မြင်ရသော်လဲ အလိုအတိုင်း မရသကဲ့သို့ သင့်အပေါ်မှာ အာသာဆန္ဒ တောင့်တ မျှော်လင့်ချက်ဖြင့် နေ့ရက်ရှည်ကြာစွာ စောင့်စားပါသော်လဲ အလကား အချည်းနှီးမျှသာ ရှိချေမည်။ စင်စစ်အားဖြင့်ဆိုသော် သင်သည်လဲ ကျွန်ုပ်အပေါ်မှာ မေတ္တာ သက်ဝင် ချစ်ခင် နှစ်သက်ဟန် လက္ခဏာမတူချေ။ အကယ်၍သာ သင် နှစ်သက်ပါမူကား သင်၏ အမည်သညာကို မှန်ကန်စွာ သင်က ဖော်ပြသင့်လေသည်။ ဤသို့လည်း သင် မဖော်ပြချေ။ အကယ်၍ ဖော်ပြသော်လဲ တစ်စုံတစ်ရာမျှ သင့်မှာ အပြစ်ကြီးစွာ ဖြစ်မည်မဟုတ်။ မချစ် မနှစ်သက်သောကြောင့်သာလျှင် ဤသို့ မဖော်ပြခြင်း ဖြစ်လေသည်။ တစ်ဦးသောသူက ချစ်ခင် နှစ်သက် မေတ္တာဆက်ပါလျက်နှင့် ထိုမေတ္တာကို လက်မခံပါလျှင် မေတ္တာရှိရသူမှာ လွန်စွာ ကံဆိုးသည်ဟု ဆိုရချေသည်။ သို့အတွက် ကျွန်ုပ်မှာ လွန်စွာကံဆိုးသူ ဖြစ်လေသောကြောင့် သင်မြင်သည့်အတိုင်း ထီးနန်းစည်းစိမ်နှင့် ကင်းကွာ၊ ဟိမဝန္တာတွင် ဗိုလ်ပါပျက်စီး ပြုန်းတီး ဆုံးရှုံးခြင်းကိုလဲ ခံရလေပြီ။ ကံဆိုးသည့်အခါ မည်သည့်အရာကိုမျှ ကြံစည်၍ ဖြစ်မြောက်နိုင်မည် မဟုတ်။ ကျွန်ုပ်အဖြစ်ကို ကျွန်ုပ်သိ၍ စောစောကပင် ပြန်သွားတော့မည်”ဟု ဆိုလေ၏။

ထိုအခါ အာသကာ် သတို့သမီးက “အရှင်မင်းမြတ်၊ ဤသို့ အထင်လွဲတော်မမူပါနှင့်၊ အရှင့်အပေါ်မှာ ကျွန်မ၏ မေတ္တာ မသက်ဝင်ဘူးဟူ၍ မဆိုသင့်သေးပါ။ ကျွန်မမှာ ကျေးဇူးတော်ရှင် ဖခင်ရသေ့ကြီး၏ အုပ်ထိန်းချက်တည်း ဟူသော ပိုက်ကွန်ထဲမှာ မလွန့်သာ မထွက်သာ အလွန်တရာ ကြပ်တည်း ကျဉ်းမြောင်းစွာနှင့် နေထိုင်ရပါသည်။ မိန်းမတို့မည်သည်မှာ အုပ်ထိန်းစောင့်ရှောက်သောသူတို့၏ စကားကို ဂရုတစိုက် နားထောင်မှ မိန်းမကောင်း ပီသပါသည်။ ကိုယ်စိတ်ထင်ရာ ပြုကျင့်က မမှားသင့်ဘဲနှင့် မှား၊ မလွဲသင့်ဘဲနှင့် လွဲတတ်ပါသည်။ ဖခင်ဘုရားက အမည်သညာကို ပြောကြား ဖွင့်ဆိုရမည်ဟု အမိန့်ရှိတော်မမူပါ။ သို့ဖြစ်သည့်တွက်တာကြောင့် ဘုရားကျွန်မအပေါ်မှာ အပြစ်တော် မထားသင့်ပါ” ဟု ဆိုလေ၏။

ထို့နောက် ဗြဟ္မဒတ်မင်းသည် အမှန်ပင် သွားလိုသော ဆန္ဒရှိသည်နှင့် အာသကာ်၏ စကားကို ရှည်လျားစွာ လက်သင့်မခံဘဲ ဆက်လက်၍ ပြောပြန်သည်မှာ ‘အနံ့မရှိ၊ အဆင်းမျှသာရှိသော ပန်းပင်သည် မြင်သူတို့ အထင်မှားအောင် ဖြားယောင်း သွေးဆောင်ဘိသကဲ့သို့ သင်သည်လဲ အရောင်အဆင်းအားဖြင့်သော် လည်းကောင်း၊ စကားဖြင့်သော်လည်းကောင်း ကျွန်ုပ်ကို ဖြားယောင်း သွေးဆောင်ဘိ၏။ စင်စစ်အားဖြင့်မူကား ဖြားယောင်းသည် မမည်ချေ။ သင်၏ အတွက်ကြောင့် တောနက်ကန္တာရကြီးထဲမှာ အာသာကို မသတ်နိုင်သဖြင့် ဗိုလ်ပါတို့လဲ ပျက်စီး ဆုံးပါးလေကုန်ပြီ။ စားရန်ရိက္ခာများလဲ ကုန်ဆုံးလုမတတ် ရှိလေပြီ။ မကြာမီပင် ကျွန်ုပ်၏ အသက်ဝိညာဉ်သည်လဲ သေဆုံး ပျက်စီးလိမ့်မည်လားဟု ယုံမှား “အာသကာ်” ဖြစ်၍ နေဘိ၏။ ဤကဲ့သို့ မိမိ အသက်သေမည့်

WWW.DHAMMARANSI.COM



အရာတွင် "အာသကံ်ာ" ဖြစ်၍ နေသောကြောင့် မကြာမီပင် ပြန်သွားတော့အံ့ဟူ၍ ဆိုလေ၏။

ထိုစကားကို ကြားရာ အာသကံ်ာမင်းသမီးသည် ဝမ်းမြောက်ဝမ်းသာ လျှင်မြန်စွာ နှုတ်မြွက်၍ နှစ်သက်ဖွယ်ရှိသောအသံဖြင့် " အို နရိန္ဒာဘိ အိရိရန်နှိမ် စောသမ္ဘိန်၊ အရှင်မင်းမြတ်သည် ကျွန်မ၏အမည်သညာကို မှန်ကန်စွာ မဖော်မပြနိုင်ဆိုသော်လဲ အရှင်မင်းမြတ် ပြောသောစကားတွင် ကျွန်မ၏အမည်သညာသည် မှန်ကန်စွာ ပါရှိလေ၏။ တွေးတောယုံမှားခြင်း အနက်ရှိသော "အာသကံ်ာ"ဆိုသည်မှာ ကျွန်မ၏ နာမည်ရင်းအစစ် ဖြစ်ပေသည်"ဟူ၍ လျှောက်သည်တွင် ဘုရင်မင်းမြတ်သည် ဝမ်းမြောက်ရွှင်လန်းစွာနှင့် ရသေ့ကြီးထံပါးသို့ သွားပြီးလျှင် "အရှင်ဘုရား သမီးတော်၏အမည် သညာသည် "အာသကံ်ာ"မဟုတ်ပါလော။ ထိုကဲ့သို့ အမည်မှန်ကို ခေါ်နိုင်သဖြင့် သမီးတော်မြတ် အလှနတ်ကို တပည့်တော်နှင့်သာ လက်ထပ်ထိမ်းမြားထိုက်ပါတော့သည်"ဟူ၍လျှောက်ထားလေ၏။ ရသေ့ကြီးကလဲ "ရှေးမဆွကပင်လျှင် သမီးတော် အမည်သညာကိုသိလျှင် ယူဆောင်လေတော့ဟူ၍ ကျွန်ုပ်ပြောဆိုပြီး ရှိသည် မဟုတ်ပါလော" ဟု ရသေ့ရဟန်းတို့၏ ပရိယာယ်အားဖြင့် ပြောကြားလေ၏။

ဗြဟ္မဒတ်မင်းကြီးသည် ရင်ရသေ့ထံမှ ပြန်လာခဲ့၍ အာသကံ်ာ၏ ဖန်ပြာသာဒ်သို့ သွားပြီးလျှင် 'သင့်ကို ဖခင်ရသေ့ကြီးဘုရားက ကျွန်ုပ်အား ပေးလေပြီ။ လာလော့ ယခုပင် သွားကြစို့'ဟူ၍ ချိုမြအေးကြည်စွာ ပြောဆိုလေရာ အာသကံ်ာသတို့သမီးသည် "ဤကဲ့သို့ ကြားရသည်မှာ လွန်စွာ ဝမ်းမြောက်ပါသည်။ သို့ရာတွင် ခေတ္တ ဆိုင်းလင့်ပါဦး။ ကျွန်မ၏ဖခင် တရားရှင် ရသေ့ကြီးထံသို့ ဝင်၍ ကန်တော့ပါရစေဦး"ဟုခွင့်တောင်းပြီးလျှင် ဘုရားလောင်း ရသေ့ကြီးထံသို့ ဖန်ပြာသာဒ်မှ သက်ဆင်း၍ ဝင်သွားလေ၏။ အလောင်းတော် ရသေ့ကြီးကလဲ ဆုံးမသင့်သမျှသော စကား တို့ကို မှာထားဆုံးမတော်မူပြီးသောအခါ အာသကံ်ာ သတို့သမီးသည် ဖခင်ရသေ့ကြီးကို ရှိခိုး ဝပ်တွား၍ ဗြဟ္မဒတ်မင်းတရားကြီးထံသို့ ပြန်လာခဲ့လေသည်။

ထိုအခါတွင်မှ ဗြဟ္မဒတ်မင်းကြီးသည် အလိုဆန္ဒ ပြည့်စုံသဖြင့် နိတုံသိင်္ဂီ နာရဏီအသွေးရှုမြင်သူ ငေးလောက်သော အလှသူဌေး အာသကံ်ာကို ဆောင်ယူပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်သွားလေသတည်း။

ဤသို့ အာသကံ်ာဇာတ်ကို နတ်သမီးက ပြောကြား၍ အဆုံးတွင် သကုဏ္ဍာလမင်းသမီးက မိတ်ဆွေ ပြောတဲ့ ဇာတ်ဝတ္ထုကို ကြားရတာနှင့် ညှိုးငယ်သော စိတ်များ အတော်ပြေပျောက်၍ ဝမ်းမြောက် နှစ်သက်ခြင်း ဖြစ်ရပေသည်။ ကျွန်မ၏စိတ်နောက်ကို ဖြေဖျောက်သည့် လက္ခဏာနှင့် ပြောကြားပေသည့်အရာကို လွန်စွာ ကျေးဇူးတင်လှပါသည်။ ယခုပြောတဲ့ အာသကံ်ာ ဝတ္ထုတွင် ရသေ့ကြီး၏ သမီး အာသကံ်ာကဖြင့် ကျွန်မနှင့် ခပ်ဆင်ဆင်တူပါပေသည်။ သို့ရာတွင် ဖြစ်ပျက်ပုံအရာရာမှာတော့ များစွာ ကျွန်မထက်သာပါပေသည်။ ဗာရာဏသီ ပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးကတော့ ဒုဿန္တ မင်းသားနှင့် တူတယ်ဆိုပါတော့။ သို့ရာတွင် ကျွန်မ၏ သက်ထား ဒုဿန္တမင်းသားထက်တော့ များ ချားကြီး သစ္စာရှိ မေတ္တာအဓိပတိကဲသည့် လက္ခဏာပါပဲ။ ဤကဲ့သို့ သင့်တင့် ညီမျှ သစ္စာမေတ္တာ တည်ကြည်ကြ၍ ဘဝလုံး သက်ဆုံးတိုင်ပေါင်းသင်းကြတာကို ကျွန်မဖြင့် လွန်စွာ ဝမ်းမြောက်တာပါပဲ။ ယခုလောက်ကပင် အကြင်လင်မယား ဆက်ဆံ

WWW.DHAMMARANSI.COM



ပေါင်းသင်းကြငြားသော်လဲ မပြားမကွဲ အရှည်မြဲ၍ မလဲမပြောင်း အနှောင်းအငယ်မရှာ။ တည်ကြည် ခိုင်ခံ့စွာ ပေါင်းသင်းကြတာ တယ်ပြီး နည်းပါးတာကလား။ အသစ်တွေ့ကာစတုန်းကတော့ ပြုံးပြုံး– ပြုံးပြုံးနှင့် တစ်သက်လုံး ယခုလိုထင်ရငြားသော်လဲကာလ အတန်ကြာလာမှုဖြင့် "ငါးစိမ်းမြင် ငါးကင်ပစ်၊ အသစ်တွေ့ အဟောင်းမေ့"ဆိုတာမျိုးလို တော်တော်ကလေးဟောင်းမှုဖြင့် စိတ်တစ်မျိုး ပြောင်းတတ်တဲ့ ယောက်ျားတွေသာ များပါသည်။

ယောက်ျားဆိုတဲ့ လူများမှာတော့ အိမ်ကဆင်းသွား၍ အဝတ်အစား သစ်သစ်လွင်လွင်နှင့် နေလိုက်မှုဖြင့် အပေါ်ရိုကမြင်သူတို့က လူပျိုဟု မှတ်ထင်ကြတာ ပဲ။ ဒါကြောင့် ယောက်ျားတို့မှာ လောကီအရေးအရာတို့တွင် များစွာ လွယ်ကူကြပေသည်။

မိန်းမပြုလုပ်သော သူတို့မှာတော့ သည်လို လွယ်ကူကြတာမျိုး မဟုတ်ဘူး။မိန်းမတို့ အညွန့်အခက်မှာ အပျိုအရွယ်၌သာ တည်ရှိလေသည်။ မိန်းမတို့၏ ဥစ္စာနေသည် အရုပ်အဆင်းဟူ၍ ဆိုသောကြောင့်လဲ ထိုအရုပ်အဆင်း ပျက်ကွက်ခြင်း ဖြစ်လေသောအခါ မွဲပြာကျ၍နေသော ဒုက္ခိတ ဆင်းရဲသားကဲ့သို့ လောကထဲမှာ အရေးအရာမဝင်သလို ဖြစ်၍ နေလေသည်။ ထိုအရုပ်အဆင်းဆိုသည်မှာလဲ သားသမီးမရခင် ပျိုလွင်နုမျစ်ကုမ္မာရီခေတ်များ၌သာ တည်ရှိလေသည်။

သို့ဖြစ်၍ ခင်ပွန်းယောက်ျားနှင့် ထိမ်းမြား၍ သားသမီး ရရှိပြီးသောအခါမှာ အညွန့်လဲတုံး၊ ဥစ္စာပစ္စည်း ပျက်ပြုန်း၍ တစ်ဘဝလုံးမှာ အသုံးမကျသကဲ့သို့ ဖြစ်နေတတ်လေသည်။ ကောင်းခြင်း ငါးဝနှင့် ပြည့်စုံ၍ အရွယ်အဆင်း ဂုဏ်နှင့် တစ်သက်လုံး လုံလောက်တဲ့ မိန်းမရတနာ ဆိုတာလဲ လွန်စွာ ရှားပါးလေသည်။ ထို့ကြောင့် မိန်းမတို့မှာ ဦးစွာ ပထမ မေတ္တာမျှခဲ့သော ခင်ပွန်းယောက်ျားနှင့် မကွဲမပြားဘဲ သက်ဆုံးတိုင် ပေါင်းသင်းဆက်ဆံရပါမှ တင့်တယ်ခြင်းသို့ ရောက်လေသည်။ ထိုသို့ မဟုတ်၊ ရှင်ကွဲကွဲ၍ နေရတဲ့အခါမှာလဲ မျက်နှာတစ်မျိုးမဲ့ပြီး အားနွဲ့ သိမ်ငယ်တတ်လေသည်။ သေကွဲကွဲရ မုဆိုးမ ဖြစ်နေပြန်တော့ သာ၍ပင် တစ်မျိုးခက် အခြေအနေ ပျက်ကွက်၍ ဒုက္ခတွင်းနက်တော့တာပဲ။ မိန်းမတို့၏ ကျက်သရေသည် လင်ယောက်ျား အပေါ်မှာ နေသောကြောင့် ထိုလင်ယောက်ျားနှင့် တစ်မျိုးမျိုးအားဖြင့် ကွေ့ကွင်း၍ တစ်ကိုယ်ချင်း နေရတဲ့အခါ လူတကာ အမြင်သေးပြီး အသေးအမွှားလိုလို ဖြစ်ရလေသည်။ ထိုကဲ့သို့ ကြပ်တည်း ကျဉ်းမြောင်း၊ မကောင်းယုတ်ညံ့ မခံ့မညား၊ ကျက်သရေပါးရှားတဲ့ ဘဝမျိုး ဖြစ်တာနှင့် ကမ္ဘာဦးကာလကပင် အစထွင်၍ မိန်းမ၏ ဘဝဇာတ်ကို မမြတ်ဘူးလို့ သမုတ်ကြတာပါပဲ။ ဤကဲ့သို့ ဖြစ်နေသည့် အရေးကို တွေးမိကြတဲ့ မိန်းမများသည် မာန်မာန တံခွန်ကဲ့သို့ မထောင်လွှားဘဲ ပိပိပြားပြား တုံးအောက်က ဖားကဲ့သို့ ယောက်ျားကို ရိုသေကျိုးနွံကြပေသည်။

ယောက်ျားပြုလုပ်သောသူတို့ကလဲ မိန်းမဇာတိနှင့် ဖြစ်နေခိုက် ကြုံသည့် ဘဝနံ့ ဒုက္ခိတ၊ ဣတ္ထိယအနွယ်မျိုးကို သနားညာတာ၊ သစ္စာခိုင်တည် မေတ္တာ ကြိုးရှည်ရှည်နှင့် ကြည်ကြည်သာသာ ပေါင်းသင်း ဆက်ဆံထိုက်ပါသည်။

ယခု ကျွန်မပြောသည်မှာ ကျွန်မ တစ်ဦးတစ်ယောက်၏ မျက်နှာကို ငဲ့ကွက်၍ ကိုယ်ကျိုးသက်သက် ပြောခြင်း မဟုတ်ပါ။ ကမ္ဘာ လောက မိန်းမဇာတ်ဟူသမျှကို သိမ်းခြုံ၍ အကုန် ပြောကြားခြင်း ဖြစ်ပါသည်။

ဟူ၍ သကုဏ္ဍာလမင်းသမီးက မိန်းမဇာတိ အကြောင်းအရာကို ကောင်းစွာ ပြောပြလေ၏။ ထိုအခါ ပရမေသိဂ်ါ နတ်သမီးက

WWW.DHAMMARANSI.COM



မိတ်ဆွေပြောပြသည်အရာမှာ လွန်စွာ မှန်ကန်ပေတာပါပဲ။ လူ့ဘုံလောကမှာ သာမန် မိန်းမတို့ ဂုဏ်သိမ် ယုတ်ညံ့တာမဟုတ်၊ တာဝတိံသာစသော ကာမာ ဝစရ နတ်ပြည်လောကမှာလဲ ထိုနည်းအတူပင်လျှင် နတ်သမီးတို့က ဂုဏ်ကျက်သရေ ယုတ်ညံ့ကြတာပါပဲ။ ဘယ်လိုတန်ခိုး ဣဒ္ဓိပါဒ်ကြီးသော နတ်သမီး ဖြစ်စေကာမူ စင်စစ်မှာတော့ နတ်သားတို့၏ အခြွေအရံ အလုပ်အကျွေးမ တို့သာ ဖြစ်ပါသည်။ လူ့ပြည်လောကမှာတော့ သားမယား ကျွေးမွေးမှု တာဝန် ကြီးကျယ်တာနှင့် ယောကျ်ား တစ်ယောက် မိန်းမအမြောက်အမြား ထားနိုင်ကြတာမဟုတ်ဘူး။ 'ယောကျ်ားကောင်း မောင်းမတစ်ထောင်'ဆိုသော စကားဟာလဲ လူ့ပြည်လောကမှာ လူတိုင်းနှင့် ဆက်ဆံတာ မဟုတ်။ တိုင်းပြည်ကို အုပ်ချုပ်၍ အိန္ဒိယနိုင်ငံတွင် ဘုရင်ပြုလုပ်ကြသော သူတို့နှင့် သက်ဆိုင်ပါသည်။ ကျွန်မတို့ နတ်ပြည်လောကမှာတော့ သည်လို မဟုတ်ပါ။ နတ်သားတစ်ယောက် ပေါ်လာမှု ဖြင့် လက်ဝဲက ငါးရာတစ်ထောင်၊ လက်ယာက ငါးရာတစ်ထောင် နတ်သမီးတွေ အခြံအရံ ထားပြီး စံစားတော်မူကြလေသည်။ နတ်သားတစ်ယောက်မှာ ချစ်လောက်သည့် ဇနီးနတ်သမီးတစ်ယောက်တည်း ထားသည်ဟု မကြားဖူးအောင်ပင် ဖြစ်ပါသည်။ နတ်သမီးအများကလဲ နတ်သားကိုသာ မျှော်လင့်၍ နေကြရပါသည်။ ရှိသေ ခစားရတာမှာလဲ လူ့ပြည် လူ့ရွာက လင်ယောကျ်ားများလို မဟုတ်ပါ။ အလွန်တရာ ဂရုစိုက်ပြီး နတ်သား စိတ်ကြိုက်ကိုသာ တစ်လိုက်တည်း လိုက်၍ နေကြရပါသည်။ တစ်ဦးသော ယောကျ်ားမှာ မိန်းမအများ ဝိုင်းဝန်း၍ ချစ်ခင်ရတယ်ဆိုတာလဲ မိန်းမတို့မှာ လွန်စွာ ကြီးကျယ်တဲ့ ဒုက္ခမျိုးပါပဲ။ နတ်သမီးတို့ စိတ်ထားဟာလဲ လူ့ပြည်က မိန်းမများနှင့် ဇာတ်အားဖြင့် အတူတူ ဖြစ်သောကြောင့် သဘောမကွဲမပြားပါ။ ထပ်တူထပ်မျှပင် ရှိပါသည်။တစ်ရံတစ်ခါ အချို့သော နတ်သမီးများ မှာ နတ်သားတစ်ဦးမှာ လင်တူမယားတွေ ပေါများ၊ အလွန်တရာ ဒုက္ခမွားသောကြောင့် လူ့ပြည်လောကကို ဆင်းသက်ပြီး အနှောင့်အယှက် မရှိ ကိုယ့်လင် ကိုယ်ယောကျ်ားနှင့် လင်တူမိန်းမ မများဘဲ လူသားပဲ ဖြစ်ချင်ကြသည်ဟု ပြောသံကို ကြားရပါသည်။ ကာမဘုံလောကမှာ မိန်းမတို့ဒုက္ခဟာ အလွန် တာဝန်ကြီးတာကလား။

ဟူ၍ ပြောပြလေ၏။

ထိုအခါ သကုဏ္ဍလမင်းသမီးက

နတ်ပြည်လောကမှာ သည်လိုမိန်းမပေါတဲ့အရေးကို ထောက်လိုက်တော့ အောက်လူ့ပြည်လောကက လူယောကျ်ားတို့သည် နတ်သားအဖြစ်နဲ့ ကုသိုလ်ကံမွဲကြလို့ပဲဟု အကဲခပ်မိတာပါပဲ။ ကျွန်မတို့လူ့ပြည်လောကမှာ ယောကျ်ားတို့သည် များသာအားဖြင့် အကုသိုလ်များလားများရဲ့။ ကုသိုလ်ကောင်းမှုကို ပြုရမည့် အရေးကိုတော့ ဆေးခါးကြီးကို စားရမလောက် ကြောက်လားကြောက်တတ်တဲ့။ ဥပုတ်စောင့်သုံးရာ ဇရပ်၊ တရားမဏ္ဍပ်များသို့ သွားကြည့်လျှင် ကျွန်မပြောတဲ့ စကားကို များစွာ မှန်ကြောင်းနှင့် ကောင်းကောင်း သက်သေခံ ရပါလိမ့်မည်။ ထို့ပြင် ရိုးသားဖြောင့်မတ်စွာ ချစ်ခင် နှစ်သက်တဲ့ သားမယားအပေါ်မှာ အလော်မာ ဉာဏ်ဖက်ပြီး သစ္စာဖျက်တတ်လား ဖျက်တတ်ကဲ့။ သည်အချက်မှာတော့ ကျွန်မယောကျ်ား ဒုဿီလမင်းသားဟာ သက်သေခံပါပဲ။ သည်ကဲ့သို့ယောကျ်ားတို့မှာ ကုသိုလ်နည်းပါး ဒုစရိုက်များတာနှင့် နတ်သား မဖြစ်နိုင်ကြတာ ထင်ပါရဲ့။

ဟု သကုဏ္ဍလ မင်းသမီးက ပြောကြားရာ

အဲသည်လို ယောကျ်ားများ အကုသိုလ် အပြု

WWW.DHAMMARANSI.COM



> နည်းတာဟာ ဘယ်သူ့အပေါ်မှာ ဒဏ်သင့်သလဲ ဆိုတော့ ကျွန်မတို့ နတ်ပြည်လောက မှာရှိတဲ့ နတ်သမီးတွေအပေါ်မှာ လုံးလုံးပုံပြီး အကုန်ဒဏ် ထိနေကြတာပါပဲ။

ဟူ၍ ပြောဆိုနေရင်း စကားမဆုံးမီ ပရမေ သိင်္ဂါ နတ်သမီးက ခေတ္တနားစိုက်၍ထောင်ပြီးမှ ရုတ်တရက် အံ့အားသင့်စွာနှင့် ပြောကြားသည်မှာ

> နားထောင်စမ်းပါ မိတ်ဆွေ။ အောက် ကောင်းကင်ယံက ဝေဇယန္တာရထား မောင်းနှင်သော အသံများကို ကြားရလေသည်။ အရှင် သိကြားမင်းနှင့် အသူရာတို့စစ်ပွဲမှာ တာဝတိံသာ နတ်တို့က အောင်မြင်သောကြောင့် အောင်သံများကို ကျူးရင့်ကြလျက် ဝေဇယန္တာရထားကို တာဝတိံသာနတ်ပြည်သို့ စိုင်းနှင်လာသည့် လက္ခဏာ ရှိလေသည်။ နတ်သမီးနတ်သား အများတို့သည် လည်း အောင်ပွဲနှင့် စပ်ဆိုင်သော သီချင်းများကို သီဆိုလျက် လက်ယှက်ကခုန်၍ နေကြလေသည်။ သိန္ဓောမြင်း တစ်ထောင်ဖြင့် ကအပ်သော ဝေဇယန္တာနတ်ရထားသည် များ မကြာမီပင်လျှင် တာဝတိံသာ နတ်ပြည်သို့ ဆိုက်ရောက်လာပါလိမ့်မည်။

ဟူ၍ ပြောကြားပြီးလျှင် နန္ဒဝန်ဥယျာဉ်ထဲမှာ သကုဏ္ဍလမင်းသမီးနှင့် ငြိမ်ဝပ်စွာ နေကြလေကုန်၏။

***(ဒုဿန္တမင်းသားသည် အသူရာ၏စစ်ကို အောင်၍ လာရာ၊ ဝေဇယန္တာရထားနှင့် တာဝတိံသာနတ်ပြည်သို့ မာတလိနတ်သားက ဆောင်ယူသွားလေသောကြောင့် ထိုဝေဇယန္တာရထားပျံကို စီးနင်း၍ ကောင်းကင်ယံတွင် မာတလိနတ်သားနှင့် ပြောဆိုကြပုံများ)***

ဒုဿန္တမင်းသားသည် ဟတ္ထိနပူရ မြို့တော်မှ မာတလိနတ်သား ဆောင်ကျဉ်းလာသည့်အတိုင်း မြင့်မိုရ်တောင် ပထမအာလိန်တွင် အသူရာတို့နှင့် စစ်ပြိုင်တိုက်ခိုက်ရာ လက်သုံးတော် ရန်နိုင် ရွှေလေးကို အသုံးပြု၍ တိုက်သည်တွင် အသူရာတို့ကို နှိမ်နင်းလေ၏။ ထိုသို့ အသူရာ၏စစ်ကို ဒုဿန္တမင်းသား အောင်မြင်ပြီးသောအခါ ထိုစစ်ပွဲ ကျင်းပသည့်နေရာမှာပင် သိကြားမင်းသည် ဒုဿန္တမင်းသားအား များစွာ ဂရုစိုက်၍ ချီးမြှောက်ခြင်း၊ အရေးပေးခြင်း၊ အံ့ဩစကား ပြောကြားခြင်း စသည်တို့ကို ပြုပြီးလျှင် ဝေဇယန္တာရထားနှင့် ဒုဿန္တမင်းသားကို တာဝတိံသာနတ်ပြည်သို့ ဆောင်ကျဉ်းခဲ့ရမည်ဟု အမိန့်ချမှတ်ပြီးလျှင် ရှေးဦးစွာ တာဝတိံသာ နတ်ပြည်သို့ တက်သွားလေ၏။

ထို့နောက် မာတလိနတ်သားက

> အရှင်ဒုဿန္တ မင်းမြတ်သည် တာဝတိံသာနတ်ပြည်သို့ ဤဝေဇယန္တာရထားနှင့်ပင် လိုက်တော်မူပါရန် သိကြားမင်း အမိန့်တော်ကျပါသည်။ တာဝတိံသာ နန္ဒဝန်ဥယျာဉ်ထဲမှာ အောင်ပွဲများကို ရှုကြည့်တော်မူပြီးမှ အရှင်မင်းမြတ်၏ထီးနန်းသို့ ရောက်အောင် ကျွန်ုပ်ပို့ဆောင်ပါမည်။

ဟူ၍ တောင်းပန်ပြီးလျှင် ဒုဿန္တမင်းသားကို ဝေဇယန္တာရထားနှင့် နတ်ပြည်သို့ တဖြည်းဖြည်း ဆောင်ကျဉ်းလေ၏။ အထက် ကောင်းကင်ယံ ဝေဇယန္တာရထားပျံထက်က နေ၍ ဒုဿန္တမင်းသား ပြောကြားသည်မှာ

> အို ချစ်ဆွေ မာတလိ၊ ကျွန်ုပ်ကို ဝရဇိန်လက်နက်၏အရှင် ရောဝဏ်သခင် နတ်တို့ဘုရင်ဖြစ်တော်မူသော သိကြားမင်းက အရေးယူ၍ စစ်ကူတောင်းသည့်အရာမှာ အလွန်တရာ ဂုဏ်မြင့်တာပါပဲ။ ဤမျှလောက် သိကြားမင်းက အရေးယူဖို့ အစွမ်းသတ္တိများလဲ ကျွန်ုပ်မှာ ရှိသည် မထင်မြင်ပါ။

ဟူ၍ ပြောဆိုလေသည်တွင် မာတလိနတ်သား က

> သည်လိုလဲ ထင်တော်မမူပါနှင့်။ အရှင်မင်းမြတ်၏ ဘုန်းတန်ခိုး အာဏာများသည် နတ်ပြည်က ကျော်ကြား၍ နတ်သား နတ်သမီး အပေါင်းတို့ပင် သိရှိကြပါသည်။ သို့အတွက် ကျွန်ုပ်တို့အရှင်

WWW.DHAMMARANSI.COM



သိကြားမင်းကပင် အရေးယူ၍ စစ်ကူတောင်းခြင်း ဖြစ်ပါသည်။ နတ်အများနှင့် သိကြားမင်းကြီး ထင်မြင်တော်မူသည့်အတိုင်း ယခုအခါ အသူရာစစ်ပွဲကို အောင်မြင်ခြင်းမှာလဲ သက်သေသာဓကကြီး တစ်ခုပင် ဖြစ်ပါသည်။ နောင်အခါ အရှင်၏ ဘုန်းသမ္ဘာများသည် တာဝတိံသာ နတ်ပြည်ဝယ် ကျောက်စာတိုင်ကြီးကဲ့သို့ တည်နေပါလိမ့်မည်။ အရှင်မင်းမြတ်၏ ဘုန်းသမ္ဘာများနှင့်သိကြားမင်း၏ အားကိုးချက်များသည် အလွန်တရာညီညွတ်လှပါပေသည်။

ဟူ၍ မာတလိနတ်သားက ပြောကြားလေ၏။ ထိုအခါ ဒုသျှန္တမင်းသားက

ကျွန်ုပ်၏ ကျေးဇူးပြုချက် ကူညီချက်များသည် ကျွန်ုပ်အပေါ်မှာ သိကြားမင်းကြီးက ဂရုစိုက်ပုံများနှင့် ထောက်စာလျှင် မနှိုင်းယှဉ်လိုက်အောင်ပင် ရှိနေပါသည်။ အသူရာစစ်ကို အောင်မြင်ပြီးစအခါ နတ်သဘင် အစည်းအဝေးရှေ့တွင် သိကြားမင်းသည် သူထိုင်သည့် ပလ္လင်ထက်မှာ ထက်ဝက်ဖြစ်သော နေရာကိုပင်ပေး၍ အရေးတယူ နေရာတူထိုင်၍ ချီးမွမ်းထောမနာ ဩဘာပေးပုံများသည် ကျွန်ုပ် ထင်မြင်သည်ထက်ပင် ပိုမိုသာလွန်းပါသည်။ ထိုအခါ သိကြားမင်း၏ အပါးမှာ ရပ်တည်၍နေသော ဝေဇယန္တာနတ်သားက ကျွန်ုပ်၏ ဘုန်းသမ္ဘာများကို အံ့ဩချီးမွမ်းလျက် ဘုန်းဘွဲ့ သီချင်း ဂါထာများကို ရွတ်ဆို၍ နတ်တို့၏ မွေးကြိုင်သော ရေစင်ဖြင့် ကျွန်ုပ်အား သွန်းဖြန်းပြီးလျှင် နတ်ပန်းကုံးကို စွပ်၍ အဘိသိက် တင်မြှောက်သကဲ့သို့ ပြုလုပ်သောအခါ သိကြားမင်းသည် များစွာဝမ်းမြောက်တော်မူလေသည်။ ဤကဲ့သို့ သိကြားမင်းပြုစုသည့် အရာမှာ သိကြားမင်းသည် လူသားဖြစ်သော ကျွန်ုပ်ကို မိမိကိုယ်နှင့်အတူ အမှုကျင့်ကြံပေသည်။

ဟူ၍ ပြောကြားလေ၏။ မာတလိနတ်သားက

ယခုစစ်ပွဲတွင် အရှင်မြတ်၏ အောင်မြင်နိုင်နင်းတော်မူခြင်းသည် ပြော၍မပြီး ချီး၍ မကုန်အောင် အလွန်တရာ အဖိုး ထိုက်တန်ပါသည်။ သို့အတွက်ကြောင့် သိကြားမင်းသည် အရှင်မင်းမြတ်အား အထပ်ထပ် ဂရုစိုက်၍ မပြီးနိုင်အောင် ကြီးကျယ်စွာ ချီးမြှောက် ထောက်ပင့်တော်မူခြင်း ဖြစ်ပါသည်။

ဟူ၍ ဆိုသည်တွင် ဒုသျှန္တ မင်းသားက

ကျွန်ုပ်၏စစ်အောင်ခြင်းမှာ စင်စစ်အားဖြင့် ဆိုပါလျှင် "လူမစွမ်း နတ်မ"ဆိုသလို ကျွန်ုပ်ကို မေတ္တာသက်ဝင်ကြတာနှင့် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့က ကူညီ ဝိုင်းပန်းကြတာနှင့် အခန့်သင့်စွာ အောင်မြင်ခြင်း ဖြစ်တာပဲ ဆိုပါတော့။ အမှန်ကို ပြောရမှာဖြင့် ဤလောကမှာ မေတ္တာဖြင့် အောင်မြင်ခြင်းသည် အလွန်တရာ ကောင်းမြတ်လေသည်။ ဒေါသဖြင့် အောင်မြင်ခြင်း၊ မေတ္တာဖြင့် အောင်မြင်ခြင်း နှစ်ပါးတို့တွင် ဒေါသဖြင့် အောင်မြင်ခြင်းသည် အေးကြည်ခြင်းသို့ မရောက်ဘဲ နောင်အခါ တဖန် ရန်ညှိုး ပေါက်၍ လာတတ်လေ၏။ မေတ္တာဖြင့် အောင်မြင်ခြင်းမှာ ထိုကဲ့သို့ မဟုတ်ဘဲ အေးမြကြည်သာစွာနှင့် နောင်အခါမှာလဲ တဖန်ရန်တုံ့မူခြင်း မရှိတတ်ချေ။ သို့ဖြစ်၍ မည်သည့်အရာမှာမဆို မေတ္တာဖြင့် အောင်မြင်ခြင်းကိုသာ အရာရာ၌ ပြုလုပ်ထိုက်လေသည်။ ထိုမေတ္တာဖြင့် အောင်မြင်ခြင်းကို လူရောနတ်ပါ ဗြဟ္မာအပေါင်း သူတော်ကောင်းတို့လဲ ချီးမွမ်းကြလေကုန်၏။

ဥပမာတစ်ခုမှာ လူ့ပြည်လောကတွင် လက်အောက် ငယ်သားတို့ ကြိုးစားအားထုတ်၍ အောင်မြင်ပါသော်လဲ စင်စစ်မှာတော့ အထက်က အုပ်ချုပ်သောဥက္ကဋ္ဌလူကြီးတို့၏ စီမံခန့်ခွဲကောင်း၍သာလျှင် အောင်မြင်ထမြှောက်လေသည် ဟူ၍ ချီးမွမ်းရာဘိသကဲ့သို့ ကျွန်ုပ်၏

WWW.DHAMMARANSI.COM



အောင်မြင်ခြင်းမှာလဲ နတ်များဒေဝါ ဖြဟ္မာ အပေါင်းတို့က ကောင်းသောမေတ္တာဖြင့် ညီညာ ထောက်ပင့်ကြသောကြောင့်သာ ဖြစ်သည်ဟု ဆိုပါသည်။

ဤသို့ ဒုဿန္တမင်းသားက မိမိကိုယ်ကို မိမိ နှိမ့်ချကာ ပြောကြားလေ၏။

ကိုယ့်ဂုဏ်ကို ကိုယ် ချီးမြှောက်သော အတ္တုက္ကံ သနစကား၊ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချသော ပရဝမ္ဘန စကားများကို မပြောကြားလေ။ ထိုအခါ မာတလိ နတ်သားက

ယခု ပြောကြားသောအတိုင်း ဥပမာ နှိုင်းခိုင်း၍ ဆိုလျှင်လည်း ဆိုနိုင်ပါ၏။ သို့ရာတွင် အရှင် မင်းမြတ်၏ ဘုန်းသမ္ဘာများလည်း အလွန် ကြီးမားတာပါပဲ။

ဟူ၍ ပြောဆိုရင်း ဝေဇယန္တာရထား၌ ကအပ်သော သိန္ဓောမြင်းတစ်ထောင်ကို ဖြည်းညင်း သက်သာစွာ (ငြိမ့်ငြိမ့်)မောင်းနှင်လျက် ဆက်၍ ပြောပြန်သည်မှာ

ရှုတော်မူစမ်းပါ အရှင်မင်းကြီး။ ဤကောင်းကင် ပြင်တစ်ခုလုံးမှာ အရှင်၏ အောင်တော်မူခြင်းကို ဝမ်းမြောက်ဝမ်းသာသော အထိမ်းအမှတ်အား ဖြင့် နတ်သမီးအများတို့သည် ဝမ်းမြောက် ဝမ်း သာစွာနှင့် ဘုန်းတော်ဘွဲ့သီချင်း၊ အောင်သီချင်း များကို သာယာစွာသီဆိုလျက် ကခုန်မြူးတူးကြ လေသည်။ နတ်သမီးအများတို့သည် နတ်ပြည် ၌ ပွင့်သော နတ်ပန်း၊ လူ့ပြည်လောက ဟိမဝန္တာ မှ ပွင့်သော ပန်းအမျိုးမျိုးကို ပန်ဆင်၍ ပန်း ဝတ်လဲရုံကြကုန်ပြီးလျှင် အနည်းနည်း အဖုံဖုံ အရှင်မင်းမြတ်၏ ဂုဏ်တို့ကို သီချင်းဖြစ်အောင် သီကုံးစပ်ဆိုကာ နေကြလေကုန်သည်။ အချို့ သောနတ်သမီးများကလဲ ဝေဇယန္တာရထားကြီး ကို ပန်းခိုင်ပန်းကုံးတို့ဖြင့် ပစ်လွှတ်၍ အရိုအသေ ပြုကြလေကုန်သည်။ အချို့သော နတ်သမီး များကလည်း အရှင်ဒုဿန္တမင်းသား၏ ဂုဏ် သတင်း ကြားရသည်နှင့် ဒိဋ္ဌမြင်လိုသောစိတ်ဖြင့် ချောင်းမြောင်းလျက် ကြည့်ရှုကြလေသည်။

ဟူ၍ ပြောဆိုလေရာ ဒုဿန္တမင်းသားက

ကျွန်ုပ်ကလဲ အောင်ပွဲရလာတာနှင့် အလွန်တရာ ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ဝမ်းမြောက်သည့်အတွက်ကြောင့် ယခုအခါ ကျွန်ုပ်တို့ဘယ်နေရာ၊ဘယ်ဌာနသို့ပေါက်ရောက် ၍ လာပြီဟု သတိမထားနိုင်အောင်ပင် ရှိပါ သည်။ ချစ်ဆွေမာတလိက ယခု ကျွန်ုပ်တို့၏ လမ်းခရီးအကြောင်းကို ကောင်းစွာ ပြောကြား စမ်းပါ။

ဟူ၍ မေးမြန်းလေ၏။

## မာတလိနတ် လမ်းညွှန်ခန်း

ပစ္စူရှစ်ဆင့် ကနက်ဖွင့်သည့် မင်းမင့် ဥက္ကဋ္ဌ လောင်းနေနတ်၊ ယခုအခါ ကျွန်ုပ်တို့ ရောက်ကြ သည်မှာ များစွာ မမြင့်သေးသော ကောင်းကင် အရပ် ဌာန ဖြစ်လေသည်။ ဟိုရှေ့မနီးမဝေးမှာ ရေတံခွန်ကြီး ပမာ ခပ်ဖွေးဖွေး မြင်သောအရာကို အာကာသဂင်္ဂါဟူ၍ ခေါ်ဆို သမုတ်အပ်လေ သည်။ ထိုမှ အထက်သို့ ခပ်မြင့်မြင့်မော်၍ကြည့် လိုက်သောအခါ မန္ဒာကိနီမည်သော နတ်မြစ်ကြီး သည် မြအဆင်းကဲ့သို့ ကြည်လင်စိမ်းညိုသော ရေတို့ဖြင့် တထွေထွေ စီးလျက်ရှိသည်ကို မြင် ရပါလိမ့်မည်။ ထိုမန္ဒာကိနီနတ်မြစ်မှာ စတုမဟာ ရာဇ်တာဝတိံသာမှာ ရှိသော နတ်သမီး နတ် သား အများတို့သည် ရေကစားရန် လာရောက် ကြ၍ ကြည်လင်အထူး ပျော်မြူး နှစ်သက်စွာ ရေ သုံးသပ်ကြလေသည်။

မြောက်မျက်နှာဌာနသို့ လှမ်း၍ ကြည့်ရှုလိုက် သောအခါ သီတာခုနစ်တန် သတ္တရဘန် ခုနစ် ထပ် ရံပတ်ကာဆိုင်းလျက်ရှိနေသော မေရုပဗ္ဗတ တောင်များသနင်း မြင့်မိုရ်တောင်မင်းကြီးကို

WWW.DHAMMARANSI.COM



မြင်နိုင်ပါလိမ့်မည်။ သို့ရာတွင် ဤမြင့်မိုရ်တောင်၏ အချင်းအရာများကို ဝေဇယန္တာရထား ခပ်မြင့်မြင့် ရောက်မှ ပြောကြားပြဆိုပါမည်။ ယခုအခါ လူ့ရွာ မြေပြင်နှင့် မဝေးလှသေးသောကြောင့် အောက်သို့ လည်း၍ ရှုကြည့်သင့်ပါသေးသည်။

ဟူ၍ ပြောကြားလေ၏။ ထိုအခါ ဒုသျှန္တမင်းသားက

ယခုအခါ ဤကောင်းကင်က နေ၍ မြင်ရသော အရာများသည် လူ့ပြည်လောကမှာ တစ်ရံတစ်ခါမျှ မတွေ့မမြင်ရသောအရာများ ဖြစ်သောကြောင့် ကျွန်ုပ်သည် အလွန်အံ့သြစွာနှင့် ဝမ်းသာခြင်း ဖြစ်မိပါသည်။

ဟူ၍ ပြောကြားရင်း ဝေဇယန္တာရထားဘီးကို ငုံ့ကြည့်ပြီးလျှင်

ယခုအခါ ကျွန်ုပ်တို့သည် မိုးတိမ်တိုက် အတွင်းသို့ ချဉ်းနင်း ဝင်ရောက်လာသည့် လက္ခဏာပဲ။

ဟူ၍ ပြောဆိုသည်တွင် မာတလိနတ်သားက

ဘယ်အကြောင်းကြောင့် အရှင်မင်းမြတ် သိပါသနည်း။

ဟူ၍ မေးမြန်းလေ၏။ ဒုသျှန္တမင်းသားက

ဤအကြောင်းအရာကို ဝေဇယန္တာရထားကပင် အထင်အရှား သက်သေပြလေ၏။ ရှုစမ်းပါလော။ မိုးရွာခြင်းကို ဖြစ်စေတတ်သည့် တိမ်တောင် တိမ်လိပ်တို့ကို တိုးဖွေ့ လည်ပတ်၍ သွားသော ရထားစက်ဘီးများမှာ ပုလဲ အသွင် စိန်အသွင် ကြည်လင်သော မိုးသီးမိုးပေါက်များသည် တွယ်ကပ်၍ နေကြလေသည်။ အဿတိုရ် နတ်မြင်းပျံများကလဲ ကျောက်ကဲ့သို့ မာ၍နေသော တိမ်ညွန့်တိမ်ထွတ်များကို တချက်ချက် ခုန်ပေါက်၍ နင်းလိုက်သောအခါ ဝင်းခနဲ ဝင်းခနဲ မီးထွက်ပြီး လျှပ်စစ်လက်သကဲ့သို့ ဖြစ်လေသည်။ သြော် ကျွန်ုပ် စဉ်းစား၍ရတာ တစ်ခုမှာ တော့ လူ့ပြည်က လျှပ်လက်ခြင်းကို မြင်ရသည့် အရာမှာ အဇ္ဈောကာသ ကောင်းကင်ဝမှာ သိန္ဓဝ နတ်မြင်းတို့ တိမ်ညွန့်ကို နင်းသည့်အခါ ဝင်းခနဲ မီးပွင့်တာပဲ ထင်ပါရဲ့။ ထိုမှတစ်ဖြာ ကိန္နရီ ကိန္နရာတို့သည်လည်း ဤအဇ္ဈောကာသ ကောင်းကင်ယံမှာ ပျံသန်း၍ လူးလာလျက် ရှိကြသည်မှာ လွန်စွာ ကြည့်ရှုဖို့ ကောင်းပေသည်။

ဟူ၍ ဆိုပြီးလျှင် လူ့ပြည်လောကသို့ ငုံ့၍ ကြည့်ရှုလေ၏။ ထိုအခါ ဒုသျှန္တမင်းသားက ပြောကြားသည်မှာ

သြော် အလွန်တရာ ဆန်းကြယ်ပါကလား။ ဝေး၍မြင့်သောအရပ်ဌာနက ကြည့်ရှုသည့်အခါ အလုံးစုံသော အရာများသည် မျက်စိအောက်သို့ အလုံးစုံ ဝင်ရောက်ကုန်တော့သတည်း။

ဟိမဝန္တာတောင်တန်းနှင့်တကွ ကျွန်ုပ်တို့ စံမြန်းသော မြို့တော်၏ တည်ရာ မဟာအိန္ဒိယ မဇ္ဈိမတိုင်းကြီးတစ်ခွင်ကိုလည်း အကုန်အစင် တွေ့မြင်၍ နေရပါကလား။

ဤသို့ ပြောကြားပြီးလျှင် ဟိမဝန္တာအနီး စီးဆင်း၍ နေသော မာလိနီမြစ်ကို မျှော်၍ကြည့်ရာ စန္ဒရသေ့ကြီးနှင့် သကုန္တလာမင်းသမီးတို့ နေထိုင်ကြသော သခ်မ်းကျောင်းများကို တွေ့မြင်လေ၏။ ထိုအခါ သကုန္တလာမင်းသမီး၏မျက်နှာသည် သူ၏ စိတ်သန္တာန်မှာ ကွက်ခနဲ ထင်မြင်လာသောကြောင့် ဗျာပါသောက စိတ္တဇမီးရှိန်သည် ထိန်ခနဲ တောက်၍လာလေ၏။ မာလိနီ မြစ်ကမ်း ကျောင်းသခ်မ်းဌာနများကို ကောင်းကင်ထက်က ကြည့်ရှုပြီးလျှင် တစ်ကိုယ်တည်း တွေးတော စဉ်းစား အလွမ်းစိတ်ပွားသည်မှာ

သြော် ဤနေရာဌာနကစပြီး သကုန္တလ နတ်နွယ် လုကေသွယ်ကလေးနှင့် မေတ္တာချင်းဆွယ် ခဲ့ကြလေသည်။ (ရထားထက်က လက်ညှိုးညွှန်၍) ဟောဟို မာလိနီ မြစ်ကမ်းပါး ပန်းချုံနှစ်ခု၏ အကြားမှာ ပတ္တမြားနှင့် တူသော ကျောက်ဖြာထက်တွင် ကြောက်ရက်သလို တလှိုက်လှိုက် တဖိုဖိုနေသော မျက်နှာထားကလေးနှင့် စကား

WWW.DHAMMARANSI.COM



ကိုမှ ရဲရဲမပြောဝံ့သေးရှာတဲ့အခါမို့ တထိတ်ထိတ် တပြာပြာ ကြောင်မိတဲ့ ကြွက်ပမာလို ခက်စရာ တွေ့စဉ် ဟို ဣန္ဒြေရှင်ကလေး ငေးပြီးကြက် သေ သေနေတာတွေကိုလဲ သတိရမိပြန်လေ သည်။

သြော် ဟိုနေရာကတော့ သူ့ဝတ်တဲ့ ကြာစွယ် လက်ကောက်ကို ငါကောက်၍ရတဲ့ နေရာပါ ကလား။ ဟိုအနားကတော့ ဝပ်တွား ပုန်းအောင်း ပြီး ငါ ချောင်းကြည့်တဲ့ နေရာ ဖြစ်လေသည်။ အို ဤကဲ့သို့ ရှေးရှေး နှောင်းနှောင်းတွေကို တွေးမှဖြင့် တရေးရေး ပေါ်ကုန်တော့တာပဲ။ ဟု စဉ်းစားပြီးလျှင် ဤသို့တရားဖြင့် ဆင်ခြင်ပြန် လေ၏။

သြော် ငါသည်ကား ဗဟိဒ္ဓအပမှာ ဖြစ်သည့် အသူရာစစ်တပ်ကြီးကို နှိမ်နင်းအောင် တိုက် ဖျက်နိုင်ပါလျက်နှင့် ကိုယ်တွင်းမှာ ရှိသော ကိလေသာ တဏှာတပ်ကိုတော့ နှိမ်နင်းအောင် မတိုက်ဖျက်နိုင်ပါကလား။ ဤလောကမှာ ဓား၊ လှံ၊ သေနတ်၊ ဗုံး၊ အမြောက်တို့ဖြင့် ပြည့်စုံ၍ စစ်အင်္ဂါလေးပါးရှိသော ရန်သူတစ်ဖက်၏ အက္ခောဘိနီတပ်ကြီးကို နှိမ်နင်းအောင် တိုက် ဖျက်ဖို့ရန်မှာ များစွာ ခက်ခဲသည် မဟုတ်ချေ။ **မိမိ**၏အတွင်းသန္တာန်မှာ တစ်စုံတစ်ရာမှ ဗုံး အမြောက် လက်နက်မရှိသော တစ်ထောင့်ငါးရာ ကိလေသာ ဆိုတဲ့ စစ်တပ်ကိုတော့ သတ်ဖြတ် တိုက်ခိုက်ခြင်းငှာ လွန်စွာခဲယဉ်းလှလေသည်။ အပရန် မီးထက် အတွင်းရန်က အလွန်တရာ ကြီးလှပါကလား။ အတွင်းရန်ကို မတွန်းလှန် မတိုက်ခိုက်ရသမျှတွင်ဖြင့် မည်သည့်ကာလ မှာမှ ဒုက္ခ တာဝန်နှင့် ကင်းရှင်းမှာမဟုတ်ပါဘူး။ ဟူ၍ စဉ်းစားပြီးလျှင် အောက်၌ပါသော ဥဒါန်း ဂါထာကို ဝေဇယန္တာရထားထက်ကနေ၍ ကျူးရင် လေသတည်း။

ဝိဇေတုံ သုကရာလောကေ။
ဗဟိသေနာ သသတ္တကာ။
ဇေတုံ အဇ္ဈတ္တိကသေနာ။
နိသတ္ထာအတိ ဒုက္ကရာ။

လောကေ– လောက၌၊ သသတ္တကာ–ဗုံး အမြောက် လက်နက်တို့နှင့်ပြည့်စုံသော၊ ဗဟိသေနာ– အပရန်စစ်ကို၊ ဝိဇေတုံ–အောင်မြင်ခြင်းငှာ၊ သုကရာ– အလွန်လွယ်ကူစွာ၏၊ နိသတ္ထာ– တစ်စုံတစ်ရာမျှ လက်နက်မရှိသော၊ အဇ္ဈတ္တိကသေနာ– အတွင်းရန် စစ်ကိုမူကား၊ ဇေတုံ–အောင်မြင်ခြင်းငှာ၊ ဒုက္ကရာ– အလွန်ခဲယဉ်းလေသတည်း။

ဤသို့ ဒသျှက္ခမင်းသား ကျူးရင့်လိုက်သော ဂါထာကို မာတလိနတ်သား ကြားလေရာ

အရှင် မင်းမြတ်သည် မည်သို့သော အကြောင်း ကြောင့် ဤကဲ့သို့ ကျူးရင့်တော်မူပါသနည်း။ အရှင့်ဂါထာ၏ သဘောအဓိပ္ပာယ်မှာ လွန်စွာ ကောင်းပါသည်။

ဟူ၍ မေးသည်တွင် ဒသျှက္ခမင်းသားက

သကုဏ္ဍလမင်းသမီးကို လွမ်းတသည်ကစ၍ ဤကဲ့သို့ တရားဘက်သို့သာ သက်ဝင်လာ သည် မပြောဆိုဘဲ ကျွန်ုပ်သည် အသူရာ၏ ရန်စစ်ကို အောင်မြင်သော်လဲ အတွင်းအဇ္ဈတ္တ သန္တာန်မှာရှိသော ကိလေသာစစ်တပ်ကိုမူကား မအောင်မြင်ကြောင်း၊ ဤကဲ့သို့ပင် လူများအ ပေါင်းတို့သည်လည်း အပရန်သူကိုသာ လွယ်ကူ စွာ အောင်နိုင်၍ အတွင်းရန်သူကို မအောင်မြင် နိုင်ကြောင်းနှင့် ဆင်ခြင် တွေးတောမိ၍ ရွတ်ဆို ကျူးရင့်ခြင်း ဖြစ်ပေသည်။

ဟူ၍ ပြောကြားလေ၏။

(ဤကဲ့သို့ ဒသျှက္ခမင်းသားသည် သူချစ်ခင် နှစ်သက်သော သကုဏ္ဍလမင်းသမီးကို လွမ်းတသော တဏှာရာဂ စိတ်မှ ဆက်သွယ်၍ တရားဘက်သို့ သက်ဝင်ကာ ဆင်ခြင်မိသည်မှာ

WWW.DHAMMARANSI.COM



အကုသလော ဓမ္မော၊ ကုသလဿဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော”ဟူသော စကားနှင့် ညီညွတ်လေသည်။)

ထို့နောက် ဒုသျှန္တမင်းသားသည် လူ့ပြည်လောကကြီးကို အလုံးစုံ အုပ်ခြုံကြည့်ရှု၍ ပြောသည်မှာ

ဩော် လူ့ပြည်လောကကြီးသည် မြင့်သော ဤကောင်းကင်ထက်ကနေ၍ ကြည့်ရှုလိုက်သောအခါ အလွန်တရာ သေးငယ်၍တစ်ပြေးတည်းသာ ထင်မြင်ရလေသည်။ လူ့ပြည်ကနေ၍ ကြည့်သည့်အခါ မြင့်သော တောင်များနှင့် နိမ့်သော ချောင်းကမ်းပါးများသည် အနိမ့်အမြင့် ထူးခြားလှသည် မဟုတ်ဘဲ ကောင်းကင်ထက်ကနေ၍ ကြည့်ရှုသည့်အခါ တစ်ညီ တစ်ညာတည်းကဲ့သို့ပင် ရှိလေသည်။

(ဤအချက်၌ တရားဘက်သို့ ကိုင်းရှိုင်း၍ ဆင်ခြင်သည်မှာ)

ဩော် ဤလောကမှာ ပုထုဇဉ် လူသတ္တဝါတို့သည် မိမိတို့ကံအားလျော်စွာ ဖြစ်ကြ၍ အချို့က ကောင်းစား မြင့်မြတ်၍ ဂုဏ်ဒြပ်ကြီးကျယ်ကြလေသည်။ အချို့မှာလဲ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရ၍ အောက်ကျနောက်ကျ ဖြစ်လေသည်။ ဂုဏ်ဒြပ်ကြီးမြင့်သောသူတို့ကလဲ မာန်မာန တထောင်ထောင် တလွှားလွှားနှင့် ငါတကား မြင့်မောက်၍ စိတ်အထက်ရောက်တတ်ကြကုန်၏။ စည်းစိမ်ကင်းကွာ ဥစ္စာချို့ငဲ့ သောသူဆင်းရဲတို့မှာလည်း ဂုဏ်ရှိသူတို့၏ မာနတံခွန်အောက်မှာ မျက်နှာ သိမ်ငယ်စွာနှင့် နေထိုင်ရှာကြကုန်သည်။ ဤကဲ့သို့ မညီမညွတ် အနိမ့်အမြင့်နေကြကုန်သော ပုထုဇဉ် လူသတ္တဝါတို့ကို လောကုတ္တရာဘုံသို့ ရောက်ပြီးသော အရိယာတို့၏ မျက်စိဖြင့် ရှုကြည့်လိုက်သည်ရှိသော် (ဤကောင်းကင်က မညီမညွတ်သော ကမ္ဘာလောကကို ကြည့်ရှုရသည့်ပမာ) မည်သူက မည်သူ့ထက်သာသည်။ မည်သူ့အပေါ်မှာ မည်သူက ဂုဏ်ပကာသနနှင့် မာနထောင်လွှားဖို့မရှိဘဲ အညီအညွတ် သတ္တဝါအနေအားဖြင့်သာ တွေ့မြင်ရပေလိမ့်မည်တကား။

ဟူ၍ တရားဖြင့် ဆင်ခြင် စဉ်းစားလေ၏။ ထို့နောက် အောက်သို့ ငုံ့ကြည့်၍ ပြောပြန်သည်မှာ

ဤကမ္ဘာလောကသည် ရေပြင်သာ ကျယ်၍မြေအပြင်မှာ လွန်စွာ နည်းပါးလေသည်။ ရေပေါ်တွင် ပေါလောမျောနေသော နွားချေးအိုင်ကဲ့သို့သာ ရှိလေ၏။ ထိုမြေပြင်ပေါ်မှာသော်လဲ လူတို့ နေသော အရပ်ဌာနသည် ကျဉ်းမြောင်းနည်းပါး၍ တိရစ္ဆာန်သတ္တဝါတို့၏ နေရာဌာန ဖြစ်သော တောတောင်တို့ကသာလျှင် များစွာကျယ်ဝန်းလေသည်။ ယခု တွေ့မြင်ရသော ရေဟူသမျှသည် ငါး၊ လိပ်စသော ရေသူသတ္တဝါတို့၏ နေရာဌာန ဖြစ်လေ၏။ တောတောင်ဟူသမျှသည်လည်း တောသားတိရစ္ဆာန်တို့၏ နေရာသာ ဖြစ်လေ၏။ သို့ဖြစ်လေသောကြောင့် ကမ္ဘာလောကမှာ လူသတ္တဝါတို့ နည်းပါး၍ တိရစ္ဆာန်တို့သာ များသည်ဟု ထင်ရှား ကောင်းမွန်စွာ သိနိုင်လေသည်။

‘မနုဿတ္တ ဘာဝေါ ဒုလ္လဘော’ဆိုသည့် စကားနှင့် အညီ လူ့ဘဝကို ရခဲသည်ဟူ၍ ဆိုခြင်းမှာ အလွန်တရာပင် မှန်ကန်လေ၏။ ကမ္ဘာမြေပြင်ပေါ်မှာ နေကြသော သတ္တဝါတို့ အနက် လူသည် ကောင်းသော သုဂတိဘုံသားဖြစ်၍ တိရစ္ဆာန်တို့သည်ကား ယုတ်ညံ့ အောက်ကျသော ဒုဂ္ဂတိဘုံသားတို့ ဖြစ်လေသည်။ ကုသိုလ်ကံရှိသော သူတို့သာ လျှင် လူ့ဘဝကို ရနိုင်၍ ကုသိုလ်နည်းပါး ဒုစရိုက်များသောသူတို့သည်ကား တိရစ္ဆာန်စသည့် အပါယ်လေးဘုံသို့သာလျှင် စုံမျောကြလေကုန်သည်။ သို့ဖြစ်၍ ဤကမ္ဘာလောကကြီး၏ ဖြစ်နေပုံကို ဆင်ခြင်စဉ်းစားခြင်းအားဖြင့် ပုထုဇဉ်သတ္တဝါ ဟူသမျှတို့မှာ အကုသိုလ်သာလျှင် ပေါများ၍ ကုသိုလ်

WWW.DHAMMARANSI.COM



တရားနည်းပါးကြောင်းကို ထင်ရှားစွာ သိရှိနိုင်လေသည် ။

ဟူ၍ ကမ္ဘာလောကကြီးက တရားပြ၍ နေသည်မှာ ဒုဿန္တမင်းသားသည်လည်း တရားသဘောသို့သာ စူးစိုက်၍ ကြံစည်လေသည်။ ထို့နောက် ပြောပြန်သည်မှာ

မြေပေါ်၌ စီးဆင်း၍ သွားကြကုန်သော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့ကို ဤကောင်းကင်ကနေ၍ ကြည့်လိုက်သည့်အခါ ဘာမျှ မပြောပလောက်ဘဲ စိမ်းပြာသော သင်ပုန်းကြီးပေါ်မှာ မြေဖြူဖြင့် ကွေ့ကွေ့ကောက်ကောက် ရေးခြစ်အပ်သော အဖြူကြောင်းကလေးတွေကဲ့သို့သာ ထင်ရလေသည်။ ကျွန်းငယ်အများတို့ဖြင့် ရံဝန်းအပ်သော ဤ၊ မွှုဒိပ်မြေပြင်ကြီးကို ကြည့်ရှုလိုက်သောအခါ အလွန်သေးငယ်စွာကို မြင်ရလေသောကြောင့် ဥပမာဆိုသော် အလွန်ကြီးသော အရာဝတ္ထုတစ်ခုကို အကျဉ်းချုံး၍ သေးသိမ်စေတတ်သည့် အစွမ်းကောင်းမှန်ဘီလူးဖြင့် ကြည့်ရှုသောအခါ သေးငယ်စွာ မြင်ရသကဲ့သို့ လည်းကောင်း၊ စက္ကူကားချပ်ပေါ်တွင် ကမ္ဘာမြေကြီး၏ပုံကို သေးငယ်စွာ ရေးဆွဲ၍ ထားသကဲ့သို့ လည်းကောင်း၊ အလွန်တရာကြီးမားသည့် မြေအပြင်ကို သေးငယ်စွာ တွေ့မြင်ရလေ၏။ ထိုပြင် တဖြာ မြင့်မိုရ်တောင်၏ အရောင်လေးဖြာ ရှိသည့်အနက် တောင်ဘက်မျက်နှာ၏ အရောင်သည် မြကဲ့သို့ စိမ်းလဲ့သော အရောင်ရှိသည် ဆိုသဖြင့် ထိုမြစိမ်းရောင်အရိပ်၏ ပြန့်နှံ့ရာ ဇမ္ဗူဒီပလက်ယာ တောင်ကျွန်းသည်လည်း စိမ်းသောအရောင်နှင့် ပြည့်စုံသည်ကို တွေ့မြင်ရလေသည်။

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ မာတလိနတ်သားက ဝေဇယန္တာရထားကို ဟိမဝန္တာတောင်ထိပ်သို့ မောင်းနှင်၍ ဟိမဝန္တာတောတောင် ပတ်ဝန်းကျင်များ၏ သာယာဆန်းကြယ်တင့်တယ်ပုံများကို မြင်စေ၏။ ထိုအခါ ဒုဿန္တမင်းသားသည် အထွတ်ပေါင်းများစွာ ငါးဖြာတောင်ရံ၊ အိုင်ကြီး ခုနစ်တန်တို့ဖြင့် တင့်တယ်သော ဟိမဝန္တာတောင်ကြီးကို မြင်ရာ လွန်စွာ အံ့သြခြင်း ဖြစ်ဘိ၍

မိတ်ဆွေမာတလိ၊ ပြာသာဒ်ဆောင်ပေါင်းများစွာတို့ဖြင့် ခြံရံအပ်သော နန်းတော်ကြီးပမာ အလွန်သာယာသော တောင်ကား အဘယ်တောင် ဖြစ်ပါသနည်း။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မာတလိက

အို အရှင်မင်းမြတ်၊ ဤတောင်သည်ကား မဟာသေလုတ္တမ တောင်များသနင်း ဟိမဝန္တာတောင်မင်းဖြစ်လေသည်။ ဤဟိမဝန္တာတောင်၌ အထွတ်ပေါင်း ရှစ်သောင်း လေးထောင် တို့သည် ပြာသာဒ်ဆောင်များကဲ့သို့ စွင့်၍ မြင့်လျက် တည်နေကြကုန်၏။ ထိုဟိမဝန္တာတောင်ကို 'သုဒဿနတောင်၊ စိတ္တကုဋတောင်၊ကာလာဂီရိတောင်၊ဂန္ဓမာဒနတောင်၊ ကေလာသတောင်' ဟုဆိုအပ်သော တောင်ကြီး ငါးတန်တို့သည် ခြံရံ၍ တည်ကြကုန်၏။ ထိုဟိမဝန္တာတောင် ပတ်လည်မှာ 'အနဝဒတ်အိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ကုဏာလအိုင်၊ ရထကာရအိုင်၊ သီဟပပါတအိုင်၊ မန္တာကိနီအိုင်၊ ဆဒ္ဒန်အိုင်' ဟူ၍ အိုင်ကြီး ခုနစ်အိုင်တို့လည်း ရှိလေသည်။ ဟိမဝန္တာတောင်မင်းကို ခြံရံသော တောင်ကြီး ငါးတန်တို့တွင် သုဒဿနတောင်သည် ရွှေအတိပြီး၏။ စိတ္တကုဋတောင်သည် ပုံသဏ္ဌာန်အားဖြင့် ကျေးနှုတ်သီးကဲ့သို့ရှိ၍ ရတနာခုနစ်ပါးဖြင့် ပြီး၏။ ကာလဂီရိတောင်ကြီးသည်ကား မဟူရာကျောက် နီလာကျောက်ကဲ့သို့ ညိုမှောင်သော အဆင်းရှိ၏။ ထိုတောင်ကို ဖောက်ထွင်း၍ ကြည့်သောအခါ မြရတနာအတိသာ ဖြစ်လေ၏။ ကေလာသတောင်ကြီးသည် တစ်ခဲနက် ငွေဖြင့် ပြီး၏။ ငွေတောင်ကြီးပေတည်း။ ဂန္ဓမာဒနတောင်ကြီးသည် နတ်တို့ စိုက်ပျိုးသကဲ့သို့ ဆေးပင်အမျိုးမျိုး

WWW.DHAMMARANSI.COM



တို့နှင့် ပြည့်စုံ၏။ အမြစ်နံ့သာ၊ အနှစ်နံ့သာ စသော နံ့သာမျိုး ဆယ်ပါးတို့ဖြင့် ပြွမ်း၏။ ထိုတောင်ထိပ်တွင် ရွှေဂူ၊ ငွေဂူ၊ ပတ္တမြားဂူ ဟူ၍ ရတနာဂူကြီးသုံးဖြာသည် သယံဇာတ ကမ္မာဓမ္မတာအားဖြင့် ဖြစ်ပေါ်၍နေ၏။ ပတ္တမြားဂူ၏ ရှေ့ဥပစာတွင် မဉ္ဇူသကမည်သော နတ်ပန်းပင်ကြီးရှိ၏။ ထို မဉ္ဇူသကပန်းပင်သည် တစ်မျိုးတည်းသော ပန်းတို့ကို ပွင့်စေသည် မဟုတ်။ အမျိုးမျိုးသော ပန်းတို့ကို ပွင့်စေ၏။ ထိုဂန္ဓမာဒနတောင်သည် များသောအားဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ စံရာဌာနပေတည်း။ ထိုတောင်ငါးလုံးမှ စီးကျသော ရေတို့သည် အနဝတတ်အိုင်သို့သာ ကျရောက် သက်ဝင်ကြလေကုန်၏။ အိုင်ကြီး ခုနစ်အိုင်တို့တွင် အနဝတတ်အိုင်သည် အထူးအဆန်းဆုံးသော အိုင်ကြီး ဖြစ်လေသည်။ ထိုအိုင်မှာ စောင်းတန်းအမျိုးမျိုး၊ မုခ်အမျိုးမျိုးတို့နှင့် ရေချိုးဆိပ်အမျိုးမျိုးတို့သည် အံ့သြဖွယ်ရာ ကမ္မာတည်စကပင်လျှင် သယံဇာတ အလိုလို ဖြစ်ပေါ်လာကြကုန်၏။

ထိုအိုင်ကြီး၏ လေးမျက်နှာတွင် ခြင်္သေ့၊ ဆင်၊ မြင်း၊ နွားခံတွင်းဟု ဆိုအပ်သော ပြွန်ကြီးလေးခု တို့သည်လည်း ရှိကုန်၏။ တောင်မျက်နှာ နွားခံတွင်းတည်းဟူသော ပြွန်မှ စီးဆင်းလာသောရေတို့သည် ဂင်္ဂါ၊ ယမုံနာ၊ အစိရဝတီ မဟီ၊ သရဘူဟုဆိုအပ်သောမြစ်ကြီးငါးသွယ်တို့ ဖြစ်ပြီးလျှင် တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း၏ တည်ရာ မဟာအိန္ဒိယ မဇ္ဈိမနယ်တွင်းသို့ စီးဆင်း သက်ဝင်လေသည်။ နွားခံတွင်းမှ ထွက်ရသော ရေကို အမှီပြုကြရသည့်အကြောင်းကို ဆင်ခြင်ထောက်ထားသောအားဖြင့်လဲ ရှေးအခါက စ၍ အိန္ဒိယတိုင်းသားတို့သည် နွားကို မိဘတို့သဖွယ် အကြီးအကျယ် ရိုသေကျိုးနွံကြလေ၏။ အနဝတတ်အိုင်၏ လေးမျက်နှာပြွန်လေးဖြာမှ ထွက်သောရေတို့သည် ထိုအနဝတတ်အိုင်ကြီးကို ခရ

ပတ် ဝက်အူရစ်သကဲ့သို့ လက်ျာရစ် သုံးပတ်စီ
စီးလေသောကြောင့် အနဝတတ်အိုင်ကြီးမှာ
တစ်ဆယ့်နှစ်ဆိုင်သော ရေမြောင်းတို့ဖြင့် ပတ်
ရစ်လျက် ရှိလေ၏။

ဟူ၍ အနဝတတ်အိုင်ကြီးအကြောင်းမှစ၍ အိုင်ကြီး ခုနစ်အိုင်တို့၏အကြောင်းများကို ပြောကြားပြသပြီးလျှင် ကောင်းကင်ယံမှ ဝေဇယန္တာရထားကို နှင်လေရာ ကျွန်းဦးဇမ္ဗူသပြေပင်သို့ ရောက်လေ၏။ ထိုအခါ ဒုဿန္တမင်းသားသည် အလွန်ကြီးကျယ်ဆန်းပြားသော ဇမ္ဗူသပြေပင်ကို ကြည့်၍

ဤသစ်ပင်ကြီးသည် အလွန်တရာ ကြီးကျယ်
လှစွာ၏။ မည်သည့်အပင် ဖြစ်လေသနည်း။

ဟူ၍ မေးလေရာ မာတလိနတ်သားက ပြောကြားသည်မှာ

ယခု မင်းကြီး တွေ့မြင်ရသော သစ်ပင်ကြီးကား
ဇမ္ဗူသပြေပင် ဖြစ်လေသည်။ ဤသပြေပင်
သည် အမြင့်အားဖြင့် ယူဇနာတစ်ရာရှိ၏။ မြေ
မှသည် အကိုင်းအခွတိုင်အောင် ယူဇနာငါးဆယ်
ရှိ၏။ ထိုအခက်အခွမှ အဖျားသို့တိုင်အောင်
ယူဇနာငါးဆယ်ရှိ၏။ လုံးပတ်သည် တစ်ဆယ့်
ငါး ယူဇနာ ရှိ၏။ ခက်မကြီးတို့သည် ယူဇနာ
ငါးဆယ်စီ ရှိကုန်၏။ မြထီးဝန်းဖြန့်ဘိသကဲ့သို့
စိမ်းညိုသောအရွက်တို့နှင့် ပြည့်စုံကုန်၏။ ထို
ဇမ္ဗူသပြေပင်၏ အသီးသည် လူတို့တီးသော
ဗုံကြီးမျှလောက်ရှိလေ၏။ ပျားလဘို့အရသာ
ကဲ့သို့ လွန်စွာချိုမြိန်၏။ ဈာန် အဘိညာဏ်ရ
သော ရသေ့ရဟန်းတို့နှင့် သိဒ္ဓိမြောက်ပြီးသော
ဝိဇ္ဇာဓော်ဂျီတို့သည် ထိုဇမ္ဗူသပြေသီးကို သုံး
ဆောင် စားသောက်ကြကုန်၏။ ထိုဇမ္ဗူ သပြေ
သီးမှ မျိုးဗီဇပြု၍ ဖြစ်သောရွှေကို 'ဇမ္ဗူရာဇ်
ရွှေ'ဟူ၍ ခေါ်ဆိုကြကုန်၏။ ဤသပြေပင်ကြီး
သည် ကမ္ဘာပတ်လုံး တည်နေ၏။ ဤလက်ျာ
တောင်ကျွန်း၏ အမှတ်တံဆိပ် နိမိတ်လက္ခဏာ
တံခွန်အောင်လံပမာ ဖြစ်သော သစ်ပင်ကြီးပေ

WWW.DHAMMARANSI.COM



တည်း။ ဤဇမ္ဗူသပြေပင်ကို အစွဲပြု၍ လက်ယာတောင်ကျွန်းကို "ဇမ္ဗူဒီပါကျွန်း" ဟူ၍ ခေါ်လေသည်။

ဤကဲ့သို့ ကမ္ဘာအထိမ်းအမှတ်ဖြစ်သော သစ်ပင်ကြီးတို့သည် ခုနစ်ပင် ရှိကုန်၏။ (အရှေ့ကျွန်းမှာ ကုက္ကိုပင်ကြီး၊ အနောက်ကျွန်းမှာ ထိန်ပင်ကြီး၊ မြောက်ကျွန်းမှာ ပဒေသာပင်ကြီး၊ ဂဠုန်ပြည်မှာ လက်ပံပင်ကြီး၊ အသူရာပြည်မှာ သခွပ်ပင်ကြီး၊ တာဝတိံသာနတ်ပြည်မှာ ပင်လယ်ကသစ်ပင်ကြီးတို့ ဖြစ်လေသည်)။

(ဟေမဝန်မြစ် တောရစ်တောင်ရေး ဆက်ရေးတည်နေ ကျွန်းဦးမြေဝယ် သပြေမှည့်ပြီး ပင်ကြီးလှတင့် အမြင့်ယူဇနာ တစ်ရာအမှတ် ချင့်ဆုံးဖြတ်သား လုံးပတ်ခန္ဓ ဧကံပဌတည့် ခက်မငါးသွယ် လျားငါးဆယ်ဖြင့် အောက်ဝယ်မြစ်ကြီးလေးစင်းစီး၏။ အသီးကြွေမြောက် ရွှေညွန့်ပေါက်၍ နောက်သမုဒ်မြစ် မျောနစ်သိန္ဓု ဇမ္ဗူနဒနွတ္ထခေါ်ထွေ ရွှေလည်းမည်ထွန်း ကျွန်းလည်းဇမ္ဗူ မော်ကွန်းတူ၏။ အသူရာနတ် သံခွပ်ဒုမရာဇ် ကသစ်ဝတိန် ထိန်ထိန်ရောင်ပြို့ ဂဠုန်မြို့ဝယ် မှို့လက်ပန်ပင် ရှေ့ခွင်နောက်မြောက်ပေါက်ရောက်ပွင့်လို့ ကုက္ကိုရိပ်ငြိမ် ထိန်ပဒေသာပမာဏပြု ရေတွက်မှုလဲ ဇမ္ဗူသပြေ ပင်ရိပ်ဝေနှင့် တုနေဖွဲ့စိတ် ပရိစ္ဆေဒ စံကေဖြင့် ကပ္ပဋ္ဌာယိတည်တိုင်းရှိ၏။ မရှိမတိုက် ကျောက်စိုက်ငါးကြိမ် သိမ်နုမိတ်ရပ် တိတိကတ်သော် ဝန်းပတ်ယူဇနာ ပြန်ကိုးရာဖြင့် မဟာမေဒနီ နှင်းဆီပြည့်ဖြိုး မုရိုးစည်တု ဇမ္ဗူ့ခဇ မြေများအစ်ကိုလယ်ဗဟိုဝယ် မင်္ဂဖိုလ်ညွန့်ဖူး ကွန့်ကွန့်မြူးသည်။ ဆွတ်ရှူးငါးမာရ် လွှင့်မှုန်တည်းဟူ၍ စပ်ဆိုသော လောကဝိဒူ မော်ကွန်းလင်္ကာသည် ဇမ္ဗူ့သပြေပင်အကြောင်းနှင့် သစ်ပင်ကြီး ငါးပင်ကို ဆိုသော စကားပင် ဖြစ်လေသည်။)

ထိုဇမ္ဗူ့သပြေပင်မှ ရှေ့သို့ ဝေဇယန္တာရထားကို မောင်းနှင်ပြန်ရာ သီတာခုနစ်တန်တို့ဖြင့် အဆင့်ဆင့်ခြံရံအပ်သော သတ္တရဘာန် တောင်စဉ်ခုနစ်ထပ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ဒုသျှန္တ မင်းသားစောင်းတန်း လှေကား ခုနစ်ဆင့်ကဲ့သို့ အညီအညွတ်မြင့်၍ မြင့်၍ တည်နေကြကုန်သော တောင်ခုနစ်လုံးတို့ကို တွေ့မြင်ရာ အလွန်တရာ အံ့သြဖွယ် ရှိသည်နှင့်

အဆွေ မာတလိ၊ ဤတောင်ခုနစ်ခုတို့သည် စောင်းတန်းလှေကားဆင့်ကဲ့သို့ မြင့်ကာမြင့်ကာ တက်ကြလေကုန်၏။ ထိုတောင်တို့၏ အကြားမှာ ကြည်လင်စွာသော ရေတို့ဖြင့် ပြည့်လျှံသော မြစ်ကြီး ခုနစ်တန်တို့ကိုလဲ တွေ့မြင်ရလေ၏။ ထိုမြစ်ခုနစ်တန် တောင်ရံ ခုနစ်လုံးတို့၏ အကြောင်းကို ကောင်းစွာ ပြောကြားပါလော။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မာတလိနတ်သားက ပြောကြားဖြေဆိုသည်မှာ

အရှင်မင်းမြတ်၊ တွေ့မြင်တော်မူရသော တောင်စဉ် ခုနစ်တန်တို့တွင် အစွန်ဆုံးကျ၍ အနိမ့်ဆုံးဖြစ်သော တောင်သည် အဿကဏ်တောင်မည်၏။ ထိုအဿကဏ်တောင်၏ အတွင်းဘက်က ထက်ဝက်မြင့်၍နေသော တောင်သည် ဝိနတကတောင်မည်၏။ ထိုဝိနတကတောင်၏ အတွင်းဘက်က ထက်ဝက်မြင့်၍နေသော တောင်သည် နေမိန္ဓရ တောင်မည်၏။ ထိုနေမိန္ဓရတောင်၏ အတွင်းဘက်က ထက်ဝက်မြင့်၍ နေသော တောင်သည် သုဒဿနတောင်မည်၏။ ထိုသုဒဿနတောင်၏ အတွင်းဘက်က ထက်ဝက်မြင့်၍ နေသောတောင်သည် ကရဝီက တောင်မည်၏။ ထိုတောင်၏အတွင်းဘက်က ထက်ဝက် မြင့်၍ နေသောတောင်သည် ဤသာရတောင်မည်၏။ ထိုတောင်၏ အတွင်းဆုံးကျ၍ အမြင့်ဆုံးဖြစ်သောတောင်ကြီးသည်ကား ယုဂန္ဓိုရ်တောင်မည်၏။ ဤယုဂန္ဓိုရ်တောင်ကြီးသည် သတ္တရဘာန် တောင်စဉ်ခုနစ်ထပ်တို့တွင် အမြင့်

WWW.DHAMMARANSI.COM



ဆုံးသောတောင် ဖြစ်လေသည်။ ဤ တောင်စဥ် ခုနစ်ထပ်တို့ကြားတွင် ကြည်လင်သောရွှေဖြင့် ပြည့်လျှံသည့်မြစ်ကြီးခုနစ်ဖြာကိုသီတာသမုဒ္ဒရာ ဖြင့် ခေါ်ဆိုအပ်ပေသည်။ ထိုသီတာရေသည် အလွန်အေးမြစွာနှင့် အလွန်တရာ ကြည်လင် သိမ်မွေ့၏။ ဥဒေါင်းမွေးနုတို့ပင်သော်လည်း ထိုသီတာရေအပြင်မှာ မျောတင်၍ မနေနိုင်ကြကုန်။ အောက်သို့သာ နစ်မြုပ်၍ သွားကြကုန်၏။ ထိုသီတာသမုဒ္ဒရာ၌ ရှိသောရေသည် ရေငန် မဟုတ်၊ ရေချိုတို့သာဖြစ်ကုန်၏။ ထိုသီတာရေချိုများကို အခြားရေတို့နှင့် မရော မနှောရလေအောင် ကမ္ဘာဦးက ဓာတ်ဖန်ဆင်း၍ ထားသည်ပမာ တောခုနစ်ဖြာတို့သည် တံတိုင်းကြီး ပမာ ကာရံလျက် ရှိကြလေကုန်၏။ ဤတောင်စဥ်ခုနစ်ထပ်နှင့် သီတာခုနစ်တန်တို့သည် ဤဇမ္ဗူဒီပါ တောင်ဘက် လက်ယာကျွန်းမှသာ ရှိသည် မဟုတ်။ မြင့်မိုရ်တောင်ကြီးကို ပတ်ဝိုင်း၍ တည်နေကြကုန်သောကြောင့် လေးကျွန်းလုံးမှာပင် ရှိကြလေကုန်၏။ သိကြားမင်း၏ စံရာမဟာမြင့်မိုရ်တောင်ကြီးသည် ကျုံးခုနစ်တန်တို့ဖြင့် ရံဝိုင်းအပ်သောမြို့ကြီးကဲ့သို့ သီတာသမုဒ္ဒရာခုနစ်တန် သတ္တရဘာန် တောင်စဥ်ခုနစ်ထပ်တို့ဖြင့် ရံပတ် ဝိုက်သိုင်းလျက် ရှိနေသည်။

ဟူ၍ ဆိုပြီးလျှင် ယုဂန္ဓိုရ်တောင်ထိပ်ဖျားတွင် ဝေဇယန္တာရထားကို ခေတ္တရပ်ဆိုင်း၍ တဖန်မာတလိနတ်သားက ပြောပြန်သည်မှာ

အိုဒုသျန္တမင်းမြတ်၊ ဤယုဂန္ဓိုရ်တောင်သည် မြင့်မိုရ်တောင်မင်း၏ ထက်ဝက်ခုလပ် ခါးပတ်သတ်ဖြစ်သောတောင် ဖြစ်လေသည်။ ဤတောင်၏ အမြင့်ယူဇနာပေါင်းမှာ လေးသောင်းနှစ်ထောင်ရှိ၏။ ထိုယုဂန္ဓိုရ် တောင်ထိပ်အပြင်သည် စတုမဟာရာဇ်နတ်တို့၏ နေရာဌာနဖြစ်လေ၏။ စတုမဟာရာဇ်နတ်ဘုံ ဆိုသည်မှာလည်း ဤယုဂန်တောင်ထိပ်ကိုပင်လျှင် ဆိုရလေသည်။ မကြာမီကာလက ပွင့်တော်မူလေသောဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဥ်အခါ ခုနစ်ဝါမြောက်တွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ဖြူပင်တွင် ယမိုက်ပြာဋိဟာများကို ပြတော်မူပြီးသည့်အဆုံး တာဝတိံသာသို့ ဝါဆိုရန် နှစ်လှမ်း၊သုံးဖဝါးမျှနှင့် ကြွတော်မူသည့်အခါ ဤယုဂန္ဓိုရ်တောင်ထိပ်ပေါ်မှာ ခြေဖဝါးတော်တစ်လှမ်းကို ချတော်မူဖူးလေသည်။ ထိုသို့လှမ်းကြွတော်မူစဥ်အခါက ချတော်မူသောခြေရာတော်များသည် ယခုထက်တိုင်အောင်ပင် ထင်ရှားစွာ ရှိလေသေး၏။ ထိုခြေတော်ကား လက်ယာဘက်ခြေတော်ဖြစ်လေသည်။ယုဂန္ဓိုရ်တောင်မှာ ရှိလေသောကြောင့် လူ့ဘုံသားတို့ မသိရှာကြလေကုန်။ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်သောနတ်တို့သာလျှင် သိရှိကြ၍ အမြတ်တနိုး ကိုးကွယ်ပူဇော်ကြရာသည်။

ဟု ပြောဆိုပြီးလျှင် ယုဂန္ဓိုရ်တောင်ထိပ်အပြင်မြအတိပြီးသောကျောက်ဖြင့် အပြင်တွင် စက်လက္ခဏာတို့ဖြင့် အထင်အရှား ရှိနေသော မြတ်စွာဘုရား၏ လက်ယာခြေတော်ရာကို ညွှန်ပြလေ၏။ ထိုအခါ ဒုသျန္တမင်းသားသည် မြတ်စွာဘုရား၏ ခြေတော်ရာကို တစ်ရံတစ်ခါမျှ မဖူးမမြော်ရဖူးသည်နှင့် ကြည်နူးဝမ်းမြောက် သဒ္ဓါတရားပေါက်လှ၍ အောက်၌ ပါသောဂါထာဖြင့် ဝန္ဒနာပြုလေသတည်း။

နမာမိ ဒက္ခိဏံ ပါဒံ။
မဏိပိဋ္ဌေ ယုဂန္ဓရေ။
အက္ကန္တံ ဘဂဝန္တ သာ။
ဂစ္ဆတော တိဒသာလယံ။ ။

တိဒသာ လယံ– တာဝတိံသာနတ်ပြည်သို့၊ ဂစ္ဆတော– ဝါဆိုရန်အတွက်နှင့် တက်ကြွတော်မူစဥ်၊ ယုဂန္ဓရေ– ယုဂန္ဓိုရ်တောင်ထိပ်၌၊ မဏိပိဋ္ဌေ– မြကျောက်ဖျာအပြင်ထက်၌၊ အက္ကန္တံ– နင်းချတော်မူခဲ့သော၊ ဘဂဝန္တ သာ၊– ဘုန်းတော့်သခင် ဘုရားရှင်၏၊ ဒက္ခိဏပါဒံ– လက်ယာခြေတော်ရာကို၊ အဟံ– အကျွန်ုပ်သည်၊ နမာမိ– ရိုသေမြတ်နိုး ရှိခိုး ပူဇော်ပါသတည်း။

WWW.DHAMMARANSI.COM



ဤသို့ ရှိခိုးပူဇော်၍အပြီးတွင် မကြုံစဖူး ထူးဆန်းသော ခြေတော်ရာကို ရှိခိုးပူဇော်ရသော ကုသိုလ်ထူးကြောင့် မိမိအလိုရှိသောအရာများကို ဆုတောင်း၍ ကုသိုလ်အဖို့ကို အမျှဝေမည့်ဆဲဆဲတွင် ဘုရားခန့် သကုဏ္ဍာလမင်းသမီး၏ မျက်နှာကို စိတ်ထဲက ထင်မြင်လာ၏။ ထိုအခါတွင် အောက်ဦ့ပါသော ဂါထာဖြင့် ဆုတောင်း ပတ္ထနာပြုလေသတည်း။

ဝိသေသ ပုည ကမ္မေန။
သကုဏ္ဍလာဘိ ရူပိယာ။
သင်္ဂမာမိ သီဃံ စိရံ။
မောဒါမိ သဟတာဟ ဟံ။

ဝိသေသ ပုညကမ္မေန- ထူးမြတ်သော ဤ ကုသိုလ်ကံကြောင့်၊ သကုဏ္ဍလာဘိ ရူပိယာ- လွန်စွာ အဆင်းလှသော သကုဏ္ဍလ မင်းသမီးနှင့်၊ သီဃံ- လျင်မြန်စွာ၊ သင်္ဂမာမိ- ပေါင်းဖက်တွေ့ဆုံရပါစေ လို၏။ စိရံ-ရှည်မြင့်စွာသော ကာလပတ်လုံး၊ အဟံ- ငါသည်၊ သဟံ- အတူတကွ၊ မောဒါမိ- မွေ့လျော် ပျော်ပါးရပါစေသတည်း။

ဤသို့ ဆုတောင်းပတ္ထနာပြုပြီးလျှင် ကောင်းကင်အပြင်သို့ လှည့်၍ ကြည့်လေရာ ယုဂန္ဓိုရ်တောင်ထိပ်နှင့် ညီမျှသောလမ်းခရီးမှာ နေ,လ,နက္ခတ်, တာရာတို့ သွားလာလျက် ရှိကြသည်ကို ဒုသျှန္တ မင်းသား ထင်ရှား ကောင်းမွန်စွာ တွေ့မြင်လေ၏။ ထိုသို့ တွေ့မြင်လေရာ အလွန်တရာ အံ့သြခြင်းဖြစ်လျက် ဒုသျှန္တ မင်းသားက ထို နေ,လ,နက္ခတ်တို့၏ အကြောင်းအရာများကို မေးမြန်းလေ၏။

ထိုအခါ မာတလိနတ်သားက အကျဉ်းအားဖြင့် ပြောကြားသည်မှာ

လူ့ပြည်က တွေ့မြင်ကြရသော နေ,လ, နက္ခတ်, တာရာတို့သည်ကား ကမ္ဘာ့နိယာမအားဖြင့် အာဒိကပ္ပ ကမ္ဘာဦးကစ၍ ဖြစ်ပေါ်လာကြပြီးလျှင် ကောင်းကင်အပြင်မှာ မြင့်မိုရ်တောင်ကြီးကို လက်ယာရစ်ပတ်၍ လည်လျက် ရှိနေကြကုန်သည်။

ထိုနေ,လ,နက္ခတ်, တာရာများမှာ ကမ္ဘာပတ်လုံး တည်ရှိသော နတ်ဘုံဗိမာန်ကြီးတို့သာ ဖြစ်ကုန်၏။ မည်သည့်အခါကာလမှာမှ ရပ်တန့်ဆုတ်နစ်ခြင်းမရှိဘဲ ထာဝရလည်သော ရဟတ်များကဲ့သို့ မရပ်မနား လှည့်လည်လျက် ရှိကြလေသည်။ ဝေးကွာသော လူ့ပြည်က ရှုကြည့်ရာ လွန်စွာသေးငယ်သော်လဲ ထိုနေလ နက္ခတ်တို့သည် ပကတိအားဖြင့် များစွာ ကြီးကျယ်လေ၏။ နေသည် အလွန်ကြီးမား၍ ပူပြင်းသော ဥဏှာဓာတ်ငွေ့ကို ဆောင်လေ၏။ လ သည်ကား အေးမြသော ရောင်ခြည်၏သခင် ဖြစ်လေသည်။ ရှေးခေတ်အခါ ဈာန်သမာပတ် နှင့် ပြည့်စုံသော လောကီဈာန်ပျံ ရသေ့တို့သည် ထိုနေ,လ, နက္ခတ် တာရာတို့၏ အကြောင်းကို ကောင်းစွာ ရှုဆင်ခြင်ကြပြီးလျှင် ဗေဒင်ကျမ်းများကို ရေးသားကြလေကုန်၏။ လူတို့၏ ကောင်း,မကောင်း (သုဘာသုဘ)နိမိတ်များကို နေနက္ခတ်တာရာတို့၏ သွားလာတည်နေဟန်အားဖြင့် ဟောကြားကြလေကုန်၏။ နေကို တနင်္ဂနွေဂြိုဟ်၊ လ ကို တနင်္လာဂြိုဟ်စသည်ဖြင့် သမုတ်၍ ဂြိုဟ်ခုနစ်လုံးနှင့်တကွ အဿဝဏီ, ဘရဏီ စသော နက္ခတ်၂၇-လုံးတို့ကိုလဲ သမုတ်ပိုင်းခြားလေ၏။ ထိုဂြိုဟ်နက္ခတ်တို့မှ တစ်ပါး အနန္တ များပြားသော ကြယ်တို့ကို တာရာဟူ၍သာလျှင် ခေါ်ဆိုသမုတ်ကြလေသည်။ ထိုဂြိုဟ် နက္ခတ် တာရာတို့သည်လဲ ကုသိုလ်ရှင် ဖြစ်၍ ဘုန်းကံကြီးမားသောသူတို့၏ ဘုံဗိမာန် တို့သာလျှင် ဖြစ်ကြလေကုန်သည်။ ထိုဂြိုဟ် နက္ခတ် တာရာတို့တွင် နေနှင့်လသည် လူတို့၏ အားကိုးမှီခိုရာ အရှင်သခင် မိဘများသဖွယ် ဖြစ်ကြကုန်၏။ နေသည် ပူသော ဥဏှာ အငွေ့ဓာတ်ဖြင့် ကမ္ဘာလောကကြီးကို ချက်ပြုတ်၊ ပေါင်းနွေးခြင်း အလုပ်ကို ပြုလုပ်ဆောင်လျက် ဥတုရာသီ အမျိုးမျိုးကို ဖြစ်စေတတ်၏။

WWW.DHAMMARANSI.COM



လသည် အေးမြသောအရောင်ဖြင့် လူများကို ဖျော်ဖြေပြီးလျှင် မာသ, ပက္ခ, ဝသ္သ စသော တစ်လ, လဆန်း, လဆုတ်,နှစ်များကို ပိုင်းခြား ပြုလုပ်လေသည်။ နေသည် လောက၏ အဘ သဖွယ်ဖြစ်၍ လသည်လောက၏ အမိသဖွယ် ဖြစ်လေသည်။

ဟူ၍ နေလနက္ခတ် တာရာတို့အကြောင်းများကို ပြောကြားပြီးလျှင် ရထားကို အထက်သို့နှင်လေရာ ဒုဿန္တမင်းသားသည် မြင့်မိုရ်တောင်၏ အာလိန်ငါးဆင့်တို့ကို ရထားထက်မှာ တွေ့မြင်လေ၏။ ထိုအခါ ဝေဇယန္တာရထားမှူးဖြစ်သော မာတလိနတ်သားကို

အပြန့်ပြန့် ငါးတန်းစီ ဖြစ်၍နေသော အဆင့်တို့ကို မည်သို့ခေါ်ဝေါ်ပါသနည်း။

ဟူ၍ မေးမြန်းလေ၏။

ထိုအခါ မာတလိနတ်သားက

ယခု အရှင်မင်းကြီး မြင်တော်မူသောအရာသည် မြင့်မိုရ်တောင်မင်း၏ ငါးဆင့်သော အာလိန်တို့ ဖြစ်လေသည်။ အာလိန်ဆင့် တစ်ပြန့်တစ်ပြန့်၏ အကျယ်သည် ယူဇနာ ငါးရာရှိ၏။ ထိုအာလိန် ငါးဆင့်တို့တွင် အောက်ဆုံး ဖြစ်သော ပထမ အာလိန်ဆင့်မှာ နဂါးတို့စောင့်ရှောက်ကြလေသည်။ ဒုတိယအာလိန်ဆင့်မှာ ဂဠုန်တို့ စောင့်ရှောက်ကြလေ၏။ တတိယ အာလိန်ဆင့်မှာ ကုမ္ဘာဏ်တို့စောင့်ရှောက်ကြလေ၏။ စတုတ္ထ အာလိန်ဆင့်မှာ နတ်ရက္ခိုက်တို့ စောင့်ရှောက်ကြလေကုန်၏။ ပဥ္စမ အာလိန်ဆင့်မှာ စတုမဟာရာဇ် နတ်မင်းကြီးတို့ စောင့်ရှောက်ကြလေကုန်၏။

ဟူ၍ ဖြေကြားရာတွင် ဒုဿန္တမင်းမြတ်က

ထိုကဲ့သို့ အာလိန်ငါးဆင့်မှာ တပ်ကြီးငါးရပ်ကဲ့သို့ နိစ္စပါတ် စောင့်ရှောက်ကြရသည်မှာ မည်သည့်ဘေးအန္တရာယ်ကို ကာကွယ်ရန် စောင့်ရှောက်ကြရသနည်း။

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မာတလိနတ်သားက ခြားနားစွာ ဖော်ပြပြောဆိုသည်မှာ

အရှင်မင်းမြတ် နားစိုက်တော်မူပါ။ တာဝတိံသာ နတ်ပြည်၌ တည်ရှိသော သုဒဿကြာနန်းအယုဇ္ဈ နတ်နန်းသည် သိကြားမင်း၏ စံမြန်းရာ ဒေသ ဖြစ်ပါသည်။ ထိုနတ်မြို့သည် မြင့်မိုရ်တောင်၏ ထိပ်အပြင် ယူဇနာ တစ်သောင်း အပြန့်တွင် တည်ရှိလေ၏။

ထိုနေရာသည် ပထမရှေးဦးစွာ (ယခု သိကြားမင်း နှင့် စစ်ဖြစ်သော) အသူရာတို့၏ နေရာဌာန ဖြစ်လေသည်။ ထိုအသူရာတို့သည် တာဝတိံသာ နတ်ပြည်နှင့် မထိုက်တန်အောင် သေရည်သေရက် သောက်စားခြင်းကို များစွာ ကျူးလွန်ကြ၍ ရှည်ကြာ လေးမြင့်စွာ ပမာဒတရားဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြခြင်းကြောင့် နောက်၌ ဖြစ်လာသော သိကြားသစ်က အသူရာတို့ကို မြင့်မိုရ်တောင်ထိပ်မှ မောင်းနှင်၍ ချလိုက်ရာ ယခုအခါ မြင့်မိုရ်တောင်၏ အောက်တည့်တည့် ယူဇနာ တစ်သောင်းပြည့်၍ သခွတ်ပန်းအထိမ်းအမှတ်ရှိသော နေရာ၌ အသူရာပြည် ဖြစ်၍ တည်ကြလေသည်။ ထိုအသူရာတို့သည် သခွတ်ပွင့်ချိန်အခါတွင် သူတို့ မူလနေရာဖြစ်၍ ပင်လယ်ကသစ်ပင်ကြီးဖြင့် တင့်တယ်သောတာဝတိံသာမှ လျှောကျ သက်ဆင်းခဲ့ကြရသည်ကို စိတ်မကျေမနပ်နိုင်သောကြောင့် နှစ်စဉ်ကဲ့သို့ပင် စစ်ဆင်၍ တာဝတိံသာ နတ်ပြည်ကို တိုက်ခိုက်ရန် အားထုတ်ကြလေ၏။ ထိုအသူရာတို့၏ ရန်စစ်ကို တားမြစ်ဆီးဆို့စေရန် အမှတ်အားဖြင့် အာလိန်ငါးရပ်မှာ ခံတပ်ကြီးငါးခုသဖွယ် အစွဲအမြဲ ထားရလေ၏။ တစ်ရံတစ်ခါ အသူရာတို့ စစ်တပ်က အားအင်ကြီးမားခိုက် တာဝတိံသာနတ်တို့က ဝီရိယ လျော့ခိုက်နှင့်ကြုံကြိုက်သည့်အခါတွင် အာလိန် ငါးရပ်မှာရှိသည့် ခံတပ်ငါးခုတို့ကို အောင်နိုင်၍

WWW.DHAMMARANSI.COM



တာဝတိံသာနတ်ပြည်သို့တိုင်တိုင် စစ်ဦး ရောက်ဆိုက်၍ လာချေ၏။ တစ်ရံတစ်ခါမှာမူကား အာလိန်ငါးရပ်က ခံတပ်ကြီးငါးခုကိုမျှ ပေါက်အောင် မတိုက်နိုင်ဘဲ အသူရာတို့ စစ်လန်၍ သွားကြရကုန်၏။ သို့ရာတွင် မည်သည့်အခါမှာမှ တာဝတိံသာနတ်မြို့ကို အသူရာတို့က နိုင်သည်ဟူ၍ မရှိနိုင်ဘဲ ရှုံးမြဲတိုင်းသာ ရှုံးကြလေသည်။ ယခုအခါ အရှင်မင်းမြတ်ကို စစ်ကူတောင်းလာရသည်မှာလဲ အသူရာတို့၏ စစ်သည်အင်အားက ကြီးမားလှလေသောကြောင့်သာ ဖြစ်ပါသည်။ တာဝတိံသာနတ်ပြည်တွင် ဖြစ်နေရငြားသော်လည်း အလုံးစုံကြောင့်ကြမဲ့နေကြရသည် မဟုတ်ပါ။ သိကြားမင်းကြီးကိုယ်တိုင်ကစ၍ ဝီရိယ ထက်သန်စွာနှင့် အခါမလင့် ကြိုးစားအားထုတ်၍သာ နေရပါသည်။ ဝီရိယဆိုသည်မှာ အလုံးစုံသောသတ္တဝါတို့၏ အတွင်းဥစ္စာအစစ် ဖြစ်ပါသည်။ အလုံးစုံသော စည်းစိမ်ချမ်းသာဟူသမျှတို့ကို ဝီရိယဖြင့်သာလျှင် ရင်းနှီး၍ ယူကြရပါသည်။ ထို့ကြောင့် ဝီရိယကို သုခ၏အရင်းအနှီးဟူ၍လဲ ဆိုရပါသည်။ ဝီရိယအရင်းအနှီးကို မစိုက်ထုတ်ပါက မည်သည့် ချမ်းသာသုခကိုမျှ မရနိုင်၊ ဝီရိယမည်သည် ကိုယ်တိုင်လုပ်ကိုင် ကြိုးစားရသောတရားမျိုး ဖြစ်သောကြောင့် သတ္တဝါတို့က ဝီရိယ အမှုများကို ဒုက္ခဟူ၍ ထင်မြင်ကြလေသည်။ထိုသို့ ဒုက္ခဟူ၍ ထင်မြင်သည့်အတွက်ကြောင့် အားမထုတ်ရမည့်အရာများကို ကြိုးစားခြင်း၊ အားထုတ်ရမည်ကို လစ်လပ်ခိုကပ် ပျင်းရိခြင်း ပြုတတ်ကြကုန်၏။ ပျင်းရိ ခိုကပ်လျှင် ဝီရိယ ဓာတ်အားလျော့စွာနှင့် ပေါ့ပေါ့တန်တန် နေခြင်းသို့သာ ရောက်တတ်လေ၏။ ထိုသို့ ပေါ့ပေါ့တန်တန်နေသည့်အခါ ချမ်းသာနှင့် ကျော ခြင်းကပ်၍ ပြေးဘိသည်ပမာ ကြာလေကြာလေ သုခနှင့်ဝေးကွာတတ်လေသည်။ စင်စစ်အားဖြင့် ဆိုသော် ဒုက္ခဖြင့် နှီးရင်းမှ ချမ်းသာခြင်းအကွက်ကောင်းကို နင်းမိနိုင်သည်။ မမေ့မလျော့ခြင်းတည်းဟူသော အပ္ပမာဒတရားသည် ဝီရိယ၏ မိတ်ဆွေကြီးဖြစ်လေ၏။ အပ္ပမာဒတရားဓာတ်ရှိမှလဲ ဝီရိယအစွမ်းသန်သည်။ အပ္ပမာဒဓာတ်ခံနည်းပါး၍ ပေါ့လျော့စွာ နေလေ့ရှိသူမှာ ဝီရိယမသန်စွမ်းနိုင်ချေ။ ကျွန်ုပ်တို့အရှင်သခင် နတ်တို့ဘုရင်ဖြစ်သော သိကြားမင်းသည်လဲ မမေ့မလျော့သော အပ္ပမာဒတရားနှင့် ဝီရိယကို မွေးမြူသောကြောင့်သာလျှင် နတ်တို့၏ အထွတ်အထိပ်သို့ ရောက်တော်မူလေသည်။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓရှင်တော်ဘုရားက သိကြားမင်းကို ရည်စူး၍

အပ္ပမာဒေန မဃဝါ။
ဒေဝါနံသေဋ္ဌတံဂတော။

ဟူသော ဒေသနာကို ဟောတော်မူခဲ့လေသည်။

အနက်ကား။ မဃဝါ– သိကြားမင်းသည်၊ အပ္ပမာ ဒေန– မမေ့လျော့ခြင်းကြောင့်၊ ဒေဝါနံ– နတ်အပေါင်း တို့၏၊ သေဋ္ဌတံ– မြတ်သည်၏ အဖြစ်သို့၊ ဂတော– ရောက်လေ၏။

ဤကဲ့သို့ အပ္ပမာဒနှင့် ဝီရိယကောင်းမွန်ထက်သန်၍ တာဝတိံသာ နတ်ပြည်ကို အစိုးရတော်မူသော သိကြားမင်းသည် သုဓမ္မာနတ်သဘင် အစည်းအဝေးများမှာ ဝီရိယ ထက်သန်ကြဖို့ရာ များစွာ ဟောပြောတော်မူလေ့ရှိပါသည်။ သိကြားမင်း၏ သားတော် ဖြစ်သော သုသိမနတ်သား၊ သုဝိရနတ်သားတို့သည်လဲ ပျင်းအားကြီးကြသည်နှင့် ဝီရိယသမားကြီး ဖြစ်တော်မူသော သိကြားမင်း၏ အလိုသို့ မကျနိုင်ဘဲပင် ရှိကြလေကုန်သည်။ အသူရာတို့၏ စစ်တပ်များသည် အာလိန်ငါးဆင့်ကို ကျော်လွန်၍ တက်လာသောအခါမှာသော်ပင် ပျော်ရွှင်မေ့လျော့စွာနှင့် ဂရုမစိုက်ဘဲ ပျင်းရိစွာ နေတတ်ကြကုန်၏။ ထိုသို့ ဖြစ်လေသောကြောင့်

WWW.DHAMMARANSI.COM



သိကြားမင်းက သားတော်သုသိမကို မြည်တွန်လိုသောစိတ်ဖြင့်

အနုဋ္ဌဟံ အဝါယာမံ။
သုခံ ယတြာဓိဂစ္ဆတိ။
သုသိမ တတ္ထ ဂစ္ဆာဟိ။
မမဉ္စ တတ္ထေဝ ပါပယ။

ဟူသော ဂါထာဖြင့် ကြိမ်းမောင်းတော်မူလေ့ရှိလေသည်။

အနက်ကား။ သုသိမ – သားတော်သုသိမ၊ ယတြ–အကြင်အရပ်ဒေသ၌၊အနုဋ္ဌဟံ– ထကြွလုံ့လ မရှိလေဘဲ၊ အဝါယာမံ– အား မထုတ်ရလေဘဲ၊ သုခံ– ချမ်းသာကို၊ အဓိဂစ္ဆတိ– ရလွယ်နိုင်၏။တတ္ထ– ထိုအားမထုတ်ဘဲ စည်းစိမ်ချမ်းသာကို ရလွယ်သောအရပ်ဌာနသို့၊ ဂစ္ဆာဟိ–သွားချေလော့။ မမဉ္စ–ငါသိကြားကိုလည်း၊ တတ္ထေဝ– ထို ဝီရိယအစွမ်းမကူးရဘဲ ကြည်ဖြူချမ်းမြစွာ သုခရသောဌာနသို့သာလျှင်၊ ပါပယ– ပို့စမ်းပါလော။

ဤကဲ့သို့ လောကအကြောင်း၊ ဓမ္မအကြောင်းများကို ပြောဆိုရင်း ရထားကို မောင်းနှင်ရာ မြင့်မိုရ်တောင်ထိပ်မှာ တည်ရှိသော တာဝတိံသာ နတ်ပြည်သို့ ဝေဇယန္တာရထားဦး ဆိုက်ကပ်မိလေသတည်း။

ထိုအခါ ဒုသျှန္တမင်းသည် အလွန်တရာ ဆန်းကြယ်သော တံခါးမုခ်ကို မြင်လေသည်တွင် အံ့ဩစွာနှင့် မေးမြန်းလေ၏။ မာတလိနတ်သားက

အရှင်မင်းမြတ်၊ ယခုမြင်ရသော အရာသည် ဒေဝါနမိန် ဝတိံသနင်း သိကြားမင်း ဝင်တော်မူရာ မင်္ဂလာရှိသော စိတ္တကူဋတံခါး ဖြစ်ပေသည်။

ဟူ၍ ပြောကြားပြီးလျှင်

အရှင်မင်းမြတ် ရထားမှ သက်တော်မူလော။ ဤတံခါးမုခ်မှ ဝင်၍ တာဝတိံသာ နတ်ကြငှန်းသို့ ကြွလှမ်းတော်မူရပါတော့မည်။

ဟူ၍ ပြောကြားပြီးလျှင် မာတလိနတ်သားနှင့်တကွ ဒုသျှန္တမင်းသည် ဝေဇယန္တာရထားမှ သက်ဆင်းလေ၏။ ထိုအခါ ဒုသျှန္တမင်းသား ကြွရောက်တော်မူလာမည်ဟု သိနှင့်ကြပြီးဖြစ်သော တာဝတိံသာနတ်များအပေါင်းတို့သည် သိကြားမင်းနှင့်တကွ ကြီးကျယ်စွာ ကြိုဆိုကြရန် စီမံ၍ အသင့်ထားရှိပြီးရှိလေ၏။ ဒုသျှန္တမင်းသားသည် ဝေဇယန္တာရထားမှ သက်ဆင်း၍ စိတ္တကူဋ တံခါး၀သို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် သိကြားမင်း၏ ဝရဇိန်လက်နက်ကို အချက်ပေါင်းများစွာ ပစ်ခတ်ကြကုန်၏။ တံခါးအဝင်ဝ၌ အထောင်မကသော နတ်သမီးကညာတို့သည် ရတနာပန်းတော်ကို **ကိုယ်စီကိုယ်စီ** ကိုင်ကြ၍ မန္ဒာဝရနတ်ပန်း၊ကက္ကရူပနတ်ပန်း၊ ပင်လယ်ကသစ်ပန်း၊ အာသာဝတီ နွယ်နီနတ်ပန်း စသည်တို့ဖြင့် ကြိုမြှောက်ပြီးလျှင် သာယာသော နတ်သီချင်းတို့ကို မြွက်ဆို ကျူးအိမ့် နတ်အငြိမ့် ဆင်ယင်ကြလေကုန်၏။ ဂန္ဓဗ္ဗနတ်အပေါင်းတို့ကလည်း စည်စောင်းညှင်းပတ်သာ နတ်တူရိယာတို့ကို တီးမှုတ်ကြလေကုန်၏။ အချို့သော နတ်သမီး နတ်သားတို့ကလည်း အလွန် မွှေးကြိုင်သော နတ်ရေစင်တို့ကို တဖွဲဖွဲ ဖြန်းပက်ကြကုန်၏။ နတ်ပန်းတို့ဖြင့် ဖြန့်ခင်းအပ်သော နူးညံ့ သိမ်မွေ့ အတွေ့ကောင်းမွန်သည့် နတ်လမ်းခရီးဖြင့် ဒုသျှန္တမင်းသားကို ဆောင်ကြဉ်းကြိုဆို၍ လာခဲ့ရာ လွန်စွာကြီးကျယ်သော နတ်သဘင်အစည်းအဝေးသို့ ဆိုက်ရောက်လေသတည်း။ ထိုသို့ ကြိုဆိုခြင်းမှာ အသူရာစစ်ကို နိုင်၍ ပြန်သည့်အခါ သိကြားမင်းကို ကြိုဆိုသောနည်းအတိုင်းပင် ဖြစ်လေသည်။

နတ်သဘင် အစည်းအဝေးသို့ ရောက်လေသောအခါ သိကြားမင်းသည် အလွန်တရာ မြင့်မြတ်လှစွာသော နေရာထက်၌ ဒုသျှန္တမင်းသားနှင့် အတူတကွ ထိုင်နေစံပယ်ပြီးလျှင် ချီးမွမ်း အံ့ဩသောစကားကို များစွာ ပြောဆိုတော်မူလေ၏။ နတ်များ

WWW.DHAMMARANSI.COM



အပေါင်းတို့ကလည်း ထို့အတူပင်လျှင် ပြောဆိုကြလေကုန်၏။

ထို့နောက် သိကြားမင်းက ဖိတ်ကြား ပြောဆိုသည်မှာ

အရှင်မင်းမြတ်သည် နတ်ပြည်၌ရှိသော စည်းစိမ်ချမ်းသာကို ခံစားလိုပါလျှင် လူ့ပြည်သို့ ပြန်ကြွတော်မမူဘဲ ဤတာဝတိံသာ နတ်ပြည်၌သာလျှင် ရပ်တည်နေထိုင်တော်မူပါလော။

ဟု ဖိတ်ကြားလေ၏။ (ထိုအခါ ဒသ္သန္တ မင်းသားသည် လူ့ဘုံသား ဖြစ်သည့်အတွက် ဘဝတဏှာ ဆွဲဆောင်လျက် ရှိနေသောကြောင့် နတ်ပြည်မှာ ကြာရှည်စွာ ခံစားလိုစိတ် မရှိချေ။ လူ့ပြည်သို့သာ ပြန်လိုသော စိတ်ရှိလေ၏။ အလွန်တရာ လှပယဉ်ကျေးသော နတ်သမီးတို့ကို တွေ့မြင်ရသော်လည်း ထိုနတ်သမီးတို့အပေါ်မှာ များစွာ စွဲလမ်းသောစိတ် မရှိချေ။ သူ ချစ်ခင် စွဲလမ်းရင်းရှိနေသော သကုဏ္ဍလ မင်းသမီးကိုသာ မပြတ်သတိရ၍ နေလေ၏။ သကုဏ္ဍလမင်းသမီးသည် နတ်မျိုးနတ်နွယ် ဖြစ်သောကြောင့် တာဝတိံသာနတ်သမီးတို့နှင့် ခပ်ဆင်ဆင် အသွင်တူလျက်ပင် ရှိလေ၏။ ထိုကြောင့် တာဝတိံသာနတ်သမီးတွေကို မြင်ရတိုင်း သကုဏ္ဍလမင်းသမီးကိုသာ လွမ်းတသောစိတ် ဖြစ်မိလေသည်)။ ထို့နောက် ဒသ္သန္တ မင်းသားက ပြန်ကြား ပြောဆိုသည်မှာ

အရှင်သိကြားမင်း၊ ဤကဲ့သို့ ဖိတ်ကြားသည်ကို များစွာ ကျေးဇူးတင်ပါသည်။ သို့ရာတွင် ဤတာဝတိံသာ နတ်ပြည်ဆိုသည်မှာ ရှေးကုသိုလ်ကံကြီးမား၍ ဥပပါတ်ပဋိသန္ဓေအားဖြင့် ဖြစ်လာကြသော နတ်တို့သာ နေခြင်းငှာ ထိုက်သော ဘုံဌာန ဖြစ်ပေသည်။ ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေကြသော ကျွန်ုပ်တို့လူသားများ နေထိုင်ရန် သင့်လျော်သော ဘုံဌာန မဟုတ်ပါ။ သို့အတွက် ကျွန်ုပ်သည် လူ့ပြည်ဌာနသို့ ပြန်သွားပြီးမှ နတ်ရွာသို့ ရောက်ကြောင်း ဖြစ်သည့် ကောင်းမှုကုသိုလ်များကို ကြိုးစား အားထုတ်ပါအံ့။

ဟူ၍ ပြောလေ၏။ ထိုအခါ သိကြားမင်းက

ထိုသို့ ဖြစ်လျှင် အရှင်မင်းကြီး အလိုတော်ရှိသော အတိုင်းပင် ဖြစ်ပါစေမည်။ သို့ရာတွင် အရှင်မင်းမြတ်၏အလိုဆန္ဒကို ဖြည့်လိုပါ၏။ အသူရာစစ်ကို အရှင်မင်း ကူညီခြင်းအားဖြင့် အောင်မြင်၍ ကျွန်ုပ်၏အလိုဆန္ဒ ပြည့်စုံဘိသကဲ့သို့ ကျွန်ုပ်ကူညီခြင်းအားဖြင့် အရှင်မင်းမြတ်၏ အလိုဆန္ဒကို ပြည့်ဝပါစေမည်။

ဟူ၍ဆိုလေ၏။

ထိုစကားကိုကြားရာ ဒသ္သန္တ မင်းသားက အလွန်အားရနှစ်သက်ခြင်းဖြစ်၍ တစ်ကိုယ်တည်း တွေးတောကြံစည်သည်မှာ

ယခုအခါ ငါ၏အလိုဆန္ဒသည် သကုဏ္ဍလ မင်းသမီးနှင့် တွေ့ဆုံပေါင်းသင်းရန်သာ ဖြစ်လေသည်။ လေးကျွန်းကို အစိုးရသော စကြဝတေးမင်းကြီးအဖြစ်ကို ပေးစေကာမူ သကုဏ္ဍလ မင်းသမီးနှင့် မတွေ့ဆုံရပါက လူ့ဘုံမှာ လူဖြစ်ကျိုး နပ်မည်မဟုတ်။ 'ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော' ဆိုသည့်အတိုင်း ချစ်သောသူတို့နှင့် ကွေကွင်း၍ နေရလျှင် ဘယ်လိုပင် စည်းစိမ်ချမ်းသာ ကြီးကျယ်စေကာမူ စိတ်လက်ဖြင့် ချမ်းသာနိုင်ဖို့ရာ အကြောင်းမရှိ။ သို့အတွက်ကြောင့် သကုဏ္ဍလ မင်းသမီးနှင့် ပြန်လည်တွေ့ဆုံရန် အလိုရှိသည် ဟူ၍သာလျှင် သိကြားမင်းကို ပြောကြားမှသာလျှင် တော်မည်။

ဟု ကြံစည်လေရာ ထိုသို့ကြံစည်မိသော်လည်း သူ၏အလိုဆန္ဒအချက်မှာ ရှက်နိုးစဖွယ် သိမ်ငယ်သေးနုတ်လှသည်နှင့် ပြော၍မပြဝံ့အောင်ပင် ရှိသဖြင့် တစ်စုံတစ်ရာမျှ မပြောဘဲ တုဏှိဘော ဆိတ်ဆိတ်နေရာ သိကြားမင်းက

အရှင်မင်းမြတ်၊ အလိုတော် ရှိရာကိုသာ မြန်စွာ ပြောကြားတော်မူပါ၊ မကြာခဏ အလိုရှိသမျှ ပြီးစီးပါစေမည်။

WWW.DHAMMARANSI.COM



ဟူ၍ပြောကြား တိုက်တွန်းသဖြင့် သူ၏ အလိုဆန္ဒများကို သိကြားမင်းအား တိုးတိုးသာသာ ပြောကြားလေသတည်း။ ထိုအခါ သိကြားမင်းက

အလိုရှိသောအတိုင်း ပြည့်စုံပါစေမည်။ သကုဏ္ဍာလ မင်းသမီးသာ အသက်နှင့်မြဲ၍ ရှိနေပါလျှင် ဤကမ္ဘာတွင်မဆိုထားဘိ။ အခြားကမ္ဘာလောကမှာ ရှိစေကာမူ ဆောင်ယူ ရှာကြံ၍ ပေးပါမည်။

ပြောကြားဝန်ခံပြီးလျှင် တစ်ထောင်သော မျက်စိဖြင့် လူ့ပြည်လောကကို ဖြန့်၍ကြည့်ရှုရာ မည်သည့်ဌာနမှာမှ သကုဏ္ဍာလမင်းသမီးကို မတွေ့ချေ။ ထို့နောက် ဟိမဝန္တာတောတောင်အရပ်၊ သမုဒ္ဒရာရေပြင်လယ်အရပ်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ သီတာခုနစ်တန်၊ သတ္တရဘာန်ခုနစ်ထပ်၊ စတုမဟာရာဇ် နတ်ပြည်တို့မှာ သေချာစွာ ကြည့်ရှုပါသော်လည်း မတွေ့မမြင်ဘဲ ရှိလေ၏။ ထိုအခါ သိကြားမင်းက ဒုဿန္တမင်းသားကို ပြောကြားသည်မှာ

ကျွန်ုပ်သည် လူ့ပြည်လောကမှစ၍ စတုမဟာရာဇ်နတ်ပြည်တိုင်အောင် နတ်မျက်စိဖြင့် သကုဏ္ဍာလမင်းသမီးကို ရှာကြံကြည့်ရှုပါသော်လည်း မတွေ့မမြင်ရပါ။ မည်သည့်အရပ်ဌာနမှာ နေလေသည်ဟု လှည့်လည်ရှာဖွေ၍မရနိုင်အောင်ပင် ရှိတော့သည်။

ဟု မိန့်ဆိုလေသည်။ ထိုစကားကို ကြားရာ ဒုဿန္တမင်းသားသည် ရုတ်တရက် မျက်နှာပျက်၍

သြော် ခက်ပြီထင်ပါရဲ့၊ သကုဏ္ဍာလ နမသက်လျာ လှကြင်ယာသည် သေရွာသို့ ပြောင်းရွှေ့လေတော့သလား။ အကယ်၍သာ သူ့အသက်သေပါလျှင် ငါလည်းမုချ၊ ဓိဝနတ္တိ သေဖို့သာ ရှိတော့သည်။

ဟူ၍စိတ်ထဲက ညည်းတွားမိလေ၏။ သိကြားမင်းသည် ဒုဿန္တမင်းသား မျက်နှာပျက်၍ သွားသည်ကို တွေ့မြင်လေသောအခါ

အရှင်မင်းမြတ် စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်၊ သကုဏ္ဍာလမင်းသမီးသည် သေဆုံး စုတေခြင်းသို့ ရောက်မည် မဟုတ်ပါ။ မုချစွာပင် တွေ့ဆုံပေါင်းသင်းရပါလိမ့်မည်။

ဟူ၍ အားပေးစကား ပြောကြားပြီးလျှင် တာဝတိံသာနတ်ပြည်မှာ ကြည့်ရှုလေရာ နန္ဒဝန်ဥယျာဉ်အတွင်း၌ နတ်သမီးနှစ်ယောက် ဖြေဖျော်လျက် ညှိုးငယ်သောမျက်နှာနှင့် ရှိနေသော သကုဏ္ဍာလမင်းသမီးကို သိကြားမင်းကြီး မြင်တော်မူလေ၏။ ထိုအခါ သိကြားမင်းက ပြုံးရွှင်သောမျက်နှာနှင့်

အို ဒုဿန္တမင်းမြတ်၊ မကြာမြင့်မီပင်လျှင် အသင်ချစ်ခင်အပ်သော သကုဏ္ဍာလရတနာ လက်ယာစံတင် ညာနန်းရှင်နှင့် တွေ့မြင် ပေါင်းသင်းရပါလိမ့်မည်။ ဤကိစ္စတာဝန်ကို ကျွန်ုပ်၏ အရေးဟူ၍ မှတ်တော်မူပါ။

ဆိုပြီးလျှင်

ကျွန်ုပ်တို့ တာဝတိံသာနတ်ပြည်မှာ နန္ဒဝန်ဥယျာဉ်ကြီးသည် ပျော်မွေ့ဖွယ် အကောင်းဆုံးသော ဥယျာဉ်ကြီးတစ်ခုဖြစ်လေ၏။ ထိုဥယျာဉ်သို့ သွားရောက် လည်ပတ်ကြည့်ရှုရန် အမှန်သင့်လျော်လှပေသည်။ ထိုဥယျာဉ်အတွင်းသို့ ရောက်လျှင်ရောက်ခြင်း အရှင်မင်းမြတ်၏ စိတ်များသည် ပျော်ပါးရွှင်လန်းစွာနှင့် ချမ်းသာကွက်ကို တွေ့ရှိပါလိမ့်မည်။

ဟူ၍ ပြောဆိုပြီးလျှင် မာတလိနတ်သားတစ်ဦးတည်း ရှေ့ဆောင်ပြုလုပ်၍ ဒုဿန္တမင်းသားကို နန္ဒဝန်ဥယျာဉ်သို့ သွားရောက် လည်ပတ်စေ၏။

သိကြားမင်း၏စကားအတိုင်း မာတလိ နတ်သားနှင့် နန္ဒဝန်ဥယျာဉ်သို့ သွားကြရာ ဥယျာဉ်တံခါးကို ဝင်မိသည်နှင့်တစ်ပြိုင်နက် ဒုဿန္တမင်းသား၏ စိတ်များသည် ပျော်ပါးရွှင်မြူး အထူးကြည်လင်စွာနှင့် သာယာလှဆန်း နတ်ပန်းအမျိုးမျိုး အခိုးအထုံ ဂန္ဓာရုံတသင်းသင်း၊ လေပြေလေညင်းတမြမြနှင့် ဣဋ္ဌာရုံတို့၏အရသာကို ခံစားလျက်၊ တဖြည်း

WWW.DHAMMARANSI.COM



ဖြည်း လှည့်လည်လျှောက်သွား၍ ဒဿန္တ မင်းသား ကြည့်ရှုလေ၏။

ထိုသို့လှည့်လည် ကြည့်ရှုလေသောအခါ ဒဿန္တ မင်းသားမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လှုပ် နှလုံးသွေးများလည်း သွက်သွက်ခါမျှ လှုပ်ရှားလေ၏။ ထိုအခါ ဒဿန္တ မင်းသားသည် တစ်ကိုယ်တည်း စဉ်းစား ဆင်ခြင်သည်မှာ

ဘယ်သို့အကြောင်းရှိလေသနည်း၊ ဤကဲ့သို့ ထူးဆန်းသော နိမိတ်ကို မတွေ့မကြုံစဖူးပါ၊ စုတ်လား လာဘ်လား၊ ဥပါဒ်လား။

ဟူ၍တွေးတော ဆင်ခြင်လျက် တဖြည်းဖြည်း ရှေ့သို့ တိုး၍တိုး၍ လှမ်းသွားစဉ် သူငယ်ကလေး အသံကို ခပ်လှမ်းလှမ်းက ကြားရလေ၏။ (သူငယ်၏ အသံဆိုသည်မှာအခြားမဟုတ်၊ ဒဿန္တ မင်းသား၏ သားတော်ဖြစ်သော နရိန္ဒကုမာရသတို့သား၏ အသံပင်ဖြစ်လေသည်။) ထိုနရိန္ဒသတို့သားသည် အလွန် အစွမ်းသတ္တိနှင့်ပြည့်စုံ၏။ ကလေးတို့ဘာဝ ကစား သောအခါ ဆင်ရုပ်၊ ကျားရုပ်၊ ခြင်္သေ့ရုပ်တို့ဖြင့် ကစားလိုသည်မဟုတ်ဘဲ ပကတိဖြစ်သော ခြင်္သေ့၊ ကျားသစ်တို့နှင့်သာ ကစားလိုသော အလေ့ရှိသည်။ ထိုကြောင့် အထိန်းဖြစ်သော နတ်တို့သည် တန်ခိုး အစွမ်းဖြင့် ဟိမဝန္တာမှကျား၊ ခြင်္သေ့တို့ကို ယူဆောင် ၍ နရိန္ဒသတို့သားကို ကစား ရွှင်မြူးစေ၏။ ထိုခြင်္သေ့ ကျားသစ်များနှင့် ရဲရင့်စွာ ကစားနေသော နရိန္ဒ သတို့သားကို ဒဿန္တ မင်းသားမြင်ရာ ရုတ်တရက် အံ့အားသင့်စွာနှင့်

အလို ဘယ့်နှယ့်ဟာလဲ၊ ဟိုရှေ့မှာ သူငယ် ကလေးတစ်ယောက်ကို တွေ့မြင်ရပါကလား၊ အို ကြည့်စမ်းပါ၊ သူ၏ရုပ်လက္ခဏာများနှင့် ပုံပန်းသဏ္ဌာန်များသည် အလွန်တရာ ကောင်း မြတ်၍ ယောကျ်ားမြတ်ဟူ၍ ခေါ်ဝေါ်သမုတ် ထိုက်ပေသည်။ ဤတာဝတိံသာ နန္ဒဝန်ဥယျာဉ် အတွင်းသို့ ရောက်၍နေသော်လည်း စင်စစ်မှာ တော့ နတ်သားမဟုတ်ဘဲ လူတို့၏ ဘုံသားပင် ဖြစ်လေသည်။ မည်သည့် အကြောင်းကြောင့် ဤကဲ့သို့ တာဝတိံသာနတ်ပြည်သို့ ရောက်နေ ကြောင်းကိုလည်း မတွေးတောနိုင်ဘဲ ရှိတော့ သည်။ လူ့ဘုံသား ဖြစ်သော်လည်း ဤသူငယ် သည် သာမညလူသားတို့၏ ရင်သွေး မဟုတ် တန်ရာ၊ ဘုရင်ကေရာဇ်မင်းတို့၏ ရင်သွေး ရင်နှစ်အစစ် ကေန်ပဲ ဟူ၍ ကျွန်ုပ် ဆိုချင်သည်။ အကယ်၍သာ ဘုရင်ရာဇာတို့၏ ရင်သွေး အစစ် ဖြစ်ပါလျှင် အဖအရိပ်အရာကို ဆက်ခံ၍ ဇမ္ဗူ ဒီပါ လက်ယာတောင်ကျွန်းတွင်မက လေးကျွန်း နှင့် တစ်မြင့်မိုရ်ကိုပင် အုပ်စိုးနိုင်သော စကြ ဝတေးမင်းကြီး ဖြစ်လောက်ပေသည်။

ဟူ၍ တစ်ကိုယ်တည်း သူငယ်ကလေးကိုကြည့် ၍ ပြောဆိုလေ၏။ နရိန္ဒသတို့သားလည်း အလွန် ကြမ်းတမ်းသော ကေသရာဇာခြင်္သေ့ကို အကစား လွန်၍နေသောအခါ သူ၏ အထိန်းတော်တစ်ယောက် က

အို သူငယ်ကလေး၊ ဤတောသားတိရစ္ဆာန် ရိုင်းကို ဤမျှလောက် ကစား မကျူးပါနှင့်၊ ဤတောသား တိရစ္ဆာန်ရိုင်းသည် အလွန်ဒေါသ ကြီးမားလေသည်။ အမျက်ဒေါသ ဟူးဟူးထ၍ လာသောအခါ သခင်မှန်း မသိ၊ အရှင်မှန်းမသိ၊ စိတ်ရှိသည်အတိုင်း ပြုလုပ်တတ်လေသည်။ သင်မူကား တိရစ္ဆာန်တောသား၏ အမျက် ဒေါသ ဖြစ်ပွားသည်ကို ကြည့်ရှုလိုသောအားဖြင့် ကစားကျီစယ်၍ နေသည်ထင်၏။ "တန်လျှင် ဆေး၊ လွန်လျှင်ဘေး" ဆိုသကဲ့သို့ အကစား မလွန်ပါနှင့်။

ဟူ၍ တားမြစ်လေ၏။ နရိန္ဒမင်းသားကလေးလည်း ပြောစကားကို နားမထောင်ဘဲ ကစားမြဲကစား၍ နေရာ အထိန်းက ချော့မော့၍

အို သတို့သား၊ ဤတောသားသတ္တဝါတို့နှင့် ကစားရသည်ထက် အလွန်တရာ အဖိုးထိုက် တန်စွာသော၊ ရတနာစိန်ကျောက်တို့ကို ဖယ်

WWW.DHAMMARANSI.COM



တောက်၍ ကစားခြင်းက သာ၍ ကောင်းမြတ်လေသည်။ ထိုပြင်မှတစ်ပါး ပတ္တမြား၊ ဂေါ်ဝါ၊ နီလာ၊ စိန်ကြောင် အရောင်ထွန်းပသော မြရတနာတို့ဖြင့် ကောင်းစွာ ထုလုပ်၍ ထားအပ်ကုန်သော အရုပ်မျိုးစုံတို့လည်း မရှိကုန်။ ထိုကစားဖွယ်ရာ ရတနာအမျိုးမျိုးတို့ကို သင်အလိုရှိက ခဏလွယ်ကူ ဆောင်ယူပေးပါမည်။

ဟု ပြောဆိုရာ နရိန္ဒမင်းသားက လက်ဝါးကို ဖြန့်၍

အို ဘယ်နှယ့်ပြောပါသလဲ၊ ယခုပင် အလိုရှိပါသည်။ လျင်မြန်စွာ ယူပေးပါ။

ဟု တောင်းခံလေ၏။ ဒုသျန္တမင်းသားသည် နရိန္ဒသတို့သား၏ လက်ဝါးကို ဖြန့်လိုက်သည်ကို မြင်သောအခါ လွန်စွာ အံ့သြခြင်းနှင့် ဤသို့ တစ်ကိုယ်တည်း ပြောဆိုလေ၏။

သြော် တယ်ပြီး ချီးမွမ်းစရာကောင်းပါလားနော်။ သူငယ်ကလေး၏လက်ဖဝါးအပြင်သည်လောဟိတင်္ဂ မည်သော ပတ္တမြား ကျောက်နီများကဲ့သို့ တွေးတွေးနီမြန်းပြီးလျှင် အဆန်းတကြယ် အံ့သြဖွယ်ကောင်းသည့် လက္ခဏာအကြောင်းတွေကလဲ တစ်သိန်းတစ်သောင်းမကအောင်ပင် ခွေပတ်၍ အထပ်ထပ်ရစ်ခွေ စကြာပုံခရုပတ်တွေကလဲ ပွေလို့သာ ရှုပ်နေပါကလား။ သူ၏လက်ဖဝါးတို့၌ ကျွန်းငယ် နှစ်ထောင်အရံရှိသော ကျွန်းကြီးလေးကျွန်းတို့သည်လည်း မြေပုံအမှတ်အသားကဲ့သို့ ထင်ရှားစွာ ပါရှိလေသည်။ ဤလက္ခဏာမျိုးနှင့် ပြည့်စုံပါလျှင် စကြာမင်းဖြစ်ထိုက်သည်ဟူ၍ ပရောဟိတ်ပုဏ္ဏားတို့က ဟောကြားသည်များကိုလဲ မှတ်သားမိဖူးလေသည်။

ဟူ၍ ဆိုပြီးလျှင် တစ်ကိုယ်တည်း ဆက်လက်၍ ပြောပြန်သည်မှာ

သြော် ယခု ငါဖြစ်ရပုံမှာ အလွန်တရာ ထူးဆန်းလေ၏။ ဤသူငယ်ကလေးကို တွေ့မြင်လျှင်တွေ့မြင်ခြင်း အသည်းနှလုံးတွင်းသို့ ထိခိုက်အောင် ချစ်ခင်ခြင်းကြီး ချစ်ခင်၍ ငါ၏ စိတ်နှလုံးများသည် ဆီဖြင့်စိမ်ထားအပ်သော ဝါဂွမ်းကဲ့သို့ နူးညံ့ သိမ်မွေ့လေသည်။ ငါ့မှာ သားရတနာ မထွန်းကားဖူးသောကြောင့် သားသမီးတို့၌ ချစ်ခင်ခြင်းဆိုတာကိုလဲ သေချာစွာ ငါမသိရသေး။ ယခုလို ချစ်ခင်တာကိုပဲ သားချစ်သမီးချစ်ဆိုတာပဲ ထင်ပါရဲ့။ သတ္တိ ဗျတ္တိနှင့်ပြည့်စုံသည့်အရာမှာလဲ အထူး ပြောစရာ မရှိပေဘူး။ အရွယ်နှင့် မတန်အောင် ရဲဝံ့ပါပေသည်။ အကယ်၍ သူ့ဖခင်အရင်းသာ ဤနေရာမှာ ရှိခဲ့ပါမူ အစွမ်းသတ္တိနှင့် ပြည့်စုံ၍ ကြန်အင်လက္ခဏာ ပြည့်စုံစွာသော ဤသားကလေးကို ပိုက်ထွေး ယုယပြီးလျှင် အားရ ရွှင်လန်း နမ်းဖက်ပွေ့ခြင်းကို ပြုမှာ အမှန်ပါပဲ။

ဟူ၍ ပြောဆိုလေ၏။

ထိုသို့ ပြောဆိုနေသည့်အတွင်း နရိန္ဒသတို့သားသည် ခြသေ့်သစ်ကျားတို့က ကြိမ်းဝါး ဟိန်းဟောက်သည်ကို ကြောက်စိတ်မရှိဘဲ ကစားမြဲ ကစား၍ နေပြန်ရာ သူ၏ အထိန်းတော်က

အို လူမင်းသားကလေး၊ ဤတိရစ္ဆာန်ရိုင်းများကို တရားရှိသည်ဟူ၍ မမှတ်ထင်ပါနှင့်။ အသင်၏ အန္တရာယ်ကို ပြုလုပ်မည်သာ ဖြစ်လေသည်။ ဤတိရစ္ဆာန်ရိုင်းတွေနှင့် မကစားပါနှင့်။

ဟု တားမြစ်ပြန်ပါသော်လည်း နရိန္ဒသတို့သားက ဤတောသား တိရစ္ဆာန်ရိုင်းတို့နှင့် ပျော်ပါး ရွှင်မြူးရသည်မှာ အထူးပင် ကျွန်ုပ်၏ စိတ်ကို ထက်သန်အားရစေသည်။

ဟူ၍ ပြောရင်း ကစားမြဲ ကစား၍သာ နေပြန်လေ၏။ ထိုအခါ ဒုသျန္တမင်းသားက သနားကြင်နာသော စိတ်ဖြင့် ပြုံးရွှင်စွာ သူငယ်ကလေးအနားသို့ တိုးသွားပြီးလျှင်

ပြောတဲ့စကားကို နားထောင်ပါကွယ်။ တယ်ပြီး မရဲစမ်းပါနှင့်။ သည်တိရစ္ဆာန်တွေဟာ အလွန်

WWW.DHAMMARANSI.COM



ကြမ်းတမ်းပါတယ်။ မင့်ရုပ်သွင်များက အလွန်
တရာ နူးညံ့သိမ်မွေ့ပါလျက်နှင့် စိတ်နေ စိတ်
ထားကို မကြမ်းတမ်းပါစေနှင့်။ ရုပ်နှင့်စိတ်လိုက်
လျောအောင် သဘောယဉ်ကျေးစွာ ထားပြီး
အလိမ္မာ များများ ရှိမှပ။

ဟု ဖျောင်းဖျပြောဆိုသည်တွင် ဖခင်အရင်းဖြစ်လေသောကြောင့် သွေးငင်ဓာတ်ခိုက်ပြီးလျှင် စိတ်နူးညံ့စွာ ပြောင်းလဲသဖြင့် ဆွဲ၍ထားသော ခြသေ့်ကို လက်မှ လွှတ်လိုက်လေ၏။

ဤကဲ့သို့တစ်ကြိမ်တစ်ခါမျှသာ ဒုသျှန္တ မင်းသား ပြောလိုက်ရုံမျှနှင့် ပျော့ပျောင်းစွာ နာယူလျက် ရှိနေသော နရိန္ဒသတို့သားကို အထိန်းတော် တွေ့မြင်ရာ လွန်စွာ အံ့သြခြင်း ဖြစ်သည်နှင့် ဒုသျှန္တ မင်းသားကိုလှမ်း၍ ပြောသည်မှာ

အို ဧည့်သည်တော်မြတ်၊ အသင်၏ ယဉ်ကျေးစွာ
ပြောဆိုဆုံးမချက်ကို ရုတ်တရက် လိုက်ပါ၍
သိမ်မွေ့နူးညံ့စွာ စိတ်ပြောင်းလဲသွားသော ဤ
သူငယ်ကလေးကို တွေ့မြင်ရသဖြင့် အလွန်
တရာ ကျေးဇူးတင်ပါသည်။ ဤသူငယ်ကလေး
သည် ဇာနည်နွယ်မြတ် အမျိုးဇာတ်မှ ဂုဏ်ဒြပ်
ကြီးကျယ်စွာ ဖွားမြင်လာသောသူ ဖြစ်သည်နှင့်
ဇာတိမာန်စရိုက်ပါ၍ မည်သည့်အရာကိုမျှ
ဂရုမစိုက်ဘဲ ရှိနေပါသည်။

ဟူ၍ ပြောဆိုလေ၏။ ထိုစကားကို ဒုသျှန္တ မင်းသား ကြားရာ မိမိသားဖြစ်လိမ့်မည်ဟူ၍ စဉ်းစားစိတ်မဝင်သေးဘဲ ရိုးရိုးသဘောနှင့် ပြောသည်မှာ

ယခုပြောတဲ့ စကားကို ကျွန်ုပ်ယုံကြည်ပါသည်။
ဟုတ်ပါရဲ့။ သူ၏အစွမ်းသတ္တိရှိပုံများကို ထောက်
ထားဆင်ခြင်လိုက်တော့ ဘုရင် ရာဇာ မဟာဝံသ
သေဋ္ဌနွယ်ဇာတ် အမျိုးမြတ်မှ ပေါက်ဖွားလာတဲ့
လက္ခဏာပါပေပဲ။ ရုပ်ပုံသဏ္ဌာန်များကို ကြည့်
လိုက်ပြန်တော့ ယောက်ျားမြတ်တို့လက္ခဏာနှင့်
အရာရာမှာ ပြည့်စုံနေတာပါပဲ။ သို့ရာတွင်
အတွေးရခက်သည်မှာ ဤနေရာဌာနမှာ လူ့
ပြည်ကို အစိုးရသော ရာဇသေနင်း ပြည့်ရှင်မင်း
တို့နှင့် ဆက်နွယ်သော အကြောင်းအရာကို
ရှာဖွေ၍ မတွေ့ရှိနိုင်အောင် ဖြစ်ချေသည်။

ဟူ၍ ပြောဆိုပြီးလျှင် သူငယ်ကို ပွေ့ချီပိုက်ဖက်၍ တစ်ကိုယ်တည်း ပြောဆိုသည်မှာ

သြော် ဤကလေးနှင့် တစ်စုံတရာမျှ စပ်နွယ်
ခြင်းမရှိပါဘဲနှင့် ယခုလောက် မေတ္တာသက်ဝင်
ချစ်ခင်မြတ်နိုးနေပုံကို ထောက်လိုက်တော့ ဤ
ကဲ့သို့အစွမ်းသတ္တိနှင့် ပြည့်စုံ၍ ရုပ်ပုံလက္ခဏာ
အင်္ဂါပြည့်ဖြိုး အမျိုးမျိုး ချီးမွမ်းလောက်တဲ့
ဤသတို့သား၏ ဖခင်များဖြင့် ဘယ်မျှလောက်
ချစ်ခင်လိမ့်မည်ကို အတည်ကျ မပြောနိုင်အောင်
ရှိမှာပဲ။

ဟူ၍ ဆိုလေ၏။ ထိုအခါ အထိန်းတော်က ဒုသျှန္တ မင်းသားနှင့် နရိန္ဒသတို့သား၏ မျက်နှာကို စေ့စေ့ကြည့်၍ တစ်ကိုယ်တည်း ပြောသည်မှာ

သြော် တယ် အံ့သြဖွယ် ကောင်းပါကလား။

ဟူ၍ဆိုလိုက်လေ၏။ ဒုသျှန္တ မင်းသားက

ဘယ်လိုများ အံ့သြဖွယ် ကောင်းပါသနည်း။

ဟူ၍ မေးရာ အထိန်းတော်က

နူးညံ့သိမ်မွေ့သော ဧည့်သည်မြတ်သည် ဤ
သူငယ်ကလေးနှင့် တစ်စုံတစ်ရာ သွေးမစပ်ဘဲ
မျက်နှာပုံသဏ္ဌာန်ချင်း တူမျှ၍ ခွဲလို့ မရနိုင်
အောင် ဖြစ်နေတာတစ်ချက်၊ သည့်ပြင် တစ်ချက်
မှာတော့ ဤသတို့သားကို နေ့ရှည်လများ
ထိန်းသိမ်း စောင့်ရှောက်၍ လာပါသော်လဲ
ပြောမရဆိုမရ အပြောခက် အဆိုခက်နှင့် သူ
စိတ်ထင်တဲ့အတိုင်း မဆုတ်မဆိုင်း ပြုလုပ်နေရာ
တစ်ကြိမ်တစ်ခါမျှ မတွေ့မကြုံဖူးသော ဧည့်
သည်တော် အရှင်မြတ်လာရောက်၍ တစ်ကြိမ်
တစ်ခါလောက် ဆုံးမ သြဝါဒပေးလိုက်လျှင်ပင်
တောက်၍နေသောမီးကို ရေနှင့် ငြိမ်းသတ်လိုက်
သည့်ပမာ အလွန်တရာ နူးညံ့၍ မိခင်ဖခင်တို့၏
စကားကို လိမ်မာသော သားသမီးများ နား

WWW.DHAMMARANSI.COM



ထောင်သလို ဖြစ်ပေသည့် အရာကို အံ့သြခြင်း ဖြစ်မိပါသည်။

ဟူ၍ ပြောလေ၏။

ထိုအခါ ဒုဿန္တမင်းသားက သူငယ်ကို ရင်ခွင်၌ ပိုက်ပွေ့ပြီး မေးမြန်းသည်မှာ

ဤသတို့သားငယ်သည် အမျိုးအနွယ် ကြီးမြတ်၍ မင်းမျိုးဇာတ်မှ ပေါက်ဖွားလာသည် ဆိုသည်ကို ကြားသိပါရပါပြီ။ သို့ရာတွင် မည်သည့်မင်းမျိုး မင်းနွယ်မှ ပေါက်ဖွားလာကြောင်းကို ကောင်းစွာ မသိရသေးပါ။ သို့ဖြစ်၍ ထိုသူငယ်၏ မျိုးရိုးဇာတိ မည်သည့်တိုင်းပြည်ကို အစိုးရသော မင်းစဉ်မင်းဆက်မှ ပေါက်ဖွားလာသည်ဟု သေချာစွာ ပြောကြားစမ်းပါ။

ဟု မေးလျှင် အထိန်းတော်က

ဤသူငယ်သည် ဇမ္ဗူနယ်တလွှားမှာ ထင်ရှားကျော်စောသော ပုရမင်းမျိုးမှ ဆက်သွယ်ပေါက်ဖွား၍ လာသူ ဖြစ်ပါသည်။

ဟူ၍ အမြွက်မျှ ပြောကြားလေ၏၊

ထိုစကားကို ကြားရာ ဒုဿန္တမင်းသားက တစ်ဖက်သို့ လှည့်၍ တစ်ကိုယ်တည်း စဉ်းစား ပြောဆိုသည်မှာ

ဩော် 'လူချင်းမသိသော်လည်း သွေးချင်းသိ' ဆိုတာလို ငါလဲ ပုရမင်းမျိုး၏ အဆက်အနွယ်၊ ဤသူငယ်လဲ ပုရမင်းမျိုး၏ အဆက်အနွယ် ဖြစ်တာနှင့် တစ်ယောက်ကိုတစ်ယောက် ဤမျှလောက် ချစ်ခင်တဲ့ သဘောနှင့် သွေးပြောနေတာ ထင်ပါရဲ့။ စင်စစ်တော့ ငါနှင့် တစ်မျိုးတစ်နွယ်တည်းက ပေါက်ဖွားလာတဲ့ သတို့သားကလေးပေပဲနော်။

ဟူ၍ မိမိသားအရင်း ဖြစ်မှန်းကို မသိသေးဘဲ ပြောကြားပြီးလျှင် ကလေးကို လက်မှချ၍ ပြောပြန်သည်မှာ

ပုရမင်းမျိုးတို့၏ အစဉ်အလာ ဓမ္မတာ သဘောကို ကျွန်ုပ်သိရသည်မှာ ထိုပုရမင်းမျိုးမှ ပေါက်ဖွားလာသော သူတို့သည် အသက်အရွယ်နုနယ်ပျိုမြစ်သည့်အခါမှာ တိုင်းပြည် နိုင်ငံတွင်း၌ နေထိုင်ကြ၍ တိုင်းသူပြည်သား လူအများတို့ကို စောင့်ရှောက် အုပ်ချုပ်ကြလေသည်။ အသက်ကြီး ရင့်၍ ဆံပင်ဖြူကို တွေ့မြင်ကြသောအခါ တိုင်းပြည်ဘောင်ဌာနမှ ခွာရှောင်၍ တောတောင်မှီခိုကာ ကမ္မဋ္ဌာန်းဘာဝနာကို လေ့လာ ပျော်မွေ့သော ရသေ့သူတော်ကောင်းအဖြစ်နှင့်သာ နေထိုင်ကြလေသည်။ ဤကလေးသူငယ်၏ ဖြစ်ပုံမှာ လူ့ရွာဌာနမြို့ပြခရိုင်မှာလဲ မဟုတ်။ တောတောင်ဒေသ အရှည့စခန်း ကျောင်းသင်္ခမ်းမှာလဲ မဟုတ်။ ယခုကဲ့သို့ နတ်ပြည်နတ်ရွာမှာ ထူးဆန်းစွာတွေ့ရှိသည့်အတွက် အပုံကြီးအတွေးခက်နေတာပါပဲ။

ဟု ဆိုလေ၏။ ထိုအခါ အထိန်းတော်က

ညွှန်သည်တော် ပြောဆိုတဲ့အတိုင်း အမှန်ပင်ဖြစ်ပါသည်။ ဤသူငယ်၏ ပဋိသန္ဓေ တည်နေရင်းဌာနမှာ အရည့ဝါသီ တောမှီပျော်မွေ့ ရသေ့သူတော်မြတ်တို့၏ သင်္ခမ်းကျောင်းမှာ ဖြစ်၍ မွေးဖွားရာဌာနမှာ ဤတာဝတိံသာနတ်ပြည်ပင် ဖြစ်လေသည်။ သူ၏ ဖခင်မှာ ပုရမင်းမျိုးမှ ပေါက်ဖွားသော မင်းသားတစ်ပါး ဖြစ်၍ သူ၏ မိခင်မှာတော့ နတ်မျိုးနတ်နွယ်မှ ဆက်သွယ်ပေါက်ဖွားလာသော မင်းသမီးတစ်ပါး ဖြစ်ပါသည်။

ဟု ပြောသောစကားကို ဒုဿန္တမင်းသား ကြားလေရာ ရုတ်တရက် မိမိအဖြစ်အပျက်ကို တွေးတောဆင်ခြင်မိသဖြင့် ကိုယ်ဝန်နှင့်တကွ နှင်ထုတ်မိသော သကုန္တလာမင်းသမီးကို သတိရရှိလေ၏။ ထိုအခါ တစ်ကိုယ်တည်း စဉ်းစားသည်မှာ

ဘယ့်နှယ်ဟာလဲ၊ အလွန်တရာ ထူးဆန်းတဲ့ အချက်နှင့်ဖြင့် တွေ့ကြုံ၍ နေရတာပဲ။ ငါ၏ ချစ်ဦးသက်ဝေ ဖြစ်သော သကုန္တလာ မင်းသမီးသည် ဤနတ်ပြည်သို့ ဆိုက်ရောက်၍ နေလေ

WWW.DHAMMARANSI.COM



တော့သလား။ နတ်ပြည်သို့ ရောက်သောအခါ အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ဤသတို့သားကို မွေးဖွား၍ နေရာလေတော့သလား။ လောကကြီးကလဲ အလွန်ဆန်းပြားတာပဲနော်။ ဒီလို ဆန်းပြားတဲ့အပေါ်မှာ ဤဂုဏဝတီ သာ ရောက်လာပြန်တော့ အတိုင်းထက်အလွန် ဆန်းပြား ထူးထွေတာနှင့် တွေ့နေရပြန်တာပဲ ထင်ပါရဲ့။ ယခု အထိန်းတော်များ ပြောတဲ့စကား အရိပ်နိမိတ်ကို ထောက်လိုက်တော့ ငါ၏ မြော်လင့်ဖွယ်ရာအချက်ကို တွေ့ရတော့မှာလိုလိုပဲ ဖြစ်နေလေသည်။ အို နောက်က ဖြစ်ပျက်တာတွေကို ပြန်တွေးလိုက်တော့ သကုဏ္ဍလမင်းသမီးကလေးကို ငါနှင်ထုတ်လိုက်တဲ့အခါ တုန်းက အဇ္ဈာကာသ ကောင်းကင်ပြင်က လျှင်မြန်စွာ ရတ်တရက် နတ်သမီးများဆင်းပြီး ဆောင်ကျဉ်းသွားတယ်လို့လဲ ငါ ကြားရတယ်။ ယခု ငါထင်တဲ့အတိုင်းသာမှန်လို့ တစ်သက်ပန် ချစ်မဝနိုင်တဲ့ သကုဏ္ဍလနတ်နွယ်နှင့် တကယ်လို့များ တွေ့ရှိ၍နေပါလျှင် ငါ့ကံကောင်းဖို့ အကွက်ကို ဆက်ဆက်ကြီး နင်းမိတော့မှာပဲ။ သို့ရာတွင်'အစိန္တိတံပိ ဘဝတိ စိန္တိတံပိဝိနဿတိ' ဆိုတာလို ကြံစည်သော်လဲ ဖြစ်ခဲ၊ မကြံစည်ဘဲလည်း ဖြစ်လွယ်သတဲ့၊ အမှန်နေရာတကျတော့ စိတ်ချနိုင်ဖို့ မရှိသေးဘူး။ အထိန်းတော်များဖြင့် နေရာတကျ သိရန် အကြောင်းရှိပါရဲ့ ။"မေးဖန်များ စကားရ" ဆိုတာလို ငါထပ်၍ မေးဦးမှ တော်မည်။

ဟု ကြံစည်စဉ်းစားပြီးလျှင် ဤသို့ မေးမြန်းလေ၏။

အိုအထိန်းတော်၊ ယခင်ပြောသောစကားလက်စကို ကြားရာ လွန်စွာ ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ ဤသူငယ်ကလေး၏ မိခင်ကို မည်သည့်မင်းသားက ထိမ်းမြား ယူဆောင်ပါသနည်း။ ထိုသူငယ်၏ ခမည်းတော်မှာ ဘွဲ့မည်သညာ မည်သို့ ခေါ်ဝေါ်ပါသနည်း။

ဟု မေးမြန်းရာ အထိန်းတော်က မသာသော မျက်နှာထားနှင့်

တရားသဖြင့် ချစ်ခင်ရှာသော သမီးကညာ ရတနာ အစစ်ဆိုထိုက်တဲ့ မိန်းမမြတ်ကို မသနား မညှာတာ ကရုဏာမဖက်၊ ရက်စက် စိမ်းကားစွာ စွန့်ပစ်လိုက်တဲ့ မင်းသား၏ အမည်ကိုတော့ ကျွန်ုပ်၏ နှုတ်ထဲကိုမှ ထည့်၍ မဆိုချင်ပါ။ မတရားသောသူ၏ အမည်ကိုခေါ်၍ ထုတ်ဖော်ပြောကြားခြင်းမှာ ပါးစပ်ကတောင် မတရားအလေ့ ပါတတ်ပါသည်။ ယခုပြောဆိုသော အဓမ္မလူမင်းသားသည် ဤသတို့သား၏ ဖခင်အရင်းပင် ဖြစ်တော့သည်။

ဟူ၍ ပြောကြားပြီးလျှင် ထွီခနဲ တံတွေးထွေးလိုက်လေ၏။ (ဤကဲ့သို့ အထိန်းတော် က ပြောကြားခြင်းမှာ ဒုဿန္တ မင်းသားမှန်း မသိသဖြင့် ပြောဆိုခြင်း ဖြစ်လေသည်) ထိုစကားကို ကြားရာ ဒုဿန္တ မင်းသားက ရတ်တရက် ထိတ်လန့်ခြင်းဖြစ်သွားပြီးလျှင်

ဘုရား ကယ်မတော်မူပါ။ အမှန်အားဖြင့် ကျွန်ုပ် မတရားတာ မဟုတ်ပါဘူး။ သကုဏ္ဍလ မင်းသမီးကို နှင်ထုတ်လိုက်စဉ်အခါမှာ အလွန်တရာ စိတ်ဖောက်ပြန်ခြင်း ဖြစ်နေပါသည်။ ဩော် အထိန်းတော်ပြောတဲ့စကားဟာ ဒုဿန္တ မင်းသားကို အမှန်ပြောတာဖြင့် အထင်လွဲ၍သာ ပြောခြင်း ဖြစ်ရှာတော့သည်။ ဆင်ခြင်စဉ်းစားလိုက်တော့ မိမိက ကောင်းတာ အမှန် ဖြစ်သော်လဲ သူတစ်ပါးက မကောင်းဘူးထင်တဲ့ အရာတွေဟာ များစွာ ရှိတာပါကလား။ သို့ရာတွင် ဤလောကကြီးအတွင်းမှာ လူချင်းတူတာလဲ မရှား၊ အဖြစ်အပျက် တူတာလဲ မရှားဘူးတဲ့။ ငါ့ကို ပြောတဲ့ စကား မဟုတ်ဘဲလဲ ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ယခု အထိန်းတော် ပြောလိုက်တဲ့ စကားသံကဖြင့် အမှန် ငါ့ကို ထိခိုက်နေတဲ့ လက္ခဏာပဲ။

WWW.DHAMMARANSI.COM



ဟူ၍ ကြံစည်ပြီးလျှင် တစ်ဖန် တွေးတော ဆင်ခြင် ပြန်သည်မှာ

ဤအထိန်းတော်က သူငယ်၏ ဖခင် အကြောင်းကို ကောင်းစွာ ထုတ်ဖော်၍ ပြောဆိုလိုသော ဆန္ဒ မရှိပါလျှင် သူငယ့်မိခင်အမည်ကို ငါ မေးမြန်းရလျှင် တော်ရဲ့။

ဟူ၍ စဉ်းစားမိလေ၏။ ဤသို့ စဉ်းစားမိသည့်နောက် တွေးတောပြန်သည်မှာ

ဟာ သည်လိုမေးမြန်းရန်လဲ တော်တာ မဟုတ်ပေဘူး။ ငါ ယခု စဉ်းစားမိသည့်တိုင် သူငယ်၏မိခင်ကို မေးမြန်းလိုက်ပါလျှင် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ငါ ညီညွတ်မှာ မဟုတ်ပေဘူး။ အကြောင်းကို ဆိုသော် ယောကျ်ားတစ်ဦး၏ သားမယားအကြောင်းကို အခြားယောကျ်ားတစ်ဦးက မေးမြန်းရသည် မဟုတ်ပါလား။ သူတစ်ပါးတို့ သားမယားအကြောင်းအရာကို စိတ်ကောင်း သဘောကောင်းထား၍ မေးမြန်းပါသော်လည်း မယုံသင်္ကာဖွယ်၊ လော်လည်ချင်တတ်သော အလေ့ရှိသည်ဟု သူတစ်ပါးအထင်ရောက်တတ်သည်။ သည်လို မမေးမြန်းပါလျှင် အလွန်တရာ ချစ်ခင်ဖွယ်ကောင်းလှသော ဤသတို့သား၏ မျိုးရိုး ဇာတိ ဖမိ အဆက်အနွယ်ကို ဘယ့်နှယ် ငါသိနိုင်ပါမလဲ။

စဉ်းစားနေရင်း သူငယ်၏ အထိန်းတော်တစ်ယောက်သည် ကစားစရာများနှင့် 'သကုန္တ' မည်သော ငှက်၏ လှပသော အမွေးအတောင်များကို ယူဆောင်၍ ဝင်လာလေ၏။ ထိုအထိန်းတော်က ပထမရှိနှင့်သော အထိန်းတော်ကို လှမ်း၍ ပြောသည်မှာ

မိတ်ဆွေ ကြည့်ရှုစမ်းပါ။ "သကုန္တ"ငှက်၏ အမွေးအတောင်များဟာ ဘယ်မျှလောက် လှပါသလဲ။

ဟု ပြောလိုက်ရာ သူငယ်ကလေးက 'သကုန္တ' ဆိုသော စကားသံကို ကြားသည်နှင့် တစ်ပြိုင်နက် အမည်ချင်း အသံတူသဖြင့် သူ၏မယ်တော် ရောက်လာသည် ထင်သောကြောင့်

ကျွန်တော့်မယ်တော် သကုန္တလာ ကြွရောက်တော်မူလာပါသလား။ ဘယ်မှာလဲ။

ဟူ၍ ရုတ်တရက် မေးမြန်းသောအခါ အထိန်းတော်နှစ်ယောက်တို့က ရယ်မောကြလေ၏။

ပထမအထိန်းတော်က ပြောသည်မှာ

နရိန္ဒသတို့သားကလေးသည် သူ၏ မွေးမိခင်အပေါ်မှာ လွန်စွာ ချစ်ချင်ရှာလေသည်။ သူ့မိခင် အမည်နှင့် တူသော စကားကို ကြားရုံမျှနှင့် တကယ်ကေန်ပင် မိခင်ကို ပြောသည် ထင်သောကြောင့် ဝမ်းမြောက်သော မျက်နှာနှင့် လျင်မြန်စွာ မေးမြန်း စုံစမ်းရှာလေသည်။

ဟူ၍ ဆိုလေသည်။ ထို့နောက် ဒုတိယ အထိန်းတော်က သူငယ်ကို ပြောသည်မှာ

အို ချစ်ခင်ဖွယ် ကောင်းလှသော သတို့သားကလေး၊ 'သကုန္တ'ဆိုသည်မှာ သင်၏မိခင်ကို ပြောသည်မဟုတ်။ ကြိုးကြာငှက်၏ လှပသော အမွေးအတောင်များကို ပြောကြားခြင်း ဖြစ်လေသည်။ သင်၏ မိခင်အမည်နှင့် အသံ ခပ်ဆင်ဆင်တူတာနှင့် သင်၏ စိတ်အထင် လွဲသွားတာပါ။

ဟု ဆိုလေ၏။

ထိုသို့ သူငယ်နှင့် အထိန်းတော်တို့ ပြောဆိုကြသော စကားကို ဒုဿန္တမင်းသား ကြားလေရာ ရုတ်တရက် ထိတ်လန့်ခြင်း ဖြစ်သွား၍ တစ်ကိုယ်တည်း စဉ်းစား ဆင်ခြင်သည်မှာ

ဘယ့်နှယ်လဲ၊ သူတို့ပြောဆိုပုံစကားကို ထောက်ချင့်လိုက်တော့ ဤကလေး၏ မိခင်ဟာ ငါ၏ ကြင်ယာ သကုန္တလာရတနာပင် ဖြစ်လေတော့သလား။ ထိုသို့မဟုတ်ပါလျှင် သကုန္တလာဆိုတဲ့

နာမည်ချင်း တူသည့် မိန်းမတစ်ယောက်၏ သားပင် ဖြစ်လေတော့သလား။ အစဉ်းစားရ ခက်လိုက်ပါဘိနှော်။ ယခု သူတို့ ပြောဆိုသံ စကားကို ကြားရတဲ့အခါ ပူပြင်းစွာသော သဲကန္တာရကြီးအတွင်းမှာ ရေငတ်လှသော သမင် တစ်ကောင်သည် တံလှပ်ကို တွေ့မြင်ရာ ရေဟု မှတ်ထင်သဖြင့် သောက်ချင်အားကြီးနှင့် စွဲလမ်း မက်မော၍ နေဘိသကဲ့သို့ ငါ၏ စိတ်များဟာလဲ သကုဏ္ဍာလမင်းသမီး၏ အရိပ်အမြွက် အခြေ အနေကို တွေ့မြင်ကြားသိရသည်နှင့် တံလှပ်ကို သမင်တွေ့သည့်ပမာ လွန်စွာ စွဲလမ်း ကပ်ငြိနေ လေပြီ။ အဟုတ်ဖြစ်တော့မလိုလိုနှင့် ယုံကြည် စိတ်ချ၍ နေပြီးမှ လွဲချော်သောအရာလဲ များစွာ ပင်ရှိတတ်လေ၏။ အိပ်မက်ထဲတွင် ဝမ်းမြောက် ဝမ်းသာစွာနှင့် အမှန် ဖြစ်ရသလို နေသော်လည်း နိုး၍လာသောအခါ ဘာမျှ မဟုတ်မမှန်လေဘိ သကဲ့သို့ ထို့အတူ ငါတင်စား ၍ နေတဲ့အတိုင်း အမှန်ဟုတ်မှာကိုလည်း စိုးရိမ်ရလေသေးသည်။ သို့ရာတွင် မြှော်လင့်ဖွယ်ရာ အချက်ကတော့ ရှေးကထက် နီး၍ လာတာပဲ။ ဤနတ်ပြည်ဌာန သို့ မရောက်မီအခါ အလွန်တရာ ချစ်ခင်လှစွာ သော သကုဏ္ဍာလ မင်းသမီး၏ သတင်းစကား အရိပ်နိမိတ်ကိုမှ မကြား မသိရရှိနေခဲ့ရာ ယခု နတ်ပြည်သို့ ကျရောက်မှ ချစ်ခင်လှသော သကုဏ္ဍာလမင်းသမီး၏ အရိပ်အမြွက်ကို ကြား ရသည်မှာ လွန်စွာ ဝမ်းမြောက်ဖို့ပါပေပဲ။

ဟူ၍ တစ်ကိုယ်တည်း စဉ်းစား ဆင်ခြင်၍နေ လေ၏။

ဒုတိယအထိန်းတော်က သကုန္တ မည်သော ကြိုးကြာငှက်၏ အမွေးအတောင်တို့ဖြင့် ကြန်အင်္ဂါ လက္ခဏာစုံညီအောင် ပြုလုပ်၍ ထားသော ကြိုးကြာ ငှက်ရုပ်များကို သူငယ်ကလေးအား ပေးလိုက်သော အခါ သူငယ်ကလေးကလည်း

ဤကြိုးကြာငှက်ရုပ်များသည် ပကတိ အရှင် ကဲ့သို့ မြည်တွန် ပျံသန်းနိုင်ပါလျှင် ကျွန်တော် အလွန်သဘောကျမှာပဲ။

ဆို၍ ကြိုးကြာရုပ်ကို လှမ်း၍ ယူလိုက် လေ၏။ ထိုအခါ ပထမ အထိန်းက တောင်မြောက် လေးပါး ကြည့်ရှုပြီးလျှင် အံ့အားသင့်စွာနှင့်

အလို ကလေးလက်မှာ အမြဲဝတ်ဆင်၍ ထား သော သိကြားမင်းပေးသည့်'ဒေဝိဒ္ဓိမာန်လက်ဖွဲ့' ကို ကလေးလက်မှာ မမြင်မတွေ့ရကလား။ ဘယ်မှာ ကျပျောက်၍ နေပါလိမ့်မလဲ။

ဟူ၍ ရုတ်တရက် အသံကျယ်စွာနှင့် ဟစ်အော် လိုက်လေ၏။ ထိုအခါ ဒုဿန္တမင်းသားက လှမ်း၍ ပြောလိုက်သည်မှာ

အို သူငယ်လက်မှာ ဆင်ထားသော လက်ဖွဲ့ အတွက်ကိုတော့ မထိတ်လန့်မစိုးရိမ်ပါနှင့်။ ဤသူငယ်ကလေးသည် ခြင်္သေ့နှင့် ကစား၍ နေစဉ်အခါ လက်မှ လွတ်ကျ၍ သွားတာကို ကျွန်ုပ်တွေ့မြင်လိုက်ရပါသည်။ ဟောဟိုမှာ ကြည့်စမ်းပါလား။ ကျွန်ုပ်ကိုယ်တိုင် ကောက်ယူ ၍ ဝတ်ဆင်ပေးလိုက်ရမလား။

ဟု ဆိုသောအခါ အထိန်းတော်များက ကြောက်လန့် တုန်လှုပ်စွာနှင့်

အို ညီ့သည်တော်မြတ်၊ ဤလက်ဖွဲ့ကို မတို့ မထိလိုက်ပါနှင့်။

ဟူ၍ ဆိုကြလေ၏။ ဒုဿန္တမင်းသားသည် အထိန်းတော်တို့၏ စကားကို မနာယူဘဲ ရုတ်တရက် လက်ဖွဲ့ကို ကောက်ယူလိုက်ပြီးလျှင်

ဟောသည်မှာ သူငယ်ကလေး၏ လက်ဖွဲ့။

ဟူ၍ ဆိုလေ၏။ အထိန်းတော် နှစ်ယောက်တို့သည် ရင်ဘတ်ကို လက်နှင့် ဖိ၍

အမယ်လေး အလွန်တရာ ထူးဆန်းလှပါကလား ဟု အံ့သြကာနေကြလေ၏။ ထိုအခါ ဒုဿန္တမင်းသား က

WWW.DHAMMARANSI.COM



ကျွန်ုပ်လက်ဖွဲ့ကို ကောက်တဲ့အခါ ဘာကြောင့် ဤမျှလောက် အံ့သြကြပါသနည်း။ ဤလက်ဖွဲ့ကို မတို့မထိပါနှင့်ဟု ကျွန်ုပ်ကို ကားမြစ်ပိတ်ပင်သည်မှာ ဘာအကြောင်းထူးရှိလို့ပါလဲ။

ဟူ၍ မေးမြန်းလေ၏။ ထိုသို့ မေးမြန်းရာ ဒုတိယအထိန်းတော်က

အလွန်တရာ ဘုန်းသမ္ဘာကြီးတော်မူလှသော ဧည့်သည်တော်မြတ်၊ အဖိုးထိုက်တန်စွာသော ဤလက်ဖွဲ့သည် သာမညလက်ဖွဲ့ မဟုတ်ပါ။ အလွန်တရာ တန်ခိုးကြီးလှပါသည်။ တာဝတိံသာ နတ်ရွာသနင်း သိကြားမင်းက ဤသူငယ်ကလေးကို မွေးဖွားသည်နှင့် တစ်ပြိုင်နက် ဘေးရန်အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်တားဆီးစိမ့်သောငှာ အထူးသဖြင့် ပေးအပ်ဆောင်နှင်းသော လက်ဖွဲ့ထူး ဖြစ်ပါသည်။ မည်သည့်အခါမဆို ကလေး၏လက်မှ မြေပေါ်သို့ ကျသည့်အခါ သူငယ်၏ မိဘအရင်းမှ တစ်ပါး အခြားမည်သူ တစ်စုံတစ်ယောက်မျှ ဘေးဥပါဒ် မထိရောက်ဘဲ ကောက်ယူ၍ ရမြဲမဟုတ်ပါ။

ဟူ၍ ပြောရာ ဒုသျှန္တမင်းသားက

သြော် အလွန် အံ့သြဖွယ် ကောင်းပါကလားနော်၊ အကယ်၍ သူငယ်၏မိဘမဟုတ်သူများ ဤလက်စွပ်ကို တို့ထိလိုက်ပါလျှင် မည်သို့ ဘေးအန္တရာယ် ဖြစ်တတ်ပါသနည်း။

ဟူ၍ ထပ်မံမေးမြန်းပြန်လေ၏။ ထိုအခါ ပထမအထိန်းက ပြောပြသည်မှာ

သူစိမ်းတစ်ယောက်ကသာ ဤလက်ဖွဲ့ကို ကောက်ယူလိုက်ပါလျှင် သိကြားမင်း၏ အမိန့်အာဏာအတိုင်း လက်ဖွဲ့အတွင်းမှ ပြင်းစွာအဆိပ်ထန်သော မြွေတစ်ကောင် ထွက်လာပြီးလျှင် ကောက်ယူသူ၏အသက်ကို ရုတ်တရက် သေကြေ ပျက်စီးအောင် ပေါက်သတ်တတ်ပါသည်။

ဟူ၍ ပြောပြီးလျှင် ဒုသျှန္တမင်းသားက ရှင်လန်းအားရစွာနှင့် သတို့သားငယ်ကို ပွေ့ပိုက်ဖက်ယမ်း၍

ယခုတစ်ခါဖြင့် ငါမျှော်လင့်တဲ့အတိုင်း ပြီးစီးထမြောက်တော့မှာပဲ။

ဟူ၍ မြွက်ဆိုလိုက်ပြီးလျှင် တစ်ကိုယ်တည်းစဉ်းစားသည်မှာ

အထိန်းတော်များပြောတဲ့အတိုင်း သူငယ်ကလေး၏ မိခင်ဘခင် မဟုတ်တဲ့သူများ ဤ လက်ဖွဲ့ကို တို့ထိလျှင် ကြီးစွာသော ဘေးဒဏ် သင့်တတ်ရိုး မှန်ပါလျှင် ငါကောက်ယူတဲ့အခါ တစ်စုံတစ်ရာမျှ အန္တရာယ်မရှိချေ။ သို့ဖြစ်သည့်တွက်တာကြောင့် ဤသူငယ့်ဖခင်ဟာ ငါမဟုတ်လျှင် မည်သူဖြစ်နိုင်တော့မှာလဲ။ ငါသာ သူငယ်၏ဖခင် ဖြစ်ပါလျှင် သူ့မိခင်ဟာလဲ သကုန္တလာဖြစ်မှာ အမှန်ပဲ။ သည်တစ်ခါဖြင့် အလွန်တရာတောင့်တ၍ နေသော သကုန္တလာ မင်းသမီးကို သားကြီးရတနာနှင့်တကွ တွေ့ဆုံရတော့မှာပဲ။

သြော် တွေးတော ဆင်ခြင်လိုက်တော့ နတ်တို့၏ ဘုရင် အရှင်သိကြားမင်းကြီးက အသုရာတို့နှင့် စစ်ကူတောင်းသည့်အရာမှာ သကုန္တာလမင်းသမီးနှင့် တွေ့ဆုံစေဖို့ရာ စီမံတော်မူတာပဲထင်ပါရဲ့။ ယခုအခါ ဤတာဝတိံသာ နတ်ပြည်သို့ ရောက်လာခြင်းသည် လွန်စွာအကျိုးရှိ၍ အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ရခြင်းဖြစ်လေသည်။ တွေ့လုနီးအခါမှာ ငြိမ်သက်စွာ အရိပ်အဆင် ကို ကြည့်၍ နေဦးမှ တော်မည်။

ဟု စဉ်းစားပြီးလျှင် အထိန်းတော်များ၏ အမူအရာကို အကဲခတ်၍ နေလေ၏။ အထိန်းတော် နှစ်ယောက်တို့လည်း အလွန်ထူးဆန်းသောအမူအရာကို တွေ့မြင်ရသည်နှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီးလျှင် ထိုအကြောင်းကို သူတို့၏ သခင်မဖြစ်သော သကုန္တလာမင်းသမီးအား ပြောကြား တင်လျှောက်လိုသောကြောင့် အထိန်းတော် နှစ်ယောက်စလုံး ပြုံးရွှင်သော မျက်နှာနှင့် သကုန္တလာမင်းသမီးထံသို့ သွားကြလေ၏။

WWW.DHAMMARANSI.COM



နရိန္ဒသတို့သားကလည်း အထိန်းတော်တို့နှင့် အတူတကွ လိုက်သွားလိုသောကြောင့်

ကျွန်တော့်မိခင်ထံသို့ လိုက်သွားပါရစေ။ အခွင့်ပြုပါဦး။

ဟု ဖခင်ဖြစ်သော ဒုဿန္တမင်းသားကို ပြောဆိုတိုင်ကြားပြီးလျှင် သူ့ဖခင်၏ရင်ခွင်မှ သက်ဆင်း၍ အထိန်းတော်များ၏ နောက်သို့ လိုက်သွားလေ၏။ (နရိန္ဒသတို့သားသည်ကား ဒုဿန္တမင်းသားကို သူ၏ဖခင်ဟူ၍ မသိရှာချေ။ တစ်ခါတစ်ရံမျှ မတွေ့မမြင်ဖူးသောကြောင့် သူစိမ်းပြင်ပပင် မှတ်ထင်လျက် ရှိလေ၏။) သူငယ်ကလေး ရင်ခွင်ထက်မှ ဆင်းသွားသောအခါ ဒုဿန္တမင်းသားက

မင်း သဘော ရှိတဲ့အတိုင်း လိုက်သွားပေတော့ ငါ့သားတော်ကလေး၊ အကယ်၍ ဖခင်ပွေ့ပိုက်၍ သင်၏မိခင်ထံသို့ လိုက်သွားခဲ့ပါလျှင် သင့်မိခင်က သာ၍ပင် ဝမ်းမြောက်အားရ သဘောကျမှာပါပဲ။

ဟု လှမ်း၍ ပြောကြားလိုက်သောကာလ သူ့ဖခင်၊ဟုတ်ဘဲ ဤသို့ ပြောဆိုရမလားဟု အမျက်ဒေါသဖြစ်ပွားသောကြောင့်

ခင်ဗျား ကျွန်တော့်ဖခင် မဟုတ်၊ ကျွန်တော့်ဖခင်မှာ ဘုရင်ဒုဿန္တမင်းမြတ် ဖြစ်ပါသည်။

ခင်ဗျားလဲ ဒုဿန္တမင်းသား မဟုတ်ပါဘူး။

ဟူ၍ ပြန်လှန် ပြောဆိုသောအခါ ဒုဿန္တမင်းသားက ပြုံး၍

ယခုလို ဒေါသသံပါပါ အမူအရာကလေးနှင့် ပြောသည်ကို ကြားရတာကိုပင် လွန်စွာ ဝမ်းမြောက်လှပါသည်။ မင့်ဖခင် မဟုတ်ဘူး ထင်သည့်အရာကို မကြာမီ ကွဲပြားအောင် သိရလိမ့်မယ်။

ဟူ၍ ဆိုလိုက်လေ၏။

သကုန္တလာ မင်းသမီးသည် ကက္ကရုပန်းပင်အောက်မှာ တစ်ယောက်တည်း ဆံပင်ရှုပ်ထွေးလင်ပူ မအေးသော အမူအရာ၊ မျက်နှာညှိုးနွမ်း၊ မချမ်းမသာသော ရုပ်ရည်နှင့် စဉ်းစား၍ နေသည်မှာ

သြော် ကံအကျိုးပေးချက်ကဖြင့် နက်နက်နဲနဲကြီးဆိုးဝါးပါပေရဲ့။ အဖမဲ့တဲ့ သားကလေး တစ်ယောက်နှင့် ဤတာဝတိံသာနတ်ပြည်ဌာနသို့ရောက်နေသည်မှာ ကာလကလဲ အတော်ကြာခဲ့ပြီ။ မာလိနီမြစ်အနီးမှာ ကျောင်းသင်္ခမ်းကိုမှီး၍ ကိုယ်တည်း ကျင့်ကြံတော်မူနေသော ခမည်းတော်ဘုရားလဲ ငါ့ဖြစ်ပုံ အကြောင်းအရာကို ကောင်းစွာ သိတော်မူမည် မဟုတ်ရှာ။ လူ့ပြည်ဒေသ ကိုယ်ဖွားမြင်ရာ ဒေသ မဟုတ်လေတော့ အနေအထိုင်ရ ကျဉ်းကြပ်သလို ဖြစ်ပြီး စိတ်ညစ်နေတော့တာပဲ။

ငါ၏အသက်ခန္ဓာကို ဤ နေရာဌာနမှာပင် အဆုံးစွန် ပစ်ချလိုက်ရတော့ မှာပဲ ထင်ပါရဲ့လေ။ အို ယခုလို အသက်ရှင်၍ နေရတာထက်ဖြင့် သေတာက မြတ်ပါသေးရဲ့။ ငါဖြစ်ပုံနည်းလမ်းကိုဖြင့် ဘယ်လို စခန်းသတ်၍ ဇာတ်သိမ်းရမယ်လို့ဖြင့် မသိသေးဘူး။ သည့်လောက်တောင်ဆိုးဝါးယုတ်မာတဲ့ ကံများဟာ ဘာကြောင့်လူ့ဘဝကို လာ၍ အကျိုးပေးနေပါလိမ့်မလဲ။ သို့ရာတွင် ငါသေ၍ သွားတာက မခက်၊ မျက်နှာငယ်ငယ်နှင့် သနားဖွယ်ကောင်းတဲ့ သားကလေးတစ်ယောက် ရှိပါသေးကလား။ ဘယ်သူ့အမွေကို ခံစားပြီး လူလားမြောက်မယ်လို့ မသိ။ အမိအမွေ ဆိုတာမှာ တစ်စုံတစ်ရာမျှ မရှိ။ တကယ်လို့သာ အမေဖြစ်တဲ့သူ ငါ့အမွေကို ခံရရှာမှာဖြင့် ဟို မာလိနီမြစ်ကမ်းမှာ သစ်ခက်မိုးတဲ့ သင်္ခမ်းကျောင်းမှာ ဖန်ရေစွန်းတဲ့ လျှော်တေသင်္ကန်းကိုရုံ၍ တောချုံ ပျော်မွေ့တဲ့ ရသေ့ကလေး လုပ်ရရှာတော့မှာပဲ။ သူ့ဖခင်အမွေ ဆိုတာမှာ မျှော်လင့်စရာ နည်းနည်းမှ မရှိရှာ။ သူ့ကိုယ်ဝန် တည်စကပင် ငါ့ကို နှင်ထုတ်၍ ပစ်လိုက်လေသည်။ တကယ်လို့

WWW.DHAMMARANSI.COM



ကံဆုံသဖြင့် သားကလေးနှင့် တွေ့ကြုံပေမယ့် ရာဇဂုဏ် မောက်ကြွားပြီး သားအစစ် မှန်တယ်လို့ ဝန်ခံမယ့်လူစားလဲ မဟုတ်ပါဘူး။ မတရားလိုက်တဲ့ဘဝမှာတော့ ဒုဿန္တ ဆိုတဲ့ အသံကို ကြားလျှင် နားလန့်လို့ ကြောက်ပါရဲ့။

ဩော် ဒုဿန္တ မင်းသားနှယ် မသနား မညှာတာ လွန်စွာ ရက်စက် စိမ်းကားပါကလားနော်။ သူ နှိပ်စက်တဲ့အတွက်ကြောင့် ငါ့မှုမက သားကလေးပါအကျိုးနည်းပြီး ဘဝကြီးတစ်ခု ဆုံးရှုံးရာတော့တာပဲ

ဟူ၍ ညည်းတွားရှ်နေစဉ် လက်ယာ မျက်ခုံးနှင့် ညာလက်ရုံးသားများသည် ထူးခြားစွာ တုန်လှုပ်လေ၏။ ထိုအခါနှင့် တစ်ပြိုင်နက် ကက္ကရုပန်းပင်ထက်က သာယာသော အသံဖြင့်

စိုးရိမ်ပူပန်ရန်အရေးဖြင့် မကြာခင် အေးပါလိမ့်မည်။ ဆွေးခန်းကို ရုတ်သိမ်း၍ ချမ်းသာကိန်းပေါ်တော့မှာပါပဲ။

ဟူ၍ သာယာစွာ ပြောဆိုသော အသံတစ်ခုကိုလည်း ကြားရလေ၏။

ထိုအခါ သကုဏ္တလာမင်းသမီးကလေး အံ့အားသင့်စွာနှင့် စဉ်းစားဆင်ခြင်သည်မှာ

အလို တွေ့ကြုံရတဲ့ နိမိတ်ကဖြင့် စိတ်ရွှင်မြူးစရာပါကလား ညာလက်ရုံးနှင့် ညာမျက်ခုံးများလည်း ထူးခြားစွာ တုန်လှုပ်လေသည်။ ကက္ကရုပန်းပင်ထက်က ကြားရသော အသံဟာလဲ မျှော်လင့် အားကိုးစရာကြီးပါကလား။ ဘယ်နည်း ဘယ်ပုံများ ငါကံစီမံလိမ့်မယ်လို့ဖြင့် မသိရသေး။ အို ဘယ်လိုပင် နိမိတ်ပေးသော်လည်း အေးဖို့တော့ မကြုံနိုင်ဘူး ထင်ပါရဲ့လေ။ နေပူမှာ ခြောက်သွေ့တဲ့ ကြာပန်းကို ဘယ်လိုပင် ရေဖြန်းသော်လည်း လန်းနိုင်ဖို့အခွင့် ရှိပါဦးမလား။

ဟူ၍ စဉ်းစားဆင်ခြင်၍နေစဉ် အထိန်းတော် နှစ်ယောက် ဝင်၍ လာလေ၏။ ပထမ အထိန်းတော်က သကုဏ္တလာ မင်းသမီးကို ကြည့်၍ ဒုတိယ အထိန်းတော်ကို ပြောသည်မှာ

ရှုစမ်းပါ မိတ်ဆွေ၊ သခင်မကလေး၏ နေထိုင်ပုံများသည် ရာဟုဖမ်း၍ ထားသောလ၏ ပမာ မည်းသည့်အခါမှု မျက်နှာသာတယ်လို့ မရှိရှာဘူး။ သို့ရာတွင် သခင်မကလေး ကြည်လင်ဖို့အချက်တော့ဖြင့် နီးကပ်လျက်ရှိနေတာလို့ ထင်မြင် သင့်လေသည်။

ယခုတင်က တွေ့ခဲ့ရတဲ့ ညှော်သည်ဟာ သခင်မကလေး၏ အရှင်ဖြစ်တဲ့ ဒုဿန္တ ဘုရင် ဆိုတာ အမှန်ပင် ဖြစ်ပုံလက္ခဏာပဲ။ နရိန္ဒသတို့သားကလေးနှင့် ပုံပန်းလက္ခဏာများတူတဲ့ပြင် တန်ခိုးကြီးတဲ့ လက်ဖွဲ့ကို ကောက်ယူလိုက်တဲ့ အခါမှာလဲ တစ်စုံတစ်ရာမျှ ဘေးဒဏ်မရှိပေဘူး။

ဟူ၍ ပြောရာ ဒုတိယ အထိန်းတော်က

မိတ်ဆွေထင်တဲ့တိုင်းပင် မှန်ပါလိမ့်မည်။ တစ်စုံတစ်ရာမျှ ယုံမှားဖို့မရှိပါ။ ဤအကြောင်းအရာကို လျင်မြန်စွာ အကြောင်းကြားမှသင့်ပါမည်။

ဟူ၍ ဆိုလေ၏။ ထိုအခါ ပထမ အထိန်းတော်က သကုဏ္တလာမင်းသမီးကို ဝမ်းသာသော မျက်နှာ၊ ကြည်လင်စွာသော အသံနှင့် ပြောကြားသည်မှာ

သခင်မအပူကိန်းကို ရုတ်သိမ်း ဖြေဖျောက်တော်မူဖို့ရာ ကောင်းမြတ်သည့် နိမိတ်လက္ခဏာများကို ယခုပင် တွေ့မြင်ခဲ့ရပါသည်။

ဟူ၍ ဆိုလျှင် သကုဏ္တလာမင်းသမီးက ရုတ်တရက် ဝမ်းမြောက်ခြင်း ဖြစ်လာပြီးလျှင်

ဘယ်လို နိမိတ်လက္ခဏာပါလိမ့်မလဲ။

ဟူ၍ မေးလေ၏။ ပထမအထိန်းတော်က ဆက်လက်ပြောကြားသည်မှာ

ဤနန္ဒဝန် ဥယျာဉ်ထဲမှာ နရိန္ဒသတို့သားကို ပျော်ပါးမွေ့လျော်စေရန် ဖြေဖျော်ဖို့ လည်ပတ်တဲ့အခါ အလွန်တရာ လှပ ယဉ်ကျေးသော လူယောကျ်ား ညှော်သည်တစ်ဦးကို တွေ့ရပါသည်။ ထိုညှော်သည်၏ ရုပ်လက္ခဏာများသည်

WWW.DHAMMARANSI.COM



သားတော်ကလေးနှင့် ရွေးလို့မရအောင် တူပါသည်။

ဟူ၍ ပြောနေရင်း စကားမဆုံးမီ သကုဏ္ဍလမင်းသမီးက အရေးကြီးစွာနှင့်

အို အမှန်ပဲလား၊ သူ့အမည်သညာကို သေချာစွာ မှတ်မိခဲ့ပါရဲ့လား။

ဟု ကြားဖြတ်၍ မေးလေ၏။ အထိန်းတော်က

သူ၏အမည်ကိုတော့မမေးခဲ့ရသေးပါ။ ထူးဆန်းတဲ့ အမူအရာတွေကို မြင်တာနှင့် လျင်မြန်စွာ သခင်မအနားသို့ လာခဲ့တာပါပဲ။

ဟု ဆိုလျှင် သကုဏ္ဍလမင်းသမီးက

ဘယ်လို ထူးဆန်းပါသလဲ။

ဟုမေးရာ ဆက်လက်၍ ပြောသည်မှာ

နရိန္ဒမင်းသားကလေးသည် ခြင်္သေ့များနှင့် ရဲဝံ့စွာ ကစားနေတဲ့အခါ ကျွန်မတို့က ပြောဆို ဆုံးမပါသော်လည်း စကားကို နားမထောင်ဘဲ အတင်းသာ ခြင်္သေ့များနှင့် ကစားမြဲ ကစား၍ နေပါသည်။ ထိုအခါတွင်ဆိုခဲ့တဲ့ ဧည့်သည် ရောက်လာ၍ သူငယ်ကလေးကို ပြောဆို ဆုံးမလိုက်တဲ့အခါ အလွန်စိတ်နူးညံ့စွာနှင့် လိုက်နာ၍ ငြိမ်ဆိမ်စွာ နေပါသည်။ ထို့နောက် ဧည့်သည်တော်က ကလေးကို ပွေ့ပိုက်၍ ချီလိုက်သောအခါမှာလည်း ဖခင်၏ရင်ခွင်ထက်မှာ နေသကဲ့သို့ ပျော်ရွှင်စွာ နေပါသည်။ သည်လိုဖြစ်တာလဲ အံ့သြစရာတစ်ခုပါပဲ။

သည့်ပြင် အထူးအံ့သြဖွယ် ကောင်းတဲ့အချက်မှာတော့ သူငယ်ကလေး၏ လက်၌ ဝတ်ထားသော လက်ဖွဲ့သည် ခြင်္သေ့များနှင့် ကစား၍ နေရာ မြေသို့ကျွတ်၍ ကျပါသည်။ ကျွန်မတို့က လက်ဖွဲ့၏ အစွမ်းသတ္တိကို အလုံးစုံသိသောကြောင့် မတို့မထိလိုက်ပါနှင့်ဟု ပိတ်ပင် တားမြစ်ပါသော်လည်း ဧည့်သည်လူသားက ကျွန်မတို့ စကားကို နားမထောင်ပဲ ကောက်ယူလိုက်ပါသည်။

ဟူ၍ ပြောရင်း စကားမဆုံးမီ သကုဏ္ဍလမင်းသမီးက

အို ဧည့်သည်ကလေးဟာ အသက်မှ ချမ်းသာရာ ရပါရဲ့လား။

ဟု သနားကရုဏာသံနှင့် မေးမြန်းလေ၏။ အထိန်းတော်က ဆက်လက် ပြောကြားသည်မှာ

လက်ဖွဲ့ကို ကိုင်လိုက်သောအခါ တစ်စုံတစ်ရာမျှ အထူးအထွေမဖြစ်ဘဲ ချမ်းသာစွာ ပကတိ အတိုင်းပင် ရှိနေပါသည်။ သခင်မသာ ဆင်ခြင်စဉ်းစားတော်မူပါတော့။

ဟူ၍ ပြောကြားရာ ဒုတိယအထိန်းတော်က

ယခု ပြောဆိုတဲ့အတိုင်း အမှန်ပင် ဖြစ်ပါသည်။

ဟူ၍ ထောက်ခံ ပြောဆိုပြန်လေ၏။ ထိုစကားကို သကုဏ္ဍလ မင်းသမီးကြားရာ များစွာ ဝမ်းမြောက်ခြင်းဖြစ်သည်နှင့် တစ်ကိုယ်တည်း တွေးတောဆင်ခြင်သည်မှာ

ယခု ကြားရတဲ့သတင်းမှာ အလွန်တရာ ထူးဆန်းပါပေသည်။ သားတော်၏လက်မှာ အမြဲဝတ်ဆင်၍ ထားသော သိကြားမင်းပေးသည့် လက်ဖွဲ့မှာ အလွန်တရာ တန်ခိုးရှိ၍ သူငယ်၏ အမိအဘ မဟုတ်သောသူတို့သာ တို့ထိ ကိုင်တွယ် လိုက်ပါလျှင် သေဆုံးပျက်စီးတာအမှန်ပဲ။ ကလေး၏ဖခင် ဘုရင်ဒသျှန္တမင်းသား ဖြစ်နေလို့သာ တစ်စုံတစ်ရာ ဘေးဒဏ် မထိရောက်ဘဲ နေသည့်လက္ခဏာပဲ။ ဒသျှန္တမင်းသား မဟုတ်ပါလျှင် မုန်စွာ သေဆုံးရလိမ့်မည်။ ရှေးကကဲ့သို့ လက်ဖွဲ့က တန်ခိုးရှိတာဖြင့် ယခု တွေ့တဲ့သူဟာ ဒသျှန္တမင်းသား အမှန် ဖြစ်မှာပဲ။ လက်ဖွဲ့ကို ကိုင်တဲ့သူဟာ ဒသျှန္တမင်းသား မဟုတ်ပါလျှင် လက်ဖွဲ့၏ တန်ခိုးသတ္တိများသည် ရှေးကကဲ့သို့ မရှိဘဲ ညှိုးဖျင်းခြင်းသာ ဖြစ်လိမ့်မည်။ သို့ရာတွင် သိကြားမင်း ကိုယ်တိုင် ပေးထားသော လက်ဖွဲ့ကဖြင့် တန်ခိုးသတ္တိ ညှိုးနိုင်မည်မဟုတ်တန်ရာ အသေအချာ နေရာတကျ စိတ်ချ ယုံကြည်ဖို့ရန် အချက်ကဖြင့် ခပ်ခက်ခက်ရှိသေးတာပဲ။

WWW.DHAMMARANSI.COM



လူ့ဘုံသားဖြစ်သော ဒုဿန္တဘုရင်ဟာလဲ ဤ တာဝတိံသာဘုံကို ရောက်လာဖို့ရန် အတန်ကြီး ခက်ခဲလေသည်။ ကံ၏ အကျိုးပေးပုံ ဆိုတာလဲ အလွန်တရာ ဆန်းကြယ်တာပဲလေ။ 'လုံထမ်း၍ လာတာကိုသာ မြင်ရသည်။ ကံထမ်း၍ လာတာ ကို မမြင်ရ' ဆိုတဲ့ စကားများလည်း ရှိပေသည်။

ဟူ၍ တွေးတော ဆင်ခြင်၍နေစဉ် နရိန္ဒ သတို့သား ကလေးအနားသို့ ရောက်လာလေ၏။ ထိုအခါ သားငယ်က

မယ်မယ်- ဟိုမှာ ဧည့်သည်တစ်ယောက်ကို တွေ့ရပါသည်။ ရှေးအခါက တစ်စုံတစ်ရာမျှ မတွေ့မမြင်ဘူးပါဘဲနှင့် ကျွန်တော့်ကို သားဟု စွပ်စွဲပါသည်။ ကျွန်တော်ကလဲ နည်းနည်းမှ မခံချင်တာနှင့် ဒုဿန္တမင်းသားမှ ကျွန်တော့် ဖခင် ဖြစ်ပါသည်။ ခင်ဗျား ဒုဿန္တမင်းသား မဟုတ်ဟု ဆိုခဲ့ပါသည်။ သူ့မျက်နှာကဖြင့် အလွန်တရာ ကျွန်တော့်ကို ချစ်ခင်တဲ့ လက္ခဏာ ပါပဲ။

ဟု ပြောလေ၏။ ထိုစကားကို သကုန္တလာ မင်းသမီး ကြားပြန်ရာ

ဘယ်နှယ့်ဟာလဲ၊ အမှန်ပဲ ကလေး၏ ဖခင် ဖြစ်နေတယ်ထင်ပါရဲ့။ ငါထင်မြင်တဲ့ နိမိတ်များ ကလဲ မလွဲနိုင်ဘူးဟု ထင်စရာပေပဲ။ ငါ၏ အပူမီးပုံကြီးကို အပြီးတိုင် ငြိမ်းသတ်မဲ့သူဖြင့် ကြွလာတော်မူပြီ ထင်ပါရဲ့။

ဟူ၍ **စဉ်းစားပြီးလျှင်** သားကလေးကို ရင်ခွင်၌ပိုက်၍ အထိန်းတော်များနှင့် ထိုအကြောင်းစကားကို ပြော ကြား မေးမြန်းနေလေ၏။

ဒုဿန္တမင်းသားသည် အထိန်းတော်တို့သွားသည့် နောက် တဖြည်းဖြည်း လှမ်း၍လာသောအခါ မလှမ်း မကမ်းက သကုန္တလာမင်းသမီးရုပ်သွင်ကို မကွဲမပြား တွေ့မြင်ရလေ၏။ ထိုအခါ ဝမ်းသာဝမ်းနည်း ဖြစ် သည်နှင့် ငိုရတော့မလို ရီရတော့မလို တဖိုဖို တလှိုက် လှိုက် စိတ်နှလုံးထိခိုက်ပြီးလျှင် ပင့်သက် တရှိုက်ရှိုက် နှင့် တစ်ကိုယ်တည်း ပြောဆိုသည်မှာ

အလို ယခု ငါတွေ့မြင်ရတာ သကုန္တလာ ရှုမဝနိုင်တဲ့ အလှညွန့်ဖူး အချစ်ဦးကလေး ထင်ပါကလား။ သြော် သဏ္ဍာန်ပုံပန်းများက ညှိုးနွမ်းနေတဲ့အပေါ်မှာ ဝတ်စားတန်ဆာများ ကလဲ လွန်စွာ ဟောင်းနွမ်း၍ နေရှာပါကလား။ ဆံပင်ကိုမှ မထုံးမနှောင် ချောအောင် သန့်ရှင်း အောင် မပြုမလုပ်နိုင်ဘဲ ဖရိုဖရဲ ရှုပ်ရှုပ်ထွေးနှင့် မျက်နှာကလေးများတောင် အပုံကြီး ကျ၍နေ ရှာပြီ။ သားငယ်ကလေးကို ရင်ခွင်မှာပိုက်ပြီး စိုက်လို့ ငေးနေလိုက်တာ အပုံကြီး သနားစရာ ကောင်းတာပဲ။ သကုန္တလာမင်းသမီးမှ ဟုတ်မှ ဟုတ်ပါလေစနော်။ နတ်ပြည်ဆိုတာ ထူးဆန်း တဲ့ အရာတွေကလဲ ပေါများပါဘိသနှင့်၊ နတ် သမီးများက ငါ့ကို ဖြားယောင်း လှည့်ပတ်ထား သလားနော်။ သြော် ယခု ငါဖြစ်ပျက်နေတာလဲ အိပ်မက်မက်တာ မဟုတ်ပါဘူး။ ငါလဲ နိုး ကြားလျက် **နေတာပါပဲ**။ နိုးရင် အိပ်မက်မက် နိုင်တာလဲ **မဟုတ်ပါဘူး**။ အသေအချာ ရှုစမ်း ရအုံးမှာလေ။

ဆို၍ မျက်နှာကို ပွတ်သပ်ပြီး ရှေ့သို့ တက်လျက် ကြည့်ရှုရင်း ပြောပြန်သည်မှာ

အမှန်သကုန္တလာပါပဲ။ အလွန် ချစ်ခင်လှစွာ သောသူ၏ လင်ယောကျ်ားနှင့် ကွဲကွာနေရသည့် အတွက် အရုပ် အရည် ပျက်နေတဲ့ လက္ခဏာပဲ။ စိတ်လက်မသာ ပူဆာညှိုးချုံး၍ နေတဲ့အခါမှာ သူ့ရှေးက ဝါသနာပါရင်း ရှိတဲ့အတိုင်း ကမ္မဋ္ဌာန်း ဘာဝနာဘက်သို့ လိုက်စားပြီး တရားနှင့် ဖျော် ဖြေနေရှာတတ်တယ် ထင်ပါရဲ့။ သူ့အားကိုး၍ လိုက်လာသော ခင်ပွန်းယောကျ်ားက သနားခြင်း မဖက် ကရုဏာမသက်ဘဲ ရက်စက်စွာ နှင်ထုတ် လိုက်ရာ ယခုလောက် ကြာရှည်စွာ သူ အသက် ရှင်၍ နေခြင်းမှာ တင်းမာသော စိတ်သဘောဖြင့် သည်းခံနိုင်သော သတ္တိအစွမ်းကြောင့်သာ ဖြစ်

WWW.DHAMMARANSI.COM



တန်ရာသည်။ အလွန် သနားစရာ ကောင်းပါကလား။

ဟူ၍ ညည်းတွား တွေးတောရင်း တဖြည်းဖြည်း ရှေ့သို့ တိုး၍ လာလေ၏။

သကုဏ္ဍလမင်းသမီးသည် ခပ်လှမ်းလှမ်းက ဒုဿန္တမင်းသားကို တွေ့မြင်ရာ ယုံမှားသင်္ကာ ရှိနေသောကြောင့် တွေးတောဆင်ခြင်သည်မှာ

ဟိုက လျှောက်လာတာ ဒုဿန္တမင်းသားပင် ဖြစ်လေတော့သလား။ ပုံပန်းသဏ္ဌာန် ကိုယ်ဟန်အမူအရာများကဖြင့် သားကလေးဖခင်နှင့် တစ်သွင်တည်း တူနေတာပါပဲ။ အို သူ့မျက်နှာများကလဲ ဖြူဖတ် ဖြူရော်နှင့် ကြွေခါနီးတဲ့ ဖက်ရွက်ရော်ကဲ့သို့ ဖြစ်နေပါကလား။ စိတ်ဒုက္ခများပြား၍ အင်အားချည့်နဲ့နေတဲ့ လက္ခဏာပဲ။ တွေးတောဖွယ်ရာတစ်ခုမှာ ငါ့ကို နှင်ထုတ်လိုက်မိသည့်အတွက်ကြောင့် ယခုမှ နောင်တရပြီး သောက များနေတယ်ထင်ပါရဲ့။ သည်လိုသာ သူသတိရမယ်ဆိုတာဖြင့် အမှန် ဝမ်းမြောက်စရာပါပဲ။ သို့ရာတွင် အလွန်တရာ စိမ်းကား ရက်စက်လွန်းတဲ့သူဟာ ဘယ်အခါမှ စိတ်ပျော့ပျောင်း၍ အဟောင်းကို ပြန်လှန်ပြီး သံဝေဂ မရနိုင်ဘူးထင်ပါရဲ့လေ။ အလွန်တရာ ခက်မာ၍ နေသော ကျောက်တုံးကြီးကို ရွှံ့ကဲ့သို့ ပျော့ပျောင်းအောင် လုပ်ဆောင်နိုင်ပါ့မလား။ ဩော် အထင်များ မှားလေတော့သလား။ သူ့ပုံများကဖြင့် တကယ့်ကို ဒုဿန္တမင်းသားနှင့် တူတာပဲ။ မဟုတ်မှ လွဲရော့ "အို အရှင့်သား လမ်းမှားလို့ ကြွရောက်တော်မူလာသလား"ဟု ဟစ်၍ ခေါ်လိုက်ချင်တော့တာပဲ။ သည်နတ်ပြည်သို့ သူရောက်လာဖို့ အချက်လဲ ခပ်ခက်ခက်ပဲနော်၊ ဩော် သည်နတ်ပြည်နတ်ရွာဆိုတာလဲ အလွန်တရာ ထူးဆန်းပါဘိသနှင့်။ ငါထင်မိတဲ့အတိုင်း အမှန်ယုံကြည်ရမှာလဲ အခက်ကြီးပဲ။

ဟူ၍ တွေးတောနေစဉ် ဒုဿန္တမင်းသား အနားသို့ ရောက်လာလေ၏။ ထိုအခါ နရိန္ဒသတို့သားက

မယ်မယ်ဘုရား၊ ကျွန်တော့်ကို သားဟူ၍ စွပ်စွဲတာ ဟောဟိုလူကြီးပါပဲ။

ဟူ၍ ရုတ်တရက် ပြောကြားလေ၏။

ထိုစကားကို ဒုဿန္တမင်းသား ကြားရာ သားတော်ကို ကြည့်၍ ပြုံးပြီးလျှင်

အို မြင့်မြတ်သော ပုရုမင်းမျိုးမှ ပေါက်ဖွားသည့် မင်းသားငယ်ကလေး၊ သင် မနှစ်သက်သော စကားကို ပြောကြားမိသည့်အတွက် ရက်စက်ကြမ်းကြုတ်စွာ ပြုမိသကဲ့သို့ ဖြစ်လေပြီ။ ကျွန်ုပ် ပြောဆိုခြင်းမှာ သင်၏မိခင်ကို ထိခိုက် နစ်နာစေလိုသောအားဖြင့် သဘောဆိုးနှင့် ပြောကြားသည် မဟုတ်ပါ။ မေတ္တာရှေ့ထား၍ သာလျှင် ပြောကြားခြင်းဖြစ်ပါသည်။ ပြောခဲ့သော စကားကို အပြစ်မပြုဘဲ သည်းခံပါ။ သို့ရာတွင် သင်၏ ခမည်းတော်အစစ် ဒုဿန္တ မင်း ဖြစ်ကြောင်းကို သင်၏ မယ်တော် ကောင်းသိရှိသောအခါ လွန်စွာ ဝမ်းမြောက်၍ စိုးရိမ်ပူပန်ခြင်းဟူသမျှ ပြယ်ပျောက်မှာပါပဲ။

ဟူ၍ ပြောဆိုလေ၏။

ထိုစကားကို ကြားရာ သကုဏ္ဍလမင်းသမီးသည် ဒုဿန္တမင်းသား အမှန်ဖြစ်ကြောင်းကို သိသဖြင့် ရုတ်တရက်

အမယ်လေး ကိုယ်တော်ပါကလား။

ဟု မြွက်ဆို၍ အတင်းပြေးသွားပြီးလျှင် ခြေသလုံးကို သိမ်း၍ ဖက်ခါ ငိုလေ၏။ သကုဏ္ဍလမင်းသမီး ငိုသောအခါ စီးယိုသော မျက်ရည်တို့သည် ဒုဿန္တမင်းသား၏ ခြေဖမိုးအစုံကို ဆေးကြောသကဲ့သို့ ဖြစ်လေ၏။ ဒုဿန္တမင်းသားသည်လည်း မိမိ၏ ခြေဖမိုးထက်မှာ မျက်ရည်စက် ကျဆင်းခြင်းအားဖြင့် ကြာမြင့်စွာ စိုးရိမ် ပူပန်၍ လာသော စိတ်ဒုက္ခများကို အတန်ငယ် ဖြေဖျောက်နိုင်လေသည်။ တွေ့ခါစ ဖြစ်သော မင်းသား မင်းသမီးနှစ်ပါးတို့သည် စကား

WWW.DHAMMARANSI.COM



တုန့်ပြန်ကာ မဆိုမပြောနိုင်ဘဲ သေငယ်ဇောနှင့် နစ်မြောသည့်ပမာ အတန်ကြာမျှ အံ့အားသင့်၍ နေကြလေ၏။ အထိန်းတော်များနှင့် နရီနှ သတို့သား သည်လည်း မင်းသမီး မင်းသားနှစ်ပါးတို့၏ တွေ့ ဆုံခါစတွင် အံ့ဩဖွယ် ဖြစ်၍နေသော အမူအရာတို့ ကို သာလျှင် ငေးလျက် ကြည့်ရှုကာ နေကြလေ၏။

ထိုသို့ဖြစ်နေကြသည်အတွင်း သူငယ်ကလေးက မယ်မယ်ဘုရား၊ ဤအရှင်မြတ်ဟာ မဟာဒုဿန္တ ရာဇာ့သနင်း ကျွန်တော်၏ဖခင်ရင်း ဖြစ်ပါ သလား

ဟူ၍ မေးလေ၏။ သကုန္တလာမင်းသမီးက ဒုဿန္တ မင်းသား၏ ခြေကို ဖက်ရင်း ပြောကြားသည်မှာ

သင်၏ ခမည်းတော်အစစ် ဒုဿန္တ ဘုရင်ပင် ဖြစ်လေသည်။ သင့်ကို မဖွားမီ ကာလကစ၍ ကွဲကွာနေရာ ယခုမှပဲ တွေ့ဆုံရတော့သည်။ သင်၏ခမည်းတော်ဘုရားကို ဝပ်တွားမာန်လျှော့ ကန်တော့ဦးတင်ပါလော။

ဟူ၍ဆိုရာ သားငယ်ကလေးကလည်း ချစ်ခင် သော စေတနာဖြင့် ရိုသေစွာ ဒုဿန္တမင်းသား၏ ခြေကို ဦးခိုက်ရှိခိုးလေ၏။ ထိုအခါ ဒုဿန္တမင်းသား သည် လွန်စွာ ကြည်ကွဲဝမ်းနည်းခြင်းဖြစ်၍ တဖိုဖို တလှိုက်လှိုက်နှင့် ရှိုက်၍ ငိုတော့မလို ဖြစ်လေရာ အနိုင်နိုင် ဖြေဆည် တားဆီးပြီးမှ ဝမ်းနည်းသော အသံဖြင့် ပြောကြားသည်မှာ

မိန်းမတကာတို့၏ဥက္ကဋ္ဌ အမြတ်ရတနာ လက် ယာ ထိပ်ထားမိဖုရား၊ သင်နှင့် ကွဲကွာ၍ နေရ သည့်အတွင်းမှာ ပူပြင်းစိတ္တဇသောကကြီးကျယ် ပုံများကိုတော့ စကားဖြင့် ပြောဆိုပါသော်လည်း ကုန်နိုင်ဘွယ်ရာ အကြောင်းမရှိချေ။ ကမ္ဘာကို လောင်သောမီးသည် အပူကြီး ပူ၏ ဆိုသော် လည်း ကျွန်ုပ်အသည်းနှလုံး စွဲလောင်သော အပူမီးသည် ထို့ထက်ပင် ကြီးလေသေး၏။ ထိုသို့ အသည်းနှလုံး စွဲငြိ၍ ပူလောင်နေသော ကျွန်ုပ်၏ စိတ္တဇလွမ်းမီးကို သမုဒ္ဒရာကြီး လေး စင်းမှာ ရှိသောရေတို့ဖြင့် သွန်းဖြန်းသော်လည်း ငြိမ်းစဲနိုင်ရန် အကြောင်းမရှိပါ။ သို့ရာတွင် ချစ်ခင်စွာနှင့် တောင့်တ၍နေသော အသင် နမကို တွေ့ရာ သင်၏ မျက်ရည်များနှင့် သွန်းလောင်း ခြင်းအားဖြင့်သာလျှင် အလွန်ကြီးကျယ်သော မီးသည် အပြီးတိုင် ငြိမ်းအေးခြင်းသို့ ရောက် လေတော့သည်။ ရာဟုဖမ်းသောလ၏ပမာ လွန်စွာ ညစ်နွမ်း၍ မချမ်းမသာ ဖြစ်၍နေသော ကျွန်ုပ်၏မျက်နှာများသည် အသင်နမကို တွေ့ ဆုံရခြင်းအားဖြင့် ရာဟု ခံတွင်းမှ လွတ်ကင်း သော လ၏ပမာ သာယာ ကြည်လင်ခွင့်ကို ရရှိလေတော့သည်။

ဟူ၍ ပြောလေ၏။ သကုန္တလာမင်းသမီးသည် ဒုဿန္တမင်းသား၏ ခြေကို ဆံပင်ဖြင့် ပွတ်တိုက်၍ ရှိုက်ခါရှိုက်ခါ ငို၍ ပြောကြားသည်မှာ

အရှင်မင်းသား ပူပင်တော်မူတယ်ဆိုသည်မှာ ကျွန်မအပူနှင့် စာလျှင် မဟာမြင့်မိုရ်နှင့် နှမ်း စေ့ကို ပုံခိုင်းသည့်ပမာ အလွန်တရာ ခြားကွာ ပါလိမ့်မည်။ ကျွန်မ၏ ပူပင်သောကများကို ဥပမာထား၍ပင် ပြောကြားနိုင်ဖို့မရှိပါ။ အရှင့်မှာ တော့ တိုင်းပြည်နိုင်ငံကို အုပ်ချုပ်၍ စမုတ် အဆောင်ဆောင် ရွှေတောင်ကြီးအသွင် ပလ္လင် အခန်းခန်း ထီးနန်းဆိုင်ဆိုင် တူပြိုင်ဖြေဖျော် နန်းတော်သူအများတို့က ဖြားယောင်း ချော့ မော့ကာ အလိုရှိတိုင်း စံစားတော်မူရသည့် တွက်တာကြောင့် ပူပန်စရာအချက်ကို တစ်ကွက် လောက်မျှ တွေ့နိုင်ရန် အကြောင်းမရှိပါ။ ဘုရာ့ ကျွန်မမှာတော့ ဘာတစ်စုံတစ်ရာမျှ အားကိုး ဖွယ်ရာ မရှိ။ အားကိုးရလိမ့်မည် အထင်နှင့် မြို့ခွင်က ထွက်ခွာ၍ မေတ္တာစိတ်ကြီးနှင့် လာ ခဲ့ရာ အထံတော် စက်အောက်သို့ ဝင်ရောက် ခိုလှုံမိသည့်အခါ မျက်နှာသာမပေး တောတွင်း သူ အရိုင်းကလေးကို မေတ္တာသွေးမဖက် ရာဇ ဂုဏ်တက်ပြီးလျှင် အရှက်ကြီး နန်းလယ်မှာခွဲ၍

WWW.DHAMMARANSI.COM



နှင်ထုတ်လိုက်တာများကို စဉ်းစားမိပါရဲ့လား။ ဤကဲ့သို့ နှင်ထုတ်ခြင်းခံပြီးသောအခါ တစ်စုံတစ်ရာမျှ အားကိုးရာမရဘဲ ရင်ကွဲ၍ သေတော့မလို ဖြစ်သည့်အတွင်း ရှေးကံရင်း ကူမ၍ အတန်ကလေး သက်သာခွင့် ရစေဖို့ သမ္မာဒေဝနတ်များ ကူမသဖြင့် ဘုရားကျွန်တော်မ ယခုလောက် အသက်ရှည်ခွင့်ကို ရပါတော့သည်။ ဤကဲ့သို့ ချစ်ရမယ့်သူက ရက်စက်စွာ နှင်ထုတ်၍ ဖြစ်မိဖြစ်ရာ အသက်ရှင်၍ နေသည့်အခါမှာလည်း ချမ်းသာခွင့် တစ်စုံတစ်ရာမျှ မတွေ့ အဖြစ်အပျက်တွေကို တွေးလိုက်လျှင် ငေး-ငေးပြီး မေ့မြောစရာ အပူနာအလွမ်းနာ အားလုံးတို့က မီးဟုန်းဟုန်းထ၍ တောက်သည့်ပြင်ကျွန်မ၏ အသည်းထောင့်မှာ သောကငြောင့်ကြီးစူး၍နေခဲ့တာ ယခုလောက်ပင် ကြာခဲ့ပါပြီ။ သည့်လို အဖြစ်မျိုးနှင့် အသက်ရှည်၍ နေရမှာထက် သေတာ မြတ်သေးသည်ဟု တွေးမိ ကြံစည်မိပြန်ပါသော်လည်း စိတ်မချနိုင်စရာ မလိမ်မမာ သားကလေး၏ မျက်နှာကို မြင်ပြန်၍ အင်မတန်ကြီး မျိုသိပ်ပြီး အတွင်းကြိတ်ကြိတ်၍ အောင့်အည်းသည်းခံပါတော့သည်။ ဘုရားကျွန်မကို မောင်မောင်ဘုရားပင် စဉ်းစားတော်မူစမ်းပါတော့

ဟူ၍ ငိုရင်း လျှောက်တင် ပြောဆိုလေ၏။ ထိုအခါ ဒုသျန္တမင်းသားက ပြောသည်မှာ

အို သကုန္တလာမင်းသမီး၊သင်၏ ပူပန်ပုံကိုလဲ အလုံးစုံ ယုံကြည်ပါ၏။ နန်းတော် ထီးတော်ထဲမှာ နေထိုင်စံစားရသည့်အတွက် ကျွန်ုပ်မှာ အပူမရှိဘူးဟု သင်ပြောဆိုချက်မှာ သက်သက်မှားယွင်းလေ၏။ အမှန် ယုံကြည်ပါ။ ရွှေနန်းတော်ကြီးကို မဆိုထားဘိ။ ကမ္ဘာလောကကြီး **တစ်ခုလုံးကို ပိုင်သသော စကြ ဝတေးမင်း၏ စည်းစိမ်ချမ်းသာကို** ရသော်လည်း နမနှင့် ကွဲကွာလျှင် ချမ်းသာလိမ့်မည် မဟုတ်ချေ။ ချစ်သူ၏ မျက်နှာမှတစ်ပါး အခြားသော စည်းစိမ်ချမ်းသာကို လိုလားနှစ်သက်အပ်သော ဣဋ္ဌာရုံဟူ၍ မထင်မြင်ပါ။ ချစ်သူ၏ မျက်နှာကို ကြည့်နေရင်း ဆင်းရဲရသည်ထက် ချစ်သူနှင့် ကွဲကွာ၍ ချမ်းသာသဖြင့် ဘယ်အကျိုးရှိမည်နည်း။ လောက၌ အချမ်းသာဆိုသည်မှာ ချစ်သောသူနှင့် အတူတကွ နေထိုင်ခြင်းသာ ဖြစ်သည်ဟူ၍ ကျွန်ုပ်ထင်မြင်မိပါသည်။ ယခုအခါ အလွန်တရာ ချစ်ခင်၍တောင့်တနေသော ကိုယ့်မယားနှင့် တွေ့ရသည်မှာ စကြာရတနာကို ရသောမင်းထက်ပင် ကြည်လင် ဝမ်းမြူး အထူးနှစ်သက်မိပါသည်။ ဤမျှလောက် ခက်ခဲသောနေရာမှာ လာရောက် တွေ့ဆုံရခြင်းမှာလဲ အံ့သြစရာ တစ်ခု ဖြစ်၍ စင်စစ် ကံ့ခဲစွာကြီး ကံ့တွေ့ရခြင်း ဖြစ်ပါသည်။ သင်နှင့် ကျွန်ုပ်၏ ဖူးစာကံစများသည် ဖြောင့်မှန်ခိုင်မာကြသဖြင့် မျှော်လင့်ခြင်း ကင်းပြတ်ရတော့မလို ဖြစ်၍ နေခိုက်ယခုလို ကံ့ကြုံက်စေသည်မှာ ထိုကံဖူးစာကို လွန်စွာ ကျေးဇူးတင်ဖို့ ကောင်းလေသည်။

နောက်နောင်အခါမှာ မည်သို့သော အကြောင်းအရာနှင့်မျှ နမကို ပစ်ပယ် စွန့်ခွာခြင်း မပြုပါ ပေးလိုသောသစ္စာကိုပေးပါ၊ကောင်းစွာ လိုက်နာပါတော့မည်။ ယခင်မဆွ ပထမက နမကို စွန့်ပယ်လိုက်မိခြင်းမှာ ကျွန်ုပ်၏ စိတ်သဘောအတိုင်းပြုလုပ်သည်မဟုတ်ပါ။ ထိုစဉ်အခါတွင် မသမာသောနတ်များက နှောင့်ယှက်ထားသည့်အသွင်မကြည်လင်ဘဲစိတ်နောက်ခြင်းဖြစ်ပြီးလျှင်သတိမရ ဥမ္မတ္တက သူရူးကဲ့သို့ မေ့မူးလျက် ရှိနေပါသည်။

ဤကဲ့သို့ ရူးသလိုလို သတိမရ စဉ်းစားမဆင်ခြင်နိုင်ဘဲ ဉာဏ်အမြင်နည်းပါးနေသည့်အခါ မည်သည့်အရာကိုမှ အဆိုးအကောင်း အကျိုးအကြောင်း မသိနိုင်ပါ။ ဥပမာ မျက်စိရောဂါ တိမ်သလာစွဲကပ်၍ အမြင်ကင်းရှင်းနေ

WWW.DHAMMARANSI.COM



သည့် သူတစ်ယောက်ကို ချီးမြှောက်လိုသော သဘောနှင့် အလွန် လှပနူးညံ့သော ပန်းကုံး တစ်ခုကို သူ့လည်ပင်းသို့ စွပ်၍ ပေးလိုက်သော အခါ အကောင်းကို အဆိုးမှတ် သူ့လည်ပင်းတွင် ရစ်ပတ်ထားသည်မှာ အလွန်တရာ အဆိပ်ထန် သော မြွေဆိုးမြွေဟောက်ကြီးဟု အထင်မှား သကဲ့သို့ ဖြစ်ပါသည်။ ကျွန်ုပ်၏ မေတ္တာစိတ် အရင်းကို တောတောင်အတွင်းမှာ တွေ့စဉ်က စပြီး နမအသိပင် ဖြစ်ပါတော့သည်။ ရှုးသွပ်မေ့ လျော့၍ နေစဉ်အခါ မေတ္တာကလဲ ဖောက်ပြန်၍ မှန်သည်များသည် မသိရ။ ထင်မိထင်ရာ ပြုလုပ် ခြင်းမျှသာ ဖြစ်ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ တစ်စုံတစ်ခုသော မိစ္ဆာပယောဂအတွက် နှောင့် ယှက် ဖြားယောင်း မကောင်းသော နတ်တို့၏ လိမ်လည် လှည့်ဖြားခြင်းကြောင့် ဖြစ်ရသည်ဟု ထင်ပါသည်။ သို့ရာတွင် ဘယ်လိုပင် ဖြစ်ဖြစ် စင်စစ်မှာတော့ ကျွန်ုပ်အပြစ်သာ ဖြစ်ပါတော့ သည်။ ထိုကဲ့သို့ ရက်စက်စိမ်းကားစွာ ပြုလုပ်မိ သည့်တွက်တာကို တစ်စုံတစ်ရာမျှ အပြစ်မပြု အခုအခံမထားဘဲ သည်းခံခွင့်ပေးပါ။ နောက် နောင်ကို ပေါင်းရန်အချက်မှာတော့ ရှေးကထက် မေတ္တာများများနှင့် မကွဲမပြား ပေါင်းသင်း ဆက်ဆံဖို့ကိုသာ သဘောထားပါတော့မည်။ အရှည်ကိုသာ ရှုတော်မူပါ။

ဟူ၍ ပြောလေ၏။

ဤသို့ ပြောသံကို ကြားရာ သကုဏ္ဏလမင်းသမီး မှာလည်း အလွန်တရာ ဝမ်းမြောက်လှသည်နှင့်

ဘုရား့ ကျွန်မတို့ မိန်းမသားဆိုတာ သည်းခံရမြဲ ဓမ္မတာပါပဲ။ အရှင့်မေတ္တာတွင် သစ္စာတရား ကိုသာ မြဲမြဲကြီးထားတော်မူစေလိုပါသည်။ ယခု တွေ့ကြုံတဲ့အခါ ဤကဲ့သို့ နူးညံ့ပျော့ပျောင်းစွာ ပြောဆိုသည့်အတွက် ဘုရား့ကျွန်မ လွန်စွာပင် ကျေးဇူးတင်ပါသည်။ သို့ရာတွင် ယခင် တော တောင်အတွင်းမှာ တွေ့ရစဉ်အခါ ဤကဲ့သို့ပင် နူးညံ့သိမ်မွေ့စွာနှင့် မေတ္တာခိုင်မြဲသော စကားကို မိန့်ဆို ပြောကြားတော်မူသဖြင့် အားကိုး ယုံ မိပါသော်လည်း နန်းတွင်းသို့ ရောက်သည့်အခါ အမူအရာတစ်မျိုး၊ ထီးဂုဏ် နန်းဂုဏ် ကိုးပြီး ရက်ရက်စက်စက် စိမ်းကားစွာ ပြောဆို နှင်ထုတ် လိုက်သည်များကို သတိရပြန်သောအခါ ယခုလို ချစ်ခင်စုံမက်သည့်အမူအရာနှင့် နူးညံ့ ပျော့ ပျောင်းစွာ ပြောကြား ချော့မော့တော်မူသည်မှာ သူ့ထီးနန်းထဲမှာ မဟုတ်လို့ထင်ပါရဲ့။ တစ်ဖန် ထီးတော်နန်းတော်အတွင်းသို့ ရောက်ပြန်ပါ လျှင် ရှေးအခါကဲ့သို့ ရက်စက်စိမ်းကားစွာ ပြုဦးမှာလားဟု ယုံမှားလျက်ပင် ရှိနေပြန်ပါ သည်။ သည်လိုပြုဦးမှာဖြင့် ဘုရား့ကျွန်မသည် နေရာမှာသာ ထားခဲ့၍ သားတော်ကလေးကိုသာ နောက်ပါခေါ်၍ ပြည်တော်သို့ ပြန်ကြွတော် မူပါတော့ ဘုရား။

ဟူ၍ ပြောကြား လျှောက်တင်လေ၏။

ထိုအခါ ဒုဿန္တမင်းသားက

အို သည်လိုအထင်လွဲတော်မမူပါနှင့်။ ဤကဲ့သို့ ဖြစ်ဦးမှာဖြင့် ခက်ခဲစွာ ယခုလို တွေ့နိုင်ကြပါဦး မလား။ တိုင်းတော် ပြည်တော်သို့ ရောက်သည့် အခါ ဗိုလ်ပုံညီလာသဘင်အလယ်တွင် ကြီး ကျယ် ခမ်းနားစွာ ချီးမြှောက်၍ အဂ္ဂမဟေသီ ဒေဝီအခေါင် တောင်နန်းမတော်ကြီးအရာနှင့် နှစ်ဖြာစုံယှက် လက်ချင်းဆက်၍ နန်းတက် မင်္ဂလာ မဟာဘိသေကသဘင်ကို ဆင်ယင် ကျင်းပပါမည်။ ဤသားတော် ဩရသ နရိန္ဒ သတို့သားကိုလဲ အိမ်ရှေ့မင်းများ၏ အဆောင် အရွက်ဖြင့် တိုင်းပြည်ကို ထက်ဝက် ဝက်၍ မင်းဘက်ပြုလုပ်ခါ စံစားပါစေမည်။ ယုံကြည် စိတ်ချတော်မူပါ။ နောက်နောင်အခါ သစ္စာ ကတိကို မြင့်မိုရ်တောင်ထက် ခိုင်ခံ့ပါစေမည်။

ဟု ပြောလေ၏။

ထိုစကားကို ကြားရာ သကုဏ္ဏလမင်းသမီးက

WWW.DHAMMARANSI.COM



'မင်းမှာ သစ္စာ လူမှာဂတိ'ဆိုသော အတိုင်း အရှင်မင်းမြတ် ဆိုသော သစ္စာအတိုင်းသာ မှန်ပါစေတော့၊ သို့ရာတွင် ဘုရားကျွန်မ သိလိုသော အချက်တစ်ခုမှာ အလွန်တရာ ရက်စက် ကြမ်းကြုတ်စွာ ပြုပြီးမှ ယခုတစ်ဖန် ဘုရားကျွန်မကို သတိရတော်မူပြန်သည်မှာ မည်သည့် အတွက်ကြောင့် ဖြစ်ပါသနည်း။

ဟူ၍ မေးရာ ဒုဿန္တမင်းသားက

ဤအကြောင်းအရာကို ဖြည်းဖြည်းမှ ပြောကြားပါရစေ။

ဆို၍ သကုန္တလာမင်းသမီးသို့ လက်ကို အကမ်းလိုက် မင်းသမီးကလည်း အလှမ်းလိုက်တွင် ဒုဿန္တမင်းသား ဝတ်ဆင်၍ထားသောလက်စွပ်ကို သကုန္တလ မင်းသမီး တွေ့မြင်လေ၏။

လက်စွပ်ကို မြင်လျှင်မြင်ချင်း သကုန္တလ မင်းသမီးက အံ့အားသင့်စွာနှင့်

ဟာ ကျွန်မတို့ကို သည်လက်စွပ်က နှောင့်ယှက်ဖျက်ဆီးတာနှင့် ချစ်ခင်သူချင်း ကွဲကွာ၍ အလွန်တရာ ဒုက္ခရောက်ကြရလေသည်။ လက်စွပ်ကို မြင်ရတိုင်း ဘုရားကျွန်မ လိပ်ပြာလန့်လှပါသည်။

ဟူ၍ ဆိုရာ ဒုဿန္တမင်းသားက

ယခု ပြောတာလဲ အမှန်ပါပဲ။ ကျွန်ုပ်တို့၏ ချစ်ခြင်းကို ခွဲခွာသည်မှာ သည်လက်စွပ် တာဝန်ပင် ဖြစ်ချေသည်။ နန်းတော်အတွင်းမှာ လာစဉ်ကသာ ဤလက်စွပ်ကို သက်သေ တင်ပြပါက လျင်မြန်စွာ ကျွန်ုပ်သတိရ၍ တစ်ဦးနှင့် တစ်ဦး ယခုလို ကွဲကွာနေကြမည် မဟုတ်ပါ။ သို့ရာတွင် တစ်ဖန်တွေ့လိုက်ပြန်တော့ ယခုလို ကြုံတွေ့ရခြင်းမှာလဲ ဤလက်စွပ်ကသာ စေ့စပ်စီမံသကဲ့သို့ ဖြစ်လေသည်။ သို့ဖြစ်ပါသဖြင့် ဤလက်စွပ်တော် ရတနာသည် ချစ်သူနှစ်ဦး၏ သောက ပူပန်ခြင်းကို ဖြစ်စေပြီးလျှင် နှစ်သက်ဝမ်းသာခြင်းကိုလဲ ဖြစ်စေသည်ဟူ၍ ဆိုထိုက်ပါပေသည်။ ဤလက်စွပ်ရတနာကို တွေ့မြင်ရရှိသောအခါမှစ၍ နေမရ ထိုင်မရ နောင်တကြီးစွာနှင့် နမတော်ကိုသာ စိတ်စွဲ၍ နေတာပါပဲ။

ဟူ၍ ပြန်ပြောလေ၏။ ထိုအခါ သကုန္တလာ မင်းသမီးက

ဘယ်လိုနည်းအားဖြင့် ဤလက်စွပ်ကို ပြန်၍ တွေ့ရှိတော်မူပါသနည်း။ ဘုရား ကျွန်မသည် ဖခင်ရသေ့ကြီး၏ သခ်မ်းကျောင်းမှ ထွက်လာရာ လမ်းခရီးအကြားတွင် မောပန်းသည်နှင့် ရေအိုင်တစ်ခုမှာ ဆင်း၍ ရေသုံးသပ်ရာ ဘုရားနမလေး လက်မှ ကျွတ်ကျပြီးလျှင် ပျောက်ခြင်းမလှ ပျောက်ဆုံး၍ နေခဲ့ပါသည်။ ဤကဲ့သို့ တောတောင်အတွင်းမှာ ပျောက်ခဲ့သည့်အရာကို အရှင်၏ ဘုန်းသမ္ဘာတော်ကြောင့် ပြန်လည် ရရှိတော်မူသော အကြောင်းအရာမှာ လွန်စွာ ထူးဆန်း၍ အံ့သြဖွယ် ရှိပါသည်။ အကြောင်းကို အမိန့်တော်ရှိစမ်းပါဘုရား။

ဟူ၍ လျှောက်တင်လေ၏။

ထိုအခါ ဒုဿန္တမင်းသားက လက်စွပ်ရရှိသော အကြောင်းအရာများကို အလုံးစုံ ပြန်ကြားပြီးလျှင်

ဤလက်စွပ်သည် မူလပထမက နမကို ပေးအပ်ထားသော လက်စွပ်ပင် ဖြစ်လေသည်။

နမပင် ဤလက်စွပ်ကို တစ်ဖန်ပြန်၍ လုံခြုံစွာ သိမ်းပါတော့။

ဆိုသည်တွင် သကုန္တလမင်းသမီးက

ဘုရား ကျွန်မကို ဘေးဖြစ်အောင် ရန်ရှာဖူးသည့် လက်စွပ်ဖြစ်၍ အလွန်ကြောက်လန့်လှပါသည်။ နောက်ထပ်၍ ရန်ရှာလျှင် အသက်ဆုံးဖွယ်ရာသာ ရှိပါတော့သည်။ မောင်မောင်ဘုရားပင် အမြဲ ဝတ်ဆင်၍ ထားတော်မူပါဘုရား။

ဟူ၍ ပြန်ကြားလျှောက်တင်လေ၏။ ဒုဿန္တမင်းသားက

စိုးရိမ်ရန် အကြောင်းမရှိပါဘူး။ ဤလက်စွပ်၏ သတ္တိဟာ ဤမျှသာ အစွမ်းရှိပုံလက္ခဏာပါပဲ သို့ရာတွင် ဤကဲ့သို့ ပြောဆိုနေခြင်းအားဖြင့်

WWW.DHAMMARANSI.COM



လည်း ကိစ္စတုံးနိုင်ကြမည် မဟုတ်ပေ။ လူ့ဘောင်ဌာနသို့ ပြန်၍ ချမ်းသာရွှင်ပြစွာ နေထိုင်ဖို့ရန်အရေး ရှိသေးသည်။

ဟု ပြောပြီးလျှင် ဒုသျှန္တမင်းသားသည် လက်တစ်ဖက်က သကုဏ္တလာမင်းသမီးကိုတွဲ၊ လက်တစ်ဖက်က သားတော်ကလေးကို ဆွဲ၍ နန္ဒဝန်ဥယျာဉ်ထဲမှ ထွက်ခဲ့လေ၏။

မာတလိနတ်သား ဝေဇယန္တာရထားထိန်းနှင့်တွေ့သောအခါ ဒုသျှန္တမင်းသားက အလွန် ရွှင်ပျစွာနှင့်

အို မာတလိနတ်သား၊ ဤနတ်ပြည်သို့ ရောက်လာခြင်းမှာ အရာရာတွင် အကျိုးရှိသည်ထက် အလွန်တရာ ချစ်ခင် မြတ်နိုးစွာနှင့် ကွဲကွာနေသော မိဖုရားရတနာကို တွေ့ရှိရသည်မှာ များစွာ အကျိုးရှိဆုံး ဖြစ်လေသည်။ အသူရာစစ်ပွဲကို အောင်မြင်၍ ဝမ်းမြောက် ဝမ်းသာခြင်းထက် ကွဲကွာ၍နေစဉ် ချစ်ခင် မြတ်နိုးလှစွာသောသူနှင့် တွေ့ဆုံခြင်းအားဖြင့် အတွင်းသန္တာန်မှာ အောင်မြင်ခြင်းငှာ ခဲယဉ်းစွာသော ရန်သူတို့ကို အောင်မြင်ခြင်းမှာ သာ၍ ဝမ်းမြောက် ဝမ်းသာစွာ ဖြစ်သည်။ အလွမ်းအပူလည်း ငြိမ်းလေတော့သည်။

ဟု ပြောကြားလေ၏။

ထိုအခါ မာတလိနတ်သားက အောင်ဆုမင်္ဂလာကို ပေးပြီးလျှင်

အမိန့်ရှိတော်မူသည့်အတိုင်း ဤကဲ့သို့ ချစ်သောသူနှင့် တွေ့ဆုံတော်မူသည်များကို ကျွန်ုပ်လည်း အထူးပင် ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ နတ်တို့ဘုရင် အရှင်သိကြားမင်းကလည်း ဤအရေးကို မြော်မြင်တော်မူခြင်းအားဖြင့် အသူရာနှင့်တိုက်သော စစ်ပွဲကို အရှင်မြတ်အား လွှဲအပ်တော်မူဟန်လက္ခဏာရှိပါသည်။ ယခု အရှင်မင်းမြတ်၏ အလို မည်သို့ ရှိသနည်း။

ဟူ၍ ပြောကြားလေ၏။ ထိုသို့ ပြောကြားသောအခါ ဒုသျှန္တမင်းသားက

ကျွန်ုပ်၏အလိုဆန္ဒမှာ လူ့ပြည်လောကသို့ပြန်၍ ဤသကုဏ္တလာမင်းသမီးနှင့် အတူတကွ ထီးနန်းစည်းစိမ်များကို ခံစားရန်မျှသာ ဖြစ်တော့သည်

ဟု ဆိုရာ မာတလိနတ်သားက

အရှင်မြတ်၏ အလိုဆန္ဒကို ပြည့်စုံလေအောင် ကျွန်ုပ်ဆောင်ရွက်ရန် တာဝန်ပင် ဖြစ်ပါတော့သည်။ ဤအကြောင်းအရာကို အရှင်သိကြားမင်းအား လျှောက်ထားပြောဆိုပါမည်။

ဆို၍ မာတလိနတ်သားသည် သိကြားမင်းထံဝင်ရောက် ခစားလေ၏။ မာတလိနတ်သားသည် ဒုသျှန္တမင်းသား၏ အကြောင်းအရာများကို စုံလင်စွာ သိကြားမင်းအား လျှောက်ထားပြီးလျှင် ဝေဇယန္တာရထားနှင့် စံတော်မူရင်း ဌာနဖြစ်သည့် ဟတ္ထိနပူရမြို့သို့ ပြန်လည်၍ ပို့ရန်ကို လျှောက်ထားလေ၏။

သိကြားမင်းလည်း အလွန်ဝမ်းမြောက်ဝမ်းသာရှိတော်မူသဖြင့် ဒုသျှန္တမင်းသား အလိုရှိတော်မူသည့်အတိုင်း ဝေဇယန္တာရထားပျံနှင့် တိုင်းပြည် ရပ်ဌာနသို့ ပြန်ပို့ရန်အကြောင်း၊ နတ်ပြည်သို့ ဆိုက်ရောက်လာသည့်အခါ ခမ်းနားကြီးကျယ်စွာ ကြိုဆိုသည့်ပမာ ပြန်၍ ပို့သည့်အခါတွင်လည်း ကြီးကျယ်ခမ်းနားစွာ ပွဲကျင်းပ၍ ပို့ရန်လည်း အမိန့်တော်ရှိလေ၏။

ဤကဲ့သို့ ဒုသျှန္တမင်းသားသည် သကုဏ္တလာမင်းသမီးနှင့် နတ်ပြည်၌ တွေ့ဆုံကြ၍ အစုံအလင် တိုင်းပြည်ဌာနသို့ ပြန်ကြမည်ဟူသော သတင်းသည် တာဝတိံသာနတ်ပြည်မှာ ပြန့်နှံ့၍ အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးလျှင် ဒုသျှန္တမင်းသားကို ပြန်ပို့သော အခမ်းအနား အစည်းအဝေးကို ပြုလုပ်ရန် စီမံလျက်ရှိနေကြလေ၏။

မာတလိနတ်သားသည်လည်း ဝေဇယန္တာရထားကို သိန္ဓောမြင်းတထောင်တို့ဖြင့် ကရ၍ ဒုသျှန္တမင်းသားထံသို့ မောင်းနှင်၍ သွားလေ၏။ သားတော်နရိန္ဒကုမာရနှင့် ဒုသျှန္တမင်းသား၊ သကုဏ္တလာမင်းသမီး

WWW.DHAMMARANSI.COM



တို့သည် သိကြားမင်းနှင့် တွေ့ဆုံ နှုတ်ခွန်းဆက်သကြပြီးလျှင် သိန္ဓောမြင်းတစ်ထောင်ကသော ဝေဇယန္တာ ရထားထက်သို့ တက်ကြလေ၏။

ထိုအခါ နတ်သမီးနတ်သားများစွာတို့က သာယာသော သီချင်းများကို သီဆိုကြပြီးလျှင် နတ်ဖြစ်တူရိယာတို့ကို တီးမှုတ်၍ ပန်းအမျိုးမျိုးတို့ဖြင့် ကြဲမြှောက်ကြလေကုန်၏။ ထိုသို့ နတ်များ အပေါင်းတို့က ကောင်းချီး သြဘာမင်္ဂလာပေး၍ ကြွေးကြော်တီးမှုတ်နေသည့်အတွင်း မင်းသား မင်းသမီးတို့သည် ဝမ်းမြောက်ဝမ်းသာ ရိုသေစွာနှင့် ဦးခေါင်းကို ညွတ်၍ နှုတ်ဆက်ပြီးသောအခါဝေဇယန္တာရထားကို မာတလိနတ်သားက မောင်းနှင်လေသည်။

## မာလိနီမြစ်ကမ်းအနီး သင်္ခမ်းကျောင်းမှ သကုဏ္တလ မင်းသမီး၏ ဖခင်ရသေ့ကြီးနှင့် တပည့်များ အခန်း

ဒုဿန္တမင်းသားနှင့် သကုဏ္တလမင်းသမီး တို့သည် ဝေဇယန္တာရထားကို စီး၍ ထွက်လာသော ညဦးသန်းခေါင်အခါ မဟာစန္ဒရသေ့ကြီးသည် ကောင်းကင်၌ နက္ခတ်တာရာတို့ကို ကြည့်ရှု၍ တစ်ကိုယ်တည်း ပြောဆိုသည်မှာ

> သြော် ကြယ်နက္ခတ် တာရာ အသွားအလာများကို ကြည့်ရှုလိုက်တော့၊ ရှေးကမ္ဘာဦးအခါမှာကဲ့သို့ ဖြောင့်မတ်ညီညွတ်စွာ သွားလာခြင်းမရှိဘဲ လမ်းလွဲကွေ့လိမ် အချိန်မဖြောင့် အထောင့်အသွား အကောက်အသွား သီဟဇဗ္ဗုဇာအသွားတို့ဖြင့် များစွာ ရှုပ်ထွေး ပျက်ပြား၍ နေပါပြီကလား။

ရှေးပုရာဏ်ကျမ်းဟောင်းများ၌ ဆိုသော စကားမှာ လူ့ပြည်လောက၌ တိုင်းပြည်ကို အစိုးရသော မင်းအများတို့ တရားမစောင့်လျှင် ကြယ်နက္ခတ်တို့သည် ဖြောင့်မှန် တည့်မတ်စွာ မသွားကြကုန်ဘဲ လမ်းလွဲလျက်သာ နေကြလေကုန်သည်။ ထိုသို့ နက္ခတ်အသွားအလာ ဖြောင့်မှန်စွာ မရှိကြပါက မိုးလေဝသ ဖြောင့်မှန်စွာ ရွာသွန်းခြင်းမရှိဘဲ ရွာမြဲအချိန်တွင် မရွာ၊ အချိန်အခါမဟုတ်သောအခါ၌သာလျှင် ရွာသွန်းတတ်လေသည်။ ထိုကဲ့သို့ မိုးသုံးပါး မညီညာသောအခါ မြေကြီးသြဇာတို့လည်း ညှံ့ဖျင်းတိမ်ကော၍ ထိုမြေပေါ်မှ ပေါက်ရောက်ကြကုန်သော စပါးသီးနှံတို့လဲ အဆီအစေးနည်းပါးကြသဖြင့် ဆေးပင်တို့မှာလဲ သြဇာသတ္တိ ညှံ့ဖျင်းခြင်းသို့ ရောက်ကြလေကုန်သည်။ ထိုကဲ့သို့ အဆီ သြဇာ နည်းပါးသော ကောက်ပဲသီးနှံတို့ကို စားသုံးကြသောအခါ အနာ ရောဂါမျိုးတို့သည် ပွားတိုးလာကြကုန်၏။ သတ္တဝါတို့မှာလည်း အားအင်လျော့ပါးစွာနှင့် အသက်တိုခြင်း စသော ဝိပ္ပတ္တိတရားတို့နှင့်သာလျှင် ကြုံရတတ်လေသည်။ ထိုအခါ ရောဂါ ဥပါဒ်ကိုပျောက်ခြင်းငှာ ဆေးဝါးတို့ကိုမှီဝဲ စားသောက်ပါသော်လဲ များစွာ အစွမ်းသတ္တိ ရှိကြသည်မဟုတ်ဘဲ ထိုဆေးတို့၏ အကျိုးအာနိသင်ကို များစွာ မခံစားကြရလေကုန်။ ဤသို့သောလောက၏ ဖြစ်ခြင်းများကို ဆုတ်ကပ်ကာလ ဟူ၍ ခေါ်ဆိုရတော့သည်။ ဘုရင်မင်းမြတ်တို့ မတရားပုံများမှာတော့ ငါကိုယ်တိုင်ပင် ဒိဋ္ဌတွေ့ကြုံလျက် ရှိနေသည်။

ကြည့်စမ်းပါလား၊ မကြာမီ ကာလအတွင်းက ဟတ္ထိနပူရပြည်ကို အစိုးရသော ဒုဿန္တမင်းသည် တောလည်လာသည့်အခါ ငါတို့ တရားသဖြင့် နေထိုင်သော ကျောင်းသင်္ခမ်းသို့ ရောက်လာသည်။ ထိုအခါ ငါမွေးကျွေးပြုစု၍ ယုယုယယ မြတ်နိုးစွာ ထားအပ်သော သကုဏ္တလမင်းသမီးကို မြင်သည်နှင့် ချစ်ခင် စုံမက်ခြင်းဖြစ်ကြ၍ လောကဓမ္မတာအလျောက် သူတို့နှစ်ယောက် ငြိစွမ်းကြလေသည်။ ဤကဲ့သို့ ဖြစ်နေသည့် အကြောင်းအရာကို အစစွာက ငါလဲ သိရှိရတာ မဟုတ်။ ငါ့သမီးမှာ ပဋိသန္ဓေတည်နေကိန်း အောင်းလာမှသာလျှင် ငါ့ကို အကြောင်းကြားကြလေသည်။

WWW.DHAMMARANSI.COM



ရသေ့တို့နေထိုင်ရာ ကျောင်းသင်္ခမ်းအတွင်းမှာ ဤကဲ့သို့ဖြစ်တာဟာလဲ ဒုသျန္တမင်းသား မတရား ခြင်းတစ်မျိုးပင် ဖြစ်တော့သည်။ သို့ရာတွင် ပုထုဇဉ်တို့ဓမ္မတာ မလွန်ဆန်နိုင်ရာသော တရား တစ်မျိုး ဖြစ်တော့ အပြစ်ရှိသည်ဟု မဆိုလိုပါ ဘူး။ ဖြစ်မိသောအတိုင်း ခိုင်မြဲ တည်တံ့စွာ ပေါင်းသင်း ဆက်ဆံကြပါစေ သဘောထား၍ ငါကပင် သူတော်ကောင်းသဘောကို နှလုံးပိုက် ပြီး သမီးတော်ကို သူစံမြန်းသော ထီးနန်းသို့ အရောက်ပို့သမိပေသည်။ ထီးနန်းသို့ ရောက် သောအခါ သစ္စာမတည် လိမ်လည် ကောက် ကျစ်သည့် သဘောထားနှင့် ဒုသျန္တမင်းသားက ငါ၏သမီးတော်ကို သူ နှစ်သက်ချစ်ကြိုက်ခဲ့ သည် မဟုတ်ကြောင်းနှင့် အတင်း ငြင်းပယ်ပြီး လျှင် နန်းထဲမှာ အရှက်ခွဲ၍ နှင်ထုတ်လေသည်။

ဤကဲ့သို့ နှင်ထုတ်ပြီးသည့်နောက် ငါ့သမီး ပျောက်ဆုံး၍ ယူကြုံးမရနိုင်အောင် ငါပူပင် လျက် ရှိနေရလေသည်။ ဤကဲ့သို့ ငါ၏ ချစ် သမီးကို နာကျည်းစွာ နှိပ်စက်သည့်အရာကို အခါခါတွေးမိတိုင်း ရိုင်းစိုင်းသောဒုသျန္တမင်း ကိုသာ ပြင်းထန်စွာ အမျက်ထွက်မိလေတော့ သည်။

တရားဓမ္မများကို ကြိုးစားအားထုတ်ပါသော် လဲ သမီး၏မျက်နှာကိုသာ မြင်မြင်ပြီး ကမ္မဋ္ဌာန်း မထိုင်နိုင်ဘဲ အဝိဇ္ဇာတရား ဒေါမနဿများက စိတ်ကို ဖုံးလွှမ်းလျက် ရှိနေတော့သည်။

သြော် သားသမီး သံယောဇဉ်ဆိုတာ အလွန် တရာ ကြီးကျယ်ပါကလားနော်။ တရားရှင် သူတော်ကောင်းလုပ်၍ စိတ်ကိုသာ ချုပ်ရတော့ တာပဲ။ သည်လိုဖြစ်ခြင်းမှာ သစ္စာမရှိ ကတိ မကည်သော မင်းဆိုးမင်းယုတ်ကြောင့်သာ ဖြစ်ရ လေသည်။ သို့ရာတွင် 'သုခ ဒုက္ခ လောကဓံ နိဗ္ဗာန်မရသေးသမျှ' ဆိုသောအတိုင်း လောကဓံ တရားရှစ်ပါး တွေ့ကြုံရမြဲ ဓမ္မတာပင် ဖြစ်တော့ သည်။ နိဗ္ဗာန်သို့ ရောက်ပြီးမှသာလျှင် လောကဓံ တရားရှစ်ပါးမှ လုံးလုံးကင်းဝေးနိုင်သည်။ သြော် ငယ်ရွယ်စဉ်ကလေးက ကျွေးမွေးသုတ်သင်၍ လာခဲ့တဲ့ သမီး၏ မျက်နှာကို ဘယ်ခါမှ တွေ့မြင် ရပါမလဲ။ အသက်ဝိညာဉ်နှင့်မြဲ၍ ရောက်လေ ရာဌာနမှာ ချမ်းသာစွာ ရှိပါစေတော့။

သဗ္ဗေသတ္တာ အဝေရာဟောန္တု အဝေရာဟောန္တု ဟု ညည်းတွားပြောဆို၍ မေတ္တာပို့သပြီးလျှင် ကောင်းကင်သို့ ကြည့်လိုက်ရာ နက္ခတ်တာရာတို့နှင့် ရောထွေးလျက် ရတနာအမျိုးမျိုးတို့ဖြင့် ပြိုးပြိုး ပြက်ပြက် ထွန်းလင်း တောက်ပသော ဝေဇယန္တာ ရထားကို မြင်လေ၏။

ထိုအခါ စန္ဒရသေ့ကြီးက အနီးတွင်ရှိသော တပည့် သံဂါဝရကိုခေါ်၍ ပြောသည်မှာ

ကြည့်စမ်းပါ။ နက္ခတ်တာရာတို့၏ အတွင်း လမင်းနှင့် မနီးမဝေးမှာ ရှေးအခါက မမြင်ဖူး သော အရာတစ်ခုကို တွေ့မြင်ရလေသည်။ နက္ခတ်တာရာဆိုရမှာလဲ အရောင်အဝါ လွန်ကဲ သဖြင့် ဧကန်ပဲဟူ၍ မဆိုသာချေ။ လဝန်းတစ်ခု ဆိုရမှာလဲ ကမ္ဘာဦးက စပြီးလျှင် လဝန်းနှစ်ခု ပြိုင်တူ ထွက်ရိုးဓမ္မတာ မဟုတ်သဖြင့် စန္ဒာ လမင်း ဟူ၍ မဆိုသာ၊ သို့ဖြစ်သည့်တွက်တာ ကြောင့် မည်သည့်အရာဟူ၍ သေချာစွာ မပြော နိုင်ဘဲ ရှိတော့သည်။ ကောင်းကင် အလယ်မှာ အလွန်ဆန်းကြယ် လှပါကလားနော်။

ဟူ၍ မိန့်ဆိုရာ သံဂါရဝက ကောင်းကင်ကို မော်ကြည့်ပြီးလျှင်

အရှင်ဘုရား အမိန့်ရှိတော်မူသည့်အတိုင်း အလွန် ပင် ဆန်းကြယ်လှပါသည်။ ထူးဆန်းသည့် နိမိတ်လက္ခဏာကို ထောက်လိုက်လျှင် မကြုံ စဖူး ထူးဆန်းသောအချက်များနှင့် တွေ့ကြုံ ဖို့ပဲ ထင်ပါရဲ့ ဘုရား။

ဟူ၍ လျှောက်ထားလေ၏။ ဤကဲ့သို့ ထူးဆန်း သော ဝေဇယန္တာရထားကို ကြယ်တာရာ လား။

WWW.DHAMMARANSI.COM



နက္ခတ်လားဟူ၍ ယုံမှား တွေးတောကြလျက် ရသေ့အပေါင်းတို့သည် ကောင်းကင်သို့ မော်၍ ကြည့်နေကြစဉ် ဝေဇယန္တာရထားသည် တစ်စတစ်စ လူ့ပြည်လောကနှင့် နီးကပ်၍လာလေ၏။ သကုဏ္ဍလမင်းသမီး၏ မယ်တော်ဖြစ်သော ဂေါတမီကလည်း သမီးကို လွမ်းတလျက်နေစဉ် ကောင်းကင်က ဝေဇယန္တာရထားကို မြင်သောကြောင့် ရသေ့မများနှင့်တကွ အံ့သြပြောဆိုကာ ကြည့်နေကြလေသည်။

ဝေဇယန္တာရထားသည် ကောင်းကင်ခရီးဖြင့် နှင်၍ လာရာ တောင်စဉ်ခုနစ်ထပ်မှ လွန်၍ ဟိမဝန္တာ၏ အလယ်သို့ ကျရောက်လေသောအခါ သကုဏ္ဍလမင်းသမီးက ဒုဿန္တမင်းသားအား ပြောကြား လျှောက်တင်သည်မှာ

အရှင်သား ဟိမဝန္တာတောင်၏အတွင်း စီးဆင်း၍နေသော မာလိနီမြစ်ကမ်းပါးတွင် အရှင်နှင့် ဘုရားကျွန်မတို့ အဦးအစ တွေ့ဆုံကြရာ ဗြဟာစုံမြိုင် ပန်းစုံလှိုင်သော ဂနိုင်သခ်မ်း ကျောင်းအတွင်းသို့ သက်ဆင်းလိုသော ဆန္ဒရှိပါသည်။ ဘုရားကျွန်မ၏ ခမည်းတော် မယ်တော် တရားပျော်တို့၏ မျက်နှာများကို ရှုမျှော်၍ ခြေတော်အစုံ ကြာပဒုံများကို ခိုလှုံဦးတိုက်လိုလှပါသည်။

ကျွန်မ၏ တွက်တာကြောင့် ဗျာပါသောက ကြောင့်ကြဖိစီး စိုးရိမ်သည့်မီးများကို အပြီးတိုင် ငြိမ်းသတ်လိုသော ဆန္ဒရှိပါသည်။ တိုင်းပြည်သို့ ဝင်တော်မမူမီ ဤကျောင်းသခ်မ်းသို့ ဝင်ရောက်ရန် ခွင့်ပြုတော်မူပါ ဘုရား။

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဒုဿန္တမင်းသားက

အသင်မိဖုရား၏ အလိုဆန္ဒကို ပြည့်ဝပါစေမည်။ အရှင်သူတော်မြတ်များ၏ ထံပါးသို့ ခစားဝင်ရောက်ခြင်းအားဖြင့် ကျွန်ုပ်အပေါ်တွင် အထင်လွဲချက်များ ရှိပါလျှင်လည်း ကြည်သာစွာ ပျောက်ပျက်စေရန် အကြောင်းပင် ဖြစ်တော့သည်။

ဆို၍ ဝေဇယန္တာရထားကို အရှင်စန္ဒ ရသေ့ကြီး၏ သခ်မ်းကျောင်းသို့ တည့်မတ်စွာ မောင်းနှင်ရန် မာတလိနတ်သားကို ပြောကြား၏။ မာတလိ နတ်သားလည်း ဝေဇယန္တာရထားကို ရသေ့သူတော်ကောင်းတို့၏ ကျောင်းသခ်မ်းတူရူသို့ မောင်းနှင်လေ၏။

အရဏ်တက်ပြီးသည့်နောက် နေဝန်း ထွက်ပြူသည်နှင့် တစ်ပြိုင်နက် ဝေဇယန္တာရထားသည်ရသေ့တို့၏ ကျောင်းသခ်မ်း အရှေ့ဘက် တူရူအနီးသို့ ရောက်ရှိလာသည်။ ဤအကြောင်းကို စန္ဒရှင်ရသေ့ကြီး တွေ့မြင်လေရာ လွန်စွာ အံ့သြခြင်းဖြစ်၍ ရသေ့အပေါင်းကို ပြောကြားသည်မှာ

ဘယ်လိုအကြောင်းရှိလေသနည်း။ ကျွန်ုပ်တို့ တွေ့မြင်ရသောအရာသည် ညဉ့်အခါ ကုန်ပျောက်၍ သူရိယာနေဝန်း ထွန်းတောက်သောအခါတိုင်ရောက်အောင်ပင် မပျောက်မကွယ်ဘဲ ရှိနေသည့်ပြင် ကျွန်ုပ်တို့ သခ်မ်းကျောင်း၏ အရှေ့က တစ်စတစ်စ နီးကပ်၍ လာလေသည်။ နေနှစ်စင်းထွက်သည်ဆိုရမှာလဲ ကမ္ဘာ၏ဓမ္မတာနှင့် ဆန့်ကျင်၍ မှတ်ထင်ရန် အကြောင်းမရှိချေ။ နတ်ပြည်က ဘုံဗိမာန်နှင့် ဝေဇယန္တာရထား ဆိုသည်များ ဖြစ်လေတော့သလား။

ဟော ပြောရင်းဆိုရင်း အနီးသို့ ချဉ်းကပ်လာပြီ။ ထူးသောအကြောင်းအရာဖြင့် မုန်စွာ ရှိတော့တာပဲ။

ဟု ပြောဆို ကြည့်ရှု၍နေရင်း ဝေဇယန္တာရထားသည် သခ်မ်းကျောင်း၏ အရှေ့ဝင်းတံခါးတွင် ကောင်းကင်က ဆိုက်လျက်ရှိလေ၏။ ရသေ့အပေါင်းတို့ သောင်းသောင်းဆူညံစွာ အံ့သြကြပြီးလျှင်

နေ လ နက္ခတ်တာရာ မဟုတ်ချေ။ အရှင်စန္ဒရသေ့ကြီး၏ တန်ခိုးအာနုဘော်ကြောင့် တာဝတိံသာ နတ်ရွာစိုးကြြား မိုးသိကြားနှင့် နတ်သားနတ်သမီးတို့ ဖူးမြော်ကန်တော့ရန် လာရောက်သည့် လက္ခဏာရှိချေသည်။

WWW.DHAMMARANSI.COM



ဟူ၍ ပြောကြားပြီးလျှင် ဝေဇယန္တာရထားဆီသို့ သာ ကြည့်မျှော်၍နေကြလေသည်။ ထိုအခါ ဒုသျှန္တ မင်းသားသည် သားတော်နှင့် သကုဏ္တလမင်းသမီးကို လက်တွဲပြီးလျှင် ဝေဇယန္တာ ရထားမှ ဆင်းသက်ပြီး လျှင် သခ်မ်းကျောင်းအတွင်းသို့ ဖြည်းညင်း သက် သာစွာ ဝင်၍ လာလေ၏။ စန္ဒရသေ့ကြီးသည် ခပ် လှမ်းလှမ်းက သကုဏ္တလမင်းသမီးကို တွေ့မြင်ရာ

> အို ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပ လ၏ သဏ္ဍာန် ရုပ်ဟန်ယဉ်ကျေးလှသော ဟို သတို့ သမီးကလေးဟာ ငါ မွေးမြူပြုစု၍ ထားသော သကုဏ္တလမင်းသမီးကလေးနှင့် တူလှပါက လား။ ငါပဲ အထင်မှားလေတော့သလား။ ဝေ ဇယန္တာရထားပေါ်က သက်ဆင်း၍ လာသည်ကို ထောက်ပြန်တော့ နတ်သမီးဆိုတန်စရာပဲ။ သို့ရာတွင် နတ်သမီးလဲ မဟုတ်ချေ။ လူသားတို့ ၏ အရုပ်အရည်မျိုး ဖြစ်တော့သည်။ သူနှင့်အတူ ယှဉ်တွဲ၍လာသူမှာ သူ၏ခင်ပွန်း ယောက်ျား ပင် ဖြစ်တန်ရာသည်။ ဒုသျှန္တ မင်းသားများပဲ ဖြစ်လေတော့သလားနော်။ အစဉ်းစားရခက် လိုက်ပါဘိ။ ဩော် ဟိုသူငယ်ကလေးဟာ သူ့ ရုပ်လက္ခဏာကို ထောက်လိုက်တော့ မဟာမျိုး နွယ် ဒုသျှန္တ မင်းသားနှင့် သကုဏ္တလ မင်းသမီး တို့မှ ဖွားမြင်သော သားဦးရတနာကလေးပင် ဖြစ်လေတော့သလား

ဟူ၍ စဉ်းစားနေသည့်အတွင်း မင်းသား မင်း သမီးတို့သည် ရသေ့ကြီး၏ခြေရင်းသို့ ဆိုက်ရောက် ကြလေ၏။ ရသေ့ကြီး၏ခြေတော်များကို အကြိမ် ကြိမ် ရှိခိုး ဝပ်တွားပြီးလျှင် ခစားဦးခိုက်၍နေကြသော အခါ စန္ဒရသေ့ကြီးက သမီးတော်များဖြစ်ကြောင်းကို သိသဖြင့် ဝမ်းနည်းကြေကွဲခြင်း ဖြစ်၍ ရတ်တရက် စကားမမြွက်နိုင်ဘဲ ငေး၍ အံ့အားသင့်နေလေ၏။ မင်းသမီး မင်းသားတို့သည်လည်း အံ့အားသင့်၍ပင် နေကြလေသည်။

ထိုအခါ တောစောင့်နတ်များစွာတို့ကလည်း အလွန်တရာ ဝမ်းသာခြင်းဖြစ်ကြ၍ မွှေးကြိုင် သင်းပျံ့ ရနံ့ကောင်းမွှန်၍ အလွန်တရာ လှပသော ပန်းမိုးကို သခ်မ်းကျောင်းအတွင်းမှာ ပဆစ်ဒူးမြုပ်လောက်မျှ ရွာသွန်း၍ ချလေ၏။ ထို့နောက် ရေမွှေးဖြင့် ပက် ဖြန်းသည့်ပမာ ပန်းရည် ပန်းဝတ်မိုးသည်လည်း ဖွဲဖွဲ ဆွတ်ဖြန်းသကဲ့သို့ ရွာလေ၏။

ဥဒေါင်း၊ ကြိုးကြာ၊ သာလိကာ၊ ဥဩ၊ ကြက် တော၊ စက္ကဝတ်၊ တောငှက်အများနှင့် တောသား သတ္တဝါအပေါင်းတို့သည်လည်း သာယာသောအသံ ဖြင့် သမီးမောင်နှံအစုကို တွေ့ကြုံ ရှုမြင်ရသည့်အခါ ဝမ်းသာသောအမှတ်ဖြင့် အထပ်ထပ် တွန်မြူးကျူးရင့် ကြလေကုန်၏။

ဖြည်းညင်းသာယာ တိုက်ခတ်လာသော လေတို့ ဖြင့် ယိမ်းနွဲ့ကြသော သစ်ပင်တို့ကလည်း အသီး အသီးအရွက်ချင်းခတ်သဖြင့် မြည်ကြပြီးလျှင် ကခုန် ယိမ်းနွဲ့သကဲ့သို့ ဖြစ်ကြလေကုန်၏။

တောစောင့်နတ် တောင်စောင့်နတ် အပေါင်းတို့ က ကောင်းချီးပေးသော အသံများကလည်း ကြောက် မက်ဖွယ် မဟုတ်။ အုတ်အုတ်သဲသဲ ကြေကွဲဖွယ် ရှိလေသည်။ ဤသို့ ဖြစ်ရသည်မှာ လွန်စွာ ထူးဆန်း၍ အလွမ်းစိတ်ရှိသော သူ၏နှလုံးကို ယူကြုံးမရ ကြေကွဲခြင်းကို ဖြစ်စေသည်။ ဤသို့ ဖြစ်နေစဉ် စန္ဒရသေ့ကြီးက တစ်ကိုယ်တည်း ပြောသည်မှာ

> ဩော် ဒုသျှန္တ မင်းသားအပေါ်မှာ ငါအထင်မှားခဲ့ လေသည်။ ယခု သူတို့နှစ်ဦးကို တွေ့မြင်ရသော အခါ အလွန်ချစ်ခင်သော အမူအရာနှင့် ပြည့်စုံ ကြ၍ ချမ်းမြကြည်လင်စွာ နေထိုင်ကြကြောင်း ကို ကောင်းစွာ တွေ့ရှိရလေသည်။ ယခင်ပထမ အခါ ကွဲကွာ၍ နေကြသည်ဟု သတင်းကြား သိရပြီးမှ ယခုသင့်မြတ်ချစ်ကြည်စွာ တူစုံမောင်နှံ တွေ့သည်များမှာ အံ့အားသင့်ဖို့ ကောင်းလှပေ သည်။ သို့ရာတွင် သူတို့ ဖြစ်ပျက်ပုံ အကြောင်း

WWW.DHAMMARANSI.COM



အရာကို ငါက မေးမြန်းဖို့ အခွင့်မရှိပေ။ ငါနှင့် ထိုက်တန်သောအရာကိုသာ မေးမြန်းသင့်ပေသည်။

ဟု ကြံစည်စဉ်းစားပြီးလျှင်

ချစ်သား ချစ်သမီးတို့မှာ ရောဂါမဆန်း ဘေးဒဏ်ကင်းငြိမ်စွာနှင့် ချမ်းချမ်းသာသာ ရှိကြပါ၏လော။

ဟူ၍ စတင် မေးမြန်းလေ၏။ သားတော် သမီးတော်များကလည်း အသီးအသီး ရှိခိုး ဝပ်တွားကြပြီးလျှင် အရှင်မြတ်၏ မေတ္တာတော်ကြောင့် ကျန်းမာစွာရှိကြောင်း၊ အရှင်မြတ်ဘုရားမှစ၍ တပည့်သားအပေါင်းတို့ ကျန်းမာချမ်းသာ ကမ္မဋ္ဌာန်း ဘာဝနာကို ကောင်းစွာ ပွားများတော်မူနိုင်ရန် အကြောင်းများကို ဆုတောင်း ပတ္ထနာ မေတ္တာ လှူဒါန်းခြင်း စသည်များကိုလည်း လျှောက်ထားလေ၏။

ထိုအခါ အရှင်စန္ဒရသေ့ကြီးက

ယခုအခါ သင်တို့နှစ်ဦးသည် ချစ်ခင်မြတ်နိုးစွာနှင့် ကြည်ကြည်သာသာ တွေ့မြင်ဘိသကဲ့သို့ အခါအခပ်သိမ်း ဤနည်းမကွာ မေတ္တာမပြားဘဲ သစ္စာတရားနှင့်အညီ တည်ကြည်ပေါင်းသင်း နေထိုင်ကြသည်ကိုသာ ကြား သိ တွေ့မြင်လိုသော ဆန္ဒမှတပါး အခြား မျှော်လင့်ချက်မရှိချေ။

ဟူ၍ အမိန့်ရှိလျှင် ဒုသျန္တမင်းသားက

အရှင်ဘုရား အမိန့်တော်မြတ်အတိုင်း ခိုင်တည်မြဲမြံစွာ နေထိုင်ရန် အဓိဋ္ဌာန်သစ္စာနှင့် မေတ္တာချည်နှောင်ပြီး ဖြစ်ပါသည်။ အရှင်မြတ်ဘုရား၏ သမီးတော်ရတနာကို တောင်ညာနန်းမ အဂ္ဂမဟေသီ ဒေဝီခေါင်ဖျား မိဖုရားကြီးရာထူး၌ တင်ထား၍ တရားနှင့်အညီ တိုင်းပြည်ကို အုပ်စိုး၍ ဘိုးတော်ဘုရား၊ ဘေးတော်ဘုရား၊ ခမည်းတော်ဘုရား ပုရမင်းစဉ် မင်းဆက်များနှင့် တရားကျင့်စဉ် မလွဲစေဘဲ အရှင့်မြေးဦးတော် ဖြစ်သော ဤသားတော်ကလေးကို အိမ်ရှေ့အရာ ပေး၍ ထီးမွေနန်းမွေကို ခံစေရန် စီမံပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း။

နှင့် လျှောက်ထားလေ၏။ ထိုစကားကို ကြားရာ စန္ဒရသေ့ကြီးက သမီးဘက်သို့ မျက်နှာလှည့်ပြီးလျှင်

အို ချစ်သမီး ဤကျောင်းသခ်မ်းမှ နန်းတော်သို့ ငါပို့လိုက်စဉ်အခါ ငါ သွန်သင် နည်းပြလိုက်သောအတိုင်း အရှင်သခင်တို့၌ ပြုသင့်ပြုထိုက်သော ဝတ္တရားများကို ကြေလည်ဝတ်ကုန်စွာ ပြုပါရဲ့လား။

ဟူ၍ မေးမြန်းတော်မူရာ သကုန္တလာမင်းသမီးက ဒုသျန္တမင်းသားနှင့် ရှည်ကြာလေးမြင့်စွာ အတူတကွ နေထိုင်ဖူးသည် မဟုတ်သောကြောင့် ရုတ်တရက် မလျှောက်ထားဝံ့ဘဲ ငေး၍နေရာ ဒုသျန္တမင်းသားက အရိပ်နိမိတ်ကို ပြရာတွင်မှ

ခမည်းတော်ဘုရား ဆုံးမတော်မူသည့် ဝတ္တရားများကို မသွေမလုန် လိုက်နာ ကျင့်ကြံမည့် သမီးတော် ဖြစ်ပါကြောင်း။

နှင့် ရှိသေစွာ လျှောက်ထားလေ၏။ ထိုအခါ စန္ဒရသေ့ကြီးက သာခုခေါ်ပြီးလျှင် မြေးတော်ကလေးကို အနားသို့တိုးစေ၍ ရုပ်လက္ခဏာများကို ကြည့်ရှုတော်မူပြီးလျှင် နှစ်သက် ဝမ်းသာသော အမူအရာနှင့်

ငါ့မြေးတော်ကလေး၏ ရုပ်ဆင်းလက္ခဏာများသည် အလွန်တရာ ကောင်းမြတ်၍ မဟာပုရိသယောက်ျား အာဇာနည်ဖြစ်ပြီးလျှင် ဤဇမ္ဗူဒီပါ တစ်ကျွန်းလုံးမျှမက လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းကြီးပင် ဖြစ်နိုင်ရန် အကြောင်း ရှိလေသည်။ ဘုန်းလက်ရုံး ဂုဏ်ပညာ အာဏာတန်ခိုး လွှမ်းမိုးအုပ်ခြုံ၍ ရာဇဂုဏ်မြင့်မောက်ပြီးလျှင် တစ်ရာသောမင်းများ အပေါင်းတို့လည်း ဦးခေါင်းပျပ်ဝပ်လျက် ကိုင်းညွတ်ရှိသေကြလိမ့်မည်။

ဟူ၍ မိန့်တော်မူပြီးလျှင် ထိုမင်းသားကလေး၏ အန္တရာယ်ကင်းကြောင်း ဘေးကင်းကြောင်းကို ဖြစ်စေတတ်သော "သဗ္ဗသိဒ္ဓိက"မည်သော လက်ဖွဲ့တစ်ခုကို ပေးအပ်လေ၏။ ထို့နောက် ဒုသျန္တမင်းသားအား

WWW.DHAMMARANSI.COM



ဆက်လက်၍ တရားဟောပြသည်မှာ

အို ဒုဿန္တ မင်းသား၊ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်သောသူတို့သည် မင်းကျင့်တရား ဆယ်ပါးနှင့် ညီညွတ်စွာ ကျင့်ကြံ အုပ်ချုပ်စိုးစံရာသည်။ ဤလောကကြီးသည် မင်းသာလျှင် ပဓာနရှိ၏။ မင်းဖြစ်သောသူက တရားစောင့်လျှင် မိုးလေဝသ ဖြောင့်မှန်ခြင်း၊ အနာရောဂါ ကင်းရှင်းခြင်း၊ တိုင်းပြည်မြို့ရွာ သာယာစည်ပင်ခြင်းစသော ကောင်းကျိုးချမ်းသာ သုခနှင့်သာ ပြည့်စုံရာသည်။ မင်းက တရားစောင့်ထိန်းပါလျှင် ပြည်သူပြည်သားတို့လဲ တရားစောင့် ထိန်းကြ၍ နတ်ရွာသုဂတိသို့ သွားရန် လမ်းကြောင်းများလဲ ပွင့်လင်းလေသည်။ တိုင်းပြည်၏သခင် ဘုရင်ပြုလုပ်သူက တရားမစောင့်ပါလျှင် မိုးလေဝသခေါင်းပါးခြင်းစသော အကျိုးယုတ်တို့နှင့်သာ တွေ့ကြုံရ၍ တိုင်းနိုင်ငံ ခြောက်ချား ခိုးသားဓားပြ ထူပြောပြီးလျှင် ဒုစရိုက်တောကြီးထ၍ အပါယ်စခန်းသို့ သွားလမ်းဖွင့်၍ ထားသကဲ့သို့ ဖြစ်သည်။ မင်းကျင့်တရား ဆယ်ပါးကို မမှားမစောင်းစေဘဲ ကောင်းမွန် ဖြောင့်မတ်စွာ ကျင့်ကြံလေလော့။

ဟူ၍ တရားသဖြင့် ဟောပြပြီးလျှင် ဆက်လက်၍ ဆုံးမတော်မူပြန်သည်မှာ

သင် မင်းသားတို့ အဆက်အနွယ်သည် ပုရမင်းဆက်ဖြစ်လေ၏။ ထိုပုရမင်းဆက်တို့၏ ဓမ္မတာမှာ ငယ်ရွယ်စဉ်အခါ ကာမဂုဏ်နှင့် မွေ့လျော်၍ တိုင်းပြည်နိုင်ငံများကို တရားသဖြင့် အုပ်ချုပ်စိုးစံပြီးမှ အသက်အရွယ် အိုမင်း ကြီးရင့်သောအခါ ကာမဂုဏ်ဘောင်မှ ထွက်ရှောင်၍ တောတောင်ခိုဝင် သူတော်စင် ရသေ့ရဟန်း ပြုလုပ် ကျင့်ကြံကြမြဲ ဖြစ်ချေသည်။ သင်သည်လဲ ထိုလမ်းမှ မလွဲဘဲ သွားမြဲထုံးစံ ရှိသည့်အတိုင်း လိုက်နာကျင့်ကြံပါလော့။

ဟူ၍ ဆုံးမလေ၏။ ဒုဿန္တမင်းသားက ရှိသေစွာ ရှိခိုး ဝပ်တွားပြီးလျှင်

အရှင်မြတ်ဘုရား မိန့်မှာဆုံးမချက်များကို အမြဲပင် နားမှာပန်ဆင်၍ အရွယ်ရှိတုန်းအခါတွင် မင်းကျင့်တရားနှင့်အညီ ကျင့်ကြံ ကြိုးကုပ်၍ စိုးအုပ်ပါမည်။ အရွယ်ကြီးရင့်သောအခါ ပုရမင်းဆက်တို့ ကျင့်စဉ်ဓမ္မတာအတိုင်း ဃရာဝါသ ဒုက္ခညွတ်ကွင်း သံချိုင့်တွင်းမှာ အတင်း ထွက်ခွာပြီးလျှင် တရားဘာဝနာ တောမှာ ပျော်မွေ့သော ရသေ့အဖြစ်ဖြင့် နေထိုင်ပါမည်။

ဟူ၍ ဝန်ခံပြီးလျှင် မယ်တော် ဂေါတမီထံသို့လည်း ဝင်၍ ကန်တော့ရန် ရှိသေးသည်နှင့် စန္ဒရသေ့ကြီးကို လျှောက်တင် ပန်ကြား ဝပ်တွား ရှိခိုးပြီးလျှင် မယ်တော် ဂေါတမီ၏ ကျောင်းသင်္ခမ်းသို့ လှည့်၍ လာခဲ့လေ၏။

မိတ်ဆွေဟောင်းဖြစ်ကြသည့် အနသူယနှင့် ပိယံဝဒတို့သည် တံခါးဝမှ ဆီးကြိုကြပြီးလျှင် သကုဏ္တလမင်းသမီးကို တစ်ဖက်တစ်ချက် ပိုက်ဖက်ကြလေ၏။ ထိုသို့ တွေ့ကြုံသောအခါ အလွန်တရာနှစ်သက် ဝမ်းမြောက်ကြသည်နှင့် တစ်ယောက်နှင့် တစ်ယောက် အကျိုးအကြောင်း စကား မပြောကြားနိုင် ငေးမှိုင်၍ အံ့အားသင့်ကာနေကြလေ၏။

အတန်ကြာသောအခါမှ တစ်ဦးနှင့် တစ်ဦး စကား အတုံ့အပြန် ပြောဆိုနိုင်ကြလေ၏။ အလွန်ချစ်ခင်လှသောသူတို့၏ တာရှည်စွာ ကွဲကွာပြီးမှ တစ်ဖန် ပြန်၍ တွေ့ကြုံရသည့်အခါ ဤသို့ဖြစ်ခြင်းမှာ လောက၏ ဓမ္မတာကြီးပင်တည်း။

သကုဏ္တလမင်းသမီးသည် ငယ်ရွယ်စဉ်အခါက ချစ်ခင်မြတ်နိုးစွာနှင့် အတူတကွ နေထိုင်ခဲ့ဖူးကြသော မိတ်ဆွေရင်း အနသူယနှင့် ပိယံဝဒတို့နှင့် ဝမ်းမြောက်စွာ ပြောဆိုကြပြီးလျှင် မယ်တော် ဂေါတမီထံသို့ ဒုဿန္တမင်းသားနှင့်တကွ ဝင်ရောက်ကြလေ၏။ အနသူယနှင့် ပိယံဝဒတို့ကလည်း သကုဏ္တလ၏သား

WWW.DHAMMARANSI.COM



တော်ကလေးကို တစ်ဖက် တစ်ချက် လက်ဆွဲကြပြီးလျှင် မင်းသား၊ မင်းသမီးတို့နောက်က အတူတကွ ဝင်သွားကြလေ၏။

မယ်တော် ဂေါတမီသည်ကား သကုဏ္ဍာလမင်းသမီးနှင့် ဒုသျှန္တမင်းသားတို့ကို တွေ့မြင်သောအခါ ရှေးအခါ နန်းတော်အတွင်းမှာ ဒုသျှန္တမင်းသား၏ မတရား ပြောဆိုငြင်းပယ်ပုံ၊ သကုဏ္ဍာလမင်းသမီး၏ ဆင်းရဲခံရပုံတွေကို ပြန်၍ တွေးမိသဖြင့် တစ်စုံတစ်ရာမျှ စကားဆိုမြွက်၍ နှုတ်ခွန်း ဆက်သခြင်းကို မပြုနိုင်ဘဲ တရွှဲရွှဲ ကျဆင်းသော မျက်ရည်တို့ဖြင့် ငိုမိရှာ၏။ မယ်တော်ဂေါတမီ ငိုသောအခါ သကုဏ္ဍာလမင်းသမီးလည်း မယ်တော်၏ခြေကို ဖက်၍ ငိုကြွေးလေ၏။ ထိုသို့ မယ်တော်နှင့် သမီးတော်တို့ ငိုကြွေးကြစဉ်အခါ ဒုသျှန္တမင်းသားသည် မျက်နှာမထားတတ်အောင် ရှိသဖြင့် တစ်ဖက်သို့ လှည့်ပြီးလျှင်

> သြော် နန်းတော်အတွင်းမှာ မှားယွင်း ဖောက်ပြန်စွာ ပြုခဲ့မိသည့်အတွက် ထိုအချက်ကို စဉ်းစားပြီး သူတို့သားအမိနှစ်ယောက် ငိုကြွေးကြတာပေပဲ။ ငါမှားခဲ့မိသည်မှာလည်း စိတ်ကပါ၍ ဖြစ်ရသည်မဟုတ်၊ နတ်မိစ္ဆာများ နှောင့်ယှက်ခြင်းကြောင့်သာလျှင် ဖြစ်ရိုးမှန်ပါရဲ့။ တောစောင့်နတ် တောင်စောင့်နတ်များလဲ အသိပင် ဖြစ်ပါလိမ့်မည်။

ဟူ၍ တစ်ကိုယ်တည်း ငြီးတွား၍နေလေ၏။ အနုသူယနှင့် ပိယံဝဒတို့က နရိန္ဒ သတိုးသားကို မယ်တော် ဂေါတမီအပါးသို့ ချီသွားပြီးလျှင်

> စိုးရိမ် ပူဆွေးငိုကြွေးတော်မူကြပါနှင့်၊ ယခုလို တွေ့ကြုံသည့်အခါ ငိုကြွေးရန် အခွင့်မရှိပါ။ ဝမ်းမြောက်ဝမ်းသာ မျက်နှာ ရွှင်ပြုံး စိတ်နှလုံးအေးမြစွာနှင့် ပြောဆိုကြရန်အခါဖြစ်ပါသည်။ သည်မှာ မြေးတော်ဦးကလေး ဖြစ်ပါသည်။

ဟုပြော၍ နရိန္ဒသတိုးသားကို သူ၏ ဘွားတော်လက်သို့အပ်ရာ မြေးကို ချစ်ခင်သည့် စေတနာကြောင့် ငိုကြွေးပူဆွေးခြင်းကို ဖြေဖျောက်ပြီးလျှင် မြေးတော်ကို ပွေ့ချီ ကျီစယ်လေ၏။

ထိုအခါတွင်မှ ဒုသျှန္တမင်းသားက

> မယ်တော်ဘုရား ကျန်းမာတော်မူသဖြင့် ကြည်ဖြူ ချမ်းမြေ့စွာ သီတင်းသုံးတော်မူနိုင်ပါစ ဘုရား"

ဟူ၍ စတင်လျှောက်ထားလေ၏။ ထိုအခါ မယ်တော်ဂေါတမီက

> သားတော်သမီးတော်များ၏ မေတ္တာစေတနာကြောင့် ကျန်းမာချမ်းသာလျက်ပင် ရှိပါသည်။ မယ်တော်ကျန်းမာ၍ ဝမ်းမြောက် ရွှင်လန်းခြင်းထက် ယခုအခါ ရွှေနှင့်မြ နေနှင့်လ ဆိုဘိသကဲ့သို့ စိတ်တူရွှင်ပြ၊ သမဘာဂီ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြုံးပြုံး၊ နှလုံးချမ်းမြေ့စွာတွေ့ကြုံရသည့်အတွက် အထူးနှစ်သက် ဝမ်းမြောက်လှပါသည်။ ဤနည်းအတိုင်း မပျက်မကွက် အသက်တမ်းကုန်သည်တိုင်အောင် နေထိုင်ပေါင်းသင်းကြရန်ကိုသာအတန်တန် ဆုတောင်းမိတော့သည်။

ဟူ၍ ဆိုသောအခါ၊ ဒုသျှန္တ မင်းသားက

> မယ်တော်ဘုရား ဆုတောင်းသည့် အတိုင်း ပြည့်စုံပါလိမ့်မည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ စိုးရိမ်ပူပန်ခြင်းရှိတော် မမူပါနှင့်။

ဟူ၍ လျှောက်ထားလေ၏။ ထို့နောက် မယ်တော် ဂေါတမီက

> အကြောင်း တစ်ခု မေးမြန်းပါရစေ၊ အခွင့်ပြုပါ။

ဟု ဆိုပြီးလျှင်

> ကျွန်ုပ်သိသမျှမှာ သမီးတော်သကုဏ္ဍာလကို ဖခင် စန္ဒရသေ့ကြီးအမိန့်နှင့် နန်းတော်သို့ ပို့ရောက်ရာ သားတော် ဒုသျှန္တမင်းသားက အတင်းငြင်းပယ်ပြီးလျှင် ကျွန်ုပ်တို့ရှေ့မှာပင် သမီးတော်ကို နှင် ထုတ်လေသည်။ ဤအကြောင်းမှတစ်ပါး အခြားအကြောင်းအရာများကို မသိရချေ။ ယခု တစ်ဖန် အလွန်တရာ ဆန်းကြယ်လှစွာနှင့်

WWW.DHAMMARANSI.COM



တွေ့ကြုံခဲ့သည့် ဝေဇယန္တာရထားပုံကို စီးနင်းပြီးလျှင် အတူတကွ လာရောက်ကြသည်ကို တွေ့မြင်ရခြင်းမှာ ပြော၍ မပြီးအောင် အံ့သြဖွယ်ရာရှိတော့သည်။ ကွဲပြားကြသည်ကစ၍ ယခုသခ်မ်းကျောင်းသို့ ကျသည့်တိုင်အောင် ဖြစ်ဖြစ်သမျှ အကြောင်းများကို ရုံးပေါင်း လျှောက်ထားစေလိုပါသည်။

ဟု မေးလေရာ ဒုဿန္တ မင်းသားက

မယ်တော်ဘုရား မေးမြန်းသင့်သော အချက်ပင်ဖြစ်ပါသည်။ ဤအကြောင်းအရာကို မယ်တော်ဘုရား၏ သမီးချစ် သကုဏ္တလာပင် လျှောက်တင်ပါလိမ့်မည်။

ဆိုပြီးလျှင် သကုဏ္တလာမင်းသမီးကို အကြောင်းမျိုးစုံလင်စွာ လျှောက်တင်စေ၏။ သကုဏ္တလာမင်းသမီးလည်း တာဝတိံသာ နတ်ပြည်သို့ ရောက်သွားကြောင်း၊ ထိုနတ်ပြည်မှာ ဤနရိန္ဒသတို့သားကို ဖွားမြင်ကြောင်း၊ ထိုအခါ သိကြားမင်းက အသူရာတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်သော စစ်ပွဲကို ကူညီဝန်းဝိုင်းရန် ဒုဿန္တ မင်းသားကို စစ်ကူတောင်းကြောင်း၊ ဒုဿန္တမင်းသားသည် စစ်ကူတောင်းသည့်အတိုင်း လိုက်ပါ၍ အသူရာတို့ စစ်ကို နိုင်နင်းသဖြင့် ဝေဇယန္တာရထားနှင့် တာဝတိံသာနတ်ပြည်သို့ မာတလိနတ်သား ဆောင်ကျဉ်းကြောင်း ထိုတာဝတိံသာနတ်ပြည်သို့ရောက်ရာ နန္ဒဝန်ဥယျာဉ် ထဲတွင် တွေ့ကြုံကြကြောင်း။

ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာ တွေ့ဆုံပြီးမှ သိကြားမင်းကြီး အမိန့်ရှိသည့်အတိုင်း မာတလိနတ်သားသည်ပင် ဝေဇယန္တာရထားနှင့် လူ့ပြည်သို့ ပြန်၍ပို့ရာ တိုင်းတော်ပြည်တော်သို့ မရောက်မီ ဤသခ်မ်းကျောင်းသို့ ပထမ ရောက်လာ၍ မယ်တော်ခမည်းတော်ဘုရားတို့၏ မျက်နှာတော်များကို ဝမ်းမြောက်ရွှင်လန်းစွာ ဖူးမြော်ရကြောင်းများကို အကျယ်အားဖြင့် ပြောကြား လျှောက်တင်လေ၏။

ထိုစကားကို ကြားရာ မယ်တော်ဂေါတမီနှင့်တကွ အနီးအပါးတွင် ရှိနေကြသော ပိယံဝဒ၊ အနသူယတို့သည် ဝမ်းသာဝမ်းနည်း အံ့သြခြင်း ကြီးစွာဖြစ်ကြပြီးလျှင်

ယခုလို ပြန်၍တွေ့ဆုံခြင်းမှာ မကြုံစဖူး အလွန်ထူးဆန်းလှပါပေသည်။ လူ့ပြည်က ကွဲကွာ၍ တာဝတိံသာနတ်ပြည်မှာ တွေ့ရသော အရာကို ကမ္ဘာလောကပေါ်မှာ တစ်ကြိမ်တစ်ခါမှ ကြားဖူးကြမည်မဟုတ်ချေ။ သို့ရာတွင် အရှင်မင်းသားက ပထမနှင်ထုတ်လိုက်ပြီးသည့်နောက် ပြန်၍သတိရခြင်းမှာ မည်သည့်အကြောင်းအရာကြောင့် ဖြစ်ပါသနည်း။

ဟူ၍ မေးမြန်းကြလေ၏။ ထိုအခါ သကုဏ္တလာမင်းသမီးက

ပြန်၍ သတိရခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်။ သူ၏ လက်တွင် ယခုဝတ်ဆင်ထားသော လက်စွပ်ကို ပြန်၍ တွေ့ရှိခြင်းအားဖြင့် ကျွန်မကို သတိရရှိလေသည်။ ကွဲကွာရခြင်း၏အကြောင်းမှာလည်း ဤသခ်မ်းကျောင်းဌာနမှ နန်းတော်သို့ သွားရာ လမ်းခရီးတွင် ဤလက်စွပ် ပျောက်ဆုံးသဖြင့် သက်သေ မပြနိုင်သည့်အတွက်နှင့် ကွဲကွာခြင်း ဖြစ်ရချေသည်။

ဤလက်စွပ်ပင် ကျွန်မတို့ကို ခွဲ၍ ဤလက်စွပ်ကြောင့်ပဲ ပြန်၍ တွေ့ဆုံရလေသည်။ အမုန်း၊ အချစ်နှစ်တန်ကို အဖန်ဖန် စီရင်တဲ့ လက်စွပ်ပါပဲ။

ဟု လက်စွပ်ကိုလွှဲ၍ ပြောဆိုလေ၏။ ထိုအခါ မတ်တော်ဂေါတမီနှင့်တကွ အနသူယ ပိယံဝဒတို့က

ဤလက်စွပ်သည် ချစ်သူနှစ်ဦးကို ခွဲ၍ ဖောက်လွှဲဖောက်ပြန် ပြုကျင့်လေသည်။ အလွန်တရာ ထိတ်လန့်ဖွယ်ကောင်းတဲ့ လက်စွပ်ဖြစ်တာပဲ။

ဟု ဆိုနေကြဆဲတွင် ဒုဿန္တ မင်းသားက ကြားဖြတ်၍

လက်စွပ်အတွက်ကြောင့်ချည်းပဲ မဟုတ်ပါ။ နန်းတော်တွင်းက အတင်း နှင်ထုတ်လိုက်မိတဲ့ ခါမှာ ကျွန်ုပ်၏ စိတ်များသည် အရူးကဲ့သို့ပင် ဖြစ်နေချေသည်။ ဤကဲ့သို့ ဖြစ်ခြင်းမှာလဲ နတ်

WWW.DHAMMARANSI.COM



မိစ္ဆာတို့ နှောင့်ယှက်မှုကြောင့်သာလျှင် ဖြစ်ပါသည်။ စင်စစ်မှာ သကုဏ္ဍာလ မင်းသမီးကိုတော့ မည်သည့်အခါမှာမှ မေတ္တာ ပျက်ပြယ်ခြင်းမရှိတာ အမှန်ပါပဲ။

ဟူ၍ ဆိုလေ၏။ ထိုအခါ အနုသူယနှင့် ပိယံဝဒတို့က အရှင် အမိန့်ရှိတာ အမှန်ပင် ဖြစ်ပါလိမ့်မည် အကြောင်း သကုဏ္ဍာလ မင်းသမီး နန်းတော်သို့ မလိုက်မီ တစ်နေ့သောအခါတွင် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော ကြိမ်းဝါးသံကို ကျွန်မတို့ ကြားရပါသည်။ ထိုသို့ ကြိမ်းဝါးသောသူမှာ မသမာနတ်ဆိုးကြီး ဖြစ်မှန်းသိကြသဖြင့် ခယ တောင်းပန်ပါသော်လည်း မကျေနပ်ဘဲ လက်စွပ်ကို ပြန်တွေ့တဲ့အခါမှ သင်းတို့ဒုက္ခ ကင်းငြိမ်းကြလိမ့်မည်ဟူ၍ ကြိမ်းဝါးဖူးပါသည်။ စင်စစ်မှာတော့ ထိုနတ်ဆိုး၏ နှောင့်ယှက်ခြင်းကြောင့်သာလျှင် ဤသို့ ဖြစ်ရတာ မှန်ပါလိမ့်မည်။

ဟု ပြောရာ အလုံးစုံ သဘောကျေနပ်ကြလေ၏။ ဤသို့ ပြောဆိုပြီးစီးသောအခါ ထီးနန်းသို့ ပြန်ရန် ကိစ္စရှိသောကြောင့် ဒုဿန္တ မင်းသားနှင့် သကုဏ္ဍာလ မင်းသမီးတို့က မယ်တော်ကြီးကို တောင်းပန်ခွင့်ယူ ကြည်ဖြူစွာ ရှိခိုးဝပ်တွားကြပြီးလျှင် ရသေ့များ အပေါင်းနှင့်တကွ ဝေဇယန္တာရထားသို့ သွားကြလေ၏။ ထိုအခါ အနုသူယနှင့် ပိယံဝဒတို့သည် သကုဏ္ဍာလမင်းသမီးတို့၏ လက်ဝဲလက်ယာဘက်ကနေ၍ ယခင်နန်းတော်သို့သွားရောက်စဉ် အခါကကဲ့သို့ပင် ကြေကွဲဝမ်းနည်းစရာ ပြောဆိုကြ၍ ဆုတောင်း ပတ္ထနာများကိုလည်း ပြုလုပ်ကြကုန်၏။ ထို့ပြင် စန္ဒရသေ့ကြီးနှင့်တကွသော ရသေ့အပေါင်းတို့ကလည်း မင်းသား မင်းသမီးတို့၏ ရှေ့က တန်းစီ၍ သွားကြပြီးလျှင် တညီတညာတည်း အောင်ဆုဂါထာများကို ရွတ်ဆိုကြကုန်၏။

ထိုအခါ တောစောင့်နတ် တောင်စောင့်နတ်တို့က ပန်းမိုးတို့ကို ကောင်းကင်မှ ရွာကျစေကုန်၏။ ထိုသို့ ဖြစ်နေဆဲအခါ အလွန်တရာ ကြည်နူးဖွယ် ဖြစ်ပုံများကို စကားဖြင့် ပြော၍ မဖြစ်နိုင်အောင်ပင် ရှိလေသည်။ ဝေဇယန္တာရထားသို့ရောက်သောအခါ မာတလိနတ်သားက ခရီးကြိုဆို၍ မင်းသား မင်းသမီးတို့လည်း သားတော်ကလေးနှင့်တကွ ရထားထက်သို့ တက်ကြလေ၏။ ရထားထက်ကနေ၍ မယ်တော်ခမည်းတော်တို့ကို ရိုသေစွာ လက်ယှက်ဦးခိုက်ကြစဉ် ဝေဇယန္တာရထားကို ဖြည်းဖြည်းသာသာ မောင်းနှင်လေ၏။ မျက်စိတဆုံး အချင်းချင်း ကြည့်မျှော်ကြ၍ မျက်စိအမြင်မှ လွန်သောအခါ ဝေဇယန္တာရထားကို အမြန်မောင်းနှင်ပြီးလျှင် တိုင်းခွင်သို့ ဆောင်ယူ သွားလေတော့သတည်း။

နေပြည်တော်၏ အရှေ့တံခါးမှ ဝင်လေသောအခါ မင်းမျိုးမတ်မျိုး သူဌေးသူကြွယ်မျိုးတို့မှ စ၍ များစွာသော ဗိုလ်ပုံ ပရိသတ်တို့သည် ကြီးကျယ်ခမ်းနားစွာ ခရီးဦးကြိုဆိုကြပြီးလျှင် မိဖုရား၊ သားတော်တို့နှင့်တကွ ဝေဇယန္တာရထားကို စီး၍ ပြန်ကြလာသည်ကိုများစွာ အံ့သြကြလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေကုန်၏။ နန်းတော်အရှေ့စမုခ်မှာ ဝေဇယန္တာရထားကို ရပ်တန့်စေပြီးလျှင် ဒုဿန္တမင်းသည် လက်ယာလက်ဖြင့် သားတော်ကို စွဲ၊ လက်ဝဲလက်ဖြင့် သကုဏ္ဍာလမင်းသမီးကို တွဲပြီးလျှင် နန်းတော်ထဲသို့ ဝင်တော်မူလေသည်။ မာတလိနတ်သားလည်း ဒုဿန္တမင်းသားကို ပန်ကြားပြီးလျှင် လူအများတို့ ကြည့်ရှုကြစဉ် ဝေဇယန္တာရထားကို ကောင်းကင်သို့ မောင်းနှင်လေ၏။

ဒုဿန္တမင်းသားသည် ဟတ္ထိနပူရမြို့တော်မှာ အလွန်တရာကြီးကျယ်သော နန်းသိမ်းပွဲကို ဆင်ယင်ကျင်းပ၍ သကုဏ္ဍာမင်းသမီးကို တောင်နန်းမတော်ကြီးအရာ၊ သားတော် နရိန္ဒကုမာရကို အိမ်ရှေ့ဥပရာဇ်အရာထား၍ အသက်ထက်ဆုံး ချမ်းမြ ကြည်လင်စွာ စံစားတော်မူလေသတည်း။